www.dhammadownload.com

စကြာရတနာစာစဉ် – ၁၇

ညွှန့်ဦးယံ ဓမ္မသံစဉ်များ (ဒုတိယတွဲ)

အရှင်ကုဏ္ဍလာဘိဝံသ
(မြစကြာ)

www.dhammadownload.com

Donated by :

Lee, Tae Hoon (U Vivekānanda),

Lim, Song Sik (Daw Vivitta),

Lee, Jae Kyu (U Akuppa),

Kang, Min Ji (Daw Sumana) and

Daw War War Win Hlaing,

SEOUL, SOUTH KOREA

(6.3.2018)

www.dhammadownload.com

ညဉ့်ဦးယံဓမ္မသံစဉ်များ

(ဒုတိယတွဲ)

အရှင်ဣန္ဒကာဘိဝံသ(မြစကြာ)

သာသနာ- ၂၅၆၁ မြန်မာ- ၁၃၇၉ ခရစ်- ၂၀၁၈

www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာကူး၊ စာစီ - ရတုသစ်နှင့်အဖွဲ့

စီစဉ်၊ တည်းဖြတ် - လူအောင်(ဝမ်းတွင်း)

စာစစ်၊ စာပြင် - အရှင်မနောဟရန္ဒင့်အဖွဲ့၊ မြစကြာ၊ စစ်ကိုင်း

မျက်နှာဖုံးဒီဇိုင်း - ကိုမြင့်ဖေ(လူထု)

ထုတ်ဝေသူ - ဦးသိန်းလွင်
လင်းလွန်းခင်စာပေတိုက် (မြဲ ဝဝ၇၅၉)
တိုက်(ဒီ)၊ ပထမထပ်(လယ်)၊ လိပ်ကန်ပန်းခြံဈေး
လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးဇော်မင်းလတ်
ခိုင်ရဝေပုံနှိပ်တိုက် (မြဲ ဝဝ၈၃၆)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၁၈ ဖေဖော်ဝါရီ

အုပ်ရေ - ၃၀၀၀

တန်ဖိုး - ဓမ္မဒါန

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း

၂၉၄.၃ တိုက်ပိုင်အမှတ်
ကျန် ကျန္ဒကာဘိဝံသ၊ အရှင်(မြစကြာ)-
ညဉ့်ဦးယံဓမ္မသံစဉ်များ(ဒုတိယတွဲ)/အရှင်ကျန္ဒကာဘိဝံသ(မြစကြာ)။
--ရန်ကုန်၊ လင်းလွန်းခင်စာပေတိုက်၊ ၂၀၁၈။
၃၈၁ စာ၊ ၂၅ စင်တီ။
၁။ ဗုဒ္ဓဘာသာ
(၁) ညဉ့်ဦးယံဓမ္မသံစဉ်များ(ဒုတိယတွဲ)

www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

တစ်ထောင့်ငါးရာ ကိလေသာတို့ကို
ဝါသနာနှင့်တကွ ပယ်သတ်တော်မူပြီးဖြစ်၍
လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ပူဇော်အထူးကို
ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

အလုံးစုံသော တရားတို့ကို
မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့်
ကိုယ်တော်တိုင်သာ သိမြင်တော်မူသော မြတ်စွာဘုရား။

တစ်လောကလုံး ညွှတ်ရုံးကိုးစား
အားထားဖို့ရာ လွန်စွာကြိုးကုတ်
အားထုတ်တော်မူခြင်း ပယတ္တဘုန်းတော် အပါအဝင်
ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ထိုဘုရားရှင်ကိုယ်တော်မြတ်အား
ရိုသေမြတ်နိုး လက်စုံမိုး၍
ရှိခိုးကန်တော့ပါ၏။

www.dhammadownload.com



မြစကြာ မဟာနာယကဆရာတော်

အရှင်ကွန္ဒကာဘိဝံသ

(သက်တော် ၄၃ နှစ်အရွယ်ပုံတော်)

www.dhammadownload.com





မြစကြာ မဟာနာယကဆရာတော်
တပည့်သံယာများအား သြဝါဒပေးနေစဉ်

www.dhammadownload.com

မာတိကာ

- လူစုံတက်စုံ ကောင်းမှုအားနဲ့ ပေါင်းစုထားတဲ့ သံစဉ်တွေ ၁၃
အရှင်မနောဟရ(မြစကြာ)

- ဒုတိယတွဲအတွက် စကားအနည်းငယ် ၁၇
လူအောင်(ဝမ်းတွင်း)

- အချိန်ဒါန်း ၁၉
အရှင်ကုန္ဒကာဘိဝံသ(မြစကြာ)

၁။ သာဓုခေါ်သောအုပ်ချုပ်နည်း ၂၃
(၁၃၆၆ ခု၊ ကဆုန်လကွယ်နေ့ ည)

၂။ တပည့်ကျင့်ဝတ်ငါးပါး ၃၅
(၁၃၆၆ ခု၊ နယုန်လပြည့်နေ့ ည)

၃။ တတိယအနာဂတဘယသုတ် ၄၃
(၁၃၆၆ ခု၊ နယုန်လကွယ်နေ့ ည)

၄။ ဓမ္မနဲ့ဝိနယ ၅၃
(၁၃၆၆ ခု၊ ပထမဝါဆိုလပြည့်နေ့ ည)

၅။ လူကြီးနဲ့လူအို ၆၃
(၁၃၆၆ ခု၊ ပထမဝါဆိုလကွယ်နေ့ ည)

၆။ နှလုံးသားကိုပညာသင်ပေးခြင်း ၇၁
(၁၃၆၆ ခု၊ ဒုတိယဝါဆိုလကွယ်နေ့ ည)

www.dhammadownload.com

၇။	နှလုံးသားကိုပညာသင်ပေးခြင်း(၂) (၁၃၆၆ ခု၊ ဝါခေါင်လပြည့်နေ့ ည)	၇၉
၈။	တက္ကသိုလ်လေကိုရှုရှိုက်ပါ (၁၃၆၆ ခု၊ ဝါခေါင်လကွယ်နေ့ ည)	၈၉
၉။	အတိုင်းအရှည်သိသူ (၁၃၆၆ ခု၊ တော်သလင်းလပြည့်နေ့ ည)	၉၅
၁၀။	သူတော်ကောင်းအုံကျင်းဖွဲ့ပါ (၁၃၆၆ ခု၊ တော်သလင်းလကွယ်နေ့ ည)	၁၀၇
၁၁။	အောင်မြင်ကြောင်းတရားလေးပါး (၁၃၆၆ ခု၊ သီတင်းကျွတ်လပြည့်နေ့ ည)	၁၁၉
၁၂။	မြတ်နိုးဖွယ်ဂုဏ် (၁၃၆၆ ခု၊ သီတင်းကျွတ်လကွယ်နေ့ ည)	၁၂၉
၁၃။	ရဟန်းကျင့်ဝတ် (၁၃၆၆ ခု၊ တန်ဆောင်မုန်းလကွယ်နေ့ ည)	၁၃၇
၁၄။	ရွှေအိုးညွှန်ပြသူ (၁၃၆၆ ခု၊ နတ်တော်လပြည့်နေ့ ည)	၁၄၇
၁၅။	ကျောင်းတိုက်ကျက်သရေ (၁၃၆၆ ခု၊ ပြာသိုလကွယ်နေ့ ည)	၁၅၇
၁၆။	အမိန့်နာခံတတ်ခြင်း (၁၃၆၆ ခု၊ တပို့တွဲလကွယ်နေ့ ည)	၁၆၅
၁၇။	စိတ်ကောင်းနဲ့မိတ်ပေါင်းဖွဲ့ (၁၃၆၆ ခု၊ တပေါင်းလပြည့်နေ့ ည)	၁၇၃
၁၈။	ဓာတ်ချင်းတူမှပေါင်းဆုံကြ (၁၃၆၆ ခု၊ တပေါင်းလကွယ်နေ့ ည)	၁၇၇

www.dhammadownload.com

၁၉။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ၁၈၅
(၁၃ဖဂု ခု၊ ဦးတန်ခူးလပြည့်နေ့ ည)

၂၀။ ဩဝါဒရေ သွင်းပေးပါ ၁၉၅
(၁၃ဖဂု ခု၊ ဦးတန်ခူးလကွယ်နေ့ ည)

၂၁။ ရိုးသားမှုအခြေခံ ၂၀၅
(၁၃ဖဂု ခု၊ ကဆုန်လပြည့်နေ့ ည)

၂၂။ ခန္တီတရားလက်ကိုင်ထား ၂၁၃
(၁၃ဖဂု ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်နေ့ ည)

၂၃။ ပေးသူယူသူစိတ်ထားတူ ၂၂၃
(၁၃ဖဂု ခု၊ ကဆုန်လကွယ်နေ့ ည)

၂၄။ မစ္ဆရိယရဲ့သဘော ၂၃၁
(၁၃ဖဂု ခု၊ ဝါဆိုလပြည့်နေ့ ည)

၂၅။ စိတ်ဓာတ်တန်ဖိုး ၂၃၉
(၁၃ဖဂု ခု၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ ည)

၂၆။ ခန္တီတရားလက်ကိုင်ထား(၂) ၂၄၇
(၁၃ဖဂု ခု၊ ဝါဆိုလကွယ်နေ့ ည)

၂၇။ သာသနာကွယ်ကြောင်း ၂၅၇
(၁၃ဖဂု ခု၊ ဝါခေါင်လကွယ်နေ့ ည)

၂၈။ သာသနာကွယ်ကြောင်း(၂) ၂၆၇
(၁၃ဖဂု ခု၊ တော်သလင်းလပြည့်နေ့ ည)

၂၉။ ယုံကြည်မှုကိုတည်ဆောက်ခြင်း ၂၇၇
(၁၃ဖဂု ခု၊ တော်သလင်းလကွယ်နေ့ ည)

၃၀။ သာသနာ့ကျက်သရေဆောင် ၂၈၉
(၁၃ဖဂု ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့ ည)

www.dhammadownload.com

၃၁။ အပြစ်မြင်သူနှင့်အပြစ်ပြင်စေသူ ၂၉၉
(၁၃ဖဂု ခု၊ သီတင်းကျွတ်လကွယ်နေ့ ည)

၃၂။ သူမတော်လည်း ကိုယ်ကောင်းပါ ၃၀၉
(၁၃ဖဂု ခု၊ တန်ဆောင်မုန်းလပြည့်နေ့ ည)

၃၃။ အထက်တန်းစားစိတ်ဓာတ် ၃၁၉
(၁၃ဖဂု ခု၊ တန်ဆောင်မုန်းလကွယ်နေ့ ည)

၃၄။ သံကိုသံဖျက် သံချေးတက် ၃၂၉
(၁၃ဖဂု ခု၊ နတ်တော်လကွယ်နေ့ ည)

၃၅။ သံကိုသံဖျက် သံချေးတက်(၂) ၃၄၁
(၁၃ဖဂု ခု၊ ပြာသိုလကွယ်နေ့ ည)

၃၆။ သံကိုသံဖျက် သံချေးတက်(၃) ၃၅၃
(၁၃ဖဂု ခု၊ တပို့တွဲလပြည့်နေ့ ည)

၃၇။ မြတ်သောခရီး ၃၆၅
(၁၃ဖဂု ခု၊ တပို့တွဲလကွယ်နေ့ ည)

၃၈။ ကိုယ့်ကိုယ်ကိုယ်တာဝန်ယူစိတ် ၃၇၅
(၁၃ဖဂု ခု၊ တပေါင်းလကွယ်နေ့ ည)

- စကြာရတနာစာစဉ်ထုတ် စာအုပ်စာရင်း ၃၈၁

www.dhammadownload.com

လူစုံတက်စုံ ကောင်းမှုအားနဲ့ ပေါင်းစုထားတဲ့ သံစဉ်တွေ

အရှင်မနောဟရ(မြစကြာ)

(က)

မြစကြာကျောင်းတိုက် ၂၅ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ညဉ့်ဦးယံဓမ္မသံစဉ်များ(ပထမတွဲ) ကို ထုတ်ဝေခဲ့ပါတယ်။ မိမိတို့ လုပ်ခဲ့ရတဲ့ အတွေ့အကြုံ၊ ဩဝါဒများကို ပရဖဖတ်ရင်း စိတ်မှာ ခံစားမိတာ၊ နောက် မိမိရဲ့အမြင် စတာတွေကို ပထမတွဲမှာ အတော်စုံစုံလင်လင် ပြောထားပြီးပြီမို့ ဒီဒုတိယတွဲမှာ ပြောချင်တာ ထွေထွေထူးထူး မရှိတော့ပါ။ ဒီဒုတိယတွဲ ဖြစ်မြောက်လာအောင် မိမိတို့ ဘယ်လိုလုပ်ဆောင်ခဲ့ကြတယ် ဆိုတာလောက်ကိုပဲ မှတ်တမ်းသဘော ပြောချင်ပါတယ်။

ဩဝါဒပေါင်းချုပ်၊ ပထမတွဲမှာ ၁၃၆၃ ခု၊ သီတင်းကျွတ်လပြည့်နေ့ ည မှ ၁၃၆၅ ခု၊ တပေါင်းလကွယ်နေ့ ည အထိ လပြည့်လကွယ်တိုင်း ဩဝါဒပေးထားတာတွေ ပါဝင်ပါတယ်။ ဒါကြောင့် ဒုတိယတွဲမှာ ၁၃၆၆ ခု၊ ကဆုန်လကွယ်နေ့ ည မှ ၁၃၆၇ ခု၊ တပေါင်းလကွယ်နေ့ ည အထိ နှစ်နှစ်စာလုပ်ဖို့ ကိုလူအောင်က ဆုံးဖြတ်လိုက်ပြီး သူ့ရဲ့နှင်းလူစာပေထုတ် တခြားစာအုပ်များကို လုပ်ပေးရင်း ဖြည်းဖြည်းချင်း ကြားချအချောသတ်လာလိုက်တာ ၂၀၁၈ ဇန်နဝါရီလကုန်ခါနီးမှာ အပြီးသတ်နိုင်ခဲ့ပါတယ်။ မိမိ ပရဖဖတ်ဖို့အတွက်လည်း ဗိုက်ဘာမှတစ်ဆင့် ပီဒီအက်ဖ်စာဖိုင်တွေ လှမ်းပို့ပေး၊ မိမိကလည်း ကွန်ပျူတာဦးဇင်း ဦးပညာသီဟကို အကူအညီတောင်းပြီး ပရင့်ထုတ်၊ ပရဖဖတ်။ ဇန်နဝါရီ ၂၉ ရက်မှာ အားလုံးဖတ်ပြီးသွားတာနဲ့ အဲဒီညမှာပဲ ကိုလူအောင်နဲ့ ဖုန်းချင်း ဆက်သွယ်ပြီး သူ့ကို ကွန်ပျူတာရှေ့ ထိုင်စေကာ ပြင်စရာရှိတာတွေ ချက်ချင်းပြင်ခဲ့ကြပါတယ်။ နည်းပညာရဲ့ ကျေးဇူးတွေပေါ့လေ။

www.dhammadownload.com

(ခ)

ညဉ့်ဦးယံဓမ္မသံစဉ်များ၊ ဒုတိယတွဲမှာ မထင်မှတ်စွာ လူစုံတက်စုံရဲ့ ကုသိုလ်အားတွေ ပေါင်းထားပါတယ်။ မြစကြာ ၁၆ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့တဲ့ 'ညဉ့်ဦးယံဩဝါဒကထာများ' စာအုပ်မှ ရှေ့ဆုံးနှစ်ပုဒ်ကို ဒုတိယတွဲနောက်ဆုံးမှာ ပြန်ထည့်ထားသလို ဒေါ်သွဲ့သွဲ့စစ်(စစ်ကိုင်း) နာယူပူဇော်တဲ့ 'ညဉ့်ဦးယံဓမ္မသံစဉ်၌ စီးဝင်နစ်မျောခြင်း' စာအုပ်မှ အများစုကိုလည်း ပေါင်းချုပ်ဒုတိယတွဲမှာ ပြန်ထည့်ထားပါတယ်။

'ညဉ့်ဦးယံဩဝါဒကထာများ' စာအုပ်ကို ဆရာတော်ကိုယ်တိုင် တည်းဖြတ်ခဲ့ပြီး အနုနာယကဘုန်းကြီး ဦးဝေပုလ္လနဲ့ ဦးသုဒဿနတို့က ကွန်ပျူတာစာစီပေးခဲ့တာပါ။ 'ညဉ့်ဦးယံဓမ္မသံစဉ်၌ စီးဝင်နစ်မျောခြင်း' စာအုပ်ကိုတော့ ဒကာမကြီး ဒေါ်သွဲ့သွဲ့စစ်က နာယူ၊ လက်နဲ့ရေးမှတ် ပူဇော်ပြီး မိမိက တည်းဖြတ်ခဲ့ပါတယ်။ ဦးသုဒဿန စာစီပြီးသားကို မိမိက ပရုဖ်ဖတ်၊ ဆရာတော်က အချောသတ်ခဲ့တာပါ။ အဲဒီစာအုပ်ထဲက ဩဝါဒများကို ပေါင်းချုပ်မှာ ပြန်ထည့်တဲ့အခါ ဒကာမကြီး ဒေါ်သွဲ့သွဲ့စစ် ဖြုတ်ထားခဲ့တဲ့ ပါဠိ၊ အနက်ပေးများကို ကိုလူအောင်က အသံဖိုင်ကို သူကိုယ်တိုင် ပြန်နာကြည့်ရင်း ဖြည့်ပေးခဲ့ပါတယ်။

ပေါင်းချုပ်ဒုတိယတွဲမှာ မိမိတို့စာကြည့်တိုက်အဖွဲ့ လက်ရေးနဲ့ကူးပြီး ကိုလူအောင်စာစီ၊ သူကိုယ်တိုင် တည်းဖြတ်ထားတဲ့ ဩဝါဒများလည်း ပါဝင်ပါတယ်။ အသံဖိုင်ကနေ စာဖြစ်မလာသေးတဲ့ ကျန်တဲ့ဩဝါဒများကိုတော့ ကိုလူအောင့်မိတ်ဆွေ ကဗျာဆရာရတုသစ်က စာစီပေးခဲ့တာပါ။ ဒီကွန်ပျူတာစာစီပြီးသားများကတော့ ရန်ကုန်သားတွေပေါ့လေ။ ကိုလူအောင် ရန်ကုန်မှာ အခြေချပြီးမှ သူလိုပဲ ရန်ကုန်မှာ အခြေချနေတဲ့ ကိုရတုသစ်က စာစီပေးခဲ့တာကိုး။

မိမိပရုဖ်ဖတ်ပြီး ကိုလူအောင်ပြင်ပြီး စာမူချောများကို ဖိုင်နယ်ပရုဖ်အနေနဲ့ မိမိရဲ့စာကြည့်တိုက်အဖွဲ့နဲ့အတူ အကြီးတန်း အလတ်တန်း သံဃာများကိုလည်း ဝိုင်းစေရပါတယ်။ အားလုံး အရန်သင့်ချောပြီးပြီဆိုမှ ဆရာတော့်ထံ ဆက်သပ်လိုက်ပါတယ်။

အဲဒီလို လူစုံတက်စုံရဲ့ ကုသိုလ်အားနဲ့ စုစည်းထားတဲ့ ဩဝါဒပေါင်းချုပ် ဒုတိယတွဲမှာ လင်းလွန်းခင် ဦးသိန်းလွင်တို့ အဖွဲ့ကလည်း သူတို့စွမ်းနိုင်သမျှ ဝေယျာဝစ္စကုသိုလ်၊ တောင်ကိုရီးယားလူမျိုး Lee, Tae Hoon (U Vivekananda), Lin, Song Sik (Daw Vivitta), Lee, Jae Kyu (U Akuppa), Kang, Min Ji (Daw Sumana) နဲ့ Daw War War Win Hlaing, SEOUL, SOUTH KOREA တို့က ဓမ္မဒါနကုသိုလ် စတဲ့ ကုသိုလ်ရှင်များကိုပါ ပေါင်းလိုက်တော့ လူစုံတက်စုံမှ တကယ့်ကို လူစုံတက်စုံ။

www.dhammadownload.com

(၈)

အစတုန်းက မှတ်တမ်းသဘောပဲ ရေးတော့မယ်လို့ စိတ်ကူးထားပေမဲ့ အမှာစာ ရေးလက်စကို ခဏရပ်ထားပြီး ပုံနှိပ်တိုက်အပ်ဖို့က အတော်ရက်နီးလာပြီဆိုတော့ ပရဖဖတ်စရာ ကျန်နေသေးတာတွေကို အရင်လက်စသတ်လိုက်ပါတယ်။ ပရဖဖတ်နေရင်းနဲ့ ပြောချင်တာလေးတွေက ပေါ်လာပြန်တော့ နည်းနည်းပါးပါး ပြောပါရစေဦး။

မြစကြာ မဟာနာယကဆရာတော်ရဲ့ နာမည်ကျော်ဆောင်းပါးတစ်ပုဒ်ဖြစ်တဲ့ 'အောင်မြင်သောကျောင်းတိုက်' ဆောင်းပါးနဲ့ အခု ဒီဩဝါဒပေါင်းချုပ်ထဲမှာပါတဲ့ 'သာသနာ့ကျက်သရေဆောင်'၊ 'သံကိုသံဖျက် သံချေးတက် ၁-၃' ဩဝါဒလေးပုဒ်မှာ ဘာက အရင်ဆိုတာ မသိပေမဲ့ ဆရာတော်ရဲ့ အမြင်ကတော့ ဆောင်းပါးထဲမှာရော ဩဝါဒများထဲမှာပါ အသက်ဝင်နေပါတယ်။ ဒါက မိမိစိတ်ထဲပေါ်လာတာလေး တစ်ခုပါ။

နောက်တစ်ခုက မြစကြာနာယကဆရာတော် အရှင်ဣန္ဒာစာရာဘိဝံသ ရေးသားတင်ပြတဲ့ 'မြစကြာပညာရေးစနစ်' စာတမ်းရဲ့အဆုံးသတ်မှာ ''မြစကြာသံဃာတွေရဲ့ အသွေးအသား နှလုံးသားများကို ခွဲထုတ်ကြည့်လို့ရမယ်ဆိုရင် နာယကဆရာတော်ရဲ့ ပရိယတ္တိပညာ သင်ယူပို့ချနည်းတွေနဲ့ တတ်သိနားလည်ထားတဲ့ ဓမ္မဂ္ဂန္ထာတွေဟာ မလွဲဧကန် ပါဝင်နေမှာဖြစ်ကြောင်း လက်ခံယုံကြည်မိပါတယ်''လို့ အနားကွပ်ထားတာလေးကို ဖတ်ပြီး အရေးအသား ကောင်းလှချည်လား ဆိုတာထက် လေးလေးနက်နက် မခံစားခဲ့ရပါဘူး။ အခု ဒီဩဝါဒများကို ဖတ်ရင်းဖတ်ရင်းနဲ့မှ အဲဒီအနားကွပ်စကားလေးက အလိုလိုပြန်ပေါ်လာပြီး လေးလေးနက်နက် ခံစားမိလာပါတယ်။

(၉)

ကြီးကြီးကျယ်ကျယ် ပြောရရင် မိမိက မိခင်မြန်မာပြည်ရဲ့ ပညာရေးစနစ်ကို အလိုမကျ ဖြစ်မိတာကြောင့် ကိုယ့်စိတ်ကြိုက်ပညာရေးစနစ်ကို စိတ်အတွေးနဲ့လည်း ပုံဖော်ကြည့်ပါတယ်။ စကားလုံးတွေနဲ့လည်း ပုံဖော်ကြည့်ပါတယ်။ အခုထိတော့ လေထဲ တိုက်အိမ်ဆောက်နေဆဲပါပဲ။ မြစကြာ မဟာနာယကဆရာတော်ကတော့ မြန်မာ့ပညာရေးစနစ်ကို ချိုသည်ခါးသည် ဖောင်နေအောင် ပြောမနေဘဲ သူ တတ်နိုင်သမျှ အပိုင်းကနေ ဘက်စုံပညာရေးစနစ် ပီပီပြင်ပြင် အသက်ဝင်လာအောင် စွမ်းဆောင်ထားပါတယ်။ ယှဉ်တော့ မယှဉ်အပ်ပေမဲ့ မြင်သာအောင်မို့ ယှဉ်ပြခွင့်ပြုပါ။

ဆရာတော် ဖြတ်သန်းခဲ့ရတဲ့ ပညာရေးစနစ်၊ မိမိဖြတ်သန်းခဲ့ရတဲ့ ပညာရေးစနစ်၊ ဆရာတော် ကျင့်သုံးခဲ့တဲ့ ပညာသင်ယူနည်း၊ မိမိကျင့်သုံးခဲ့တဲ့ ပညာသင်ယူနည်း၊ ဆရာတော်လေ့လာခဲ့ရတဲ့

www.dhammadownload.com

အကြောင်းအရာ၊ မိမိလေ့လာခဲ့ရတဲ့ အကြောင်းအရာ၊ ဆရာတော်ရဲ့ စာပေလေ့လာပုံ လေ့လာနည်း၊ မိမိရဲ့ စာပေလေ့လာပုံ လေ့လာနည်း၊ ဒီအချက်တွေကို ယှဉ်ကြည့်လိုက်တဲ့အခါ စွမ်းဆောင်ရည် ဘာကြောင့်ကွာခြားလွန်းရတာလဲဆိုတာ လယ်ပြင်မှာ ဆင်သွားသလိုပါပဲ။ ဒီတော့ မိမိက စာလေးပေလေး မတော်တခေါက် ဖတ်ပြီး လေထဲတိုက်အိမ်ဆောက်နေဆဲပေမဲ့ ဆရာတော်ကတော့ စာကြီးပေကြီးများကို ကျကျနနဖတ်ရှု သဘာဝကျကျ သုံးသပ်ပြီး လက်တွေ့ဘဝနဲ့ နီးနီးစပ်စပ် ကျင့်သုံးရင်း အသက်ဝင် ပီပြင်တဲ့ ဘက်စုံပညာရေးစနစ်ကို မနာလိုစရာကောင်းလောက်အောင် အရှိန်အဟုန်နဲ့ မောင်းနှင်နေနိုင်ပါပြီ။

မြစကြာကျောင်းတိုက်မှာ အသက်ဝင်ပီပြင်တဲ့ ဘက်စုံပညာရေးစနစ်ကို ဒီလို အရှိန်အဟုန်နဲ့ လည်ပတ်နေနိုင်တာ ဘာကြောင့်လဲ။ စိတ်ဝင်စားသူတို့က အဖြေသိချင်ကြပါလိမ့်မယ်။ ဝေးဝေးပြေးကြည့်စရာ မလိုပါဘူး။ မြစကြာ မဟာနာယကဆရာတော်ရဲ့ ညဉ့်ဦးယံဓမ္မသံစဉ်များကိုသာ နှလုံးသားနဲ့ နားဆင်ကြည့်လိုက်ပါ။

ညဉ့်ဦးယံဓမ္မသံစဉ်များမှာ မည်သည့်ဓာတ်သတ္တိတွေများ ကိန်းဝပ်နေပါသလဲ။

(ဃ)

ညဉ့်ဦးယံဓမ္မသံစဉ်များ၊ ပထမတွဲ အမှာစာမှာ အစချီထားတဲ့ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးရဲ့ တစ်ဘဝသံသရာ အခြေခံနိဒါန်းမှ ကောက်စာလေးနဲ့ပဲ ဒုတိယတွဲ အမှာစာကို အဆုံးသတ်လိုက်လျှင် စိတ်ငြိုငြင်သူ သိပ်တော့ မရှိတန်ရာဟု မျှော်လင့်မိရင်း ...

"နောင်လာနောက်သားတို့ အတုယူဖွယ် အကြောင်းအရာမှာ ကြီးကျယ်ခြင်းမဟုတ်ဘဲ ထိုအဆင့်သို့ ရောက်ဖို့ရန် ကြိုးစားရသော ဉာဏ်ဝီရိယအလုပ်သာ ဖြစ်ပါသည်။ ထို ဉာဏ်ဝီရိယအကြောင်းအရာသည် နောင်လာနောက်သားတို့အတွက် လမ်းညွှန်ဖြစ်နိုင်ပါသည်။"

ရိုသေလေးမြတ်စွာ -
အရှင်မနောဟရ(မြစကြာ)
၃၁-၁-၂၀၁၈

www.dhammadownload.com

ဒုတိယတွဲအတွက် စကားအနည်းငယ်

လူအောင်(ဝမ်းတွင်း)

ညဉ့်ဦးယံဩဝါဒတွေနဲ့စပ်လျဉ်းတဲ့ ဆရာဘုန်းကြီးရဲ့ခံယူချက် သဘောထားတွေက အစ သိသင့်သိထိုက်တာ မှန်သမျှဟာ ပထမတွဲရဲ့အချီနိဒါန်းမှာ ပြည့်စုံသလောက်နီးပါး ပါဝင်ခဲ့တာမို့ ယခု ဒုတိယတွဲမှာလည်း အဲဒါကိုပဲ ပြန်လည်ဖော်ပြပေးထားပါတယ်။

ဩဝါဒပေါင်းချုပ်စာအုပ်တွေကို မြန်မာသက္ကရာဇ်နဲ့ဖြတ်ပြီး ၃ နှစ် တစ်အုပ်နှုန်း စုစည်းသွားဖို့ ရည်ရွယ်ခဲ့၊ တိုင်ပင်ခဲ့ကြပေမဲ့ ဒီဒုတိယတွဲမှာတော့ ၁၃၆၆၊ ၆၇ နှစ်နှစ်စာကပဲ ပုဒ်ရေ ၃၈၊ စာမျက်နှာ ၃၈၀ နီးပါး ဖြစ်သွားတာကြောင့် ပထမတွဲနဲ့ ထုမကွာအောင်ဆိုပြီး နှစ်နှစ်နဲ့ပဲ ဖြတ်လိုက်တာပါ။

ဆရာဘုန်းကြီးနဲ့ စာကြည့်တိုက်မှူးဦးမနောတို့ တော်တော်များများ ပြောပြသွားပြီဖြစ်လို့ စီစဉ်သူ ကျွန်တော့်အနေနဲ့ အထူးပြောစရာမရှိတော့ပါဘူး။ မဖြစ်မနေ တစ်ခုခုပြောပါဆိုရင်တော့ ကျွန်တော် ကိုရင်ဘဝနဲ့ မြစကြာကျောင်းတိုက်ကို စရောက်တဲ့နေ့ ခံစားချက်လေးတစ်ခုကို ပြောချင်ပါတယ်။

နေရာက (မရိသေ့စကား) ပဿာဝကုဋ္ဌခေါ်တဲ့ ကျင်ငယ်အိမ်မှာပါ။ အဲဒီတုန်းက ပဿာဝကုဋ္ဌတွေကလည်း ခုလို မများသေးတာတစ်ကြောင်း၊ နေ့လယ်ခင်း ၃ နာရီထိုးလို့ စာအံကျောင်းနားကာစလည်းဖြစ်တာတစ်ကြောင်းမို့ အဲဒီနားမှာ အလှည့်ကျစောင့်နေတဲ့သံဃာ လေးငါးပါးမက ရှိနေပါတယ်။ ကျွန်တော်တစ်ဖြစ်လဲ တတိယဆင့်ကိုရင်ကြီးရဲ့ရှေ့မှာရှိနေတာက မူလတန်းအရွယ် ကိုရင်ငယ်တစ်ပါး။ မြင်သာအောင်ပြောရရင် ကျောင်းရဲ့ကျင်ငယ်အိမ်တိုင်းက နှစ်ခန်းတွဲလေးတွေပါ။ အဖြစ်အပျက်က သေးသေးလေးပါ။ ဖျတ်ခနဲပဲ။ အမှတ်တမဲ့ပဲ။

ဒါပေမဲ့ ကျွန်တော်မျက်စိထဲက ခုထိ မထွက်ဘူး။

www.dhammadownload.com

ရှေ့က စွန့်နေတဲ့နှစ်ပါး စကားတပြောပြောနဲ့ ပြိုင်တူထသွားတော့ အဲဒီကိုရင်လေး ဘာလုပ်တယ် ထင်လဲ။ သူနဲ့နီးတဲ့ ဒီဘက်က အခန်းမှာ ဝင်မထိုင်ဘဲ ဟိုဘက်အခန်းထိ သွားတယ်။ ထိုင်တယ်။ စွန့်တယ်။ ကဗျာဆရာ(ဦး)အောင်ချိမ့်စကား ငှားပြောရရင် 'သူက အေးအေးဆေးဆေးပဲ၊ အေးအေးဆေးဆေးပဲ သူက' ...။ လုပ်ရိုးလုပ်စဉ် လုပ်သွားပုံမျိုး ...။ တကယ်ဆို စောင့်နေရသူချင်းအတူ ကိုယ့်အလှည့်၊ ကိုယ်လည်းအရင်ရောက်တဲ့ဟာ၊ နီးတဲ့ဘက် ဝင်ထိုင်လိုက်ပါလား။ သူက ဒီလိုမဟုတ်ဘူး။ အဲ ... မြစကြာက ဒီလိုမဟုတ်ဘူး။

ကျွန်တော် စရောက်ရောက်ချင်း အဲဒီနေ့မှာပဲ စာတတ်သွားတယ်ပြောပါတော့။ ဒါ ကိုယ်ချင်းစာတရားပဲ။ ဒါ တစ်ဦးကိုတစ်ဦး ငဲ့ညှာမှုပဲ။ ဒါ တစ်ဦးကိုတစ်ဦး အရေးပေးမှုပဲ။ ဩော် ... ဒါ မြစကြာပဲ။

ဟုတ်ကဲ့၊ ဒီဒုတိယတွဲမှာလည်း အဲဒီလို 'မြစကြာ'ခြင်းအကြောင်းတရားများစွာကို စာဖတ်သူတို့တွေ့ရပါလိမ့်မယ်။

ဂါရဝဖြင့် -
လူအောင်(ဝမ်းတွင်း)
၃၊ ၂၊ ၂၀၁၈ စနေနေ့။

www.dhammadownload.com

အချီနိဒါန်း

အရှင်ကုန္ဒကာဘိဝံသ(မြစကြာ)

တောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးရဲ့ ဂုဏ်ရနုံ့ဟာ မြန်မာ့နယ်နိမိတ်ကိုကျော်ပြီး ကမ္ဘာ့နိုင်ငံများအထိ သင်းပျံ့ခဲ့ပါတယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ .. အစစအရာရာ အဆင့်အတန်းမြင့်မားစွာနဲ့ သာသနာ့ကျက်သရေကို ဆောင်နိုင်ခဲ့ပါတယ်။ ဘာသာဋ္ဌီကာကျမ်းပြုအကျော် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးရဲ့ ဘက်ပေါင်းစုံက ကြိုးစားအားထုတ်ခဲ့မှုကြောင့်လို့ ပြောရမှာပါ။ ဒီလို သာသနာ့ကျက်သရေဆောင်ကျောင်းတိုက်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာဖို့အတွက် 'နံနက်ခင်းဩဝါဒ' အခန်းကဏ္ဍဟာ အဓိကကျတဲ့ ဆောင်ရွက်ချက်တစ်ခုပါ။ ဒါဟာ ဘယ်သူမှ မငြင်းနိုင်တဲ့ အမှန်တရားလည်း ဖြစ်ပါတယ်။ စာရေးသူဟာ ဆရာတော်ဘုရားကြီးရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်ကို အားကျကြည်ညိုခဲ့ကြသူများစွာထဲက တစ်ဦးအပါအဝင်ပါ။ ဒါကြောင့် စာသင်တိုက်ကလေးတစ်ခုကို ဦးဆောင်ခွင့်ရတဲ့အခါမှာ တပည့်သံဃာတွေကို အခွင့်အခါသင့်တိုင်း ဆုံးမစကား ပြောကြားဖြစ်ခဲ့ပါတယ်။

ဒီလို ဆုံးမစကားပြောကြားဖြစ်တဲ့နေရာမှာ 'သာသနာ့ကျက်သရေဆောင်လေးတွေ အတိုင်းအတာတစ်ခုအထိ ပေါ်ထွန်းလာနိုင်တယ်'ဆိုတဲ့ ယုံကြည်ချက်က အဓိကတွန်းအားပေါ့။ ဒီလိုနဲ့ လပြည့်ည၊ လကွယ်ည ဘုရားဝတ်ပြုပြီးအချိန်တွေမှာ ကိုယ်တိုင်ဆောင်ရွက်ဖြစ်ခဲ့ပါတယ်။ လဆန်း၊ လဆုတ် ၈ ရက် ညတွေမှာတော့ တပည့်ကြီးတွေကို အလှည့်ကျစနစ်နဲ့ ဆောင်ရွက်စေခဲ့ပါတယ်။

နောက်ပြီး 'ဩဝဒေယျာနုသာသေယျ၊ အသဇ္ဇာ စ နိဝါရယေ'(ဓမ္မပဒ၊ ဂါထာ ၇၇) နဲ့အညီ 'နေရာတိုင်းမှာ ဩဝါဒကဏ္ဍဟာ မရှိမဖြစ် လိုအပ်တယ်'ဆိုတဲ့ ယုံကြည်ချက်၊ ခံယူချက်က စာရေးသူရဲ့ နှလုံးသားထဲမှာ စူးနစ်သက်ဝင်နေခဲ့တာ ကြာပါပြီ။ တည်တောဆရာတော်ဘုရားကြီးရဲ့ ရေးသား မိန့်ဆိုချက် အဆုံးအမစကားတွေနဲ့ ထိတွေ့ခွင့်ရကတည်းက ဆိုပါတော့။

www.dhammadownload.com

'လယ်ခင်းထဲမှာ ရေရှိနေမှ ပေါင်းမြက်မထတာ။ စပါးပင်နဲ့ မျိုးရင်းချင်းတူတဲ့ ပေါင်းမြက်မထမှ လယ်ခင်းဟာ ဖြစ်ထွန်းအောင်မြင်နိုင်တယ်။ ဒါ့ကြောင့် စပါးပင်တွေ သန်မာဖြစ်ထွန်းနေပေမဲ့ ပေါင်းမြက်မထအောင် ရေသွင်းပေးရတယ်'

'စာသင်တိုက်ဆိုတဲ့ လယ်ခင်းမှာလည်း အာဏာစက်ရေ၊ ဓမ္မစက်ရေ တည်ရှိနေမှ အကျင့်ပျက်စာသင်သား ပေါင်းမြက်တွေ မထနိုင်တာ။ အကျင့်ပျက်စာသင်သား ပေါင်းမြက်တွေ မထပါမှ စာသင်တိုက်လယ်ခင်းဟာ ဖြစ်ထွန်းအောင်မြင်နိုင်တယ်။ ဒါ့ကြောင့် အကျင့်ကောင်းတဲ့စာသင်သား စပါးပင်တွေ ဖြစ်ထွန်းနေပေမဲ့ အကျင့်ပျက်တဲ့ စာသင်သားပေါင်းမြက်တွေ မထလာအောင် အာဏာစက်ရေ၊ ဓမ္မစက်ရေတွေ လိုအပ်သလို သွင်းပေးရတယ်'

'ဘေးရန်မဖြစ်မီ တားမြစ်တာ၊ အပြစ်အားလျော်စွာ စီရင်ချက်ချတာကို အာဏာစက်ရေလို့ ခေါ်တယ်။ အကြောင်းအကျိုးပြပြီး နားဝင်အောင် ဆုံးမစကားပြောကြားတာကို ဓမ္မစက်ရေလို့ ဆိုလိုတယ်'

ဒါတွေဟာ တည်တောဆရာတော်ဘုရားကြီး ရေးသား မိန့်ဆိုခဲ့တဲ့ အဆုံးအမစကားတွေပါ။

တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ လက်တွေ့ကျင့်သုံးမှုကို အားကျကြည်ညိုတာရယ်၊ တည်တောဆရာတော်ဘုရားကြီးရဲ့ အဆုံးအမ ဩဝါဒတွေကို နှစ်သက်မြတ်နိုးတာရယ်ကြောင့် မြစကြာမှာ ဩဝါဒအမြုတေလေး စတင် သန္ဓေတည်လာရတာပါ။ နောက်ပိုင်းကာလတွေမှာ တပည့်ဖြစ်သူ အရှင်ပညာတိက္ခနဲ့ အရှင်ဝိသုဒ္ဓါစာရတို့က တိုက်တွန်းတောင်းပန်တာကြောင့် တိပ်ခွေနဲ့ အသံသွင်းထားဖို့ ခွင့်ပြုခဲ့ပါတယ်။ ဒကာစိုးဦး (ဧရာဝတီတံတား၊ ရတနာပုံ၊ အင်ဂျင်နီယာ)ရဲ့ တောင်းပန်ဖြန့်ဝေမှုကြောင့် အဲဒီအသံဩဝါဒတွေဟာ စီဒီခွေအဖြစ်နဲ့ တော်တော်လေး ပျံ့နှံ့သွားခဲ့ပါတယ်။

အဲဒီစီဒီခွေကို ကြားနာခဲ့ကြတဲ့ (ထိန်လင်းမိသားစု) ဦးကျော်စိုး + ဒေါ်ယဉ်ဌေး မိသားစု၊ ဦးဇော်ရဲမင်း + ဒေါ်ယဉ်မွေး မိသားစုတို့က စာအုပ်အဖြစ် ရိုက်နှိပ်ပြီး ဓမ္မဒါနပြုလုပ်လိုကြောင်း လျှောက်ထားလာတဲ့အတွက် အသံကြည်လင်ပြတ်သားတဲ့ ၁၃၆၇၊ ၆၈ နှစ်များထဲက ဩဝါဒ ၉ ပုဒ်ကို *'ညဉ့်ဦးယံဩဝါဒကထာများ'* ဆိုတဲ့ အမည်နဲ့ စာအုပ်လေးတစ်အုပ် စထုတ်ဖြစ်ခဲ့ပါတယ်။ တကယ်တော့ စာရေးသူအနေနဲ့ ဒီလို လက်တန်းဩဝါဒပေးခဲ့တာတွေကို စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ဝေဖို့အထိ ရည်ရွယ်ချက် မထားခဲ့ပါဘူး။ အများအတွက် အကျိုးမများနိုင်လောက်ဘူးလို့ ထင်မြင်ယူဆ

www.dhammadownload.com

ခဲ့တာကြောင့်ပါ။ ဒါပေမဲ့ ထိန်လင်းမိသားစုက 'သူတို့မိသားစုအတွက် အကျိုးရှိသလို အများအတွက်လည်း အကျိုးရှိနိုင်ကြောင်း၊ ဒါကြောင့် ဓမ္မဒါနအဖြစ် ထုတ်ဝေခွင့် ပြုစေလိုကြောင်း' အကြိမ်ကြိမ် လျှောက်ထားခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ...

> *'ဒီစာကို ဖတ်ရှုပြီး အကျိုးများဖို့ကတော့ မသေချာဘူး။ ဒါပေမဲ့ ညဉ့်ဦးယံဩဝါဒကထာတွေဟာ မြစကြာရဲ့ အကောင်းအဆိုးပုံရိပ်လေးတွေအဖြစ်နဲ့ ထင်ဟပ်ကျန်နေခဲ့နိုင်တယ်။ မြစကြာရဲ့ ပစ္စုပ္ပန်ပုံရိပ်ကိုကြည့်ပြီး အတိတ်က သမိုင်းခြေရာလေးတွေကို လေ့လာလိုသူတွေအတွက် အတိုင်းအတာတစ်ခုအထိ အကျိုးရှိနိုင်ကောင်းရဲ့'*

ဒီယုံကြည်ချက်၊ ခံယူချက်လေးနဲ့ပဲ စာအုပ်ပြုလုပ်ပြီး ဓမ္မဒါနအဖြစ် ဖြန့်ဝေဖို့ ခွင့်ပေးခဲ့ပါတယ်။ မြစကြာရဲ့ ပထမဆုံးစာအုပ်လေးလို့ ပြောရမယ့် အဲဒီ 'ညဉ့်ဦးယံဩဝါဒကထာများ' စာအုပ်လေး အကြောင်း မှတ်တမ်းတင်ရမယ်ဆိုရင်တော့ တပည့်သံဃာတချို့က တိပိဋကဓရ ၅ ဆွေမှ ထုတ်နုတ်ရေးကူးပြီး စာရေးသူကိုယ်တိုင် အချောသပ်ရေးခဲ့တယ်။ အရှင်ဝေပုလ္လာဘိဝံသနဲ့ အရှင်သုဒဿနတို့က ကွန်ပျူတာစာစီပေးကြတယ်။ ၂၀၀၈ ခုနှစ် ဇွန်လက ထုတ်ဖြစ်ခဲ့တဲ့ အဲဒီစာအုပ်လေးဟာ မြစကြာစာစဉ်တွေရဲ့ အစ ကနဦးလည်း ဖြစ်ပါတယ်။ စာသင်တိုက်တည်ထောင်ခါစ ဆရာတော်လေးများအတွက် အကူအညီရနိုင်လိမ့်မယ်လို့ယုံကြည်ပြီး တပည့်ဖြစ်သူ အရှင်ဣန္ဒာစာရာဘိဝံသ ရေးတဲ့ 'မြစကြာပညာရေးစနစ်' စာတမ်းကိုလည်း နောက်ဆက်တွဲအဖြစ် ဖြည့်စွက်ခဲ့ပါတယ်။ စာဖတ်သူများအနေနဲ့ တစ်စုံတစ်ရာ အကျိုးရှိလိမ့်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထုတ်ဝေခဲ့တဲ့ အဲဒီစာအုပ်လေးဟာ တကယ်လည်း အထိုက်အလျောက်တော့ အကျိုးရှိပုံရပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် မဖြန့်ချိဖြစ်တာတောင် ဆဋ္ဌမအကြိမ်အထိ အလီလီပြန်ရိုက်နှိပ်ခဲ့ရတာကို စာရေးသူကိုယ်တိုင် အံ့အားသင့်မိပါတယ်။

ခန့်ဝင်းတောရ မြစကြာဆရာတော်ရဲ့တိုက်တွန်းမှုနဲ့ ၁၃၅၄ ခု၊ နယုန်လပြည့်ကျော် ၁ ရက်နေ့က စလို့ စာသင်တိုက်တစ်တိုက်အဖြစ် စာရေးသူ ပုံဖော်ထုဆစ်လာခဲ့တဲ့ ဒီမြစကြာကျောင်းတိုက်ဟာ လာမယ့် ၁၃၇၈ ခု၊ နယုန်လ ဆို ၂၅ နှစ်သက်တမ်းကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ငွေရတုအထိမ်းအမှတ်အဖြစ် ထုံးစံအတိုင်း စာစောင်တစ်ခုလုပ်ဖို့ စိတ်ကူးခဲ့ပေမဲ့ တပည့်ဖြစ်သူ စာကြည့်တိုက်မှူးဦးမနောဟရနဲ့ မောင်သီဟလူအောင်တို့က သူတို့စီစဉ်နေတဲ့ ဒီ 'ညဉ့်ဦးယံဓမ္မသံစဉ်များ' စာအုပ်ကြီးဟာ ငွေရတုပွဲနဲ့ အလိုက်ဖက်ဆုံးပဲလို့ အကြံပြုလာကြပါတယ်။ အဆုံးသတ်တည်းဖြတ်ဖတ်ရှုရင်းနဲ့ သူတို့ရဲ့ စေတနာနဲ့ အကြံဉာဏ်ကို လက်ခံလာမိပါတယ်။

ဒီစာအုပ်ဟာ ၂၀၀၈ ခုနှစ်က ထုတ်ဝေခဲ့တဲ့ 'ညဉ့်ဦးယံဩဝါဒကထာများ' စာအုပ်နဲ့ အရွယ်

www.dhammadownload.com

အစားရော၊ စီစဉ်ပုံပါ မတူတော့ပါဘူး။ ဟိုတုန်းကတော့ စာအုပ်ဆိုဒ်နဲ့လျော်အောင် သင့်နိုးရာရာ ဩဝါဒအချို့ကိုသာ ရွေးကောက်ခဲ့ရပါတယ်။ ၁၃၆၇၊ ၆၈ ဝန်းကျင်က ဩဝါဒ ၉ ပုဒ်ကိုပဲ စုစည်းနိုင်ခဲ့ပါတယ်။ ဒီစာအုပ်ကြီးမှာတော့ စတင်အသံဖမ်းတဲ့ ၁၃၆၃ ခု၊ သီတင်းကျွတ်လပြည့်နေ့ကနေ ၁၃၆၅ ခု၊ တပေါင်းလပြည့်နေ့အထိ ၂ နှစ်ခွဲခန့်ကာလအတွင်း စာရေးသူ ပေးဖြစ်ခဲ့တဲ့ ဩဝါဒပုဒ်ရေ ၄၀ အထိ ပါဝင်ပါတယ်။ မြန်မာသက္ကရာဇ်နဲ့ဖြတ်ပြီး ၃ နှစ် တစ်အုပ်နှုန်းနဲ့ ဩဝါဒပေါင်းချုပ်အတွဲ ၁၊ ၂၊ ၃ စသည်ဖြင့် စုစည်းသွားဖို့ ရည်ရွယ်ထားတဲ့အထဲက ပထမဆုံးစာအုပ်လည်း ဖြစ်ပါတယ်။

ပထမဆုံးအဆင့်အနေနဲ့ စာကြည့်တိုက်ဝေယျာဝစ္စသံဃာများက အသံကနေ လက်ရေးမူကူးကြပါတယ်။ ငယ်စဉ်တောင်ကျေး ကိုရင်လေးဘဝကနေ အဘိဝံသဘွဲ့ရသည်အထိ စာရေးသူရဲ့အာဘော်တွေနဲ့ လက်ပွန်းတတီးနေသွားတဲ့ မောင်လူအောင်က သုံးကြိမ်ထက်မနည်း တည်းဖြတ်ပြီး စာအုပ်ပုံစံကျအောင် ပြင်ဆင်ပေးပါတယ်။ စာကြည့်တိုက်မှူး ဦးမနောဟရက သူနိုင်နင်းတဲ့ သတ်ပုံပိုင်းဆိုင်ရာတွေ မွမ်းမံပေးပါတယ်။ လူထုတိုက်ရဲ့ဒီဇိုင်းဆရာ ကိုမြင့်ဖေက ကျောင်းတိုက်တည် ၁၆ နှစ်ပြည့်တုန်းက ပုံစံအတိုင်း သာသနာရောင်လွှမ်းတဲ့ မျက်နှာဖုံးကို စိတ်ကြိုက်ရေးဆွဲပေးပါတယ်။ စာရေးသူက အားလုံးပြီးစီးမှ နောက်ဆုံးအနေနဲ့ အတည်ပြုပြီး လိုအပ်တဲ့နည်းနည်းပါးပါး ဖြည့်စွက်လိုက်ရုံပါပဲ။ မြစကြာဌေရတုအထိမ်းအမှတ်ဖြစ်တာကြောင့် ကျောင်းတိုက်ရဲ့ပညာရေးမှတ်တမ်းကိုတော့ နောက်ဆက်တွဲအဖြစ်နဲ့ သမိုင်းတင်ပေးလိုက်ပါတယ်။

ဖတ်ရှုသူများအနေနဲ့ တစ်စုံတစ်ရာ အကျိုးရှိခဲ့မယ်၊ နှစ်သက်ဝမ်းမြောက်မှုဖြစ်ခဲ့ကြမယ်ဆိုရင်တော့ ပါရမီ ကူညီဖြည့်ပေးခဲ့ကြတဲ့ တပည့်များ၊ ဓမ္မဒါနအလှူရှင်များနဲ့ ပုံနှိပ်ထုတ်ဝေပေးတဲ့ လင်းလွန်းခင်ဒကာကြီး ဦးသိန်းလွင်ကိုပဲ ကျေးဇူးတင်ကြပါ၊ မေတ္တာပွားများကြပါလို့ တိုက်တွန်းပြောကြားလိုက်ပါရစေ။

(ညွှဲဦးယံဩဝါဒကထာများ စာအုပ်မှ အချီနိဒါန်းကို ထပ်မံဖြည့်စွက်ထားပါသည်။)

မေတ္တာဖြင့် -
အရှင်ဣန္ဒကာဘိဝံသ(မြစကြာ)
၉၊ ၁၊ ၂၀၁၇ တနလ်ာနေ့

www.dhammadownload.com

သာဓုခေါ်သောအုပ်ချုပ်နည်း

၁၃၆၆ ခု၊ ကဆုန်လကွယ်နေ့
၂၀၀၄ ခု၊ မေလ ၁၈ ရက်၊ အင်္ဂါနေ့ ည

အပိုင်းနှစ်ပိုင်း

တပည့်တော်တို့ ကျောင်းတိုက်တစ်တိုက် ရှင်သန်ဖို့အတွက်၊ ကျောင်းတိုက်တစ်တိုက် ကြီးပွားတိုးတက်ဖို့အတွက် မျှတမှုရှိဖို့အရေးကြီးတယ်။ ကြီးပွားတိုးတက်ဆိုတဲ့နေရာမှာလည်း အဆောက်အအုံတွေ၊ ပစ္စည်းလာဘ်လာဘတွေကို ဆိုလိုတာမဟုတ်ဘူးပေါ့။ အားလုံး အရည်အချင်းရှိရှိနဲ့ သီလ သမာဓိ ပညာအခြေခံပြီးတော့ တိုးတက်ဖို့အတွက်ကို ဆိုလိုတာပါ။ အထက်က အုပ်ချုပ်ရေးပိုင်းနဲ့ အောက်က လိုက်နာတဲ့စာသင်သားအပိုင်းဆိုပြီး နှစ်ပိုင်းရှိတယ်။ တပည့်တော်တို့ အုပ်ချုပ်ရေးပိုင်းမှာလည်းပဲ အတုယူရမယ့် အုပ်ချုပ်ရေး နည်းနာနိသယတွေ ရှိတယ်။ 'မြတ်စွာဘုရားလက်ထက်က ဘယ်လိုရှိသလဲ' စသည်ဖြင့် ဒီလို အတုယူပြီးတော့၊ ကောက်ချက်ချ သုံးသပ်ပြီးတော့၊ တပည့်တော်တို့ မှားနေတယ်ဆိုရင် ပြင်ဆင်ရမယ်။

နောက်ပြီးတော့ ... တပည့်တွေဘက်ကလည်း အရေးအကြီးဆုံး အချက်က သုဗ္ဗစဆိုတဲ့ စကားနားထောင်မှု။ ဒါ အရေးကြီးဆုံးပဲ။ ဒုဗ္ဗစ ဆိုတာက သာသနာကွယ်ကြောင်းထဲမှာလည်း ပါတယ်။ ဆရာသမားတွေ ဆုံးမတာကို တပည့်တွေက ရိုရိုသေသေ မနာယူကြဘူးဆိုရင် သာသနာကွယ်မယ်တဲ့။ ဒါကို လေးလေးနက်နက် စိတ်မှာထားပေးကြပါ။ ပြောင်းပြန်ဖြစ်တဲ့

www.dhammadownload.com

သာသနာကြီးပွားကြောင်းတရားမှာလည်း 'ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေန' အချင်းချင်း ပြောဆိုဆုံးမရမယ်တဲ့။ ပြောဆိုဆိုတာကလည်း အပြောခံမှ ပြောလို့ရတာ။ ဒါကြောင့်မို့ စာသင်သားတွေဘက်က အရေးအကြီးဆုံးအပိုင်းက သုဗ္ဗစဖြစ်ဖို့၊ ဒုဗ္ဗစမဖြစ်ဖို့ လိုတယ်။ ပြောရဆိုရလွယ်ကူဖို့ သိပ်ပြီးတော့ အရေးကြီးတယ်။

သီလမပြည့်သူ

ဒီမှာလည်း တပည့်တော် ပြောပြောနေတယ်။ ပြင်ခိုင်းတယ်။ တချို့ မပြင်ဘူး။ စောစောက ဒဏ်ထမ်းတဲ့ ကိုရင်နှစ်ပါးဆိုရင်လည်း တစ်ပါးက တပည့်တော် ညနေ ဥပုသ်ပြုပြန်လာချိန်မှာတွေ့တာ။ ဝေယျာဝစ္စအလုပ်လုပ်ချိန်မှ စတာ မကြာသေးဘူး၊ စာအုပ်ကြီးထိုင်ဖတ်နေတယ်။ မေးလိုက်တော့ 'အမှိုက်ပစ်ဖို့ပဲ ကျန်တော့လို့ ခဏစာအုပ်ဖတ်နေပါတယ်'တဲ့။ အဓိပ္ပာယ်မရှိဘူးနော်။ အရင်တစ်ခါတုန်းကလည်း အလုပ်လုပ်ချိန်မှာ စာဖတ်သလိုလို ဘာလိုလိုလုပ်နေလို့ တပည့်တော် ပြောခဲ့ဖူးတယ်။ ဩဝါဒပေးခဲ့တယ်။ ဒီလိုပုဂ္ဂိုလ်တွေကို သီလပြည့်တယ်လို့ ပြောလို့မရဘူးဆိုတဲ့အကြောင်း။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ စာရိတ္တသီလ ချို့ယွင်းနေလို့။

ဒါကြောင့်မို့ အလုပ်လုပ်ချိန်မှာ စေတနာပါပါနဲ့ ကိုယ့်ကျရာတာဝန်ကို ကျေပွန်အောင်လုပ်ပါ။ စာမေးပွဲနီးလာတဲ့အခါမှာတော့ သူ့ဟာသူ ထိုက်သင့်တဲ့ နားလည်မှု၊ ခွင့်လွှတ်မှုလေးတွေ တပည့်တော်တို့ ပေးနေတာပဲ။ ခုချိန်မှာတော့ အချိန်ပြည့် ဝေယျာဝစ္စစိတ်ထားပေးကြပါ။ ဒါကြောင့်မို့ ဒီကိုရင်ကို စောစောက ဒဏ်ထမ်းခိုင်းတယ်။ စာအုပ်ဖတ်တယ်ဆိုတာ အမြင်တော့ ကောင်းသလိုလိုပဲ။ ဒါပေမဲ့ တခြားသူတွေအားလုံး အလုပ်လုပ်နေတဲ့ အချိန်မှာ ဒါမျိုးကတော့ မလုပ်သင့်ပါဘူး။ ဒါလေးတွေ အရှင်ဘုရားတို့ လေးလေးစားစား လိုက်နာပေးပါ။

စောင်းနေတဲ့စိတ်

နောက် .... ဟိုကိုရင်လေးကကျတော့ ဘာလို့ဒဏ်ထမ်းရလဲဆိုတော့ မနေ့က သူများလက်သုတ်ပဝါလေးကို သဲပုံထဲမှာ သဲတွေနဲ့ဖို့နေတာ တပည့်တော်တွေ့တယ်။ ဘာဖြစ်လို့လဲမေးကြည့်တော့ ကိုရင်တစ်ပါးက သူ့ကို စလို့တဲ့။ သေချာ အမှားအမှန်တွေ မေးမြန်းစိစစ်ပြီးချိန်ကြည့်လိုက်တဲ့အခါကျတော့ ဟိုက စတာနည်းနည်း၊ သူက ပြန်ပြီးတော့ မဟုတ်တာတွေလုပ်တာက များနေတယ်။ ဒါကြောင့် ဒဏ်ပေးထားရတယ်။ ဒီကျောင်းမှာ အားလုံး လျှောက်ထားခွင့် ရှိနေတာပဲ။ ကိုယ့်အပေါ်မှာ ဆက်ဆံတာတွေက မတရားသဖြင့် ဆက်ဆံတယ်၊ အာဏာတွေကလည်း မတရားသဖြင့် ပေးတယ်ဆိုရင် အကြီးတွေကိုတောင်မှ ပြန်ပြီးတော့ မေးခွန်းထုတ်ခွင့်ရှိပါတယ်။ တပည့်တော်ဆီကို လာပြီးတော့ အကျိုးအကြောင်းပြောပါ။ တပည့်တော်တို့က တရားမျှတအောင်လုပ်ပေးဖို့ တာဝန်ရှိတာပဲ။

အဲ ... ခုတော့ ဒီလိုမဟုတ်ဘူး။ စိတ်ထားလေးတွေက တစ်မျိုးလေးတွေ ဖြစ်နေတယ်။ စောင်းနေတယ်။ ကိုယ့်လုပ်သွားတယ်ဆို 'သူ့ပြန်မလုပ်ရရင် ပစ္စည်းချမယ်ကွ'ဆိုတဲ့ စိတ်ဓာတ်လေးတွေက မကောင်းဘူး။ ဒါ အရှင်ဘုရားတို့ ငယ်ငယ်ရွယ်ရွယ်လေးကတည်းက ရှိနေတာသိရင် ပြင်လို့ရဦးမှာပါ။ ကြိုးစားပြီးတော့ ပြင်ထားပါ။ မပြင်ရင် ကြီးလာတဲ့အခါ ဒီပုဂ္ဂိုလ်မျိုးဟာ သူတော်ကောင်းဖြစ်ဖို့ ဘယ်လိုနည်းနဲ့မှ

www.dhammadownload.com

မလွယ်နိုင်ဘူး။ ဒါလေးတွေလည်း ပြုပြင်ဖို့ တပည့်တော် တစ်နေ့ကလည်းပဲ ပြောခဲ့တယ်။ ဒဏ်လည်း ပေးထားတယ်။ ကာယကံရှင် ကိုရင်တွေကလည်း လေးလေးစားစားလေး လိုက်နာပြုပြင်ပေးပါ။ မလိုက်နာဘူး၊ ဒုဗ္ဗစရိုဏ်းဝင်သွားပြီဆိုရင်တော့ အဲဒါ အရှင်ဘုရားတို့ သာသနာလည်း ရှည်မှာမဟုတ်ဘူး။ ကျောင်းတိုက်လည်း ရှည်မှာမဟုတ်ဘူး။ ဒီပုဂ္ဂိုလ်တွေလည်း ဘယ်တော့မှ တိုးတက်မှာမဟုတ်ဘူး။ ဒါလေးတွေ သဘောပေါက်ပါ။

သင်္ကန်းဝါလေးတွေ

နောက်ပြီးတော့ ... တတိယဆင့်ကိုရင် တစ်ပါး။ သင်္ကန်းဝါခြောက်ခြောက်လေး ရန်းထားတာ နေ့လယ်က တွေ့လိုက်တယ်။ အဲဒီယိုးဒယားသင်္ကန်း ဝါခြောက်ခြောက်လေးတွေ ဝတ်တာ ကြည့်မကောင်းပါဘူးလို့ တပည့်တော် ပြောပြီးပြီပဲ။ လှသလိုလို ဘာလိုလို ဒါမျိုးထင်ပြီးတော့ ရန်းနေကြတာ ထင်တယ်။ အပေါ်က ဧကသီသင်္ကန်းရန်းပြီးတော့ ကိုယ်ပတ်အဖြစ်နဲ့ ဆိုရင် တော်သေးတယ်။ ဆွမ်းခံသွားချိန် ခါးပန်းကြိုးပါရင်လည်း တော်သေးတယ်။ ဒီလိုမဟုတ်ဘဲ ဒါလေးသက်သက် ရန်းပြီးတော့ ဝေယျာဝစ္စလုပ်ငန်းလုပ်နေတာမျိုးဆိုရင် ကြည့်လို့ တော်တော့်ကို မတင့်တယ်တဲ့ဟာတွေပါ။ တပည့်တော် မပြောဖူးတာလည်း မဟုတ်ဘူး။ ပြောဖူးပေမဲ့လို့ အလစ်အလစ်ဆိုရင် ဒါတွေက တွေ့တွေ့နေရတယ်။ ဒီတစ်ပါးကို နမူနာပြောတာပါ။ ကျန်တဲ့ သံဃာတွေလည်း ရှိဦးမှာပဲ။ ဒါလည်း နားမထောင်ဘူးဆိုရင် ဒုဗ္ဗစသဘောဖြစ်သွားမယ်။ ဒုဗ္ဗစပုဂ္ဂိုလ်ဟာ ဘယ်တော့မှ ကြီးပွားမှာမဟုတ်ဘူး။ ပြင်ပေးကြပါ။ ခုဟာလည်း အပြစ်ပြောတာ မဟုတ်ဘူး၊ ပြင်ဖို့ပြောတာ။ ကြိုးစားပြီးတော့ လိုက်နာပေးပါ။

ဘုရားဝတ်တက်တဲ့အခါတို့၊ ဆွမ်းခံကြွတဲ့အခါတို့မှာ ကိုယ်ပတ်လေးတွေ ရန်းရုံရန်းထားကြတာ တချို့ တွေ့နေရသေးတယ်။ တချို့ဆိုခါးပန်းကြိုးကလည်း မပါဘူး၊ အပေါ်က ကိုယ်ပတ်ပတ်တော့လည်း စနစ်တကျ မပတ်ဘဲ ရန်းရုံလေးရန်းထားတော့ အောက်မှာ သင်းပိုင်ကြိုးတွေက ရှည်ကျနေတယ်။ ဒါတွေလည်း ထပ်တလဲလဲ ပြောခဲ့တယ်။ ပြောပေမဲ့ ကြည့်လိုက်ရင် ဒါတွေက ထပ်တွေ့တုန်းရှိသေးတယ်။ အဲဒီတော့ တပည့်တော်တို့ ပြန်သုံးသပ်ကြည့်လိုက်ရင် ဒီကျောင်းမှာ နေတော့နေချင်ကြတယ်။ ခုလည်း နေချင်လို့ လာလျှောက်တာတွေ ပြည့်နေတာပဲ။ ဒါပေမဲ့ တပည့်တော်က 'ဘယ်လို ဘယ်လို လုပ်ပါ' လို့ ရှေ့ကနေပြီး စေတနာနဲ့ လမ်းခင်းတာကိုကျတော့ လိုက်နာကျင့်သုံးမှု မရှိတာလေးတွေ တွေ့တွေ့နေရတယ်။ မကောင်းဘူးပေါ့ဘုရား။

ရှင်ဥပသေန

မကောင်းဘူးဆိုတာနဲ့ပတ်သက်ပြီး မြတ်စွာဘုရားက ဒီလိုကိစ္စမျိုးတွေမှာ ဘယ်လိုဆုံးဖြတ်တော်မူခဲ့လဲ၊ မြတ်စွာဘုရားလက်ထက်က ဘယ်လိုရှိခဲ့လဲဆိုတာ တပည့်တော် ပြောပြမယ်။ တစ်နေ့ကလည်း တပည့်တော် စာချရင်း စကားစပ်လို့ တချို့ကို နည်းနည်းပြောပြီးပြီ။ ခုအားလုံးကို ပြန်ပြောပြမယ်။ တပည့်တော်တို့ မြတ်စွာဘုရားလက်ထက်က ရှင်သာရိပုတ္တရာရဲ့ရှင်ဥပသေနနဲ့စပ်တဲ့ အဖြစ်အပျက်ကလေးပေါ့။ ခုပြောမယ့် သမိုင်းကြောင်းကို သုံးသပ်ကြည့်ရင် စောစောကပြောတာတွေ ပေါ်လွင်ပါတယ်။ တစ်ခါတော့ မြတ်စွာဘုရားရှင် သာဝတ္ထိပြည်

www.dhammadownload.com

ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတုန်း၊ ကျွတ်ထိုက်ကြတဲ့ ဝေနေယျတွေလည်း သိပ်မရှိတော့၊ နောက်ပြီး ... ဒီလို သုံးလပတ်လုံး ဖလသမာပတ်နဲ့ နေလိုက်ရင် နောင်ဖြစ်ပေါ်လာမယ့် အကျိုးတွေကိုလည်း မြင်တော်မူတာနဲ့၊ မြတ်စွာဘုရားက 'ငါဘုရား သုံးလပတ်လုံး ဖလသမာပတ်နဲ့ တစ်ပါးတည်း ကိန်းအောင်းတော်မူမယ်။ ဆွမ်းပို့တဲ့ရဟန်းမှတစ်ပါး ကျန်တဲ့သံဃာတွေ ငါဘုရားထံ မလာရ'လို့ အမိန့်ထုတ်လိုက်တယ်ပေါ့။

သမ္မောဒနိယကထာ

တစ်နေ့တော့ ရှင်ဥပသေနက တားတာဆီးတာတွေကို ကျော်ဖြတ်ပြီး တပည့်ရဟန်းငါးရာနဲ့ မြတ်စွာဘုရားထံ ဖူးဖို့ကြွတယ်။ မြတ်စွာဘုရားဆီရောက်တော့ တကယ့်ကို ခုတင်ဆောင်ရဟန္တာအရှင်မြတ်တွေ၊ စိတ်ထား အင်မတန်မွန်မြတ်တဲ့ ရဟန္တာအရှင်မြတ်တွေမို့ မြတ်စွာဘုရားက ကျန်းမာရေးကောင်းရဲ့လား၊ ခရီးလမ်းပန်းသာရဲ့လား စသည်တွေ မေးတယ်ပေါ့။ ဒါလည်း မြတ်စွာဘုရားတို့ ပြုလေ့ရှိတဲ့ ထုံးစံပေါ့နော်။ ဒါလေးလည်း သေချာမှတ်ထားပါ။ တချို့က လူလူချင်းတွေလို့ နေကောင်းလား မေးတာကိုပဲ နေကောင်းနေတာ မြင်ရက်သားနဲ့ မေးနေတာပဲလို့ ပြောတတ်ကြတယ်။ ဒါမျိုး သွားပြီးတော့မပြောပါနဲ့။ ဒါတွေက 'သမ္မောဒနိယကထာ'လို့ခေါ်တဲ့ ဝမ်းမြောက်သင့် ဝမ်းမြောက်ထိုက်တဲ့စကားလေးတွေ ဖြစ်တယ်။ ဒါတွေကို မြတ်စွာဘုရားလည်း သုံးခဲ့တာပဲ။ ဒါကြောင့်မို့ ကိုယ်တိုင်မပြောရင်နေ၊ ပြောတဲ့ပုဂ္ဂိုလ်ကို သူပုံမှန်လေးပြောနေတယ်ဆိုရင် သွားအပြစ်မတင်နဲ့ပေါ့။ ဒါ တပည့်တော်တို့ မြတ်စွာဘုရားအလိုကျ ဆက်ဆံရေး။

အဲဒီတော့ ... ကျန်းမာရေးလေး ဘာလေးမေးပြီးတဲ့အခါကျတော့ မြတ်စွာဘုရားက သူ့နားလေးမှာ ထိုင်နေတဲ့၊ ပံသုကူသက်နှံးကြီးဆောင်ပြီးတော့ ကြည်ညိုစရာသိပ်ကောင်းတဲ့၊ ရှင်ဥပသေနရဲ့ သဒ္ဓါဝိဟာရိကတပည့်တစ်ပါးကို 'ရဟန်း၊ သင်က အဲဒီပံသုကူသက်နှံးတွေကို မြတ်နိုးလွန်းလို့ ဆောင်ထားတာလား'ဆိုတဲ့ သဘောမျိုး မေးတယ်။ ရဟန်းကလည်း မဟုတ်တဲ့အကြောင်း အမှန်အတိုင်းပဲ ပြန်ဖြေတယ်။ ဘာဖြစ်လို့ အဲဒီလို မမြတ်နိုးဘဲနဲ့ ဆောင်ရတာလဲလို့ မြတ်စွာဘုရားက ထပ်မေးတော့ သူ့ရဲ့ဆရာ ရှင်ဥပသေနဟာ ပံသုကူသက်နှံးဆောင်မှတော့ သူလည်း လိုက်ပြီးတော့ ဆောင်ရတဲ့အကြောင်း ပြန်လျှောက်တယ်။

အမေးအဖြေ

လျှောက်တော့ ... မြတ်စွာဘုရားက ရှင်ဥပသေနကို 'ဥပသေန၊ သင့်ရဲ့ပရိသတ်က သိပ်ပြီးတော့ ကြည်ညိုစရာကောင်းပါလား။ အဲဒီပရိသတ်ကို သင် ဘယ်နည်းနဲ့များ အုပ်ချုပ်စီမံပြီးတော့ ဆုံးမသလဲ'လို့ လှည့်မေးတယ်။ မေးတော့ ရှင်ဥပသေနက 'မြတ်စွာဘုရား၊ တပည့်တော်အထံကို လာပြီးတော့ ဥပဇ္ဈာယ်လုပ်ပြီး ရဟန်းပြုပေးပါလို့ လျှောက်တဲ့ပုဂ္ဂိုလ်တွေ ရှိပါတယ်။ အဲဒီပုဂ္ဂိုလ်တွေကို တပည့်တော်က ဘယ်လိုပြန်ပြောလဲဆိုတော့ 'ငါ့ရှင်တို့၊ ငါက ပံသုကူသက်နှံးကို မြတ်နိုးတယ်။ ပံသုကူသက်နှံးကို ဆောင်လေ့ရှိတယ်။ ပံသုကူခုတင်ဆောင်တယ်ပေါ့။ နောက်ပြီးတော့ ငါဟာ တောမှာနေလေ့ရှိတဲ့ အာရညကင်ခုတင်လည်း ဆောင်တယ်။ နောက် ... ပိဏ္ဍပါတ်ခုတင်လည်း ဆောင်တဲ့အတွက် ဆွမ်းခံပြီးတော့ စားလေ့ရှိတယ်။

www.dhammadownload.com

အဲဒီ ပံသုကူခုတင်၊ အာရညကင်ခုတင်၊ ပိဏ္ဍပါတ်ခုတင်တွေ ငါဆောင်တယ်။ တကယ်လို့ သင်တို့လည်း ပံသုကူသင်္ကန်းကို ဝတ်မယ်၊ တောမှာနေမယ်၊ ဆွမ်းခံပြီးတော့ စားမယ်။ အဲဒီလို ဒီခုတင်သုံးပါးကို ဆောင်မယ်ဆိုလို့ရှိရင် သင်တို့ကို ငါ ဥပဇ္ဈာယ်လုပ်ပြီးတော့ ရဟန်းပြုပေးမယ်။ ဒါကို မဆောင်ဘူး၊ အာမမခံနိုင်ဘူးဆိုရင်တော့ ငါ ဥပဇ္ဈာယ်လုပ်ပြီး ရဟန်းပြုမပေးနိုင်ဘူးလို့ တပည့်တော် ပြောပါတယ်ဘုရား။ နောက် ... ရဟန်းဖြစ်ပြီးသား ပုဂ္ဂိုလ်တွေက တပည့်တော်ထံကို နိဿည်းယူပြီးတော့ နေချင်ပါတယ်လို့ ဆိုလာရင်လည်း တပည့်တော်က ခုနကလိုပဲ ငါကတော့ ဒီခုတင် ဒီခုတင်တွေ ဆောင်တယ်၊ သင်တို့လိုက်ဆောင်နိုင်ရင် ငါ နိဿည်းပေးပြီးတော့ ငါ့ထံမှာ နေခွင့်ပေးမယ်။ မဆောင်နိုင်ဘူးဆိုရင် နေခွင့်မပေးဘူးလို့ တပည့်တော် ဒီလိုပြောပါတယ်ဘုရား။ အဲဒီနည်းနဲ့ တပည့်တော် ဆုံးမပါတယ်'လို့ လျှောက်တော့ မြတ်စွာဘုရားက 'သာဓု သာဓု ဥပသေန'လို့ သာဓုခေါ်တော်မူတယ်။

အုပ်ချုပ်ပုံ

ဒီနေရာမှာ ကြည့်ကြည့်နော်။ ရှင်ဥပသေနရဲ့ ပရိသတ်ငါးရာ အင်မတန်မှ ကြည်ညိုစရာကောင်းလို့ မြတ်စွာဘုရားက ချီးကျူးတယ်။ ရှင်ဥပသေနကိုလည်း ဧတဒဂ်တောင် ပေးတော်မူတယ်။ အဲဒီတော့ ... ပရိသတ်အုပ်ချုပ်တာနဲ့ စပ်ပြီး ရဟန္တာအရှင်မြတ်ကြီး ရှင်ဥပသေန အုပ်ချုပ်ပုံကို ပြန်ပြီးတော့ ကြည့်ကြည့်လိုက်ရင် 'ငါ့ရှင်တို့၊ ငါက ဒီခုတင်တွေဆောင်တယ်။ ဒီလိုနေတယ်။ သင်တို့လည်း ဒီလိုနေနိုင်ရင် ငါ့ဆီနေ။ ဒီလိုမနေနိုင်ရင် ငါ့ဆီမနေနဲ့'လို့ ဒီလိုပြတ်ပြတ်သားသားပဲ လုပ်တယ်။ ဒါကို သွားပြီးတော့ တွေ့ရတယ်။

ခုလည်း တပည့်တော်တို့ ဒီမှာ ကြည့်လိုက်ပေါ့။ တပည့်တော် ပြင်စရာရှိတာလေးတွေ အားလုံး သြဝါဒနဲ့လည်း ပြင်ပေးနေတယ်။ နောက်ပြီးတော့ စည်းမျဉ်းဥပဒေတွေ အများကြီး မဟုတ်ပေမဲ့ ထိုက်သလောက် 'ဘယ်လို ဘယ်လို ကြိုးစားပါ၊ ဘယ်လို ဘယ်လို လုပ်ပါ'ဆိုပြီးတော့ ပြောပေးနေတယ်။ အများစုကတော့ တော်တော်လေး အားရသလို ဖြစ်တယ်ပေါ့ဘုရား။ ဒါပေမဲ့ အနည်းစုလေးက ကျန်သေးတယ်။ တော်တော်များများကောင်းပေမဲ့ အနည်းစုလေးက ပြောစကား နားမထောင်ဘူး။ ကွယ်ရာမှာ ကိုယ်လုပ်ချင်သလိုလုပ်တယ်။ ဒါမျိုးတွေ ရှိနေသေးတယ်။

ပျော့လွန်းနေသလား

ဟိုတုန်းကလည်း စာဖြေသွားတဲ့အခါမှာ မဟုတ်တရုတ်တွေ၊ လူတွေလုပ်တဲ့ အပျော်အပါးတွေ သွားပြီးတော့ လုပ်တယ်ဆိုတာ ရှိခဲ့တယ်။ စာဖြေသွားခါနီးမှာ တပည့်တော်က 'အရှင်ဘုရား တို့၊ ကျောင်းတိုက်နဲ့သာသနာ သိက္ခာကျမယ့် အလုပ်မျိုးကို မလုပ်ပါနဲ့'လို့ မှာတယ်။ ဒါပေမဲ့ လုပ်တဲ့ပုဂ္ဂိုလ်တွေ များခဲ့တယ်။ စကားကို လေးလေးစားစားလိုက်နာတဲ့သူက နည်းနည်းလေးပဲ ရှိတယ်။ ခုချိန်ထိ ဘယ်သူ ဘယ်သူကတော့ ရှောင်ကြဉ်တယ်ဆိုတာ တပည့်တော် စိတ်ထဲမှာ ရှိပါတယ်။ ကျောင်းတိုက်ကနေ နှင်ထုတ်ပြီ၊ ကျောင်းတိုက်မှာ နေထိုင်ခွင့်ရပ်စဲပြီဆိုလို့ရှိရင် တပည့်တော်မှာ အပြစ်မရှိဘူးလို့ အရှင်ဘုရားတို့ ဘက်က သဘောပေါက်ပါ။

ခုလည်း တပည့်တော်က 'စာကို ဘယ်လို ဘယ်လို ကြိုးစားပါ'စသည်ဖြင့် တတ်နိုင်သမျှ

www.dhammadownload.com

နှုတ်နဲ့ပြောနေတယ်။ တစ်ခါလည်း မကဘူး၊ နှစ်ခါလည်း မကဘူး။ တစ်ခါတစ်ရံ ကိုယ့်ကိုယ် ကိုယ် ပျော်လွန်းနေသလားတောင်မှ တပည့်တော် ယူဆမိတယ်။ ခု ရှင်ဥပသေနတို့ လုပ်ထုံးလုပ်နည်းတွေနဲ့ ယှဉ်ကြည့်လိုက်ပေါ့။ ဒီနည်းကို မြတ်စွာဘုရားကလည်း သာဓုခေါ်တော်မူခဲ့တယ်။ သာဓုခေါ်ခြင်းအားဖြင့် 'သင်လုပ်တဲ့ ပရိသတ် အုပ်ချုပ်နည်း၊ ပရိသတ်ဆုံးမနည်းဟာ အကောင်းဆုံးပဲ'လို့ မြတ်စွာဘုရား အတည်ပြုတဲ့သဘော၊ မြတ်စွာဘုရားလည်း ဒီနည်းပဲကျင့်သုံးတယ် ဆိုတဲ့သဘော သွားပြီးတော့သုံးသပ်လို့ရတယ်။ မြတ်စွာဘုရား သာဓုခေါ်တော်မူတဲ့နည်းဆိုတာ မြတ်စွာဘုရားကိုယ်တိုင် သဘောကျတဲ့နည်း။ ကိုယ်တိုင်ထုတ်မပြောပေမဲ့ သဘောကျတယ်၊ သာဓုခေါ်တယ်ဆိုရင် ဒါ မြတ်စွာဘုရားလုပ်တဲ့ နည်းပဲ ပြန်ပြီးတော့ ဖြစ်သွားတာပဲ။

အတိတ်တစ်စ

ရှင်ဥပသေနအကြောင်းကို လိုက်ကြည့်တော့ မဟာဝါမှာ တစ်ချက်ပါသေးတာ တွေ့ရတယ်။ ရှင်ဥပသေန ဘာဖြစ်လို့ ပရိသတ်တွေကို ဒီလောက်ကြည်ညိုစရာကောင်းအောင်၊ ပရိသတ်တွေ သီလသမာဓိပညာ ကြီးပွားလာအောင် ဆောင်ရွက်နိုင်သလဲ။ အတိတ်အကြောင်းကို ပြန်ကြည့်လိုက်ရင် တွေ့ရမယ်။ အဲဒီအချိန်တုန်းက သူက တစ်ဝါပဲ ရသေးတယ်။ ရှင်ဥပသေန တစ်ဝါအရမှာ ဆရာလုပ်ချင်စိတ်လေး သိပ်ရှိတယ်တဲ့။ ဆရာလုပ်ချင်တော့ သူ့ဆီ လုလင်တစ်ယောက် လာပြီးရဟန်းပြုတာကို သူက ဥပဇ္ဈာယ်လုပ်ပြီးတော့ ရဟန်းခံပေးလိုက်တယ်။ ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ ရှင်ဥပသေနက တစ်ဝါပဲ ရသေးတယ်နော်။ ဝါကျွတ်တဲ့အခါမှာ နှစ်ဝါဖြစ်ပြီ။ သူ့ရဲ့ တပည့်က တစ်ဝါ။

ဝါကျွတ်တော့ ထုံးစံအတိုင်း မြတ်စွာဘုရား ထံ သွားကြတယ်။ ကန်တော့ကြတယ်။ မြတ်စွာဘုရားကလည်း ဒီလိုပဲ အာလာပသလ္လာပပြောကျန်းမာရေးလေး ဘာလေးမေးပြီးတဲ့အခါမှာ သိရက်သားနဲ့ 'ဥပသေန၊ သင့်နားက ရဟန်းက သင်နဲ့ဘယ်လိုများ တော်စပ်သလဲ'လို့ မေးလိုက်တယ်။ မေးလိုက်တော့ 'မြတ်စွာဘုရား၊ ဒီရဟန်းဟာ တပည့်တော်ရဲ့ သဒ္ဓိဝိဟာရိက တပည့်ပါ'လို့ ပြန်ဖြေတာပေါ့။ သဒ္ဓိဝိဟာရိက တပည့်ဆိုတာ ကိုယ် ဥပဇ္ဈာယ်လုပ်ပြီးတော့ ရဟန်းခံပေးထားတဲ့တပည့်လို့ ဆိုလိုတာ။ အဲဒီလိုလည်း ဖြေလိုက်ရော ... 'ဝိဂရဟိ ဗုဒ္ဓါဘဂဝါ' မြတ်စွာဘုရားက တန်းပြီးတော့ ကဲ့ရဲ့တော့တာပဲ။ ရှင်ဥပသေနကိုလည်း မောဃပုရိသဆိုတဲ့အသုံးအနှုန်းနဲ့ ကဲ့ရဲ့တယ်။ သင်ဟာ ကိုယ့်ပမာဏကို မသိပါလားပေါ့။ ကိုယ်က ဆုံးမခံရမယ့်အရွယ်မှာ ဆရာလုပ်ပြီးတော့ သူများကို ဆုံးမချင်ရသလားဆိုပြီး မြတ်စွာဘုရားက တော်တော် ပြင်းပြင်းထန်ထန် ကဲ့ရဲ့လိုက်တယ်။

ကဲ့ရဲ့လိုက်တော့ ရှင်ဥပသေနရဲ့စိတ်ထဲမှာ 'သြော် ... မြတ်စွာဘုရားက ငါ့ကို ပရိသတ်နဲ့စပ်ပြီးတော့ ကဲ့ရဲ့တယ်။ ပရိသတ်ကိုအကြောင်းပြုပြီးတော့ပဲ ငါ့ကို မြတ်စွာဘုရား တစ်ချိန်မှာ ပြန်လည်ချီးမွမ်းစေရမယ်'ဆိုတဲ့ စိတ်လေး ဝင်သွားတယ်။ အဲဒီစိတ်ဓာတ်နဲ့ပဲ ဆယ်ဝါရပြီးတဲ့အခါမှာ 'ပရိသတ်ကို ဘယ်လို အကောင်းဆုံးဖြစ်အောင် စီမံရမလဲ'လို့ နည်းလမ်းရှာပြီးတော့ 'ငါက ဒါမျိုးဒါမျိုး ကျင့်ကြံတယ်၊ သင်တို့လည်းပဲ ဒါမျိုးဒါမျိုး ကျင့်ကြံနိုင်လို့ရှိရင် သင်တို့ကို ငါ ဆရာအဖြစ်နဲ့ အုပ်ချုပ်မယ်'ဆိုပြီးတော့ လုပ်လိုက်တဲ့အခါမှာ ပရိသတ်ဟာ သိပ်

www.dhammadownload.com

ကြည်ညိုစရာကောင်းတဲ့ ပရိသတ်ကြီးဖြစ်သွားတယ်။ ဒီနေရာမှာ ကြည့်နော်။ ပထမ ... ရှင် ဥပသေနဟာ တစ်ဝါပဲ ရသေးတယ်။ ဆရာလုပ် ချင်ဇောနဲ့ ဥပဇ္ဈာယ်လုပ်ပြီးရဟန်းပြုပေးတယ်။ အဲဒီတော့ မြတ်စွာဘုရားက ကဲ့ရဲ့တယ်။

စိတ်ကြီးဝင်သူ

ဒီဝတ္ထုကြောင်းကို သုံးသပ်ကြည့်ရင် တပည့်တော်တို့ ဒီမှာ ရဟန်းတစ်ပါး မှားခဲ့တာ သတိရတယ်။ မှားခဲ့တယ်ဆိုတာ ... သူက ငယ်ငယ်နဲ့ ကိုရင်တွေခေါ်ပြီးတော့ အနှိပ်ခံတာ မျိုးတွေ လုပ်တယ်။ လုပ်တော့ ဘာဖြစ်လာလဲ။ သူ့ရဲ့ပမာဏက ငယ်ငယ်ရှိသေးတယ်။ စာသင် သားအရွယ်ပဲ ရှိသေးတယ်။ ဒါကိုပဲ ဘုန်းကြီး ဆိုက်ဖမ်းပြီး လျှောက်လုပ်လိုက်တော့ စိတ်တွေ မနိုင်တဲ့အခါမှာ ပြဿနာတွေ သိပ်ပြီးတော့ ဖြစ်သွားတယ်။ မြတ်စွာဘုရားနဲ့ ရှင်ဥပသေနတို့ ရဲ့ ဒီအတိတ်တစ်ကွက်ကို ကြည့်ရင်လည်း ငယ် ငယ်လေးနဲ့ ဆရာကြီးဟန်ပေါက်ပြီးတော့နေ တာကို မြတ်စွာဘုရား မကြိုက်ဘူးဆိုတာ ထင် ရှားတယ်။ တပည့်တော်တို့ ဒီကျောင်းမှာလည်း ခုနကပြဿနာဖြစ်ခဲ့တဲ့အချက်မှာ ကိုယ့်ကိုယ် ကိုယ် ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်ကြီးဝင်လိုက်တဲ့ သဘောမျိုးတွေပါတယ်ပေါ့။

လုပ်ငန်းလုပ်တဲ့နေရာမှာတော့ လူကြီးစိတ် ဝင်ရမှာပဲ။ ဖိမ်ခံတဲ့နေရာတွေ ဘာတွေမှာ သွား ပြီးတော့ လူကြီးလို စတိုင်လ်ကြီးတွေ သွားမလုပ် ပါနဲ့။ တစ်နေ့ကလည်း တပည့်တော် ပြောခဲ့သေး တယ်။ တပည့်တော်တို့ကျောင်းမှာက ဝါအားဖြင့် ဘယ်လောက်မှမကြီးကြသေးဘဲနဲ့ စာချုပ်လုပ် နေကြရတယ်။ ဒါဟာ အချင်းချင်း ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုတဲ့ နည်းပါပဲ။ တပည့်တော်က သူတို့ကို စာဝါချ၊ သူတို့က အောက်ကို တစ်ဆင့် ပြန်ချနဲ့ ဒီလို ကြီးပြင်းလာကြတာ။ ကြီးလာတဲ့ အလျောက် တပည့်တော်အနေနဲ့ အခွင့်အရေး တွေလည်း ထိုက်သလောက်တော့ လုပ်ပေးတယ်။ ဒါလေးတွေနဲ့ပဲ ကျေနပ်ကြပါ။

ဖျော်ရည်ကပ်တာနဲ့စပ်လို့

နောက်ပြီး ... တစ်ဆက်တည်း ပြောစရာ လေးတွေ ရှိသေးတယ်။ တချို့ ရဟန်းဝါလေးတွေ ငယ်ငယ်ပဲ ရှိသေးတယ်။ ညနေ ဖျော်ရည်အလှူခံ တန်းတဲ့အခါလိုမျိုး အများညီညွတ်ရမယ့်နေရာ မှာ ဒကာ ဒကာမတွေ တကယ်လောင်းတဲ့နေ့မျိုး ဆိုလို့ရှိရင် ရဟန်းငယ်တွေက အားလုံးကြွပေး ပါ။ ဒီနေရာမျိုးမှာ သွားပြီးတော့ ဆရာကြီးပုံစံ မျိုးတွေ မလုပ်ပါနဲ့။ လုပ်ရင် ဘာဖြစ်လဲဆိုတော့ ခုနကလိုပေါ့ ရေရှည်ကျရင် မှားတတ်တယ်။ မြတ်စွာဘုရား ချီးကျူးတဲ့အလုပ်လည်း မဟုတ် ဘူး။ ဒါကြောင့် တစ်ခါတစ်ရံ ညနေဖျော်ရည် လောင်းတဲ့အခါ စသည်တွေမှာ ဒကာဒကာမတွေ ကြည်ညိုဖွယ်ဖြစ်အောင် အားလုံးကြွစေချင်တဲ့ နေ့မျိုးကျ တပည့်တော်တို့ ကြိုပြောမယ်။ အဲဒီ အခါကျရင် ကြွပေးကြပါ။

ဒါ ဖျော်ရည်ကိစ္စနဲ့စပ်ပြီးတော့ တစ်ခါ တည်း ပြောလိုက်တာ။ ဒီလိုမှမဟုတ်ဘဲ ရိုးရိုး ကိုရင်တွေချည်းကြွလည်း ရတဲ့နေ့မျိုးကျ အထူး မပြောပါဘူး။ အဲဒီလို မပြောတဲ့အခါဆိုရင်တော့ ကိုယ်နဲ့နီးစပ်ရာ ကိုရင်တစ်ပါးကို လာယူခိုင်း၊ အကပ်ခိုင်းပေါ့ဘုရား။ အဲဒါမျိုးကတော့ ကိစ္စ မရှိဘူး။ ခွင့်ပြုပါတယ်။ တပည့်တော်တို့ အကြီး ဆုံးငါးပါးအတွက်ကတော့ ဆွမ်းကျောင်းကနေ စီစဉ်ပေးလိမ့်မယ်။ ကျန်တဲ့ရဟန်းတွေကိုတော့ အဲဒီလို သီးသန့်လုပ်မပေးတော့ဘူး။ အချိန်ကျရင်

www.dhammadownload.com

ကိုယ့်ဟာကိုယ်ပဲ ကိုရင်တစ်ပါးပါး အယူခိုင်းလိုက်ပေါ့။

သိန်းသန်းကျောင်းမှာ

တပည့်တော်တို့လည်း တောင်မြို့မှာ စာချဘုန်းကြီးဖြစ်တဲ့အထိ ထန်းလျက်ရည် ညတိုင်းဘုဉ်းပေးပါတယ်။ ဝိကာလကိစ္စကို သိပ်ပြီးစိစစ်လေ့ရှိတော့ ထန်းလျက်ရည်ပဲ ဘုဉ်းပေးတယ်။ ကျန်တာတွေ တပည့်တော်တို့မှာ မရှိလည်း မရှိပါဘူး။ ကျောင်းကလည်းပဲ ထန်းလျက်ရည် အမြဲတမ်းကျိုပေးတော့ နေ့စဉ်သောက်ဖြစ်တယ်ပေါ့။ တပည့်တော်လောက် ထန်းလျက်ရည်သောက်တဲ့ သက်တမ်းရှည်တာ တပည့်တော်တို့ သိန်းသန်းကျောင်းဆောင်မှာ ဘယ်သူမှ မရှိဘူး။ ကျန်တဲ့ကျောင်းဆောင်တွေတော့ တပည့်တော် မပြောလိုဘူးပေါ့။ ညည ဆာတယ်။ ဆာတော့ ဒို့ပြင်ဟာတွေလုပ်ရင်လည်း သိက္ခာပုဒ်တွေ ဘာတွေ ထိမှာဆိုတော့ ညစဉ်ပဲ တပည့်တော် ထန်းလျက်ရည် အမြဲတမ်းဘုဉ်းပေးခဲ့တယ်။ ဒီရွှေ့က စာချဘုန်းကြီး ဦးဣန္ဒာစာရတို့လည်း တပည့်တော်အတွက် ထန်းလျက်ရည်ယူပေးတဲ့အထဲ ပါခဲ့မှာပါပဲ။ အဲဒီလို တပည့်တော်ရဲ့ တပည့်လေးတွေက ယူယူပြီးတော့ ကပ်ပေးတာပဲ။ ကိုယ်က ယူပေးအောင် ကြိုပြောထားရတာပဲ။

ပြောချင်တာက ... ခုလည်းပဲ ရဟန်းငယ်တွေက တစ်ခါတစ်ရံ ဖျော်ရည်ကပ်တဲ့အခါ ကိုယ်တိုင်မကြွနိုင်ဘူး၊ တပည့်တော်တို့ကလည်း ကြိုတင်ပြီး ကြွဖို့အထူးပြောမထားဘူးဆိုရင် ခုနကလို ကိုယ့်ကိုရင်လေးတွေနဲ့ ကိုယ့်ကိစ္စကို ရှင်းပေါ့ဘုရား။ အဲဒါကို သလွယ်ဟုကဝုတ္တိလို့ ခေါ်တယ်။ အသက်မွေးမှု ပေါ့ပါးတယ်။ ကြီးကြီးကျယ်ကျယ် မနိုင်ဘူး။ ဒါလေးတွေဟာ သိပ်ပြီးတော့ လိုအပ်ပါတယ်။ ဆွမ်းကျောင်းကနေပြီးတော့ ဒီလို ဘာမှမဟုတ်တဲ့ ကိစ္စလေးတွေအတွက် ကြီးကြီးကျယ်ကျယ် လိုက်လုပ်ပေးနေရရင် အလုပ်တွေသိပ်ရှုပ်ပါတယ်။

လူကြီးစိတ်

ဒါကြောင့် ... ဆွမ်းဝိုင်းဆိုရင်လည်း ကိုင်းခွက်တွေ၊ မတ်ခွက်တွေကို ဘုန်းကြီးဝိုင်းတစ်ဝိုင်းပဲ တပည့်တော် ချထားခိုင်းတယ်။ ကျန်တဲ့ဝိုင်းတွေမှာတော့ ကိုယ့်ဟာကိုယ် မတ်ခွက်ယူရမယ့်နေ့ဆို ကြိုတင်အကြောင်းကြားထားရင် ယူလာပါ။ တပည့်တော်တို့ တောင်မြို့ဂန္ဓာရုံ နာယကဆရာတော်တွေလည်း တပည့်တော်တို့ရောက်တဲ့အထိ၊ တပည့်တော် သိမီလိုက်တဲ့အထိ သံဃာကြီးတွေဖြစ်ပေမဲ့လို့ ဒီလိုပဲ ကိုယ့်ကိုင်းခွက်နဲ့ကိုယ်ပဲ လုပ်ကြတယ်။ အဲဒါလေးတွေကို သတိထားပြီး အတုယူရမယ်။ ဒီဝတ္ထုကြောင်းကိုလည်း ကြည့်လိုက်ရင် တပည့်တော်တို့ဟာ နေတာထိုင်တာ၊ အုပ်ချုပ်တာတွေမှာတော့ လူကြီးစိတ်ပေါက်ရမှာပဲ။ ခုနကလိုပေါ့၊ စာရေးသောက်ရေးတွေနဲ့စပ်တာ၊ ဝတ်ပြုခံတာ ဓိမ်ခံတာတွေနဲ့စပ်တာမျိုးဆိုရင်တော့ ဆရာကြီးဂိုက်မဖမ်းရင် ပိုကောင်းတယ်။ ဖမ်းလိုက်လို့ စိတ်မထိန်းနိုင်ရင် စောစောကပြဿနာတွေလို မျိုးစုံဖြစ်နိုင်တယ်။ အဲဒါမျိုးလေးတွေ သတိထားပေးကြပါ။

မြတ်စွာဘုရားလည်း ရှင်ဥပသေနကို တစ်ဝါပဲရသေးပါလျက် ဥပဇ္ဈာယ်လုပ်ပြီးတော့ ရဟန်းခံပေးတဲ့အတွက် 'ကိုယ်က ဆုံးမခံရမယ့် အရွယ်မှာ သူများကို သွားဆုံးမနေတယ်' ဆိုပြီးတော့ ပြင်းပြင်းထန်ထန် ကဲ့ရဲ့တော်မူခဲ့တယ်။

www.dhammadownload.com

လူကြီးစိတ်ဝင်သင့်တဲ့နေရာ ဝင်ရမှာ ဖြစ်ပေမဲ့ မြတ်စွာဘုရားက ဥပဏ္ဏာယ်လုပ်သလောက်အထိတော့ ခွင့်မပေးဘူးပေါ့။ အချင်းချင်း ရိုးရိုးလေးဆုံးမတာ၊ ပုံမှန်လေး လက်တွဲပြီးတော့ အလုပ်လုပ်တာ၊ ဒါမျိုးကတော့ လူကြီးစိတ်သွင်းပြီး လုပ်ကိုလုပ်ရမှာပဲ။ လုပ်သင့်တဲ့ အလုပ်၊ မလုပ်သင့်တဲ့အလုပ်ကို ကိုယ့်ဟာကိုယ် ခွဲခြားပြီးတော့ လုပ်ရမယ်။

အတုယူစရာ စိတ်ကောင်းလေး

ဒီနေရာမှာ ပြောစရာတစ်ခု ရှိလာတယ်။ ကိုယ့်ကို အပြစ်တင်လို့ရှိရင် ရန်ငြိုးကြီးတွေဖွဲ့ပြီးတော့ 'ဘာဖြစ်မယ် ညာဖြစ်မယ်'နဲ့ တလွဲဆံပင်ကောင်းလုပ်တာတွေ တပည့်တော်တို့ ခုခေတ်မှာ တော်တော်လေးများတာ ရှိတယ်ပေါ့။ ဒါပေမဲ့ ရှင်ဥပသေနကကျတော့ အဲလို မဟုတ်ဘူး။ ပါရမီရှင်လည်း ဖြစ်လို့နေမှာပေါ့။ နဂိုစိတ်က ဆုံးမလွယ်တာလည်း ပါမှာပေါ့။ မြတ်စွာဘုရားက ပရိသတ်ကိုအကြောင်းပြုပြီးတော့ အကြီးအကျယ် ကွဲရဲ့လိုက်တယ်။ ကွဲရဲ့လိုက်တဲ့အခါမှာ ရှင်ဥပသေနက ပရိသတ်ကို အကြောင်းပြုပြီး ကွဲရဲ့ခံရလို့ တော်ပြီဆိုပြီး စိတ်ပျက်မသွားဘူး။ ပရိသတ်အကြောင်းပြုပြီးတော့ မြတ်စွာဘုရားက ငါ့ကို ကွဲရဲ့တယ်။ တစ်ချိန်ချိန်မှာ ဒီပရိသတ်ကိုပဲ အကြောင်းပြုပြီးတော့ မြတ်စွာဘုရား ငါ့ကို ချီးမွမ်းစေရမယ်ဆိုတဲ့ စိတ်ကောင်းလေးနဲ့ ရှေ့ဆက်ပြီး ကြိုးစားသွားတယ်။ ဒီစိတ်ကောင်းလေးဟာ တပည့်တော်တို့အတွက် အတုယူစရာပဲ။

မပြည့်ဝတဲ့စိတ်

အလုပ်တစ်ခုလုပ်လို့ 'ဟာ ... ကိုရင်က လည်း၊ ဒါလေးတောင် အချိုးမကျဘူး'ဆိုရင် တချို့က စိတ်ကလေးက သိပ်သေးတာ။ 'ငါ့မှာ လုပ်လည်းလုပ်ရတယ်၊ အပြောလည်းခံရတယ်၊ တော်ပြီ' ဆိုပြီးတော့ နောင်အခါတွေကျရင် ရှောင်ဖယ် ရှောင်ဖယ်ဆိုတဲ့ စိတ်ဓာတ်လေးမျိုး ဖြစ်တတ်တယ်။ ဒီဝတ္ထုကြောင်းကို ရှုလို့ရှိရင် ဒါဟာ မလုပ်သင့်ပါဘူး။ အရှင်ဘုရားတို့အနေနဲ့ ဒီလိုပဋိကတ်တွေ သင်ရပြီဆိုရင် ဒီလိုသင်ခန်းစာလေးတွေ ထုတ်ထုတ်ပြီးတော့ ယူပါ။ သိပ်အကျိုးများပါတယ်။ တပည့်တော်တို့ ခုခေတ်ဖြစ်နေတာက စိတ်ထားကောင်းပါတယ်ဆိုပြီးတော့၊ ဝိနည်းလေးတွေ ထိုက်သလောက်လေးစားတယ်ဆိုပြီးတော့၊ သူများအပေါ်လည်း ကူညီချင်စိတ်လေးရှိတယ်ဆိုပြီးတော့၊ တစ်ချက်တစ်ချက်မှာ အကြီးဖြစ်တဲ့ပုဂ္ဂိုလ်က တစ်ခုခုကို အကြောင်းပြုပြီး ခပ်တင်းတင်းလေးပြောလိုက်လို့ရှိရင် စိတ်ကလေးတွေက ကောက်သွားတတ်တယ်။ ဒါကို စိတ်မပြည့်တာလို့ ခေါ်မှာပေါ့ ဘုရား။ သိပ်ပြီးတော့ မမြင့်မြတ်တာလို့ပဲ ပြောရမလား မသိဘူး။

'ဟာ ... ငါ့အပြောခံရတယ်။ ဘယ်တော့မှ မလုပ်တော့ဘူး၊ ငါ ရှောင်နေတော့မယ်'ဆိုတဲ့ စိတ်ကလေးတွေ အရှင်ဘုရားတို့လူငယ်သဘာဝဖြစ်တတ်တယ်။ အဲဒီစိတ်ဓာတ်တွေဟာ မြတ်စွာဘုရားတို့ ရှင်ဥပသေနတို့ရဲ့ ဒီဝတ္ထုကြောင်းကို ကြည့်ရင် မထားကို မထားသင့်ဘူး။ ထားမိရင်လည်း ကိုယ့်ကိုယ်ကိုယ် ချက်ချင်း ရှောင်ကြဉ်သင့်တယ်။။ ဒါကြောင့်မို့ တစ်ခုခုမှားပြီလို့ အပြောခံရပြီဆိုရင်လည်း ဒါမျိုးစိတ်တွေ မဖြစ်ပါနဲ့။ ရှေ့ဆက်ပြီးတော့ပဲ 'ငါ ဒီလိုလုပ်လို့ အပြောခံရတယ်။ ဘယ်လိုနည်းနဲ့ ကောင်းအောင် လုပ်မလဲ'ဆိုပြီး ထပ်ကြိုးစားပါ။ တစ်နေ့က တပည့်

www.dhammadownload.com

တော် ပြောခဲ့သလိုပဲ။ တပည့်တော်တို့ လူလောကမှာ ကဲ့ရဲ့စကားပြောတာကတော့ လူတိုင်းတတ်တာပါပဲ။ 'ဟာ ... ဒါကြီးကတော့ ဘယ်လိုဖြစ်နေတာ။ သူလုပ်တာတော့ ဘယ်လိုကြီးပဲ' စသည်ဖြင့် ဒါကတော့ အပြောခံရမှာပဲ။ အဲဒီလို ပြောတတ်ရုံလေးနဲ့ ကိုယ့်ကိုယ်ကိုယ် အားမရပါနဲ့။ 'ဒါကြီးကတော့ ဒီလိုဖြစ်နေတယ်၊ ဘယ်လိုလုပ်လိုက်ရင် ကောင်းမှာပဲ' ဆိုတဲ့ အဆင့်အထိ၊ သူများရောက်လေ့ရောက်ထမရှိတဲ့ အဆင့်အထိ ရောက်ရင် ပိုပြီးတော့ ကောင်းပါတယ်။ အဲဒီအဆင့်ရောက်အောင် ကြိုးစားသွားကြပါ။

မြတ်စွာဘုရားဝါဒ

ပြန်ပြီးချုပ်မယ်။ ရှင်ဥပသေနရဲ့ ဒီဝတ္ထုလေးကိုထောက်ပြီး တပည့်တော်တို့ အကြီးတွေဘက်က တစ်ခါတစ်ရံ အပြစ်ရှိလို့ပြောရင် အရှင်ဘုရားတို့အနေနဲ့ စိတ်ထဲမှာ ဘာမှမဖြစ်ဘဲနဲ့ 'ပိုပြီးတော့ ကောင်းအောင်လုပ်မယ်' ဆိုတဲ့စိတ်ဓာတ်ကို မွေးမြူနိုင်ကြပါ။ နောက်ပြီးတော့ ... ရှင်ဥပသေနဟာ တစ်ဝါရခါစရှိသေးပါလျက် ဥပဇ္ဈာယ်လုပ်တဲ့အထိ အဆင့်မြင့်မြင့် သွားပြီးတော့မှန်းတဲ့အတွက် မြတ်စွာဘုရားက တော်တော်ကြီးကို ကဲ့ရဲ့ခဲ့တယ်။ ဒါကို နမူနာယူပြီး ကိုယ်လည်းပဲ အနေအထိုင်ကစပြီးတော့ ကိုယ့်ဟာကိုယ် ပုံမှန်လေးဖြစ်အောင် ဆင်ခြင်နေထိုင်ပေးကြပါ။ ဒီလို မှမဟုတ်ဘူးဆိုရင် စိတ်ကြီးဝင်လာတတ်တယ်ပေါ့ဘုရား။ စိတ်ကြီးဝင်လို့ရှိရင် သိပ်ပြီးတော့ မှားသွားပြီ။

တချို့က ဆရာတော်မှ မဖြစ်သေးဘူး၊ ကျောင်းထိုင်ဘုန်းကြီးမှမဖြစ်သေးဘူး၊ ကြီးကြီးကျယ်ကျယ်ပစ္စည်းတွေ ဘယ်လို ဘာလိုနဲ့ သိပ်ပြီးတော့ သုံးချင်ကြတာ။ ဒါတွေဟာ မြတ်စွာဘုရား အလိုမကျဘူးဆိုတာ သိပြီးတော့ ကိုယ့်ဟာကိုယ် ပုံမှန်နေပြီးတော့ ကုသိုလ်ရေး ပါရမီရေးကိုပဲ ကြိုးစားတဲ့ပုဂ္ဂိုလ် ဖြစ်ပေးကြပါ။ နောက်ပြီးတော့ ရှင်ဥပသေန လျှောက်လိုက်လို့ မြတ်စွာဘုရားက သာဓုခေါ်တဲ့အခါ အဲဒါဟာ မြတ်စွာဘုရားအလိုကျ မြတ်စွာဘုရားရဲ့ဝါဒဖြစ်သွားသလို ခုလည်း တပည့်တော်က 'ဘယ်အလုပ် ဘယ်အလုပ်လေးတွေကို ရှောင်ကြဉ်ပါ။ စာကြိုးစားမှုနည်းနေတယ်။ ကြိုးစားပါ။ ဒီစာ ဒီစာတွေကတော့ မရသေးဘူး။ သေချာကျက်ပါ။ သီလသိက္ခာအားဖြင့်လည်း ဘာတွေ ဘာတွေ လုပ်နေတဲ့အတွက် ဘယ်လိုလေးတွေ ပြင်ပေးပါ' လို့ စွမ်းအားရှိသမျှ တစ်ပါးချင်း ပြင်ခိုင်းထားပါတယ်။ အဲဒါလေးတွေကို အရှင်ဘုရားတို့ဘက်ကလည်း ကြိုးစားပြင်ပေးပါ။ သုံးခါလောက်မှ ပြောလို့မရဘူးဆိုရင် တပည့်တော်တို့ ဒီကျောင်းမှာ မထားချင်ပါဘူး။ ဒါကြောင့် ကိုယ်ကြိုက်တဲ့ဆီ ပြောင်းပေးပါဆိုရင်လည်း အရှင်ဘုရားတို့အနေနဲ့ ပေကပ်မနေဘဲ အလိုက်တသိ ကူညီပေးပါ။

ရှင်ဥပသေနစိတ်ထားမျိုး

ဒီအကျဉ်အတိုင်း မလိုက်နာနိုင်ဘူး၊ တပည့်တော်ပြောတာ မလုပ်နိုင်ဘူးဆိုရင် ကိုယ့်ဟာကိုယ် သတ္တိရှိရှိ ကိုယ့်စိတ်ကြိုက်နေရတဲ့နေရာမျိုး ကြွပေါ့ဘုရား။ ဒီနေ့ တပည့်တော် အထူးပြောချင်တာ အဲဒါပါပဲ။ ခုတော့ ဘာဖြစ်သလဲ။ တပည့်တော်ကသာ ခေါ်ခေါ်ပြီးတော့ သတိပေးနေရတာ။ ဒါပေမဲ့ လိုက်နာချင်စိတ်တွေက သိပ်ပြီးတော့ မရှိချင်ဘူး။ ဒီကျောင်းမှာ သီလဆိုရင်လည်းပဲ စာရိတ္တသီလရော၊ ဝါရိတ္တသီလရော ကြိုးစားရပါမယ်။ တပည့်တော် ရှေ့ကနေပြီးတော့

www.dhammadownload.com

စည်းမျဉ်းလေးတွေ ချမှတ်ပေးတယ်။ မတရားဘူး ထင်ရင် ပြောခွင့်ရှိပါတယ်။ တရားတယ်ထင်လို့ရှိရင်လည်း တပည့်တော်ချမှတ်တဲ့စည်းမျဉ်းကို ကြိုးစားပြီးတော့ နာယူပေးကြပါ။

အဲဒီလို ကြိုးစားပြီးတော့ နာယူရင် တပည့်တော်လည်း လက်ခံမွေးမြူရကျိုးနပ်တာပဲ။ အရှင်ဘုရားတို့လည်း ဒီမှာ နေရကျိုးနပ်မှာပဲ။ အဲဒီလိုနပ်မှပဲ တပည့်တော်တို့ သာသနာတော်ဟာ ကြီးပွားနိုင်ပါတယ်။ ဒါကြောင့် ရှင်ဥပသေနလို စိတ်ထားမျိုး ကိုယ်စီကိုယ်င မွေးပြီးတော့ သာသနာတော် ကြီးပွားအောင် ဆောင်ရွက်နိုင်ကြသော သာသနာ့အာဇာနည် ရဟန်းသာမဏေများ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

တပည့်ကျင့်ဝတ်ငါးပါး

၁၃၆၆ ခု၊ နယုန်လပြည့်နေ့
၂၀၀၄ ခု၊ ဇွန်လ ၂ ရက်၊ ဗုဒ္ဓဟူးနေ့ ည

သတိသမ္မဇည

အခုဆိုရင် ကိုရင်အသစ်တွေလည်း တော်တော်လေးစုံလာပြီ။ တချို့ မရောက်နိုင်သေးတာလေးတွေ နည်းနည်းပဲ ကျန်တော့တယ်။ ကိုရင်သစ်တွေအားလုံးက အဟောင်းတွေကို ကြည့်ပြီးတော့ နေပေးပါ။ ကိုယ့်ထက် အရင် ရောက်နေတဲ့သံဃာတွေကို ကြည့်ပါ။ ခုလိုမျိုး သံဃာ့ပရိသတ်ထဲမှာ ဟိုကြည့်ဒီကြည့်ဆိုတာက တကယ်တော့ ပရိသတ်ပျက်စီးသွားတာပဲ။ ပရိသတ်ကိုဖျက်ဆီးတဲ့ပုဂ္ဂိုလ်လို့ စာပေမှာဆိုတယ်။ ဆွမ်းဘဉ်းပေးတဲ့အခါမှာလည်း ဇွန်းသံ ပန်းကန်သံတွေ မထွက်အောင် စွမ်းအားရှိသမျှထိန်းပါ။ တပည့်တော်တို့ ရဟန်းဝိုင်းတွေကိုက ဒါမျိုးတွေ ကြားကြားနေရသေးတယ်။ သေချာလေး ထိန်းပါဦး။ အားမရသေးဘူး။ ဒါတွေက ဆွမ်းစားနေတဲ့အချိန်မှာ ထပြောလို့မကောင်းဘူးပေါ့။ အဲဒီတော့ ကိုယ့်ဟာကိုယ် သတိထားပါ။

တရားရှုမှတ်တဲ့ပုဂ္ဂိုလ်တွေမှာဆိုရင် 'အသိတေ ပိတေ ခါယိတေ သမ္မဇာနကာရီ ဟောတိ' ဆိုတာ ရှိတယ်။ ဒီ စားတဲ့သောက်တဲ့အခါမှာ သတိသမ္မဇညပါမှ ကောင်းတယ်။ ဒါကြောင့် ခုတစ်လောမှာ ဇွန်းသံ ပန်းကန်သံလေးတွေ ပိုပြီးတော့ ကြားလာရတာလေးတွေ ထိန်းပေးပါ။

www.dhammadownload.com

ထိန်းလိုက်တဲ့အတွက် ကိုယ့်မှာ သတိသမ္ဗဇ္ဈ စွမ်းအားတွေ တိုးတက်လာတယ်။ ခုလည်းပဲ ကိုရင်သစ်လေးတွေက ဟိုင်းဒီင်းမလုပ်ဘဲ ခါးလေးဆန့်ထားပြီးတော့ သတိသမ္ဗဇ္ဈနဲ့ နေပါထိုင်ပါ။ သတိသမ္ဗဇ္ဈနဲ့ပဲ သွားပါလာပါ။ တပည့်တော်တို့ အဟောင်းဖြစ်တဲ့ပုဂ္ဂိုလ်တွေက လည်း ရှေ့ကနေပြီးတော့ စံပြဖြစ်အောင်နေပါ။

(၁၂)နှစ်ပြည့်

ဒီနေ့ နယုန်လပြည့်နေ့ ...။ မနက်ဖြန် နယုန်လပြည့်ကျော်(၁)ရက်နေ့။ တပည့်တော်တို့ မနက်ဖြန်ည ဒီလိုအချိန်မှာ စာဝါနားပြီးတော့ ကျောင်းတိုက်အထိမ်းအမှတ် သဘောမျိုးလေး လုပ်ကြမယ်။ ကျောင်းတိုက်ရဲ့အစကို ပြန်လည် သတိရအောင်ဆိုပြီး တပည့်တော် နှစ်စဉ်လုပ် သွားဖို့ စိတ်ကူးရှိတယ်ပေါ့။ တပည့်တော် ဒီ မြစကြာ စပြောင်းတာ ၁၃၅၄ ခုနှစ်၊ နယုန်လ ပြည့်ကျော် (၁)ရက်နေ့။ အဲဒီနေ့မှာပဲ မြစကြာ ဆရာတော်က အားလုံးရှေ့မှာ ဒီကျောင်းတိုက်ကို သာသနာအတွက် အလုပ်လုပ်ဖို့ဆိုပြီးတော့ အပ်နှင်းခဲ့တယ်ပေါ့။ အဲဒီတော့ မနက်ဖြန်ဆိုရင် ၁၂ နှစ်တင်းတင်းပြည့်ပြီ။ မနက်ဖြန် မနက်ခင်း ပိုင်းမှာ ၁၂ နှစ်ပြည့်ပြီ။ အဲဒီလို ၁၂ နှစ်ပြည့် လာတဲ့အတွက် အထိမ်းအမှတ်အနေနဲ့ ဘာလုပ် မလဲဆိုတော့ ... ဟိုလို ပွဲကြီးတွေလမ်းကြီးတွေ မဟုတ်ပါဘူး။ ကိုယ့်ကျောင်းတိုက်ရဲ့ လိုအပ် ချက်တွေကို ပြန်ပြီးတော့သုံးသပ်၊ တိုးတက်လာ တဲ့အခြေအနေကို ပြန်ပြီးတော့ရှုမြင်၊ ရှေ့ဆက် ပြီး ကြိုးစားဖို့ပါပဲ။ ဒါလေး ထိုက်သလောက် သတိထားမိအောင် လုပ်ကြမယ်ပေါ့။

အဲဒါကြောင့် နယုန်လပြည့်ကျော်(၁)ရက် နေ့ကို ဒီကရှေ့လျှောက် ကျောင်းတိုက်အထိမ်း အမှတ်နေ့လို့ ဒီလိုပဲ သတ်မှတ်တာပေါ့။ ဆရာ တော် တည်ထောင်တာကတော့ ၁၃၃၇ ခု၊ ဘယ်ရက် ဘယ်လရယ်တော့ တပည့်တော်လည်း မသိလိုက်ဘူးပေါ့ဘုရား။ နောင်ကြုံမှ ပြန်ပြီး တော့ မေးမြန်းလျှောက်ထားကြည့်ရမယ်။ ခုဟာတော့ တပည့်တော် တောင်မြို့ဂန္ဓာရုံကနေ ဒီရောက်ပြီးတော့ စာချုပ်စာတမ်းနဲ့တကွ ဆရာ တော်က သာသနာအတွက်၊ ပရိယတ္တိအတွက် လုပ်ပါဆိုလို့ စလုပ်တဲ့နေ့ပေါ့။ အဲဒါကြောင့်မို့ မနက်ဖြန်ည ဒီအချိန်မှာ ဒီလိုပဲ ဘုရားဝတ်ပြု အကျဉ်းပြုပြီးလို့ရှိရင် အားလုံး သိသင့်သိထိုက် တာလေးတွေ နည်းနည်းပါးပါး ပြောပြီးတော့ စာဝါနားပေးမယ်ပေါ့။

တပည့်ကျင့်ဝတ်ငါးပါး

နောက် ... ဒီနေ့ အထူးပြောချင်တာက တပည့်ကျင့်ဝတ်ငါးပါးနဲ့စပ်ပြီးတော့ ကျမ်းဂန် ထဲမှာ ဘယ်လိုလာလဲဆိုတာလေး သိစေချင် တယ်။ တပည့်တော်တို့ ရှုပသိဒ္ဓိကျမ်းဆိုတာ သီဟိုဠ်နိုင်ငံက (ဟိုတုန်းကတော့ လင်္ကာဒီပ ခေါ်တာပေါ့) အရှင်ဗုဒ္ဓပ္ပိယမထေရ် ရေးတာ။ အဲဒီကျမ်းအစဆုံးမှာ ကျမ်းဂန်ပညာတွေ တတ် မြောက်ပြီးတော့ သာသနာပြုချင်တဲ့ပုဂ္ဂိုလ်ဟာ ဘာတွေနဲ့ပြည့်စုံရမှာလဲဆိုတာကို မှာထားတာ ရှိတယ်။ ရှုပသိဒ္ဓိကျမ်းရဲ့ နိဒါန်းလေးမှာတင် ပဲမို့ အရှင်ဘုရားတို့ ပြန်ကြည့်ကြည့်ပါ။

'တသ္မာ အက္ခရကောသလ္လံ၊
သမ္မာဒေယ္ယ ဟိတတ္ထိကော။
ဥပဒ္ဓဟံ ဂရုံ သမ္မာ၊
ဥဒ္ဒာနာဒီဟိ ပဋ္ဌဟိ'

www.dhammadownload.com

'တသ္မာ = အဲဒီလို သဒ္ဒါအခြေခံတွေ ပုဒ်ပါဠ်အက္ခရာတွေ ကျွမ်းကျင်တဲ့ဉာဏ်ဟာ ပိဋကတ်တော်အတွက် ကျေးဇူးများသည်၏ အဖြစ်ကြောင့်၊ ဟိတတ္ထိကော = ကိုယ့်ရဲ့အကျိုးစီးပွားကိုလိုလားတဲ့ စာသင်သားဟာ၊ ဥဋ္ဌာနာဒီဟိ ပဋ္ဌဟိ = ဥဋ္ဌာနအစရှိသော တပည့်ကျင့်ဝတ်ငါးပါးတို့ဖြင့်၊ ဂရုံ = ဆရာသမားကို၊ သမ္မာ = လေးလေးစားစား၊ ဥပဋ္ဌဟံ (ဥပဋ္ဌဟန္တော) = ပြုစုလုပ်ကျွေးလျက်၊ အက္ခရကောသလ္လံ = ပိဋကတ်တော်ရဲ့ အခြေခံဖြစ်တဲ့ အက္ခရကောသလ္လဉာဏ်ကို၊ သမ္မာဒေယျ = ပြည့်စုံအောင် ကြိုးစားအားထုတ်ရာ၏'

ဒါကို အကျဉ်းချုပ်လိုက်ရင် 'ကျမ်းဂန်တွေ တတ်ပြီးတော့၊ ဆရာနည်းတွေ ရပြီးတော့ သာသနာတော်အတွက် အကျိုးများတဲ့ပုဂ္ဂိုလ်၊ မိမိအတွက်လည်းပဲ မဂ်ဖိုလ်နိဗ္ဗာန်တွေအထိ လိုလားတဲ့ပုဂ္ဂိုလ်ဟာ ဆရာသမားကို တပည့်ကျင့်ဝတ်ငါးပါးနဲ့ ပြုစုလုပ်ကျွေးရမယ်'တဲ့။ ပြုစုတဲ့အခါမှာလည်း သမ္မာလို့ဆိုထားတဲ့အတွက် လေးလေးစားစားပြုစုရမယ်။ ဝတ်ကျေတမ်းကျေ မဟုတ်ဘူးပေါ့။ တပည့်ကျင့်ဝတ်ငါးပါးလည်း အရှင်ဘုရားတို့ သိပြီးသားတွေပါ။ အားလုံးဆိုကြည့်ပါဦး။

'ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ'။

ကြိုးစားနည်း(၂)မျိုး

တပည့်တော် ဒီဟာတွေ ဘာလို့ပြောနေတာလဲ။ စောစောတုန်းက တပည့်တော်ပြောခဲ့တယ်။ ဒီကျောင်းတိုက်မှာ စာမကြိုးစားတဲ့ပုဂ္ဂိုလ်၊ စာကြိုးစားပေမဲ့ ကိုယ်ကျင့်သီလပျက်အောင် ကြိုးစားတဲ့ပုဂ္ဂိုလ်၊ ကျန်းမာရေးပျက်အောင် ကြိုးစားတဲ့ပုဂ္ဂိုလ်တွေ မဖြစ်ဖို့ဆိုတာ တပည့်တော်အားလုံးသိအောင် သတိပေးခဲ့တယ်ပေါ့။ စာကြိုးစားတယ်ဆိုတဲ့နေရာမှာ နံပါတ်(၁) ကျန်းမာရေးမထိခိုက်တဲ့ ကြိုးစားနည်း၊ နံပါတ်(၂) ကိုယ်ကျင့်သီလသိက္ခာကိုမထိခိုက်တဲ့ ကြိုးစားနည်း။ အဲဒီနည်းနှစ်မျိုးနဲ့ ကြိုးစားရမယ်။

ဒါကြောင့်မို့ တပည့်တော်တို့ ညမှာ ၁၀ နာရီခွဲဆို မီးပိတ်ပါ။ မျက်လုံးတွေ ဘာတွေ မှုန်မှာစိုးလို့။ အိပ်ရေးပျက်ပြီး အားအင်တွေလည်း ချို့ယွင်းမှာစိုးလို့။ နောက်ပြီးတော့ ... သီလကိုလည်း စွမ်းအားရှိသမျှ ထိန်းသိမ်းပါ။ 'ငါတို့ စာကျက်တာပဲ'ဆိုပြီး ညညမှာ စားချင်တာစား၊ လုပ်ချင်တာလုပ်၊ ဒါမျိုးတွေ တပည့်တော်တို့ လက်မခံခဲ့ပါဘူး။

သင်တွေးအံ့ရွတ်

နောက်ပြီး ... တပည့်တော် ဘာတစ်ခုပြောခဲ့သေးလဲ။ စာမကြိုးစားဘူး၊ သို့မဟုတ် စာမကြိုးစားဘူးလို့ ယူဆရပြီး နှစ်ဟောင်းတန်မဲ့ စာမေးပွဲကျတယ်။ ဒီလိုဖြစ်ခဲ့ရင် ထိုက်သင့်တဲ့စာကို ဒဏ်အနေနဲ့ မေးစိစစ်မယ်လို့။ ဥပမာ အားဖြင့် အငယ်တန်းကျတယ်ဆိုပါစို့။ အငယ်တန်းကျပြီးတဲ့ ပုဂ္ဂိုလ်ဟာ ဆိုင်ရာ သဒ္ဒါ၊ သင်္ဂြိဟ်၊ ဝိနည်း၊ ဒါလောက်ကတော့ ခုချိန်မှာ အားလုံး ရနေရမှာပေါ့။ နှစ်ဟောင်းသမားဖြစ်နေပြီးတော့ ဒါတွေမှ မရဘူးဆိုရင်၊ ရုပ်တွက်တောင် သန္ဓိမှ စမ်းတန်းတန်း၊ နာမ်မှ ကောင်းကောင်းမတွက်တတ်ဆိုရင် ဒါတွေဟာ အဓိပ္ပာယ်မရှိဘူးပေါ့။

www.dhammadownload.com

တစ်နှစ်ကလည်း ကုန်နေပြီ။ ဒီနှစ်အတွက်လည်း စပြီးတော့ ကျက်နေပြီ။ ဒီအချိန်မှာ ဒါတွေကတော့ ရပြီးသားဖြစ်နေရမှာ။ ဒါတွေ စမ်းသပ်ကြည့်လို့ စာမကျေညက်ဘူးဆိုရင် ကိုယ့်ဘက်က ချွတ်ယွင်းချက်ရှိသွားပြီ။ ဘာ ချွတ်ယွင်းချက်ရှိလဲဆိုတော့ သင်တွေးအံ့ရွတ်ဆိုတဲ့ တပည့်ဝတ် ချွတ်ယွင်းသွားတယ်ပေါ့။ သင်တွေးအံ့ရွတ်ဆိုတာ တပည့်တော်တို့ စာပေမှာတော့ 'သက္ကစ္စံ သိပ္ပါဂ္ဂဟဏ'လို့ လာတယ်။ တပည့်ကျင့်ဝတ်ငါးပါးထဲက လေးလေးစားစားနဲ့ အတတ်ပညာကို သင်ယူမှုအင်္ဂါ ချွတ်ယွင်းသွားတယ်ပေါ့။ ဒါဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ တိုးတက်မှုလည်းပဲ မရှိနိုင်ဘူး။ မရှိနိုင်တဲ့အတွက် ကိုယ့်ရဲ့မူလဆရာသမားတွေဆီ ပြန်ပြီးတော့ တပည့်တော်တို့ အပ်မယ်။ ဒါမှမဟုတ်လည်းပဲ ကျေနပ်အောင်အထိ ဒီစာတွေကို ပြန်ချေခဲ့လို့ ခိုင်းမယ်။ အဲဒီလို တပည့်တော် ပြောခဲ့ဖူးတယ်။ အားလုံး သိပါတယ်နော်။ အဲဒီအလေ့အထကို တပည့်တော် ဒီကရွှေ့လျှောက် ထိုက်သလောက် ကျင့်သုံးသွားမယ်။

ကြိုးစားကျင့်ပါ

အဲဒီတော့ ... ကျောင်းတိုက်ရဲ့ဝေယျာဝစ္စနဲ့ သံဃာတွေအတွက် ကျေးဇူးများတာမျိုး ဖြစ်ရင်ဖြစ်၊ ဒီလိုမှမဟုတ်ဘူးဆိုလို့ရှိရင်လည်း စာပေကျမ်းဂန် သင်အံကြိုးစားနေတာမျိုး ဖြစ်ရမယ်။ သံဃာတွေအတွက် အထောက်အကူလည်း မဖြစ်ဘူး၊ စာပေကြိုးစားမှုလည်းမရှိဘူးဆိုရင်တော့ ဒီမှာနေလို့မကောင်းဘူးပေါ့။ စာပေကျမ်းဂန်နဲ့အညီ တစ်နေ့ကလည်းပဲ တပည့်တော် ရှင်ဥပသေနရဲ့ထုံးကို ပြောခဲ့ပြီ။ တပည့်တော်တို့ ဆရာသမားတွေရဲ့အယူဝါဒကို မလိုက်နာနိုင်ရင် ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး ကျောင်းပြောင်းချင်လည်း ပြောင်းပါ။

သို့မဟုတ် သာသနာတော်မှာ ကောင်းကောင်းမနေနိုင်ဘူးဆိုရင်တော့လည်း လူထွက်ချင်ထွက်ပေါ့။ လူထွက်ပြီးတော့ ကိုယ့်ဟာကိုယ် ကြိုးစားအားထုတ်လို့ရှိရင် လူဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်အတွက် အထောက်အပံ့ဖြစ်တဲ့ ဒါန သီလ ဘာဝနာတွေ ပြုနိုင်တာပဲ။ ဒါကြောင့် မို့ ဒီကျင့်ဝတ်ငါးပါးကို သိပ်ပြီးတော့ လေးလေးစားစား ကြိုးစားရမယ်။ ကြိုးစားမှလည်းပဲ သင်တွေးအံ့ရွတ်ဆိုတဲ့ကျင့်ဝတ်နဲ့ ညီမယ်။ စာမရဘူးဆိုတဲ့အဓိပ္ပာယ်ဟာ အဲဒီတပည့်ဝတ်နဲ့ မညီဘူးလို့ ဆိုလိုရာရောက်တယ်။ ဉာဏ်တအားလေးတဲ့ ပုဂ္ဂိုလ်ကတော့ တစ်မျိုးပေါ့ဘုရား။ ဒါကြောင့် ဒီကျင့်ဝတ်ငါးပါးကို ကြိုးစားကျင့်ပါ။

ညီညာထကြွ

ကြိုးစားတဲ့အခါ ... နံပါတ်(၁)က ညီညာထကြွတဲ့။ စာပေကတော့ ဥဋ္ဌာနလို့ သုံးတယ်။ ဥဋ္ဌာနကို တကယ်မြန်မာပြန်ရင်တော့ ဆရာလာတာကို မြင်တဲ့အခါမှာ ခရီးဦးကြိုဆိုခြင်းပေါ့။ တပည့်တော်တို့ ဒီကျောင်းမှာလည်းပဲ အမြဲပြောထားတယ်။ ကိုရင်အသစ်တွေကိုလည်း ရောက်စကတည်းက သင်တန်းပေးထားတယ်။ အာဂန္တုဆရာတော်ကြီးတွေ ကြွလာတဲ့အခါမှာ ကိုယ်က ခုတင်ပေါ်မှာ ထိုင်နေလို့ရှိရင် ထပေးရမယ်။ နောက် ... ဆရာတော်ကြီးတွေနားက ကပ်မသွားဘဲ ဥပစာရှိလို့ရှိရင် အနည်းဆုံး (၁၂) တောင် ဥပစာလောက်အထိ ခွာပြီးတော့ သွားရမယ်။ နေရာက မသွားသာဘူးဆိုရင်တော့ နည်းနည်းလေးဖြစ်ဖြစ် ခွာသွားပေါ့။ တကယ်လို့ ထိပ်တိုက်ဝင်တိုးရမယ်ဆိုရင်တော့ ဖိနပ်

www.dhammadownload.com

လေးချွတ်ပြီးတော့ ရပ်နေ။ ဒါမျိုးလေးတွေ တပည့်တော် သင်ပေးတယ်။

နောက်ပြီးတော့မှ ... ကြွလာတဲ့ အာဂန္တုဘုန်းကြီးကို 'ဘာကိစ္စကြွလာပါသလဲ' စသည်ဖြင့် မေးပေါ့။ အဲ ... တစ်ခါတစ်ရံမှာ ဘာမှမဟုတ်ဘဲနဲ့၊ ဟိုလိုပေါ့၊ သိပ်အခြေအနေမကောင်းတဲ့ပုဂ္ဂိုလ်၊ သိပ်မှုမမှန်တဲ့ပုဂ္ဂိုလ်မျိုးလာတယ်ဆိုရင်တော့ တပည့်တော်ဆီ မခေါ်ခဲ့ပါနဲ့။ တစ်ခါတစ်ရံကြုံရတာက ဘာတွေမှန်းမသိဘူး။ တပည့်တော်ဆီ ဒီအတိုင်း ပို့ပို့နေကြတယ်။ ကိုယ့်ဟာကိုယ် ရိုရိုသေသေနဲ့ စေ့စေ့စပ်စပ် မေးပြီးတော့ သိပ်မဟန်ဘူးထင်ရင် အသိဉာဏ်ရှိသလောက် ပါးပါးနပ်နပ်လေး ဆောင်ရွက်ပေးပါ။ ကိုယ်က မဆုံးဖြတ်တတ်ဘူးဆိုရင်လည်း ဦးဇင်းတစ်ပါးပါးဆီ ခေါ်သွားပေါ့ဘုရား။ တပည့်တော်ဆီကိုတော့ လိုအပ်မှ ခေါ်ခဲ့ပါ။ ထားပါတော့။

အဲဒီတော့ ... မြင်လို့ရှိရင် ခရီးဦးကြိုဆိုရမယ်ဆိုတာ ဥဋ္ဌာနလို့ခေါ်တယ်။ ဒီကျင့်ဝတ်ဟာလည်း ကျောင်းတိုင်းကျောင်းတိုင်းမှာ သိပ်ပြီးတော့ ခန်းခြောက်လာနေတာ တွေ့ရတယ်။ တပည့်တော်တို့ကျောင်းမှာလည်း ရှိတယ်။ တစ်ခါတစ်ရံ ဆရာသမားခုတင်ပေါ်၊ ဦးဇင်းတွေခုတင်ပေါ်တောင်မှ တက်ထိုင်တာမျိုး။ ဒါတွေ ပြောပြောနေရတယ်။ ဒါတွေဟာ သိပ်ပြီးတော့ ယဉ်ကျေးမှုချွတ်ယွင်းတယ်ဆိုတဲ့ သဘောရောက်ပါတယ်။ တကယ်ဆို ကိုယ့်ကို စာချပေးတဲ့ဆရာရဲ့ ခုတင်ပေါ်ကို ထိုင်ဖို့မပြောနဲ့၊ ကိုယ်က စွမ်းအားရှိလို့ရှိရင် ဆရာခရီးပြန်လာတဲ့အခါ ပစ္စည်းကူယူတာတို့၊ ဆရာ့မှာ ဘာလုပ်ကူစရာရှိသေးလဲ မေးမြန်းတာတို့၊ ဒါမျိုးလေးတွေ လုပ်ပေးရတယ်။ ဒါကိုပဲ ဥဋ္ဌာန လို့ခေါ်တယ်။ ဆောင်ပုဒ်ကတော့ ညီညာထက်ကြွလို့ ဒီလိုပဲ အကျဉ်းရုံးပြီး သုံးသွားတယ်ပေါ့။

ဆုံးမနာယူ

နောက်ပြီးတော့ ... ဆုံးမနာယူ။ ဆုံးမနာယူဆိုတာ ပါဠိလိုကျတော့ သုဿူသ-တဲ့။ သုဿူသဆိုတာက ဆရာသမားတွေရဲ့ဩဝါဒကို ရိုရိုသေသေ လေးလေးစားစား နာယူရမယ်လို့ ပြောတာ။ ဒီဟာလေးလည်းပဲ တပည့်တော်တို့ စာပေမှာ နေရာတော်တော်များများ ပါတယ်။ မြတ်စွာဘုရားရဲ့ သာသနာကြီးပွားကြောင်းတရားတွေ၊ ဒုဗ္ဘစသိက္ခာပုဒ်တွေမှာဆိုလို့ရှိရင်လည်း ဒီအဓိပ္ပာယ်တွေ ပါတယ်။ ဆရာသမားတွေရဲ့ စကားမှ နားမထောင်နိုင်ဘူးဆိုရင် တပည့်တော်တို့ ဒီကျောင်းမှာ နေကိုမနေသင့်တော့ဘူး။ ဒါကြောင့် စွမ်းနိုင်သမျှ နားထောင်ပါ။ နားမထောင်လို့ တပည့်တော် ခေါ်ပြီးသတိပေးခဲ့တဲ့ကိုရင်တွေလည်း ဒီထဲမှာ ရှိသေးတယ်။ တခြားမှာဆိုရင်တော့ ချက်ချင်းကို နှင်ထုတ်ချင် နှင်ထုတ်မှာ။ တပည့်တော်ကတော့ စွမ်းအားရှိသလောက် ကိုယ်မေတ္တာနဲ့ စောင့်ရှောက်နိုင်သမျှတော့ စောင့်ရှောက်မယ်ပေါ့။ ဒါကြောင့်မို့ သုဿူသဆိုတာ ဆရာ့စကားကို လေးလေးစားစားကို နာယူရမယ်လို့ ဆိုလိုတာ။

လာမှကြိုဆီး

နောက်ပြီးတော့ ... တပည့်တော်တို့ စာပေမှာ ဥပဋ္ဌာနတဲ့။ 'ဥပ' ဆိုတာ အနီး၊ 'ဋ္ဌာန' ဆိုတာ တည်နေတာ။ မြန်မာလိုပြန်ရင် ဆရာသမားဆီမှာ ဆည်းကပ်လေ့ရှိရတယ်တဲ့။ ဆည်းကပ်တဲ့အခါမှာ ကိုယ့်အပြစ်ရှိရင်လည်း ဘာတွေဘာတွေ ပြင်ပေးပါ၊ ဘယ်လိုနေပေးပါ

www.dhammadownload.com

စသည်ဖြင့် ဒါတွေ သိရတာပေါ့။ တပည့်တော်တို့က စာသင်တိုက်ကြီးဆိုတော့ ဟိုလိုကြီး အမြဲဆည်းကပ်ဖို့တော့ မလိုဘူးပေါ့ဘုရား။ စာသင်တိုက်အနေနဲ့ကတော့ ကိုယ့်အလုပ်နဲ့ ကိုယ် လုပ်နေကြရတာ။ တကယ့်ကို လိုအပ်လာရင်တော့ တစ်မျိုးပေါ့။ အကျိုးအားဖြင့်တော့ ဆရာ့အနီးအနားမှာ သွားလာခွင့်ရတဲ့အခါမှာ ကိုယ့်ဆရာသမားရဲ့ အာဘော်တွေ ဘာတွေ သိရပြီးတော့ တော်ရုံတန်ရုံစကားလေးလောက်နဲ့ အထင်မလွဲတော့ဘူးပေါ့။

ခုခေတ်က ဆရာသမားအပေါ်တောင်မှ၊ စကားလေးတစ်ခွန်း စေတနာနဲ့မှားတာ မဟုတ်ဘဲနဲ့တောင်မှ၊ နည်းနည်းပါးပါးလေး ပြောမိလိုက်ရင် ကွယ်ရာမှာ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ဒီလိုလေးတွေ ဖြစ်တတ်တယ်။ ဒါမျိုးလေးတွေက တပည့်တော်တို့ငယ်ငယ်ကလည်း ကြားခဲ့ဖူးတယ်ပေါ့။ ခုချိန် ဒီကျောင်းမှာလည်း ရှိချင်ရှိနေမှာ။ ဒါတွေက မဖြစ်သင့်ပါဘူး။ မရှိသင့်ပါဘူး။ ခုနကပြောသလို ဆရာ့နီးနီးနားနားမှာ သွားလာပြီးတော့ လိုအပ်တာလေးတွေ မေးလာလို့ရှိရင်၊ ဆရာတပည့် ရင်းနှီးမှုရလာပြီဆိုလို့ရှိရင် အကြောင်းအကျိုးလေးတွေ သဘောပေါက်လာတယ်။ သဘောပေါက်လာရင် အထင်လွဲမှုဆိုတာ မရှိတော့ဘူးပေါ့။ ဒါကြောင့် ဥပဋ္ဌာနဆိုတာ အနီးအနားမှာ ကပ်လာနေပြီးတော့၊ လိုအပ်လို့ရှိရင် သွားသွားပြီးတော့ ဆရာဖြစ်သူကို ဆည်းကပ်ပါလို့ ဆိုလိုတာပဲ။ ဒီလိုဆည်းကပ်မှလည်း ဆရာတပည့်တွေကြားရင်းနှီးမှုတွေရလာပြီးတော့ နောက်ဆုံးမှာ နားလည်မှုရလာနိုင်တယ်။ နားလည်မှုရမှလည်းပဲ လက်တွဲပြီးတော့ သာသနာပြုတဲ့အခါမှာ သိပ်ပြီးတော့ ကောင်းမြတ်တယ်၊ အောင်မြင်တယ်၊ တိုးတက်တယ်ပေါ့။ ဒါကြောင့် အဲဒီအင်္ဂါလည်း ရှိရမယ်။

ထံနီးလုပ်ကျွေး

နောက်ပြီးတော့ ... ထံနီးလုပ်ကျွေး။ စာလိုတော့ ပါရိစရိယ တဲ့။ မျက်နှာသစ်ရေကပ်တာတို့ ဘာတို့ပေါ့။ ဒါကလည်း တပည့်တော်တို့ ခုလို သံဃာအများထဲမှာတော့ အလှည့်ကျ တစ်ပါးနှစ်ပါးလောက်က တာဝန်ကျေတယ်ဆိုရင် ရပါတယ်။ ဒါကြောင့် ကိုယ့်ရဲ့ ဆရာသမားတွေ၊ ကိုယ့်ကို စာချပေးဖူးတဲ့ ပုဂ္ဂိုလ်တွေကို သိပ်ပြီးတော့ တန်ဖိုးထားတတ်ရတယ်။ မြောင်းမြဆရာတော်ကြီး ပြောခဲ့တဲ့စကားလေး ရှိတယ်။ *'သင်္ကန်းတစ်စုံပေးဖူးတဲ့ ပုဂ္ဂိုလ်ထက် စာဝါတစ်ဝါချဖူးတဲ့ပုဂ္ဂိုလ်က ပိုပြီးတော့ လေးစားထိုက်တယ်။ ခုခေတ်မှာတော့ စာဝါတစ်ဝါလောက် ဦးကာကျော်တစ်အုပ်လောက် ချဖူးတဲ့ ဆရာသမားထက် သင်္ကန်းတစ်စုံမျှပေးဖူးတဲ့ ပုဂ္ဂိုလ်ကိုပဲ ပိုပြီးတော့ ဆရာထင်ကြတယ်'* တဲ့။ အဲဒီအတန်းအစားထဲမှာ ကိုယ်မပါအောင် ကြိုးစားပေါ့။

နှစ်ပါးလုံးက ဆရာသမားတွေဆိုရင်တော့ နှစ်ပါးလုံးကိုပဲ စွမ်းအားရှိသမျှ ကိုယ်က လေးလေးစားစား ဖြစ်ရမှာပေါ့လေ။ အာမိသနဲ့ ချီးမြှောက်တဲ့ဆရာကိုတော့ ပိုလေးစားပြီး၊ စာချပေးတဲ့ဆရာကိုကျတော့ လမ်းတွေ့လို့ရှိရင်ကိုပဲ ဝင်တိုက်မယ့်ပုံစံမျိုး၊ သင်္ကန်းလျှော်နေတာ မြင်တာတောင် ပါးစပ်နဲ့မှ ကူမလျှော်ပေးတဲ့အဆင့်မျိုးဆိုလို့ရှိရင် ဒါ ကိုယ့်ဘက်က ချွတ်ယွင်းချက်ရှိသွားတယ်။ သူ့ဘက်က ကိုယ့်ဟာကိုယ် လုပ်မယ်လို့ နဂိုကတည်းက ပြောထားတာဆိုရင်တော့ တစ်မျိုးပေါ့။ ထားပါတော့။ ဒါ

www.dhammadownload.com

ကြောင့် ပါရိစရိယဆိုတာလည်း သိပ်ပြီးတော့ လိုအပ်တယ်ပေါ့ဘုရား။

သင်တွေးအံ့ရွတ်

ခုနက ပြောခဲ့တဲ့ သက္ကစ္စံ သိပ္ပဂ္ဂဟဏာ ဆိုတာက 'သက္ကစ္စံ-လေးလေးစားစား၊ သိပ္ပ-အတတ်ပညာတွေကို၊ ဥဂ္ဂဟဏာ-သင်ယူရမယ်' တဲ့။ ဒါလည်း တပည့်တော်တို့ ဆတ်သွား ဘုံကျောဆရာတော် ရေးထားတဲ့ဆောင်းပါးထဲမှာ ပါပါတယ်။ ဆရာဦးအောင်သင်းလည်းပဲ ဟိုတုန်းက ရေးဖူးတယ်။ ဆရာသမားဆိုတာနဲ့ စပ်ပြီး ဆရာအောင်သင်းက ဆာရစ်ချတ်လစ်ဗင်း စတုန်း ပြောထားတဲ့စကားကို ပြန်ရေးထားတာ။ ဘာပြောလဲဆိုတော့ 'တပည့်တွေ ပညာမွတ်သိပ်လာအောင် လုပ်နိုင်တဲ့ဆရာဟာ ဆရာသမားကောင်း' တဲ့။ ပညာမွတ်သိပ်တယ်ဆိုတာ ပညာသင်ချင်စိတ်တွေ သိပ်ဖြစ်လာတာကိုပြောတာ။

ဒါကြောင့် တပည့်တော်တို့လည်း ရှေ့က နေပြီးတော့ တပည့်တွေ ပညာကိုတတ်ချင်စိတ်ရှိအောင် တတ်စွမ်းသမျှ လုပ်ပေးနေတယ်။ စာချတယ်ဆိုလည်း ကျမ်းရင်းကို ကိုင်ပြီးတော့ 'ဒီစာအုပ်ထဲမှာ ပါတယ်၊ ဒီစာအုပ်လေးတွေ ရှိထားရင် ကောင်းတယ်' စသည်ဖြင့် စာအုပ်ကို လိုချင်လာပြီးတော့ ဒီစာအုပ်ကိုကြည့်ချင်စိတ်ပေါက်လာအောင် ဆွဲဆောင်တယ်။ မှတ်စုကလေးလောက်နဲ့ အောင်သွားရင် သဒ္ဓါတရားဆိုတာ သိပ်နည်းတတ်တယ်။ ဒါကြောင့်မို့ ကျမ်းရင်းတွေကို တပည့်တော်ပြောပြပေးတယ်။ 'ဒီဆောင်ပုဒ်က သင်္ဂြိုဟ်ဘာသာဋီကာမှာ ပါတယ်။ ပါပေမဲ့ မူရင်းက ပရမတ္ထသရူပဘေဒနီကျမ်းမှာရှိတယ်။ ဒါကတော့ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးရေးတဲ့ ပရမတ္ထသံခိပ်ဋီကာထဲမှာ ပါတယ်' စသည်ဖြင့် ထုတ်ပြနေတာဟာ အရှင်ဘုရားတို့ ပညာတွေမွတ်သိပ်လာအောင်၊ ဒီစာအုပ်လေးတွေ လိုချင်လာအောင်၊ လိုချင်ပြီးတဲ့နောက် ဒီစာအုပ်တွေထဲကနေ ထပ်ရှာချင်ဖွေချင်စိတ်ရှိလာအောင် တပည့်တော် ပြောပေးနေတာ။

ရေရှည်မူဝါဒ

တပည့်တွေ ပညာမွတ်သိပ်လာအောင် လုပ်ပေးနိုင်တဲ့ဆရာဟာ ဆရာသမားကောင်းတဲ့။ စာရေးဆရာကြီးဦးအောင်သင်းကလည်း နိုင်ငံခြားဆရာတွေရဲ့၊ သုတေသီတွေရဲ့ အယူအဆကို သူက ပြန်ပြောတာ။ ဒါကြောင့် ... မှတ်စုလေးရှေ့ကဆိုပြ နောက်ကလိုက်ရေး၊ ရှေ့ကဆိုပြ နောက်ကလိုက်ရေး၊ ဒါလောက်ကလေးနဲ့ တပည့်တော်တို့ မလုံလောက်ပါဘူး။ တပည့်တော်က ရေရှည်ကြည့်ပြီးတော့ ကျောင်းတိုက်ရဲ့ မူကို ပြင်ပေးနေတာပါ။ အဲဒါကြောင့်မို့ စာချဘုန်းကြီးတွေကလည်း ကြိုးစားပို့ချပါ။ နောက်က တပည့်တွေကလည်း မှတ်စုလေးနဲ့ မကျေနပ်ပါနဲ့။ မှတ်စုထဲကဟာ ကျက်ပြီဆိုရင်လည်း 'ဒါ ဘယ်ကျမ်းမှာ ပါတယ်။ ဘယ်သူ ရေးတယ်' ဆိုတာ ဆက်လိုက်ပါ။ တပည့်တော် ဒီမူလေးတွေကို ချပေးတယ်။ နောက်ကနေပြီးတော့ တတိယဆင့်ကိုရင်တချို့ စာအုပ်တွေ လိုက်ရှာပြီး သူတို့ဟာသူတို့ ကြည့်တာလေးတွေတွေ့လာရတော့ သိပ်ပြီးဝမ်းသာတယ်။

ပညာမွတ်သိပ်ခြင်း

ပညာမွတ်သိပ်တာနဲ့ ဆက်စပ်ပြီးတော့ တပည့်တော်တို့ ဆတ်သွား ဘုံကျောဆရာတော်ရဲ့ဆောင်းပါးမှာ ဘာရေးထားလဲဆိုတော့ ...

www.dhammadownload.com

ထမင်းဆာနေတဲ့ပုဂ္ဂိုလ်ဟာ ထမင်းစားကောင်းတာပဲ။ ရေငတ်နေတဲ့ပုဂ္ဂိုလ်ဟာ ရေသောက်လို့ကောင်းတာပဲ။ ဒီလိုပဲ ပညာငတ်နေတဲ့ပုဂ္ဂိုလ်ဟာလည်း ပညာသင်ရတာ သိပ်ကောင်းတယ်တဲ့။ ပျင်းတဲ့ပုဂ္ဂိုလ်အတွက်တော့ ပြောင်းပြန်ပြန်ကြည့်ပေါ့။ ပျင်းတဲ့ပုဂ္ဂိုလ်ဟာ ပညာမလိုချင်ဘူးဆိုတဲ့ အဓိပ္ပာယ်ရောက်သွားတယ်။ ပညာမလိုချင်တဲ့ပုဂ္ဂိုလ် ပျင်းနေပါတယ်ဆိုမှ ဒီမှာ ဆက်ထားလို့ ကောင်းပါ့မလား။ အဲဒါလေးတွေ သဘောပေါက်ပါ။

ဒါကြောင့် အရှင်ဘုရားတို့ကိုယ်တိုင် ကိုယ့်စိတ်က လိုလိုချင်ချင်မဟုတ်ဘဲ 'စာကျက်ရတာ၊ စာကြိုးစားရတာ မကောင်းသေးဘူး' ဆိုရင် ကိုယ့်မှာ ပညာမွတ်သိပ်မှု ပညာလိုချင်စိတ် အားနည်းနေသေးတယ်လို့ မှတ်ပါ။ ထမင်းတကယ်ဆာနေပြီဆိုရင် ဟင်းကောင်းစရာလိုရဲ့လား။ ရှိတာနဲ့ စားကောင်းသွားတာပဲ မဟုတ်လား။ ရေတကယ်ငတ်နေပြီဆိုရင်လည်း ရေခဲရေမှမဟုတ်ဘူး၊ သောက်လို့ကောင်းသွားတာပဲ။ ဒီလိုပဲ စာပေပညာကို တကယ်မွတ်သိပ်လာတဲ့ တပည့်ဟာလည်း စာပေကြိုးစားလာတယ်။ ပြောင်းပြန်ပြန်ကြည့်လိုက်။ ထမင်းမဆာတဲ့ပုဂ္ဂိုလ်က ထမင်းစားလို့ ကောင်းပါ့မလား။ ရေဝနေတဲ့၊ ဒါမှမဟုတ် ရေမသောက်ချင်တဲ့ ဂိလာနပုဂ္ဂိုလ်ဟာ ရေသောက်လို့ကောင်းပါ့မလား။ ဒီလိုပဲ စာပေကိုလိုချင်စိတ်မရှိရင်လည်း စာသင်ရတာ ကောင်းပါ့မလား။ အဲဒါလေးကို အရှင်ဘုရားတို့ သဘောပေါက်ပါ။

အဲဒီတော့ ... စာကို မွတ်သိပ်ချင်ပါတယ်ဆိုရင်လည်း မွတ်သိပ်အောင် ကိုယ့်ဟာကိုယ်ကြိုးစား။ အကျိုးကျေးဇူးတွေ မျှော်ကြည့်ရင်၊ ရေရှည်ကို တွေးကြည့်တတ်ရင် စာဆိုတာ လိုချင်စိတ်ပေါက်လာတတ်တယ်။ လိုချင်စိတ်ရှိလာအောင်လည်း ဒီမှာ သင်ပေးနေပါတယ်။ ဆရာသမားကြောက်လို့၊ ဒါမှမဟုတ်လည်းပဲ ကျက်ချိန်ကျလို့ ကျက်နေရတယ်။ ဒါမျိုးဆိုရင် ဘယ်တော့မှ မတိုးတက်ဘူး။ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့ စိစစ်ကြည့်ပါ။ ပညာမွတ်သိပ်သလား၊ ပညာလိုချင်စိတ်ရှိသလား။ မရှိသေးသမျှ စာလုပ်လို့ဘယ်တော့မှမကောင်းဘူးဆိုတာ အရှင်ဘုရားတို့ နားလည်ထားပါ။

ပညာတတ်သူတော်ကောင်း

ဒါကြောင့် ... ဒီနေ့ ပြောချင်တာက ပညာတတ်သူတော်ကောင်း ဖြစ်ချင်တဲ့ပုဂ္ဂိုလ်တွေဟာ တပည့်ကျင့်ဝတ်ငါးပါးကို လေးစားရမယ်။ ဒီထဲက သင်တွေးအံ့ရွတ်ဆိုတဲ့အထဲမှာလည်း ရိုရိုသေသေ လေးလေးစားစား စာသင်တယ်၊ စာကြံတယ်၊ စာအံတယ်၊ ဒါတွေ လုပ်ရမယ်။ တကယ်လို့ မလုပ်ဘူးဆိုရင် စာတွေ မရတော့ဘူး။ စာမရတော့ဘူးဆိုရင်၊ တပည့်ကျင့်ဝတ်ငါးပါးနဲ့ မညီဘူးဆိုရင်၊ တပည့်တော်တို့ အနေနဲ့ ဒီတပည့်ကို ဆက်ပြီးတော့ လက်ခံထားဖို့ရာ စဉ်းစားရပါလိမ့်မယ်။ ဒါကြောင့်မို့ ကိုယ့်ဟာကိုယ် ကြိုးစားပြီးတော့၊ တပည့်ကျင့်ဝတ်ငါးပါးကို လေးလေးစားစား ကျင့်ကြံပြီးတော့ ပညာတတ်သူတော်ကောင်းတွေဖြစ်အောင် ကြိုးစားနိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

တတိယအနာဂတဘယသုတ်

၁၃၆၆ ခု၊ နယုန်လကွယ်နေ့
၂၀၀၄ ခု၊ ဇွန်လ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့ ည

ရေဒုက္ခ

တပည့်တော်တို့ အငယ်တန်း၊ အလတ်တန်း၊ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်တွေ မနက်ဖြန်ကစပြီး စာကျက်ဖို့ရာအတွက် ဒီညဩဝါဒပေးပြီးလို့ရှိရင် တပည့်တော်အနေနဲ့ နေရာချထားပေးမယ်။ ဒါကြောင့် ဒီညကတည်းက စာအုပ်တွေ ဘာတွေ ရွှေ့စရာရှိတာ ကိုယ့်ဟာကိုယ် ရွှေ့ထားကြပေါ့။ နောက် ပြောချင်တာတစ်ခုက ... ခုအတိုင်းဆိုရင် မီးတွေကလည်း တော်တော်နဲ့ကောင်းမှာမဟုတ်ဘူး။ မကောင်းဘူးဆိုတော့ မီးက ကိစ္စမရှိဘူး။ မီးပျက်ရင် ရေကလည်း ပျက်လာတယ်။ အဲဒီတော့ ရေနဲ့စပ်လို့ ဒုက္ခလည်း ဖြစ်ချင်ဖြစ်ဦးမှာပေါ့။ ဒါကြောင့် တစ်နေ့က တပည့်တော်ပြောထားတဲ့အတိုင်း တချို့သံဃာတွေက ဆွမ်းခံပြန်ရင် စောစောချိုးသင့်ရင် ချိုးထားလိုက်ပါ။

အဲ ... ချိုးတဲ့အခါမှာလည်း ရေဝအောင် သောက်ပြီးတော့မှချိုးပါ။ ကျန်းမာရေးအတွက် ရေသောက်ပြီးတော့မှ ရေချိုးတာက အန္တရာယ်ကင်းတယ်။ မိုးရေထဲမှာ ဆွမ်းခံပြန်လာတယ်။ ဖျားမှာစိုးလို့ရှိရင် ရေဝအောင် သောက်ပြီးတော့ ရေချိုးလိုက်။ ပြီးမှ ဆေးသောက်ချင်သောက်။ ဒီလိုလုပ်ရမှာ။ အဲဒါကိုပဲ သွားပြီးတော့ မိုးရေအရွဲကြီးနဲ့ တန်းဆေးသောက်

www.dhammadownload.com

တယ်ဆိုတာ သိပ်မကောင်းဘူးပေါ့။ ရေဝအောင်သောက်ပြီး ရေချိုး။ ပြီးမှ ဆေးသောက်။ ဒါက ပိုကောင်းတယ်။ ရေချိုးတဲ့အခါမှာလည်း ဖြည်းဖြည်း သက်သာလေး ချိုးပေါ့ဘုရား။

နောက် ... စာမေးပွဲတွေနဲ့စပ်ပြီးတော့ အရင်တစ်ပတ်ကလည်း တပည့်တော် နည်းနည်းပါးပါး ပြောခဲ့တယ်။ စာမေးပွဲတွေအောင် အောင်လုပ်တယ်ဆိုတာကလည်း တပည့်တော်တို့ အရည်အချင်း ပြည့်ဝသထက်ပြည့်ဝလာပြီးတော့ အနာဂတ်မှာ သာသနာ့တာဝန်ကို အရည်အချင်းပြည့်ပြည့်နဲ့ ထမ်းဆောင်နိုင်ဖို့ လုပ်နေကြတာ။ အောင်မြင်မှုဆိုတာထက် ဒီလို အောင်မြင်လိုက်တဲ့အတွက် တစ်ချိန်မှာ အလုပ်လုပ်နိုင်မှာကို တွေးပြီးတော့ တပည့်တော်အနေနဲ့ ပိုဝမ်းသာတယ်လို့ ဒီအတိုင်းပြောခဲ့တယ်။

ပထမအဆက်

တစ်နေ့က ရန်ကုန်က ဦးသီလဝံသ ပို့လိုက်တဲ့ ရန်ကုန် ဗဟန်း ဝိသုဒ္ဓါရုံတိုက်ရဲ့ (၄၅) နှစ်တာခရီးစာအုပ်ကို တပည့်တော် နည်းနည်းပါးပါး ဖတ်လိုက်ရတယ်။ ခုတော့ ဟိုဘက်ဆေးရုံက ဆရာဝန်တစ်ယောက်က ဖတ်ချင်တယ်ဆိုတာနဲ့ တပည့်တော် ပေးလိုက်တယ်ပေါ့။ ဒီစာအုပ်ကို လေ့လာကြည့်တဲ့အခါ ဘာသွားတွေ့ရသလဲ။ ပထမဆရာတော်ကြီး ဘွဲ့အမည်က ဆရာတော် ဦးဝါသဝါဘိဝံသတဲ့။ သက္ကသီဟ စာမေးပွဲတွေ အောင်ခဲ့တယ်။ တောင်မြို့ဆရာတော်ကြီးရဲ့တပည့်လည်း တော်ခဲ့သေးတယ်။ အဲဒီဆရာတော်ကြီးလက်ထက်မှာ ကိုယ်တိုင်က ဆရာကောင်းဖြစ်တဲ့အလျောက် ကျောင်းတိုက်ကလည်း သိပ်ပြီးတော့ အနေအထိုင်ဘက်ကရော၊ စာပေဘက်ကရော၊ အကျင့်စာရိတ္တဘက်ကရော၊ အားလုံး ပြောစရာမရှိအောင်ကို အောင်မြင်တိုးတက်သွားတယ်။

တပည့်တွေ စာမေးပွဲအောင်ရုံတင်မကဘဲနဲ့ အနေအထိုင်စတာတွေလည်း ဘက်စုံကောင်းတယ်ပေါ့။ ခုလက်ရှိ ယောဆရာတော်ကြီးတို့ဆိုလည်း အဲဒီဆရာတော်ကြီးလက်ထက်မှာပေါ်ပေါက်လာတဲ့ တပည့်တွေပေါ့။ တိပိဋကယောဆရာတော်ဘုရားနဲ့ တိပိဋက ဦးသုမင်္ဂလာလင်္ကာရတို့ဟာ အဲဒီဆရာတော်ကြီးလက်ထက်မှာ တိပိဋကဘွဲ့တွေ ရသွားကြတာ။ အဲဒီတော့ ဆရာတော်ကောင်းတစ်ပါး ဦးဆောင်သွားပြီဆိုရင် နောက်ဆက်ဟာ သိပ်ပြီးတော့ ကောင်းသွားတယ်။ သာသနာအတွက် အားထားရတဲ့တပည့်တွေ ရသွားတယ်။ နောက် ... ဒုတိယအဆက်ကို လေ့လာလိုက်တဲ့အခါကျတော့ အဲဒီအပိုင်းမှာ သိပ်ပြီးတော့ ထူးထူးခြားခြား မတွေ့ရဘူး။ ပုံမှန်လေးပဲ ဆိုကြပါစို့။ ထားတော့။

တတိယအဆက်

တစ်ခါ ... ခု တတိယအဆက်ဖြစ်တဲ့ တိပိဋက ယောဆရာတော်လက်ထက်ကျတော့လည်း တိုက်တာသမိုင်းက ပြန်ခေါင်းမော့လာတယ်ပေါ့။ ဆရာတော်ကိုယ်တိုင်က တော်ပြီးသား။ တော်တယ်ဆိုတာ စာပေတစ်ခုတည်း တော်တာမဟုတ်ဘူး။ တရားဟောတဲ့အခါမှာလည်းပဲ စိတ်ဓာတ်ရေးရာတွေ သိပ်ပြီးတော့ ထိန်းသိမ်းဖို့၊ စွမ်းရည်ရှိဖို့၊ ဓမ္မကိန်းဖို့၊ ဒါတွေ တော်တော်ဟောတယ်။ ကိုယ်တိုင်လည်းပဲ ဒီအတိုင်းကျင့်တော့ ကျောင်းတိုက်က ခုတစ်ခါပြန်ပြီးတော့ ထောင်တက်လာပြန်ရော။

လက်ထောက်တပည့်တွေ ကြည့်လိုက်တဲ့အခါမှာလည်း ဆရာတော်လောက် မဟုတ်သေး

www.dhammadownload.com

ပေမဲ့လို့ အဂ္ဂမဟာကျော်ဘွဲ့ရစတဲ့ အရည်အချင်းကိုယ်စီနဲ့ တိုက်တာမှာ တော်တော်အားကိုးရတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပေါ်လာတော့ ခုချိန်တတိယဆရာတော် လက်ထက်ကျတော့လည်း ကျောင်းတိုက်ကြီးဟာ ပြန်ပြီးတော့ ထောင်တက်လာတယ်။

အဲဒီတော့ ဘာအရေးကြီးလဲဆိုတော့ ... ခေါင်းဆောင်ကောင်းပေါ့။ ပထမဆရာတော်ကြီးရဲ့ 'သဗ္ဗမင်္ဂလာ ဓမ္မဒေသနာ' ဆိုလား ဟိုတုန်းက စာအုပ်တွေ တပည့်တော်တို့ ဖတ်ဖူးတယ်။ ဒီ စာအုပ်တွေဖတ်မိတော့ အရင်ဆရာတော်ကြီးကလည်း စိတ်ဓာတ်ရေးရာတွေ သိပ်ပြီးတော့ ကောင်းမြတ်တာ တွေ့ရတယ်။ သီလသမာဓိ ပညာစွမ်းအားတွေ ကောင်းတယ်။ အဲဒီလိုကောင်းတော့ တပည့်ကောင်းတွေ ပေါ်ခဲ့တယ်။ ဒုတိယအဆက်မှာ နည်းနည်းလေးငြိမ်သွားပေမဲ့လို့ ခု တတိယဆရာတော်လက်ထက်ကျတော့ ပြန်ဦးမော့လာတယ်။ ဒါ ဒီကျောင်းတိုက်ရဲ့သမိုင်းကြောင်းကို ပြန်ပြီးတော့ ကြည့်တဲ့အခါ တွေ့မိလိုက်တာလေးပေါ့။ ဒါတောင် တပည့်တော် ပြည့်ပြည့်စုံစုံကြီးမဖတ်ရသေးပါဘူး။ နည်းနည်းပါးပါးပဲ ဖတ်ပြီး လေ့လာပြီး သုံးသပ်ကြည့်တာ။ နောင် ဘယ်လောက်အထိ၊ ဘယ်လောက်အစွမ်းတွေရှိမလဲဆိုတာတော့ ဒါ တပည့်တော်တို့ စောင့်ကြည့်ပြီးတော့ ဝမ်းသာရမှာပဲပေါ့။

အစဉ်အလာဆိုးတစ်ရပ်

တပည့်တော်တို့ ဘုန်းကြီးကျောင်းတိုက်တွေရဲ့ အစဉ်အလာက များသောအားဖြင့် ပထမတစ်ဆက်ပဲ ကောင်းလေ့ရှိတာ တွေ့ရတယ်။ တပည့်တော်တို့ ဆရာလုပ်တဲ့ပုဂ္ဂိုလ်တွေကလည်း နောက်အဆက်ဟာ ကိုယ့်ထက်သာအောင်ဆိုပြီး စွမ်းအားရှိသမျှတော့ ကြိုးစားကြတာပဲ။ ဒါပေမဲ့လို့ အခြေအနေအရ မဖြစ်တာတွေလည်း ရှိသေးတယ်ပေါ့ဘုရား။ တစ်နေ့ကတပည့်တော် မြဝတီကျောင်းရောက်သွားတယ်။ ရောက်သွားတော့ မြဝတီဆရာဘုန်းကြီးနဲ့ စကားတွေပြောကြတဲ့အခါမှာ အဂ်ုတ္တိရ်ပဉ္စကနိပါတ်ထဲက တတိယအနာဂတဘယသုတ်ထဲမှာ ပါတဲ့ 'ဓမ္မသန္နောသာ ဝိနယသန္နောသော၊ ဝိနယသန္နောသာ ဓမ္မသန္နောသော' ဆိုတာနဲ့ စပ်ပြီးတော့ ဆွေးနွေးဖြစ်တယ်။ အဲဒါလေးကို ဒီနေ့ည တပည့်တော် ပြောပြချင်တယ်။

တပည့်တော်တို့ တတိယအနာဂတဘယသုတ်မှာ မြတ်စွာဘုရားက နိဒါန်းချီတဲ့အခါ 'ရဟန်းတို့၊ ခုဟောမယ့် အနာဂတဘယလို့ခေါ်တဲ့ အနာဂတ်မှာဖြစ်မယ့်ဘေးတွေ ဆိုတာဟာ ခုတော့ မဖြစ်သေးဘူး။ နောင်အနာဂတ်ကျရင်တော့ သေချာပေါက်ကို ဖြစ်လိမ့်မယ်။ အဲဒီဘေးငါးမျိုးကို သိအောင်လုပ်ပြီးတော့ အဲဒီဘေးငါးမျိုးမဖြစ်အောင် ကြိုးစားအားထုတ်ကြပါ' ဆိုပြီး မိန့်မှာထားတယ်။ မြတ်စွာဘုရားက ဒီဘေးငါးမျိုးကို စိတ်ဝင်စားကြဖို့ မှာခဲ့တာ။ ဒါကြောင့် တပည့်တော်တို့အနေနဲ့ လေးလေးမြတ်မြတ် ကြည့်ရှုသုံးသပ်ပြီးတော့ ဆင်ခြင်သင့်တာလေးတွေ ဆင်ခြင်၊ ကြိုတင်ပြင်ဆင်သင့်တာလေးတွေ ပြင်ဆင်ထားရမယ်ပေါ့ဘုရား။

ပထမဘေး

တတိယအနာဂတဘယသုတ်မှာ လာတဲ့ပထမဘေးဆိုတာက ဘာလဲဆိုတော့ ... အနာဂတ်မှာ ရဟန်းသာမဏေတွေဟာ အဘာဝိတကာယာ၊ အဘာဝိတသီလာ၊ အဘာဝိတစိတ္တာ၊

www.dhammadownload.com

အဘာဝိတပညာ တဲ့။ ဒါကို ချုပ်လိုက်ရင်တော့ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတွေ နည်းကုန်ကြမယ်ပေါ့။ သီလ သမာဓိ ပညာ ဆိုတဲ့ သိက္ခာသုံးပါးကို ကောင်းကောင်းလည်း မကျင့်ဘူး၊ မြတ်နိုးမှုလည်း မရှိဘူး၊ ရှိတောင်မှ တော်တော်အားနည်းကုန်တဲ့ ရဟန်းသာမဏေတွေ ဖြစ်ကြလိမ့်မယ်တဲ့။ မြတ်စွာဘုရားက 'ဒါတွေ ခုတော့ မဖြစ်သေးဘူး။ အနာဂတ်မှာ ဖြစ်ကိုဖြစ်မှာ။ အဲဒါတွေကို သင်တို့ သိအောင် လုပ်ပြီးတော့ မဖြစ်အောင် တားဆီးကြပါ' တဲ့။ သာသနာစိတ်ဓာတ်ရှိတဲ့ အမျိုးသားတွေကိုလည်း တိုက်တွန်းပြီးသား ဖြစ်သွားတယ်။ အမျိုးသမီးတွေကိုလည်း တိုက်တွန်းပြီးသားဖြစ်သွားတယ်။ ရဟန်း ရဟန်းမတွေကိုလည်း တိုက်တွန်းပြီးသား ဖြစ်သွားတယ်ပေါ့။ ဒါကြောင့် ဗုဒ္ဓဘာသာဝင် အားလုံးက သတိရှိကြရမယ်။

နံပါတ်(၁)အနေနဲ့ အနာဂတ်မှာဖြစ်လာမယ့် ဆရာသမားဆိုသူတွေဟာ သီလသမာဓိပညာကို အလေးဂရုမပြုတော့ဘူးတဲ့။ သီလဆိုလည်း ပေါက်ပေါက်ကြားကြား၊ သမာဓိဆိုလည်း စိတ်ကောင်းစိတ်မြတ်တွေ မရှိဘဲနဲ့ လာဘသက္ကာရမှာ ဦးတည်၊ ဝိပဿနာပညာတွေ ဖြစ်ဖို့ရာအတွက်လည်း မကြိုးစားဘဲနဲ့ သီလသမာဓိပညာသိက္ခာအားနည်းလာကြမယ်တဲ့။ သူတို့ကနေပြီးတော့တစ်ခါ ဆရာကြီးတွေလုပ်ပြီးတော့ အခြားပုဂ္ဂိုလ်တွေကို ကိုယ်ကိုယ်တိုင် ဥပဇ္ဈာယ်လုပ်ပြီး သဒ္ဓိဝိဟာရိကတပည့်အဖြစ်နဲ့ ရဟန်းခံပေးကြလိမ့်မယ်တဲ့။ အဲဒီ ရဟန်းခံပေးလိုက်တဲ့ ရဟန်းတွေကလည်း ဒီအတိုင်းပဲပေါ့။ ဆရာသမားတွေကမှ သီလသမာဓိပညာသိက္ခာကို မလေးစားတော့ တပည့်တွေကလည်း မလေးစားတော့ဘူး။ ဥပဇ္ဈာယ်လုပ်ပြီးတော့ ရဟန်းခံပေးတဲ့ ဆရာတွေကလည်း ဒီပုံစံ၊ နောက်က တပည့်တွေကလည်း ဒီပုံစံပဲဖြစ်ပြီးတော့ နောက်ဆုံး 'ခမ္မသန္ဒောသာ ဝိနယသန္ဒောသော' တဲ့။ ခမ္မတွေ ပျက်စီးသွားတဲ့အခါမှာ ဝိနည်းဆိုတာကလည်း ပျက်စီးသွားတယ်။

တပည့်တော်တို့ သာသနာတော်မှာက အကျဉ်းချုပ်လိုက်ရင် ခမ္မနဲ့ ဝိနယပဲ ရှိပါတယ်။ ခမ္မဆိုတာက ကျင့်ကြံကြိုးကုတ် အားထုတ်ရမယ့် သုတ္တန်တွေ အဘိခမ္မာတွေ။ ဝိနယဆိုတာကတော့ လိုက်နာစောင့်စည်းရမယ့် ဝိနည်းတွေ။ ခမ္မသန္ဒောသာ = သူ့ရဲ့သန္တာန်မှာ သီလသိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာဆိုတဲ့ ခမ္မတွေ ပျက်သွားလို့ရှိရင်၊ ဝိနယသန္ဒောသော = ဝိနယလည်း ပျက်သွားမယ်။ ဝိနယသန္ဒောသာ = ဝိနယပျက်လို့ရှိရင်၊ ခမ္မသန္ဒောသော = ခမ္မလည်းပဲ ပျက်မယ်။ အဲဒီနည်းနဲ့ သာသနာတော်ကြီး ကွယ်သွားမယ်တဲ့။ ဒါကြောင့် ဒါကို သိထားကြပါ ဆိုပြီးတော့ ပထမအချက်ဟောတော်မူတယ်။

ဒုတိယဘေး

ဒုတိယအချက်က ဘာလဲဆိုတော့ ... ခုနက တပည့်တော်ဆီမှာ နိဿည်းထယူကြတဲ့ ရဟန်းတွေကို အရှင်ဘုရားတို့ တွေ့မှာပေါ့။ အဲ့ဒါ နိဿည်းပေးတယ် နိဿည်းယူတယ်လို့ ခေါ်တယ်။ အဲဒီလို နိဿည်းပေးရတဲ့ နိဿည်းဆရာတွေကိုယ်တိုင်က အဘာဝိတကာယာ စတဲ့အချက်တွေဖြစ်ပြီး သီလသမာဓိပညာသိက္ခာသုံးပါးမရှိဘဲနဲ့ ဟော့ဟော့ရမ်းရမ်း ဖြစ်လာကြလိမ့်မယ်။ သီလဆိုရင် ဣန္ဒြိယသံဝရသီလလည်း ပေါက်ကြား၊ ပါတိမောက္ခသံဝရသီလလည်း ပျက်စီး၊ အာဇီဝပါရိသုဒ္ဓိသီလလည်း

www.dhammadownload.com

မစင်ကြယ်၊ ပစ္စယသန္ဓိသိတသီလလည်း ဂရုမစိုက်ဘဲ သီလသိက္ခာမဲ့လာကြမယ်။ သမာဓိသိက္ခာဆိုတာကတော့ ရှင်းရှင်းပြောရရင် စိတ်ကောင်းစိတ်မြတ်ပေါ့ဘုရား။ စိတ်ကောင်းစိတ်မြတ်ကလေးနဲ့ ဒကာဒကာမတွေအပေါ် မေတ္တာထားပြီးတော့ မကုန်သင့်မကုန်ထိုက်တာ မကုန်အောင်နေပြီး ငါရပြီးရောဆိုတဲ့စိတ်မာတ်မျိုး မရှိဘဲနဲ့ တဖြည်းဖြည်း သမာဓိတွေရှိလာတဲ့ ရဟန်းသံဃာကို သမာဓိရှိတယ်လို့ ခေါ်တယ်။ အဲဒီလိုမျိုး သမာဓိမရှိတဲ့ ဆရာ။ နောက်ပြီးတော့ ... ပညာတရားကို အလေးဂရုမပြုတဲ့ ဆရာ။ အဲဒီလို သီလသမာဓိပညာ သိက္ခာမရှိတဲ့ ဆရာတွေ ဖြစ်လာကြမယ်တဲ့။

ဒီနံပါတ်(၂)မှာတော့ သူက ခုနတုန်းကလို ကိုယ်တိုင် ဥပဇ္ဈာယ်လုပ်ပြီး ရဟန်းခံပေးတာတော့ မဟုတ်ဘူး။ ဘေးက ရဟန်းဖြစ်ပြီးသားတွေကို တပည့်အဖြစ်နဲ့ မွေးတာ။ ဒါကို နိဿည်းပေးတယ်လို့ခေါ်တယ်ပေါ့။ အဲဒီလို နိဿည်းဆရာဟာ ကိုယ်ကိုယ်တိုင်က သီလသမာဓိပညာ မရှိတဲ့အခါမှာ နိဿည်းအပေးခံရတဲ့ တပည့်တွေကလည်း ဒီပုံစံပဲ ဖြစ်ပြီးတော့ နောက်ဆုံး 'ဓမ္မသန္ဒောသာ ဝိနယသန္ဒောသော၊ ဝိနယသန္ဒောသာ ဓမ္မသန္ဒောသော' ဖြစ်သွားတယ်။ ဓမ္မအပေါ်မှာ လေးစားမှုမရှိရင် ဝိနယလည်းပျက်စီး၊ ဝိနယအပေါ်မှာ လေးစားမှုမရှိရင် ဓမ္မလည်းပျက်စီးပြီးတော့ သာသနာကွယ်နိုင်တယ်ဆိုပြီး ဒီဒုတိယအချက်ကို မြတ်စွာဘုရား မိန့်တော်မူခဲ့တယ်ပေါ့။

တတိယဘေး

တပည့်တော်တို့ ခုခေတ်အနေနဲ့ကြည့်ရင် ပထမအချက်ကလည်း ခု တော်တော်ကြီး ရှိနေပြီ။ ဒုတိယအချက်ကလည်း ရှိနေပြီ။ အားလုံး အရင်ထက်ပိုပြီး သတိထားဆင်ခြင်မှ တော်ကာကျတော့မယ်ပေါ့ဘုရား။ ဒီလိုမှမဟုတ်ဘူးဆိုရင် သာသနာတော်အတွက် သိပ်အန္တရာယ်ကြီးလာနိုင်တဲ့ အနေအထားရောက်နေပြီလို့ ဆိုရတော့မယ်။ ဒါကြောင့် ဒီကျောင်းမှာလည်း စာတင်မကဘဲနဲ့ သီလလေးတွေ၊ သမာဓိဆိုတဲ့ စိတ်ဓာတ်မြင့်မြတ်မှုလေးတွေ၊ အချိန်ရရင် ရသလို ဝိပဿနာပညာလေးတွေ၊ ဒါလေးတွေလေ့ကျင့်ပေးနေတယ်။ အားလုံး စိတ်လိုလက်ရနဲ့ ကြိုးစားအားထုတ်ပေးကြဖို့ တပည့်တော် မေတ္တာရပ်ခံပါတယ်။ တတိယအချက်ကတော့ အဘိဓမ္မာနဲ့စပ်တဲ့စကားတွေကို လေးလေးနက်နက် မထားတော့တာမျိုးတွေ ပါတယ်ပေါ့။ တပည့်တော် ဒီတတိယအချက်တော့ အကျယ်မပြောတော့ဘူး။ စတုတ္ထဘေးကို ကျော်ပြီးသွားလိုက်မယ်။

စတုတ္ထဘေး

စတုတ္ထအချက်အနေနဲ့ တပည့်တော်တို့ ဂရုစိုက်ရမှာက ဘာလဲဆိုတော့ ... အနာဂတ် သာသနာတော်မှာ ဒီ ဥပဇ္ဈာယ်ဆရာတွေရော၊ နိဿည်းဆရာတွေရောဟာ သီလသမာဓိပညာသိက္ခာလည်းပဲ မရှိကြဘူး။ မရှိတဲ့အပြင် ဘာဖြစ်လာကြသေးလဲ။ တထာဂတဘာသိတဆိုတဲ့ မြတ်စွာဘုရားဟောကြားတဲ့ သုတ္တန်တွေရှိတယ်။ ဒီဟာတွေကို ဂန္ထီရ၊ ဂန္ထီရတ္ထလို့ ခေါ်တယ်။ ပါဠိတော်အားဖြင့်လည်း နက်နဲတယ်၊ အနက်အဓိပ္ပာယ်အားဖြင့်လည်း နက်နဲတယ်။ မြတ်စွာဘုရားဟောကြားတဲ့ အဲဒီလို နက်နဲတဲ့တရားတော်တွေကျတော့ သင်ယူဖို့ ပို့ချဖို့ ပျင်းရိနေပြီးတော့ ကြိုးစားမှုမရှိကြတော့ဘူးတဲ့။ နောက်

www.dhammadownload.com

ဗာဟိရက သာဝကဘာသိတ တဲ့။ သာဝက ဘာသိတဆိုတာကို အဋ္ဌကထာကတော့ သာသနာပဖြစ်တဲ့ သာဝကတွေရေးတဲ့စာလို့ ဆိုတာပေါ့ဘုရား။ မြတ်စွာဘုရားကတော့ သာဝကဘာသိတလို့ ရိုးရိုးလေးပဲ ဟောပါတယ်။ အဲဒီသာဝကဘာသိတစာတွေကိုတော့ ကြိုးကြိုးစားစား သင်ယူကြတယ်တဲ့။

အဲဒီတော့ ... ရိုးရိုးလေး ယူကြည့်လို့ရှိရင် သာဝကဘာသိတဖြစ်တာတွေကိုတော့ အလေးအမြတ်ပြုတယ်၊ လေ့လာကြတယ်၊ သင်ယူကြတယ်ဆိုတာ တပည့်တော်တို့ ဒီ သဒ္ဒါသဒ္ဒြတ်လောက်နဲ့ အချိန်ကုန်တာကို ပြောတာပေါ့။ အမှန်က သဒ္ဒါသဒ္ဒြတ် ထိုက်သလောက် တတ်ပြီးရင် အထက်က ပါဠိတော်တွေဘာတွေဆီဆက်ပြီးတော့ သွားရမှာ။ ဒါကြောင့်မို့ တပည့်တော်တို့ သာမဏေသက္ခသိက္ခာစာသင်နည်းကောင်းတယ်ဆိုတာ ဘုရားနဲ့ မြန်မြန်တွေ့လို့ကောင်းတယ်ပြောတာပေါ့။ အဋ္ဌကထာကတော့ သာဝကဘာသိတဆိုတာ သာသနာပ သာဝကတွေရေးတဲ့ဟာဆိုပြီး ပြောတာပေါ့။ ဒါပေမဲ့ တပည့်တော်တို့ကတော့ ရိုးရိုးယူကြည့်ပြီး သာဝကဘာသိတဆိုတာ ခုနကပြောတဲ့ သဒ္ဒါသဒ္ဒြတ်တွေလည်း အထိုက်အလျောက် ပါနိုင်တယ်လို့ ယူဆမိတယ်။ ဒါတွေက မသင်လို့လည်း မဖြစ်ဘူး။ ဒါတွေနဲ့ချည်း အချိန်ကုန်သွားရင်လည်း သာသနာနဲ့တွေ့ရကျိုး မနပ်ဘူးပေါ့။ အဲဒီသာဝကဘာသိတတွေကိုတော့ လေးလေးစားစား သင်ယူကြလိမ့်မယ်ဆိုတာ ခုခေတ်ကြီးနဲ့ နည်းနည်းလေး ယှဉ်ကြည့်လိုက်ရင် ဒီအကြောင်းလေးတွေ ပေါ်လာတယ်ပေါ့။

မူလပါဠိတော် အဓိပ္ပာယ်တွေကိုတော့ ကောင်းကောင်းနားလည်အောင် မလုပ်၊ ပါဠိတော်အဓိပ္ပာယ်တွေ နားလည်တဲ့အခါမှာလည်း စွမ်းအားရှိသမျှ လိုက်နာကျင့်ကြံမှုမလုပ်၊ ဒါတွေဘက်က လျော့ပါးလာတယ်။ ဗာဟိရက သာဝကဘာသိတတွေနဲ့ အချိန်ကုန် လူပန်း။ အဲဒီလို ဖြစ်လာကြလိမ့်မယ်တဲ့။ ခုခေတ်ဆိုရင် တပည့်တော်တို့ တချို့နေရာတွေမှာ မြင်နေကြားနေရတာ ဝမ်းနည်းစရာသိပ်ကောင်းတယ်။ ဘာလို့ ဝမ်းနည်းစရာကောင်းသလဲ။ စာပေကမ္ဘာ ပိဋ္ဌကတ်အခြေခံ အငယ်တန်းအဆင့်လေးမှ မရောက်သေးဘူး။ ဘုန်းကြီးစာတွေ လုံးဝပစ်ပယ်ပြီးတော့ အင်္ဂလိပ်စာဆိုပြီး လုပ်နေကြတယ်။ ဒီကျောင်းက ထွက်သွားတဲ့ထဲကလည်း တချို့ရှိချင်ရှိမှာပေါ့။ တခြားမှာတော့ တော်တော် တွေ့နေရတယ်။ ဒါတွေဟာ ဘာလဲဆိုတော့ "ဓမ္မသန္ဒောသာ ဝိနယသန္ဒောသော" ဓမ္မတွေပျက်စီးရင် ဝိနယပျက်စီးမယ်ဆိုတဲ့ သာသနာကွယ်ကြောင်းသဘောတွေ ဖြစ်လာတယ်။ အနာဂတ်မှာဖြစ်မယ့်ဘေးတွေဆိုပြီး ဘုရားဟောခဲ့တယ်။

တပည့်တော်တို့ ခုချိန်မှာပြန်ကြည့်လို့ရှိရင် နှစ်ပိုင်းတွေ့ရတယ်ပေါ့။ စာမေးပွဲတွေ လုပ်နေတဲ့အချိန်မှာလည်း သာဝကဘာသိတတွေဖြစ်တဲ့ သဒ္ဒါသဒ္ဒြတ်နဲ့ အချိန်ကုန်တာက တစ်ကဏ္ဍပေါ့။ ဒါကိုမသင်ရဘူးလို့ တပည့်တော် ဆိုလိုတာ မဟုတ်ဘူးနော်။ ဒါတွေနဲ့ချည်း တစ်သက်လုံး အချိန်ကုန်၊ ဒါကြီးတွေနဲ့ချည်းပဲ တစ်သက်လုံး ပို့ချသင်အံ၊ အဲဒီလို အချိန်ကုန်သွားတာကို ဆိုလိုတာ။ (ကိုယ့်အတွက် ပါဠိတော်သီးသန့်ကြည့်ချိန်၊ ကျင့်ချိန်၊ ဒါမျိုးလေးတွေလည်း ထားရတယ်။) ဒီတစ်ပိုင်းအားဖြင့်လည်း တပည့်တော်တို့ ခု အနာဂတ်ဘေးဆိုတာ ဖြစ်လာတယ်။ နောက်တစ်ပိုင်းက ဘာလဲဆိုတော့

www.dhammadownload.com

တပည့်တော်တို့ ဘာသန္တရတွေသင်တဲ့ ကိစ္စ။ ပဓာနဖြစ်တဲ့ ပါဠိတော်စာပေတွေ ပို့ချမှု သင်ယူမှု မရှိတော့ဘဲနဲ့ ဘာသန္တရသက်သက်ဘက် ရောက်သွားပြီဆိုရင်လည်း ဒီဘုရားဟောနဲ့ သွားငြိနိုင်တယ်ထင်တယ်ပေါ့။ ဒါတွေဟာ သာသနာကွယ်ကြောင်းတွေပဲတဲ့။

ပဉ္စမဘေး

နောက်ဆုံး ပဉ္စမအချက်က ဘာလဲဆို တော့ ... အနာဂတ်မှာ ရဟန်းသာမဏေတွေ ဟာ သီလသမာဓိပညာ သိက္ခာသုံးပါး အားနည်းပြီးတော့၊ တချို့လည်းပဲ လုံးဝမရှိ ဖြစ်ပြီးတော့၊ မရှိတဲ့အပြင်မှာ ပစ္စည်းလေးပါး ပေါများအောင် ကြိုးစားလာကြမယ်တဲ့။ အဲ ... ကိုယ့်သန္တာန်မှာ မရသေးတဲ့မဂ်ဖိုလ်တွေ၊ မဖြစ်သေးတဲ့ပါရမီတွေ ရဖို့၊ ဖြစ်ဖို့ကျတော့ ကြိုးကိုမကြိုးစားကြတော့ဘူးတဲ့။ အဲဒီလိုအခြေအနေရောက်ရင် ဒါလည်း ဘေးတစ်ခုပဲတဲ့။ စဉ်းစားကြည့်နော်။ ခုခေတ်မှာ မြတ်စွာဘုရားဟောတာနဲ့ ကွက်တိဖြစ်လာပြီ။ မြတ်စွာဘုရားက အနာဂတ်မှာ ဒီဘေးတွေက ဖြစ်လိမ့်မယ်။ ခုတော့ မဖြစ်သေးဘူး။ အဲဒါတွေကို သိအောင်ကြိုးစားပါ။ ပြီးရင် တားဆီးပါတဲ့။ ဒါတွေကို ပထမဆုံး သိအောင်ကြိုးစားပါတဲ့။ သိပြီးတဲ့နောက်မှာ ဒီအနာဂတ်ဘေးတွေကို စွမ်းအားရှိသမျှ မဖြစ်အောင် ကြိုးစားပါတဲ့။

သာမဏေကျော် ဒုတိယဆင့် တက်ဖူးတဲ့ ကိုရင်တွေဆိုရင် ဒါတွေ သိနေပါပြီ။ အဲဒီတော့ တပည့်တော်တို့မှာ တာဝန်မရှိဘူးလား။ သီလ သိက္ခာ သမာဓိသိက္ခာ ပညာသိက္ခာတွေ မြင့်လာဖို့အတွက်၊ မဂ်ဖိုလ်နိဗ္ဗာန်တွေ ရလာဖို့အတွက်၊ ပါရမီဖြစ်ဖို့အတွက် မကြိုးစားကြဘူး။ ဒီလိုပဲ ပေါက်ပေါက်ချာချာအလုပ်တွေ၊ သီလသမာဓိပညာ သိက္ခာအားနည်းစေမယ့် အလုပ်တွေ လျှောက်ပြီးတော့ လုပ်နေကြမယ်ဆိုရင် အနာဂတ်ဘေးကြီး ဆိုက်ရောက်လာမယ်ပေါ့။

ဗဟန်းဝိသုဒ္ဓါရုံတိုက်

အဲဒီတော့ ဆရာသမားတွေဖြစ်လာပြီဆိုရင် ဥပမာ ... တပည့်တော်ကစပြီးတော့ ခုနကပြောသလိုဖြစ်နေရင် အရှင်ဘုရားတို့လက်ထက်ကျတော့ တစ်ဆင့်ပိုပြီးနိမ့်သွားပြီ။ နောက်တစ်ဆင့်ကျရင် ပိုနိမ့်သွားမယ်။ တပည့်တော်တို့ ခုနကပြောခဲ့တဲ့ ရန်ကုန် ဗဟန်းဝိသုဒ္ဓါရုံတိုက်ရဲ့ သမိုင်းကို ကြည့်လိုက်မယ်ဆိုရင် ပထမအဆက်မှာ တော်တော်ကြီးကိုမြင့်တယ်။ ဒုတိယအဆက်မှာ ပုံမှန်သာသာလောက်ပဲ ရှိမယ်ထင်ပါတယ်။ ဒါ တပည့်တော် တအားကြီးလည်း လေ့လာမကြည့်လိုက်ရဘူး။ သုံးသပ်ကြည့်ရုံလေးပဲ။ မှားရင်လည်း မှားမှာပေါ့။ ခု တတိယအဆက်မှာ ပြန်ပြီးတော့ ထိုးတက်လာတယ်။ ဒါ ဘာကိုပြနေသလဲ။

တပည့်တော်တို့ ပထမဆရာတော်ကြီးက စာပေလည်းပဲ တော်တယ်။ အနေအထိုင် စိတ်နေစိတ်ထားလည်း ကောင်းတယ်။ ဒါ တပည့်တော်တို့ မှန်းပြီးတော့ ကြည်ညိုရတာပေါ့။ တောင်မြို့ဆရာတော်ကြီးရဲ့ တပည့်လည်းပဲ တော်ခဲ့တယ်မဟုတ်လား။ ဒုတိယဆရာတော်တော့ တပည့်တော် သေချာမသိဘူးပေါ့ဘုရား။ ခု တတိယဆရာတော်ကျတော့ အရှင်ဘုရားတို့လည်း မျက်မြင်ပဲ။ ယောဆရာတော်ဘုရားဟာ စာပေလည်း ပြောစရာမရှိဘူး။ အနေအထိုင် စိတ်ဓာတ်ဘက်ကလည်း သူဟောတဲ့တရားတွေ

www.dhammadownload.com

ကြည့်လိုက်လို့ရှိရင် စိတ်ဓာတ်စွမ်းအားမြင့်ဖို့၊ အာရုံတွေကို နင်းကန်ပြီးတော့ မခံစားဖို့၊ ဒီလို တရားတွေပဲ များတယ်။ သိပ်အနှစ်သာရ ပြည့်ဝတယ်။ ကိုယ်တိုင်လည်း အဲဒီအတိုင်းပဲ ကျင့်ကြံတော်မူတာကို တွေ့မြင်ကြည်ညိုနေရ တယ်။

မြစကြာကျောင်းတိုက်

အဲဒီတော့ ... တပည့်တော်တို့လည်း တပည့်တော်တို့ကျောင်းတိုက်ကို ပြန်ကြည့်မယ်။ မြစကြာဆရာတော် တည်ထောင်သွားကတည်း က သူက အစဉ်အဆက် မြင့်တက်ဖို့ရာအတွက် ရည်ရွယ်သွားတာ။ ခု တပည့်တော်လက်ထက် မှာ စွမ်းအားရှိသမျှ ကြိုးစားနေတယ်။ ခု စာချဘုန်းကြီးဖြစ်နေတဲ့၊ အနုနာယကဘုန်းကြီး ဖြစ်နေတဲ့ ဦးဇင်းတွေလည်း ကိုယ့်ကိုယ်ကိုယ် သုံးသပ်ပြီးတော့ ခုကတည်းက ပြင်ဆင်ရမှာ ပေါ့။ စာတစ်ခုတည်းနဲ့လည်း မပြီးဘူး။ စာ မတတ်လို့လည်း မဖြစ်ဘူးပေါ့။ စာတတ်ပြီး တော့ အကျင့်သိက္ခာကလည်း စွမ်းအားရှိသမျှ တွဲပါလာရမယ်။ သီလဆိုရင်လည်း သီလ လေးပါးလုံး ကိုယ့်ဘက်က အားနည်းတာလေး တွေကို စွမ်းအားရှိသမျှ ဖြည့်ဖြည့်သွားရမှာပဲ။

သမာဓိနဲ့စပ်ပြီးတော့လည်း တပည့်တွေကို အုပ်ချုပ်တဲ့အခါမှာ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ၊ ဒီလေးပါး ထားရမယ်။ တပည့်တော် တို့ တအားကြီးလျော့ရဲပြီးတော့ တပည့်တွေ ပျက်စီးမယ့်ပုံစံမျိုး၊ သဘောကောင်းလွန်းတာမျိုး တွေလည်း မဖြစ်အောင် စွမ်းအားရှိသမျှ တပည့်တော်ကနေစပြီးတော့ စာချဘုန်းကြီးတွေ၊ နောက်ဆုံး စာသင်သားသံဃာတွေအထိ တ ဖြည်းဖြည်းနဲ့ ကြိုးစားကြရမယ်။ ကြိုးစားလိုက် လို့ရှိရင် အနာဂတဘယသုတ်မှာ မြတ်စွာဘုရား ကြိုတင်ဟောခဲ့တဲ့ဘေးတွေကို တပည့်တော်တို့ ပယ်ရာရောက်သွားတယ်ပေါ့ဘုရား။ တပည့် တော်တို့ ကျောင်းတိုက်လည်းပဲ နောက်မျိုးဆက် မှာ ပိုပြီးတော့ ကောင်းသွားမယ်။

နောက်ပြီးတော့ ... ပညာနဲ့စပ်လို့ ပြောရ ရင်လည်း ဒီကျောင်းမှာ တရားလည်း ထိုက် သလောက် ထိုင်တယ်။ စာမေးပွဲတွေ ဘာတွေ ပြီးလို့ရှိရင်လည်း တရားရိပ်သာတွေ ဘာတွေ ဝင်ဖို့ စီမံပေးတယ်။ နောက်ဆုံးမှာ တရား ရိပ်သာဝင်ရုံတင် မဟုတ်ဘဲနဲ့ တပည့်တော်တို့ စာလုပ်နေတဲ့အချိန်အပါအဝင် နေ့စဉ် ပုံမှန်နေ သမျှအချိန်တိုင်း အသိလေးတွေထိုက်သလောက် ကပ်နိုင်အောင် ကြိုးစားကြရမယ်။ သီလသမာဓိ ပညာ ဒီတရားသဘောတွေဟာ ဘယ်နေရာ ဖြစ်ဖြစ် နှလုံးသွင်းလို့ရတာပဲ။ ဒီဟာလေးကို နှလုံးသွင်းနေလိုက်လို့ရှိရင် ဒို့ပြင် မဟုတ်တဲ့ စကားတွေ ဘာတွေလည်း အပြောအဆို နည်း သွားတယ်။ မဟုတ်တာတွေလည်း လုပ်ဖို့ နည်းသွားတယ်။ မဟုတ်တာတွေလည်း ကြံ စည်မှု နည်းသွားတယ်။

တပည့်တော်တို့ လမ်းသွားရင်းနဲ့လည်း တရားသဘောဆိုတာက မှတ်သွားလို့ရပါတယ်။ ဒါမျိုးမှတ်သွားလို့ရှိရင် ကျန်ခြေလည်းပဲ ရှိသွား တယ်။ တရားထိုင်နေတုန်းတင် မဟုတ်ဘဲနဲ့ စာပေပို့ချနေတဲ့အချိန်၊ သာသနာ့အလုပ်လုပ် နေတဲ့ ရိုးရိုးအချိန်တွေမှာလည်း ဒီတရားသဘော တွေကို ဆွဲယူကျင့်ကြံလို့ရှိရင် သိက္ခာတွေ တဖြည်းဖြည်း ပြည့်သွားမှာပါ။ ဒါကြောင့်မို့ တပည့်တော်တို့ဟာ ခုနက ဗဟန်းဝိသုဒ္ဓါရုံတိုက် စာအုပ်ထဲကလို အလေးဂရုပြုထိုက်တဲ့ပုဂ္ဂိုလ် တွေရဲ့ အတ္ထုပ္ပတ္တိလေးတွေ ဖတ်ပြီးတော့၊ သူတို့

www.dhammadownload.com

ဘယ်လိုလုပ်သွားတယ်ဆိုတာ ကြည့်ပြီးတော့၊ အတုယူပြီးတော့ ဒီအတိုင်း လိုက်လုပ်သွားလို့ရှိရင် တပည့်တော်တို့ ကျောင်းတိုက်ဟာလည်း အနာဂတဘယတွေကို ထိုက်သလောက် ကာကွယ်ပြီး သားဖြစ်ပြီး နောက်တစ်ဆက်မှာ ဒီထက်မြင့်တက်ဖို့ပဲ ရှိတယ်ပေါ့ဘုရား။

ချွေးနဲ့သွေးနဲ့ ရင်းခဲ့ကြ

ဒီလိုမှမဟုတ်ဘဲနဲ့ ဒုတိယအဆက်က ပထမအဆက်လောက်မှ မကောင်းဘူးဆိုရင်၊ တဖြည်းဖြည်းကျသွားတယ်ဆိုရင် ကျောင်းတိုက်ကြီးဟာ သိပ်ပြီးတော့ နှမြောစရာကောင်းတယ်။ ပထမတည်ထောင်ခဲ့တဲ့ ဆရာတော်တွေဟာ ချွေးသွေးနဲ့ ရည်မှန်းချက်တွေနဲ့ တည်ထောင်ခဲ့ကြတာ။ မြေလျှဒါန်းတဲ့ပုဂ္ဂိုလ်တွေကလည်း သူတို့ရဲ့ ချွေးနဲ့စာနဲ့ သာသနာတော်အတွက် တကယ်ရည်မှန်းပြီးတော့ လုပ်သွားတာ။ ခု ကျောင်းဆောက်နေတဲ့ ကျောင်းဒကာဦးမင်းဇော်တို့ဆိုလည်း စီးပွားရေးလေးနည်းနည်းဖြစ်လာရင် ကျောင်းတိုက်အတွက်၊ သံဃာတစ်ရာကျော်အတွက် ငါဘာလျှုရမလဲ၊ ဘာဖြည့်ပေးရမလဲဆိုတာတွေကိုပဲ ကြည့်နေတာဟာ သာသနာအတွက် တကယ်ကောင်းစေချင်လို့လုပ်တာပါ။ ဘာသိဘာသာ ပြီးပြီးရောဆိုရင် ကိုယ့်ချွေးနဲ့စာနဲ့ ရှာထားတဲ့ပစ္စည်းကို မလျှုပါဘူး။

ဒါကြောင့် တပည့်တော်ကနေ စပြီးတော့ စာချဘုန်းကြီးတွေ အလယ်၊ စာသင်သားတွေ အဆုံး၊ ဒါလေးတွေကို ကိုယ့်ကိုယ်ကိုယ် တွေးပြီးတော့ သီလဘက်ကလည်းပဲ သီလလေးမျိုးထဲမှာ ကိုယ့်ရဲ့အားနည်းချက်လေးတွေကို စဉ်းစား။ စဉ်းစားပြီးရင် စွမ်းအားရှိသမျှဖြည့်ပေးမယ်။ သမာဓိ စိတ်ထားဘက်ကလည်း ခွူတ်ယွင်းချက်ရှိတာလေးတွေ တွေ့ရင် စွမ်းအားရှိသမျှ ပြုပြင်သွားမယ်။ ပညာဘက်ကလည်းပဲ စွမ်းအားရှိသမျှ တိုးတက်လာအောင် လုပ်မယ်ဆိုရင် တပည့်တော်တို့ကျောင်းဟာ နောက်တစ်ဆက်ဆိုလို့ရှိရင် ဒီထက်ကိုပဲ မြင့်တက်သွားမယ်။ အဲဒီလိုမြင့်တက်သွားရင် သာသနာသိပ်ပြီးတော့ အကျိုးရှိပါတယ်။

ဘေးတွေကိုကာကွယ်ပါ

တပည့်တော်ကတော့ ဒီမှာ နေမှရယ်လို့ မဟုတ်ပါဘူး။ အစွဲအလမ်းလည်း မရှိပါဘူး။ ကျောင်းတိုက်တွေ ဘာတွေ ခွဲနိုင်တဲ့အဆင့်အတန်း ရှိရင်၊ တပည့်တော်ဆီမှာ လာပြီးတော့ ကျောင်းတိုက်အပ်တယ်ဆိုရင် သင့်တော်တာလေးတွေနဲ့ စေလွှတ်လုပ်ကိုင်ပြီး ကျောင်းတိုက်ကြီး တကယ်ကြီးပွားဖို့အတွက် ဝိုင်းဝန်းပြီးတော့ လုပ်သွားမှာပဲ။ ဒီကျောင်းဟာ ငါ့ကျောင်း၊ ငါ့ဆွေမျိုးတွေအတွက်ပဲ၊ ဒါမျိုးစိတ်တွေ မထားဘဲနဲ့ လုပ်လို့ရှိရင် ကြီးပွားမှာပါပဲ။ ဒါကြောင့် ခု ရှေ့ကလည်း တဖြည်းဖြည်းနဲ့ တော်အောင် ကြိုးစားနေကြတယ်။ နောက်ကလည်းပဲ စွမ်းအားရှိသမျှ ကြိုးစားပြီးတော့ လိုက်ပေးပါ။ ဒီလိုကြိုးစားလို့ရှိရင် အနာဂတဘယတွေကို ကာကွယ်ပြီးသား ဖြစ်သွားမှာပါ။

ခု အင်္ဂတ္တိရ်တက်နေတဲ့ ဒုတိယဆင့်သမားတွေဆို ဒီသုတ်လေးတွေကို ရောက်လို့ရှိရင် သေချာစဉ်းစားပြီးတော့ ကြည့်ပါ။ အနာဂတ်ဘေးတွေဟာ သိပ်ကြောက်စရာကောင်းတယ်။ ဒီဘေးတွေဟာ ခုချိန်မှာတောင် ကျရောက်နေပြီ။ ပထမအချက်တွေရော ဒုတိယအချက်တွေရော အားလုံးပေါ့။ ငါးချက်လုံး ရောက်နေပြီ။ ဒါ ဒီတစ်သုတ်အနေနဲ့ ပြောတာပေါ့။ နောက်

www.dhammadownload.com

စပ်လို့ရှိရင် တပည့်တော် စတုတ္ထသုတ် စတာတွေလည်း ထပ်ပြီးတော့ ပြောဦးမယ်။ ဒီဘေးတွေ ရောက်နေတာကို တပည့်တော်တို့က စွမ်းအားရှိသမျှ တွန်းလှန်ပေးပါ။ စိတ်အလိုကို မလိုက်ပါနဲ့။ တပည့်တော်တို့ ဓမ္မပဒတွေ ဘာတွေထဲမှာလည်း စိတ်အလိုလိုက်လို့ရှိရင် ပျက်စီးရာပျက်စီးကြောင်းတွေ တွေ့မယ်ဆိုတာ ပါပါတယ်။

ဒါကြောင့် ... တပည့်တော်က စပြီးတော့ စာသင်သားကိုရင်ငယ်လေးအဆုံးအထိ စွမ်းအားရှိသမျှ ကျင့်ကြံကြိုးကုတ်အားထုတ်ပြီးတော့ အနာဂတ်ဘယတွေကို ကြိုးစားပြီးတော့ ကာကွယ်ကြပါ။ ကာကွယ်ရင်းနဲ့လည်း ကိုယ့်ကျောင်းတိုက်ကိုယ် မြှင့်တင်ပေးရာရောက်သွားပါတယ်။ အဲဒီလို မြင့်မြတ်သော စိတ်နေစိတ်ထားနဲ့ ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်တဲ့ သာသနာ့အာဏာနည်များ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

ဓမ္မနဲ့ဝိနယ

၁၃၆၆ ခု၊ ပထမဝါဆိုလပြည့်နေ့
၂၀၀၄ ခု၊ ဇူလိုင်လ ၁ ရက်၊ ကြာသပတေးနေ့ ည

ဆုံးဖြတ်နည်း

ကဲ ... ဒီနေ့ ပထမဝါဆိုလပြည့်နေ့ ရောက်ပြီ။ ဝါဆိုဖို့ရာ တစ်လပဲ လိုတော့တယ်။ အဲဒီတော့ ဒီတစ်လလိုတဲ့အတွင်းမှာ ကိုယ့်ကိုယ် ကိုယ် ပြန်ပြီးတော့ စစ်ကြည့်ထားပေါ့။ မနေ့ကလည်း တပည့်တော် ပြောခဲ့တယ်။ ကျောင်းတိုက်တစ်တိုက်ရဲ့စည်းကမ်းတွေဟာ ကိုယ့်ပေါ်မှာ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေရင် အဲဒီကျောင်းဟာ ကိုယ်နဲ့ မသင့်တော်ဘူး။ ပြောင်းပြန်ပြန်လိုက်ပေါ့။ ဒီကျောင်းမှာလုပ်နေတဲ့ စည်းကမ်းလေးတွေ၊ ကျင့်နေတဲ့အကျင့်လေးတွေဟာ ကိုယ့်အတွက် ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းဖြစ်ပြီး သာသနာတော်အတွက်လည်း အင်မတန်မှ အရေးကြီးတယ်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်လို့ရှိရင်တော့ ကိုယ့်ကိုယ်ကိုယ် ဒီကျောင်းနဲ့သင့်တော်တယ်လို့ ဆုံးဖြတ်ပါ။

ဒါကြောင့် ... ကိုယ့်ကိုယ်ကိုယ် သုံးသပ်ပါ။ ဒါ တစ်လလိုသေးတယ်နော်။ တပည့်တော်တို့လည်း အရေအတွက်ထက် အရည်အချင်းကိုပဲ အဓိကလိုချင်ပါတယ်။ ဒါကြောင့် ပြောင်းတာရွေ့တာကို တပည့်တော် အပြစ်မဆိုပါဘူး။ ဟိုအရင်အပတ်ကလည်း တပည့်တော် ပြောခဲ့တယ်။ ဘာပြောခဲ့လဲဆိုတော့ ... အနာဂတဘယတွေနဲ့စပ်ပြီး 'ဓမ္မသန္ဒောသာ

www.dhammadownload.com

ဝိနယသန္နောသော၊ ဝိနယသန္နောသာ ဓမ္မသန္နောသော'၊ ဓမ္မသန္နောသာ = ဓမ္မတွေ ပျက်စီးသွားလို့ရှိရင်၊ ဝိနယသန္နောသော = ဝိနည်းစည်းကမ်းတွေလည်း ပျက်စီးသွားတယ်တဲ့။ ဝိနည်းစည်းကမ်းပျက်စီးခြင်းသည် ဓမ္မပျက်စီးခြင်းကြောင့်ပဲ။

ပဓာနကြည့်ရမယ့်တရား

နောက်တစ်ခါ 'ဝိနယသန္နောသာ ဓမ္မသန္နောသော'တဲ့။ အဲဒီလို ဝိနည်းပျက်စီးသွားပြီဆိုရင် ဓမ္မလည်းပဲ ပျက်စီးသွားမယ်။ ဒါ တပည့်တော်တို့ ပြောခဲ့တယ်။ တစ်လောကလည်းပဲ မြဝတီဆရာဘုန်းကြီးနဲ့ ဒီအကြောင်းတွေ ဆွေးနွေးခဲ့တယ်ပေါ့။ တပည့်တော်တို့ ပါဠိတော်ကျမ်းရင်းကြီးတွေမှာ၊ ဝိနည်းတွေ ဆုံးဖြတ်တဲ့နေရာမှာ၊ စတုဗ္ဗိဓဝိနယဆိုတာ ရှိတယ်ပေါ့။ တပည့်တော်တို့ ပဓာနကြည့်ရမှာက သုတ္တဆိုတဲ့ ဘုရားဟောတွေကို အဓိကကြည့်ရမယ်။ ပြီးတော့မှ သုတ္တာနုလောမဆိုတဲ့ ဘုရားဟောနဲ့လျော်တာတွေကို ပြန်ပြီးတော့ ကြည့်ရတယ်။ နောက် ..... အာစရိယဝါဒ၊ နောက် ... အတ္တနောမတိ၊ ဒါတွေကို ကြည့်ရတယ်။ ဒီလေးမျိုးထဲမှာ သုတ္တ ဆိုတဲ့ ဘုရားဟောတွေက သိပ်အရေးကြီးတယ်ပေါ့။

အဲဒီတော့ ... တပည့်တော်ဆိုလိုတာက မြတ်စွာဘုရားက အနာဂတဘယသုတ်တွေမှာ ပထမ ဓမ္မပျက်စီးလို့ရှိရင် ဝိနယပျက်စီးပါတယ်တဲ့။ နောက်မှ ဝိနယပျက်စီးလို့ရှိရင် ဓမ္မတွေ ပျက်စီးတယ်တဲ့။ အဲဒီလို ဓမ္မကို ရှေ့ကနေပြီးတော့ ပြထားတဲ့အကြောင်းလေးပေါ့ ဘုရား။ အဲဒီတော့ ... ဓမ္မဆိုတာ ဘာလဲမေးရင် ကိုယ့်ရဲ့ သီလလေးတွေ၊ ကိုယ့်ရဲ့ စိတ်ကောင်းစိတ်မြတ်ဆိုတဲ့ သမာဓိလေးတွေ၊ ကိုယ့်ရဲ့သန္တာန်မှာ ဖြစ်တည်လာတဲ့ အသိဉာဏ်ပညာတွေ၊ ဒါတွေဟာ ဓမ္မတွေပဲ။ ဒါတွေ တိုးတက်မှုမရှိဘူး၊ ပျက်စီးပြီဆိုရင် နောက်က ဝိနယဆိုတဲ့စည်းကမ်းတွေလည်း ပျက်စီးတယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်။

တရားစောင့်သူ

ဒါကြောင့် ... တပည့်တော်တို့ ကိုယ့်အတွက် ဒီဝိနည်းစည်းကမ်းတွေ၊ ကျောင်းတိုက်စည်းကမ်းတွေဟာ ဝန်ထုပ်ဝန်ပိုး မဖြစ်ချင်ပါဘူးဆိုရင် ဓမ္မကို မြတ်နိုးရတယ်။ ပထမဆင့်၊ ဒုတိယဆင့်ကိုရင်တွေ အားလုံးရပြီးသား ဂါထာလေးတစ်ပုဒ်လည်း ရှိတယ်။ ဆိုကြည့်ပါ။

'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ၊
န ဒုဂ္ဂတိ ဂစ္ဆတိ ဓမ္မစာရိ'

ဓမ္မဟာ ဓမ္မကိုစောင့်ရှောက်တဲ့ပုဂ္ဂိုလ်ကို ပြန်စောင့်ရှောက်တယ်တဲ့။ ဒါတွေဟာ မယုံကြည်စရာ မရှိဘူးပေါ့ဘုရား။ ဝိနယကွယ်တယ်ဆိုတာ သာသနာကွယ်တာပါပဲ။ အဲဒီဝိနယကွယ်တာကလည်း ဓမ္မကွယ်ခြင်းကြောင့်ပဲတဲ့။ ဒါက တပည့်တော်တို့ မြတ်စွာဘုရားကိုယ်တိုင် 'ဓမ္မသန္နောသာ ဝိနယသန္နောသော'ဆိုပြီး အဂ်ိုတ္တိရ်ပါဠိတော်မှာ တိုက်ရိုက်ဟောထားခဲ့တာ။

နောက် ... တပည့်တော်တို့ အများသိကြတဲ့ စကားလေးတစ်ခွန်းရှိသေးတယ်ပေါ့။ ရှေးဆရာတော်ကြီးတွေ၊ အဋ္ဌကထာဆရာတော်ကြီးတွေ မိန့်ဆိုသွားတော်မူတဲ့ 'ဝိနယော နာမ သာသနဿ အာယု'ဆိုတာလေး။ ဝိနယော နာမ = ဝိနည်းမည်သည်၊ သာသနဿ = သာသနာ

www.dhammadownload.com

တော်၏၊ အာယု = အသက်တည်း။ ဝိနည်းဆိုတာ သာသနာတော်ရဲ့အသက်ပဲတဲ့။ နောက်ထပ်တစ်ခါ 'ဝိနယေ ဠိတေ သာသနံ ဋ္ဌိတံ နာမ'တဲ့။ ဝိနည်းတည်လို့ရှိရင် သာသနာလည်းပဲ တည်ပြီးသားဖြစ်သွားမယ်တဲ့။ ဒီစကားကလည်း တစ်ခုပေါ့။

ဘယ်ဟာယူမလဲ

စောစောက တပည့်တော်တို့ ပါဠိတော်ကျတော့ 'ဓမ္မသန္တေသာ ဝိနယသန္တေသော' တဲ့။ သံဃာတော်တွေ ဗုဒ္ဓဘာသာဝင်တွေရဲ့ သန္တာန်မှာ ဓမ္မတွေကင်းပျောက်ပြီဆိုရင် ဝိနည်းကွယ်၊ သာသနာလည်းကွယ်မယ်။ ဓမ္မဆိုတာ ကျင့်ကြံကြိုးကုတ်အားထုတ်ရမယ့် သီလသမာဓိပညာအကျင့်တွေ၊ စိတ်ကောင်းစိတ်မြတ်တွေ၊ သူတစ်ပါးအပေါ်မှာ သနားတဲ့ကရုဏာ၊ အကျိုးဆောင်ချင်တဲ့မေတ္တာ စတာတွေ။ ဒါတွေ ကင်းပျောက်လာပြီဆိုရင် ဝိနယကွယ်တယ်။ ဝိနယကွယ်တယ်ဆိုတာကို ဥပမာတစ်ခု ပြောပြမယ်။ တပည့်တော်တို့ ရဟန်းတစ်ပါး ဆိုပါစို့။ သူ့သန္တာန်မှာ ပါရာဇိကလေးပါးဆိုတဲ့ ဝိနည်းမရှိရင် သူ့မှာ သာသနာတော်ကြီးကွယ်တာပဲ။ အဲဒီတော့ ဓမ္မပျောက်ခြင်းကြောင့် ဝိနယပျောက်တယ်လို့ မြတ်စွာဘုရားက ဟောတယ်။

အဋ္ဌကထာတွေကတော့ 'ဝိနယော နာမ သာသနဿ အာယု' ဆိုပြီးတော့ ဝိနယကို အဓိကထားပြောသွားတယ်။ အဋ္ဌကထာဆိုတာတော့ ပါဠိတော်နဲ့စာလို့ရှိရင်တော့ မူရင်းမကျဘူးပြောရမှာပေါ့ဘုရား။ အဲဒီတော့ ... တပည့်တော်တို့က ဓမ္မကိန်းအောင်လုပ်မှ စည်းကမ်းဥပဒေတွေဆိုတာ ဝန်ထုပ်ဝန်ပိုးမဖြစ်မှာပဲ။ ဒါကြောင့် 'ဓမ္မသန္တေသာ ဝိနယသန္တေသော' ဆိုတာလေးက ပိုကောင်းတဲ့အကြောင်း ပြောချင်တာပါ။ တစ်နေ့က မြဝတီရောက်တော့လည်း ဆရာဘုန်းကြီးက ဆွေးနွေးလို့၊ အဲဒါလေးတွေ တပည့်တော်လည်းပဲ သဘောကျလို့ ပြန်ပြီးတော့ ဆွေးနွေးခဲ့တယ်ပေါ့ဘုရား။

ဓမ္မ အရေးကြီး

ဒီအဋ္ဌကထာတွေဆိုတာက ဘုရားဟောနဲ့စာရင် နောက်မှပေါ်တဲ့စကား၊ အာစရိယဝါဒလည်းပဲ ဖြစ်မှာပေါ့ဘုရား။ အဲဒီတော့ ဒီဝိနယတွေ မပျောက်ပျက်အောင်ဆိုတာ ဓမ္မက သိပ်ပြီးတော့ အရေးကြီးတယ်။ မြတ်စွာဘုရားကလည်း ဒါကို 'ဓမ္မသန္တေသာ ဝိနယသန္တေသော'လို့ ဓမ္မကို စဟောပြီး၊ နောက်မှ 'ဝိနယသန္တေသာ ဓမ္မသန္တေသော'လို့ ဆက်ပြီးတော့ ဟောထားတယ်။ ဒါကြောင့်မို့ ဒီဓမ္မလေးတွေက အသေးစိတ်ကစ သိပ်ပြီး အရေးကြီးပါတယ်။

ဥပမာဆိုပါတော့ ... တပည့်တော်တို့ ဒီကျောင်းမှာ စည်းကမ်းဥပဒေတွေ သိပ်ပြီးတော့ မဆွဲသေးဘူး။ ပြစရာ စည်းမျဉ်းစည်းကမ်းဆိုလို့ တပည့်တော်တို့ကျောင်းမှာ များများ မရှိဘူး။ မရှိပေမဲ့ ထိုက်သလောက် ငြိမ်းနေတာဟာ တပည့်တော်အနေနဲ့ အရှင်ဘုရားတို့သန္တာန်မှာ မြတ်စွာဘုရားရဲ့ ဝိနည်းစည်းကမ်းလေးတွေ လိုက်နာချင်စိတ်ပေါက်လာအောင်၊ သာသနာအတွက် အလုပ်လုပ်ချင်စိတ်ပေါက်လာအောင်၊ ပရဟိတစိတ်မာတ် ဘုရားအလောင်းစိတ်မာတ်လေးတွေ ကိန်းအောင်းလာအောင်ဆိုပြီး တတ်စွမ်းသမျှ ခုလိုညဝါဒလေးတွေနဲ့ ပြုပြင်ပဲ့ကိုင်ပေးနေလို့ပဲ မဟုတ်လား။

တောင်မြို့ဆရာတော်စိတ်မာတ်

တပည့်တော်တို့ တောင်မြို့ဆရာတော်ကြီး

www.dhammadownload.com

မိန့်ခဲ့တာရှိတယ်။ ဘုန်းကြီးက ဗုဒ္ဓမြတ်စွာကို ကြည်ညိုတာဟာ ဘုရားဖြစ်မှမဟုတ်ပါဘူး။ အလောင်းတော်ဘဝမှာ သူတစ်ပါးရဲ့အကျိုးတွေ ဆောင်ရွက်တယ်။ သူတစ်ပါးအတွက် အနစ်နာခံတယ်။ နောက်ဆုံး ... အသက်ပါစွန့်ပြီးတော့ သူတစ်ပါးအကျိုးတွေ ဆောင်ရွက်ခဲ့လို့ ပါရမီဖြည့်စဉ် အလောင်းတော်ဘဝကတည်းက ကြည်ညိုတာပါတဲ့။ အဲဒီတော့ ... တောင်မြို့ ဆရာတော်ကြီးရဲ့စိတ်ဓာတ်ကို ကြည့်လိုက်နော်။ မြတ်စွာဘုရားအပေါ်မှာ ဘုရားဖြစ်မှမဟုတ်ဘဲ အလောင်းတော်ဘဝကတည်းက ကြည်ညိုတာပါတဲ့။ ဘုရားအလောင်းတော်ကို ဘာလို့ ကြည်ညိုတာလဲဆိုရင် ပရဟိတစိတ်ဓာတ်ကြောင့်ပါတဲ့။ စာစကားနဲ့ပြောရင် လောကတ္ထစရိယကြောင့်ပေါ့။

အဲဒါ သိပ်အရေးကြီးတယ်။ အဲဒီလို စိတ်ဓာတ်တွေများလာတဲ့ပုဂ္ဂိုလ်ဟာ ဓမ္မတွေ ကိန်းဝပ်လာတယ်။ ဓမ္မကိန်းဝပ်လာရင် ဝိနယတွေက အလိုလို သူ့ဟာသူ ပါလာတာပဲ။ စည်းကမ်းကြီးတွေလို့ မထင်တော့ဘဲနဲ့ ကိုယ့်အတွက် တိုးတက်ရာတိုးတက်ကြောင်း အထိန်းအကွပ်လေးတွေဆိုပြီး မြတ်နိုးလာတတ်တယ်။ အဲဒီပုဂ္ဂိုလ်ဟာ ဘယ်တော့မှ စည်းကမ်းမဖောက်တော့ဘူး။ ဒါကြောင့် ... ဓမ္မက သိပ်အရေးကြီးပါတယ်။ ဒါကြောင့် တပည့်တော်လည်းပဲ ဒီမှာ လူကြီးတစ်ယောက်အနေနဲ့၊ ထိန်းကွပ်တဲ့အနေနဲ့၊ ဒါတစ်နိုင်ငံလုံး တစ်ကမ္ဘာလုံး ကြည့်နေကြတဲ့ ဘောပွဲတွေ ဘာတွေဆိုရင်လည်း စွမ်းအားရှိသမျှ ထိန်းပေးတယ်။ ဒါ ဓမ္မကို ထိန်းသိမ်းတတ်အောင်လို့ တပည့်တော်ကနေပြီး စောင့်ရှောက်ပေးတဲ့ သဘောပါ။ ချုပ်ချယ်တဲ့သဘော မဟုတ်ဘူး။

ဘောလုံးပွဲတွေ

အားလုံး လွန်လွန်ကဲကဲ ဖြစ်သွားရင် ဘာမှ မကောင်းဘူးဆိုတာ တပည့်တော်သိတယ်။ တပည့်တော်ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် ချုပ်တည်းပါတယ်။ အရှင်ဘုရားတို့ကိုပဲ ချုပ်တည်းခိုင်းတာမဟုတ်ဘူး။ အကြီးတွေကိုလည်း အခွင့်သင့်ရင်သင့်သလို တပည့်တော် သတိပေးတယ်။ ဒီဟာတွေက ကြည့်ရုံနဲ့ မပြီးဘူး။ မပြီးဘူးဆိုတာကို တပည့်တော် ရှင်းပြဦးမယ်။ တပည့်တော်တို့ ဒုစရိုက် သုစရိုက်ဆိုတာ ရှိတယ်။ ဒုစရိုက် သုစရိုက်ဆိုတာ တကယ်တော့ သီလထဲလည်း ပါတယ်လို့ပြောလို့ရတယ်။ တချို့ အရာတွေက သီလပျက်တယ်လို့ ပြောလို့မရတာတွေလည်း ရှိတယ်။ ဥပမာအားဖြင့် ဆယ်ပါးသီလ ဆိုပါစို့။ ဝစီဒုစရိုက်လေးပါး ရွတ်ကြည့်စမ်းပါ။

(၁) မုသာဝါဒ၊ (၂) ပိသုဏဝါစာ၊ (၃) ဖရုသဝါစာ၊ (၄) သမ္ဖပ္ပလာပဝါစာ။

အဲဒီအထဲက သမ္ဖပ္ပလာပဝါစာခေါ်တဲ့ စကားတွေဆိုလို့ရှိရင် ဘယ်သီလပျက်တယ်လို့ ပြောရမလဲ။ သမ္ဖပ္ပလာပဆိုတာ ဟိုတုန်းက သီတာဒေဝီကို ဒဿဂီရိက ခိုးတဲ့အကြောင်း၊ ဒါမျိုးတွေကို စာပေတွေထဲမှာ သမ္ဖပ္ပလာပလို့ ဖွင့်တယ်။ ဒီဘောပွဲတွေ ဘာတွေကြည့်ပြီဆိုရင်လည်း ဒီစကားတွေက သိပ်ပြီးတော့ ပြောချင်စိတ်အားသန်တတ်တယ်။ ဒါ တပည့်တော်ရဲ့ ငယ်ငယ်က ကိုယ်တွေ့လည်း ဖြစ်ပါတယ်။ ကြီးလာတဲ့အခါမှာလည်း ဒါတွေက တွေ့တွေ့နေရတယ်။ ဒီစကားမျိုးတွေဟာ တပည့်တော်တို့က မပြောနဲ့ဆိုပြီး အာဏာနဲ့ ပိတ်လို့လည်းမရဘူး။ ပြောပြန်တော့လည်း အောက်က လူငယ်တွေက အတုခိုးတယ်။ ဒါကြောင့်မို့ တပည့်တော်က

www.dhammadownload.com

ဒီကျောင်းမှာ ဒါတွေကို ထိန်းသိမ်းပေးပါလို့ မေတ္တာရပ်ခဲ့တာ။

ဓမ္မနဲ့ကြည့်ရတော့မယ်

ဒုစရိုက် သုစရိုက်နဲ့ကြည့်ရင် သမ္မပ္ပလာပ ဝိရတိဆို သုစရိုက်ဖြစ်သွားတယ်။ ဒါ ဝိနည်း သိက္ခာပုဒ်အရ ပြောရင် အပြစ်ရှာရတာ သိပ်ခက်တဲ့ဟာတွေ။ 'ဒါတွေပြောတယ်၊ ဘယ်သိက္ခာပုဒ်နဲ့ တပ်မလဲ' အဲဒီလို ဝိနည်းတစ်ခုတည်း သွားကြည့်လို့ မရတော့ဘူးပေါ့ဘုရား။ ဒီတော့ ... ဓမ္မနဲ့ပဲ ကြည့်ရတော့မယ်။ ဓမ္မနဲ့ ဘယ်လိုကြည့်မလဲ။ ဘောပွဲတွေကြည့်ပြီးတော့ သမ္မပ္ပလာပတွေ အများကြီး မြိန်ရေရှက်ရေနဲ့ ပြောလာလို့ရှိရင် ကိုယ့်သန္တာန်မှာ ဓမ္မပျက်လာတယ်။ ဓမ္မတွေ ပျက်သွားပြီး ခိုးထွက်ကြည့်ချင်စိတ်တွေ ပေါက်လာတာ၊ ဒါမှမလုပ်ရရင် မနေနိုင်ဘူးဆိုတာ၊ ဒါတွေဟာ ဝိနယသန္ဒေါသောတွေ ဖြစ်သွားတာပဲ။ ဒါတွေဖြစ်သွားလို့ရှိရင် တပည့်တော်တို့ အနာဂတ်ဘယသုတ်အတိုင်းပဲ သာသနာတော်အတွက် သိပ်ပြီးတော့ စိုးရိမ်စရာကောင်းသွားတယ်။ မြတ်စွာဘုရားက ဒါတွေမဖြစ်အောင် ကြိုးစားပြီးတော့ ကျင့်ကြပါလို့ ဟောထားတယ်။ ဒါကြောင့်မို့ တပည့်တော်တို့လည်း စွမ်းအားရှိသမျှ လုပ်ပေးနေရတာ။ ကြိုးကြပ်နေရတာ။

သုဂတဝိနယသုတ်

အရှင်ဘုရားတို့ နားလည်အောင် ပြန်ပြောမယ်။ 'ဓမ္မသန္ဒေါသာ ဝိနယသန္ဒေါသော' ဆိုတာက မူရင်း မြတ်စွာဘုရားဟော။ စောစောက 'ဝိနယော နာမ သာသနဿ အာယု' ဆိုတာတွေက အဋ္ဌကထာစကား။ ဒီအဋ္ဌကထာစကားတွေက ဘုရားဟောပါဠိတော်တွေထဲမှာ တိုက်ရိုက်ရယ်လို့ မရှိဘူးပေါ့။ တိုက်ရိုက်မရှိတဲ့ အကြောင်းကို တပည့်တော်တို့ ဥပမာအားဖြင့် စတုက္ကထဝိက သုဂတဝိနယသုတ်နဲ့ နည်းနည်းလေးထုတ်ကြည့်ပေါ့။ အဲဒီမှာ ဘယ်လိုလာလဲဆိုတော့ ... အင်္ဂါလေးချက်နဲ့ ပြည့်စုံရင် သာသနာတော်ကြီးကွယ်မယ်တဲ့။

အင်္ဂါလေးချက်က ဘာတွေလဲ။ ပထမအချက်က ... မြတ်စွာဘုရားဟောထားတဲ့ ဒေသနာတော်တွေကို ပုဒ်ပါဠိမမှန်မကန်နဲ့ သင်ယူရင် သာသနာကွယ်မယ်တဲ့။ ဒါ ဝိနည်းကြောင့်ကွယ်တာလား၊ ဓမ္မကြောင့်ကွယ်တာလား၊ စဉ်းစားကြည့်ပေါ့။ ပုဒ်ပါဠိအက္ခရာတွေကို မမှားအောင် သေသေချာချာ ဂရုတစိုက်နဲ့၊ စေတနာသန့်သန့်လေးတွေနဲ့၊ မေတ္တာလေးတွေနဲ့၊ ကရုဏာလေးတွေနဲ့ နားမလည်တဲ့လူကို သေချာဖတ်ပြ၊ ကိုယ်ကိုယ်တိုင်လည်း အနစ်နာခံပြီးတော့ 'နောက်လူတွေအတွက် ငါကြိုးစားပြီး နားလည်အောင်လုပ်မယ်' ဆိုတဲ့ စိတ်ဓာတ်လေးတွေနဲ့။ အဲဒီလို မေတ္တာကရုဏာများပြီးတော့ ဓမ္မတွေသာကိန်းလာရင် သာသနာမကွယ်နိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ပဲ။ ဒါကြောင့် ဒီအင်္ဂါမှာ ဒီသာသနာကွယ်ကြောင်းမှာ ဝိနည်းပါသလား။ မပါဘူးနော်။

နောက် ... ဒုတိယအချက်က ရဟန်းသာမဏေတွေဟာ ပြောစကားဆိုစကား နားမထောင်တဲ့ ဒုဗ္ဗစပုဂ္ဂိုလ်တွေ များလာရင်လည်း သာသနာကွယ်မယ်တဲ့။ ဒါလည်းပဲ တိုက်ရိုက် ဝိနယမှာ သွားမထိဘူး။ စကားနားမထောင်ဘူးဆိုတာတွေက သူ့သန္တာန်မှာ အဂါရဝတရားတွေ၊ ဒေါသအကုသိုလ်တရားတွေ များလာတာပဲ။ ဓမ္မပျက်လာလို့ သာသနာကွယ်တာပဲ။

နောက် ... တတိယအချက်က စာတော်ပေတော်ဖြစ်တဲ့၊ စာချစ္ဆမ်းနိုင်တဲ့ ရဟန်းသာမဏေ

www.dhammadownload.com

တွေဟာ စာပေတွေကို ကောင်းကောင်းမွန်မွန် မချတော့ဘူးဆိုရင် သာသနာကွယ်မယ်တဲ့။ ဒါလည်းပဲ ဓမ္မကွယ်တဲ့အထဲကပဲ။ စာမချတဲ့အတွက် ဝိနည်းအနေနဲ့တော့ ဘာအာပတ်မှ မသင့်ပါဘူး။ ဒါ 'ဓမ္မသန္ဓေါသာ ဝိနယသန္ဓေါသော'ကို တပည့်တော် ထောက်ပြနေတာနော်။

စတုတ္ထအချက်က ဘာလဲဆိုတော့ ... နောင်အနာဂတ်မှာ ရဟန်းသာမဏေတွေဟာ ပစ္စည်းလေးပါးတွေကိုပဲ ဂုဏ်တုဂုဏ်ပြိုင်နဲ့ ကြိုးစားရှာဖွေပြီးတော့၊ ရသထက်ရအောင် များသထက်များအောင် ကောင်းသထက်ကောင်းအောင် လုပ်ပြီးတော့၊ သီလသမာဓိပညာဆိုတဲ့ တရားတွေကိုကျတော့ ရဖို့ရာ မကြိုးစားတော့ဘူးဆိုရင် သာသနာတော်ကွယ်မယ်တဲ့။ ပစ္စည်းလေးပါးရအောင် လုပ်တယ်ဆိုတော့ ဝိနယပျက်တာတွေလည်း ရှိမှာပေါ့။ ဒါပေမဲ့ အရင်ဆုံးကတော့ ကိုယ့်သန္တာန်မှာ လောဘ သိပ်အားကြီးသွားလို့ ဖြစ်ရတာမဟုတ်လား။ ဒါလည်း ဓမ္မအဓိကပျက်လို့ ဖြစ်ရတာပဲ။

ဘုရားစကား အလေးထား

အဲဒီတော့ ... တပည့်တော်တို့ ဒီ သာသနာပျက်ကြောင်းတွေကို ထောက်လို့ရှိရင် 'ဓမ္မသန္ဓေါသာ ဝိနယသန္ဓေါသော'ဆိုတာ သိပ်ပြီးတော့ အလေးထားဖို့ကောင်းတယ်။ တပည့်တော်တို့ 'ဝိနယော နာမ သာသနဿ အာယု' ဆိုတာလည်း အခြေခံလိုက်ရင် ဓမ္မပဲ။ ဓမ္မပျက်တဲ့ပုဂ္ဂိုလ်မှာ ဝိနည်းစည်းကမ်းဆိုတာ ပျက်လာတာပဲ။ စောစောကပြောတဲ့ ဘောလုံးပွဲနဲ့စပ်ပြီး တစ်နေ့က ရွာပြန်လွှတ်လိုက်ရတဲ့ကိုရင်တစ်ပါးကိုပဲ ဥပမာပေးလိုက်မယ်။ ဘောလုံးပွဲကြည့်ချင်စိတ်တွေ ပြင်းထန်လာတော့၊ သူ့သန္တာန်မှာ လောဘတွေ သမ္မပ္ပလာပတွေ သိပ်များလာတော့ ဝိနည်းစည်းကမ်းတွေ သိပ်ချိုးဖောက်ချင်စိတ်ပေါက်လာတယ်။ ဒါကို ထိုက်သလောက် နိုင်အောင်ထိန်းနိုင်တဲ့ သံဃာတွေကျတော့ ဒါမျိုးမချိုးဖောက်ဖြစ်ဘူးပေါ့။ ဝိနည်းစည်းကမ်း မချိုးဖောက်ဖြစ်တော့ ကိုယ့်ဟာကိုယ် အလုပ်ဆက်လုပ်လို့ရတယ်။

ဒါကြောင့် ... ဒါတွေ လွန်လွန်ကဲကဲ မဖြစ်ဖို့ တပည့်တော်က သတိပေးနေရတယ်။ ဘယ်လိုနည်းနဲ့လုပ်ရင် ဒီကျောင်းမှာ ဒါတွေ လွန်လွန်ကဲကဲ မဖြစ်မလဲဆိုတာလည်း တပည့်တော် ခေါင်းထဲမှာ အမြဲရှိပါတယ်။ ဒါတွေဟာ ချုပ်ချယ်တာမဟုတ်ပါဘူး။ အားလုံးကောင်းဖို့၊ သာသနာကောင်းဖို့ပါ။ ဒါလောက်ဆိုရင် အရှင်ဘုရားတို့ ဓမ္မကြောင့် ဝိနယကွယ်တယ်၊ ဝိနယကြောင့် ဓမ္မအပြန်အလှန်ကွယ်တယ်ဆိုတာ နားလည်လောက်ပါပြီ။ ခုနကပြောတဲ့ သုဂတ ဝိနယသုတ်လာ သာသနာကွယ်ကြောင်းလေးပါးနဲ့ ချိန်ထိုးကြည့်ရင်လည်း ဓမ္မတွေကွယ်ခြင်းကြောင့် သာသနာကွယ်တယ်လို့ မြတ်စွာဘုရား အတိအလင်းဟောခဲ့တဲ့ သဘောပါပဲ။

ထပ်ပြောချင်တာလေးတစ်ခု

နောက်တစ်ခု တပည့်တော် ထပ်ပြောချင်တာ ရှိသေးတယ်။ ဒါ အားလုံးလည်း သိထားသင့်တဲ့ကိစ္စမို့ပါ။ တစ်နေ့ကလည်း ဦးဇင်းတစ်ပါးကို တပည့်တော် သတိပေးပြီးပြီ။ ကိုရင်တစ်ပါးပါး ဒီကျောင်းမှာ နေပြီးလို့ ထွက်မယ်ဆိုပါစို့။ တပည့်တော်က မထွက်နဲ့လို့ မပြောဘူး။ တချို့ကျောင်းတွေမှာဆိုရင် ဟိုကျောင်းကနေ ဟိုကျောင်းပြောင်းရင် အဲဒီကိုရင် လက်မခံနဲ့ စသည်ဖြင့် ပိတ်တာမျိုးတွေ ရှိတယ်ပြောတယ်။

www.dhammadownload.com

တပည့်တော်မှာ အဲဒီလိုစိတ် လုံးဝမရှိဘူး။ တပည့်တော် စွမ်းအားရှိရင် အဆင်ပြေပါစေဆိုပြီး ကိုယ်တိုင်တောင် လိုက်လုပ်ပေးဖြစ်သေးတယ်။ ဟိုတုန်းကလည်း ကိုရင်တစ်ပါး ထွက်သွားတယ်။ တပည့်တော် ကိုယ်တိုင်ပဲ သူနေချင်တယ်ဆိုတဲ့ ရန်ကုန် တိပိဂန္ဓာရုံကို အပ်ပေးဖူးပါတယ်။ တပည့်တော် ဆိုလိုတာက ဘာလဲဆိုတော့ … တပည့်တော်ဆီ ပွင့်ပွင့်လင်းလင်း လာလျှောက်ပြီးမှ လုပ်ပါ။ တပည့်တော်စိတ်ထဲ ဘာမှမဖြစ်ဘူး။

အဲဒီလိုလာလျှောက်ရင် တပည့်တော်က ကိုယ့်မိဘနဲ့ကိုယ်၊ ကိုယ့်ဆရာသမားနဲ့ကိုယ် ပြေလည်အောင် သွားပြီးတော့ ညှိနှိုင်းပါလို့ ဒါလေး အရင်ပြောလိုက်တယ်။ ကူညီချင်တဲ့ဦးဇင်းတွေကလည်း အဲဒီလိုပြေလည်အောင် လုပ်ပြီး၊ နောက်မှ ကိုယ်ကိုယ်တိုင် လိုက်ပြီးတော့ ကျောင်းတွေ ဘာတွေရှာပေး။ ဒါဆို ပြဿနာ မရှိဘူး။ အပြစ်မရှိဘူး။ ခု ဒီဦးဇင်းလုပ်တဲ့ ပုံစံမျိုးကျတော့ မကောင်းဘူးပေါ့ဘုရား။ သူ့ညီရှင်…… ထွက်သွားတယ်။ အဲဒီကိုရင်ကိုလည်း တပည့်တော် တော်တော် ဒုဗ္ဗစသဘောရှိတဲ့ ပုဂ္ဂိုလ်လို့ တွေးမိတယ်ပေါ့။ သူက သူ့မိဘနဲ့ သွားပြီးတော့ ပြေလည်အောင် ညှိပါမယ်ဆိုပြီး ရွာပြန်မယ်ဆိုလို့ တပည့်တော်က ခွင့်ပေးလိုက်တယ်။ နောက်ကျတော့ ရွာပြန်မှာ မဟုတ်ဘူး၊ ရန်ကုန်သွားမယ် ဖြစ်ပြန်ရော။ ဘယ်နှရက် သွားမှာလဲ ဆက်မေးတော့ ဆယ်ရက်တဲ့။ နောက်တစ်ခါ သေချာထပ်မေးတော့ ပျော်သလောက်တဲ့။ မိဘနဲ့သွားမတွေ့ဘဲ လုပ်ချင်ရာလုပ်တယ်။

ဘုန်းကြီးခေါင်းပေါ်ပဲ

အရှင်ဘုရားတို့ သဘောပေါက်ထားပါနော်။ သူတို့မိဘက ဘုန်းကြီးကို အပ်ထားတယ်။ ဘုန်းကြီးလက်ထဲကနေပြီးတော့ မိဘလက်ထဲ ပြန်ရောက်သွားပြီဆိုရင် ဘုန်းကြီးက ကြားထဲက ဘာစကားတစ်လုံးမှ ဝင်မပြောပါဘူး။ ခုတော့ ဘုန်းကြီးက မိဘလက်ထဲ ပြန်အပ်မလို့ ရှိသေးတယ်။ ကြားထဲမှာ ဟိုသွားပို့၊ ဒီသွားပို့ ဆိုပြီး ဖြစ်တယ်။ အရှင်ဘုရားတို့ စဉ်းစားကြည့်နော်။ မိဘတွေက သတင်းကြားပြီး၊ စိတ်ပူပြီး၊ လာပြီးတော့ ငိုကြယိုကြပြီဆိုရင် ဘုန်းကြီးဆီပဲ လာမှာမဟုတ်လား။ ဘုန်းကြီး ခေါင်းပေါ်ပဲ အကုန်ပုံကျလာတယ်။

သာဓကတစ်ခု ရှိသေးတယ်။ ရှင် …… ထွက်တုန်းကပေါ့။ သူ့တုန်းကလည်း သူနေချင်တဲ့ ဝိသုဒ္ဓါရုံတိုက်မှာ တပည့်တော် အားလုံး သေချာအပ်ပေးပြီးမှ သူက နှစ်ရက်လောက် ရွာပြန်မယ်ဆိုလို့ ခွင့်ပေးလိုက်တယ်။ ဒါပေမဲ့ ရွာရောက်မလာဘူး။ လူက မန္တလေးမှာ ဘာတွေလုပ်နေတယ် မသိဘူး။ မိဘက တပည့်တော်ဆီ လာပြီးတော့ ငိုမဲ့မဲ့နဲ့ ရောက်လာပြန်ရော။ ဒါလည်း တပည့်တော်ပဲ ရှင်းပေးလိုက်ရတယ်။ ပြေလည်အောင်လုပ်ပြီးသား ပြဿနာတစ်ခုတောင်မှ တပည့်တော်မှာ လိုက်ရှင်းခဲ့ရပါတယ်။ တကယ်တော့ ဒါမျိုးတွေ တပည့်တော် မလုပ်ချင်ဘူး။ ဒါကြောင့်မို့ ကြိုတင်ပြီးတော့ တပည့်တော်ကိုယ်တိုင်ကိုက အားလုံး လမ်းခင်းပေးထားတယ်။ လာလျှောက်ပါ။ အေးအေးဆေးဆေး ထွက်ပါ။

ရိုင်းရာကျပါတယ်

ခု ရှင် …… ဆိုလည်း ငယ်ငယ်လေးပဲ ရှိသေးတယ်။ ဒါကြီးကိုပဲ ဦး ……. က ရန်ကုန်လျှောက်ပေးမယ် ဘာညာ ပြောသံ

www.dhammadownload.com

ကြားတော့ တပည့်တော် အကျိုးအကြောင်းနဲ့ ရှင်းပြရတယ်။ ဝန်ခံရရင် ဒေါသသံတွေတောင် ပါသွားပါသေးတယ်။ ဒါမျိုးတွေက အရှင်ဘုရားတို့ မလုပ်ရပါဘူး။ မလုပ်ကောင်းပါဘူး။ သူ့မိဘဆီ ပြန်ရောက်သွားပြီးတော့မှ ရန်ကုန်နေချင်ပါတယ်ဆိုရင် လိုက်ပို့။ ဒါဆို တပည့်တော် ဘာမှမပြောဘူး။ ခုတော့ ကြားထဲမှာ ဖြစ်ချင်သလိုဖြစ်ဆိုတာတွေက ဘုန်းကြီးမှာ တာဝန်သိပ်ရှိပါတယ်။ ဆောင်ကိုလည်း အားလုံးမှတ်ထားပေါ့။ တပည့်တော် ဒီဦးဇင်းကို ဦးတည်ပြောပေမဲ့လို့ အားလုံးကို ပြောတယ်လို့ မှတ်ပါ။

နောက်ဆုံးမှာ လာပြီးတော့ ပြဿနာတက်ပြီဆိုရင် တပည့်တော်ဆီပဲ လာလာတက်ကြတယ်။ တက်ခဲ့တဲ့သာဓကတွေလည်း ရှေ့မှာ သိပ်ပြီးတော့ များခဲ့ပါတယ်။ ဟိုတုန်းကလည်း ထွက်ပြေးတဲ့ကိုရင်တွေဆိုလို့ရှိရင် တဂျီဂျီနဲ့ တပည့်တော်ဆီ မိဘတွေက လာလာငိုနေကြတယ်။ တပည့်တော်မှာ သိပ်ပြီး ဦးနှောက်ခြောက်ရတယ်။ စာချရတာက တစ်မျိုး၊ ခုလို အချိန်မှာဆို ရေရှားလို့ ပူပန်ရတာက တစ်မျိုးနဲ့။ ဒါလေးလောက်တော့ ကိုယ့်မိဘနဲ့ကိုယ် ပြေလည်အောင် အရင်လုပ်ပါ၊ ကိုယ့်ဆရာသမားနဲ့ကိုယ် ပြေလည်အောင် သွားလုပ်ပါ၊ ပြီးမှ ထွက်ပါလို့ ဒီလို ကျေကျေနပ်နပ်ကြီး ခွင့်ပေးနေတာကိုပဲ ဒါလေးမှမလုပ်ဘူးဆိုရင် အရှင်ဘုရားတို့ ဘုန်းကြီးအပေါ်မှာ သိပ်ပြီးတော့ ရိုင်းရာရောက်ပါတယ်။ ဒါလေးတစ်ချက်ကတော့ အရှင်ဘုရားတို့ဘက်က နားလည်ပေးပါ။ ဂရုစိုက်ပေးပါ။

မျှော်လင့်တာလေးတစ်ခု

တပည့်တော် အရှင်ဘုရားတို့ဆီကနေ ဘာမှမမျှော်လင့်ပါဘူး။ ဒီကျောင်းမှာနေတဲ့အတွက် ငါ့မှာ စားဝတ်နေရေးတွေ လုပ်ပေးရတယ်၊ ဦးဆောင်ပေးရတယ်၊ ဘာလုပ်ပေးရတယ်၊ ညာလုပ်ပေးရတယ် စသည်ဖြင့် တပည့်တော် ဘာမှလည်း မငြိုငြင်ပါဘူး။ မိဘနဲ့ ကိုယ့်ဆရာသမားအရင်းတွေနဲ့ ပြေလည်အောင်လုပ်ပြီးမှ ကိုယ့်ဟာကိုယ် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပြောင်းတာရွှေ့တာ လုပ်ပေးပါလို့ အဲဒါလေး တစ်ချက်တော့ တပည့်တော် တိုက်တွန်းလိုပါတယ်။ ဒါလောက်ကလေးပဲ တောင်းဆိုချင်ပါတယ်။ ဒီစိတ်ချမ်းသာမှုလေးတော့ ပေးကြပါ။

ရဟန်းတွေအနေနဲ့လည်း တစ်ပါးတစ်ပါးကို တာဝန်ခံပြီး ဒီကျောင်းမှာနေဖို့ လျှောက်ပေးပြီဆိုရင် လျှောက်ပါ။ ရပါတယ်။ ဘာမှလုပ်မပေးလို့ဆိုပြီး တပည့်တော်အနေနဲ့ အပြစ်မပြောပါဘူး။ ဒါပေမဲ့ သူထွက်ရင် မူရင်းဖြစ်တဲ့ မိဘဆရာတွေဆီတော့ ပြန်ရောက်ပါစေ။ နောက်ဆုံးမှာ ပြဿနာတွေတက်လာရင် ဘုန်းကြီးဆီရောက်ရောက်လာပြီ။ အလွယ်တကူပဲ တာဝန်ယူပါတယ်လို့တော့ တပည့်တော်ကို လာမပြောပါနဲ့။ ဒါတွေက တပည့်တော်မှာ ခံခဲ့ရပေါင်းလည်းများပြီ။ ဒီလိုခံခဲ့ရတဲ့အတွက် တပည့်တော်ကိုယ်တိုင် ကြုံတင်စီမံတာကိုပဲ သိပ်ပြီးတော့ သဘောမပေါက်လို့ ခုလိုမျိုး ဖြစ်ရတာပါ။ စေတနာဆိုးနဲ့ လုပ်တာမဟုတ်ဘူးဆိုတာ တပည့်တော် နားလည်ပါတယ်။ ဒါ တပည့်တော် ကြုံလို့ပြောတာ။

ဘယ်တော့မှမကြီးပွားနိုင်

ရဟန်းဖြစ်သွားပြီဆိုရင်တော့ တပည့်တော် မပြောလိုပါဘူး။ ကိုယ့်စိတ်နဲ့ကိုယ်သာ ဆုံးဖြတ်။ တပည့်တော် ခွင့်ပေးတယ်။ ကိုရင်ဘဝ

www.dhammadownload.com

မှာတော့ ခုနက တာဝန်ခံကိုယ်တော်တွေက ပထမဆုံး ကာယကံရှင်ရဲ့မိဘနဲ့ ကာယကံရှင်ရဲ့ ဆရာသမားနဲ့ ပြန်ပြီးတော့ ဆက်သွယ်ပေးပါ။ ဆက်သွယ်ပြီးတော့ အားလုံး ကျေကျေနပ်နပ် လုပ်ပါ။ ဒါဆိုရင် အားလုံး မျက်နှာချင်းဆိုင်ပြီးတော့ တရားနည်းလမ်းနဲ့ ဖြေရှင်းတာပဲ။ ဒါမှ မလုပ်ချင်ပါဘူးဆိုရင်တော့ အဓမ္မဖြစ်သွားပြီ။ ဓမ္မမကိန်းတော့ဘူး။ ဒီပုဂ္ဂိုလ်မျိုးဟာ ဘယ်တော့မှ မကြီးပွားဘူးလို့ တပည့်တော် ဒီလိုပဲ ယူဆတယ်။

ဓမ္မကိန်းမှ

ဒါကြောင့် ... အရှင်ဘုရားတို့ ကိုယ့်ကိုယ် ကိုယ် ဓမ္မသန္ဒောသာ ဝိနယသန္ဒောသောဆိုတဲ့ ဘုရားဟောအတိုင်း ဓမ္မကိန်းအောင် လုပ်ပါ။ ဓမ္မကိန်းရင် ဝိနယတွေ၊ စည်းမျဉ်းစည်းကမ်းတွေကို 'ဟာ ... ဒါတွေဟာ ငါတို့အတွက် ကြီးပွားအောင် စောင့်ရှောက်တဲ့တရားတွေပဲ' လို့ မြင်ပြီးတော့ စိတ်ထဲမှာ ဒါတွေကို ဝန်ထုပ်ဝန်ပိုးလို့ ဘယ်တော့မှ မထင်တော့ဘူး။ ဒါက ကိုယ့်သန္တာန်မှာ ဓမ္မတည်မှမထင်မှာ။ တကယ်လို့ ဓမ္မပျက်သွားပြီဆိုလို့ရှိရင် ဝန်ထုပ်ဝန်ပိုးတွေလို့ ထင်သွားတယ်။ စည်းကမ်းကြီးတွေက တံတိုင်းကြီးတွေလိုလို ဖြစ်ပြီးတော့ ကိုယ့်စိတ်ကို သိပ်ပြီးတော့ ညှဉ်းဆဲတယ်။

ခုပြောနေတာတွေက အရင်တစ်ပတ် ဩဝါဒရဲ့ အဆက်ပေါ့နော်။ ဓမ္မသန္ဒောသာ ဝိနယသန္ဒောသော ဆိုတဲ့အတိုင်း ကိုယ့်သန္တာန်မှာ ဓမ္မတည်အောင်ကြိုးစားပါ။ အဲဒီလိုသာဆို ဝိနည်းတွေလည်း တည်မယ်။ ဝိနည်းတည်သွားပြီဆိုရင် သာသနာတော်လည်း တည်သွားတယ် ဆိုတဲ့ ကွင်းဆက်လည်းပဲ ရသွားပါတယ်။ ဒါကြောင့်မို့ ဓမ္မဟာ သိပ်ပြီးတော့ အရေးကြီးတဲ့အကြောင်း တပည့်တော် ထပ်မှာချင်ပါတယ်။ ဓမ္မဆိုတဲ့နေရာမှာလည်း နယ်က သိပ်ပြီးတော့ ကျယ်ပါတယ်။ တရားအားထုတ်တာအဆုံး၊ မဂ်ဖိုလ်နိဗ္ဗာန်အဆုံး၊ စိတ်ကောင်းနှလုံးကောင်း ထားပြီးတော့ ဝေယျာဝစ္စလုပ်ချင်တာအဆုံး၊ အားလုံးဟာ ဓမ္မတွေပဲ။ နောက်ဆုံး ... ကိုယ်က စာပေတွေ ပြန်မပို့ချနိုင်တောင်မှ ကျောင်းတိုက်အပေါ်၊ သာသနာအပေါ် ဝေယျာဝစ္စနဲ့ ကျေးဇူးဆပ်မယ်၊ အများအတွက် အကျိုးဆောင်မယ် ဆိုတဲ့စိတ်ဓာတ်နဲ့ နေသွားပါ။ ဒါတွေဟာ ဓမ္မတွေပါပဲ။

အခွင့်အရေးနဲ့စပ်ရင်

တပည့်တော်တို့လည်း တစ်ဆင့်ကြည်ညိုရတယ်ပေါ့။ ဘာလဲဆိုတော့ ... တပည့်တော်တို့ တောင်မြို့ဂန္ဓာရုံဆရာတော်ကြီးဟာ အခွင့်အရေးဆိုရင် တတ်နိုင်သမျှ ရှောင်တယ်။ လုပ်ငန်းကိုင်တာတွေနဲ့ စပ်လာရင်တော့ အနစ်နာခံပြီး ပိုယူတယ်တဲ့။ အခွင့်အရေးရှောင်တယ် ဆိုတာက ဘုန်းကြီးတဲ့အခွင့်အရေး၊ လာဘ်လာဘရတဲ့အခွင့်အရေးဆိုရင် စွမ်းအားရှိသမျှ ရှောင်တယ်လို့ ဆိုလိုတယ်။ လာလျှုထားတဲ့ ပစ္စည်းတွေဆိုရင်လည်း ဥပမာ ... အဲယားကွန်းတွေ ဘာတွေလျှုမယ်လို့ လာလျှောက်ရင် 'ရှင် သာရိပုတ္တရာတို့ ရှင်မောဂ္ဂလာန်တို့လည်း ဒီလို နေသွားကြတာပဲ' ဆိုပြီးတော့ လက်မခံဘူးတဲ့။ အဲဒီလို အခွင့်အရေးအားဖြင့် အနစ်နာခံတယ်။

လုပ်ငန်းတာဝန်နဲ့စပ်ရင်

အဲ ... လုပ်ငန်းကိုင်တာတွေနဲ့ စပ်လာရင်တော့ ဥပမာ ... စာပေပို့ချမှုဆိုပါစို့။ ကိုယ်

www.dhammadownload.com

တိုင်ပဲ ကြိုးစားပြီးတော့ ရှေ့ဆောင်ပြီးတော့ ပျံလွန်တော်မူတဲ့နေ့အထိ ပို့ချသွားတယ်။ မြတ်စွာဘုရားသာသနာတော်မှာ စည်းကမ်းရှိမှ၊ ဝိနည်းရှိမှ၊ ဓမ္မကိန်းမှ ဆိုပြီးတော့ သူ့ရဲ့ တပည့်တွေကို စံပြဖြစ်အောင် ကြိုးစားပြီးတော့ လုပ်သွားတယ်။ အဲဒီလို လုပ်ငန်းနဲ့ပတ်သက်လာရင် ကိုယ်ကပဲ အနှစ်နာခံပြီးတော့လုပ်တယ်။ ခုနကပြောသလို အခွင့်အရေးနဲ့ ပတ်သက်လာပြီဆိုရင်တော့ သူများလောက်မယူဘဲနဲ့ အနှစ်နာခံပြီးတော့ ရှောင်ကြဉ်ခဲ့တယ်။ အဲဒါကြောင့်မို့ ခုချိန်အထိ ဆရာတော့်နာမည်ဟာ တည်နေတယ်။ နောင်တစ်ချိန်လည်းပဲ တောင်မြို့ဆရာတော်ကြီးရဲ့ နာမည်ဟာ သာသနာတည်သမျှ ပျောက်လိမ့်မယ်လို့ တပည့်တော် မယူဆဘူးပေါ့။

ဒါကြောင့် တပည့်တော်တို့လည်းပဲ ဆရာ့ဆရာတွေရဲ့ လမ်းစဉ်ကိုလိုက်ပြီးတော့၊ ကိုယ့်ကိုယ်ကိုယ် ဓမ္မတွေကိန်းအောင် တည်စေပြီးတော့ ဝိနည်းကိုထိန်းသိမ်းကြရမယ်။ ဝိနည်းတည်သမျှ သာသနာတော်လည်း တည်မှာဖြစ်တဲ့အတွက် အရင်းခံဖြစ်တဲ့ ဓမ္မကို ကိုယ်စီကိုယ်စီ မြတ်နိုးနိုင်ကြသော ရဟန်းသာမဏေများဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

လူကြီးနဲ့လူအို

၁၃၆၆ ခု၊ ပထမဝါဆိုလကွယ်နေ့
၂၀၀၄ ခု၊ ဇူလိုင်လ ၁၆ ရက်၊ သောကြာနေ့ ည

ရှေးရှုမေတ္တာ

ကဲ ... ဒီရက်ပိုင်း ရာသီဥတုကတော့ မကောင်းဘူးပေါ့။ လေတွေကလည်း တိုက်၊ ချွေးထွက်ရင်လည်း ချွေးစေးတွေထွက်တော့၊ ကျန်းမာရေးကတော့ ကိုယ့်ဟာကိုယ် အားလုံး ဂရုစိုက်ပေးပါ။ သူ့အဆောင်နဲ့သူ ရှိတဲ့အကြီးအကဲတွေကလည်း ကြောင့်ကြလေးစိုက်ပေးပါ။ တပည့်တော်တို့ တောင်မြို့ဂန္ဓာရုံ ဆရာအဆက်ဆက်က လက်အောက်ငယ်သား တပည့်တွေအပေါ် ဆောင်းတွင်းဆို ကိုယ်ပတ် ပတ်မပတ်၊ ဒါမျိုးလေးတွေကအစ လိုက်စစ်ပြီး ဂရုစိုက်လေ့ရှိပါတယ်။ အဲဒီတော့ ... တပည့်တော်တို့လည်း အကြီးပိုင်းတွေက ငယ်တဲ့ပုဂ္ဂိုလ်လေးတွေအပေါ်မှာ ကရုဏာမေတ္တာအပြည့်နဲ့ စောင့်ရှောက်ပေးပါ။ ဗြဟ္မစိုရ်တရားဆိုတာ ဒါကိုပြောတာပဲ။

သူတို့ နားမလည်လို့ရှိရင် နားလည်အောင် ပြောပေး။ ညစ်တီးညစ်ပတ် နေတတ်သူဆိုရင် သင်္ကန်းလျှော်ခိုင်းတာတွေ ဘာတွေ လုပ်ပေး။ ဒါမျိုးလုပ်ပေးမှ တပည့်တော်တို့ အကြီးတွေရဲ့ တာဝန်ကျေပါတယ်။ ဒီလိုမှ မဟုတ်ဘဲနဲ့ ဘာသိဘာသာနေတယ်၊ 'လုပ်ကြတာ မဟုတ်ဘူး' စသည်ဖြင့် အပေါ်ယံလေးပဲ အပြစ်ပြောပြီး ငေါက်ငမ်းတဲ့သဘောမျှလောက်နဲ့သာ

www.dhammadownload.com

ပစ်ထားတယ်၊ ဒါဆိုရင် လူကြီးတာဝန် မကျေဘူးပေါ့ဘုရား။ တပည့်တော်တို့ တောင်မြို့ဂန္ဓာရုံဆရာတော်ကြီးကစပြီးတော့ နာယကအဆက်ဆက် သြဝါဒပေးတဲ့အခါမှာ ဆောင်းတွင်းရောက်ရင် ကိုယ်ပတ်ပတ်ထားကြဖို့၊ နွေဥတုရောက်လို့ရှိရင်လည်း ညအိပ်တဲ့အခါမှာ အိုက်တယ်ဆိုပြီး တံခါးကြီးတွေဖွင့်မအိပ်ကြဖို့ စသည်ဖြင့် ဒါမျိုးလေးတွေ အမြဲတမ်း သူ့ရာသီနဲ့သူ သတိပေးလေ့ရှိတယ်။ သြဝါဒပေးလေ့ရှိတယ်။ အထူးသဖြင့် ကျောင်းဘုန်းကြီးတွေကို ဂရုစိုက်ခိုင်းလေ့ရှိတယ်။ အခုလည်း ဒီကျောင်းမှာ ကိုယ်စီကိုယ်စီ အသီးအသီး အဆောင်တွေမှာ အကြီးတွေရှိနေကြတယ်။ ဒါတွေကို လျစ်လျူမရှုပါနဲ့။ စွမ်းအားရှိသမျှ လုပ်ပေးကြပါ။

အလိုက်သိခြင်း

ခု ကျန်းမာရေးမကောင်းလို့ ဧည့်ကျောင်းဆောင်မှာ နေနေရတဲ့ကိုရင်တွေရှိတယ်။ ဒီအဆောင်ကို ကျောင်းဒကာကတော့ 'ဧည့်ကျောင်းဆောင်၊ ဂိလာနကျောင်းဆောင်'လို့ နာမည်တပ်ခိုင်းတာပါ။ တပည့်တော်ကတော့ ဂိလာနကျောင်းဆောင်ဆိုတာကြီးက နာမည်ကိုက မကောင်းလို့ ဧည့်ကျောင်းဆောင်လို့ပဲ သုံးထားတယ်။ ခု အဲဒီဧည့်ကျောင်းဆောင်ကနေ ဆင်းထားတဲ့ကိုရင်တွေလည်း တွေ့တယ်။ အဲဒီကိုရင်တွေက ကျန်းမာရေးမပြည့်စုံသေးရင် ကိုယ့်ဟာကိုယ် အခြေအနေကြည့်ပြီးတော့ တစ်ရက် နှစ်ရက် စသည်ဖြင့် ဆွမ်းခံနားပါ။ နားတဲ့အခါမှာလည်း အားလုံး ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆွမ်းကျောင်းဘုန်းကြီးကို အသိပေးပြီးတော့ နားပါ။ အဲဒါလေး အားလုံး ဂရုစိုက်ပေးပါ။

တပည့်တော်ကိုယ်တိုင်လည်း ခရီးသွားပြီဆိုရင် ဒီနေ့ နေ့ဆွမ်းမစားဖြစ်ဘူး၊ ဒီနေ့တော့ တပည့်တော်အတွက် အရဏ်ဆွမ်းမစီစဉ်နဲ့တော့ စသည်ဖြင့် ဆွမ်းကျောင်းတာဝန်ရှိသူကို အမြဲတမ်း ပန်ပြောတယ်။ ဒါကိုပဲ တချို့အငယ်တွေဦးဇင်းကိုရင်တွေက တပည့်တော် ဒီလောက်ပြောနေတဲ့ကြားက ... ဥပမာ မန္တလေးသွားတယ်၊ နေ့ဆွမ်းမစားဘူး။ ဒါကိုပဲ ဒီအတိုင်း ထွက်ထွက်သွားတာတွေရှိတယ်။ မကောင်းဘူးပေါ့။ အလိုက်သိဖို့ဆိုတဲ့နေရာမှာ ဒါမျိုးတွေကလည်း လိုအပ်ပါတယ်။

ပန်ပြောတဲ့ခလေ့

ဆွမ်းကျောင်းတာဝန်ဆိုတာက သိပ်ပြီးတော့ ကြီးမားတယ်။ ကြီးမားတဲ့အခါမှာ ကိုယ်က ဒီနေ့ ဆွမ်းမဘဉ်းပေးဘူးဆိုလို့ရှိရင် 'ဒီနေ့ တပည့်တော် ခရီးထွက်စရာရှိတယ်'လို့ ပန်ပြောသွားပါ။ ဒါလေးကို အကြီးကနေ အငယ်အထိ အားလုံး ဂရုစိုက်ပေးပါ။ ကိုယ့်ဟာကိုယ် ထွက်ချင်တဲ့အချိန် ကောက်ထွက်သွားတယ်၊ မလျှောက်ဘူးဆိုရင် တော်တော့်ကို သဘာဝမကျတာ။ အလိုက်မသိတတ်တဲ့အထဲမှာ ပါတယ်ပေါ့ဘုရား။ ဒါကြောင့်မို့ တပည့်တော်ကိုယ်တိုင်လည်း ဒီအလေ့ကို အမြဲတမ်းပဲ ကျင့်သုံးပါတယ်။ တပည့်တော်အနေနဲ့ မပြောဘဲသွားတယ်ဆိုတာ မရှိသလောက်ဖြစ်ပါလိမ့်မယ်။ ကျန်တဲ့သံဃာတွေကလည်း ဒါမျိုးလေးတွေ အလိုက်သိပေးပါ။

ခုလည်း ဂိလာနဖြစ်နေတာကနေ နေပြန်ကောင်းလာတဲ့အခါမှာ 'တပည့်တော် ကျန်းမာရေး သိပ်မကောင်းသေးလို့ အားပြည့်အောင် တစ်ရက်နှစ်ရက် ဆွမ်းခံနားချင်ပါသေးတယ်

www.dhammadownload.com

ဘုရား' ဆိုပြီး ဒါမျိုး ရှင်းရှင်းလျှောက်ပါ။ တစ်နေ့ကလည်း ကိုရင်တစ်ပါး ပြောလိုက်ရသေးတယ်။ ဆေးရုံသွားမယ်ဆိုရင် တပည့်တော်ဆီလာပြီးတော့ အကျိုးအကြောင်းလျှောက်ဖို့ ပြောထားတယ်။ နေ့စဉ်ကြီး သွားဖို့လိုတယ်ဆိုရင်တော့ တပည့်တော်တာဝန်ပေးထားတဲ့ အကြီးတစ်ပါးကိုပဲ လျှောက်သွား။ တပည့်တော်ဆီကိုတော့ နောက်ဆုံးနေ့ကျမှ လာအသိပေးလှည့်ပေါ့။ ဒါမျိုး စီမံထားတယ်။ ဒါ ဖြစ်လာနိုင်တဲ့ ကျူးလွန်မှုတွေကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ တပည့်တော် လုပ်ရတာပဲ။

ဖွင့်ထားတဲ့စိတ်

အဲဒီတော့ ... ဘယ်အရာပဲဖြစ်ဖြစ်ပေါ့။ သူတို့စာပေအလိုတော့ 'ပွင့်လင်းသောနှလုံးသား' လို့ ခေါ်တယ်။ အဲဒီလို ပွင့်လင်းတဲ့နှလုံးသား၊ ဖွင့်ထားတဲ့စိတ်နဲ့ ရှင်းရှင်းလင်းလင်းပဲ လုပ်တာကောင်းတယ်။ ရှင်းရှင်းလင်းလင်းဆိုတာ ဒီလိုပေါ့။ ကိုယ်သွားမယ့်နေရာ၊ ကိုယ်လုပ်မယ့် အကြောင်းအရာ၊ ဒါမျိုးလေးတွေကို သေသေချာချာ ပြောပြီးတော့မှ သွားတဲ့အလေ့လုပ်ပါ။ ဒါမျိုးက ကိုယ်တစ်ပါးတည်းနေရင်တော့ ကိစ္စမရှိဘူး။ ဒီလို အများနဲ့နေတဲ့ နေရာမျိုးမှာ၊ ဒီလောက်သတိပေးတဲ့ နေရာမျိုးမှာမှ ကိုယ်သွားချင်သွားချလိုက်တာပဲ၊ ကိုယ်လုပ်ချင်လုပ်ချလိုက်တာပဲဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ဘယ်တော့မှ လူကြီးလူကောင်းမဖြစ်နိုင်ပါဘူး။

ဒါကြောင့် ... ကိုယ်က ရောဂါသက်သာလို့ ဆွမ်းကျောင်းပေါ်တက်ပြီး အများနဲ့အတူ ပြန်စားနိုင်ပြီဆိုရင်လည်း 'တပည့်တော် ဒီနေ့က စပြီးတော့ ဆွမ်းကျောင်းလိုက်စားပါတော့မယ်' စသည်ဖြင့် ဆိုင်ရာဆိုင်ရာကို အသိပေးပြီးတော့ အစစအရာရာ ပွင့်ပွင့်လင်းလင်းပဲ လုပ်တာကောင်းတယ်ပေါ့။ စောစောကပြောသလို ဆွမ်းစားကျောင်းဆိုတာ သိပ်ပြီးတော့ တာဝန်ကြီးတယ်။ သူတို့လည်း စွမ်းအားရှိသမျှ လုပ်ပေးတာပဲ။ ဒါပေမဲ့ တစ်ခါတစ်ရံ လစ်ဟင်းလို့ရှိရင် ဘာမှအပြစ်မမြင်ဘဲနဲ့ 'သူတို့လုပ်နေတာတွေကများလွန်းတဲ့အတွက် မေ့သွားတာပဲလေ' ဆိုပြီး မေတ္တာထားပြီးတော့ ခွင့်လွှတ်တတ်ကြပါ။

ဧည့်သည်ပြဿနာ

နောက် ... တပည့်တော် ဧည့်သည်တွေနဲ့ စပ်ပြီးတော့လည်း ပြောချင်သေးတယ်။ ဆိုပါစို့၊ စာချုပ်နှီးကြီးတွေရဲ့ မိခင်ဖခင်တွေ အစ်မတွေ ဆေးရုံလာတက်တယ်။ ဒါ တပည့်တော်တို့က ကူညီရမှာပဲ။ ဒီလိုမဟုတ်ဘဲ ကိုယ်နဲ့သိပ်မဆိုင်တဲ့တစိမ်းဆိုရင်တော့ တစ်မျိုးပေါ့။ မနက်ဆွမ်း နေ့ဆွမ်းအတွက်ကတော့ ကျောင်းအတွက် ဝန်မလေးသေးဘူးပေါ့ဘုရား။ ညနေကျွေးဖို့ကတော့၊ ဒါတွေကလည်း သံဃာ့ပစ္စည်းတွေဆိုတော့ သိပ်အဆင်မပြေလှဘူး။ တပည့်တော်တို့ ဟိုခေတ်ကတော့ ဆေးရုံနားမှာ စားသောက်ဆိုင် မရှိဘူးပေါ့။ ခုတော့ ဆေးရုံနားမှာ စားသောက်ဆိုင်လည်းရှိနေပြီ။ နောက်ဆုံး ကိုယ့်နဝကမ္မထဲကနေ ထုတ်ပေးပြီးတော့ ရှင်းလင်းအောင်လုပ်တာ ပိုကောင်းတယ်ပေါ့ဘုရား။

ကိုယ့်ရဲ့ အမေတို့ အဖေတို့ အစ်မတို့၊ ဒါမျိုးတွေကတော့ တပည့်တော်တို့ ကျောင်းက လုပ်ပေးနိုင်တယ်။ စွမ်းအားရှိသမျှ လုပ်ပေးရမှာပဲ။ ကျေးဇူးများလာတဲ့ စာချုပ်နှီးကြီးဖြစ်လေ တပည့်တော်တို့ဘက်က စွမ်းအားရှိသမျှ ပိုပြီးတော့ လုပ်ပေးလေ လုပ်ရမှာပေါ့။ လာတဲ့ပုဂ္ဂိုလ်တိုင်းအတွက်ကျတော့ အဆင်မပြေလှဘူး။

www.dhammadownload.com

ဧည့်သည်အဖြစ်နဲ့ တစ်ရက် နှစ်ရက်လာတာက ကိစ္စမရှိဘူး။ ကြာသွားရင် သူ့အလုပ်ကိစ္စနဲ့သူ လာတာကြီးကိုပဲ တပည့်တော်တို့က ညရောဘာရော ပံ့ပိုးရတာကျ အဲဒါ မကောင်းဘူးပေါ့ဘုရား။ အားလုံး ကင်းကင်းရှင်းရှင်းလေးတွေနဲ့ နေတာ ကောင်းတယ်ပေါ့။

အလေ့အကျင့်

ဒီဧည့်သည်ဆိုတာကလည်း အလေ့အထနဲ့ ဆိုင်တယ်ပေါ့။ အိမ်အတွက်၊ ဆွေမျိုးအတွက် လုပ်ပေးတဲ့ဘုန်းကြီး ဖြစ်သွားရင်လည်း ဒါကြီးက ကြာလို့ရှိရင်၊ အကျင့်ပါသွားရင် ကိုယ်က ဒီဟာတွေလုပ်၊ သူတို့ကလည်း ဒါမျိုးတွေတွေ့တော့ ခိုင်းတော့တာပဲ။ အဲဒီတော့ အကျင့်မလုပ်ဖို့ သိပ်လိုတယ်ပေါ့။ ဘာဖြစ်ဖြစ် အစဆုံးတစ်ချက် သိပ်ပြီးတော့ လိုပါတယ်။ ဒါကြောင့် တပည့်တော်တို့ လူကြီးဖြစ်လာပြီဆိုရင် စကားအစွန်းမဖြစ်အောင် ပြောတာမျိုးတွေကလည်း လိုအပ်ပါတယ်။

ခု ဒီဂိလာနတွေဖြစ်တာနဲ့စပ်လို့လည်း ဆေးမှုးတွေဘာတွေ တပည့်တော် ထားပေးတယ်ပေါ့။ ဘာလို့လဲဆိုတော့ ... ဟိုတုန်းက ဒီအောက်မှာ ထားတဲ့အခါမှာ၊ တစ်ပါးက ဆရာဝန်ပေးလိုက်တဲ့ဆေး ကိုယ့်နားလေးထားပြီးတော့ ညကြီး အချိန်မဟုတ်ဘဲ သောက်ချလိုက်တာတို့၊ တစ်ပါးကတော့ ဒီဆေးခန်းထဲထားတဲ့ဆေးကို ဝင်ခိုးပြီးတော့ အတင်းသောက်ချလိုက်တာတို့၊ ဒါတွေရှိခဲ့တော့ ဆေးကို ဆေးကျောင်းမှာပဲထားဖို့၊ သူတို့ဂိလာနတွေနားမထားဖို့ ဒါ လုပ်ရတယ်။ ဒါလေးတွေကစပြီး သတိထားဖို့ ဦးသီလာနန္ဒကိုလည်း တပည့်တော် ပြောထားတယ်။ တပည့်တော်လည်းပဲ စွမ်းအားရှိသမျှတော့ လိုက်ပြီးသင်ပေးတယ်။ ကျန်တဲ့ အတွေ့အကြုံရှိတဲ့ပုဂ္ဂိုလ်တွေကလည်း အားလုံး ညှိပြီးတော့ လုပ်ကြပါ။

လူကြီးနဲ့လူအို

တပည့်တော်တို့ ဒီမှာက မိဝေးဖဝေးနဲ့ နေရတာဆိုတော့ စောစောကပြောသလို အကြီးဖြစ်တဲ့ပုဂ္ဂိုလ်တွေက ညည အေးလို့ရှိရင် စောင်ခြုံအိပ်ဖို့၊ ဒါလေးတွေကစပြီးတော့ စွမ်းအားရှိသမျှ လုပ်ပေးကြပါ။ ဒါမှလည်းပဲ စာပေအလိုကျပါတယ်။ စာပေထဲမှာ တပည့်တော်တို့ အသက်ကြီးတဲ့ပုဂ္ဂိုလ်ကို လူအိုနဲ့လူကြီးဆိုပြီး ခွဲတာရှိတယ်ပေါ့။ အဂုံတ္တိရ်ထဲမှာ ပါတယ်။ ရှင်မဟာကစ္စည်းထေရ် မဓုရာပြည် ဂုန္ဒာတောနေတဲ့အခါမှာ တစ်နေ့တော့ ကန္ဒရာယနဆိုတဲ့ပုဏ္ဏားကြီး လာတယ်ပေါ့။ သူက လာလာချင်းပဲ စွပ်စွဲတော့တာပဲ။ ဒါ လူကြီးနဲ့လူအိုအကြောင်း တပည့်တော် ခွဲပြချင်လို့ ပြောနေတာနော်။

သူက ဘယ်လိုစွပ်စွဲသလဲဆိုတော့ ... 'ရှင်မဟာကစ္စာန၊ အကျွန်ုပ်ကြားဖူးတာလေး တစ်ခုရှိပါတယ်။ အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေလာတဲ့အခါမှာ ရှင်မဟာကစ္စာနတို့က မြင်ပေမဲ့ခရီးဦးမကြိုဆိုဘူး။ နေရာမှလည်း ထမပေးဘူး။ ဖိတ်လည်းမဖိတ်မန်ဘူးလို့ကြားတယ်။ ကြားတဲ့အတိုင်းပဲ ခုလက်တွေ့လည်း ကျွန်ုပ်ကိုယ်တိုင် ကြုံနေတာပဲ။ ရှင်မဟာကစ္စည်းက ကျွန်ုပ်လို လူကြီးလာတဲ့အခါမှာ ဘာမှလည်း ခရီးဦးကြိုဆိုမှု၊ နေရာပေးမှုတွေ မလုပ်ဘူး။ ဒါတွေဟာ အမျိုးကောင်းသားတို့ရဲ့ဂုဏ်နဲ့ မပြည့်စုံတာပဲ' ဆိုပြီးတော့ ဒီလိုစွပ်စွဲတယ်။ အဲဒီမှာ ရှင်မဟာကစ္စည်းက လူကြီးနဲ့လူအိုကို ပြန်ခွဲပြလိုက်တယ်။ ဒါ အဂုံတ္တိရ်ဒုက တက်ဖူးတဲ့သာမဏေတွေဆို

www.dhammadownload.com

နားလည်နေပြီပေါ့။

ခွဲခြားပုံခွဲခြားနည်း

ဘာနဲ့ခွဲပြတာလဲဆိုတော့ ... 'တို့ရဲ့ဗုဒ္ဓအလိုက မွေးဖွားခြင်းအားဖြင့် အသက်(၈၀)၊ အသက်(၉၀)၊ အသက်(၁၀၀)၊ အဲဒီလောက်အထိ အသက်ရှေတွက်ရနေပေမဲ့လို့ အဲဒီပုဂ္ဂိုလ်ဟာ ကာမဂုဏ်တွေကို လိုက်စားတယ်၊ ကာမဂုဏ်တွေတွေ့ဖို့ရာအတွက် အမြဲတမ်းပဲ ကြိုးစားနေတယ်၊ ဒါဆိုရင် ထေရ(လူကြီး)မဟုတ်သေးဘူး' တဲ့။ ကာမဂုဏ်လိုက်စားပြီး၊ ကာမဂုဏ်တွေအတွက်ပဲ ကြိုးစားနေတယ်ဆိုတာ ဘာပြောတာလဲဆိုတော့ ... ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတွေနောက် တကောက်ကောက် လိုက်နေတာ ပြောတာပေါ့။ ရူပါရုံဆိုတာက ကြည့်စရာမှန်သမျှ၊ ဥပမာ တပည့်တော်တို့ ခုဘေးမှာ ဘောပွဲတွေ ကြည့်နေကြတာရှိတယ်။ ဒါကြီးကိုပဲ မကြည့်ရမနေနိုင်ဘူး၊ ငမ်းငမ်းတက်လာပြီဆိုရင်၊ ဒီကာမဂုဏ်ရှာဖို့ရာအတွက် ကြိုးစားတဲ့အဆင့် ရောက်လာပြီဆိုရင်၊ အဲဒီလူကို အသက်ဘယ်လောက်ကြီးကြီး ထေရ(လူကြီး)လို့ မခေါ်နိုင်ဘူး။ လူအိုလို့ပဲ ခေါ်နိုင်တယ်ပေါ့။ အသက်တွေ ဝါတွေသာ ရလာတယ်။ လူကြီးလူကောင်းစာရင်းထဲ မပါဘူးဆိုတဲ့ အဓိပ္ပာယ် ရောက်သွားတယ်။

ဒါကြောင့်မို့ ဒါတွေကို လွန်လွန်ကဲကဲ မခံစားရဘူး။ ခုခေတ်မှာဆိုရင် ဒီဘောလုံးပွဲကြီးက သိပ်ပြီးတော့ လွှမ်းလာတယ်။ ဒါကြီးကိုပဲ ငမ်းငမ်းတက်ဖြစ်ပြီဆိုလို့ရှိရင် စာပေတွေ အဆိုအရ သူဟာ ဝါပဲကြီးလာတယ်၊ စာမေးပွဲတွေပဲအောင်လာတယ်၊ ဒါပေမဲ့ သူ့ကို လူကြီးလူကောင်းလို့ မခေါ်နိုင်ဘူး။ အသက်ကြီးလာတဲ့အတွက် လူအိုလို့ပဲ ခေါ်နိုင်တယ်။ ဒါလေးတွေက သတိထားစရာနော်။ အဲဒါကြောင့်မို့ ... ဗုဒ္ဓရဲ့အလိုအရတော့ အသက် (၈၀)၊ (၉၀)၊ (၁၀၀) ရှိနေပါစေ၊ ဒီ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတွေကို ငမ်းငမ်းတက်ဖြစ်နေပြီဆိုရင်တော့ ဒီပုဂ္ဂိုလ်တွေဟာ အသက်ဘယ်လောက်ပဲကြီးကြီး လူကြီးလူကောင်းစာရင်း မဝင်ဘူးတဲ့။

အဲ ... အသက်က ငယ်ပေမဲ့လို့၊ ဆံပင်တွေကလည်း နက်မှောင်ပြီးတော့ ပထမအရွယ်ရှိပေမဲ့လို့ ဒီကာမဂုဏ်တွေကို မလိုက်စားဘူး၊ ငမ်းငမ်းတက်မရှာဖွေဘူးဆိုရင်၊ တစ်နည်းအားဖြင့်တော့ ... စောင့်စည်းနိုင်တယ်ဆိုရင်ပေါ့ဘုရား။ ဒီလိုစောင့်စည်းနိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ အသက်ဘယ်လောက်ပဲငယ်ငယ် လူကြီးလူကောင်းလို့ ခေါ်တယ်ဆိုပြီးတော့ ရှင်းပြထားတာရှိတယ်ပေါ့။

ထပ်တူပြန်ကျ

နောက် ... ဓမ္မပဒမှာလည်း လကုဏ္ဌကဘဒ္ဒိယထေရ်ဝတ္ထုမှာ ဒီသဘောလေးပါတယ်။ မြတ်စွာဘုရားက ရဟန်းတွေလာတဲ့အခါမှာ လကုဏ္ဌကဘဒ္ဒိယထေရ်ကို ပြပြီးတော့ 'အဲဒါဘယ်သူလဲ၊ သိသလား' မေးတဲ့အခါ ရဟန်းတွေက ကိုရင်လေးတစ်ပါးပဲလို့ သူတို့ကထင်ကြတယ်ပေါ့။ မြတ်စွာဘုရားက 'သင်တို့ထင်သလို မဟုတ်ဘူး၊ အဲဒါ ထေရ်' တဲ့။ လူကြီးလူကောင်းဆိုတာက ဆံပင်တွေဖြူနေကာမျှနဲ့ ဒီပုဂ္ဂိုလ်ကို လူကြီးလူကောင်းမခေါ်ဘူး။ မောဃဓိဏ္ဏဆိုတဲ့ အလကားအသက်ကြီးပြီး အိုနေတဲ့ပုဂ္ဂိုလ်လို့ပဲ ခေါ်တယ်တဲ့။ လူကြီးလူကောင်းခေါ်ဖို့ကျတော့ 'ယမို့ သစ္စဉ္ဆ ဓမ္မော စ၊

www.dhammadownload.com

အဟိသာ သံယမော ဒမော'ဆိုတဲ့ အဲဒီ တရားတွေ ကိန်းနေမှတဲ့။ စောစောက ရှင်မဟာ ကစ္စည်းပြောတဲ့ဟာတွေနဲ့ တစ်ထပ်တည်းပဲ ပြန်ကျတယ်။

အဲဒီထဲမှာ 'သစ္စာ'ဆိုတာ သစ္စာလေးပါး၊ 'ဓမ္မော'ဆိုတာ လောကုတ္တရာတရားကိုးပါး၊ ဒါတွေကိုတော့ ခု အကျယ်ပြောမနေတော့ဘူး။ 'အဟိသာ'ဆိုတဲ့ပါဠိကတော့ ကရုဏာကိုမှတ်ပြီးတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ အပွမညာတရားလေးပါးလုံးကို ဆိုလိုတယ်။ စောစောကလိုပေါ့၊ ကိုယ်က အဆောင်မှာ အကြီးဖြစ်နေလို့ရှိရင် ကိုရင်လေးတွေအတွက် မေတ္တာရှေ့ထားပြီး ညည သံဃာစေ့မစေ့ လိုက်ကြည့်တာတို့၊ တံခါးပိတ်မပိတ် လိုက်ကြည့်တာတို့၊ ဒါလေးတွေက လိုအပ်ပါတယ်။ လုပ်လို့ရှိရင် အကျင့်ပါသွားတာပဲ။ ဒီလိုမှမဟုတ်ဘဲ ကိုယ်က အဆောင်မှာ အကြီးဖြစ်နေပါလျက် ဘာသိဘာသာနဲ့ ဒီအတိုင်းကြီးထားတယ်ဆိုရင်၊ ကိုယ့်အဆောင်မှာ သံဃာဘယ်လောက်ရှိမှန်းတောင်မသိဘူးဆိုရင် ဒါ ကြောင့်ကြနည်းလွန်းရာရောက်တယ်။

ထေရအဓိပ္ပာယ်

ဥပမာအားဖြင့် ဒီဓမ္မာရုံပေါ်ပဲ ဆိုပါစို့။ ညည သံဃာဘယ်လောက်အိပ်မှန်း မသိဘူး။ မြို့တော်ကျောင်းဆောင်ဆိုရင်လည်းပဲ သံဃာအရေအတွက် အောက်ထပ်ဘယ်လောက်၊ အလယ်ထပ်ဘယ်လောက်မှန်း မသိဘူး။ မိုးရွာတဲ့အခါမှာ တံခါးပိတ်ရမှန်းလည်း မသိဘူး။ ကလေးတွေပြေးနေတာကို ကိုယ်ပတ်ပတ်ဖို့ သတိပေးရမှန်းလည်း မသိဘူး။ ဒါမျိုးတွေဟာ ကြာလာရင် ဘာသိဘာသာစိတ် ဖြစ်သွားတတ်တယ်ပေါ့ဘုရား။ တပည့်တော်တို့ တောင်မြို့ ဆရာတော်အဆက်ဆက်ကတော့ ဒါလေးတွေကို အမြဲတမ်းပဲ ကြောင့်ကြစိုက် သတိပေးတယ်။ ဒါကိုပဲ အဟိသာ (မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ) ရှိရမယ်ပြောတာ။ ဒီတရားရှိမှလည်း ထေရလို့ ခေါ်တယ်ပေါ့။

'ဒမော'ပါဠိအရ ဣန္ဒြိယသံဝရဆိုတဲ့ မျက်စိ နား နှာ လျှာ ကိုယ် စိတ်နဲ့စပ်လို့ ကြည့်ချင်တာ မကြည့်ခြင်းစတာတွေကို ယူလိုက်တဲ့အတွက် 'သံယမ'အရ ကျန်တဲ့သီလသုံးပါး ယူရုံပဲရှိတော့တာပေါ့။ အဲဒီတော့ ... သီလတွေစောင့်ထိန်းတယ်။ မျက်စိနားနှာလျှာကိုယ်စိတ် သိပ်ပြီးတော့ အလိုမလိုက်ဘူး။ စွမ်းအားရှိသမျှ ထိန်းသိမ်းတယ်။ ဒီတရားတွေနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်မှ လူကြီးပီသတယ်လို့ ခေါ်တယ်ပေါ့။ ဒါကြောင့်မို့ ... အကြီးတွေကို အဓိကမှာချင်ပါတယ်။ ခု မြို့တော်အောက်ထပ်ဆိုရင်လည်း တစ်ပါးကို တာဝန်ပေးထားတယ်။ တာဝန်ပေးထားပေမဲ့လို့ အလယ်ထပ်မှာရှိတဲ့ စာချုပ်နှိုးကြီးဦးဝဏ္ဏိတ၊ အပေါ်ဆုံးထပ်မှာရှိတဲ့ ဦးဣန္ဒာစာရတို့က အမြဲတမ်း သွားကြည့်ပြီးတော့ သတိပေးသင့်ရင် ပေးကိုပေးရမှာပဲ။ ဒီဓမ္မာရုံပေါ်မှာဆိုရင်လည်း ဦးဇာဂရ၊ ပတ္တမြားဆွမ်းစားကျောင်းဆိုရင် ဦးသီလာနန္ဒ။ သူ့ဟာနဲ့သူ တာဝန်လေးတွေ ပေးထားတယ်။ ဒါလေးတွေကို ကြိုးစားပြီးတော့ ဦးဆောင်ပေးပါ။ တပည့်တော်လည်း စွမ်းအားရှိသမျှ လုပ်မယ်ပေါ့။ လက်တွဲပြီးလုပ်သွားရင် ပြဿနာတွေဆိုတာ တပည့်တော်တို့ ကျော်လွှားသွားနိုင်ကြမှာပဲ။

ဒီလိုမှမဟုတ်ဘဲ ဘာသိဘာသာနေလို့ရှိရင်တော့ တပည့်တော်တို့ရဲ့ ကလေးတွေကလည်း ကြီးလာတဲ့အခါမှာ ဆရာသမားစိတ်

www.dhammadownload.com

နည်းသွားတတ်တယ်ပေါ့ဘုရား။ တပည့်တော်တို့ကလည်း သူတို့ရဲ့ တုံ့ပြန်ကျေးဇူးပြုမှုကို အဓိကမထားဘဲ မေတ္တာ ကရုဏာနဲ့ ကိုယ်က စွမ်းအားရှိသမျှ လုပ်ပေးဖို့ကို ဦးတည်ပြီးတော့ ကြိုးစားပါ။ ဒီလိုကြိုးစားလို့ရှိရင် လူကြီးဝိသလာမယ်ပေါ့ဘုရား။ တပည့်တော်ကတော့ တွေ့တဲ့ မြင်တဲ့နေရာလေးတွေမှာ ပြောသွားမယ်ပေါ့။

လူမြင်ကတ်တတ်

နောက်တစ်ခုထပ်ပြီးတော့ သတိပေးချင်တာက တပည့်တော်တို့ ဥပုသ်ပြုပြုနိုတဲ့အခါမှာ တပည့်တော်တို့ကျောင်းအနေနဲ့ စကားကျယ်ကျယ်ပြောတာလေးတွေ မဖြစ်စေချင်ဘူး။ ဟိုတုန်းကလည်း တပည့်တော် သတိပေးဖူးတယ်။ ဥပုသ်ပြုသွားတဲ့အခါမှာ နှစ်ပါးသုံးပါးကြီးတွေ ရင်ပေါင်တန်းပြီးတော့ မသွားပါနဲ့။ လူမြင်ကတ်တတ်တယ်။ လမ်းသွားရင်းလည်း စကားအာကျယ်အာကျယ် မပြောပါနဲ့။ ကျောင်းကျမှ အချိန်ရရင်ရသလို ထိုင်ပြောစမ်းပါ။ ဒီနေ့လည်း တပည့်တော် ရွှေက သွားရင်း ကြားနေရတာ ကျောင်းက ရဟန်းတွေဟုတ်မဟုတ်တော့ လှည့်မကြည့်လို့ မသိဘူး။ အသံကြီးတွေက ကြားနေရတယ်။ ဒါတွေဟာ ဘယ်သူဘယ်ဝါလို့တော့ မစုံစမ်းလိုတော့ဘူးပေါ့။ ကိုယ်ဟုတ်နေရင် နောက်နောင်တွေမှာ မဖြစ်အောင်ထိန်းပါ။

လမ်းသွားနေတဲ့အချိန်မှာ ဖြစ်နိုင်သမျှ စကားကျယ်လောင်ကျယ်လောင်မပြောတာတော့ ကောင်းပါတယ်။ စကားပြောများတဲ့ပုဂ္ဂိုလ်ဟာ အတွင်းအနှစ်သာရ နည်းသွားတတ်တယ်။ အဲဒါလေး သတိထားပေါ့။ ဒီလမ်းသွားတဲ့အခါ စကားပြောရင်လည်း တိုးတိုးသက်သာနဲ့ အနှစ်သာရရှိတာလေးတွေ ပြောရင်ကောင်းပါတယ်။ နောက်ဆုံး လုံးဝမပြောဘဲနဲ့ နေနိုင်ရင်နေပေါ့။ တပည့်တော်တို့ စာပေထဲမှာဆိုရင် 'သန္ဓိပတိတာနံ ဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ၊ ဓမ္မီ ဝါ ကထာ၊ အရိယော ဝါ တုဏှီဘာဝေါ'တဲ့။ လူစုလာပြီဆို တရားရှိတဲ့စကား ပြောရင်ပြောပါတဲ့။ ဒါမှမဟုတ် တရားလေးတစ်ခုခု နှလုံးသွင်းပြီးတော့ ဆိတ်ဆိတ်နေချင်နေပါတဲ့။ ဒီနှစ်ခုပဲ သင်တို့ လုပ်သင့်တယ်ဆိုပြီး မြတ်စွာဘုရား ဟောထားခဲ့တယ်။

လူမှုရေးဘုန်းကြီး

တပည့်တော်တို့ ဒါတွေက ခေတ်နောက်ကျတဲ့ အယူအဆလို့ ထင်စရာရှိပါတယ်။ ဒါပေမဲ့လို့ တပည့်တော်တို့ ယောဆရာတော်စကားနဲ့ ပြောရင် စိတ်စွမ်းအားပေါ့။ စိတ်ဓာတ်စွမ်းအားကျတော့ ဒီလိုလေးတွေ လိုက်နာလာပြီဆိုရင် သိပ်မြင့်တက်သွားတယ်။ အရှင်ဘုရားတို့အတွက် ဒါ သာသနာ့ဝန်ထမ်းစစ်စစ်တွေ ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် ... ဧည့်သည်တွေဘာတွေ ဘုရားဖူးပို့တာ ဘာညာ တပည့်တော်ဒီမှာဆိုရင် အမြဲတမ်းပဲ အဲဒါလေးတွေမလုပ်ဖို့၊ ဘာအရေး ညာအရေးတွေ သိပ်ပြီးတော့ စိတ်မဝင်စားဖို့ သင်ပေးတယ်။ စွမ်းအားရှိသမျှ တတ်နိုင်တဲ့ဘက်ကတော့ ကူညီပေါ့ဘုရား။ တပည့်တော်တို့ လူမှုရေးဘုန်းကြီးဖြစ်သွားရင် တော်ကြာ အိမ်အတွက်၊ တော်ကြာ ဆွေမျိုးအတွက်၊ ဒါတွေက သံသရာလည်နေမှာ။

တပည့်တော်ဆိုရင် ကူညီနိုင်တဲ့အဆင့် ရောက်နေပြီ။ ကျောင်းဘုန်းကြီးအဆင့် ရောက်နေပြီ။ ဒါပေမဲ့ စွမ်းအားရှိသမျှ ဒီကိစ္စတွေ ရှောင်နေတာပဲ။ မယ်တော်ကြီး ကျန်းမာရေးမကောင်းတာ၊ ခမည်းတော် ကျန်းမာရေး

www.dhammadownload.com

မကောင်းတာ၊ ဒါကတော့ သူတို့လည်း ကျောင်းထဲမှာ နီးနီးနားနားရှိနေတော့ လုပ်ပေးရတာပေါ့။ ကျန်တာတွေတော့ တပည့်တော် ဖြတ်ထားတာများတယ်။ ဘာမှ ဟိုလိုကြီးလိုက်ပြီးတော့ စွက်ဖက်မှုလည်း မရှိဘူး။ တအားကြီးလည်းပဲ လုပ်ပေးလေ့မရှိဘူး။ ဒါ တပည့်တော် သက်သက်ကိုပဲ လူမှုရေးဘုန်းကြီးဖြစ်မှာစိုးလို့ ကိုယ့်ဟာကိုယ် ချင့်ချိန်နေတာပဲ။ အဲဒီတော့ အရှင်ဘုရားတို့လည်း စာချဘုန်းကြီးဆိုလို့ရှိရင်လည်း စာချဘုန်းကြီးသန့်သန့်လေးဖြစ်အောင်၊ ဒါမျိုးပဲ နေထိုင်ကျင့်သုံးပါ။

လူမှုရေးဆိုတာတော့ ကျောင်းတိုက်နဲ့ စပ်လာတဲ့ဟာမျိုးတော့ တပည့်တော်တို့ လုပ်ရမှာပေါ့ဘုရား။ ကျောင်းတိုက်အတွက် တိုးတက်ဖို့ဆိုတာတော့ လုပ်ရမယ်။ ကျန်တဲ့ဆွေမျိုးတွေဘာတွေနဲ့စပ်ရင်၊ နေလို့လည်းရတယ်ဆိုရင်၊ သိပ်ပြီးတော့ ဝင်မလုပ်နဲ့ပေါ့။ မိဘဆိုတာတော့ ထိုက်သလောက် လုပ်ပေးရမှာပဲ။ တာဝန်လည်းပဲ ရှိတယ်ပေါ့။ အဲဒီတော့ ... လူမှုရေးဘုန်းကြီးမဖြစ်ဘဲနဲ့ စာသင်စာချ၊ ဒါမှမဟုတ် ဂန္ထဓုရ ဝိပဿနာဓုရသက်သက် ဆောင်ရွက်တဲ့ပုဂ္ဂိုလ်ဖြစ်အောင် ခုကတည်းက ကြိုးစားပြီးတော့ ကျင့်ပေးဖို့ ငယ်ငယ်တုန်းမှာ လုပ်ပေးရမယ်။ ကြီးလာတဲ့အခါမှာ ဒါတွေကို တဖြည်းဖြည်းရပ်စဲပြီးတော့၊ စောစောကပြောတဲ့ 'ယမှိ သစ္စဉ္ဆ ဓမ္မော စ' စတဲ့ တရားဓမ္မတွေ ကိန်းအောင်းပြီးတော့၊ လူကြီးလူကောင်းစစ်စစ် ဖြစ်ဖို့ရာအတွက် ကြိုးစားသွားရမှာပဲဘုရား။ တပည့်တော် ပြောချင်တာ ဒီလောက်ဆိုရင် စုံလောက်ပါပြီ။

ပြန်ချုပ်ရရင်

ပြန်ချုပ်ရရင် ... ဂိလာနတွေနဲ့စပ်ပြီးတော့ ဂိလာနပုဂ္ဂိုလ်တွေကလည်း ပန်ပြောဖို့၊ ဆွမ်းကျောင်းဘုန်းကြီးဆီကို မပန်ပြောဘဲနဲ့ သွားပြီးတော့ မရှုပ်မိဖို့၊ ကိုယ်က ဆွမ်းကျောင်းမှာ တာဝန်ယူတာမဟုတ်ဘူးဆိုရင် ဆွမ်းကျောင်းဘုန်းကြီး မသိဘဲနဲ့ သွားမလုပ်ဖို့၊ သွားတဲ့အခါ လာတဲ့အခါမှာလည်း တပည့်တော်ကစပြီးတော့ 'ဒီနေ့ ဘယ်သွားမယ်၊ တပည့်တော်အတွက် ဆွမ်းမပြင်ပါနဲ့တော့' စသည်ဖြင့် ပန်ပြောတဲ့အလေ့လေးတွေလုပ်ဖို့ ကြိုးစားကြပါ။ ဒါလေးတွေဟာ ကောင်းမြတ်တဲ့အလေ့အထလေးတွေ။ ဒါမျိုးတွေလုပ်ဖို့လည်း ခုနက ပြောပြီးပြီ။ ဂိလာနပုဂ္ဂိုလ်ကလည်း ကိုယ် တကယ်မကျန်းမာရင် မကျန်းမာတဲ့အကြောင်း ရှင်းရှင်းလင်းလင်း လျှောက်ပြီးတော့ ဆွမ်းခံနားပါ။ တပည့်တော်တို့က မဖြစ်မနေ ဆွမ်းခံလိုက်ရမယ် ဘာညာ မရှိပါဘူး။

အဲ ... မတိုင်ပင်ဘဲနဲ့၊ မလျှောက်ထားဘဲနဲ့ လုပ်တာမျိုးကတော့ လုံးဝမသင့်တော်တဲ့အလုပ်ဖြစ်သွားပြီ။ အလိုက်မသိသလိုဖြစ်သွားတယ်ပေါ့ဘုရား။ ဒါကြောင့်မို့ ကိုယ်စီကိုယ်စီပေါ့။ အကြီးတွေကလည်း အကြီးတစ်ယောက်ရဲ့ လူကြီးလူကောင်းဂုဏ်နဲ့ပြည့်စုံအောင် စောစောက ပြောခဲ့သလို ရှောင်သင့်တာ ရှောင်ပြီးတော့၊ စွမ်းအားရှိသမျှ မေတ္တာ ကရုဏာ မုဒိတာ ဗြဟ္မစိုရ်တရားလေးတွေ ပိုပိုထားပြီးတော့၊ အဲဒီနည်းနဲ့ လူကြီးလူကောင်းစစ်စစ်တွေဖြစ်ပြီးတော့ လူငယ်တွေကိုစောင့်ရှောက်ခြင်းအားဖြင့် ညီညီညွတ်ညွတ်နဲ့ သာသနာတော်ကြီး တိုးတက်ရာ တိုးတက်ကြောင်းကို ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

နှလုံးသားကိုပညာသင်ပေးခြင်း

၁၃၆၆ ခု၊ ဒုတိယဝါဆိုလကွယ်နေ့
၂၀၀၄ ခု၊ ဩဂုတ်လ ၁၅ ရက်၊ တနင်္ဂနွေနေ့ ည

နဝကမ္မအလုပ်တွေ

ကဲ ... ဒုတိယဝါဆိုလ ကုန်သွားပြီ။ ဒုတိယဝါဆိုလ ကုန်သွားတော့ ပြန်စစ်ကြည့်လိုက်ကြရအောင်။ တပည့်တော်တို့ ဝါဆိုပြီးတဲ့ အချိန်ကနေ စလို့ အခုအချိန်ထိပေါ့။ ဒီနေ့ လကုန်တဲ့နေ့အထိ ပဓာနအလုပ် သိပ်ပြီးတော့ မတွင်ကျယ်ဘဲနဲ့ နဝကမ္မအလုပ်တွေ များသွားတာ တွေ့ရတယ်။ နဝကမ္မများတာကလည်းပဲ ကိုယ်များချင်လို့ မဟုတ်ဘဲနဲ့ သဘာဝအလျောက်၊ သူ့ကံကြမ္မာအလျောက် ဖြစ်လာတာပေါ့။ ထားပါတော့။ ဒီဝါတွင်းမှာ ခု ၁၅ ရက်ကုန်သွားပြီဆိုတော့ နှစ်လခွဲပဲ ကျန်တော့တယ်။ ဒါကြောင့် မနက်ဖြန်ကနေစပြီး သတိတရားလေးထားပြီးတော့ အားလုံးကြိုးစားပြီး ကိုယ့်အလုပ်ကိုယ် ပြန်လုပ်ကြမယ်။

စာကျက်တဲ့နေရာတွေ ဘာတွေလည်း တပည့်တော် ထပ်ပြီးတော့ ပြောခိုင်းထားပါတယ်။ ပက်လက်ကြီးတွေလှန်ကျက်တာတို့၊ နံရံမှီကျက်တာတို့၊ အဲဒါမျိုးတွေ မရှိပါစေနဲ့။ အကြောင်းအားလျော်စွာ စာရေးတဲ့အခါ ဝပ်လျားမှောက်ရေးတာကတော့ ထားတော့။ နံရံတွေမှီကျက်တာတွေ၊ ပက်လက်ကြီးတွေလှန်ကျက်တာတွေ မရှိပါစေနဲ့။ အဲဒါတွေက စာကျက်လို့လည်း မရနိုင်ပါဘူးနော်။ ရတယ်ဆိုလည်း ရတဲ့သူတော်တော်နည်းပါ

www.dhammadownload.com

လိမ့်မယ်။ အဲဒီတော့ ... ကြိုးစားပြီးတော့ ကျက်ပေါ့။

နှလုံးသားကို ပညာသင်ပေးခြင်း

ဒီနေ့ညမှာ တပည့်တော် ဘာပြောချင်လဲ ဆိုတော့ ... သတင်းစာထဲက ဆောင်းပါး ခေါင်းစီးလေးတစ်ခုကိုပဲ ပြောမယ်ပေါ့။ အကြောင်းအရာကတော့ အကုန်လုံး သူ့ထဲက မယူဘဲ တပည့်တော်ဘာသာ ကျမ်းဂန်တွေနဲ့ ညှိပြီးတော့ ပြောသွားမယ်။ ခေါင်းစဉ်က ဘာလဲဆိုတော့ 'နှလုံးသားကို ပညာသင်ပေးခြင်း' တဲ့။ ဒီခေါင်းစီးတပ်လိုက်တော့ စဉ်းစားစရာ ရှိလာတယ်။ ဘာလဲဆိုတော့ ... နောက်တစ်မျိုး အနေနဲ့ 'ဦးနှောက်ကို ပညာသင်ပေးခြင်း' ဆိုပြီး ထွက်လာတယ်ပေါ့။ ခု အတန်းကျောင်းတွေမှာရော၊ တပည့်တော်တို့ ဘုန်းကြီးလောကမှာရော၊ စာမေးပွဲတွေအောင်အောင်ဆိုပြီးတော့ အားလုံး ကြိုးစားပြီး လုပ်နေကြတယ်။ ဒါက ဦးနှောက်ကို ပညာသင်ပေးနေတာ။ ဒါကတော့ တစ်ကမ္ဘာလုံး သူ့နိုင်ငံကိုယ့်နိုင်ငံ သင်ပေးနေတာပဲ။

ဒီကြားထဲမှာ ဦးနှောက်ခိုးပြီးတော့ သင်ပေးတာတွေက ရှိသေးတယ်နော်။ စာမေးပွဲတွေ ခိုးဖြေတာ၊ ပေါ့ကတ်လို့ခေါ်တဲ့ စာအုပ်ပေါက်စလေးတွေ ထွက်လာတာ၊ ဒါတွေ တပည့်တော်တို့ ဘုန်းကြီးလောကမှာတောင် တွေ့နေရတယ်။ အဲဒီလို ဦးနှောက်လေးပညာသင်ပေးတာတောင်မှ ခိုးနည်းတွေပါ သင်ပေးလာတာတွေက ရှိနေတယ်။ အဲဒီတော့ ... ဦးနှောက်ကိုပညာသင်တဲ့နည်းနဲ့ကတော့ လက်တွေ့လောကမှာ မလုံလောက်ဘူးပေါ့။ ဒါ ခုနကလို မရိုးမသား မဟုတ်ဘဲနဲ့ ရိုးရိုးသားသားသင်ပေးတာတောင်မှ တကယ့်လက်တွေ့မှာ ဦးနှောက်တစ်ခုတည်း သင်ပေးရုံနဲ့တော့ မလုံလောက်ပါဘူး။

ဌာနုပစာ

ဆောင်းပါးထဲက ဇာတ်လမ်းလေးကို တပည့်တော် အရင်ပြောပြမယ်။ ဂျပန်နိုင်ငံမှာ မူလတန်းတောင် မရောက်သေးတဲ့ကလေးတွေ အတွက် မူလတန်းအကြိုကျောင်းဆိုတာလေးတွေ ဖွင့်ထားတာရှိတယ်တဲ့။ ကျောင်းအုပ်ဆရာမကြီးတစ်ယောက်က သူ့ကျောင်းမှာ 'နှလုံးသားကို ပညာသင်ပေးခြင်း' ဆိုတာလေးတွေ လုပ်ပေးတယ်။ နှလုံးသားဆိုတာ လူတွေ ပြောတဲ့ အသုံးအနှုန်းပေါ့။ တကယ်တော့ အဘိဓမ္မာနည်းနဲ့ကြည့်ရင် နှလုံးသားဆိုတာ ရုပ်တရားပဲ။ အဲဒီ ရုပ်ပေါ်မှာ ပဋ္ဌဝိညာဉ်ကလွဲလို့ ကျန်တဲ့ များစွာသော စိတ်စေတသိက်တွေ မှီဖြစ်နေတာ။ ခုပြောတဲ့ နှလုံးသားကို ပညာသင်ပေးခြင်းဆိုတာ ဌာနုပစာလို့ ပြောလို့ရတယ်။ တကယ်တော့ နှလုံးသားကို ပညာသင်ပေးတယ်ဆိုတာ စိတ်ကို ပညာသင်ပေးတဲ့သဘောပါပဲ။

အဲဒီတော့ ... နှလုံးသားကို ပညာသင်ပေးတယ်ဆိုတာ ဘာလဲ။ အကျဉ်းချုပ်ပြောရင်တော့ နှလုံးသားလှပအောင်၊ စိတ်ထားလှပအောင် သင်ပေးတာပဲ။ နှလုံးသားလှပအောင်ဆိုတာ ကုသိုလ်ကောင်းမှုတွေမှာ မွေ့မျော်ချင်စိတ်တွေ ဖြစ်လာအောင်၊ တစ်ဖက်သားကို ကူညီချင်တဲ့ စိတ်တွေဖြစ်လာအောင်၊ ဒါမျိုးလေးတွေ သင်ပေးတာကိုပြောတာ။ ကလေးလေးဘဝတည်းက တပည့်တော်တို့ ဒါမျိုးလေးတွေသင်ပေးတယ်ဆိုရင် ကြီးလာတဲ့အခါ လူလူချင်းတွေ့လို့ရှိရင် သူတစ်ပါးကို နှိမ်တဲ့စကား မပြောဖြစ်တော့ဘူးပေါ့။ တချို့ ပညာတတ်ဆိုတဲ့ပုဂ္ဂိုလ်တွေကိုပဲ

www.dhammadownload.com

တစ်ဖက်သားကို နှိမ်ပြောတာတွေရှိတယ်။ ဒါလေးတောင်မှ မသိဘူးလားဆိုတဲ့ ပုံစံတွေနဲ့ ပြောတယ်။ ဒါတွေဟာ ကလေးဘဝကတည်းက နှလုံးသားကို ပညာသင်ကြားခြင်းမလုပ်ခဲ့လို့ပဲ။

ကလေးဘဝကတည်းက

အဲဒီတော့ ... ကလေးဘဝကတည်းက တပည့်တော်တို့ လေ့ကျင့်ပေးရမယ်။ ကောင်းမှု၊ ကောင်းမှုဆိုတာလည်း တပည့်တော်တို့ ဗြဟ္မစိုရ်တရားလေးပါးနဲ့ကြည့်ရင်ကိုပဲ နယ်ကတော်တော်လေး ကျယ်ပါတယ်။ သူတစ်ပါးအပေါ်မှာ မေတ္တာထားပြီးတော့ ကူညီချင်တဲ့စိတ်၊ သူတစ်ပါး ဒုက္ခရောက်တဲ့အခါမှာ သူတစ်ပါး ဒုက္ခကို ပယ်ရှားပြီးတော့ ချမ်းသာစေလိုတဲ့စိတ်၊ ကိုယ့်ထက်သာသွားလို့ရှိရင်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်နိုင်တဲ့စိတ်၊ ဒီစိတ်တွေဟာ တကယ့်ကို အင်မတန်မှကောင်းမြတ်တယ်။ ဒါလေးတွေကို ကလေးဘဝကတည်းက ရိုက်သွင်းထားရမယ်။ ပရဟိတခေါ်တဲ့ သူတစ်ပါးကိုကူညီချင်တာ၊ သူတစ်ပါးကြောက်နေတာကို ကိုယ်ကနေပြီးတော့ ဖေးမချင်တာ၊ ဒီဟာမျိုးလေးတွေကို မြတ်နိုးတဲ့စိတ် ကလေးဘဝကတည်းက ပေါ်လာပြီဆိုရင် အဲဒါ နှလုံးသားကိုပညာသင်ခြင်းအောင်မြင်တယ်လို့ တပည့်တော်တို့ သတ်မှတ်လို့ရတယ်ပေါ့။

ငါးနှစ်သားကလေး

အဲဒီဂျပန်နိုင်ငံမှာ ကျောင်းဆရာမကြီးတစ်ယောက်က သူ့ကျောင်းမှာ ဒီလိုသင်ပေးလိုက်တဲ့အတွက် သူ့ဘဝတစ်သက်တာမှာ လုံးဝမမေ့နိုင်တဲ့ အကြောင်းအရာလေးတစ်ခုရှိပါတယ်တဲ့။ ဘာလဲဆိုတော့ ... သူ့ကျောင်းက ကလေးလေးတစ်ယောက်၊ မူလတန်းကြိုသင်တန်းကျောင်းဆိုတော့ ငါးနှစ်မပြည့်သေးတဲ့ ကလေးတွေနေမှာပေါ့။ အဲဒီ ငါးနှစ်မပြည့်တဲ့ ကလေးလေးတစ်ယောက်ဟာ တစ်နေ့ သူ့ရဲ့ အဘိုးက ဆုံးသွားတော့ အဘွားဖြစ်တဲ့သူက ငိုတယ်ပေါ့။ ငိုနေတော့ ဒီကျောင်းကကလေးလေးက 'အဘွားရယ် ... မငိုပါနဲ့။ အဘိုးကိုယ်စား ကျွန်တော်ဟာ အဘွားအတွက် အရာရာကူညီပြီး ဆောင်ရွက်ပေးပါ့မယ်' ဆိုပြီးတော့ ဒီကလေးလေးက သူ့အဘွားကို အဲဒီလို ပြောတယ်တဲ့။

သူ့အဘိုးလုပ်ခဲ့တာတွေကို သူကူညီပြီးတော့ လုပ်ပါ့မယ်၊ ဒီလောက်ကြီး ဝမ်းနည်းမနေပါနဲ့ဆိုပြီးတော့ သူက လက်ဆောင်လေးတစ်ခုတောင် ပေးလိုက်သေးတယ်တဲ့။ သူ့အဘိုးနဲ့ အဘွား ငယ်ငယ်က လက်တွဲပြီးတော့ လမ်းလျှောက်နေတဲ့ပုံလေး။ အဲဒီဓာတ်ပုံလေး ပေးလိုက်တယ်။ အဘွားဖြစ်တဲ့သူက သူ့မြေးလေးပြောတဲ့စကားကို ကြားပြီးတော့၊ ရှိုက်ကြီးတငင်ငိုမိတာ သူမှားတဲ့အကြောင်း ဝန်ခံပြီးတော့၊ သူ့ကိုယ်သူ ပြင်ဆင်ပြီး လက်ကျန်ဘဝတစ်လျှောက် အကောင်းဆုံး တည်ဆောက်သွားတယ်ပေါ့။

ဒါ ဘာလဲဆိုတော့ ... ကျောင်းမှာ လေ့ကျင့်ပေးခဲ့တာလေးတွေထဲက တစ်ခုပေါ့။ ကျောင်းမှာ သတ္တိရှိရမယ် စသည်ဖြင့် ဒါမျိုးလေးတွေလည်း သင်ပေးတယ်။ တစ်ဖက်သား ဒုက္ခရောက်လို့ရှိရင် ကူညီရမယ်၊ သဘာဝအရ ပျက်သွားတဲ့အရာတစ်ခုအတွက် ပူဆွေးမှုမပြုဘဲနဲ့ လုပ်သင့်လုပ်ထိုက်တာလေးတွေ ဆက်လုပ်သွားရမယ် ဆိုတာမျိုးလေးတွေ သင်ပေး

www.dhammadownload.com

လိုက်တဲ့အခါ ဒီ ငါးနှစ်မရှိတဲ့ကလေးလေးဟာ ဒီလိုမျိုးစကားလေးတွေနဲ့ သူ့အဘွားကို သက်သာစေနိုင်ခဲ့တယ်။ ဒီကျောင်းအုပ်ဆရာမကြီးက သူ့ဘဝတစ်လျှောက်လုံး ဒီအတွေ့အကြုံလေးက သူ့နှလုံးသားထဲမှာ သိပ်ပြီးတော့ စွဲနေတယ်။ ဒီအတွက် သူ့အနေနဲ့ ဒီကျောင်းတည်ထောင်ရ ကျိုးနပ်တယ်ဆိုတဲ့သဘောမျိုး အဲဒီဆောင်းပါးထဲမှာ ပြောပြထားတယ်။

မခြောက်ပါနဲ့

တပည့်တော် ဘာနဲ့စပ်ပြီးတော့ ပြောချင်တာလဲ။ တစ်နေ့ကဖြစ်ပျက်ခဲ့တဲ့ ရှင် ..... ရေနစ်ဆုံးပါးခဲ့တာနဲ့ စပ်လို့ပေါ့။ အဲဒီတုန်းကလည်း ချက်ချင်းပဲ တပည့်တော် ကြောက်စိတ်တွေနဲ့စပ်လို့ ပြောခဲ့တယ်။ ကလေးငယ်တွေကို မခြောက်ပါနဲ့လို့။ ဒါကိုပဲ နားမထောင်တဲ့အတွက် တပည့်တော် တစ်နေ့က ခြောက်လှန့်စနောက်တဲ့ လေးပါးကို ဒဏ်ပေးတယ်။ တစ်နေ့က ကိုရင် တစ်ပါး ငိုနေတာတွေ့လို့ 'ကိုရင်၊ ဘာဖြစ်လို့ ငိုတာလဲ' ဆိုတော့ 'ရှင် ..... က ခြောက်လို့ပါ' တဲ့။ ပြန်ပြီးတော့ စဉ်းစားကြည့်။ ဒါတွေဟာ ကောင်းတဲ့အလုပ်မဟုတ်ပါဘူး။ ခုလို ဘွဲ့နဲ့တပ်ပြောတယ်ဆိုတာလည်း အားလုံးကို သိစေချင်လို့၊ နောက်နောင်မှာ မဖြစ်စေချင်လို့ပါ။

ကိုယ်က အပြုအမူတစ်ခုကို သတိလက်လွှတ်ပြုလိုက်ပြီဆိုရင် တစ်ချိန်မှာ ဘာတွေအကျိုးဆက်ဖြစ်လာနိုင်သလဲဆိုတာ စဉ်းစားတတ်ရတယ်။ မတော်တဆဖြစ်တယ်၊ သေဆုံးတယ်ဆိုတာကတော့ နေရာတိုင်းမှာ ရှိကြတာပဲ။ တပည့်တော်က ခေါင်းဆောင်အနေနဲ့ အားလုံးသံသယရှင်းသွားအောင်ဆိုပြီး ရေကန်မှာလည်းပဲ ပရိတ်တွေဘာတွေ ရွတ်ပေးတယ်။ အမျှတွေလည်း ပေးဝေတယ်။ ရက်လည်တွေ လုပ်ပေးတယ်။ မကျွတ်ခဲ့ရင်ဆိုပြီး ထပ်ပြီးတော့လည်း အမျှပေးဝေတယ်။ လက်တွေ့မှာ တကယ်လည်း ဘာမှ တအားကြီး ထူးထူးခြားခြားကြီးလည်း မတွေ့ပါဘူး။ ဒါပေမဲ့ ကလေးတွေရဲ့ စိတ်ထဲမှာ ဒါကြီးကို ကြောက်စရာလို့ မြင်မှာစိုးလို့ တပည့်တော် လုပ်စရာရှိတာ အားလုံး လုပ်ပေးခဲ့တယ်။

တွေ့ကိုတွေ့ရမှာ

အိမ်တိုင်းအိမ်တိုင်းမှာ လူမသေတာ မရှိပါဘူး။ ဒီကိစ္စဆိုတာ အမြဲတမ်းတွေ့နေရမှာ။ ဘယ်ကျောင်းနေနေ ဘယ်အိမ်နေနေ ဒါတွေက တွေ့ကိုတွေ့ရမှာ။ တွေ့လာတဲ့အခါ တပည့်တော် ဖြစ်စေချင်တာက 'ဟာ ... တို့ မြစကြာနေတုန်းက ကြုံခဲ့ရတယ်။ ဘုန်းကြီးက ဘယ်လို ဘယ်လို ဆောင်ရွက်တယ်။ ဘယ်လိုဘယ်လို ပြောပြတယ်' ဒါမျိုးလေးတွေ သိစေချင်တဲ့အတွက် ခုလို ရှေ့ကနေပြီးတော့ လမ်းပြပေးတယ်။ ဒါကြောင့် အရှင်ဘုရားတို့ ကလေးတွေ စိတ်ချောက်ချားသွားအောင် ကြောက်စရာတွေ လျှောက်မပြောပါနဲ့။ တကယ်လည်းပဲ ဘာမှ ရှိတာမဟုတ်ဘူး။

သတ္တိရှိသူ

ဒီထဲမှာ သတ္တိရှိတဲ့ကိုရင်လေးတွေလည်း တွေ့ရလို့ ဝမ်းသာပါတယ်။ ဟို ရှင်ပညာသေဋ္ဌ ဆိုတဲ့ကိုရင်ကဆိုရင် ဘာပြောလဲဆိုတော့ ... တပည့်တော်က ခုတင်ကြီးကို အမှိုက်ပုံပစ်ထားတာ တွေ့တော့၊ ကြောက်လို့လားဆိုပြီး နောက်ဆုံး 'က ... မထူးပါဘူး။ အိပ်မယ့်လူမရှိမှ

www.dhammadownload.com

တော့ မီးသာစိုက်ပစ်လိုက်ပါတော့'လို့ ဒီလို ပြောလိုက်တယ်ပေါ့။ သူ့ဆီက အသံကြားတယ်။ နှမြောစရာကောင်းလိုက်တာတဲ့။ သူပေးလိုက်ရင် သူအိပ်မှာတဲ့။ နောက် ... စာချဘုန်းကြီး ဦးဣန္ဒာစာရရဲ့ ခမည်းတော်ကြီး ဘိုးဉာဏ်ကလည်းပဲ 'ဒီခုတင်ကြီး တပည့်တော်တို့ အဆောင်ထဲထားပါလား၊ တပည့်တော်အိပ်မှာပေါ့၊ ကိုယ့်ထက်ကြီးတဲ့ ဧည့်သည်လာရင် တပည့်တော်က ဆင်းပေးရမလို ဖြစ်ဖြစ်နေတာ၊ အပိုရှိတော့ ဟန်ကျတာပေါ့'တဲ့။ ဒါမျိုးလေးတွေလည်း တွေ့ရတယ်။

နောက်ပြီးတော့ ... ရှင်ဝိစာရတို့၊ ရှင်ဉာဏိဿရတို့ဆိုလည်း ကူညီချင်တဲ့စိတ်လေးနဲ့ သတ္တိရှိရှိပဲ လုပ်ကိုင်သွားကြတယ်။ ဒါတွေက လူတိုင်းဖြစ်ပါလို့တော့ ပြောလို့မရဘူးပေါ့။ ဒါပေမဲ့ ဒီကလေးတွေကြည့်ပြီး အားကျစရာဆိုတာကိုတော့ နှလုံးသွင်းထားပါ။ ဘာမှ မဖြစ်ပါဘူး။ တကယ်လို့ ကိုယ့်စိတ်ထဲမှာ ချောက်ချားတယ်ဆိုရင်လည်း သူများလျှောက်မပြောပါနဲ့။ ဘာတွေက ဘယ်လိုမြည်နေတာ၊ လေက ဘယ်လိုတိုက်တာ၊ ဒါတွေ သွားပြောနေလို့ကတော့ ဆုံးမှာမဟုတ်ဘူး။ အဲဒီတော့ ... ဒါတွေကို သူများပြောမယ့်အစား ကိုယ့်စိတ်ထဲမှာ သံသယရှင်းရှင်းနဲ့သွားချင်တယ်ဆိုရင် သတ္တိရှိတဲ့ကိုရင်တစ်ပါး အဖော်ခေါ်ပြီး ညရေးညတာ သွားပေါ့။ တစ်ပါးမဟုတ်ဘူး၊ နှစ်ပါးခေါ်သွားလည်း ရပါတယ်။

အရုပ်ဆိုးစေတယ်

ညနေ ကျောင်းစောင့်ကျတဲ့အခါမှာ တစ်ပါးတည်း စိတ်ထဲမှာ တစ်မျိုးဖြစ်နေရင် နှစ်ပါးလောက်ခေါ်သွားပေါ့။ ဘာမှတော့ မဖြစ်ဘူး။ ဒါပေမဲ့ သူတို့စိတ်မှာ သံသယကင်းပါစေဆိုတဲ့စိတ်နဲ့ တပည့်တော် ခွင့်ပေးနေတာ။ ဒါကိုပဲ သွားပြီးတော့ 'ဟာ ... နောက်က ဘာကြီးလိုက်လာပြီ၊ ဘာဖြစ်ပြီ'နဲ့ သွားခြောက်တယ်ဆိုတာ ခုနကပြောတဲ့ နှလုံးသားကို ပညာသင်ပေးခြင်းသဘောတရားနဲ့ ဆန့်ကျင်နေတယ်။ ဒါကာယကံရှင်တွေအနေနဲ့ နောက်နောင် အလုပ်တစ်ခုလုပ်မယ်ဆို စဉ်းစားဖို့ တပည့်တော် ပြောတာပါ။ ကြုံတင်ပိတ်ထားလျက်နဲ့ ဒါမျိုးဖြစ်တာကိုတော့ တပည့်တော် သဘောမကျဘူး။ တပည့်တော် ကြုံတင်ပြီးတော့ ပြောတယ်ဆိုတာက အကြောင်းရှိလို့ပြောခဲ့တာပါ။

အရှင်ဘုရားတို့ထက် တပည့်တော်က အသက်လည်း ကြီးတယ်။ ဝါလည်း ကြီးတယ်။ အတွေ့အကြုံအရလည်းပဲ တပည့်တော်က အရှင်ဘုရားတို့ထက် များပြီထင်ပါတယ်။ တပည့်တော် ကြုံတင်ပြီးတော့လုပ်တာဟာ ကလေးတွေ အလကားနေ ကြောက်စိတ်ဖြစ်မှာစိုးလို့။ တကယ်တော့ ဘာမှမဟုတ်ဘူး။ ဘာမှ မဖြစ်ဘူး။ ကိုယ့်စိတ်ချောက်ချားနေတယ်ဆိုလည်း တစ်ပါးနဲ့အတူသွားလိုက်ရင် ပြီးတာပဲ။ ဒါကိုပဲ သွားပြီးတော့ ခုလိုစနောက်တာတွေဟာ ကလေးတွေအတွက် နှလုံးသားကို ပညာသင်ရာမရောက်ဘဲနဲ့ အရုပ်ဆိုးအောင်လုပ်ရာ ရောက်တယ်။ ကြီးလာတဲ့အခါအထိ ဒါမျိုးကြီးတွေတွေးကြောက်နေရင် ဒီပုဂ္ဂိုလ်ဟာ ခေါင်းဆောင်ဘယ်တော့မှ မဖြစ်နိုင်ဘူးပေါ့ဘုရား။

အကြောက်လွန်ရင်

အဲ ... တပည့်တော့်အတွေ့အကြုံအရ အကြောက်လွန်သွားရင် စိတ္တဇရောဂါတွေ ဘာ

www.dhammadownload.com

တွေတောင် ဖြစ်နိုင်တယ်။ တချို့ စိတ္တဇရောဂါသည်တွေဆိုတာ တစ်ခါတလေ ဒီလိုအကြောက်လွန်ခြင်းကြောင့် ဖြစ်ဖြစ်သွားတာ။ ဒါလေးတွေ တပည့်တော်က သိစေချင်တယ်။ သိစေချင်လို့ တပည့်တော် ထည့်ပြောတာ။ အဲဒီတော့ ကိုယ့်ဟာကိုယ် ပုံမှန်ပဲနေပါ။ ခုနကလို 'ဘာဖြစ်တယ်၊ ညာဖြစ်တယ်' လျှောက်ပြီးတော့ မပြောပါနဲ့။ တကယ်ပြောစရာရှိရင် တပည့်တော်ဆီလာပြီးတော့ ပြောပါ။ တပည့်တော် ကူညီပြီးတော့ 'ဘာတွေ ဘာတွေလုပ်သင့်တယ်' စသည်ဖြင့် စီစဉ်ပေးပါမယ်။ ခု သတိရတုန်း ထပ်ပြီးတော့ ပြောရဦးမယ်။ တပည့်တော်တို့ ဒီကနေ ဆင်းလို့ရှိရင် မတော်တဆဖြစ်သွားတဲ့ရှင် ..... နေထိုင်သွားတဲ့ မြို့တော်ကျောင်းဆောင် အပေါ်ဆုံးထပ်ကို အားလုံးကြွပေးကြပါ။

အသုံးအနှုန်း

လောကအခေါ်အဝေါ်လေးတွေနဲ့ စပ်ပြီးတော့လည်း အရှင်ဘုရားတို့ ဗဟုသုတအဖြစ် မှတ်ထားဦးပေါ့။ အင်္ဂလန်နိုင်ငံက သုံးတာက အောက်ဆုံးထပ်ကို မြေညီထပ်တဲ့။ ခု မြို့တော်ကျောင်းဆောင်ဆို အောက်ဆုံးထပ်ကို မြေညီထပ်၊ အလယ်ထပ်ကို ပထမထပ်၊ အထက်ဆုံးထပ်ကို ဒုတိယထပ်ပေါ့။ အမေရိကန်နိုင်ငံသုံးကျတော့ အောက်ဆုံးကို ပထမထပ်၊ အလယ်ကို ဒုတိယထပ်၊ အထက်ဆုံးကို တတိယထပ်။ ဒါမျိုးသုံးတယ်ပေါ့။ တပည့်တော်တို့ မြန်မာနိုင်ငံက ဘယ်ဟာကို အတုခိုးပြောလေ့ရှိသလဲ။ တပည့်တော်တို့ မန္တလေးသွားလို့ ဈေးချိုကြီးဖြတ်သွားရင် တွေ့တယ်မဟုတ်လား။ အောက်ဆုံးကို မြေညီထပ်လို့သုံးထားတယ်။ လူတွေ စာရေးတဲ့အခါဖြစ်ဖြစ်၊ စကားပြောကြတဲ့အခါဖြစ်ဖြစ် သတိထားကြည့်ရင် မြန်မာနိုင်ငံရဲ့ အသုံးက အင်္ဂလန်ကိုမှီထားတာတွေ့ရမယ်။ ဒါလေးတွေလည်း ဗဟုသုတအဖြစ် ပြောပြပါတယ်။

အဲဒီတော့ ... ဆိုလိုတာက အဲဒီ မြို့တော်ကျောင်းရဲ့ အထက်ဆုံးထပ်နဲ့ အလယ်ထပ်ဝရန်တာတွေမှာ စတီးချောင်းကြီးတွေရှိတယ်။ တပည့်တော်လည်းပဲ နဂိုကတည်းက ဒါကြီးတွေ အန္တရာယ်များမယ်လို့တော့ ထင်တယ်ပေါ့။ ထင်ပေမဲ့လို့ ဆရာတော်လုပ်တာဆိုတော့ လေးစားတဲ့အနေနဲ့ မလျှောက်ရဲလို့ မလျှောက်ခဲ့ရဘူး။ ဒါကြီးတွေ ကျဲလွန်းတယ်လို့တော့ သိတယ်။ အန္တရာယ်သိပ်များတယ်။ ဒါကြောင့်မို့ ကိုယ်က အပေါ်ဆုံးထပ်နေနေ၊ အလယ်ထပ်နေနေ၊ ကလေးတွေ ဆော့နေ ပြေးနေပြီဆိုရင် အဲဒီအထပ်က ရဟန်းတွေ သာမဏေတွေက မပြေးဖို့ရာ၊ မဆော့ဖို့ရာ အမြဲတမ်းပဲ သွားပြီးတော့ ကြည့်ပြီး သတိပေးပါ။ ဒီစတီးလက်ရန်းကျဲကြီးတွေက တပည့်တော်တို့ လူကြီးတစ်ကိုယ်စာတောင်မှ ဝင်သွားနိုင်တဲ့ဟာ ကလေးတွေဆိုမှောက်လဲလို့ရှိရင် သိပ်အန္တရာယ်များတယ်။

အမျှဝေကြမယ်

ဆိုလိုတာက ဘာလဲဆိုတော့ ... ခုနက ကိစ္စနဲ့စပ်ပြီး သံသယရှင်းသွားအောင်၊ ကလေးတွေအတွက်လည်း အထိုက်အလျောက် အန္တရာယ်ကင်းသွားအောင်၊ နောက်ပြီးတော့ မြို့တော်အပေါ်ဆုံးထပ်ဆိုတာက တပည့်တော်တို့ကျောင်းတိုက်ရဲ့ အမြင့်ဆုံးနေရာပဲ။ ဒါကြောင့် ကျောင်းတိုက်တစ်တိုက်လုံးအတွက် ခံစုံပြီး တချို့အငယ်တွေလည်း စိတ်သန့်သွားအောင်၊ ကနေ့ည ဒီကနေဆင်းရင် တပည့်တော်

www.dhammadownload.com

တို့ ထုံးစံအတိုင်း ပရိတ်ရွတ်ပြီးတော့ အမျှဝေတာလုပ်ကြမယ်။

အမျှဝေတဲ့အခါမှာလည်း နောက်ဆုံးမှာ ရှင် ..... လို့ နာမည်တပ်ပြီး နောက်ဆုံးအကြိမ်အနေနဲ့ ထည့်ပေးဝေမယ်။ တကယ်တော့ ရက်လည်ပြီးပြီမို့ ဒါတွေဟာ များသောအားဖြင့် ပြီးပြတ်သွားပါပြီ။ ကြောက်အား လန့်အားတွေ ဖြစ်ခဲ့လို့ ဂတိများမှားခဲ့တောင်မှ ရက်လည်ပြီးလို့ရှိရင်၊ အမျှပေးဝေပြီးလို့ရှိရင်၊ ဒါတွေက ပြီးသွားတတ်တာပဲ။ သူ့စိတ်က ပင်ကိုအတိုင်းလည်း ကောင်းနေခဲ့တာ များတာပါပဲ။ ဒါကြောင့် မချွတ်ချော်ဘူးဆိုရင်လည်း အစကတည်းက သူဟာသူ ပြီးတာပဲ။ မတော်တဆ ချွတ်ချော်ခဲ့ရင်လည်းပဲ တပည့်တော်တို့ ရက်လည်လုပ်ပြီးတော့ အားလုံး အမျှပေးဝေပြီးပြီပဲ။ ဒီနေ့လည်လည်း ပိုပိုလိုလို ထပ်ပြီးတော့ အမျှပေးဝေကြမယ်ပေါ့။

သတ္တိရှိမှ

အထူးသဖြင့်တော့ တပည့်တော်က ကလေးလေးတွေ တက်တက်ပြေးတာမြင်ရင် အောက်ကကြည့်ပြီး စိတ်ထဲကနေပြီးတော့ လှမ်းလှမ်းပြောနေရလို့ မောနေရတာကြောင့်ပါ။ အဲဒီ အပေါ်ဆုံးနဲ့ အလယ်ထပ်မှာနေတဲ့ ရဟန်းသာမဏေတွေက အထူးဂရုစိုက်ပေးပါ။ မြင်လို့ရှိရင် မြင်တဲ့တစ်ပါးက မတက်ဖို့၊ မဆော့ဖို့ သတိပေးပါ။ ဒါတွေက မဖြစ်ဘူးပြောလို့ မရဘူး။ မှောက်လဲလိုက်ပြီဆိုရင် ကလေးအငယ်တွေ လက်ရန်းကြားထဲကနေ လျှောခနဲ ကျသွားနိုင်တယ်ပေါ့။ ဒါကြောင့် အရှင်ဘုရားတို့ ဒီကနေ ဆင်းလို့ရှိရင် အဲဒီပေါ် အားလုံးကြပေးပါ။

ခုနက ပြောခဲ့တဲ့ နှလုံးသားကို ပညာသင်ပေးခြင်းဆိုတာ ကလေးတွေရဲ့စိတ်ထဲမှာ သတ္တိရှိလာအောင် လုပ်ပေးရမယ်။ သတ္တိရှိမှလည်း သူတစ်ပါးအပေါ် ကူညီချင်စိတ်ဆိုတာ ရှိလာမယ်။ နောက် ... ကိုယ့်အိမ်မှာ တစ်ယောက်နဲ့ တစ်ယောက် မခေါ်နိုင်မပြောနိုင် ဖြစ်နေတယ်ဆိုရင် ကိုယ်ကနေပြီးတော့ မာနမြန်မြန်ချပြီးတော့ ညီညွတ်ချင်စိတ်ရှိလာအောင်၊ သူတစ်ပါးကိုလည်း ကိုယ်စွမ်းရှိသမျှ ကူညီချင်စိတ်ရှိလာအောင်၊ ဒါမျိုးလေးတွေ သင်ပေးတာဟာ နှလုံးသားကို ပညာသင်ပေးတာပဲ။ ဒါတွေ တပည့်တော်တို့ကျောင်းမှာဆိုလည်း ထိုက်သလောက်တော့ လုပ်နေတာပါပဲ။

ပြင်ပေးပါ

ကိုယ့်စာကိုယ်ကျက်တယ်ဆိုတဲ့ ဦးနောက်ကို ပညာသင်ပေးတာလောက်နဲ့ကတော့ မပြီးဘူးဆိုတာ အရှင်ဘုရားတို့ သဘောပေါက်ပါ။ ပုဂ္ဂိုလ်တစ်ယောက်ဟာ စာမေးပွဲတွေအောင်၊ စာတွေတတ်နေရုံနဲ့ မပြီးပါဘူး။ ခုနက ပြောခဲ့သလို ကိုယ့်လက်အောက်ငယ်သားလေးတွေကို တတ်နိုင်သမျှ သူတစ်ပါးကိုကူညီချင်အောင်၊ စာရိတ္တမြင့်မားအောင် သွန်သင်ပေးရမယ်။ နှလုံးသားကိုပါ သင်ပေးရမယ်။ မှားနေလို့ရှိရင် ပြောပေးရမယ်။ 'ဟာ ... သူတို့ကိုပြောလိုက်ရင် ငါ့မုန်းမှာပေါ့' ဆိုတဲ့စိတ်ဓာတ်တွေက နှလုံးသားသိပ်မလှတဲ့ ပုဂ္ဂိုလ်တွေမှာ ဖြစ်တတ်တယ်။ ကိုယ့်ကိုယ်ကိုယ် အဲဒီစိတ်မျိုး ဖြစ်နေတယ်ဆိုရင်လည်း မရုက်ပါနဲ့။ ပြင်ပေးပါ။

အရာရာမှာ တပည့်တော်တို့ကျောင်းတိုက်အနေနဲ့ တတ်နိုင်သမျှ အားလုံးကူညီပြီးတော့ လုပ်ပေးနေတာပဲ။ အားလုံးလည်း ဝိုင်းပြီးတော့

www.dhammadownload.com

ကူညီပေးကြမှာပါ။ အဲဒါဆိုရင် နှလုံးသားလှတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လာမှာပဲ။ ဒါ ဒီနေ့ သတင်းစာထဲဖတ်လိုက်ရတဲ့ ခေါင်းစီးလေးယူပြီးတော့ တပည့်တော် ပြောတာ။ ကဲ ... အချိန်လည်း (၁၅)မိနစ် ကျော်သွားပြီ။ တပည့်တော်ပေးခဲ့တဲ့ သြဝါဒအတိုင်း လိုက်နာကျင့်သုံးကြပြီးတော့ ကိုယ်စီကိုယ်စီ နှလုံးသားလှတဲ့ ရဟန်းသာမဏေများ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

နလုံးသားကိုပညာသင်ပေးခြင်း(၂)

၁၃၆၆ ခု၊ ဝါခေါင်လပြည့်နေ့
၂၀၀၄ ခု၊ ဩဂုတ်လ ၃၀ ရက်၊ တနလၤာနေ့ ည

အရင်တစ်ပတ်ကအဆက်

တပည့်တော်တို့ ဒီတစ်ပတ်မှာလည်း အရင်တစ်ပတ်က ပြောခဲ့တဲ့ ခေါင်းစဉ်လေးကိုပဲ ဆက်လိုက်ကြရအောင်။ အားလုံးလည်း ရနေတာပဲ။ တပည့်တော်တို့ ဘုရားရှင်အဆူဆူ စွန့်တော်မမူကြတဲ့ ဩဝါဒပါတိမောက်ထဲက အစဆုံးဂါထာလေး ဆိုလိုက်ကြပါဦး။

'ခန္တီပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ
ပရံ ဝိဟေဌယန္တော။'

'တိတိက္ခာ = မိမိကသာ အရာရာဝယ် အသာမစံ အနာခံခြင်းဟူသော၊ ခန္တီ = တောင်တောင်အီအီ မကြဲစည်ဘဲ ခန္တီတရား ကိုယ်မှာထားခြင်းသည်' တဲ့။ ဒါလေးတွေက တပည့်တော်တို့ တောင်မြို့ဆရာတော်ကြီးက နိဿယအနေနဲ့တင် ပေးထားတာမဟုတ်ဘူး။ တကယ်ကောင်းတာ။ ဘုရားဝတ်တက်

www.dhammadownload.com

တွေ ဘာတွေမှာ ရွှတ်တာကတော့ အားလုံး ရွှတ်နေကြတာပဲ။ ကောင်းမှန်းလည်းပဲ အားလုံး သိနေကြတာပဲ။ ဒါပေမဲ့ လက်တွေ့ကျတော့ ကိုယ်က ပိုပြီးတော့ အနစ်နာခံလိုက်မယ်ဆိုတဲ့ စိတ်ဓာတ်က သိပ်မရချင်ဘူး။ အဲဒီတော့ ... တပည့်တော်တို့က ဒါလေးတွေကို ကလေးဘဝကတည်းက ကျင့်ပေးရတယ်။ ဒါမှလည်း နှလုံးသားကိုပါ ပညာသင်ပေးရာရောက်တယ်။

သည်းခံနိုင်ခြင်း

တပည့်တော်တို့ ဒီသည်းခံတယ်ဆိုတာက ကာမဂုဏ်တွေနဲ့ပတ်သက်လို့လည်း စွမ်းအား ရှိသမျှ သည်းခံနိုင်ရတယ်။ 'ကာမာ တေ ပဌမာ သေနာ၊ ဒုတိယ အရတိ ဝုစ္စတိ' ဆိုတဲ့အတိုင်း ဒီမာရ်နတ်ရဲ့ စစ်တပ်ကြီးတွေထဲမှာ ဒုတိယတပ် ဖြစ်တဲ့ အရတိဆိုတဲ့ ပျင်းလာတာတွေကိုလည်း ပဲ စာပေကျက်ခြင်းနဲ့ ကျော်လွှားနိုင်ရမယ်။ ဒါမျိုးလေးတွေကို ကလေးတွေသန္တာန်မှာ သင် ပေးရတယ်။ အနာခံမှုနဲ့ အသာစံမှု၊ ဒီနှစ်ခု ယှဉ်လာပြီဆိုရင် ဘာပဲဖြစ်ဖြစ် ကိုယ်ကသာ လျှင် အနစ်နာခံနိုင်ခြင်းဟာ ဒါ ခန္တီတရားပဲ။

ပါရမီဖြစ်ဖို့

တပည့်တော်တို့ ကျမ်းဂန်တွေမှာ ဆိုထား တာရှိတယ်ပေါ့။ ပါရမီဆယ်ပါးမှာ ဥပမာ ... ဒါနပြုတယ်။ ဒါနပြုရုံနဲ့ ပါရမီမဖြစ်သေးဘူး။ ပါရမီဖြစ်ချင်လို့ရှိရင်၊ ဒါနပါရမီဖြစ်ဖို့အတွက် ပထမ ခန္တီတရားလိုတယ်ပေါ့။ သည်းခံနိုင်မှ။ ဘာတွေသည်းခံနိုင်ရမလဲ။ လျူလိုက်လို့ရှိရင် ကိုယ့်အတွက် မရှိတော့ဘူး။ မရှိတော့ မသုံး ဆောင်ဘဲ နေနိုင်ရမယ်။ ဒါ ခန္တီသဘောပဲ။ နောက် ... ဥပေက္ခာသဘောလည်း ပါမှ။ ဥပေက္ခာဆိုတာ ဘာလဲဆိုတော့ ... 'ကိုယ် မသုံးဆောင်ရတာ ဘာဖြစ်လဲ။ လျူလိုက်ရတာ မြတ်တာပဲ' စသည်ဖြင့် သုံးဆောင်ခံစားခြင်းတွေ ကို လျစ်လျူရှုနိုင်မှ။ သူများသုံးဆောင်ခံစားတာ တွေကို အားမကျဘဲနေနိုင်တာ ဒါ ဥပေက္ခာ။ ဒီဥပေက္ခာသဘောနဲ့ ခန္တီသဘောပါမှ ကုသိုလ် တစ်ခုဆိုတာ အထမြောက်တာ။

နောက်ဆုံး ... နေကွမ္မဓာတ် ပါမှတဲ့။ လွတ်လွတ်ကျတ်ကျတ် စွန့်နိုင်မှ၊ တွယ်တာမှု မရှိမှ။ ကျေးဇူးတစ်ခုပြုပြီဆိုလို့ရှိရင် 'ငါကတော့ ကျေးဇူးပြုထားရတယ်၊ ငါ့ပစ္စည်းတုန်းကတော့ ပေးရတယ်။ သူ့ဟာလေးကျတော့ ပေးကိုမပေး ဘူး' ဒါမျိုးစိတ်ထားရှိရင် တပည့်တော်တို့ ဒါဟာ သာမညပုဂ္ဂိုလ်ပဲ။ ထူးခြားလာတဲ့ပုဂ္ဂိုလ် ဆိုတာ 'ကိုယ်ကချည်းပဲ ပေးနိုင်ပါရစေ' ဒါမျိုး အမြဲတမ်းပဲ တွေးတောလေ့ရှိတယ်။ အမြဲတမ်းပဲ ဆုတောင်းရတယ်။ ပစ္စည်းဥစ္စာနဲ့စပ်ပြီးတော့ လည်း 'ကိုယ်က ပေးနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ပါရစေ'၊ ပညာရေးနဲ့ပတ်သက်လို့လည်း 'ကိုယ်က ပေးနိုင် တဲ့ပုဂ္ဂိုလ်ဖြစ်ပါရစေ'၊ အားလုံး အရာရာမှာ လည်းပဲ 'အားလုံးရဲ့တာဝန်ကို ကိုယ်ကသာ ယူနိုင်ပြီး ဖြေရှင်းနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ပါရစေ'၊ ဒါ မျိုးလေးတွေ လုပ်လာပြီဆိုရင် ဒီပုဂ္ဂိုလ်ရဲ့စိတ် ဓာတ်ဟာ မြင့်လာတယ်။ အဲဒီမှာ ပါရမီတွေဆို တာ ပြည့်လာတယ်။

တုံးသွားတတ်တယ်

ဒီလိုမှမဟုတ်ဘဲ စိတ်ထားနုလွန်းနေတယ် ဆိုရင် ပါရမီဆိုတာ ဖြစ်ဖို့မလွယ်ဘူး။ ဥပမာ ... အေးအေးဆေးဆေးနေချင်တာတို့ ဘာတို့၊ ဒါမျိုးလေးတွေပေါ့။ ဒါမျိုးလေးတွေနဲ့စပ်ပြီး တော့ အားလုံးဟာ ခန္တီတရား၊ ကိုယ်ကပဲ အနစ်

www.dhammadownload.com

နာခံပြီးတော့ လုပ်မှကောင်းတာ။ ဒါကြောင့်မို့ တပည့်တော်တို့ ကိုယ်နဲ့စပ်တဲ့ကလေးလေးတွေကို သတ္တိရှိလာအောင်၊ စိတ်ထားကောင်းလာအောင်၊ စသည်ဖြင့် လုပ်ပေးရမယ်။ အရင်အပတ်ကလည်းပဲ ရှင် ..... ပုံတော်မူတာနဲ့စပ်ပြီးတော့ ကြောက်အားလန့်အားဖြစ်အောင် ခြောက်တာ ဘာညာမလုပ်ဖို့ တပည့်တော် ပြောခဲ့တယ်။ သူတို့စိတ်ထဲမှာ သတ္တိမရှိဘဲ ဖြစ်သွားပြီဆိုရင်၊ သတ္တိမရှိတော့ဘူးဆိုရင်၊ အားလုံး တုံးသွားတတ်တယ်။ ဘာမှ အညွှန့်အညောက်မထွက်တော့ဘူး။

တပည့်တော်တို့က ဒါမျိုးနဲ့စပ်လာပြီဆိုသူတို့ မှန်မှန်ကန်ကန်နားလည်အောင် ရှင်းပြပေးတတ်ရတယ်။ သွားရမယ့်ပုဂ္ဂိုလ်ဆိုတာ ဂတိငါးမျိုးရှိတယ်။ ဒီထဲမှာလည်း ငရဲကျသွားမယ်၊ တိရစ္ဆာန်ဖြစ်သွားမယ်၊ လူဖြစ်သွားမယ်၊ နတ်ဗြဟ္မာဖြစ်သွားမယ်ဆိုရင် ဒါ ဘာမှမရှိဘူး။ နောက်ဆုံး ... စိတ်ထားလေး နည်းနည်းပါးပါး ချွတ်ချော်လို့ ပေတဂတိရောက်လို့ရှိရင်တော့ ဒါ နည်းနည်းပါးပါးဖြစ်နိုင်တယ်။ ဒါလည်းပဲ အမျှပေးဝေပြီးတော့ ကောင်းတဲ့ပုဂ္ဂိုလ်ဖြစ်လို့ရှိရင် ရက်လည်တဲ့နေ့မှာပဲ အမျှအတန်းရပြီးတော့ ကျွတ်တယ်။ ဒါမျိုးလေးတွေ ကလေးတွေကို ပြောပြပြီးတော့ ကြောက်စိတ်လေးတွေ ဖြေပေးရမှာ။ ဒါကိုပဲ 'ဟိုနားမှာ ဘာကြီးတွေတယ်၊ ညာကြီးတွေတယ်'ဆို သူတို့စိတ်ထဲမှာ ကြောက်သွားရင် ဒီစိတ်က သိပ်ပြီးတော့ ဆိုးတာ။ ဆိုးလိုက်လို့ရှိရင် ဘာမှမကောင်းတော့ဘူး။

သုတေသနပြုချက်

တပည့်တော်တို့ ဒါ ဘာဖြစ်လို့ပြောနိုင်လဲဆို မြတ်စွာဘုရားကလည်း 'မနောပုဗ္ဗင်္ဂမာ ဓမ္မာ'တွေ ဟောထားခဲ့တာရှိတယ်။ လောကီသိပ္ပံပညာတွေမှာလည်းပဲ ဒါတွေ အများကြီး သုတေသနပြုထားတာတွေ ရှိတယ်။ သုတေသနအနေနဲ့ ဘာတွေရှိလဲဆိုတော့ ... ဒုတိယကမ္ဘာစစ်အတွင်းက သူတို့စမ်းသပ်ခဲ့တာလေးတစ်ခုပြောပြမယ်။ 'ဗုံးတွေဘာတွေ ကြဲချလိုက်လို့ရှိရင် နားအူပြီးကန်းတတ်တယ်၊ မျက်စိရင်လည်းကွယ်တတ်တယ်' လို့ စိတ်က စွဲနေတဲ့ပုဂ္ဂိုလ်တွေဟာ တကယ်လည်း ဗုံးလည်းကြဲချလိုက်ရော၊ နားကန်းရင်ကန်း၊ မျက်စိရင်လည်း ကွယ်ကုန်တာပဲတဲ့။ သူတို့သုတေသနပြုလို့ရတဲ့ အချက်တွေအရပေါ့။

ဒီလိုမှမဟုတ်ဘဲနဲ့ 'ဘာမှကြောက်စရာမလိုဘူး၊ ကိုယ့်ဟာကိုယ် သတ္တိရှိရှိနဲ့ အန္တရာယ်ကင်းအောင်ပဲ နေဖို့လိုတယ်'လို့ ဒီလို သတ္တိရှိရှိနဲ့ အမှန်အတိုင်းသိတဲ့ပုဂ္ဂိုလ်ကျတော့ စိတ်စွဲလန်းမှုမရှိတဲ့အတွက် ဗုံးကြဲလည်း ဘာမှ မဖြစ်ဘူးတဲ့။ နှစ်ယောက်ယှဉ်နေတာတောင်မှ စောစောက စိတ်စွဲရှိတဲ့ပုဂ္ဂိုလ်တွေက တချို့ နားကန်းကုန်ကြတယ်။ တချို့ မျက်စိကွယ်ကုန်ကြတယ်။ စိတ်စွဲမရှိသူက ဘာမှကို မဖြစ်ဘူး။ အဲဒါ ဘာကြောင့်လဲဆိုရင် စိတ်ကြောင့်ပဲ။ ဒါကြောင့်မို့ တပည့်တော်က ဒီလိုကြောက်တဲ့စိတ်တွေ ဖြစ်မှာစိုးလို့ အစဆုံးနေ့ကတည်းက ကလေးတွေကို မခြောက်ပါနဲ့၊ သတ္တိရှိအောင် မွေးမြူပေးပါဆိုတာ ဒါ စိတ်ကို သင်ပေးနေတယ်။ နှလုံးသားကို ပညာသင်ပေးနေတာပဲ။

ရုပ်ကိုကျေးဇူးပြုတဲ့စိတ်

နောက်ပြီးတော့ တစ်ခါ တပည့်တော်တို့ တချို့ဆို ဘယ်လောက်အထိဖြစ်သလဲဆိုရင် ... ဒါ သူတို့စမ်းသပ်ချက်တွေအရ ပြောတာနော်။

www.dhammadownload.com

တချို့အမျိုးသမီးတွေ နည်းနည်းလေး အသက်အရွယ်လေးရမှ အိမ်ထောင်ပြုတာရှိတယ်။ အိမ်ထောင်ပြုပြီးတဲ့အခါမှာ သူတို့က ကလေးသိပ်လိုချင်တာ။ ကလေးလိုချင်တော့ ဆရာဝန်တွေနဲ့ တိုင်ပင်၊ ကလေးရဖို့ ဟိုဟာဆိုလည်းလုပ်၊ ဒီဟာဆိုလည်းလုပ်။ စိတ်က ကလေးရဖို့ပဲ စွဲလမ်းနေတဲ့အတွက် ဘာဖြစ်လဲဆိုတော့ သူမှာ ကိုယ်ဝန်ရတဲ့လက္ခဏာတွေပြတယ်တဲ့။ ဒါ သူတို့ သိပ္ပံပညာမှာ။ လက္ခဏာပြလာလို့ ဆရာဝန်နဲ့ စမ်းသပ်လိုက်တဲ့အခါကျတော့ တကယ်တမ်း ဘာမှမရှိတာတွေ့ရတယ်တဲ့။ အဲဒါဆို ဘာဖြစ်လို့ လက္ခဏာပြလဲဆိုတော့ သူ့စိတ်ကကိုက ကလေးသိပ်လိုချင်နေလို့တဲ့။ စိတ်က ရုပ်အထိ သွားပြီးတော့ အကျိုးပြုတယ်။ အရှင်ဘုရားတို့ အဲဒါလေးတွေကအစ စာဖတ်ရင် သေသေချာချာ သဘောပေါက်အောင် ဖတ်ပါ။

တပည့်တော်တို့ မြန်မာပြည်မှာလည်းပဲ ဒီအတိုင်းရှိတယ်။ ဒေါက်တာမောင်မောင်ညို ကုသပေးရတဲ့ လူနာတစ်ယောက်ဆိုရင် သိပ်အံ့သြစရာကောင်းတယ်။ သူက ဘယ်လိုကြုံခဲ့ရသလဲဆိုတော့ သူ့အဖေက မြေငလျင်လှုပ်ချိန်မှာ မျက်စိကွယ်ခဲ့တာတဲ့။ အဲဒီတော့ ... သူက မြေငလျင်လုပ်ရင် မျက်စိကွယ်တတ်တယ်လို့ ငယ်ငယ်ကတည်းက စွဲလာတယ်။ စွဲလာတော့ တစ်ညမှာ မြေငလျင် လှုပ်ချလိုက်တာ။ ဘာမှ ကြီးကြီးမားမားလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီဒဏ်ကာမကြီး မျက်စိကွယ်သွားလို့ ပြန်ကုလိုက်ရတာ သမားတော်တွေကို စုံသွားတာပဲတဲ့။ နောက်ဆုံး စိတ်ပညာနဲ့ကုလိုက်မှ မျက်စိပြန်မြင်သွားတယ်တဲ့။ အဲဒါ တပည့်တော်တို့ ဒီဘက်ခေတ် လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်က အဖြစ်အပျက်ကလေး။

ဆန်းကြယ်တဲ့စိတ်

စိတ်ဟာ သိပ်ပြီးတော့ အရေးကြီးတယ်။ ဒါကြောင့် ကလေးတွေမှာ သတ္တိရှိဖို့လိုတယ်ဆိုတာ တပည့်တော် ရှေ့ကနေ အကြောင်းမဲ့ပြောနေတာမဟုတ်ပါဘူး။ ဥပမာ ... 'ဒီသစ်ပင်ကြီးက တစ္ဆေခြောက်တတ်တယ်'ကြားထားရင် ဒီသစ်ပင်အောက်က သွားရင်ကိုပဲ အလိုလိုကြက်သီးထနေတတ်တာ၊ သစ်ရွက်ခြောက်တွေကြွေတာကိုပဲ တစ္ဆေခြောက်တယ်လို့ထင်တတ်တာဟာ လူသဘာဝ၊ လူရဲ့စိတ်။ သိပ်ပြီးတော့ အံ့သြစရာကောင်းတယ်ပေါ့။ ဒါကြောင့်မို့ ... ဘုရားက ဟောထားတယ် 'စိတ္တေန နီယတေ လောကော = အားလုံးဟာ စိတ်ကြောင့်ဖြစ်ရတယ်'တဲ့။ အင်မတန်မှ ဆန်းကြယ်ပါတယ်ဆိုတဲ့ ပန်းချီကားချပ်တွေတောင်မှ စိတ်ကူးက အရင်ပေါ်ရတဲ့အတွက် စိတ်ကို စိတ္တလို့ခေါ်တယ်ဆိုတဲ့အဖွင့်တွေလည်း ရှိတယ်။ 'စိတ္တ'ဆိုတာ ဆန်းကြယ်တယ်လို့ပြောတာ။

ဒါကြောင့်မို့ ... တပည့်တော်တို့ ကလေးတွေအတွက် 'နှလုံးသားကို ပညာသင်ပေးတယ်'ဆိုတဲ့နေရာမှာ သတ္တိရှိဖို့၊ သူတစ်ပါးကို ကူညီတတ်ဖို့၊ အရာရာမှာ အားလုံးကို နားလည်ခွင့်လွှတ်တတ်ဖို့ အကုန်သင်ပေးရမယ်။ နားလည်ခွင့်လွှတ်တတ်ဖို့ဆိုတာကလည်း အားလုံးကို သဘောပေါက်မှ၊ ပတ်ဝန်းကျင်ကို နားလည်မှ၊ ဗဟုသုတရှိမှ ဖြစ်တာ။ စောစောကတောင် တပည့်တော် အကြီးတစ်ပါးကို ပြောခဲ့သေးတယ်။ တပည့်တော်တို့က ကျောင်းတိုက်ကလေးတွေမှာနေရတော့ တစ်ခါတစ်ရံ ကျောင်းတိုက်ကြီးနေရတာနဲ့ မတူဘူးပေါ့။ အတွေ့အကြုံအရ မတူတဲ့အခါကျတော့ အမြင်တွေကလည်း တစ်မျိုးဖြစ်နေတတ်တယ်။

www.dhammadownload.com

တက္ကသိုလ်လေ

စာရေးဆရာကြီး ရွှေဥဒေါင်းက သူ့ကိုယ်သူ ထောင့်မကျိုးဘူးတဲ့။ ထောင့်မကျိုးဘူးဆိုတာ စကားပြောတာလည်း သူများခံချင်မခံချင်၊ သူများကြိုက်မကြိုက် မသိတတ်ဘူးပေါ့။ ဒါကြောင့် သူ့ကို ထောင့်မကျိုးဘူးလို့ လူပြောများတယ်တဲ့။ အဲဒါ သူ့ကိုယ်သူလည်း သိပါတယ်တဲ့။ သူက အဲဒါကို ဘယ်လိုသုံးသပ်ပြလဲဆိုတော့ ... သူထောင့်မကျိုးတာဟာ တက္ကသိုလ်လေ မရှုခဲ့ရလို့တဲ့။ ဆိုလိုတာက ဘာလဲဆိုတော့ ပတ်ဝန်းကျင် ကျယ်ကျယ်ပြန့်ပြန့် အပေါ်မှာ လေ့လာခွင့်မရခဲ့လို့ပေါ့။ အင်္ဂလိပ်စာတတ်တာ၊ ပညာတတ်တာတော့ တက္ကသိုလ်မနေလည်းဘဲ ကိုယ့်ဟာကိုယ် ကြိုးစားလို့ရှိရင် တတ်တယ်။ ဒါပေမဲ့လို့ တက္ကသိုလ်နေလာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကျတော့ အပေါင်းအသင်း မျိုးစုံ ဘဝမျိုးစုံကို အားလုံး နားလည်သိရှိပြီးတော့ တချို့အရာတွေမှာ ခွင့်လွတ်တတ်တဲ့စိတ်တွေ ပိုရှိလာတတ်တယ်။

ဒါကြောင့်မို့ ... တပည့်တော်တို့က တစ်ခါတစ်ရံကျတော့ ပြောရတယ်။ တခြား စာသင်တိုက်တွေ ဘာတွေရောက်လို့ရှိရင် တတ်နိုင်သမျှ မျက်စိရှင်ရှင်ထားပြီး လေ့လာကြပါလို့ ဒါ အကြီးတွေကိုလည်း ပြောတယ်။ တပည့်တော်ကိုယ်တိုင်လည်း ရောက်တဲ့နေရာမှာ လေ့လာပါတယ်။ ကိုယ်က ဒီမှာ အနေကြာတဲ့အခါ ပညာတော့ တတ်တယ်ပေါ့။ အတွေ့အကြုံကျတော့ နည်းနေတတ်တယ်။ နည်းနေတတ်တော့ စာပေကို ပိုဖတ်ရမယ်။ စာပေဖတ်ပြီးတော့၊ တခြားက အကြီးတွေ အငယ်တွေနဲ့လည်း ဆွေးနွေးပြီးတော့၊ သူတို့ ဘယ်လိုအုပ်ချုပ်တယ်၊ ဘာလုပ်တယ် စသည်ဖြင့် အားလုံး နားလည်လာပြီဆိုလို့ရှိရင် တစ်ခုခုဖြစ်လာပြီဆို ခွင့်လွှတ်တတ်တဲ့စိတ် ဝင်လာတတ်တယ်ပေါ့။

နားလည်မှ ခွင့်လွှတ်

ဒီလိုမှမဟုတ်ဘူးဆိုလို့ရှိရင် သံသယ မျက်လုံးတွေနဲ့ ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ ဒီလိုကြည့်မိတတ်တယ်။ ဒါတွေလည်းပဲ စောစောကမှ တပည့်တော်ပြောခဲ့တယ်။ ဒါ အားလုံးကိုလည်း သိစေချင်လို့ တပည့်တော် ထပ်ပြီးတော့ ပြောတာ။ ဒါကြောင့်မို့ ... အရာရာမှာ နားလည်ထားလို့ရှိရင် ခွင့်လွှတ်တတ်တာပဲ။ ခွင့်လွှတ်တတ်အောင်လည်း အရာရာသိအောင် စာပေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဖတ်ရတယ်။ အားလုံးနဲ့လည်း တွေ့တဲ့အခါမှာ ဥပမာ ... မြင်းလှည်းသမား ဖြစ်ပါစေပေါ့။ မြင်းလှည်းသမားပေမဲ့လည်း သူ့ဆီက အတုယူစရာလေးတွေ ရှိတာပဲ။ ဟိုလိုကြီး လျှာရှည်တဲ့သဘောမဟုတ်ဘဲနဲ့ သိချင်လို့၊ ဘဝကို လေ့လာချင်လို့ မေးတဲ့သဘောနဲ့ဆိုရင် မေးကောင်းပါတယ်။ ဒါကြောင့်မို့ ... 'သဗ္ဗံ သိပ္ပံ အဓီယေထ'တဲ့၊ အားလုံးသော အတတ်ပညာဆိုတာ တတ်ကောင်းတာပဲတဲ့။ ဒါပေမဲ့လို့ 'နစသဗ္ဗံ ပယောဇယေ'၊ အကုန်လုံးတော့ မသုံးကောင်းဘူးတဲ့။ ဒီလို တပည့်တော်တို့ နီတိတွေမှာလည်း ရှိနေတယ်။

ပြန်ပြီးတော့ ချုပ်လိုက်လို့ရှိရင် အားလုံး နားလည်ခွင့်လွှတ်ဖို့ဆိုတာလည်း ကလေးတွေ အပေါ်မှာ အတွေ့အကြုံအရ သင်ပေးရတယ်။ နောက်ပြီးတော့ ... သည်းခံဖို့ဆိုတာကလည်း 'မိမိကသာ၊ အရာရာဝယ်၊ အသာမစံ၊ အနာခံခြင်း' ဆိုပြီး ဘုရားဝတ်တက်တုန်းလေး စာလေးရွတ်ရုံ မဟုတ်ဘဲနဲ့ တကယ်

www.dhammadownload.com

လက်တွေ့ဘဝထဲ ဝင်ဝင်ပြီးတော့ ကျင့်သုံးရတယ်။ ငါ ဒီကျောင်းမှာ ဘာများ ပို့ပြီးတော့ အနစ်နာခံသလဲ၊ စာချခြင်းအားဖြင့် အနစ်နာခံသလား၊ ဝေယျာဝစ္စလုပ်ခြင်းအားဖြင့် အနစ်နာခံသလား၊ ဒါမျိုးလေးတွေပေါ့။

၈၀ ရာခိုင်နှုန်း

တစ်ခါတစ်ရံကျ ကိုယ်က မှန်နေတယ်ပေါ့။ မှန်နေတာကို တပည့်တော်က အမြင်လွဲမိတယ်။ တပည့်တော်အနေနဲ့လည်းပဲ ဒါ အကြီးတစ်ပါးအနေနဲ့ ရာခိုင်နှုန်း(၈၀)လောက်ပဲ မှန်နိုင်ပါတယ်။ ဒါကိုလည်း တပည့်တော် ပြောခဲ့ဖူးပြီ။ စေတနာမှားနဲ့လည်း မလုပ်ပါဘူး။ ဒါပေမဲ့လို့ တစ်ခါတစ်ရံ မှားသွားပြီဆိုရင် အားလုံးခွင့်လွှတ်နိုင်တဲ့စိတ်မွေးတတ်ကြပါ။ ဘာဖြစ်လို့လဲဆိုတော့ ... အားလုံးလုပ်နေကြတဲ့အထဲမှာ မြတ်စွာဘုရားကလွဲပြီးတော့ ကျန်တဲ့ ပုဂ္ဂိုလ်တွေဆိုတာ ရှင်သာရိပုတ္တာတို့တောင်မှ တရားပေးလွဲခဲ့တဲ့ သာဓကတွေ ရှိတာပဲ။ တပည့်တော်လည်း ပုထုဇဉ်ဆိုတော့ မှားတဲ့နေရာတွေလည်း ရှိမှာ။ ကြိုးစားပြီး မှန်အောင်တော့ လုပ်တာပဲ။ ဒီကြားထဲကနေပြီးတော့ နည်းနည်းပါးပါး အပြောအဆိုမှားတာတို့၊ အလုပ်အကိုင်မှားတာတို့၊ ဒါမျိုးလေးတွေကို အရှင်ဘုရားတို့ဘက်က နားလည်ခွင့်လွှတ်တတ်တယ်ဆိုရင် အားလုံးပြေလည်သွားတယ်ပေါ့။

ဒီလိုမှမဟုတ်ဘဲနဲ့ နားမလည် ခွင့်မလွှတ်တတ်ဘူး၊ သံသယတွေဖြစ်တယ်ဆိုရင်လည်း အားလုံး ညှိညှိနှိုင်းနှိုင်းနဲ့ ပွင့်ပွင့်လင်းလင်း ဖြေရှင်းတာကောင်းတယ်။ စိတ်ထဲမှာ အောင်းထားတယ်ဆိုရင် ကြာတော့ ပြဿနာတွေဆိုတာ ကြီးကျယ်တတ်တယ်ပေါ့။ ဒါကြောင့်မို့ ကိုယ်စီကိုယ်စီ ကလေးတွေကိုလည်း တစ်ဖက်ကနေ သင်ပေးပြီးတော့၊ ကိုယ်တိုင်လည်း တိုးတက်အောင် သင်ယူကြပါ။ 'ဟာ ... ငါပြောရတာ အလုပ်ရှုပ်လိုက်တာ၊ သူတို့သင်ပေးမယ့်အစား ကိုယ့်စာလေးကိုယ်ဖတ်နေတာ ကောင်းတယ်' ဆိုရင် လူကြီးတစ်ယောက်ဖြစ်လာဖို့ မလွယ်ဘူးပေါ့။

တာဝန်အားဖြင့် အနစ်နာခံခြင်း

ကျောင်းဆောင်တွေမှာ အကြီးတစ်ပါးအဖြစ်နဲ့ နေပြီဆိုလို့ရှိရင်လည်း 'ကျောင်းမှာ ဘာလိုအပ်သလဲ၊ ဘာလေးတွေလုပ်စရာရှိသလဲ' ဒါမျိုး စိတ်ဝင်စားပေးပါ။ ကျောင်းထဲ ဝင်လိုက်ပြီဆိုတာနဲ့ သတိလေးနဲ့နေလို့ရှိရင် မြင်တတ်ပါတယ်။ ဒါ အနစ်နာခံခြင်းပဲ။ တာဝန်အနေနဲ့ ပို့ပြီးတော့ထမ်းဆောင်တာဟာ အနစ်နာခံခြင်းတစ်မျိုးပဲ။ ဒီအနစ်နာခံခြင်း မရှိဘူးဆိုရင် စိတ်ဓာတ်ဆိုတာ သေးလာတတ်တာပဲ။ ဒါက တာဝန်အားဖြင့် ပို့ယူပြီးတော့ အနစ်နာခံတာကို ပြောတာ။

အခွင့်အရေးအားဖြင့် အနစ်နာခံခြင်း

နောက်တစ်နည်း ဘယ်လိုအနစ်နာခံတာလဲဆိုတော့ အခွင့်အရေးကို နည်း(နဲ)ယူပြီးတော့ အနစ်နာခံတာ။ ရလာတဲ့အခွင့်အရေးကို နည်း(နဲ)ယူတယ်၊ လျှော့ယူတယ်ဆိုရင် ဒါလည်း စိတ်ဓာတ်ကျင့်ပေးတာပဲ။ အခွင့်အရေးရလာလို့ရှိရင် ကိုယ်က နည်းနည်းပဲယူပြီးတော့ အားလုံးအတွက် မျှအောင်လုပ်ပေးတယ်။ ဒါလည်းပဲ အနစ်နာခံခြင်းတစ်မျိုး။ ခုနကပြောသလိုပေါ့၊ တာဝန်အရယူစရာရှိလာပြီဆိုလို့ရှိရင်လည်း ဥပမာ ... ဒီကျောင်းဆောင်မှာ ကိုယ် အကြီးဖြစ်လာတယ်၊

www.dhammadownload.com

ကိုယ် ဒုတိယနေရာဖြစ်လာတယ်၊ ဒါဆိုရင် ကိုယ့်စာလေးကိုယ်ကျက်ရုံနဲ့မပြီးဘဲနဲ့၊ ဒီမှာ ဘာလုပ်စရာရှိသလဲ၊ သံဃာတွေ ဘာအချိုးမကျ တာရှိသလဲ၊ ဒါမျိုး စေ့စေ့စပ်စပ် ကြည့်ပြီး လို အပ်သလို ပြောပေးနေရတာပဲ။

မုန်းမှာမကြောက်ပါနဲ့

အကြီးဖြစ်လာလျက်နဲ့ အေးအေးဆေးဆေး နေချင်တယ်ဆိုရင် အဲဒီ ကျောင်းတိုက်မျိုး၊ အဲဒီ အိမ်မျိုး၊ အရှင်ဘုရားတို့ ကြည့်ပါ၊ ဘယ်တော့ မှ တိုးတက်မှာမဟုတ်ဘူး။ နောက်ဆုံး ... ကိုယ်တိုင် မလုပ်နိုင်တောင်မှ လုပ်နိုင်တဲ့လူကို လွဲမှ တိုးတက်တာပဲ။ ဒါကြောင့်မို့ ... ကိုယ် တိုင်လည်းပဲ စွမ်းအားရှိသမျှ ပြောပေးပါ၊ မုန်း မှာလည်းပဲ မကြောက်ပါနဲ့။ အားလုံးရဲ့ စိတ်ကျေ နပ်မှုရအောင် လုပ်လို့ကတော့ မရဘူးပေါ့။ ဒီမှာ သံဃာတစ်ရာရှိတယ်ဆို တစ်ရာလုံးက ကျေနပ် တယ်ဆိုတာတော့ မရှိနိုင်ဘူး။ သံဃာတစ်ရာ ရှိလို့ ရှစ်ဆယ်လောက်က၊ ဒီရှစ်ဆယ်ထဲမှာ လည်း ကောင်းကောင်းမွန်မွန်နေတဲ့၊ စိတ်ထား နှလုံးထားကောင်းတဲ့ ပုဂ္ဂိုလ်တွေက ကျေနပ် တယ်ဆိုရင် ဒါ အောင်မြင်တယ်ပဲပြောရမှာ။ တပည့်တော်လည်းပဲ စပြီးတော့ လုပ်ကတည်းက ကိုယ့်အပေါ်မှာ အပြစ်တွေပြောလိမ့်မယ် စတာ တွေကို တွက်ပြီးသားပါ။

ဒါ အားလုံး အရှင်ဘုရားတို့ဘက်ကရော၊ တပည့်တော်ဘက်ကရော၊ ညီညီညွတ်ညွတ်နဲ့ လက်တွဲပြီးတော့ သွားလို့ရှိရင် ပြေလည်တာပဲ။ သံသယရှိရင်လည်း ရှင်းရှင်းလင်းလင်း မေးပေါ့။ တစ်ခုခုဖြစ်လာလို့ရှိရင် နားလည်အောင် ကြိုး စား။ ဘာဖြစ်လို့ ဒီလိုပြောတာလဲ၊ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲဆိုတဲ့ အကြောင်းရင်းအထိ သိအောင်လိုက်လို့ရှိရင် အားလုံးဟာ ပြေလည် သွားတာပဲ။ ဒီလိုပြေလည်တဲ့နည်းလေးတွေ ကိုလည်း ကလေးလေးတွေကို ကိုယ့်ရဲ့ အတွေ့ အကြုံအရ ပြန်ပြီးတော့ ပြောပြရတာပဲ။

စာချုပ်နှီးကြီးဦးဣန္ဒာစာရ

တပည့်တော်လည်းပဲ မကြာမကြာ စိတ် ထဲမှာ ပေါ်နေတယ်။ စာချုပ်နှီးကြီး ဦးဣန္ဒာ စာရနဲ့ပတ်သက်ပြီးတော့ပေါ့။ ဒါ တပည့်တော် အနေနဲ့ ဘယ်လိုပြောရမလဲဆိုတော့ သူ့ကို စိတ် ထဲမှာ လေးစားတယ်။ လေးစားတယ်ဆိုတာ ဟိုတုန်းက ပြဿနာလေးတစ်ခုခု ဖြစ်လာလို့ရှိ ရင် ဒါ တပည့်တော်အနေနဲ့ ပြောစရာရှိ ပြောချ လိုက်တာပဲ။ ပြောလိုက်တဲ့အခါမှာ တစ်ခါတလေ တပည့်တော်လွန်သွားတယ်လို့ ထင်တယ်။ တပည့်တော်ရှေ့မှာတင် မျက်ရည်ပေါက်ပေါက် ကျတာလည်း နှစ်ခါလောက်ကြုံဖူးတယ်။ ဒါပေမဲ့ ပြီးတဲ့အခါမှာ ဘာမှမျက်နှာမပျက်ဘဲနဲ့ ကိုယ့်အလုပ်ကိုယ် လုပ်သွားတာပဲ။ အဲဒါ တပည့်တော် သိပ်ပြီးတော့ လေးစားမိတယ်။ ဒါမျိုး အရှင်ဘုရားတို့ အားလုံးကိုလည်း ဖြစ်စေ ချင်တယ်ပေါ့။ နည်းနည်းလေးပြောလိုက်တာနဲ့ မျက်နှာပျက်တယ်ဆိုရင် လူကြီးလုပ်သူက နောင် ဘယ်တော့မှ မဆုံးမချင်တော့ဘူး။

ကိုယ်တွေ့လေးတစ်ခု

တပည့်တစ်ပါးအနေနဲ့ ကိုယ်က မှန်နေ တောင်မှ အကျိုးအကြောင်းနဲ့ပဲ ပြန်ရှင်းရမှာ။ ကိုယ်က မှားပြီဆိုလို့ရှိရင်တော့ မျက်နှာမပျက်နဲ့ ပေါ့။ အဲဒီလို လက်တွဲလုပ်လို့ရှိရင် အားလုံးဟာ အဆင်ပြေတယ်ပေါ့။ တပည့်တော်ကိုယ်တိုင်ရဲ့ အတွေ့အကြုံကိုလည်း အရှင်ဘုရားတို့ကို တစ်ခါ

www.dhammadownload.com

ပြောပြီးပြီ။ ဟိုတုန်းက၊ တပည့်တော် ဒုတိယ ဆင့်လောက်တုန်းက၊ တောင်မြို့ဂန္ဓာရုံမှာ ရှင်ဉာဏာသေဋ္ဌနဲ့ အတူနေတုန်းက၊ တပည့်တော်က နည်းနည်းပါးပါးဆိုးတယ်ပေါ့ဘုရား။ ဆိုးတော့ ဆေးရုံတွေ ဘာတွေသွားတယ်ဆို ဆေးရုံမှာတင် တစ်ခါတစ်ရံ စာအုပ်တွေငှားဖတ်နေပြီးတော့ ကျောင်းပြန်မလာဘူး။ တပည့်တော်တို့ရဲ့ မြဝတီ ဆရာဘုန်းကြီးက မင်းကွန်းမှာ သွားနေနေတယ်။ အဲဒီတော့ ... ကိုရင်ဉာဏာသေဋ္ဌက တပည့်တော် ပျက်စီးမှာစိုးလို့ ဆရာ့ဆီ စာလှမ်းရေးတယ်။ ရေးတော့ ဘုန်းကြီးကလည်းပဲ အရေးတယူနဲ့ တောင်မြို့ကြွလာပြီးတော့ မနက် ဆွမ်းခံချိန်ကတည်းက မာန်လိုက်တာ (၈)နာရီ၊ (၉)နာရီလောက်အထိ မပြီးဘူးထင်တာပဲ။ လမ်းလျှောက်ပြီးတော့ စိမ်ပြေနပြေနဲ့ကို မာန်တာ။

တပည့်တော်လည်းပဲ လက်အုပ်ချီ၊ မတ်တတ်ရပ်ပြီးတော့ မျက်ရည်တွေဆိုတာ ခြေထောက်ပေါ်ကျတာတွေတောင် အများကြီး ထင်ပါတယ်။ နောက်ဆုံး ... ဘယ်လောက်အထိ ပြောသလဲဆို 'သာသနာမှာ အလုပ်မလုပ်ချင်ရင် လူသာထွက်တော့' ဆိုပြီးတော့ အဲဒီလောက်အထိ ပြောတယ်။ အံ့သြစရာကောင်းတာက အဲဒီနေ့က တပည့်တော်တို့ တူမောင်းစာမေးပွဲ၊ ဝိနည်းစာမေးပွဲ ဖြေတဲ့နေ့။ မာန်လည်းပြီးရော၊ တပည့်တော့်စိတ်ထဲမှာ ဘာမှမဖြစ်ဘူး။ သူငယ်ချင်း ရှင်ဉာဏာသေဋ္ဌနဲ့ တပည့်တော် အတူတူ စာသွားဖြေတာပဲ။ တပည့်တော်က 'ကိုရင် ပြောတာလား' မေးတော့ သူကလည်း 'ဟုတ်တယ်၊ ပျက်စီးမှာစိုးလို့ပြောတာ' တဲ့။ အတူတူ စာဖြေပြန်လာတာပဲ။ ဘာမှမဖြစ်ခဲ့ဘူး။ တပည့်တော် မျက်ရည်ပေါက်ပေါက်သာ ကျတာ၊ ဘုန်းကြီးအပေါ်မှာလည်းပဲ ဘာစိတ်မှမဖြစ်ခဲ့ဘူး။ ဒါ တပည့်တော်ရဲ့ကိုယ်တွေ့ပေါ့နော်။ ကိုယ်တွေ့လေးတွေ ပြောပြတာပါ။

သံသယမျက်မှန်

ဒါမျိုး တစ်ခါတစ်ရံ အတွေ့အကြုံလေးတွေပြောပြတယ်ဆိုတာ အရှင်ဘုရားတို့ကို သင်ပေးနေတာ။ နှလုံးသားတွေ ကောင်းလာအောင်၊ အနစ်နာခံနိုင်အောင်ပေါ့။ ဆရာသမားက ဒါလေးတစ်ခုလေးမှာ မှားတောင်မှ အားလုံးမှန်ခဲ့တာတွေကို ကြည့်ပြီး ကိုယ်က သည်းခံတတ်ရတယ်။ 'ရာခိုင်နှုန်း(၈၀)လောက်မှန်ပြီး (၂၀)လောက်မှ ခွင့်မလွှတ်နိုင်ဘူးလား' ဒါမျိုးလေးတွေ ကိုယ့်ကိုယ်ကိုယ်မေးပြီးတော့ စိတ်ထားလေးတွေ ပြင်ပေးပါ။ ပြင်လို့ရှိရင် အားလုံးလုပ်ရကိုင်ရတာလည်းပဲ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိတယ်ပေါ့ဘုရား။ ဒီလိုမှမဟုတ်ဘဲ သံသယမျက်မှန်ကြီး တပ်ထားလို့ရှိရင်တော့ နေရတာ အဆင်မပြေလှဘူးပေါ့။

ဒါ ဒီနေ့ အရင်တစ်ပတ်နဲ့စပ်ပြီးတော့ တပည့်တော် အားလုံးကိုပဲ ထပ်ပြီးတော့ ပြောတာပါ။ တပည့်တော်ရဲ့ ကိုယ်တွေ့ကလည်း စောစောကလို ရှိခဲ့တယ်ပေါ့။ အံ့သြစရာကောင်းတာက ... တပည့်တော် အဲဒီအချိန်ကဆို ၁၆ နှစ်လောက်ပဲ ရှိပါဦးမယ်။ အဲဒီအရွယ်မှာ ကိုယ့်အကြောင်းသွားပြီးတော့ တိုင်တောတဲ့ပုဂ္ဂိုလ်နဲ့လည်း ဘာမှမဖြစ်ခဲ့ဘူး။ ကိုယ့်ကိုလာပြီးတော့ အရေးတယူနဲ့မာန်တဲ့ ဘုန်းကြီးအပေါ်မှာလည်း ဘာမှမဖြစ်ဘူး။ ဘာမှမဖြစ်ဘဲနဲ့ ကိုယ့်ကိုယ် ကိုယ် တပည့်တော်ပြုပြင်သွားလို့ ခုအချိန်ထိ ရောက်လာခဲ့တာပါ။ ဒါကြောင့် အားလုံးပဲ ဒါမျိုးလေးတွေ အတုယူပြီးတော့ တပည့်တွေရဲ့ နှလုံးသားကို ပညာသင်ပေးနိုင်ကြပါစေ။ ကိုယ်

www.dhammadownload.com

တိုင်လည်းပဲ ဒီလိုဩဝါဒပေးတဲ့အခါမှာ ဒါတွေကို နာယူပြီးတော့ ကိုယ့်နှလုံးသားကိုလည်း ပညာသင်နိုင်တဲ့ပုဂ္ဂိုလ်များ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

တက္ကသိုလ်လေကိုရှုရှိုက်ပါ

၁၃၆၆ ခု၊ ဝါခေါင်လကွယ်နေ့
၂၀၀၄ ခု၊ စက်တင်ဘာလ ၁၃ ရက်၊ တနလ်ာနေ့ ည

ကိုယ့်ကိုယ်ကိုယ်စိစစ်ပါ

ကဲ ... ဒီနေ့ ဝါခေါင်လကုန်သွားပြီ။ ဝါခေါင်လကုန်သွားပြီဆိုတော့ တပည့်တော်တို့ ဝါတွင်းသုံးလမှာ တစ်ဝက်ကျူးသွားပြီပေါ့။ တစ်ဝက်ကျူးသွားပြီဆိုတော့ ဒီကုန်လွန်သွားတဲ့ တစ်လခွဲအတွင်း ကိုယ့်ရဲ့ဆောင်ရွက်ချက်လေးတွေ၊ ဥပမာ ... ပရိယတ္တိအရည်အချင်း တိုးတက်မှု ရှိမရှိ၊ ဒါလေးတွေကို ကိုယ်ဟာကိုယ် စစ်ဆေးထားပါ။ တချို့ စာမကြိုးစားတာလေးတွေလည်း တွေ့နေရသေးတယ်။ ဒါလေးတွေ တပည့်တော်တို့ ပြန်ပြီးတော့ စိစစ်မယ်။ စိစစ်လို့မှ အခြေအနေမကောင်းဘူးဆိုလို့ရှိရင်၊ စာမေးပွဲတွေဖြေအပြီးမှာ စာဒဏ်ထမ်းရမယ့် အစီအစဉ်လေးတွေ တပည့်တော်တို့ ပြင်ထားတယ်ပေါ့။ ဒါကြောင့်မို့ ... ဝါတွင်းတစ်ဝက်ကျူးသွားပြီးချိန်မှာ ကိုယ့်ရဲ့အခြေအနေလေးတွေကိုယ် ပြန်ပြီးတော့ စိစစ်ဖို့လိုအပ်တယ်။ စိစစ်ပြီး ပြင်စရာရှိလို့ရှိရင် ငါပြင်မယ်ဆိုပြီးတော့ ကိုယ့်ရဲ့ချို့ယွင်းချက်လေးကို ပြင်ပေး။ တကယ်လို့ ကိုယ့်ရဲ့လုပ်ဆောင်ချက်တွေက မှန်ကန်တယ်၊ အောင်မြင်တယ်ဆိုလို့ရှိရင်လည်း ရှေ့ဆက်ပြီးတော့ တိုးလုပ်သွားရုံပဲပေါ့။

နောက်ပြီးတော့ တစ်ခုပြောချင်တာက ဘာလဲဆိုတော့ ... ခုချိန်

www.dhammadownload.com

မှာ မိုးတွေက ဆက်တိုက်ရွာနေတော့ ကျောင်းက နေပဲ အစစအရာရာ စီစဉ်ပေးနေတယ်ပေါ့။ စီစဉ်ပေးတဲ့အခါမှာ တစ်ခုခုများ ချို့ယွင်းသွားပြီဆိုရင် မိမိတို့ဘက်က နားလည်ခွင့်လွှတ်ဖို့ ကြိုးစားပါ။ နားလည်လို့ရှိရင်၊ ဗဟုသုတရှိလို့ရှိရင် အရာရာကို ခွင့်လွှတ်တတ်တာပဲ။ လုပ်ရတဲ့ပုဂ္ဂိုလ်တွေက သိပ်ပြီးတော့ ပင်ပန်းတယ်။ ဆွမ်းကျောင်းက ကိုရင်တွေရော၊ ဦးဇင်းတွေရောပေါ့။ အဲဒီလို လုပ်ရတဲ့ပုဂ္ဂိုလ်တွေက လုပ်ရပြီးတော့ ကိုယ်က ဘာမှမလုပ်ရဘဲနဲ့ ..၊ မလုပ်ရဘဲနဲ့ဆိုတာက ဒါ တာဝန်မရှိတဲ့အတွက်လည်း မလုပ်ရတာပါ။ ထားပါတော့။ အဲဒီလို မလုပ်ရဘဲနဲ့ အေးအေးဆေးဆေးလေး ဆွမ်းစားချိန်ကျရင် သွားပြီးတော့ ဘုဉ်းပေးတဲ့အခါမှာ တပည့်တော်တို့ ရှိတာလေးတွေနဲ့ ဘုဉ်းပေးတတ်ဖို့၊ ဒါမျိုးလေးတွေ အရေးကြီးတယ်ပေါ့။ ပါးစပ်ကနေ မစောင့်စည်းဘဲနဲ့ ဟိုအပြစ်ပြော၊ ဒီအပြစ်ပြောဆိုရင် ဒါတွေက မကောင်းဘူး။ မကောင်းတာရဲ့ အခြေခံက နားလည်အောင် မကြိုးစားတာပဲ။ နားလည်အောင် မကြိုးစားတဲ့ပုဂ္ဂိုလ်တွေဟာ ကျေးဇူးဆပ်ဖို့ မပြောနဲ့ တစ်ခါတစ်ရံ ကျေးဇူးကန်းတာမျိုးတောင်မှ ဖြစ်ပြီးတော့ သူယုတ်မာဘဝ ရောက်တတ်တယ်။

တက္ကသိုလ်လေကိုရှုရှိုက်ပါ

ဒါလေးတွေနဲ့စပ်ပြီးတော့ တပည့်တော် တစ်နေ့ကလည်း ဦးဇင်းလေးတွေတချို့ကို ပြောပြီးပြီ။ အားလုံး အမြင်ကျယ်အောင်လုပ်ကြပါလို့။ အရင်တစ်ပတ် ဩဝါဒပေးတုန်းကလည်း တပည့်တော် ထည့်ပြောထားတယ်။ စာရေးဆရာကြီး ရွှေဒေါင်းပြောတဲ့စကားလေး။ ဆရာကြီးက သူ့ဘဝမှာ သူထောင့်မကျိုးတာဟာ တက္ကသိုလ်လေကို မရှူခဲ့ရလို့တဲ့။ ဒါလေးက တင်စားပြောလိုက်တာပေါ့။ တက္ကသိုလ်မှာနေပြီးတော့ ပေါင်းသင်းဆက်ဆံရေးကစပြီး အရာရာကို သိလို့ရှိရင် သူ့ဘဝမှာ ဒီထက်ပိုပြီးတော့ အချိုးကျမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ အခုတော့ တက္ကသိုလ်ပတ်ဝန်းကျင်မှာ မနေခဲ့ရတဲ့အတွက် သူ့မှာ ထောင့်မကျိုးတာလေးတွေ ဖြစ်ရတယ်ဆိုတာကို ပြောချင်တာ။ တပည့်တော်တို့လည်း တစ်နေ့ကပြောပြီးပြီ။ အမြင်ကြည်အောင်လုပ်ဖို့ လိုတယ်ပေါ့။

ခု ဆွမ်းကိစ္စနဲ့စပ်လို့ရှိရင်လည်း အဲဒီလိုပဲပေါ့။ မိုး ဆက်တိုက်ရွာနေတယ်။ ဒီလို မိုးရွာတဲ့အခါမှာ ဆွမ်းစားကျောင်းကလည်းပဲ ကျောင်းတိုက်မှာရှိတာနဲ့ တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးတယ်။ အချိန်လည်းပဲ အကုန်ခံတယ်။ ဒါကြောင့် သူတို့ တစ်ခါတစ်ရံမှာ ချို့ယွင်းချက်၊ အားနည်းချက် ဖြစ်တတ်တယ်။ ဒါမျိုးလေးတွေ နားလည်ထားလို့ရှိရင် အပြစ်မမြင်တော့ဘူး။ အပြစ်မမြင်တဲ့ပုဂ္ဂိုလ်ဟာ အပြစ်မပြောတော့ဘူး။ ဟိုတုန်းက တပည့်တော်တို့ ဒီကျောင်းမှာ တစ်ခါ ကြုံဖူးတယ်ပေါ့။ ဒါ လူငယ်သဘာဝမို့ အပြစ်တော့ မဟုတ်ဘူးပေါ့။ အပြစ်မဟုတ်ပေမဲ့ နားလည်လို့ရှိရင် ခွင့်လွှတ်နိုင်တာကို တပည့်တော် ပြောချင်တာ။

လူငယ်သဘာဝ

ဘာလဲဆိုတော့ ... သူတို့က ဆွမ်းခံသွားကြတယ်။ သွားပြီးတော့ ဆွမ်းခံပြန်လာတဲ့အခါ အကြော်လေးတွေ ဘာလေးတွေ ရလာရင် တစ်ခါတစ်ရံကျတော့ ဆွမ်းကျောင်းက စီစဉ်တဲ့ပုဂ္ဂိုလ်က ဆွမ်းချက်တဲ့ပုဂ္ဂိုလ်တွေ ဘာတွေကို ဦးစားပေးပြီးတော့ အကြော်ဝေတယ်ပေါ့။ အဲဒီ

www.dhammadownload.com

တော့ ... 'ဆွမ်းခံတော့ တို့က ခံလာရတယ်။ စားတဲ့အခါကျတော့ ဆွမ်းကျောင်းလုပ်တဲ့လူတွေက စားတယ်'ဆိုတဲ့ အမြင်မျိုးလေးတွေပေါ့။ လူငယ်သဘာဝပေမဲ့လို့ ဒါမျိုးဟာ နားလည်လို့ရှိရင် 'သြော် ... ငါတို့က ဆွမ်းခံရုံခံတာ။ သူတို့က ကျောင်းမှာ တခြားကျောင်းနဲ့ကိုမတူဘဲနဲ့၊ စားဝတ်နေရေးအတွက် အပင်ပန်းခံပြီးတော့၊ မိုးရွာရွာ နှင်းကျကျ နေ့စဉ်နေ့စဉ် လုပ်ပေးရတာ။ အဲဒီလိုပင်ပန်းလို့ သူတို့ကို ပိုပြီးတော့ ချီးမြှောက်တာပါလား'လို့ပေါ့။ ဒီလို နားလည်လိုက်လို့ရှိရင် ခုနကပြဿနာမျိုး မဖြစ်နိုင်တော့ဘူး။ ဒါကြောင့်မို့ ... အရာရာမှာ နားလည်အောင်လုပ်ပေးရတယ်။

တပည့်တော် ဒါကြောင့်မို့လည်း အကြီးဦးဇင်းတွေကို ပြောပြောပြပါတယ်။ 'တခြားစာသင်တိုက်တွေဘာတွေရောက်လို့ရှိရင် ဘာသိဘာသာ မနေပါနဲ့။ သူတို့ ဘယ်လိုလုပ်ကြတယ်၊ ဘယ်လိုစားကြတယ်၊ ဘယ်လိုအုပ်ချုပ်ကြတယ်၊ စသည်ဖြင့် လေ့လာပါ'လို့။ တပည့်တော် ကိုယ်တိုင်လည်းပဲ ရောက်တဲ့နေရာမှာ လေ့လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ... အဲဒီလိုနှိုင်းယှဉ်ကြည့်မှ ကိုယ့်ချို့ယွင်းချက်တွေတွေ့လာရင် ပြင်နိုင်မယ်။ သူတို့ ကောင်းကွက်တွေကို အတုယူနိုင်မယ်။ ဒါမှ တပည့်တော်တို့ ခေါင်းဆောင်ဆိုတာဖြစ်တာ။

အာဏာခွဲဝေခြင်း

ခု ဆွမ်းစားကျောင်းဆိုလို့ရှိရင်လည်း ဘုန်းကြီး ဦးကောဝိဒကို လုပ်သင့်တာလုပ်ပါဆိုပြီး တပည့်တော် အားလုံးအာဏာလွှဲပေးထားတယ်။ တကယ်လို့သာ တပည့်တော်ခိုင်းသလောက်လေးတင် သူက လုပ်နေတယ်ဆိုရင် သူဟာ ဆွမ်းစားကျောင်းဆိုင်ရာမှာ ခေါင်းဆောင်မဖြစ်နိုင်တော့ဘူး။ ခုတော့ သူ လုပ်သင့်လုပ်ထိုက်တာ လုပ်တယ်။ တိုင်ပင်စရာရှိရင် တိုင်ပင်တယ်။ တပည့်တော်ကလည်းပဲ လုပ်သင့်လုပ်ထိုက်တာ လုပ်တာကို အပြစ်မပြောဘူး။ မှားလို့ရှိရင်တော့ 'ဘယ်လို ဘယ်လိုလုပ်ပါ' ဒါမျိုးပဲ နောက်ကနေပံ့ပိုးပေးတယ်။ ဒါ ခေါင်းဆောင်ဖြစ်နိုင်တဲ့ပုဂ္ဂိုလ်ရဲ့ စိတ်နေလက္ခဏာပေါ့။

ဒီကျောင်းမှာ အရာရာ သူ့နေရာနဲ့သူ အာဏာမျှဝေထားတယ်။ ဥပမာအားဖြင့် ... ကွန်ပျူတာရှိတယ်ပေါ့ဘုရား။ တပည့်တော်ကတော့ ဘာမှမသိဘူး။ ဒါပေမဲ့ ကိုင်တဲ့ပုဂ္ဂိုလ်ကိုပြောပေးတယ်။ ကွန်ပျူတာကိုင်တယ်ဆိုရင် ဒါကွန်ပျူတာဆိုင်ရာ ကိုယ့်ဟာကိုယ် လေ့လာရမယ်။ စာအုပ်လည်းဖတ်၊ မေးလည်းမေးရမယ်။ ဘယ်လိုလုပ်ရမယ်၊ ဘယ်လိုစစ်ဆေးရမယ်၊ ဘယ်သူတွေခေါ်ပြီး ဘယ်လိုပြရမယ်။ ဒီလိုစိတ်မှ မရှိဘဲနဲ့ ကွန်ပျူတာကိုင်ရုံပဲဆိုရင်တော့ ဒါဟာ ခေါင်းဆောင်မဖြစ်နိုင်ဘူးပေါ့။ ခေါင်းဆောင်ဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်ကလည်းပဲ ကိုယ်ကိုင်တဲ့အလုပ်မှာ 'ဘယ်လိုလုပ်ရင် ကောင်းတယ်၊ ဘယ်ကျောင်းမှာ ဘယ်လိုလုပ်နေတယ်၊ ဘယ်လိုပစ္စည်း ကိရိယာနဲ့ ဘယ်လိုလုပ်တယ်' စသည်ဖြင့် လေ့လာနေတယ်။ ဒါ ဥပမာအဖြစ်ပြောတာပါ။

ခေါင်းဆောင်ဆိုတာ

ဆွမ်းကျောင်းဌာန၊ ကွန်ပျူတာဌာန၊ စာချတဲ့နေရာ၊ အားလုံးပေါ့၊ နေရာတကာမှာ ကိုယ်ပိုင်ဉာဏ်နဲ့ ခေါင်းဆောင်ပြီးတော့ ကောင်းစေလိုတဲ့ စေတနာနဲ့ လုပ်တဲ့ပုဂ္ဂိုလ်တွေဟာ ခေါင်းဆောင်ကောင်းဖြစ်နိုင်တာပဲ။ ဒီလိုမှမဟုတ်ဘဲနဲ့

www.dhammadownload.com

စာချဆို ချလိုက်တာပဲ။ နောက်က တပည့်တွေ တော်မှန်းမသိ၊ မတော်မှန်းမသိ၊ စာလုပ်မှန်းမသိ၊ မလုပ်မှန်းမသိ ဆိုရင် 'ယော ဂဝံ နဝိဇာနာတိ'အရ ဒီပုဂ္ဂိုလ်ဟာ ခေါင်းဆောင်ကောင်း ဘယ်တော့မှမဖြစ်နိုင်ဘူး။ ဒါကြောင့်မို့ တခြားကျောင်းတိုက်ရောက်ရင်လည်းပဲ လေ့လာပါ။ သူတို့တိုးတက်တယ်ဆိုရင် 'ဘာဖြစ်လို့ တိုးတက်တာလဲ' ဒါမျိုးလေးတွေ ဖြစ်စေချင်တာပေါ့။ အဲဒီလို အမြင်ကျယ်လာပြီဆိုရင် အရာရာကို ခွင့်လွှတ်တတ်သွားတယ်။

ရိုးသားမှုက ကောင်းပါတယ်။ ဒါပေမဲ့ အ,တဲ့ဘက် ရောက်သွားပြီဆိုရင် ကျေးဇူးတရားကို မသိတတ်တဲ့အပြင် တစ်ခါတစ်ရံမှာ ကျေးဇူးကန်းရာတောင် ရောက်တတ်တယ်။ ဒါ အားလုံး သတိထားစေချင်လို့ ပြောတာ။ ခုဆို ဒီကျောင်းမှာ တော်တော်များများ တော်နေကြတယ်လို့ ပြောလို့ရတယ်။ ဒါပေမဲ့လို့ တစ်ခါတစ်ရံ သတိလက်လွှတ်တဲ့ အခါမှာ၊ ဒီလိုပေါ့၊ ရိုးသားမှုကနေ အမြင် မကျယ်တာတွေ ဘာတွေ ဖြစ်လာလို့ရှိရင်၊ တစ်ခါတစ်ရံ ကျေးဇူးတရားနဲ့စပ်ပြီး အမြင်မှားတာမျိုးလေးတွေ ဖြစ်တတ်တယ်။ အဲဒါလေး သတိထားပေးကြပါ။

ဦးရိုး

ဟိုတုန်းက ပုံပြင်လေးတစ်ပုဒ် ရှိတယ်။ တပည့်တော် နည်းနည်းလေး ပြောပြမယ်။ ပုံပြင်ထဲမှာ ဇာတ်လိုက်က 'ဦးရိုး'ဆိုတဲ့ လူတစ်ယောက်ပေါ့။ သူက အင်မတန်ရိုးတယ်။ တစ်ခါတော့ သူက ချမ်းသာချင်လို့ဆိုပြီး ချဲထိုးလိုက်တာ မွဲသွားတယ်ပေါ့။ မွဲသွားတော့ သူ့ဘဝကိုသူ သိပ်ညည်းနေတယ်။ 'ဩော် ... ငါက ချမ်းသာချင်လို့ ချဲထိုးတာ။ ခုတော့ ငါ့စက်ဘီးပြင်ဆိုင်လေးတောင် ပြုတ်သွားတယ်။ စားစရာသောက်စရာလည်း မရှိတော့ဘူး'ဆိုပြီး သူ့ကိုယ်သူ သတ်သေဖို့တောင်မှ စိတ်ဖြစ်သွားတယ်။ အဲဒီလိုဖြစ်နေတုန်း သူ့နားလေးက လူတစ်ယောက်ကနေပြီးတော့ သတ်မသေဖို့ရာ အကျိုးအကြောင်း ပြောတာပေါ့ဘုရား။

အဲဒီပုဂ္ဂိုလ်က ဘာပြောလဲဆိုတော့ ... 'လောကမှာ ကူညီတဲ့ပုဂ္ဂိုလ်ရှိသလို ဒုက္ခရောက်အောင်လုပ်တဲ့ပုဂ္ဂိုလ်လည်းပဲ ရှိတယ်။ ချမ်းသာအောင်လုပ်ပေးတဲ့ပုဂ္ဂိုလ်ရှိသလို ဆင်းရဲအောင်လုပ်တဲ့ပုဂ္ဂိုလ်လည်း ရှိတာပဲ။ ကျုပ်လည်းပဲ သိပ်ပြီးတော့ ဒုက္ခရောက်ခဲ့တာ။ ဒါပေမဲ့လို့ ကျုပ်ကို အဘက ကယ်လိုက်တဲ့အတွက် ကျုပ်မှာ ချမ်းသာသွားတယ်။ အကြွေးတွေလည်းပဲ ကြေသွားတယ်'ဆိုပြီး ဦးရိုးဆိုတဲ့လူကို ပြောပြတယ်ပေါ့။ ပြောပြတော့ ဦးရိုးက စိတ်ဝင်စားသွားတယ်။ 'ဘယ်က အဘလဲ၊ ဒီရွာက မင်းအဘပြောတာလား'ဆိုတော့ 'ခင်ဗျားကလည်း အ,လိုက်တာ။ ဘယ်မှာ ဒီရွာက ကျုပ်အဘက ကယ်နိုင်ပါ့မလဲ။ အဘဘိုးမင်းခေါင်ကို ပြောတာ'တဲ့။

အဘဘိုးမင်းခေါင်ဆီ

အဘဘိုးမင်းခေါင်ကို ပြောတယ်ဆိုတော့ 'ဘယ်လို အကူအညီတောင်းရလဲ။ ငါ့ကို လိပ်စာလေး ဘာလေး ပေးစမ်းပါ'လို့ ထပ်ပြောတယ်။ အဲဒီတော့ ဟိုလူက 'မဟုတ်ဘူး၊ သူက လူပြည်မှာ မရှိဘူး။ ဒါပေမဲ့လို့ စိတ်နဲ့မှန်းပြီးတော့ ကိုယ်တတ်နိုင်တဲ့ လက်ဖက်တစ်ရိုးနဲ့ဖြစ်စေ၊ ရေတစ်ခွက်နဲ့ဖြစ်စေ၊ အဓိဋ္ဌာန်ပြီးတော့ ဆုတောင်းလို့ရှိရင် အဲဒီအဘက ဆင်းရဲတဲ့ပုဂ္ဂိုလ်ဆိုသိပ်ကူညီတတ်တယ်။ ဒါကြောင့် ခင်ဗျားလည်း

www.dhammadownload.com

ပဲ ပူဇော်ပေတော့'လို့ ပြောပြီးတော့ ပြန်သွားတယ်ပေါ့။ အဲဒီတော့ ဦးရိုးက ဟိုလူကလည်း ဘိုးမင်းခေါင်ဆိုတာကို လိပ်စာပေးမသွားတော့၊ တကယ်အသက်ရှိတဲ့ပုဂ္ဂိုလ်ပဲလို့ သူ့စိတ်ထဲလည်း ထင်နေတော့၊ ဘိုးမင်းခေါင်ဆီ စာရေးပါရောတဲ့။

ဘယ်လိုရေးလဲဆိုတော့ ... 'အဘ ခင်ဗျာ၊ ကျွန်တော့်မှာ သိပ်ပြီးတော့ ဆင်းရဲနေပါတယ်။ ငွေသုံးထောင်လောက် မစပါ။ တကယ်လို့ အဘသာ ငွေသုံးထောင်လောက် မစရင် ကျွန်တော်မျိုး စက်ဘီးပြင်ဆိုင်လေးလည်း ပြန်လုပ်နိုင်ပါလိမ့်မယ်။ နောက်နောင်လည်း လောင်းကစားမှုမပြုတော့ပါ။ ဒါကြောင့် အင်မတန်ဒုက္ခရောက်နေသူတွေကို ကူညီနေတဲ့အဘကနေ ငွေလေးသုံးထောင်လောက် မစပါ'လို့ စာရေးသတဲ့။ သူစာရေးပြီးချိန် တိုက်တိုက်ဆိုင်ဆိုင်ပဲ စာပို့သမားတစ်ယောက်ကလည်း သူ့ဆီ စက်ဘီးပြင်ဖို့ ဝင်လာတော့ 'ဒီလို ဒီလိုပဲ။ ငါ့မှာ စက်ဘီးပြင်ဆိုင်လည်း ပေါင်ပြီးချဲထိုးမိလို့ မရှိတော့ဘူး။ ဟိုဘက်သာ သွားပြင်တော့။ ဒါပေမဲ့ ငါ့စာလေးတော့ ထည့်လိုက်ပါဦး'ဆိုပြီး ရေးထားတဲ့စာပေးတော့ စာပို့သမားကလည်း သူ့စာယူသွားတယ်ပေါ့။ ဟိုရောက်လို့ လိပ်စာဖတ်ကြည့်တော့လည်း 'အဘဘိုးမင်းခေါင်သို့ ပေးပါရန်'လို့ ရေးထားတာပဲ တွေ့တော့ ဦးနှောက်ခြောက်သွားတယ်ပေါ့လေ။ ဦးရိုးက နာမည်နဲ့လိုက်အောင် သိပ်ရိုးအ,တာကိုး။

ငွေကျပ် ၂၅၀၀

လိပ်စာအတိအကျမပါဘဲ လိပ်မူထားတာက ထူးဆန်းနေတော့ စာတိုက်မှူးခွင့်ပြုချက်နဲ့ ဝိုင်းဖောက်ကြည့်ကြတာ ခုနကအဓိပ္ပာယ်ပါတဲ့စာကိုတွေ့တော့ စာတိုက်ဝန်ထမ်းတွေအားလုံးဝိုင်းပြီးတော့ ရယ်ကြတယ်။ အဲဒီထဲမှာ စာတိုက်မှူးက နည်းနည်းအသိဉာဏ်ရှိပြီး သနားလည်းသနားတတ်တော့ 'ကဲ ... တို့ ဒီလိုရယ်နေရုံနဲ့ မပြီးဘူး။ လူမှုကယ်ဆယ်ရေးဆိုတာ အင်မတန်ကုသိုလ်ရတယ်။ ခု ဒီပုဂ္ဂိုလ်ကလည်း သိပ်ပြီးတော့ ရိုးလွန်း အ,လွန်းနေတယ်။ မရှိတဲ့ပုဂ္ဂိုလ်ဆီ လှမ်းပြီးတော့ ငွေတောင်းနေတယ်။ အဲဒီတော့ တို့ လခထုတ်တဲ့နေကျရင် ကိုယ်စွမ်းသမျှ သူ့ကို ဝိုင်းပြီးတော့ ကူညီကြစို့'ဆိုပြီးတော့ စီစဉ်လိုက်တယ်။

အားလုံးကလည်း သူ့စာလေးဖတ်ပြီး အ,လွန်းလို့ဆိုပြီး သနားနေတော့ လစာထုတ်တဲ့နေ့မှာ တချို့က တစ်ရာ၊ တချို့က နှစ်ရာနဲ့ ငွေ ၂၅၀၀ ရသွားသတဲ့။ ၂၅၀၀ ရတော့ ခုနက စာပို့သမားကို 'ကဲ ... မင်းပဲ ဒီငွေလေး သွားပြီးတော့ ပို့လိုက်ပါ။ တကယ် အခက်အခဲရှိနေတဲ့အချိန်မှာ ဒီငွေလေးရတာ သူ့ခမျာ သိပ်ပြီးတော့ ဝမ်းသာသွားမှာပဲ။ သူ့အတွက် ဒါဟာ အင်မတန်မှ အရေးကြီးတယ်။ မင်း မြန်မြန် ငွေသွားပို့လိုက်'လို့ ခိုင်းတော့ စာပို့သမားကလည်း သွားပို့တယ်ပေါ့။ အဲ ... သိပ်မကြာခင်ပဲ ဦးရိုးဆီက 'အဘဘိုးမင်းခေါင်ဆီသို့'ဆိုပြီး စာတစ်စောင်ပြန်ရောက်လာတယ်တဲ့။ စာတိုက်မှူးကြီးကတော့ 'အင်း ... ဧကန္တတော့ ဒီပုဂ္ဂိုလ်ဟာ သူ့ကို ငွေ ၂၅၀၀ ပေးလိုက်တဲ့အတွက် ဦးရိုးဆိုသူဟာ သိပ်ပြီးတော့ ကျေးဇူးတင်တဲ့အကြောင်း၊ ဝမ်းမြောက်တဲ့အကြောင်းတွေ မျက်ရည်လည်ရွဲ ရေးထားတာနေမှာပဲ' ဆိုပြီး 'အားလုံး ငွေထည့်သူတွေ လာကြ။ စာဖတ်ပြမယ်'ဆိုပြီး ခေါ်လိုက်တယ်။

www.dhammadownload.com

ရိုးလွန်းတော့ အ

အားလုံးက ကျေးဇူးတင်၊ ဝမ်းမြောက်တာတွေ ရေးလိမ့်မယ်ပေါ့။ ဟိုက ဘာရေးလိုက်လဲဆိုတော့ 'အဘ ဘိုးမင်းခေါင်ခင်ဗျား ... အဘက ကျွန်တော့်ကို ကယ်ဆယ်မစတဲ့ငွေ ရောက်ပါတယ်။ ဒါပေမဲ့ နောက်တစ်ခါဆိုလို့ရှိရင် လူကိုယ်တိုင်ပဲ လာပို့ပေးပါ။ ခုတော့ စာတိုက်ကပို့လိုက်တဲ့အတွက် စာတိုက်ဝန်ထမ်းခွေးမသားလေးတွေက ထုံးစံအတိုင်း ဖြတ်ခုတ်ထားလို့ ကျွန်တော်မျိုးကြီးမှာ ၂၅၀၀ ပဲ ရပါတယ်' တဲ့။ အဲဒီတော့ ... ဒီပုဂ္ဂိုလ်ဟာ သိပ်ပြီးတော့ ရိုးလွန်းသွားတယ်။ ရိုးအလွန်းသွားတော့ ကိုယ့်ကို ကျေးဇူးပြုတဲ့ပုဂ္ဂိုလ်၊ ဝိုင်းပြီးတော့ စေတနာထားတဲ့ပုဂ္ဂိုလ်တွေကိုတောင် ငါကိုင်တုတ်မိတယ်ပေါ့။ ဒီပုံပြင်က ဗဟုသုတနည်းလွန်းရင် ဖြစ်တတ်တာကို ပြောနေတာပေါ့ဘုရား။

ဒါကြောင့်မို့ ... တပည့်တော်အနေနဲ့ အနုနာယကဘုန်းကြီးတွေရော၊ ဦးဇင်းငယ်လေးတွေကိုရော၊ တစ်ခါတစ်ရံ ကြုံရင် ပြောပါတယ်။ အားလုံး ဗဟုသုတရှိအောင်လုပ်ထားပါ။ ဘေးကျောင်းရောက်လို့ရှိရင်လည်း ဝတ်ကျေတမ်းကျေ ဒီအတိုင်းကြီး ထိုင်မနေနဲ့။ သူတို့ဆီကတွေ့တဲ့ ကိုရင်လေးတွေ ကျောင်းသားလေးတွေနဲ့ စကားပြောဆိုပြီးတော့ 'ဘယ်လိုအုပ်ချုပ်တယ်၊ ဘယ်လိုလုပ်တယ်' စသည် မေးမြန်းကြည့်ပါ။ ဒါမျိုးတွေ သိလာပြီဆိုလို့ရှိရင် တပည့်တော်တို့အားလုံးကို နားလည်ခွင့်လွှတ်တတ်သွားတယ်ပေါ့။ ဒါမျိုးလေးတွေ တပည့်တော် ဖြစ်စေချင်တာ။ ရဟန်းငယ်တွေရော၊ ကိုရင်တွေရော၊ အကြီးဖြစ်နေတဲ့ ဦးဇင်းတွေရော၊ အားလုံးပေါ့လေ။

ဗဟုသုတရှိပါစေ

ဒါကြောင့်မို့ ... တပည့်တော်တို့တစ်တွေ ဆရာကြီးရွှေဥဒေါင်း ညည်းတာလေးကို ပြန်ပြန်ပြီးတော့ သတိရသင့်တယ်။ ဆရာကြီးက သူထောင့်မကျိုးတာဟာ 'တက္ကသိုလ်လေ မရှူခဲ့ရလို့' တဲ့။ ဒါ တင်စားပြောတာ။ ဟိုလိုကြီး တက္ကသိုလ်ထဲသွား လေရှူခိုင်းတာမဟုတ်ဘူးနော်။ ပုံပြင်ထဲက ဦးရိုးကြီးလိုလည်း ဖြစ်နေကြဦးမယ်။ ရယ်စရာပြောတာပါ။ အဲဒီတော့ ... ကိုယ်ဘာသာ အားလုံးလေ့လာလိုက်လို့ရှိရင်၊ အားလုံးသိတတ်သွားပြီဆိုရင်၊ အားလုံးအပေါ်မှာ နားလည်ခွင့်လွှတ်တတ်လာမယ်။ ဒါကြောင့်မို့ ဗဟုသုတရှိအောင် လုပ်ပြီးတော့ အရာရာမှာ နားလည်ခွင့်လွှတ်နိုင်ကြသော ရဟန်းသာမဏေများ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

အတိုင်းအရှည်သိသူ

၁၃၆၆ ခု၊ တော်သလင်းလပြည့်နေ့
၂၀၀၄ ခု၊ စက်တင်ဘာလ ၂၈ ရက်၊ အင်္ဂါနေ့ ည

ဆွမ်းခံတန်းတဲ့အခါ

ကဲ ... ပထမ ဩဝါဒမပေးခင် နည်းနည်းလေး ပြောစရာရှိတာလေးတွေ ပြော၊ အသိပေးစရာရှိတာလေးတွေ တပည့်တော် အသိပေးမယ်။ ပထမဆုံးပြောချင်တာက ဘာလဲဆိုတော့ တပည့်တော်တို့ ဆွမ်းခံသွားတဲ့အခါမှာ တုံးခေါက်ပြီဆိုလို့ရှိရင် ငါးမိနစ်အတွင်းမှာ အားလုံး ကြွနိုင်အောင် ကြိုးစားပေးပါ။ တုံးခေါက်မှ သင်္ကန်းစရုံတာ ဘာညာ မဖြစ်စေပါနဲ့။ သွက်သွက်လေး လုပ်ပေး။

တန်းစီတဲ့အခါလည်း တစ်နေ့က တပည့်တော် စာချဘုန်းကြီးတွေကို ပြောထားတယ်။ တပည့်တော်တို့ ဘုရားဝတ်တက် တန်းစီတဲ့အခါတို့၊ ကျောင်းမှာ ဆွမ်းဘုဉ်းပေးဖို့ တန်းစီတဲ့အခါတို့ဆိုရင် တစ်ခါတည်းပဲ သူ့နေရာနဲ့သူ တန်းမြဲဖြစ်တယ်။ အဲဒီလိုပဲ ဆွမ်းခံပြီဆိုလို့ရှိရင်လည်း တစ်ခါတည်း တန်းထားပါ။

သတ္တိရှိရှိပြောပါ

တန်းတဲ့အခါမှာလည်း အနည်းဆုံး တစ်တောင်လောက်ခြားပြီးတော့ တန်းပါ။ အဲဒါလေးတွေကို ရှေ့ဆုံးက ဦးဆောင်သွားတဲ့ရဟန်း၊ နောက်ဆုံးက

www.dhammadownload.com

ပိတ်ပြီးတော့ စောင့်ရှောက်တဲ့ရဟန်း၊ သူတို့က လည်းပဲ ပြောပေးပါ။ ဒီကျောင်းမှာက ပြောလို့ အဆင်ပြေပါတယ်။ တခြားမှာတော့ သွားပြီး ပြောလို့ရှိရင် တစ်ယောက်နဲ့တစ်ယောက် မခံချင်တာတို့၊ စောင်းမြောင်းပြောတာတို့ ရှိတတ်တယ်။ ဒီမှာကတော့ ဒါမျိုးတွေ မရှိဖို့ တပည့်တော် အားလုံး သွန်သင်ပေးထားတယ်။

ဒါကြောင့်မို့ သတ္တိရှိရှိပြောပါ။ ပြောလို့ရှိရင် ဘာအကျိုးရမလဲ။ တပည့်တော်တို့ ဘဝါဘဝမှာ သံသရာထဲ ကြုံလာလို့ရှိရင် ကိုယ်လည်း ကိုယ့်ကို ဆုံးမမယ့် မိကောင်းဖကောင်း ဆရာသမားကောင်းတွေနဲ့ တွေ့တယ်။ ဒီလိုမှ မဟုတ်ဘဲ ဘာသိဘာသာနေလို့ရှိရင် ကိုယ့်ကျတော့လည်း ဘာသိဘာသာမိဘ၊ ဘာသိဘာသာ ဆရာသမားတွေနဲ့ပဲ တွေ့မှာပဲ။ ဒါ တပည့်တော်တို့ ဆရာတွေရဲ့ ဩဝါဒအရ တပည့်တော်မှတ်ခဲ့တာလေးကို ပြောပြတာ။

တာဝန်သိရုံနဲ့မပြီး

ဒါကြောင့် ဆွမ်းခံတုံးခေါက်ပြီဆိုရင် ငါးမိနစ်အတွင်းမှာ ခပ်ကျဲကျဲလေး တစ်ခါတည်း တန်းပေးပါ။ သပိတ်ကြီးပိုက်ပြီး၊ သပိတ်ကြီး လွယ်ပြီးတော့ ဟိုနားလေးရပ်လိုက်၊ ဒီနားလေး ရပ်လိုက်၊ တစ်ပါးနဲ့တစ်ပါး ပူးကပ်ပြီး နောက်လှည့်စကားပြောလိုက်၊ အဲဒါမျိုး မဖြစ်ပါစေနဲ့။ အထူးသဖြင့် တပည့်တော်တို့ ကြီးကြပ်တဲ့အကြီးအနုနာယကဘုန်းကြီးတွေက ရဲရဲဝံ့ဝံ့ ပြောပေးပါ။ တန်းတဲ့သံဃာတွေကလည်းပဲ တပည့်တော် ဒါလောက်ပြောရင် အဓိပ္ပာယ် သဘောပေါက်လောက်ပါတယ်။

အဲ ... သဘောပေါက် နားလည်လို့ရှိရင် ကျင့်ဖို့လိုတာပဲ။ ဒီလောကမှာ တာဝန်သိရုံနဲ့ မပြီးသေးဘူး။ တာဝန်ကိုယူတတ်တဲ့စိတ်လည်း ရှိရတယ်။ သိရုံ သိနေလို့ကတော့ ဘာမှ အကျိုးမရှိဘူး။ တာဝန်ကိုယူရဲတဲ့ စိတ်ဓာတ်ရှိမှလည်း ကောင်းတယ်။ ခု ဆွမ်းခံတန်းတာနဲ့ စပ်ပြီးတော့ တပည့်တော် အသိပေးပါတယ်။ အားလုံး ကြိုးစား လိုက်နာပေးကြပါ။

သပိတ်ရေကျန်တွေ

နောက်တစ်ခုက ဘာလဲဆိုတော့ ... တပည့်တော်တို့ မနက်မနက် ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာ သပိတ်တွေဘာတွေဆေးတော့ တချို့က သပိတ်ထဲ ရေလေးတွေ နည်းနည်းကျန်ပုံပေါက်တယ်။ ရေကျန်တော့ ဘာပြဿနာ လာဖြစ်လဲ။ တပည့်တော်တို့ အဲဒီလို ရေကျန်တဲ့သပိတ်တွေက တဖြည်းဖြည်း များများလာတော့ ဆွမ်းခံအပြန် ဆွမ်းပေါင်းပြီးတဲ့အခါမှာ ဆွမ်းတွေ နည်းနည်းလေးပျော့ပြီးတော့ အနံ့ထွက်ချင်သလိုမကောင်းတဲ့သဘောဘက် သက်ရောက်သွားတယ်။

ဒါကြောင့် တပည့်တော် ဒီနေ့ထပ်ပြီးတော့ သတိပေးပါတယ်။ သပိတ်ဆေးပြီးလို့ရှိရင် လက်သုတ်ပဝါလေးနဲ့ ရေလေးတော့ သုတ်လိုက်ဦး။ အဲဒါလေး လိုက်နာပေးပါ။ ရေလေးစစ်ရုံပဲ မလုပ်နဲ့ပေါ့ဘုရား။ မြို့ထဲက ဆွမ်းလောင်းတဲ့ဒကာ ဒကာမတွေကလည်း မနက်စောစော ထချက်တဲ့ဆွမ်း ဖြစ်နေတော့ တပည့်တော်တို့က တစ်ပါးလောက် ဂရုမစိုက်ဘူးဆိုရင် ကျန်တာတွေပါ သွားပြီးတော့ ထိခိုက်တယ်။ နောက်ဆုံးမှာ ဆွမ်းတွေ ပိုလို့ရှိရင် တောင်းတဲ့ပုဂ္ဂိုလ်တွေကို ကောင်းကောင်းမွန်မွန် ပေးနိုင်တယ်ပေါ့။ ဒီစိတ်ကလေးတွေ ထားလို့ရှိရင် ကိုယ့်အတွက် ကုသိုလ်သိပ်ဖြစ်ပါတယ်။

www.dhammadownload.com

အားလုံးအတွက်လည်း အဆင်ပြေတယ်။ ဘဉ်းပေးတဲ့ သံဃာတွေအတွက်လည်းပဲ ကောင်းကောင်းမွန်မွန် ဘဉ်းပေးရတယ်။ နောက် ... ဆွမ်းစားကျောင်းအတွက်လည်း အလုပ်မရှုပ်တော့ဘူး။ အဲဒါလေးကို အထူးဂရုစိုက်ပေးပါ။ တစ်ခါတစ်ရံ အကြီးတွေက မထင်မှတ်ဘဲ သပိတ်ဖွင့်ကြည့်တာမျိုးလည်း လုပ်ပေးပါ။ အမှန်ကတော့ တာဝန်ကိုယ်စီသိပြီး၊ တာဝန်ယူတတ်တဲ့ စိတ်ရှိသွားပြီ၊ ကိုယ့်တာဝန်ကိုယ်ယူပြီဆိုရင် ဒါမျိုးက စစ်စရာမလိုပါဘူး။ အဲဒါလေးတွေလည်း အားလုံးသတိပေးတယ်။ ဒါက ဆွမ်းခံသွားတဲ့ ကိစ္စနဲ့ပတ်သက်လို့။

ဝရန်တာမှာ မလှန်းပါနဲ့

နောက် ... သင်္ကန်းလှန်းတာနဲ့စပ်လို့ တပည့်တော် ထပ်ပြီးတော့ သတိပေးမယ်။ ဟိုတုန်းကလည်း သိမ်ပေါ်မှာ လှန်းတာတွေလို့ ပြောခဲ့သေးတယ်။ ဝရန်တာလက်ရန်းတွေပေါ်မှာ သင်္ကန်းလှန်းတာတွေဟာ မကောင်းဘူး။ ဒီဓမ္မာရုံဆိုလည်းပဲ စင်္ကြံလမ်းပေါ်က အပြင်ဘက်တန်းတွေ၊ မြို့တော်ကျောင်းဆိုလည်းပဲ စတီးချောင်းလက်ရန်းတွေ၊ အဲဒါတွေပေါ်မှာ သင်္ကန်းကြီးတွေ မလှန်းကြပါနဲ့။ တပည့်တော်တို့ စည်းကမ်း တကယ်ရှိတဲ့ အိမ်တွေ၊ ကျောင်းတွေ ကြည့်ကြည့်လိုက်၊ ဒါမျိုး ဘယ်တော့မှ မလုပ်ဘူး။

တပည့်တော်တို့ ငယ်ငယ်ကလည်း တောင်မြို့ ဂန္ဓာရုံ ဒုတိယဆရာတော်၊ တပည့်တော်တို့ရဲ့ ဥပဇ္ဈာယ်ဆရာတော်က အမြဲတမ်း သတိပေးတယ်။ သင်္ကန်းကြီးတွေကို အဲဒီလို ဝရန်တာပေါ်ကနေ မလှန်းပါနဲ့၊ စည်းကမ်းရှိနေတဲ့ အိမ်တွေတောင်မှ ဒါမျိုးလှမ်းလေ့မရှိပါဘူး၊ အဲဒီတော့ ကျောင်းဆို ပိုပြီးတော့ ဂရုစိုက်ပါတဲ့။ တပည့်တော်တို့ ငယ်ငယ်ကတည်းက ဆရာတော်က အဲဒီသြဝါဒ အမြဲတမ်း ပေးတယ်။ နားထဲမှာလည်း ခုထိကြားတယ်။

ရုပ်ဖြစ်အောင် ရုပ်ပေးပါ

ဒါကြောင့်မို့ အဲဒီအပေါ်မှာ မလှန်းပါနဲ့။ ဟိုတုန်းက သိမ်ပေါ်တွေ့တယ်။ အခုလည်းပဲ မြို့တော်ပေါ် တစ်ခါတစ်ရံတွေ့လို့ လှမ်းပြီးတော့ ပြောရတယ်။ တစ်ခါတလေ ဒီဓမ္မာရုံအောက်မှာ လှန်းထားပြန်တယ်။ နောက်ဆုံး လှန်းချင်ပါတယ်ဆိုရင် အောက်သွားပြီးတော့ ကြိုးတန်းမှာ ခဏလှန်းချင်လှန်း၊ ဒါမှမဟုတ်လည်းပဲ ကိုယ်စာကျက်တဲ့နားက သမံတလင်းပေါ်မှာ ခဏတစ်ဖြုတ် ခွေးလေးစိုလို့ရှိရင် အောက်ချလှန်း၊ ဒါဆို လူမမြင်ဘူးပေါ့။ အဲဒီတော့ အားလုံး ဒါလေးကို လိုက်နာပေးပါ။ ဝရန်တာပေါ်မှာ သင်္ကန်းကို မလှန်းကြပါနဲ့။ ဝရန်တာဆိုတာ မသိရင်လည်း မေးထားဦးနော်။

သိမ်ကျောင်းတို့၊ မြို့တော်ကျောင်းတို့၊ အထူးသဖြင့် ဓမ္မာရုံတို့၊ တစ်ပါးမတွေ့ တစ်ပါးတော့ တွေ့နေသေးတာပဲ။ တပည့်တော်လည်း ဟိုတုန်းက မပြောဖူးလို့လား၊ ပြောဖူးသလားမမှတ်မိတော့ဘူးပေါ့။ ဒီနေ့ ထပ်ပြီး အဲဒါနဲ့စပ်ပြီးတော့ ပြောပါတယ်။ အပြင်က ဒီသင်္ကန်းတန်းတွေကတော့ ထုံးစံအတိုင်းပေါ့။ ဆွမ်းခံအပြန် လှန်းထားတဲ့သင်္ကန်းကတော့ ဆယ်နာရီနဲ့ ဆယ်နာရီခွဲကြား ရုပ်ဖြစ်အောင် ရုပ်ပေးပါ။ အဲဒီလို ဆယ်နာရီနဲ့ ဆယ်နာရီခွဲကြား ရုပ်တော့ ဘာအကျိုးထွက်လာမလဲ။ တပည့်တော်တို့ ဒီလို အချိန်မှိန် သင်္ကန်းရုပ်လိုက်တဲ့အတွက် ရေချိုးပြီး ရေသနုပ်တွေ လှန်းစရာနေရာ ရှိသွားတယ်။

www.dhammadownload.com

တော်တော်သန့်ရှင်းတာပဲ

နောက်ပြီးတော့ ကြည့်မကောင်းရှုမကောင်း တွဲလောင်းကျနေတာမျိုးတွေ မရှိတော့ဘူး။ ဒါကြောင့် လျှော်တဲ့ သင်္ကန်းမှတစ်ပါး ချွေးလှန်းတယ်ဆိုရင် အဲဒီအချိန်မှာ ရုပ်ပြီးတော့ ခေါက်ထားပါ။ တပည့်တော်တို့ သံဃာများလာတော့ စည်းကမ်းလေးကလည်း ရှိမှ။ စည်းကမ်းမရှိဘူးဆိုရင် ကျောင်းတိုက်ကြီးက သိပ်ပြီးတော့ ကျက်သရေမဲ့သွားတယ်။ မနေ့မနက်ကပဲ ပါဠိကာရီဘုန်းကြီး ဦးမဟောသဓ ကွယ်လာတော့ "ဦးဇင်း ကျောင်း ကြည့်ရတာ တော်တော်သန့်ရှင်းတာပဲ"တဲ့။ ဒါတွေက ဘယ်လိုပြောမလဲ။ ကျောင်းထဲ ဝင်လာပြီဆိုတာနဲ့ သန့်ရှင်းတဲ့ကျောင်းဆိုလို့ရှိရင် ကြည့်လိုက်ရတာကို စိတ်ချမ်းသာမှုရှိတယ်ပေါ့။

ဟိုတုန်းကလည်းပဲ တပည့်တော် ပြောဖူးပါတယ်။ ပရိယတ္တိသာသနဟိတအသင်း၊ သက္ကသီဟအသင်းမှာ လူကြီးလုပ်သွားတဲ့ တပည့်တော်တို့ ရွာက ဒကာကြီးဦးအုန်းလွင်ဆိုတာ ရှိတယ်။ တပည့်တော်တို့ဆီ နှစ်တိုင်းလာပြီးတော့ ဆန်နဲ့ဆီ လှူလေ့ရှိတယ်။ သူကလည်း ဒီလိုပြောခဲ့ဖူးတယ်။ "တပည့်တော်လည်း ဘုန်းကြီးကျောင်းတွေတော့ ရောက်တယ်၊ အရှင်ဘုရားကျောင်း ရောက်လိုက်လို့ရှိရင် သန့်ရှင်းသလိုလေး စိတ်က ပိုခံစားရတယ်"တဲ့။

ကုသိုလ်နှစ်ထပ်

ဒါ တပည့်တော်တို့က သေချာပြင်ဆင်ပြီး သူတို့ကို ဒီလိုဖြစ်ပါစေလို့ မဟုတ်ဘဲနဲ့ ကိုယ့်ရဲ့ ဝတ္တရားအရ လုပ်စရာရှိတာ လုပ်တယ်။ လုပ်လိုက်တဲ့အတွက် ကုသိုလ်လည်းပဲ ဖြစ်တယ်။ ဒကာ၊ ဒကာမတွေ ရောက်လာလို့ ခုနကလို ကြည်ညိုစိတ်ဖြစ်ပြီဆိုရင်လည်း သူတို့ရင်ဘတ်ထဲက ကြည်ညိုစိတ်ကို ကိုယ်က ဖိတ်ခေါ်ရာရောက်တဲ့အတွက် ကိုယ့်မှာ ကုသိုလ်ထပ်ပြီးတော့ တိုးပါတယ်။ ကိုယ်က လူတွေလာလို့ရှိရင် ကြည်ညိုအောင်ဆိုတဲ့စိတ်မရှိပေမဲ့ သူ့ဟာသူ ဒါတွေက ပြီးသွားတယ်။

ကိုယ်ကတော့ ကိုယ့်ရဲ့ဝတ္တရား၊ မြတ်စွာဘုရားဟောကြားခဲ့တဲ့ 'ဝတ္တံ အပရိပူရေန္တော' ဒေသနာအရ တတ်နိုင်သမျှ သန့်ရှင်းအောင်လုပ်တယ်။ အာရမ္မဏတပ်တာကတော့ မြတ်စွာဘုရားရဲ့ ဒေသနာတွေအရ တပည့်တော်တို့က သန့်ရှင်းရေးလုပ်တာ။ ကြားထဲကနေပြီးတော့ သူ့ဟာသူ ပကတူပနဲ့ကျေးဇူးပြုသွားတယ်။ လူဒကာ၊ ဒကာမတွေ စိတ်ကြည်လင်တယ်၊ သန့်ရှင်းတယ်။ တပည့်တော်တို့က အာရုံမပြုပေမဲ့ သူ့ဟာသူ ဖြစ်သွားတယ်။ ကုသိုလ်တွေတိုးသွားတာပဲ။

ဝိဇ္ဇာစရဏ

ဒါကြောင့် ဒီသင်္ကန်းရုပ်တဲ့ကိစ္စကိုလည်းပဲ စနစ်တကျနဲ့ အချိန်ကို လေးလေးစားစား ရုပ်ရတယ်။ ဆွမ်းခံသင်္ကန်းတွေကို ဘယ်အချိန်ကနေ ဘယ်အချိန်ထိ ရုပ်ရမလဲ။ (ဆယ်နာရီနဲ့ ဆယ်နာရီခွဲကြားပါ ဘုရား)။ ဒါ သိသွားပြီဆိုရင် သိတဲ့အတိုင်း ကျင့်တဲ့စိတ်၊ တာဝန်ယူတဲ့စိတ်လိုတယ်။ ဝိဇ္ဇာပြီးရင် စရဏလိုအပ်ပါတယ်။ ဝိဇ္ဇာဆိုတာ သိခြင်း၊ စရဏက သိတဲ့အတိုင်းကျင့်ကြံခြင်း။ မြတ်စွာဘုရားရှင်ရဲ့တပည့်တွေ ပီပီ ဘုရားဂုဏ်တော်အတိုင်း တတ်နိုင်သမျှ အတုခိုး လေ့ကျင့်ဖို့ တပည့်တော်တို့မှာ တာဝန်ရှိပါတယ်။ အဲဒါလေးတွေ အားလုံးပဲ သတိထားပါ။

www.dhammadownload.com

ငါတို့ရဟန်းဖြစ်နေပြီဆိုပြီး ဒါမျိုးလည်း မနေပါနဲ့။ စာချဘုန်းကြီးဖြစ်လည်း ဒါတွေက လုပ်ရမှာပဲ။ ကျောင်းဘုန်းကြီးဖြစ်လည်း လုပ်ရမှာပဲ။ အဲဒါ အားလုံး မှတ်ထားပါ။ ရေသနုပ်တွေကတော့ တပည့်တော်တို့ ဘယ်အချိန်မှာ ရုပ်ဖို့သတ်မှတ်ထားသလဲ။ (နေ့လယ် သုံးနာရီ ဆယ့်ငါးမိနစ်ပါဘုရား)။ ဟုတ်ပြီ ... သုံးနာရီ ဆယ့်ငါး နောက်ဆုံးထားပြီးတော့ သုံးနာရီ စာဝါနားတာနဲ့ သွားရုပ်လိုက်ရင် ဒီဆယ့်ငါး မိနစ်အတွင်းကတော့ အေးအေးဆေးဆေးလေး ပြီးပါတယ်။ အဲဒါလေးတွေ ကြိုးစားပြီးတော့ လိုက်နာပေးပါ။

မတ္တညုသရုပ်

နောက်ဆုံးတစ်ခုပြောချင်တာက ဘာလဲဆိုတော့ ... တပည့်တော်တို့ ဆွမ်းဘုဉ်းပေးတဲ့ အခါမှာ ဆွမ်းကျန်တွေ မရှိပါစေနဲ့။ အတိုင်းအရှည်လို့ ခေါ်တာပေါ့။ တပည့်တော်တို့ စာပေတွေမှာ ဖွင့်တဲ့အခါ မတ္တညုသရုပ်တွေ အများကြီးဖွင့်ပေမဲ့ ချုပ်လိုက်လို့ရှိရင်တော့ နှစ်မျိုးပဲ။ ကျတိဝုတ်အဋ္ဌကထာတွေ ဘာတွေမှာလည်း နှစ်မျိုးပဲ ဖွင့်တယ်။ အဲဒီနှစ်မျိုးကိုပဲ တောင်မြို့ ဆရာတော်ကြီးက ဩဝါဒပါတိမောက်ဂါထာ နိဿယထဲမှာ ထည့်ရေးခဲ့တယ်။ အရှင်ဘုရားတို့ ရွတ်နေကျပါပဲ။

"အနုပဝါဒေါ အနုပဃာတော၊
ပါတိမောက္ခေ စ သံဝရော၊
မတ္တညုတာစ ဘတ္တသ္မိ" တဲ့။

အားလုံး အဲဒီ အောက်ဆုံးအပိုဒ်ကလေး အနက်ပေးကြည့်စမ်းပါ။

'ဘတ္တသ္မိ'- မစားရလျှင် သက်မရှင်၍ နေ့စဉ်စားရ ဆွမ်းပစ္စည်းဟူသော အာဟာရ၌၊ မတ္တညုတာစ- ခံယူသောခါ စားသုံးရာဝယ် ကိုယ်မှာလိုသမျှ အတိုင်းအရှည်ပမာဏကို သိသူ၏အဖြစ်သည်လည်းကောင်း'

တပည့်တော်တို့ ကျတိဝုတ်အဋ္ဌကထာတွေ ဘာတွေမှာ ဒီနှစ်ချက်ပဲဖွင့်တယ်။ ဓမ္မပဒမှာကျတော့ ဖွင့်တာများတယ်။ ထားပါတော့။ နံပါတ်(၁)က ခံယူသောခါတဲ့။ ခံယူသောအခါမှာ အတိုင်းအရှည်သိရမယ်။ နံပါတ်(၂)က စားသုံးရာဝယ်တဲ့။ စားသုံးတဲ့အခါမှာလည်း အတိုင်းအရှည်သိရမယ်။ ဒီနှစ်ချက်ဟာ အဓိကပဲ။

ခံယူခြင်းအတိုင်းအရှည်

ခံယူတယ်ဆိုတာ တပည့်တော်တို့ မြို့ထဲဆွမ်းခံကြွတာကို ပြောတာ။ ဒကာဒကာမတွေရဲ့ သဒ္ဓါတရားအရ တစ်ပါးစာထက် ပိုတာများပါတယ်။ ပိုလည်းပဲ ကျောင်းမှာ ဆွမ်းခံမထွက်တဲ့ သံဃာတွေအတွက် လှူရတာဆိုတော့ ပိုတယ်လို့ ပြောလို့မရဘူး။ နောက်ဆုံး သံဃာအားလုံးဘဉ်းပေးပြီးတဲ့အထိ ပိုလို့ရှိရင်လည်း တပည့်တော်တို့ ကျောင်းတိုက်အနေနဲ့ လာရောက်တောင်းရမ်းတဲ့ ပုဂ္ဂိုလ်တွေ၊ အလှူခံတဲ့ ပုဂ္ဂိုလ်တွေအတွက် ပြန်လှူပေးနေတာဆိုတော့ ဒါက ကိစ္စမရှိဘူး။

ဘယ်နေရာမှာ ရှိလဲဆိုတော့ ... တပည့်တော်တို့ ဆွမ်းကျောင်းမှာ ဘဉ်းပေးဖို့ကြွလာပြီဆိုရင် အတက်မှာ ဆွမ်းလောင်းတယ်။ ဒါ နည်းနည်းလေးပဲ လောင်းလိုက်တယ်။ သိပ်ပြဿနာမတက်သေးဘူး။ ဆွမ်းစားရင်းနဲ့ ကိုယ့်သပိတ်ထဲကိုယ် ထပ်ထည့်တဲ့အခါ အဲဒါလည်း ခံယူသောအခါပဲ။ အဲဒီလို ကိုယ့်သပိတ်ထဲကိုယ် ထည့်တဲ့အခါကျရင် ကိုယ် ဒီလောက် ကုန်သလား၊ မကုန်ဘူးလား။ အဲဒါကို သိရမယ်။ ဒါကြောင့်မို့ တပည့်တော် ကိုရင်တွေကို ခဏ

www.dhammadownload.com

တိုင်း သတိပေးတယ်။ တစ်ခါတည်း အများကြီး မထည့်ပါနဲ့၊ လိုရင် ထပ်ထည့်လို့ရပါတယ်လို့။

အားလုံး မျှမျှတတ

အများကြီးထည့်လိုက်တော့ မကုန်ရင် အပိုတွေ၊ အကျန်တွေ ဖြစ်သွားတယ်။ ဒါတောင်မှ ခုတစ်လော တပည့်တော် ထွက်ထွက်ကြည့်ရင် အပြင်ဘက် ဆွမ်းကျန်ထည့်တဲ့ဇလုံထဲမှာ တွေ့တွေ့နေရတယ်။ ဟိုတုန်းကဆို ဇလုံတစ်လုံးလောက်ရတယ်။ တစ်နေ့ကတော့ တစ်ဝက်လောက်ပဲ ရတယ်။ တကယ်က တစ်ဝက်လောက်ကို မကျန်တာ အကောင်းဆုံးပဲ။ နောက်ဆုံး ကိုယ့်အနေနဲ့ ဒီဆွမ်းမလောက်ဘူးဆိုရင် ထပ်ထည့်လို့ရတယ်။ မလောက်သေးဘူးဆိုရင်လည်း တပည့်တော်တို့ ဟိုထဲမှာ အိုးနဲ့တည်ထားတာ ရှိသေးတယ်။ ဘယ်မှမရှိတောင် နောက်ဆုံး တပည့်တော်တို့ ဘုန်းကြီးဝိုင်းကတော့ အနည်းဆုံး ပိုပါတယ်။ သတ္တိရှိရှိ လာခဲ့ပါ။ ပန်ပြောပြီး ယူသွားပါ။ ကြောက်စရာလည်း မလိုဘူး။ ရှက်စရာလည်း မလိုဘူး။ တပည့်တော်တို့ ဒါမျှမျှတတ အားလုံးစီစဉ်ထားတာပဲ။

ဒါကြောင့်မို့ ခံယူတဲ့အခါမှာ ကိုယ့်သပိတ်ထဲကို ကိုယ်နဲ့မျှတရုံပဲ ထည့်ပေးပါ။ ဒီနေ့ မနက်ခင်း ဘာဘဉ်းပေးထားခဲ့လဲ၊ များများဘဉ်းပေးမိသလား၊ သို့မဟုတ် အစာမကြေလွယ်တာ စားခဲ့သလား၊ ဒါဆို လျှော့ထည့်ပေါ့။နေ့စဉ်နေ့တိုင်း ပုံသေ သွားပြီးတော့ လုပ်လို့ရှိရင် မကောင်းဘူး။ ဒီလို ခံယူတဲ့အခါ အတိုင်းအရှည် သိတာကို တပည့်တော်တို့ သုတ္တန္တိကမာတိကာ ကျတော့ မဟာကုသိုလ်စိတ်စတဲ့ ကောင်းတဲ့စိတ်တွေပဲ အရကောက်ပါတယ်။ ပထမလတ် တန်းမှာပါတဲ့ သုတ္တန္တိကမာတိကာ အရကောက်၊ ဘောဇနေ မတ္တညုတာ-ပုဒ်၊ ဆွမ်းဘဉ်းပေးတဲ့အခါ ခံယူတဲ့အခါမှာ အတိုင်းအရှည်သိရင်လည်းပဲ ဘာစိတ်ဖြစ်တာတဲ့လဲ။ (မဟာကုသိုလ်စိတ်ပါဘုရား)။ ကုသိုလ်စိတ်ဖြစ်တယ်။ အကုသိုလ်စိတ် မဖြစ်ပါဘူး။

ပုဏ္ဏားငါးယောက်

နောက် ... စားသုံးရာဝယ်။ စားသုံးတဲ့အခါလည်း ကိုယ့်ရဲ့ဝမ်းပမာဏကို သိရတယ်။ ကိုယ့်ရဲ့ဝမ်းပမာဏဆိုတာ ဘာလဲ။ တပည့်တော်လည်းပဲ ဒါ ခဏတိုင်းပြောခဲ့တယ်ပေါ့။ ဟိုတုန်းက ပုဏ္ဏားတွေဆိုတာ ရှိတယ်။ အစားကြီးတဲ့ပုဏ္ဏား ငါးယောက်တဲ့။ အစားကြီးတဲ့ပုဏ္ဏား ငါးယောက်မှာ နံပါတ်တစ်ပုဏ္ဏားက ဘယ်လောက်အထိ စားသလဲဆိုတော့ 'အာဟာရဟတ္ထက' တဲ့။ စားပြီးရင် ဟာ ... ငါ့လက်ဆွဲပါဦး၊ ဆွဲပါဦးနဲ့ အဲဒီလောက်အထိ စားတာတဲ့။ အဲဒါကို အာဟာရဟတ္ထကပုဏ္ဏား တဲ့။ စားပြီးလို့ရှိရင် သူ့လက်ကြီးဆန့်ပြီးတော့ ဘေးလူက ဆွဲထူရတယ်။ အဲဒီလောက်ကြီး စားတာတဲ့နော်။

နံပါတ်နှစ် နှစ်ယောက်မြောက်ပုဏ္ဏားက 'အလံသာဋ္ဌက' ပုဏ္ဏား။ အလံ + သာဋ္ဌက။ သာဋ္ဌက- ဝတ်ထားတဲ့အဝတ်၊ အလံ-တော်ပြီ။ စားပြီးလိုက်တာနဲ့ ဝတ်ထားတဲ့အဝတ်ကို ချွတ်ချင်စိတ်ပေါက်နေတာ။ ဗိုက်ကြီးက တင်းနေတာ။ လူဆိုလို့ရှိရင်လည်း ပုဆိုးတို့၊ ထဘီတို့၊ ရဟန်းဆိုရင်လည်း သင်းပိုင်တို့၊ အဲဒါတွေ ချွတ်ချင်စိတ်ပေါက်လာတဲ့အထိ အစားကြီးတဲ့ပုဏ္ဏားတဲ့။တော်တော် အစားကြီးတဲ့ပုဏ္ဏားတွေပေါ့နော်။

နောက် ... နံပါတ်သုံးက 'တတြဝဋ္ဌက' ပုဏ္ဏားတဲ့။ တတြ- ထိုနေရာ၌ပင်၊ ဝဋ္ဌက-

www.dhammadownload.com

လဲ့အိပ်သူ။ စားတဲ့နေရာမှာပဲ လဲ့ထိုးအိပ်ပစ်လိုက်တာပဲတဲ့။ ဘယ်လောက်အထိများ အစားကြီးလိုက်သလဲ။

နောက်ပြီးတော့ ... 'ကာကမာသက' ပုဏ္ဏားတဲ့။ သူက စားပြီးလိုက်လို့ရှိရင် အရင်လူတွေလိုတော့ မဖြစ်ဘူး။ သူက တောင့်ပြီးတော့ တော်တော်ခံနိုင်ရည် ရှိပုံပေါ်တယ်။ ဒါပေမဲ့လို့ ပါးစပ်ကနေ ကျီးက နှိုက်လိုက်လို့ရှိရင် နှိုက်လို့ရအောင် စားတာ။ အဲဒါ ကာကမာသက ပုဏ္ဏားတဲ့။ နောက် ... ပဥ္စမမြောက်ပုဏ္ဏားက 'ဘုတ္တဝမိတက'။ စားပြီးရင် သူက ဟန်မဆောင်နိုင်တော့ဘူး။ စားပြီးသားအစာတွေ အကုန်လုံးထိုးအန်ချလိုက်တာ။ အဲဒီလို ပုဏ္ဏားငါးယောက် ရှိခဲ့တယ်။ အဲဒီလောက်ကြီး စားမှတော့ ကောင်းပါ့မလား။ (မကောင်းပါဘုရား။)

ကောသလမင်းကြီး

တပည့်တော်တို့ ဒီ ဓမ္မပဒထဲမှာလည်း ကောသလမင်းကြီးဟာ ဆန်တစ်စိတ်ချက်ကုန်သတဲ့။ ဆန်တစ်စိတ်ချက်နဲ့ သင့်တော်တဲ့ဟင်းဆိုတော့ ဟင်းက နှစ်ပြည်စာလောက် ပါဦးမယ် ထင်တယ်နော်။ အဲဒီတော့ အားလုံးပေါင်းလိုက်ရင် ဘယ်လောက်လောက်ကုန်မှာလဲ။ (ခြောက်ပြည် ပါဘုရား)။ ခြောက်ပြည်ချက်လောက် ကုန်တယ်။ တစ်နေ့ ... စားပြီး အင်းအဲနဲ့ မြတ်စွာဘုရားရှေ့ အိပ်လို့လည်းမရ၊ ထိုင်လို့လည်းမရနဲ့ ဖြစ်နေတော့ မြတ်စွာဘုရားက တရားဟောရတယ်။ စားသောက်နည်း ပေးရတယ်။ တစ်နေ့ တစ်နေ့ ဘယ်လို ဘယ်လို လျှော့စားပါဆိုပြီးတော့ မြတ်စွာဘုရားကတောင် ဟောရတယ်။

တပည့်တော်တို့စာတွေမှာလည်းပဲ ရှိတယ်။ 'စတ္တာရော ပဌ အာလောပေ၊ အဘုတ္တာ ဥဒကံ ပိဝေ'တဲ့။ ဆွမ်းဘုဉ်းပေးတဲ့အခါမှာ နောက်ထပ် လေးငါးလုတ်လောက် စားရင် ဝတော့မယ်လို့ အချိန်ရောက်ပြီဆို မစားဘဲနဲ့ ရပ်စစ်လိုက်ပါတဲ့။ ဆွမ်းရပ်ပြီးတော့ ဘာလုပ်ရမလဲဆိုတော့ ... ဥဒကံ ပိဝေ၊ ရေသောက်လိုက်ပါတဲ့။ အဲဒါဆိုလို့ရှိရင် ကမ္မဋ္ဌာန်းအားထုတ်ရတာ သိပ်ကောင်းတယ်တဲ့။ ဒါ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်အတွက်ပေါ့ဘုရား။

အစားလျှော့နည်း

တပည့်တော်တို့ စာသင်သားတွေကတော့ အဲဒီလောက်ကြီး မလျှော့တောင် အနည်းဆုံး တစ်လုတ်နှစ်လုတ်တော့ လျှော့နိုင်ရင် ပိုကောင်းတယ်။ ဘာလို့လဲဆိုတော့ .. 'အလံ ဖာသုဝိဟာရာယ' နေရတာ သိပ်ချမ်းသာတယ်တဲ့။ တပည့်တော်တို့ မြတ်စွာဘုရားက ကောသလမင်းကြီးကို ဘယ်လောက်ဟောလဲဆိုတော့ ...

"မိဒ္ဓီ ယဒါ ဟောတိ မဟဂ္ဃသော စ၊
နိဒ္ဒါယိတာ သမ္မရိဝတ္တသာယီ။
မဟာဝရာဟော နိဝါပပုဋ္ဌော၊
ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော"

'မိဒ္ဓီ ယဒါ ဟောတိ၊ မဟဂ္ဃသော စ'။ မိဒ္ဓီ-တဝိုက်တည်းဝိုက်နေတယ်။ မဟဂ္ဃသော-စားတော့လည်းပဲ ခုနက ပုဏ္ဏားငါးယောက်လို သိပ်ပြီးတော့ ကြီးတယ်တဲ့။ 'နိဒ္ဒါယိတာ သမ္မရိဝတ္တသာယီ'။ အိပ်ရာထဲမှာ ဟိုဘက်လှိမ့်လိုက် ဒီဘက်လှိမ့်လိုက်နဲ့တဲ့။ အဲဒီ အအိပ်ကြီးတဲ့ ပုဂ္ဂိုလ်ဟာ ဘာနဲ့တူလဲ။ 'မဟာဝရာဟောဝ နိဝါပပုဋ္ဌော'။ နိဝါပပုဋ္ဌော- အိမ်မှာ အစာကျွေးပြီးတော့ အသားတိုးအောင်မွေးထားတဲ့ ဝက်ကြီး

www.dhammadownload.com

လိုပဲတဲ့။ ဘကြီးနဲ့တူလဲဆိုရင် (ဝက်ကြီးနဲ့ တူပါတယ်ဘုရား)။

ဘာဖြစ်လဲဆိုတော့ 'ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္နော'တဲ့။ အသိဉာဏ်ကလည်းပဲ ဖျင်း၊ အစားကလည်းပဲ ကြီး၊ အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ ဘဝသံသရာကနေ ဘယ်တော့မှ မကျွတ်တော့ဘူးတဲ့။ ဒီဘဝသေလိုက် နောက်ဘဝဖြစ်လိုက်နဲ့ ဂတိငါးမျိုးထဲက ကောင်းတဲ့ဂတိတောင် သူရောက်ချင်မှရောက်မယ်။ ဘာဖြစ်လို့ အဲဒီလို ပြောရလဲ။

နှစ်ဘဝဆင်းရဲသူ

တပည့်တော်တို့ ကုတိဝုတ်ပါဠိတော်ထဲမှာ ဒုက္ခဝိဟာရသုတ်ဆိုတာ ရှိတယ်။

'ဒွီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု ဒိဋ္ဌေဝ ဓမ္မေ ဒုက္ခာ ဝိဟရတိ သဝိဃာတံ သဥပါယာသံ သပရိဠာဟံ၊ ကာယဿ ဘေဒါ ပရံမရဏာ ဒုဂ္ဂတိ ပါဋိကင်္ခါ'တဲ့။

ရဟန်းတို့ ... အင်္ဂါနှစ်ချက်နဲ့ ပြည့်စုံတဲ့ ရဟန်းဟာ မျက်မှောက်ဘဝမှာလည်း 'ဒုက္ခံ ဝိဟရတိ' ဆင်းဆင်းရဲရဲ နေရတယ်။ 'သဝိဃာတံ- ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်တကွ၊ သဥပါယာသံ- ပြင်းစွာပင်ပန်းခြင်းနှင့်တကွ၊ သပရိဠာဟံ-ပူလောင်ခြင်းနှင့်တကွ'တဲ့။ စိတ်ရောကိုယ်ရော ပူလောင်ပြီး ဆင်းဆင်းရဲရဲနေရတယ်။ 'ကာယဿ ဘေဒါ ပရံမရဏာ ဒုဂ္ဂတိ ပါဋိကင်္ခါ' သေပြီးတဲ့နောက်မှာလည်း မကောင်းတဲ့ဂတိမျိုး ရောက်ရတယ်။ အဲဒီလို ပုဂ္ဂိုလ်မှာ အင်္ဂါနှစ်ချက်ရှိလို့ပါတဲ့။ အင်္ဂါနှစ်ချက်က ဘာတွေလဲ။

(၁) 'ကုန္ဒြိယေသု အဂုတ္တဒ္ဝါရတာယ စ'၊
(၂) 'ဘောဇနေ အမတ္တညုတာယ စ'။

(၁) ကုန္ဒြေမစောင့်စည်းခြင်း

ကုန္ဒြိယေသု အဂုတ္တဒ္ဝါရတာယစ- မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ကုန္ဒြေတွေကို မစောင့်စည်းဘူးတဲ့။ ဟိုတုန်းကလည်း တပည့်တော် ပြောခဲ့တယ်။ 'စက္ခုနာ သံဝရော သာဓု' ဆိုတဲ့အတိုင်း မျက်စိနဲ့ ပတ်သက်လို့လည်း စွမ်းအားရှိသမျှ စောင့်စည်းနိုင်ရမယ်။ နားနဲ့ ပတ်သက်ပြီးတော့လည်း စောင့်စည်းရမယ်။ မျက်စိနဲ့ ပတ်သက်လို့ရှိရင် ခုခေတ်မှာ သိပ်ပြီးတော့ အာရုံတွေက ပေါတယ်။ တီဗီတွေရော ဘာတွေရော အစုံဖြစ်လာတော့ ထွက်သမျှ ရှိသမျှ သာ ကြည့်ချင်နေလို့ရှိရင် ဒီပုဂ္ဂိုလ်မျိုးဟာ ဘယ်တော့မှ ကောင်းမှာ မဟုတ်တော့ဘူး။ ဒါကြောင့်မို့ စွမ်းအားရှိသမျှ စောင့်စည်းပေးရတယ်။

စောင့်စည်းလို့ရှိရင် စိတ်စွမ်းအားဆိုတာ တက်လာတယ်။ ဘာနဲ့စောင့်စည်းရမလဲဆိုတော့ သတိနဲ့ စောင့်စည်းရတယ်။ အရာရာမှာ ကိုယ့်ကိုယ်ကိုယ် လွန်ကဲမှုရှိမရှိ သတိလေးနဲ့ ကြည့်ရတယ်။ မျက်စိအာရုံခံစားမှု လွန်ကဲသလား၊ မကဲဘူးလား။ နားအာရုံခံစားမှုဆိုလည်း သီချင်းခိုးနားထောင်တာတွေ ဘာတွေဟာ နားခံစားမှုတွေပေါ့။ နောက် ... နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ အားလုံးပေါ့။ စိတ်လွတ်ပြီးတော့ လျှောက်ပြီး မဟုတ်တာတွေ တွေးတာမျိုး။ ဒါမျိုးတွေ မဖြစ်အောင်နေရတယ်။

ဒါမျိုးတွေ ဖြစ်ပြီဆိုလို့ရှိရင် ဘာဖြစ်လဲဆိုတော့ ပစ္စုပ္ပန်ဘဝမှာလည်းပဲ ဆင်းဆင်းရဲရဲနေရတယ်။ နောက် 'ကာယဿ ဘေဒါ ပရံမရဏာ ဒုဂ္ဂတိ ပါဋိကင်္ခါ'တဲ့။ ခန္ဓာကိုယ်ကြီးအသက် ဇီဝိတိန္ဒြေပြတ်ပြီး သေလို့ရှိရင်လည်းပဲ ဘယ်ဂတိပဲ ရောက်ရလဲဆိုရင် (ဒုဂ္ဂတိပါဘုရား)။

www.dhammadownload.com

ဒုဂ္ဂတိဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။ အဲဒီဘုံတွေပဲ ရောက်ရမယ်တဲ့။ ဒါကြောင့် မြတ်စွာဘုရားက 'ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော'လို့ ဟောခဲ့တာ။ ဒီလို အစားကြီးပြီးတော့၊ အအိပ်ကြီးပြီးတော့၊ ထပ်တလဲလဲ အိမ်မှာ အစာကျွေးပြီး မွေးထားတဲ့ ဝက်ကြီးလိုနေတဲ့ ပုဂ္ဂိုလ်တွေဟာ 'ပုနပ္ပုနံ ဂဗ္ဘမုပေတိ'တဲ့။ ထပ်တလဲလဲ ပဋိသန္ဓေနေရတယ်ဆိုတာ ဘယ်ဘုံတွေမှာ နေရမှာလဲဆိုရင် (ဒုဂ္ဂတိဘုံတွေမှာပါဘုရား။) ဒါက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် မစောင့်စည်းတဲ့ပုဂ္ဂိုလ်။

(၂) အတိုင်းအရှည်မသိခြင်း

နောက်တစ်ချက်က 'ဘောဇနေ အမတ္တညူ'တဲ့။ ခံယူတဲ့အခါလည်း အတိုင်းအရှည်မသိဘူး၊ ထည့်ချလိုက်တာပဲ။ စားတဲ့အခါလည်း မသိဘူး၊ စားချလိုက်တာပဲ။ တပည့်တော်လည်းပဲ ပြောဖူးပါတယ်။ ဒီအစားအသောက်လေးမဝလို့ ဘာမှ မဖြစ်ဘူး။ ဆွမ်းစားကျောင်းတာဝန်ရှိတဲ့ ဦးဇင်းတွေကိုလည်းပဲ ပြောတယ်။ အများကြီး မထည့်ပါနဲ့လို့။ တစ်နေ့ကလည်း ကရေကရာတွေ ထည့်ထားတာ အများကြီးပဲ။ တကယ်ဘဉ်းပေးတော့ တစ်ဝက်တောင် မကုန်ဘူး။ ဒါမျိုးတွေပေါ့။ မနက်ခင်း ဘာဘဉ်းပေးထားလဲ၊ ဒါကိုလည်း ကြည့်ရမယ်။ အများကြီးထည့်တာ တပည့်တော် အနေနဲ့ ဘာမှမဖြစ်ပါဘူး။ နှမြောလို့လည်း ပြောတာ မဟုတ်ပါဘူး။ ဘောဇနေမတ္တညုမှာ အကျင့်ရစေချင်လို့။

တစ်ခါတစ်ရံ တပည့်တော်တို့ မဝဘူး။ ဘာမှ မဖြစ်ဘူး။ တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် သနားလွန်းလို့သာ ငါ့တော့ ဆာတော့မှာပဲလို့ နင်းကန်စားကြတာနော်။ တပည့်တော် ရန်ကုန်ကို ရထားနဲ့သွားဖူးတယ်။ မနက်ခင်းကနေ ညအထိ ကော်ဖီလေးတစ်ခွက်တည်း။ ဒါတောင်မှ ဒကာမ တစ်ယောက်က လာကပ်လို့ ဘဉ်းပေးတယ်။ နေ့ဆွမ်း ဘာမှ မဘဉ်းပေးရဘူး။ ရထားက ရန်ကုန်ရောက်တော့ တစ်ချက်ခွဲသွားပြီ။ စောစောကတော့ 'အင်း ... ငါ့ ဆာများဆာမလား' လို့ ကိုယ့်ကိုယ်ကိုယ် သနားသလိုလို ဖြစ်မိသေးတယ်။ ဒါပေမဲ့ ညနေရောက်တော့ ဒီအတိုင်းပဲ၊ ဘာမှမဖြစ်ဘူး။ အဲ့ဒီတော့ လူဆိုတာ ထင်တာထက် ခံနိုင်ရည်ရှိတယ်။ အဲဒါလေးကို သဘောပေါက်ပြီး ယုံယုံကြည်ကြည်လုပ်သွားပါ။

ဒါ ဆွမ်းဘဉ်းပေးတာနဲ့ စပ်ပြီးတော့ ပြောတာ။ ဟင်းချိုဘဉ်းပေးတဲ့အခါလည်းပဲ တပည့်တော် တစ်နေ့က လိုက်ပြောသလိုပေါ့။ ကိုရင်တွေ ဟင်းခပ်တဲ့အခါမှာ ပန်းကန်ကို ဇွန်းနဲ့တိုက်တိုက်ပြီးခပ်တာ မကောင်းဘူး။ တစ်ဇွန်းဘဉ်းပေးမှာကို နှစ်ဇွန်းခွဲပြီး ပြည့်အောင် မခပ်ဘဲနဲ့ ဇွန်းလေးနဲ့ ပန်းကန်နှုတ်ခမ်းလေးနဲ့ အသံမမြည်အောင် သာသာလေးလုပ်လို့ရှိရင် ဖြစ်ပါတယ်။ ဒီလိုပြောနေတဲ့ကြားထဲကကို နှစ်ပါးသုံးပါး ဒီအတိုင်းပဲ ချနေတာ တွေ့တယ်။

အထက်တန်းကျတဲ့ယဉ်ကျေးမှု

အစားအသောက်နဲ့ပတ်သက်လို့ တောင်မြို့ဆရာတော်ကြီးက 'အထက်တန်းကျပါတယ်ဆိုတဲ့ လူတွေတောင် တပည့်တော်တို့ သိက္ခာပုဒ်နဲ့ အညီနေထိုင်တဲ့ ရဟန်းတော်တွေကို လိုက်မမီဘူး'တဲ့။ အဲဒီတော့ ရဟန်းတော်တွေက ဝိနည်းသိက္ခာပုဒ်နဲ့အညီသာ ဘဉ်းပေးလို့ရှိရင် သိပ်ပြီးတော့ အထက်တန်းကျတယ်။ အင်မတန် အထက်တန်းကျပါတယ်၊ အမျိုးမြတ်ပါတယ် ဆိုတဲ့ လူတွေတောင်မှ တပည့်တော်တို့ သိက္ခာ

www.dhammadownload.com

ပုဒ်နဲ့ အညီဘုဉ်းပေးရင် တပည့်တော်တို့ရဲ့ ယဉ်ကျေးမှုကို လိုက်လို့မမီဘူးလို့ တောင်မြို့ဆရာတော်ကြီးက ဒီ ပါတိမောက်ဘာသာဋ္ဌီကာ နိဒါန်းတွေမှာ အာမခံထားတယ်။ ဒါတွေဟာ တကယ်လည်းပဲ ဟုတ်တယ်။

တပည့်တော်တို့ကျောင်းမှာ ဒါ အပြည့်အဝ မလိုက်နာနိုင်သေးဘူး။ အပြည့်အဝ မလိုက်နာနိုင်သေးတာတောင်မှ ကြည့်ရတဲ့ပုဂ္ဂိုလ်မှာ ကြည်ညိုမှုတွေ ဖြစ်တယ်။ ကိုယ်က သက်သက် ကြည်ညိုမှုဖြစ်အောင် ဘုဉ်းပေးတာ မဟုတ်ပေမဲ့ ကိုယ့်ရဲ့ ပါဘာဒိက ကြည်ညိုဖွယ်ဆောင်တဲ့ အမူအရာက တခြားလူတွေကို ကျေးဇူးပြုသွားတယ်။ တပည့်တော်တို့အနေနဲ့ မြတ်စွာဘုရားရဲ့ သိက္ခာပုဒ်ကို လိုက်နာပြီး ဒါတွေကတော့ လုပ်ကို လုပ်သွားရမယ်။

ဒါကြောင့်မို့ ဆွမ်းဟင်းခပ်တဲ့အခါမှာလည်း တပည့်တော်ပြောသလို ပန်းကန်နှုတ်ခမ်းနဲ့ ဇွန်းနဲ့ အသံမမြည်အောင် အဲဒါလေး ကြိုးစားပြီးတော့ ဘုဉ်းပေးပါ။ သတိတရားလေး အမြဲတမ်း ထားပေးပါ။ သတိနဲ့ဆို ဘာမှမမြည်ပါဘူး။ တပည့်တော်တို့ ရဟန်းဝိုင်းတွေကလည်း စတီးခွက်တွေ ပွတ်ဆွဲတာ၊ ဟိုခွက်နဲ့ဒီခွက် ထိတာ၊ ဒါလေးတွေက အစ သတိထားပါ။ သတိထားရင် သတိထားတဲ့ပုဂ္ဂိုလ်က တိုးတက်သွားမှာပဲ။

ပြောင်းပြန်ပြန်ကြည့်ပါ

ဒါကြောင့်မို့ မြတ်စွာဘုရားက ဣတိပုတ်မှာ ဒီအင်္ဂါနှစ်ပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ သေလို့ရှိရင်လည်း ဒုဂ္ဂတိရောက်တယ်။ ပစ္စုပ္ပန်မှာလည်းပဲ ဘယ်တော့မှ ချမ်းသာမယ့်ပုဂ္ဂိုလ်မဟုတ်ဘူးတဲ့။ အဲဒီလို ဟောကြားခဲ့တယ်။ ပြောင်းပြန် ပြန်လိုက်ပေါ့။ ဆွမ်းစားတဲ့အခါမှာလည်းပဲ အတိုင်းအရှည် သိတယ်။ ခံယူရာမှာလည်း အတိုင်းအရှည် သိတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တွေ စွမ်းအားရှိသမျှ စောင့်စည်းတယ်။ ဒါဆိုရင် သုခံ ဝိဟရတိ- ချမ်းချမ်းသာသာ နေရတယ်။ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိ ပါဠိကခ်ါ- ဘဝဆုံးလို့ရှိရင်လည်း သုဂတိသို့ ရောက်နိုင်တယ်။ ဒါလေးတွေကို အရှင်ဘုရားတို့က လေးလေးနက်နက်ထားပါ။

ဘုန်းကြီးကလည်း ဒီသင်္ကန်းတန်း လှန်းတာတွေ၊ ဆွမ်းစားတာတွေ၊ အသေးအမွှားလေးတွေ လျှောက်ပြောနေတယ် မထင်ပါနဲ့။ လေးလေးစားစား လိုက်နာရမှာတွေပါ။ နောက်ဆုံး ချုပ်ပြောရလို့ရှိရင် ဒီ ဘောဇနေ မတ္တညူ ဆိုတာ စရဏ(၁၅)ပါးထဲမှာ ပါတယ်။ စရဏ(၁၅)ပါးထဲမှာ ဘောဇနေ မတ္တညုတာလည်း ပါတယ်။ ဣန္ဒြိယသံဝရလည်းပဲ ပါတယ်။ ဒီနှစ်ချက်လုံး မပါဘူးလား၊ ပါသလားဆိုရင် (ပါပါတယ်ဘုရား)။ စရဏဆိုတာ အကျင့်ပဲ။ ဝိဇ္ဇာဆိုတာ အသိပဲ။

အတုလိုက်ဖြည့်ကျင့်ရင်

လူတစ်ယောက်ဆိုတာ အသိနဲ့အကျင့်နဲ့ ပြည့်စုံမှ တိုးတက်တာ။ အသိတော့ ရှိပါရဲ့၊ ကျင့်ကြံမှုက မပါဘူးဆိုရင် ဒီပုဂ္ဂိုလ်ဟာ အလကား လေများနေမှာပဲ။ အဲ ... ကျင့်တော့ ကျင့်ပါရဲ့၊ အသိဉာဏ်မရှိဘူးဆိုလို့ရှိရင်လည်း အလွဲတွေချည်းလျှောက်လုပ်မှာပဲ။ မကိုးကွယ်သင့်တာ ကိုးကွယ်တယ်၊ ဒါမျိုးတွေပေါ့။ သူက အသိဉာဏ်က နည်းနေတာကိုး။

မြတ်စွာဘုရားကတော့ ဝိဇ္ဇာရော စရဏရော ပြည့်စုံတဲ့အတွက် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ရှိတယ်။ တပည့်တော်တို့လည်းပဲ စွမ်းအားရှိ

www.dhammadownload.com

သလောက် အတုခိုးပြီး အဲဒီဂုဏ်ပြည့်စုံအောင် ကြိုးစားရမယ်။ ခုလို သြဝါဒပေးတယ်ဆိုရင် ဝိန္ဓာ- အသိဉာဏ်တွေ မရဘူးလား၊ (ရပါတယ် ဘုရား)။ ဘာလိုနေသလဲဆိုတော့ စရဏဆိုတဲ့ ဆက်ပြီးတော့ ကျင့်သုံးဖို့လိုနေတယ်။ ဘာလို တာလဲ ဆိုရင် (စရဏ ဆက်ကျင့်ဖို့လိုပါတယ် ဘုရား)။ စရဏတရားထဲမှာ ဟောဒီ ဘောဇနေ မတ္တညူလည်း ပါတယ်။ စောစောကပြောခဲ့တဲ့ ဣန္ဒြိယသံဝရလည်း ပါတယ်။

အဲဒါကို ကြိုးစားကျင့်လို့ရှိရင် ဝိန္ဓာစရဏ၊ အသိဉာဏ်လည်း ပြည့်စုံ၊ အကျင့်နဲ့လည်း ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်မယ်။ မြတ်စွာဘုရားရှင်ဟာ ဝိန္ဓာစရဏသမ္ပန္နဂုဏ်တော်နဲ့ အပြည့်အဝ ပြည့်စုံသလိုပဲ တပည့်တော်တို့လည်း အတုအပအနေနဲ့ နည်းနည်းပါးပါးလိုက်ပြီးတော့ ဖြည့်ကျင့်လို့ရှိရင် နိဗ္ဗာန်မရောက်နိုင်ဘူးလား။ (ရောက်နိုင်ပါတယ် ဘုရား)။ ဒါကြောင့်မို့ ဒီ ဘောဇနေ မတ္တညူ၊ ဣန္ဒြိယသံဝရဆိုတဲ့ စရဏတရားများကို ကိုယ်စီကိုယ်ငြ ကြိုးစားအားထုတ်နိုင်၊ လိုက်နာကျင့်ကြံနိုင်ကြသော ရဟန်းကောင်း၊ သာမဏေကောင်းများ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

သူတော်ကောင်းအုံကျင်းဖွဲ့ပါ

၁၃၆၆ ခု၊ တော်သလင်းလကွယ်နေ့
၂၀၀၄ ခု၊ အောက်တိုဘာလ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ ည

အကောင်းဆုံးဖြစ်အောင် လုပ်

တော်သလင်းလလည်းပဲ ကုန်သွားပြီ။ တော်သလင်းလကုန်တော့ တပည့်တော်တို့ လေ့ကျင့်ခန်းစာမေးပွဲတွေ၊ အထူးသဖြင့် သာမဏေကျော် လေ့ကျင့်ခန်းစာမေးပွဲတွေလည်း ထိုက်သလောက်ပြီးပြီ။ ကိုယ့်ဟာကိုယ် ရှေ့ဆက်ပြီး လုပ်သွားဖို့ပဲရှိတော့တယ်။ နောက် ... အခု ငယ်၊ လတ်၊ ကြီး လေ့ကျင့်ခန်းတွေ သူ့အတန်းနဲ့သူ ထိုက်သလောက် လုပ်ပေးနေတယ်။ နောက် ... ဒီ စစ်ကိုင်းသာသနာလက်ဘရစာမေးပွဲကလည်း အရေးတကြီး မဟုတ်ပေမဲ့ ကိုယ်လုပ်တဲ့ လုပ်ငန်းတစ်ခုကို အကောင်းဆုံးဖြစ်အောင် လုပ်ဖို့ဆိုပြီး အားလုံး ပြည့်စုံအောင် လုပ်ပေးနေတယ်။ စာလည်းပဲ ချပေးတယ်။ လေ့ကျင့်ခန်းလည်းပဲ အခု လုပ်ပေးနေတယ်။

အဲဒီတော့ အရာရာမှာ ဘာအရေးကြီးလဲ။ ကိုယ်လုပ်တဲ့လုပ်ငန်းကို အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ပဲ။ အဲဒီစိတ်ဓာတ်လေးကိုတော့ အားလုံး ထားပေးပါ။ စာချတဲ့ဘုန်းကြီးကလည်း စာချတဲ့နေရာမှာ ကိုယ်စာဝါတစ်ခု ချပြီဆိုရင် ဒီစာချတဲ့နေရာ အကောင်းဆုံးဖြစ်အောင် လုပ်ပါ။ သူ ဘယ်လို နားလည်မလဲ၊ နားမလည်ရင် နားလည်အောင် ဘယ်လိုဒုက္ခခံပြီးတော့ ချမလဲ၊ အဲဒီလိုစိတ်ဓာတ်နဲ့လုပ်လို့ရှိရင် အရှိန်ဩဇာတွေဆိုတာ သူ့အလိုလို

www.dhammadownload.com

ဖြစ်သွားတာပဲ။

စာသင်သားအလုပ်

စာသင်သားတစ်ပါးလည်း ဒီလိုပဲ။ ကိုယ့်အလုပ်က စာကျက်ရမယ့်အလုပ်၊ အကြီးတွေရဲ့ တရားမျှတတဲ့စကားကို နားထောင်ရမယ့်အလုပ်၊ ဒီဟာတွေ ကောင်းကောင်းလုပ်ရမယ်။ တရားမျှတတဲ့ အကြီးတွေရဲ့စကားကို နာယူမယ်၊ ပညာလည်းပဲ ကြိုးစားမယ်၊ စိတ်ထားလေးတွေလည်း ကောင်းသထက်ကောင်းအောင် ပြင်သွားမယ်၊ အဲဒီလို ကိုယ်နာခံရမယ့် အလုပ်၊ ကိုယ်လုပ်ရမယ့်အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်နိုင်ပြီဆိုရင် ဒီပုဂ္ဂိုလ်ဟာ တစ်ချိန်မှာ ဆရာကောင်းဖြစ်သွားတယ်။

တစ်နေ့ကလည်း တပည့်တော် ဦးဇင်းတွေကို ကိုယ်လုပ်ရမယ့်အလုပ်တွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားပါလို့ ပြောခဲ့တယ်။ အခုနောက်ပိုင်း တော်တော်လေး ပြောဖြစ်တယ်။ ဒီလိုပြောပေမဲ့လို့ တစ်ခါတစ်ရံမှာ စိတ်စေတနာကတော့ ဆိုးတဲ့ထဲမှာ မပါပေမဲ့ လုပ်ရပ်တွေက သိပ်မကောင်းတာလေးတွေလည်းပဲ တွေ့နေရတယ်။ ဥပမာလေးတစ်ခု တပည့်တော် ပြောပြမယ်။

အလေးဂရုပြုအောင်

နောက်ဆုံး ... ဂိလာနဖြစ်လို့ ဆေးရုံသွားမယ့်ပုဂ္ဂိုလ် ဆိုပါစို့။ သူက တအားဖျားနေလို့ မလိုက်နိုင်ဘူးဆိုရင် ကိစ္စမရှိဘူး။ ထားပါတော့၊ လက်အနာပေါက်လို့၊ ဒါမျိုးဂိလာနဖြစ်တယ်၊ ကိုယ်တိုင်သွားလို့ရတယ်ဆိုရင် ကိုယ်တိုင် ဆရာသမားတွေဆီ သွားပြီးတော့ ဝပ်ချ၊ ဝပ်ချပြီးမှ ဆေးရုံသွား။ ပြန်လာလို့ရှိရင်လည်းပဲ ပြန်လာတဲ့နှစ်ပါးလုံး၊ ဂိလာနပုဂ္ဂိုလ်ရော ပို့တဲ့ပုဂ္ဂိုလ်ရော အကြီးဖြစ်တဲ့ ဆရာသမားဆီ သွားပြီးဝပ်ချ၊ အကြောင်းကြား။ ဒီအလေ့အကျင့်လေးကို တပည့်တော် ဘာဖြစ်လို့ လုပ်ထားတာလဲ။ စိတ်ထဲမှာ အလေးဂရုပြုအောင်လို့ ...။ ဒီလိုမှ မဟုတ်ဘဲ ပေါ့ပေါ့ဆဆနဲ့ သွားချင်တဲ့အချိန်သွား၊ ပြန်ချင်တဲ့အချိန်ပြန်ဆိုရင် မလေးစားရာရောက်တယ်။ ပြဿနာတွေလည်း ဖြစ်လာနိုင်တယ်။

တပည့်တော် တစ်ခါတစ်ရံ တွေ့တယ်။ ဘာမှအရေးမကြီးတဲ့ကိစ္စလေးတွေနဲ့လည်း ဆေးရုံဘက် ဆေးသွားဝယ်တာမျိုး။ ဟိုတုန်းက ဆိုရင် စာချဘုန်းကြီးဦးဇဂရဆီဆိုတော့ အလွန်လျှောက်ကြတယ်။ ထစ်ခနဲရှိ သွားသွားနေကြတာပဲတဲ့။ ဒါတွေက မလုပ်သင့်ပါဘူး။တပည့်တော်တို့ ခွင့်ပေးတဲ့ပုဂ္ဂိုလ်ကလည်း ကြည့်ပေးရမှာပေါ့။ လျှောက်တဲ့ပုဂ္ဂိုလ်ကလည်းပဲ အလိုက်သိဖို့ တော်တော်လိုအပ်တယ်။ တချို့က တပည့်တော် မရှိတဲ့အချိန်ဆိုရင် သွားပြီးတော့ ဦးဇဂရဆီ သွားလျှောက်ပြီ။ ဘာမှလည်း ကိစ္စထူးခြားပြီး မရှိဘူး။ ဒါမျိုးတွေပေါ့။

ထင်ရာစိုင်းတော့မယ်

ဒါမျိုးတွေဖြစ်မှာစိုးလို့ တပည့်တော်ဆီ လာလျှောက်လှည့်၊ ပြန်လာလို့ရှိရင်လည်း တပည့်တော်ဆီပဲ လာလျှောက်။ ဒီလို အမြဲတမ်း ပြောနေရတယ်။ ခရီးရက်ရှည်ထွက်ပြီဆိုရင်လည်း တပည့်တော်ရယ်၊ ဆွမ်းစားကျောင်းဘုန်းကြီးရယ်၊ အကြီးဆုံးနှစ်ပါးရယ်ကို သွားတဲ့အခါမှာလည်းပဲ ဝပ်ချ၊ ပြန်လာတဲ့အခါမှာလည်းပဲ ဝပ်ချ၊ အဲဒီလို ပြောထားတယ်။ ဒါ ဘာလုပ်တာလဲ။ တပည့်တော်တစ်ပါးတည်းကိုပဲ ကြောက်နေလို့ရှိရင် ကျောင်းတိုက်ဟာ တပည့်တော်မရှိတဲ့အချိန်ဆို

www.dhammadownload.com

ထင်ရာစိုင်းတော့မှာ။ တပည့်တော်တို့ရွှေ့က ကျောင်းတိုက်တွေ၊ ကျောင်းတိုက်တွေကို ကြည့်လိုက်ရင် အဲဒီနမူနာလေးတွေရှိလို့ ဒါတွေက လုပ်ပေးရတာ။ ခုလည်း ထပ်ပြီးတော့ သတိပေးပါတယ်။

ပေါ့ဆသွားမယ်

တစ်ပါးက လျှောက်တယ်၊ နှစ်ပါးသွားတယ်။ ကျန်တဲ့တစ်ပါးက သွားတဲ့အချိန်တုန်းက မလျှောက်မိတောင်မှ ပြန်လာတဲ့အချိန်မှာ လျှောက်ရမယ်။ သွားကတည်းက လျှောက်ရင်တော့ အကောင်းဆုံးပဲပေါ့။ ဒါမှလည်း တပည့်တော်တို့ အကြီးတွေကို အလေးဂရုပြုရာရောက်ပြီးတော့ နောင်တစ်ချိန်မှာ မထွက်သင့်ရင် မထွက်ဘူးဆိုတဲ့အကျိုးတွေ ရတယ်။ ဒါ ဟိုတုန်းကလည်း ပြောခဲ့တယ်။ အခုလည်း ထပ်ပြီးတော့ အားလုံးကို သတိပေးပါတယ်။

စဉ်းစားကြည့်လိုက်ပေါ့။ မလျှောက်ဘဲနဲ့ ထွက်တယ်၊ မလျှောက်ဘဲနဲ့ ပြန်လာတယ်။ ဒါမှမဟုတ် နှစ်ပါးသွားတာကို တစ်ပါးကပဲ လျှောက်တယ်။ ဒီလိုစိတ်ဓာတ်ဟာ ကြီးလာတဲ့အခါမှာ မြင့်မြတ်မလား၊ ပေါ့ဆသွားမလားဆိုရင် ပေါ့ဆသွားမယ်။ အဲဒီတော့ ပေါ့ဆတဲ့အလုပ် ငါမလုပ်ဘူးဆိုရင် ဒီကိစ္စဟာ ပြီးသွားတာပေါ့ဘုရား။ အဲဒါလေးတွေလည်းပဲ အားလုံး လိုက်နာပါ။

ရေချိုးနေလို့တဲ့

နောက်တစ်ချက်က တပည့်တော် တစ်ခုတွေ့ကြုံရတာ သတိပေးဦးမယ်။ ဟိုတစ်နေ့က ကိုရင်တစ်ပါးကို ရှင်စန္ဒော သွားခေါ်လိုက်စမ်းပါဆိုပြီးတော့ အရေးတကြီးခိုင်းလိုက်တယ်။ မြန်မြန် ခေါ်ခဲ့ပါလို့လည်း ပြောလိုက်တယ်။ ပေါ်မလာဘူး။ တပည့်တော်က စောင့်နေတာ။ ငါးမိနစ်လည်း ပေါ်မလာဘူး၊ ဆယ်မိနစ်လည်း ပေါ်မလာဘူး။ ဆယ့်ငါးမိနစ်လောက် ရောက်သွားတယ်။ ခဏနေတော့ သူ့ကို လှမ်းမြင်လိုက်တာနဲ့ ပြန်ခေါ်ပြီးတော့ ခုနက ခေါ်ခိုင်းလိုက်တာ ဘာလို့မခေါ်တာလဲဆိုတော့ ရှင်စန္ဒော ရေချိုးနေလို့ပါဘုရားတဲ့။ ဒါကြောင့်မို့ မလာသေးတာပါဘုရားတဲ့။

ဒါမျိုးဆိုရင် ကြည့်နော်။ တပည့်တော်တို့ အပြစ်အနေနဲ့ကတော့ မရှိဘူးထင်ရတယ်။ ဆရာဘုန်းကြီးလုပ်တဲ့ပုဂ္ဂိုလ်က သွားပြီးတော့ ခေါ်လိုက်ပါခိုင်းတယ်။ ရေချိုးနေလို့ မလာနိုင်သေးဘူးဆို ရေချိုးနေလို့ပါဘုရား၊ ဒါမျိုး လာလျှောက်သင့်တယ်။ ဒါဆို တပည့်တော်တို့က ရှင်စန္ဒော မဟုတ်တဲ့ နောက်တစ်ပါးကို ပြောင်းပြီးတော့ ခိုင်းစရာရှိတာ ခိုင်းလို့ရတာပေါ့။ ခုတော့ ကိုယ်တိုင်လည်းပဲ လာမလျှောက်ဘူး။ ကိုရင် ရေချိုးနေတာကိုလည်းပဲ လာမပြောဘူး။ ဒီအတိုင်း ဘာသိဘာသာနေတယ်ဆိုတာ သာမညအားဖြင့်တော့ အပြစ်မရှိဘူးလို့တော့ ထင်ရတယ်ပေါ့။ ဒါပေမဲ့ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။ ဒါပြင်ဖို့အတွက် အားလုံးကို ရည်ရွယ်ပြောနေတာပါ။ ဒီတစ်ပါးကို ထုတ်ပြောပေမဲ့လို့ အားလုံးကို ဥပလက္ခဏာနည်းနဲ့ ပြောနေတာပါ။

အလိုက်သိတတ်ဖို့

တပည့်တော်တို့ 'ဒု-သ-နု-သော' ဆိုတဲ့အထဲက 'သော'ရဲ့အဓိပ္ပာယ်ကို မှတ်မိကြသေးလား။ သံရည်တွေပွက်နေတဲ့ လောဟကုမ္ဘီငရဲထဲကနေ ခဏလေး အပေါ်တက်လာချိန်မှာ အဲဒီသူဌေးသားဟာ 'သော'လို့ပဲ အော်နိုင်လိုက်ပြီး

www.dhammadownload.com

အောက်ပြန်မြုပ်သွားတယ်။ 'သော'ဆိုတဲ့ စကား ရဲ့ အဓိပ္ပာယ်ကို မြတ်စွာဘုရားက အကျယ်ချဲ့ ပြတယ်။

'သောဟံ နူန ဣတော ဂန္ဒာ၊
ယောနိံ လဒ္ဓါန မာနုသိံ၊
ဝဒညူ သီလသမ္ပန္နော၊
ကာဟာမိ ကုသလံ ဗဟုံ' တဲ့။

'လူ့ဘဝများ ပြန်ရောက်ခဲ့လို့ရှိရင် ငါဟာ ဝဒညူ- အရာရာကို အလိုက်သိတော့မယ်' တဲ့။ ဝဒညူပုဒ်ကို အဲဒီလို အနက်ပြန်လို့ရှိရင်တော့ ပိုပြည့်စုံမယ်။ ဒါကြောင့်မို့ အလိုက်သိဖို့ သိပ် လိုအပ်ပါတယ်။ အလိုက်သိတယ်ဆိုတာ ခုနက လိုပေါ့။ ဆရာသမားက ခေါ်ခိုင်းတယ်။ ဆရာ သမား အရေးကြီးနေတယ်။ ဟိုက ရေချိုး နေတယ်။ မလာနိုင်ဘူး။ အဲဒီတော့ ငါကြားထဲက နေ သွားပြီးတော့ ရှင်းလင်းပြောလိုက်လို့ရှိရင် ပြဿနာပြေလည်သွားမယ်။ ဒါမျိုးလေး သိတတ် ဖို့ မလိုအပ်ဘူးလား။

အမှိုက်ကစ

ဘေးအမြင်နဲ့ကတော့ ဒါတွေက ပါမှားလေး တွေပါကွာ၊ ဘာမှမဟုတ်တာတွေ ပြောနေတယ် လို့ ထင်စရာရှိပါတယ်။ တကယ့်ကျောင်းတိုက် တစ်ခု၊ အိမ်တစ်အိမ်၊ နိုင်ငံတစ်ခု တည်ဆောက်ပြီ ဆိုရင် ဒီအသေးအမွှားလေးတွေက သိပ်ပြီးတော့ ကြီးကျယ်တာတွေ ဖြစ်သွားတယ်။ တပည့် တော်တို့ သမိုင်းကြောင်းတွေမှာ ပြန်ကြည့်လိုက် ရင် ဘာမဟုတ်တဲ့ အရာဝတ္ထုလေးကနေပြီး တော့ နိုင်ငံပျက်စီးတဲ့အခြေအနေအထိ ဖြစ်ခဲ့တဲ့ သာဓကတွေ ရှိတယ်။ ပြန်ပြီးတော့ လေ့လာရင် တွေ့ရပါတယ်။ ဒါကြောင့်မို့ အရှင်ဘုရားတို့ လည်း အဲဒီအသေးအဖွဲလေးတွေကို ကြိုးစားပြီး တော့ နားလည်ပါ။ ကိုယ်လုပ်တဲ့အလုပ်တစ်ခုကို အကောင်းဆုံးဖြစ်အောင် လုပ်ပါဆိုတာ ဒါကို ပြောတာ။

တပည့်တော် နောင်လည်းပဲ တွေ့ကြုံတဲ့ ချုတ်ယွင်းချက်လေးတွေကို ဒီမှာ အကျိုး အကြောင်းနဲ့ ပြင်စေလိုတဲ့စေတနာနဲ့ ပြောသွား မယ်။ ကာယကံရှင်ပုဂ္ဂိုလ်တွေကိုလည်းပဲ ပြော ပြီးပြီ။ ဒီမှာလည်းပဲ ထပ်ပြီးတော့ ပြောပါတယ်။ ပြောတဲ့အတိုင်းလည်းပဲ အရှင်ဘုရားတို့ လိုက်နာ ကျင့်သုံးပါ။ ဒါဆိုရင် သူတော်ကောင်းဖြစ်ဖို့ အလားအလာ များသွားပါတယ်။ အဲဒီတော့ သူတော်ကောင်းဖြစ်လို့ရှိရင် ဘာအကျိုးရှိလဲ၊ ဘယ်လောက်ချမ်းသာလဲဆိုတာကို မြတ်စွာ ဘုရားက ဟောထားတယ်။

အကျိုးငါးမျိုး

သူတော်ကောင်းဖြစ်လို့ရှိရင် နံပါတ်(၁)က 'မာတာပိတူနံ အတ္ထာယ ဟိတာယ သုခါယ ဟောတိ' တဲ့။ သူတော်ကောင်းတစ်ယောက် မွေးဖွားလာလို့ရှိရင် မိဘတွေ သိပ်ပြီးတော့ ချမ်း သာတယ်။ စိတ်ချမ်းသာပြီးတော့ အကျိုးစီးပွား လည်း ဖြစ်တယ်တဲ့။ အရာရာမှာ တိုးတက်လာ တယ်။ ဒါတင်ပဲလားဆိုတော့ ... နံပါတ်(၂) က 'ပုတ္တဒါရဿ အတ္ထာယ ဟိတာယ သုခါယ ဟောတိ' တဲ့။ သူတော်ကောင်းဖြစ်တဲ့ပုဂ္ဂိုလ်က အမျိုးသားဆိုရင် သူ့ရဲ့ဇနီးတွေ၊ သူ့ရဲ့သားသမီး တွေ သူတော်ကောင်းဓာတ်ခံရပြီးတော့ သူတော် ကောင်းတွေ ဖြစ်သွားမယ်။ ဇနီးလုပ်တဲ့သူက သူတော်ကောင်းဆိုရင် အိမ်သားဖြစ်တဲ့ ပုဂ္ဂိုလ် တောင်မှ ထန်းရည်သောက်၊ ဖဲရိုက်နေတဲ့ဘဝ

www.dhammadownload.com

ကနေပြီးတော့ တဖြည်းဖြည်းနဲ့ ကိုယ် ဆွဲရင်ဆွဲသလောက် သူတော်ကောင်းဘက် ပါသွားမယ်တဲ့။

နောက်ပြီးတော့ 'ဒါသကမ္မကရပေါရိသဿ အတ္ထာယ ဟိတာယ သုခါယ ဟောတိ' တဲ့။ နံပါတ်(၃)က ကိုယ့်အိမ်မှာ ခိုင်းနေတဲ့ အစေခံလေးတွေ အလုပ်သမားလေးတွေ သူတို့လည်းပဲ အကျိုးရှိတယ်။ သူတော်ကောင်းစိတ်ဓာတ်ရှိတဲ့ သခင်နဲ့နေရလို့ရှိရင် ကျန်တဲ့ပုဂ္ဂိုလ်တွေလည်း သူတော်ကောင်းဓာတ်ကူးပြီးတော့ ကောင်းကျိုးချမ်းသာ အတ္ထဟိတတွေ ဖြစ်တယ်တဲ့။ ဒါတင်လားဆိုတော့ ... နံပါတ်(၄)က 'မိတ္တာမစ္စာနံ အတ္ထာယ ဟိတာယ သုခါယ ဟောတိ' တဲ့။ မိတ်ဆွေ သူယ်ချင်းတွေလည်း သူတော်ကောင်းနဲ့ ပေါင်းတဲ့အတွက် သူတော်ကောင်းတရားလေးတွေ၊ သူတော်ကောင်းစကားလေးတွေ ကြားပြီးတော့ အတ္ထဟိတတွေဟာ နောက်ဆုံးမှာ မဂ်ဖိုလ် နိဗ္ဗာန်အထိ ဖြစ်သွားနိုင်တယ်တဲ့။

သာနုမာတာ

နံပါတ်(၅)အနေနဲ့ ဘယ်သူတွေအထိသွားပြီး အကျိုးဖြစ်ထွန်းသလဲဆိုတော့ .. 'ပုဗ္ဗပေတာနံ အတ္ထာယ ဟိတာယ သုခါယ ဟောတိ' တဲ့။ သေလွန်သွားတဲ့ ဆွေမျိုးပုဂ္ဂိုလ်တွေလည်းပဲ ဒီသူတော်ကောင်းတစ်ယောက်ရှိရင် သူ့ရဲ့အမျှပေးဝေမှု၊ သူ့ရဲ့မေတ္တာပွားမှုနဲ့ သူ့ရဲ့ကောင်းကျိုးတွေကို နောက်ဘဝမှာ ဆက်လက်ပြီးတော့ ခံစားရတယ်တဲ့။ တပည့်တော်တို့ သာနုကိုရင်လေးရဲ့ အမေကို ကြည့်ပေါ့။ သာနုကိုရင်လေးက သီလသိက္ခာရှိတော့ ဟိုဘဝက အမေဖြစ်ခဲ့ဖူးတဲ့ ဘီလူးမကြီးဟာ သူ့သားရဲ့အရှိန်အဝါကြောင့်၊ သူတော်ကောင်းရဲ့အရှိန်အဝါကြောင့် နတ်ပြည်အလည်သွားလို့ရှိရင် သိပ်ပြီးတော့ စန်းပွင့်တယ်။ တန်ခိုးကြီးတဲ့နတ်တွေကကို သာနုမာတာလာလို့ရှိရင် သိပ်ပြီးတော့ အလေးပေးတယ်။ မျက်နှာပန်းပွင့်တယ်။

အရက်ပုလင်းချည်းထွက်တဲ့ဗိုက်

တပည့်တော်တို့ ရပ်ရွာတွေမှာလည်း ကြည့်ပေါ့။ ကိုယ့်ရဲ့သား ကိုရင်၊ ကိုယ့်ရဲ့သား ဦးဇင်းက စာတတ်ပြီးတော့ အနေအထိုင်တော်တော်နဲ့ ပြန်လာပြီဆိုလို့ရှိရင် ရပ်ရွာမှာ သိပ်ပြီးတော့ ဂုဏ်ရှိတယ်။ အဲဒီကိုရင်ကိုလည်း ကြည်ညိုတယ်။ သူ့ရဲ့မိဘတွေကိုလည်းပဲ သိပ်ပြီးတော့ လေးစားချစ်ခင်ကြတယ်။ တပည့်တော်တို့ရွာက ဒကာမကြီးတစ်ယောက် ပြောဖူးတာရှိတယ်။ တပည့်တော်တို့ဆရာ မြဝတီဘုန်းကြီးရဲ့ ဂုဏ်ပြုပွဲလုပ်တော့ အဲဒီပွဲမှာ တပည့်တော်တို့လည်းပဲ ပါတယ်ပေါ့။ သူက ဂုဏ်ပြုပွဲလာရင်းနဲ့ စာပေတွေ တော်တဲ့အကြောင်းတွေ ဘာတွေဖတ်ပြီး ကြည်ညိုလွန်းလို့ တပည့်တော်တို့ ဆရာဘုန်းကြီးရဲ့ မယ်တော်ကြီး ဒေါ်အုန်းကို ဘာထုတ်ပြောလဲဆိုတော့ ... 'မအုန်းတို့များ တော်လိုက်တာ။ သူတို့ဗိုက်ထဲက သူတော်ကောင်းလေးတွေ ထွက်တယ်။ ငါတို့ဗိုက်ထဲက အရက်ပုလင်းတွေချည်း ထွက်တာပဲ' တဲ့။

ဒါဟာ သူတော်ကောင်းတစ်ယောက် ဖြစ်လာပြီဆိုလို့ရှိရင် ဘေးပုဂ္ဂိုလ်တွေလည်းပဲ သိပ်ပြီးတော့ စိတ်ချမ်းသာတယ်။ မိဘတွေလည်းပဲ သိပ်ပြီးတော့ စိတ်ကျေနပ်ကြတယ်။ အဲဒါ အဲဒီဒကာမကြီးကိုယ်တိုင် ပြောတာ။ သူ့ဗိုက်ထဲက အရက်ပုလင်းတွေချည်း ထွက်တာတဲ့။ ပြောလည်းပြောတတ်တယ်။ ဒါကြောင့် တပည့်တော်တို့ သူတော်ကောင်းဖြစ်လာတဲ့ ပုဂ္ဂိုလ်တွေ

www.dhammadownload.com

ကို အကြောင်းပြုပြီးတော့ အားလုံး ချမ်းသာကြတယ်။

သူတော်ကောင်းတွေနေတဲ့တိုင်းပြည်

နံပါတ်(၆)က တိုင်းပြည်အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်တွေလည်းပဲ သူ့တိုင်းပြည်မှာ သူတော်ကောင်းတွေများလာရင် သိပ်သက်သာတာပဲတဲ့။ ပါဠိလိုကတော့ 'ရညော အတ္ထာယ ဟိတာယ သုခါယ ဟောတိ' တဲ့။ ဒါတင်ပဲလားဆိုတော့ မကသေးဘူး။ နံပါတ်(၇) 'ဒေဝတာနံ အတ္ထာယ ဟိတာယ သုခါယ ဟောတိ'။ နတ်တွေလည်းပဲ စိတ်ချမ်းသာကြတယ်တဲ့။ နောက်ဆုံး နံပါတ်(၈)က ... 'သမဏဗြာဟ္မဏာနံ အတ္ထာယ ဟိတာယ သုခါယ ဟောတိ' တဲ့။ အလျှုခံတဲ့ပုဂ္ဂိုလ်တွေလည်းပဲ သူတော်ကောင်းစိတ်ဓာတ်ရှိတဲ့ပုဂ္ဂိုလ်နဲ့တွေ့လို့ရှိရင် သိပ်ပြီးတော့ ချမ်းသာကြပါတယ်။

ချုပ်လိုက်တော့ သူတော်ကောင်းကြောင့် ဘယ်သူမှ စိတ်အနှောင့်အယှက်မဖြစ်ဘဲ အားလုံးချမ်းသာတယ်ပေါ့။ ဒါကြောင့်မို့ တပည့်တော်တို့အနေနဲ့ သူတော်ကောင်းဖြစ်အောင် လုပ်ဖို့ရာအတွက် သိပ်လိုအပ်ပါတယ်။ သူတော်ကောင်းဖြစ်လာပြီဆိုရင် သူတော်ကောင်းပတ်ဝန်းကျင်မှာ နေတဲ့ ပုဂ္ဂိုလ်တွေဟာ မဂ်ဖိုလ်နိဗ္ဗာန်အထိ အကျိုးရှိတယ်လို့ မြတ်စွာဘုရားက ဟောထားတာလည်း ရှိပါတယ်။ ဘယ်လိုဟောထားလဲဆိုတော့ ...

ကောသလမင်းကြီးအကြံ

မြတ်စွာဘုရား သာဝတ္ထိပြည်မှာ နေတုန်း တစ်နေ့ ကောသလမင်းကြီး ရောက်လာပြီး ကောသလမင်းကြီးက လျှောက်တယ်။ 'မြတ်စွာဘုရား၊ တပည့်တော် တစ်ယောက်တည်း နေ့အခါမှာ နေတုန်း ဒီလို ကြံစည်မိပါတယ်'တဲ့။ ဘယ်လိုကြံစည်မိလဲဆိုတော့ 'ကလျာဏမိတ္တ' မိတ်ကောင်းရှိတဲ့ပုဂ္ဂိုလ်၊ 'ကလျာဏသဟာယ' အဆွေကောင်းရှိတဲ့ပုဂ္ဂိုလ်၊ 'ကလျာဏသမ္ပဝင်္ကံ' မိတ်ကောင်းဆွေကောင်းကို သိပ်ပြီးတော့ ညွှတ်ကိုင်းလေ့ရှိတဲ့ပုဂ္ဂိုလ်၊ အဲဒီလို မိတ်ကောင်းဆွေကောင်းကို သိပ်ပြီးတော့ အားထားတဲ့ပုဂ္ဂိုလ်တွေရှိပါတယ်တဲ့။

မြတ်စွာဘုရားအနေနဲ့လည်း 'သွာက္ခာတော ဓမ္မော' တရားတော်ကို အစ၊ အလယ်၊ အဆုံးကောင်းအောင် ဟောထားပါတယ်။ ဒါပေမဲ့ အဲဒီ မြတ်စွာဘုရားဟောထားတဲ့ အင်မတန်မှကောင်းမွန်တဲ့တရားတော်တွေဟာ ကလျာဏမိတ္တလို့ ခေါ်တဲ့ မိတ်ကောင်းဆွေကောင်းရှိတဲ့ပုဂ္ဂိုလ်တွေအတွက်သာ ကောင်းစွာ ဟောရာရောက်ပါတယ်တဲ့။ သူတို့အတွက်သာ အကျိုးရှိပါတယ်တဲ့။ ပါပမိတ္တလို့ခေါ်တဲ့ ပတ်ဝန်းကျင်ညံ့မှာ ရောက်နေတဲ့ပုဂ္ဂိုလ်တွေ၊ သိပ်ပြီးတော့ စိတ်ဓာတ်အောက်တန်းကျတဲ့ အပေါင်းအသင်းရှိတဲ့ပုဂ္ဂိုလ်တွေ အတွက်တော့ မြတ်စွာဘုရားတရားဟာ သိပ်ပြီးတော့ အကျိုးမထူးပါဘူးလို့ ဒီလိုလျှောက်တယ်။

ဥပမာအားဖြင့် ဆေးဖော်စပ်ထားပေမဲ့လို့ ဒီဆေးဟာ သုံးစွဲတဲ့ပုဂ္ဂိုလ်အတွက်ပဲ အကျိုးရှိသလိုပေါ့။ အဲဒီလိုပဲ၊ မြတ်စွာဘုရား ဟောထားတဲ့ တရားဟာ ကလျာဏမိတ္တ- မိတ်ကောင်းဆွေကောင်းအပေါ်မှာ မြတ်နိုးပြီးတော့ မိတ်ကောင်းဆွေကောင်းကို ပေါင်းသင်းလေ့ရှိတဲ့ လူတွေအတွက်သာ ကောင်းကောင်းဟောရာရောက်ပြီးတော့ သူတို့အတွက်သာ အကျိုးရှိပါတယ်ဘုရားတဲ့။ တပည့်တော် ဒီလိုကြံစည်မိ

www.dhammadownload.com

ပါတယ်ဆိုပြီးတော့ မြတ်စွာဘုရားကို ကောသလမင်းကြီးက လျှောက်တယ်။

မြတ်စွာဘုရားလက်ခံ

မြတ်စွာဘုရားက 'မှန်တယ် မင်းမြတ်' တဲ့။ ငါဘုရားဟောကြားတဲ့ တရားတော်တွေဟာ ကလျာဏမိတ္တရှိတဲ့သူအတွက်သာ အကျိုးရှိတယ်။ ပါပမိတ္တ- ပတ်ဝန်းကျင်ညံ့မှာ နေထိုင်တဲ့ ပုဂ္ဂိုလ်၊ မိကောင်းဖကောင်းကြားထဲမှာ မဟုတ်ဘဲ မိဘတွေကလည်း ခပ်ညံ့ညံ့၊ ဆွေမျိုးတွေကလည်း ခပ်ညံ့ညံ့၊ တွဲတဲ့အပေါင်းအသင်းတွေကလည်းပဲ ခပ်ညံ့ညံ့၊ ဒီလိုအညံ့ကြားထဲမှာ နေတဲ့ပုဂ္ဂိုလ်အတွက်တော့ ငါဘုရားရဲ့တရားဟာ ကောင်းကောင်းကြီး ဟောရာမရောက်ဘူး။ အကျိုးသက်ရောက်မှု မရှိဘူးလို့ မြတ်စွာဘုရားက ပြန်ပြီးတော့ မိန့်ထားတာရှိတယ်။

မြတ်စွာဘုရားက တစ်ဆက်တည်း ဘာမိန့်သလဲဆိုတော့ ... 'မင်းမြတ်၊ အခါတစ်ပါးမှာ ငါဘုရားဟာ ဒီ သက္ကတိုင်း၊ မဂဓဆိုတဲ့ သာကီဝင်မင်းတွေရဲ့နိဂုံးမှာ သီတင်းသုံးနေတယ်။ အဲဒီအချိန်မှာ အာနန္ဒာက ငါဘုရားကို လာလျှောက်တယ်တဲ့။ အာနန္ဒာရဟန်းက ဘယ်လိုလျှောက်ခဲ့လဲ။ မြတ်စွာဘုရားတဲ့၊ ကလျာဏမိတ္တ၊ ကလျာဏသဟာယ၊ ကလျာဏသမ္ပဝင်္ကံ ဆိုတဲ့ မိတ်ကောင်းဆွေကောင်းလည်းရှိ၊ မိတ်ကောင်းဆွေကောင်းအပေါ်မှာ သိပ်ပြီးတော့ ကိုင်းညွှတ်လေးစားတဲ့ပုဂ္ဂိုလ်တွေဟာ ဗြဟ္မစရိယဆိုတဲ့ မြတ်သောအကျင့်၊ ခံ့ခြောရရင် မဂ်ဖိုလ်နိဗ္ဗာန်ပေါ့၊ အဲဒီ ဗြဟ္မစရိယအကျင့်ဟာ အဲဒီပုဂ္ဂိုလ်တွေအတွက် တစ်ဝက်ပြီးပြီးသားလို့ တပည့်တော်ယူဆပါတယ်ဘုရားလို့ အာနန္ဒာက ငါဘုရားကို လျှောက်တယ်တဲ့။

အားလုံးပြီးစီး

ဆိုလိုတာက မိတ်ကောင်းဆွေကောင်းရှိတဲ့ ပုဂ္ဂိုလ်တွေအတွက်သာ ဗြဟ္မစရိယလို့ခေါ်တဲ့ အိုနာသေးရေး ဒုက္ခဘေးက ကင်းဝေးရာဖြစ်တဲ့ ၊ နိဗ္ဗာန်သို့သွားကြောင်းဖြစ်တဲ့ အရိယာမဂ်ရဖို့ရာအတွက်၊ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ရာအတွက် အကျိုးတစ်ဝက် ပြီးပြီးသား ဖြစ်ပါတယ်လို့ ဆိုလိုတယ်ပေါ့။ မြတ်စွာဘုရားက အာနန္ဒာတဲ့၊ ဒီလိုမပြောနဲ့တဲ့။ မိတ်ကောင်းဆွေကောင်းရှိတဲ့ ပုဂ္ဂိုလ်တွေအတွက် ဒီဗြဟ္မစရိယလို့ခေါ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဟာ တစ်ဝက်သာမက၊ အားလုံးပြီးပြီးသား ဖြစ်တယ်တဲ့။ သူတော်ကောင်းနဲ့ပေါင်းတဲ့ ပုဂ္ဂိုလ်အတွက် မဂ်ဖိုလ်နိဗ္ဗာန်အကျိုးတွေ အားလုံးပြီးစီးနိုင်တယ်တဲ့။

မြတ်စွာဘုရားက ထပ်ပြီးတော့ မိန့်တော်မူတယ်။ အာနန္ဒာ ... စဉ်းစားကြည့်တဲ့။ငါဘုရားလို ကလျာဏမိတ္တတွေ့လိုက်တဲ့အတွက် 'ဇာတိဓမ္မ' အိုခြင်းသဘောရှိတဲ့ သတ္တဝါတွေလည်းပဲ အိုခြင်းက လွတ်တယ်။ 'ဗျာဓိဓမ္မ၊ မရဏဓမ္မ' နာခြင်းသဘော၊ သေခြင်းသဘောနဲ့ ထပ်တလဲလဲနာနေ သေနေတဲ့ သတ္တဝါတွေလည်း ဒီသဘောတွေက လွတ်တယ်။ 'သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ' ဝမ်းနည်းလိုက်၊ ငိုကြွေးလိုက်၊ ပူဆွေးလိုက်၊ ဒါမျိုးဖြစ်နေတဲ့ သတ္တဝါတွေလည်းပဲ ငါဘုရားကို အကြောင်းပြုပြီးတော့၊ ငါဘုရားဆိုတဲ့ မိတ်ကောင်းဆွေကောင်း ပတ်ဝန်းကျင်ကောင်းကို အကြောင်းပြုပြီးတော့ ဒီဒုက္ခတွေကနေ လွတ်သွားကြတယ်တဲ့။

အကောင်းဆုံးမိတ်ဆွေ

ဆိုလိုတာက ဘာလဲ။ တပည့်တော်တို့

www.dhammadownload.com

တွေးကြည့်ပေါ့။ ပုထုဇဉ်ပုဂ္ဂိုလ်ဆိုတာ ဘယ်နှဘဝ သေမယ်လို့ အရေအတွက် ရှိသလား၊ မရှိဘူးလားဆိုရင် မရှိဘူး။ အရှင်ဘုရားတို့လည်း သိတယ်။ သောတာပန်ဖြစ်သွားတဲ့အခါ နောက်ဆုံး အနိမ့်ဆုံးသောတာပန်ဖြစ်တဲ့ သတ္တက္ခတ္တုပရမ သောတာပန်ဟာ လူ့ဘုံ ကာမဘုံမှာ ခုနစ်ကြိမ် ပဋိသန္ဓေနေရသေးတယ်မဟုတ်လား။ အဲဒီသောတာပန်အဆင့် ရောက်သွားပြီဆိုရင် တစ်သံသရာလုံးမှာ အိုလိုက် နာလိုက် သေလိုက်နဲ့ မရေတွက်နိုင်တဲ့ ဒုက္ခတွေဟာ ခုနစ်ဘဝပဲ ခံရတော့မယ်။

ခုနစ်ဘဝခံပြီးရင် ဒီအိုခြင်း၊ နာခြင်း၊ သေခြင်းတွေက လွတ်သွားတယ်။ ဒါ မြတ်စွာဘုရားဆိုတဲ့ ကလျာဏမိတ္တကို အကြောင်းပြုပြီးတော့ လွတ်သွားတာ။ ဒါကြောင့်မို့ မြတ်စွာဘုရားက ... အာနန္ဒာ၊ ငါဘုရားဆိုတဲ့ ကလျာဏမိတ္တကို အကြောင်းပြုပြီးတော့ သောတာပန်ဖြစ်သွားရင် တစ်သံသရာလုံး အိုလိုက် နာလိုက် သေလိုက် ငိုကြွေးလိုက်နဲ့ ဆင်းရဲနေတဲ့သတ္တဝါတွေဟာ နောက်ဆုံး သောတာပန်ဖြစ်ရင် ခုနစ်ဘဝလောက်ပဲ ဒုက္ခတွေခံပြီးတော့ လွတ်သွားမယ်တဲ့။ သူဟာ ခုနစ်ဘဝလောက်ပဲ သေရတော့မယ်၊ အိုရတော့မယ်၊ နာရတော့မယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

သူတော်ကောင်းအုံကျင်း

ဒါကြောင့်မို့ တပည့်တော်တို့ ဒီကျောင်းတိုက်မှာလည်း ကလျာဏမိတ္တ သပ္ပုရိသဆိုတဲ့ သူတော်ကောင်းစိတ်ဓာတ်ရှိတဲ့ပုဂ္ဂိုလ်တွေ များများ မွေးဖွားပေးဖို့ လိုတယ်။ များများနေထိုင်ဖို့ လိုတယ်။ ဒါကြောင့် တပည့်တော်တို့ စည်းကမ်းလည်း တတ်နိုင်သမျှ ချမှတ်ပေးတယ်။ နောက်ပြီးတော့ ဩဝါဒကိုလည်း မပြတ်အောင် စီစဉ်ပေးထားတယ်။ တပည့်တော်ကိုယ်တိုင် အခုလို လပြည့်လကွယ်နေ့ ဩဝါဒပေးတယ်။ လဆန်းခုနစ်ရက်၊ လဆုတ်ခုနစ်ရက်မှာလည်း အကြီးတွေကို အလှည့်ကျ တာဝန်ပေးထားတယ်။ သူတို့နဲ့ တိုင်ပင်ပြီးတော့ ဘယ်လိုဘယ်လိုလုပ်စသည်ဖြင့် ထိုက်သင့်သလောက် ဆွေးနွေးကြပေါ့။ သူတို့ကိုလည်း စွမ်းအားရှိသမျှ ရင်းရင်းနှီးနှီးနဲ့ ဆုံးမပါလို့ ပြောထားတယ်။

အဲဒါ တပည့်တော် ဘာအတွက် လုပ်တာလဲ။ သူတော်ကောင်း အသိုင်းအဝန်း၊ သူတော်ကောင်း အဆောက်အအုံ၊ သူတော်ကောင်း အုံကျင်း ဖွဲ့ချင်လို့။ ကိုယ်ကိုယ်တိုင် သူတော်ကောင်းဖြစ်ပြီဆိုရင် ကျန်တဲ့ပုဂ္ဂိုလ်တွေကလည်း သူ့ကိုမှီပြီးတော့ သူတော်ကောင်းတွေ ဖြစ်လာမယ်။ အဲဒါမျိုးလေးတွေ တပည့်တော် လိုချင်တယ်။

သူတော်ကောင်းလက္ခဏာ

ဒါနဲ့စပ်ပြီး တပည့်တော် သူတော်ကောင်းလက္ခဏာလေးတွေ ပြောပြဦးမယ်။ ဒီနေ့တော့ မပြီးဘူးပေါ့။ နောက်ရက်တွေမှာ အဲဒါလေးတွေ ဆက်ပြီးတော့ ပြောပေးမယ်။ ကဲ ... အားလုံး သူတော်ကောင်းလက္ခဏာ ငါးပါးဆောင်ပုဒ်လေးကို ဆိုလိုက်ပါ။

"ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်၊ ဆည်းကပ် မိတ်ဆွေကောင်း။

ထိုမိတ်ကောင်းပဲ၊ အသည်းစွဲ၊ အမြဲ ညွှတ်ကာပေါင်း။

ဒုက္ခရောက်ငြား၊ သူတစ်ပါး၊ လေးစားကူညီကြောင်း။

www.dhammadownload.com

အင်္ဂါငါးဝ၊ ပြည့်စုံမှ၊ မှတ်ကြ သူတော်ကောင်း''

ကဲ ... ဒီတစ်ပတ်တော့ အချိန်နှောင်းသွားပြီမို့ အကျဉ်းပဲ ပြန်ပြောမယ်။

(၁)ကျေးဇူးသိတတ်ခြင်း

တပည့်တော်တို့ ပထမဆုံး နံပါတ်တစ် သူတော်ကောင်းရဲ့အင်္ဂါက ကျေးဇူးသိတတ်ရမယ်တဲ့။ တပည့်တော်တို့ စာထဲမှာတော့ 'ယောဝေ ကတညူ'တဲ့။ 'ကတညူ- သူတစ်ပါးတို့ ပြုထားအပ်ဖူး မြတ်ကျေးဇူးကို အထူးရှိသ၍ သိလေ့ရှိသည်လည်းကောင်း'တဲ့။ ကျေးဇူးမဆပ်နိုင်ရင်တောင်မှ ကျေးဇူးတရားဟာ ရှိတယ်ဆိုတာ သိထားရတယ်။ သိထားမှလည်းပဲ တပည့်တော်တို့ ကာယကံတွေ၊ ဝစီကံတွေ၊ မနောကံတွေဟာ သိပ်ပြီးတော့ ထိန်းသွားမယ်။

ကျေးဇူးတရား မသိဘူးဆိုရင် ပါးစပ်တွေ ဘာတွေက ကျေးဇူးရှိတဲ့ ဆရာသမားတွေပြောတဲ့ စကားကို ပြန်ပြီးတော့ ပက်ချင်ပက်မယ်။ ဒါမှ မဟုတ်ရင်လည်း ကျေးဇူးတရားတွေ သဘောမပေါက်ဘဲ နှုတ်နဲ့လည်းပဲ အပြစ်တွေ လျှောက်ပြောချင်ပြောမယ်။ ကာယကံနဲ့ အမူအရာတွေ မရိုမသေ ပြမိရင်လည်း ပြမိသွားမယ်။ ကိုယ့်ကျောင်းတိုက်မှာ ကျေးဇူးရှိနေတဲ့ စာချဘုန်းကြီးတွေအပေါ်မှာလည်းပဲ ဟိုပြောဒီပြောနဲ့ ကာယကံအားဖြင့် မချေမငံ လုပ်ချင်လုပ်မိမယ်။ ဝစီကံအားဖြင့်လည်း ဟိုပြောဒီပြော ပြောရင် ပြောမိမယ်။ အဲဒါဟာ ကျေးဇူးကန်းတတ်တဲ့ သဘောပဲ။ ကျေးဇူးကန်းတတ်တာဟာ သူတော်ကောင်းလက္ခဏာလား၊ သူယုတ်မာလက္ခဏာလား ထပ်မေးမယ်ဆိုရင် သူယုတ်မာလက္ခဏာဖြစ်တယ်။ ဒါကြောင့် တပည့်တော်တို့ ကျေးဇူးတရားဆိုတာ တွေးကြည့်ရင် သိပ်ရှိတတ်ပါတယ်။

ပါရမီဖြည့်ခွင့်ရ

နောက်ဆုံးမှာ တပည့်တော် ကိုယ်တိုင်က စာသင်သားတွေနဲ့ ပတ်သက်ပြီး ဘယ်လိုတွေးသင့်လဲ ပြောပြမယ်။ 'ဩော် ... စာသင်သားတွေရှိနေလို့ ငါ့မှာ စာချပေးရတယ်၊ စားဝတ်နေရေးဖြည့်ပေးရတဲ့ကုသိုလ်တွေ ရတယ်၊ နောက်ဆုံး ဒီကိုရင်လေးတွေ ရန်ဖြစ်တာတွေကအစ သူတို့စိတ်ထဲမှာ ရန်မလိုအောင် စိတ်ဓာတ်ရေးရာ ပြုပြင်ပေးနိုင်တယ်၊ ဒီလိုကုသိုလ်တွေ ရတာဟာ စာသင်သားတွေကြောင့်ပဲ' စသည်ဖြင့် ကျေးဇူးတရားကို မြင်ရတယ်။ တစ်နေ့က ကိုရင်လေးတစ်ပါးဆိုရင် သူက ခဏတိုင်း ရန်ဖြစ်တယ်ကြားလို့ ခေါ်ပြီးတော့ နည်းနည်းပြောပြတယ်။ နားလည်အောင် ပြောပြပြီးတော့ သူ့ဆီက အလျှုခံလိုက်တယ်။ 'နောက်တစ်ခါ ကိုရင့်ဆီက ရန်မဖြစ်တော့ပါဘူးဆိုတဲ့ ကတိလေး ပေးနိုင်အောင် ကြိုးစားပါ'ဆိုပြီး လုပ်ပေးရတယ်။

ဒါတွေဟာ တပည့်တော်တို့ သေချာတွေးလိုက်လို့ရှိရင် 'ဩော် ... ဒီကိုရင်တွေ ရှိနေလို့ ငါလည်းပဲ ခန္တီပါရမီတွေ ဖြည့်ခွင့်ရတာပဲ' လို့ အောက်မေ့ပါတယ်။ နားလည်မှုလွဲပြီး တော်တန်ရုံ ကိုယ့်အပေါ်မှာ ဟိုပြောဒီပြော ပြောလည်းသည်းခံလိုက်ရတာပဲ။ တစ်ခါတလေ ကျေးဇူးမသိတတ်တဲ့ပုဂ္ဂိုလ်နဲ့ တွေ့လာပြီဆိုရင်လည်း အပြောအဆိုက ခံရတာပဲ။ ကောင်းတာလုပ်ပေမဲ့ကောင်းတာ မြင်ချင်မှမြင်မှာကိုး။

ဆီလိုအပေါက်ရှာတတ်

ကောင်းတာက ရှစ်ဆယ်ရာခိုင်နှုန်းရှိတယ်၊

www.dhammadownload.com

မကောင်းတာလေး နှစ်ဆယ်ရာခိုင်နှုန်းလည်း ရှိတယ်။ ကျေးဇူးသိတတ်တာ နည်းလာပြီဆိုရင် ဒီနှစ်ဆယ်ရာခိုင်နှုန်းသော မကောင်းတာကိုပဲ ရှာဖွေပြီးတော့ ရှေးစကားနဲ့ ပြောရရင် ဆီလိုအပေါက်ရှာပြောတယ်ပေါ့။ ရေလိုမဟုတ်ဘူးနော်။ တပည့်တော်တို့ ခွက်တစ်ခွက်ထဲ ရေထည့်ကြည့်ရင် တော်ရုံတန်ရုံ ခွက်က ပေါက်နေပေမဲ့ သိပ်မစိမ့်ဘူး။ ဆီသာ ထည့်ကြည့်လို့ကတော့ အဲဒါ ခဏနဲ့ ကုန်သွားတာပဲ။ ဒီလိုပဲ၊ ကျေးဇူးမသိတတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဆီလိုအပေါက်ရှာတယ်တဲ့။

ကျေးဇူးတရားတွေက ရှစ်ဆယ်ရာခိုင်နှုန်းလောက် ရှိတယ်။ ပုထုဇဉ်သဘာဝ အားလုံးမကောင်းနိုင်တောင် ကောင်းအောင်တော့ ကြိုးစားနေတယ်။ ဒါကိုပဲ အပြစ်မကင်းတဲ့ နှစ်ဆယ်ရာခိုင်နှုန်းလေးကိုပဲ ကွက်ပြီးတော့ ရံဖန်ရံခါလည်း ပြောတတ်တယ်။ အမြဲတမ်းရင်လည်း ပြောတတ်တယ်တဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ဆင်ခြင်ကြည့်ပါ။ ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်တွေကို ဒါမျိုးပြောမိပြီ၊ ကာယကံအနေနဲ့ မချေမငံ လုပ်မိပြီဆိုရင် ဒါ သူတော်ကောင်းလက္ခဏာ ပျက်တယ်လို့ ခေါ်ပါတယ်။ ဒါကို ပြင်မယ်ဆိုရင် သူတော်ကောင်း မဖြစ်နိုင်ဘူးလား။ ဒီလိုမှ မဟုတ်ဘဲ မသိဟန်ဆောင်နေမယ်ဆိုရင်တော့ သူတော်ကောင်းဖြစ်ဖို့ ဝေးသွားမယ်။ သူယုတ်မာဖြစ်ဖို့ပဲ များတယ်ပေါ့။ ဒါကြောင့်မို့ သူတော်ကောင်းလက္ခဏာလေးတွေကို ခု အချိန်ရသလောက် ပြောပြခြင်း ဖြစ်ပါတယ်။ နောက်မှ ထပ်ပြီးတော့ အကျယ်ချဲ့ ပြောပြပေးမယ်။

(၂)ကျေးဇူးဆပ်ခြင်း

ကတညူ ပြီးတော့ ကတဝေဒီ ...။ ကတဝေဒီ ဆိုတာ ကျေးဇူးဆပ်တာကို ပြောတာ။ ကျေးဇူးသိရုံတင်မဟုတ်ဘဲနဲ့ ဆပ်နိုင်တဲ့အထိဆို ဒီပုဂ္ဂိုလ်ဟာ သိပ်ပြီးတော့ အဆင့်မြင့်သွားတယ်။ ပါဠိလိုကျတော့ ကတဝေဒီပေါ့လေ။ 'သူတစ်ပါးပြုဖူးတဲ့ ကျေးဇူးကို တတ်သရွေ့ မှတ်သရွေ့ ဆပ်လေ့ရှိသည်လည်းကောင်း'တဲ့။ ကိုယ် စွမ်းအား ရှိသရွေ့ ကျေးဇူးဆပ်နေတယ်။ ဥပမာ ဆိုပါစို့၊ တပည့်တော်တို့ ဒီကျောင်းတိုက်မှာ စားဝတ်နေရေး ကျန်းမာရေးကအစ ဘာမှ မလိုအပ်ဘူး။ စာသင်သားတစ်ပါးအနေနဲ့ ဆရာ့စကားနားထောင်ဖို့ပဲ။ ဒီနေရာမှာ ဆရာသမားကို အလိုက်သိသိနဲ့ သွားပြီးတော့ အနီးကပ်မေးပြီးတော့ အခက်အခဲလေးတွေ ဖြေရှင်းပေးတာ၊ လက်လွှဲပြီးတော့ လုပ်တာ၊ ဒါတွေလည်းပဲ ပါတယ်။

နောက်ဆုံး ပြောရရင် တပည့်ကျင့်ဝတ်ငါးပါးနဲ့အညီ နေလို့ရှိရင် တပည့်တွေ ကောင်းသွားတာပဲ။ ဒါဟာ အရှင်ဘုရားတို့ စာသင်သားတွေအတွက် အကောင်းဆုံးကျေးဇူးဆပ်နည်းပဲ။ ကိုယ့်တာဝန်ဖြစ်တဲ့ တပည့်ကျင့်ဝတ်ငါးပါးပြည့်စုံအောင် လုပ်နိုင်လို့ရှိရင် ကျေးဇူးဆပ်ရာရောက်တယ်။ ဒါက နံပါတ်နှစ် သူတော်ကောင်းလက္ခဏာ။

(၃)မိတ်ဆွေကောင်းကိုဆည်းကပ်ခြင်း

ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်၊ ပြီးတော့ နံပါတ်သုံးက 'ဆည်းကပ် မိတ်ဆွေကောင်း'တဲ့။ ပါဠိအနက်ပေးက 'ကလ္လာဏမိတ္တော-မိကောင်း ဖကောင်း၊ ဆရာကောင်းနှင့် ဆွေကောင်းအတိ၊ မိတ်ကောင်းရှိသည်လည်းကောင်း'တဲ့။ ဒီဘဝမှာ အပြစ်လေးတွေမြင်ရင် ဘယ်လို ဘယ်လိုလုပ်ပါ စသည်ဖြင့် ပြောရဲတဲ့ သတ္တိရှိမှ

www.dhammadownload.com

သံသရာမှာ မိကောင်းဖကောင်း ဆရာကောင်း သမားကောင်းနဲ့တွေ့ရတယ်။ ဒီဘဝမှာ တစ်ကိုယ်ကောင်းဆန်ပြီးတော့ ငါ့မုန်းခံရလိမ့်မယ်ဆိုပြီးတော့ ဟိုဟာမပြော ဒီဟာမပြော၊ တွေ့လို့ရှိရင် ရှောင်သွား၊ မေးလို့ရှိရင် မသိသလိုလို၊ အဲဒီလိုနေတဲ့ ပုဂ္ဂိုလ်တွေဟာ ဆရာကောင်း သမားကောင်းနဲ့ နောက်ဘဝ ဝေးမှာပဲ။ မိတ်ကောင်းရှိဖို့ ဆိုတဲ့နေရာမှာ ပြည့်စုံရမယ့်အင်္ဂါတွေ ဘာတွေကိုတော့ တပည့်တော်တို့ နောက်ကျမှ အင်္ဂုတ္တိရဲထဲကထုတ်နုတ်ပြီး အပြည့်အစုံပြောပြသွားမယ်။

(၄)မိတ်ဆွေကောင်းကိုစွဲမြဲခြင်း

နောက် ... သူတော်ကောင်းလက္ခဏာရဲ့ စတုတ္ထအချက်က 'ဒဠှဘတ္တိ စ'။ မြန်မာလိုပြန်ရင်တော့ 'ထိုမိတ်ကောင်းပဲ၊ အသည်းစွဲ၊ အမြဲညှိတ်ကာပေါင်း' ပေါ့။ ဒီ မိတ်ကောင်းဆွေကောင်းဆိုတဲ့နေရာမှာ ဥပမာအားဖြင့် ဆရာနဲ့တပည့်ပဲ ထားပါတော့။ ဆရာက တစ်ခါတစ်ရံမှားပြီးတော့ ပြောလိုက်တယ်။ ဒါလေးကို စိတ်မကွက်ရဘူး။ တတ်နိုင်သမျှ ဖြေဖျောက်ပြီးတော့ ငါ့အပေါ် ကောင်းကျိုးရှိစေချင်လို့ ပြောတာပဲဆိုပြီးတော့ သည်းခံရတယ်။ ဆရာကောင်းကို စွန့်ခွာမသွားရဘူး။ နောက်ဆုံး နှင်ထုတ်တောင်မှ တောင်းပန်ပြီးတော့ နေရတယ်လို့ စာပေတွေမှာ ရှိတယ်ပေါ့။ ဒါမျိုး စိတ်ဓာတ်လည်းပဲ ရှိမှ သူတော်ကောင်းဖြစ်တာ။

(၅)သူတစ်ပါးကိုကူညီခြင်း

နောက်ဆုံး ငါးချက်မြောက် သူတော်ကောင်းလက္ခဏာက 'ဒုက္ခရောက်ငြား၊ သူတစ်ပါး၊ လေးစားကူညီကြောင်း'တဲ့။ ကိုယ့်မျက်မှောက်မှာ ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်တွေ တွေ့ရင် စွမ်းအားရှိသမျှ ကူညီပေးရတယ်။ ဥပမာအားဖြင့် ကိုရင်လေးတစ်ပါး ချော်လဲတယ်ဆို ဟားဟားနဲ့ ဘေးကနေ မရယ်ဘဲနဲ့ စွမ်းအားရှိသမျှ သွားပြီးတော့ ဆေးလေးထည့်ပေးတယ်၊ ဆေးရုံပို့သင့်ရင် ပို့ပေးတယ်၊ နောက်ဆုံးမှာ ဝစီကံလေးနဲ့ ဖြစ်ဖြစ် နှစ်သိမ့်တယ်၊ အကြံပေးတယ်။ ဒါမျိုးမှ တပည့်တော်တို့ သူတော်ကောင်းလက္ခဏာရှိသူလို့ ခေါ်တယ်။

အုံကျင်းနဲ့မှစိတ်ချမ်းသာ

တပည့်တော်တို့ ဒီနေ့တော့ ဒီ အကျဉ်းငါးချက်နဲ့ တော်ပြီပေါ့။ နောက်ရက်မှ ဒီသူတော်ကောင်း လက္ခဏာလေးတွေကို တပည့်တော်ဆက်ပြီးတော့ ပြောသွားမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတော်ကောင်းအုံကျင်းရှိမှ နေရတာ စိတ်ချမ်းသာတယ်။ တစ်ပါးတလေများ ဖောက်ပြီးတော့ ဆရာသမားကို ဆရာသမားမှန်းမသိကာယကံအားဖြင့်လည်းပဲ မချေမငံလုပ်၊ ဝစီကံအားဖြင့်လည်းပဲ ပြောလိုက်တယ်ဆို ပြန်ပြီးတော့ ပက်ခနဲပြော၊ ကိုယ့်ရဲ့စကားဟာ ဘယ်အဓိပ္ပာယ်ရောက်မှန်းလည်း မသိဘူး၊ ဒါမျိုးပုဂ္ဂိုလ်တွေများလာရင် နေရတာ ဆင်းရဲတယ်။ အဲဒီတော့ ဒါမျိုးတွေ ကိုယ့်ကိုယ်ကိုယ်ရှိတယ်ဆိုရင်လည်း ပြင်ရတယ်။ ပြင်ပြီးလို့ရှိရင်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

ဒါကြောင့်မို့ အားလုံးပဲ သူတော်ကောင်းအုံကျင်းကို ဖွဲ့နိုင်သော ရဟန်း သာမဏေများဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

အောင်မြင်ကြောင်းတရားလေးပါး

၁၃၆၆ ခု၊ သီတင်းကျွတ်လပြည့်နေ့
၂၀၀၄ ခု၊ အောက်တိုဘာလ ၂၈ ရက်၊ ကြာသပတေးနေ့ ည

ဆယ့်ငါးမိနစ်

ကဲ ... အားလုံး သံဃာတွေထဲမှာ ထိုင်တဲ့အခါ ခါးဆန့်ထား။ မျက်လုံးက ဟိုကြည့်ဒီကြည့် မကြည့်နဲ့။ တပည့်တော်တို့ မနေတတ် မထိုင်တတ်၊ မျက်လုံးတွေက ဟိုကြည့်ဒီကြည့်၊ သံဃာကြားထဲမှာ ရုပ်ပျက် ဆင်းပျက်ဖြစ်ရင် ဒါမျိုးကို 'ပရိသဒ္ဓသက' ပရိသတ်ကို ဖျက်ဆီးတဲ့ ပုဂ္ဂိုလ်လို့ ခေါ်တယ်။ သံဃာ့ပရိသတ် ငြိမ်ပြီးတော့ နေတဲ့အချိန်မှာ ကိုယ်က ဟိုကြည့်ဒီကြည့်၊ ခေါင်းကြီးက စောင်းနေ၊ ဒါမျိုးတွေဆိုလို့ရှိရင် တပည့်တော်တို့ ပရိသဒ္ဓသကလို့ စာပေက ခေါ်တယ်။ ကိုယ့်ဟာကိုယ် စွမ်းအား ရှိသမျှ တည်တည်ငြိမ်ငြိမ်လေး နေပေးပါ။ အလွန်ဆုံးမှ ဆယ့်ငါးမိနစ်ပေါ့။

ဝါကျွတ်ချိန်

ခု တပည့်တော်တို့ ဒီနေ့ ပဝါရဏာပြုပြီးသွားပြီ။ ပဝါရဏာပြုပြီးတော့ မနက်ဖြန် အရုဏ်တက်ပြီဆိုရင် ဝါလွတ်လွတ်ကျွတ်ကျွတ် ကျွတ်ပြီပေါ့။ ဒီနေ့တော့ ဒီအရုဏ်တက်တဲ့အချိန်အတွင်းမှာတော့ ဝါကျွတ်တယ်လို့ ပြော လို့ မရသေးဘူး။ မနက်ဖြန် လပြည့်ကျော်တစ်ရက်နေ့မှာ အရုဏ်တက်ပြီဆို ဒါ ဝါကျွတ်သွားပြီ။

www.dhammadownload.com

ဝါကျွတ်တော့ တပည့်တော်တို့ မနက်ဖြန်မှာ စာဝါတွေဘာတွေ မချချင်သေးသော်လည်းပဲ ကိုယ့်ဟာကိုယ် ပြန်ပြီးတော့ စာချေတဲ့အနေနဲ့ ကျက်ချင်ကျက်ပေါ့။ စာချချင်တယ်ဆိုလည်း စာချဘုန်းကြီးတွေက ထုံးစံအတိုင်း ချပေါ့။ ဒါတော့ ကိုယ့်ရဲ့ စာတက်တဲ့သံဃာနဲ့ ညှိပြီး လုပ်ကြပါ။ ချေချင်သေးတယ်ဆိုရင် တစ်ရက်လောက် ချေပေါ့။ အဲ ... နှစ်ရက်နေ့ကစပြီးရင်တော့ ပုံမှန်အတိုင်း လည်ပတ်မယ်ပေါ့ဘုရား။ တပည့်တော်တို့ကျောင်းက သာမဏေကျော်စာဝါကို အဓိကထားတယ်။ သာမဏေကျော်စာမေးပွဲတွေကလည်း နီးလာပြီ။ ဒါကြောင့်မို့ ဒါကို အဓိကထားပြီးတော့ လုပ်သွားမယ်။

မီးပူဇော်ကြ

အရင်အပတ်က ပြောခဲ့တဲ့ တပည့်တော်တို့ သူတော်ကောင်းလက္ခဏာငါးပါးကို နောက်တစ်ပတ်မှပဲ ပြောတော့မယ်။ ခု ဒီနေ့နဲ့ စပ်တာလေးတွေ တပည့်တော် ပြောဦးမယ်ပေါ့။ ဒီနေ့က သီတင်းကျွတ်လပြည့်နေ့ဆိုတော့ မြတ်စွာဘုရားတာဝတိံသာနတ်ပြည်မှာ မိခင်ရဲ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ အဘိဓမ္မာခုနစ်ကျမ်းကို ဟောပြီးတော့ ပြန်ဆင်းလာတဲ့နေ့။ အဲဒါကို ရည်မှန်းပြီး တပည့်တော်တို့ ပူဇော်ကြတယ်ပေါ့။ လူပြည်ကနေပြီးတော့ ဆီမီးတွေ ဘာတွေနဲ့ ပူဇော်ကြတယ်။

အရှင်ဘုရားတို့လည်း အခု လျှပ်စစ်မီးရောဖယောင်းတိုင်မီးရော အားလုံး စွမ်းအားရှိသမျှ ကိုယ့်ဟာကိုယ် သဒ္ဓါတရားအလျောက် ပူဇော်ကြတာ ကောင်းပါတယ်။ ကောင်းပေမဲ့လို့ တစ်ခုတော့ ရှိတယ်။ တပည့်တော်တို့ တောင်မြို့ဆရာတော်ကြီးက နေ့စဉ်နေ့စဉ် 'ဤကျောင်းတိုက်သာသနာတော်ဖြင့် ဗုဒ္ဓမြတ်စွာကို ပူဇော်ပါ၏' ဆိုတဲ့ အကြောင်းလေး အရှင်ဘုရားတို့လည်းပဲ ကြားဖူးမှာပါ။ တပည့်တော်တို့လည်း ဆရာတော်ကြီးရဲ့ သြဝါဒတရားတိပ်ခွေတွေထဲမှာ ကြားနာရတယ်။ တောင်မြို့ဆရာတော်ကြီးက သူ့ရဲ့ကျောင်းတိုက်ကို စာပေတတ်ပွန်ရုံမက နေထိုင်တဲ့ သံဃာတော်အရှင်မြတ်တွေရဲ့ သန္တာန်မှာလည်း သီလ၊ သမာဓိ၊ ပညာ တတ်နိုင်သမျှ ပြည့်ဝအောင် ကြိုးစားတယ်။

ဓမ္မအားဖြင့် ပူဇော်

ကိုရင်လေး ဖြစ်ပါစေ။ ကိုရင်လေးမို့လို့ ညစာတော့ ခွင့်လွှတ်မယ်၊ သီချင်းဆိုတာလေးတော့ ခွင့်လွှတ်မယ်၊ ဒါမျိုး မရှိခဲ့ဘူး။ အဲဒီလို သီလအားဖြင့်လည်း စွမ်းအားရှိသမျှ ပြည့်အောင် ကြိုးစားတယ်။ သမာဓိကလည်းပဲ စာကျက်တာတောင်မှ ကိုယ်စာကျက်လိုက်တဲ့အတွက် သူတစ်ပါးမှာထိခိုက်မယ်ဆိုရင် အသံထွက်မကျက်ဘဲနဲ့ တိုးတိုးကျက်ဖို့၊ ဒီလောက်အထိ သမာဓိတရားမှာလည်း ပတ်ဝန်းကျင်ကို မထိခိုက်အောင် ဆောက်တည်ပြီးတော့ ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်အောင် လုပ်ပေးခဲ့တယ်ပေါ့။

ပညာရေးအဆင့်အတန်းအနေနဲ့လည်းပဲ တောင်မြို့ဆရာတော်ကြီးက မှတ်စုမှတ်ရာလောက် ကြည့်ပြီးတော့ အောင်ကြတာဟာ ရှက်စရာကောင်းလိုက်တာ ဆိုပြီးတော့၊ အဲဒီလိုဆုံးမပြီးတော့ တကယ် ကျမ်းရင်းအရည်အသွေးပြည့်ဝအောင် စီမံပို့ချပေးခဲ့တယ်ပေါ့။ အဲဒီတော့ တောင်မြို့ဆရာတော်ကြီးက သူ့ရဲ့ တပည့်သံဃာတော်တွေသန္တာန်မှာ သီလ၊ သမာဓိ၊ ပညာတွေ တတ်နိုင်သမျှ ပြည့်စုံအောင် လုပ်တယ်။ ဒါက မြတ်စွာဘုရားကို ဓမ္မအားဖြင့် ပူဇော်တာ။

www.dhammadownload.com

အာမိသအားဖြင့် ပူဇော်

နောက်ပြီးတော့ ... ကျောင်းတိုက်ကြီးသန့်ရှင်းအောင် နေ့စဉ်တံမြက်စည်းလှည်း၊ ဝတ်ကြီးဝတ်ငယ်တွေလုပ်၊ အဲဒီလို စီမံထားတယ်။ တပည့်တော်တို့ကိုပဲ သိန်းသန်းကျောင်းရောက်ခါစက ရောက်တဲ့နှစ်မှာ အငယ်ဆုံးဖြစ်လို့ ဖိုးသူတော်တွေနဲ့ရောပြီး ကျောင်းဝင်းထဲ ခွေးချေးကျုံးခဲ့ရတဲ့အလေ့ ရှိတယ်ပေါ့။ မနက် တုံးကြီးခေါက်ပြီးပြီဆိုရင် ဒီခွေးချေးကျုံးတဲ့ ကိရိယာလေးနဲ့ ကျောင်းထဲလှည့်ပြီးတော့ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ကြရတယ်။ ဒါတွေဟာ တပည့်တော်တို့ တစ်နည်းအားဖြင့် အာမိသနဲ့ ပူဇော်တယ်လို့ ပြောရင်ပြောပေါ့။ ကျောင်းတိုက်သန့်ရှင်းပြီးတော့ ဆိတ်ငြိမ်ပြီးတော့ နေတယ်။ ဒီသန့်ရှင်းသောကျောင်းတိုက်ကြီးနဲ့၊ နောက်ပြီး ဒီကျောင်းတိုက်သာသနာတော် အကျင့်ဆိုတဲ့ သံဃာတော်တွေသန္တာန်မှာရှိတဲ့ သီလ၊ သမာဓိ၊ ပညာတွေနဲ့ မြတ်စွာဘုရားကို ပူဇော်တာ။

ဒါကြောင့်မို့ တောင်မြို့ဆရာတော်ကြီးက နေ့စဉ်နေ့စဉ် ညတိုင်းညတိုင်း လက်အုပ်ကလေးချီပြီးတော့ 'ဤကျောင်းတိုက်သာသနာတော်ဖြင့် ဗုဒ္ဓမြတ်စွာကို ပူဇော်ပါ၏'လို့ ဆိုလေ့ရှိတယ်ပေါ့။

ကဲ ... အဲဒါလေး သုံးခေါက်လောက် ဆိုကြည့်ပါ။

'ဤကျောင်းတိုက်သာသနာတော်ဖြင့် ဗုဒ္ဓမြတ်စွာကို ပူဇော်ပါ၏။

ဤကျောင်းတိုက်သာသနာတော်ဖြင့် ဗုဒ္ဓမြတ်စွာကို ပူဇော်ပါ၏။

ဤကျောင်းတိုက်သာသနာတော်ဖြင့် ဗုဒ္ဓမြတ်စွာကို ပူဇော်ပါ၏'

ဤကျောင်းတိုက်

တပည့်တော်တို့လည်း သတိရတဲ့အချိန်မှာ ဆရာတော်ကြီးကို အတုယူပြီးတော့ ဒါမျိုးလေး လုပ်ရမယ်။ တပည့်တော်တို့ အခု ဆီမီးပူဇော်တယ်ဆိုတာလည်း ဘယ်သူ့ကို ပူဇော်တာလဲဆိုရင် မြတ်စွာဘုရားကို ပူဇော်တာ။ တောင်မြို့ဆရာတော်ကြီးကတော့ မြတ်စွာဘုရားကို ဗုဒ္ဓမြတ်စွာလို့ အမြဲတမ်းသုံးလေ့ရှိတယ်ပေါ့။ အဲဒီတော့ ပူဇော်တယ်ဆိုတဲ့အခါမှာ တပည့်တော်တို့ ခု ဆီမီးတွေ ဘာတွေနဲ့ပူဇော်တယ်။ ဒါ ကောင်းပါတယ်။ ဒါတင်မကသေးဘူး၊ ညနေဆိုရင်လည်း ကိုယ့်တာဝန်နဲ့ကိုယ် တပည့်တော်တို့ ကျောင်းတိုက်သန့်ရှင်းရေးတွေ လုပ်ကြတယ်။ ဒါလည်း မြတ်စွာဘုရားကို ပူဇော်နေတာပဲ။

နောက် ... စာပေကျမ်းဂန်တွေ သင်ကြတယ်။ ပို့ချကြတယ်။ ဒါလည်း မြတ်စွာဘုရားကို ပူဇော်နေတာပဲ။ ဘုရားဝတ်တက်ကြတယ်။ တရားထိုင်တယ်။ မေတ္တာပွားတယ်။ နောက်ဆုံးစည်းကမ်းနဲ့အညီ နေတယ်။ စာမေးပွဲ ခိုးဖြေချင်တဲ့ စိတ်ဓာတ်မျိုးတွေ ပပျောက်အောင် လုပ်ပြီးတော့ သန့်သန့်ရှင်းရှင်းနဲ့ ပိဋကတ်တွေ တကယ်တတ်မြောက်အောင် သင်တယ်။ ဒါတွေအားလုံးဟာ မြတ်စွာဘုရားကို ပူဇော်နေတာပဲ။

ဝိစာရဏာပညာ

ပူဇော်တဲ့အခါမှာ သီတင်းကျွတ်လပြည့်မှာ ဘုရားပူဇော်တယ်ဆိုပြီးတော့ တစ်ခါတစ်ရံ တွေ့ရတာတွေက ဒီဖယောင်းချပ်တွေ ဟိုလုပ်ဒီလုပ် လျှောက်လုပ်နေတာတို့၊ နောက်ပြီး ဟေးလား ဟားလား လုပ်တာတွေတို့၊ ဒါတွေဟာ မြတ်စွာဘုရားကို ပူဇော်ရာ ရောက်သလား၊ မရောက်ဘူး

www.dhammadownload.com

လားဆိုရင် မရောက်ပါဘူး။ အဲဒီလို ပူဇော်ရာ မရောက်တဲ့ အမှုအရာမျိုးတွေဆိုရင် အရှင်ဘုရားတို့ ရှောင်ကြဉ်ပေးပါ။ ဒါလောက်ဆိုရင် အရှင်ဘုရားတို့ နားလည်ပါပြီ။ အကြီးက စပြီးတော့ အငယ်တွေအထိ အားလုံး အသိဉာဏ်တွေ ကိုယ်စီရှိနေကြပြီ။ လူဝတ်ကြောင်နယ်ပယ်မှာ မဟုတ်ဘဲနဲ့ သံဃာ့နယ်ပယ်မှာ၊ ဆုံးမတဲ့ကြားထဲမှာ နေရတဲ့အခါမှာ အရှင်ဘုရားတို့အနေနဲ့ မြတ်စွာဘုရားကို ပူဇော်ရာ မရောက်တဲ့ ကာယကံ၊ ဝစီကံတွေကို ရှောင်ကြဉ်ပြီးတော့ စွမ်းအားရှိသမျှ လေးလေးမြတ်မြတ်နဲ့ ပူဇော်ပါ။ ကုသိုလ်စိတ်သန့်သန့်နဲ့ ပူဇော်ပါလို့ တပည့်တော် ဒီလိုပဲ ပြောချင်တယ်။

ဒီနေရာမှာ တပည့်တော်တို့ မမှဆိုတဲ့ 'ဝိစာရဏာပညာ' စူးစမ်းဆင်ခြင်တတ်တဲ့ ပညာ မပါဘူးဆိုရင်တော့ သိပ်ပြီးတော့ အကျိုးမဲ့တွေဖြစ်တယ်။ တပည့်တော်တို့ စာချနေတဲ့ ခေါင်းဆောင်တွေလည်းပဲ ဒီဟာလိုအပ်တယ်။ တပည့်တော်လည်းပဲ လိုအပ်တယ်။ တပည့်တော်ကဆို ပိုပြီးတော့တောင် ဝိစာရဏာပညာ လိုအပ်သေးတယ်။ ခေါင်းဆောင်ပုဂ္ဂိုလ်ကိုး။ နောက်ပြီးတော့ စာသင်သားသံဃာတွေလည်း ဒီ မမှဆိုတဲ့ 'ဝိစာရဏာပညာ' စူးစမ်းဆင်ခြင်တတ်တဲ့ ပညာ၊ မှန် မမှန်ဆုံးဖြတ်တတ်တဲ့ ပညာ၊ သိပ်ပြီးတော့ လိုအပ်ပါတယ်။

ပေါ့စေလိုလို့

မြတ်စွာဘုရားကို ပူဇော်ပါတယ်ဆိုပြီးတော့ သစ်ပင်တွေ ဘာတွေပေါ် သွားပြီးတော့ ဆီမီးထွန်းတာ ဘာညာ လုပ်လိုက်တယ်ဆိုရင် အကျိုးမရှိဖြစ်တတ်တယ်။ ဟိုတစ်နှစ်ကလည်း တမာပင်တစ်ပင် မီးလောင်သွားတယ်။ ဒါမျိုးတွေဆိုတာ ဆင်ခြင်မှုပညာ အားနည်းတဲ့လက္ခဏာပေါ့။ သစ်ပင်ပေါ်မှာ သွားပြီးတော့ ဖယောင်းတိုင်ထွန်းရင် ဆီမီးခွက်လေးနဲ့ ထွန်းရမယ်။ စိတ်ထားကလည်း ရက္ခစိုးနတ်မင်းတွေလည်းပဲ မြတ်စွာဘုရားကို ပူဇော်နိုင်ပါစေဆိုတဲ့ စိတ်စေတနာသန့်သန့်နဲ့ လုပ်ရမယ်။ နောက်ပြီး ... ဗောဓိပင်ဘေးမှာဆိုလည်း အလားတူပဲပေါ့။ ဗောဓိပင်ဆိုတာ မြတ်စွာဘုရား ပွင့်တော်မူခဲ့တဲ့အတွက် ဒါလည်း စေတီတစ်မျိုးပဲပေါ့။ အဲဒီလိုမျိုးလေးတွေ အာရုံပြုပြီးတော့ ပူဇော်ရတယ်။

ကျောင်းတွေ ဘာတွေအပေါ်မှာ ပူဇော်တဲ့ အခါမှာလည်း ဖယောင်းတိုင်တွေထွန်းပြီးတော့ ပူဇော်ကြတာ ရှိတယ်။ တပည့်တော်တို့ အောက်က ဆီမီးခွက်တွေ မပါဘူးဆိုလို့ရှိရင် ကျောင်းပေါ်မှာ သိပ်ပြီးတော့ ညစ်ပတ်ကုန်မယ်။ ဒီကျောင်းဆောင်တွေက သံဃာတော်တွေအတွက် လှူထားတဲ့ကျောင်း။ ကိုယ်က မီးပူဇော်ချင်တယ်ဆိုတဲ့ အကျိုးလေးနည်းနည်းသာ သိပြီးတော့ သံဃိကကျောင်းအပေါ် အပြစ်တွေ များသွားတတ်တယ်။ တပည့်တော်တို့ 'ပေါ့စေလိုလို့ ကြောင်ရပ်ထိုး၊ ဆေးအတွက် လေး' ဆိုတဲ့ စကားရှိတယ်။

လူတစ်ယောက်ဟာ အဆင်းအတက်တွေမှာ ပေါ့ပါးချင်တယ်။ ကြောင်ရပ်တွေ ဘာတွေ မင်ကြောင်ထိုးလို့ရှိရင်တော့ အခုန်တွေအပျံတွေ ဖြစ်မယ်ဆိုပြီးတော့ ထိုးလိုက်တယ်။ နောက်ဆုံး အဲဒီလိုဆေးထိုးလိုက်တဲ့အတွက် ပေါ့မလာဘဲ ဆေးကြောင့် ပိုလေးသွားတယ်တဲ့။ အဲဒီစကားပုံလိုပဲ၊ ကိုယ်က မီးပူဇော်တာဟာ ကုသိုလ်လိုချင်လို့လား၊ အကုသိုလ်လိုချင်လို့လား မေးရင် ကုသိုလ်လိုချင်လို့ပါ။ ဒါပေမဲ့ မီးထွန်းလိုက်တဲ့အတွက် ကျောင်းကန်တွေ ညစ်ပတ်သွားပြီ၊ သန့်

www.dhammadownload.com

ရှင်းတဲ့နေရာတွေ ညစ်ပတ်သွားပြီ။ ဒါဆိုလို့ရှိရင် ကုသိုလ်ထက် အကုသိုလ်က ပိုများသွားတယ်။

အပြစ်ပိုကြီး

သံဃာနေတဲ့ကျောင်း၊ သံဃိကကျောင်းဆိုတာ အကုသိုလ်က ပိုကြီးတယ်။ ဒါလည်းပဲ အရှင်ဘုရားတို့ကို အခွင့်သင့်တိုင်း ပြောခဲ့တယ်။ စာကျက်တဲ့အခါမှာ နံရံတွေကို ချွေးထွက်ကိုယ် ခန္ဓာကြီးတွေနဲ့ မမှီပါနဲ့။ ရိုးရိုးလေး ကျက်ပါ။ မှီမှီပြီးတော့ နံရံတွေ သွားကျက်တယ်ဆို နံရံတွေမှာ ကိုယ့်ရဲ့ခေါင်းက ချေးတွေ ဘာတွေ ပေကုန်ရင် အပြစ်ဖြစ်တယ်။ ဆွမ်းစားကျောင်းပေါ်မှာလည်း ဒီအတိုင်းပဲ တပည့်တော် ပြောပြောနေရတယ်။ ဒါကြောင့်မို့ တပည့်တော်တို့ 'ဝိစာရဏာပညာ' ဈာန်ဆင်ခြင်တတ်တဲ့ လေ့လာတတ်တဲ့ ပညာလိုအပ်တယ်။ ဒါကို တပည့်တော်တို့ ဝါနရိန္ဒဇာတ်မှာကျတော့ ဒီဓမ္မကိုပဲ ရန်အောင်ကြောင်းတရား(၄)ပါးလို့ ထည့်ပြီးတော့ ဟောထားတာရှိတယ်ပေါ့။ ဒီပညာဟာ သိပ်ပြီးတော့ အရေးကြီးတယ်။

မြစကြာဆိုရင်

တပည့်တော်တို့လည်း စာသင်တိုက်တည်ထောင်တယ်ဆိုတော့ အစစအရာရာ အခက်အခဲတွေ တွေ့တာပဲ။ ပတ်ဝန်းကျင်ဆိုတာ တချို့က တစ်မျိုးလေးပဲ။ တစ်နေ့က တပည့်တော်တို့ ပါဠိကာရီကျောင်းက ဘုန်းကြီး ဦးမဟောက ပြောတယ်။ 'ဟာ ... မြစကြာဆိုလို့ရှိရင် ဘုန်းကြီးတွေ အားလုံးက အလေးပြုနေကြတာပဲ' တဲ့။ မြစကြာကျောင်းတိုက်လို့ ကြားလိုက်တာနဲ့ အားလုံးက လေးလေးစားစား ဖြစ်နေတာတဲ့။ အဲဒါနဲ့ တပည့်တော်က ပြန်လျှောက်ခဲ့ပါတယ်။ ဒါက များသောအားဖြင့်တော့ ဟုတ်ပါတယ်။ သူတော်ကောင်းစိတ်ဓာတ်ရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ လေးလေးစားစားနဲ့၊ အားလုံး ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုကြတာ မှန်ပေမဲ့လို့ ဒီ ကျဿာ၊ မစ္ဆရိယဆိုတဲ့ တရားရှိလို့ရှိရင် တစ်ခါတစ်ရံကျတော့ ဝမ်းမမြောက်နိုင်တာတွေ ရှိတယ်ဘုရားလို့။ ဒါကြောင့်မို့ တပည့်တော်တို့က ရိုးရိုးကုပ်ကုပ်ပဲ နေတာ ကောင်းတဲ့အကြောင်း အဲဒီလို တပည့်တော် ပြန်ပြီးတော့ လျှောက်ခဲ့တယ်ပေါ့။

ရန်အောင်ကြောင်းလေးပါး

အဲဒီတော့ တပည့်တော်တို့မှာလည်း ထိုက်သလောက် ပတ်ဝန်းကျင်က မလိုတာတွေ ဘာတွေ ရှိတယ်။ ဒါကြောင့် တပည့်တော်တို့က ပေါ်ပေါ်လွင်လွင်နဲ့ ခြေဖျားထောက် မနောဘဲနဲ့ ရိုးရိုးကုပ်ကုပ်နေပြီးတော့ ရန်အောင်ကြောင်းတရားလေးပါးကို လက်ကိုင်ထားရမယ်။ အဲဒီအောင်မြင်ကြောင်း တရားလေးပါးကို ဝါနရိန္ဒဇာတ်မှာ မြတ်စွာဘုရားက ဟောထားတယ်။ ဒါတွေက ဘာတွေလဲဆိုတော့ ...

'ယသေတေ စတုရော ဓမ္မာ၊
ဝါနရိန္ဒ ယထာ တဝ၊
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊
ဒိဋ္ဌံ သော အတိဝတ္တတိ' တဲ့။

လိုရင်းကတော့ ... သစ္စံ၊ ဓမ္မော၊ ဓိတိ၊ စာဂေါပေါ့။ ဒီစကားက မျောက်မင်းကို မိကျောင်းကြီးက ချီးကျူးတဲ့စကား။ ဇာတ်တော်ထဲမှာ ဘယ်လိုလာလဲဆိုတော့ ဘုရားအလောင်းက မျောက်မျိုးဖြစ်တဲ့အခါ တစ်ကိုယ်တည်းပဲ ကျက်စားတယ်ပေါ့။ မြစ်ဘေးမှာနေတယ်။ အဲဒီ

www.dhammadownload.com

မြစ်ရဲ့အလယ်မှာလည်း ကျွန်းကြီးတစ်ကျွန်း ရှိတယ်။ သရက်ပင်တွေ၊ ပိန္နဲပင်တွေနဲ့ သိပ်ပြီးတော့ အစားအစာပေါတယ်။ အဲဒီမြစ်နဲ့ ကျွန်းနဲ့ ကြားထဲမှာလည်း ကျောက်ဖျာကြီးတစ်ချပ်က ရှိတော့ ဘုရားအလောင်းက အဲဒီကျောက်ဖျာကြီးပေါ် ဖြတ်ဖြတ်ပြီး သွားတယ်ပေါ့။ ဘုရားအလောင်း မျောက်မင်းရဲ့ခန္ဓာကိုယ်က ဘယ်လောက်ရှိလဲဆိုတော့ မြင်းပေါက်စလေးလောက် ရှိတယ်တဲ့။

မသိမ်ငယ်သူ

တပည့်တော်တို့ သာလိကေဒါရဇာတ်တွေမှာလည်း ဘုရားအလောင်းရဲ့ခန္ဓာကိုယ်၊ ကျေးမင်းရဲ့ ခန္ဓာကိုယ်ကို ပြောတဲ့အခါမှာ ပန်းတောင်းချက်မလောက် ရှိတယ်တဲ့။ ပန်းတောင်းချက်မဆိုတာ လှည်းဘီးရဲ့အလယ်က အုံသဘောမျိုးပေါ့။ တပည့်တော်တို့ ဒီလို စာတွေမှာ ဆိုတယ်။ ကောက်ချက်ချရရင် တပည့်တော်တို့ မြတ်စွာဘုရားက ပါရမီတွေဖြည့်စဉ် ဖြစ်ရာဘဝတိုင်းမှာ တိရစ္ဆာန်ဖြစ်ရင်လည်း ခန္ဓာကိုယ်ကြီးကြီးမားမားနဲ့ အင်အားတောင့်တောင့်တင်းတင်းနဲ့ ဖြစ်တယ်ပေါ့။ ခု မျောက်ဖြစ်တော့လည်း မြင်းပေါက်စတစ်ကောင်လောက်အထိ ခန္ဓာကိုယ်ဟာ ထွားကြိုင်းပြီးတော့ အင်မတန်မှ အားပြည့်တယ်တဲ့။

တပည့်တော်တို့ ဒီဃနိကာယ်တွေ ဘာတွေမှာလည်းပဲ ရှိတယ်။ မြတ်စွာဘုရားကို ချီးကျူးတဲ့အခါမှာ မြတ်စွာဘုရား ရုပ်အဆင်း သိပ်ပြီးတော့ ချောမောတဲ့အကြောင်း ပါတယ်။ အဲဒီမှာ ဘာတွေပါလဲဆိုတော့ 'အခုဒ္ဒါဝကာသောဒဿနာယ' တဲ့။ ဟာ ... ရဟန်းဂေါတမကို ကြည့်ရတာ မသိမ်ငယ်ဘူး၊ သိပ်ပြီးတော့ ခံညားတာပဲဆိုတဲ့ ဒီအဓိပ္ပာယ်မျိုးပေါ့။ မြတ်စွာဘုရားရှင်ဟာ ပါရမီတွေ ပြည့်ပြည့်လာတဲ့ အခါကျတော့ ဖြစ်ရာဘဝတိုင်းမှာ ကျေးမင်းဖြစ်လည်းပဲ ပန်းတောင်းချက်မ၊ ခုလို မျောက်ဖြစ်တဲ့အခါမှာလည်းပဲ မြင်းပေါက်စလေးတစ်ကောင်လောက်၊ အဲဒီလောက် ကြီးပြီးတော့ အင်အားလည်း သိပ်ကြီးတယ်။ ယခုဘဝ မြတ်စွာဘုရားဖြစ်တဲ့အခါမှာလည်းပဲ ရုပ်အဆင်းဥပဓိကို ချီးကျူးတဲ့အခါမှာ အဲဒီသဘောတွေပါတယ်ပေါ့။ ဒါ သတိထားစရာလေးပေါ့။

ရွှေဘိုသားကွ

တပည့်တော်တို့ တောင်မြို့ဆရာတော်ကြီးလည်း ဒါတွေကို သိပ်ပြီးတော့ အရေးပေးတယ်။ တစ်ခါတစ်ရံ ကိုရင်တွေ သစ်တုံးတွေ ဘာတွေထင်းဖြတ်တဲ့အခါမှာ 'ရွှေဘိုသားကွ' ဆိုပြီးတော့ တစ်ချက်တည်းနဲ့ ကပ္ပိခိုင်းတာတဲ့။ တပည့်တော် ကြားဖူးတာပေါ့။ ဒါကတော့ ဒါ ဇာတိမာန်ခေါ်မှာပေါ့။ ထားပါတော့။ ခုလည်း ဘုရားအလောင်း မျောက်မင်းက ကမ်းစပ်ကနေ ခုန်ကူးတဲ့အခါ ရေလယ်ကျောက်ဖျာမှာ တစ်ထောက်နားပြီးတော့ ရေလယ်ကျောက်ဖျာကနေပြီးတော့ ကျွန်းကို တစ်ခါတည်း ခုန်ကူးပစ်လိုက်တာတဲ့။ အင်အားအင်မတန်သန်တော့ နှစ်ခုန်ပဲ ခုန်တဲ့သဘောပေါ့။

အဲဒီမြစ်ထဲမှာ မိကျောင်းမနဲ့ မိကျောင်းထီးနှစ်ကောင်ကလည်း ရှိတယ်ပေါ့။ မိကျောင်းမက ဘာသွားပြီးတော့ ချင်ခြင်းတပ်လဲဆိုတော့ အဲဒီဘုရာအားလောင်း မျောက်မင်းရဲ့ နှလုံးသားကို သူက စားချင်တာတဲ့။ စားချင်တော့ လင်ဖြစ်တဲ့ မိချောင်းထီးကလည်းပဲ ရစေရမယ်ဆိုပြီးတော့ ကြံဖန်တယ်ပေါ့။ တစ်နေ့တော့ ဘုရားအလောင်းက ဒီလိုပဲ မြစ်ဘက်ကနေပြီးတော့ ကျောက်ဖျာ

www.dhammadownload.com

ပေါ် ခုန်၊ ကျောက်ဖျာကနေ အဝေးကြီး လှမ်းပြီးတော့ ကျွန်းပေါ်ခုန်၊ တစ်နေကုန် ပိန္နဲသီးတွေ သရက်သီးတွေ စား၊ ညနေခင်း ပြန်တော့မယ် လို့လုပ်တော့ မိကျောင်းကြီးက ကျောက်ဖျာပေါ်မှာ အသာလေးမှောက်နေတယ်တဲ့။ အဝေးကနေ လှမ်းကြည့်ရင်တော့ ကျောက်ဖျာကြီးပေါ့။

သတိကောင်းသူ

တကယ်လို့ ဘုရားအလောင်းသာ ခုန်လာလို့ကတော့ တစ်ခါတည်း အမြီးနဲ့ရိုက်ချပြီးတော့ သတ်စားမယ်၊ သူ့ရဲ့မိကျောင်းမကို ဒီ နှလုံးသားကျွေးပြီးတော့ ချင်ခြင်းတပ်တာကို ဖျောက်မယ် ဆိုတဲ့ အကြံနဲ့ပေါ့။ ဘုရားအလောင်းက သတိသိပ်ကောင်းတယ်။ ဘယ်လောက်အထိ ကောင်းသလဲ။ အမြဲတမ်းသွားနေတော့ အဝေးကြီးကနေ လှမ်းကြည့်လိုက်တာနဲ့ သူက သိတယ်။ ရေက ဒီလောက်ရှိနေတယ်၊ ရေတိုးချိန်လား၊ ရေကျချိန်လား၊ ခု ရေတိုးချိန်လည်း မဟုတ်၊ ရေကျချိန်လည်း မဟုတ်ဘူး၊ မဟုတ်ပေမဲ့ ကျောက်ဖျာကြီးက ခုတော့ ပိုပြီး မြင့်နေသလိုလို။

အဲဒီလို စူးစမ်းပြီး သံသယဖြစ်လာတာနဲ့ ရမ်းမကူးတော့ဘဲ ကျောက်ဖျာကြီးကို လှမ်းခေါ်လိုက်တယ်။ 'အို- ကျောက်ဖျာကြီး' ဆိုပြီးတော့ သုံးကြိမ်တိတိ လှမ်းခေါ်သတဲ့။ ခေါ်တော့ ဟိုက မလှုပ်ဘူး။ မလှုပ်တော့ ပရိယာယ်ဆင်ပြီး ဘာဆက်ပြောလိုက်လဲဆိုတော့ 'ကျောက်ဖျာကြီးတဲ့၊ သင်ဟာ နေ့စဉ်နေ့တိုင်း ကျွန်ုပ်က ခေါ်တဲ့အခါမှာတော့ ပြန်ပြန်ပြီးတော့ ထူးလေ့ရှိတယ်။ ဒီနေ့တော့ ဘာဖြစ်လို့ မထူးတာလဲ' ဆိုပြီး ပြောလိုက်တယ်။ မိကျောင်းကြီးကလည်းပဲ 'အင်း ... ဒီကျောက်ဖျာကြီးက နေ့တိုင်း ထူးပုံပေါက်တယ်' ဆိုပြီးတော့ 'မျောက်မင်း ... ဘာလဲ' လို့ လှမ်းပြီးတော့ ထူးလိုက်တယ်။

ပရိယာယ်ဆင်

အဲဒီတော့ ဘုရားအလောင်းက ကျောက်ဖျာပေါ်မှာ မိကျောင်းရှိမှန်း သိသွားတယ်ပေါ့။ မိကျောင်းရှိမှန်းသိတော့ ထပ်ပြီးတော့ ပရိယာယ်ဆင်ပြန်တယ်။ 'သင် ဘယ်သူလဲ' ဆိုတော့ ဟိုက 'ငါ မိကျောင်းပဲ' တဲ့။ 'ဘာလုပ်ချင်တာလဲ' ဆိုတော့ 'သင့်ရဲ့ နှလုံးသားကို ကျွန်ုပ် လိုချင်တာပဲ' လို့ ပြန်ပြောတယ်။ 'အဲဒီလိုဆိုရင် ဒုက္ခပဲ။ ကျွန်ုပ်က နှလုံးသားကို တစ်ဖက်ကမ်းမှာ ထားခဲ့တာ။ ပြန်ပြီးတော့ ယူစရာလမ်းကလည်း ဒီတစ်လမ်းပဲရှိတယ်။ သင့်ရဲ့ပါးစပ်ကြီးကို ဟထားလိုက်ပါတော့။ ကျွန်ုပ် ခုန်လာခဲ့ပါ့မယ်' ဆိုတော့ မိကျောင်းကြီးကလည်း အဟုတ်မှတ်လို့ ပါးစပ်ကြီးဟလိုက်တယ်။ မိကျောင်းတွေက ပါးစပ်ဟလိုက်ရင် မျက်လုံးပိတ်သွားတယ်။

အဲဒါကို ဘုရားအလောင်းက သိတော့ တစ်ခါတည်း ခုန်ချလိုက်ပြီး ခေါင်းပေါ်ကနေ ဖြတ်ပြေးတဲ့ပြီးတော့ ကမ်းရောက်သွားတယ်ပေါ့။ မိကျောင်းကြီးက မျက်လုံးပိတ်ထားတော့ လာတာလည်း မသိလိုက်ဘူး။ ဟိုဘက်ရောက်သွားတာလည်း မသိလိုက်ဘူး။ ဒီအတိုင်းပဲ နေပြီးတော့ သူက ချီးကျူးတာပေါ့။ ဘယ်လိုချီးကျူးလဲဆိုတော့ -

'ယသေတေ စတုရော ဓမ္မာ၊
ဝါနရိန္ဒ ယထာ တဝ၊
သစ္စံ ဓမ္မော ဓိတိ စာဂေါ၊
ဒိဋ္ဌံ သော အတိဝတ္တတိ' တဲ့။

'မျောက်မင်း၊ သင်ဟာ ဒီတရားလေးပါးရှိ

www.dhammadownload.com

လို့ ရန်ကိုအောင်မြင်ပြီးတော့ ချမ်းချမ်းသာသာနဲ့ သွားနိုင်တယ်။ သင့်လိုပဲ ဒီတရားလေးပါးရှိတဲ့ ပုဂ္ဂိုလ်ဟာ ရန်သူတွေကို ကျော်လွှားနိုင်ပါတယ်' တဲ့။

ဒီဌဆိုတာ ဒီနေရာမှာ ရန်သူကို ဟောတယ်။ တပည့်တော်တို့ ဓမ္မပဒထဲမှာ ဒိသော ဒိသံ ယံတံ ကယိရာ ဆိုသလိုပဲ၊ ဒီနေရာမှာ ဒိသဓာတ်၊ ဒိသီဓာတ်ဟာ အပွိတိမှိ- မနှစ်သက်ခြင်း၊ မကြိုက်ခြင်း အနက်ကိုဟောတယ်။ ဒါကြောင့်မို့လို့ ဒိဋ္ဌကို ရန်သူလို့ပဲ မြန်မာပြန်ရတယ်ပေါ့။ ဒီတရားလေးပါးပြည့်စုံတဲ့ အသင်မျောက်မင်းဟာ ရန်ကိုအောင်မြင်သလိုပဲ၊ အားလုံးသော ပုဂ္ဂိုလ်တွေမှာ ဒီတရားလေးပါး ရှိမယ်ဆိုရင်တော့ အားလုံး အောင်မြင်နိုင်ကြပါတယ်ဆိုပြီး ချီးကျူးတယ်။

(၁)ဝစီသစ္စာရှိရမယ်

စောစောက တပည့်တော် ပြောခဲ့တဲ့ ဓမ္မောဆိုတာ ဒါကိုပြောတာပဲ။ ခုမှ လိုရင်းကို ရောက်တယ်။ ရန်အောင်ကြောင်းတရားလေးပါးထဲမှာ နံပါတ်တစ်က သစ္စံ၊ ဝစီသစ္စာရှိရမယ်တဲ့။ ဘာပဲဖြစ်ဖြစ် မှန်မှန်ကန်ကန် ပြောရတယ်။ တပည့်တော်တို့ ဒီကျောင်းတိုက်မှာလည်း ကိုရင် ဦးဇင်းတွေ အပြစ်ရှိလို့ရှိရင် ရဲရဲတင်းတင်း ဖြေဖို့ ပြောထားတယ်။ ကိုယ်လုပ်ထားတဲ့အပြစ်ကို လူကြီးတွေက ဒဏ်ပေးလိုက်တယ်ဆိုရင် မကျေပျောက်ဘူးလား။

တချို့ကျတော့ ဒီ ဝစီသစ္စာကို ပြောရမှာ သိပ်ပြီးတော့ ဝန်လေးတယ်။ လိမ်ချင်သလိုလို ဘာလိုလိုနဲ့၊ မေးလိုက်လို့ရှိရင် စကားလေးတိုးတိုး ပြောသလိုလိုနဲ့။ ဒါမျိုးတွေကို ရှောင်ကြဉ်ပါ။ ရှောင်ကြဉ်မှ အရှင်ဘုရားတို့ ဘဝမှာ တိုးတက်မှုမြင့်မားမှုဆိုတာ ရှိမယ်။ ဒါကြောင့် အပြစ်ရှိရင်လည်း ခံမယ်ဆိုတဲ့စိတ်နဲ့ ရိုးရိုးသားသား ပြောရတယ်။ တချို့အကြီးတွေ ရဟန်းဖြစ်ခါနီးအထိ တပည့်တော် မေးလိုက်လို့ရှိရင် မရိုးမသားလိုလို မပြောချင်သလိုလိုတွေ ရှိသေးတယ်။ ဒါမျိုးတွေ ရှိလာလို့ရှိရင် တပည့်တော်တို့ လူကြီးတွေအနေနဲ့ ဆက်ဆံရတာ မကောင်းဘူးပေါ့။ အောင်မြင်ချင်လို့ရှိရင် နံပါတ်တစ် သစ္စံဆိုတဲ့ ဝစီသစ္စာနဲ့ ပြည့်စုံရမယ်။

(၂)ပညာရှိရမယ်

နောက် ... ဓမ္မောဆိုတာက စောစောက ပြောခဲ့တဲ့ စဉ်းစားဆင်ခြင်တတ်တဲ့ ပညာပေါ့။ တပည့်တော် ပြောခဲ့တယ်။ ဘုရားကို မီးပူဇော်ပါ၏ ဆိုပြီးတော့ ကျောင်းတွေပေါ်မှာ သွားညစ်ပေနေတာမျိုး။ ဒါမျိုးတွေဆိုလို့ရှိရင် အပြစ်နဲ့ အကျိုး ဘယ်ဟာက များမလဲ။ အပြစ်က များသွားတယ်။ တပည့်တော်တို့ ဇာတ်တော်တစ်ခုထဲမှာ ရှိသေးတယ်။ ဥယျာဉ်စောင့်တစ်ယောက်က တစ်နေ့တော့ မြို့ထဲမှာ ပွဲသဘင် ခုနစ်ရက် ရှိတာနဲ့ ပွဲကလည်းပဲ ကြည့်ချင်တော့ သူ့ရဲ့ ဥယျာဉ်ထဲမှာနေတဲ့ မျောက်တွေကို မှာသွားသတဲ့။ 'မင်းတို့အတွက်လည်း ဒီဥယျာဉ်ကြီးက သိပ်ပြီးတော့ အကျိုးများတာပဲ။ အဲဒီတော့ ငါ ခုနစ်ရက်လောက် သွားပြီးတော့ ပွဲကြည့်လိုက်ဦးမယ်။ မင်းတို့ ဒီသစ်ပင်တွေ မသေအောင် ရေလောင်းရစ်ကြ' ဆိုပြီးတော့ မှာသွားသတဲ့။

မှာသွားတော့ မျောက်ခေါင်းဆောင်ကြီးက မျောက်တွေကို ဩဝါဒပေးတယ်။ သူက ဆရာကြီး ထပ်လုပ်တယ်ပေါ့။ ဘယ်လိုဩဝါဒပေးလဲဆိုတော့ 'မင်းတို့ ရေဆိုတာ သိပ်ပြီးတော့ ရှားတယ်။ ရေသိပ်ရှားတော့ သစ်ပင်တွေ အကုန်

www.dhammadownload.com

လောင်းရင် ရေကုန်မှာပဲ။ အဲဒီတော့ သစ်ပင်တွေ၊ ပျိုးပင်တွေကို အရင်နုတ်ကြည့်ကြကွာ။ နုတ်လိုက်လို့ အမြစ်ရှည်တဲ့အပင်ဆို များများသာလောင်းပစ်လိုက်။ တကယ်လို့ အမြစ်တိုလို့ရှိရင်တော့ ရေနည်းနည်းလောင်း'တဲ့။

အဲဒီလို ဩဝါဒပေးတော့ မျောက်တွေက ဘာလုပ်ကြလဲ။ ရှေ့ကမျောက်တွေက သစ်ပင်တွေ နုတ်ချသွားတယ်။ နောက်က မျောက်တွေက အမြစ်ကြည့်ပြီးတော့ ရေလောင်းတယ်။ ပြီးမှ ပြန်စိုက်ကြတယ်။ အဲဒီတော့ ဥယျာဉ်တစ်ခုလုံး သေကုန်ရောပေါ့။ ဒါဟာ ဓမ္မဆိုတဲ့ ဝိစာရဏာပညာ မရှိလို့ပဲ။ စဉ်းစားဆင်ခြင်တတ်တဲ့ဉာဏ် မရှိတော့ ရေလောင်းတာတော့ ကောင်းအောင်လောင်းချလိုက်တာပဲ။ ဒါပေမဲ့ ဥယျာဉ်တစ်ခုလုံး သေသွားရတယ်။

ပူဇော်တဲ့အမူအရာ

တပည့်တော်တို့လည်း အခု မီးပူဇော်တဲ့နေရာမှာ အထူးသတိထားပါ။ မြတ်စွာဘုရားကို ပူဇော်ပါတယ်ဆိုရင် ပူဇော်တဲ့အမူအရာလေးတွေက ပူဇော်ရာရောက်ပါစေ။ ဝစီကံကလည်း သိပ်ပြီးတော့ ရုန့်ရုန့်ရင်းရင်းတွေ မရှိပါစေနဲ့။ ကာယကံအားဖြင့်လည်း နောက်ဆုံး ချွေးတွေဘာတွေ မထွက်ဘူးဆိုရင် ဧကသီလေးတွေ ရန်းပြီးတော့ နေပေးကြပါ။

ဟိုတုန်းက စကားပုံတစ်ခုလည်း ရှိသေးတယ်။ မိခင်ဖြစ်သူရဲ့ခေါင်းမှာ ခြင်နားနေတာကို သမီးဖြစ်တဲ့ပုဂ္ဂိုလ်က ခြင်ခြောက်မယ်ဆိုပြီးတော့ တူနဲ့ နဖူးကို ထုလိုက်တာ မိခင်သေပါရောတဲ့။ ခြောက်တာကတော့ ခြင်ခြောက်တာပဲ။ သေတော့ မိခင်သေသွားတယ်။ ဒါမျိုးတွေ လောကမှာ အများကြီးရှိတယ်။ ခုနက မျောက်ကြီး ဩဝါဒပေးသလိုလည်း မဖြစ်စေနဲ့ပေါ့။ ဒါကြောင့် ဓမ္မဆိုတဲ့ ဝိစာရဏာပညာ သိပ်ပြီးတော့ လိုအပ်တယ်။ အရာရာမှာ စီမံခန့်ခွဲတတ်ဖို့လိုတယ်။ အဲဒါရှိရင်လည်းပဲ အားလုံးကို အောင်မြင်နိုင်တယ်တဲ့။

(၃)ကြိုးစားရမယ်

သစ္စံ၊ ဓမ္မော၊ ပြီးတော့ ... ဓိတိ။ ကြိုးစား အားထုတ်ရမယ်တဲ့။ ပညာတော့ ရှိပါရဲ့။ ဩဝါဒတွေတော့ ပေးပါရဲ့။ အိပ်နေတယ်။ ဘာမှမလုပ်ဘူး။ တီဗွီတွေချည်း ထိုင်ကြည့်နေတယ်။ ဒါဆိုရင် ဒီကျောင်းတိုက် တိုးတက်ပါ့မလား။ ဟံသာဂီရိဆရာတော်ဆိုရင်လည်းပဲ ဩဝါဒ သိပ်ပြီးတော့ ပေးတယ်။ ဆရာတော်က သူ အလုပ်သိပ်လုပ်ချင်တယ်တဲ့။ တောင်မြို့ဆရာတော်ကလည်း တပည့်တော် အလုပ်လုပ်ဖို့ အသက်ရှင်ပါတယ်တဲ့။ ဒါမျိုးစိတ်ဓာတ်လေးတွေ အတုခိုးပြီး မွေးပေးရတယ်။ ဒါကြောင့်မို့ ဓိတိ-ကြိုးစားအားထုတ်မှု တည်ကြည်မှုနဲ့လည်း ပြည့်စုံရတယ်။ ဒါဆိုရင် အားလုံးကို အောင်မြင်နိုင်တယ်။

(၄)စွန့်လွှတ်ရမယ်

သစ္စံ၊ ဓမ္မော၊ ဓိတိ၊ စာဂေါ ...။ စာဂ ဆိုတာကို 'အတ္တပရိစ္စာဂ'လို့ အဋ္ဌကထာကတော့ ဖွင့်တယ်ပေါ့။ အတ္တကိုစွန့်လွှတ်ပစ်ရမယ်တဲ့။ အကြီးလုပ်တဲ့ ပုဂ္ဂိုလ်တွေကလည်းပဲ ငါ့အတွက် အချိန်မရှိဘဲ နေလိမ့်မယ်၊ ငါ့အတွက် ဘာမဖြစ်ဘဲ နေလိမ့်မယ်ဆိုပြီးတော့ ကိုယ်ကျိုးကို ဦးစားပေးပြီး အောက်လက်ငယ်သားအကျိုးတွေ မလုပ်ဘူးဆိုရင် ဒါဟာ စာဂ မဖြစ်ဘူး။ အရှင်ဘုရားတို့ အရင်ကသိထားတဲ့ စာဂက ပစ္စည်းစွန့်

www.dhammadownload.com

တာကိုပဲ ပြောတာ။ ဒီမှာတော့ အဋ္ဌကထာက အတ္တပရိစ္စာဂေါလို့ ဖွင့်တယ်။ ကိုယ့်အတ္တကို စွန့်လွှတ်ပစ်လိုက်ပါတဲ့။

ငယ်တဲ့ပုဂ္ဂိုလ်တွေကလည်းပဲ ခုနက အကြီးတွေလိုပဲ စွန့်လွှတ်ရမယ်။ ငါတို့ စာကြိုးစားမှ၊ စည်းကမ်းလိုက်နာမှ၊ ဒီလိုမှမဟုတ်ဘူးဆိုရင် ဆရာသမားတွေ စိတ်ဆင်းရဲလိမ့်မယ်ဆိုပြီးတော့ ကျိုးကို ဘုတ်ရိသေ၊ ဘုတ်ကို ကျိုးရိသေသလိုပဲ အချင်းချင်း ကိုယ်စီကိုယ်စီ အတ္တလေးတွေ စွန့်လွှတ်ကြရမယ်။ ဆရာကလည်း တပည့်အပေါ်မှာ၊ တပည့်ကလည်းပဲ ဆရာအပေါ်မှာ ကိုယ်ကျိုးစွန့်လွှတ်ပြီးတော့ နေရမယ်။ အထူးသဖြင့် တပည့်တော်တို့ ဆရာသမားတွေဖြစ်လာတဲ့ စာချုပ်တွေဖြစ်လာတဲ့ ပုဂ္ဂိုလ်တွေက ကိုယ်ကျိုးကို ပိုပြီးတော့ စွန့်လွှတ်နိုင်မှ ခေါင်းဆောင်ကောင်းပီသတယ်။ ဒါမှလည်းပဲ ကျောင်းတိုက်တစ်တိုက်ဟာ အောင်မြင်ပါတယ်။ ဒီလိုမဟုတ်ဘဲ ငါ့အတွက် လျော့သွားလိမ့်မယ်၊ သူတို့အတွက်က ဘာဖြစ်ဖြစ်ဆိုတဲ့ စိတ်တွေများလာရင် အဲဒီကျောင်းတိုက်ဟာ ကျဆုံးမယ်။

အောင်မြင်သောကျောင်းတိုက်

'သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ ဒိဋ္ဌံ သော အတိဝတ္တတိ'တဲ့။ ဒီတရားလေးပါး ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ အားလုံးကို ကျော်လွှား အောင်မြင်နိုင်တယ်တဲ့။ ပြန်ချုပ်ရရင် သစ္စံဆိုတာ ဝစီသစ္စာ၊ ဓမ္မဆိုတာ စူးစမ်းနှိုင်းချိန်တတ်တဲ့ ပညာ၊ ဓိတိဆိုတာ တည်ကြည်မှု ကြိုးစားမှုနဲ့ ပြည့်စုံတာ၊ စာဂဆိုတာ အများအတွက် ကိုယ့်အတ္တကို စွန့်လွှတ်တာ။ ကျောင်းတိုက်နဲ့ ကိုယ်နဲ့ ယှဉ်လိုက်ရင် ကျောင်းတိုက်သာယာရေး၊ ကျောင်းတိုက်တိုးတက်ရေး ဦးစားပေးမယ်ဆိုတဲ့ ဒါမျိုးစိတ်ဓာတ် စာချုပ်နှံကြီးတိုင်း ရှိလာမယ်၊ ကျောင်းဘုန်းကြီးတိုင်း ရှိလာမယ်၊ စာသင်သားတိုင်း ရှိလာမယ်ဆိုရင် ဒီလိုကျောင်းတိုက်မျိုး၊ ဒီလိုရပ်ရွာမျိုး၊ ဒီလိုနိုင်ငံမျိုးမှ မအောင်မြင်၊ ဘယ်သူမှ မအောင်မြင်နိုင်ဘူး။ တပည့်တော်တို့ နိုင်ငံတော်မှာလည်း အတ္တစွန့်လွှတ်တဲ့ ခေါင်းဆောင်မျိုး၊ ကိုယ်မချမ်းသာရင် နေပါစေ၊ တိုင်းသူပြည်သားတွေ ပြေလည်စေဖို့ဆိုတဲ့ ခေါင်းဆောင်မျိုးတွေ ပေါ်လာပြီဆိုလို့ရှိရင် ဒီနိုင်ငံမှ မတိုးတက်၊ ဘယ်နိုင်ငံမှာမှ မတိုးတက်တော့ဘူး။

ဒါကြောင့် ဝါနရိန္ဒဇာတ်တော်မှာ မျောက်မင်းကို မိကျောင်းက ချီးကျူးတဲ့ ရန်သူအောင်ကြောင်းတရား၊ အောင်မြင်ကြောင်းတရား လေးပါးကို ကိုယ်စီကိုယ်ငင ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ သူတော်ကောင်းများ ဖြစ်လာအောင် ကြိုးစားနိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

မြတ်နိုးဖွယ်ဂုဏ်

၁၃၆၆ ခု၊ သီတင်းကျွတ်လကွယ်နေ့
၂၀၀၄ ခု၊ နိုဝင်ဘာလ ၁၁ ရက်၊ ကြာသပတေးနေ့ ည

တကယ်လုပ်တဲ့ပုဂ္ဂိုလ်

ကဲ ... သာမဏေစာမေးပွဲတွေ နီးလာပြီ။ တတ်နိုင်သမျှ စာလုပ်ချိန်ပိုရအောင် စီစဉ်ပေးမယ်။ အလုပ်တာဝန်တွေနဲ့ ဆွမ်းခံတာကတော့ အားလုံးလျှော့လို့မဖြစ်နိုင်ဘူးပေါ့။ တတ်နိုင်သမျှ လုပ်ပေးမယ်။ ကိုယ့်ဘက်ကလည်း ကိုယ်တိုင် အချိန်လုပြီး ကြိုးစားကြပါ။ တန်ဆောင်မုန်းလ ကုန်ခါနီးဆိုရန်ကုန် မင်္ဂလာဗျူဟာကနေ စပြီးတော့ ဖြေကြရမယ်ပေါ့။ အဲဒီတော့ ခုလို လုပ်ငန်းတာဝန်တွေ ဘာတွေ နားတဲ့အခါမှာလည်း တကယ်ကိုပဲ စာလိုချင်စိတ်နဲ့ တကယ်လုပ်နေတဲ့ပုဂ္ဂိုလ်တွေ ဖြစ်မှကောင်းမယ်ပေါ့။

စာမေးပွဲကောင်းကောင်းမလုပ်တဲ့ ပုဂ္ဂိုလ်တွေလည်းပဲ ရှိနေသေးတယ်။ အဲဒါတွေ တပည့်တော် ခေါ်စစ်ပြီး ဒီလာမယ့်နှစ်အတွက် စဉ်းစားရမယ်။ အကြီးတွေနဲ့ အားလုံးတိုင်ပင်ရမယ်။ စာကောင်းကောင်း မလုပ်ဘူး။ အပတ်စဉ်လေ့ကျင့်ခန်းတွေ အမြဲတမ်း ကျနေတယ်။ ဒါမျိုးတွေ ရှိနေသေးတယ်။ စာတကယ်ကြိုးစားလို့ ကျတယ်ဆိုတာက တစ်မျိုး။ ဘာမှ ကောင်းကောင်းမလုပ်ဘဲနဲ့ အမြဲတမ်း အဆင့်မမီဘူးဆိုတာကျတော့ တပည့်တော်တို့က နောက်နှစ် ဒီကျောင်းမှာ ဆက်နေဖို့အတွက် စဉ်းစားရမယ်။ တိုင်ပင်ရဦးမယ်။

www.dhammadownload.com

အဲဒါလေးတွေ အားလုံး ကိုယ့်ဟာကိုယ် ပြင်နိုင်လို့ရှိရင် ပြင်ထားပေးပါ။ ဒီထက်တော့ တိုက်တွန်းဖို့ မလိုတော့ဘူးပေါ့ဘုရား။ စာသင်သားရဲ့အလုပ်ဟာ စာလုပ်ဖို့ပဲရှိတယ်။ အဲဒါလေးတွေ အားလုံး သတိထားပေါ့။ ကိုယ့်ဟာကိုယ် ပြင်နိုင်ရင် ပြင်ထား။ ဒီနှစ်အတွက်ကတော့ ဒီအချိန်မှ ကြိုးစားလို့ရှိရင်လည်း နည်းနည်းပဲ မီတော့တယ်။ စောစောကတည်းက တပည့်တော် တဖွဖွ ပြောခဲ့တာပဲ။

အရင်တစ်ပတ်အဆက်

ဒီနေ့ တပည့်တော် အရင်တစ်ခါပြောခဲ့တဲ့ သူတော်ကောင်းလက္ခဏာငါးပါးကို ဆက်ပြီးတော့ ပြောပေးမယ်။ ဆောင်ပုဒ်လေးကို အားလုံး ဆိုလိုက်ပါ။

"ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်၊ ဆည်းကပ် မိတ်ဆွေကောင်း။

ထိုမိတ်ကောင်းပဲ၊ အသည်းစွဲ၊ အမြဲ ညွှတ်ကာပေါင်း။

ဒုက္ခရောက်ငြား၊ သူတစ်ပါး၊ လေးစားကူညီကြောင်း။

အင်္ဂါငါးဝ၊ ပြည့်စုံမှ၊ မှတ်ကြ သူတော်ကောင်း"

သူတော်ကောင်းတွေနဲ့နေရတာ သိပ်ပြီးတော့ စိတ်ချမ်းသာတယ်။ တပည့်တော် အရင်တစ်ပတ်ကလည်းပဲ ပြောခဲ့တယ်။ သူတော်ကောင်းတွေနဲ့ နေရတဲ့အခါ ပတ်ဝန်းကျင် ကောင်းသွားတယ်။ ပတ်ဝန်းကျင်ကောင်းလိုက်တာနဲ့ အရာအားလုံးဟာ တော်တော်များများ ပြီးမြောက်ကုန်တယ်လို့ မြတ်စွာဘုရားလည်းပဲ ဟောကြားထားတယ်။ ဒါကြောင့်မို့ သူတော်ကောင်းဖြစ်ဖို့ သိပ်အရေးကြီးတယ်။

သူတော်ကောင်းစံချိန်များ

ဒီသူတော်ကောင်းစံချိန်တွေနဲ့ ကိုယ့်ကိုယ် ကိုယ် တိုင်းကြည့်ရမယ်။ ကိုယ်ဟာ ကျေးဇူးသိတတ်သလား၊ မသိတတ်ဘူးလား။ ကျေးဇူးသိပြီးတော့ရော စွမ်းအားရှိသမျှ ကိုယ်ဘယ်လောက် ကျေးဇူးဆပ်ပြီးပြီလဲ။ ဒါလေးတွေကို ကိုယ့်ဟာကိုယ် တိုင်းတာကြည့်။ ဒါတွေဟာ စံတွေပဲ။ နောက်ပြီးတော့ မိတ်ကောင်းဆွေကောင်း...။ မိတ်ကောင်းဆွေကောင်းဆိုတာ သူငယ်ချင်းကောင်းသက်သက်ကို ပြောတာမဟုတ်ဘူး။ မိကောင်း ဖကောင်း၊ ဆရာကောင်း သမားကောင်း၊ အားလုံးကိုပြောတာ။ ဆရာကောင်း သမားကောင်းဆိုတာ နည်းမှန်လမ်းမှန်နဲ့ ကိုယ် ကျင့်တရားကို ထိန်းပြီးတော့ အားလုံးအပေါ်မှာ သင်ပြပေး၊ ဆုံးမပေးနေရင် ဒါလည်း မိတ်ကောင်းဆွေကောင်းပဲ။

မိတ်ကောင်းဆွေကောင်းလို့ ဆိုလိုက်တာနဲ့ များသောအားဖြင့် မြင်လိုက်မှာက ကိုယ့်ရဲ့ သူငယ်ချင်းကောင်း၊ ကိုယ့်အပေါ်မှာ ဘယ်လို ဘယ်လိုလုပ်ပေးခဲ့သူ၊ ဒါမျိုးတွေပဲ မြင်တတ်တယ်။ တကယ်ကတော့ အားလုံးဟာ မိတ်ကောင်းဆွေကောင်း ဖြစ်နိုင်တာပဲ။ မောင်နှမလည်း ဖြစ်နိုင်တယ်။ မိဘလည်း ဖြစ်နိုင်တယ်။ ဆရာသမားလည်းပဲ ဖြစ်နိုင်တယ်။

နောက် ... စတုတ္ထအချက်က အဲဒီ မိတ်ကောင်းက ကိုယ့်အပေါ် ပြောလာတဲ့အခါမှာ ကိုယ် ဘယ်လောက် နာခံမှုရှိသလဲ။ ဒါတွေကလည်းပဲ သိပ်ပြီးတော့ အရေးကြီးတဲ့ စံတွေပဲ။

နောက်ပြီးတော့ ... ကိုယ့်ပတ်ဝန်းကျင်မှာ

www.dhammadownload.com

နိမ့်ကျနေတာတွေကို ကိုယ်က စွမ်းအားရှိသလောက် ဘယ်လိုမြှင့်တင်ပေးမလဲ၊ ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်တွေကို ဘယ်လို ကူညီမလဲ။ ဒီလို စိတ်ဓာတ်တွေရှိမှ သူတော်ကောင်းလို့ ခေါ်တာ။ ဒါကြောင့်မို့ ဒီသူတော်ကောင်းလက္ခဏာတွေက အရေးကြီးတယ်ပေါ့။

အရှင်သာရိပုတ္တရာ

ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တဲ့ နေရာမှာ အခြားဟာတွေ ခဏထားလိုက်ဦး။ အရှင်သာရိပုတ္တရာကိုပဲ ကြည့်လိုက်ကြစို့။ တပည့်တော်တို့ အားလုံး ပထမဆင့်တက်တဲ့ ကိုရင်တွေ၊ ဒုတိယဆင့်တက်တဲ့ ကိုရင်တွေ ဓမ္မပဒမှာလည်းပဲ ပါခဲ့တယ်။ ဝိနည်းမဟာဝါမှာလည်း ပါခဲ့တယ်ပေါ့။ သာဝတ္ထိမြို့မှာ ရာဓဆိုတဲ့ပုဏ္ဏားဟာ သိပ်ပြီးတော့ ဆင်းရဲ၊ စားဝတ်နေရေး သိပ်ပြီးတော့ ခက်ခဲတော့ သံဃာတော်တွေရဲ့ကျောင်း၊ ဘုန်းကြီးကျောင်း သွားတယ်။ သွားပြီးတော့ တံမြက်စည်းလေး လှည်းလိုက်၊ မြက်တွေဘာတွေ ရှင်းပေးလိုက်၊ မျက်နှာသစ်ရေတွေ ဘာတွေ ခပ်ပေးလိုက်၊ ဒါမျိုးလေး လုပ်ရင်းနဲ့ သူဟာ ဆွမ်းကျန်ကွမ်းကျန်တွေ စားပြီးတော့ သံဃာတော်တွေကို ကျေးဇူးပြုနေတယ်။ ဆွမ်းကျန်ကွမ်းကျန် စားပြီးတော့ အလကားနေတာမဟုတ်ဘူးနော်။ သံဃာ့ဝေယျာဝစ္စတွေ လုပ်နေတာ။

သူ့ကို ရဟန်းတွေက ဆွမ်းကွမ်းတွေ ဘာတွေ ပြည့်စုံအောင် တတ်နိုင်သမျှ ချီးမြှောက်ပေမဲ့လို့ ရဟန်းတော့ ပြုမပေးချင်ကြဘူးတဲ့။ သူက ရဟန်းပြုချင်တယ်၊ ရဟန်းပြုခွင့်တောင်းတယ်။ ရဟန်းတွေက ရဟန်းပြုမပေးတော့ သူဟာ တစ်နေ့တခြား စိတ်တွေ ဆင်းရဲပြီးတော့ စာလိုဆိုတော့ 'ကိသော လူခေါ ဒုဗ္ဗဏ္ဏော' ပေါ့။ ပိန်ပြီးတော့ အရိုးတွေ ဘာတွေ မြင်နေရတယ်။ အကြောတွေ ဘာတွေကလည်း ထောင်ထနေတယ်။ ခန္ဓာကိုယ်ကလည်း ကြည့်လိုက်ရင် ဒုဗ္ဗဏ္ဏ- အဆင်းတွေ ပျက်ယွင်းနေတယ်။ စိတ်ညစ်တော့ ရေမချိုးတာတွေလည်း ပါမှာပေါ့။

တစ်လုတ်စားဖူး

အဲဒီလို သိပ်ပြီးတော့ ပိန်ချုံးပြီး အရိုးအကြောတွေ ပြိုင်းပြိုင်းထနေတာကို မြတ်စွာဘုရားက တွေ့တဲ့အခါမှာ မေးတော်မူတယ်။ ရဟန်းတွေက သူ့ကို သင်္ကန်းဝတ်မပေးတဲ့အတွက် စိတ်ဓာတ်တွေ သိပ်ပြီးတော့ ကျနေလို့ ဒီလိုဖြစ်တာပါလို့ ပြန်ဖြေတယ်။ ဖြေတော့ မြတ်စွာဘုရားက ရဟန်းသံဃာတွေရဲ့ ရှေ့မှာပဲ ဒီရာဓပုဏ္ဏားရဲ့ ပြုဖူးတဲ့ကျေးဇူးကို ဘယ်သူမှ မမှတ်မိတော့ဘူးလား၊ ဘယ်သူများ မှတ်မိသလဲလို့ မေးတော်မူတယ်ပေါ့။ အဲဒီမှာ စိတ်ထားသိပ်နူးညံ့တဲ့ အရှင်သာရိပုတ္တရာက ထပြီးတော့ တပည့်တော် ဒီပုဏ္ဏားရဲ့ကျေးဇူးတရားကို သိပါတယ်ဘုရားတဲ့။ ဘယ်လိုကျေးဇူးမျိုးကို သိတာလဲဆိုတော့ တပည့်တော် ဆွမ်းခံထွက်တုန်း ဟောဒီပုဏ္ဏားဟာ ဆွမ်းတစ်ဇွန်းလောင်းဖူးပါတယ်တဲ့။ ဆွမ်းတစ်ဇွန်းဆိုတာ ကြီးကျယ်ရဲ့လား။ မကြီးကျယ်ပေမဲ့လို့ အရှင်သာရိပုတ္တရာရဲ့ စိတ်မှာတော့ ကျေးဇူးတွေ သိပ်ရှိတယ်လို့ ဒီလိုပဲ မြင်တယ်တဲ့။

တပည့်တော်တို့ ဗမာစကားပုံမှာ 'တစ်လုတ်စားဖူး၊ သူကျေးဇူး'လို့ ရှိတယ်မဟုတ်လား။ နောက် ... တရုတ်စကားပုံတစ်ခုမှာ ထင်တယ်။ 'သူတစ်ထူးရဲ့ ဆားတစ်ပွင့်ကို လျက်ဖူးလို့ရှိရင် ဒီပုဂ္ဂိုလ်ဟာ ကျေးဇူးရှင်ပဲ'တဲ့။ ဆားတစ်ပွင့်လောက်လေး လျက်ဖူးရင်ကို ကျေးဇူးရှိတယ်တဲ့။

www.dhammadownload.com

သူကတောင်မှ ဒီကျေးဇူးတရားနဲ့ ပတ်သက်လို့ ပိုပြီးတော့ အသေးစိတ်နေသေးတယ်။ တပည့်တော်တို့ ဗမာစကားပုံကတော့ တစ်လုတ်စားဖူးပေါ့။ သိပ်တော့ မထူးပါဘူး။ ထားပါတော့။

အရှင်သာရိပုတ္တရာက ဒီလို ကျေးဇူးတရားဆွမ်းတစ်ဇွန်းလောင်းဖူးတဲ့အကြောင်း လျှောက်တော့ မြတ်စွာဘုရားက 'သာဓု သာဓု သာရိပုတ္တ၊ ကတညုနော ဟိ သာရိပုတ္တ သပ္ပုရိသာ ကတဝေဒိနော' တဲ့။ သပ္ပုရိသလို့ခေါ်တဲ့ သူတော်ကောင်းတွေဟာ ကတညူ- သူတစ်ပါး ကျေးဇူးကိုလည်း သိတယ်၊ ကတဝေဒီ- သိတဲ့အတိုင်းလည်း စွမ်းအားရှိသမျှ ဆပ်လေ့ရှိကြတယ် ဆိုပြီးတော့ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာကို သာဓုခေါ်ခဲ့တယ်ပေါ့။

ငရဲကျကြောင်း

တပည့်တော်တို့ အဂိုတ္တိရ် တစ်နေရာမှာလည်း အပါယ်ကျကြောင်းတရား လေးပါးထဲမှာ ငရဲကျတဲ့အထဲမှာ ဒီတစ်ချက်ပါတာပဲ။ ဘာပါလဲဆိုတော့ 'ကာယဒုစ္စရိတေန၊ ဝစီဒုစ္စရိတေန၊ မနောဒုစ္စရိတေန၊ အကတညုတာ အကတဝေဒိတာ' ဆိုပြီးတော့ အဲဒီလေးချက်နဲ့ ပြည့်စုံရင် ငရဲကို ရောက်တယ်ဆိုပြီးတော့ ဟောထားတယ်။ (၁) ကာယဒုစ္စရိတ- ခန္ဓာကိုယ်ကလည်း ကြမ်းတမ်းနေတာပဲ။ မလုပ်သင့်တာတွေ၊ ဒုစရိုက်တရားတွေ အကုန်လျှောက်လုပ်တယ်။ (၂) ဝစီဒုစ္စရိတ- သူ့ပါးစပ်က ထွက်လာလို့ရှိရင်လည်း နတ်မကပ်တော့ဘူးလို့ ပြောရလောက်အောင်ပဲ ဟိုဟာတွေ ဒီဟာတွေ လျှောက်ပြီးတော့ ပြောတယ်။ ပါးစပ်ကို စည်းမစောင့်ဘူး။ တဗျစ်ဗျစ်နဲ့ လျှောက်ပြောနေတာပဲ။

(၃) မနောဒုစ္စရိတ- သူကြံတဲ့ဟာတွေကလည်း သူပြော၊ သူလုပ်နေတဲ့ အတိုင်းပဲတဲ့။ စိတ်အတွင်းထဲကလည်း မကောင်းတာတွေပဲ လျှောက်ကြံနေတယ်ပေါ့။ နောက်ဆုံးဖြစ်တဲ့ စတုတ္ထအချက်က (၄) အကတညုတာ အကတဝေဒိတာ- ကျေးဇူးလည်း နည်းနည်းမှ မသိတတ်ဘူး။ ကျေးဇူးကန်းတယ်လို့ပဲ ပြောကြပါစို့။ ဆပ်ဖို့ဆိုတာ ဝေးရောတဲ့။ ဒီလို အင်္ဂါလေးချက်နဲ့သာ ပြည့်စုံရင်တော့ အဲဒီပုဂ္ဂိုလ်ဟာ သေလို့ ရှိရင် ငရဲတန်းရောက်မယ်။ ဒါလေးတွေ သေချာမှတ်သားစရာ ကောင်းတယ်။

အကျိုးတရား

ခု အရှင်သာရိပုတ္တရာက အဲဒီလိုမဟုတ်ဘဲ ဆွမ်းလေးတစ်ဇွန်းလောင်းဖူးတဲ့ ကျေးဇူးကို သိတဲ့အတွက် ရှင်ရဟန်းပြုပေးတယ်ပေါ့။ ပြုပေးပြီးတော့ သူ့အနားကိုခေါ်ပြီး ထားတယ်။ မကြာမီမှာပဲ တသွေမတိမ်း စကားနားထောင်တဲ့အတွက် ရဟန္တာဖြစ်သွားတယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ မိတ်ကောင်းဆွေကောင်းနဲ့ ပေါင်းသင်းရတဲ့အကျိုးပဲ။ အရှင်သာရိပုတ္တရာဆိုတဲ့ မိတ်ကောင်းဆွေကောင်းနဲ့ တွေ့လိုက်ရတဲ့အတွက် သူ့ဘဝမှာ တကယ့် ဆင်းရဲငတ်ပြတ်နေရာကနေပြီးတော့ ရဟန္တာအထိ ဖြစ်သွားတယ်။

ရဟန္တာဖြစ်တာလည်း မပြောနဲ့။ သူ့ရဲ့ အဏ္ဏတ္တမာတ်ခံလေးက ရှိတယ်။ သူ့ရဲ့ အထူးခြားဆုံးဂုဏ်က ဘာလဲဆိုတော့ 'သုဝစော' တဲ့။ သုဗ္ဘစပဲ ပြောကြပါစို့။ သုဗ္ဘစဆိုတာ စကားပြောတဲ့အခါမှာ နားထောင်လွယ်တာ။ အဲဒီဂုဏ်ဟာ သူ့ရဲ့ထူးခြားချက်ပဲ။ အရှင်သာရိပုတ္တရာကလည်း သူ့အပေါ်မှာ အထူးစောင့်ရှောက်လိုက်တယ်။ သူကလည်းပဲ ပြောတိုင်းပြောတိုင်း အမြဲတမ်း နာခံတယ်။ အဲဒီမှာ ရဟန္တာဖြစ်သွားတယ်။

www.dhammadownload.com

ဒါဟာ သူတော်ကောင်းနဲ့ ပေါင်းသင်းရကျိုးပဲ။ သူ့ရဲ့ဓာတ်ခံမှာလည်း စကားပြောတဲ့အခါမှာ ချေချေငံငံနဲ့ ဆရာသမားက အကျိုးအကြောင်း ပြောပြတဲ့အခါမှာ စူးစိုက်နားထောင်ပြီးတော့ ပြင်သင့်တာပြင်တယ်။ တပည့်တော်တို့ ဒါတွေဟာ သိပ်ပြီးတော့ အတုခိုးစရာ ကောင်းတယ်ပေါ့။

ဆင်ခြေပေးသူ

တစ်ခါတစ်ရံ တပည့်တော်တို့ ဆရာသမား ပြောလိုက်ပြီဆိုရင် ဆင်ခြေတွေက သိပ်တက်လာတယ်။ ဘာဖြစ်လို့ ညာဖြစ်လို့နဲ့။ ဒါတွေဟာ သုဗ္ဗစရဲ့လက္ခဏာလား၊ ဒုဗ္ဗစရဲ့လက္ခဏာလား ဆိုရင် ဒုဗ္ဗစရဲ့လက္ခဏာပဲ။ အဲဒါ သတိထားပါ။ ပြောလိုက်လို့ရှိရင် တတ်နိုင်သမျှ ဖြစ်အောင် လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်ပါ။ ဆင်ခြေတွေ လျှောက်ပေးနေတယ်ဆို ဟုတ်ကို မဟုတ်တော့ဘူး။ ဆင်ခြေဆိုတာကလည်း မဟုတ်တဲ့လူတွေကပဲ ပေးတာပါပဲ။ ဟုတ်တဲ့လူက ဘယ်တော့မှ ဆင်ခြေမပေးဘူး။ ကိုယ်စွမ်းသမျှ လုပ်ကြတာပဲ။

အဲဒီတော့ ရဟန္တာဖြစ်သွားတော့ မြတ်စွာဘုရားဆီ ခေါ်သွားတဲ့အခါမှာ မြတ်စွာဘုရားကလည်းပဲ မိန့်တော်မူစရာစကားတွေ အများကြီးထဲက ဘာလေးတစ်ခွန်းပဲ မိန့်လိုက်လဲဆိုတော့ 'သာရိပုတ္တရာ၊ သင့်ရဲ့တပည့်ဟာ သုဝစ၊ သုဗ္ဗစလို့ခေါ်တဲ့ ပြောလို့ဆိုလို့ရော လွယ်ကူရဲ့လား' တဲ့။ 'မြတ်စွာဘုရား၊ လွယ်ကူရုံတင်မကဘူး။ အတိဝိယ- သိပ်ပြီးတော့ကို လွယ်ကူတာပါပဲ ဘုရား' တဲ့။ ပြောရတာ သိပ်ပြီးတော့ ကောင်းတာပဲဆိုတော့ မြတ်စွာဘုရားက 'ဒီလိုတပည့်မျိုး ရရင် ဘယ်လောက်များလိုချင်လဲ' လို့ ဆက်မေးတော်မူတယ်။ အရှင်သာရိပုတ္တရာကလည်း 'ဒီလိုတပည့်မျိုးသာ ရလို့ကတော့ တပည့်တော် အတိုင်းအဆမရှိ အများကြီးလိုချင်ပါတယ်' တဲ့။

တစ်ပါးတည်းလည်း ဆင်းရဲရ

ဒီနေရာမှာ ကြည့်နော်။ တပည့်တော်တို့ ကျောင်းတိုက်တစ်တိုက် အုပ်ချုပ်တယ်ဆိုလို့ရှိရင် အရေအတွက်များတာဟာ အဓိက မဟုတ်ဘူး။ အရေအတွက်များလို့ ခက်ခဲတာ မဟုတ်ဘူး။ ဒုဗ္ဗစပုဂ္ဂိုလ်တွေများလာလို့ ခက်ခဲတာ။ ဒီလို ကောက်ချက်ချလို့ မရဘူးလား။ ဒုဗ္ဗစလို့ခေါ်တဲ့ ကပ်သီးကပ်သတ်နဲ့ ဆင်ခြေဆင်လက်များတဲ့ ပုဂ္ဂိုလ်တွေများပြီဆိုရင် ကျောင်းတိုက်တစ်တိုက်မှာ အုပ်ချုပ်ရတာ သံဃာဆယ်ပါးရှိလည်း ခက်တယ်။ ငါးပါးရှိလည်း ခက်တယ်။ ဒီလို ပုဂ္ဂိုလ်ရှိလို့ကတော့ တစ်ပါးတည်းရှိလည်း စိတ်ညစ်ရတာပဲ။

ဒါကြောင့် တပည့်တော်တို့ ဂါထာလေး တစ်ပုဒ်လည်း ရှိတယ်။ အားလုံး ဆိုကြည့်လိုက်ပါဦး။

"ဌာန သုဌာနတာ လောကေ၊
အာစေရာနံ သွာစေရတာ။
သောတူနံ သောဝစဿဋ္ဌ၊
ဧသော အာရာမသမ္မဒါ"

ကျောင်းတိုက်တစ်တိုက်ဟာ အပြင်ပန်း အဆောက်အအုံမျှ ပြည့်စုံတာမဟုတ်ဘဲနဲ့ အတွင်းထဲက အဏ္ဏတ္တသန္တာန်မှာ စိတ်ဓာတ်ဆိုတဲ့ သမာဓိတွေရော၊ သီလအားတွေရော၊ ပညာအားတွေရော တိုးတက်ချင်ပါတယ်ဆိုရင် အင်္ဂါသုံးချက်နဲ့ ပြည့်စုံရတယ်တဲ့။

www.dhammadownload.com

ကောင်းသုံးကောင်းနဲ့ကျောင်း

နံပါတ်(၁)က 'ဌာန သုဌာနတာ' တဲ့။ ဌာနကလည်း ကောင်းရတယ်။ စာသင်တိုက်ဖွင့်တယ် ဆိုပါစို့။ စာသင်စာကျက်လို့ အဆင်ပြေတယ်။ ရာသီဥတုက စပြီးတော့၊ သစ်ပင်ဝါးရိပ်ကျောင်းဆောင်က စပြီးတော့ မျှတရတယ်။ (၂) 'အာစေရာနံ သွာစေရတာ'။ ဆရာတွေကလည်း ကိုယ့်ရဲ့တိုးတက်မှုထက် တပည့်ရဲ့တိုးတက်မှုကို ပိုပြီးတော့ ရှေးရှုရတယ်။ ကိုယ်က တပည့်တွေအတွက် လုပ်ပေးနေတယ်ဆိုလို့ရှိရင် တပည့်တွေကိုယ့်ထက် သာစေရမယ်ဆိုတဲ့စိတ်နဲ့ အနစ်နာခံတဲ့ဆရာတွေ များရမယ်။ ဒီလိုမှ မဟုတ်ဘဲနဲ့ တပည့်တွေ စာချပေးရတာ ကိုယ့်အတွက် အချိန်ကုန်တယ်ဆိုတဲ့ စိတ်ဓာတ်များတဲ့ ဆရာတွေရှိရင်တော့ ဒါဟာ 'အာစေရာနံ သွာစေရတာ' မဖြစ်ဘူးပေါ့။

နောက်ပြီးတော့ နံပါတ်(၃)က 'သောတူနံ သောဝစဿဉ္စ' တဲ့။ ဆရာတွေ ဘယ်လောက်ကောင်းကောင်း၊ ဌာနကြီး ဘယ်လောက်ကောင်းကောင်း၊ ဆွမ်းကွမ်းတွေ ဘယ်လောက် မျှတမျှတ၊ တပည့်တွေက ဆင်ခြေဆင်လက်များတယ်။ အကြောင်းပြတွေ သိပ်များတယ်။ ပြောတဲ့အခါမှာ ဂျစ်တီးဂျစ်ကန်နဲ့ ဆရာတောင်ပြန်ပြီးတော့ တွယ်မယ့်ပုံစံမျိုးတွေ များပြီဆိုရင် ဒီကျောင်းတိုက်မျိုးဟာ ဘယ်တော့မှ မတိုးတက်ဘူး။ နိုင်ငံဆိုလည်း အဲဒီနိုင်ငံမျိုးဟာ ဘယ်တော့မှ မတိုးတက်ဘူး။ နောက်ဆုံး အောက်ခြေအဆင့် အိမ်တစ်အိမ်တောင်မှ မတိုးတက်ဘူးပေါ့။

အာရာမသမ္မဒါ

ခုလည်းပဲ အရှင်သာရိပုတ္တရာက 'တပည့်တော် ဒီလိုတပည့်မျိုးသာ ရလို့ကတော့ အရေအတွက် အကန့်အသတ်မရှိ အများကြီးကို လိုချင်ပါတယ်' ဆိုပြီး ဒါမျိုး လျှောက်သွားတယ်။ တပည့်တော်တို့ ဒီကျောင်းတိုက်ဟာ သံဃာတွေ အခု တစ်ရာ့ငါးဆယ်နီးလာပြီ။ တစ်ရာ့ငါးဆယ်နီးလာတော့ ဒုဗ္ဘစပုဂ္ဂိုလ်လေးတွေလည်း ထိုက်သလောက်တော့ တွေ့လာရတယ်။ ဒီ ဒုဗ္ဘစသဘောမျိုးလေးတွေ တွေ့လာပြီဆိုရင် တပည့်တော်တို့က တတ်နိုင်သမျှ ပပျောက်အောင် လုပ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုဒုဗ္ဘစတွေများလာလို့ရှိရင် ကျောင်းတိုက်ဟာ အာရာမသမ္မဒါ (ပြည့်စုံတဲ့ကျောင်း) မဖြစ်တော့ဘူး။ အာရာမဝိပ္ပတ္တိ (ပျက်စီးတဲ့ကျောင်း)ပဲ ဖြစ်သွားတော့မှာ။

ဒါကြောင့် ဒါမျိုးလေးတွေကို တပည့်တော်တို့က အဂတိမလိုက်ဘဲနဲ့ ရှင်းလင်းပေးရမယ်။ စွမ်းအားရှိသမျှ ပြင်နိုင်တဲ့ပုဂ္ဂိုလ် ပြင်ရုံပဲ။ မပြင်နိုင်ဘူးဆိုရင်တော့ တပည့်တော်တို့က ဓမ္မလမ်းကြောင်းအတိုင်း သွားရုံပဲပေါ့။ ဒါ အားလုံးအတွက် တပည့်တော် ကြုံလို့ပြောတာနော်။ သုဗ္ဘစ- စကားနားထောင်တဲ့ပုဂ္ဂိုလ်တွေ များတဲ့အတွက် ပြဿနာဆိုတာ ရှိနိုင်ပါ့မလား။ မရှိနိုင်ဘူးနော်။ ခုနက ရာဓပုဏ္ဏားကြီးနဲ့ အရှင်သာရိပုတ္တရာ ဝတ္ထုကြောင်းကို ကြည့်လိုက်ပေါ့။ နောက်ပြီး တပည့်တော်တို့ 'အာရာမသမ္မဒါ' ပြည့်စုံတဲ့ကျောင်းဖြစ်ဖို့ဆိုတဲ့ ဒီအင်္ဂါထဲမှာလည်း သုဗ္ဘစဆိုတာ သီးသန့်ကြီးကို ထည့်ထားတယ်။

မြတ်နိုးတဲ့ဂုဏ်

အဲဒီတော့ ရှင်ရာဓအကြောင်းကို အရှင်သာရိပုတ္တရာက ထည့်လျှောက်တယ်။ 'မြတ်စွာဘုရား၊ ဒီရဟန်းဟာ သိပ်ပြီးတော့ကို ပြောရ

www.dhammadownload.com

ဆိုရလွယ်တာပဲဘုရား' တဲ့။ 'တပည့်တော် တစ်ခါတစ်ရံ အပြစ်တွေပြုပြီးတော့ ပြောလိုက်ရင် တစ်ခါမှကို စိတ်မဆိုးဖူးဘူး။ စိတ်ဆိုးတဲ့အမူအရာ တစ်ခါမှကို မပြဖူးဘူး' လို့ အရှင်သာရိပုတ္တရာက အဲဒီဂုဏ်လေး ထည့်လျှောက်တယ်။ အဲဒါလေး အရှင်ဘုရားတို့ သတိထားပါ။ အရှင်သာရိပုတ္တရာ သိပ်မြတ်နိုးတယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်။ သူတပည့်မှာ ချီးကျူးစရာတွေ အများကြီးရှိမှာပါပဲ။ ရှိပေမဲ့လို့ သုဇစဂုဏ်နဲ့ပဲ တခုတ်တရ ပြောသွားတယ်။

ဒါဟာ တပည့်ကောင်းတစ်ဦးရဲ့ လက္ခဏာပဲ။ အပြစ်ပြုပြီးတော့ ဆုံးမတာကို တစ်ခါမှ စိတ်မဆိုးဘူး။ စိတ်ဆိုးတဲ့အမူအရာ ကာယကံနဲ့လည်း မပြဘူး။ ဝစီကံနဲ့လည်း မပြဘူး။ မနောကံနဲ့လည်းပဲ မပြဘူး။ ဒါဟာ တပည့်တော်တို့ သိပ်ပြီးတော့ အရေးကြီးတဲ့အချက်။ အဲဒီလို တပည့်မျိုးဆိုရင် တပည့်တော်တို့ ဆရာတွေက ဆုံးမရမှာ ဝန်လေးဦးမလား။

မြစကြာဖွဲ့စည်းပုံ

ဒီကျောင်းတိုက်မှာ တပည့်တော်ပြီးလို့ရှိရင် အခု အနုနာယကလို့ ခေါ်တယ်ပေါ့။ တစ်ချိန်မှာ သူတို့ကို နာယက အဖြစ်နဲ့ တပည့်တော် ခန့်အပ်သွားဖို့ရှိတယ်။ သူတို့ ရှိတယ်။ ရှိတဲ့အထဲမှာ ဆွမ်းစားကျောင်းဘုန်းကြီး ဦးကောဝိဒဆိုတာ စာပေအနေနဲ့ မရှိသေးပေမဲ့လို့ အားလုံးအတွက် အနစ်နာခံ အကျိုးဆောင်တဲ့အတွက် သူဟာ သူ့နေရာနဲ့သူ ရလာတာ။ ဒါကို ဘယ်သူမှလည်း ငြင်းစရာမရှိဘူး။ ငြင်းမယ်လည်း မထင်ဘူးပေါ့။ ဘာဖြစ်လို့ ဒီနေရာရတာလဲဆိုတော့ သံဃာအကျိုးအတွက် သေချာဆောင်ရွက်လို့ပဲ။ ဒါ တပည့်တော်တို့ကိုက လေးလေးစားစားနဲ့ ကိုယ်မလုပ်နိုင်တဲ့အလုပ် လုပ်လို့ဆိုပြီးတော့ ပေးအပ်ထားရတာ။ ကျန်တဲ့ အနုနာယကဘုန်းကြီးတွေရဲ့ အရည်အချင်းကို ကြည့်လို့ရှိရင်လည်း အားလုံးဟာ လေးစားစရာတွေပဲ။

ဒါကြောင့် တပည့်တော်တို့က ပြောထားတယ်။ တပည့်တော် မရှိရင် ဒုတိယပုဂ္ဂိုလ်ဟာ ပထမဖြစ်လာရမယ်။ ဆိုပါစို့၊ တပည့်တော် ခရီးထွက်တယ်။ ကျန်တဲ့ပုဂ္ဂိုလ်က လူကြီးစိတ်နဲ့ သတ္တိရှိရှိ လုပ်ရဲကိုင်ရဲရမယ်။ အားလုံးအပေါ် ညီမျှတဲ့ ခေါင်းဆောင်ကောင်းဖြစ်အောင် လုပ်ရမယ်။ သူ ခဏ မရှိဘူးဆိုရင် တတိယပုဂ္ဂိုလ်က အကြီးဆုံး ဖြစ်သွားပြီ။ အားလုံးကို တာဝန်ယူရဲတဲ့သတ္တိ ရှိရမယ်။ ပြောရဲဆိုရဲရမယ်။ တာဝန်ယူလုပ်ကိုင်ရဲရမယ်။ ညီမျှတဲ့စိတ်ထား မေတ္တာတရားတွေလည်းပဲ ထားနိုင်ရမယ်။ ခြံ့ပြောရရင်တော့ နာယကဂုဏ်နဲ့ ပြည့်စုံရမယ်ပေါ့။ တပည့်တော် သူတို့ကိုလည်း နာယကဂုဏ်နဲ့ ပြည့်စုံအောင် စိတ်ဓာတ်တွေ အားလုံးပုံသွင်းတယ်။ သူတို့လည်း စွမ်းအားရှိသမျှ ကြိုးစားကြတယ်။ စာလည်း ချကြတယ်။ စာချတယ်ဆိုတာ ကိုယ်စာမေးပွဲဖြေရက်နဲ့ကိုပဲ သူတစ်ပါးအပေါ်မှာ အနစ်နာခံပြီးတော့ ချကြတယ်။ သူတို့ စာချတဲ့အတွက်လည်း အရှင်ဘုရားတို့ ထိုက်သလောက် တိုးတက်လာကြတယ်။

ဒါကြောင့် တပည့်တော် ဘာပြောခဲ့ဖူးလဲဆိုတော့ သူတို့စကား နားမထောင်လို့ရှိရင် တပည့်တော်ရဲ့စကား နားမထောင်တာနဲ့ အတူတူပဲလို့။ အောက်က အနုနာယကဘုန်းကြီးတွေရဲ့ စကား နားမထောင်ရင် ဘုန်းကြီးစကား နားမထောင်တာနဲ့ အတူတူပဲ။ အဲဒီ အနုနာယကတွေရဲ့အောက်မှာလည်း စာချတွေရှိတယ်။ စာချမခန့်ရသေးပေမဲ့ စာချတွေနဲ့အတူ ရင်ပေါင်တန်း

www.dhammadownload.com

ပြီးတော့ အရည်အသွေးရှိနေတဲ့ သံဃာတွေ၊ ရဟန်းတွေ ရှိတယ်။ သူတို့ကိုလည်း အားလုံး ကိုယ်စီကိုယ်စီ ဆိုင်ရာတာဝန်လေးတွေ ပေးထားတယ်။ ဒါ စာချုပ်နှင်းကြီး မဖြစ်သေးပေမဲ့လို့ လေ့ကျင့်နေတဲ့သဘောပဲ။ ကိုယ့်အတွက် ဒါတွေဟာ လူကြီးဖြစ်ဖို့ လေ့ကျင့်ခန်းတွေပဲ။

နေကို မနေသင့်

အဲဒီပုဂ္ဂိုလ်အားလုံးကို ပြန်မပြောနဲ့။ ခံမပြောပါနဲ့။ မှားတယ်ဆိုရင်၊ အကြီးဖြစ်သူက မတရားဘူးဆိုရင် တပည့်တော်ဆီ လာပြီးတော့ ပြောပါ။ ဒီလိုမှ မဟုတ်ဘဲနဲ့ ပြန်ပြောတယ်၊ ခံပြောတယ်၊ မကြိုက်တဲ့အမူအရာ ပြတယ်ဆိုလို့ရှိရင် ဒီကျောင်းတိုက်မှာ နေကို မနေသင့်တော့ဘူး။ ဘာဖြစ်လို့လဲ။ တပည့်တော်က အမြဲတမ်း ရှိမှာ မဟုတ်ဘူး။ သွားစရာရှိတာ သွားမယ်၊ လုပ်စရာရှိတာ လုပ်မယ်။ အခုဆိုရင် စီမံကိန်းတွေလည်း များလာတယ်။ တပည့်တော် အတွက်ကို ကောင်းကောင်းမလုပ်ဖြစ်တော့ဘူး။ စာချုပ်ကတော့ တပည့်တော် မပျက်သေးဘူးပေါ့။

အဲဒီတော့ သူတို့ကြောက်သွားမယ်ဆိုလို့ရှိရင် ဒီကျောင်းတိုက်ကြီးက လည်ပတ်လို့မရဘူး။ အောက်ကပုဂ္ဂိုလ်က သုဗ္ဗစဖြစ်မှ သူတို့လည်းပဲ ရဲရဲတင်းတင်းလုပ်မယ်။ တစ်ပါးလောက် ပြောလိုက်၊ ပြန်ပြီးတော့ ဘာလိုလို ကြားလိုက်၊ ဟို တစ်ပါးပြောလိုက်၊ ပြန်ပြီးတော့ လုပ်လိုက်၊ အဲဒီလိုနဲ့ ကြာတော့ ဒီအကြီးဖြစ်တဲ့ပုဂ္ဂိုလ်တွေ မဆုံးမချင်တော့ပါဘူးဆိုရင် ဒီကျောင်းတိုက်ကြီးဟာ ပျက်စီးရုံမှတစ်ပါး မရှိတော့ဘူး။ အဲဒါကြောင့် တပည့်တော်တို့ သုဗ္ဗစဂုဏ်ဟာ သိပ်ပြီးတော့ အရေးကြီးတယ်ပေါ့။

အကြောင်းရှိတယ်

ရှင်ရာဓရဲ့ စိတ်ထားနဲ့စပ်ပြီးတော့ မြတ်စွာဘုရားက မေးတယ်။ အရှင်သာရိပုတ္တရာက ဖြေတယ်။ ဒီလိုတပည့်မျိုးတော့ ဘယ်လောက်ပဲ များများ လိုချင်ပါတယ်တဲ့။ တပည့်တော်တို့လည်း ဒီလိုပဲ။ နည်းနည်းလေးဖြစ်ဖြစ်၊ များများကြီးဖြစ်ဖြစ်၊ စကားနားထောင်တဲ့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တပည့်ဆိုရင် သိပ်ပြီးတော့ မြတ်နိုးတယ်ပေါ့။ ဒါမှလည်း သာသနာအတွက် အကျိုးရှိတယ်။ တစ်ပါးနှစ်ပါးရှိလည်းပဲ ကိုးရိုးကားရားပုဂ္ဂိုလ်ဆိုရင် သိပ်ပြီးတော့ မဟန်ဘူးပေါ့။ ဒါကြောင့် အရှင်သာရိပုတ္တရာက သူ့ရဲ့တပည့်ဟာ သူ အပြစ်ပြပြီးတော့ ဆုံးမတဲ့အခါမှာ တစ်ခါမှ စိတ်မဆိုးဖူးဘူး၊ စိတ်ဆိုးတဲ့အမူအရာ မပြဖူးဘူးဆိုပြီး ဒီဂုဏ်ပုဒ်ကို အရှင်သာရိပုတ္တရာ သီးသန့် ထုတ်တယ်။ ထုတ်ပြီးတော့ မြတ်စွာဘုရားကို လျှောက်တယ်။ ဒါတွေဟာ တပည့်တော်တို့ သိပ်ပြီးတော့ အကြောင်းရှိတယ်လို့ ကောက်ချက်ချလို့ ရတယ်ပေါ့။

ကဲ ... အချိန်လည်းပဲ ကြာသွားပြီ။ အရှင်သာရိပုတ္တရာရဲ့ ကျေးဇူးသိတတ်ပုံ၊ အရှင်သာရိပုတ္တရာလို မိတ်ဆွေကောင်းကို ဆည်းကပ်တဲ့ အရှင်ရာဓရဲ့ အကျိုးကျေးဇူးရပုံ၊ သူတို့ သာသနာပြုသွားပုံ၊ ဒါတွေကို ကြည်ညိုစရာအဖြစ် ပြောခဲ့တယ်။ ဒါကြောင့် ဆရာတွေကလည်း ကိုယ့်ရဲ့ အကျိုးစီးပွားထက် တပည့်တွေရဲ့အကျိုးစီးပွားကို ပိုပြီးတော့ လိုလားတဲ့ဆရာများ ဖြစ်နိုင်ကြပါစေ၊ တပည့်တွေကလည်းပဲ ဆရာသမားတွေအပေါ်မှာ အရှင်ရာဓကဲ့သို့ နှလုံးသွင်းပြီးတော့ ကျင့်ကြံနိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

ရဟန်းကျင့်ဝတ်

၁၃၆၆ ခု၊ တန်ဆောင်မုန်းလကွယ်နေ့
၂၀၀၄ ခု၊ ဒီဇင်ဘာလ ၁၁ ရက်၊ စနေနေ့ ည

ယခင်တစ်ပတ်အဆက်

ကဲ ... အရင်အပတ်ကအတိုင်း သူတော်ကောင်းလက္ခဏာငါးပါးကိုပဲ ဆက်ပြီးတော့ ပြောပေးမယ်။ အားလုံး ဆောင်ပုဒ်လေးကို ပြန်ဆိုလိုက်။

"ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်၊ ဆည်းကပ် မိတ်ဆွေကောင်း။
ထိုမိတ်ကောင်းပဲ၊ အသည်းစွဲ၊ အမြဲ ညွှတ်ကာပေါင်း။
ဒုက္ခရောက်ငြား၊ သူတစ်ပါး၊ လေးစား ကူညီကြောင်း။
အင်္ဂါငါးဝ၊ ပြည့်စုံမှ၊ မှတ်ကြ သူတော်ကောင်း"

ဒီသူတော်ကောင်းလက္ခဏာတွေထဲမှာ ကျေးဇူးသိတတ်တယ်၊ ကျေးဇူးဆပ်တယ်ဆိုတဲ့ နှစ်ချက်ဟာ အဓိကအခန်းမှာ ပါတယ်ဆိုတာကို အရင်အပတ်က တပည့်တော် ပြောခဲ့ပြီ။ 'ကတညုနော ဟိ သာရိပုတ္တ သပ္ပုရိသာ ကတိဝေဒိနော' ဆိုပြီး အရှင်သာရိပုတ္တရာကို မြတ်စွာဘုရားက သာဓုခေါ်ခဲ့တယ်။ သူတော်ကောင်းတွေဆိုတာ ကျေးဇူးကိုလည်းပဲ သိတတ်တယ်၊ သိတဲ့အတိုင်း ကျေးဇူးကိုလည်းပဲ ဆပ်လေ့ရှိတယ်ဆိုပြီးတော့ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာ ဆွမ်းတစ်ဇွန်းလောင်းခဲ့ဖူးတဲ့ ကျေးဇူးသိ

www.dhammadownload.com

တတ်ပုံကို ချီးကျူးတော်မူတယ်။

ကျေးဇူးသိသူ

အရှင်သာရိပုတ္တရာအကြောင်းကို လေ့လာကြည့်လို့ရှိရင်လည်း ဒီသဘောတရားကို အမြဲတွေ့ရတယ်။ အရှင်သာရိပုတ္တရာရဲ့ ဆရာရင်းက အရှင်အဿဇိ တဲ့။ ပဉ္စဝဂ္ဂိငါးဦးထဲက အငယ်ဆုံး မထေရ်ပေါ့။ အရှင်အဿဇိ မထေရ်ထံက 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ' ဆိုတဲ့ ပထမနဲ့ ဒုတိယ ပါဒပဲ ပါတဲ့ ဂါထာထက်ဝက်လေး နာယူလိုက်တာနဲ့ အရှင်သာရိပုတ္တရာအလောင်းဖြစ်တဲ့ ဥပတိဿ ပရိဗိဇ်ဟာ သောတာပန်အရိယာ ဖြစ်သွားတယ်။

အဲဒီလို သောတာပန်အရိယာဖြစ်သွားပြီးတဲ့နောက် အရှင်သာရိပုတ္တရာဟာ အလေ့အထလေး တစ်ခုလုပ်လေ့ရှိတယ်တဲ့။ ဘာလဲဆိုတော့ ညည ကျိန်းစက်တော့မယ်ဆို အရှင်အဿဇိ ရှိတဲ့နေရာကို မှန်းပြီးတော့ လက်အုပ်လေးချီ၊ အရှင်အဿဇိက မြောက်အရပ်မှာ ရှိတယ်ဆိုရင် မြောက်အရပ်ကို ခေါင်းလှည့်ပြီး ကျိန်းတယ်၊ အရှေ့အရပ်မှာ အရှင်အဿဇိ ရှိတယ်ဆိုရင်လည်း အရှေ့အရပ်ကို ခေါင်းပြုပြီးတော့ ကျိန်းစက်တယ်။ အဲဒီလောက်အထိ ကျေးဇူးသိတတ်တယ်။

အရပ်မျက်နှာရှိခိုးသူ

အရှင်အဿဇိရဲ့ကျေးဇူးကြောင့် သူဟာ ဒီတရားထူးတရားမှန်ကို ရသွားပြီးတော့ တစ်သံသရာလုံးမှာ အို၊ နာ၊ သေ ဆင်းရဲတွေ ထပ်တလဲလဲ ဖြစ်ခဲ့ရာကနေ သက်သာရာရသွားတယ်။ နောက်ဆုံး ရဟန္တာဖြစ်သွားတော့ ဒီဒုက္ခတွေက လုံးဝကျွတ်လွတ်သွားတယ်။ ဒါ အရှင်အဿဇိရဲ့ ကျေးဇူးတရား။ အရှင်သာရိပုတ္တရာက သူ့အပေါ် ဓမ္မနဲ့စပ်ပြီးတော့ အဲဒီလိုကျေးဇူးတွေများခဲ့တဲ့အတွက် သူ့ဆရာရှိရာဘက် ဒီလိုပဲ လှည့်လှည့်အိပ်တယ်။ ဒါကိုမသိတဲ့ ရဟန်းတချို့က အရှင်သာရိပုတ္တရာဟာ အရပ်မျက်နှာကို ရှိခိုးတယ်၊ မိစ္ဆာဝါဒ မစွန့်သေးဘူးလို့ ထင်လာကြတယ်ပေါ့။

ရဟန်းတွေ သံသယကင်းအောင်လို့ မြတ်စွာဘုရားက ခေါ်ပြီးတော့ မေးတဲ့အခါမှာ အရှင်သာရိပုတ္တရာက သူ အရပ်မျက်နှာတွေ ရှိခိုးတာဘာကိုရှိခိုးလဲဆိုတာ မြတ်စွာဘုရား သိပါတယ်လို့ ပြန်လျှောက်ထားတယ်။ လျှောက်တော့ မြတ်စွာဘုရားက 'တစ်ဦးတစ်ယောက်ထံကနေ သစ္စာလေးပါးတရားကို ထိုးထွင်းသိခဲ့ရရင် အဲဒီပုဂ္ဂိုလ်ကို ရှိခိုးထိုက်တဲ့အကြောင်း' ဓမ္မပဒမှာ ဟောထားတယ်ပေါ့။ တတိယဆင့် သာမဏေတွေ အဲဒီဂါထာလေးရရင် ရွတ်ကြည့်စမ်းပါ။

'ယမှာ ဓမ္မံ ဝိဇာနေယျ၊
သမ္မာသမ္ဗုဒ္ဓဒေသိတံ။
သက္ကစ္စံ တံ နမဿေယျ၊
အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော'

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်ကို တစ်လုံးတစ်ပါဒဖြစ်ဖြစ် အကြင်ပုဂ္ဂိုလ်ထံကနေ သိတယ်။ အကြင်ဆရာသမားထံ၊ အကြင်မိတ်ဆွေထံက သိတယ်။ အဲဒီပုဂ္ဂိုလ်ကို 'အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော' တဲ့။ ပုဏ္ဏားတွေက မီးတွေ ဘာတွေကို ပူဇော်တဲ့အခါ ရှိခိုးသလိုပဲ အဲဒီပုဂ္ဂိုလ်ဟာ အဲဒီဆရာသမားကို ရှိခိုးရမယ်ဆိုပြီးတော့ မြတ်စွာဘုရားကလည်းပဲ အရှင်သာရိ

www.dhammadownload.com

ပုတ္တရာရဲ့ အယူအဆမှန်ကန်ကြောင်း ထောက်ခံဟောထားတယ်ပေါ့။

ခုခေတ်တပည့်

ဒါကြောင့်မို့ တပည့်တော်တို့လည်း စာချဖူးတဲ့ ဆရာတွေဘာတွေ ဆိုလို့ရှိရင် တစ်ခါတစ်ရံ ဆရာအမှားပါတာတောင်မှ သည်းခံရတယ်။ တပည့်တော်တို့ သူ့ဆီကနေပြီးတော့ အသိဉာဏ်တွေ ရခဲ့တာမဟုတ်လား။ ခုခေတ်က တစ်မျိုးပဲ။ တပည့်တော်တို့ မြောင်းမြဆရာတော်ကြီး ပြောတဲ့စကားလည်း တပည့်တော် ပြောခဲ့ဖူးပါတယ်။ 'ခုခေတ်တပည့်တွေက ဋီကာကျော်တစ်အုပ် ချဖူးတဲ့ဆရာကို သင်္ကန်းတစ်စုံ ပေးဖူးတဲ့ဆရာလောက်တောင်မှ အသိအမှတ် မပြုချင်ကြဘူး' တဲ့။

ဒီမှာ ကြည့်နော်။ မြတ်စွာဘုရားရဲ့အလိုက ဒီဆရာ့ထံကနေပြီးတော့ စာဝါတစ်ဝါတက် ဖူးတယ်၊ သို့မဟုတ် တစ်လုံးတစ်ပါဒ နားလည်အောင် သင်ဖူးတယ်ဆိုလို့ရှိရင် ဒီဆရာသမားကို အမြဲတမ်းပဲ လေးလေးစားစား ရှိခိုးရမယ်တဲ့။ ဒါကြောင့် တပည့်တော် အမြဲပြောလေ့ရှိတယ်။ ဆရာသမားတွေ လာတယ်၊ သို့မဟုတ် ဆရာသမားလောက် ရိသေရမယ့် ပုဂ္ဂိုလ်တွေ လာတယ်၊ လမ်းသွားလောက်လို့ရှိရင် ၁၂-တောင် ဥပစာလောက်ကနေပြီးတော့ ရှောင်သွားသင့်တယ်။ ဒါကိုပဲ မြင်ရက်သားနဲ့ ရင်ပေါင်တန်းသွားသလိုလို၊ ဖိနပ်ချွတ်ရမှာ ဝန်လေးသလိုလို၊ ဒါမျိုးတွေ မလုပ်ပါနဲ့။

ဆရာဟောင်းဆီသို့

ဒီကျောင်းမှာ နည်းတော့ နည်းတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံ ရဟန်းတွေထဲကကိုပဲ တွေ့နေသေးတယ်ပေါ့။ ဒါလေးတွေကို ကြိုးစားပြီးတော့ ရှောင်ကြဉ်ပေးပါ။ အရှင်သာရိပုတ္တရာဟာ ကျေးဇူးသိတတ်တဲ့အထဲမှာတော့ သိပ်ပြီးတော့ အတုယူစရာ ကောင်းတာပဲ။ သူ့ဆရာဟောင်း သိဉ္ဆည်းဆရာကြီး၊ တိတ္ထိဆရာကြီးဆိုလို့ရှိရင်လည်း တရားထူးရတာနဲ့တစ်ပြိုင်နက် ပြန်ပြီးတော့ တရားဟောကြစို့ဆိုပြီး သူငယ်ချင်းဖြစ်တဲ့ အရှင်မောဂ္ဂလာန်အလောင်းကို တိုင်ပင်တာပဲ။

'တကယ်လို့ တို့တရားကို သိသွားရင်လည်း ကောင်းတာပဲ။ တကယ်လို့ မသိဘူးဆိုရင်လည်း မြတ်စွာဘုရားဆီ လိုက်ပြီးတော့ မြတ်စွာဘုရား တရားနာပြီးတော့ သူ့ဘဝလမ်းမှန်တွေ ရသွားမှာပဲ' ဆိုပြီး ကိုယ်တရားထူးရလိုက်တဲ့အချိန်မှာ တကယ့်မိစ္ဆာဒိဋ္ဌိဖြစ်နေတဲ့ လောကီဆရာကိုလည်း ကျေးဇူးဆပ်ချင်စိတ်တွေ ပေါက်ခဲ့တယ်။ ဒါတွေဟာ တပည့်တော်တို့ သာသနာသမိုင်းမှာ သိပ်ပြီးတော့ အတုယူစရာကောင်းပါတယ်။

ဗဟုကာရသုတ္တန်

'ကျေးဇူးသိတတ် ကျေးဇူးဆပ်'နဲ့ စပ်ပြီးတော့ တပည့်တော် ပြောဦးမယ်။ ဣတိဝုတ်ပါဠိတော် တစ်နေရာမှာ ဗဟုကာရသုတ္တန်ဆိုတာ ရှိတယ်။ ဗဟုကာရသုတ္တန်မှာ မြတ်စွာဘုရားက ဘာဟောလဲဆိုတော့ 'ရဟန်းတို့ ... လူဒကာ၊ ဒကာမတွေဟာ သင်တို့ရဲ့ကျေးဇူးရှင်တွေပဲ။ ရဟန်းတွေရဲ့ကျေးဇူးရှင်ဟာ လူဒကာ၊ ဒကာမတွေ ဖြစ်သလိုပဲ လူဒကာ၊ ဒကာမတွေရဲ့ကျေးဇူးရှင်ကလည်း ရဟန်းတော်တွေ ဖြစ်တယ်' ဆိုပြီးတော့ မြတ်စွာဘုရားဟောထားတယ်။

ဘာဖြစ်လို့လဲ။ လူတွေက သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး တာဝန်ယူထားကြတယ်။ တပည့်တော်တို့ကျောင်းကိုပဲ ဥပမာ

www.dhammadownload.com

ပေးကြပါစို့။ တပည့်တော်တို့ကျောင်းဆိုလို့ရှိရင် သင်္ကန်းနဲ့စပ်ပြီဆိုလို့ရှိရင်လည်း ဒကာ၊ ဒကာမတွေခမျာ ကိုယ်ဝယ်ဝတ်နိုင်ရဲ့သားနဲ့ မဝတ်ဘူး။ တချို့ဆိုလို့ရှိရင် ဒီပစ္စည်းလေးပါးနဲ့ စပ်ပြီးတော့ ကိုယ်တောင်မှ မသုံးဆောင်ဘဲနဲ့ ရဟန်းသံဃာတွေ သုံးဆောင်နိုင်အောင် လှူကြတယ်ပေါ့။

ကျောင်းဒကာဦးမင်းဇော်

ကျောင်းဒကာဦးမင်းဇော်ကိုပဲ ကြည့်နော်။ အရှင်ဘုရားတို့ မမီလိုက်တဲ့ပုဂ္ဂိုလ်တွေလည်းပဲ ရှိနေတဲ့အတွက် တပည့်တော် ထပ်ပြီးတော့ ပြောပြဦးမယ်။ ဒီ ခမ္မာရုံကျောင်းဆောင်ကြီး အပြီးမသတ်ခင်တုန်းကပေါ့။ သူမှာ အိမ်လည်းပဲ မရှိဘူး။ မြေလည်းပဲ မရှိဘူး။ စက်လည်းပဲ မရှိဘူး။ အိမ်အင်္ဂါးနဲ့ နေတယ်ဆိုကြပါစို့။ ဒီမှာ စာသင်တိုက်ဖွင့်ပြီဆိုတော့ သူ ရောက်လာတယ်။ တပည့်တော် ပထမဆုံးဝါဆိုတော့ စာသင်သားက ရဟန်းတစ်ပါး၊ ကိုရင်တစ်ပါး၊ ဒါပဲ ရှိသေးတယ်။ အဲဒီနှစ်မှာ ပြဿနာမတက်သေးဘူးပေါ့။

ဒုတိယဝါဆိုတဲ့အခါကျတော့ သံဃာက နှစ်ဆယ်လောက် ရောက်လာတယ်ထင်တာပဲ။ နှစ်ဆယ်လောက်ဖြစ်လာချိန်မှာ တပည့်တော်တို့ နေစရာက အခက်အခဲဖြစ်လာပြီ။ ခု ဘိုးကျွတ်တို့၊ ဘိုးဉာဏ်တို့ နေတဲ့ကျောင်းတွေကလည်းပဲ အဲဒီအချိန်က မိုးသိပ်မလုံဘူး။ မြို့တော်မိသားစု ဆောက်ထားတဲ့ကျောင်းကလည်း နေလို့အဆင်မပြေသေးဘူး။ အဲဒီလို ဒီခမ္မာရုံကျောင်းကြီး ပြီးဖို့ရာ အရေးကြီးလာတဲ့အခါမှာ ဦးမင်းဇော်က သူကိုယ်တိုင်အတွက် သူ့မိသားစုအတွက် ကိုယ်ပိုင်မြေလည်း မရှိ၊ ကိုယ်ပိုင်အိမ်လည်း မရှိ၊ ကိုယ်ပိုင်စက်လည်း မရှိတဲ့ကြားကနေ ဟောဒီကျောင်းပြီးအောင် လုံးပမ်းခဲ့တယ်။ သူရှိတာက ဆယ်သိန်းလောက် ပိုတယ်ထားပါစို့။ သူက သိန်းနှစ်ဆယ်ကျော်လောက် အကုန်ခံပြီးတော့ ဒီကျောင်းကို အပြီးသတ်တယ်ဆိုတဲ့အကြောင်း နောက်မှလျှောက်လို့ တပည့်တော်လည်း မကြာခင်ကမှ သိရတယ်။

ကားရောင်းပြီးလှူမယ်

အဲဒီတော့ ဒကာ၊ ဒကာမတွေရဲ့ စေတနာက သိပ်ပြီးတော့ ကြီးကျယ်တယ်။ ဒါကြောင့် တပည့်တော်တို့ သံဃာတွေရဲ့ ကျေးဇူးရှင်ဟာ ပစ္စည်းလေးပါး ဒကာ၊ ဒကာမတွေပဲ။ ဒီနေရာမှာ ကိုယ်နဲ့ ဥပမာနှိုင်းကြည့်ပေါ့။ ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာလည်းပဲ နှိုင်းယှဉ်ကြည့်ပါ။ နောက်ဆုံး သူ မြစကြာဆရာတော်ကို လျှောက်တဲ့စကားလေးဆို တပည့်တော် ခုချိန်ထိ ကြားနေသေးတယ်။ 'ဆရာတော် ... တကယ်လို့ ကျောင်းဆောက်လို့ မပြီးသေးခင် တပည့်တော် ငွေပြတ်တယ်ဆိုရင် ခု တပည့်တော်စီးနေတဲ့ကား ရောင်းပြီးတော့ လှူပါ့မယ်'တဲ့။ အဲဒါ တပည့်တော်ရှေ့မှာ လျှောက်သွားတာ။ တပည့်တော်ကတော့ အဲဒီတုန်းက ငယ်သေးတော့ အိမ်မရှိတာလည်း မသိဘူး။ မြေမရှိတာလည်းပဲ မသိဘူး။ ဒီအတိုင်း ရိုးရိုးတန်းတန်း ပြည့်စုံလို့လှူတယ်ပဲ ထင်တာပေါ့။

ဒါကြောင့်မို့ ပစ္စည်းလေးပါးနဲ့ စပ်လာရင် လူတွေဟာ ကျေးဇူးရှင်တွေပဲလို့ မြတ်စွာဘုရားက ဟောခဲ့တာ။ ဆွမ်းဆိုလည်း ဒီနေ့ကပ်ကြတာ ပြည့်စုံလွန်းနေတယ်။ သူတို့ နောက်ရက်တွေလည်း ကပ်ကြဦးမယ်တဲ့။ သူတို့အိမ်မှာ စားရိုးစားစဉ်အတိုင်း ကပ်တာလား၊ ပိုပြီးတော့ မွန်မြတ်အောင်လုပ်ပြီး ကပ်တာလားမေးရင် မွန်မြတ်အောင်လုပ်ပြီးတော့ ကပ်ကြတာပါ။ ဒါတွေဟာ

www.dhammadownload.com

တပည့်တော်တို့ ကျေးဇူးထောက်စရာတွေပဲ။ သင်္ကန်းနဲ့စပ်လို့ကြည့်လိုက်ရင်လည်း နောက်လဆန်းသုံးရက်နေ့ကျလို့ရှိရင် 'သန့်စင်ဝင်း'က ဒကာမတွေပဲ လှူကြလိမ့်ဦးမယ်။ လှူတဲ့အခါမှာလည်း သံဃာကုန်အတွက် ကောင်းပေ့ဆိုတဲ့ အင်ဒိုနီးရှားမာတင်တွေ လှူကြတယ်။ ရိုးရိုးတရုတ်သင်္ကန်းမဟုတ်ဘဲ စွမ်းအားရှိသမျှ အမွန်အမြတ်ပြုပြီး လှူကြတယ်။ နောက် ... တပည့်တော်တို့ ဆေးပစ္စည်းနဲ့ စပ်လို့လည်းပဲ ဝိုင်းဝန်းပြီးတော့ စီမံပေးနေကြတယ်။

ဆွေမျိုးမတော်ပေမဲ့

အခု ကျောင်းမှာလှူနေတဲ့ ဒကာ၊ ဒကာမတွေဟာ အများအားဖြင့် တပည့်တော်တို့နဲ့ ဆွေမျိုးတော်ကြသလား။ မတော်ပေမဲ့ ဘာဖြစ်လို့သူတို့ လှူတာလဲ။ သံဃာတော် အရှင်မြတ်တွေဟာ ဝိနည်းလမ်းကြောင်းနဲ့ ထိုက်သလောက် ညီကြတယ်၊ သံဃာနဲ့တူတယ်၊ သံဃာ့အလုပ်ကို လုပ်နေကြတယ်လို့ ယုံကြည်လို့လှူတယ်။ ဒါစာပေမှာလည်းပဲ ဖွင့်တယ်။ သူတို့ရဲ့စိတ်ထဲကို မေးကြည့်လို့ရှိရင်လည်းပဲ တပည့်တော်တို့ ဒီအဖြေပဲ ဖြစ်ပါလိမ့်မယ်။ သူတို့ ထုတ်ပြီး မပြောတတ်တာပဲ ရှိမယ်။

သံဃာတော်အရှင်မြတ်တွေက တကယ် အလုပ်လုပ်နေကြတယ်။ ကောင်းအောင်လည်း နေကြတယ်။ ဝိနည်းစည်းကမ်းကိုလည်း စွမ်းအားရှိသလောက် လိုက်နာပြီးတော့ စာပေကျမ်းဂန် သင်အံပို့ချခြင်းအလုပ်ဆိုတဲ့ ပရိယတ္တိကိုလည်း ကိုယ်စွမ်းရှိသမျှ လုပ်နေကြတယ်။ နောက် ... တရားထိုင်တယ်။ ဘုရားဝတ်ပြုတယ်။ မေတ္တာပွားတယ်။ ဒါတွေဟာ ပဋိပတ္တိအလုပ်တွေပဲ။ ဒီအလုပ်တွေကို စွမ်းအားရှိသမျှ လုပ်နေကြတယ်လို့ သူတို့ ယုံကြည်ပြီး လှူနေကြတာ များပါလိမ့်မယ်။ ငါတို့ ဒီလို သံဃာတော်တွေကို လှူလိုက်လို့ရှိရင် ငါတို့အတွက်လည်းပဲ အကျိုးရှိမယ်လို့ ယုံကြည်လို့ လှူနေကြတာ။ သူတို့မှာ တကယ်ပိုလျှံလို့ မဟုတ်ဘူးပေါ့။

အဲဒါကြောင့်မို့ မြတ်စွာဘုရားရဲ့အလိုကျ အဋ္ဌကထာက ဖွင့်တယ်။ ဒကာ ဒကာမတွေဟာ ရဟန်းတွေရဲ့ မိဘလည်း မတော်စပ်ဘူး၊ ရဟန်းတွေရဲ့ဆွေမျိုးလည်းပဲ မဟုတ်ကြဘူး၊ ရဟန်းတွေဆီက ဘာအကျိုးမှလည်း ယူမထားဘူး။ ဒါဖြင့် ဘာဖြစ်လို့လှူတာလဲ။ ကောင်းကောင်းမွန်မွန် တကယ်ကျင့်နေတဲ့ သံဃာတော်တွေကို လှူလိုက်ရင် ငါတို့အတွက်လည်း မဂ်ဖိုလ်နိဗ္ဗာန် တကယ်နီးစပ်မယ်၊ ရမယ်လို့ အဲဒီမျှော်လင့်ချက်နဲ့ လှူကြတာတဲ့။ ဒါကြောင့်မို့ ကိုယ် တရားသဖြင့် ရှာထားတဲ့ ချွေးနဲ့စာပစ္စည်းကို လှူတဲ့ ဒကာ၊ ဒကာမတွေဟာ သံဃာတော်တွေရဲ့ ကျေးဇူးရှင်တွေပါတဲ့။

ရဟန်းကျင့်ဝတ်

နောက် ... တစ်ဖက်က ပြန်ကြည့်တော့လည်း သံဃာတော်တွေဟာ ဒကာ၊ ဒကာမတွေရဲ့ ကျေးဇူးရှင်ဖြစ်တယ် ဆိုတဲ့အကြောင်း ဘုရားက ထပ်ပြီးတော့ ဟောတယ်။ ဘာဖြစ်လို့လဲ။ သံဃာတော်အရှင်မြတ်တွေက ဒကာ၊ ဒကာမတွေရဲ့ ကျေးဇူးရှင်ဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတော့ တပည့်တော်တို့ ရဟန်းကျင့်ဝတ်ထဲမှာပါတဲ့အတိုင်း တရားတွေ ဘာတွေ ဟောရတယ်ပေါ့။ ဘယ်လိုတရားလဲဆိုတော့ အာဒီကလျာဏ၊ မဇ္ဈေကလျာဏ၊ ပရိယောသာနကလျာဏ၊ အစလည်း ကောင်း၊ အလယ်လည်း ကောင်း၊ အဆုံး

www.dhammadownload.com

လည်း ကောင်းတဲ့တရားမျိုးကို ဟောရတယ်။

အစ၏ကောင်းခြင်း

'အာဒိကလျာဏ' အစလည်း ကောင်းတယ် ဆိုတာ ဘာလဲ။ တပည့်တော်တို့ ရတနာဂုဏ်ရည်ထဲမှာ သွာက္ခာတဂုဏ်တော်ကို အနက်ပေးသလိုပေါ့။

ကဲ ... အားလုံး ဆိုကြည့်စမ်း။

''သွာက္ခာတော- ကြားနာရုံပင်၊ အပူစင်၍၊ ကျင့်လျှင်ချမ်းသာ၊ ကျင့်ပြီးခါလည်း၊ လွန်စွာငြိမ်းချမ်း၊ နိဗ္ဗာန်နှန်းနှင့်၊ စခန်းသင့်အောင်၊ မှန်းလင့် ရည်ရော်၊ ကောင်းစွာ ဟောတော်မူအပ်ပါပေ၏''

အဲဒီတော့ 'အာဒိကလျာဏ' အစမှာလည်း ကောင်းခြင်းရှိတဲ့တရားဆိုတာ ဘာလဲဆိုရင် 'ကြားနာရုံပင်၊ အပူစင်၍'တဲ့။ အဲဒါ အာဒိကလျာဏဂုဏ်ပဲ။ ကြားနာလိုက်တာနဲ့ အပူကင်းစင်ရမယ်။ အဲဒီလို တရားမျိုးကို ဟောရတယ်တဲ့။ နာယူလိုက်လို့ရှိရင် တကယ်ပဲ ကိုယ့်မှာ အမှားတွေကို အမှားတွေမှန်း သိသွားတယ်၊ အသိဉာဏ်တွေ တိုးလာတယ်။ အဲဒီလို တရားမျိုးကိုပဲ ဟောရတယ်။ ကိုယ့်ကို လှူစေချင်တဲ့ စိတ်ဆန္ဒတွေနဲ့ မြှောက်ပင့်ပြီးတော့ မဟောရဘူး။ အဲဒီလို ဆိုလိုတာပေါ့ဘုရား။

အလယ်နှင့်အဆုံးကောင်းခြင်း

နောက် ... 'မဇ္ဈေကလျာဏ' ကျတော့ ဆောင်ပုဒ်က 'ကျင့်လျှင် ချမ်းသာ'တဲ့။ ကိုယ် ဟောလိုက်တဲ့တရားကို သူတို့ တကယ်လက်တွေ့ ကျင့်သုံးလိုက်လို့ရှိရင် ချမ်းသာတယ်။ ချမ်းသာတယ်ဆိုတာ ကိလေသာတွေ ထိုက်သလောက် ကင်းသွားတယ်ပေါ့။ ဒါဟာ 'မဇ္ဈေကလျာဏ' အလယ်မှာလည်း ကောင်းတဲ့တရား။

နောက်ပြီး ... 'ကျင့်ပြီးခါလည်း၊ လွန်စွာငြိမ်းချမ်း'တဲ့။ ကျင့်ပြီးသွားတဲ့အခါမှာလည်း အင်မတန်ငြိမ်းချမ်းတယ်။ ဒီပစ္စုပ္ပန်ဘဝမှာလည်း ကောင်းကျိုးအဆက်ဆက်ဖြစ်တယ်။ တမလွန်ဘဝနဲ့ ပြောရင်လည်းပဲ နတ်ချမ်းသာ၊ လူချမ်းသာ၊ နောက်ဆုံးမှာ နိဗ္ဗာန်ချမ်းသာပေါ့။ အဲဒီ နိဗ္ဗာန်ချမ်းသာကို သောတာပတ္တိမဂ်ဉာဏ်နဲ့ အာရုံပြုမိပြီဆိုတာနဲ့၊ မျက်မှောက်ပြုမိပြီဆိုတာနဲ့ တစ်သံသရာလုံး အိုရ နာရ သေရတဲ့ဒုက္ခတွေက လွတ်သွားတယ်။ အင်မတန် ချမ်းသာရာရသွားတယ်။

ကျေးဇူးရှင်ပြန်ဖြစ်

အဲဒီလို အစ၊ အလယ်၊ အဆုံး သုံးပါးလုံး ကောင်းတဲ့တရားမျိုးကို ဟောပေးရတယ်။ ဒီလို တရားမျိုး ဟောလိုက်လို့ရှိရင် ဒကာ၊ ဒကာမတွေ အသိမှန်၊ လမ်းမှန်ရောက်သွားတယ်။ ဒါဆို သံဃာတွေကလည်း ဒကာ၊ ဒကာမတွေရဲ့ ကျေးဇူးရှင် ပြန်ဖြစ်သွားတာပဲ။ နောက်ပြီး သူတို့ လှူတဲ့ကုသိုလ်ဟာ ကိုယ်က ကောင်းကောင်း နေတယ် ဆိုလို့ရှိရင်လည်း ဒကာ၊ ဒကာမတွေရဲ့ ကျေးဇူးရှင်အဖြစ် သံဃာတော်တွေ ဖြစ်သွားတာပဲ။

ဒါကြောင့်မို့ မြတ်စွာဘုရားက 'အညမညံ နိဿာယ ဗြဟ္မစရိယံ ဝုဿတိ၊ ဩဃဿ နိတ္ထရဏတ္ထာယ သမ္မာ ဒုက္ခဿ အန္တကိရိယာယ'တဲ့။ အချင်းချင်း တစ်ဦးနဲ့တစ်ဦး မှီပြီးတော့ ကိလေသာတွေ ကင်းဖို့အတွက်၊ ဩဃလေးပါးဆိုတဲ့ ကိလေသာတွေကနေ ကျော်လွန်နိုင်ဖို့အတွက်၊ ဒုက္ခကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့အတွက် ဆရာနဲ့ဒကာ အချင်းချင်း အမှီပြုပြီး

www.dhammadownload.com

တော့ ကြိုးစားအားထုတ်ပါတဲ့။ အဲဒီလို ဗြဟ္မစရိယကို အချင်းချင်းမှီပြီးတော့ အားထုတ်ကြမှ တပည့်တော်တို့ အချင်းချင်းလည်း မှီရကျိုး နပ်သွားတယ်။

ပခုက္ကူအသင်း

ဒါကြောင့်မို့ တပည့်တော်တို့ ဒကာ၊ ဒကာမတွေနဲ့ ဆက်ဆံတဲ့အခါမှာ သူတို့ရဲ့ ကျေးဇူးတရားကို နားလည်ရပါတယ်။ ဒကာ၊ ဒကာမတွေကလည်းပဲ သံဃာတော် အရှင်မြတ်တွေရဲ့ ကျေးဇူးကို နားလည်လို့ရှိရင် သံဃာနုဿတိ၊ သံဃာ့ဂုဏ်တွေကို အာရုံပြုပြီးသား ဖြစ်သွားမယ်။ အချင်းချင်း ငဲ့ညှာရတယ်ပေါ့။ ဒါကြောင့် တစ်နေ့က တပည့်တော် ပခုက္ကူက လာတဲ့စာတစ်စောင်ကိုလည်းပဲ ဖတ်ပြပြီးပြီ။ သူတို့ ပခုက္ကူမှာ လာပြီးတော့ စာဖြေတာနဲ့ စပ်ပြီးတော့ အသင်းလူကြီးတွေက လှမ်းလျှောက်တယ်။ စာလည်းပဲ ပို့တယ်။ သူတို့ဆီမှာလည်း တကယ် ဖြစ်နေတာ။

သူတို့ဆီမှာ စာဖြေသံဃာတွေကတော့ တစ်ထောင်နီးပါးထိ တိုးတက်လာခဲ့တယ်။ ဒီအတွက် သူတို့သိပ်ပြီးတော့ ဝမ်းသာတယ်။ ဒါပေမဲ့လို့ စာဖြေလာတဲ့ သံဃာတွေက ညနေခင်းဆိုလို့ရှိရင် လူစည်ကားတဲ့နေရာ သွားပြီးတော့ လက်ဖက်ရည်ဆိုင်ထိုင်၊ မုန့်စား စတဲ့ ဝိကာလဘောဇနကိစ္စတွေ လုပ်ကြတယ်တဲ့။ နောက်ပြီးတော့ ကာရာအိုကေတွေလည်း ဆိုကြတယ်တဲ့။ နောက်ပြီးတော့ တီဗွီဂိမ်းတွေလည်း ကစားတယ်တဲ့။ နောက်ပြီးတော့ အလွန်ရုပ်ပျက်တဲ့ ဘောလုံးကန်ခြင်း စတာတွေလည်းပဲ စာမေးပွဲပြီးတဲ့အခါမှာ လုပ်ကြတယ်တဲ့။

ဒါတွေဟာ သူတို့ပခုက္ကူက ဒကာ၊ ဒကာမတွေ တွေ့လို့ မြင်လို့ရှိရင် အထင်သေးမှာ စိုးရိမ်ပါတယ်တဲ့။ သူတို့က သာသနာတော်ကြီး ကြီးပွားအောင်၊ တိုးတက်အောင် ရည်ရွယ်ပြီး စာမေးပွဲကျင်းပတာ။ လာပြီးတော့ စာဖြေတဲ့ သံဃာတွေက ဒီလိုဖြစ်နေတယ်။ သာသနာကြီးပွားအောင်တော့ လုပ်ပါရဲ့။ ဒါပေမဲ့ တကယ်တန်းမှာတော့ ဆုတ်ယုတ်သွားသလား၊ ကြီးပွားသွားသလား။ တွေးကြည့်ကြပေါ့။

အားနာစိတ်

တပည့်တော်တို့ သံဃာတော်တွေအနေနဲ့ ခုနက ဘုရားရှင်မိန့်တော်မူတဲ့ အပြန်အလှန် ကျေးဇူးရှင်ဆိုတဲ့ အသိကလေးကို မလွတ်တမ်းမွေးပေးရမယ်။ ဒီစိတ်ဓာတ်ကလေး တပည့်တော်တို့မှာ ကိုယ်စီကိုယ်စီ ရှိလို့ရှိရင် ဒကာ၊ ဒကာမတွေရဲ့ ကျေးဇူးကို မကန်းမိနိုင်တော့ဘူး။ ဒကာ၊ ဒကာမတွေဟာ ငါတို့အပေါ်မှာ ဆွမ်းဆိုလို့ရှိရင်လည်း သူတို့တောင်မစားတဲ့ အကောင်းစားမျိုး ကပ်တယ်။ သင်္ကန်းဆိုရင်လည်း စွမ်းအားရှိသမျှ ကောင်းပေ့ဆိုတာတွေ ကပ်တယ်။ ကျောင်းဆိုလို့ရှိရင်လည်း သူတို့အိမ်တွေမှာတောင် မဆောက်တဲ့ ကျောင်းမျိုး တို့ဆီမှာ လာပြီးတော့ လှူတယ်။ ဒီလို ပစ္စည်းလေးပါးတွေ လှူနေတာ သိပ်ပြီးတော့ အားနာစရာကောင်းတယ်။ အဲဒီတော့ တို့ကလည်းပဲ ကောင်းကောင်းမွန်မွန် ကျင့်မယ်။ အဲဒီလို အားနာစိတ်ကလေးတွေ ထားရမယ်။

အခု ခေတ်အလျောက် ဘောလုံးပွဲကြည့်တာတွေ၊ ကာရာအိုကေဆိုတာတွေ၊ လက်ဖက်ရည်ဆိုင်ထိုင်တာတွေ၊ ညစာစားတာတွေ။ ဒါတွေဟာ ဒကာ၊ ဒကာမတွေရဲ့ ကျေးဇူးကိုသာ တကယ် အားနာလို့ရှိရင် လုပ်ချင်စိတ်ပေါက်ပါ့မလား။ တကယ်သာ နက်နက်နဲနဲတွေးပါ။ မြတ်စွာဘုရား

www.dhammadownload.com

ကလည်း ဒါကြောင့်မို့ သူတို့က ကျေးဇူးရှင်တွေလို့ ဟောထားခဲ့တယ်ပေါ့။

ဆွာဘတ္တိ

ကျေးဇူးရှင်ဆိုတာနဲ့ စပ်ပြီးတော့လည်း တောင်မြို့ဆရာတော်ကြီးပြောတာ သွားပြီးတော့ သတိရသေးတယ်။ ဆရာတော်ကြီးက အရာရှိပုဂ္ဂိုလ်တွေ၊ ချမ်းသာတဲ့ပုဂ္ဂိုလ်တွေ လာလို့ရှိရင် နောက်ကနေ လိုက်ပြီးတော့ မျက်နှာချိုလေးသွေးပြီး ဧည့်ခံတာမျိုး သိပ်မုန်းတယ်ထင်တယ်။ ဝတ္တရားအရ ရိုးရိုးသားသား ပုံမှန်ဆက်ဆံတာ၊ ကူညီတာကိုတော့ ဆရာတော်ကြီးက ပြောလိုတာမဟုတ်ဘူး။ တချို့က အရာရှိတွေ လာလို့ရှိရင် အရာရှိတွေနားမှာ 'ဘုန်းကြီးတို့ကျောင်းက ဘာလိုနေတယ်၊ ညာလိုနေတယ်၊ ဘာထုတ်ခွင့်လိုတယ်၊ ဘာပါမစ်လိုတယ်' စသဖြင့်ပေါ့၊ ဒါမျိုးပြောတာတွေ ထင်ပါတယ်။

အဲဒါကို ဆရာတော်ကြီးက 'ဆွာဘတ္တိ' လို့ သက္ကတစကားလုံးလေး သုံးပြီးတော့ ပြောလေ့ရှိတဲ့အကြောင်း တပည့်တော် ကြားခဲ့ဖူးတယ်။ ဘာလဲဆိုတော့ ... 'ကိုယ်တော်တို့၊ လူတွေလာလို့ရှိရင်၊ အရာရှိတွေ လာလို့ရှိရင်၊ ချမ်းသာတဲ့လူတွေလာလို့ရှိရင် လျှုမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ သွားမလုပ်နဲ့။ အဲဒါ ဘာနဲ့တူသလဲဆိုရင် ဆွာဘတ္တိ- ခွေးမြီးနန့်တာနဲ့တူတယ်'တဲ့။ ခွေးလေးတစ်ကောင် ဆိုပါတော့။ အဲဒီခွေးလေးတစ်ကောင်ကို ထန်းလျက်ကျွေးတယ်ဆို ကျွေးနေကျပုဂ္ဂိုလ် လာလို့ရှိရင်၊ ကျွေးနေကျ ရဟန်းသာမဏော မြင်လို့ရှိရင် အဲဒီခွေးလေးက အနီးနားလေး လာကပ်ပြီးတော့ အမြီးလေး လှုပ်လှုပ်ပြတယ်။ အဲဒီသဘောကို ဆရာတော်ကြီးက ပြောတာ။

ကျေးဇူးဆပ်နည်း

ဒကာ၊ ဒကာမတွေနဲ့ ဆက်ဆံတဲ့အခါမှာ သတိထားရတယ်။ ကျေးဇူးရှင်ဆိုတာသိပြီး သူတို့ရဲ့လှူဒါန်းတာတွေကို အားနာပြီးတော့ ကိုယ်က သီလဖြည့်ရမယ်။ သမာဓိဖြစ်တဲ့ စိတ်ဓာတ်တွေ ဘာတွေလည်း နူးညံ့မှုမရှိသေးဘူး၊ ကူညီတတ်မှု မရှိသေးဘူး၊ မေတ္တာ ကရုဏာ ခေါင်းပါးသေးတယ်ဆိုရင် အဲဒီသမာဓိရေးရာရင့်သန်လာအောင် ဖြဟ္မစိုရ်တရားလေးတွေ ထိုက်သင့်သလောက် ပွားပြီးတော့ သမာဓိ စိတ်ကောင်းရှိအောင် ကြိုးစားရတယ်။ ဒကာ၊ ဒကာမတွေကို တကယ်အားနာပါတယ်ဆို စာပေပရိယတ် သင်ယူတာက စပြီးတော့ နောက်ဆုံး ဝိပဿနာပညာအထိ ကြိုးစားမယ်ဆိုတဲ့ ဆန္ဒလေး မွေးမြူထားရတယ်။

အဲဒီလို သူတို့ကို ကျေးဇူးရှင်လို့ သိပြီးတော့၊ သူတို့ကို အားနာပြီးတော့ ကိုယ်က သီလ၊ သမာဓိ၊ ပညာတွေ တိုးပွားအောင် လုပ်လိုက်ရင် သူတို့လှူလိုက်တဲ့ ပစ္စည်းတွေကလည်း လယ်ယာမြေကောင်းထဲမှာ ကြဲချတဲ့ မျိုးစေ့လိုပဲ သူတို့အတွက်လည်း သိပ်ပြီးတော့ အကျိုးရှိသွားတယ်။ ဒါပေမဲ့လို့ ခုနက ဆရာတော်ကြီး ပြောတာနဲ့တော့ သွားမရောနဲ့ပေါ့ဘုရား။ ခွေးအမြီးနန့်တာနဲ့တူတယ်လို့ ဆရာတော်ကြီး ရက်ရက်စက်စက် ပြောသလို မဖြစ်အောင် ဂရုစိုက်ရမယ်။ စွမ်းအားရှိသမျှ ဓမ္မနဲ့ လမ်းမှန်ကျအောင် စောင့်ရှောက်ပေးရတယ်။

သူတို့ လမ်းမှန်သွားအောင် တရားဟောပေးရတယ်။ သူတို့ လမ်းမှန်ရောက်သွားအောင် သြဝါဒစကား ထိုက်သင့်သလောက် ပြောပေးရတယ်။ ပစ္စည်းလှူပါစေဆိုတဲ့ စိတ်စေတနာတွေနဲ့ သွားပြီးတော့ မျက်နှာချိုသွေးတာတို့၊ လောကီ

www.dhammadownload.com

အလုပ်တွေ သွားပြီးတော့ ကူညီတာတို့၊ အကူအညီ မတောင်းဘဲနဲ့ သွားပြီးတော့ အနားနား ရစ်သီရစ်သီ လုပ်တာတို့၊ ဒါမျိုးတွေ မလုပ်မိ အောင်လည်းပဲ ကြိုးစားရတယ်။ ဒါတွေက တပည့်တော်တို့ ရောထွေးမှုဖြစ်တတ်တယ်ပေါ့ ဘုရား။ ရွှေကျင်ဆရာတော်ကြီးရဲ့ ဝဠုနာဒီပနီ မှာဆိုရင် ဒါမျိုးတရားတွေ ရေးထားတာ အများကြီးရှိတယ်။

ကံသုံးပါးစောင့်စည်း

ပြန်ချုပ်လိုက်လို့ရှိရင် 'ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်' ဆိုတဲ့နေရာမှာ ဒကာ၊ ဒကာမတွေကလည်း ဒီသံဃာတော်အရှင်မြတ်တွေအတွက် ပစ္စည်းလေးပါးတွေ လှူနေတာကြောင့် ကျေးဇူးရှင်လို့ သတ်မှတ်ရမယ်။ သံဃာတော်အရှင်မြတ်တွေကလည်းပဲ ဒကာ၊ ဒကာမတွေကို ပစ္စည်းရလို့မှ ဦးမတည်ဘဲနဲ့ သူတို့ရဲ့အသိဉာဏ် တိုးတက်ရေး၊ သူတို့ရဲ့ အယူအဆမှားနေတာတွေ ပြုပြင်နိုင်ရေး ညွှန်ပြရမယ်။ ကိုယ် သီလ၊ သမာဓိ၊ ပညာတွေဖြည့်လိုက်လို့ရှိရင် သူတို့အကျိုးကြီးပါစေဆိုတဲ့ စိတ်ဓာတ်နဲ့၊ အားနာတဲ့စိတ်ထားနဲ့ လုပ်ရမယ်။ အဲဒီလို အချင်းချင်း လေးစားသမှုပြုပြီဆိုရင် ဒါ ကျေးဇူးသိတတ်ရာရောက်တယ်။ ကျေးဇူးသိတတ်ရာ ရောက်ရုံတင်မကဘဲနဲ့ ကျေးဇူးလည်း ဆပ်ရာရောက်သွားတယ်။ အဲဒါဆိုရင် သူတော်ကောင်းလက္ခဏာနဲ့ ပြည့်စုံပြီ၊ သူတော်ကောင်း ဖြစ်ပြီတဲ့။

ကဲ ... ဒီသူတော်ကောင်းလက္ခဏာကို တပည့်တော် သိသလောက် ထပ်ထပ်ပြီးတော့ ပြောနေဖြစ်တယ်။ ဒါလေးတွေကို အောက်မေ့ပြီးတော့ ကာယကံအားဖြင့်လည်း ကိုယ်လုပ်ချင်တိုင်း စွတ်ပြီးတော့ မလုပ်ပါနဲ့။ စောင့်စည်းတဲ့အကျင့်လုပ်ပါ။ ဝစီကံအားဖြင့်လည်း ကိုယ်ပြောချင်တိုင်း စွတ်ပြီးတော့ မပြောပါနဲ့။ စောင့်စည်းတဲ့ အကျင့်လုပ်ပါ။ မနောကံအားဖြင့်လည်းပဲ ဘဝနာလေးတစ်ခုခုနဲ့ ကိုယ့်ရဲ့မနောကံလေးတွေ နူးညံ့မှုရှိလာအောင် ကြိုးစားပြီးတော့ ကျေးဇူးရှင်များကို ကျေးဇူးအတုံ့ ပြန်ဆပ်နိုင်သော သူတော်ကောင်းများ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

ရွှေအိုးညွှန်ပြသူ

၁၃၆၆ ခု၊ နတ်တော်လပြည့်နေ့
၂၀၀၄ ခု၊ ဒီဇင်ဘာလ ၂၆ ရက်၊ တနင်္ဂနွေနေ့ ည

ဒဏ်ထမ်းရမယ်

တောင်မြို့ စာဖြေသွားတာ နှစ်ညအိပ်၊ သုံးရက်ကြာတယ်။ တကယ်ဆို သင်္ကန်းတွေ ရုပ်ချိန် သိမ်းချိန် ရှိရက်သားနဲ့ အဲဒါကိုပဲ သေတ္တာပေါ်မှာ ဖြန့်သွားတယ်။ တပည့်တော် စာရင်းကောက်ထားတဲ့ လေးပါး မတ်တတ်ထ။ အဲဒီနေ့က မန္တလေးက ဝေဖယန္တာကျောင်းအစ်မကြီး ငါးခြောက်တွေလာလှူတာကို တပည့်တော် ရေစက်ချတော့ ဒီကျောင်းဆောင်ထဲမှာ ဝင်ချပေးတယ်။ ကြည့်လိုက်တော့ သေတ္တာတွေပေါ်မှာ ဒီအတိုင်းလှန်းထားတဲ့ ဧကသီတွေရော၊ သင်းပိုင်တွေရော၊ ကိုယ်ပတ်သင်္ကန်းတွေရော၊ အကုန်လုံးဖြန့်ထားတာ တွေ့ရတယ်။

အမြင်မတော်လို့ တပည့်တော်က ကိုရင်တွေခေါ်၊ ခေါက်ခိုင်းပြီး ဘယ်သူဟာလဲလို့ စစ်တော့ တောင်မြို့ကို စာဖြေသွားတဲ့ ကိုရင်တွေရဲ့ သင်္ကန်းတွေ ဖြစ်နေတယ်။ ခု မတ်တတ်ရပ်နေတဲ့ လေးပါး နောက်ရက်ကျ ဒီရွှေမှာထွက်ပြီးတော့ ဒဏ်ထမ်းပါ။ ဒါနဲ့စပ်ပြီး တပည့်တော် အားလုံးကို ပြောဦးမယ်။ ခဏတဖြုတ် မဟုတ်ဘဲ ညအိပ်ညနေ စာဖြေသွားတာကို သင်္ကန်းတွေ ဒီအတိုင်း ပုံထားခဲ့တယ်။ ဒါတွေဟာ သိပ်ပြီးတော့ ရုပ်ပျက်တယ်။

www.dhammadownload.com

ကြောင့်ကြစိုက်တယ်

မြတ်စွာဘုရားလက်ထက်ကလည်း အရှင်သာရိပုတ္တရာ အခြားဆွမ်းခံကိုယ်တော်တွေထက် နောက်ချပြီးတော့ ဆွမ်းခံထွက်ရခြင်းအကြောင်းတွေထဲမှာ သံဃာတွေထားခဲ့တဲ့ မသပ်ရပ်မှုတွေကို စစ်ဆေးဖို့ဆိုတာ တစ်ချက်ပါတယ်။ တစ်ကျောင်းလုံးကို ပတ်ကြည့်ပြီး တံမြက်စည်းမလှည်းရသေးတဲ့ နေရာတွေကို လှည်းတယ်။ သောက်ရေသုံးရေတွေ မရှိဘူးဆိုရင်လည်း သောက်ရေသုံးရေထည့်တာပဲ။ နောက်ပြီးတော့ အမြင်မတော်တဲ့ ညောင်စောင်းတွေ၊ အင်းပျဉ်တွေ၊ ခုတင်တွေ၊ ဒီလိုသံဃိကဟာတွေဆိုလို့ရှိရင်လည်း မပျက်စီးပါစေနဲ့ဆိုတဲ့စိတ်နဲ့ သိမ်းဆည်းတယ်။

ဒီလိုကိစ္စတွေကို ဆောင်ရွက်နေတာဟာ သာမန်ရဟန်းမဟုတ်ဘူးနော်။ အဂ္ဂသာဝက ရဟန္တာ ကိုယ်တော်မြတ်ကြီးပါ။ မြတ်စွာဘုရားပြီးလို့ရှိရင် သူ့လောက် ပညာတော်တဲ့ ရဟန္တာ မထေရ်မြတ် မရှိဘူး။ ဒီလို အရှင်မြတ်တစ်ပါး သွားတဲ့အခါ လာတဲ့အခါမှာ အမြင်မတော်တာတွေကို ကြည့်ကြည့်ပြီးတော့ သိမ်းဆည်းတယ်။ ဒါကြောင့်မို့ ဆွမ်းခံနောက်ကျတာတဲ့။

ကဲ့ရဲ့ခံရမှာစိုးလို့

နောက်တစ်နည်းအားဖြင့် ပြောရင်လည်းပဲ တိတ္ထိတွေက မြတ်စွာဘုရားသာသနာတော်ကို သိပ်ပြီးတော့ အပြစ်လိုက်ရှာကြတယ်။ ပါဠိလိုတော့ 'ရန္ဓဂေသီ' ခေါ်တာပေါ့။ အပြစ်ရှာချင်တော့ သံဃာတွေမရှိဘူး၊ သံဃာတွေဆွမ်းခံသွားတယ်ဆိုရင် သံဃာတွေ သီတင်းသုံးတဲ့ကျောင်းထဲကို ဝင်ကြည့်ပြီးတော့ 'ဟာ ... ရဟန်းဂေါတမရဲ့ တပည့်တွေကို ကြည့်စမ်းပါဦး။ သိပ်နေနိုင်တဲ့ ကိုယ်တော်တွေပဲ။ သူတို့ ကြည့်တော့ 'သမဏ' ကိလေသာငြိမ်းအောင်ကျင့်တယ် ဘာညာနဲ့ ကျောင်းထဲကြည့်တော့ သင်္ကန်းတွေကလည်း ပွလို့၊ အမှိုက်တွေကလည်း ရှုပ်လို့၊ ညောင်စောင်းတွေကလည်း ကိုးရိုးကားရားနဲ့' ဆိုပြီး ကဲ့ရဲ့ကြတယ်။ သာသနာရဲ့ ရန်သူဖြစ်တဲ့ တိတ္ထိတွေ ဒီလိုကဲ့ရဲ့ခံရမှာစိုးလို့၊ သိက္ခာကျမှာစိုးလို့ အရှင်သာရိပုတ္တရာ ဒီလိုလုပ်ရပါတယ်လို့ အဋ္ဌကထာမှာ ဖွင့်ပြထားတယ်။ သာမဏေကျော်တန်း ဒုတိယဆင့်သာမဏေတွေဆိုရင် ဒါတွေကို သိပြီးသားပါ။

ဒါကြောင့် အဲဒီနေ့က ဒါ ဘယ်သူ့ဟာတွေလဲဆိုတာ စစ်တော့ တောင်မြို့ကို ညအိပ်ညနေ စာသွားဖြေတဲ့ ကိုယ်တော်တွေဟာ ဖြစ်နေတယ်။ ဒီနေရာမှာ အကြီးအကဲလုပ်တဲ့ ကိုယ်တော်တွေရဲ့ ပြစ်ချက်လည်း ပါနေတာပဲ။ ဒီကျောင်းဆောင်ရဲ့ အကြီးတွေဆိုရင် ဦးဓမ္မာနန္ဒ၊ ဦးဓမ္မဝရ တို့ရှိတယ်။ ဒါ ဒီကျောင်းဆောင်ကိုပြောတာ။ ကျန်တဲ့ကျောင်းတွေမှာလည်း အကြီးအသီးသီး ရှိတာပဲ။ ဒီအကြီးတွေကို တပည့်တော် တာဝန်ပေးထားတယ်။

တာဝန်ယူပါ

တပည့်တော် ဖြစ်စေချင်တာကတော့ ကိုယ့်ကျောင်းကိုယ် တာဝန်ယူနိုင်တဲ့စိတ်ဓာတ်ပေါ့။ ဒါ တပည့်တော် အပြစ်ရှုတဲ့အနေနဲ့ ပြောတာမဟုတ်ပါဘူး။ ထပ်ပြီးတိုက်ဆိုင်လာလို့ ပြောတာပါ။ တပည့်တော် အကြီးတစ်ပါးချင်းကိုလည်း မကြာမကြာခေါ်ပြီး ဆွေးနွေးပါတယ်။ လျစ်လျူမရှုပါနဲ့၊ လုပ်စရာရှိတာ လုပ်ပါလို့။ တစ်လောကလည်း ပတ္တမြားဆွမ်းစားကျောင်းဆောင်အောက်မှာ ခုံတွေ အောက်က မခံဘဲ ဒီအတိုင်းကြီးထားလို့ တပည့်တော်ပဲ ကိုရင်တွေကို ခေါ်ပြီး အောက်ခံ

www.dhammadownload.com

လေးတွေ ပတ်ပေးရတယ်။ အကြီးဖြစ်သူက လိုအပ်တာကို လုပ်ပါ။ တပည့်တော်ကိုလည်း အကူအညီတောင်းလှည့်ပါ။

ကိုယ့်ကျောင်းကို၊ ကိုယ်နေတဲ့ပတ်ဝန်းကျင်လေးကိုတော့ တတ်နိုင်သမျှ သာယာအောင် လုပ်စမ်းပါ။ ကျောင်းတိုက်ရဲ့ ဆိုင်ရာဆိုင်ရာ တာဝန်ပေးထားတဲ့ အကြီးတွေက အသိစိတ်ကလေးတွေနဲ့ လုပ်သွားပြီး အားလုံး အောက်ကပုဂ္ဂိုလ်တွေကလည်း နာခံလို့ရှိရင် ကျောင်းတိုက်ကျက်သရေရှိပါတယ်။ ဒကာ၊ ဒကာမတွေ ကျောင်းတိုက်ထဲဝင်လာပြီး စိတ်ကြည်နူးသွားရင် ဒီကြည်နူးစိတ်ကလေးဟာ ဒကာ၊ ဒကာမတွေကို ကုသိုလ်ဖြစ်စေပါတယ်။ မြတ်စွာဘုရားရဲ့ သာသနာ့ဝန်ထမ်းရင်းနဲ့ သူတို့ရဲ့ကုသိုလ်ကို ကိုယ်က ပေးရာရောက်ပါတယ်။ အဲဒီလိုစိတ်ကလေး ထားကြစမ်းပါ။

ဖိအားပေးတယ်ဆိုတာက

ဘာသိဘာသာ နေတယ်။ ဥပမာ ... စက္ကူစုတ်တွေ့တယ်၊ ကျော်သွားတယ်။ ဒါမျိုးမလုပ်ဘဲနဲ့ အမှိုက်တောင်းထဲ ကောက်ထည့်။ သင်္ကန်းစုတ်တွေကိုဆိုရင်လည်း အမြင်မတော်အောင် ပစ်ထားတယ်။ ဒါတွေကို အမြင်တော်အောင် လုပ်ရမယ်။ သင်္ကန်းဆိုတာ 'အရဟဒ္ဓဇ'လို့ ခေါ်တယ်။ သိပ်မြင့်မြတ်တယ်။ နည်းနည်းကောင်းသေးရင် ရေလျှော်ပြီးတော့ ကြမ်းတိုက်တဲ့အထဲကို ထည့်။ ဒါမျိုးလေးတွေ သုံးရပါတယ်။ နောင်ဆိုလို့ရှိရင် ဝါဆိုဦးဆိုရင် ကိုယ့်ကျောင်းနဲ့ ကိုယ် တာဝန်ယူနိုင်အောင် တတ်နိုင်သမျှ ဖိအားဆက်ပြီးတော့ ပေးသွားမယ်။ ဖိအားပေးတယ်ဆိုတာက ခဏတိုင်း သတိပေးတာကို ပြောတာပါ။ အပြစ်ရှုတာကိုပြောတာ မဟုတ်ပါဘူး။ ကိုယ်စီကိုယ်စီ ဒါလေးတွေကို ကြိုးစားလုပ်စမ်းပါ။ ဒါ စကားစပ်လို့ ပြောလိုက်တာ။

မိတ်ကောင်းဆွေကောင်း

တပည့်တော် ပြောနေတဲ့ သူတော်ကောင်းလက္ခဏာကို ဆက်သွားမယ်။ 'ယော ဝေ ကတညူ ကတဝေဒီ မေရော၊ ကလျာဏမိတ္တော' တဲ့။ သူတော်ကောင်းလက္ခဏာထဲမှာ ကလျာဏမိတ္တ - မိတ်ကောင်းဆွေကောင်း ရှိရမယ်တဲ့။ ရှိဆိုတဲ့နေရာမှာ နိစ္စယောဂ- အမြဲတမ်းရှိနေရင်တော့ အကောင်းဆုံးပဲ။ တပည့်တော်တို့ မိတ်ကောင်းဆွေကောင်းနဲ့စပ်လို့ အင်္ဂါတွေ တော်တော်များများ ရှိတဲ့အထဲက အင်္ဂုတ္တိရ်မှာပါတဲ့ အင်္ဂါ ၇ ချက်ကို ပြောပြမယ်။ ကဲ ... ရတဲ့လူတွေ ဂါထာလေးသုံးခေါက် ဆိုလိုက်ပါဦး။

'ပိယော ဂရု ဘာဝနီယော၊
ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊
နောစဋ္ဌာနေ နိယောဇကော'

ဒီအင်္ဂါ ၇ ချက်နဲ့ပဲ မိတ်ဆွေကောင်းဆိုတာ ဘာလဲလို့ တပည့်တော်တို့ ပြောကြည့်ရအောင်။ 'ပိယော၊ ဂရု၊ ဘာဝနီယော' သုံးခုက မတိမ်းမယိမ်းလေးတွေပေါ့။ 'ပိယော' သီတင်းသုံးဖော်တွေရဲ့ သိပ်ပြီးတော့ ချစ်မြတ်နိုးတယ်။ မြတ်နိုးရုံပဲလား၊ မဟုတ်ဘူး၊ 'ဂရု' လေးလေးစားစားလည်း ရှိတယ်။ 'ဘာဝနီယော' ချစ်မြတ်နိုးရုံ လေးစားရုံမကဘဲနဲ့ အကြောင်းတိုက်ဆိုင်လာတဲ့အခါမှာ သီတင်းသုံးဖော်တွေက ထုတ်ဖော်ပြီးတော့ကို ချီးကျူးလေ့ရှိတယ်။ နည်းနည်း ပြန်ပြောဦးမယ်။

www.dhammadownload.com

(၁) ဝိယ

နံပါတ်(၁) ဝိယော- သီတင်းသုံးဖော်တွေက ချစ်မြတ်နိုးတယ်တဲ့။ သီတင်းသုံးဖော်တွေ ချစ်မြတ်နိုးတယ်ဆိုတာက သီလ၊ သမာဓိ၊ ပညာရှိလို့ ချစ်မြတ်နိုးကြတာပဲ။ ဟိုလို ကာမရာဂစိတ်နဲ့ ချစ်မြတ်နိုးတာကို ပြောတာမဟုတ်ဘူး။ လေးစားတာကို ပြောတာ။ ဆရာသမားဆိုရင်လည်း ဒီဆရာသမားနဲ့အတူ နေချင်တယ်။ သူငယ်ချင်းဆိုရင်လည်း သူနဲ့ဝေးဝေး မနေချင်ဘူး။ သူနဲ့အတူနေရင် ကိုယ့်မှာ ကောင်းကျိုးတွေ ဖြစ်လာတဲ့အတွက် မြတ်နိုးလာတာကို ပြောတာ။

(၂) ဂရု

နံပါတ်(၂)က ဂရု - သီတင်းသုံးဖော်တွေက အလေးဂရုပြုတယ်တဲ့။ တကယ်တော့ အတူတူနေတဲ့လူက အလေးဂရုပြုခံရဖို့ဆိုတာ တော်တော်ခက်ပါတယ်။ တပည့်တော် စာသင်သားဘဝကပဲရှိး သာမဏေကျော်ဘုန်းကြီးတို့၊ ခု တောင်မြို့ဂန္ဓာရုံက ဦးသုဇနတို့နဲ့ အတူတူနေခဲ့ကြတယ်။ အဲဒီတော့ တပည့်တော်တို့ သီတင်းသုံးဖော်အချင်းချင်း သီလ၊ သမာဓိ၊ ပညာ ရှိနေရင် အကောင်းဆုံးပဲ။ သီတင်းသုံးဖော်အချင်းချင်း လေးစားတယ်။ ဒါဟာ သိပ်ပြီးတော့ လိုအပ်တယ်။

(၃) ဘာဝနီယ

ဘာဝနီယော- လေးစားရုံ၊ မြတ်နိုးရုံတင်မကဘဲနဲ့ အကြောင်းအားလျော်စွာ နှုတ်ကနေလည်း ထုတ်ဖော်ချီးကျူးလေ့ရှိတယ်တဲ့။ အဲဒီအင်္ဂါနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ကလျာဏမိတ္တဆိုတဲ့ မိတ်ကောင်းဆွေကောင်းပဲ။ အဲဒီလို မိတ်ကောင်းဆွေကောင်းရှိတဲ့ပုဂ္ဂိုလ်ဟာ ကလျာဏမိတ္တရှိတဲ့ပုဂ္ဂိုလ် ဖြစ်သွားတာပဲ။ ဒါကြောင့်မို့ မိမိတို့ဆရာသမား ရွေးချယ်မယ်၊ သို့မဟုတ် သီတင်းသုံးဖော်ရွေးချယ်မယ်၊ သို့မဟုတ် တပည့်တွေကို ရွေးချယ်မယ်ဆိုရင် ဒီလို ကလျာဏမိတ္တမျိုးကို ရွေးချယ်ရတယ်။

တစ်ခါတစ်ရံ တပည့်တွေထဲမှာကိုပဲ လေးစားထိုက်တဲ့ပုဂ္ဂိုလ်တွေ အများကြီးတွေ့ရပါတယ်။ မကြာမကြာ ထုတ်ဖော်ပြီး ချီးကျူးထိုက်တဲ့ တပည့်တွေလည်း ရှိတယ်။ ကိုယ်က ဆရာဆိုပေမဲ့ ကိုယ့်လက်အောက်ငယ်သားဟာ ကိုယ့်အောက်နိမ့်ကျရမယ်ဆိုတဲ့ ဝါဒဟာ မမှန်ပါဘူး။ တပည့်တော် ဆရာပေမဲ့ ကိုယ့်ထက်သာတဲ့ တပည့်တွေ အများကြီး တွေ့ဖူးပါတယ်။ တပည့်တော်တို့ သီတင်းသုံးဖော်ဖြစ်ဖြစ်၊ ဆရာသမားဖြစ်ဖြစ်၊ ဆည်းကပ်တော့မယ်၊ ပေါင်းဖော်တော့မယ်ဆိုရင် 'ပိယဂုဏ်' ဒီပုဂ္ဂိုလ်ကို အပေါင်းအဖော်တွေက ချစ်မြတ်နိုးရဲ့လား၊ 'ဂရု' ချစ်မြတ်နိုးရုံသာမကဘဲ လေးစားမှု၊ အလေးပြုမှု ရှိရဲ့လား၊ 'ဘာဝနီယ' အဲဒီကနေ တစ်ဆင့်တက်ပြီး နှုတ်ကနေ ချီးမွမ်းပြောဆိုမှုရှိရဲ့လား၊ ဒါလေးတွေနဲ့ ချင့်ချိန်ကြည့်ပြီး အဲဒီလိုအင်္ဂါတွေနဲ့ ပြည့်စုံပြီဆိုရင် ဒါဟာ မိတ်ကောင်းဆွေကောင်းပဲလို့ သိရတာပဲ။

(၄) ဝတ္တာ စ

နောက် ... နံပါတ်(၄)အချက်က ဝတ္တာ စ တဲ့။ အပြစ်မြင်ရင်လည်း ပြောတတ်တယ်တဲ့။ တပည့်တော်တို့ လက်ဘလေးတစ်ပုဒ်ရှိပါတယ်။ 'ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူ၏'တဲ့။ သိပ်ရှင်းစရာမလိုဘူး။ အားလုံး နားလည်ပါပြီနော်။

www.dhammadownload.com

(၅) ဝစနက္ခမ

ဝစနက္ခမ- ဆိုတာက ခုနကလို ကိုယ့်ကို အကျိုးလိုလို့ အပြစ်ပြောပြလာပြီဆိုရင် အပြော ခံရတဲ့ပုဂ္ဂိုလ်က ဘယ်တော့မှ မျက်နှာမပျက်တာကို ပြောတာ။ 'နိဓိနံဝ ပဝတ္တာရံ၊ ယံ ပသေ ဝဇ္ဇဒဿိနံ'တဲ့။ တချို့ဆိုရင် အပြစ်ကလေး တစ်ခုလောက် ပြောလိုက်ရင်ကို မျက်နှာက သိပ် တင်းသွားတယ်။ တပည့်တော်လည်း တွေ့ဖူးပါ တယ်။ အပြစ်ပြောလိုက်ပေမဲ့လည်း ရိုးရိုးသား သား မျက်နှာပုံမှန်နဲ့ ချိုချိုသာသာရှိတဲ့ တပည့် တွေလည်း ရှိတယ်။ ဥပမာအားဖြင့် တပည့်တော် ပြောနေကျဖြစ်တဲ့ စာချဘုန်းကြီးဦးကွန္ဒာစာရပဲ။ တပည့်တော် သူ့ကိုဆိုရင် ဘောလုံးပွဲကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ တင်းတင်းမာမာ တော်တော် ပြောခဲ့ဖူးပါတယ်။ မျက်ရည်ကျပြီး ငိုရုံပဲရှိတယ်။ မျက်နှာမပျက်ဘူး။ ဒါမျိုးတွေ့ခဲ့ရတယ်။ ဒါကို ဝစနက္ခမ လို့ ခေါ်တယ်။ ဆရာသမားတစ်ယောက် အနေနဲ့ ကိုယ်ဆုံးမလိုက်လို့ မျက်နှာတင်းသွားတဲ့ ပုဂ္ဂိုလ်နဲ့ မျက်နှာကြည်ကြည်လင်လင်ရှိတဲ့ပုဂ္ဂိုလ် ဘယ်ပုဂ္ဂိုလ်ကို ဆုံးမချင်သလဲဆိုရင် ကြည်လင် တဲ့ပုဂ္ဂိုလ်ကိုပဲ ဆုံးမချင်တာပဲ။ ကိုယ်ချင်းစာ ကြည့်ရင် သိပါတယ်ဘုရား။

စံပြပုဂ္ဂိုလ်

မိတ်ဆွေကောင်းဆိုတာဟာ အရှင်ဘုရား တို့မြင်နေတဲ့ သီတင်းသုံးဖော်ကိုသာ ပြောတာ မဟုတ်ဘူး။ ဆရာသမား၊ မိဘ၊ တပည့်၊ ဆွေ မျိုး၊ အားလုံး ပတ်ဝန်းကျင်မှန်သမျှ မိတ်ဆွေထဲ ပါတာပဲ။ 'ဝတ္တာ စ' ပြောစရာရှိရင် ပြောတယ်။ 'ဝစနက္ခမော' အပြောခံရလို့ရှိရင်လည်း မျက်နှာ မပျက်ဘူး၊ လိုက်နာကျင့်သုံးတယ်ပေါ့။ ဒီနေရာ မှာ အရှင်သာရိပုတ္တရာကိုပဲ စံအဖြစ် ထုတ်ပြ မယ်။ အရှင်သာရိပုတ္တရာဟာ တစ်နေ့တော့ သင်္ကန်းဝတ်ထားတာ သင်းပိုင်ကြီးက မညီဘူး။ ဒီအခါမှာ ၇ နှစ်အရွယ် ကိုရင်လေးက လက်အုပ် ကလေးချီပြီးတော့ 'အရှင်ဘုရား ... အရှင် ဘုရားရဲ့သင်းပိုင်ကြီးက တွဲလောင်းကျပြီး မညီ ပါဘူးဘုရား'လို့ လျှောက်တယ်။

လျှောက်တဲ့သူက ၇ နှစ်အရွယ် ကိုရင်လေး။ အလျှောက်ခံရတဲ့ပုဂ္ဂိုလ်က အဂ္ဂသာဝကကြီးနော်။ တပည့်တော်တို့ ကိုယ့်စိတ်နဲ့ နှိုင်းကြည့်စမ်းပါ။ နားရင်းအုပ်ပစ်လိုက်လို့ဆိုတဲ့ စိတ်တောင် ပေါ် ချင်ရင် ပေါ်လာလိမ့်မယ်ထင်ပါတယ်။ ဒါ အရိုင်းဆုံးစကား ပြောကြည့်တာပါ။ နှိုင်းတော့ မနှိုင်းကောင်းဘူးပေါ့လေ။ ဒါပေမဲ့ ကိုယ့်စိတ်နဲ့ နှိုင်းကြည့်မှ အရှင်သာရိပုတ္တရာက ပိုကြည်ညိုစရာကောင်းတာ မြင်သာလာပါတယ်။ အရှင် သာရိပုတ္တရာကတော့ ဘေးနားလေးသွားပြီး သင်္ကန်းလေးကို ညီအောင်ပြင်ဝတ်ပါတယ်။ ပြီး တော့မှ ကိုရင်လေးကို မေးသတဲ့။ 'ဆရာ ... ဒါဆိုရင် သင့်တော်ပါပြီလား'တဲ့။ ပြီးတော့ အရှင်သာရိပုတ္တရာက ဥဒါန်းကျူးရင့်လိုက်သေး တယ်။

'တဒဟုပဗ္ဗဇိတော သန္တော၊
ဇာတိယာ သတ္တဝဿိကော။
သောပိ မံ အနုသာသေယျ၊
သမ္မဋ္ဌစ္ဆာမိ မတ္ထကေ'

'ဒီနေ့မှ ကိုရင်ဝတ်တဲ့ ၇ နှစ်သားအရွယ် ကိုရင်လေးက ဆုံးမတာကိုတောင် ဦးထိပ်ဖြင့် ခံယူပါတယ်'တဲ့။ မတ္ထကေမှာပါတဲ့ သတ္တမီ ဝိဘတ်ဟာ ဒီနေရာမှာ 'ကမ္မကရဏနိမိတ္တတ္ထေသု သတ္တမီ'သုတ်နဲ့ သက်ထားတယ်။ ဒါကြောင့် အနက်ပေးရင် 'မတ္ထကေ - ဦးထိပ်ဖြင့်'လို့ အနက်ပေးရတယ်။ ဦးထိပ်ဖြင့်ခံယူပါတယ်တဲ့။

www.dhammadownload.com

အရှင်သာရိပုတ္တရာဟာ ဥဒါန်းကျူးပြီးတော့ သူ့ရဲ့ဝါဒကို ဖွင့်ပြလိုက်တာပဲ။ တပည့်တော်တို့ ခုခေတ်မှာလည်း ကိုယ့်ရဲ့ဝါဒကို သိစေချင်လို့ ရှိရင် သတင်းစာရှင်းလင်းပွဲတွေ ဘာတွေလုပ်တယ်ဆိုတာ ဒါမျိုးပဲ။ အရှင်သာရိပုတ္တရာရဲ့ ဝါဒဟာ ဘာလဲဆိုရင် ဝစနက္ခမဂုဏ်။ ဒါလေးတွေက သိပ်ကြည်ညိုစရာကောင်းတယ်။

အတုယူသင့်

ဒီနေရာမှာ ကိုရင်လေးကိုလည်း ချီးကျူးသင့်ပါတယ်။ ဒီကိုရင်ဟာ ကိုရင်ဝတ်ပြီးစလေးဆိုတော့ ဆရာသမားတွေသင်ပေးတဲ့ သာသနာ့အဆုံးအမကို ချက်ချင်းခံယူ သဘောပေါက်ပြီး သူ့ရင်ထဲမှာ ဒါကို သိပ်သဘောကျသွားတဲ့ အချက်ပါပဲ။ ကလေးဆိုတော့ သူသိပ်သဘောကျသွားရင် ဒါလေးကို အကဲခတ်အသုံးချတတ်ပါတယ်။ ဒါကြောင့် အရှင်သာရိပုတ္တရာရဲ့သင်္ကန်းအဆင်မပြေတာကို မြင်တော့ ဆရာလုပ်တာလည်း မဟုတ်ဘဲနဲ့ သူ့အမြင်ကို ကလေးဝီဝီ ပြောတာပါပဲ။ ဒီနေရာမှာ တပည့်တော်တို့ အတုယူရမှာ ကတော့ ကိုရင်လေးရဲ့ ဩဝါဒခံယူပုံကိုပါပဲ။ ချက်ချင်းလည်း ဩဝါဒကို ခံယူသိမ်းပိုက်တဲ့အတွက် မြတ်နိုးလေးစားထိုက်ပါတယ်။ အသက်အရွယ် မကြီးမားသေးတာမို့ ဆုံးမမယ်ဆိုတဲ့ ဩဝါဒကိုတော့ သူ မရဖူးသေးလောက်ပါဘူး။ သူ့ရဲ့ အသွန်အသင် အဆုံးအမကို မြတ်နိုးခံယူပုံ၊ အသည်းထဲမှာ ချက်ချင်းစွဲသွားပုံကတော့ အမှန်ပဲ လေးစားထိုက်ပါတယ်။

တကယ်တော့ ကြည့်တတ်သူသာ မြင်တာပါ။ ဒီအရွယ်လေးနဲ့ သင်္ကန်းမညီတာကို သူမြင်တာဟာ စိတ်ထဲစွဲသွားတဲ့ အဆုံးအမနဲ့ တွဲပြီး ကြည့်တတ်လို့ပါ။ စက္ကူစုတ်တွေ ပွနေတာ မကောင်းပါဘူးလို့ တပည့်တော် ဘယ်လိုပဲ အကြိမ်ကြိမ် ဆုံးမဆုံးမ အရှင်ဘုရားတို့အသည်းမှာ မစွဲဘူး။ မစွဲတော့ အမှိုက်တွေ ဘယ်လိုရှုပ်နေပါစေ၊ အရှင်ဘုရားတို့ မမြင်ကြပါဘူး။ တပည့်တော် အကြိမ်ကြိမ်ပဲ ဩဝါဒပေးရပါတယ်။ စောစောကကိုရင်လေး ဩဝါဒကို နှလုံးသားထဲမှာ သိမ်းပိုက်ပုံကိုလည်း အရှင်ဘုရားတို့ အတုယူသင့်ပါတယ်။

အဓိကအလုပ်

ဒီနေ့လည်း တတိယဆင့်သာမဏေတွေကို စကားစပ်လို့ ပြောဦးမယ်။ စာမေးပွဲတွေ ဖြေနေတယ်။ မန္တလေးစာမေးပွဲဟာ အရေးအကြီးဆုံး၊ မန္တလေးစာမေးပွဲက အဓိကပဲ။ မန္တလေးစာမေးပွဲကို ဖြေဖို့က အဓိကပဲ။ ကျတာ၊ အောင်တာ အဓိကမဟုတ်ဘူး။ အဓိကအလုပ်က ကိုယ့်ရဲ့ ကြိုးစားမှုတွေ၊ သဒ္ဓါတရားတွေ၊ ဝီရိယတွေ။ အဲဒါတွေ တိုးအောင်ကြိုးစားပါ။ တပည့်တော် ခဏခဏ ပြောပါတယ်။ သူများတွေက စာမေးပွဲကျရင် နှင်ထုတ်တယ်။ တပည့်တော်က စာကြိုးစားတဲ့လူကို စာကြိုးစားတယ်လို့ အသေအချာသိရင် နှင်မထုတ်ပါဘူး။ စာမေးပွဲကျရုံနဲ့ နှင်ထုတ်တာဟာ တပည့်တော်ရဲ့မူ မဟုတ်ပါဘူး။

တပည့်တော်မကြိုက်တာက စာမေးပွဲလေးကျတာနဲ့ စာပဲမကျက်ချင်တော့သလိုလို အီးရော အီးရောနဲ့ စိတ်ဓာတ်ကျန်းမာရေးက ချွတ်ယွင်းလာတယ်။ စိတ်ဓာတ်တွေက ကျလာတယ်။ အဲဒါမျိုး တပည့်တော်မကြိုက်တာ။ တပည့်တော် ဖြစ်စေချင်တာက ဘာလဲ။ ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့စကား ရှိတာပဲ။ သူ လှေပြိုင်ပွဲ သွားကြည့်တယ်။ အဲဒီမှာ ဘာတွေ့သလဲဆိုတော့ ပန်းဝင်ခါနီးမှာ လှေနှစ်စီးက သိပ်မကွာဘဲ

www.dhammadownload.com

ရှိတယ်။ ဒါပေမဲ့ တစ်စီးက ပိုပြီးရှေ့နည်းနည်း ရောက်သွားတယ်။ အဲဒီလို တစ်စီးက ရှေ့လည်း ရောက်ရော နောက်ကကျန်ခဲ့တဲ့ တစ်စီးက လူတွေက တက်ကလေးတွေချပြီး မှိုင်သွားကြသတဲ့။ တကယ်တော့ ရှေ့လှေက ပန်းဝင်တာ မဟုတ်သေးဘူး။ ရှေ့လှေက တကယ်လည်း ပန်းဝင်တာ မဟုတ်သေးဘဲနဲ့ နိုင်ပြီလို့ ပြောလို့ကို မရသေးပါဘူး။ ဒါပေမဲ့ ရှေ့ကိုရောက်ကာရှိသေး။ အဲဒီလှေက ပုဂ္ဂိုလ်တွေကလည်း 'အောင်ပြီ၊ အောင်ပြီ'ဆိုပြီး တက်တွေ ထောင်ကြသတဲ့။ အပြီးပန်းဝင်တာမှ မဟုတ်သေးဘဲ။ လှေနှစ်စီးလုံးမှာ ပါတဲ့သူတွေရဲ့ စိတ်ဓာတ်ဟာ မကောင်းဘူး။ ဇွဲသတ္တိမဟုတ်ဘူး။ ဒါဟာ ဗမာ့စိတ်ဆိုရင်တော့ လွတ်လပ်ရေးရဖို့ ဝေးပါသေးတယ်တဲ့။ ဗိုလ်ချုပ်အောင်ဆန်း ပြောတဲ့မိန့်ခွန်း။ တပည့်တော် နားထောင်ဖူးပါတယ်။

ရုက်တတ်စမ်းပါ

ခုလည်း အရှင်ဘုရားတို့ ကိုယ့်ကိုယ်ကိုယ် ရုက်တတ်စမ်းပါ။ ဟိုစာမေးပွဲက ခက်တယ်၊ ဒီစာမေးပွဲက ခက်တယ်၊ ဒါတွေက အကြောင်းမဟုတ်ပါဘူး။ စိတ်ထဲမှာ ထားရမှာ မဟုတ်ပါဘူး။ ကိုယ့်တာဝန်က ဘာလဲ။ ရုက်ကျန်တွက်ပြီး အားသွန်ခွန်စိုက် ပေါက်မြောက်အောင် ကြိုးစားရမှာ။ ဘယ်လို စနစ်တကျ ကျက်မလဲ။ စဉ်းစားရမယ်။ ဒီလို ကြိုးစားထားရင် ကျသွားလည်း ဘာဖြစ်သေးလဲ။ ကိုယ်လုပ်ထားတဲ့ ဝီရိယကြောင့် ဉာဏ်တွေ တိုးတက်ပြီးသားပါ။ အခုတော့ ဒီလိုမဟုတ်ဘူး။ စိတ်ဓာတ်ကျန်းမာရေးတွေက သိပ်ပြီးတော့ ညံ့ဖျင်းတာ။ တပည့်တော်က ဒီလိုစိတ်ဓာတ် ပိုင်ရှင်တွေနဲ့ တွဲကိုမတွဲချင်ဘူး။

တပည့်တော်ကိုယ်တိုင်လည်း တတိယဆင့် ကျဖူးပါတယ်။ ကျပါစေ။ ဘာဖြစ်လဲ။ နောက်နှစ် ဆက်ကြိုးစားမယ်ဆိုပြီးတော့ ဓမ္မပဒဂါထာဖွင့်တွေ ဘာတွေဆို 'တတ္ထ'ကနေ 'ဟောတီတိ အတ္ထော'အထိ အစအဆုံးကိုပဲ ကျက်ခဲ့ဖူးတယ်။ ဒါ ကိုယ်တိုင်လုပ်ခဲ့လို့ ပြောတာပါ။ အခုတော့ ဘာဖြစ်လဲဆိုတော့ စာမေးပွဲကျလို့ ထင်ပါတယ်၊ ဟိုနားလေးစုပြီး စကားပြော၊ ဒီနားလေးစုပြီး စကားပြောနဲ့။ ဒါ စိတ်ဓာတ်ညံ့တာပဲ။ တစ်နေ့ကလည်း ဒီအပေါ်မှာ စာကျက်ချိန် ဂျာနယ်တွေဖတ်နေလို့ တပည့်တော် ပြောပြီးပြီ။ ကိုယ်လုပ်တဲ့ လုပ်ငန်းတစ်ခုကို ကိုယ်တာဝန်ယူပါ။ ဂျာနယ်ယူလာတယ်ဆိုရင်လည်း ဒီဂျာနယ်က စာကျက်နေတဲ့ ပုဂ္ဂိုလ်ကို သွားပြီးမထိခိုက်စေနဲ့။ ကျန်တဲ့အချိန်မှာ ကိုယ့်ဘာသာဖတ်ပါ။

ကျတာ၊ အောင်တာ အဓိကမဟုတ်

တစ်နေ့ကလည်း စာချဦးဇင်းတွေကို ခေါ်ပြီး ပြောပြီးပြီ။ ခုလည်း တတိယဆင့်သာမဏေတွေကို တပည့်တော် ဒဏ်ပေးထားတယ်။ မြေသယ်တဲ့ဒဏ်ပေးတယ်။ စိတ်ဓာတ်ကျတတ်တာကို ဒဏ်ပေးတာ။ ကိုယ့်ဘာသာကိုယ် ဆက်ပြီးတော့ ကြိုးစားချင်ရင် ကြိုးစား။ မကြိုးစားရင်တော့ တပည့်တော်အနေနဲ့ ဒီလိုပုဂ္ဂိုလ်တွေနဲ့ ဆက်ပြီး လက်မတွဲချင်တော့ပါဘူး။ စိတ်ဓာတ်က သိပ်ညံ့တယ်။ တပည့်တော်ဖြစ်စေချင်တာက ကျတာ၊ အောင်တာက အဓိကမဟုတ်ပါဘူး။ အဓိကအချက်က စာလုပ်ပြီးတော့ အသိဉာဏ်တွေ တိုးတက်လာဖို့၊ ဒီအသိဉာဏ်တွေနဲ့ တစ်ခါဆက်ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ ဆိုတာမျိုး တပည့်တော် လိုချင်တာ။ ဒါကြောင့် တပည့်တော် ခေါ်ပြီးတော့ ပြောတယ်။ ပြောတဲ့

www.dhammadownload.com

အခါမှာလည်း အရှင်ဘုရားတို့ဘက်ကလည်း ဝစနက္ခမသဘောနဲ့အညီ ရိုရိုသေသေ ကြိုးစားလိုက်နာပါ။

ကျန်တဲ့သံဃာတွေကိုလည်း တပည့်တော် ထပ်ပြောပါမယ်။ ကိုယ်အကြီးအကဲဖြစ်နေတဲ့ နေရာပေါ်မှာ သန့်ရှင်းရေးရော၊ စာကျက်မကျက် ကိစ္စတွေရော အားလုံးတာဝန်ယူပါ။ တပည့်တော် ခေါ်ပြီးဆွေးနွေးတဲ့အခါမှာဆိုရင် မသိပါဘူးဆိုတဲ့ အဖြေကို မလိုချင်ပါဘူး။ အားလုံး ဘယ်သူက ဘယ်လိုသဘောရှိတယ်၊ ဒီပေါ်မှာ ဘယ်နှစ်ပါး စာကျက်တယ် စသဖြင့် ဒါမျိုးလေးတွေ သိအောင်ပြောဖို့ တပည့်တော် ထပ်ပြီးတိုက်တွန်းပါတယ်။ ဒါမျိုးတွေက ပြောကို ပြောရမယ်။ 'ဝတ္တာ စ'ဆိုတာ အဲဒါကို ပြောတာ။ အပြစ်တွေ့ရင် ပြောရမယ်။

အကုသိုလ်စိတ်ထား

ဒီလို အပြစ်ကို ပြောတဲ့နေရာမှာ 'နိဓိနံ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ'တဲ့။ ဝဇ္ဇဒဿီဆိုတာ နှစ်မျိုးရှိတယ်။ တချို့က ဒီကောင်တော့ ဒီအပြစ်တွေလုပ်တယ်၊ ဒီနေရာမှာ ဒီကောင့်ကို နှိပ်ထည့်လိုက်ဦးမယ်ဆိုတဲ့ 'ရန္ဓဂဝေသီ' အပေါက်အကြားရှုတာက တစ်မျိုး။ သူကလည်း အပြစ်တော့ ကြည့်တာပဲနော်။ သူ့ရဲ့ကြည့်ပုံက အပြစ်ကြည့်တာတော့ မှန်တယ်၊ သို့သော် ဒီကောင်တော့ နှပ်ပစ်လိုက်ဦးမယ်ဆိုတဲ့ စိတ်ဓာတ်က ပါနေတော့ သူဟာက အကုသိုလ်ပဲ ဖြစ်တယ်။ ကဲ ... ဆိုကြည့်။

'ပရဝဇ္ဇာနုပဿိဿ၊
နိစ္စံ ဥဇ္ဈာနသညိနော။
အာသဝါ တဿ ဝဍ္ဎန္တိ၊
အာရာ သော အာသဝက္ခယာ'

အဲဒီလိုကြည့်တဲ့ပုဂ္ဂိုလ်အတွက်ကျတော့ သူသန္တာန်မှာ အကုသိုလ်တွေဟာ သိပ်တိုးသွားတယ်။ နိဗ္ဗာန်နဲ့ ဝေးသွားတယ်။ ဒါဆို ဘယ်နည်းနဲ့ကြည့်ရမလဲ ...။ 'နိဓိနံ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ' အပြစ်ပြောတဲ့ပုဂ္ဂိုလ်ကို ရွှေအိုးညွှန်ပြသူလို ဆည်းကပ်ပါလို့ ဒီနေရာမှာ မြတ်စွာဘုရားက ဟောပြန်တယ်။ ဘေးပုဂ္ဂိုလ်တွေအနေနဲ့ကျတော့ စောဒနာစရာရှိတယ်။ မြတ်စွာဘုရားက ခုနကတော့ သူတစ်ပါးအပြစ်ကြည့်ရင် အာသဝေါတရားတွေ တိုးတယ်လည်းပြောသေးတယ်၊ ဒီနေရာကျတော့ အပြစ်ပြောသူကို ဆည်းကပ်ပါတဲ့။ ဒီလိုပြောစရာရှိလာတယ်။

ရွှေအိုးညွှန်ပြသူ

ဒါပေမဲ့လို့ ဒီနေရာမှာ စောစောကပြောသလို ဒီကောင်တော့ အပြစ်လုပ်နေတယ်၊ နှိပ်ကွပ်လိုက်ဦးမယ်ဆိုတဲ့စိတ်နဲ့ အပြစ်ကြည့်တာမျိုးကို ရန္ဓဂဝေသီလို့ ခေါ်တယ်။ သူသန္တာန်မှာ အကုသိုလ်တရားတွေပဲ တိုးမယ်။ ဒီလိုမဟုတ်ဘဲနဲ့ အပြစ်ကိုတော့ ကြည့်တယ်၊ အပြစ်ကိုတော့ ပြောတယ်၊ ဒါပေမဲ့ သူမသိသေးတာ သိသွားအောင်၊ သိပြီးရင်လည်း သတိရအောင်၊ သူ့ရဲ့ ပညာရေးတွေ တိုးတက်သွားအောင်၊ သီလသမာဓိ ပညာတွေ တိုးတက်သွားအောင်ဆိုတဲ့ စိတ်ဓာတ်နဲ့ဆိုရင် ဒီလိုအပြစ်ကြည့်တဲ့ပုဂ္ဂိုလ်ကို ရွှေအိုးညွှန်ပြတဲ့ပုဂ္ဂိုလ်လို ဆည်းကပ်ရမယ်တဲ့။ ဒီနေရာမှာ တပည့်တော် ကောက်ချက်တစ်ခုပြောပြမယ်။

အရှင်ဘုရားတို့မှာ တစ်ခါတစ်ရံ ဇဝေဇဝါတွေ သိပ်ဖြစ်တယ်။ အထူးသဖြင့် အေးအေးဆေးဆေးလေး နေကြတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီဟာ သိပ်ပြီးတော့ ဖြစ်တယ်။ တပည့်တော်

www.dhammadownload.com

ဟိုတုန်းကလည်း စာချဘုန်းကြီးလေးတွေ ခေါ်ပြီးတော့ ပြင်ပေးဖူးတယ်။ အေးအေးဆေးဆေးနေတာ ကောင်းတယ်ဆိုတဲ့ စိတ်ဓာတ်ကြီးကပါနေတယ်။ သူတစ်ပါးအပြစ်ရှုရင် 'အာရာသော အာသဝက္ခယာ' အကုသိုလ်တွေတိုးပြီး နိဗ္ဗာန်နဲ့ဝေးလိမ့်မယ် ဆိုတာနဲ့ သွားရောထွေးနေကြတယ်။

ကုသိုလ်စိတ်ထား

မြတ်စွာဘုရားက အပြစ်ရှိသူကို ခေါ်ပြောတဲ့အခါမှာ ဘယ်လိုစိတ်နဲ့ ပြောရမယ်ဆိုတာ ပြောထားပါတယ်။ အပြစ်ကိုလည်း သိတယ်။ ဖော်လည်းပြောတယ်။ တချို့ပုဂ္ဂိုလ်တွေက အပြစ်သာလုပ်နေတာ။ သူလုပ်နေတာဟာ အပြစ်ပဲလို့ မသိဘူး။ ဒါကြောင့် သူလုပ်နေတာဟာ အပြစ်ပဲလို့ သိအောင်၊ နားလည်အောင် ပြောပြရတယ်။ သူလုပ်နေတာ အပြစ်မှန်း သိလျက်နဲ့ လုပ်နေတာဆိုရင်လည်း ထပ်ပြီးသတိရအောင် သူ့ရဲ့ သီလ၊ သမာဓိ၊ ပညာတွေ တိုးတက်အောင် ဆိုတဲ့ စိတ်ဓာတ်နဲ့ ပြောပါ။ အဲဒီစိတ်ဓာတ်နဲ့ ပြောတဲ့ပုဂ္ဂိုလ်ကို မြတ်စွာဘုရားက ဘာနဲ့ ဥပမာပေးသလဲဆိုရင် ရွှေအိုးပြတဲ့ပုဂ္ဂိုလ်လို့ မှတ်ယူရမယ်တဲ့။ မှတ်ယူပြီးတော့ ဒီလိုပုဂ္ဂိုလ်မျိုးက နှင်ထုတ်ရင်တောင် ထွက်မသွားပါနဲ့၊ ခယဝပ်တွားပြီး ရှိသေစွာ ဆည်းကပ်မြဲ ဆည်းကပ်ပါတဲ့။

စိတ်ထားကွာသွား

ဒါဟာ သူတော်ကောင်းတွေ ချီးကျူးတဲ့အလုပ်မို့ ဒီလိုပုဂ္ဂိုလ်မျိုးရဲ့သန္တာန်မှာ ကုသိုလ်တွေပဲ ပွားပါတယ်။ အပြစ်ရှိတဲ့ပုဂ္ဂိုလ်ကို ဒီလိုပုံစံမျိုးနဲ့ ဆုံးမမယ်ဆိုရင် သာသနာတော်ကြီးဟာ ဆုတ်ယုတ်ဖို့ မရှိပါဘူး။ ကြီးပွားတိုးတက်ဖို့ပဲ ရှိပါတယ်။ ဒါလေးကို အရှင်ဘုရားတို့ သဘောပေါက်ဖို့ လိုပါတယ်။ ဒါကြောင့် ဒါမျိုးလေးတွေကို နှစ်ဦးချင်းခေါ်ပြီး ဆွေးနွေးခဲ့ဖူးပါတယ်။ တပည့်တော်က ဒီလို ပြတ်ပြတ်သားသား မြင်စေချင်တာ။ တစ်ဦးသောပုဂ္ဂိုလ်သည် တစ်ပါးသူရဲ့ အပြစ်ကို ရှုတဲ့အတွက် ငရဲရောက်တယ်၊ တစ်ဦးသောပုဂ္ဂိုလ်သည် တစ်ပါးသူရဲ့အပြစ်ကို ရှုတဲ့အတွက် နိဗ္ဗာန်ရောက်တယ်ဆိုတာက အခုနက စိတ်ထားကွာသွားတာကြောင့် ဖြစ်တယ်။

ဒါကြောင့် ဒဏ်ပေးခံရတဲ့ တတိယဆင့်တွေကိုလည်း တပည့်တော် ခေါ်ပြောထားတယ်။ တပည့်တော် မှားတယ်ထင်ရင် လာပြီး ဆွေးနွေးခွင့်ရှိပါတယ်။ တပည့်တော် ယေဘုယျခြုံပြီး အပြစ်ပေးထားတာတွေ ရှိပါတယ်။ တပည့်တော် ဆုံးဖြတ်တာ မှားတယ်ဆိုရင် လာပြောပါ။ မှားတာဟုတ်တယ်ဆိုရင် တပည့်တော် ပြင်ပေးဖို့ ဝန်မလေးပါဘူး။ အပြစ်ရှိတယ်ဝန်ခံလို့ တပည့်တော် အပြစ်ပေးတာ။ ဒီအပြစ်ကို ခံယူပါ။ တပည့်တော်လည်း ပြောစရာရှိရင် ပြောမယ်။ အရှင်ဘုရားတို့ကလည်း အရှင်သာရိပုတ္တရာတို့၊ အရှင်ရာဟုလာတို့၊ အရှင်သာရိပုတ္တရာကို သင်္ကန်းကိစ္စသွားလျှောက်တဲ့ ကိုရင်လေးတို့ထုံးနှလုံးမူပြီးတော့ သူတော်ကောင်းစိတ်ဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

ကျောင်းတိုက်ကျက်သရေ

၁၃၆၆ ခု၊ ပြာသိုလကွယ်နေ့
၂၀၀၅ ခု၊ ဖေဖော်ဝါရီလ ၈ ရက်၊ အင်္ဂါနေ့ ည

ပြဋ္ဌာန်းစာ

စာမေးပွဲနဲ့ဆိုင်မယ့် စာဝါတွေ တပည့်တော်တို့ စုံလင်အောင် စီစဉ်ပေးထားတယ်။ တချို့စာချတွေ ကိုယ်တိုင်စာမေးပွဲရှိပေမဲ့လို့ ကြိုးစားပြီး ချပေးနေကြတယ်။ တပည့်တော်လည်း တတ်နိုင်သမျှ ဆွမ်းခံနားပေးတာစသဖြင့် စီစဉ်ပေးထားတယ်ပေါ့။ တပည့်တော်တို့ကျောင်းအနေနဲ့ အခုဒီနှစ်မှာ ကျောင်းတွင်းတစ်တန်း တိုးသွားတယ်ပေါ့။ ဟိုတုန်းကတော့ အခြေခံမူလတန်းတစ်ခုပဲရှိတယ်။ အခုကတော့ အခြေပြုပထမတန်း ဆိုပြီးတော့ တစ်တန်းတိုးထားတယ်။ သဒ္ဒါငါးစောင်ပြဋ္ဌာန်းထားတယ်။

တပည့်တော်တို့ မိခင်တိုက်မကြီးနဲ့တော့ မတူဘူးပေါ့ဘုရား။ မိခင်တိုက်မကြီးကတော့ ဓမ္မပဒ၊ ကထာသလ္လာပ၊ သဒ္ဒါ စသဖြင့် ပို့ချတယ်။ ခုနောက်ပိုင်းမှာ ဉာဏ်မမီတဲ့ သံဃာတွေအတွက် ဘာချုတ်ယွင်းချက်လေးသွားတွေ့ရလဲဆိုတော့ အောင်မှတ်အဖြစ် ဒီဓမ္မပဒတို့ ကထာသလ္လာပတို့လိုကျက်စာတွေနဲ့ ဖြေကြတယ်။ တချို့လည်းပဲ မြန်မာပြန်ကျက်ပြီးတော့ ဖြေတယ်။ သဒ္ဒါအရည်အချင်း အားနည်းလာတယ်။ အဲဒီ ပြဿနာလေးတွေသွားတွေ့ရတဲ့အတွက် တပည့်တော်တို့က ဒီမှာတော့ သဒ္ဒါအခြေခံတွေပဲဦးစားပေးလိုက်တယ်။ သဒ္ဒါတက်ရင်းနဲ့လည်း သင်္ဂြိဟ်ပါဠိနဲ့ ဓမ္မပဒက

www.dhammadownload.com

ခွဲခွဲပြီး တက်သွားမှာဆိုတော့ သူက ပါပြီးသားလို ဖြစ်သွားမှာပဲ။ ဒါကြောင့်မို့ ထုံးစံအတိုင်း မနက်ဖြန်ဆိုလို့ရှိရင် ကျောင်းတွင်းတန်းတွေ စကြစို့ပေါ့။ စကြစို့ဆိုတော့ ပထမတန်းကိုရင်တွေကတော့ အားလုံး စပြီးသားတွေပေါ့။ သင်္ကြိဟ်ဆက်တက်ပြီးတော့ ကာရက ဒါလေးတွေ တပည့်တော် ညှိနှိုင်းပြီးတော့ ဆက်လုပ်ပေးမယ်။ ချနေကျ အတိုင်း ချထားဦး။

ပန်ပြောပါတယ်

ဒီနေ့ပထမဆုံး ပြောချင်တာက ပန်ကြားရမယ့် ကိစ္စလေးတွေပေါ့။ တချို့ဟာလေးတွေ တပည့်တော် ပန်ပြောဖို့ မေ့မေ့နေတယ်။ အခုပေါ်တာလေးတွေ ပန်ပြောပေးသွားမယ်။ ဒီတောင်မြို့ဂန္ဓာရာမိကစာမေးပွဲမှာ တပည့်တော်တို့ ကျောင်းတိုက်သံဃာအများအနေနဲ့ နဝကမ္မ ကျပ်တစ်သိန်း လှူဒါန်းတယ်ပေါ့။ ဒါ အားလုံး သံဃာများရဲ့ကိုယ်စား လှူဒါန်းလိုက်တယ်။ အဲဒါလေးကို သံဃာတွေကို ပန်ပြောပါတယ်။ တောင်မြို့ ဂန္ဓာရာမိက စာမေးပွဲအတွက် နဝကမ္မပဒေသာပင် စိုက်လှူလိုက်ပါတယ်။ ဒီစာမေးပွဲကို တပည့်တော်တို့ကျောင်းကလည်း သွားသွားပြီးတော့ ဖြေတဲ့အတွက် ကျေးဇူးများလို့ စွမ်းအားရှိသလောက် နဝကမ္မတစ်သိန်း လှူဒါန်းခိုင်းလိုက်တယ်ပေါ့။ အဲဒါလေးကို သံဃာအများအား ပန်ပြောပါတယ်။ တတိယအကြိမ်လည်း ပန်ပြောပါတယ်။

ကြားထဲမှာလည်း တပည့်တော် လှူသင့်လှူထိုက်တာတွေ လှူခဲ့ပါတယ်။ များသောအားဖြင့် ဆွမ်းစားကျောင်းဘုန်းကြီး ဦးကောဝိဒနဲ့ တိုင်ပင်ပြီးတော့ ဘယ်ဟာ ဘယ်လောက်ရှိသေးလဲ၊ ဘယ်ဟာ ပိုနေလဲ၊ စသည်ဖြင့် တိုင်ပင်ပြီး လှူဖြစ်တယ်ပေါ့။ တချို့မေ့နေလို့ရှိရင်လည်း အားလုံးအတွက် တပည့်တော် ဒီနေရာကနေ ပန်ပြောပါတယ်ဘုရား။ တပည့်တော် ကိုယ်ရေးကိုယ်တာအတွက် မသုံးပါဘူး။ တစ်နေ့က စာချဘုန်းကြီးတစ်ပါးကို ဆေးကုတဲ့အခါမှာလည်း သံဃိကထဲကပဲ စိုက်ထုတ်ပြီးတော့ လှူဖြစ်တယ်။ ဒါတွေအားလုံး ပန်ပြောပြီးသားလို့ပဲ မှတ်ထားပေါ့။ အားလုံး သဘောတူတယ်ဆိုရင် ဝမ်းမြောက်နုမော် သာဓုခေါ်ကြပါ။

(သာဓု - သာဓု -သာဓု)

ဂုဏ်ပြုပူဇော်ကြ

ဒီနေ့ တပည့်တော် ဘာပြောချင်သလဲ။ အခု ပြီးခဲ့တဲ့ အစိုးရပထမလတ်တန်းမှာ ဦးဓမ္မဓရာလင်္ကာရက ပထမရခဲ့တယ်။ နောက် ... စာချတန်းကျမ်းပြီးသွားတဲ့ စာချဘုန်းကြီး ဦးဝေပုလ္လ၊ နိကာယ်စာမေးပွဲ ဝိနယဝိဒူမှာ တစ်နိုင်ငံလုံး ဒုတိယရတဲ့ ရှင်မေဓိယာလင်္ကာရ၊ သူတို့သုံးပါးအတွက် တပည့်တော်တို့ သံဃာတွေ စုပေါင်းပြီးတော့ ဂုဏ်ပြုပူဇော်ကြတယ်။ တပည့်တော်တို့လုပ်နေကျကတော့ ပထမပြန်မှာ အထူးအောင်တာရယ်၊ သကျသီဟ စာသင်တန်း၊ စာချတန်းတွေမှာ အောင်မြင်တာရယ်၊ ဒီပုဂ္ဂိုလ်တွေအတွက် ဒကာ၊ ဒကာမတွေကို အသိမပေးဘဲနဲ့ ကိုယ်စွမ်းအားရှိသမျှ ဂုဏ်ပြုကြတယ်။ တပည့်တော်လည်း တပည့်တော် စွမ်းအားရှိသလောက် ထည့်တယ်။ သံဃိကထဲကလည်း ကြည့်ပြီးတော့ သံဃာအားလုံးကိုယ်စား တပည့်တော် ဆုံးဖြတ်ချက်ချပြီးတော့ ပန်ပြောပြီးတော့ လှူဒါန်းပေးတယ်။ သံဃာတွေကလည်း ကိုယ်စွမ်းအားရှိသလောက် လှူကြတယ်ပေါ့။

သာမဏေကျော်အောင်တာတို့ ဘာတို့က

www.dhammadownload.com

တော့ သံဃာတွေဆီက အလှူမခံဘဲနဲ့ တပည့်တော်ရယ်၊ သံဃိကထဲကရယ်၊ နောက်ပြီးတော့ နာယကထဲကလည်း ကိုယ့်ဟာကိုယ် တတ်နိုင်သလောက်လေး ထည့်ဝင်ပြီး ချီးမြှောက်တဲ့ သဘောလောက်ပဲ တပည့်တော်တို့ နောက်ပိုင်းမှာ လုပ်ပေးသွားမယ်။ နှစ်တိုင်း ကျယ်ကျယ်ပြန့်ပြန့်ကြီးဆိုရင်လည်းပဲ ဒါတွေက သံဃာအတွက် ဝန်တစ်ခုဖြစ်လာမှာ စိုးတယ်။ ဒါကြောင့် သာမဏေကျောင်တွေအတွက်တော့ တပည့်တော် ကိုယ်စွမ်းရှိသလောက်ပဲ လုပ်ဖို့ အစီအစဉ်ရှိပါတယ်။

အရှင်ဘုရားတို့ကလည်း ဒါလေးတွေ တချို့နားလည်ပေးပေါ့ဘုရား။ ခုလို နိကာယ်ဆိုလို့ရှိရင်လည်းပဲ သူ့သက်သက်ဆို ဒီလိုလှူဖြစ်ချင်မှ ဖြစ်မှာပေါ့။ ခုဟာက အားလုံးကြုံနေလို့ ထည့်လိုက်တာ။ စာချတန်းဆိုတာကတော့ အထူးအောင်မဟုတ်ဘဲ ရိုးရိုးအောင်ဆိုပေမဲ့လို့ ထည့်ထားတယ်။ ဒီစာချတန်းဆိုတာ တပည့်တော်တို့ ကျောင်းတိုက်အနေနဲ့က အလုပ်လုပ်နိုင်တဲ့ အရည်အချင်း အပြည့်အဝရှိတယ်လို့ တပည့်တော် ယုံကြည်တယ်။ စာလည်းပဲ တကယ်လုပ်ခဲ့လို့ အောင်ခဲ့တယ်။ အရည်အချင်းလည်းပဲ ရှိတယ်။ စာချဘုန်းကြီးတစ်ပါးအဖြစ် ကျောင်းတိုက်အကျိုးများတဲ့အတွက် ထည့်ပြီးတော့ ပူဇော်တယ်ပေါ့။ နည်းတယ်များတယ်တော့ မဟုတ်ဘူး။ ကိုယ်စွမ်းအားရှိသလောက် လုပ်တာပါ။

စာချဘုန်းကြီးအပြစ်

ဒါနဲ့ စကားစပ်လို့ စာချပြီဆိုလို့ရှိရင်လည်း ကိုယ့်အတန်းကိုယ် ထိုင်ပုံထိုင်နည်းက စပြီးတော့ အမြင်မတော်ဘူးဆိုရင် ပြောရဲတဲ့သတ္တိ မွေးပေးပါ။ တပည့်တော် ထပ်ပြီးတော့ တိုက်တွန်းပါတယ်။ တချို့စာချလေးတွေ ရှိသေးတယ်။ မပြောရဲသလို ပြောရဲသလိုမျိုး။ ဒါမျိုး မလုပ်ပါနဲ့။ စာလိုက်နာတဲ့ သံဃာတွေကလည်း လေးလေးစားစား ထိုင်နားစိုက်ပါ။ ခါးကြီးတွေ ကုန်းပြီး လုပ်ချင်ရာလျှောက်လုပ်မနေနဲ့။ စာချဖြစ်တဲ့ ပုဂ္ဂိုလ်ကလည်းပဲ တည်တည်တံ့တံ့ ချပါ။ စာချတဲ့အခါမှာ ပျော်ရွှင်မှုရှိအောင်ကတော့ မေးလိုက်ဖြေလိုက်လေးတွေ လုပ်ရမှာပဲ။ မရိုမသေနဲ့ ဟိုအော်ဒီအော်မျိုးတွေကိုတော့ ဒီကျောင်းမှာ လုံးဝလက်မခံပါနဲ့။ အဲလိုတွေ ဖြစ်ပြီဆိုရင် ဒါအငယ်ရဲ့အပြစ်မဟုတ်ပါဘူး။ စာချဘုန်းကြီးရဲ့အပြစ်လို့ပဲ တပည့်တော် မြင်တယ်ပေါ့။

ကိုယ့်ဘက်ကနေပြီးတော့ ပြည့်စုံအောင် လုပ်ပေးပေမဲ့ သူ့ဘက်က ကျေးဇူးမသိတာသိတာကို တပည့်တော်တို့က တစ်ကဏ္ဍထားတယ်။ အဲဒါက တပည့်တော်တို့ တာဝန်မဟုတ်ဘူးပေါ့။ ခုလောလောဆယ်ကိုပဲ ကိုရင်တစ်ပါး ရွာပြန်တုန်းက လျှောက်သွားတယ်။ သူက ရွာအပြီးပြန်မယ်ပေါ့။ ဒါနဲ့ သေတ္တာတွေ ဘာတွေ လာယူတယ်။ ထုံးစံအတိုင်းဆိုရင် တပည့်တော်တို့ ကျောင်းမှာ နာယကတွေ ကန်တော့ရတယ်ပေါ့။ ခုတော့ သူ့သေတ္တာသူ တိတ်တိတ်လေးယူသွားတယ်။ ဘယ်သူမှ မကန်တော့ဘူး။ ဒါကတော့ တပည့်တော်တို့က အပြစ်မမြင်ပါဘူး။ ကိုယ့်သမိုင်းကိုယ် ရေးကြတာပဲ။

ကျောင်းတိုက်ကျေးဇူး

'ကျောင်းတိုက်ကျေးဇူး'ဆိုတာနဲ့ စပ်ပြီး တပည့်တော် တစ်ခုပြောပြဦးမယ်။ တစ်နေ့က မန္တလေးဈေးချိုထဲက လှူနေကျဒကာမတွေက စာအုပ်လှူချင်တဲ့အကြောင်း လျှောက်တယ်။ တပည့်တော် ကိုယ့်ဟာကိုယ် လိုချင်တယ်ဆိုရင် ကိုယ်လိုချင်တဲ့ အင်္ဂလိပ်စာစာအုပ် မှာလို့ရတာပဲ။

www.dhammadownload.com

ကျောင်းတိုက်အတွက် တခြားလိုတာလုပ်ရင်လည်း ရပါတယ်။ ဒါပေမဲ့လို့ သာမဏေကျော်တန်းအောင် သံဃာတွေအတွက် တကယ်လည်းလိုအပ်နေတဲ့အတွက် ဒီလှူမယ့်ဟာကို တပည့်တော် လမ်းပြောင်းပြီးတော့ ပေးလိုက်တယ်။ သာမဏေကျော်ငါးပါးအတွက်ပဲ ပထမ သူတို့က လျှောက်တယ်။ တစ်ပါးကို ငါးအုပ်နှုန်းနဲ့ အားလုံး ခုနစ်သောင်းကျော်ဖိုးပေါ့။

နောက်ပြီးတော့ တစ်ခါ ဒီ ဒုတိယဆင့်၊ ပထမဆင့်အောင် (၂၇)ပါးအတွက် တစ်အုပ်စီ စာရင်းထပ်တောင်းပေးဖို့ တပည့်တော်ကို လျှောက်တဲ့အတွက် စာရင်းပေးလိုက်တယ်။ အဲဒီစာအုပ်တွေလည်းပဲ သူတို့ ကပ္ပိပြီးပြီ။ သူတို့ကလည်းပဲ အားလုံးခုနစ်သောင်းကျော်လောက်ကျတယ်။ တစ်ခါ ဒီနေ့ နောက်ထပ် အလှူရှင်နှစ်ဦးထပ်ပေါ်တဲ့အတွက် ပထမဆင့်၊ ဒုတိယဆင့် သံဃာတွေအတွက် နှစ်အုပ်စီ ဖြစ်သွားတာပဲ။ ဒါလည်း ရှစ်သောင်းကျော်ဖိုးလောက်ဆိုတော့ အားလုံးပေါင်းလိုက်ရင် နှစ်သိန်းတော်တော်ကျော်သွားတယ်ပေါ့။

ဆိုလိုရင်း

တပည့်တော် ဘာပြောချင်တာလဲ။ တပည့်တော်ဘက်ကတော့ ရောက်လာတဲ့အခွင့်အရေးကို အားလုံး သင့်တော်သလို လုပ်ပေးသွားတယ်ဆိုတာ အရှင်ဘုရားတို့ သိစေချင်လို့ပါ။ ဒါ အရှင်ဘုရားတို့ကိုပဲ လှူချင်တယ်ဆိုပြီး လှူတာမျိုးတွေ မဟုတ်ပါဘူး။ ဒါပေမဲ့လို့ အခုအချိန်မှာ တကယ်လည်း လိုအပ်နေတယ်။ စာအောင်သံဃာတွေကို တပည့်တော်အနေနဲ့ နှစ်တိုင်း လှူချင်ပေမဲ့လို့ ကိုယ်တိုင်ကျ နှစ်တိုင်း မလှူနိုင်ဘူးပေါ့။ အခုလို အခွင့်ကြုံလာလို့ သူတို့က လှူချင်တယ် ပြောတဲ့အခါမှာ တပည့်တော်က ဘယ်လိုလှူသင့်တယ်ဆိုတာ လုပ်ပေးတယ်။ ဒါ ကျောင်းတိုက်ကျေးဇူးတွေပဲ။

စောစောကပြောတဲ့ ကိုရင်ပေါ့။ သူ ထွက်သွားတယ်။ ဘယ်သူမှ ကန်တော့မသွားဘူး။ သူနေတဲ့ ပတ္တမြားကျောင်းဆောင်က စာချုပ်နှုန်းကြီး ဦးသီလာနန္ဒကိုပဲ မသိလိုက်ဘူးဆိုတော့ တပည့်တော်တောင် အံ့သြသွားတယ်။ ဒါပေမဲ့လို့ တပည့်တော်အနေနဲ့တော့ စာအုပ်လှူတဲ့အထဲမှာ သူ့စာရင်း မဖျက်ပါဘူး။ ထည့်ပေးလိုက်ပါတယ်။

ကိုယ့်ဘက်ကတော့ အတတ်နိုင်ဆုံး ပြည့်စုံအောင် စီမံပေးတယ်။ တပည့်တော်ရဲ့ မူအတိုင်းပဲပေါ့။ ကိုယ်ကပဲ ကျေးဇူးပြုနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ပါရစေလို့ ဒါပဲ တပည့်တော် ဆုတောင်းပါတယ်။ လုပ်လည်း လုပ်ပေးမှာပဲ။ သူတို့ကို ကိုယ်က များများခိုင်းပြီးတော့ ကိုယ်က ကျေးဇူးပြုတာနည်းရင်တော့ ကိုယ့်မှာ နောင်တစ်ချိန် နောင်တ တရား နှိပ်စက်မယ်ပေါ့။ ကိုယ့်ဆီမှာ လာနေတယ်။ သူတို့ရောက်လာတဲ့ အချိန်မှာ ကိုယ်က ပညာရေးလည်း လိုလေသေးမရှိ စီမံပေးတယ်။

မဖြစ်စေချင်ဘူး

အဲဒီကိုရင်ဆိုလို့ရှိရင် တပည့်တော်တို့ စာမမီမှာစိုးလို့ တစ်ပါးချင်းကိုပဲ အထူးကျူးရှင်ပြောကြပါစို့၊ အဲဒီလိုလုပ်ပြီးတော့ ပေးခဲ့တယ်။ ဒါပေမဲ့ ထွက်တဲ့အချိန်မှာ ကန်တော့မသွားဘူး။ တပည့်တော်စိတ်ထဲမှာ စိတ်မကောင်းတာပဲ ရှိတာပါ။ အဲဒါမျိုးလေးတွေ အရှင်ဘုရားတို့ မဖြစ်စေနဲ့ပေါ့ဗျာ။ ဖြစ်တော့ ဘာလုပ်သလဲ။ တပည့်တော်တို့က ဘာမှမလုပ်ပါဘူး။ သူ့သမိုင်းနဲ့သူ သွားကြမှာပဲ။ ဒီစိတ်ဓာတ်မျိုးကတော့ တတ်နိုင်သမျှ မဖြစ်စေချင်ဘူးပေါ့။ အရှင်

www.dhammadownload.com

ဘုရားတို့လည်းပဲ မဖြစ်အောင် ကြိုးစားကြပါ။ ထွက်သွားတဲ့ပုဂ္ဂိုလ်ကို အပြစ်လည်းပဲ မမြင်ပါဘူး။ ခုနကလို စာအုပ်လျှုတာက အစ တပည့်တော် တတ်နိုင်သမျှ လုပ်ပေးခဲ့တယ်။ ထွက်သွားရင် တာဝန်မရှိပါဘူး။ ဒါပေမဲ့လို့ ကိုယ့်ဘက်ကတော့ နောက်ဆုံးအချိန်ထိ ကျေးဇူးပြုနိုင်တယ်ဆိုတာ အကောင်းဆုံးပါပဲ။

တပည့်တော်တို့ စန္ဒကူးနဲ့သာတုံးကို မီးရှို့ရင် နောက်ဆုံးကျွမ်းတဲ့အထိ မီးသွေးဖြစ်တဲ့အထိ ရှိုတဲ့သူကို အမွေးနဲ့သာ ပေးသွားတာပဲ။ နောက်ဆုံးအချိန်အထိ အကျိုးပြုသွားတယ်။ တပည့်တော်တို့လည်း အဲဒီအတိုင်း သဘောထားပြီး လုပ်သွားရမှာပဲ။ ဖြစ်ပြီးသားကတော့ ပြီးသွားပြီပေါ့။ ဒါကိုတော့ အပြစ်မမြင်တော့ဘူး။ အရှင်ဘုရားတို့ကို ဒါမျိုး မဖြစ်စေချင်လို့ ကျေးဇူးတရားအကြောင်း တပည့်တော် ပြောပြတာပါ။ လှူတဲ့တန်းတဲ့ ပစ္စည်းက တန်ဖိုးတော့ သိပ်မရှိဘူးပေါ့။ ဒါပေမဲ့ ကိုယ့်အတွက်ရတဲ့ လာဘ်လာဘကို ကိုယ့်အတွက် မလုပ်ဘဲနဲ့၊ တစ်နည်းအားဖြင့် ကျောင်းမှာလုံလောက်နေပြီးသား ဘာတွေထပ်တိုးမယ်ဆိုတာ မလုပ်ဘဲနဲ့ တကယ်လိုတဲ့အချိန်မှာ တပည့်တော် ညွှန်ပေးတယ်။ အဲဒါကို အရှင်ဘုရားတို့ သိအောင် တပည့်တော်ပြောခြင်းဖြစ်ပါတယ်။ ဘာရယ်ညာရယ် မဟုတ်ပါဘူး။

အောင်တာချင်းတူပေမဲ့

ဒါကြောင့်မို့ ဒီနှစ်တော့၊ ဒီနှစ်အောင်တဲ့ သံဃာတွေအတွက်ကတော့ စာအုပ်စာတမ်း လှူဒါန်းကြမယ်ပေါ့။ နောက်နှစ်တွေလည်း တပည့်တော်ဆီ လျှောက်လာပြီဆိုရင် အဲဒီအတွက်ပဲ ဆောင်ရွက်ပေးသွားမယ်။ ပြီးတော့လည်း သာမဏေကျော်တွေအတွက် တပည့်တော် ထူးပြီးတော့ ကိုယ့်ရတဲ့အထဲကနေ သက်နိုးကောင်းကောင်း လေးတွေ ပေးနိုင်အောင်လုပ်ဖို့ အစီအစဉ် ရှိပါတယ်။ ခုနကလို အလတ်တန်းတို့ ဘာတို့ အထူးအောင်တွေအတွက်ကတော့ သံဃာအများအားနဲ့ပဲ လှူကြမယ်။ အထူးအောင်က နည်းလည်းနည်းတော့ ကျောင်းတိုက်အတွက် ဝန်သိပ်မတက်ဘူး။

သာမဏေကျော်လည်း အောင်တယ်၊ အလတ်တန်း ဘာညာလည်း အထူးအောင်တယ်၊ အဲဒီလို တစ်ပါးတည်း နှစ်ခုလုံးရရင်တော့ ကောင်းတာပေါ့ဘုရား။ တစ်ခုချင်း ရွေးရင်တော့ သာမဏေကျော်က အရည်အချင်းပိုရှိတယ်ပေါ့။ ဒါပေမဲ့လို့ တပည့်တော်တို့က သာမဏေကျော်အတွက်ရော၊ အထူးအောင်အတွက်ပါ နှစ်တိုင်း ဒါမျိုးကြီး ဂုဏ်ပြုပွဲလုပ်နေရင် သံဃာတွေလည်း ပင်ပန်းမှာစိုးလို့ တစ်ခါတစ်ရံလောက်ပဲ ဖြစ်တဲ့ ဒီငယ်၊ လတ်၊ ကြီး အထူးအောင်တို့၊ ရဟန်းသကျသီဟတို့၊ ဒီအတွက်ပဲ အထူးလုပ်ပေးသွားမယ်။ နောင်တစ်ချိန်မှာ အရှင်ဘုရားတို့ စိတ်ထဲ ဘာမှမဖြစ်ဖို့ တပည့်တော် ဒါလေးတွေ အကျယ်တဝံ့ ပြောခြင်းဖြစ်တယ်။ အားလုံး သဘောပေါက်ရင် ကျေနပ်မယ်လို့ တပည့်တော် ယူဆပါတယ်။

အကြီးလုပ်တဲ့ပုဂ္ဂိုလ်ဟာ အားလုံး ပြည့်စုံအောင်တော့ ကြိုးစားတာပဲ။ ဒါပေမဲ့ တစ်ခါတစ်ရံမှာ ချို့ယွင်းချက်ကလေးတွေ ရှိလို့ရှိရင် စိတ်ထဲ ဘာမှမဖြစ်ပါနဲ့။ ကိုယ့်အလုပ်ကို ပုံမှန်ပဲ ဆက်ပြီးတော့ လုပ်နေပေးပေါ့ဘုရား။ တပည့်တော် ပြန်ပြီးတော့ စကားရှေ့ဆက်မယ်ပေါ့လေ။ အဲဒီတော့ ကျောင်းတွင်းမှာ စာမေးပွဲဖြေထားတဲ့ သံဃာတွေ မနက်ဖြန်က စပြီးတော့ စာကျက်ရမယ်။ နေရာတွေတောင်မှ တပည့်တော် ဘာမှ မစီစဉ်ရသေးဘူး။ ပုံမှန်လေးပဲ ကျက်နှင့်ဦးပေါ့။

www.dhammadownload.com

အခု ဒီ အထူးအောင်တဲ့ သုံးပါး၊ စာချဘုန်းကြီး ဦးဝေပုလ္လ၊ ဦးဓမ္မဓရ၊ ရှင်မေဓိယ။ ဒီသုံးပါး အတွက် ပြီးလို့ရှိရင် စာချဘုန်းကြီး ဦးကုန္ဒာစာရ ကနေပြီးတော့ စီစဉ်ထားတဲ့အတိုင်း လျှုပေးလိမ့်မယ်ပေါ့။

မေတ္တာပို့ပါ

ကဲ ... ဒီနေ့ကတော့ အချိန်တွေကလည်း မီးပြင်တာနဲ့ ရေစက်ကိစ္စတွေနဲ့ ကုန်သွားတဲ့အတွက် ထူးပြီးတော့ သြဝါဒမပေးတော့ဘူး။ အဲဒါတွေအတွက် ခုနက ကျောင်းဒကာ ဦးမင်းဇော်နဲ့လည်း စီစဉ်ပြီးပြီပေါ့။ ဒကာ၊ ဒကာမတွေကိုလည်းပဲ အရှင်ဘုရားတို့ မေတ္တာပွားဖို့ မမေ့ပါနဲ့။ ကျောင်းဒကာ ဦးမင်းဇော်အကြောင်းဆိုရင် တပည့်တော်ပြောပြီးပြီပဲ။ ခု ရေစက်ကိစ္စဆိုလို့ရှိရင် နေ့စဉ်လာပြီးတော့ လုပ်ပေးတယ်။ ကားက ဒီမှာသုံးဖို့လျှုထားတာဆိုတော့ သူမှာ ကားမရှိတော့ဘူး။ ဆိုင်ကယ်လေးနဲ့လာပြီးတော့ တပည့်တော်ရဲ့ကိုယ်စား အကုန်လုံး လုပ်ပေးနေတယ်။ အပြင်မှာ သူလိုက်လုပ်နေတော့ တပည့်တော် ကျောင်းမှာ အေးအေးချမ်းချမ်း ကိုယ့်စာကိုယ်လုပ်လို့ရတယ်။ တချို့က နဝကမ္မ လျှုနိုင်ပေမဲ့ လူအင်အားစိုက်ဖို့ မလွယ်ဘူး။

ဒါတွေဟာ ဒီကျောင်းမှာ သံဃာတွေဟာ ကိုယ့်အလုပ်ကိုယ် လုပ်ကြတယ်လို့ ယုံကြည်လို့ သူတို့လုပ်နေတာ။ အရှင်ဘုရားတို့ဘက်ကလည်းပဲ တစ်နေ့က ပြောတဲ့အတိုင်း စည်းကမ်းလေးတွေ လိုက်နာပေးပါ။ ခု စာအုပ်လျှုတဲ့ ဒကာ ဒကာမတွေ၊ ကထိန်ခင်းတဲ့ ဒကာ ဒကာမတွေဟာ လိုအပ်တာထက်တောင်မှ ပိုပိုနေပါတယ်။ ဒါ တပည့်တော်တို့အနေနဲ့ အရိပ်အမြွက် မပြဘဲနဲ့ သူတို့ဟာသူတို့ စွမ်းအားရှိသမျှ လျှုတယ်။ တပည့်တော်ကိုယ်တိုင်လည်း မေတ္တာတကယ်ပွားပါတယ်။ အရှင်ဘုရားတို့အနေနဲ့လည်းပဲ နာမည်လေးတွေထုတ်ပြီးတော့ ပွားပါ။ အဲဒါဆိုလို့ရှိရင်တော့ ကိုယ့်ဘက်က တာဝန်ကျေတယ်ပေါ့။

ကျောင်းတိုက်ကျက်သရေဆောင်

စည်းကမ်းရေးရာနဲ့ စပ်လို့လည်း တစ်နေ့က တပည့်တော် ပြောခဲ့ပြီ။ နေ့လယ်အချိန်ကြီးမှာ ကိုရင်တစ်ပါး ဝတ္ထုဖတ်တယ်။ ဒါမျိုးတွေပေါ့။ နောက်ပြီးတော့ တစ်ခါ ည ဆယ်နာရီခွဲပြီးရင် ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် လမ်းလျှောက်ချင်လျှောက်ကြပါ၊ သူများအိပ်ခါနီး အနှောင့်အယှက် မပေးပါနဲ့၊ စကားမပြောပါနဲ့ဆိုတာကို တစ်နေ့က နှစ်ဖွဲ့တွေ့လို့ တပည့်တော် ပြောပြီးပြီ။ ဒါလေးတွေက အသေးအဖွဲလေးတွေပါဆိုပြီး မလုပ်ပါနဲ့။ ပြဿနာဖြစ်ပြီဆိုရင် ဒီအသေးအဖွဲလေးတွေကနေ စဖြစ်တာ။ ဒါကြောင့် တစ်ပါးစီတစ်ပါးစီရဲ့ ကျောင်းတိုက်စည်းကမ်း လိုက်နာမှုဟာ ကျောင်းတိုက်တစ်တိုက်လုံးရဲ့ ကျက်သရေကို ဆောင်ပါတယ်။

ဒါကြောင့် ဒီဟာလေးတွေကို တပည့်တော် အထူးသတိပေးပါတယ်။ နောက်နောင်ကိုလည်းပဲ တစ်ခုခု လုပ်တော့မယ်ဆိုရင် ကျောင်းတိုက်စည်းကမ်းနဲ့မညီရင် ကိုယ့်စိတ်ကိုယ် သိပါ။ အထူးသဖြင့် စာချဖြစ်လာပြီဆိုရင် ပိုသတိထားပါ။ အခု ဒီနှစ်အောင်တဲ့ သာမဏေကျော်တွေဆိုရင် အကြီးတန်းအောင်မှ စာချစာရင်းဝင်တယ်ဆိုပေမဲ့ အခု စာချလို့ပဲ ပြောကြပါစို့။ ဒီအရွယ်ရောက်လာပြီဆိုလို့ရှိရင် ပတ်ဝန်းကျင်အတွက် ငါ ဘယ်လို လုပ်ပေးရမလဲ၊ ဒါမျိုးလေးတွေ တွေးပေးရတယ်။ ဥပမာအားဖြင့် ညညမှာ နောက်ချန်ပြီးတော့

www.dhammadownload.com

အိပ်တယ်။ သံဃာတွေ စေ့ရဲ့လား။ မသိဘဲနဲ့ အပြင်မှာ စကားပြောနေတာများ ရှိသေးသလား။ ဒီလိုကြောင့်ကြလေးတွေပေါ့။

ချီးမြှောက်တဲ့သဘော

စာချုပ်ပါးဖြစ်လာပြီ၊ သာမဏေကျော်တန်း ရောက်လာပြီ (သို့မဟုတ်) သာမဏေကျော်တန်း အောင်ပြီးပြီဆိုရင် အဆင့်တော်တော်မြင့်လာပြီ။ တောင်မြို့ ဂန္ဓာရုံဆရာတော်ကြီးက ဒုတိယဆင့်အောင်ရင် ဂဏဝါစက ခန့်ခဲ့ဖူးတယ်။ အစိုးရဆိုရင် ပထမလတ်တန်းအောင်ရင် ခန့်တယ်။ ဒါ ဘာလဲဆိုတော့ ချီးမြှောက်တဲ့သဘော၊ လူကြီးစိတ်ဝင်လာအောင် လုပ်ပေးတာပဲ။ တကယ်ကတော့ သူဟာ စာကောင်းကောင်းကြီး မချနိုင်သေးပါဘူး။ တပည့်တော်တို့လည်း ပထမလတ်တန်းအောင်တော့ အသက်က (၁၆)နှစ် ရှိသေးတယ်။ ဒါပေမဲ့ ဂဏဝါစကစည်းဝေးပွဲတွေ ဘာတွေတက်ရတော့ ကိုယ့်ကိုယ်ကိုယ် လူကြီးလိုလို ဘာလိုလို အဲဒီလို ယုံကြည်မှုရခဲ့တယ်။ တကယ်တော့ ဘာမှ မလုပ်ရသေးဘူး။ ဒါပေမဲ့ စိတ်ဓာတ်ရေးရာမှာ ပြောင်းသွားတယ်ပေါ့။ ဒီမှာလည်း အဲဒီသဘောပေါ့။

နောက်ကျပြီးမှ အိပ်တာကို အပြစ်မပြောဘူး။ အိပ်လို့ရှိရင် သံဃာတွေမှ စေ့ရဲ့လား၊ ဘယ်သူများ ကျန်နေသေးလဲ။ ဘယ်ကိုရင်တွေက အိပ်ချိန်ကြီး စကားပြောတတ်သလဲ၊ ဒါမျိုးလေး ကြောင့်ကြစိတ်နဲ့လုပ်လို့ရှိရင် ကိုယ့်အတွက်လည်း ထိန်းပြီးသား ဖြစ်သွားပါတယ်။ ကိုယ့်အတွက် ထိန်းပြီးသားဖြစ်တယ်ဆို သူတစ်ပါးအတွက်လည်း ထိန်းပြီးသားဖြစ်တယ်။ သူတစ်ပါးအကျိုးကို လိုလားတဲ့ စိတ်လေးနဲ့လုပ်လိုက်ရင် ကိုယ့်အကျိုးလည်း ပြီးသွားတာပဲ။ အဲဒီလို စိတ်လေးနဲ့ဆိုရင် အဆင်ပြေတယ်။ ဒီလို မဟုတ်ဘဲ ကိုယ်ကစပြီးတော့ 'အင်း ... ဘုန်းကြီးတော့ ဒီနေ့လည မရှိဘူး။ စကားလေး ထိုင်ပြီးပြောလည်း ဘာမှမဖြစ်ပါဘူး။ ကျန်တဲ့ဦးဇင်းတွေ ပြောလည်း ကြည့်လျှောက်လိုက်တာပေါ့' ဒီလို မရိုးမသားစိတ်တွေ သွားပြီးတော့ မမွေးပါနဲ့။ ဒီစိတ်လေးတစ်ခု ကိုယ့်ရဲ့သန္တာန်မှာ ဥပါဒ်သွားပြီဆိုရင် အရှင်ဘုရားတို့ ကြီးလာတဲ့အခါမှာ လူကြီးလူကောင်း မဖြစ်နိုင်ဘူး။

အလိုလိုပြီးသွား

တပည့်တော် ဒီနေ့ အဲဒါလေးတွေကိုပဲ ထပ်ပြီးတော့ ပြောချင်တယ်။ နေ့လယ် ရေချိုးတာက စပြီးတော့ ဥပုသ်နေ့ပဲ ဆိုပြီးတော့ နှစ်ချက်ထိုးမှ ချိုးတာမျိုး မလုပ်ပါနဲ့။ သူ့ဟာသူ စည်းကမ်းအတိုင်းပဲ လိုက်နာပါ။ တပည့်တော်အနေနဲ့ကတော့ ပြောပြီးသား ထပ်ပြောရရင်တော့ စိတ်မကောင်းရုံပဲရှိတယ်။ ဒါကြီးတွေကို ထပ်တလဲလဲ ပြောရရင်လည်း အုပ်ထိန်းချင်စိတ် ပျောက်သွားတယ်ပေါ့။ ကိုယ်စီကိုယ်စီ ဘာလုပ်ရမယ်၊ ဘာမလုပ်သင့်ဘူးဆိုတာ သိပြီးသားတွေ များတယ်။ ခုချိန်မှာတော့ သံဃာအသစ်လည်းပဲ မရောက်သေးဘူး။ သိပြီးသားလူတွေချည်းမို့ လိုက်နာပေးပါ။ ဒါပဲ တပည့်တော် ထပ်ပြီးတော့ ပြောချင်ပါတယ်။ ဒီလောက်ကတော့ ကိစ္စမရှိပါဘူး ဆိုပြီး ပေါ့ပေါ့တန်တန် မလုပ်နဲ့။ ကိုယ်စီကိုယ်စီ လိုက်နာလို့ရှိရင် ကျောင်းတိုက်ဟာ ကျက်သရေသိပ်ရှိပါတယ်။ တပည့်တော်တို့ အကြီးတွေကလည်း အိပ်ရာဘယ်အချိန်ထသလဲ၊ နေ့လယ် အိပ်ချိန်မှာ ဝတ္ထုများ ဖတ်နေသလား၊ ဒါမျိုးတွေ လိုက်ပြီးတော့ ကြည့်စရာမလိုဘဲနဲ့ အလိုလို ပြီးသွားပါတယ်။

www.dhammadownload.com

စိတ်ဓာတ် အဓိက

တပည့်တော်တို့ တောင်မြို့ ဂန္ဓာရုံဆရာတော်ကြီးရဲ့ စည်းကမ်းဆယ်ချက်ထဲမှာ ပထမက စိတ်ကောင်းရှိဖို့၊ နောက်ဆုံး ဒသမက စာတတ်မြောက်ဖို့၊ နံပါတ်ကိုးအချက်က စည်းကမ်းလိုက်နာဖို့ ...။ ဒီသုံးချက်ဟာ စာသင်ကျောင်းတွေမှာ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာလို့ ခေါ်တာတွေပဲ။ သိပ်အရေးကြီးပါတယ်။ စိတ်ဓာတ်ရေးရာလေးပါလို့ရှိရင် စည်းကမ်းလိုက်နာရတာလည်း တာဝန် မကြီးတော့ဘူး။ သန့်ရှင်းဖို့ဆိုရင်လည်း စိတ်ကကို သန့်ရှင်းချင်မှ ကောင်းမယ်။ သန့်ရှင်းချင်စိတ် တကယ်ရှိရင် ဒီသန့်ရှင်းဖို့ဆိုတာ သူ့အတွက် တာဝန်ကြီးတစ်ခု မဟုတ်တော့ဘူး။

စာကျက်တယ်ဆိုတာလည်းပဲ စိတ်ဓာတ်ကိုက တကယ်ပါနေမှ ကောင်းတာ။ 'ငါ ပညာတတ်မှ ဖြစ်မယ်၊ ပညာတတ်မှ သူများအကျိုးဆောင်နိုင်မယ်၊ သူတစ်ပါးအကျိုးဆောင်နိုင်အောင် အခုကတည်းက ကြိုးစားပြီးတော့ သင်ထားမှ' ဒီစိတ်ဓာတ်တစ်ခု ရှေ့ဆောင်လို့ရှိရင် ပညာလည်း တတ်လာတာပဲ။ ဒါကြောင့် ဆရာတော်ကြီးက စိတ်ဓာတ်က ပထမလို့ ပြောခဲ့တာ။ ဝိနည်းလေးစားဖို့က ဒုတိယ၊ သန့်ရှင်းဖို့က စတုတ္ထဆိုတာတွေကလည်း ချုပ်လိုက်လို့ရှိရင် စည်းကမ်းထဲ ဝင်သွားမှာပါပဲ။ အဲဒီတော့ ဒီစိတ်ဓာတ်၊ စည်းကမ်း၊ ပညာ သုံးလုံးမှာ စိတ်ဓာတ်က ဦးဆောင်နေတယ်။ ဒါကြောင့်မို့ ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ်မြှင့်တင်ပေးပါ။ ဘာစည်းကမ်းမှ မချိုးဖောက်ပါနဲ့။ ဒါလေးကတော့ ဘာမှ မဖြစ်လောက်ပါဘူးဆိုတာမျိုးတွေ မဖြစ်ပါစေနဲ့။

ဒါနဲ့ စကားစပ်ပြီးတော့ တပည့်တော် နည်းနည်းလေး ထပ်ပြောဦးမယ်။ ဒီနေ့ တပည့်တော် ဆွမ်းဘုဉ်းပေးပြီးတော့ ထွက်လာတဲ့အခါမှာ အပြင်ဘက် ဇလုံကြီးထဲမှာ ဆွမ်းကျန်တွေ ပြည့်နေပြန်ပြီ။ အဲဒါ ကိုယ့်ကိုယ်ကိုယ် ပိုတယ်၊ မပိုဘူးဆိုတာ အားလုံးသိမှာပါ။ ဘောဇနေ မတ္တညူဆိုတာ စရဏ(၁၅)ပါးထဲမှာ ပါပါတယ်။ ဆွမ်းဘုဉ်းပေးတဲ့အခါမှာ ကိုယ့်အတိုင်းအတာနဲ့ကိုယ် လိုမှထည့်မယ်။ နည်းနည်းထည့်မယ်။ ပိုအောင် မဖြစ်စေရဘူး။ ပိုလို့ရှိရင် တောင်းတဲ့ပုဂ္ဂိုလ်တွေ ကျောင်းထဲမှာရှိတယ်။ သူတို့ကို ပေးမယ်။ အိုးခွက် ပန်းကန်ဆေးတဲ့ပုဂ္ဂိုလ်ကို ပေးမယ်။ ဒါကြောင့် ဟင်းတွေ ဘာတွေနဲ့လူးပြီးတော့ ပိုတာ မဖြစ်စေရဘူးဆိုတဲ့စိတ် ထားလို့ရှိရင် ဘောဇနေ မတ္တညူဂုဏ် ဖြစ်သွားတယ်။

ဘောဇနေ မတ္တညူဂုဏ်သည် စရဏ(၁၅)ပါးထဲ ပါတယ်။ စရဏ (၁၅)ပါးဆိုတာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပဲ။ တပည့်တော် မနေ့ကတွေ့တယ်။ တွေ့လို့ မေးကြည့်တော့ ဒါမျိုးတွေ နှစ်ရက်၊ သုံးရက် ရှိနေပြီဆိုပြီးတော့ ပြောတာကြားတယ်ပေါ့။ အဲဒီတော့ ဆွမ်းပိုတဲ့ သံဃာတွေက မပိုအောင် ထပ်ပြီးတော့ ကျင့်ပေးပါ။ အဲဒါလေး ထပ်ပြီးတော့ ပြောပါတယ်။ ဒါဟာလည်းပဲ စည်းကမ်းပါပဲ။

ဒါကြောင့် စိတ်ဓာတ်ဦးဆောင်တဲ့ စည်းကမ်း၊ စိတ်ဓာတ်ဦးဆောင်တဲ့ ပညာရေးကို ကြိုးစားပြီးတော့ ကိုယ်စီကိုယ်စီ သာသနာ့ကျက်သရေဆောင်များ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

အမိန့်နာခံတတ်ခြင်း

၁၃၆၆ ခု၊ တပို့တွဲလကွယ်နေ့
၂၀၀၅ ခု၊ မတ်လ ၉ ရက်၊ ဗုဒ္ဓဟူးနေ့ ည

ထပ်ပြီးသတိပေးတာ

ကဲ ... တပို့တွဲလကုန်တော့ တပည့်တော်တို့ တပေါင်းလပြည့်ကျော် ၄ ရက်နေ့ဆို ငယ် လတ် ကြီး စာမေးပွဲတွေ စတော့မယ်။ တပည့်တော်တို့ ထုံးစံအတိုင်း အငယ်တန်းဝင်ခွင့်စာမေးပွဲလေး ကျင်းပပေးမယ်။ သာမဏော ကျော်ကျလို့ ဝင်ဖြေတဲ့ကိုရင်တွေအတွက်ကတော့ မလိုဘူးပေါ့။ မလိုပေမဲ့ ခြံပြီးတော့ ဝင်ခွင့်ကျင်းပမယ်။ ဒါ အားလုံးကိုလည်း ပြောပြီးသွားပြီ။ တပည့်တော်လည်း စီစဉ်ပေးမယ်။ ဒါလေးတွေ ဖြေကြမယ်ပေါ့။ စာမေးပွဲ နီးပြီဆိုတော့ ကိုယ့်စာကိုယ် ကျန်ခြေရရ ပုံမှန်လေးကျက်ပါ။

တပည့်တော်တို့ ဆွမ်းကွမ်းလည်း အတန်အသင့် လုံလောက်တဲ့အတွက် အကြီးတန်းနဲ့ စာချတန်းကို ဆွမ်းခံနားပေးမယ်။ ဟိုတစ်လောကလည်း တတိယဆင့် သာမဏေတွေကို နားပေးခဲ့တယ်။ တပည့်တော်တို့ ကျောင်းတိုက်ရဲ့မူလေးကို ပြောပြဦးမယ်။ တပည့်တော်လည်း တောင်မြို့ဂန္ဓာရုံဆရာတော်ကြီးရဲ့ အာဘော်တွေကို ထိုက်သလောက် လေ့လာပြီး အတုခိုးတာပါ။

ဆွမ်းခံထွက်ရင်း

ဆရာတော်ကြီးက အပွကိစ္စ၊ သလ္လဟုကဝုတ္တိဆိုတဲ့ ဂုဏ်တွေကို

www.dhammadownload.com

သိပ်ပြီးတော့ သဘောကျတယ်။ ဆွမ်းခံပြီးတော့ ဘုဉ်းပေး၊ ဆွမ်းခံဘုဉ်းပေးရင်းနဲ့ပဲ အလုပ်လုပ်သွား။ တချို့က ဆွမ်းခံထွက်၊ ကျန်တဲ့ အရေးကြီးတဲ့ သံဃာတွေက ဆွမ်းခံမထွက်ဘဲနဲ့ စာလုပ်။ ဒီလိုပဲ အောင်သွားကြတာ။ တပည့်တော်တို့ကိုယ်တိုင်လည်း တောင်မြို့ဂန္ဓာရုံမှာ နေခဲ့တယ်။ စာချဘုန်းကြီး ဖြစ်တဲ့အထိပါပဲ။ ဂဏဝါစကစာချဆိုပြီး ဆွမ်းခံမထွက်ရတဲ့ အခါရယ်လို့ မရှိခဲ့ပါဘူး။ ကိုယ့်မှာ ဘုန်းကံနည်းတဲ့အတွက် ဆွမ်းဟင်းမရတဲ့အခါ ကိုရင်လေးတွေရဲ့ ဆွမ်းဟင်းကို မှီပြီး ဒီလိုပဲ နေခဲ့ရင်းနဲ့ စာမေးပွဲတွေလုပ်လာရတယ်။

အဲဒီတော့ ဆွမ်းခံထွက်တဲ့ ကိုယ်တော်တွေကလည်း စေတနာထားပြီး ဆွမ်းခံထွက်။ ဆွမ်းခံမထွက်ဘဲ စာကျက်တယ်ဆိုတဲ့ သံဃာကလည်း သူတို့ကို အားနာတဲ့စိတ်နဲ့ တကယ်ကြိုးကြိုးစားစားလုပ်ပါ။ ဒီလိုမှမဟုတ်ဘဲ ဆွမ်းခံလည်း မထွက်ဘူး။ စာလည်း ကြိုးကြိုးစားစား မလုပ်ဘူးဆိုတဲ့ အချောင်စိတ်ဓာတ်မျိုးတွေကတော့ မကောင်းဘူးပေါ့။ ဒါ ကြုံလို့ တပည့်တော် ထပ်ပြီး သတိပေးတာပါ။

အပွကိစ္စ၊ သလ္လဟုကဝုတ္တိ

အပွကိစ္စဆိုတာ ဘာလဲ။ ဆွမ်းခံမထွက်ဘဲ စာကျက်တဲ့သံဃာတွေအတွက် ဒကာ ဒကာမတွေကို 'ဟာ ... ဘယ်အတန်းက သံဃာအပါး ဘယ်လောက် ဖြေမှာ၊ သူတို့အတွက် ဆွမ်းကွမ်းက ခက်ခဲတယ်' အစရှိသဖြင့် တပည့်တော်တို့ မပြောတာဘဲ ကောင်းပါတယ်။ တပည့်တော်တို့ ထုံးစံလည်းမရှိဘူး။ တပည့်တော်တို့ရဲ့ ဆရာသမားတွေလည်း မလုပ်ခဲ့ဘူး။ တပည့်တော်တို့လည်း ဒီလိုစိတ် မရှိပါဘူး။ ကိုယ့်ဘာသာကိုယ် မျှတအောင် နေပြီးတော့ ဘုဉ်းပေးရုံပဲရှိတယ်။ ဒါ အပွကိစ္စ- ကိစ္စနည်းတယ်လို့ ခေါ်တယ်။

သလ္လဟုကဝုတ္တိဆိုတာလည်း ရှိတဲ့ဟာကို ဝိနယဓမ္မနဲ့အညီ တတ်နိုင်သမျှ ဘုဉ်းပေးတာပါ။ ဒီဆွမ်းဘုဉ်းပေးတာနဲ့ ပတ်သက်လို့လည်း တပည့်တော် ခဏတိုင်း သတိပေးပါတယ်။ စားသောက်တဲ့နေရာမှာ ကျန်ခြေမဲ့ရင် အင်မတန်မှ ရှက်စရာကောင်းပါတယ်။ နောင်ကျ ကြုံရင်လည်း ထပ်ပြောဦးမယ်။ မြတ်စွာဘုရားတောင်မှ ဒီအစားအသောက်နဲ့စပ်လို့ ပဋ္ဌမပါရာဇိကပညတ်ဖို့အထိ စိတ်တော်ဖြစ်ခဲ့ဖူးတယ်။ ဒါလေးကို အမြဲတမ်းပဲ နှလုံးသွင်းပါ။

စားသောက်ချိန်

တပည့်တော်တို့ ဆွမ်းစားကျောင်းမှာဆိုရင် အားလုံးသံဃာစုံမှ ဘုဉ်းပေးရင် ပိုကောင်းမယ်ဆိုပြီး တချို့ ဒကာ ဒကာမတွေက အကြံပေးလျှောက်ထားဖူးတယ်။ အဲဒီလောက်ကြီးကျတော့လည်း သိပ်ပြီးတော့ ကြာလွန်းတယ်။ ထိုင်စောင့်နေရတဲ့ သံဃာတွေ အချိန်ကုန်လွန်းတယ်။ ဒါကြောင့် တပည့်တော်က အတန်းတစ်တန်းတော့ စုံအောင်ထိုင်စောင့်ပါလို့ စီစဉ်ပေးထားတာ။ နေ့လယ်က စားပွဲဝိုင်းမှာထိုင်နေတဲ့ ကိုရင်နှစ်ပါးတစ်ပါးနဲ့တစ်ပါး ကြည့်ပြီးရယ်နေကြတာ တွေ့တယ်။ စားသောက်ချိန်မှာ ဒါမျိုးတွေက အင်မတန်မှ ရုပ်ပျက်တယ်။ မလုပ်ပါနဲ့။ စားသောက်ချိန်မှာ ရယ်နေတယ်ဆိုတာ မကောင်းပါဘူး။ ဘုရားအလိုတော်နဲ့ တိုက်ရိုက်ကြီးကို ဆန့်ကျင်ဘက် ဖြစ်နေတယ်။

မြတ်စွာဘုရားက ဆွမ်းစားစဉ် နှလုံးသွင်းဖို့ မှာထားတာတွေထဲက ပထမဆုံးတစ်ချက်ကိုပဲ အရှင်ဘုရားတို့ ကြည့်လိုက်ပေါ့။ 'နေဝ ဒဝါယ-

www.dhammadownload.com

ရွာသူသားငယ်တို့ကဲ့သို့ မြူးတူးပျော်ပါး ကစားခြင်းငှာ မှီဝဲသည်မဟုတ်ပါ'တဲ့။ မြတ်စွာဘုရား၏ တရားတော်တွေကို လိုက်နာရင် အင်မတန်မှ အထက်တန်းကျပါတယ်။ ခုဟာလည်း တပည့်တော်က အပြစ်မြင်လို့ ပြောတာ မဟုတ်ပါဘူး။ ပြင်ဖို့ ပြောတာပါ။ ဒါလေးတွေက သတိထားရတယ်။ အမှတ်တမဲ့ မဖြစ်စေနဲ့ပေါ့ဘုရား။

လက်ဖျောက်တစ်ချက်တီး

ဒါကြောင့်မို့ ဆွမ်းစားချိန်တွေမှာဆိုရင် အနည်းဆုံး ပစ္စဝေက္ခဏာဆင်ခြင်ဖို့ လိုအပ်တယ်။ ဆွမ်းအလှူရှင်တွေရဲ့ အမည်တွေကို ဂိုက်ဘုတ်ထဲမှာ ရေးပေးထားတယ်ဆိုတာလည်း ဆွမ်းဒကာ၊ ဒကာမတွေအမည်ကို ဖတ်ပြီး မေတ္တာပို့ပေးနိုင်အောင်လို့ပါ။ တကယ်လုပ်ပါ။ ဒါတွေဟာ တပည့်တော်တို့က ကြားကောင်းအောင် ပြောနေတာ မဟုတ်ပါဘူး။ မေတ္တာစိတ်လေး လက်ဖျောက်တစ်ချက်တီးလောက် ဖြစ်လို့ရှိရင်ကိုပဲ တပည့်တော်တို့ ဆွမ်းဒကာ၊ ဒကာမတွေရဲ့ ဆွမ်းကို အလကားစားရာ မရောက်ဘူး။ တာဝန်ကျေတယ်လို့ ဘုရားဟောထားတာ ရှိတယ်။

ဒါကြောင့် တပည့်တော်တို့အနေနဲ့ မွတ်သိပ်ဆာလောင်ခြင်းကို ပယ်ဖျောက်၍ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်ရန် ဤဆွမ်းကို ဘုဉ်းပေးပါတယ်ဆိုတာလေးကိုလည်း တကယ် စိတ်ပါလက်ပါ ဆင်ခြင်ပေးပါ။ ဒါကိုပဲ 'ပဋိသင်္ခါယောနိသော' ပညာနဲ့ဆင်ခြင်တယ်လို့ ခေါ်ပါတယ်။ ဒီလိုမှမဟုတ်ရင်လည်း ဆွမ်းဒကာ၊ ဒကာမတွေကို အာရုံပြုပြီးတော့ 'ကုသိုလ်ကောင်းမှုပြုတဲ့ မိသားစုတွေ စိတ်ချမ်းသာစွာနဲ့ သာသနာ့အကျိုး၊ လောကအကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေ'လို့ မေတ္တာပွားပါ။ ဒါကို သမာဓိနဲ့ ဆွမ်းဘုဉ်းပေးတယ်လို့ ခေါ်တယ်။ ဝိပဿနာပွားနိုင်ရင်တော့ အကောင်းဆုံးပေါ့။ ရိပ်သာဝင်ဖူးတဲ့သံဃာတွေ တကယ်တရားမှတ်တယ်ဆိုရင် သိပါတယ်။ ဆွမ်းဘုဉ်းပေးတဲ့အခါ လက်လှမ်းတာလေးကအစ သတိနဲ့လုပ်ရင် ဘာမှ ဒွန်းသံ၊ ပန်းကန်သံ မကြားရဘူး။ ဒါကြောင့် အမြဲတမ်း သတိလေးထားပါ။

သတိပဋ္ဌာန်ဆိုတာ

တရားဆိုတာ တရားအားထုတ်တဲ့ အချိန်လေးပဲ သတိရှိရမှာ မဟုတ်ပါဘူး။ သတိပဋ္ဌာန်ဆိုတဲ့သဘောက တပည့်တော်တို့ လမ်းသွားတဲ့အချိန်မှာလည်း သတိရှိရမှာပဲ။ စကားပြောမယ်ကြံရင်လည်း ငါဘာပြောမှာလဲ၊ ငါပြောမယ့်စကားဟာ သူများအပေါ်မှာ ထိခိုက်မလား စသဖြင့် ဒါမျိုးလေးတွေ သတိထား တွေးသွားရင် အားလုံး တာဝန်ကျေတယ်ပေါ့။ ဒါကြောင့် ဆွမ်းစားတဲ့အခါမှာ အားလုံးသတိလေးထားပြီးတော့ ဘုဉ်းပေးပါ။ မေတ္တာလည်းပွားပါ။ ပစ္စဝေက္ခဏာလည်းဆင်ခြင်ပါ။ စာသင်တိုက်မို့ ဝိပဿနာအထိတော့ မတိုက်တွန်းလိုပါဘူး။ ဒါတောင်မှ သပိတ်ဖုံးချတဲ့အခါ၊ ဆွမ်းချိုင့်ကိုင်တဲ့အခါ၊ ပန်းကန်ချတဲ့အခါ သိသိနေလို့ရှိရင် ဝိပဿနာအဆင့်မြင့်ကြီးမဟုတ်ပေမဲ့ သတိပဋ္ဌာန်အနုစားလေးတွေတော့ ဖြစ်နေတာပဲ။

တပည့်တော်တို့ စာလိုက်တော့ သတိပဋ္ဌာန်၊ သတိပဋ္ဌာန်ဆိုပြီး သိပ်ကြီးကျယ်သွားတယ်။ တကယ်တော့ ဘဝထဲမှာ ကိုယ့်ဟာကိုယ် သတိနဲ့နေရင် သွားတာလာတာလည်း ကျန်ခြွေရတယ်။ စားရာသောက်ရာမှာလည်း ကျန်ခြွေရတယ်။ စိတ်ဓာတ်တွေလည်း ရင့်ကျက်လာမယ်။ အရှုံးမရှိနိုင်ဘူးပေါ့။ တပည့်တော်ပြောတဲ့ စကားလေးတွေကို

www.dhammadownload.com

လိုက်နာပေးပါ။ ဆွမ်းဝိုင်းမှာ ဟင်းရည်စက်တွေ ကျနေတာလည်း ရှက်စရာကောင်းပါတယ်။ ဇွန်းလေးနဲ့ မပြည့်တပြည့်ပဲ ခပ်၊ ပြီးတော့မှ ပန်းကန်ပေါ်မှာ ခဏမေးတင်ထား၊ သာသာလေး ခဏတင်ထားပြီးမှ ယူဘုဉ်းပေးရင် ဟင်းရည်စက်ဆိုတာ မဖိတ်နိုင်ပါဘူး။

ဒီနေ့ ဒီလိုဖိတ်တာတွေ့လို့ ဒဏ်ပေးတဲ့အထဲလည်း ပါသွားတယ်။ တပည့်တော်ပြောထားရဲ့သားနဲ့ ဖိတ်တာတော့ မကောင်းဘူးပေါ့ဘုရား။ မလွဲမကင်းသာ တစ်စက်နှစ်စက်လောက် ကျသွားရင် ကိုယ့်တာဝန် ကိုယ်လုပ်သွားပေါ့။ သပိတ်ခြေထဲကို ကောက်ပြီးထည့်သွားပေါ့။ တချို့က ဒီအတိုင်းကြီးပဲ ထားသွားတယ်။ အဲဒါ သတိမရှိတာ ခေါ်တယ်။ မကောင်းဘူး။ သတိတစ်လုံး အမြဲသုံးမှ နိဗ္ဗာန်ရောက်တယ်ဆိုတာ ရှိတယ်။ အစားအသောက်ကစပြီး အမြဲသတိရှိအောင် ကြိုးစားပေးပါ။ ဒါနဲ့စပ်လို့ တပည့်တော်က ဩဝါဒ ထိုက်သလောက်ပေးတယ်။ တပည့်တော်ကိုယ်တိုင်လည်း အကောင်းကြီးတော့ မဟုတ်ပါဘူး။ တတ်နိုင်သလောက် ကြိုးစားနေတာပါပဲ။

အမိန့်နာခံခြင်း

တစ်နေ့က တပည့်တော် မျက်စိပြရင်း ဆေးရုံသွားတော့ ဆေးရုံမှာ ဝန်ထမ်းကောင်းရဲ့ အင်္ဂါရုပ်များဆိုပြီး ချိတ်ထားတာ တွေ့ခဲ့တယ်။ အဲဒီအထဲမှာ ဒုတိယအချက်က ဘာလဲဆိုတော့ အမိန့်နာခံခြင်းတဲ့။ တပည့်တော်တို့ကတော့ အမိန့်တိုင်းကို နာခံရမယ်လို့ မဆိုလိုပါဘူး။ တရားမျှတတဲ့ အမိန့်ကိုတော့ နာခံရမယ်ပေါ့။ တပည့်တော်တို့ ပြည့်စုံတဲ့ကျောင်းတိုက်တစ်တိုက်ရဲ့ အင်္ဂါသုံးချက်ထဲမှာလည်း ပါတယ်မဟုတ်လား။ 'သောတူနံ သောဝစဿဋ္ဌ- တပည့်တွေကလည်း နာခံချင်စိတ်ရှိရမယ်' တဲ့။ တပည့်တော်တို့ ဆရာသမားတွေဘက်က ဩဝါဒဆိုတဲ့ရေတွေ ထိုက်သလောက် လောင်းပေးနေတယ်။ ဒါကို နာခံချင်စိတ်နဲ့ ကျင့်မှ ကောင်းမှာပေါ့ဘုရား။ ဆေးရုံမှာ တွေ့ခဲ့တဲ့ ဝန်ထမ်းကောင်းအင်္ဂါထဲက အမိန့်နာခံခြင်းဆိုတာနဲ့ သဘောတူမှာပေါ့။

တပည့်တော်တို့ကတော့ အမိန့်ကို နာခံခြင်းဆိုတာထက် တရားမျှတတဲ့အမိန့်ကို နာခံခြင်းဆိုတာကို ပိုသဘောကျတယ်။ တပည့်တော်တို့ အကြီးတွေဘက်က မျှမျှတတလုပ်ရင် အရှင်ဘုရားတို့ဘက်ကလည်း လိုက်နာသင့်တယ်။ တရားမျှတမှုမရှိဘဲ နင်းကန်အမိန့်တွေ ပေးနေရင်တော့ တစ်မျိုးပေါ့။ ဒီလိုမှမဟုတ်ဘဲ တရားမျှတမှု ရှိရဲ့သားနဲ့ မလိုက်နာဘူးဆိုရင်တော့ ဒါ မကောင်းဘူးပေါ့။ ရှေ့လျှောက် သတိတော့ ထားသွားရမယ်။ တစ်နေ့ကလည်း ရှင် ..... နဲ့ ရှင် .....တို့ ညနေ လုပ်ငန်းလုပ်ပြီးချိန်မှာ ပလတ်စတစ်ကြိုးလုံးကို ဘော်လီဘောပုတ်သလို ဘာလိုလို ဆော့နေတာ တွေ့တယ်။ ရှင် ..... ဆိုရင် သာမဏေကျော် အောင်ပြီးသား။ ဒါတွေကို ဒီကျောင်းမှာ မလုပ်ပါနဲ့လို့ တပည့်တော် အကြိမ်ကြိမ် မေတ္တာရပ်ခံပြီးသား။ အကြိမ်ပေါင်းကို မနည်းတော့ပါဘူး။ ဒါကိုပဲ ထပ်ပြီးလုပ်တယ်ဆိုတော့ အမိန့်နာခံတဲ့ အင်္ဂါက ချို့တဲ့နေပြီ။

တပည့်နှစ်မျိုး

မြတ်စွာဘုရားရှင်က ရာဇဂြဟန်းကြီးနဲ့ စပ်ပြီး အရှင်သာရိပုတ္တရာကို မေးသလိုပေါ့။ ဒီလိုပြောစကားကို နားထောင်တဲ့တပည့်မျိုး ရရင် ဘယ်လောက်လိုချင်သလဲလို့ မေးတော့၊ အဲဒီလို တပည့်မျိုးဆိုရင်တော့ အကန့်အသတ်မရှိ လိုချင်

www.dhammadownload.com

ပါတယ်ဘုရားလို့ ပြန်ဖြေတယ်။ အဲဒီစကားကို ပြောင်းပြန်ပြန်လိုက်ပေါ့။ စကားနားမထောင်တဲ့ တပည့်မျိုးကိုတော့ လိုကို မလိုချင်ပါဘူးဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်။ အဲဒါလေးတွေ သတိထားပါ။ အသေးအဖွဲလေးတွေဆိုပေမဲ့ ဆရာရှိရှိ၊ မရှိရှိ လိုက်နာကျင့်သုံးချင်တဲ့ စိတ်ဓာတ်လေးတွေ မွေးပေးပါ။ ဒါ စကားစပ်လို့ ပြောတာ။

ဒီနေ့လည်း သာမဏေကျော်အောင်ပြီးသားရှင် .....။ နေတာက ပတ္တမြောင်းကျောင်းဆောင်မှာ နေတာ။ နေ့လယ် ၁၂ နာရီကျော်သွားပြီ။ အဲဒါကို ကျောင်းအောက်မှာ စကားဝိုင်းဖွဲ့တဲ့ထဲပါနေတယ်။ ကျန်တဲ့ကိုရင်တွေလည်း မကောင်းဘူး။ သူက စာတော်တဲ့ကိုရင်မို့ ဘွဲ့ထည့်ပြီး ပြောတာ။ စကားဝိုင်းဖွဲ့တဲ့အထဲ နာမည်ကြီးနေသူတွေ ရှိသေးတယ်။ ဝိုင်းစုပြီဆို စကားတွေ အော်ကျယ်အော်ကျယ် ပြောနေကြတယ်တဲ့။ တပည့်တော်ကလည်း အမြဲမေးနေတာပဲ။ မေးကြည့်တော့ ဘွဲ့တွေသိရတယ်။ ဟုတ်လို့ရှိရင် ပြင်ပေးပါ။ မဟုတ်ရင်လည်း တပည့်တော် အမှတ်မှားတယ်ထားတော့။ ဒါပေမဲ့ ဟုတ်ဖို့ကတော့ များပါတယ်။ ပြီးရင် တပည့်တော် ခေါ်ပြီး မေးကြည့်ဦးမယ်။

ခုတင်ပေါ်မှာ နှစ်ပါးလောက်ပဲ ထိုင်ပါလို့ ပြောထားတယ်။ ခုတင်လည်း သက်သာတယ်။ လူစုလူဝေးလည်း မဖြစ်တော့ဘူး။ ခုတော့ နေ့လယ်ကကိုပဲ ခုတင်ပေါ်မှာ သုံးပါးလား၊ လေးပါးလား ထိုင်နေတာ တွေ့ရတယ်။ ဒါဟာ ဘာကိုပြနေသလဲဆိုတော့ တပည့်ကောင်းအင်္ဂါထဲမှာပါတဲ့ တရားမျှတသောအမိန့်ကို နာခံခြင်းဆိုတဲ့အချက်နဲ့ လွဲနေတယ်။ ဒါမျိုးတပည့်ကို ဘယ်ဆရာသမားကမှ လိုချင်မှာမဟုတ်ပါဘူး။ ဒါကြောင့် သတိထားပြီးတော့ ပြင်ပေးပါ။

လိုက်နာမှုလိုအပ်တယ်

နောက်ပြီးတော့ ... ကိုယ်ပတ်နီတာရဲလေးကိစ္စ ပြောဦးမယ်။ အဲဒါလေးတွေ ဝတ်ဝတ်ပြီးတော့ ကျောင်းဆောင်ပြင်ပ ထွက်ထွက်လာတာလေးတွေ တွေ့ရသေးတယ်။ အပေါ်က ၈ကသီရန်းထားရင်တော့ ဝတ်ချင်ဝတ်ပါ။ ဒီလိုမှ မဟုတ်ဘဲ ဒါလေးတစ်ခုတည်း ရန်းနေတယ်ဆိုရင်တော့ ဒီအရောင်မျိုးတွေက မဝတ်တာကောင်းပါတယ်။ ဒါလည်း တစ်ခါမက ပြောဖူးပါတယ်။ ဒါ လိုက်နာမှုလိုအပ်တဲ့အကြောင်း တပည့်တော် ပြောနေတာ။ စာသင်သားဘက်က လိုက်နာမှု 'သောဝစဿတာ' ဂုဏ်ရှိမှ ကောင်းတယ်။

တပည့်တော်တို့ သုတ္တန္တိကမာတိကာ တက်ထားတဲ့ကိုရင်တွေဆို သိမယ်။ 'ဒေါဝစဿတာ၊ သောဝစဿတာ' အရကောက်တွေ မှတ်မိသေးလား။ 'ဒေါဝစ ဒေါဒ္ဒယှဉ်စေယူ' ဆိုတာ ရှိတယ်။ ဒေါဝစဿတာအရ ဒေါသမူဒွေး၊ စေတသိက် ဗာဒီသ ကောက်ရတယ်။ သောဝစဿတာအရကျတော့ မဟာကုသိုလ်စိတ် ရှစ်ပါး၊ မဟာကြိယာစိတ် ရှစ်ပါး၊ အပွမညာကြဉ်သော စေတသိက် ၃ဖပါး ကောက်ရတယ်။ ဒါလေးကို ကြည့်နော်။ ကိုယ့်ရဲ့ မသိမသာစိတ်လေးက ဘယ်လောက်အရေးကြီးလဲ။ စိတ်ဆိုတာ လက်ဖျောက်တစ်ချက်တီးအတွင်းမှာ ကုဋေတစ်သိန်းလောက် ဖြစ်နေတာ။

သိပ်နစ်နာတယ်

အမိန့်ဆိုတဲ့ မြတ်စွာဘုရားရဲ့ အာဏာတော်တွေကို လိုက်နာလို့ရှိရင် ကျောင်းတိုက်လည်း ကျက်သရေရှိတယ်။ သာသနာလည်း ကျက်သရေရှိတယ်။ ဒါကြီးကို သိရဲ့သားနဲ့ ဘာသိဘာသာ

www.dhammadownload.com

နေတယ်ဆိုတာ ဒုဗ္ဘစဘက် ရောက်သွားလို့ရှိရင် သုတ္တန္တိကမာတိကာမှာ ပါတဲ့အတိုင်း ဒေါသမူဆိုတဲ့ အကုသိုလ်စိတ္တုပ္ပါဒ်တွေ ဖြစ်သွားမှာပဲ။ နောက်ဆုံး မောဟလည်းပဲ ဖြစ်မှာပဲ။

အမိန့်ဆိုတဲ့ မြတ်စွာဘုရား၏ ဝိနည်းဥပဒေတော်အရ ကျောင်းတိုက်ကလည်း ပါသာဒိကဂုဏ် ဖြစ်အောင် ပြောပေးထားတယ်။ ဒါကို လိုက်နာချင်စိတ် ရှိပြီဆိုရင် မဟာကုသိုလ်စိတ် ဖြစ်သွားတယ်။ လက်ဖျောက်တစ်ချက်တီးလောက် လိုက်နာချင်စိတ် ဖြစ်တယ်ဆိုရင်ပဲ ကုသိုလ်အများကြီး ရပါတယ်။ အကုသိုလ်စိတ်ဆိုရင်လည်း အဲဒီလိုပဲ ကြီးကျယ်ပါတယ်။ အကုသိုလ်စိတ်သာ ဖြစ်မယ်ဆိုရင်တော့ အရှင်ဘုရားတို့အတွက် သိပ်ပြီးနစ်နာပါတယ်။ ဒါကြောင့်မို့ တရားမျှတတဲ့ အမိန့်နာခံမှုလေးတွေကို သေသေချာချာလုပ်ပါ။

အားနာဖို့ကောင်း

တပည့်တော်ကတော့ အားလုံးကို လိုက်မကြည့်နိုင်ဘူးပေါ့။ မြင်တာကိုပဲ ပြောရတာ။ မမြင်တဲ့သံဃာတွေလည်း ရှိမှာပဲ။ ဘွဲ့ထုတ်ပြောတယ်ဆိုတာကလည်း ပြုပြင်စေချင်လို့ ပြောတာ။ အရှက်ခွဲတာ မဟုတ်ပါဘူး။ ကိုယ့်ပြောတယ်ဆိုငါ ကြိုးစားလိုက်နာမယ်ဆိုတဲ့ ဒီစိတ်ကလေး ပေါ်လိုက်ရင် ဒီစိတ်ကလေးက သိပ်ပြီး တန်ဖိုးရှိတယ်။ ဒါကြောင့် ဒီဟာလေးတွေကို ကြိုးစားပြီး လိုက်နာပေးပါ။ ကိုယ်က သာသနာမှာ ကျက်သရေရှိအောင် မနေနိုင်ရင် ဒကာ၊ ဒကာမတွေကို အားနာဖို့ကောင်းပါတယ်။

ဒီနေ့ ကျောင်းဒကာကြီး ဦးမင်းဇော်က ရေအတွက် ရှင်းတမ်းလုပ်တယ်။ ဒကာ ကျော်ဆန်းလင်းတို့၊ ဘုန်းကြီး ဦးကောဝိဒတို့က ဝိုင်းပြီး ကူတယ်။ ရေကိစ္စကုန်ကျတာက သိန်း ၂၈၀ တော်တော် ကျော်သွားသေးတယ်။ သိန်း ၂၈၀ ဆိုတာ တပည့်တော်တို့ ကျောင်းတိုက်အနေနဲ့ဆိုရှိကိုမရှိတာ။ ဒီလိုပဲ ပြောကြပါစို့။ ကျွေးဖို့ မွေးဖို့အတွက်ကိုပဲ မျှတအောင် မနည်းလုပ်နေရတာ။ ဦးမင်းဇော်က သိန်း ၂၀၀ ကို သူ့ဘာသာစိုက်၊ အင်ဂျင်နီယာတွေ ခေါ်၊ သူ့ဘာသာသူ လုပ်နေတာ။ တပည့်တော်ဆိုရင် နည်းနည်းပါးပါးလေးပဲ လိုအပ်တာလေး သွားကူတာပဲရှိတယ်။ သူတို့ဘာသာပဲ လုပ်ပေးသွားတာ။ ဒါဟာဆိုလို့ရှိရင် ဘယ်လောက်ခဲယဉ်းသလဲ။ အရှင်ဘုရားတို့ စဉ်းစားကြည့်ပါ။ ကျောင်းတိုက်တစ်တိုက်အတွက် ရေစက်လုပ်ဖို့၊ မြစ်ဆိပ်ကနေ ရေတင်ဖို့ဆိုတာဟာ တော်တော်တန်တန် စွမ်းအားနဲ့ မရပါဘူး။ ဒါဆို ဘယ်စွမ်းအားနဲ့ ရတာလဲ။

အရှင်ဘုရားတို့ ပရိယတ္တိ၊ ပဋိပတ္တိ လုပ်နေတယ်၊ စည်းကမ်းလည်း ထိုက်သလောက်ရှိတယ်၊ စိတ်ထားလေးတွေလည်း ကောင်းတယ်ဆိုတာ သိနေတော့ ဒကာ၊ ဒကာမတွေက လျှုကြတာပဲ။ တပည့်တော်က ဒီရေစီမံကိန်းစလုပ်ကတည်းက ဒကာကြီး ဦးစန်းစိန်တို့ကို အလှူခံဖြတ်ပိုင်းတွေ ဘာတွေ မလုပ်ပါနဲ့၊ သူ့ဘာသူ ပြီးချင်တဲ့အချိန်မှ ပြီးပါစေဆိုပြီး ၃ နှစ်စီမံကိန်းနဲ့ လုပ်တာပါ။ အခု တစ်နှစ်တောင် မပြည့်သေးဘူး။ ပြီးသွားပြီ။ တပေါင်းလကုန်လောက်မှ တစ်နှစ်ပြည့်မယ်ထင်ပါတယ်။

စွန့်လွှတ်စိတ်နဲ့ပျော်သူ

အဲဒီတော့ ဒကာ၊ ဒကာမတွေရဲ့ စေတနာက သိပ်ပြီးလေးစားစရာကောင်းတယ်။ ဦးမင်းဇော်ဆိုရင် သုံးနှစ်ဆက်တိုက်ပဲ။ ဆွမ်းစားကျောင်း၊ မီးဖိုချောင်၊ လူတွေအတွက် အိမ်သာ၊ ရေချိုးခန်း၊ နောက်တစ်ခါ ဧည့်ကျောင်းဆောင်။ ဒါတွေ

www.dhammadownload.com

လျှပြီးတော့ မပြီးသေးပါဘူး။ ကျောင်းဝိုင်းထဲက ဓာတ်တိုင်တွေ ပြိုလဲတော့မှာဆိုတော့ ကွန်ကရစ် တိုင်တွေ လျှပြန်ရော။ အခုလည်း ရေစီမံကိန်း။ ပြီးတော့ လာလိုက်ရင် မီးဖိုချောင်အတွက် လိုတာတွေ လျှသွားပြန်ရော။ သူ့ကို ကြည့်လိုက်ရင် စွန့်လွှတ်ရတဲ့စိတ်နဲ့ ပျော်နေတာပဲ တွေ့ရတယ်။ ဘယ်တော့မှ မျက်နှာမည်ရှိုးပါဘူး။ ဒီလိုလျှလိုက်ရတဲ့အတွက် သူ့မှာ ပျော်ရွှင်မှုသာရှိတယ်။

ကျယ်ပြန့်တဲ့စိတ်

ဒါကြီးကိုပဲ တပည့်တော်တို့က ကောင်းကောင်းလည်း မနေဘူး၊ စိတ်ဓာတ်ကလည်းပဲ သိပ်ပြီး စီးစီးကုတ်ကုတ်နဲ့ ကိုယ့်ဟာမှကိုယ့်ဟာ အခြေ မကျယ်ဘူး၊ စိတ်ဓာတ် မကျယ်ပြန့်ဘူး၊ အပွမညာသဘော မဆောင်ဘူးဆိုရင် သိပ်အားနာစရာကောင်းတယ်။ အပွမညာဆိုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဒီလေးပါးကို ခေါ်တာ။ အတိုင်းအတာ ပမာဏမရှိတဲ့အတွက် အပွမညာလို့ ခေါ်တာ။ ဒါက ငါ့ရွာသား၊ ဒါက ငါ့တပည့်၊ ဒါက ငါ့အမျိုးဆိုတဲ့ အတိုင်းအတာတွေ ပါလာရင် အပွမညာပျက်တာပဲ။ ဒီပုဂ္ဂိုလ်မျိုးဟာ လူကြီးလူကောင်း ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။

အခု ဦးမင်းဇော်က စီးပွားရှာတယ်။ သူ့အတွက် မဟုတ်ဘူး။ သာသနာအတွက်ပဲ။ ကျယ်ကျယ်ပြန့်ပြန့်နဲ့ သူစွမ်းနိုင်သလောက် ကျောင်းတိုက်အတွက် လုပ်နေတာပဲ။ စိတ်က ကျယ်ပြန့်နေတော့၊ သူ့ရဲ့ ဝမ်းမြောက်ဝမ်းသာစိတ်တွေကလည်း နယ်ကန့်သတ်မထားတော့ သိပ်ပြီး ကြည်နူးနေတယ်။ မနက်ဖြန် ဆွမ်းကပ်မယ့် ကိုဖိုးတီဆိုရင်လည်း စီးပွားရေး သိပ်ပြီး အပြေလည်ကြီး မဟုတ်ဘူး။ ဒါပေမဲ့ ဒီကျောင်းတိုက်အတွက်ဆိုရင် သူတို့ စွမ်းအားရှိသမျှ လုပ်ပေးနေတာပဲ။ ရွှေမင်းဝံ၊ ရွှေယမင်း၊ ဒီအဖွဲ့တွေကလည်း ဒီလိုပဲ ကျောင်းအတွက်ဆိုရင် တတ်နိုင်သမျှ လုပ်ပေးနေတာပဲ။ တပည့်တော်တို့ အလှူခံတာ တစ်ခုမှမပါဘူး။ ဒါပေမဲ့ ကျောင်းနေသံဃာတွေ စာတကယ်လုပ်ကြတယ်ဆိုပြီး သူတို့ရဲ့ စိတ်စေတနာတွေက တကယ်ဖြစ်ပေါ်လာတာ။ ရေစီမံကိန်းလည်း ဒီစွမ်းအားတွေကြောင့်ပဲ သူဟာသူ အလိုလို ဖြစ်လာပါတယ်။ သိပ်ပြီး မပန်းလိုက်ဘူး။ အရှင်ဘုရားတို့ကို လုပ်အားပေးဖို့ဆိုတာလည်း ဘာမှမခိုင်းခဲ့ဘူးပေါ့။ သူဟာနဲ့သူ ဖြစ်သွားတာပဲ။

ဆရာဒကာညီညွတ်စွာဖြင့်

ဒကာ၊ ဒကာမတွေရဲ့ စေတနာမှာ အရှင်ဘုရားတို့ရဲ့ အားတွေပါ ထည့်ထားတာပါ။ အဲဒီအားတွေကို ဖျက်ဆီးမယ့်အရာတွေကို တပည့်တော်က တားတာပါ။ ဒါကြောင့် ဘယ်လိုဘယ်လို မနေနဲ့၊ ဘယ်လိုဘယ်လို မလုပ်နဲ့၊ ဒကာဒကာမတွေရဲ့ စေတနာကို အားနာပါလို့ တပည့်တော်က ပြောနေတာ။ နာယကတွေ၊ အနုနာယကတွေကလည်း ပြောပေးပါ။ အရှင်ဘုရားတို့ဘက်ကလည်း တရားမျှတတဲ့ အမိန့်မှန်သမျှကို နာခံနိုင်အောင် ကြိုးစားပါ။ အရှင်ဘုရားတို့ရဲ့ ကိုယ်ရောင်ပြောင်မှုဟာ ဒီအချက်ကလေးကြောင့်ဆိုတာ တပည့်တော် တွေ့တွေ့နေရပါတယ်။

တပည့်တော် ရှိရှိ မရှိရှိ၊ အကြီးလုပ်တဲ့ ပုဂ္ဂိုလ်တွေကလည်း တတ်နိုင်သမျှ တာဝန်ကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါ။ အငယ်တွေကလည်း တတ်နိုင်သမျှ ကျင့်သုံးလိုက်နာကြမယ်ဆိုရင် 'အာရာမသမ္မဒါ' အရ ကျောင်းတိုက်အင်္ဂါရုပ်နဲ့ ပြည့်စုံပြီးတော့ လာဘသက္ကာရ မျှတ

www.dhammadownload.com

ရုံတင် မကပါဘူး။ စာရိတ္တ၊ စိတ်ဓာတ်တွေ၊ သီလ၊ သမာဓိ၊ ပညာတွေပါ ထွန်းကားမှာပါ။ ဒါကြောင့် တရားမျှတတဲ့ အမိန့်၊ တရားမျှတတဲ့ ဩဝါဒတွေကို နာခံပြီး သီလ၊ သမာဓိ၊ ပညာ အနှစ်သာရတွေ ပြည့်ဝအောင် ကိုယ်စီကိုယ်ငြိုးစားနိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

စိတ်ကောင်းနဲ့မိတ်ပေါင်းဖွဲ့

၁၃၆၆ ခု၊ တပေါင်းလပြည့်နေ့
၂၀၀၅ ခု၊ မတ်လ ၂၄ ရက်၊ ကြာသပတေးနေ့ ည

စိတ်သဘောကွာခြား

ကဲ ... ဒီနေ့တော့ အချိန်ကလည်း နည်းသွားတဲ့အတွက် ခဏတစ်ဖြုတ်ပဲ ပြောတော့မယ်ပေါ့။ အားလုံး ရပြီးသားဂါထာလေးကို လိုက်ဆိုလိုက်မယ်။

"တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။
စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိ"

တပည့်တော်တို့ ဘုရားလက်ထက်မှာမှ ကျွတ်တမ်းဝင်သွားတဲ့ သူဌေးကြီး ဇောတိကမှာ လွန်ခဲ့တဲ့ ၈၉ ကမ္ဘာက အစ်ကိုတစ်ယောက် ရှိခဲ့တယ်။ သူတို့နှစ်ဦးဟာ ကုသိုလ်အတူပြုခဲ့ကြတာပဲ။ သို့သော် အစ်ကိုလုပ်သူက အဲဒီအချိန်ကပဲ ကျွတ်တမ်းဝင်ခဲ့တယ်။ ဇောတိကသူဌေးကတော့ တပည့်တော်တို့ ဂေါတမဘုရားလက်ထက်မှာမှ ကျွတ်တမ်းဝင်သွားတယ်။ အဲဒါဘာကွာသွားတာလဲဆိုတာကို အခုနက ဂါထာလေးက ပြတယ်။

'စေတောပဏိဓိဟေတု- မိမိတို့ရဲ့ စိတ်နေစိတ်ထားလေးတွေကြောင့်' တဲ့။ စိတ်နေစိတ်ထားကြောင့် ၈၉ ကမ္ဘာကြီး ခြားပြီးမှ ကျွတ်တမ်းဝင်ရတယ်။

www.dhammadownload.com

အစ်ကိုကြီးက အစောကြီး ကျွတ်တမ်းဝင်တယ်။ ညီငယ်က စည်းစိမ်တွေ အလီလီခံစားပြီး နောက်ဆုံးဘဝတောင်မှ အတောမသတ်နိုင်ဖြစ်နေသေးတယ်။ အဇာတသတ်မင်းကြောင့်သာ သံဝေဂရပြီးတော့ ရဟန္တာဖြစ်သွားရတာ။ အဲဒီလောက် ခြားသွားတာသည် မိမိတို့အသီးသီးရဲ့ စိတ်ထားလေးတွေကြောင့်ပါတဲ့။

လုပ်ရပ်တူပေမဲ့

တပည့်တော်တို့လည်း ခု စာသင် စာချပရိယတ္တိလုပ်ရင်းနဲ့ပဲ ပဋိပတ္တိလည်းမကင်းအောင် ကြိုးစားကြတယ်ပေါ့ဘုရား။ မေတ္တာဘာဝနာပွားတယ်၊ ဗုဒ္ဓါနုဿတိပွားတယ်၊ တရားထိုင်တဲ့အလုပ်ကိုလည်း မိမိတို့စွမ်းအားရှိသလောက် လုပ်နေကြတာပဲ။ စာမေးပွဲပြီးတဲ့အခါမှာလည်း အထုံပါရမီလေးတွေ ပါပါစေတော့ဆိုပြီး တပည့်တော်အနေနဲ့ ကြိုက်နှစ်သက်ရာ ရိပ်သာတွေကို လွှတ်ပေးတယ်။

အဲဒီတော့ ဒီဟာတွေလုပ်ကြတာချင်းတော့ တူတယ်ပေါ့။ အတူတူပဲ စာတက် စာကျက်ကြတယ်။ အတူတူပဲ သီလလုံကြတယ်။ အတူတူပဲ တရားထိုင်ကြတယ်။ ဒါပေမဲ့ ကျွတ်တမ်းဝင်တဲ့အခါမှာ တူနိုင်ပါ့မလားလို့မေးရင် မတူနိုင်ပါဘူး။ ဘာလို့လဲဆိုရင် 'စေတောပဏိဓိဟေတု' စိတ်လေး ကွာခြားမှုကြောင့်ပဲ။ ဒါကြောင့် စာချဘုန်းကြီးဖြစ်တဲ့ ပုဂ္ဂိုလ်တွေကလည်း ကိုယ့်အကျိုးကို ရှေ့တန်းမတင်ဘဲနဲ့ သံဃာတော်တွေ ယဉ်ကျေးလိမ္မာပြီးတော့ ပညာတတ်တွေဖြစ်အောင် ဘယ်လိုနည်းနဲ့ လုပ်ပေးမလဲလို့ သူတို့အကျိုးကို အမြဲတမ်း ခေါင်းထဲထည့်ထားပါ။ ကိုယ်က အခွင့်အရေးနဲ့ပတ်သက်လာရင်လည်း အနှစ်နှာခံသင့်ရင် ခံပါ။ လာဘ်လာဘနဲ့ပတ်သက်ရင်လည်း ကိုယ့်အတွက် တရားသဖြင့်ရထားတဲ့ ပစ္စည်းကိုတော့ ထားပေါ့ဘုရား။ ဒီလိုမှမဟုတ်ဘဲနဲ့ အနစ်နာခံသင့်တဲ့ ခွဲဝေယူရမယ့် လာဘ်လာဘဆိုရင် ကိုယ်ကပဲ အနစ်နာခံပြီးတော့ လျှော့ယူပါ။ ဒါဆိုရင် အရှင်ဘုရားတို့ရဲ့ စေတောပဏိဓိဟာ သိပ်ပြီးပါရမီမြောက်သွားပါတယ်။

စာချဘုန်းကြီး

ဒီလိုမှမဟုတ်ဘဲနဲ့ တပည့်တော်တို့ အကြီးပိုင်းတွေက အခွင့်အရေးကျလည်း ကိုယ်က ပိယူတယ်၊ လုပ်ငန်းလုပ်တဲ့အခါမှာလည်း ကိုယ်က ခိုကပ်နေတယ်ဆိုရင် ဒါတွေဟာ စေတောပဏိဓိနည်းသွားတယ်ပေါ့။ ကောင်းတဲ့စိတ်တွေ မဟုတ်တော့ဘူး။ မကောင်းတဲ့စိတ်တွေ ဖြစ်သွားတယ်။ ဒါတွေဟာ သံသရာမှာ သိပ်ကြောက်စရာကောင်းသွားတယ်။ ဒါကြောင့် စာချဘုန်းကြီးတွေကို ပြုပြင်ဖို့ သင့်တိုင်းသင့်တိုင်း တပည့်တော် ပြောပေးနေတာပါ။ အပြစ်ရှိလို့ပြောတာ မဟုတ်ဘူး။ ပြင်ဆင်ဖို့၊ နားလည်ဖို့ ပြောတာပါ။ နားထဲမှာ ထပ်တလဲလဲ ကြားပြီး မှတ်မိနေအောင် တပည့်တော်က ထပ်ထပ်ပြီးပြောတာပါ။

စာသင်သား

စာသင်သားတွေအနေနဲ့လည်း ဒီလို စာသင်စာချနေတယ်။ ညစာတွေ ဘာတွေ ဆာလောင်နေပါလျက်နဲ့ အဆာခံပြီးတော့ ပညာတွေ သင်ကြားနေတယ်။ ဒီနေရာမှာလည်း 'နိဿရဏတ္ထ' ဆိုတဲ့ ဒီစာတွေသင်ရင်းနဲ့ တတ်နိုင်သမျှ ကိုယ့်နှလုံးသားထဲမှာစွဲမြဲအောင် ထားပြီးတော့ ကျင့်မယ်။ သင်ရင်းနဲ့ကျင့်မယ်၊ ကျင့်ရင်းနဲ့သင်မယ်။ ဒီလိုနည်းနဲ့ နောက်ဆုံးမှာ ပါရမီတွေပြည့်ပြီးတော့ နိဗ္ဗာန်ရောက်ရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ စာသင်ရင်

www.dhammadownload.com

ဒါဟာ သမ္မာပဏိဓိလား၊ မိစ္ဆာပဏိဓိလားမေးရင် 'သမ္မာပဏိဓိ' ကောင်းမြတ်တဲ့စိတ်နေစိတ်ထားဖြစ်တယ်။

ဒီလိုမှမဟုတ်ဘဲ ရည်ရွယ်ချက် မကောင်းတာတွေနဲ့ စာသင်တယ်။ လာဘ်လာဘ ရအောင်၊ လူကြည်ညိုအောင်လို့ စာသင်တယ်။ ကျောင်းတိုက်ရဲ့ စည်းကမ်းတွေကို ကိုးလို့ကန့်လန့် လုပ်တယ်။ ကိုယ်က လိုက်နာရမှာကို ကိုယ့်ထက်ငယ်တဲ့ လူတွေရှေ့မှာ စည်းကမ်းတွေ ချိုးဖောက်ပြတယ်။ ဒါမျိုးတွေဆိုရင် အရှင်ဘုရားတို့ သန္တာန်မှာ မိစ္ဆာပဏိဓိဆိုတဲ့ မကောင်းတဲ့စိတ်ဖြစ်သွားတယ်။ ဒါလေးတွေကို သိပြီးတော့ အရှင်ဘုရားတို့အနေနဲ့ သမ္မာပဏိဓိဖြစ်အောင်၊ စိတ်ကောင်းနှလုံးကောင်းဖြစ်အောင် ကြိုးစားပါ။ တပည့်တော်လည်း စိတ်ကောင်းနှလုံးကောင်းဖြစ်အောင် ကြိုးစားနေပါတယ်။ နောင်လည်းပဲ ဆက်ပြီး ကြိုးစားသွားမှာပါ။

ပုထုဇဉ်သဘာဝ

တပည့်တော်နဲ့ အရှင်ဘုရားတို့ကြား တစ်ပါးနဲ့တစ်ပါး မှားပြီဆိုရင်လည်း သည်းခံခြင်းဆိုတဲ့ အင်အားတွေကို သုံးပြီးတော့ ခွင့်လွှတ်ပါ။ အပြစ်ဆိုတာကတော့ ပုထုဇဉ်သဘာဝ အရှင်ဘုရားတို့မှာရော တပည့်တော်မှာပါ ရှိမှာပါပဲ။ တပည့်တော်ကတော့ အမှားတွေ့ရင် တွေ့တဲ့အတိုင်း ပြောရမှာပဲ။ ဒီလိုမှားတာကို အကြောင်းအကျိုးနဲ့ ထောက်ပြပြုပြင်ပေးရင် လိုက်နာမယ်လို့ နှလုံးသွင်းမှန်တဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ တပည့်တော်ပြောတာ အပြစ်မဖြစ်လောက်ပါဘူး။ ပိုပြီးတော့ အဆင်ပြေ သွားပါမယ်။ တကယ်လို့ နှလုံးသွင်းမမှန်ဘူးဆိုရင်တော့လည်း ဒီဆုံးမတာကို မလိုက်နာနိုင်တဲ့အတွက် အရှင်ဘုရားတို့မှာ သိပ်ပြီးတော့ ပြဿနာတက်မယ်။ ဒါဆိုရင် အရှင်ဘုရားတို့အတွက် သင့်တော်မယ့် ကျောင်းလေးတွေကို ကိုယ့်ဘာသာရှာပြီးတော့ နေပေါ့။

အခုလည်းပဲ စာမေးပွဲပြီးရင် တပည့်တော်တို့ တိုင်ပင်ထားတာရှိတယ်။ စာလည်း ကောင်းကောင်းမလုပ်၊ ကောင်းကောင်းလည်း မနေတဲ့ ပုဂ္ဂိုလ်တွေကို ပြန်စိစစ်ပြီး သူတို့ရဲ့ ဆရာသမားများအထံ ပြန်အပ်တန်ရင် ပြန်အပ်ရမှာပဲ။ ကိုယ်တကယ် အလုပ်လုပ်တယ်၊ မလုပ်ဘူးဆိုတာ တစ်နှစ်တာချုပ်လိုက်ရင် ကိုယ့်ကိုယ်ကိုယ် အသိဆုံးပါ။ ဒါကြောင့်မို့လို့ ကိုယ့်ဘာသာသိအောင် နှလုံးသွင်းပြီး ဒီကျောင်းနဲ့မကိုက်ဘူးဆိုရင်လည်း ကိုယ်နဲ့သင့်တော်မယ့်ကျောင်းကို ပြောင်းတာကောင်းပါတယ်။ ကောင်းကောင်းနေထိုင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကလည်း ငါ ဘယ်လိုဆက်ပြီးကောင်းအောင်နေမယ်ဆိုတာ နှလုံးသွင်းထားပါ။

ငါ ဘယ်လိုနေနေ ဘုန်းကြီး မသိပါဘူးလို့ စိတ်ထဲမှာထားရင် လုံးဝမှားသွားမယ်။ တပည့်တော်က အားလုံးမသိပေမဲ့ တတ်နိုင်သမျှ သိအောင်ကြိုးစားတယ်။ ကြိုးစားပြီးတော့လည်း ပြင်ပေးတယ်။ သို့သော် စိတ်ထားသိပ်ညံ့တဲ့ ပုဂ္ဂိုလ်တွေဆိုရင်တော့ တပည့်တော်တို့လည်း ဘယ်စကားပြောချင်ပါ့မလဲ။ စိတ်ထားကောင်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ပဲ ပေါင်းချင်တာပေါ့။ ဒါပေမဲ့ အကြီးဖြစ်နေတော့လည်း ရှောင်လို့မရဘူးပေါ့။

ကဲ ... အချိန်လည်း စေ့သွားပြီ။ အားလုံး အားလုံး နိဗ္ဗာန်ရောက်စေနိုင်တဲ့အထိ ကောင်းသောစိတ်ထားလေးတွေ ထားနိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

ဓာတ်ချင်းတူမှပေါင်းဆုံကြ

၁၃၆၆ ခု၊ တပေါင်းလကွယ်နေ့
၂၀၀၅ ခု၊ ဧပြီလ ၈ ရက်၊ သောကြာနေ့ ည

စာများများဖတ်ပါ

သာမဏေ သက္ခသီဟ အစမ်းဖြေမယ့် ဒုတိယဆင့်၊ တတိယဆင့်တွေက လဆန်း ၄ ရက်နေ့မှာ ဖြေမယ်။ စာကျက်တာတွေက ၂ ရက်နေ့အထိ ကျက်မှာပေါ့ဘုရား။ ၃ ရက်နဲ့ ၄ ရက်နေ့ကတော့ စာဖြေမယ့် သံဃာတွေက ကိုယ့်ဘာသာ တစ်ကျောင်းတည်းမှာ စုကျက်။ ကျန်တဲ့ သံဃာတွေကတော့ နားချင်နားပေါ့။ နားတဲ့ရက် သတ်မှတ်ချက်ကတော့ တပည့်တော်တို့ တန်ခူးလပြည့်မတိုင်ခင် ၂ ရက်လောက်အထိ နားမယ်ပေါ့။

သင်္ကြန်တွင်းကတော့ ထုံးစံအတိုင်းပဲ တရားနှစ်ကြိမ်ထိုင်ကြမယ်။ ကျန်တဲ့အချိန်ကတော့ ကိုယ်ဘာသာ လုပ်စရာရှိတာလုပ်ပြီး အေးအေးချမ်းချမ်းပဲ နေပေါ့။ ဖြစ်နိုင်ရင် နားရက်ရှည်ရတုန်း စာများများဖတ်ပါ။ စာဖတ်ခြင်းဟာ လူတစ်ယောက်ကို သိပ်ပြီးတော့ ပြည့်ဝစေပါတယ်။ စာမဖတ်ဘဲနဲ့ ဟိုဟာလုပ်ချင်သလိုလို ဒီဟာလုပ်ချင်သလိုလို လျှောက်လုပ်နေရင် သိပ်မကောင်းဘူးပေါ့။ တပည့်တော်တို့ စောစောက ဘုရားဝတ်တက်ရင်း ရွတ်သွားတဲ့အထဲမှာလည်း ပါပါတယ်။

ကဲ ... အားလုံး ဆိုကြည့်လိုက်။

www.dhammadownload.com

သူတော်ကောင်းကျက်သရေ

"ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊
မှန်မှန်လုပ်၊ ကုပ်ကုပ်နေ၊
သူတော်ကောင်းကျက်သရေ"

သူတော်ကောင်းကျက်သရေဆိုတာ သူဟာသူ သဘာဝအတိုင်းလေး နေသွားတာကို ပြောတာ။ လုပ်စရာရှိတာကို ရိုးရိုးလေးပဲ လုပ်သွားတယ်။ သိပ်ပြီးတော့ ပေါ်လွင်မှုတွေ ဘာတွေ မတောင့်တဘူး။ ခု တပည့်တော်တို့လည်း ကိုယ့်လုပ်ရပ်လေးတွေဟာ အဲဒီလိုဖြစ်အောင် ကြိုးစားရမယ်။ ဒါကို နောင်ကျရင် တပည့်တော် ဆက်ပြီးတော့ ပြောပေးမယ်။

ဓာတ်ချင်းတူမှ ပေါင်းဖော်ကြ

တပည့်တော်တို့ ဣတိဝုတ်တစ်နေရာမှာ မြတ်စွာဘုရား ဟောထားတာရှိတယ်။

'ဓာတုသော ဘိက္ခဝေ သတ္တာ သတ္တေဟိ သဒ္ဓိ သမ္မန္နန္တိ သမေန္တိ' တဲ့။

ဆိုလိုရင်းက ဘာလဲဆိုတော့ "ရဟန်းတို့၊ သတ္တဝါတွေ နီးနှော ပေါင်းဆုံကြတယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဓာတ်အားဖြင့်တူလို့ ပေါင်းဆုံကြတာ"တဲ့။ ဓာတ်ဆိုတာ အတွင်းစိတ်ဓာတ်ပေါ့။

'ဟီနာဓိမုတ္တိကာ သတ္တာ ဟီနာဓိမုတ္တိကေဟိ သတ္တေဟိ သဒ္ဓိ သမ္မန္နန္တိ သမေန္တိ'

ညံ့တဲ့နှလုံးသွင်းရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ညံ့တဲ့နှလုံးသွင်းရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ သွားပေါင်းတယ်။ စကားပြောတဲ့အခါမှာလည်း ဓာတ်တူရာတူရာ စုပြီး ပြောကြတာပဲ။ နေတဲ့နေရာမှာလည်း ဓာတ်တူချင်းမှပဲ ကြာရှည်အတူနေနိုင်ကြတယ်။ မတူလို့ရှိရင် နေလို့မရဘူး။ ကြာရှည်ရင် တစ်ခုခုတော့ အစွန်းထွက်သွားပြီးတော့ ဘေးရောက်သွားတတ်တယ်။

'ကလျာဏာဓိမုတ္တိကာ သတ္တာ ကလျာဏာဓိမုတ္တိကေဟိ သတ္တေဟိ သဒ္ဓိ သမ္မန္နန္တိ သမေန္တိ'

ကောင်းတဲ့ဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်တွေကလည်း ကောင်းတဲ့ဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ပဲ အတူနီးနှော ပေါင်းဆုံကြတယ်။

နောက် ... မြတ်စွာဘုရား ဘာဆက်ဟောလဲဆိုတော့ အတိတ်တုန်းကလည်း ဒီလိုဓာတ်တူတဲ့လူတွေ ပေါင်းစည်းခဲ့ကြတာ၊ နီးနှောခဲ့ကြတာ။ နောင်အနာဂတ်မှာလည်း ဓာတ်တူတဲ့ ပုဂ္ဂိုလ်တွေပဲ ပေါင်းစည်းကြလိမ့်မယ်၊ နီးနှောကြလိမ့်မယ်။ အခုပစ္စုပ္ပန်မှာလည်း ဓာတ်အားဖြင့်တူတဲ့ ပုဂ္ဂိုလ်တွေပဲ ပေါင်းစည်းကြတယ်တဲ့။ မြတ်စွာဘုရားက အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်မှာ လုံးဝမှားယွင်းခြင်းမရှိတဲ့ နိယာမတရားကို ဣတိဝုတ်တစ်နေရာမှာ ဖော်ထုတ်ပြီးတော့ ဟောကြားခဲ့တယ်ပေါ့။

စာချဘုန်းကြီးဖြစ်ဖို့

တပည့်တော်တို့ ဒီမှာ စာသင်တိုက်ဖွင့်တယ်။ စာသင်တိုက်ဆိုတာ ပဓာနအားဖြင့် စာချဘုန်းကြီးဖြစ်ဖို့ရာအတွက် မွေးထုတ်ပေးနေတာ။ စာချဘုန်းကြီး ဖြစ်ဖို့ဆိုတာဟာ ငယ်ငယ်ကစပြီး စာကြိုးစားရတယ်။ ဒါ့အပြင် စာကြည့်ရာ၊ စာလိုက်ရာမှာလည်း မှတ်စုမှတ်ရာလောက်နဲ့ မပြီးရဘူး။ မှတ်စုမှတ်ရာလောက်နဲ့ ပြီးသွား၊ ဘွဲ့ရသွားရင်လည်း ဒီပုဂ္ဂိုလ်ဟာ စာချဘုန်းကြီးကောင်းဖြစ်ဖို့ သိပ်မလွယ်ဘူး။ သူဟာ ဘွဲ့ရချင်ရမယ်။ စာချရမှာတော့ ကြောက်နေတတ်တယ်။ ဒါဟာ ကိုယ့်အရည်အသွေးကို ကိုယ်သိပ်မယုံလို့ပဲ။

www.dhammadownload.com

ဘာလို့လဲဆိုတော့ သူက စာမေးပွဲအောင်စဉ်အခါက မှတ်စုမှတ်ရာတွေနဲ့ ရုက်ဖွယ်ရာ အောင်လာခဲ့တာကိုး။

ဒါကြောင့် ဒီကျောင်းတိုက်မှာ ဒါမျိုးတွေ မလိုချင်လို့ ငယ်ငယ်ကတည်းက စပြီး စာချတန်းအထိ ကျမ်းရင်းတွေကို အဓိကထားပြီးတော့ သင်ပေးတယ်။ မှတ်စုတွေကို အရံအဖြစ်ပဲ ထားပြီး ကြည့်ပါလို့ ပြောတယ်။ မှတ်စုကြီး အာဂုံထောင်ပြီးတော့ ကျက်တဲ့နည်းနဲ့တော့ မအောင်နဲ့။ အဲဒီလိုလုပ်မယ့်အစား ကျမ်းရင်းတွေကို ဖတ်ပြီး နှစ်နှစ်၊ သုံးနှစ်ရှိမှ တစ်ကျမ်းပဲ အောင်ချင်အောင် ပါစေ။ မှတ်စုတွေဖတ်ပြီး တစ်နှစ်တည်း နှစ်ကျမ်းအောင်၊ သုံးကျမ်းအောင်တာမျိုးတော့ တပည့်တော် လိုကို မလိုချင်ဘူး။

တပည့်တော်က ဒီမှာ ဦးစီးပြီးတော့ စာသင်တိုက်ထောင်တာဟာ စာချဘုန်းကြီးလေးတွေ များများဖြစ်ထွန်းစေချင်လို့ပဲ။ အရည်အသွေးပြည့်ဝတဲ့ စာချဘုန်းကြီးလေးတွေ ဘယ်လိုပြုစုပျိုးထောင်သလဲဆိုတော့ ပြောရရင် တပည့်တော် ကိုယ့်ကိုယ်ကိုယ် နမူနာထားပြီး လုပ်နေတာ။ တပည့်တော်အနေနဲ့ ထိုက်သလောက်လည်း အရည်အချင်းပြည့်ဝတဲ့ စာချဘုန်းကြီးလေးတွေ ရတယ်လို့ ယူဆတယ်ပေါ့။ ဘွဲ့ရပြီးမှ ကိုယ့်ကိုယ်ကိုယ် အားမရလို့ စာမချရဲတာတို့၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိလို့ လိုင်းပြောင်းသွားတာတို့။ ဒါမျိုး မဖြစ်စေချင်လို့ လုပ်ပေးနေတာ။ ဒီကျောင်းတိုက်ရဲ့ အဓိကရည်ရွယ်ချက်က စာချဘုန်းကြီးကောင်းလေးတွေ ဖြစ်ဖို့အတွက် လုပ်ပေးနေတာပဲ။

စာချဘုန်းကြီးလမ်းစဉ်

မြတ်စွာဘုရားက ဓာတ်အားဖြင့်တူတဲ့ပုဂ္ဂိုလ်တွေ ပေါင်းဆုံကြတယ်လို့ ဟောထားတာကို ဒီမှာ လာတွေ့ရတယ်။ တပည့်တော်ရဲ့ အစ်ကိုဝမ်းကွဲတွေ၊ ဘကြီးတွေက ရိပ်သာမှာ ဥက္ကဋ္ဌတွေ၊ နာယကတွေပါ။ တပည့်တော်ကို ရိပ်သာဘုန်းကြီး ဖြစ်စေချင်လို့ ခဏတိုင်း တိုက်တွန်းပါတယ်။ တပည့်တော် သွားပြီး တရားတော့ ထိုင်ပါတယ်။ တရားထိုင်ပြီးတော့ သူတို့ ကျေနပ်အောင် လျှောက်ရတယ်။ 'တပည့်တော်က သူများကို တရားထိုင်ဖို့လည်း တိုက်တွန်းတယ်၊ ကိုယ်တိုင်လည်း ဝါသနာပါပါတယ်။ ဒါပေမဲ့ တပည့်တော် စာချဘုန်းကြီးပဲ လုပ်ပါ့မယ်။ တပည့်တော် ကမ္မဋ္ဌာန်းဘုန်းကြီး၊ တရားဟောဘုန်းကြီး မလုပ်ပါရစေနဲ့'လို့ ဒီလိုပဲ လျှောက်ခဲ့တယ်။

တပည့်တော် ကမ္မဋ္ဌာန်းဘုန်းကြီး မလုပ်ခြင်းရဲ့ အကြောင်းအမျိုးမျိုးထဲမှာ တပည့်တော် ကိုယ်တိုင်က စာချရတာ ဝါသနာပါတာလည်း ပါတယ်။ တပည့်တော်တို့ အဂုံတို့ရဲ့ပါဠိတော်မှာလည်း 'စာချသူရှား၊ လာဘ်များအောင်ကြံ၊ ခိုက်ရန်ကွဲပြား'ဆိုတဲ့ ဒီသာသနာကွယ်ကြောင်း တရားတွေထဲမှာ စာချသူရှားရင် သာသနာကွယ်မယ်ဆိုတာ ပါတယ်။ အခုခေတ်မှာ ကြည့်ပေါ့။ စာချသူ ရှား၊ မရှား ပြောကြစို့ဆိုရင် ရှားပါတယ်။ ဓမ္မာစရိယဘွဲ့ရရုံနဲ့ စာကောင်းကောင်း မချတတ်တာတွေ ပြည့်လာတယ်။

ဒါကြောင့်မို့ တပည့်တော်တို့က ဒီမှာ ကောင်းတဲ့နှလုံးသွင်းလေးတွေ ရှိလာအောင်လို့ ကျမ်းရင်းကို လုပ်ပါ။ ကျမ်းရင်းကို ကိုင်ပါ။ ကျမ်းရင်းလုပ်လို့ နှစ်နှစ်ဖြေရမယ်ဆိုရင် ဖြေပါ။ ဒီလိုပြောခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမ်းရင်းကို လုပ်ပြီးတော့ ဖြေလာတဲ့ပုဂ္ဂိုလ် စာချမယ်ဆိုရင် နောင်အခါမှာ သာသနာအတွက် သိပ်ပြီး

www.dhammadownload.com

အကျိုးများမယ်လို့ ခံယူချက်ရှိခဲ့လို့ပဲ။ ဒါကြောင့် ဒီကျောင်းက သံဃာတွေဆိုရင် ဒီလမ်းစဉ်ကိုပဲ လိုက်စေချင်တယ်ပေါ့။ ဒါကြောင့်မို့လည်း ကြိုးစားပြီးတော့ တပည့်တော် လုပ်ခဲ့တယ်။

စာချသူရှား

စာချဘုန်းကြီး ရှားလာတာလည်း တပည့်တော်တို့ ပါဠိကာရီဘုန်းကြီး ဦးမဟာ ပြောသလိုဆိုရင် နှစ်မျိုးရှားနေတာတဲ့။ ဘာလဲဆိုတော့ နံပါတ်(၁) စာချနိုင်တဲ့ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေ ရှားလာတာတဲ့။ ဒီဟာကလည်း စာသင်တိုက်တွေမှာ တကယ်ပဲရှားတာ။ ဒုတိယ နံပါတ်(၂) ရှားနည်းက အရည်အချင်းတော့ ရှိပါရဲ့၊ စာချချင်စိတ်မရှိလို့ ရှားလာတာတဲ့။ ဒါ အဋ္ဌကထာ၊ ဋီကာဖွင့်တော့ မဟုတ်ပါဘူး။ ပါဠိကာရီဆရာတော်ရဲ့ အယူအဆ။ သိပ်ပြီးတော့ ကောင်းပါတယ်။

စာသင်တိုက်တွေ ကြည့်လိုက်ရင်လည်း စာချနိုင်တဲ့ အရည်အချင်းရှိသူ ရှားပါးမှုလည်း တွေ့ရတယ်။ အရည်အချင်းတော့ ရှိပါရဲ့၊ စာချရတဲ့အလုပ်က ကိုယ်ကပဲ ပေးပြီးတော့ ချနေရတာ၊ ဒီအလုပ်ကြီးဟာ မဟုတ်သေးပါဘူး၊ ပင်လည်း ပင်ပန်းသေးတယ်၊ ပေးလည်း ပေးရသေးတယ်၊ ပြီးတော့ ကံမကောင်းရင် ခေါင်းကို အရိုက်ခံရနိုင်သေးတယ်။ ဒီလိုတွေးပြီး အရည်အချင်းရှိပေမဲ့ စာချချင်စိတ် မရှိတာ။ ဒါဟာလည်းပဲ သာသနာကွယ်ဖို့အတွက် သိပ်ပြီးတော့ နီးစပ်လာတယ်။ အခုခေတ်မှာဆိုရင် အရှင်ဘုရားတို့ စာဖြေတဲ့နေရာတွေမှာ ကြည့်ကြည့်၊ မသမာတွေ သိပ်ပေါလာတယ်။ အဲဒါ အရည်အချင်းရှိတဲ့ စာချဘုန်းကြီးတွေ ရှိနိုင်၊ မရှိနိုင် ဒါနဲ့ပဲ ဆုံးဖြတ်လို့ ရသွားပြီ။

စုံနေတဲ့ခေတ်

သာသနာကွယ်ကြောင်းငါးပါးမှာ နောက်တစ်ချက်က 'လာဘ်များအောင်ကြံ'တဲ့။ ဒါနဲ့ ပတ်သက်လို့ကတော့ သိပ်ပြောစရာ မလိုတော့ပါဘူး။ လူငယ်လည်း လူငယ်အလျောက်၊ လူကြီးလည်း လူကြီးအလျောက်၊ လာဘ်လာဘပေါများအောင် ကြိုးစားအားထုတ်နေကြတာတွေ့မတွေ့ရဘူးလား။ ဒါကို အားလုံးမြင်နေတာမို့ အကျယ်ချဲ့စရာ မလိုတော့ဘူး။

နောက်တစ်ချက်က 'ခိုက်ရန်ကွဲပြား'တဲ့။ သံဃမဟာနာယကရုံးတွေမှာ သွားကြည့်။ အမှုတွေက သိပ်များလွန်းတယ်။ ပြောချင်တာက သာသနာကွယ်ကြောင်းတရားတွေဟာ တပည့်တော်တို့ ဒီခေတ်မှာ တော်တော်စုံနေတယ်ပေါ့။

အဲဒီတော့ ဒီလို စုံနေတဲ့ခေတ်မှာ တပည့်တော်တို့က အရည်အချင်းပြည့်ဝတဲ့ စာချဘုန်းကြီးကောင်းလေးတွေ ဖြစ်စေချင်တယ်။ ဒါကြောင့် စာချရင်းလည်း နှလုံးသွင်းမှန်အောင် လေ့ကျင့်ပေးတယ်။ ကျမ်းရင်းကို လေ့လာပါ။ မှတ်စုကို အရံအဖြစ်နဲ့ပဲ ထားပါ။ ဒါကို တပည့်တော် အာပေါက်အောင် ပြောနေတာက စာချဘုန်းကြီးတွေ ပေါလာအောင်လို့ပေါ့။ စာချချင်တဲ့စိတ် ဖြစ်လာအောင်၊ စာချဘုန်းကြီး လုပ်ချင်စိတ်များလာအောင်ဆိုတဲ့ ရည်ရွယ်ချက် တပည့်တော်မှာ ရှိပါတယ်။ စာသင်တိုက်ထောင်တယ်ဆိုတာ ဒီလိုင်းကနေ စပြီးလုပ်ရတာပါ။

ချွတ်ယွင်းချက်များ

တောင်မြို့ ဂန္ဓာရုံဆရာတော်ဘုရားကြီးကလည်း စာချဘုန်းကြီးတွေရဲ့ ချွတ်ယွင်းချက်နဲ့ ဒကာ၊ ဒကာမတွေရဲ့ ချွတ်ယွင်းချက်ကြောင့် သာသနာတော်ကြီး ဆုတ်ယုတ်လာရတယ်ဆိုတဲ့

www.dhammadownload.com

အကြောင်းကို ရတနာ့ဂုဏ်ရည်စာအုပ်မှာ ရေးထားတယ်။ ဒကာ၊ ဒကာမတွေရဲ့ ချွတ်ယွင်းချက်က ဘာလဲဆိုတော့ ... ငွေကုန်ကြေးကျခံပြီး တိုက်တာအဆောက်အအုံကြီးတွေတော့ ဆောက်တယ်။ ဒါပေမဲ့ ကျောင်းထိုင်ဘုန်းကြီး ရွေးတဲ့အခါကျတော့ အတွင်းအပြင်စိတ်ဓာတ်ကို မရွေးချယ်ဘူးတဲ့။ ဆိုလိုတာက အပြင်ပန်းစိတ်ဓာတ်က ဘယ်လိုရှိတယ်၊ အတွင်းနှလုံးသွင်းက ဘယ်လိုရှိတယ်။ ဒါလည်း မရွေးချယ်ဘူးတဲ့။

နောက်ပြီးတော့ ... အပြောကောင်း၊ အသံကောင်းနဲ့ ဂါထာလေးတွေ ရွတ်တတ်ဖတ်တတ်တာကို သဘောကျတယ်။ အလိုက်သင့် ဆက်ဆံတတ်တာကိုလည်း သာသနာပြုနည်းတစ်မျိုးလို့ သိပ်ပြီးအထင်ကြီးတယ်တဲ့။ ဒါကြောင့် ကျောင်းထိုင်ဘုန်းကြီး ရွေးပြီဆိုရင် အတွင်းအပြင် စိတ်နေစိတ်ထား မလေ့လာဘူး။ ပညာရေး ဘယ်လောက် အရည်အချင်းရှိတယ် မလေ့လာဘူး။ စောစောကပြောသလို အသံသာသာလေးနဲ့ ရွတ်တတ်ဖတ်တတ်၊ အပြောကောင်းကောင်း၊ ဆက်ဆံရေးကောင်းကောင်း။ ဒါမျိုးလေးတွေကို ရွေးချယ်ပြီးတော့ ကိုးကွယ်တတ်ကြတယ်တဲ့။

ကိုးကွယ်တော့ ဘာဖြစ်လဲ။ 'အေးစေလိုလို့ တရားနာ၊ ပူဇာအကျိုး' ဆိုသလိုပဲ ကိုယ်က ငွေကုန်ခံပြီး ကျောင်းဆောက်ထားတယ်။ ရည်ရွယ်ချက်က နိဗ္ဗာန်အကျိုးကို မျှော်ကိုးလို့။ ဒါပေမဲ့ လက်တွေ့သာယာနေတာတွေက ဘာလဲဆိုတော့ ကိုယ့်အပေါ် သာသာယာယာလေးပြောပြီး ကိုယ့်ကို အလိုက်သင့်ဆက်ဆံတာတွေမှာပဲ သာယာနေတယ်။ တကယ်စာချုပ်ပြီး အလုပ်လုပ်သလား၊ သာသနာအတွက် အရေးပါ၊ မပါဆိုတာတွေကို သူတို့ မသိဘူး။ ဒါဟာ ဒကာ၊ ဒကာမတွေရဲ့ ချွတ်ယွင်းချက်ပဲတဲ့။

ဆရာဘက်က

တပည့်တော်တို့ စာချုပ်နှုန်းကြီးတွေရဲ့ ချွတ်ယွင်းချက်က ဘာလဲ။ စာချုပ်နှုန်းကြီးဆိုတာ စာပေရဲ့သဘောကို တကယ်နားလည်တယ်။ စာလည်းပဲ ချတယ်။ ပိဋကတ်လည်း တတ်တယ်။ ပြင်ပဗဟုသုတတွေကိုလည်း တတ်နိုင်သမျှ လေ့လာဆည်းပူးထားတယ်ဆိုရင် အကျိုးအကြောင်း၊ အဆိုးအကောင်းတွေကို နားလည်တယ်ပေါ့။ ဒါပေမဲ့ စာတော့ချပါရဲ့။ ဟောရေး ပြောရေး ကြုံလာပြီဆိုရင် လူတွေကို မဟောချင်၊ မပြောချင်တာကလည်း စာချုပ်နှုန်းကြီးတွေရဲ့ ချွတ်ယွင်းချက်ပဲတဲ့။

ထာမဗလဆိုတာ ပြသင့်တဲ့နေရာကျရင် ပြရတာပဲ။ ပြောသင့်ရင်ပြော၊ ဟောသင့်ရင် ဟောရမှာပဲ။ ဒကာ၊ ဒကာမတွေကို နားလည်စေချင်တဲ့ စေတနာနဲ့ ကောင်းကောင်းမွန်မွန် ဟောရင် သူတို့လည်း နားလည်မှာပါပဲ။ အေးအေးဆေးဆေးနေချင်လို့ တရားပွဲကြီးတွေကို လိုက်မဟောချင်ရင်တောင်မှ ကိုယ်နဲ့နီးစပ်တဲ့ ဒကာ၊ ဒကာမတွေကို အမှန်တရားကို မီးမောင်းထိုးပြတာမျိုး ဟောပြရမယ်။ ဒါမျိုးမလုပ်တာလည်း စာချုပ်နှုန်းကြီးတွေရဲ့ အားနည်းချက်ပဲ။ ဒါကြောင့်မို့ စာချုပ်နှုန်းကြီးတွေမှာ လာဘ်လာဘရှားပြီးတော့ လာဘ်လာဘပေါများတဲ့ပုဂ္ဂိုလ်တွေ အောက် သွားပြီးတော့ ဒူးထောက်နေရတယ်။ အဲဒီလာဘ်လာဘပေါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တချို့ကလည်း အကျင့်မှန် လမ်းမှန် နည်းမှန်နဲ့ ပေါတာ မဟုတ်ဘူး။ ဒါပေမဲ့လို့ အဲဒီအောက်ကို သွားပြီးတော့ ဒူးထောက်နေရတယ်။ ဒါဟာ သိပ်ပြီးတော့ ရင်နာစရာကောင်းရုံမက သာသနာဆုတ်ယုတ်ဖို့ဖြစ်တဲ့အကြောင်း ဆရာတော်က ရတနာ့ဂုဏ်ရည်မှာ ရေးထားခဲ့တယ်။

www.dhammadownload.com

စာချတဲ့လိုင်း

တပည့်တော် ပြန်ပြီးတော့ စကား ကောက်ချင်တာ ဘာလဲ။ စာချဘုန်းကြီးတွေကို သာသနာအဆက်ဆက်မှာ ဆရာတော်ကြီးတွေ သိပ်ပြီးတန်ဖိုးထားတယ်။ တောင်မြို့ဆရာတော်ကြီးလည်း တန်ဖိုးထားခဲ့တယ်။ သာသနာတော် အသက်ရှည်ခဲ့တာဟာလည်း ဒီပုဂ္ဂိုလ်တွေကြောင့်ပဲ။ ရဟန္တာမထေရ်ကြီးတွေတောင်မှ သံဂါယနာတင်ပြီးတဲ့အခါ ဒီဃနိကာယ်ဆိုရင် အရှင်အာနန္ဒာရဲ့ တပည့်အဆက်ဆက် ပို့ချခဲ့တယ်။ ဝိနည်းဆိုရင်လည်း အရှင်ဥပါလိရဲ့ တပည့်အဆက်ဆက် ပို့ချခဲ့တယ်။ ရဟန္တာဖြစ်ပြီးတာတောင်မှ စာချလာခဲ့ကြတယ်။ ဒီလို စာချလာခဲ့ကြလို့ ဒီအချိန်ထိ သာသနာတည်ခဲ့တယ်ပေါ့။

ဒါတွေ သိထားခဲ့တဲ့အတွက် စာသင်တိုက်တည်ထောင်ပြီဆိုကတည်းက မူချပြီး အရည်အချင်းပြည့်တဲ့ စာချဘုန်းကြီးတွေ ဘယ်လိုရအောင်လုပ်ရမလဲဆိုတာကို တပည့်တော်ရဲ့ မသိစိတ်မှာလည်း ကိန်းတယ်။ သိစိတ်မှာလည်း စဉ်းစားတယ်။ ဒါကြောင့် အခုလုပ်နေတဲ့လိုင်းကို ရွေးတယ်။ ဒီစာချတဲ့လိုင်းကို လိုက်လာအောင်၊ သာသနာမှာ သူများမနေချင်တဲ့ နေရာကနေပြီး အရေးကြီးဆုံးကိစ္စတွေကို မထင်မရှားနေရာကနေ ဆောင်ရွက်ချင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်အောင်၊ စာချဘုန်းကြီးများအောင် ကြိုးစားခဲ့တယ်။ ဒီလိုလုပ်ရတာကိုလည်း ကိုယ့်ဟာကိုယ် အလုပ်လုပ်ရင်း ပါရမီဖြည့်တယ်ဆိုပြီး နှလုံးသွင်းတတ်တဲ့ စိတ်ဓာတ်လေးတွေဖြစ်ပေါ်လာအောင် လုပ်ပေးနေတယ်ပေါ့ဘုရား။

ဟိုရေးဒီရေး

အဲဒီလိုမဟုတ်ဘဲ မဟုတ်တရုတ်တွေ လျှောက်ပြီး ဟိုရေးဒီရေး၊ ဒါကြီးတွေကို ကြီးကြီးကျယ်ကျယ်လုပ်၊ ဒါမျိုးဖြစ်လာပြီဆိုရင်တော့ တပည့်တော်အနေနဲ့ ပါးစပ်နဲ့လည်း တားပေးတယ်။ အဲဒီလို တားပေးရဲ့သားနဲ့ မလုပ်သင့်တာတွေကို ဘောင်ကျော်ပြီး လုပ်တယ်ဆိုရင်တော့ အဆုံးအမတွေကို ကျော်လွန်ပြီး ဓာတ်ချင်းကကွဲသွားတော့တာပဲ။ ဓာတ်ကွဲသွားရင် ပေါင်းစုလို့မရဘူး။ ဒါကြောင့် တပည့်တော် ပြောချင်တာက တပည့်တော် ဖြစ်စေချင်တဲ့ဓာတ်ကို လုပ်ပါ။ ကျန်တဲ့ဟာတွေက ကိုယ့်ဟာကိုယ် လုပ်ချင်ရင် အပြစ်ကင်းအောင် လုပ်ပေါ့။ ဒီ စာရေးခြင်းအတတ်ပညာဆိုတာလည်း သိပ်ပြီးတော့ လိုအပ်တဲ့ အရာတစ်ခုပါ။ ဒီစာရေးခြင်းအတတ်ပညာကို တပည့်တော်လည်း အထင်မသေးပါဘူး။ တပည့်တော်လည်း လေ့လာနေတာပါပဲ။ ဝါကျတစ်ခုတွေ့ရင်လည်း သဒ္ဒါနည်း ဘယ်လိုမှားတယ်၊ ဘာနည်း ဘယ်လိုမှားတယ်၊ တပည့်တော် ချက်ချင်းထောက်ပြနေတာပဲ။ ဒါ တပည့်တော်ရဲ့ စေတနာ။

စာရေးတာကို တပည့်တော် အပြစ်မမြော်ဘူး။ ဒါပေမဲ့ အရည်အသွေးကတော့ လိုတယ်။ အရည်အသွေးပြည့်အောင် ကိုယ့်ဝမ်းစာ ကိုယ်ဖြည့်ထားဖို့ လိုတယ်။ အဲဒီလိုလုပ်မှ ကောင်းတယ်။ တပည့်တော် အသေအချာတော့ မမှတ်မိဘူး။ ဆရာကြီးမင်းသုဝဏ်လို့တော့ ထင်တာပဲ။ သူက ဘာပြောသလဲဆိုတော့ 'ညော်- ရေးလိုက်ကြတဲ့စာတွေ။ ကိုယ့်မှာမရှိသေးဘူး၊ သူများပေးချင်ကြတာက အရင်ပဲ' တဲ့။ မရှိဘဲနဲ့ ပေးလို့ရပါ့မလား။ ဒါကြောင့် ကိုယ့်ဘက်က ရှိအောင် လုပ်ထားပါ။ ဒါမှလည်း အရေးအကြောင်းရှိလို့ လာခိုင်းရင် ချက်ချင်းလုပ်နိုင်မှာပေါ့။ အခုဆိုရင် ဂုဏ်ပြုပွဲတွေ၊ ဘာတွေ ရှိတယ်။ ဒီအခါမှာ

www.dhammadownload.com

တေးထပ်တွေ ဘာတွေ အဓိပ္ပာယ်ရှိရှိ ရေးတတ်ရင် သိပ်ကောင်းတယ်။

ဒီတောထဲမှာ

အဲဒီလို အခြေခံကစပြီး ကိုယ်ရေးလိုက်တဲ့အတွက် သူတစ်ပါးမှာ အကျိုးရှိသွားမှာမျိုး၊ တကယ်လိုအပ်တဲ့နေရာမှာ ဖြည့်ဆည်းပေးတာမျိုး။ ဒါမျိုးတော့ ကောင်းတာပေါ့။ အခုတော့ တစ်နေ့က လုပ်ထားတဲ့ စာအုပ်တစ်အုပ်ကို ဖတ်ကြည့်လိုက်တယ်။ ဘာမှကို မဟုတ်ဘူး။ ဖတ်ရင်းဖတ်ရင်းနဲ့ တော်တော်သနားစရာကောင်းတဲ့ စာပေတွေပဲလို့ စိတ်ဖြစ်တယ်။ သိမ်းထားချင်စရာမပါဘူး ဆိုပါတော့။ မောင်စိန်ဝင်း (ပုတီးကုန်း)ရဲ့ ကဗျာစာအုပ်တစ်အုပ်မှာ ဆရာမင်းသုဝဏ်ရေးတဲ့ အမှာစာထဲက 'မောင်စိန်ဝင်းဟာ ဒီတောထဲမှာ မောနေရှာတယ်လို့ ပထမ အောက်မေ့မိတယ်' ဆိုတဲ့ စကားအတိုင်း ပြောရမလို ဖြစ်နေတယ်။ တကယ်တော့ သင်္ကန်းဝတ်ကြီးတွေနဲ့ ဒီလို အချစ်ကဗျာတွေ ထုတ်ဖော်ရေးဖို့ မသင့်ဘူး။ ကိုယ့်ဟာကိုယ် တိတ်တိတ်ဆိတ်ဆိတ် ရေးချင်ရေးပေါ့။ ကိုယ့်ဟာကိုယ်ရေးပြီး သိမ်းထားချင်ရင်လည်း သိမ်းထားပါ။

တပည့်တော် ဖြစ်စေချင်တဲ့လိုင်းကတော့ ခုနကလိုပေါ့။ 'ကလျာဏာဓိမုတ္တိကာ သတ္တာ ကလျာဏာဓိမုတ္တိကေဟိ သတ္တေဟိ သဒ္ဓိ သမ္မန္ဓန္တိ သမေန္တိ' ဆိုတဲ့အတိုင်း တပည့်တော် စာသင်တိုက်တည်ထောင်နေတာကိုက စာချချင်တဲ့ စိတ်ကလေးတွေဖြစ်အောင်၊ စာချတဲ့ အခါမှာလည်း ပြီးလွယ်စီးလွယ် မဟုတ်ဘဲ အသေအချာ ချပေးနိုင်ဖို့ပါ။ ဘယ်လို အသေအချာ ချရမှာလဲဆိုတော့ တပည့်စာသင်သားတွေမှတ်စုမှတ်ရာ မကိုင်ဘဲနဲ့ တစ်ချိန်မှာ အရည်အသွေးပြည့်တဲ့ စာချဘုန်းကြီးစစ်စစ်တွေ ဖြစ်လာအောင်အထိ ကိုယ်ကျိုးကို စွန့်ပြီး စာချဖို့အတွက် အသေအချာ ပြင်ဆင်ထားတဲ့ ဒီလိုရဟန်းတွေ မွေးထုတ်ပေးချင်တာ။ ဒါ တပည့်တော်ရဲ့ ဆန္ဒပါ။ ဒါကို အရှင်ဘုရားတို့ကလည်း ဖြောင့်ဖြောင့်လိုက်ပါလို့ ပြောချင်ပါတယ်။

လိုချင်တဲ့ဓာတ်

အခုလည်း စာရေးနည်းကို အပြစ်တင်တာလည်း မဟုတ်ဘူး။ အပြစ်ပြောနေတာလည်း မဟုတ်ဘူး။ စာချဘုန်းကြီးလိုင်း သွားတာဟာ သာသနာအတွက် သိပ်ပြီးတော့ အကျိုးရှိတယ်၊ လူမျိုးအတွက်လည်း သိပ်အကျိုးရှိတယ်။ ဒါမျိုးတွေ ရေးချင်ရင် ကိုယ့်ဟာကိုယ် ဒိုင်ယာရီထဲမှာ ရေးထား။ မရေးနဲ့လို့ တပည့်တော် မပြောပါဘူး။ ကိုယ့်ဟာကိုယ် အရည်အသွေးဖြည့်တာတာ ကောင်းတယ်။ တဖြည်းဖြည်းနဲ့ ဒါတွေဟာ တစ်ချိန်ကျ ဒီအရေးအသားလေးတွေဟာ ရှက်စရာပါလားလို့ မြင်လာလိမ့်မယ်။

ဒါကြောင့်မို့ ပြန်ပြီးတော့ ချုပ်လိုက်ကြစို့။ သတ္တဝါတွေဟာ ဓာတ်ချင်း တူရာတူရာ စုကြတယ်။ ဒီမှာလည်း တပည့်တော်ဖြစ်စေချင်တဲ့ ဓာတ်က ဘာလဲ။ စောစောကလိုပေါ့။ တောရွာဘုန်းကြီးဖြစ်ရင်လည်း တောရွာအတွက် တကယ်အလုပ်လုပ်။ စာချဘုန်းကြီးဖြစ်ရင်လည်း စိတ်ကောင်းစေတနာကောင်းနဲ့ အရည်အချင်းပြည့်ပြည့်နဲ့ တကယ်အလုပ်လုပ်။ နောက်ဆုံး တရားဟောဘုန်းကြီးဖြစ်ရင်လည်း လာဘသက္ကာရမငဲ့ဘဲနဲ့ တကယ်နားလည်စေလိုတဲ့စိတ်နဲ့ ဟော။ ဘာလျှုရင် ဘာရတယ်ဆိုတာမျိုး မဟုတ်ဘဲ ဘယ်လို စိတ်ထားနဲ့လျှုရင် ပိုကောင်းတယ်ဆိုတာမျိုး ဟော။ ဒီလိုဓာတ်မျိုးလေးတွေ စုစေချင်လို့

www.dhammadownload.com

တပည့်တော် စာသင်တိုက်ထောင်ပြီး လေ့ကျင့်ပေးနေတာ။ အဲဒီလမ်းကို အရှင်ဘုရားတို့ ဖြောင့်ဖြောင့်တန်းတန်း လိုက်နိုင်ပါစေ။

မဟုတ်တဲ့ဟာတွေကို သွားပြီးတော့ အထင်မကြီးပါနဲ့။ တကယ်ရေးချင်ရင် ကိုယ့်ဟာကိုယ် အရည်အသွေးဖြည့်တဲ့သဘောနဲ့ ရေးပါ။ ကိုယ့်ဟာကိုယ် သိမ်းထားပါ။ ဒါကိုပဲ ကြီးကြီးကျယ်ကျယ်နဲ့ သွားပြီးတော့ စာအုပ်လုပ်၊ ဘာလုပ်နဲ့။ အဲဒီလိုလုပ်တော့ အပြစ်တွေ ကျူးလွန်မိရက်သားဖြစ်သွားတယ်။ ဒါမျိုးတွေ မလုပ်ပါနဲ့လို့ တပည့်တော် အသေအချာ ပိတ်ထားရဲ့သားနဲ့ တိုက်ရိုက်ကြီး ဆန့်ကျင်တာဆိုတော့ အပြစ်ကြီးတယ်။ အပြင်မှာဆိုရင် ဒါမျိုး လက်ခံ၊ မခံဆိုတာ သိကြမှာပါ။ ဒီအလုပ်ထဲမှာ မပါတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီးရှိသေးလို့ ဒါလောက်နဲ့ပဲ တော်ပါပြီ။

ဒါကြောင့် အားလုံးပဲ ကောင်းတဲ့နှလုံးသွင်းအစွမ်းသယဓာတ်များ ဖြစ်ပေါ်အောင် ကြိုးစားနိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ

၁၃၆၇ ခု၊ ဦးတန်ခူးလပြည့်နေ့
၂၀၀၅ ခု၊ ဧပြီလ ၂၃ ရက်၊ စနေနေ့ ည

တကယ်လုပ်ပါ

တန်ခူးလဆန်း(၁၃)ရက်က စပြီးတော့ စာစကျက်တယ်။။ (၁၃)ရက်နေ့ စတော့ စိတ်ဓာတ်ကလေးတွေက နည်းနည်းလေးပျော့သေးတယ်ပေါ့။ မနက်ဖြန် တပည့်တော်တို့ တန်ခူးလပြည့်ကျော်(၁)ရက်ဆိုလို့ရှိရင်တော့ ပုံမှန်ပြန်ပြီးတော့ လုပ်ကြစို့။ ပူတဲ့ရာသီအလျောက် စာကျက်တဲ့နေရာတွေကိုလည်း တပည့်တော်တို့ လွတ်လပ်ခွင့်ပေးထားတယ်။ မနက်ခင်းကတော့ ပုံမှန်အတိုင်း စာကျက်တဲ့နေရာမှာပဲ ကျက်။ ကျောင်းအောက်ထပ်တွေဘာတွေမှာ သွားကျက်ဖို့ မနက်ခင်းပိုင်းကတော့ မလိုအပ်ဘူးပေါ့။ နေ့လယ်ပိုင်းမှာ တပည့်တော်တို့ တစ်နာရီခွဲကနေ စပြီးတော့ စာကျက်ကြမယ်။ နေလယ်ပိုင်းမှာ ပူတဲ့အတွက် ကိုယ်နဲ့သင့်တော်တဲ့နေရာမှာ ကျက်ပါ။ တကယ်လုပ်ပါ။

တပည့်တော်အနေနဲ့ စာတကယ်မလုပ်တဲ့ပုဂ္ဂိုလ်တွေ ပြန်ပြီးတော့ စိစစ်နေပါတယ်။ ဒီနှစ်က စပြီးတော့ တပည့်တော်တို့ အားနာမှုနည်းနည်းလေးတော့ လျော့ရတော့မှာပဲ။ အဲဒီတော့ ဘယ်နေရာမှာပဲကျက်ကျက် အဓိကကတော့ စာကျက်ဖို့ စိတ်ပဲ လိုအပ်တယ်ပေါ့။ ဒါကြောင့်မို့ စာကျက်တဲ့နေရာမှာ ဆရာ မရှိလို့ ဘာမရှိလို့ဆိုပြီး အကြောင်းတွေသိပ်ပြီးတော့

www.dhammadownload.com

မပြပါနဲ့။ အကြောင်းပြတယ်ဆိုတာ မကောင်းဘူး။ ဒီကျောင်းမှာ နေပြီဆိုလို့ရှိရင် ဒီကျောင်းရဲ့ စည်းကမ်းကို တစ်နှစ်လောက်ဆို သိတာပဲ။

စာတွေထဲမှာလည်း ဆိုထားတာရှိတယ်။ ဝိနည်းသိက္ခာပုဒ်ကို မသိလို့ ကျူးလွန်မိတာပါလို့ ဒါမျိုး မလုပ်ပါနဲ့တဲ့။ ဒွေမာတိကာ သဟမ္မိက ဝဂ်ထဲမှာ ဘယ်လိုလာလဲဆိုရင် 'သိက္ခာမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဉ်ိတဗ္ဗံ' တဲ့။ မသိရင် သိအောင် လုပ်ရမှာပဲ။ မသိလိုက်လို့ပါဆိုတဲ့ အကြောင်းပြတွေကတော့ လုံလောက်တဲ့အကြောင်း မဟုတ်ဘူးပေါ့ဘုရား။ မသိ သိအောင်ကို လုပ်ရမယ်။ သိပြီးသား ဆိုရင်တော့ ရှောင်ကြဉ်ဖို့ရာအတွက် ဒါ အရှင်ဘုရားတို့မှာ တာဝန်ရှိသွားတယ်ပေါ့။

သင့်တော်တဲ့နေရာ

ဒါကြောင့်မို့ စာကျက်တာနဲ့ စပ်ပြီးတော့ တပည့်တော် ထပ်သတိပေးပါတယ်။ ညမှာလည်း ပုံမှန်နေရာအတိုင်းပဲ ကျက်ပေါ့။ ညပိုင်းဆိုရင် အောက်ထပ်တွေ ဘာတွေထက် အပေါ်ထပ်တွေ ကတောင် အေးတတ်ပါသေးတယ်။ အဲဒီတော့ တပည့်တော်တို့ နေ့ခင်းတစ်ခုကိုတော့ ခြွင်းချက်ပေးထားတယ်ပေါ့။ သင့်တော်တဲ့နေရာ ကျက်။ ဟို ရေကန်တွေ ဘာတွေနားလေးတော့ သွားပြီးတော့ မကျက်နဲ့ပေါ့။ ကိုယ်နဲ့သင့်တော်မယ့် နေရာ အထူးသဖြင့် သစ်ပင်အောက်တို့ ဘာတို့ သွားကျက်ပါ။

အကြီးတန်းဖြေထားတဲ့ ပုဂ္ဂိုလ်တွေ၊ စာချတန်းသမားတွေက ကိုယ့်ဟာကိုယ် ပုံမှန်သမားဆိုလို့ရှိရင် ဒီတစ်ပတ်အတွင်း နိဿယဘယ်လောက်ပြီးအောင် တေးမယ် စသည်ဖြင့် အစီအစဉ်ဆွဲထားပြီး လုပ်ပါ။ နိကာယ်ဖြေမယ်ဆိုရင်လည်း တစ်ပတ်ကို ဘယ်လောက်လုပ်မယ်ဆိုတာ ပိုင်းဖြတ်ထားပြီး လုပ်ပါ။ စာလုပ်မလုပ်ဆိုတာ သိပါတယ်။ နည်းနည်းပါးပါးလေး အရှိန်လေးပြန်ပြီးတော့ မြှင့်ပေးပါ။ ကျန်တဲ့ သံဃာတွေကတော့ အထူးပြောစရာကို မလိုတော့ဘူး။ အဲဒီတော့ စာကို အဓိကထားပြီးတော့ ကြိုးစားပါ။

စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ

စာကြိုးစားတဲ့နေရာမှာလည်း တပည့်တော်တို့ ပြောနေကျအတိုင်းပဲပေါ့။ တပည့်တော် မနက်ကလည်းပဲ တရားဟောတဲ့အခါ လူတွေကို ထည့်ပြောခဲ့တယ်။ တောင်မြို့ဆရာတော်ကြီးရဲ့ စည်းကမ်းဆယ်ချက်နဲ့ အတန်းကျောင်းတွေမှာ ပါပါနေတဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုတာနဲ့ဟာ အတူတူပဲဆိုတဲ့ အကြောင်း။ ဘယ်လိုတူတာလဲဆိုတာကို တပည့်တော် ပြန်ပြောပြမယ်။ တောင်မြို့ဆရာတော်ကြီးရဲ့ စည်းကမ်းဆယ်ချက်ကို ကြည့်လိုက်တဲ့အခါမှာလည်း 'စိတ်ကောင်းရှိဖို့က ပထမ' တဲ့။ နောက်ဆုံးအချက်က 'စာတတ်ဖို့က ဒသမ' တဲ့။

ကျန်တဲ့ရှစ်ချက်ကို ကြည့်လိုက်တော့လည်း 'ဝိနည်းလေးစားဖို့က ဒုတိယ၊ ကျန်းမာဖို့က တတိယ၊ သန့်ရှင်းဖို့က စတုတ္ထ၊ အဝတ်အစားတတ်ဖို့က ပဉ္စမ၊ အနေအထိုင်တတ်ဖို့က ဆဋ္ဌမ၊ အပြောအဆိုတတ်ဖို့က သတ္တမ၊ အသွားအလာတတ်ဖို့က အဋ္ဌမ၊ စည်းကမ်းလိုက်နာဖို့က နဝမ' တဲ့။ အဲဒီရှစ်ချက်ကို ကြည့်လိုက်လို့ရှိရင်လည်း စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုတဲ့ အထဲက ဘယ်ထဲဝင်သွားလဲဆိုရင် စည်းကမ်းထဲ အားလုံးပါဝင်သွားတယ်။ ဒီတော့ စည်းကမ်းဆယ်ချက်ကို ချုပ်လိုက်ရင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊

www.dhammadownload.com

ဒီသုံးပါးပဲ ပြန်ရတယ်။

သေခိယသိက္ခာပုဒ်ထဲမှာ

အဲဒီသုံးပါးမှာ ပညာကို နောက်ဆုံးထားသလိုပဲ ဆရာတော်ကြီးကလည်း စာတတ်ဖို့က ဒသမလို့ ဆိုတယ်။ အဲဒီမှာလည်း သွားပြီးတော့ တူတယ်။ တပည့်တော်တို့ ဝိနည်းလေးစားဖို့ ဆိုတာလည်း စည်းကမ်းလိုက်နာဖို့ကို ပြောတာပဲ။ ကျန်းမာရေးအတွက်ဆိုလည်း သန့်သန့်ရှင်းရှင်း ဆိုတာ ဒါ စည်းကမ်းရှိမှကို ဖြစ်မှာ။ အစားအသောက်လည်းပဲ စည်းကမ်းရှိရတာပဲ။ စားချင်တိုင်း နင်းကန်စား၊ ပြီးတော့မှ ရောဂါတွေရရင် ဒါလည်း စည်းကမ်းမရှိလို့ဖြစ်တာ။ ဒါကြောင့်မို့ ကျန်းမာရေးအတွက်ကလည်းပဲ စည်းကမ်းထဲမှာ ဝင်သွားတာပဲ။ သန့်ရှင်းဖို့၊ အပြောအဆိုတတ်ဖို့ နောက်ပြီးတော့ အသွားအလာတတ်ဖို့၊ အနေအထိုင်တတ်ဖို့ ဒါတွေ အားလုံးဟာ ဘယ်ထဲမှာ ဝင်သွားလဲဆိုရင် စည်းကမ်းထဲ ပါဝင်သွားတယ်။ သေခိယသိက္ခာပုဒ်ထဲမှာ ပြောပုံဆိုပုံတွေကအစ အကုန်ပါတယ်။

အဲဒီတော့ တပည့်တော်တို့ ကြည့်လိုက်တဲ့အခါမှာ 'ဤဆယ်ချက်ကို အစဉ်အတိုင်း ဂရုစိုက်ပါ'လို့ တောင်မြို့ဆရာတော်ကြီးက ရေးထားတာ တွေ့ရတယ်။ ဤဆယ်ချက်ကို အစဉ်အတိုင်း ဂရုစိုက်ပါဆိုတော့ တပည့်တော်တို့ ပထမဆုံး ဘာကို အဓိက ဂရုစိုက်ရမှာလဲ။ စိတ်ကောင်းရှိဖို့ ...။ စိတ်ဓာတ်ကို အဓိက ဂရုစိုက်ရမှာ။ အတန်းကျောင်းထဲမှာ ရေးထားတဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုတဲ့ စာလေးကို ကြည့်ပြီးတော့ တပည့်တော် တွေးဖြစ်တယ်ပေါ့။ ဒီလို စိတ်ဓာတ်၊ စည်းကမ်း၊ ပညာလို့ စဉ်ရေးထားတဲ့ပုဂ္ဂိုလ်ဟာ သိပ်ပြီးတော့ အသိဉာဏ်မြင့်တယ်လို့။

စိတ်ဓာတ်အဓိက

ဒါပေမဲ့ ကျောင်းဆရာ၊ ဆရာမတွေနဲ့ တွေ့လို့ တပည့်တော်မေးကြည့်တဲ့အခါ သူတို့လည်း ဒီလိုတွေ့နေပေမဲ့လို့ မတွေးမိဘူးတဲ့။ ဒီလိုပဲ ဖြေကြတယ်။ တစ်နေ့ကလည်းပဲ ဒုလ္လဘရဟန်းတွေထဲမှာ အင်ဂျင်နီယာဘွဲ့ရတွေလည်းပဲ ပါလို့ မေးကြည့်တယ်။ သူတို့လည်းပဲ သိပ်ပြီးတော့ တွေးမကြည့်မိဘူးတဲ့။ ဆရာ၊ ဆရာမတွေရဲ့ ရှင်းပြသံလည်း မကြားဖူးဘူးတဲ့။ တပည့်တော်ကလည်း သိချင်လို့ မေးကြည့်တာပေါ့လေ။ သူတို့မသိဘူးဆိုတော့ ဆရာတော်ကြီးရဲ့ ဆောင်ပုဒ်နဲ့ ဒီလိုဒီလို တူတယ်ဆိုတဲ့အကြောင်း တပည့်တော် ပြောပြရတယ်။

အဲဒီတော့ တပည့်တော်တို့ ဘာဖြစ်လို့ စိတ်ဓာတ်ကို ရှေ့ဆုံးက ထားတာလဲ။ ပုဂ္ဂိုလ်တစ်ယောက် ပညာတတ်တယ်ဆိုတာလည်းပဲ စိတ်ဓာတ်နဲ့ဆက်စပ်နေတယ်။ ငယ်ငယ်ကတည်းက ဆရာသမားကြောက်လို့ ကျက်တာမဟုတ်ဘဲနဲ့ တစ်ချိန်မှာ ဒီပညာတွေကို ပြန်အသုံးချရမယ်ဆိုတဲ့ အသိနဲ့ ကျက်တယ်။ ဥပမာ- အရှင်ဘုရားတို့ဆိုရင် သေခိယသင်တယ် စသည်ဖြင့် သင်ကြတယ်။ ပိဋကတ်တွေ သင်ပြီဆိုရင် ပထမကိုယ်တိုင်နားလည်အောင် သင်ရတယ်။ နားလည်တဲ့အချိန်မှာ ကိုယ်တိုင်လည်းပဲ တတ်နိုင်သမျှ ကျင့်မယ်။ ကျင့်ပြီးတော့ တစ်ချိန်မှာ ကိုယ့်အတွက် ထိုက်သလောက် ပြည့်စုံပြီဆိုရင် သူတစ်ပါးအတွက်လည်းပဲ ပြန်သင်ပေးပြီးတော့ သာသနာအတွက် ငါအလုပ်လုပ်မယ်။ ဒီလို စိတ်ဓာတ်ရှိနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်သည်၊ တစ်နည်းအားဖြင့် စိတ်ဓာတ်ကောင်းနေတဲ့

www.dhammadownload.com

ပုဂ္ဂိုလ်တစ်ယောက်သည် ပညာကြိုးစားမလား၊ မကြိုးစားဘူးလားဆိုရင် ကြိုးစားမှာပဲ။ ဒါကြောင့် ပညာတတ်ဖို့အတွက် စိတ်ဓာတ် သိပ်ပြီးတော့ လိုအပ်တယ်။

ရဟန်းနှစ်ပါး

ဒီလိုမှ မဟုတ်ဘဲနဲ့ ဆရာကြောက်လို့သာ စာကျက်တယ်ဆိုရင် ဆရာမရှိတဲ့နေ့ 'ဟာ... ဆရာမရှိဘူးကွ၊ ထင်သလိုလုပ်မယ်' ဒါမျိုးတွေသာ ရှိလို့ရှိရင် စိတ်ဓာတ်လည်းပဲ မကောင်းဘူး။ စိတ်ဓာတ်မကောင်းတဲ့အတွက် ပညာရေးပါ ညံ့သွားတယ်။ တပည့်တော်တို့ ယှဉ်ကြည့်ပေါ့ ဘုရား။ စိတ်ဓာတ်ကောင်းကောင်းနဲ့ ပညာကြိုးစားလာပြီးတော့ ပညာတော်လာတဲ့ ရဟန်းတစ်ပါးလည်း ရှိနိုင်တယ်။ ခုနကလို စိတ်ဓာတ်ကို ဘာသိဘာသာထားပြီးတော့ ဆရာတွေက အနီးကပ် နင်းကန်ပြီးတော့ ကြပ်မတ်လို့ ပညာတော်လာတဲ့ ရဟန်းတစ်ပါးလည်းပဲ ရှိနိုင်တယ်ပေါ့။

ဒီနှစ်ပါးကို ခြုံကြည့်လို့ရှိရင် ကွာခြားချက်ဘာတွေ့ရမလဲ။ တပည့်တော် လေ့လာကြည့်တဲ့ အခါ စိတ်ဓာတ်ရေးရာမှာ ပိုင်ပိုင်နိုင်နိုင် ကောင်းကောင်းမွန်မွန်နဲ့ သာသနာအတွက် အလုပ်လုပ်ဖို့၊ ကိုယ့်အတွက်လည်း တတ်နိုင်သမျှကျင့်ပြီးတော့ အများအကျိုးအတွက် ပြန်လုပ်ဖို့၊ ပါရမီဖြည့်ဖို့၊ ဒီလိုစိတ်ဓာတ်လေးတွေနဲ့ သင်ပြီးတော့ ပညာတတ်လာတဲ့ ရဟန်းတော်တွေကျတော့ စာသင်တိုက်လုပ်လုပ်၊ တရားဟောဟော၊ လာဘသက္ကာရဟာ ပမာန မဟုတ်တော့ဘူး။ လာဘသက္ကာရကိုပဲ အာရမ္မဏာဓိပတိ မတပ်တော့ဘူး။ ကိုယ့်အလုပ်ကိုယ် လုပ်ပြီးတော့ ပါရမီဖြည့်ဖို့၊ သာသနာအတွက် ငါတတ်နိုင်သမျှ လုပ်မယ်ဆိုပြီး အဓိက အာရမ္မဏာဓိပတိပစ္စည်းသည် ကိုယ်လုပ်နေတဲ့လုပ်ငန်း ပါရမီတွေကိုပဲ တွေးပြီးတော့ လုပ်သွားတယ်။ ပစ္စည်းလေးပါးကတော့ သူ့ဟာသူ ဥပနိဿယသတ္တိအဖြစ်နဲ့ လုပ်ငန်းလုပ်ပြီဆိုရင် ပြည့်စုံလာတာပဲ။

ဥပနိဿယသတ္တိ

မြတ်စွာဘုရားကလည်း 'သင်တို့ ပစ္စည်းလေးပါးနဲ့ ပြည့်စုံချင်ကြသလား၊ သီလကို ဖြည့်ကျင့်ပါ' ဆိုပြီးတော့ ဒသကနိပါတ် အင်္ဂုတ္တိရ်မှာ ဟောထားတယ်။ ပစ္စည်းလေးပါး လိုချင်လို့ သီလဖြည့်ခိုင်းတာ မဟုတ်ဘူးနော်။ သီလဖြည့်ရင်းနဲ့ သီလ၊ သမာဓိ၊ ပညာတွေအတွက်၊ နောက်ဆုံး မဂ်ဖိုလ်ပညာတွေအထိ ရောက်ဖို့အတွက်လို့ အဲဒီလို အသိဉာဏ်နဲ့ သီလဖြည့်သွားရင် ပစ္စည်းလေးပါးဆိုတာ အာရမ္မဏာဓိပတိ မတပ်လည်းပဲ ဥပနိဿယအနေနဲ့ သူ့အလိုလို ဖြစ်လာတာပဲ။ အဲဒါလေးတွေ အရှင်ဘုရားတို့ သဘောပေါက်ပေါ့။ ဒါကြောင့်မို့ စိတ်ဓာတ်ကောင်းကောင်းမွန်မွန်နဲ့ ပညာတတ်လာတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ရဲ့လုပ်ငန်း၊ ကိုယ့်ရဲ့ပါရမီဖြည့်ရင်း ကျောင်းတိုက်အတွက်၊ သာသနာအတွက် အမြဲတမ်းတွေးပြီးတော့ လုပ်ငန်းလုပ်သွားတယ်။ လုပ်ငန်းလုပ်ရင်းနဲ့ပဲ ပစ္စည်းလေးပါးလည်း သူ့ဟာသူ လည်ပတ်မှုတော့ ရှိလာတယ်။ မချမ်းသာတောင် မဆင်းရဲဘူးပေါ့။ ဒါ ဥပနိဿယနဲ့ သူ့ဟာသူ ဖြစ်လာမှာပဲ။

အာရမ္မဏာဓိပတိ

အဲ ... စောစောကလို စိတ်ဓာတ်မပြင်ဘဲနဲ့ ပညာတွေ တအားနင်းကန်ပြီးတော့ ကြိုးစားလာတယ်။ သို့မဟုတ်၊ သူတစ်ပါးကနေပြီးတော့ အတင်းကြောင့်ကြစိုက်ပြီးတော့၊ တင်းကြပ်ပြီး

www.dhammadownload.com

တော့ ပညာတွေတတ်လာတယ်။ ဒီလိုဆိုလို့ရှိရင် တစ်ခါတလေ လမ်းလွဲသွားတတ်တယ်ပေါ့ဘုရား။ ဒါ အမြဲတော့ မဟုတ်ဘူးပေါ့။ စာဖတ်အားကောင်းလို့ အမြင်မှန်ရပြီး သူ့ဟာသူ ပြင်ချင်လည်း ပြင်နိုင်မယ်ပေါ့။ ဘယ်လိုလမ်းလွဲတတ်သလဲ။ သင်ယူတဲ့အခါမှာ လာဘသက္ကာရဆိုတဲ့ နာမည်ကြီးမှုတွေ၊ ပစ္စည်းလာဘ်လာဘတွေဟာ သူ့အတွက် အာရမ္မဏာဓိပတိပစ္စည်း ဖြစ်လာတယ်။ ဒါတွေကို အာရမ္မဏာဓိပတိပစ္စည်း တပ်လည်းပဲ လာဘ်လာဘကတော့ သူ့ဟာသူ ပေါတာက ပေါတာပဲ။ ဒါပေမဲ့လို့ ပါရမီစိတ် ဖြစ်မဖြစ်ဆိုရင် မဖြစ်ပါဘူး။ သူတို့နှစ်ပါး အဲဒါလေးတွေ ကွာခြားသွားတယ်။

စိတ်ဓာတ်

အဲဒီတော့ တပည့်တော်တို့ ပညာတတ်ဖို့လည်း စိတ်ဓာတ်ဟာ သိပ်အရေးကြီးတယ်။ ဒါ တပည့်တော် ကိုယ့်ဟာကိုယ် ဖွင့်ဆိုကြည့်တာပေါ့။ မန္တလေး မဟာမြိုင်ဆရာတော်တို့ ရေးထားတဲ့ စည်းကမ်းဆယ်ချက်တွေလည်းပဲ ရှိတယ်။ စာရေးဆရာချစ်စံဝင်း ရေးထားတာတွေလည်းရှိတယ်။ ဒါကတော့ အတန်းကျောင်းတွေမှာ ရေးထားတာလေးကြည့်ပြီး တပည့်တော် အထူးတွေးကြည့်တာပေါ့။ ဒါကြောင့်မို့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ ဒီသုံးပါးမှာ ဘယ်ဟာ အရေးကြီးဆုံးလဲဆိုရင် စိတ်ဓာတ်က အရေးအကြီးဆုံးပါပဲ။ စိတ်ဓာတ်ကောင်းမွန်လာပြီဆိုလို့ရှိရင် ပညာတတ်ဖို့လည်း လွယ်သွားပါတယ်။

ငါ ပညာတတ်မှ ဖြစ်မှာ၊ အများအကျိုးကို လုပ်ချင်ရင် ပညာကို ရှိမှဖြစ်မှာ၊ ပညာကလည်း သင်ယူသင်ထိုက်တဲ့ဟာ၊ သာသနာအတွက် ငါ တစ်တပ်တစ်အားကနေ လုပ်မယ်ဆိုတဲ့ ဒီစိတ်ဓာတ်သာရှိရင် အရှင်ဘုရားတို့ ပညာတတ်တစ်ပါး ဖြစ်သွားပါလိမ့်မယ်။ ခုလို ခိုကပ်ပြီးတော့ မနေတော့ဘူး။

စည်းကမ်း

နောက် ... စည်းကမ်း။ စည်းကမ်းဆိုတဲ့နေရာမှာ ချဲ့လိုက်လို့ရှိရင် စောစောက ရှုစ်ချက်ပြန်ထွက်လာမယ်။ ဝိနည်းစည်းကမ်း၊ ကျောင်းတိုက်စည်းကမ်းတဲ့။ စည်းကမ်းလိုက်နာတတ်ဖို့က နဝမဆိုတော့ ကျောင်းတိုက်စည်းကမ်းတွေလည်းပါတာပေါ့။ အသွားအလာ အနေအထိုင် အပြောအဆို ဒါတွေဟာ စည်းကမ်းတွေ။ တောင်းဆိုလို့ရှိရင်လည်း အကွပ်ရှိမှ၊ ဖျာဆိုလို့ရှိရင်လည်း တပည့်တော်တို့ အကွပ်တွေဘာတွေ ဘေးကပတ်ထားမှ ကြာရှည်ခံမယ်။ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်ခုဟာလည်းပဲ စည်းကမ်းရှိမှ တိုးတက်တယ်။

တပည့်တော်တို့ စည်းကမ်းဆိုတဲ့နေရာမှာ သာသနာတော်ကျတော့ ဝိနည်းဖြစ်သွားတယ်ပေါ့။ 'ဝိနယော နာမ သာသနဿ အာယု - ဝိနည်းတရားသည် သာသနာတော်ရဲ့အသက်ပဲ' တဲ့။ အဲဒီဝိနည်းတရားကို စောစောက စိတ်ဓာတ်၊ စည်းကမ်း၊ ပညာထဲမှာ ထည့်ရင် စည်းကမ်းဖြစ်လာတယ်။ ဒါကြောင့်မို့ သာသနာရှည်ချင်ရင်လည်း စည်းကမ်းကောင်းဖို့လိုတယ်။ အဲဒီတော့ ကျောင်းတိုက်စည်းကမ်းရော၊ ဝိနည်းစည်းကမ်းရော၊ အားလုံး စွမ်းအားရှိသမျှ လိုက်နာပေးပါ။ လိုက်နာပြီဆိုလို့ရှိရင် ကိုယ့်မှာ သူတော်ကောင်းစိတ်ဓာတ်တွေ ဖြစ်ပြီးတော့ နောက်ဆုံးမှာ သူတော်ကောင်းတွေ ပါရမီပြည့်သလို ကိုယ်လည်းပဲ စည်းကမ်းလိုက်နာရင်းနဲ့ စွမ်းအားရှိသမျှ ပါရမီပြည့်သွားမယ်။

www.dhammadownload.com

စည်းကမ်းမရှိလို့ကတော့ မဖြစ်ဘူး၊ လူမျိုးလည်း မတိုးတက်ဘူး၊ ကျောင်းတိုက်လည်း မတိုးတက်ဘူး၊ ငါ စည်းကမ်းရှိမှကို ဖြစ်မယ်ဆိုပြီးတော့ စိတ်ထဲမှာ ထက်သန်လာတဲ့၊ အဓိပတိတပ်လာတဲ့၊ တစ်နည်းအားဖြင့် စိတ်ဓာတ်မြင့်လာတဲ့ ရဟန်းသာမဏေအတွက် စည်းကမ်းလိုက်နာရတာ ဝန်ထုပ်ဝန်ပိုးဖြစ်ပါ့မလား။ မဖြစ်တော့ဘူး။ အရာရာမှာ တွေးလိုက်ရင် ဒါကတော့ မလုပ်သင့်ဘူး၊ ဒါကတော့ မပြောသင့်ဘူး စသဖြင့် အလိုလို ထိန်းပြီးသား ဖြစ်သွားပါတယ်။ ဒါကြောင့်မို့ စည်းကမ်းနဲ့ စိတ်ဓာတ်ယှဉ်လာလို့ရှိရင်လည်း ပထမဦးစားပေးပြီး ပြုပြင်ပေးရမှာက စိတ်ဓာတ်ကိုပဲ။ စိတ်ဓာတ်ကို ပြုပြင်ပေးတာနဲ့ စည်းကမ်းလည်း အလိုလို ထိန်းပြီးသားဖြစ်သွားမယ်။ စည်းကမ်းလိုက်နာချင်တဲ့ စိတ်ဆိုတာ ဒါကိုပြောတာ။

စိတ်မချသေးဘူး

ဒါကြောင့်မို့ ဒီမှာဆိုလို့ရှိရင် တပည့်တော် စွမ်းအားရှိသမျှ ပြောပေးတယ်။ စာဖြေသွားတာတွေနဲ့ စပ်လို့လည်း တပည့်တော်တို့ကျောင်းမှာ ပြဿနာက ဆုံးကို မဆုံးနိုင်သေးဘူး။ ဟိုတုန်းကတည်းက စခဲ့တဲ့ကိစ္စတွေ ...။ ဟိုတုန်းက သက္ကသီဟဖြေတဲ့ကိုရင်တွေ မြတောင်မှာ တည်းတုန်းကလည်း အပြင်ထွက်ပြီးတော့ ကွမ်းယာဝါးတယ် ဘာလုပ်တယ်နဲ့ ကြားရတယ်။ ဒါတွေကြောင့်မို့ မြတောင်မှာ လာတည်းဖို့ ဟိုက ဖိတ်မန်ပေမဲ့ ကိုယ့်လူတွေကိုယ် စိတ်မချတာနဲ့ တပည့်တော် ဒီနှစ် နဝကမ္မ အကုန်ခံပြီး ဒီကပဲ လိုက်ပို့တယ်။ တချို့က ဟိုမှာတည်းပြီး ဖြေဖို့ လျှောက်တယ်။ အားလုံး စိတ်ချရတယ်ဆိုလို့ ရှိရင်တော့ တပည့်တော်တို့ ဘာမှပြောစရာကို မလိုဘူး။ လျှောက်တိုင်း တပည့်တော်တို့ ခွင့်ပြုနိုင်တယ်ပေါ့။

ခုတော့ စာဖြေတယ်လို့ရှိရင် ပြဿနာတွေ တက်ခဲ့တယ်။ သင်ခန်းစာတွေလည်း ရခဲ့တယ်။ ဒါကြောင့်မို့ ခု ဘယ်လို ဘယ်လို သွားပါ၊ ဘယ်လို ဘယ်လို လာပါ၊ နည်းနည်းလေး လုပ်ပေးနေရတယ်ပေါ့။ အမှန်တကယ် ဖြစ်သင့်တာက ဘယ်လိုလဲ။ စာဖြေသွားတယ်၊ စာဖြေချိန် မမှာစိုးလို့ လိုက်ပို့တယ်၊ အပြန်ကျရင် ကိုယ်ပြီးတဲ့အချိန် ကိုယ်ဟာကိုယ် သက်နှံးလေးရုံပြီးတော့ ကျောင်းပုံမှန် ပြန်လာတယ်၊ အဲဒီလို သံဃာတော်တွေချည်းပဲဆိုရင် တပည့်တော်တို့ ကျောင်းတိုက်ဟာ သိပ်အဆင့်မြင့်တဲ့ကျောင်းဖြစ်သွားမှာ။ အဲဒီတော့ ကိုယ့်ဟာကိုယ် တစ်ပါးတည်း စာဖြေ၊ စာဖြေပြီးရင် ကျောင်းပြန်လာ၊ ဘာပြဿနာမှ မလုပ်ဘူးဆိုရင် ကျောင်းဟာ အဆင့်မြင့်တဲ့ကျောင်းလား၊ အဆင့်နိမ့်တဲ့ကျောင်းလား။ အဆင့်မြင့်တဲ့ကျောင်း ဖြစ်တယ်။

အတန်းသုံးတန်း

ဒါပေမဲ့ ခုနကလို ပြဿနာတွေ ဖြစ်လာတဲ့အခါမှာ၊ စိတ်ဓာတ်တွေ မယုံကြည်ရတဲ့အခါမှာ ဘာလုပ်ရလဲဆိုတော့ အကြီးတန်းဆိုလို့ရှိရင် နည်းတယ်၊ နည်းတဲ့အတွက် တစ်ဖွဲ့တည်းပြန်ပါ၊ အလတ်တန်းကတော့ များတယ်၊ များတော့ ခေါင်းဆောင်မတင်တော့ဘဲနဲ့ ကိုယ့်ဟာကိုယ် ခွဲပြီး ပြန်ကြပါ၊ အငယ်တန်းလည်းပဲ ဒီလိုပြန်ပါလို့ တပည့်တော်မှာတယ်။ ဒီလိုပြန်တဲ့အခါမှာ ဘာသွားတွေ့ရလဲ။ အကြီးတန်းတွေကို တပည့်တော် သွားပြီးတော့ စစ်ကြည့်တယ်။ စစ်တဲ့အခါ သူတို့ဟာသူတို့ အပြန်မှာ တစ်ပါးတစ်လှည့် မြင်းလှည်းခ ခံတယ်ပေါ့။

www.dhammadownload.com

အကြီးတန်း အားလုံးရှစ်ပါးရှိတယ်။ စာဖြေရတာက ခုနစ်ရက်။ အဲဒီတော့ ပိုတဲ့တစ်ရက်စာဘာလုပ်သလဲဆိုတော့ နောက်ဆုံး ပိုတဲ့ဟာကို ဒို့ပြင်ကျောင်းက တစ်ပါးကို ဖျော်ရည်ကပ်ပို့ခိုင်းပြီးတော့ ကျောင်းကျမှ ဘုဉ်းပေးတယ်တဲ့။ ဒီလိုသိရတယ်ပေါ့။ အဲဒီတော့ ဒီအဖွဲ့အနေနဲ့တော့ အားလုံး တတ်နိုင်သမျှ ထိန်းသိမ်းသွားတယ်ဆိုတာ ထင်ရှားသွားတယ်ပေါ့။

အငယ်တန်းသမားတွေကျတော့ အဲဒီလို မဟုတ်ဘူး။ သူတို့က ဈေးဆိုင်ရှေ့မှာ သွားပြီးတော့ စုရပ်လုပ်ပြီးတော့ လုပ်ချင်တာတွေလုပ်တယ်။ မိတ္တူဆိုင်တွေလည်း ဝင်တယ်။ ဝိနည်းသဘောအရတော့ လွတ်သလိုဖြစ်နေတယ်။ ဒါပေမဲ့လို့ ဒါဟာ သိပ်ပြီးတော့ စိတ်ဓာတ်မြင့်မားတဲ့အုပ်စု မဟုတ်ဘူးလို့ ကောက်ချက်ချလို့ ရသွားတယ်။ အလတ်တန်းသမားတွေကျတော့ ပိုပြီးတော့ ဆိုးသွားပြီ။ ဘာဆိုးသွားလဲဆိုတော့ စာဖြေတယ်။ အတူပြန်ခဲ့ပါဆိုတာကို အတူမပြန်ဘူး။ ခွဲပြီးတော့ တချို့က ခြေကျင်၊ တချို့က မြင်းလှည်းနဲ့ ဒါမျိုးတွေဖြစ်လာတယ်ပေါ့။ မေးလိုက်တဲ့ အခါမှာလည်းပဲ တန်းပြီးတော့ ဖြောင့်ဖြောင့်ဖြူးဖြူး ဖြေတဲ့ပုဂ္ဂိုလ်က တော်တော်လေး ရှားတယ်ပေါ့။

လက်တစ်လုံးခြား

မုသားစကားပြောတတ်တဲ့ ပုဂ္ဂိုလ်တွေက ဘာမှ မယုံရဘူး။ တပည့်တော်တို့ ပုဂ္ဂိုလ်တစ်ယောက် ယုံကြည်မှုတည်ဆောက်ချင်တယ်ဆိုရင် ဘယ်တော့မှ မလိမ်နဲ့။ လိမ်ရတဲ့အလုပ်ကို စွမ်းအားရှိသမျှ ရှောင်ကြဉ်ပါ။ ဖြစ်လာလို့ရှိရင် ကိုယ့်ဟာကိုယ် အမှန်အတိုင်း ဖြေနိုင်အောင် ကြိုးစားပါ။ ခု ကြည့်ပေါ့။ အကြီးတန်းအနေနဲ့ ထိုက်သလောက် သန့်ရှင်းသွားတယ်။ အငယ်တန်းတွေက နည်းနည်းလေး လက်တစ်လုံးခြားလေး ကပ်ကပ်ပြီးတော့ အလွဲသုံးစားလုပ်တဲ့ စိတ်ဓာတ်တွေ သွားပြီးတော့ တွေ့ရတယ်။ အချို့ပေါ့နော်။ အကုန်လုံးကြီးတော့ မဟုတ်ပါဘူး။ အလတ်တန်းကျတော့ အဲဒါတင် မကတော့ဘူး။ ပြောတဲ့စကားကိုပဲ နားမထောင်ဘဲ ခွဲပြီးတော့ ပြန်တဲ့အဆင့်အထိ ရောက်သွားတယ်။ ဒါတွေဟာ စည်းကမ်းဖောက်ဖျက်ရာ ရောက်တယ်။ ဒီလိုပဲ တွက်လို့ ရတယ်ပေါ့။ စည်းကမ်းဖောက်ဖျက်တယ်ဆိုရင် ဘာအားနည်းသလဲဆိုတော့ စိတ်ဓာတ်ရေးရာ အားနည်းတယ်။

ဒါကြောင့်မို့ မနက်ဖြန်မှာလည်း စပြီးတော့ စာကျက်တဲ့အခါမှာ ကိုယ့်စိတ်ဓာတ်နဲ့ ကိုယ် လုပ်ပါ။ တချို့က လက်တစ်လုံးခြား သိပ်ပြီးတော့ လုပ်တတ်တဲ့ ဝါသနာရှိတယ်။ မနေ့က ဦးဇင်းတစ်ပါး ရွာကနေ ပြန်လာတယ်။ ညကိုးနာရီထိုးပြီးမှ ရောက်လာတယ်။ အကြောင်းပြတော့ စကားပြောနေလို့ဆိုပဲ။ ဒီအချိန်ကြီးမှ ဒီကျောင်းပေါ်ဝင်လာတယ်ဆိုတာ အဓိပ္ပာယ်ကို မရှိဘူး။ မနေ့က ပြန်လာရမယ့်ရက်မို့ ဝိနည်းတော့ လွတ်သွားတယ်။ ဒါပေမဲ့ အချိန်ကြီးက ည ကိုးနာရီ။ ရထားတွေ၊ ကားတွေ စောစောစီးစီးမရောက်လို့၊ ဒါမှမဟုတ် ပြဿနာတစ်ခုခုဖြစ်လို့ဆို တပည့်တော် မပြောလိုပါဘူး။

ပြင်နိုင်ရင်ကောင်း

ဒို့ပြင် ဘုန်းကြီးတွေကတော့ ဒါကို အပြစ်မြင်ချင်မှ မြင်မယ်။ တပည့်တော်ကတော့ လက်တစ်လုံးခြား လုပ်တယ်လို့ပဲ ကောက်ချက်ချတယ်။ ဒါ ပြင်နိုင်ရင်လည်း ကောင်းတာပဲ။ မပြင်နိုင်ဘူးဆိုရင်လည်း သဘောပဲ။ စိတ်ဓာတ်

www.dhammadownload.com

ရေးရာ မတူဘူးဆိုရင် ကြာတော့ ကွာသွားမှာပေါ့။ ကိုယ့်ဟာကိုယ် ရိုးရိုးသားသား လုပ်ပါ။ ဒီနေ့ဒီရက် ပြန်ရမယ်ဆိုလို့ ဒီနေ့ဒီရက် ပြန်ရောက်လာတယ်။ ပြန်ရောက်တယ်ဆိုရင်လည်း သူ့အချိန်နဲ့သူ ရောက်တာ အကောင်းဆုံးပဲ။ ဒါကြီးတွေအထိ လိုက်ပြီးတော့ စည်းကမ်းပုဒ်မကြီးတွေတပ်ပြီး ဘယ်အချိန်အတွင်း ပြန်ရောက်ရမယ်၊ ဘယ်နှနာရီအတွင်း ပြန်ရောက်ရမယ် ဆိုတာမျိုးက ရှိကို မရှိသင့်ဘူး။

ညကိုးနာရီဆိုတဲ့အချိန်ဟာ သွားလာသင့်တဲ့ အချိန်လည်း မဟုတ်ပါဘူး။ ညကလည်း သူ့ကို တပည့်တော် သေချာပြောလိုက်တယ်။ တစ်ခါလည်းပဲ မဟုတ်တော့ဘူး။ နှစ်ခါ ရှိသွားပြီ။ ဒါမျိုးလေးတွေဆိုလို့ရှိရင် တပည့်တော်တို့ ယုံကြည်ရဖို့ သိပ်ပြီးတော့ ခက်သွားတယ်။ ကျောင်းထဲမှာ နေတဲ့အခါ ကုပ်နေရတာ၊ ငါအပြင်ထွက်တဲ့အခါ ထင်သလို နေမယ်၊ ဒါဆိုရင် စိတ်ဓာတ်တွေ သိပ်ပြီးတော့ ပျက်ပြားသွားတယ်ပေါ့။ အခက်အခဲရှိရင် ပြောပါ။ စာမလုပ်ဘူးဆိုရင်လည်း ဒီမှာ မနေပါနဲ့။ စိတ်ဓာတ်ရေးရာ မတိုက်ဆိုင်ရင်လည်းပဲ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ် ပြောင်းပါ။

အားအနာဆုံးဘုန်းကြီး

ခုနက ဦးဇင်းလေးကိုလည်း တပည့်တော် ကြည့်ပြီးတော့ ဒဏ်ပေးကို ပေးရပါမယ်။ ဒီနှစ်က စပြီးတော့ တပည့်တော် ဒါတွေကို တင်းတင်းကြပ်ကြပ် ကိုင်မယ်။ ဘုန်းကြီးတွေထဲမှာ တပည့်တော်က အားအနာဆုံးဘုန်းကြီး ဖြစ်နေတယ်လို့ ထင်တယ်။ အားလုံးလိုက်ပြီးတော့ စုံစမ်းတဲ့အခါမှာလည်း အဲဒီသဘောတွေ့ရတယ်။ တပည့်တော်တို့ ဂန္ဓာရုံတိုက်ခွဲတွေမှာ လိုက်စုံစမ်းရင် တပည့်တော်ဟာ အားအနာဆုံး ဖြစ်နေတယ်။ တော်ကြာ ဘယ်နေ့ထွက်ပါမယ် ပြောပြီး တပည့်တော် မထွက်ချင်တော့ဘူးလို့ လုပ်ပြန်တယ်။ ဒါမျိုးတွေကလည်း ကျောင်းမှာ ရှိနေတယ်။ စာရအောင်ပြန်ဆိုတဲ့အချိန်ကျတော့ စာဖြေပြီးထွက်ပါ့မယ်ဆိုပြီး စာမေးပွဲလည်း ဖြေပြီးရော မထွက်ချင်တော့ပါဘူးတဲ့။ ဒါမျိုးတွေလည်း ရှိတယ်။

ဒါမျိုးတွေ လုပ်သင့် မလုပ်သင့်ဆိုတာ အရှင်ဘုရားတို့ စဉ်းစားကြည့်ပါ။ တပည့်တော် သိလျက်သားနဲ့ သည်းခံတာပါ၊ မသိလို့ မဟုတ်ဘူး။ တတ်နိုင်သမျှ ငါသည်းခံကြည့်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်နေတာ။ ဒါကိုပဲ တိုးတိုး တိုးတိုးလာတဲ့အခါကျ ဘယ်သူပဲ နစ်နာမလဲဆိုရင် အရှင်ဘုရားတို့ပဲ နစ်နာမှာပဲ။ အဲဒါတွေ အားလုံး သဘောပေါက်ပါ။ တပည့်တော် ဒါ စေတနာနဲ့ ပြောနေတာပါ။

ဝိနည်းပြစ်မရှိပေမဲ့

ဒါကြောင့်မို့ တပည့်တော်တို့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာထဲမှာ စိတ်ကောင်းရှိဖို့က ပထမကနေပြီးတော့ နောက်ဆုံး စာတတ်ဖို့က ဒသမအထိ ကြည့်လိုက်ရင် စိတ်ဓာတ်က ဦးဆောင်နေတယ်။ စိတ်ဓာတ်က စည်းကမ်း လိုက်နာရမယ်၊ ဘယ်လိုမလုပ်သင့်ဘူး၊ ဒါဆိုရင် အလိုလို လိုက်နာပြီးသား ဖြစ်သွားတယ်။ စိတ်ဓာတ်ကကို လက်တစ်လုံးခြားလုပ်ချင်နေတယ်ဆို တပည့်တော်တို့ ဝိနည်းဥပဒေအရ လွတ်ပေမဲ့လို့ စိတ်ဓာတ်ရေးရာအရ သိပ်ပြီးတော့ ညံ့ကျန်နေခဲ့တယ်။ တပည့်တော် ပြောပြီးပြီပဲ။ ဆိုင်ကယ်တွေနောက်က စီးတဲ့ကိစ္စလည်းပဲ ဝိနည်းအပြစ် မရှိပါဘူး။ မရှိပေမဲ့လို့ မသင့်တော်တဲ့အတွက်

www.dhammadownload.com

ကိုယ့်ဟာကိုယ် ရှောင်ကြဉ်တယ်။ ဒါမျိုးပေါ့။

ကျောင်းတိုက်ဥပဒေအရ ဘယ်နေ့ ဘယ်ရက် လာရမယ်ဆိုတော့ လာတယ်။ လာတဲ့အချိန်က ညကိုးနာရီ၊ ဆယ်နာရီ။ ဒါ ကောင်းမှမကောင်းပဲ။ ဒါ ဥပမာပြောပြတာပါ။ အဲဒီလို စိတ်ဓာတ်မျိုးသာ ထားရင် အရှင်ဘုရားတို့မှာ လူကြီးလူကောင်းစိတ် နည်းသွားမယ်။ လူကြီးလူကောင်းစိတ် နည်းတယ်ဆိုရင် ဘာစိတ်တွေ ဖြစ်မလဲဆိုတာ ကိုယ့်ဟာကိုယ် ပြောင်းပြန်ပြန်ကြည့်ပေါ့။ အရှင်ဘုရားတို့ တိုးတက်ဖို့ တပည့်တော် ပြောနေတာပါ။ မနက်ဖြန်မှာလည်း တပည့်တော်တို့ စာ စပြီးတော့ ကျက်ကြမယ်။ စာဝါတွေလည်းပဲ မနက်ဖြန် မချနိုင်တောင်မှ နောက်ရက်ကျရင် ပြန်ပြီးတော့ စီစဉ်ပေးမယ်။ ချနိုင်တဲ့အတန်းတွေကတော့ ချထားနှင့်ပေါ့။ နောက်တစ်ချက် ပြောချင်တာက သိမ်ပေါ်မှာ သကျသီဟလုပ်မယ့် ဦးဇင်းတွေ စာလုပ်နေကြတယ်။ ကျန်တဲ့ ရဟန်းသံဃာတွေ သိမ်ပေါ်ကို လုံးဝ မသွားပါနဲ့။ သူတို့မှာ ဒီအချိန်ကလေးပဲ လွတ်လွတ်လပ်လပ် ကျက်ရတာ။

လူကြီးလူကောင်း

ကျောင်းဆောင်တွေမှာ အကြီးဆုံး ဖြစ်နေတဲ့ ဦးဇင်းတွေ၊ ကိုရင်တွေကလည်း ကိုယ့်ကျောင်းကိုယ် ဂရုစိုက်ပေးပါ။ ကျောင်းမှာ အကြီးဆုံးဖြစ်နေပါလျက် မပြောဘူး၊ မပြောတဲ့အပြင် တစ်နေ့ကဆို ရှင် ..... သူကိုယ်တိုင် ဝင်ပြီးတော့ ဆော့နေတယ်။ ဒါမျိုးတွေက မကောင်းဘူးပေါ့ဘုရား။ တာဝန်လည်းပဲ ယူသေးတယ်၊ မဟုတ်တာလည်းပဲ လုပ်သေးတယ်ဆိုတာ လုံးဝ မကောင်းဘူးပေါ့။ ကိုယ်က အငယ်တွေကို ဦးဆောင်နိုင်တဲ့စိတ် ထားရမယ်။ အငယ်ဆိုတဲ့ နေရာမှာ ကိုယ်နဲ့စပ်နေတာလေး၊ ကိုယ့်ရွာသားလေးတွေ အပေါ်မှာတင် မဟုတ်ဘဲနဲ့ အားလုံးအပေါ်မှာ မေတ္တာဖြန့်နိုင်ဖို့ ကြိုးစားပါ။ အားလုံးအပေါ် မေတ္တာဖြန့်နိုင်လို့ရှိရင် လူကြီးလူကောင်းဖြစ်ဖို့ နီးစပ်တယ်ပေါ့။

ဒါကြောင့်မို့ တပည့်တော် ဒီကျောင်းမှာ မှာထားတယ်။ သံဃာအတွက်လို့ မည္ဆတ်နိုင်လို့ရှိရင် စားစရာ သောက်စရာတွေ မယူခဲ့ပါနဲ့လို့။ ကိုယ့်ဟာကိုယ် အိမ်မှာပဲ ဝအောင်ဘုဉ်းပေးခဲ့။ သံဃာအတွက်ပါ လှူနိုင်ရင်တော့ ယူခဲ့ပါ။ သံဃာကုန်အတွက် လှူနိုင်တယ်၊ ဒါမှမဟုတ် စာချဝိုင်းတွေအတွက် လှူနိုင်တယ်၊ ဒါမှမဟုတ် ရဟန်းဝိုင်းအတွက်တော့ လောက်နိုင်တယ်၊ ဒါမျိုးလေးတွေ စိတ်ဓာတ်မြင့်လာပြီဆိုရင် အရှင်ဘုရားတို့ လူကြီးဖြစ်ဖို့ နီးစပ်သွားပြီ။ ဒီလို မဟုတ်ဘဲ ကိုယ့်အတွက်၊ ကိုယ့်အဖွဲ့လေးအတွက်ပဲဆိုရင် လုံးဝ မယူခဲ့ပါနဲ့။ တပည့်တော် ရှိတာနဲ့ပဲ တတ်နိုင်သမျှ လုပ်ပေးမယ်။ သူ့ဟာနဲ့သူတော့ ဖြစ်သွားမှာပဲ။

အဲဒီတော့ ဆိုလိုချင်တာက တပည့်တော် အားလုံးကို စိတ်ဓာတ်မြင့်မားစေချင်တယ်ပေါ့။ စိတ်ဓာတ်မြင့်မားမှ စည်းကမ်းလည်း လိုက်နာပြီးတော့ ပညာလည်းပဲ တိုးတက်မယ်။ ပရဟိတတွေလည်းပဲ ဆောင်ရွက်ချင်စိတ် ရှိမယ်။ ဒါကြောင့် အားလုံး ကိုယ်စီကိုယ်စီ စိတ်ဓာတ်မြင့်မြင့်မားမား တည်ဆောက်နိုင်တဲ့ ရဟန်းသာမဏေများ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

ဩဝါဒရေးသွင်းပေးပါ

၁၃၆၇ ခု၊ ဦးတန်ခူးလကွယ်နေ့
၂၀၀၅ ခု၊ မေလ ၇ ရက်၊ စနေနေ့ ည

လွတ်လပ်မှုကိုလိုချင်ရင်

တပည့်တော်တို့ မနက်ဖြန် ကဆုန်လဆန်း(၁)ရက် ရောက်ပြီ။ ရာသီဥတုကလည်း အရင်လောက် မပြင်းထန်တော့ဘူး။ မပြင်းထန်ပေမဲ့ နေ့ခင်းမှာ စာကျက်ချိန်ကို ၁း၃၀ ပဲ ထားပေးထားဦးမယ်။ နေရာကတော့ ပုံမှန် မနက်နဲ့ညည ကျက်တဲ့နေရာမှာပဲ ကျက်ကြတော့။ အောက်ထပ်တွေမှာ မကျက်ကြတော့နဲ့။ အကယ်၍ ရာသီဥတုပြန်ပူလာတယ်၊ အပေါ်ထပ်မှာ မနေနိုင်ဘူးပါဘူးဆိုရင် တပည့်တော့်ဆီ လာလျှောက်ပေါ့။ သူ့နေရာနဲ့သူ တပည့်တော် ကျက်ခွင့်ပေးမယ်။ တကယ်စာကျက်တဲ့ပုဂ္ဂိုလ်တွေကျတော့ အိပ်ရာနေရာမဟုတ်ရင်ပြီးရော၊ အောက်ထပ်လည်း တပည့်တော် ကျက်ခွင့်ပေးနိုင်ပါတယ်။ လွတ်လပ်မှုကို လိုချင်ရင် ကိုယ့်စိတ်ဓာတ်ကိုယ် ဖြောင့်ဖြောင့်ထားပါ။ ရိုးသားမှုရှိတယ်ဆိုရင် တပည့်တော်တို့က ဘာမှ ပြောစရာမလိုပါဘူး။

သောတူနံ သောဝစဿ

တပည့်တွေနဲ့စပ်ပြီးတော့ တပည့်တော် ပြန်ပြောချင်သေးတယ်ပေါ့။ အားလုံးပဲ 'အာရာမသမ္မဒါ' ဂါထာလေးကို ပြန်ဆိုလိုက်ကြပါဦး။

www.dhammadownload.com

"ဌာန သုဌာနတာ လောကေ၊
အာစေရာနံ သွာစေရတာ။
သောတူနံ သောဝစဿဋ္ဌ၊
ဧသာ အာရာမသမ္ဗဒါ"

ကျောင်းတိုက်တစ်တိုက် ပြည့်စုံရမယ့် အင်္ဂါထဲမှာ တတိယအင်္ဂါက ဘာလဲဆိုတော့ 'သောတူနံ သောဝစဿဋ္ဌ' တဲ့။ စာသင်သားတွေ တရားမျှတတဲ့အမိန့်ကို နာခံတတ်မှဟာလည်း ဌာနကောင်းတစ်ခုရဲ့ ကောင်းမြတ်တဲ့ အင်္ဂါတစ်ခုပဲ။ ဒီအင်္ဂါမရှိရင် ကောင်းမွန်တဲ့ဌာနလို့ ပြောလို့မရပါဘူး။ ကောင်းမွန်တဲ့ဌာနတစ်ခုလို့ ပြောချင်ပါတယ်ဆိုရင်လည်း တပည့်တွေဘက်က တရားမျှတတဲ့အမိန့်ကို နာခံရမယ်။ ဒါကြောင့် တပည့်တော်တို့ ဒီကျောင်းတိုက်ရဲ့ ဝင်ခွင့်စည်းကမ်းတွေထဲမှာလည်း နာယက၊ အနုနာယကများရဲ့ တရားမျှတတဲ့အမိန့်ကို နာခံရမယ်ဆိုတဲ့ အချက် ပါပါတယ်။

တရားမျှတတယ်ဆိုတဲ့ ဝိသေသနလေး ပါတာကို သတိပြုပါ။ ဒါ ဘာဖြစ်လို့ ထည့်ထားတာလဲဆိုတော့ အငယ်တွေအပေါ်မှာ တစ်ခါတစ်ရံ အကြီးတွေက မတရားလုပ်တယ်ဆိုရင် အငယ်တွေအနေနဲ့ အကြောင်းအကျိုးနဲ့ ပြန်ပြီး လျှောက်ပိုင်ခွင့်ရှိအောင်လို့ပါ။ ဘာကြောင့်၊ ဘာကြောင့်ဆိုပြီး ပြန်လည်ဆွေးနွေးခွင့်ရှိတယ်ပေါ့။ အမိန့်မှန်သမျှ နာခံရမယ်ဆိုရင် အကြီးတွေ မတရားလုပ်သမျှ အငယ်တွေက ဒီအတိုင်း ခေါင်းငုံ့ခံနေရတယ် မဖြစ်ရအောင်လို့။ တပည့်တော်တို့ တောရွာဘုန်းကြီးကျောင်းတွေမှာဆိုရင် တပည့်တော်ကိုယ်တိုင် တပည့်တော်ထက်ကြီးတဲ့ ကိုရင်ကြီးတွေရဲ့ အနိုင်ကျင့်တာတာကို ခံခဲ့ရပါတယ်။ ဒါကြောင့် ကျောင်းတိုက်ဝင်ခွင့် စည်းကမ်းချက်ထဲမှာ ပြည့်စုံသွားအောင် ဒါမျိုးလေး ဝိသေသနထည့်ပေးလိုက်တယ်။

အားလုံးအလုပ်လုပ်နေရမှာ

တပည့်တွေဘက်ကလည်း ဆရာတွေ ဆုံးမလို့ရှိရင် လိုက်နာပါ။ ဒါမှ ဌာနကောင်းကြီးတစ်ခု ဖြစ်သွားမယ်။ ဆရာသမားတွေက အသေအချာ ပြောထားရဲ့သားနဲ့ တပည့်တွေက စည်းကမ်းကို ချိုးဖောက်နေတယ်။ ဒါကို သိထား တွေ့ထားရဲ့သားနဲ့ အကြီးတွေက မပြောဘူးဆိုရင် မကောင်းဘူး။ အင်မတန်နှုးညံ့ပါတယ်ဆိုတဲ့ ဆရာတော်ကြီးတစ်ပါးဟာ တာဝန်နဲ့ဝတ္တရားနဲ့ စပ်လာပြီဆိုရင် စာချဘုန်းကြီးတွေကိုတောင် နှင်ထုတ်တယ်ဆိုတာ ရန်ကုန်စာဖြေသွားတဲ့ ဘုန်းကြီးလေးတွေဆီကတစ်ဆင့် ကြားရပါတယ်။

တပည့်တော်ကတော့ အားနာတာနဲ့ ပြန်ကောင်းနိုး ပြန်ကောင်းနိုးနဲ့ တတ်နိုင်သမျှ ကြိုးစားပြီး သည်းခံပါသေးတယ်။ ဒါပေမဲ့ သိသိသာသာကြီးတွေ လုပ်လာပြီဆိုရင်တော့၊ ဒီနှစ်စာမကြိုးစားဘူးဆိုရင်တော့ နောက်နှစ်နေရဖို့ မသေချာဘူးဆိုတာ သိထားပါ။ စာသင်တိုက်ဆိုတာ အားလုံး အလုပ်လုပ်နေရမှာပဲ။ တတ်နိုင်သမျှ 'ပရိယတ်မကင်းတဲ့ ပဋိပတ်၊ ပဋိပတ်မကင်းတဲ့ ပရိယတ်'ဆိုတဲ့ ရွှေတောင်ကုန်းဆရာတော်ကြီးရဲ့ မူအတိုင်း ကျင့်သုံးသွားရမယ်။

ကျောင်းတိုက်မပျက်စီးစေဖို့

တပည့်တွေဘက်က ချွတ်ယွင်းချက်တွေ ရှိသလို၊ ဆရာတွေဘက်ကလည်း တစ်ခါတစ်ရံ ချွတ်ယွင်းချက်ကလေးတွေ ရှိတယ်။ ဆရာတွေဘက်က ဘာချွတ်ယွင်းချက်ကလေးတွေ ရှိသလဲဆိုတော့ တပည့်တွေမှာ အပြစ်ကလေးတွေ ပေါ်

www.dhammadownload.com

လာပေမဲ့ 'အို..မပြောတော့ပါဘူး၊ တော်ကြာ အလကားနေရင်း အမုန်းခံရလိမ့်မယ်' ဒါမျိုး စိတ်ဓာတ်တွေများလာလို့ မဆုံးမတော့ဘူးဆိုရင် ဩဝါဒတွေ ကင်းသွားမယ်။ တပည့်တော်တို့ တည်တော်ဆရာတော် ပြောသလိုဆိုရင် ဩဝါဒ၊ အနုသာသနဟာ ရေနဲ့ တူပါတယ်။ လယ်ကွက်ထဲမှာ စပါးတွေတော့ စိုက်ထားပါရဲ့။ ရေမသွင်းဘူးဆိုရင် ပေါင်းတွေထူပြီးတော့ လယ်ကွက်ပျက်စီးသွားမှာပဲ။

ဒီလိုပဲ တပည့်တော်တို့ စာသင်တိုက်ထောင်ပြီး ဩဝါဒ အနုသာသန မရှိဘူး၊ ဆုံးမမှုမရှိဘူး၊ သွန်သင်မှုမရှိဘူးဆိုရင် အကုသိုလ်အပြစ်တွေ လွန်ကျူးမှုတွေ များလာပြီးတော့ ပျက်စီးသွားတတ်တယ်။ လယ်ကွက်ဟာ ပေါင်းမြက်ထလာပြီးတော့ ပျက်စီးသွားသလို၊ အကျိုးမရှိတော့သလို တပည့်တော်တို့ စာသင်တိုက်ကြီးတွေ ထောင်ပြီး ကာမ ဆုံးမမှုကင်းနေတယ်၊ သို့မဟုတ် ကိုယ့်ကို မုန်းမှာကြောက်လို့ ရန်လိုမှာကြောက်လို့ မဆုံးမချင်တဲ့စိတ်တွေ ဝင်နေတယ်၊ ဒါဆိုရင် ဒါဟာ ကျောင်းတိုက်ပျက်စီးမယ့် အကြောင်းပဲ။

ဆုံးမကြပါ

တပည့်တော် တောင်မြို့ဂန္ဓာရုံကျောင်းမှာ နေစဉ်အခါတုန်းက ဆရာတွေက ဩဝါဒပေးတယ်။ ဆုံးမကြပါတဲ့။ ကိုယ်က ဒီလိုဆုံးမလို့ရှိရင် ကိုယ်လည်း သံသရာကျင်လည်တဲ့အခါမှာ ဆုံးမမယ့် မိကောင်းဖကောင်း၊ ဆရာကောင်းတွေနဲ့ တွေ့ဆုံရတတ်ပါတယ်တဲ့။ အဲဒီစကားလေးကို တပည့်တော် အမြဲကြားနေတယ်။ ကြားနေရတဲ့အတွက် တပည့်တော်လည်း သာမဏေကျော်အောင်ပြီး ကိုရင်ကြီးဘဝကတည်းက တတ်နိုင်သမျှ ကိုယ့်ထက်အငယ်တွေကို ထိန်းကျောင်းအုပ်ချုပ်ပြီး ဆုံးမခဲ့တယ်။ ခုလည်းပဲ အဲဒီနည်းနဲ့ပဲ အုပ်ချုပ်နေတယ်။

ဆရာတွေရဲ့ ကျင့်ဝတ်ကို ရှာကြည့်လိုက်တော့ ဓမ္မပဒမှာ ဆရာ့ဝတ္တရားဆိုပြီး ပါလာတာတွေ့တယ်။

ဩဝဒေယျာနုသာသေယျ၊
အသဇ္ဇာ စ နိဝါဒယေ။
သတံ ဟိ ယော ပိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော။

'ဩဝဒေယျ၊ အနုသာသေယျ' အဲဒီနှစ်ပုဒ်ကို တူတယ်လို့ပြောချင်ရင်လည်း ရတယ်။ တကယ်လို့ ခွဲခြားချင်ရင်လည်း ရတယ်ပေါ့။ ဩဝဒေယျ = အပြစ်ပေါ်က ဆုံးမရာ၏၊ အနုသာသေယျ = အပြစ်မပေါ်ခင် သွန်သင်ရာ၏တဲ့။

ဩဝါဒပေးတယ်ဆိုတာက အပြစ်ပေါ်လာမှ ဒီအပြစ်ကြောင့် အပြစ်ငယ်ရင် ဘယ်လိုအပြစ်ဒဏ်ခံရမယ်၊ အပြစ်ကြီးရင် ဘယ်လိုအပြစ်ဒဏ်တွေ ခံရမယ်။ ဒါမျိုးဆုံးမတာကို ဩဝါဒလို့ ခေါ်တယ်။

အပြစ်မပေါ်ခင်ကတည်းက ကြိုတင်ပြီးတော့ အပြစ်မဖြစ်အောင် ဒီလိုစိတ်ထားကြပါ။ စိတ်ထားကောင်းမှ စာပေလည်း တော်မယ်၊ စည်းကမ်းလိုက်နာချင်စိတ်လည်း ရှိမယ်။ ဆရာသမားကိုကြောက်လို့ စာကျက်တာ မဖြစ်စေနဲ့။ ဆရာသမားကိုကြောက်လို့ စာကျက်တာဆိုရင် ဘေးထွက်ဆိုးကျိုးတွေ အများကြီးဖြစ်လာတတ်တယ်။ ဆရာသမားမရှိရင် ပြဿနာမျိုးစုံတက်လာမယ်။ ဆရာသမားရှေ့မှာ ဟန်ဆောင်ပြီး အလိမ္မာကျင့်သုံးနေတတ်တဲ့သူတွေဟာ ဆရာ

www.dhammadownload.com

သမားကွယ်ရာမှာ ထင်ရာလုပ်တတ်ပါတယ်။ ဒါမျိုးလေးတွေ ကြိုတင်ဩဝါဒပေးတာကို အနုသာသနလို့ ခေါ်ပါတယ်။

ဒါကြောင့် တပည့်တော်တို့ကျောင်းမှာ တပည့်တော်နဲ့တကွ နာယကဘုန်းကြီးတွေရော၊ အနုနာယကတွေရော အမြဲပဲ ဆုံးမပေးနေပါတယ်။ စာချဘုန်းကြီးတွေကလည်း စာချရင်း ပြောပေးတယ်။ အပြစ်မပေါ်ပေမဲ့ ဖြစ်နိုင်ခြေရှိတာလေးတွေကိုလည်း ကြိုတင်ဆုံးမပေးတယ်။ ခုလို အပြစ်ပေါ်ပြီးတော့လည်း ထပ်ပြောတယ်ဆိုတော့ ဒါဟာ ' ဩဝဒေယျာနုသာသေယျ ' ဆိုတဲ့ ဘုရားအလိုတော်အတိုင်းပါပဲ။ ဒါမျိုးတွေဟာ ဆရာသမားတွေ လုပ်သင့်တဲ့အလုပ်ပဲ။ ဒါကို လုပ်သင့်တဲ့အလုပ်လို့ စိတ်ထဲမှာ စွဲသွားပြီဆိုရင် ' ဘာဖြစ်လို့ မပြောတော့ဘူး၊ ညာဖြစ်လို့ မပြောတော့ဘူး ' ဆိုတာမျိုး စိတ်ထဲမှာ မဖြစ်တော့ဘူး။ ဒီစိတ်မပေါက်သေးဘူး၊ လုပ်သင့်တဲ့အလုပ် လုပ်ကိုလုပ်ရမယ်လို့ မစွဲသေးဘူး ဆိုရင်တော့ ကိုယ့်ဘာသာ အေးအေးနေပါတော့မယ်ဆိုတဲ့ ကြောင့် ကြမဲ့စိတ်တွေ ကိုယ့်သန္တာန်မှာ လွှမ်းမိုးလာနိုင်ပါတယ်။

မြတ်စွာဘုရားက သာဓုခေါ်

မြတ်စွာဘုရားက ဘာကိုနှစ်သက်တယ်ဆိုတာ ပြောပြဦးမယ်။ အခါတစ်ပါး အရှင်သာရိပုတ္တရာက မြတ်စွာဘုရား မေးတော်မူလို့ ဖြေတဲ့အခါမှာ ရဟန်းတော်တွေကို မဆုံးမတော့ဘဲ ကြောင့်ကြမဲ့ အေးအေးနေပါမယ်လို့ ပြန်လျှောက်ထားတော့ မြတ်စွာဘုရားက သာဓုခေါ်တော်မူပါဘူး။ အရှင်မောဂ္ဂလ္လာန်က မြတ်စွာဘုရား အေးအေးနေတော်မူပါ။ တပည့်တော်တို့က သံဃာတော်တွေကို မြတ်စွာဘုရားကိုယ်စား ဆုံးမပြီးနေပါ့မယ်ဘုရားလို့ လျှောက်ထားတဲ့ အခါမှာတော့ အဲဒီစကားကို မြတ်စွာဘုရားက သာဓုခေါ်တော်မူပါသတဲ့။

မြတ်စွာဘုရား သာဓုခေါ်တယ်ဆိုတာ လိုက်နာကျင့်သုံးစေချင်လို့ပဲ။ အဲဒီလိုလုပ်စေချင်လို့ပဲ။ တာဝန်ယူစိတ်ရှိစေချင်လို့ပဲ။ အဖြေကရှင်းနေပါတယ်။ ဒါကြောင့် တပည့်တော်တို့ ဆရာသမားဖြစ်သူတွေဟာ ဒီအချက်ကလေးကို အခြေပြုပြီး ဆုံးမတဲ့အလုပ် လုပ်ကိုလုပ်ရမယ်။

နှလုံးသားဝယ် သန္ဓေတည်အောင်

ခုနက ပါဠိကလေးကို တစ်နည်းအားဖြင့် အနက်ပေးရရင်တော့ ' ဩဝဒေယျ = မျက်မှောက်ဆုံးမရာ၏။ အနုသာသေယျ = မျက်ကွယ် ဆုံးမရာ၏ ' တဲ့။

မျက်မှောက်မှာလည်း တွေ့လို့ရှိရင် ပြောရတယ်။ တပည့်တော်လည်းပဲ ဥပမာအားဖြင့် အမှိုက်ကလေးတွေတွေ့ရင် ကောက်ပြီးတော့ တောင်းထဲထည့်ပါလို့ ဆုံးမရတယ်။ အထူးသဖြင့် မြို့တော်ကျောင်းဆောင်မှာ စက္ကူစုတ်တွေ အများကြီးတွေ့နေရတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမှာ စာကျက်တာများတဲ့အတွက် မေးခွန်းစာရွက်တွေကို မရိုမသေထားလို့ အောက်ပြုတ်ကျတာမျိုးတွေ ဟောဒီမြို့တော်ကျောင်းမှာ အများဆုံးတွေ့ရတယ်။ အရင်တုန်းကတော့ တမျှုလဆောင်ရဲ့နောက်ဘက် ရေအိုးစင်ဘေးမှာ ကပ်ကပ်ချထားတာတွေ တွေ့ရတယ်။

တပည့်တော်က ဒါမျိုးတွေ တွေ့ရင် ကိုယ့်ဘာသာ ကောက်ပစ်လည်းရပါတယ်။ ဒါပေမဲ့ ခေါ်ပြီးတော့ခိုင်းတယ်ဆိုတာ ဒီလိုတွေ့လို့ရှိရင် ဒီလိုအမှိုက်တောင်းထဲကို ကောက်ပစ်ရတယ်လို့ စိတ်ထဲမှာ သန္ဓေပါအောင်လို့၊ အထုံပါအောင်လို့

www.dhammadownload.com

တပည့်တော်က ခေါ်ခေါ်ပြီးတော့ ခိုင်းတာပါ။

တစ်ချက်ခုတ် နှစ်ချက်ပြတ်

နောက်ပြီးတော့ ပုစ္ဆာတွေနဲ့ပတ်သက်ပြီး ပြောဦးမယ်။ ဟိုတုန်းကလည်း တခြားကျောင်းက ဆရာတော်တွေက တပည့်တော်တို့ကျောင်းမှာ လေ့ကျင့် ခန်းစာမေးပွဲ လေးတွေလုပ်တာကို သဘောကျလို့ မေးခွန်းပုစ္ဆာတွေတောင်းတယ်။ သူတို့တောင်းတဲ့အခါမှာ တပည့်တော်က ကိုရင်လေးတွေကို ခေါ်ပြီး ပုစ္ဆာစာရွက်ကလေးတွေကို တောင်းတယ်ပေါ့။ အဲဒီတော့ တချို့ကိုရင်တွေက သူတို့ဆီမှာ ပုစ္ဆာစာရွက်တွေ မရှိတော့ဘူးတဲ့။ ဘယ်ရောက်ကုန်ပြီလဲဆိုတော့ မသိဘူးလို့ ဖြေတယ်။ အဲဒီလို ပစ်စလက်ခတ်မလုပ်ဖို့ ပြောရပါတယ်။ တပည့်တော် ငယ်ငယ်က လုပ်ခဲ့တာလေးတွေကို ပြောပြပါတယ်။

တကယ်တော့ ဒီမေးခွန်းလေးတွေကို ဖိုင်လေးတစ်ခုနဲ့ သိမ်းထားပြီး ကိုယ်အောင်မြင်သွားတဲ့အခါမှာ ကိုယ့်အောက်ဆင့်က ကိုယ်တော်လေးတွေကို လှုံ့ဆော်ရတယ်။ တကယ်လို့ ခုလို တခြားကျောင်းက လာတောင်းရင်လည်း အဆင်သင့်ပေးလိုက်နိုင်တယ်။ ဒါဆိုရင် အကျိုးမရှိဘူးလား။ ရှိတယ်နော်။ အခုတော့ ဘာဖြစ်သလဲ။ တချို့ကိုရင်တွေက မေးခွန်းစာရွက်တွေပေါ်မှာ အရုပ်ဆွဲထားတယ်။ တချို့က ပစ်ထားတယ်။ တပည့်တော်က 'ကိုရင်၊ စာမေးပွဲပြီးတာ ဘယ်နှစ်ပတ်ရှိပြီလဲ၊ ပုစ္ဆာစာရွက်ကလေးတွေ ပေးပါ'လို့ တောင်းလိုက်ရင် 'တပည့်တော်မှာ မရှိတော့ပါဘုရား'ဆိုတဲ့အသံတွေပဲ ကြားနေရတယ်။

ကိုယ်အသုံးတည့်တဲ့အချိန်မှာ သုံးပြီးတော့ တစ်ချိန်မှာ အသုံးလိုတဲ့ပုဂ္ဂိုလ်တွေကို လှုံ့မယ်ဆိုတဲ့စိတ်ရှိရင် ပုစ္ဆာစာရွက်တွေကို ဟိုပစ်ဒီပစ် မလုပ်တော့ဘူး။ ဒါဆို အမှိုက်ရှုပ်လည်း သက်သာသွားတာပေါ့။ ပြီးတော့ တခြားကျောင်းက ဒီကျောင်းပုစ္ဆာတွေကို လိုချင်တဲ့ပုဂ္ဂိုလ်တွေကို လှုံ့လိုက်တော့လည်း ကုသိုလ်ရတာပေါ့။ အမှိုက်ရှုပ်လည်း သက်သာတယ်။ ကုသိုလ်လည်းရတယ်။ ဒါမျိုးကို တစ်ချက်ခုတ် နှစ်ချက်ပြတ်လို့ ခေါ်တယ်။ ဒီလိုစိတ်ဓာတ်ကလေးတွေ အားလုံးမွေးနိုင်ရင် သိပ်ကောင်းပါတယ်။ ဒါက တပည့်တော်ကိုယ်တိုင် လုပ်ခဲ့တဲ့အကျင့်လေးပါ။

လက်ဆင့်ကမ်းအမွေ

စာမေးပွဲဖြေလာတဲ့ မှတ်တမ်းမှတ်ရာလေးတွေကို ဆရာဘုန်းကြီးဖြစ်တဲ့ မြဝတီဆရာတော် ဆီကတစ်ဆင့် တပည့်တော်ယူတယ်။ ယူပြီး နောက်တက်ဖြစ်တဲ့ ဦးဉာဏသေဋ္ဌတို့ ဦးဝံသပါလတို့ကို တစ်ဆင့်ပေးတယ်။ အခုလည်း အဲဒီလက်ကျန်လေးတွေကို စာချုတန်း၊ စာသင်တန်းတွေကို လက်ဆင့်ကမ်းပြီး ပေးတယ်။ အကျိုးသိပ်ပြီးများပါတယ်။ ကိုယ်အောင်ပြီး ပြီးတာပဲကွာဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့၊ အဲဒီလိုစိတ်မရှိသော်လည်း ကြောင့်ကြမဲ့ပြီးနေတယ်ဆိုရင်တော့ သတိတရား ကင်းဝေးပြီး အကုသိုလ်ဖြစ်ဖို့ များတယ်။ အကျိုးကတော့ မရှိတာသေချာတယ်ပေါ့။

ဒါကြောင့် 'သြဝဒေယျ' မျက်မှောက်မှာ 'ဒါလေးက ဒီလိုရှိတယ်။ ဒီလိုလုပ်လိုက်ပါ' စသည်ဖြင့် ဆုံးမလိုက်ပါတဲ့။ 'အနုသာသေယျ' ကွယ်ရာမှာ ရောက်နေရင်လည်း ခုခေတ်မှာဆိုဖုန်းဆက်ပြောတာတို့၊ စာရေးပြောတာတို့အထိ ဒါတွေကို အနုသာသေယျလို့ ခေါ်တယ်ပေါ့။

နောက်တစ်နည်း

နောက်တစ်နည်းပြောရရင် 'သြဝဒေယျ =

www.dhammadownload.com

တစ်ကြိမ်တစ်ခါ ဆုံးမရာ၏၊ အနုသာသေယျ =ထပ်ကာထပ်ကာ ဆုံးမရာ၏' တဲ့။

ဒီနေရာမှာလည်း ကြည့်နော်။ တစ်ခါလေး ဆုံးမပြီး မရရင် 'ဟာ .. ပြောလို့လည်း မရဘူး၊ မဆုံးမတော့ဘူး' ဒါမျိုးစိတ်ထားက မြတ်စွာဘုရားအောက်ခေါ်နဲ့ မကိုက်ညီဘူး။ ဒါကြောင့် စာချဘုန်းကြီးတွေဘက်က၊ ဆရာသမားတွေဘက်ကလည်း ဆုံးမပါ။ ဆုံးမတဲ့အတိုင်း မိမိကိုယ်တိုင်ကလည်း လိုက်နာကျင့်သုံး နေထိုင်ရမယ်။ သူတစ်ပါးကိုတော့ ကျောင်းတိုက်အတွက် အကျိုးရှိဖို့တွေ ဆုံးမနေပြီး ကိုယ်ကတော့ ကျောင်းတိုက်အကျိုးရှိဖို့ကို မလုပ်ဘဲနဲ့ ကိုယ်ကျိုးတွေချည်း လုပ်နေရင် ဒါ မကိုက်သေးဘူးပေါ့။

လူကြီးပီသတယ်

အခု တပည့်တော်တို့ ဒီမှာ လုပ်နေတာတွေဟာ အားလုံးကို ရှေးရှုတယ်။ အခု တပည့်တော်နဲ့ ဆက်ဆံသမျှ ဒကာ၊ ဒကာမတွေကိုလည်း တပည့်တော်ရဲ့ ကိုယ်ကျိုးအတွက် ဆက်ဆံတာ မရှိဘူး။ တပည့်တော်ရဲ့ ရဟန်းဒကာတွေ လှူတာတောင်မှ တပည့်တော်အတွက် မယူပါဘူး။ ကျောင်းအတွက်၊ အရှင်ဘုရားတို့အတွက် တစ်လ ဆီနှစ်ပုံးလှူပါလို့ပဲ ပြောခဲ့ပါတယ်။ ဒီလို တစ်လ ဆီနှစ်ပုံးလှူနေတာဆိုရင် နှစ်ပေါင်းတော်တော် ကြာသွားပြီ။ တွက်ကြည့်ရင် အများကြီးပေါ့။ ဝါထပ်တယ်ဆိုရင် တစ်လတိုးသွားသေးတယ်။

ဆိုလိုတာက ဘာလဲဆိုတော့ လူကြီးဖြစ်လာပြီဆိုရင် ကိုယ့်အတွက် ရလိုမှုထက် သံဃာအများချမ်းသာစေတာဟာ ဒါ လူကြီးပီသတာပဲ။ ကိုယ့်အတွက် ချမ်းသာစေဖို့ထက် သံဃာအများ ချမ်းသာစေဖို့ကို ရှေးရှုရမယ်။ ဒီလိုလုပ်တဲ့ပုဂ္ဂိုလ်ဟာ လူကြီးပီသလာပြီလို့ ပြောလို့ရပါတယ်။

ထပ်ကာထပ်ကာ ဆုံးမပါ

အခု တပည့်တော် ပြောမယ့်စကားကို အသေအချာ နားထောင်ပါ။ ဒါ အရင်ကလည်း မကြာခဏ ပြောလေ့ရှိတယ်။ တပည့်တော် အလှူခံတာလည်း မဟုတ်ပါဘူး။ စိတ်ထားကျယ်ပြန့်ပြီး ကျောင်းတိုက်ရဲ့စည်းလုံးညီညွတ်မှုကို ဦးတည်ပြောနေတာပါ။ ကိုယ့်ဇာတိရပ်ရွာကို ပြန်ပြီး ကျောင်းပြန်လာတဲ့အခါမှာ ဘာပဲယူလာယူလာ သံဃာအတွက်ရည်စူးပြီး ယူနိုင်မှ ယူခဲ့ပါ။ သံဃာအတွက်ဆိုပြီး မယူနိုင်ရင် ဘာမှ မယူခဲ့ပါနဲ့။ သံဃာအတွက်ဆိုပြီး ယူလာရင် စိတ်ဓာတ်လည်း သိပ်ပြီးကျယ်ဝန်းသွားတယ်။ အပွမညာဆိုတဲ့ အတိုင်းအဆမရှိတဲ့ ဗြဟ္မစိုရ်တရား ဖြစ်သွားတယ်။

နဂိုက ကိုယ်စားဖို့၊ ကိုယ့်အဝန်းအဝိုင်းလေးစားဖို့ ဆိုတဲ့စိတ်အစား သံဃာတွေ ချမ်းသာစေဖို့ဆိုတော့ စိတ်ဓာတ်က သိပ်ပြီးကျယ်ဝန်းသွားတယ်။ ဘယ်လောက်အထိ ကျယ်ဝန်းသွားလဲဆိုရင် အတိုင်းအဆမရှိ ကျယ်ဝန်းသွားတယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာအစစ် ဖြစ်တော့တာပဲ။ သူ့စိတ်ဟာ အတိုင်းအတာမရှိတော့ဘူး။ ကျယ်ပြန့်သွားတယ်။ ဒီလိုမှမဟုတ်ဘဲ ကိုယ့်အတွက်၊ ကိုယ့်ရွာသားတွေအတွက်၊ ကိုယ့်အုပ်စုအတွက် ကွက်ကွက်ကလေး ဒါမျိုးလောက်တင် ရှိသေးတယ်ဆိုရင် ဒီစိတ်ဟာ သိပ်နယ်ကျဉ်းသေးတယ်။

သံဃာအများကြီးမို့ ကိုယ်မတတ်နိုင်ဘဲနဲ့ အများကြီးယူလာရမယ် ပြောတာမဟုတ်ပါဘူး။ ယူနိုင်တာလေးကို ဆွမ်းကျောင်းအပ်လိုက်ရင် သံဃာများအတွက် ဖြစ်ပါတယ်။ ဒါမျိုးလေး

www.dhammadownload.com

တွေ တပည့်တော် ဆုံးမခဲ့တယ်ပေါ့။ အဲဒီတော့ ဆုံးမရာမှာ တစ်ကြိမ်ဆုံးမလို့ မရဘူးဆိုရင် ထပ်ကာထပ်ကာ ဆုံးမပါတဲ့။ ဒါ ဆရာသမားတွေဘက်က ပြုကျင့်ရမယ့် မြတ်စွာဘုရား၏ အာဘော်တစ်ခုပဲ။

တချို့အတန်းတွေ

တပည့်တော် ကြုံတုန်း စာချဘုန်းကြီးတွေကို ထပ်ပြောဦးမယ်။ စာချတဲ့အခါမှာ ကိုယ့်အတန်းကိုယ် သြဝါဒစကားပြောပေးပါ။ စာချတာက နေ့လယ် ၃-နာရီဆိုရင် ၃-နာရီမထိုးခင် ၁၀-မိနစ်လောက် ကြိုလာခဲ့ပါ။ ခုတော့ အဲဒီလို စာချဘုန်းကြီးတွေက ဂရုမစိုက်လို့လား မသိဘူး။ တချို့အတန်းတွေက စာမချခင် နာရီဝက်၊ ၁၅-မိနစ်လောက်ကတည်းက စာအုပ်လေးကိုင်ပြီးတော့ ဟိုနားလေးထိုင်လိုက်၊ ဒီနားလေးစုလိုက်နဲ့။ အဲဒါလေးတွေဟာ စာချဘုန်းကြီးတွေဘက်က နည်းနည်းလေး လိုအပ်တယ်လို့ တပည့်တော် ထင်တယ်။

တပည့်တော့်အတန်းကိုလည်း ဟိုနေ့က ပြောလိုက်တယ်။ ဥပမာ တပည့်တော်သွားစရာရှိလို့ စာဝါဆယ်မိနစ် စောသိမ်းတယ် ဆိုပါစို့။ ဆယ်မိနစ်ကျန်နေသေးတယ်ဆို ဒီဆယ်မိနစ်ကို ငါ နာမ်ဂိဏ်လေးကြည့်မယ် စသည်ဖြင့် အကျိုးရှိအောင်လုပ်ပါလို့...။ ဒီဆယ်မိနစ်ကို ကျင်ငယ်အိမ်သွားလိုက်၊ ဟိုသွားလိုက်၊ ဒီသွားလိုက်၊ လမ်းသွားရင်းနဲ့ ကုန်မယ်ကွာဆိုတဲ့စိတ်ဟာ မကောင်းဘူး။ နောက်ဆုံးမှာ ဘယ်သူပဲ နစ်နာမှာလဲဆိုရင် ကိုယ်ပဲနစ်နာမှာ။ ဒါမျိုး တပည့်တော် အခွင့်ကြုံတိုင်း သွန်သင်ပါတယ်။

စာချရုံလေးနဲ့ ကိစ္စမပြီးပါဘူး။ တကယ် မေတ္တာစေတနာရှိတယ်ဆိုရင်၊ တပည့်တွေကို တိုးတက်စေချင်တယ်ဆိုရင် စာချတဲ့နေရာကို စောလာပြီးတော့ သူတို့ရဲ့စာကျက်ပုံကျက်နည်းကို လေ့လာရမယ်။ စာပြန်ရာမှာ တစ်ပါးတည်းပြန်မလား၊ တွဲပြန်မလား။ တစ်ပါးတည်းပြန်သင့်တဲ့သူဆို တစ်ပါးတည်းပြန်ခွင့်ပြု။ ဒါမျိုးလေးတွေကိုယ့်အတန်းနဲ့ကိုယ် ဆုံးမသွန်သင်တယ်ဆိုရင် ဒါဟာ သြဝဒေယျာနုသာသေယျ ဖြစ်တော့တာပဲ။ ဒါကြောင့် ဆရာသမားတွေကလည်း တစ်ကြိမ် ဆုံးမပါ။ ပထမဆုံးအကြိမ်ဆုံးမတာကို သြဝါဒလို့ခေါ်ပြီးတော့ နောက်ထပ် ဒါကိုပဲ ထပ်ထပ်ပြီးတော့ သွန်သင်တာကို အနုသာသနလို့ ခေါ်တယ်။

ကုသိုလ်ပွားအောင်လုပ်ပေး

သြဝဒေယျာနုသာသေယျ၊
အသဇ္ဇာ စ နိဝါရယေ။

'အသဇ္ဇာ စ နိဝါရယေ = မသူတော်တရားမှ တားမြစ်ပေးရမယ်' ဆိုတာက တပည့်တွေကို အကုသိုလ်မဖြစ်အောင် တားမြစ်ပေးရမယ်ပေါ့။ ဒါ ဆရာသမားရဲ့တာဝန်။ အကုသိုလ်မဖြစ်အောင် တားမြစ်ရမယ်ဆိုတာကို ပြောင်းပြန်ယူရင် ကုသိုလ်တိုးပွားအောင် လုပ်ပေးပါလို့ ဆိုရာရောက်ပါတယ်။ အဲဒီတော့ ကုသိုလ်ဘက်ကို တွန်းပို့ပြီး အကုသိုလ်နည်းအောင် လုပ်ပေးမယ်ဆိုရင် ဒါ 'အသဇ္ဇာ စ နိဝါရယေ' ဖြစ်တယ်။

အဲဒီလိုလုပ်တော့ ဘာဖြစ်သလဲဆိုတော့ ဂါထာနောက်ဆုံးနှစ်ပိုဒ်က -

သတံ ဟိ ယော ဝိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော။

www.dhammadownload.com

ဒီလိုဆုံးမတဲ့ဆရာသမားတွေကို သတံ-သူတော်ကောင်းတွေက၊ ပိယော-မြတ်နိုးလာတယ်တဲ့။ သူတော်ကောင်းစိတ်ရှိတဲ့ ဒကာ၊ ဒကာမတွေ၊ တပည့်တွေက မြတ်နိုးလာမယ်။ ဒါ မြတ်စွာဘုရားကိုယ်တိုင် ရဲရဲရင့်ရင့် အာမခံထားတာပါ။ ဒါကိုကြည့်ခြင်းအားဖြင့် အရှင်ဘုရားတို့ ဆုံးမရမှာကို တွန့်ဆုတ်မနေပါနဲ့။

အသတံ-ယုတ်မာတဲ့စိတ်ထား ရှိတဲ့ပုဂ္ဂိုလ်တွေကတော့၊ အပ္ပိယော-မုန်းတီးလာတော့တာပဲ။ မြတ်စွာဘုရားက ရှင်းရှင်းလေးဟောထားတာ။ ကိုယ်ဆုံးမလိုက်တဲ့အတွက် ကောင်းကျိုးဖြစ်လာမယ်ဆိုရင် သူတော်ကောင်းစိတ်ရှိသူတွေက ကိုယ့်နားမှာကပ်ပြီးတော့ ကိုယ်နဲ့မခွဲမခွာ နေကြလိမ့်မယ်။ မလွဲသာလို့ ခွဲခွာတာမျိုးတော့ ဖြစ်ချင်ဖြစ်မှာပေါ့။ တတ်နိုင်သမျှ ကိုယ်နဲ့အတူတူ ပူးပေါင်းပြီးတော့ သာသနာအကျိုး၊ လောကအကျိုး လုပ်ကြမှာပဲ။ ယုတ်မာစိတ်ထားရှိသူတွေကတော့ လမ်းခွဲသွားကြတာပဲတဲ့။ အပ္ပိယော-အမုန်းခံရတာ ဒါ ထုံးစံပဲ။ ကိုယ်ဆုံးမလိုက်လို့ လိမ္မာလာတဲ့ ပုဂ္ဂိုလ်တွေကတော့ ကိုယ်နဲ့အတူ ပူးပေါင်းပြီး ဆောင်ရွက်လိုကြမယ်။ ယုတ်မာတဲ့စိတ်ထားရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ မုန်းတီးချင် မုန်းတီးမှာပေါ့။ ယုတ်မာတဲ့ပုဂ္ဂိုလ်တွေ မုန်းတီးလာမှာကို ကြောက်မနေပါနဲ့။ ဒါဟာ ဓမ္မတာပါတဲ့။

ဒီဘုရားအဆုံးအမကို ကြည့်ရင် တပည့်တော်တို့ ဆရာသမားတွေဘက်က လိုအပ်တာတွေများနေသေးတယ်ဆိုရမယ်။ ပြောစရာရှိရင် ပြောရမယ်။ ဆိုစရာရှိရင် ဆိုရမယ်။ သံဃာ ၂၀၀ လောက်ရှိတဲ့အထဲက လေးငါးပါးလောက်က ကိုယ်မှန်ရဲ့သားနဲ့ အပြစ်ပြောတာလောက်ကို ကြည့်ပြီး တုန်လှုပ်မသွားပါနဲ့။ လုပ်စရာရှိတာကို ဆက်လုပ်သွားပါ။ ဝါနေတဲ့ပုဂ္ဂိုလ်တွေမှာ ဒါမျိုးတွေ ဖြစ်တတ်လို့ တပည့်တော်က ခုလို ရှေ့ကနေ လမ်းကြောင်းပြီး ပြောနေတာ။

သူယုတ်မာဆိုတာ

အဲဒီတော့ အသတံ-အရ သူယုတ်မာဆိုတာကို စာပေက ဘယ်လိုဖွင့်ပြလဲဆိုတော့ 'အဒိဋ္ဌဓမ္မ၊ အဝိတိဏ္ဏပရလောက' တဲ့။ သစ္စာလေးပါး မသိသေးတဲ့အတွက် လောကထဲက မကျော်လွှားမလွတ်မြောက်နိုင်သေးတဲ့ ပုထုဇဉ်လို့ ဆိုလိုချင်တာပေါ့။ ပုထုဇဉ်ထဲမှာမှ ဘယ်လိုပုထုဇဉ်တွေက မုန်းတာလဲဆိုတာကို ထပ်ပြီးတော့ ဖွင့်တယ်ပေါ့။ (၁) အာမိသစက္ခုကာ၊ (၂) ဧဒိဝကတ္ထာယ ပဗ္ဗဇိတာ တဲ့။ (၁) အာမိသစက္ခုကာ - နေရာတကာ လိုချင်မျက်စိရှိတဲ့ လူတွေကတော့ အဆုံးအမတွေကို မုန်းတီးမှာပဲ။ ဆုံးမလိုက်လို့ရှိရင် နားထဲမှာ သိပ်ခါးသွားတယ်။

ဒကာ၊ ဒကာမတွေနဲ့ ဆက်ဆံရာမှာ ပုံမှန်လေး ဆက်ဆံပါ။ ကျောင်းတိုက်အတွက်လည်း အကျိုးရှိ၊ ဒကာ ဒကာမတွေအတွက်လည်း အကျိုးရှိမယ့် အရာလေးတွေကိုပဲ ကြည့်ပြီး ဆက်ဆံပါ။ အဲဒီလိုမဟုတ်ဘဲ ပလူးပလဲလုပ်လို့ ဆရာဖြစ်တဲ့ ဘုန်းကြီးတွေက ဆုံးမတယ်ဆိုရင် သူက အာမိသစက္ခုက - ကိုယ်ရဖို့အတွက်ပဲ ကြည့်နေတယ်ဆိုရင်တော့ ဒါ မုန်းမှာသေချာတာပဲ။ ဒီလိုပုဂ္ဂိုလ်မျိုး မုန်းမှာကို ထည့်မတွက်နဲ့။ ဒါမျိုးလည်း ရှိတာပဲ။

နောက် နံပါတ်(၂)က 'ဧဒိဝကတ္ထာယ ပဗ္ဗဇိတာ' တဲ့။ သူက ရဟန်းဘဝမှာ နေတာကိုက သာသနာကို ချစ်လို့မဟုတ်ဘဲ အချောင်နေရလို့ နေတာ။ ဟာ ... ကောင်းကောင်းစားရတယ်၊ တိုက်ကြီးတွေနဲ့ ကောင်းကောင်းနေရတယ်၊

www.dhammadownload.com

အလုပ်ပင်ပင်ပန်းပန်း မလုပ်ရဘူးဆိုပြီး နေနေတဲ့ ပုဂ္ဂိုလ်။ ဒီလိုစိတ်နဲ့နေတဲ့ပုဂ္ဂိုလ်တွေကတော့ မုန်းတီးမှာပဲ။ သူက သဒ္ဓါတရားမှ မရှိတဲ့နောက်တော့ အဆုံးအမတွေကို ရှိသေစိတ်လည်း မရှိနိုင်တော့ဘူးပေါ့။ အဲဒီလိုပုဂ္ဂိုလ်မျိုး မုန်းတီးမှာကိုလည်း ကြောက်စရာမလိုဘူးပေါ့။

ပုဂ္ဂိုလ်ကိုကြည့်ပါ

ဒါကြောင့် ဆရာသမားတွေကလည်း ဆုံးမပါ။ တပည့်တွေကလည်း 'သောတူနံ သောဝစ သဒ္ဓ' ဆိုတဲ့အတိုင်း တရားမှတတဲ့အဆုံးအမ ဩဝါဒတွေကို လိုက်နာပါ။ တပည့်တွေက လိုက်နာသလိုပဲ ဆရာတွေကလည်း ရဲရဲဝံ့ဝံ့နဲ့ ဆုံးမ၊ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် လက်မလျှော့နဲ့။ မုန်းတီးသွားပြီဆိုလို့ရှိရင် အဲဒီပုဂ္ဂိုလ်ဟာ သူတော်ကောင်းစိတ်ဓာတ် ရှိတဲ့ပုဂ္ဂိုလ်လား၊ မရှိတဲ့ပုဂ္ဂိုလ်လား၊ ရှိတယ်ဆိုရင်လည်း သူတော်ကောင်းစိတ်ဓာတ် များများရှိသလား၊ နည်းနည်းရှိသလား ကြည့်ပေါ့။ သူတော်ကောင်းစိတ်ဓာတ်များတဲ့ပုဂ္ဂိုလ်က မုန်းတယ်ဆိုရင်တော့ ကိုယ့်လုပ်ငန်းကိုယ် စဉ်းစားရတော့မယ်။

ဒီလိုမှမဟုတ်ဘဲနဲ့ သူတော်ကောင်းစိတ်ဓာတ်နည်းတယ်၊ သို့မဟုတ် ရှိကို မရှိဘူးဆိုရင်တော့ အဲဒီလိုလူတွေမုန်းတီးတာကတော့ တပည့်တော်တို့ ဆရာသမားတွေအနေနဲ့ ထည့်ကိုမတွက်သင့်ဘူး။ အဲဒါလေးကို အရှင်ဘုရားတို့ သဘောပေါက်ပါ။ ဒါကြောင့်မို့ ဆရာသမားတွေကလည်း ဆုံးမပါ။ နောက်တစ်ပတ်ကျရင် တပည့်တော် အဝဒေယျဇာတ်ဆိုတာကို ပြောပြမယ်။ ဆုံးမတဲ့အခါ တပည့်တိုင်းတော့ ဆုံးမလို့ မရနိုင်ဘူးပေါ့ဘုရား။ နာခံတတ်တဲ့သူ ရှိသလို မနာခံတတ်တဲ့သူလည်း ရှိတာပဲ။

တရားမှတစ်စွာဆုံးမရမယ်

တပည့်တော်ကိုယ်တိုင်လည်း ဒါတွေ ခံခဲ့ရတာပါပဲ။ တချို့ပုဂ္ဂိုလ်တွေဆို ဆုံးမတာတောင် မဟုတ်ပါဘူး။ စကားစပ်လို့ ပြောမိရင်တောင် ပြောင်သလိုလိုနဲ့ အပြစ်ပြောတတ်ပါသေးတယ်။ ဟိုတုန်းက တပည့်တော်နဲ့ ဆွေမျိုးဝမ်းကွဲတော်တဲ့ ဒကာမတစ်ယောက် တပည့်တော်ဆီကို ရောက်လာတယ်။ ဘွဲ့ရပြီးသားနဲ့ တူပါတယ်။ ဒီအရွယ်တွေက စိတ်လေတတ်လို့ စိတ်မလေအောင် စာအုပ်ဘယ်လိုဖတ်ရတယ်၊ စာပေဘယ်လိုဖတ်ရတယ် စသဖြင့် စာအုပ်ဘက်ကို စိတ်ရောက်အောင် ပြောမိတယ်ပေါ့။ ပြန်သွားတော့ ရွှေစေတီက ဆရာလေးတစ်ပါးကို ပြောထားခဲ့သတဲ့။ ''မြစကြာဘုန်းကြီးကလည်း သနားစရာကောင်းလိုက်တာ။ စာတစ်ခုပဲ သိရှာတယ်'' တဲ့။ ဒီလိုပုဂ္ဂိုလ်တွေကလည်း ရှိသေးတယ်။ ဒါပေမဲ့ ဆရာတွေကတော့ ဆုံးမရမှာပဲ။ ဒါမျိုးတွေက အခုမှ ရှိတာ မဟုတ်ပါဘူး။ အရင်ကလည်း ရှိခဲ့တယ်။ နောင်လည်း ရှိနေဦးမှာပဲ။ အဝေဒေယျဇာတ်ဆိုတာလည်း ဒီလိုပဲ။ အဆုံးအမကောင်းလို့ မျက်နှာကို လက်သီးနဲ့ အထိုးခံရတဲ့ဇာတ်။ ရှေးတုန်းကလည်း ရှိခဲ့တာပဲ။

နိဂုံးချုပ်ရရင်တော့ တပည့်တွေကလည်း တရားမှတတဲ့ အဆုံးအမကောင်းကို လိုက်နာနိုင်ကြပါစေ။ ဆရာတွေကလည်း မြတ်စွာဘုရားဟောကြားသလို တစ်ကြိမ်မက နှစ်ကြိမ်မက အထပ်ထပ်ဆုံးမပြီးတော့ သာသနာ့ပျိုးပင်တွေရှင်သန်အောင် စွမ်းအားရှိသမျှ ဩဝါဒဆိုတဲ့ရေ အထပ်ထပ်လောင်းနိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

ရိုးသားမှုအခြေခံ

၁၃၆၇ ခု၊ ကဆုန်လပြည့်နေ့
၂၀၀၅ ခု၊ မေလ ၂၂ ရက်၊ တနင်္ဂနွေနေ့ ည

သာသနာသက္ကရာဇ်

ကဲ ... ဒီနေ့ ကဆုန်လပြည့်နေ့ရောက်ပြီ။ ကဆုန်လပြည့်နေ့ဆိုတော့ တပည့်တော်တို့ ဗုဒ္ဓဘာသာဝင်တွေကတော့ 'ကဆုန်လပြည့် ဗုဒ္ဓနေ့'တဲ့။ ဒီနေ့မှာ တပည့်တော်တို့ မြတ်စွာဘုရားရှင် ပဋိသန္ဓေယူတာတို့၊ ဘုရားဖြစ်တော်မူတာတို့၊ နောက်ဆုံး ပရိနိဗ္ဗာန်စံတာတို့ ဖြစ်ပေါ်ခဲ့တယ်ပေါ့။ မနက်က တပည့်တော်တို့ ရဟန်းခံလုပ်တော့လည်းပဲ သာသနာသက္ကရာဇ် တွက်တဲ့အခါမှာ တပည့်တော်တို့ ဒီနေ့မှာ ဘုရားရှင် ပရိနိဗ္ဗာန်စံတာဆိုတော့ သာသနာအနေနဲ့ကတော့ ဒီနေ့မှာ ပြောင်းရတယ်ပေါ့။ အဲဒီတော့ တပည့်တော်တို့ သာသနာသက္ကရာဇ် တွက်တဲ့အခါမှာလည်းပဲ ဒီနေ့က စတွက်ရတယ်။

ရှေးဆရာတော်တွေ ဆိုရိုးလေးရှိတယ်။ ဒါလေး ဗဟုသုတအဖြစ် မှတ်ထားပေါ့။ အားလုံးလိုက်ဆိုကြည့်လိုက်။ "ရောက်ဆဲသက္ကရာဇ်ကိုတည်၊ (ဒါမှမဟုတ်လည်းပဲ) ကောဇာသက္ကရာဇ်ကိုတည်၊ ဒွေအင်္ဂနှင့်၊ ဧကဧကာ၊ နှောတုံပါမူ၊ သာသနာသက္ကရာဇ်၊ အတည်ဖြစ်၏" တဲ့။ ကဲ...ဆိုကြည့်စမ်းပါ။ (ကောဇာသက္ကရာဇ်ကိုတည်၊ ဒွေအင်္ဂနှင့်၊ ဧကဧကာ၊ နှောတုံပါမူ၊ သာသနာသက္ကရာဇ်၊ အတည်ဖြစ်၏။) အဲဒါလေးကို နှုတ်တက်အောင်

www.dhammadownload.com

ကျက်ထားပေါ့ဘုရား။ ဘာဖြစ်လို့ ဒီ ဒွေအင်္ဂနှင့် ဧကဧကာ နှောရတာတုန်းဆိုတာကျတော့ သမိုင်းကြောင်းလေး ရှိသေးတယ်ပေါ့။ ဒီသမိုင်းကြောင်းကိုတော့ နောက်ကြုံရင် ထပ်ပြောပေးမယ်။

တပည့်တော်တို့ 'ဒွေအင်္ဂနှင့် ဧကဧကာ' ဆိုတော့ ဒွေဆိုတော့ ဘယ်လောက်လဲ (၂)။ အင်္ဂဆိုတော့ (၈)။ ဧကဧကဆိုတော့ (၁- ၁)။ အဲဒီတော့ ၂၈၁၁ ပေါ့နော်။ တပည့်တော်တို့ ပိဋ္ဌကသချိုင်္ကတွေမှန်သမျှကို ပြောင်းပြန် ယူရတယ်ပေါ့။ ၂၈၁၁ ကို ပြောင်းပြန်ပြန်တော့ ၁၁၈၂။ ဒီပိဋ္ဌကသချိုင်္ကတွေက ပြောင်းပြန်ယူလေ့ရှိရတယ်။ ဘယ်လိုယူရတာလဲဆိုရင် (ပြောင်းပြန်ယူရတာပါဘုရား)။ မြန်မာကောဇာသက္ကရာဇ်က နှစ်ဆန်းတစ်ရက်နေ့ဆို များသောအားဖြင့် တန်ခူးလမှာပဲ ဖြစ်တတ်တယ်ပေါ့။ ဒီတန်ခူးလမှာ တပည့်တော်တို့ ၁၃၆၆ ခုနှစ် ကုန်ခဲ့ပြီ။ ခု ဘယ်နှခုနှစ်ရောက်ပြီလဲ (၁၃၆၇ ခုနှစ်ပါဘုရား)။ ၁၃၆၇ ခုနှစ် ရောက်ပြီ။ တပည့်တော်တို့ ကဆုန်လပြည့် မရောက်ခင်မှာ ဒီဟာကို သွားပြီးတော့ ပေါင်းလို့ရှိရင် မှားတတ်တယ်ပေါ့။ ဒီ ကောဇာသက္ကရာဇ်ကတော့ နှစ်ဆန်းတစ်ရက်နေ့မှာ ပြောင်းမြဲ။ သာသနာသက္ကရာဇ်ကတော့ တပည့်တော်တို့ ဗုဒ္ဓနေ့မှာ ပြောင်းတယ်ပေါ့။

မှားတတ်တာလေး

ဗုဒ္ဓနေ့ ပြောင်းတဲ့အခါ ကြားထဲမှာ တပည့်တော်တို့ ဒီကဆုန်လပြည့်မတိုင်ခင်မှာ မှားတတ်တယ်။ ဟိုဘက်ကလည်း နှစ်ဆန်းတစ်ရက် ပြီးခဲ့ပြီ၊ ဒီဘက်ကလည်းပဲ ကဆုန်လပြည့် မတိုင်ခင်မှာကျရင် တပည့်တော်တို့ ဒီဟာပေါင်းလို့ရှိရင် မှားတတ်တယ်ပေါ့။ ဒီကဆုန်လပြည့်နေ့ ပြီးမှ ပေါင်းမှ မှန်တယ်။ အခု ရောက်ဆဲ ကောဇာသက္ကရာဇ်ကို တည်ကြည့်ရအောင်။ ၁၃၆၇ ခုနှစ်ကို သာသနာသက္ကရာဇ်အားဖြင့် တွက်ပြပါဆိုလို့ရှိရင် ၁၃၆၇ ဒါကို အပေါ်ကနေ တည်လိုက်ပေါ့။ တပည့်တော်တို့ ဒွေအင်္ဂနှင့် ဧကဧကာအရ ပြောင်းပြန်ပြန်လိုက်ရင် ဘယ်လောက် ထည့်ရမလဲ ၁၁၈၂။ ဘယ်လောက်ထည့်မလဲ။ (၁၁၈၂ ပါဘုရား)။ ပြောင်းပြန်ထည့်ရတယ်ဆိုတာတော့ မှတ်ထားပေါ့။

နောက်ဆုံးကြည့်လိုက်လို့ရှိရင် ကောဇာသက္ကရာဇ်က ၇ ဆုံးနေတယ်။ ဒီမှာက ဘယ်လောက်ဆုံးနေလဲဆိုရင် (၂)။ အဲဒီတော့ ၇ နဲ့ ၂ ပေါင်း။ ၉ ဖြစ်သွားတယ်။ နောက်ပြီးတော့ ကောဇာသက္ကရာဇ်က တတိယအလုံးက ၆၊ ဒီမှာက ၈၊ ၆ နဲ့ ၈ ပေါင်းတော့ ၁၄။ ၄ ချလိုက်တော့။ ၄၀ နဲ့ နောက်က ၉။ ဟိုဘက်ကို ၁ တင်လိုက်ပေါ့နော်။ ဒုတိယက ၃၊ ဒီဟာရောဆို ၄ ပေါ့နော်။ အောက်က ၁ ရှိတယ်ဆိုတော့ ဘယ်လောက် ဖြစ်သွားလဲ။ ပေါင်းလိုက်တော့ ၅၄၉။ ဘယ်လောက်ဖြစ်သွားလဲ (၅၄၉ ပါဘုရား။) နောက်ဆုံးအနေနဲ့ အထက်က ကောဇာကလည်းပဲ ၁ ကျန်တယ်။ သာသနာကလည်းပဲ ၁ ကျန်တယ်။ ပေါင်းလိုက်တော့ ၂။ အားလုံးပေါင်းတော့ ၂၅၄၉။ နှစ်ထောင့်ငါးရာလေးဆယ့်ကိုး။ ဒီနည်းအားဖြင့် တွက်ကြည့်ပေါ့။

ဥပမာ

ကိုယ်က ဒီနှစ်ကို မတွက်ချင်ဘူး။ ၁၃၁၁ ခုနှစ် ထားပါတော့ လွယ်တာတွက်ကြည့်ရင်။ အဲဒီ ၁၃၁၁ ခုနှစ်ကို သာသနာဘယ်လောက် သိချင်သလဲဆိုရင် ထုံးစံအတိုင်းပဲ ၁၃၁၁ ခုနှစ်ကို တည်။ ပြောင်းပြန်ပြန်ထားတဲ့ ဘယ်လောက်ထည့်ပေါင်းမလဲ (၁၁၈၂ ပါ ဘုရား)။

www.dhammadownload.com

နောက်ဆုံးအလုံး ပေါင်းကြည့်ရင် ၁ နဲ့ ၂ နဲ့ ပေါင်း ဘယ်လောက်လဲဆိုရင် (၃)။ တစ်ခါ ကောဇာသက္ကရာဇ်က ၃၊ ဒီက ၈၊ ၃ နဲ့ ၈ နဲ့ ပေါင်း (၁၁)။ ဘယ်လောက်ပဲ ပြန်ချရမှာလဲ။ (၁)။ ကဲ - ဘယ်လောက်ရသွားလဲ။ (၁၃ ပါဘုရား)။ တစ်ခါ ရှေ့ ၁ တင်တော့ ဘယ်လောက်ရမလဲ။ (၄)။ အောက်က ဘယ်လောက်လဲ (၁)။ ပေါင်းလိုက်တော့ (၅)။ ရှေ့ဆုံးဂဏန်းနှစ်ခုပေါင်းလိုက်တော့ (၂)။ ၂၅၁၃။ အဲဒီလိုပေါ့။

ဒီဆောင်ပုဒ်ကလေး ရထားလို့ရှိရင် သာသနာသက္ကရာဇ်ဟာ ကဆုန်လပြည့်နေ့မှာ ပြောင်းတယ်ဆိုတာ မှတ်ထားလို့ရှိရင် တပည့်တော်တို့ တွက်နည်း မခက်တော့ဘူးပေါ့။ ဘာဖြစ်လို့ ဒီ ၁၁၈၂ ကို ထည့်ပေါင်းရတာလဲဆိုတော့ သမိုင်းကြောင်းလေးတစ်ခု ရှိတယ်ပေါ့။ နောင်ကျ တပည့်တော် အလျဉ်းသင့်ရင် ပြောပေးမယ်ပေါ့။ ကဲ ... အဲဒါလေး ပြန်ဆိုကြရအောင်။ (ကောဇာသက္ကရာဇ်ကိုတည်၊ ဒွေအင်္ဂနှင့်၊ ဧက ဧကာ၊ နှောတုံပါမူ၊ သာသနာသက္ကရာဇ်၊ အတည်ဖြစ်၏။) ဒွေအင်္ဂနှင့်၊ ဧကဧကာကို ပြောင်းပြန်ပြန်ပြီးတော့ ပေါင်းရမယ်နော်။ အဲဒီ ၁၁၈၂ ကို အမြဲတမ်းထည့်ပေါင်းတယ်။ ကဆုန်လပြည့်ဆို စပြီးတော့ ပေါင်းလို့ရပြီ။ အဲဒါမှတ်လို့ရှိရင် တပည့်တော်တို့ သာသနာသက္ကရာဇ်မှာ မှားလေမရှိတော့ဘူးပေါ့။ အားလုံး ဗဟုသုတအဖြစ် မှတ်ထားပေါ့။ ဒါ မနက်က ရဟန်းခံနဲ့ စပ်ပြီးတော့ ပြောပြတာ။

အများအားဖြင့် တပည့်တော်တို့ မြန်မာနှစ်ဆန်းတစ်ရက်ပြီးရင် ပေါင်းလို့ရတယ်လို့ ဒီလိုပဲ ထင်လေ့ရှိတယ်ပေါ့။ တပည့်တော်တို့ ဒီဗုဒ္ဓနေ့ဆိုတာ မြတ်စွာဘုရားရဲ့ နှစ်ဆန်းတစ်ရက်။ သာသနာသက္ကရာဇ် နှစ်ဆန်းတစ်ရက်ဆိုတာ ဒီကဆုန်လပြည့်နေ့မှာ ဖြစ်လေ့ရှိတယ်ပေါ့။ နောက်ပြီးတော့ ဒီရဟန်းခံနဲ့ပဲ စပ်ပြီးတော့ တပည့်တော် ဆက်ပြောမယ်။ အရင်အပတ်က ပြောဖို့ကျန်နေသေးတဲ့ 'သြဝါဒေယျ အနုသာသေယျ' ဆိုတာကိုတော့ နောက်တစ်ပတ်မှ တပည့်တော် ပြန်ပြီးတော့ ပြောတော့မယ်။

တောင်းပန်ထားရင်

တပည့်တော်တို့ ရဟန်းခံပြီးတဲ့အခါမှာ ရဟန်းလောင်းအတွက် ကျန်တဲ့ ကာရကသံဃာက စပြီးတော့ ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာတွေက ဆရာဖြစ်သွားတယ်။ ဆရာတွေကလည်းပဲ ဒီရဟန်းလောင်းအပေါ်မှာ တပည့်တော်စပ်သွားတယ်ပေါ့။ တော်စပ်တော့ ဒီ တပည့်ကျင့်ဝတ်ဆိုတာ ရှိလာတယ်။ မျက်နှာသစ်ရေကပ်တာတို့၊ ဒန်ပူကပ်တာတို့ စသည်ဖြင့် လုပ်ကို လုပ်ရမယ်။ နောက်ပြီးတော့ ဆရာတွေဘက်ကလည်းပဲ စာပေကျမ်းဂန် သင်အံပို့ချခြင်း၊ သင်္ကန်းပေးခြင်း၊ ဖိနပ်ပေးခြင်း၊ ထီးပေးခြင်း စသည်ဖြင့် ဆရာဝတ်တွေ လုပ်ရလေ့ရှိတယ်။ ခုလို အများနဲ့နေတာမို့၊ သီးသန့်တာဝန်ကျ တစ်ပါးကလုပ်နေတာမို့ ကိုယ်က မလုပ်နိုင်ဘူးဆိုရင် အချင်းချင်း တောင်းပန်ထားရတယ်။

တပည့်တော်တို့ ဒီဟာကို ကောက်ချက်ချလိုက်ကြည့်ရအောင်။ အချင်းချင်း အပြန်အလှန် တောင်းပန်လို့ရှိရင်၊ ခွင့်လွှတ်ဖို့ တောင်းပန်ထားရင် အပြစ်က မလွတ်ဘူးလား၊ (လွတ်ပါတယ်ဘုရား)။ အဲဒါလေးတွေ သင်ခန်းစာယူစေချင်တယ်ပေါ့။ ဒါနဲ့ စပ်ပြီးတော့ တပည့်တော်တို့ ဘာပြောချင်တာလဲဆိုတော့ ခုနက ကိုရင်တစ်ပါး၊ တပည့်တော်မေးပြီးတော့ သူနားလည်အောင် ပြောလိုက်တယ်။ ဘယ်လိုပြောသလဲဆိုတော့

www.dhammadownload.com

သူက မြို့ထဲက မြန်မာဆေးခန်း သွားတယ်ပေါ့။ မြန်မာဆေးခန်း သွားတဲ့အခါမှာ တပည့်တော် မရှိခိုက် ဦးဇာဂရကို လျှောက်သွားတယ်။ ဦးဇာဂရက လွတ်တယ်။ သူ့ရဲ့ သွားချိန်ပြန်ချိန် ကြည့်လိုက်တဲ့အခါမှာ တစ်ခုသွားတွေ့တယ်။ ဒီဆေးခန်းဟာ နီးနီးလေးပဲ။ ဒါပေမဲ့လို့ အချိန်အားဖြင့် သူက တစ်နာရီခွဲကျော်ကျော်လောက် ကြာနေတာ တွေ့ရတယ်။

ဒါနဲ့ ဘယ်သွားသေးလဲဆိုတော့ မြို့ထဲသွားတယ်တဲ့။ ဘယ်ဦးဇင်းက ဘယ်လိုခိုင်းလို့ပါ ဆိုပြီးတော့ ရှင်းပြတယ်။ တပည့်တော်က ဒါမျိုး မဖြစ်စေချင်ဘူး။ နံပါတ်တစ်က ဆရာသမား မရှိတဲ့အချိန်မှာ မသွားစေချင်ဘူးပေါ့။ ဘယ် အချိန်မှာ မသွားစေချင်ဘူးလဲဆိုရင် (ဆရာသမား မရှိတဲ့အချိန်)။ အဲဒါလေးတွေ အရှင်ဘုရားတို့ စွဲမြဲအောင် မှတ်ထားပါ။ မဖြစ်မနေ ကိစ္စဆိုရင်တော့ သွားပေါ့။ ဒီလို မဟုတ်ဘဲနဲ့ နေလို့ဖြစ်ရဲ့ သားနဲ့ မစောင့်ဘဲသွားတယ်။ သွားတဲ့အခါမှာလည်း လျှောက်တာက ဆေးခန်း၊ ဘယ်တွေ ထပ်သွားသေးလဲဆိုတော့ မြို့ထဲသွားလိုက်တယ်။ ဒါတွေက အပြစ်ကတော့ အကြီးတစ်ပါးကို လျှောက်သွားတဲ့အတွက် မရှိပါဘူး။ ဒါပေမဲ့လို့ ရိုးသားမှုအားနည်းသွားတယ်။ တကယ်က ရိုးသားမှုအခြေခံပြီးတော့ တပည့်တော်တို့ ဆေးခန်းသွားမယ်၊ ဘယ်မှာဝင်စရာရှိသေးတယ် ဆိုရင် အချိန်ခန့်မှန်းလို့လည်း ရတယ်ပေါ့။ ဒါမျိုးလေးတွေ တပည့်တော် ဖြစ်စေချင်တယ်ပေါ့။

ရိုးသားမှုအခြေခံ

အားလုံးလည်းပဲ အကြီးတွေက စပြီးတော့ အငယ်တွေအထိ ဒီစိတ်ဓာတ်လေးတွေ ကူးစက်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်တို့ ဒါမျိုးလုပ်ပါများလာတဲ့အခါ ဒီကျောင်းတိုက်မှာလည်း ဖြစ်ခဲ့တာတွေလည်း ရှိတယ်ပေါ့။ ဒီတယ်လီဖုန်းကိစ္စတွေဆိုလို့ရှိရင်လည်းပဲ တပည့်တော်က မသိဘူး။ မန္တလေးဆက်ချင်လို့ပါဘုရား ဆိုပြီးတော့ လာတယ်။ ဖုန်းသော့ ရသွားပြီ ဆိုလို့ရှိရင် ကိုယ်ဆက်ချင်တဲ့နေရာတွေ သုံးလေးနေရာလောက် ဆက်တာတွေ နောက်ပိုင်းမှာ သိလာရတယ်ပေါ့။ အဲဒီလိုမလုပ်ဘဲ အစကတည်းက ပွင့်ပွင့်လင်းလင်းလျှောက်လို့ ရိုးသားမှုရှိသွားရင် ဘာအမြတ်ထွက်မလဲဆိုတော့ မဟုတ်တာတွေ မလုပ်တော့ဘူး။ တစ်နေရာ လျှောက်ရင် တစ်နေရာပဲဆက်မယ်။ နှစ်နေရာ လျှောက်ရင် နှစ်နေရာပဲ ဆက်ရမယ်ပေါ့။

ခုတော့ ကိုယ်ဆက်ချင်တာတွေ ဘာတွေ အကြောင်းပြပြီးတော့ တချို့ဟာတွေ လာပြီးတော့ လုပ်တယ်။ ဒါတွေ မကောင်းဘူး။ ဖုန်းပြောခန ဝကမ္မယူပါလားဆိုတော့ တပည့်တော်တို့ ဒီမှာ အဲဒါမျိုး မလုပ်ချင်ဘူး။ တကယ်အရေးကြီးတဲ့ ပုဂ္ဂိုလ် တကယ်ဆက်ပေါ့။ ဒါတွေဟာ နောက်ဆုံးတော့ ပပဉ္စတရားတွေပဲ။ ဘာတရားတွေလဲ (ပပဉ္စတရားတွေပါဘုရား)။ သိပ်ပြီးတော့ ချဲ့သွားတယ်။ တပည့်တော်ကို တပည့်တော်စပ်ဖူးတဲ့ ဘုန်းကြီးလေးတစ်ပါးက အကြံပေးတယ်။ ကျောင်းတိုင်း ကျောင်းတိုင်းမှာ တယ်လီဖုန်းတွေ ချိတ်ပြီးတော့ ဒီကလာလို့ရှိရင် ဘယ်ခလုတ်နှိပ်လိုက်ရင် ဘယ်လိုရတယ် ဘယ်လိုရတယ်။ တပည့်တော်လည်းပဲ သူပြောတာ သဘောတော့ ပေါက်တယ်ပေါ့။ သူ့ရဲ့စေတနာကိုလည်းပဲ နားလည်တယ်။

အပမာနတွေ

ဒါပေမဲ့ တပည့်တော်ကိုယ်တိုင်က ဒါတွေ

www.dhammadownload.com

ရှိလာရင်ကိုပဲ သိပ်ပြီးတော့ အကျယ်ချဲ့ပြီးတော့ ပဓာနဖြစ်တဲ့ ပရိယတ်၊ ပဋိပတ်မှာ ထိခိုက်နိုင်တယ်လို့ မြင်တယ်။ ဘယ်မှာ ထိခိုက်နိုင်လဲ (ပရိယတ် ပဋိပတ်မှာပါဘုရား)။ တပည့်တော်တို့ ဒီတယ်လီဖုန်းဆိုတာတွေက အပဓာနတွေ။ မရှိမဖြစ် အရေးကြီးတာ မဟုတ်ဘူး။ သို့သော် မရှိရင်လည်းပဲ မကောင်းဘူး။ ဒါ တစ်နေရာရာမှာ ထားတယ်။ ဒါကိုပဲ အရေးကြီးတဲ့အခါမှာ ကိုင်တယ်။ ဒါဆိုရင် တော်ပြီ။ တပည့်တော်တို့ ရှေးခေတ်ဆရာတော်တွေ စာတတ်တယ်ဆိုတာ အဲဒီအကျယ်ချဲ့မှုတွေ နည်းသွားလို့ စာတတ်တာ။ ဒါကြောင့်မှ သူ့ရဲ့အကြံပေးမှုကို လေးစားပေမဲ့ တပည့်တော် ဒီမှာ မလုပ်ဖြစ်ဘူးပေါ့။ မလုပ်ဖြစ်ဘူးဆိုတဲ့အကြောင်းက တစ်ချိန်မှာ အသက်ကြီးသွားလို့ လုပ်သင့်တဲ့အချိန်မှာဆိုရင် အားလုံးကို လုပ်ပေးဖို့ စိတ်ကူးရှိတယ်။

ပြောချင်တာက ဒီ တယ်လီဖုန်းဆက်တာတွေ ဘာတွေကလည်းပဲ ကိုယ့်ဟာကိုယ် ရိုးရိုးသားသား လျှောက်ပြီးတော့ ရိုးရိုးသားသား လုပ်တာပဲ ကောင်းတယ်။ ခုလည်းပဲ ခရီးသွားတယ်။ မန္တလေးသွားတယ် ဆိုရင် မန္တလေးပေါ့။ တောင်မြို့ဝင်ချင်ရင် တောင်မြို့ဝင်တယ်ပေါ့။ ဒါမျိုးလေးတွေ တပည့်တော်တို့ ရိုးရိုးပဲ လျှောက်စေချင်တယ်။ ဒါဆိုရင် ကိုယ့်မှာ တစ်နေရာလျှောက်ထားတယ်။ နှစ်နေရာ လျှောက်ထားတယ်။ သုံးနေရာအထိ မသွားဖြစ်တော့ဘူး။ မသွားဖြစ်တော့ဘူးဆိုရင် ကိုယ့်အတွက် ကိစ္စနည်းသွားတာပေါ့။

ဒါမျိုးပြဿနာလေးတွေဟာ တပည့်တော်တို့ စာဖြေသွားတဲ့အခါမှာလည်း ကြုံရတာပဲ။ စာဖြေသွားတဲ့အခါ ကြုံတယ်ဆိုတာ တပည့်တော်က ဘယ်ဘယ် မဝင်နဲ့၊ ဒါမျိုးလေး ပြောလိုက်တယ်။ ဒါတွေကို ရှောင်ယူပြီးတော့ ဘယ်မဝင်နဲ့လို့ပဲ ပြောတာ၊ ဘယ်လိုတော့ မပြောဘူး စသဖြင့် အကျကောက်တယ်ဆိုရင် ဒါမျိုးတွေ ကျတော့ ကောင်းကို မကောင်းတာပေါ့ဘုရား။ ဒါလေးတွေ ခဏတိုင်းလည်း တွေ့နေရတယ်။ ဒါကြောင့်မို့ တပည့်တော်တို့ ဒီကိစ္စလေးတွေကို ကြိုးစားပြီးတော့ ရိုးသားမှုလုပ်ပါ။

ခရီးသွားရင်

တပည့်တော် ဒီနှစ် ဒီဝါက စပြီးတော့ ခရီးသွား နေ့ချင်းပြန်ကိစ္စတွေမှာ စည်းကမ်းသတ်မှတ်ပေးမယ်။ မတတ်သာလို့ သွားရတော့ မယ်ဆိုမှ ဥပုသ်နေ့သွား။ ဥပုသ်နေ့မှာ တကယ့်ကို အကျဉ်းအကျပ်ကျတယ်။ ပစ္စည်းတွေ ဘာတွေ ကပ္ပိစရာ မရှိဘူးဆိုရင် အဖိတ်နေ့သွားပေါ့။ တကယ်ကတော့ တပည့်တော်တို့ အဖိတ်နေ့က ခရီးသွားတဲ့ရက် မဟုတ်ဘူး။ နောက်ဆုံးသွားတယ်ဆိုလို့ရှိရင်လည်းပဲ အားလုံးပေါ့။ ဒါ တပည့်တော် ဟိုတုန်းကလည်း ပြောမိပါတယ်။ အချင်းချင်း မေးပါ။ ဥပမာ ကိုယ်က မန္တလေးသွားမယ်ဆိုရင် ကျောင်းဆောင်တွေမှာ လိုက်ပြီးတော့ မေး။ ဘာစာအုပ် ကပ္ပိမလဲ၊ ဘာမှာမလဲ။ ကိုယ်နိုင်သလောက်ကတော့ အဲဒီလို လိုက်ပြီးတော့ မေးပါ။

ဒီနှစ်ပါးက စာအုပ်ကပ္ပိသွားတယ်။ နောက်နှစ်ပါးကလည်းပဲ စာအုပ်ကပ္ပိ လာလျှောက်တယ်ဆိုရင် ဒါ အဓိပ္ပာယ် သိပ်ပြီးတော့မရှိဘူးပေါ့။ စာအုပ်တွေများလွန်းရင် တပည့်တော်တို့က တစ်ပါး ထပ်ပြီးတော့ ထည့်ပေးမယ်။ သွားတဲ့အခါမှာလည်း ဘုရားဝတ်တက် မီအောင်ပြန်ဖို့ တပည့်တော် ဒီနှစ်မှာ လုပ်ဖို့စိတ်ကူးရှိပါတယ်။ ဒါ ခဏတိုင်းလည်း ပြောပါတယ်။ အားလုံးနီးပါး

www.dhammadownload.com

လောက်လည်း သိပြီးပါပြီ။ ဒါပေမဲ့လို့ လိုက်နာမှု လေးတွေ နည်းနည်းလိုအပ်သေးလို့ ခုလို တပည့်တော် ထပ်ပြီးတော့ ပြောတယ်ပေါ့။

ဘုရားဝတ်တက်ချိန်အမီ

အဲဒီတော့ သွားလို့ရှိရင် ဘယ်အချိန်ကို မီအောင်ပြန်လာရမလဲ (ဘုရားဝတ်တက်ချိန်ပါ ဘုရား)။ ဒီအချိန်လေးတော့ တပည့်တော်တို့ မီအောင်ပြန်ပါ။ ကြီးလာတဲ့အခါကျ ဒါတွေက တပည့်တော်တို့ ခွင့်လွှတ်ရမှာတွေက ရှိသေးတယ်။ ခုချိန်မှာတော့ ကျောင်းမှာ သိပ်ပြီး အခွင့်အရေး ကြီးကြီးမားမားတွေ မရှိသေးဘူးပေါ့။ အဲဒါလေးတွေ အရှင်ဘုရားတို့ကို တပည့်တော် ထပ်ပြီးတော့ သတိပေးပါတယ်။ သွားတဲ့အခါမှာ တပည့်တော်တို့ ကိစ္စသုံးခုနဲ့ သွားတယ် ဆိုပါစို့။ အကြောင်းကိစ္စ နှစ်ခုနဲ့အချိန်က ကုန်သွားပြီ။ ကျန်တဲ့အရေးမကြီးတဲ့ကိစ္စ ဖြတ်ချပစ်လိုက်ပေါ့။ ဘာမှ သိပ်ပြီးတော့ အကြောင်းမပြန့်။ တကယ် အရေးကြီးရင်တော့ ဆက်လုပ်ပေါ့။ အဲဒါမျိုးလေးတွေ စိတ်ထဲမှာ ထားလို့ရှိရင် ဒီကျောင်းမှာ စည်းကမ်းဟာ တဖြည်းဖြည်းနဲ့ ပိုပြီးတော့ ကောင်းလာဖို့ရှိတယ်။

ဒီလိုမှ မဟုတ်ဘူးဆိုလို့ရှိရင် တပည့်တော် တစ်နေ့ကလည်းပဲ ဦး.....နဲ့ စပ်ပြီးတော့ ပြောခဲ့တယ်နော်။ သူက ပြန်လာတယ်။ လာတဲ့အခါမှာ ရောက်တယ်။ ရောက်တဲ့အခါမှာ အချိန်မီရဲ့သားနဲ့ မဝင်သေးဘဲ ညဉ့်နက်အောင် နေပြီးမှ လာတယ်။ ဒီနေ့တော့ ဒီနေ့ပဲ။ ၁၂-နာရီ ညမအိပ်ခင်မှာတော့ လာတယ်။ အပြစ်ကတော့ လွတ်သွားတယ်။ ရိုးသားမှုကတော့ ပျောက်ဆုံးတယ်ပေါ့။ ဒါမျိုး တပည့်တော် မဖြစ်စေချင်ဘူး။ မဖြစ်စေချင်လို့ ပြောတာ။ အပြစ်ထုတ်ပြီးတော့ ပြောတာမဟုတ်ဘူး။ အရှင်ဘုရားတို့ သန္တာန်မှာ ဒီသွားတယ်ဆိုရင် ဒီသွားတယ်။ ရိုးရိုးသားသားပဲ ဖြစ်စေချင်တယ်။ ဘုန်းကြီးက စစ်မှ၊ ပေါ်မှ၊ ဒါမျိုးတွေဟာ မကောင်းဘူးပေါ့။

လက်ရွေးစင်ဂုဏ်တော်

တစ်နေ့ကလည်းပဲ ကဗျာစာအုပ်ကိစ္စနဲ့ စပ်လို့ စစ်တော့ ကိုရင်တစ်ပါး သိပ်ပြီးတော့ မုသားစကားတွေ ပြောတယ်။ သုံးခွန်းမေးရင် သုံးခွန်းလုံး မှားတာပြောတယ်ဆိုတော့ ဘာမှ မကောင်းတော့ဘူးပေါ့။ ဒါကြောင့်မို့ တပည့်တော်တို့ ရိုးသားမှုကို ဦးထိပ်ထားပါ။ ရိုးသားပြီးတော့ ကြိုးစားလာတယ်။ ဒီပုဂ္ဂိုလ်ကြိုးစားလာပြီဆို ထက်မြက်မှုဝင်လာလို့ရှိရင် တိုးတက်တော့တာပဲ။ ဒါကြောင့်မို့ တပည့်တော်တို့ ရိုးသားမှုကို ဦးထိပ်ထားရမယ်။ ဘာကို ဦးထိပ်ထားရမလဲ (ရိုးသားမှုကိုပါဘုရား)။ သံဃဂုဏ်တော်ကိုးပါး လက်ရွေးစင်ထဲမှာ 'ဥဇုပ္ပဋိပန္နော' ဆိုတဲ့ ရိုးသားဖြောင့်မတ်တဲ့ဂုဏ်တစ်ခုပါတယ်။ ဒီသံဃဂုဏ်တော်ဆိုတာ အများကြီးရှိတဲ့ထဲမှာ ဘယ်ဂုဏ်တော်ဟာ လက်ရွေးစင်အနေနဲ့ ပါလဲဆိုရင် (ဥဇုပ္ပဋိပန္နောပါဘုရား)။

ဥဇုပ္ပဋိပန္နဆိုတာ ဖြောင့်မတ်တာ။ လူတွေကတော့ ဖြောင့်မတ်တယ်ဆိုလို့ရှိရင် အ,တယ်လို့ ထင်ကြတာ။ ဒီဖြောင့်မတ်တဲ့အပေါ်မှာ ဘာထပ်ပြီးတော့ ဆင့်ပေးရမလဲဆိုတော့ ထက်မြက်တာကို ဆင့်ပေးရမယ်။ ဘာဆင့်ပေးရမလဲ။ (ထက်မြက်တာဆင့်ရပါမယ် ဘုရား)။ ရိုးသားထက်မြက်ပြီဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်က သိပ်ပြီးတော့ သာသနာအတွက်လည်းပဲ အသုံးကျသွားမှာပဲ။ လူလောက ရောက်လို့ရှိရင်လည်း လူလောကမှာလည်း အသုံးကျမှာပဲ။ ရိုးတော့ ရိုးပါရဲ့။ထက်

www.dhammadownload.com

မြက်မှု မရှိဘူးဆိုရင်တော့ ဒါဟာ သိပ်ပြီးတော့ မကောင်းသေးဘူးပေါ့။

တရားထူးအင်္ဂါ

ကျောင်းစည်းမျဉ်းနဲ့ စပ်ပြီးတော့ သွားတဲ့ အခါမှာလည်းပဲ ဘယ်ဝင်မယ် ဘယ်ဝင်မယ်လို့ တစ်ခါတည်း လျှောက်သွားတာ ကောင်းပါတယ်။ တတ်နိုင်သမျှ ပြောသွားပါ။ ပြောတဲ့အတွက် ဘာအကျိုးထွက်လာမလဲဆိုတော့ မဟုတ်တဲ့နေရာတွေ မသွားဖြစ်၊ မဟုတ်တာတွေ မလုပ်ဖြစ်တော့ ဘူး။ ကွယ်ရာမှာလည်းပဲ ရိုးသားဖြောင့်မတ်မှု ကောင်းတယ်။ တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာလည်း တရားထူးရဖို့အတွက် အင်္ဂါငါးချက်ရှိတဲ့ နေရာမှာ ဘာပါလဲဆိုတော့ ရိုးသားဖြောင့်မတ်မှု ပါတယ်။ တပည့်တော်တို့ အားလုံးရတဲ့ ဆောင်ပုဒ်လေး ဆိုကြည့်စမ်းပါ။

"ယုံကြည် ကျန်းမာ၊ စိတ်ဖြောင့်ကာဖြင့်၊
လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်
ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း"

အဲဒီတော့ မဂ်ဖိုလ်ရကြောင်းတရားထဲမှာ နံပါတ်(၁)က 'ယုံကြည်'ဆိုတဲ့ သဒ္ဓါတရား ရှိရတယ်။ (၂) 'ကျန်းမာ'ဆိုတဲ့ ကျန်းမာရေးလည်း ကောင်းရတယ်။ (၃) 'စိတ်ဖြောင့်ကာဖြင့်'တဲ့။ တပည့်တော်ပြောချင်တာ အဲဒါပဲ။ စိတ်ထားကို ဖြောင့်ဖြောင့်မတ်မတ် ထားရတယ်။ တရားစစ်ပြီဆိုလို့ရှိရင်လည်း ကိုယ်ကမှ တရားမတက်ဘဲနဲ့ အများတွေ လျှောက်ပြောရင် ဒီပုဂ္ဂိုလ်က တရားဘယ်လောက်ထိုင်ထိုင် ကြားတဲ့အတွက်၊ မဟုတ်မမှန်တာတွေ ပြောတဲ့အတွက်၊ ရိုးသားမှု ပျောက်နေတဲ့အတွက် တရားဆိုတာ မရနိုင်ဘူး။ ဒါကြောင့် တပည့်တော်တို့ ရိုးသားမှုဆိုတာ သိပ်ပြီးတော့ လိုအပ်တယ်။

အတွေ့အကြုံအရ

သံဃာ့ဂုဏ်တွေထဲမှာလည်း အရေးကြီးတဲ့ အကြောင်း လက်ရွေးစင်ဂုဏ်ထဲမှာ ပါတယ်။ တရားအားထုတ်တဲ့နေရာမှာလည်းပဲ မရှိမဖြစ် တရားရခြင်းရဲ့ အကြောင်းထဲမှာ ဒီရိုးသားဖြောင့်မတ်မှု ပါတယ်။ ဒါကြောင့်မို့ တပည့်တော်တို့ ဘာပဲလုပ်လုပ်ပေါ့၊ အခြေခံက ရိုးသားမှု ရှိရမယ်။ တပည့်တော်တို့ ခုနက ပြောခဲ့သလို တောင်းပန်လို့ရှိရင် ဝတ်ဆိုတာ ကျပါတယ်။ ကိုယ်ဘယ်သွားစရာရှိတယ်ဆိုရင် တပည့်တော် ဘယ်သွားမယ်၊ ဘယ်ဝင်စရာရှိသေးလို့ အချိန်က ဘယ်လောက်ထိ ဖြစ်သွားနိုင်တယ်၊ အဲဒါမျိုးကျတော့ တပည့်တော်တို့ နောက်ကျသွားပေမဲ့လို့ ခွင့်လွှတ်နိုင်တယ်ပေါ့။ ခုတော့ မဟုတ်ဘူး။ တပည့်တော်တို့ဆီ လျှောက်တာက တစ်နေရာ၊ သွားတာက သုံးလေးနေရာ။ ဒါ ခုချိန်တော့ ကိစ္စမရှိသေးဘူးပေါ့ဘုရား။ သံဃာလည်းပဲ နည်းသေးတယ်။ သံဃာများလာပြီဆိုတာနဲ့ တစ်ပြိုင်နက် တပည့်တော်တို့ ပြဿနာပေါင်းစုံက ဟောဒီကနေ ဝင်လာတော့မှာ။ ဒါ တပည့်တော် စာပေအတွေ့အကြုံအရရော၊ တကယ့်အတွေ့အကြုံအရရော အရှင်ဘုရားတို့ကို ပြောခြင်း ဖြစ်တယ်ပေါ့။

ဒါကြောင့်မို့ နောက်ဆုံးပြောချင်တာက အရာရာမှာ ကိုယ်မှားပြီဆိုရင်လည်း တောင်းပန်။ တောင်းပန်လို့ရှိရင် ခွင့်လွှတ်လိုက်ကြတာပဲ။ ဒီလိုပဲပေါ့။ ကိုယ်နောက်ကျခြင်းရဲ့အကြောင်းကို စောစောကတည်းက ကျမယ်မှန်းသိလို့ရှိရင် ဘယ်မှာ ဘယ်မှာဝင်မယ်၊ ဒါကြောင့် ဘယ်လို ဖြစ်နိုင်တယ်။ မြို့ထဲသွားမယ်ဆိုလို့ရှိရင်လည်း ဘယ်သွားမယ်ဆိုရင် ဘယ်မှာ ဘာလုပ်စရာရှိသေးတယ်။ ဒါမျိုးလေးတွေ ပန်ပြောပေါ့။ တစ်နေရာ

www.dhammadownload.com

လျှောက်ပြီးတော့ နှစ်နေရာ၊ သုံးနေရာကို သွားလိုက်တယ်ဆိုလို့ရှိရင် နောက်ပိုင်းမှာ ဒီ ပုဂ္ဂိုလ်တွေက ရိုးသားမှုပျောက်ပြီးတော့ အမှား ဘက် ရောက်တတ်တာ များတယ်။ ဒါကြောင့်မို့ အားလုံး အားလုံး ရိုးသားပြီးတော့ ထက်မြက်တဲ့ ပုဂ္ဂိုလ်များ ဖြစ်အောင် ကြိုးစားနိုင်ကြပါစေ ကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

ခန္ဓိတရားလက်ကိုင်ထား

၁၃၆၇ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်နေ့
၂၀၀၅ ခု၊ မေလ ၃၀ ရက်၊ တနလ်ာနေ့ ည

စာသင်တိုက်လုပ်တာ စိတ်မညစ်ပါ

ကဲ ... ဒီနေ့ည ပြောစရာရှိတာလေးတွေ ထပ်ပြီးတော့ သတိပေးတဲ့အနေနဲ့ ပြောမယ်ပေါ့။ သတိပေးစကား များများပြောရတယ်ဆိုတာလည်း အရေးမယူချင်လို့ တပည့်တော်အနေနဲ့ ထပ်ထပ်ပြီးတော့ ပြောပေးနေတယ်။ တစ်ဦးချင်းအနေနဲ့လည်း ပြောပေးနေတယ်။ အားလုံးခြုံပြီးတော့လည်း ပြောပေးနေတယ်။ ချက်ချင်းအရေးမယူချင်လို့ပေါ့။ ခြုံပြီးတော့ ပြောလိုက်ရင် တပည့်တော်အတွက်တော့ သက်သာတယ်ပေါ့။ ဒါပေမဲ့ အရှင်ဘုရားတို့ အတွက်ကျတော့ နစ်နာတယ်။ ဒါကြောင့် ထပ်တလဲလဲ ထပ်ပြီးတော့ ဒါမျိုးတွေ မလုပ်ပါနဲ့၊ စိတ်ထားကို ဖြောင့်အောင်ထားပါ၊ ဒါမျိုးလေးတွေ တပည့်တော် ပြောပေးတယ်။

ဆွမ်းကျောင်းနဲ့ပတ်သက်လို့ ဟိုတုန်းကလည်း ပြဿနာလေးတွေ ဖြစ်ခဲ့တယ်။ အခုလည်း ဖြစ်နေတယ်။ နောင်လည်း ဖြစ်ဦးမှာပဲ။ မဖြစ်ပါနဲ့လို့ ပြောလို့မရဘူးပေါ့။ စာသင်တိုက်ထောင်မယ်ဆိုရင် ဒီလိုပြဿနာတွေ ဖြစ်မယ်ဆိုတာ တပည့်တော် ထည့်တွက်ပြီးသားပါ။ ဆွမ်းကျောင်းမှာ ဆွမ်းကျောင်းဘုန်းကြီး ကောင်းကောင်းလိုတယ်။ ပြဿနာတွေ ဖြစ်မလာအောင် ဘယ်လိုလုပ်မလဲ။ ကြိုတင်ပြီးတော့လည်း သြဝါဒပေးခဲ့တယ်။

www.dhammadownload.com

ဖြစ်လာလို့ရှိရင်လည်း တရားတဲ့နည်းလမ်းနဲ့ ဘယ်လိုဆောင်ရွက်မလဲဆိုပြီးတော့ ဒီစိတ်ရှိလို့လည်း ဒီအချိန်အထိ စာသင်တိုက်ဆိုတာကို တပည့်တော် စိတ်မပျက်တာပေါ့။

အဲဒီတော့ ပြဿနာမဖြစ်ပါနဲ့လို့တော့ တောင့်တလို့မရဘူး။ (၁) ပြဿနာမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်း။ (၂) ဖြစ်လာတဲ့ ပြဿနာကို တရားမျှတစွာ ဖြေရှင်းနိုင်ခြင်းဆိုပြီး ဒီနှစ်ခုပဲ ရှိတယ်။ မဖြစ်ပါနဲ့လို့တော့ တောင့်တမနေပါဘူး။ မဖြစ်ခင် ကြိုတင်ကာကွယ်မယ်။ ဖြစ်လာရင် တရားမျှတစွာ ဖြေရှင်းမယ်။ ပြဿနာဖြစ်တိုင်းလည်း ချက်ချင်းအရေးမယူဘဲ စိတ်ရှည်ရှည်ထားပြီး သတိပေးစကား များများ ပြောခဲ့တယ်ပေါ့။ ချက်ချင်းအရေးယူလိုက်ရင် ပြောရသက်သာတယ်။ ကိုယ့်အတွက်သက်သာပေမဲ့ အရှင်ဘုရားတို့အတွက် နစ်နာမယ်။ ဒါကြောင့် မို့လည်း ခုလို ခဏတိုင်း ပြောနေရတယ်ပေါ့။

လောဘ၊ဒေါသ အစွန်းမထွက်စေနဲ့

တစ်လောက တပည့်တော် ရန်ကုန်သွားတုန်းက တောင်မြို့ဂန္ဓာရုံက စာချဘုန်းကြီး ဦးပညာနန္ဒနဲ့တွေ့တယ်။ သူပြောပြတာလေးတစ်ခု တပည့်တော်ပြောပြမယ်။ ယောဆရာတော်ကြီးရဲ့ စိတ်ဓာတ်ကလေးအကြောင်း ...။ တပည့်တော်တို့လည်း သဘောကျတယ်။ ဘာလဲဆိုတော့- ဆရာတော်ကြီးက ကိုရင်ကြီးတွေ ရဟန်းဒကာမရှိလို့ရှိရင် သူ့လာပြီးလျှောက်ဖို့ ဖိတ်ထားပုံပေါက်ပါတယ်။ ဒါကတော့ ဆရာတော်ကျောင်းတိုက်ကို မေးကြည့်မှ တိတိကျကျသိမယ်ပေါ့။ တပည့်တော်က တစ်ဆင့်စကား ကြားခဲ့တာ။

အဲဒီတော့ တတိယဆင့်ကိုရင်တစ်ပါးက သူ့ကို ရဟန်းဒကာပေးဖို့ ဆရာတော့်ဆီ သွားလျှောက်တယ်တဲ့။ လျှောက်တဲ့အခါမှာ ဘာထည့်လျှောက်သလဲဆိုတော့ သူ့ကို ရန်ကုန်မြို့က စေတနာကောင်းတဲ့ ဒကာကောင်းကောင်း ပေးပါလို့ လျှောက်သတဲ့။ လောဘအစွန်းထွက်ပြီးတော့ ဒကာကောင်းကောင်း လိုချင်တဲ့ပုံစံမျိုး သွားလျှောက်မိတယ်ပေါ့။ လျှောက်လည်းပြီးရော ဆရာတော်က ကျောင်းထဲကနေပြီး ထွက်ပါတော့လို့ ပြောလိုက်သတဲ့။ ဘာဖြေရှင်းခွင့်မှလည်း မပေးတော့ဘူး။

ဒီနေရာမှာ ကြည့်လိုက်ရင် ပြစ်မှုလေးက ဘာမှမဟုတ်ဘူးပေါ့။ ဒါပေမဲ့ ရေရှည်ကြည့်တဲ့အခါမှာ ဒီပုဂ္ဂိုလ်ဟာ လောဘအစွန်းထွက်တယ်လို့ ဆရာတော်အနေနဲ့ ယူဆကောင်း ယူဆပါလိမ့်မယ်။ ဒီအချိန်မှာတောင် လောဘအစွန်းထွက်နေတော့ ကြီးလာလို့ စာချဘုန်းကြီးဖြစ်ရင်လည်း ဒီစိတ်မပြင်ဘူးဆိုရင် မျောက်နီစပ်ပုံစံ ဒီဇာတ်လမ်းမျိုးသွားမှာပဲ။ ဒါဖြင့် စာချဘုန်းကြီး ဘဝကနေ ကျောင်းဘုန်းကြီးဖြစ်တော့ရော ဆိုတော့ လောဘကြီးတဲ့ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် သာသနာအတွက် သိပ်ပြီးအရာမရောက်ဘူးပေါ့။ အရာရာ ကိုယ်လိုချင်တဲ့စိတ်တွေနဲ့ ဒကာ၊ ဒကာမတွေကို ဆက်ဆံမယ်ဆိုရင် သာသနာအတွက် သိပ်ပြီးတော့မကောင်းဘူးလို့ ဆရာတော် ဒီလို ယူဆပုံရပါတယ်။

ဒါကြောင့် လောဘအစွန်း၊ ဒေါသအစွန်း ထွက်တာဟာ အပြစ်ကြီးတစ်ခုပဲလို့ ဆရာတော်က ရှုသွားတယ်လို့ တပည့်တော်အနေနဲ့ ယူဆပါတယ်။ တပည့်တော်အနေနဲ့ အဲဒါကို သိပ်သဘောကျတယ်။ ဒါကြောင့် ဒီမှာလည်း လောဘ၊ ဒေါသအစွန်းတွေ မထွက်ကြဖို့ တပည့်တော် ခဏတိုင်း ပြောပါတယ်။ ပြောပေမဲ့လို့ ဒါလေးတွေ ဖြစ်လာတယ်။

www.dhammadownload.com

သည်းခံနိုင်ရတယ်

ဟိုတုန်းကလည်း ဒီကျောင်းမှာ ပြဿနာလေးတွေ ဖြစ်ခဲ့တယ်။ ပြဿနာဖြစ်လိုက်ရင် လောဘအစွန်း၊ ဒေါသအစွန်းတွေကြောင့်ပါပဲ။ ဆွမ်းခံပြန်လာပြီဆိုရင် ဆွမ်းကျောင်းဝေယျာဝစ္စကိုရင်လေးတွေကို ပင်ပန်းလို့ အကြော်လေးတွေကို ဦးစားပေးပြီး ဝေတယ်။ ဒါကို ဆွမ်းခံထွက်ရတဲ့ ကိုရင်တွေက မကျေနပ်ဘူး။ ကိုယ်ကတော့ ဆွမ်းခံထွက်ရပြီး သူတို့က စားတယ်ပေါ့။ ဒါ ဘာလဲဆိုတော့ ဆာလောင်မွတ်သိပ်ခြင်းကို သည်းမခံနိုင်တဲ့ ဒေါသ၊ စားချင်တဲ့လောဘ၊ ဒါတွေအကြောင်းပြုပြီးတော့ လောဘ၊ ဒေါသ အစွန်းထွက်သွားတယ်။ ဒါကြောင့် ပြဿနာတွေ ဖြစ်တတ်တယ်။ ဖြစ်လည်းပဲ ဖြစ်ခဲ့ဖူးတယ်ပေါ့။ ဘာမှတော့ မဟုတ်ဘူး။

အကြောင်းလိုက်စစ်လိုက်တဲ့အခါမှာ ဆွမ်းခံထွက်တဲ့ကိုရင်က သေသေချာချာမလေ့လာဘဲနဲ့ ဟိုကြားဒီကြားနဲ့ မကျေနပ်လို့ ဒေါသထွက်တယ်။ ပြောတယ်။ ဆွမ်းကျောင်းကိုရင်ကလည်း သည်းမခံနိုင်ဘဲ ငါမှန်သားပဲဆိုပြီး ဒေါသတွေ ထွက်တယ်။ ဒါဟာ နှစ်ဖက်စလုံး ခန္တီဆိုတဲ့ သည်းခံခြင်းတရား မရှိကြတာပဲ။ ဆွမ်းကျောင်းကိုရင်ကို စောစောက ခေါ်ပြောတယ်။ ဆွမ်းကျောင်းမှာ လုပ်တယ်ဆိုတာ သဒ္ဓါတရားရှိရုံနဲ့ မပြီးပါဘူး။ ပြောလာတဲ့စကားတွေကို တတ်နိုင်သမျှ သည်းခံရတယ်။ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် သည်းခံနိုင်ရတယ်။ ဒီလိုစိတ်ဓာတ်မျိုးရှိမှ ဆွမ်းကျောင်းက နေလို့ရတာ။ ကိုယ်တောင်မှ ဒီလိုဆို အမြဲတမ်း ဆွမ်းကျောင်းမှာ တာဝန်ခံပြီး လုပ်နေရတဲ့ပုဂ္ဂိုလ်တွေဆို ဘယ်လိုလုပ်မလဲ။ ဘေးကတော့ ပြောကြမှာပဲ။ ပြောတာကို သည်းမခံနိုင်ရင် ဘယ်လိုလုပ် ဆွမ်းကျောင်းမှာ နေလို့ဖြစ်ပါ့မလဲ။ ဒါကြောင့် ကိုရင်ကို သည်းခံဖို့ ခေါ်ပြောတာ။

ပြောတာကိုလိုက်နာပါ

ဘုန်းကြီးဘက်ကလည်း ချွတ်ယွင်းချက် ရှိပါတယ်။ တကယ်တော့ စိတ်ဓာတ်ကလေးတွေ ပြုပြင်ဖို့ တစ်လတစ်ကြိမ်၊ နှစ်ကြိမ်လောက် စိတ်ဓာတ်လေးတွေ ပြောင်းဖို့၊ ပြုပြင်ဖို့ ခေါ်ပြီး တော့ ပြောသင့်တယ်။ တပည့်တော်ကလည်း နာယကတွေ၊ ဘာတွေ သိလိမ့်မယ်ဆိုပြီး လွှတ်ထားမိလိုက်တာ။ ဒါလည်းပဲ တပည့်တော်ရဲ့ ချွတ်ယွင်းချက်တစ်ခုလို့ သုံးသပ်မိပါတယ်။ ဒါကြောင့် ဒီနေ့ ခေါ်ပြီးတော့ အကြောင်းအကျိုး ပြောတာပါ။

သူတို့ဘက်က သည်းခံမှုအားနည်းတယ်။ သူတို့တွေးတာက အပင်ပန်းခံရတယ်။ မှန်တာ လုပ်တယ်။ သို့သော် အပြောခံရတယ်ပေါ့။ သာမန်ပုထုဇဉ်အနေနဲ့တွေးရင် သူတို့ဘက်က မှန်တယ်လို့ ယူဆမှာပဲ။ သူတော်ကောင်းမျက်စိနဲ့ ကြည့်ရင်တော့ ခန္တီတရားအားနည်းတဲ့အတွက် ဘာမှမဟုတ်တာလေးနဲ့ ပြဿနာသွားဖြစ်တယ်ပေါ့။ ဒါ ဆွမ်းကျောင်းကိုရင်တွေကို ပြောရင်းနဲ့ အားလုံးကို သည်းခံစိတ်ထားဖို့ သတိပေးပါတယ်။ တပည့်တော်ပြောတာကို သတိထားပြီး လိုက်နာကြပါ။

ညီညွတ်ရမယ်

နောက် ... ပြောတဲ့ပုဂ္ဂိုလ် ရှင်.....ကလည်း ဘာရယ်မဟုတ်ဘူး။ တစ်ခါတစ်ရံလေး အဆင်မသင့်တာကို ပြောချလိုက်တော့တာပဲ။ တပည့်တော်တို့ ဆွမ်းကျောင်းဆိုတာ ငွေပေးပြီး လူမငှားနိုင်ဘူး။ လူမငှားနိုင်တော့ တတ်နိုင်သမျှ တစ်ခါတစ်ရံမှာ ချွေတာပြီးတော့ လုပ်ရတာတွေ

www.dhammadownload.com

အများကြီးရှိတယ်။ ဒါလည်း ပြောဖူးပါတယ်။ တစ်ခါတစ်ရံ အဆင်မပြေတာလေးကို တတ်နိုင်သမျှ သည်းခံပြီး ဘုဉ်းပေးသွားရင် ပြီးတာပဲ။ 'ဒီဟာတွေက ငန်တယ်၊ စေတနာမရှိရင် မလုပ်နဲ့' စသည်ဖြင့် လုပ်နေတဲ့လူတွေအပေါ်မှာ ပါးစပ်သရမ်းလိုက်တဲ့အခါမှာ ဘာမှမဟုတ်ဘဲနဲ့ ပြဿနာဖြစ်တယ်။ တစ်ဘက်က မခံချင်စိတ်တွေ ဖြစ်လာတယ်။

ဒါ ဘာလဲဆိုတော့ အစားအသောက်နဲ့ ပတ်သက်တဲ့အခါမှာ သည်းခံမှုမရှိဘူး။ သည်းခံမှုမရှိတာကို အဖြောင့်အနက်ယူလိုက်ရင် လောဘအစွန်းထွက်တယ်လို့ ဒီလိုပဲ ဆိုရမယ်။ လောဘအစွန်းထွက်တော့ ကိုယ်စားချင်သလောက် ကောင်းကောင်းမစားရတော့ ဒေါသကဖြစ်။ ဒေါသဖြစ်တော့ သူတစ်ပါးအပေါ်မှာ သွားပြီးတော့ ပုတ်ခတ်တာတွေဖြစ်တယ်။ ဒါလည်း မနေ့ညက ဒီကိုရင်ကို သတိပေးပြီးပြီ။ ဒီကိုရင်နဲ့ ပတ်သက်လို့ ခဏခဏ သတိပေးနေရတာပဲ။ ဒီစကားလေးတွေဟာ အမှတ်တမဲ့နဲ့ သူများကို သွားပြီးထိခိုက်တယ်။ ဒါဟာ ကောင်းကို မကောင်းဘူး။ ဒီမှာနေတဲ့အချိန်မှာ တတ်နိုင်သမျှ ညီညီညွတ်ညွတ်နေရမယ်။

အဲဒီနေ့က ခေါက်ဆွဲငန်မှန်း တပည့်တော် သိတယ်။ သိပေမဲ့ ဒီအတိုင်း စားသွားတာပဲ။ ဘာမှ မပြောဘူး။ ပြီးတော့မှ ဘာကြောင့်ဖြစ်တယ်ဆိုတာ အကြောင်းအကျိုး မေးကြည့်ပြီး သိရင်ပြီးတာပဲ။ တပည့်တော်တောင်မှ ဒီအတိုင်း စားသေးတာပဲ။ ဒီမှာ ဆရာတော်ဖြစ်တဲ့ ဘုန်းကြီးကတောင် ပြဿနာမဖြစ်ဘဲနဲ့ အောက်လူက သွားပြီး ဟိုလူငေါ့၊ ဒီလူငေါ့နဲ့ ပြဿနာသွားဖြစ်နေတယ်။ အဲဒီကိုရင်ကိုလည်း တပည့်တော် သေသေချာချာ ခေါ်ပြောပြီးပြီ။

မိဘအလားပါရမီနှစ်ပါး

သည်းခံမှုနဲ့ပတ်သက်လို့ ဘုရားဟောထားတာတွေ အများကြီးရှိတယ်။ ပါဠိတော်တွေ ခဏထားပြီး လယ်တီဆရာတော်ဘုရားကြီး ရေးထားတဲ့ ဥတ္တမပုရိသဒီပနီထဲမှာ ပါတာလေး ပြောပြမယ်။ ဘာလဲဆိုတော့ ကုသိုလ်တရားတွေမှာ ပါရမီဆယ်ပါးဖြစ်ဖို့အတွက် ခန္တီပါရမီဆိုတဲ့ သည်းခံခြင်းပါရမီနဲ့ ဥပေက္ခာပါရမီဆိုတဲ့ လျစ်လျူရှုခြင်းပါရမီ ဒီနှစ်ခုက မုချလိုအပ်တယ်တဲ့။ ခန္တီပါရမီဟာ မိခင်နဲ့တူပြီး ဥပေက္ခာပါရမီဟာ ဖခင်နဲ့တူတယ်တဲ့။ လောကမှာ မိဘမရှိဘဲနဲ့ မွေးဖွားလာတဲ့ပုဂ္ဂိုလ်ဆိုတာ သိပ်ကိုအံ့သြဖို့ကောင်းတယ်တဲ့။ တစ်ခါတစ်ရံတော့ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ပုံမှန်ကတော့ မိဘဆိုတာ ရှိကိုရှိတယ်။

ဒီလိုပဲ ဒါနပါရမီ၊ သီလပါရမီ၊ တရားအားထုတ်ခြင်း နေကွမ္မပါရမီ စသည်ဖြင့် ဖြစ်ချင်ပြီဆိုရင် ခန္တီပါရမီနဲ့ ဥပေက္ခာပါရမီ ရှိကိုရှိရမယ်။ ဒါနပြုတဲ့ပုဂ္ဂိုလ်ကလည်း ဒါနကုသိုလ်ဖြစ်ချင်ရင် ကိုယ်ပေးလိုက်တဲ့ ငွေအတွက် ကိုယ့်မှာ စားဝတ်နေရေး ခြိုးခြံချွေတာရတယ်။ ဒါဟာ ခန္တီပါရမီပေါ့။ တစ်နေရာရာသွားပြီး ကုသိုလ်လုပ်တယ်ဆိုရင် အေးတာ၊ ပူတာ သည်းခံရတယ်။ ခြင်ကိုက်တာ၊ အနေအထိုင် အဆင်မပြေတာ သည်းခံရတယ်။ ဒါတွေ သည်းမခံနိုင်ရင် ကုသိုလ်ပါရမီ မဖြစ်ဘူးပေါ့။ အပြင်က ပြောလာတာတွေကိုလည်း လျစ်လျူရှုရတာတွေ ရှိတယ်။ ဒီသဘောတရားတွေမှ မရှိဘူးဆိုရင် တပည့်တော်တို့ ကုသိုလ်ပါရမီဆိုတာ ဘယ်တော့မှ မဖြစ်နိုင်ဘူးပေါ့။

အဲဒီတော့ ခန္တီပါရမီနဲ့ ဥပေက္ခာပါရမီဆိုတဲ့ မိဘနှစ်ပါးပြည့်စုံလို့ ကျန်တဲ့ကုသိုလ်တွေ

www.dhammadownload.com

လုပ်ပြီဆိုကြပါစို့။ ဒါနတွေပြုတယ်။ သီလတွေ ဆောက်တည်တယ်။ ပညာဘာဝနာတွေ ပွားများတယ်။ ဒါပေမဲ့လို့ ဆရာတော်ကြီးက ဆက်ပြီးတော့ ရေးထားတယ်။ ဒီအထဲမှာ နေကွမ္မပါရမီနဲ့ စောင့်ရှောက်နိုင်မှ လုပ်သမျှကုသိုလ်တွေဟာ ပါရမီစာရင်းထဲ ဝင်ပါသတဲ့။ နေကွမ္မပါရမီဆိုတာ စိတ်ဓာတ်ရေးရာပဲ။

နေကွမ္မသဘော

ဥပမာ ဒါနပြုတယ်ဆိုပါတော့။ ကိုယ့်မှာ ငွေကုန်သွားတယ်။ သို့မဟုတ် ကိုယ့်ပစ္စည်းကို စွန့်လွှတ်လိုက်တယ်။ ကိုယ်က ခြိုးခြံချွေတာရတယ်။ ဖြစ်သလိုနေတယ်။ ဒါက ခန္ဓာ သည်းခံမှုတစ်ခုပေါ့။ ဟိုပြောဒီပြောတွေကို လျစ်လျူရှုတဲ့ ဥပေက္ခာလည်း ရှိနေပြီ။ ဒါပေမဲ့ နေကွမ္မနဲ့ မစောင့်ရှောက်ဘူးဆိုရင် ပါရမီကုသိုလ်မဖြစ်ဘူးတဲ့။ အဲဒါ ဘာပြောတာလဲဆိုတော့ ... ဒီနေကွမ္မဆိုတာ တပည့်တော်ပြောနေကျပဲ။ 'ကာမတော စ ဘဝတော စ နိက္ခမနလက္ခဏံ' ...။ နေကွမ္မဆိုတာ ကာမတရား ဘဝတရားတို့မှ ထွက်မြောက်ခြင်းလက္ခဏာရှိတယ်။

ကာမဆိုတာ လိုချင်ခြင်းသဘော။ ဒါနပြုတယ်၊ ကိုယ့်အတွက် ဘာဖြစ်ရပါလို၏ဆိုတဲ့ လိုချင်စိတ်နဲ့ပြုတယ်။ စာချုပ်ဆိုရင်လည်း ကိုယ့်အတွက် ဘာဖြစ်ချင်လို့ ညာဖြစ်ချင်လို့ စာချုပ်ဆိုရင် ဒါ ပါရမီမမြောက်ဘူး။ ကာမတရားထဲမှာပဲ ဝဲ့လည်လည်ဖြစ်နေသေးတယ်။ နောက်ပြီးတော့ ဘဝတရား ... ။ ဒါနပြုခြင်း၊ စာချုခြင်းကို အကြောင်းပြုပြီး သုံးဆယ့်တစ်ဘုံထဲမှာ တောင့်တနေတယ်ဆိုရင်လည်း ဒါဟာ နိဗ္ဗာန်ကို မတောင့်တမချင်း၊ နိဗ္ဗာန်ကိုရည်ရွယ်ပြီး မပြုမချင်း ဘဝတရားကို သွားပြီးတော့ မက်မောရင်၊ ဘဝတရားက မကျော်လွန်နိုင်ဘူးဆိုရင်လည်း ပါရမီဖြစ်ဖို့ ခဲယဉ်းတယ်။ အဲဒီတော့ ဒါနပြုတယ်၊ စာချုတယ်၊ ကိုယ်နဲ့စပ်တဲ့ ပုဂ္ဂိုလ်တွေ ကောင်းကျိုးဖြစ်စေလိုတဲ့ စေတနာ၊ စိတ်ဓာတ်နဲ့ပြုမှ ပါရမီအဆင့်ရောက်တယ်။

အက္ခမော ဟောတိ

တပည့်တော်တို့ မဟာဝါထဲမှာ ပါတယ်။ ကလေးငယ်လေးတွေ သာသနာ့ဘောင် ဝင်လာတဲ့အခါမှာ မြတ်စွာဘုရားက ဒီအရွယ်လေးတွေဟာ သည်းခံနိုင်မှုမရှိသေးဘူးတဲ့။ ဘာတွေကို သည်းမခံနိုင်တာလဲဆိုတော့ စာအနေနဲ့ပြောရရင်တော့ 'အက္ခမော ဟောတိ သီတဿ ဥဏှဿ' တဲ့။ အအေးအပူကိုလည်း သည်းမခံနိုင်သေးဘူး။ အအေးအပူသည်းခံနိုင်တယ်ဆိုတာ လုပ်ငန်းလုပ်စရာရှိတယ်၊ အေးတာတွေ ပူတာတွေ ထည့်မတွက်နဲ့တော့။ စာကျက်စရာရှိရင်လည်း ကိုယ့်ဟာကိုယ် ကြိုးစားကျက်တယ်။ အေးတာပူတာနဲ့ ပတ်သက်ပြီး ဒေါသတွေထွက်ပြီးတော့ ရာသီဥတုက ဘယ်လို၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ် အကြောင်းမပြနဲ့။ ဒါတွေကို သည်းခံနိုင်မှကောင်းတယ်ပေါ့။

နောက်ပြီးတော့ 'ဇိဃစ္ဆာယ ပိပါသာယ' တဲ့။ ဆာလောင်မွတ်သိပ်ခြင်းတွေ၊ ရေငတ်တာတွေကိုလည်း သည်းခံနိုင်ရတယ်။ တချို့က ကိုယ့်အတွက် အဆင်မပြေတာလေးတွေ့လာရင် ဒေါသတွေက သိပ်ပြီးတော့ကြီးတတ်တယ်။ ဦးဇင်းတစ်ပါးက ပြောတယ်။ သူကတော့ ကောင်းတယ်ထင်လို့ ပြောချင်ပြောမှာပေါ့လေ။ တပည့်တော်ကတော့ ဒါ မမှန်ဘူးထင်တယ်။ ဘာပြောလဲဆိုတော့ 'တို့ကတော့ စားချိန်ရောက်လို့မှ မစားရရင် အလွန်ဒေါသဖြစ်တာ' တဲ့။

www.dhammadownload.com

ဆွမ်းပြင်တဲ့ကိုရင်တွေကို ပြောလေ့ရှိသတဲ့။ ဒါတွေကိုလည်း သည်းခံရမှာပဲ။

ပါရမီအဆင့်ရောက်ဖို့

အခုလည်းပဲ ပြဿနာတွေဖြစ်တာ အဲဒီလို သည်းမခံနိုင်လို့ပဲ။ ကိုရင်ကြီးတစ်ပါးကလည်း ဟင်းပေါင်းနည်းလို့ ငါကိုင်ပြီးတော့ ပြောနေတယ်တဲ့။ တပည့်တော် ပြန်ကြားနေရတယ်။ ဒါတွေဟာ ဆာလောင်မွတ်သိပ်ခြင်းနဲ့စပ်ပြီးတော့ သည်းခံခြင်းတရား မရှိတာပဲ။ ဒီလိုမရှိဘူးဆိုရင် အရှင်ဘုရားတို့ ပါရမီကုသိုလ်ဖြစ်ဖို့ မပြောနဲ့၊ ရိုးရိုးကုသိုလ်ဖြစ်ဖို့တောင် မလွယ်ဘူး။ ခန္တီရှိမှ ရိုးရိုးကုသိုလ်ဖြစ်တယ်၊ နေကျမှုဓာတ်နဲ့ စောင့်ရှောက်မှ ပါရမီကုသိုလ်ဖြစ်တယ်။ အစားအသောက်နဲ့ ပတ်သက်ပြီး ဒီလောက်ကလေးမှ သည်းမခံနိုင်ဘူးဆိုရင် ဒီပုဂ္ဂိုလ်ဟာ ကုသိုလ်ဖြစ်ဖို့ မလွယ်တော့ဘူး။ ပါရမီဆိုတာ ဝေးရော။ ဒီလိုပုဂ္ဂိုလ်မျိုးတွေနဲ့ဆက်ဆံနေရတာ မကောင်းဘူးပေါ့။ ဒါကြောင့်မို့ ပြုပြင်ဖို့ တပည့်တော် မနေ့ကလည်း ပြောပြီးပြီ။

နောက်ပြီးတော့ 'ဥသ မကသ ဝါတာတပ သရီသပ သမ္မသာနံ ...' မှာ ခြင်္ဃာင် လေနေပူ မြွေကင်းတွေရဲ့ အကိုက်အခဲကိုလည်း သည်းခံရမယ်တဲ့။ ဒါကတော့ တပည့်တော်တို့ စစ်ကိုင်းမှာ သိပ်မရှိဘူး။ ထားတော့။

နောက်ပြီးတော့ 'ဒုရုတ္တာနံ ဒုရာဂတာနံ ဝစနပထာနံ' တဲ့။ သူတစ်ပါးကနေပြီးတော့ မှန်ရဲ့သားနဲ့ အပြစ်ပြောလာတာ၊ မမှန်လို့ ပြောလာတာ၊ ဒါတွေကိုလည်း သည်းခံရမယ်တဲ့။ ဒီလိုသည်းခံနိုင်မှ ကျန်တဲ့ကုသိုလ်တွေ လုပ်လို့ရပြီးတော့ ပါရမီအဆင့်မြောက်သွားမှာ။ ငါက မှန်တာလုပ်နေတာ၊ ငါ့ကို ဒီလိုပြောရမလား။ ဒေါသတွေနဲ့ လက်သီးလက်မောင်းတန်းတယ်။ ဒီလိုဆိုရင်တော့ ပါရမီ မပြောနဲ့၊ ရိုးရိုးကုသိုလ်တောင် ဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့်မို့ ဒါတွေကလည်း လိုအပ်တယ်။

ရိုးရိုးကုသိုလ်တောင်မှ

အထူးသဖြင့် စောစောက ဆွမ်းချက်တဲ့ ကိုယ်တော်တွေနဲ့စပ်လို့ 'ဒုရုတ္တာနံ ဒုရာဂတာနံ ဝစနပထာနံ အက္ခမဇာတိကော ဟောတိ' ဆိုတဲ့သဘော ဖြစ်သွားတယ်။ သူများပြောလာတာတွေကို သည်းမခံနိုင်ဘူး။ ပြောတဲ့ပုဂ္ဂိုလ်တွေကလည်း 'ဇေယ္ဌာယ ပိပါသာယ' ဆာလောင်မွတ်သိပ်တာ၊ ကိုယ်စားမကောင်းတာ၊ ကိုယ်မဝတာ၊ ဒါလေးတွေအကြောင်းပြုပြီး သည်းခံစိတ်နည်းသွားတယ်။ အဲဒီတော့ ဘယ်ဘက်ကကြည့်ကြည့်၊ သည်းခံစိတ်မရှိဘူးဆိုရင် ရိုးရိုးကုသိုလ်တောင်မှ ဖြစ်ပါ့မလား။ ရိုးရိုးကုသိုလ်မှ မဖြစ်ဘူးဆိုရင် ပါရမီကုသိုလ်ဆိုတာတော့ ဝေးရောပဲ။ ဒါလေးကို သဘောပေါက်ပါ။ ဒါစာပေနဲ့ ပြန်ချင့်ချိန်ပြီးတော့ ပြောပြတာ။

နောက်ပြီးတော့ ဘာတွေရှိသေးလဲဆိုတော့ 'ဥပ္ပန္နာနံ သာရီရိကာနံ ဝေဒနာနံ ဒုက္ခာနံ တိဗ္ဗာနံ ခရာနံ ကဋုကာနံ အသာတာနံ အမနာပါနံ ပါဏဟာရာနံ အက္ခမဇာတိကော ဟောတိ' တဲ့။ တပည့်တော်တို့ ရောဂါလေးတစ်ခု ရလာရင်လည်း သည်းခံရတာပဲ။ ဒါကိုပဲ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ပြုစုတဲ့ပုဂ္ဂိုလ်ကို အားမနာဘဲ လျှောက်ပြီးညည်းညူနေရင် ဘယ်ကောင်းတော့မှာလဲ။ ဒါကလည်းပဲ ကုသိုလ်ရခြင်းရဲ့အကြောင်းမဟုတ်ဘူးပေါ့။ ဒါကြောင့်မို့ အရှင်ဘုရားတို့ အချုပ်အနေနဲ့ သိထားဖို့က ပါရမီကုသိုလ်တွေထဲမှာ ရိုးရိုးကုသိုလ် ဖြစ်ချင်ရင်တောင်မှ ခန္တီ

www.dhammadownload.com

ပါရမီနဲ့ ဥပေက္ခာပါရမီ လိုအပ်တယ်။

အဲဒါ စိတ်ဆတ်တဲ့ပုဂ္ဂိုလ်တွေ သတိထားသင့်တယ်။ ငါက မဟုတ်မခံကွ၊ ကိုယ့်ပြောရင် ဒက်ခနဲ ပြန်ပြောမယ်ဆိုတာ မကောင်းဘူး။ ဒီပုဂ္ဂိုလ်တွေက ဘယ်တော့မှ ကုသိုလ်များများရမှာ မဟုတ်ဘူး။ စာသင်စာချနေလည်း ကုသိုလ်ရမှာ မဟုတ်ဘူး။ လူထွက်သွားလည်း ကုသိုလ်ရမှာ မဟုတ်ဘူး။ နေရာတကာမှာ ပြဿနာပေါင်းစုံနဲ့ တိုးနေမှာပဲ။ ဒါကြောင့်မို့ သည်းခံခြင်းတရားဟာ သိပ်ပြီးတော့ အရေးကြီးတယ်။ တပည့်တော်တို့ သူများပြောတာကိုလည်း သည်းခံရတယ်။ သည်းခံစိတ်ရှိလာရင် ကုသိုလ်ဖြစ်ဖို့ဆိုတာ တော်တော်လွယ်သွားတယ်။ ဒါတောင်မှ ပညာနဲ့ယှဉ်ပြီး နေကွမ္မတော် သွင်းနိုင်မှလည်း ပါရမီဆိုတာ ဖြစ်မှာပါ။

သာဓကယူပါတယ်

စောစောကပြောတဲ့ ယောဆရာတော်ကြီး ကျောင်းပြောင်းခိုင်းတဲ့ ကိုရင်ကြီးဟာ တကယ်တော့ အပြစ်ကလေးကတော့ သာမည်ကြည့်ရင် ဘာမှမဟုတ်ဘူး။ ဒါပေမဲ့လို့ ရဟန်းဖြစ်သွားလို့ ရှိရင် သူ့အပေါ်မှာ ရဟန်းဒကာတွေ မကောင်းမှာကို စိုးရိမ်ပြီး သွားလျှောက်တာ။ ဒီပစ္စည်းနဲ့ ပတ်သက်ပြီး သည်းမခံနိုင်တော့ လောဘအစွန်းတွေ ဒလဟောထွက်သွားတာ။ လောဘအစွန်းထွက်တာကို ပညာရှင် သူတော်ကောင်းတွေ သဘောမကျဘူးဆိုတာကို တပည့်တော်အနေနဲ့ ဒါလေးကို သာဓကယူခဲ့ပါတယ်။ အပြစ်လည်း မမြင်ဘူး။ သဘောလည်း တော်တော်ကျတယ်။

ဒါကြောင့်မို့ ဒီမှာတော့ အပြစ်ယူရမှာ စိုးနေလို့ လောဘအစွန်း၊ ဒေါသအစွန်းတွေ မထွက်ပါနဲ့၊ မထွက်ပါနဲ့လို့ ခဏခဏ သတိပေးပြီး စိတ်ဓာတ်ကို ပြုပြင်ပေးနေတာ။ အရှင်ဘုရားတို့အပေါ်မှာ အရေးယူရမှာဝန်လေးလို့ ဒါတွေကို ကြိုပြီးပြောနေတာပါ။ ဒါကို တချို့ပုဂ္ဂိုလ်တွေက နားလည်ပါတယ်။ ပြုပြင်ကြတယ်။ တပည့်တော် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါတယ်။ သည်းခံရကျိုး၊ အပင်ပန်းခံရကျိုး နပ်ပါတယ်။

တစ်ဖက်နဲ့တစ်ဖက်

တချို့ကတော့ နားမလည်ပါဘူး။ စကားပြောတာ ဆတ်တောက်ဆတ်တောက်နဲ့ ထောင့်မကျိုးတာတွေက ရှိသေးတယ်။ ဒီကိုရင်တွေကိုယ့်ဘာသာသိပြီး ပြင်တာကောင်းပါတယ်။ တပည့်တော် အရိပ်အမြွက် သတိပေးထားတာပါ။ စကားပြောရင် မှန်မှန်တည့်တည့်ပြောပါ။ ဝေ့လည်ကြောင်ပတ်တွေ မလုပ်ပါနဲ့။ ဒီဆွမ်းကျောင်းပြဿနာလေးတွေကို အရင်းစစ်လိုက်တဲ့အခါမှာ ကြီးကြီးမားမားအပြစ် တပည့်တော်သွားမတွေ့ပါဘူး။ တစ်ဖက်နဲ့တစ်ဖက် သည်းမခံနိုင်ကြတာပါပဲ။

အပြောခံရတဲ့ဘက်က၊ အလုပ်လုပ်တဲ့ဘက်က ဘာသည်းမခံနိုင်လဲဆိုတော့ 'ဒုရုတ္တာနံ ဒုရာဂတာနံ ဝစနပထာနံ' ကိုယ့်အပေါ်မှာ မကောင်းပြောလာတာကို သည်းမခံနိုင်တာ။ ဒါလေးပြောလာတာကို သည်းခံလိုက်ရင် ပြီးသွားတာပါပဲ။ ကျောင်းမှာ ပဓာနဖြစ်တဲ့ ဆရာတော်တွေ၊ ဆွမ်းကျောင်းဘုန်းကြီးတွေက ကိုယ့်အပေါ် အကောင်းမြင်ရင် ပြီးတာပဲဆိုတဲ့ စိတ်မရှိလို့ ဒီပြဿနာတက်တာပါ။ တစ်ဖက်ကလည်း ဘာလို့ပြောတာလဲ ကြည့်လိုက်တော့ သူလည်း သည်းမခံနိုင်လို့ပဲ။ ဘာကို သည်းမခံနိုင်တာလဲ။ 'ဇိဃ္ဆာယ ပိပါသာယ' ဆာတာကို သည်းမခံနိုင်လို့ အကုသိုလ်တွေ ဖြစ်သွားတာပဲ။

www.dhammadownload.com

ကိုယ်ဆာလောင်မွတ်သိပ်မှာကို သိပ်စိုးရိမ်လို့ သူများအပေါ်မှာ ပုတ်ခတ်ပြီးပြောတာ။ ဒါတွေကလည်းပဲ သည်းမခံနိုင်ခြင်းကြောင့် ဖြစ်တာပဲ။ အဲဒါလေးတွေ နားလည်အောင် တပည့်တော် ဒီနေ့ ပြောပြခြင်းဖြစ်ပါတယ်။

မေးလိုက်ရင်

တပည့်တော်က ပြဿနာတွေ မဖြစ်အောင် ဒါတွေကို ကြိုတင်ပြောတယ်။ ပြဿနာဖြစ်လာရင်လည်း တရားသဖြင့်ပဲ ဖြေရှင်းပေးတယ်။ ဒါပေမဲ့ မနေ့ညက လာပြီး လျှောက်တဲ့သူက ရှိသေးတယ်။ အဲဒီလျှောက်တဲ့ကိစ္စကို ဘယ်သူတွေက ပြောလို့လဲမေးတော့ ဒါကို ပြောလည်း မပြောနိုင်ဘူးတဲ့။ ဘာဖြစ်လို့မပြောနိုင်ရတာလဲဆိုတော့ ရင်းနှီးနေလို့ မပြောချင်ဘူးတဲ့။ အဲဒီစကားကို တပည့်တော် သိပ်မကြိုက်ဘူး။ နောက်ကို ဒီစကားမပြောပါနဲ့။ မေးလိုက်လို့ရှိရင် ဖြောင့်ဖြောင့်လေးပဲ ပြောပေးပါ။

တစ်နေ့ကလည်း တစ်ပါး မုသားစကားတွေ သိပ်ပြောလွန်းအားကြီးလို့ တပည့်တော် စိတ်ညစ်သွားတယ်။ ခုလည်းပဲ လာပြီး လျှောက်တယ်။ လျှောက်တော့ တပည့်တော်က မေးရင် ကိုယ်ဖြစ်တဲ့အတိုင်း ရိုးရိုးလေးဖြေပါ။ အမှန်အတိုင်း ပြောလိုက်တဲ့အတွက် ဒီပုဂ္ဂိုလ်ကို ဘာမှမစစ်မေးဘဲ အပြစ်မရှိဘဲ အပြစ်ရှိတယ်ဆိုပြီး နှင်ထုတ်တာတွေ၊ ဘာတွေရှိရင် လာခဲ့ပါ။ တပည့်တော် ရှင်းရဲပါတယ်။ တပည့်တော် ဘယ်တော့မှ အဲဒီလိုမလုပ်ဘူး။ ပြဿနာတစ်ခုဖြစ်လို့ လာလျှောက်တယ်ဆိုရင် လျှောက်တာကို ဘယ်တော့မှ အပြစ်မမြင်ဘူး။ လက်တွေ့ လိုက်ပြီး စစ်ဆေးတယ်။ တချို့ ဝန်မခံလို့ အရေးမယူခဲ့တာတွေ ဒီအထဲမှာ ရှိသေးတယ်။ တချို့လည်း သူ့ဘာသာသူ ထွက်သွားတယ်။ တပည့်တော် အနေနဲ့ အပြစ်ရှိတယ်လို့ သူကိုယ်တိုင် ဝန်ခံမှပဲ အရေးယူပါတယ်။

ခန္ဓိတရား လက်ကိုင်ထား

ဒါကိုပဲ သူက ရင်းနှီးနေလို့ ဘုန်းကြီးကို လျှောက်လိုက်ရင် တစ်မျိုးဖြစ်သွားမှာစိုးလို့ ဆိုတော့ တပည့်တော်က လျှောက်တဲ့အတိုင်း အားလုံးကို အရေးယူတယ်ဆိုတဲ့သဘော ဖြစ်နေတယ်။ ဒါ အရှင်ဘုရားတို့ဘက်က လေးလေးနက်နက် စဉ်းစားဖို့ပါ။ တစ်နည်းအားဖြင့် ဒီစကားဟာ ဘုန်းကြီးကို စော်ကားတဲ့သဘောမျိုးအထိ ရောက်နိုင်ပါတယ်။ တပည့်တော်က အဲဒီလိုမျိုး ဘယ်တော့မှမလုပ်ဘူး။ ပြဿနာဖြစ်လာပြီဆိုရင် ဖြေရှင်းပေးတယ်။ အားလုံးစိစစ်ပြီးတော့ မှန်အောင်ထိလိုက်တယ်။ နောက်ဆုံး လိုက်လို့မရဘူး၊ ဝန်မခံဘူး၊ ဘေးကလည်း မေးလို့မရဘူးဆိုရင် ဒီအတိုင်းပဲထားပြီးတော့ သတိပဲပေးတယ်။ နောက်ကို ဒါမျိုးမဖြစ်ပါစေနဲ့၊ တကယ်ဖြစ်လာရင် မကောင်းဘူးလို့ ဒါလောက်ပဲ တပည့်တော် ပြောတယ်ပေါ့။

အဲဒီတော့ ဒါလေးတွေကို အားလုံး သဘောပေါက် နားလည်ပြီးတော့ ကိုယ်စီကိုယ်စီ ခန္ဓိတရား လက်ကိုင်ထားပြီး နေပေးကြပါ။ အေးတာ ပူတာ သည်းခံ။ တစ်ရက်တလေ ဟင်းမကောင်းတာ သည်းခံ။ တစ်ရက်တလေ ဆာလိုက်တာနဲ့ ဘာမှမဖြစ်ပါဘူး။ တပည့်တော်လည်း တောင်မြို့ဂန္ဓာရုံမှာ နေခဲ့တာပဲ။ သကျသီဟ အဘိဝံသ အောင်တဲ့အထိ၊ စာချဘုန်းကြီးဘဝ ရောက်တဲ့အထိ နေခဲ့ပါတယ်။ တပည့်တော်တို့ ခေတ်မှာ ဟင်းခွက်ဆိုတာ မပြည့်စုံခဲ့ပါဘူး။ ဒီလိုပဲ ဖြစ်သလိုနေခဲ့တာပါပဲ။ ဒီမှာ အဲဒီလောက်

www.dhammadownload.com

မဆိုးပါဘူး။ တပည့်တော် ကိုယ်ချင်းစာပြီး တတ်နိုင်သလောက် လုပ်ပေးပါတယ်။ တစ်ရက်တလေ ဒီဟင်းကုန်သွားလို့ ဟိုဟင်းနဲ့စားလိုက်တော့ ဘာဖြစ်သွားမှာလဲ။ ဒါကိုပဲ ကြီးကြီးကျယ်ကျယ် ဘယ်ဟာက နည်းတယ်၊ ဘယ်ဟာက မလောက်ဘူးနဲ့ ဆွမ်းချက်တဲ့ပုဂ္ဂိုလ်တွေကို သွားပြီးအပြစ်တင်တယ်။ ဆွမ်းချက်တဲ့ပုဂ္ဂိုလ်တွေကို အပြစ်တင်တာဟာ အုပ်ချုပ်တဲ့ပုဂ္ဂိုလ်တွေအထိ သက်ရောက်သွားတယ်။

လာဆွေးနွေးပါ

တပည့်တော် ဖိတ်ခေါ်ပါတယ်။ တကယ်လိုအပ်တယ်ဆိုရင် လာခဲ့ပါ။ ဘယ်ဟာက ဘယ်လိုတော့ ဖြစ်နေတယ်၊ ဘယ်လိုလေးလုပ်ရင် ကောင်းမယ်ထင်တယ်။ ဒီလို လာဆွေးနွေးပါ။ ဒီလိုဆွေးနွေးမှုတွေကျတော့ သိပ်ပြီးအားနည်းတယ်။ ဆွေးနွေးမှုမှာ အားနည်းပြီးတော့ အပြစ်ပြောမှုဘက်မှာ အားကြီးသွားတယ်ပေါ့။ အပြစ်ပြောတဲ့ဘက်မှာ အားကြီးသွားတာက ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။ အပြစ်ပြောတဲ့ဘက်မှာ တတ်နိုင်သလောက် ချုပ်တည်းပြီးနေပါ။ ဆွေးနွေးမှုနဲ့ လာပြီးပြင်ပါ။ ကြာတော့ လောဘ၊ ဒေါသအစွန်းထွက်တဲ့ပုဂ္ဂိုလ်တွေနဲ့ မပေါင်းပါရစေနဲ့လို့ တပည့်တော် ဒီလိုပဲ ဆုတောင်းမိပါတယ်။ ဒီလိုလူတွေနဲ့ပေါင်းရတာကိုယ်လည်း စိတ်မချမ်းသာဘူး။ သူတို့လည်း လုပ်ချင်တာမလုပ်ရလို့ စိတ်ချမ်းသာမှာ မဟုတ်ဘူး။

အဲဒါကြောင့် ဒီနေ့ည နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ အားလုံး အားလုံး ခန္တီတရားကို ကိုယ့်နှလုံးသားထဲမှာ မွေးမြူပြီးတော့ ကုသိုလ်တရားများကို ပါရမီမြောက်အောင် ကြိုးစား အားထုတ်နိုင်သော သူတော်ကောင်းရဟန်းသာမဏေများ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

ပေးသူယူသူစိတ်ထားတူ

၁၃၆၇ ခု၊ ကဆုန်လကွယ်နေ့
၂၀၀၅ ခု၊ ဇွန်လ ၆ ရက်၊ တနလ်ာနေ့ ည

စာရင်းပိတ်ထားပေမဲ့

စာဝါတွေကို ကိုယ့်ဟာကိုယ် ဆရာတွေနဲ့ ဆွေးနွေးညှိနှိုင်းပြီးတော့ ဘယ်နေ့နားမယ်ဆိုတာ လုပ်ပါ။ စာပေဆိုတာ စိတ်ဓာတ်ကောင်းကောင်းမွန်မွန်နဲ့ လုပ်လို့ရှိရင် စိတ်ချမ်းသာမှုဖြစ်တယ်။ အဲဒီတော့ ကိုယ်က စာမနိုင်ပါဘူးဆို ဘယ်နေ့ကနေ စနားမယ်ဆိုတာ အားလုံးညှိနှိုင်းတိုင်ပင်ပြီးတော့ လုပ်ပေါ့။ ညှိနှိုင်းတိုင်ပင်ဆိုတာက ကိုယ်ဖြစ်ချင်တာကို လျှောက်ပြီးတော့ ဟိုအော်ဒီအော် လုပ်ခိုင်းတာမဟုတ်ဘူး။ ကိုယ့်အချင်းချင်း ညီညီညွတ်ညွတ်နဲ့ နားလည်မှုယူပြီးတော့ လုပ်ပါ။ ပါးစပ်က လျှောက်ပြောတယ်ဆိုတာကတော့ လူတိုင်းလုပ်တတ်တယ်။ သိပ်ပြီးတော့ ခက်တဲ့ကိစ္စမဟုတ်ဘူး။

ကဲ ... ဒီနေ့ တပည့်တော်တို့ ကဆုန်လကုန်ပြီ။ ကဆုန်လကုန်ပြီးတော့ နယုန်လဆန်း(၁)ရက်ကနေ (၁၅)ရက်နေ့အထိ ဒီဆယ့်ငါးရက်အတွင်းမှာ သံဃာသစ်တွေ ရောက်လိမ့်မယ်။ ဒီနှစ်က သံဃာအရေအတွက် လျော့မယ်လို့ ထင်ထားပေမဲ့ သံဃာက မလျော့ဘူးပေါ့။ မလျော့တော့ နည်းနည်းလေး ကျပ်တည်းမယ့်သဘောရှိမယ် ထင်တယ်။ တပည့်တော်လည်း တပို့တွဲလ ကုန်ကတည်းက စာရင်းတွေဘာတွေ ပိတ်ထားတယ်။ စာရင်းပိတ်ထားပေမဲ့ တချို့ သက်တော်ကြီးဆရာတော်တွေ၊ အားနာရမှာတွေ ရှိတော့ မလွန်ဆန်

www.dhammadownload.com

နိုင်လို့ လက်ခံရတာလည်းရှိတယ်။ မလျော့တဲ့အပြင် များလာတော့ အနေရအထိုင်ရ ကျပ်တည်းတဲ့သဘော ရှိလိမ့်မယ်။

ဘာပဲဖြစ်ဖြစ် အားလုံးညှိနှိုင်းတိုင်ပင်ပြီး စီစဉ်နေပါတယ်။ တစ်ကျောင်းကို ဘယ်နှစ်ပါးစီ တိုးမယ်လို့ တိုင်ပင်ကြရတယ်။ ကျပ်တည်းပေမဲ့ သည်းခံပြီး ကြိုးစားနေကြပါ။ ကိုယ့်အလုပ် ကိုယ် ပုံမှန်အတိုင်းဆက်လုပ်ပါ။ ကျပ်တည်းတာကို အပြစ်ရယ်လို့ မမြင်ကြပါနဲ့။ အခြေအနေအရ သိပ်ပြီးကျပ်ရင်လည်း နောက်နှစ် တစ်နှစ်လုံးအတွက် ဝင်ခွင့်ပိတ်ရင်လည်း ပိတ်ပေးမယ်ပေါ့။ ဒီနှစ်အတွက်ကတော့ လက်လွန်သွားတာလေးတွေ ရှိတယ်။ ဒါတောင်မှ တပို့တွဲလကတည်းက ဝင်ခွင့်ကို ပိတ်ထားလို့ ဒါလောက်တော်သေးတာ။

သင်ခန်းစာရ

အဲဒီတော့ နေတဲ့အခါမှာ အကြီးတွေရဲ့ ဆုံးမဩဝါဒအတိုင်း နေပေးပါ။ တပည့်တော်တို့ ဘက်ကလည်း တတ်နိုင်သမျှ ဆုံးမတယ်၊ အရှင်ဘုရားတို့ဘက်ကလည်း တတ်နိုင်သမျှ နာယူတယ်ဆိုရင် ကောင်းတယ်။ တပည့်တော်တို့က တတ်နိုင်သမျှ ဆုံးမတယ်ဆိုတဲ့နေရာမှာ အခြေအနေကြည့်ပြီး ဆုံးမရတာတွေ ရှိတယ်ပေါ့။ သင်ခန်းစာယူမယ်ဆိုရင်လည်း တစ်နှစ်ထက် တစ်နှစ် သင်ခန်းစာတွေက ရရလာတယ်။ ဥပမာ အားဖြင့် တချို့က ဒီမှာ သိပ်ပြီးနေချင်စိတ် မရှိဘူး။ မရှိပေမဲ့ ဆရာသမားတွေက ဇွတ်ကြီး နေရမယ်ဆိုပြီးတော့ ထားတယ်။ ကိုယ်က နေချင်စိတ်မရှိဘဲ နေရတယ်ပေါ့။

အဲဒီတော့ ဒီမှာ ပြဿနာဖြစ်သွားတယ်။ ကိုယ်က နေမှ မနေချင်ဘဲကိုး။ ကိုယ်က ကျောင်းပြောင်းချင်တယ်။ ဆရာသမားကို ကြောက်လို့ မပြောင်းဘဲနေရတယ်။ အဲဒီတော့ ပြဿနာပေါ်သွားတယ်။ ဒါလည်း သင်ခန်းစာတစ်ချက်ရသွားတယ်ပေါ့။

အဲဒီတော့ နောက်နောင်ကျရင် ကိုယ့်ဘာသာ ဆုံးဖြတ်ပေါ့။ ဆုံးဖြတ်ပြီးလို့ရှိရင်တော့ မပြင်တာ ကောင်းတယ်။ ကိုယ့်ဘာသာဆုံးဖြတ်ပြီး ပြန်သွားတာကို ဆရာသမားကပြန်ပို့လို့ ပြန်ရောက်လာတာတွေကလည်း ရှိသေးတယ်။ ဒါတွေဟာ ပြဿနာပေါ်ခြင်းရဲ့ အကြောင်းရင်းလေးတွေ ဖြစ်မယ်လို့ တပည့်တော်တို့ နည်းနည်းပါးပါး ကောက်ချက်ချပြီးတော့ သင်ခန်းစာယူလိုက်တယ်ပေါ့။ အဲဒီတော့ နောက်နောင်ကို ကိုယ့်ဘာသာဆုံးဖြတ်ပြီး ထွက်သွားတဲ့နောက် ကိုယ့်လမ်းကြောင်းကိုယ် ဆက်လျှောက်တာကောင်းတယ်။ ဒီမှာပြန်လာလို့ရှိရင် ပြန်ပြီးတော့ လက်ခံတဲ့ပုဂ္ဂိုလ်တောင်မှ အပြစ်တင်ချင်တဲ့လေသံလေးတွေက ရှိလာတတ်တယ်ပေါ့။ အရှင်ဘုရားတို့ အနေနဲ့ ဒါလေးတွေသတိထားပြီး ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်တာ ကောင်းပါတယ်။

စိတ်ပျက်စရာမလိုပါ

တပည့်တော် အရင်တစ်ပတ်ကျော်လောက်က ပြောခဲ့တဲ့အကြောင်းကိုပဲ ဒီတစ်ပတ်ဆက်ပြီးတော့ ပြောမယ်။ တပည့်တော်တို့ စာချဘုန်းကြီးဖြစ်လာပြီဆိုရင်၊ နာယကဘုန်းကြီး ဖြစ်လာပြီဆိုရင် ဘာတာဝန်တွေ ရှိလဲဆိုတော့ အားလုံးဆိုကြည့်ပါ။

ဩဝဒေယျာနုသာသေယျ၊
အသဇ္ဇာ စ နိဝါရယေ။
သတံ ဟိ ယော ပိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော။

www.dhammadownload.com

'သြဝဒေယျ' အကြောင်းပေါ်လာရင် ဆုံးမရမယ်။ 'အနုသာသေယျ'ဆိုတာက အကြောင်းမပေါ်ခင်လည်း တားမြစ်ဆုံးမရမယ်။ ဒါတွေကိုလည်း တတ်နိုင်သမျှ ဒီကျောင်းမှာ တပည့်တော်တို့ လိုက်နာကျင့်သုံးနေတယ်ပေါ့။

နောက်တစ်နည်းက 'သြဝဒေယျ' တစ်ကြိမ်ဆုံးမရာ၏။ 'အနုသာသေယျ' ထပ်ကာထပ်ကာဆုံးမရာ၏။ ဒါကိုလည်း ဒီမှာကျင့်သုံးနေတယ်။ တချို့ဆို နားတောင်ပူတယ်လို့ ပြောသတဲ့။

နောက်တစ်နည်းအားဖြင့် 'သြဝဒေယျ' မျက်မှောက်ဆုံးမရာ၏။ 'အနုသာသေယျ' မျက်ကွယ်ဆုံးမရာ၏။ အဲဒီတော့ ရှေ့ရော၊ ကွယ်ရာရော တတ်နိုင်သမျှ ဆုံးမပေးတယ်။ တစ်နည်းအားဖြင့်တော့ အတူတူလို့ပြောတယ်။

နောက်ပြီးတော့ 'အသဇ္ဇာ စ နိဝါရယေ' တဲ့။ အကုသိုလ်ဖြစ်မယ့် အရာတွေကနေ တားမြစ်ပေးရမယ်။ ဒီကိစ္စနဲ့ပတ်သက်လို့လည်း တပည့်တော်တို့ကတော့ ဆက်ပြီးပြောရမှာပဲ။ အပါး ၁၀၀ လောက်မှာ ၈၀ လောက်က နာခံတယ်ဆိုရင် ဒါကို အောင်မြင်တယ်လို့ပဲ ပြောရမှာပေါ့။ ခုလို တစ်ခါတစ်ရံမှာ တစ်ပါးနှစ်ပါးတွေ့ရတာတော့ ဒါ စိတ်ပျက်စရာ မလိုဘူးလို့ ခံယူပြီးတော့ တပည့်တော်တို့ အကြီးတွေအနေနဲ့ ဆက်လုပ်သွားရမှာပဲ။

နောက်ပြီးတော့ 'သတံ ဟိ ယော ပိယော ဟောတိ၊ အသတံ ဟောတိ အပ္ပိယော'၊ အဲဒီလို ဆုံးမတဲ့အခါမှာ သူတော်ကောင်းစိတ်ရှိတဲ့ တပည့်တွေက ချစ်မြတ်နိုးပြီးတော့ သူတော်ကောင်းစိတ်မရှိတဲ့ပုဂ္ဂိုလ်တွေကတော့ မုန်းတီးလိမ့်မယ်တဲ့။ ဆုံးမသြဝါဒပေးတဲ့လူကို မုန်းတယ်ဆိုတာ 'အသတ' တဲ့။ စာပေဖွင့်တဲ့နေရာမှာ နံပါတ်(၁)က 'အာမိသစက္ခုက' တဲ့။ အမြဲတမ်း လိုချင်မျက်စိရှိတဲ့ပုဂ္ဂိုလ်။ ဒီလိုပုဂ္ဂိုလ်တွေကတော့ ဆုံးမတဲ့ပုဂ္ဂိုလ်ကို မကြိုက်ဘူးပေါ့။ နောက်ပြီးတော့ နံပါတ်(၂)က 'ဇိဝိကတ္ထာယ ပဇ္ဇဇိတ' တဲ့။ စားဝတ်နေရေး အချောင်နေချင်လို့ ဝတ်လာတဲ့ ပုဂ္ဂိုလ်တွေ။ သာသနာအတွက် အလုပ်လုပ်ဖို့ မဟုတ်ဘဲ ကောင်းကောင်းနေရလို့၊ ကောင်းကောင်းစားရလို့ ရဟန်းဝတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဆုံးမတဲ့ပုဂ္ဂိုလ်ကို မချစ်မြတ်နိုးဘူးပေါ့။ မချစ်မြတ်နိုးဘူးဆိုရာမှာ မုန်းသွားတဲ့အဆင့်တောင် ရောက်သွားနိုင်တယ်ပေါ့။

မြင်ရသူ ကုသိုလ်ဖြစ်အောင်

ဒါနဲ့စပ်ပြီးတော့ တပည့်တော် ဟိုနေ့က ပြောမယ်ဆိုတာ 'အဝေဒေယျ'ဇာတ်။ အဲဒီဇာတ်တော်တစ်ခု ရှိတယ်ပေါ့။ တစ်ခါက ဘုရားအလောင်းဟာ ပုဏ္ဏားမျိုးမှာ သွားဖြစ်တယ်။ အချိန်တန်အရွယ်ရောက်တော့ တက္ကသိုလ်မှာ ပညာသင်။ ပညာတတ်တော့ နောက်ဆုံးမှာ သံဝေဂတွေရပြီး ရသေ့ရဟန်းပြုသွားတယ်ပေါ့။ ရသေ့ရဟန်းပြုပြီး ဟိမဝန္တာမှာ သွားနေတယ်။ သွားနေတာကြာလာတော့ အချဉ်တွေ၊ အငန်တွေ မှီဝဲဖို့အတွက် ဗာရာဏသီမြို့ကို ပြန်လာတယ်။ အဲဒီလိုပြန်လာပြီး မင်းရင်ပြင်ကို ဖြတ်သွားတဲ့အခါမှာ သူ့ကို ရှင်ဘုရင်က မြင်သွားတယ်။

မြင်တဲ့အခါ ပါဠိလေးက ဘာပါလဲဆိုတော့ 'ကုရိယာပထေ ပသီဒိတွာ' တဲ့။ ကုရိယာပုထ်မှာ ကြည်ညိုတယ်ဆိုတဲ့ စကားလေးပါတယ်။ သွားတယ်၊ ထိုင်တယ်၊ လျောင်းတယ်၊ ရပ်တယ်၊ ဒီကုရိယာပုထ်လေးပါးမှာ ကြည်ညိုသွားတယ်။ ဒါ တပည့်တော်တို့ သတိထားစရာကောင်းတယ်။ ဒါကြောင့် တပည့်တော်တို့ ဒီမှာ ပြောနေရတယ်။ သွားတယ်ဆိုပါစို့၊ သွားတဲ့အခါမှာ ဧကသီလေး

www.dhammadownload.com

ရန်းသွားပါ။ တချို့ ဒီကျောင်းမှာနေတာ ကြာလှပြီ။ စာတွေ၊ ဘာတွေလည်း တော်ရဲ့သားနဲ့ ဝတ်လိုက်ပြီဆို သင်းပိုင်ကြီးတွေကို အရှည်ကြီး ဝတ်တယ်။ စားတာ သောက်တာလည်း ပြောရဦးမယ်။ မနက်က ပေါက်စီဆွမ်းကပ်တယ်။ အလကားနေရင်း ဖွန်းသံတွေက ဘာလို့မြည်နေမှန်းကို မသိဘူး။ ဒါတွေက တပည့်တော်တို့ ကြည်ညိုဖွယ်ရာ မဖြစ်ဘူးပေါ့။

နေ့စဉ်ဩဝါဒ

'ဣရိယာပထေ ပသီဒိတွာ' စကားအရ မင်းရင်ပြင်ကို ဖြတ်သွားတဲ့ရသေ့ကို ဘုရင်က ကြည်ညိုသွားတယ်။ ကြည်ညိုပြီးတော့ မင်းဥယျာဉ်ကို ပင့်ထားပြီး ကိုးကွယ်တယ်။ ဘုရားအလောင်း ရသေ့ကလည်း မင်းရဲ့ကျေးဇူးတွေကို ဆပ်တဲ့အနေနဲ့ နေ့စဉ်ဩဝါဒပေးတယ်။ ဘာဩဝါဒပေးလဲဆိုတော့ 'မင်းမြတ်၊ ဒေါသမထွက်နဲ့။ ဒေါသမကြီးနဲ့။ ဒေါသရှေ့မထားနဲ့' တဲ့။ ဒီဩဝါဒကို နေ့စဉ်ပေးတယ်။ တောမှာပဲ ရောက်ရောက်၊ မြို့မှာပဲ ရောက်ရောက်၊ နိမ့်တဲ့နေရာရောက်ရောက်၊ မြင့်တဲ့နေရာ ရောက်ရောက်၊ ဘယ်နေရာမှာပဲ ရောက်ရောက်၊ စိတ်မဆိုးပါနဲ့တဲ့။ ဒီဩဝါဒကိုပဲ နေ့စဉ်ပေးတယ်။

ဘာဖြစ်လို့ ပေးရတာလဲဆိုတော့ ရှင်ဘုရင်ဆိုတာ အာဏာရှိတယ်မဟုတ်လား။ အာဏာရှိတော့ စိတ်ဆိုးပြီဆိုရင် 'ဝါစာဝုဓော' တဲ့။ ရှင်ဘုရင်ဆိုတာ စကားဆိုတဲ့ လက်နက်ရှိတယ်။ သူ့စကားလေးတစ်ချက် ထွက်လိုက်တာနဲ့ အောက်ကပုဂ္ဂိုလ်တွေမှာ အသက်တွေ အများကြီး ဆုံးရှုံးသွားနိုင်တယ်။ ဒါကြောင့်မို့လို့ ဒေါသမထွက်ဖို့၊ ဒေါသမကြီးဖို့၊ စိတ်မဆိုးဖို့ အမြဲတမ်း ဆုံးမတယ်။ ဆုံးမတော့ ရှင်ဘုရင်ကလည်း ဒီဩဝါဒကို လိုက်နာပြီးကျင့်တယ်။ နောက်တော့ ကြည်ညိုတာနဲ့ပဲ အခွန်ငွေတစ်သိန်းထွက်တဲ့ရွာကို ရသေ့ကို လှူလိုက်တယ်။ ဒါပေမဲ့ ရသေ့က မယူပါဘူး။

အဝဒေယျပိတာ

၁၂ နှစ်လောက် ဒီဥယျာဉ်မှာ သီတင်းသုံးပြီးတဲ့အခါ ဒေသစာရီကြွတယ်။ ကြွတော့ ရသေ့က ရှင်ဘုရင်ကို အသိမပေးဘဲနဲ့ ကြွသွားတယ်။ ဥယျာဉ်စောင့်ကိုတော့ ရှင်ဘုရင်မေးရင် ပြောလိုက်ပါလို့ မှာထားခဲ့တယ်။ ခရီးထွက်တဲ့အခါ ဘာဖြစ်လဲဆိုတော့ ရသေ့ကြွသွားတဲ့လမ်းမှာ မြစ်ဆိပ်တစ်ခုရှိတယ်ပေါ့။ မြစ်ဆိပ်မှာ ကူးတို့ပို့တဲ့လူတစ်ယောက်က အခကြေးငွေယူပြီး လှေကလေးနဲ့ ကူးတို့ပို့တယ်။ သူ့နာမည်က 'အဝဒေယျပိတာ' တဲ့။ အဲဒီ ကူးတို့သမားကို မြင်တော့ ရသေ့က ဩဝါဒပေးချင်စိတ် ပေါက်လာတယ်။

ဘာလို့ပေါက်လာသလဲဆိုတော့ သူက ကူးတို့ပို့တဲ့နေရာမှာ ဒီဘက်ကမ်းကလူတွေကို ဟိုဘက်ပို့တယ်။ ဟိုဘက်ကိုရောက်တော့မှ ကူးတို့ခ ပိုက်ဆံတောင်းတယ်။ လူဆိုတာက ကိုယ်လိုရာရောက်ပြီဆိုရင် ပိုက်ဆံမပေးချင်တဲ့လူမျိုးလည်း ရှိတယ်။ ဒါကြောင့် တချို့လူတွေက ကူးတို့သမားကို ပိုက်ဆံမပေးဘဲ ထွက်သွားတယ်။ အဲဒီတော့ ကူးတို့သမားနဲ့ ရန်ဖြစ်၊ ဆဲဆိုပြီး ရိုက်တာနှက်တာ ရှိတယ်။ ဒါကိုမြင်တော့ ဘုရားအလောင်းရသေ့က ဆုံးမစကားဆိုချင်စိတ် ပေါက်နေတယ်။

ငါ တရားဟောဦးမှပဲဆိုပြီး အလောင်းတော် ရသေ့က လှေပေါ်တက်လိုက်တယ်။ လှေပေါ်လည်း တက်ရော၊ ကူးတို့သမားက ကူးတို့ခပါ

www.dhammadownload.com

လားလို့ မေးတယ်။ ဒီတော့ ရသေ့က ဘာပြောလဲ ဆိုတော့ 'ဘောဂဝုဒ္ဓ- စည်းစိမ်တိုးပွားကြောင်း တွေလည်း သင့်ကို ငါပေးမယ်၊ အတ္ထဝုဒ္ဓ ဓမ္မဝုဒ္ဓ - ဆင်ခြင်မြော်မြင်တတ်တဲ့ အဆင့်မြင့်ကြီးပွား ကြောင်းတွေကိုလည်း ပေးမယ်'တဲ့။ ဟိုကတော့ ကူးတို့ခ ပိုက်ဆံပေးမယ်ထင်ပြီး ပို့လိုက်တာ ပေါ့။ ဟိုဘက်လည်းရောက်ရော ကူးတို့သမားက ကူးတို့ခတောင်းတော့တာပဲ။ ဒီတော့ အလောင်း တော်ရသေ့က ဘာဟောလဲဆိုတော့ ...

ကြီးပွားကြောင်းတရား

"ဒကာ၊ သင့်ကို ဘောဂဝုဒ္ဓ-စည်းစိမ်ဥစ္စာ ကြီးပွားကြောင်းပေးမယ်ဆိုတာ တခြားမဟုတ် ဘူး။ သင် ကြီးပွားချင်လို့ရှိရင် ကူးတို့ပို့တဲ့အခါ မှာ ကူးတို့ခကို ဟိုဘက်ကမ်းမရောက်ခင် ဒီ ဘက်ကမ်းမှာကတည်းက တောင်းပါ။ ဟိုဘက် ကမ်းရောက်မှ သွားမတောင်းနဲ့။ လူတွေရဲ့စိတ် ဆိုတာ ကူးချင်တုန်းက မကူးခင်မှာ တစ်မျိုးပြော တယ်။ ဘယ်လောက်ပေးပါ့မယ်၊ ညာလောက်ပေး ပါ့မယ်ပေါ့။ ဟိုဘက်ရောက်သွားပြီဆိုရင် စိတ် က တစ်မျိုးဖြစ်တတ်ပါတယ်။ ဒါကြောင့် သင့် ကို စည်းစိမ်ချမ်းသာ တိုးပွားကြောင်းပေးမယ် ဆိုတာ ဒီဘက်ကမ်းကတည်းက ကူးတို့ခကို တောင်းပါ၊ ဟိုဘက်ကမ်းရောက်မှ မတိုးပါနဲ့၊ အဲဒါ သင့်အတွက် စည်းစိမ်ဥစ္စာတိုးပွားကြောင်း ပါပဲ။"

ရသေ့ကြီးက အဲဒီလို ပြောလိုက်တဲ့အခါမှာ ကူးတို့သမားက နားမလည်သေးဘူး။ ပိုက်ဆံပေး လိမ့်ဦးမယ်ထင်ပြီး စောင့်နေသေးတယ်။ ဒီမှာ ရသေ့က ဆက်ပြောတယ်။

"အတ္ထဝုဒ္ဓ ဓမ္မဝုဒ္ဓ - အကြောင်းအကျိုး ဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံရင်လည်း ကြီးပွားနိုင်တယ် တဲ့။ အကြောင်းအကျိုး ဆင်ခြင်ဉာဏ် ရှိချင်လို့ ရှိရင် အမျက်ဒေါသမထွက်ပါနဲ့၊ စိတ်မဆိုးပါနဲ့" ဆိုပြီးတော့ ဘုရင်ကြီးကို ဟောတဲ့တရားကိုပဲ ပြန်ဟောလိုက်တယ်။

ကူးတို့ခ

စောစောက စည်းစိမ်ဥစ္စာကြီးပွားကြောင်း ကျတော့ ဟိုဘက်ကမ်းမရောက်ခင် ဒီဘက်ကမ်း မှာကတည်းက ခရီးသည်တွေဆီက ငွေကြိုတင် တောင်းပါတဲ့။ ဒါ ဘောဂဝုဒ္ဓ - စည်းစိမ်ဥစ္စာ ကြီးပွားကြောင်း ဟောလိုက်တာပေါ့။ အတ္ထဝုဒ္ဓ ဓမ္မဝုဒ္ဓ အကြောင်းအကျိုးမြော်မြင် စဉ်းစားဉာဏ် ကြီးပွားဖို့ဆိုရင်တော့ ဒေါသမကြီးပါနဲ့တဲ့။ တပည့်တော်တို့ ဒေါသထွက်ပြီဆိုရင် ပြောချင်ရာ လျှောက်ပြီးတော့ ပြောတော့တာပဲ။ ပြောသင့် တာလည်း မသိဘူး။ မပြောသင့်တာ မသိဘူး။ အကုန် လျှောက်ပြောတတ်တယ်။ ဒါကြောင့် ဘယ်နေရာမှာရောက်ရောက်၊ မြို့ရောက်ရောက်၊ တောရောက်ရောက်၊ နိမ့်တဲ့နေရာရောက်ရောက်၊ မြင့်တဲ့နေရာရောက်ရောက်၊ ဒေသအားလုံးမှာ စိတ်မဆိုးပါနဲ့ဆိုပြီးတော့ တရားဟောလိုက်တယ်။

အဲဒီတော့ ကူးတို့သမားက ငွေပဲတောင်း တာပဲ။ သင့်ကို စည်းစိမ်ဥစ္စာတိုးပွားကြောင်းလည်း ပေးပြီးပြီ၊ စဉ်းစားဆင်ခြင်ဉာဏ် ကြီးပွားကြောင်း လည်း ပေးပြီးပြီ၊ အဲဒါ ငါ့ရဲ့ကူးတို့ခပဲလို့ ပြော တော့ ဟိုကလည်း မလိုချင်ဘူး၊ ပိုက်ဆံပဲပေးလို့ တောင်းတယ်။ တောင်းတော့ ငါ့မှာ တခြား ဘာမှပေးစရာ မရှိဘူး၊ သင့်ကို ဩဝါဒပေးချင်လို့ ငါ လှေစီးပြီး လိုက်လာတာပါလို့ ပြောတယ်။ ဒီမှာတင် ကူးတို့သမားက ဘာမပြော၊ ညာမပြော နဲ့ ရသေ့ကို ဂင်္ဂါမြစ်ကမ်းပေါ်မှာ တွန်းလှဲချပြီး တော့ ရင်ဘတ်ပေါ်တက်ထိုင်ပြီး မျက်နှာကို

www.dhammadownload.com

လက်သီးနဲ့ ထိုးတော့တာပဲ။

အဲဒီအချိန်မှာပဲ သူဇနီးက ထမင်းပို့ ရောက်လာတယ်။ ဒီမှာတင် သူဇနီးက ဒါဟာ ရှင်ဘုရင်ကိုးကွယ်တဲ့ ရသေ့မို့ ဒီလိုမလုပ်ပါနဲ့လို့ တားမြစ်တယ်။ ဒီအခါမှာ သူလုပ်နေတာကို ဝင်ရှုပ်ရပါ့မလားဆိုပြီး သူ့မိန်းမကိုပါ တွန်းလှဲလိုက်တယ်။ အမျိုးသမီးက ကိုယ်ဝန်ကြီးနဲ့ဆိုတော့ အပြင်းအထန် ဒဏ်ရာရသွားတာပေါ့။ ဒါကို ဘေးက လူတွေက မြင်တော့ ဒီကောင် လူဆိုးပဲဆိုပြီး ဝိုင်းဖမ်းပြီးတော့ ဘုရင့်ဆီ ပို့လိုက်တဲ့အခါမှာ တရားဆုံးဖြတ်ပြီးတော့ နောက်ဆုံးမှာ ကူးတို့သမား အပြစ်ဒဏ်ပေးခံရတယ်။

သင့်လျော်သူသာ

ဒီဇာတ်တော်ကိုကြည့်ပြီး ဘာတွေ ကောက်ချက်ချပြလဲဆိုတော့ 'တသ္မာ ဩဝဒန္တေန ယုတ္တဇနသေဝ ဒါတဗ္ဗော၊ နာ အယုတ္တဇနသေ' တဲ့။ ဩဝါဒပေးတဲ့အခါမှာ သင့်လျော်တဲ့ပုဂ္ဂိုလ်၊ လိုက်နာနိုင်တဲ့ပုဂ္ဂိုလ်ကို ကြည့်ပြီးတော့ ပေးပါတဲ့။ မသင့်လျော်တဲ့ပုဂ္ဂိုလ်၊ မလိုက်နာနိုင်တဲ့ပုဂ္ဂိုလ်ကို မပေးပါနဲ့တဲ့။ တပည့်တော်တို့ပုထုဇဉ်တွေအနေနဲ့တော့ မလိုက်နာနိုင်ဘူး၊ လိုက်နာနိုင်တယ်ဆိုတာ ခန့်မှန်းခြေလောက်ပဲ သိမယ်ပေါ့။ ယုတ္တပုဂ္ဂိုလ်ကိုပဲ ဩဝါဒပေးပါ၊ မလိုက်နာနိုင်တဲ့ အယုတ္တပုဂ္ဂိုလ်ကို မပေးပါနဲ့ဆိုပေမဲ့လို့ တပည့်တော်တို့က မသိနိုင်တာဆိုတော့ ဒီကျောင်းမှာ နေရင်တော့ ဆုံးမစကား ပေးကိုပေးရမှာပဲ။ မလိုက်နာချင်တဲ့ ပုဂ္ဂိုလ်တွေ ဒီမှာနေလို့ကတော့ မဖြစ်ဘူး။ ဒီကျောင်းက ထုတ်ရုံပဲရှိတယ်။ အဲဒီလို တပည့်တော်တို့ ပြန်ပြီးကောက်ချက်ဆွဲလို့ ရတယ်ပေါ့။

ဒီဇာတ်တော်ကို ကြည့်ပါ။ ရှင်ဘုရင်ကို ဩဝါဒပေးတော့လည်း ဒေါသမကြီးပါနဲ့၊ စိတ်မဆိုးပါနဲ့ဆိုတဲ့ ဩဝါဒတရားပဲ။ ကူးတို့သမားကို ပေးလိုက်တော့လည်း ဒေါသမဖြစ်ပါနဲ့၊ စိတ်မဆိုးပါနဲ့။ ဒီဩဝါဒပဲ ပေးလိုက်တယ်။ ဩဝါဒချင်းကလည်း အတူတူပဲ။ ဆုံးမလိုက်တဲ့ စကားလုံးတွေကလည်း အတူတူပဲဖြစ်ပေမဲ့ အကျိုးရလဒ်ချင်းက အခြားနားကြီး ခြားနားသွားတယ်။ သူတော်ကောင်းဖြစ်တဲ့ ရှင်ဘုရင်ကတော့ သိပ်ပြီးကျေးဇူးတင်လို့ အခွန်တစ်သိန်းထွက်တဲ့ ရွာကို လှူတယ်။ လူမိုက်ကို သွားပေးမိတဲ့အခါကျတော့ မျက်နှာကို လက်သီးနဲ့အထိုးခံရတယ်။ ဒါတွေဟာ ဘုရားအလောင်းတောင်မှ ဖြစ်ခဲ့တာပဲ။

တပည့်တော်တို့လည်း အခြေအနေ အချိန်အခါအရ ကြည့်ပေးရမှာပဲ။ တကယ်လို့ ပေးမရတော့ဘူးဆိုရင် စာကတော့ 'တသ္မာ ဩဝဒန္တေန ယုတ္တဇနသေဝ ဒါတဗ္ဗော၊ နာ အယုတ္တဇနသေ' သင့်လျော်တဲ့ပုဂ္ဂိုလ်ကို ပေးပါ၊ မသင့်လျော်တဲ့ပုဂ္ဂိုလ်ကို မပေးပါနဲ့တဲ့။ မပေးပါနဲ့ဆိုတော့ မသင့်လျော်တဲ့ ပုဂ္ဂိုလ်ဆိုရင် တပည့်တော်တို့က ဒီမှာ ထားလို့ဖြစ်ပါ့မလား။ (မဖြစ်ပါဘုရား။) အဲဒါလေးတွေ အရှင်ဘုရားတို့ဘက်က သိထားပါ။ စာပေမှာ ယူတတ်လို့ရှိရင် နည်းလမ်းလေးတွေ အပြည့်အစုံရှိတယ်ပေါ့။

ကြောက်နေလို့မဖြစ်

ဒီမှာ တပည့်တော်တို့ ဆုံးမနေတာတွေက 'ဩဝဒေယျာနုသာသေယျ' ဆိုတဲ့အတိုင်း ထပ်တလဲလဲဆုံးမနေတယ်။ ဘေးမှာလိုတောင် တစ်ခါတစ်ရံမှ ဆုံးမတာမျိုးမဟုတ်ပါဘူး။ နောက်ဆုံး တစ်ကြိမ်ကနေ နှစ်ကြိမ် ပြင်မလားဆိုပြီးတော့ ဆုံးမတာတွေရှိတယ်ပေါ့။ အရှင်ဘုရား

www.dhammadownload.com

တို့ဘက်ကလည်း တတ်နိုင်သမျှ လိုက်နာပါ။ တပည့်တော်တို့ ဆရာသမားတွေဘက်ကလည်း ဆုံးမပါ။

'သတံ ဟိ ယော ပိယော ဟောတိ၊ အသတံ ဟောတိ အပ္ပိယော'။ ယုတ်မာတဲ့စိတ် ထားရှိတဲ့ ပုဂ္ဂိုလ်၊ ဒါမှမဟုတ်လည်း 'အာမိသ စက္ခုက' လိုချင် မျက်စိရှိတဲ့ပုဂ္ဂိုလ်၊ ဒါမှမဟုတ်လည်း 'ဇိဝိကတ္ထာယ ပဗ္ဗဇိတ' အစားအသောက် အနေအထိုင် ချောင်ချောင်နေချင်လို့ သင်္ကန်းဝတ်လာတဲ့ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ်တွေကတော့ မုန်းမှာပဲ။ မုန်းရုံတင်မကဘူး။ ခုနကဇာတ်တော်ကို ပြန်ကြည့်လို့ရှိရင် လက်သီးနဲ့တောင် အထိုးခံချင်ရင် ခံရလိမ့်ဦးမယ်။ ဒါပေမဲ့ အဲဒါတွေကို ကြောက်နေရင်လည်း အလုပ်ဖြစ်မှာ မဟုတ်တော့ဘူး။ အဲဒီတော့ ဆရာသမားတွေက ညီညွတ်ဖို့လိုတယ်။ တရားမျှတတယ်ဆိုရင်တော့ တပည့်တော်တို့က လုပ်ရဲကိုင်ရဲ ရှိရမယ်။ အပြစ်ရှိတဲ့ ပုဂ္ဂိုလ်တွေကိုကျ တပည့်တော်တို့က အပြစ်မပေးဘူး၊ သူ့ကိုကျ အပြစ်ပေးတယ်၊ ဒီလို မတရားလို့တော့ မဖြစ်ဘူးပေါ့။ အပြစ်ကြီး ကြီးသလို၊ အပြစ်ငယ်ငယ်သလို ဒါကတော့ အပြစ်ပေးရမှာပဲ။

နွားထီးငါးကျပ် နွားမငါးကျပ်

ကျောင်းတိုက်အတွက် ကျေးဇူးများတဲ့ ပုဂ္ဂိုလ်၊ တစ်ချိန်မှာ ကျောင်းတိုက်မှာ အလုပ်လုပ်နိုင်မယ့်ပုဂ္ဂိုလ်၊ ဒါတွေကိုကြည့်ပြီးတော့ အပြစ်ဆိုတာ ချိန်ဆပေးရမှာပဲ။ တပည့်တော်တော့ ဒီအတိုင်းပဲ ယူဆတယ်။ စာပေမှာလည်း ဒီအတိုင်းပဲ ရှိတယ်ပေါ့။ အားလုံးကို နွားထီးငါးကျပ် နွားမငါးကျပ်၊ အပြစ်တွေ အမြဲတမ်းကျူးလွန်တဲ့ ပုဂ္ဂိုလ်ကိုလည်း ဒီပုံစံပဲ၊ တစ်ခါတစ်ရံလေး ကျူးလွန်တဲ့ပုဂ္ဂိုလ်ကိုလည်း ဒီပုံစံပဲ၊ ဒီလိုတော့ မဖြစ်သင့်ဘူး။ တပည့်တော် ဒီလိုပဲ ယူဆတယ်။ စာပေတွေထဲမှာလည်း ဒီလိုမျိုး မဖြစ်သင့်ဘူးလို့ ပါတယ်။

ဒါကြောင့်မို့ တပည့်တော်တို့ အကြီးတွေကလည်း စွမ်းအားရှိသမျှ ဩဝါဒပေးပါ။ ငယ်တဲ့ ပုဂ္ဂိုလ်တွေကလည်း စွမ်းအားရှိသမျှ လိုက်နာပေးပါ။ တရားမျှတတဲ့အဆုံးအမဆိုရင် လိုက်နာပေးပါ။ တရားမျှတတယ်ဆိုတာကို ဘာစံချိန်နဲ့ ချိန်မလဲ။ ဒါလည်း တပည့်တော်တို့ စာပေတွေထဲမှာ ပါပြီးသား။ ကိုယ်လည်း လေ့လာ သင်ကြားနေတာပဲ။ ဒါတွေနဲ့ ချိန်ကြည့်ပေါ့ဘုရား။ ခုနကလိုပေါ့၊ အမြဲအပြစ်ကျူးလွန်နေတဲ့ပုဂ္ဂိုလ်က တစ်မျိုး၊ တစ်ခါတစ်ရံလေး အပြစ်ကျူးလွန်တဲ့ ပုဂ္ဂိုလ်က တစ်မျိုး၊ ဒီနှစ်ပါးကို အပြစ်ဒဏ်အတူပေးတယ်ဆိုရင်တော့ ဒါမျိုးကို တရားမျှတတယ်လို့ တပည့်တော်ကတော့ မခံယူဘူးပေါ့။

အားလုံး ကိုယ့်ဟာကိုယ် စာပေတွေကြည့်၊ ကြည့်ပြီးတဲ့အခါမှာ လေ့လာကောက်ချက်ဆွဲပြီးတော့ ဆုံးမလို့ရမယ့်ပုဂ္ဂိုလ်ဆို ဆက်ဆုံးမရုံပဲ။ မရဘူးဆိုရင်တော့၊ တစ်ကြိမ်ကနေ နှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ် အစရှိသဖြင့် အကြိမ်ကြိမ် ဆုံးမလို့ မရရင်တော့ ဆက်ပြီးဆုံးမစရာ မလိုတော့ဘူးပေါ့။ စာပေကလည်းပဲ ဒါမျိုးပုဂ္ဂိုလ်ကို မဆုံးမထိုက်ဘူးလို့ တိတိကျကျ လာတယ်။

တစ်နေရာစာ

အဲဒါကြောင့် သံဃာတော်တွေ တိုးလာတာ အဓိကမဟုတ်ပါဘူး။ တစ်နေ့က တပည့်တော်တို့ ရိုသေလေးစားရတဲ့ ဘုန်းကြီးတစ်ပါး ပြောသလိုပေါ့။ အရှင်ဘုရားတို့လို ကျောင်းတိုက်တွေကတော့ သိပ်ညံ့ပြီး သဒ္ဓါတရားလည်းမရှိ၊ စာလည်း မကြိုးစားတဲ့ပုဂ္ဂိုလ်တွေကို မထားသင့်

www.dhammadownload.com

ပါဘူး' တဲ့။ ဘာလို့လဲဆိုတော့ သူတို့နေလိုက်တဲ့ အတွက် နေရာတစ်နေရာစာ ကျပ်သွားတယ်။ နောက်ထပ် တော်တဲ့ပုဂ္ဂိုလ်တွေအတွက် အလားအလာ ပိတ်သွားတယ်တဲ့။ သူတို့ကတော့ ဒီနေလည်းပဲ မတော်ဘူး၊ အပျင်းထူနေတယ်ဆိုရင် မထားသင့်ဘူးတဲ့။ တော်တဲ့လူနဲ့ အစားထိုးပေးသင့်တယ်တဲ့။ အဲဒီလိုမျိုး ဝေဖန်သွားတယ်။ တပည့်တော်မှာလည်း အဲဒီသဘောရှိတယ်ပေါ့။

ဒါပေမဲ့လို့ စာပေမတော်ပေမဲ့ ဝေယျာဝစ္စဘက်မှာ သာသနာစိတ်ရှိတယ်။ အနစ်နာခံစိတ်ရှိတယ်။ တစ်ခါတစ်ရံ ကျောင်းတိုက်ရဲ့ ချို့ယွင်းချက်လေးကို အပြစ်လို့မမြင်ဘဲနဲ့ ဒါ တစ်ခါတစ်ရံ ဖြစ်တတ်တဲ့သဘောပဲဆိုပြီးတော့ နားလည်တတ်တဲ့စိတ်ရှိတယ်ဆိုရင်တော့ စာမတော်သော်လည်းပဲ တပည့်တော်တို့က ဒီမှာ တတ်နိုင်သမျှ ကြိုးစားပြီးတော့ စောင့်ရှောက်ပါတယ်။ စာကလည်း မတော်ဘူး၊ ဝေယျာဝစ္စဘက်မှာလည်း သိပ်ပြီး သဒ္ဓါတရားနည်းတယ်ဆိုရင်တော့ တပည့်တော်တို့က ငဲ့စရာမလိုတော့ဘူးပေါ့ဘုရား။

စိတ်ကောင်းစိတ်မြတ်မရှိရင်

မိဘတွေ၊ ဆရာသမားတွေ လာပြီးတော့ လျှောက်တဲ့စကား နားထောင်ရတာ သူတို့သားသမီးတွေ၊ တပည့်တွေ ဒီကျောင်းတိုက်ကို ရောက်သွားရင် တော်သွားမယ်၊ အစစအရာရာ တိုးတက်လာမယ်လို့ ထင်ထားတဲ့သဘောရှိတယ်။ သူတို့ အဲဒီလိုထင်တာကိုလည်း အပြစ်မမြင်ပါဘူး။ ဒါကတော့ သူတို့ရဲ့မျှော်လင့်ချက်ပဲ။ တပည့်တော်တို့အမြင်ကတော့ ဒီကျောင်းရောက်ရုံနဲ့တော့ မတော်နိုင်ပါဘူး။ တော်တဲ့ပုဂ္ဂိုလ် များပေမဲ့လည်း လိုက်နာချင်စိတ်မရှိဘူး၊ စိတ်ကောင်းစိတ်မြတ် မရှိဘူးဆိုရင် ဒီပုဂ္ဂိုလ်ဟာ တိုးတက်မှု မရှိနိုင်ဘူးလို့ တပည့်တော်တို့ကတော့ ဒီလိုပဲ ကောက်ချက်ချရမှာပဲ။

အဲဒီတော့ ဆရာသမားတွေဘက်ကလည်း ဆုံးမပါ။ ထပ်တလဲလဲ ဆုံးမပါ။ ဒီတာဝန်ကို ယူပါ။ တပည့်တွေဘက်ကလည်း တရားမျှတတဲ့ အဆုံးအမကို လိုက်နာပါ။ 'အညမညဝစနေန အညမညဝုဋ္ဌာပနေန' ဆိုတဲ့အတိုင်း အရှင်သာရိပုတ္တာတို့၊ အရှင်ရာဟုလာတို့ထုံးကို နှလုံးမူပြီးတော့ ဆရာနဲ့တပည့် ညီညီညွတ်ညွတ် ကြိုးစားကြမယ်ဆိုရင် တပည့်တော်တို့ ပါရမီတွေလည်း ပြည့်သွားမယ်။ ဒါကြောင့်မို့လို့ ဆရာတွေဘက်ကလည်း မေတ္တာ၊ ကရုဏာ၊ ခန္တီတရား အပြည့်ထားပြီး ဆုံးမနိုင်ပါစေ။ တပည့်တွေဘက်ကလည်း ဆရာသမားရဲ့ တရားမျှတတဲ့ အဆုံးအမတွေကို ရွှေအိုးညွှန်ပြသလို သဘောထားပြီး လိုက်နာနိုင်ကြပါစေ။ အဲဒီလို ဆန္ဒပြုရင်းနဲ့ပဲ ဒီနေ့ဩဝါဒစကားကို နိဂုံးချုပ်လိုက်ပါတယ်။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

မစ္ဆရိယရဲ့သဘော

၁၃၆၇ ခု၊ ဝါဆိုလပြည့်နေ့
၂၀၀၅ ခု၊ ဇူလိုင်လ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ ည

သဒ္ဒါအခြေခံ ကောင်းမှု

တပည့်တော်တို့ မနှစ်က စပြီးတော့ ပထမတန်းလို့ အလွယ်ခေါ်တဲ့ ကျောင်းတိုက်အခြေပြုပထမတန်းကို စပြီးတော့ ကျင်းပပေးခဲ့တယ်။ တပည့်တော်တို့ ဘာသာစကားအားလုံးရဲ့အခြေခံဟာ သဒ္ဒါဖြစ်တယ်။ အင်္ဂလိပ်စာပေမှာပဲဖြစ်ဖြစ်၊ ပါဠိစာပေမှာပဲဖြစ်ဖြစ်၊ မြန်မာစာပေမှာပဲဖြစ်ဖြစ် ဂရမ်မာဆိုတဲ့ သဒ္ဒါနားမလည်လို့ရှိရင် ရိုးရိုးပြောနိုင်ဆိုနိုင်တာလောက်ပဲ ရှိပြီးတော့ စာရေးတာတွေ ဘာတွေကျတော့ သိပ်ပြီးတော့ မချောမွေ့ဘူး၊ အမှားများတတ်တယ်ပေါ့။ သဒ္ဒါ မပါလို့ရှိရင် တပည့်တော်တို့ စာပေမှာဆိုထားတာတော့ တောထဲမှာ သွားနေတဲ့ ဆင်ကန်းကြီးလိုပဲတဲ့။ တွေ့ရာလျှောက်ပြီးတော့ တိုက်တော့တာပဲ။ ဒါကြောင့်မို့ တပည့်တော်တို့ သဒ္ဒါကို သင်ရတယ်ပေါ့။

ကျောင်းတိုက်မှာလည်းပဲ အခြေခံပထမတန်း၊ အခြေခံမူလတန်းဆိုပြီး ထားပေးတယ်။ တပည့်တော်တို့ ကျောင်းတိုက်အခြေခံမူလတန်းကတော့ တောင်မြို့ဆရာတော်ကြီးရဲ့နည်းအတိုင်း ကျင်းပခဲ့တယ်ပေါ့။ ကျောင်းတိုက်ပထမတန်းကျတော့ တပည့်တော်တို့ ကျောင်းတိုက်ရဲ့နည်း ဖြစ်သွားပြီ။ စာချဘုန်းကြီးအင်အားကို ကြည့်ပြီးတော့ လုပ်ထားတယ်။ သဒ္ဒါအခြေခံကောင်းမှ ကောင်းတယ်၊ သဒ္ဒါအခြေခံ ကောင်းလို့ရှိရင် သင်္ကြိုဟ်တွေလည်းပဲ

www.dhammadownload.com

ဆက်ပြီးတော့ သွားနိုင်တယ်ဆိုပြီးတော့ တပည့်တော်တို့ ဒီသင်္ဂြိဟ်တွေ ဘာတွေကိုတော့ ကျက်စာအဖြစ်နဲ့ ထားပြီးတော့ ကိုယ့်ရဲ့အခြေအနေအရ၊ ခေတ်အခြေအနေအရ၊ စာသင်သားတွေရဲ့ ဉာဏ်အခြေအနေအရ ဓမ္မပဒတို့၊ ကထာသလ္လာပတို့ လျှော့ပြီးတော့ သဒ္ဒါကို တပည့်တော်တို့ ရှေ့ပိုင်းနောက်ပိုင်း နှစ်တန်းက အရေးကြီးတဲ့ဟာ ယူထားတယ်ပေါ့။

စာသင်နည်းနှစ်မျိုး

ဉဏာဒိကတော့ တပည့်တော်တို့ ကိတ်နဲ့တူသွားတဲ့အတွက် မထည့်တော့ဘူး။ ကျန်တဲ့ကျက်စာတွေ ဘာတွေလည်း သူ့အဆင့်နဲ့သူထည့်ထားတော့ ဒီဟာတွေကို ပိုင်လို့ရှိရင် တပည့်တော်တို့ တော်တော်ကြီးကို အခြေခံကောင်းသွားပါလိမ့်မယ်။ ဒါကြောင့်မို့ စာချတဲ့ဘုန်းကြီးတွေရော၊ စာသင်တဲ့ စာသင်သားတွေရော စူးစူးစိုက်စိုက် လေ့လာပါ။ တပည့်တော်တို့ ဒီမှာ စာသင်နည်းစနစ်ဆိုတာ ကျောင်းတိုက်စကတည်းက ရှိခဲ့တယ်ပေါ့။ နံပါတ်(၁)က ကျန်းမာရေး မပျက်စေတဲ့ စာသင်နည်းပေါ့။ နံပါတ်(၁)က (ကျန်းမာရေး မပျက်စေတဲ့ စာသင်နည်း)။ နံပါတ်(၂)က ကိုယ်ကျင့်တရား မပျက်စေတဲ့ စာသင်နည်း။ ဘာတဲ့လဲဆိုရင် (ကိုယ်ကျင့်တရား မပျက်စေတဲ့ စာသင်နည်း)။

ဒါကြောင့်မို့ တပည့်တော်တို့ ကျန်းမာရေး မပျက်အောင်လည်းပဲ ညဆို ဆယ်နာရီခွဲဆိုမီးတွေအားလုံးပိတ်ပါ ပြောထားတယ်။ အရေးကြီးတဲ့ ကိစ္စမှတစ်ပါးပေါ့။ အားလုံး မီးပိတ်ပြီးတော့ စကားပြောမှုတွေ မလုပ်ပါနဲ့။ ဒါကိုပဲ တချို့ ကြီးတဲ့ဦးဇင်းတွေ၊ တချို့လည်းပဲ စာချထဲရောက်နေတဲ့ဦးဇင်းတွေ၊ ဒါလေးတွေကို မလိမ့်တပတ်နဲ့ လုပ်ပြီးတော့ သိသလိုလို မသိသလိုလို လုပ်နေတာ ရှိသေးတယ်။ အဲဒါမျိုးတွေက မကောင်းဘူး။ တပည့်တော်တို့ စာသင်သားရဲ့ အင်္ဂါထဲမှာပါတဲ့ 'သုဝစ'အစား 'ဒုဗ္ဘစ'ဖြစ်နေတဲ့အတွက် သူဟာ ဘယ်တော့မှ ပြည့်စုံမှာ မဟုတ်ဘူး။ ကောင်းတဲ့ တရားမျှတတဲ့ အမိန့်ဆိုတာ နာခံမှကောင်းမယ်ပေါ့။

ကျန်းမာရေးရှူထောင့်

တပည့်တော်တို့ ကျန်းမာရေး အခြေအနေကြည့်ပြီးတော့ မျက်စိတွေ ဘာတွေ သက်သာအောင် ညမှာဆိုရင် စာပြန်ပါ။ ည စာကျက်တာကို တတ်နိုင်သမျှ ရှောင်ပါ။ နောက်ဆုံး နာရီသတ်မှတ်တဲ့ ကိုးနာရီအတွင်း မပြီးဘူးဆိုရင် ဆယ်နာရီထိ ပြန်ရတာပဲ။ စာပြန်မှလည်းပဲ စာဆိုတာ စွဲမှာ။ ကျန်းမာရေးရှူထောင့်က ကြည့်ရင်လည်း စာပြန်တာဟာ မျက်စိကျန်းမာရေးကို အထောက်အကူပြုတယ်ပေါ့။ ဘာကျန်းမာရေး အထောက်အကူပြုလဲဆိုရင် (မျက်စိကျန်းမာရေး အထောက်အကူပြုပါတယ်ဘုရား)။ အဲဒီ မျက်စိကျန်းမာရေး အထောက်အကူပြုဖို့အတွက် စာပြန်ပါ စာပြန်ပါဆိုလို့ရှိရင် တချို့က ကိုးနာရီကျော်လို့ရှိရင် ငရဲကြီးမယ့်အတိုင်းပဲ စာပြန်တဲ့သံဃာသိပ်ပြီးတော့ ရှားသွားတယ်။ ဒါ ကောင်းတဲ့ လက္ခဏာ မဟုတ်ပါဘူး။

စာပဲကြည့်ပြီးတော့ စာမပြန်ဘူးဆိုရင် မျက်လုံးဆိုတာ တပည့်တော်တို့ အမြဲတမ်းကောင်းနေတဲ့အရာ မဟုတ်ဘူး။ သူ့ဟာသူ အချိန်တန်တော့ အသုံးချများလို့ရှိရင် ပျက်စီးတာပဲ။ ဒီတော့ ဘာဖြစ်သလဲဆိုတော့ နောက်ဆက်တွဲ အကျိုးဆက်အနေနဲ့ ကျောင်းမှာ မျက်မှန်တွေ များလာတော့တာပဲ။ တပည့်တော်လည်း

www.dhammadownload.com

ခုချိန်ထိ စာကြည့်တယ်။ တပည့်တော်ဆို မျက်စိမှုန်တဲ့အရွယ်ရောက်ပြီ။ ဒါပေမဲ့ သိပ်ပြီးတော့ မမှုန်သေးဘူး။ ဟိုတုန်းကလည်း ပြောဖူးတယ်။ တပည့်တော် တတိယဆင့်တွေမှာဆိုရင် ညည စာလုံးဝ မကြည့်သလောက်ပဲ။ အသင်းကြီးတွေ ဘာတွေမှာ စာဖြေတဲ့ရက်လောက်ပဲ ကြည့်တယ် ပေါ့လေ။

အားရစရာမရှိ

ပထမကြီးတန်းဖြေတော့လည်းပဲ ညမှာ စာမကြည့်သလောက်ပဲ။ အလွတ်ပဲ ပြန်နေတာများတယ်။ နောက် - ဓမ္မာစရိယရောက်တဲ့အခါလည်း စာပြန်တယ်။ စာပြန်ပေမဲ့လို့ စာပြန်စရာလေးတွေက နည်းလာတဲ့အခါကျတော့ နည်းနည်းပါးပါး ကြည့်တယ်ပေါ့။ ဒါလောက်ပဲ ရှိခဲ့တယ်။ အသင်းလုပ်တဲ့အခါတုန်းကလည်း မကြည့်မဖြစ်တဲ့အခါ ကြည့်ရတော့တာပဲ။ အဲဒီတော့ ခြုံလိုက်လို့ရှိရင် ကျန်းမာရေးမပျက်စေတဲ့ စာသင်နည်းဆိုတာ တပည့်တော်က ရှေ့ကနေ ချမှတ်တယ်။ ဒါပေမဲ့လို့ အားရစရာ သိပ်မရှိဘူးပေါ့။ တတိယဆင့်တွေ တပည့်တော် အခုစာချတယ်။ အပါးအရေအတွက်ကတော့ ဒီနှစ် (၁၄)ပါးလား ရှိတယ်။ ဒီပြန်စာတွေ ဘာတွေနဲ့စပ်လို့ မေးလိုက်ရင် ပထမဆင့်က ကျက်ထားတာလည်း မရ၊ ဒုတိယဆင့်တုန်းက လုပ်ထားတာလည်း မေ့၊ စာပြန်တာ သိပ်ပြီးတော့ အပျင်းထူတယ်ပေါ့။ ဒါ တပည့်တော်ရဲ့ ကိုယ်တွေ့။ နှစ်စဉ်လည်းပဲ ဒီတိုင်းပဲ တွေ့နေရတယ်။

အောင်တော့ အောင်လာကြတာပဲ။ တပည့်တော်ကနေပြီးတော့ ဒါလေး ဆိုစမ်းပါဆိုပြီးတော့ အစဖော်ပေးလိုက်ရင် အစ မရတဲ့ သံဃာနဲ့၊ အဆုံးထိ မရတဲ့သံဃာနဲ့၊ ဘယ်တော့မှ ချောချောမောမော မရှိဘူးပေါ့။ ဒါတွေသည် နောက်ဆုံးကောက်ချက်ချလိုက်လို့ရှိရင် ကျောင်းတိုက်စည်းမျဉ်းဖြစ်တဲ့ ကျန်းမာရေး မပျက်စေတဲ့ စာသင်နည်းကို မလိုက်နာတဲ့ သဘောပဲ။ ဘယ်မှုကို မလိုက်နာတာလဲဆိုရင် (ကျန်းမာရေး မပျက်စေတဲ့ စာသင်နည်းကို မလိုက်နာတာပါဘုရား)။ အဲဒါလေးတွေ တပည့်တော်တို့ သေသေချာချာလေး လိုက်နာပေးပါ။ ဒါမျိုးတွေ လိုက်နာမှ ကျန်းမာရေး မပျက်စေတဲ့ စာသင်နည်းဆိုတဲ့ ဂုဏ်လေးဟာ တစ်ချိန်မှာ အရှင်ဘုရားတို့အတွက် သိပ်ပြီးတော့ အကျိုးရှိတယ်။ မျက်လုံးတွေလည်း အကျိုးရှိသွားမှာပဲ။

စာပြန်ရကျိုး

စာပြန်ရတာ သိပ်ပြီးတော့ အရသာရှိပါတယ်။ တပည့်တော်တို့ ပထမဂန္ဓာရုံဆရာတော်ကြီး၊ တွဲဖက်ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၊ ပုံလွန်တော်မူသွားတဲ့ ဆရာတော်ကြီးဆိုရင် စာပြန်တာ သိပ်ပြီးတော့ဝါသနာပါတာ။ ဘယ်လောက်အထိလဲဆို ကမ္ဘာအေးမှာ မဟန ဆရာတော်၊ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးအဖြစ် သွားနေရတဲ့အထိ အဲဒီမှာ ခုဒ္ဒသိက္ခာတွေ၊ ဝိနည်းငယ်လေးစောင်တွေ ပြန်နေတာပဲတဲ့။ တပည့်တော်တို့က အဲ့လောက်ကြီး သဒ္ဓါတရား မရှိတောင်မှ ကိုယ်နဲ့စပ်နေတဲ့ ကိုယ်နဲ့ဆိုင်နေတဲ့ စာတွေကိုတော့ ပြန်သင့်သလား၊ မပြန်သင့်ဘူးလားဆိုရင် (ပြန်သင့်ပါတယ်ဘုရား)။

အဲဒါဆိုရင် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်။ နံပါတ်(၁) ကျန်းမာရေး မပျက်ဘူး။ ဒီအကျိုးကိုလည်း ရတယ်။ နံပါတ်(၂) ကိုယ်စာချဘုန်းကြီးဖြစ်တဲ့အခါမှာလည်းပဲ ဒက်ဒက်နဲ့ ရွတ်လိုက်လို့ရှိရင် တန်းပြီးတော့ ထွက်လာတယ်။ တော်တော်

www.dhammadownload.com

နဲ့ မမေ့ဘူးပေါ့။ ငယ်ငယ်တုန်းကသာ ကျေအောင် ကျက်ခဲ့ရင် ကြီးလို့ရှိရင် မမေ့ဘူးတဲ့။ ဒါကြောင့်မို့ ငယ်ငယ်ကတည်းက စာကျေအောင် ကျက်၊ စာကျေအောင် ပြန်ရတယ်။ အဲဒီလိုဆိုလို့ ရှိရင် မျက်စိကျန်းမာရေးလည်း အထောက်အကူ ပြုသွားတယ်။ နောက်ပြီးတော့ ကိုယ့်အတွက် လည်း ရေရှည်မှာ စာချဘုန်းကြီးဖြစ်တဲ့အခါမှာ ဒီစာတွေက ဦးနှောက်ထဲမှာ နှလုံးသားထဲမှာ မကြာမကြာ ပေါ်ပေါ်လာတော့တာပဲ။ အဲဒါလေး တွေ အရှင်ဘုရားတို့ ဂရုစိုက်ပေးပေါ့။

ကိုယ်ကျင့်တရားရှုထောင့်

နောက်တစ်ခုက ကိုယ်ကျင့်တရား မပျက်တဲ့ စာသင်နည်းပေါ့။ ဒီ ကိုယ်ကျင့်တရား မပျက်တဲ့ စာသင်နည်းဆိုတာ ဘာပြောတာလဲ။ တပည့်တော်တို့က မြတ်စွာဘုရား၏ သာသနာတော် ဝင်လာတယ်။ မြတ်စွာဘုရား၏ သိက္ခာပုဒ်တွေ ရှိတယ်ပေါ့။ ဒါတွေကို တပည့်တော်တို့က လျစ်လျူရှုပြီးတော့ ညစာတွေ ဘာတွေ စားပြီးတော့ စာကျက်တယ်ဆိုရင် တစ်ဖက်က ကောင်းပြီးတော့ တစ်ဖက်မှာကျ မကောင်းဘဲ ဖြစ်သွားတယ်။ ကိုယ်ကျင့်သိက္ခာတွေကျိုးပေါက်၊ နောက်ဆုံးမှာ အလဒ္ဓျုပမာ စာသင်နည်းထဲ ရောက်သွားရင် အပါယ်လေးပါး လားရမယ်။ သာသနာကြီးနဲ့တွေ့ပြီးတော့ စာလည်းပဲ သင်ရသေး၊ အပါယ်ကိုလည်း ကျဉ်းမယ်ဆိုရင် ဒါလောက် လူဖြစ်ရှုံးတာ ရှိကိုမရှိတော့ဘူး။

ဒါကြောင့်မို့ ဒီမှာတော့ စွမ်းအားရှိသမျှ ထိန်းပေးထားတယ်။ ကိုယ့်ဟာကိုယ် ရွာကနေ စားစရာပစ္စည်းတွေ ဘာတွေ ပါလာလို့ရှိရင်လည်း တတ်နိုင်သမျှ စိတ်ကို ကျယ်ပြန့်အောင် ထားပြီးတော့ ဆွမ်းကျောင်းမှာပဲ မျှဝေစားပါ။ ကိုယ့်နေရာမှာကိုယ် စားစရာတွေ လုံးဝမထားပါနဲ့။ စာချဘုန်းကြီးတွေလည်းပဲ ဒီတိုင်းပဲပေါ့။ ကျယ်ပြန့်လေ ကောင်းလေပဲ။ ကျယ်ပြန့်တဲ့စိတ်ထားဆိုတာ တပည့်တော်တို့ ဗြဟ္မဝိဟာရတရားခေါ်တဲ့ အပွမညာတရားထဲမှာ ဝင်သွားတယ်ပေါ့။ ဘယ်တရားထဲမှာ ဝင်သွားလဲ (အပွမညာတရားထဲ)။ ဒါကြောင့်မို့ စိတ်ကို ကျယ်ကျယ်ပြန့်ပြန့်ထားရတယ်။

အပွမညာ

တပည့်တော်တို့ ခေတ်စကားအသုံးကတော့ မိမိရဲ့စိတ်ကို အမြဲတမ်းဖွင့်ထားပါတဲ့။ဖွင့်ထားတဲ့ စိတ်နဲ့ ကြည့်ရှုရမယ်တဲ့။ ဒါကို ပြောတာပဲ။ တပည့်တော်တို့ကတော့ ဗြဟ္မဝိဟာရ အပွမညာတရားလို့ ပြောတယ်။ သူတို့သုံးတာက အမြဲတမ်း ဖွင့်ထားတဲ့စိတ်တဲ့။ ဒီစိတ်နဲ့နေရတယ်လို့ ပြောတာပေါ့။ တပည့်တော်တို့ အားလုံး ခြံုကြည့်လို့ရှိရင် နည်းနည်းလေး အသက်ကလေးတွေ ကြီးလာမယ်။ စာပေအဆင့်အတန်းလေးတွေ ရောက်လာမယ်။ အားလုံးအတွက် အားလုံးအတွက်ဆိုတဲ့ စိတ်နဲ့ ခြံုကြည့်ရမယ်။ နောက်ဆုံးဖြစ်နိုင်လို့ရှိရင် အားလုံး ယနေ့ စာအောင်သံဃာနှင့်တကွ သံဃာတော်တွေဟာ ကိုယ့်ကျောင်းတိုက်လေးအတွက်တင် မဟုတ်ဘဲနဲ့ တစ်ချိန်မှာ တစ်သာသနာလုံးအတွက်ဆိုပြီး၊ မြတ်စွာဘုရား၏ ကျင့်သုံးနည်းလေးတွေ ပြန့်ပါစေဆိုပြီး ကျယ်ပြန့်တဲ့ စိတ်ထားရမယ်။

တစ်ချိန်မှာ တောကျောင်းတွေ ဘာတွေမှာ ကျောင်းထိုင်လို့ရှိရင်လည်းပဲ ရပ်ရွာရဲ့အကျိုးကို ငါဆောင်ဖို့ ကျောင်းထိုင်တာ၊ ငါ့အတွက် ရပ်ရွာကနေ ပြားပြားဝပ်ပြီးတော့ ပစ္စည်းပစ္စယ ပြည့်စုံအောင် လုပ်ပေးဖို့မဟုတ်ဘူး။ ကိုယ်ကနေပြီးတော့

www.dhammadownload.com

တတ်နိုင်သမျှ ရပ်ရွာအကျိုးကို ဆောင်မယ်ဆိုတဲ့ စိတ်ဓာတ်လေးတွေပေါ့။ ဒီစိတ်လေးတွေအထိ ဝင်သွားရင် အကောင်းဆုံးပဲပေါ့။ ဒါကြောင့်မို့ တပည့်တော်တို့ ကိုယ်ကျင့်တရားဆိုတာ သိပ်ပြီးတော့ အရေးကြီးတယ်။

မစ္ဆရိယသဘော

တပည့်တော်တို့ အရင်တစ်ခါတုန်းကလည်း ပြဿနာလေးတွေ နည်းနည်းပါးပါး ဖြစ်တယ်ကြားတယ်။ တချို့က သည်းမခံနိုင်ဘူးပေါ့။ သည်းမခံနိုင်တာနဲ့ စပ်လို့လည်း နောင်ကျရင် မစ္ဆရိယတရားနဲ့ စပ်ပြီးတော့ ပြောပေးဦးမယ်။ မစ္ဆရိယတရားရဲ့ သဘောက ဘာလဲဆိုတော့ 'အတ္တနော သမ္မတ္တိနံ နိဂုဟနလက္ခဏံ'တဲ့။ ကိုယ့်ရဲ့စည်းစိမ်တွေ၊ ကိုယ်နဲ့စပ်ဆိုင်နေတဲ့ ပစ္စည်းပစ္စယတွေကို အမြဲတမ်း သိုသိုသိပ်သိပ်လုပ်တဲ့ သဘောဟာ မစ္ဆရိယတဲ့။ ဥပမာအားဖြင့် ရလာတယ်၊ သေတ္တာထဲမှာ လူမသိသူမသိအောင် ထားတယ်၊ ကိုယ်နဲ့ ခင်မင်တဲ့လူနည်းစုနဲ့သာ စားတယ်ပေါ့။ ဒီကျောင်းတိုက်ရဲ့မူက တပည့်တော်က စပြီးတော့ တပည့်တော် တတ်နိုင်သမျှ ရလာလို့ရှိရင် ဆွမ်းစားကျောင်းကို ပေးတယ်။ ဆွမ်းစားကျောင်းကနေ စီမံပြီးတော့ ခွဲတယ်။

အားလုံးပေါ့၊ သံဃာအတွက် ရည်မှန်းတာရော၊ တပည့်တော်အတွက် လှူတဲ့ဟာရော တပည့်တော်က ဆွမ်းစားကျောင်း ပို့ပြီးတော့ လုပ်နေတယ်။ အဲဒီလိုကျောင်းတိုက်မျိုး။ ဒီလိုကျောင်းတိုက်မှာ နေပြီးတော့ ကိုယ့်ဟာလေး ကိုယ်ကျတော့ ခုနကလို လျှို့ဝှက်သုံးဆောင်တယ်ဆို ဘယ်ကောင်းပါ့မလဲ။ 'အတ္တနော သမ္မတ္တိနံ နိဂုဟနလက္ခဏံ'တဲ့။ မစ္ဆရိယရဲ့ သဘောက ကိုယ့်ရဲ့ပစ္စည်းလေးတွေကို လျှို့ဝှက်တဲ့ သဘောပဲ။ အားလုံး မသိစေချင်ဘူး။ တိုးတိုးတိတ်တိတ်လေး လုပ်တယ်။ ဒီသဘောရောက်သွားလို့ရှိရင် မကောင်းတော့ဘူး။

လောသကတိဿမထေရ်

မစ္ဆရိယသဘောဟာ ဘယ်လောက်ပဲ သီလရှိရှိ အန္တရာယ်ကြီးပါတယ်။ တပည့်တော်တို့ ဒီနေ့ စာကြည့်တဲ့အထဲမှာပါတဲ့ လောသကတိဿမထေရ်လောင်းဆိုတာ ကဿပဘုရားရှင် လက်ထက်တုန်းက 'ပကတတ္တ'တဲ့။ ပါရာဇိကလည်း မကျဘူး။ ဥက္ခိတ္တကလည်း မဟုတ်ဘူး။ ပုံမှန် သီလရှိနေတယ်။ ဒီတင်မကသေးဘူး။ 'သီလဝါ'တဲ့။ ကိုယ်ကျင့်တရား သိပ်ပြီးတော့ကောင်းတယ်။ 'ဝိပဿနာယ ယုတ္တပယုတ္တော'တဲ့။ ဝိပဿနာတရားအားထုတ်မှုတွေလည်းပဲ သိပ်လုပ်တာတဲ့။ ဒါပေမဲ့ လာဘ သက္ကာရနဲ့စပ်ပြီး မစ္ဆရိယ ဝင်သွားတာနဲ့ ကိုယ့်ဒကာကနေ ကိုယ့်အပေါ်မှာ အကြည်ညိုနည်းပြီးတော့ အာဂန္တုဘုန်းကြီးအပေါ် အကြည်ညိုများသွားတာကို ဒီမစ္ဆရိယစိတ်ဝင်လိုက်တာနဲ့ သီလရှိတယ်၊ ဝိပဿနာတွေလည်း တော်တော် အားထုတ်ထားတယ်၊ သို့ပေမဲ့လို့ ဒီစိတ်ကြောင့်မို့ နောင်တတွေ့ရပြီးတော့ ဒေါမနဿတွေဖြစ်၊ နောက်ဆုံးမှာ မစားနိုင် မသောက်နိုင်နဲ့၊ မနုဿပေတလို့ စာထဲမှာ သုံးတယ်၊ လူပြိတ္တာလိုသဘောမျိုး ဖြစ်ပြီးတော့ ပိန်ချုံးပြီးတော့ ဒီစိတ်နဲ့ ပျံတော်မူသွားတာ။

ပျံတော်မူပြီး ငရဲကျတယ်။ နောက်ဆုံးဘဝ ရဟန္တာဖြစ်တော့လည်း လောသကတိဿမထေရ် ဘဝမှာ ဒီမစ္ဆရိယအကုသိုလ်စိတ်ကြောင့်၊ ရဟန္တာ အာဂန္တုအတွက် လှူလိုက်တဲ့ ပစ္စည်းတွေကို ဖျောက်ဖျက်ပစ်လိုက်တဲ့ မစ္ဆရိယယှဉ်တဲ့ စိတ်ကြောင့်ပေါ့။ တပည့်တော်တို့ ရဟန္တာဖြစ်တဲ့

www.dhammadownload.com

ဘဝမှာတောင်မှ တစ်ကြိမ်တည်း ဆွမ်းဝအောင် ဘုဉ်းပေးရတယ်ဆိုပြီးတော့ လာတယ်ပေါ့။ သူ ပဋိသန္ဓေနေတုန်းကလည်း သူ့အကြောင်းပြုပြီး အိမ်ခြေတစ်ထောင်ရှိတဲ့ တစ်ရွာလုံးက ငတ်ပြတ်ပြီးတော့ မီးတွေလောင်၊ မင်းဘေးတွေသင့်။

ပတ်ဝန်းကျင်ပါ ထိတတ်

အဲဒီတော့ တပည့်တော်တို့ စိတ်ယုတ်မာတစ်ခု၊ ကျဿာမစ္ဆရိယတစ်ခု ရှိလာပြီဆိုလို့ရှိရင် အားလုံး ထိခိုက်နိုင်တာပဲ။ ကျောင်းတိုက်တစ်တိုက်လုံးလည်း တပည့်တော်တို့ ထိခိုက်နိုင်တာပဲ။ ဒီလိုပုဂ္ဂိုလ်တစ်ယောက် ပါလာပြီဆိုလို့ရှိရင် မိသားစုတစ်စု၊ ကျောင်းတိုက်တစ်တိုက်၊ ရပ်ရွာတစ်ရွာ၊ ကျေးရွာတစ်ရွာ၊ နောက်ဆုံး တစ်နိုင်ငံလုံးမှာ စိတ်ဓာတ် သိပ်ပြီးတော့ညှဉ်းဖျင်းတဲ့ ဒီလိုပုဂ္ဂိုလ်တစ်ယောက် ပါလာပြီဆိုလို့ရှိရင် အားလုံး ထိခိုက်တတ်တယ်ပေါ့။ ဒါကြောင့်မို့ ကိုယ့်ဘက်က ဒီမစ္ဆရိယဆိုတဲ့ အလိုဆိုးလေးတွေကို ပယ်ရှားရမယ်။

'အတ္တနော သမ္ပတ္တိနံ နဂုဟနလက္ခဏံ' တင် မကဘူး။ နောက်တစ်ချက် သူ့ရဲ့သဘောက ဘာလဲဆိုတော့ သူ့ရဲ့ကိစ္စ၊ မစ္ဆရိယရဲ့ကိစ္စက 'တာသံယေဝ ပရေဟိ သာဓာရဏာဘာဝအက္ခမနရသံ'တဲ့။ ကိုယ်ရသလို ကိုယ်ခံစားရသလို သူများရသွားမှာ သူများခံစားရမှာ သိပ်ပြီးတော့ စိုးရိမ်တာတဲ့။ ဒါလေးတွေ တပည့်တော်တို့ ဘုန်းကြီးလောကမှာ သတိထားရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်တို့ အကြီးလုပ်တဲ့ပုဂ္ဂိုလ်က တစ်ခါတစ်ရံမှာ အလုပ်ပိုလုပ်တဲ့ပုဂ္ဂိုလ်ကို နည်းနည်းပါးပါး ပိုပြီးတော့ ချီးမြှောက်တာမျိုး ရှိတတ်တယ်။ ဥပမာအားဖြင့် ဆွမ်းစားကျောင်းကိုရင်တွေ ...၊ တတ်နိုင်သမျှ သံဃာအတွက် အနစ်နာခံတဲ့အတွက် သူတို့အပေါ် နည်းနည်းပါးပါး ပိုတာမျိုးပေါ့။

စာချချင်းတူဦးတော့

ပြဿနာလေးတွေက ဟိုတုန်းကလည်းပဲ ဖြစ်ခဲ့တယ်။ အခုလည်းပဲ ဖြစ်ချင်ဖြစ်နေမှာစိုးလို့ တပည့်တော် ထပ်ပြောတာ။ ဒါကို ကိုယ်က နားလည်ရမှာပေါ့။ ဒါကိုပဲ ငါ့ကျတော့ မရဘူး၊ သူတို့ကျတော့ ပိုတယ်၊ သူတို့အဆင့်ကဖြင့် ဘာမှ မဟုတ်သေးဘူး၊ စသဖြင့် သူများရသွားတာကို စိတ်ထဲမှာ မရိုးမရွဖြစ်ပြီးတော့ ကြိတ်မနိုင် ခဲမရဖြစ်ပြီးတော့ ပါးစပ်ကနေ ထုတ်ပြီးပြောတယ်။ အဲဒါသည် 'တာသံယေဝ ပရေဟိ သာဓာရဏာဘာဝအက္ခမနရသံ'တဲ့။ သည်းမခံနိုင်တော့ဘူး။ စိတ်ထဲကနေ ကြိတ်ပြီးတော့ အတူတူ အချင်းချင်း သူတို့ကျတော့ ပေးတယ်၊ ငါ့ကျတော့ မပေးဘူး၊ ဒီလိုဖြစ်နေတယ်။ တပည့်တော်တို့ကတော့ တတ်နိုင်သမျှ မျှပေးတာပဲ။ စာချချင်း တူဦးတော့၊ ပင်ပန်းတဲ့ပုဂ္ဂိုလ်တွေလားကြည့်ပြီးတော့ ဆောင်ရွက်ရမှာ။

ဒီလို ဆောင်ရွက်တဲ့အခါ ကိုယ့်ရဲ့သန္တာန်မှာ ဒီမစ္ဆရိယ သဘောတရားလေးတွေ မရှိဘူးဆိုရင် အကောင်းဆုံးပဲ။ ရှိတယ်ဆိုလို့ရှိရင်လည်း တတ်နိုင်သမျှ ဖျောက်လိုက်ရင် ကောင်းမယ်။ တပည့်တော်တို့က ထိုက်သလောက် စိတ်ရဲ့ အခြေအနေလေးတွေကို တတ်နိုင်သမျှ ကြည့်ပြီးတော့ ဒီကျောင်းမှာ အုပ်ချုပ်ပါတယ်။ ဘယ်စာချဦးဇင်းက ဘယ်လိုရှိတယ်ဆိုတာ တတ်နိုင်သမျှ ကြည့်ပြီးတော့ ပြင်လည်းပဲ ပြင်အောင် တစ်ဦးချင်းခေါ်ပြီး သြဝါဒမပေးတောင်မှ ဒီကနေ အားလုံး ခြုံခြုံပြီးတော့ သြဝါဒပေးတယ်။ ဒါကို စွမ်းအားရှိသမျှ လိုက်နာကျင့်သုံးပေးပေါ့ဘုရား။

www.dhammadownload.com

မစ္ဆရိယရဲ့ ရသ

တစ်ခါတစ်ရံ မညီမျှဘူးဆိုတာ စေတနာဆိုး မပါပါဘူး။ ကိုယ်က ဒီလိုထင်လို့ လုပ်လိုက်တယ်။ တပည့်တော်တို့ဘက်ကတော့ စိတ်စေတနာ မှန်တယ်။ ဒါပေမဲ့ မှားတဲ့အခါလည်း ရှိချင်ရှိမှာပဲ။ ဒါကို ကိုယ်က တတ်နိုင်သမျှ သည်းခံပေါ့။ သည်းမခံနိုင်ဘူးဆိုရင် စောစောက ပြောတဲ့ မစ္ဆရိယ ရသသဘောတွေ ပါသွားတယ်။ ဘာသဘောတွေ ပါသွားလဲ (မစ္ဆရိယရဲ့ ရသသဘောတွေပါဘုရား)။ မစ္ဆရိယ ရသသဘော၊ မစ္ဆရိယရဲ့ကိစ္စ၊ မစ္ဆရိယရဲ့လုပ်ငန်းက ဘာလဲဆိုတော့ သူများတွေ ကိုယ့်ထက် ရသွားမှာ စိုးရိမ်တာ။ သူများရသွားလို့ရှိရင် စိတ်ထဲမှာ မခံချိမခံသာ၊ အောင့်သည်းအောင့်သက်ဖြစ်တာ၊ ဒါမျိုးလေးတွေပေါ့။ မအောင့်နိုင်တဲ့အဆုံး နောက်ဆုံးမှာ ထုတ်ပြော။ ဒါလေးတွေက မစ္ဆရိယရဲ့ ရသလို့ခေါ်တာပေါ့။

ဒါမျိုးလေးတွေ မဖြစ်လို့ရှိရင် ကျောင်းတိုက်မှာ တပည့်တော်တို့ တိုးတက်ကြီးပွားပြီးတော့ ညီညီညွတ်ညွတ်နဲ့ ဆက်လက်ပြီးတော့ အောင်မြင်သွားမယ်။ ဒီနှစ်မှာလည်း ကျောင်းတိုက်မှာ စာမေးပွဲအောင်တယ်။ မနှစ်ကလည်း အောင်တယ်။ ကောင်းပြီးလို့ရှိရင် မကောင်းတဲ့ဘက်လေးတွေ နည်းနည်းဖြစ်တတ်တော့ သတိထားပေးပါ။ မနှစ်ကလည်း သက္ကသီဟစာမေးပွဲမှာ ကျောင်းတိုက်အနေနဲ့ စံချိန်ချိုး အောင်လိုက်တယ်။ ဒါပေမဲ့လို့ နောက်တစ်ပါးက ရေနစ်ပြီးတော့ ပုံတော်မူပြန်ရော။ ဒီနှစ်လည်းပဲ အစိုးရစာမေးပွဲတွေမှာ စံချိန်ချိုးတဲ့သဘောနဲ့ အောင်လို့ ကောင်းတဲ့ဘက်က ရှိသွားပြီ။ ဒါပေမဲ့ ကျောင်းပေါ်က ကျပြီးတော့ ပုံတော်မမူတာ ကံကောင်းလို့ပေါ့။

အကောင်းပြီးရင် အဆိုးလာတတ်

အဲဒီတော့ ကောင်းလာလို့ရှိရင် နောက်ကနေပြီးတော့ သတိတရား ဆင်ခြင်တုံတရား မရှိရင် အဆိုးတွေက ကပ်ပါတတ်တယ်။ လူတစ်ဦးချင်းလည်း ဒီအတိုင်းပဲ။ ကျောင်းတိုက်တစ်တိုက်ချင်းလည်း ဒီတိုင်းပဲပေါ့။ အဲဒါကြောင့်မို့ အားလုံးမိမိတို့ရဲ့သန္တာန်လေးကို ပြန်ပြန်ကြည့်ပြီးတော့ ထင်ရှားတဲ့ ကျသာ မစ္ဆရိယ သဘောတရားလေးတွေ ဖြစ်လာလို့ရှိရင် တတ်နိုင်သမျှ ဆင်ခြင်ပြီးတော့ ပယ်ဖျောက်ပေးပါ။ ကိုယ့်အပေါ်မှာ အကျိုးမဲ့ မလုပ်သေးသမျှ အကြီးတွေလုပ်တာ နည်းနည်းပါးပါး မှားချင်လည်းပဲ မှားမှာပဲ။ ပုထုဇဉ်တွေကိုး။ မှားပေမဲ့ စေတနာဆိုးကြီးနဲ့ မဟုတ်ရင်၊ ထင်လို့ လုပ်မိတယ်ဆိုရင် အပြစ်ကို မရှိပါဘူး။ ဒါမျိုးလေးတွေ ကျတော့လည်းပဲ အားလုံးခွင့်လွှတ်နားလည်ပြီးတော့ ဒီတရားတွေ အစွန်းမထွက်အောင် သတိထားပါ။

မိမိတို့အပေါ်မှာ ကျောင်းတိုက်တွေက နစ်နာအောင်၊ စာချုပ်နှုန်းကြီးတွေက နစ်နာအောင်၊ ဆရာတော်တွေက နစ်နာအောင် မလုပ်သမျှ တတ်နိုင်သမျှ ကိုယ့်အကျိုးကို လုပ်ပေးထားတာလေးတွေကို ရှုပြီးတော့ သည်းခံပြီးတော့ နေလို့ရှိရင် အားလုံး ညီညီညွတ်ညွတ်နဲ့ ချမ်းသာသွားမှာ။ ဒီလိုမှ မဟုတ်ဘဲနဲ့ ပါးစပ်က စောင့်စည်းမှုနည်းပြီးတော့ စောစောကပြောတဲ့ ကျသာသံ၊ မစ္ဆရိယသံလေးတွေနဲ့ ဟိုပြောဒီပြော ပြောပြီဆိုလို့ရှိရင် တပည့်တော်တို့ ကြားရတဲ့ပုဂ္ဂိုလ်လည်း ချမ်းသာမှာ မဟုတ်ပါဘူး။ ဒီပုဂ္ဂိုလ်လည်းပဲ ပြောတာများလာလို့၊ တပည့်တော်တို့ သိလို့၊ သိပ်ပြီးတော့ ပြောမရဘူးဆိုရင် တပည့်တော်တို့က လမ်းခွဲရုံပဲ ရှိတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီကျောင်းတိုက်ကို တပည့်တော်ကို ရက္ခက

www.dhammadownload.com

ဂေါပကအဖြစ် အပ်ထားတာဆိုတော့ မကောင်း ဘူးထင်ရင် ပယ်ခွင့် တပည့်တော်မှာ အားလုံး ရှိပါတယ်။ ကောင်းတယ်ထင်ရင်လည်းပဲ ဆက် ပြီးတော့ နေခွင့်ရှိတယ်။ သို့သော် အဲဒီလောက် ကြီးထိ မဖြစ်ဘဲနဲ့ ကိုယ့်ဟာကိုယ် ထိန်းသိမ်း နိုင်လို့ရင်တော့ ကောင်းတာပေါ့ဘုရား။

ဒါကြောင့်မို့ ယနေ့ စာအောင်ဆုယူတဲ့ ကိုရင်လေးတွေကိုလည်း နိဂုံးချုပ်အနေနဲ့ ပြော ချင်တာက မိမိတို့လည်း မိမိတို့အဆင့်အတန်း အလိုက် အသိဉာဏ်လေးတွေ မြင့်လာတယ်။ ကျန်တဲ့သံဃာတော်တွေကလည်း ဒီထက်မြင့်တဲ့ သံဃာတွေပဲ များနေတော့ ဒီလိုဒီလို ကိုယ်စီ ကိုယ်င ကျသာမစ္ဆရိယတွေ ပယ်ရှားပြီးတော့ ကျောင်းတိုက်ရဲ့အကျိုး၊ သာသနာအကျိုးကို ရှေးရှုပြီးတော့ ညီညီညွတ်ညွတ် ဝမ်းမြောက် ဝမ်းသာနဲ့ တပည့်တော်တို့ ရှေ့ဆက်ပြီးတော့ လက်တွဲပြီးတော့ သာသနာအတွက်လုပ်ကြမယ်။ အဲဒီလိုလုပ်နိုင်အောင်လည်း ကိုယ်စီကိုယ်စီ စိတ် ဓာတ်လေးတွေ အမိဋ္ဌာန်ပြီးတော့ ကြိုးစားနိုင် ကြပါစေသတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

စိတ်ဓာတ်တန်ဖိုး

၁၃၆၇ ခု၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့
၂၀၀၅ ခု၊ ဇူလိုင်လ ၂၀ ရက်၊ ကြာသပတေးနေ့ ည

ကဲ ... အစီအစဉ်အရကတော့ တပည့်တော်တို့ ဒီကနေ ဆင်းပြီးရင် ခုနစ်နာရီထိုးဖို့ ဆယ်မိနစ် (သို့မဟုတ်) ဆယ့်ငါးမိနစ်လောက်မှာ အချက်ပေးတုံးခေါက်မယ်ပေါ့။ အချက်ပေး တုံးခေါက်တဲ့အခါမှာ တာဝန်အရ ဒီမှာ စောင့်ရှောက်မယ့် ဘုန်းကြီးတွေနဲ့ ကိုရင်ဦးဇင်း လေးငါးပါးချန်ပြီးတော့ အားလုံးပဲ ပထမဂန္ဓာရုံကိုကြွ၊ ကြွပြီးတော့ ဩဝါဒခံယူ၊ ပြီးတော့ တပည့်တော်တို့ သင်္ကန်းမဲ့ဖောက်မယ်ပေါ့။ သင်္ကန်းမဲ့ဖောက်ပြီးတဲ့အခါမှာ တပည့်တော် ပြောချင်တာလေးက ကိုယ်က ရဟန်းဝတ်ကို မနိုင်ရင် ရဟန်းဝတ်ကြီးမဝတ်ပါနဲ့။ ရှင်ကြီးနဲ့တန်လို့ရှိရင် ရှင်ကြီးသင်္ကန်းပဲ ဝတ်ပါ။ ရှင်လတ်နဲ့ တန်လို့ရှိရင် ရှင်လတ်သင်္ကန်းကို ဝတ်ပါ။ ဒါ တပည့်တော်တို့ ကျောင်းတိုက်နေခွင့်လက်ခံကတည်းက စည်းမျဉ်းအနေနဲ့ ပါလာတယ်ပေါ့။

တချို့ကိုရင်လေးတွေက ဘာဖြစ်လဲဆိုတော့ ကိုယ်က ရှင်ကြီးလောက်ပဲ ဝတ်သင့်တာကို ရဟန်းဝတ်ကြီးတွေနဲ့ ဟောဒီဘုရားဝတ်တက်တဲ့အခါမှာ ကိုးရိုးကားရားလေး နှစ်ပါးလောက် တွေ့နေရတယ်။ အဲဒါ မဖြစ်စေပါနဲ့။ ကိုယ့်မှာ သင်္ကန်းလုံလောက်ပါတယ်၊ ကျန်တာကို တပည့်တော်တို့ စာအုပ်စသည်နဲ့ လဲလှယ်ပါမယ်ဆို တပည့်တော် ပြောစရာမရှိဘူးပေါ့။ ဒီလိုမှ မဟုတ်ဘူးဆိုရင် ကိုယ်နဲ့တန်တဲ့သင်္ကန်းကို ဝတ်ပါ။ အားလုံးကြားတယ်နော်။

www.dhammadownload.com

ရှင်ကြီးနဲ့တန်ရင် ရှင်ကြီးဝတ်၊ ရှင်လတ်နဲ့တန်ရင် ရှင်လတ်ဝတ်ပါ။ ဘာဖြစ်လို့လဲ၊ ပါသာဒိကဂုဏ် ရှိအောင်လို့။ ကြည့်တဲ့နေရာမှာ တပည့်တော်တို့ ဒီသင်္ကန်းဟာ သိပ်ပြီးတော့ အရေးကြီးတယ်။ သင်္ကန်းဖိုးရိုးဖားရားကြီးတွေနဲ့ ဖြစ်နေတတ်တယ်ပေါ့။ အဲဒါကြောင့်မို့ တပည့်တော် အထူးပြောခြင်းဖြစ်ပါတယ်။

ဖလှယ်ကြမယ်

တပည့်တော်တို့ ပြန်လာလို့ရှိရင် ဒီနေ့ညဖြစ်ဖြစ်၊ မနက်ဖြန်ပဲ ဖြစ်ဖြစ်ပေါ့နော်။ ဒီတမ္ဘူလကျောင်းဆိုရင် စာချဘုန်းကြီး ဦးဝေပုလ္လရှိတယ်။ ပတ္တမြားကျောင်းဆိုလို့ရှိရင်လည်းပဲ စာချဘုန်းကြီး ဦးသီလာနန္ဒနဲ့ ဦးဩဒါတတို့ ဦးစန္ဒဝံသတို့ ရှိတယ်။ ဒီဓမ္မာရုံကျောင်းမှာဆိုရင်လည်း ဦးဇောဂရတို့ အောက်ထပ်မှာရှိတယ်။ အဲဒီအကြီးတွေက ကိုယ့်ကျောင်းနဲ့ကိုယ် သင်္ကန်းညီမညီ စစ်ကြည့်ပေးပါ။ ရှင်ကြီးနဲ့တန်တာ ဝတ်ချင်ပါတယ်၊ ရှင်လတ်နဲ့တန်တာ ဝတ်ချင်ပါတယ်ဆို အားလုံးစုထားပါ။ စုထားဆိုတဲ့နေရာမှာ ခြွင်းချက်တစ်ခုက ဘာလဲဆိုတော့ တပည့်တော်တို့ ဒီသင်္ကန်းကောင်းကောင်း ပေါက်တဲ့သံဃာကိုတော့ မလိုဘူးပေါ့ဘုရား။ ကျန်တဲ့ တရုတ်တက်ထရွန်၊ စကိတ်သင်္ကန်းလောက် ပေါက်လို့ရှိရင် သူလည်း ဝတ်မယ်ဆိုလို့ရှိရင်တော့ စာရင်းကောက်ပေးပါ။

ငါ့ကျတော့ နည်းသွားတယ်၊ သူ့ကျတော့ အများကြီး စိုက်ရတယ်၊ ဒီလိုစိတ်ထားမျိုး မဖြစ်ဘဲနဲ့ အားလုံးပေါင်းပါ။ ပေါင်းပြီးတော့ တပည့်တော်တို့ ဒါတွေကို ရှင်ကြီး၊ ရှင်လတ်နဲ့ ဖလှယ်ပေးမယ်။ လိုအပ်တာကို တပည့်တော် ကျောင်းကနေပြီးတော့ စိုက်ပေးပါ့မယ်။ သင်္ကန်းကောင်းကောင်း စီဝိုင်စီ စသည်ဖြင့် ပေါက်လို့ရှိရင်တော့ ကိုယ့်သဘောနဲ့ကိုယ် ပြန်ပြီးတော့လုပ်ပါ။ ခုနက ပြောသလို ရိုးရိုးသင်္ကန်းတွေ စကိတ်လောက်ပဲ ပေါက်တယ်ဆိုရင်တော့ ကိုယ်ကလည်း ရှင်ကြီးဝတ်မယ်၊ ရှင်လတ်ဝတ်မယ်၊ စာအုပ်နဲ့ မဖလှယ်ပါဘူးဆိုလို့ရှိရင်တော့ အဲဒါတွေကို တပည့်တော်တို့ ဒီည ပြန်လာလို့ရှိရင်ဖြစ်ဖြစ်၊ မနက်ဖြန် မနက်မှဖြစ်ဖြစ် ကိုယ့်ကျောင်းနဲ့ကိုယ် စီစဉ်ပြီးတော့ လုပ်ပေးမယ်။ အကြီးတွေက အဲဒါလေးတွေကို အထူးကြောင့်ကြစိုက်ပေးပေါ့။

စိတ်ဓာတ်တန်ဖိုး

ပြီးလို့ရှိရင် ဦးဇောဂရက ကျောင်းတိုင်းကျောင်းတိုင်းရဲ့ စာရင်းတွေကို ယူပြီးတော့ ဘယ်နှစ်စုံရတယ်။ ရှင်ကြီးက ဘယ်လောက်လိုချင်တယ်။ ရှင်လတ်က ဘယ်လောက်လိုချင်တယ်။ အဲ - ကိုယ်ရလာတဲ့ သင်္ကန်းကိုတော့ ပေးပေါ့ဘုရား။ တော်ကြာ ရလာတဲ့သင်္ကန်းလေး ယူပြီးတော့ အပိုလိုချင်တဲ့၊ စိတ်ထားလေးတွေ ညံ့တဲ့ အဖြစ်မျိုးတော့ မရောက်စေနဲ့။ မကောင်းတဲ့ဟာကြီးတွေ၊ အဟောင်းကြီးတွေ ကောက်ထည့်တာမျိုးတွေကိုတော့ ဘယ်တော့မှ မလုပ်ပါနဲ့။ ပစ္စည်းက တန်ဖိုးမရှိဘူး။ ကိုယ့်ရဲ့ ရိုးသားမှု စိတ်ဓာတ်ကသာ တန်ဖိုးရှိတယ်ပေါ့။ ဒါလေးတွေ မဖြစ်တော့ မဖြစ်ဖူးပါဘူး။ ဒါပေမဲ့ စိတ်ထဲမှာ ဖြစ်လာမိလို့ရှိရင် သိပ်ပြီးတော့ အောက်တန်းကျသွားလိမ့်မယ်။ အောက်တန်းကျတယ်ဆိုတဲ့နေရာမှာ အပါယ်လေးပါးထဆင်းသွားရင် မကောင်းဘူး။ အဲဒါလေးတွေ အားလုံးသတိပေးပါတယ်။

နောက်ပြီးတော့ ဝါဆိုတဲ့အခါမှာလည်းပဲ အခု တပည့်တော်တို့ ကျောင်းမှာ ရဟန်း အပါး

www.dhammadownload.com

(၃၀)ပေါ့။ သာမဏေက (၁၃၅)ပါး။ နှစ်ရပ်ပေါင်းတော့ ၁၆၅-ပါး။ အဲဒါလေးတွေကိုလည်း အားလုံးမှတ်ထားပေါ့။ အရှင်ဘုရားတို့ ကျောင်းသံဃာဘယ်လောက်ရှိသလဲမေးလို့ မသိဘူးဆိုရင် မကောင်းဘူး။ တပည့်တော်တို့ ဘုရားလက်ထက်ကလည်း ဒါလေးတွေသိအောင်လုပ်ထားဖို့ မှာထားတာရှိတယ်။ ဒါကြောင့်မို့ ဒါလေးကို ကြိုတင်ပြီးတော့ ပြောပါတယ်။

လူသစ်စိတ်သစ်

နောက်ပြီးတော့ ဒီကျောင်းတိုက်မှာ ဝါဆိုပြီဆိုရင် တပည့်တော်တို့ ကိုယ်စီကိုယ်စီ ကိုယ့်အလုပ်ကိုယ် လုပ်ရပါတယ်။ အထူးသဖြင့် ဒီကျောင်းမှာ ပရိယတ္တိ ပဓာနထားပြီးတော့ ပဋိပတ္တိ အကျင့်သိက္ခာတွေကိုလည်း တတ်နိုင်သမျှ ကျင့်စွမ်းအောင် လုပ်နေတယ်။ အဲဒီတော့ နံပါတ်(၁) ပရိယတ္တိတာဝန်ပေါ့။ နံပါတ်(၂) ပဋိပတ္တိကတော့ ကိုယ့်ကျင့်သီလ အခြေခံတဲ့ ပဋိပတ္တိတာဝန်ပေါ့။ ဒီတာဝန်နှစ်ရပ်ကို တပည့်တော်တို့ ဒီဝါဆိုက စပြီးတော့ ထမ်းဆောင်ကြမယ်။ ငါ့စိတ်ဓာတ်တွေ ဘယ်လို ဖြစ်နေတယ်၊ ပြင်မယ်၊ ကိုယ့်မှာ ဘယ်လိုမှားယွင်းချက်တွေရှိခဲ့တယ်၊ ဒါကြောင့်မို့ ဒီဝါတွင်းမှာတော့ ဘယ်လိုကြိုးစားပြုပြင်မယ်ဆိုပြီးတော့ လူသစ်စိတ်သစ်နဲ့ ပိုပြီးတော့ ကြိုးစားပါ။ မနက်ဖြန် တပည့်တော်တို့ စာဝါ မစနိုင်ဘူး။ သန်ဘက်ခါတော့ စဖို့ရာ သေချာပြီ။

မနက်ဖြန် အလုပ်တွေ ဘာတွေ ရှုပ်လို့ရှိရင် တစ်ရက်တလေ နားဦးမယ်။ စာကျက်တဲ့ နေရာတွေလည်းပဲ ခွဲပေးဦးမယ်။ သန်ဘက်ခါက စပြီး တပည့်တော်တို့ လူသစ်စိတ်သစ်နဲ့ ကိုယ့်ရဲ့ ရည်မှန်းချက်အတိုင်း ကိုယ်ကျင့်သိက္ခာမပျက်တဲ့ ပညာသင်နည်း၊ စာကြိုးစားနည်း၊ နောက်တစ်ချက်က ကျန်းမာရေး မပျက်တဲ့ ပညာသင်နည်း၊ စာကြိုးစားနည်း၊ ဒီနှစ်နည်းနဲ့ အခြေခံသွားမယ်ပေါ့။

ပညာရေးကလည်းပဲ ဒီကျောင်းရဲ့အခြေခံက ဒီလောက်ဆိုရင် တပည့်တော်တို့ ရိပ်မိလောက်ပြီ။ ဒီကျောင်းတိုက်ဟာ အခြေခံကောင်းတယ်။ အခြေခံကောင်းတဲ့သံဃာတွေဟာ သူ့ဟာသူ တိုးတက်သွားတာပဲ။ ဘာမှ ယုံမှားစရာ မရှိဘူး။ ဆရာသမားတွေကလည်းပဲ မှတ်စုကို ပဓာန မထားဘဲနဲ့ အဓိကဖြစ်တဲ့ ကျမ်းရင်းကို ဦးစားပေးပြီးတော့ လုပ်သွားမယ်။ ဒါကို ဘယ်တော့မှ မလျှော့ပါနဲ့။ ဒီလို မှတ်စုမှတ်ရာ မကိုင်ဘဲနဲ့ ကျမ်းရင်းတွေလုပ်တာ များလာလို့ရှိရင် တပည့်တော်တို့ နောက်ဆုံးမှာ စာမေးပွဲအောင်တာချင်းတူဦး၊ သဒ္ဓါတရားအခြေခံချင်းတော့ မတူဘူးပေါ့။ မှတ်စုမှတ်ရာလောက်ဖတ်တဲ့ သဒ္ဓါတရားနဲ့ ကျမ်းရင်းကို နားလည်အောင်လုပ်ချင်တဲ့ သဒ္ဓါတရားဟာ မတူပါဘူး။ စာမေးပွဲအောင်တဲ့ အရေအတွက်ကတော့ တပည့်တော်တို့ကျောင်းကနည်းချင်လည်း နည်းမယ်။ များချင်လည်း များမယ်။ ဒါကို အဓိကမထားဘဲနဲ့ အရည်အသွေးကို အဓိကထားပြီး ကြိုးစားပါ။

ကိုယ်ကျင့်သီလဆိုရာမှာ

နောက်တစ်ချက်က ကိုယ်ကျင့်သီလ ...။ ဂါထာလေးတစ်ပုဒ် အားလုံး ဆိုကြည့်စမ်းပါ။

ဝတ္တံ အပရိပူရေန္တော၊
သီလံ နု ပရိပူရတိ။
အသုဒ္ဓသီလော ဒုပ္ပညော၊
စိတ္တေကဂ္ဂံ နု ဝိန္ဒတိ။

www.dhammadownload.com

ဝတ္တံ - ဝတ်ကြီးဝတ်ငယ်ကို၊ အပရိပူရေန္တော - မဖြည့်ကျင့်သော ရဟန်းသာမဏေသည်၊ သီလံ - သီလကို၊ န ပရိပူရတိ - ဖြည့်ကျင့်သည်မမည်၊ အသုဒ္ဓသီလော - မစင်ကြယ်သော သီလရှိသော၊ ဒုပ္ပညော - ပညာမရှိသော ရဟန်းသာမဏေသည်၊ စိတ္တေကဂ္ဂံ - စိတ်၏ငြိမ်သက်တည်ကြည်ခြင်းကို၊ န ဝိန္ဒတိ - မရနိုင်။

အဲဒီတော့ ဒီဂါထာလေးမှာ ကြည့်လိုက်။ 'ဝတ္တံ အပရိပူရေန္တော သီလံ န ပရိပူရတိ'၊ အဲဒါကို ပြောင်းပြန်ပြန်လိုက်။ သီလကို ပြည့်စုံအောင် ဖြည့်ကျင့်ပါတယ်ဆိုရင် တပည့်တော်တို့ ယခုလက်ရှိ ရှိနေတဲ့ ဝါရိတ္တသီလလို့ခေါ်တဲ့ ဆယ်ပါးသီလ၊ ရဟန်းတွေဆိုရင်(၂၂၇)သွယ်၊ ဒါလောက်ကလေးလုပ်ရုံနဲ့ သီလပြည့်စုံတယ်လို့ ခေါ်မလား။ အဲဒါလေး သဘောပေါက်ထားပါ။ တပည့်တော် တစ်ခါက ဆရာတော်တစ်ပါးနဲ့ ပြောဖူးတယ်ပေါ့။ ပြောတော့ သူက ဒီ ဝတ်ကြီးဝတ်ငယ်တွေကို ထည့်မပြောဘဲနဲ့ ရိုးရိုးသီလကိုပဲ အသုဒ္ဓသီလောတွေ ဘာတွေထောက်ပြီးတော့ ပြောတယ်။ အမှန်က ဒီဂါထာဟာ တပည့်တော်တို့ ဝိနည်းမှာ လာတယ်။ ဝိနည်းမှာလည်းပဲ စူဠဝါမှာ၊ ဝတ္တခန္ဓကတွေမှာ လာခဲ့တယ်ပေါ့။ တပည့်တော်တို့ စာရိတ္တသီလရဲ့အဆုံးမှာ အဓိက လာထားတယ်။

ဘာဖြစ်လို့ လာလဲလို့ စဉ်းစားကြည့်ရအောင်။ အဋ္ဌကထာအဖွင့် မရှိပေမဲ့ တွေးကြည့်လို့ရပါတယ်။ တပည့်တော်တို့ သီလဆိုလို့ရှိရင် ရဟန်းရော ရှင်ရောဟာ ငါးပါးသီလရှောင်ကြဉ်ရမယ်။ သူများအသက် မသတ်ရဘူး။ သူများဥစ္စာ မခိုးရဘူး။ ဒီလိုရှောင်ကြဉ်ရမှာကိုပဲ သီလလို့ လူသိများတယ်။ ကျင့်သုံးလိုက်နာရမယ့် တံမြက်စည်းလှည်းတာ၊ ကျောင်းတိုက်အတွက် ဝေယျာဝစ္စ လုပ်တာ၊ ဒါတွေကိုတော့ သီလလို့ လူသိနည်းတယ်။ အဲဒါကို ပေါ်လွင်စေချင်လို့ ဒါတွေကို တပည့်တော်တို့ 'ဝတ္တံ အပရိပူရေန္တော သီလံ န ပရိပူရတိ'လို့ ထပ်တလဲလဲ သတိပေးတယ်လို့ ယူဆလို့ရတယ်ပေါ့လေ။ ဒါ အဋ္ဌကထာအဖွင့်တော့ မရှိဘူးပေါ့။

သိပ်ရှပ်ဆိုးပါတယ်

ဒါကို ထောက်ဆရင် တပည့်တော်တို့ ဒီကျောင်းတိုက်မှာ နေပြီဆိုရင်လည်း စာတစ်ခုတည်း ကြိုးစားရုံနဲ့ မပြီးပါဘူး။ နောက်ပြီးတော့ ငါတို့ သီလလုံတယ်၊ ငါတို့ ဘယ်မှမသွားဘူး၊ အေးအေးဆေးဆေးလေး နေတယ်၊ ဒီလို သီလလေးနဲ့လည်းပဲ မလုံလောက်သေးဘူး။ စာရိတ္တသီလဆိုတဲ့ ဖြည့်ကျင့်ရမယ့် ဝတ္တရားတွေ ရှိသေးတယ်။ ဒါကြောင့် ကျရာတာဝန်ကို ကိုယ်စီကိုယ်စီ လုပ်ပေးပါ။ စည်းကမ်းကိုလည်း တိတိကျကျလိုက်နာပါ။ တစ်နေ့ကလည်း သာမဏေကျော် ကိုရင်တစ်ပါး တွေ့ရတယ်။ သင်္ကန်းကြီးတွေက ရှည်လွန်းလို့ တပည့်တော် စိတ်မချမ်းသာလွန်းလို့ ကိုယ်ပတ်ပတ်ပါဆိုပြီး ခေါ်ပြောရတယ်။ ကိုယ်ပတ် ပတ်ချင်ပတ်၊ မပတ်ရင် ခါးပန်းကြိုးပတ်။ ဒါမှမဟုတ်ဘူးဆိုရင် သွားတဲ့အခါ၊ လာတဲ့အခါ သင်္ကန်းကြီးတွေက ရှည်ကျလို့။ ပြန်တိုင်းခိုင်းလိုက်လို့ရှိရင် ဒူးအောက်လက်ဆယ်သစ်လောက် ရှည်ပြီးတော့ ဒါကြီးတွေဟာ ဒီကျောင်းမှာတော့ သိပ်ရှပ်ဆိုးပါတယ်။

ကျောင်းထဲမှာ ခုတင်ပေါ် နေတယ်ဆိုရင် ကိစ္စမရှိဘူး။ ဒီလို ထသွား၊ လာသွား သွားတဲ့အခါဆိုရင်တော့ ဇကာသီလေးတွေရန်း၊ ရန်းပြီးတဲ့

www.dhammadownload.com

အခါ သင်္ကန်းညှိအောင် ကိုယ့်ကိုယ်ကိုယ် စိတ်မချဘူးဆိုရင် ကိုယ်ပတ်ကလေး ပတ်။ ကိုယ်ပတ်ပတ်တာလည်းပဲ ကျင့်ထား။ ခုတော့ ဘာဖြစ်လဲဆိုရင် ကိုယ်ပတ်လေးတွေပဲ ရန်းနေကြတော့တာ။ ဦးဇင်းတွေလည်း တော်တော်များများတွေ့နေတယ်။ ကိစ္စမရှိဘူး၊ ရန်းပါ။ သို့သော်ကြည့်လိုက်တဲ့အချိန်မှာ သင်္ကန်းကြီးတွေက ဒူးအောက် လက်ဆယ်သစ်လောက်၊ ဆယ့်နှစ်သစ်လောက်၊ ဒါမျိုးကျတယ်ဆိုရင်တော့ ယုတ္တိကို မရှိဘူး။ ဒါတွေကစပြီး တပည့်တော်တို့ ကျောင်းတိုက်မှာ ချို့ယွင်းချက်တွေ သိပ်များလာနိုင်တယ်ပေါ့။ အဲဒါလေးတွေ အထူးသတိပေးပါတယ်။

သွားရာလာရာမှာ

တစ်နေ့ကလည်း သာမဏေကျော်ဘွဲ့ရကိုရင်တစ်ပါး။ ဒါ ထပ်ပြီးတော့ သတိပေးပါတယ်။ စကားကို လေးလေးစားစားလိုက်နာတာကောင်းတယ်။ သူတို့ရဲ့ အကြောင်းပြက ဘာလဲဆိုတော့ ခန္ဓာကိုယ်ကျပ်နေလို့တဲ့။ တပည့်တော်ဖြင့် အမြဲတမ်း လာကြည့်ပါ။ သွားလို့လာလို့ရှိရင် ကိုယ်ပတ်ပတ်ထားတာပါပဲ။ ခရီးသွားတယ်ဆိုရင်လည်း ကိုယ်ပတ်မပတ်ဘူးဆိုရင်တောင် ကိုယ်ပတ်ကို ရန်းပြီးတော့ ခါးပန်းကြိုးပတ်ထားတာပဲ။ ဒါမျိုးလုပ်မှပဲ တပည့်တော်တို့ သွားတဲ့အခါလာတဲ့အခါ သင်္ကန်းလေးတွေ ညီညီညာညာရှိတယ်။ ခုဟာက ဇကသီကတော့ ညီပေမဲ့ရှည်နေတာ၊ အဲဒီပြဿနာတွေ တက်နေတယ်။ ဒါကြောင့်မို့ ဒီနေ့က စပြီးတော့ ဘုရားဝတ်တက်တဲ့အခါ၊ သွားတဲ့လာတဲ့အခါ ကိုယ့်ကိုယ် ကိုယ် သတိလေးထားပြီးတော့ သွားပါ။

နောက်ပြီးတော့ ဆွမ်းစားကျောင်းသွားတဲ့အခါ ကြည့်လိုက်လို့ သင်္ကန်းရှည်တယ်ဆိုရင် စစ်ကြည့်လိုက်၊ ကိုယ်ပတ်မပါဘူး။ ဒါတွေဟာ သိပ်ပြီးတော့ ရုပ်ပျက်ပါတယ်။ တပည့်တော်က လေးလေးနက်နက်နဲ့ သတိပေးတာကို အရှင်ဘုရားတို့ဘက်က ပေါ့ပေါ့ဆဆ သတိထားတယ်ဆိုရင် တပည့်တော်အနေနဲ့ စဉ်းစားရလိမ့်မယ်။ စကားနားမထောင်ဘူးဆိုတာ တပည့်တော်တို့ အသေးအဖွဲလေးက စပြီး နားမထောင်ရင် ကြီးကြီးမားမားတွေလည်း ဘယ်သူမှ နားထောင်မှာ မဟုတ်ဘူး။ အဲဒါလေးတွေကို အလေးအနက်ထပ်ပြီးတော့ သတိပေးပါတယ်။ အဲဒါသည် တပည့်တော်တို့ 'ဝတ္တံ အပရိပူရေန္တော'ထဲမှာ ပါတယ်။ လေးလေးနက်နက်လေး နားထောင်ပေးပါ။

အနုမောဒနာချိန်မှာ

သင်္ကန်းရန်းတာနဲ့စပ်လို့ ပြောပြီးတဲ့နောက်မှာ တစ်ခုထပ်ပြောချင်သေးတယ်။ အနုမောဒနာတရားဟောတဲ့အခါ ဒါလေးလည်း တပည့်တော်ကြုံတုန်းထပ်ပြောမယ်။ တစ်နေ့ကလည်းပဲ ပြောပြီးပြီ။ ဒီလို အနုမောဒနာပြုတဲ့အခါမှာ တပည့်တော်ရဲ့ စိတ်ဓာတ်ကို အားလုံးလည်းပဲ ရိပ်မိရင် ရိပ်မိမှာပါ။ ပြောလည်းပြောမိသလား မသိပါဘူး။ ပရိတ်တရားဟောတယ်၊ မေတ္တာသုတ်ကို ဟောတယ်ဆိုရင် တပည့်တော်အနေနဲ့ ယူဆချက်က အားလုံး သံဃာတွေဟာ ပါဠိလို မေတ္တာပွား၊ အနက်အဓိပ္ပာယ်လည်း ထိုက်သလောက် သိပြီဆိုရင် အားလုံး ဒီနေ့ ဆွမ်းကပ်တဲ့ ဒကာ၊ ဒကာမတွေကို အာရုံစိုက်ထားရမယ်။ ဒါမှ မေတ္တာပွားရာရောက်တယ်။

အစ္ဆရာသဃ်ာတမတ္တမွိ - လက်ဖျောက်တစ်ချက်တီးလောက်ကလေး၊ မေတ္တာစိတ်ဘာဝေယျ - မေတ္တာစိတ်ကို ကိုယ့်ရဲ့နှလုံးသား

www.dhammadownload.com

ထဲမှာ ဖြစ်စေတယ်၊ ပွားများတယ်ဆိုရင် တိုင်းသားပြည်သူ လျှုဒါန်းတဲ့ဆွမ်းဟာ ကျေပါတယ်။ အချည်းနှီးမဖြစ်ပါဘူးတဲ့။ မြတ်စွာဘုရားက ဟောခဲ့တယ်။ ဒီလို မေတ္တာမပွားဘူးဆိုရင် အကြွေးတင်တယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်။ ဒါကြောင့်မို့ ဒီမှာ ဆွမ်းကပ်ရှိလို့ရှိရင် တပည့်တော် စီစဉ်ထားတာ။ သံဃာကုန်ကို ကြွားချင်လို့ မဟုတ်ပါဘူး။ အားလုံး မေတ္တာသုတ် ရွတ်ပြီးတော့ မေတ္တာဘာဝနာပွားတယ် ဆိုရင် တော်တော်တန်တန် ကျေအောင်လို့ ...။

သံဃာချမ်းသာစေလိုတဲ့အတွက် ဟိုတုန်းကတော့ တပည့်တော် တိပ်ခွေ မဖမ်းဘူးဆိုရင် ဆယ်မိနစ်လောက်ပဲ ဟောတယ်။ ဆယ့်ငါးမိနစ်လောက်ပဲ ဟောတယ်။ တိပ်ခွေဖမ်းလို့ရှိရင် တပည့်တော် သံဃာတွေ ချမ်းသာစေလိုတဲ့ စေတနာနဲ့ အကုန်ပြန်ပြန်လွှတ်ပါတယ်။ ဒါ တပည့်တော် တကယ့် ပင်ရင်းစေတနာပါ။ ခုနောက်ပိုင်းကျတော့ ဒကာ၊ ဒကာမတွေကလည်း သူတို့မှတ်တမ်းကျန်ချင်တော့ အမြဲတမ်းတိပ်ခွေသွင်းချင်ပါတယ်လျှောက်လို့ အမြဲတမ်း ပြန်လွှတ်တယ်။ တပည့်တော်ပဲ တစ်ပါးတည်း ဒီမှာ ဟောဟောနေခဲ့တယ်။ အဲဒီတော့ ဒီပရိတ်ရွတ်တာနဲ့ပတ်သက်ပြီး တပည့်တော်က ဒါလောက်ကြီး လုပ်တာကိုပဲ တချို့ ဦးဇင်းလေးတွေက ရေချိုးနေလို့ပါဘုရား၊ အိပ်ပျော်နေလို့ပါဘုရားနဲ့ ပါမလာဘူး။ တစ်ကြိမ်တစ်ခါလေး ဖြစ်တာကို တပည့်တော် မပြောလိုပါဘူး။ နောင်တစ်ချိန် ဆက်ပြီးတော့ မဖြစ်ဖို့ ဒီနေရာကနေ အားလုံး တပည့်တော် မေတ္တာရပ်ခံပါတယ်။ တပည့်တော်ရဲ့ စိတ်ဓာတ်ကိုက အဲဒီလို စိတ်ဓာတ်မျိုး။ ပရိတ်ရွတ်လို့ရှိရင် တာဝန်ကျေတယ်လို့ နဂို ကတည်းက ခံယူချက်ရှိခဲ့တယ်။ ဒါကြောင့်မို့ အဲဒီအချက်ကိုလည်း လေးစားပါ။

နိဂုံးချုပ်

ပြန်ပြောမယ်နော်။ နံပါတ်(၁) သီလကို ဖြည့်ကျင့်တယ်ဆိုတာ၊ ကိုယ်ကျင့်တရားကို ဖြည့်ကျင့်တယ်ဆိုတာ ရှောင်ကြဉ်ရမှာတင်မဟုတ်ပါဘူး။ ကျောင်းမှာရှိတဲ့ ဝေယျာဝစ္စတွေကို တက်ညီလက်ညီနဲ့ စွမ်းအားရှိသမျှ လုပ်ပါ။ မြတ်စွာဘုရားကလည်း ခုပဲ မဂ်ဖိုလ်ရတော့မလို့ အားထုတ်နေတဲ့ ပုဂ္ဂိုလ်တော့ ထားတဲ့။ ကျန်တဲ့ ပုဂ္ဂိုလ်မှန်သမျှ ဝေယျာဝစ္စ လုပ်ကိုလုပ်ရမယ်တဲ့။ တံမြက်စည်းလဲတာက စပြီး ဒါမျိုးတွေ ရှိခဲ့တယ်ပေါ့။ ဒါကြောင့်မို့ ကိုယ့်သိက္ခာကိုယ် လုံတဲ့အနေနဲ့ ဒီစာရိတ္တသီလလေးတွေ လုပ်လို့ရှိရင် သီလပြည့်ပြီးသား ဖြစ်တယ်။ သီလပြည့်လို့ရှိရင် နောက်က တည်ကြည်မှုဆိုတာ အလိုလိုပါလာပြီးတော့ ဒုက္ခက လွတ်မြောက်နိုင်တယ်ဆိုတဲ့ ဘုရားစကားဟာ အလကား မဟုတ်ပါဘူး။ ဒါလေးကို ယုံကြည်ပြီးတော့ ဝေယျာဝစ္စကိုလည်း လုပ်ပါ။

နောက်ပြီးတော့ နံပါတ်(၂)အနေနဲ့ သင်္ကန်းညီညီညာညာ ရန်းတာ၊ ကိုယ်ပတ်ပတ်တာလေးတွေ ကိုယ့်ကိုယ်ကိုယ် မညီဘူးဆိုရင် သတိထားပါ။ ဒါလည်းပဲ ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကျင့်တဲ့ သဘောနဲ့ ကြိုးစားပါ။

နံပါတ်(၃) ပရိတ်ရွတ်တဲ့အခါမှာလည်းပဲ တပည့်တော်တို့ မေတ္တာသုတ်ကို ပွားများတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ လိုက်ဖြစ်အောင် လိုက်ပါ။ ခေါင်းဆောင်အနေနဲ့ အကြီးနာယကတွေတော့ တစ်လှည့်စီလုပ်တယ်။ ကျန်တဲ့သံဃာတွေကိုတော့ အားလုံးစုံညီ လိုက်စေချင်တယ်။ တစ်ချိန်မှာ ခွင့်လွှတ်တန်တဲ့ပုဂ္ဂိုလ်ကို တဖြည်းဖြည်း

www.dhammadownload.com

စာမြင့်လာရင်တော့ ခွင့်လွှတ်ပေးမယ်ပေါ့ဘုရား။ တတ်နိုင်သမျှတော့ ကြိုးစားပြီးတော့ ဘယ်သူမဆို တက်ပေးပါ။

နောက်ပြီးတော့ ပြောချင်တာတစ်ခုက ဒီဂိုက်ဘုတ်ထဲမှာ ဆွမ်းဒကာရေးတယ်ဆိုတာလည်း ဒါလေးကို ကြည့်ပြီးတော့ ဆွမ်းမစားခင် မေတ္တာလေး တစ်ကြိမ်နှစ်ကြိမ်ပွားများအောင်မို့ လုပ်ပေးထားတာပါ။ လူကြည့်ကောင်းရုံ မဟုတ်ပါဘူး။ တပည့်တော်ကိုယ်တိုင်လည်းပဲ ပွားပါတယ်။ အရှင်ဘုရားတို့လည်း အဲဒါလေးတွေကို ကြိုးစားပြီးတော့ ပွားပေးပါ။

အဲဒီတော့ နိဂုံးချုပ်ရရင် တပည့်တော်တို့ ပရိယတ္တိကို ပဓာနလုပ်မယ်။ ပရိယတ္တိလုပ်ရင်း နဲ့ ကိုယ်ကျင့်သိက္ခာကို အခြေခံတဲ့ ပဋိပတ္တိ၊ ကိုယ်ကျင့်သီလတွေ၊ ဝတ်ကြီးဝတ်ငယ်တွေ၊ ဒါတွေကို ကြိုးစားပြီးတော့ လုပ်သွားမယ်။ ဒါဆိုလို့ရှိရင် တပည့်တော်တို့ ကျောင်းတိုက်ဟာ ဆက်လက်ပြီးတော့ တိုးတက်ပါလိမ့်မယ်။ သာသနာ့ဝန်ဆောင်တွေပဲ များပြီးတော့ သာသနာ့ဝန်စီးတွေ နည်းလာရင် ကျောင်းတိုက်ဟာ တိုးတက်မှာပဲ။ ဒါကြောင့်မို့ ပရိယတ္တိ၊ ပဋိပတ္တိဆိုတဲ့ ဒီကျင့်စဉ်များကို သာသနာ့ဝန်ဆောင်များပီပီ စွမ်းအားရှိသမျှ ကြိုးစား ထမ်းရွက်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

ခန္ဓိတရားလက်ကိုင်ထား(၂)

၁၃၆၇ ခု၊ ဝါဆိုလကွယ်နေ့
၂၀၀၅ ခု၊ ဩဂုတ်လ ၄ ရက်၊ ကြာသပတေးနေ့ ည

စာပြန်တာအားနည်းနေတယ်

၁၅ ရက် ကုန်သွားပြီပေါ့။ လေ့ကျင့်ခန်းတွေလည်း စသွားပြီ။ တပည့်တော် သာမဏေကျော်တတိယဆင့် စာချတဲ့အခါမှာ စာပြန်တာ အားနည်းချက်တွေ တွေ့ရတယ်။ ကလေးတွေအတွက်တော့ ညပိုင်းဆိုလို့ရှိရင် (၇း၄၅)နာရီကနေ စပြန်လို့ (၈း၄၀)နာရီရောက်ရင် သူ့အချိန်နဲ့သူ တစ်နာရီဆိုလုံလောက်တယ်။ အတန်းကြီးတွေကလည်း ဒီအတိုင်းပဲ တစ်နာရီလောက်ကလေးပဲ ပြန်တယ်။ ပြန်တဲ့အခါမှာလည်း စာအုပ်ကြီးကို ကိုင်ပြီးတော့ စာအုပ်ကြည့်လိုက်၊ ပြန်လိုက်။ ဒါမျိုးပုံစံတွေ တွေ့ရတယ်။ အခြားအဆင့်တွေလည်း သိပ်ပြီးထူးမယ်တော့ မထင်ပါဘူး။ တစ်ဖွဲ့ကို ကြည့်လိုက်ရင် နောက်တစ်ဖွဲ့လည်း ဒီလိုပုံစံပဲ ဖြစ်လိမ့်မယ်ပေါ့။

သင်္ဂြိဟ်လေး စမ်းပြန်ခိုင်းတယ်။ ရသလားမေးတော့ ရတယ်လို့ ဖြေတယ်။ ဒါပေမဲ့လို့ စမ်းကြည့်လိုက်တဲ့အခါမှာ အမှားတွေရော၊ နိပါတ်ပုဒ်ကျော်တာတွေရော တွေ့ရတယ်။ ဒီသင်္ဂြိဟ်ဆိုတာ ကုန်တာလည်းကြာလှပြီ။ ဖြေချိန်ကလည်း အကြာကြီးပေးခဲ့ပြီ။ ဒါကိုပဲ စာပြန်ပါဆိုတော့ လုံးဝမရဘူး။ နောက် - စာဖြေလေ့ကျင့်ခန်းလုပ်လို့ အမှတ်တွေများသလားဆိုတော့ ဒီပုဂ္ဂိုလ်တွေပဲ ကျတာများပါတယ်။ အဲဒီတော့ တပည့်တော်ရဲ့

www.dhammadownload.com

သုံးသပ်ချက်အရတော့ ဘာတွေ အားနည်းနေလဲ ဆိုရင် စာပြန်တာ အားနည်းနေတယ်။

တောင်မြို့ဆရာတော်

တောင်မြို့ဆရာတော်ကြီး ပျံလွန်တော်မူပြီး ၆ လလောက်အကြာမှာ တပည့်တော် တောင်မြို့ မဟာဂန္ဓာရုံကို ရောက်သွားတယ်။ ရောက်တဲ့ အခါ တောင်မြို့ဆရာတော်ကြီးကို မီလိုက်တဲ့ ပုဂ္ဂိုလ်တွေ ပြောပြတာကတော့ ဆရာတော်ကြီးက ညပိုင်းမှာ ကျောင်းတိုက်ထဲမှာ မီးဖွင့်ခွင့်မရှိဘူး။ စာကြည့်ခွင့်မရှိဘူး။ ညပိုင်းမှာ စာပြန်ချင်ပြန်၊ တရားထိုင်ချင်ထိုင်ပဲ။ စာကြည့်ချင်ရင် ဘာလုပ်ရလဲဆိုတော့ လမ်းမီးလို့ခေါ်တဲ့ ဆွမ်းစားကျောင်းတို့၊ ဘာတို့မှာ အများမြင်သာအောင်ထွန်းထားတဲ့ မီးတွေအောက် သွားပြီးတော့ ကြည့်ရတယ်တဲ့။ မနက်လင်းပြီဆိုလည်း မနက်စောသုံးနာရီလောက် ထပြီးတော့ အဲဒီအောက်မှာပဲ သွားကြည့်ရတယ်။ ကိုယ့်ကျောင်းထဲကိုယ် ကြည့်လို့ မီးမြင်ပြီဆိုရင် နာယကဆရာတော်တွေက "ဟို ကျောင်းက မီးဖွင့်ထားတယ်၊ ဘာလုပ်တာလဲ" စသည်ဖြင့် မေးလေ့ရှိတယ်ပေါ့။

ဒီအကျိုးတရားကို ကြည့်လိုက်လို့ရှိရင် ဆရာတော်ကြီး ဘာလို့ မီးပိတ်ခိုင်းတာလဲဆိုရင် စာအတွက်ပဲလုပ်လို့ ကျန်းမာရေးထိခိုက်တာတွေ၊ စိတ်ဓာတ်ရေးရာကလည်း တရားမပါတော့ ကြမ်းတမ်းတာတွေ၊ ဒီလိုအတွေ့အကြုံတွေအရ စီစဉ်ခဲ့တာပဲ။ ဒီမှာတော့ တပည့်တော် ဘယ်လောက် လွတ်လပ်ခွင့်ပေးထားသလဲဆိုရင် စာကြည့်ချင်ရင် ကြည့်ချင်သလောက်ကြည့်၊ မီးတွေ ဖွင့်ပါဆိုပြီး မီးအားမကောင်းတာတွေလည်း အားကောင်းအောင် လုပ်ပေးထားတယ်။ အဲဒီလို လုပ်ပေးတော့လည်း စည်းကမ်းလေးနဲ့ မသုံးကြဘူး။ ဥပုသ်နေ့တွေ၊ ဘာတွေမှာ ဟောဒီမြို့တော်ဆောင်အပေါ်ထပ်တို့၊ အလယ်ထပ်တို့မှာ တပည့်တော် လှမ်းကြည့်လိုက်ရင် တွေ့နေရတယ်။ ဒီဘက် မီးချောင်းတစ်ချောင်းဖွင့်ပြီးတော့ တစ်ပါးနှစ်ပါးက ကြည့်နေတယ်။ ဟိုဘက်မှာလည်း မီးချောင်းတစ်ချောင်းဖွင့်ပြီးတော့ တစ်ပါးနှစ်ပါး ကြည့်နေတယ်။ ဒါမျိုးတွေ မဖြစ်ပါစေနဲ့။

ဝံသာနုစိတ်ဓာတ်

စာရေးဆရာမောင်သာချို ရေးထားတာ ရှိတယ်ပေါ့။ မိတာအလကားရတဲ့ တချို့ လခစား ဝန်ထမ်းအိမ်တွေ ဘာတွေ သူရောက်သွားတယ်တဲ့။ ၂၄ နာရီပတ်လုံး မီးထွန်းချင်သလောက်ထွန်း၊ မိတာခ မပေးရဘူး။ ရေလည်းပဲ ဒီလိုပဲ၊ သုံးချင်သလောက်သုံး ရေမိတာခ မပေးရဘူး။ တချို့ အိမ်တွေ သူရောက်သွားတော့ ဘာတွေ့လဲဆိုရင် "တို့က မိတာခ မပေးရဘူး" ဆိုပြီး နေ့ခင်းကြီးလည်း အလကားနေ မီးချောင်းတွေဖွင့်ထားတယ်။ ရေမှာလည်း ကန်က ပြည့်လျှံနေတာကိုပဲ မိတာခ မပေးရဘူးဆိုပြီး ဖွင့်ထားတာပဲတဲ့။ ဒါဟာ စိတ်ဓာတ်ရေးရာလည်း ညံ့ဖျင်းသွားတယ်။ နောက်ပြီးတော့ အကျိုးရှိမှုနဲ့ ကြည့်လို့ရှိရင်လည်း အကျိုးမဲ့ဖြစ်တယ်။

ခုလည်းပဲ တပည့်တော်ဖြစ်စေချင်တာက စာမကြည့်ရင် မီးချောင်းကိုပိတ်ထား။ စာကြည့်မယ့် သံဃာ နည်းတယ်ဆိုရင်လည်း စုပေါင်းပြီး မီးချောင်းတစ်ချောင်းပဲ ဖွင့်ပေါ့။ ဒါလည်း ဝံသာနုစိတ်ဓာတ်ပေါ့ဘုရား။ ကိုယ်သုံးမယ့်မီး အတွက် တခြားတစ်ဖက်မှာ အားကောင်းပြီးတော့ တခြားလူတွေ သုံးနိုင်ပါစေဆိုရင် ဒါ မေတ္တာတရား ဖြစ်သွားတယ်ပေါ့။ ကိုယ့်ကျောင်းတိုက်အတွက်လည်း မိတာခကုန်တာ သက်သာသွား

www.dhammadownload.com

တဲ့အတွက် ဒီမှာ ကုန်မယ့်ငွေတွေကို တခြားပညာရေးတို့၊ ကျန်းမာရေးတို့မှာ အစားထိုးပြီး သုံးစွဲလို့ရတယ်။ ဒါလေးများ ပြောနေရသေးတယ်လို့ အရှင်ဘုရားတို့ အထင်မသေးပါနဲ့။ 'ဥဒကဗိန္ဒုနိပါတေန ဥဒကုမ္ဘော ဟိ ပူရတိ' ဆိုတဲ့အတိုင်း စိတ်ဓာတ်ကောင်းတာလေးတွေ နည်းနည်းချင်း နည်းနည်းချင်း ဖြည့်ဖြည့်သွားရင် ကြာတော့ စိတ်ဓာတ်ပြည့်ဝတဲ့ပုဂ္ဂိုလ် ဖြစ်သွားမယ်။ အဲဒါလေးတွေကို အရှင်ဘုရားတို့ သဘောပေါက်ပါ။

မိခင်နဲ့တူတယ်

စားတဲ့သောက်တဲ့ နေရာမှာလည်း အဲဒီလိုပဲပေါ့။ တပည့်တော် ဒီနေ့ ဒီအကြောင်းလေးလည်း နည်းနည်းထပ်ပြီးတော့ ပြောဦးမယ်ပေါ့။ ဟိုတုန်းက ပြောဖူးတဲ့စကားလေးတစ်ခုလည်း ရှိတယ်။ ပါရမီဆယ်ပါး ပြည့်ချင်တယ်ဆိုရင် ခန္တီဟာ မိခင်နဲ့တူတယ်တဲ့။ လူသားတစ်ယောက် ဖြစ်ဖြစ်၊ သတ္တဝါတစ်ကောင်ဖြစ်ဖြစ် မွေးဖွားလာဖို့ဆိုရင် အဓိကကျတာ မိခင်ရှိဖို့ လိုအပ်တယ်။ မိခင်ရှိမှ သားသမီးဆိုတာ ပေါက်ဖွားလာနိုင်တယ်။ ဒီလိုပဲ ပါရမီတရားတွေကို ကြည့်လိုက်ရင် ခန္တီဟာ မိခင်နဲ့တူတယ်တဲ့။ ခန္တီရှိတဲ့ပုဂ္ဂိုလ်ဟာ ကျန်တဲ့ပါရမီတွေကို ဖြည့်ဆည်းဖို့ ဘာမှ မခက်တော့ဘူး။ ကျန်တဲ့ပါရမီတွေဟာ ပေါက်ဖွားလာတာပဲ။

ဥပမာအားဖြင့် တပည့်တော်တို့ ဒါနကုသိုလ်ဆိုပါတော့။ ကိုယ်က တစ်သိန်းဖိုးလှူမယ်။ ဆင်းရဲတဲ့ပုဂ္ဂိုလ်ဆိုရင် တစ်သောင်းဖိုးလှူမယ်ထားပါတော့။ တစ်သောင်းလှူလိုက်တဲ့အတွက် ကိုယ့်မှာ ဒီတစ်သောင်းနဲ့စပ်ပြီးတော့ စားဝတ်နေရေးတွေ ခြိုးခြံချွေတာရတယ်။ ကိုယ်စားချင်တဲ့အထဲက နည်းနည်းလျှော့ပြီး သည်းခံရတယ်။ ကိုယ်ဝတ်ချင်တာလေး နည်းနည်းလျှော့ပြီး သည်းခံရတယ်။ အဲဒါ ခန္တီတရားပဲ။ ဒါကြောင့် မို့ ခန္တီရှိလာရင် ဒါနပါရမီလည်း ဖြစ်တာပဲ။

သီလပါရမီလည်း ဒီအတိုင်းပါပဲ။ သာသနာလောကမှာ အပျက်အစီးအများဆုံး သီလကို ညွှန်ပြပါဆိုရင် ခုခေတ်မှာ သီချင်းဆိုမှုတွေ၊ ဝိကာလဘောဇနဆိုတဲ့ ညစာစားမှုတွေ ဖြစ်တယ်။ ဒီသီလတွေဟာ ပျက်စီးနေပါတယ်။ ညစာစားတာကလည်း သည်းမခံနိုင်တာပဲ။ သည်းမခံနိုင်တော့ စားတယ်။ စားတော့ ရှာရတယ်။ ဝယ်ရတယ်။ နောက်ဆုံးမှာ ကိုယ့်မိဘဆီက နဝကမ္မလိမ်တောင်းတဲ့ အမှုတွေအထိ ကျူးလွန်ရတယ်ပေါ့။ တကယ်တော့ ဆာတာလေးကို သည်းခံလိုက်မယ်ဆိုရင် တစ်နှစ်မကြာပါဘူး။ တစ်လလောက်ဆိုရင် အသားကျပြီးတော့ မဆာတော့ဘူး။ ဒါကြောင့် သီလပါရမီပြည့်ဖို့လည်း ခန္တီဆိုတဲ့ သည်းခံခြင်းပါရမီ အရေးကြီးတယ်။ အားလုံးကို ကြည့်လိုက်ရင် ခန္တီပဲ တွေ့ရတယ်ပေါ့။

အသာဆုံးအကျင့်

တပည့်တော်တို့ ညစဉ်ဘုရားဝတ်တက်မှာ ဆိုနေကျ ပါတိမောက်သုံးဂါထာရှိတယ်မဟုတ်လား။ အဲဒီအထဲက 'ခန္တီပရမံ' ဂါထာလေးကို အားလုံး ဆိုကြည့်လိုက်ရအောင်။

ခန္တီပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

www.dhammadownload.com

'ခန္ဓိပရမံ တပေါ တိတိက္ခာ' ဆိုတဲ့အပိုဒ်လေးကို နိဿယပေးကြည့်လိုက်။

"တိတိက္ခာ - မိမိကသာ အရာရာဝယ် အသာမစံ အနာခံခြင်းဟူသော၊ ခန္ဓိ - တောင်တောင်အီအီ မကြဲစည်ဘဲ ခန္ဓိတရား ကိုယ်မှာ ထားခြင်းသည်၊ ပရမံ တပေါ - အကျင့်တရားများအပြားထက် ထူးခြားလွန်တင့် အသာဆုံး အကျင့်ဖြစ်ပါပေသတည်း။"

မြတ်စွာဘုရားက ပထမဗောဓိကာလအတွင်း သိက္ခာပုဒ်တွေ မပညတ်ရသေးမီမှာ ဩဝါဒပါတိမောက်နဲ့ပဲ သံဃာတွေကို ဆုံးမတော်မူခဲ့တယ်။ အဲဒီလက်ရွေးစင်ပါတိမောက်ကို ဟောလိုက်ရင် အားလုံးငြိမ်းချမ်းပြီးတော့ ပြစ်မှုကျူးလွန်တာတွေ ဘာမှမရှိတော့ဘူး။ ၁၅ ရက်စာ လုံလောက်သွားတယ်ပေါ့။ အဲဒီလက်ရွေးစင်ပါတိမောက်ထဲမှာ ဘာပါသလဲဆိုတော့ ခုနက အရှင်ဘုရားတို့ဆိုလိုက်တဲ့ "ခန္ဓိပရမံ တပေါ တိတိက္ခာ - ခန္ဓိတရားဟာ အကျင့်တရား များအပြားထက် ထူးခြားလွန်တင့် အသာဆုံးအကျင့်ဖြစ်ပါပေ၏" တဲ့။အသာဆုံးအကျင့်ဖြစ်တယ်ဆိုတာ ခုနက ပြောသလိုပေါ့၊ ဒါနပါရမီဖြည့်ချင်ရင်လည်း ခန္ဓိရှိမှ ပြည့်တယ်။ သီလဖြည့်ချင်ရင်လည်း ခန္ဓိရှိမှ ပြည့်တယ်။ အရာရာမှာ ခန္ဓိရှိမှ ပြည့်တာမို့ ဒီခန္ဓိတရားဟာ အကျင့်တွေအားလုံးထဲမှာ အသာဆုံးဖြစ်တယ်လို့ မြတ်စွာဘုရားက ဒီဩဝါဒပါတိမောက်မှာ သီးသန့်ဟောထားခဲ့တယ်။

အဓိဝါသနခန္တီ

ဒီနေရာမှာ ခန္တီအရ တပည့်တော်တို့ အဓိဝါသနခန္တီကို ယူရမှာပေါ့။ အဓိဝါသနခန္တီ ဆိုတာက 'အဓိ- မိမိအပေါ်မှာပဲ သက်ဝင်ပြီး၊ ဝါသန- တည်နေစေခြင်း' တဲ့။ မိမိအပေါ်မှာ နေစေခြင်းဆိုတာက ဆိုပါစို့ သူများက ကိုယ့်ကို ဆဲလိုက်တယ်။ ဆဲလိုက်တဲ့အခါမှာ ထောင်းခနဲ ဒေါသဖြစ်သွားတယ်။ ဒါပေမဲ့ ဒီဒေါသကို သူတစ်ပါးအပေါ်မှာ မတုံ့ပြန်ဘဲ၊ ပြန်မဆဲဘဲနဲ့ ကိုယ့်အပေါ်မှာပဲ တည်နေစေခြင်းကို အဓိဝါသနခန္တီလို့ ဒီလိုခေါ်တယ်ပေါ့။ ကိုယ့်ကို ကိုယ်ထိလက်ရောက် လာလုပ်တယ်။ ဒေါသ ထောင်းခနဲ ထွက်သွားတယ်။ ဒီဒေါသကို သူတစ်ပါးအပေါ် မတုံ့ပြန်ဘဲ ကိုယ့်အပေါ်မှာပဲ ပျောက်သွားအောင် တရားသဘောနဲ့ ဆင်ခြင်လိုက်တာကို အဓိဝါသနခန္တီလို့ ခေါ်တယ်။

အဓိဝါသနခန္တီဟာ တပည့်တော်တို့အတွက် သိပ်ပြီးတော့ အသုံးဝင်တယ်ပေါ့။ ခန္တီရှိတဲ့ပုဂ္ဂိုလ်ဟာ အားလုံးအဆင်ပြေတာပဲ။ ဒါနဲ့စပ်ပြီးတော့ ရွှေကျင်ဆရာတော်ကြီးက 'သီလပညာ၊ ရှိစေကာ၊ ခန္တီပါမှ လူခိုသည်'လို့ ဩဝါဒပေးထားတာရှိတယ်။ အားလုံး သုံးခေါက်ဆိုကြည့်လိုက်။

'သီလပညာ၊ ရှိစေကာ၊ ခန္တီပါမှ လူ ခို သည်'

'သီလပညာ၊ ရှိစေကာ၊ ခန္တီပါမှ လူ ခို သည်'

'သီလပညာ၊ ရှိစေကာ၊ ခန္တီပါမှ လူ ခို သည်'

ရွှေကျင်ဆရာတော်ကြီးဩဝါဒ

တပည့်တော်တို့ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် ဖြစ်ပါစေဦးတဲ့။ သီလလည်း

www.dhammadownload.com

ဖြူစင်တယ်။ သမာဓိလည်း အားကောင်းတယ်။ ပညာလည်းပဲ တတ်တယ်။ နောက်ဆုံး ဝိပဿနာ ပညာတွေအထိ စွမ်းစွမ်းတမံ ကြိုးစားအားထုတ်တယ်ပေါ့။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနဲ့ ပြည့်စုံတယ်ပေါ့။ ဒါပေမဲ့ ခန္ဓိတစ်ခုလေး ချွတ်ယွင်းလိုက်ရင် သူ့ရဲ့ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ အရိပ်အာဝါသအောက် ဘယ်သူမှ မခိုပါဘူးတဲ့။ တပည့်တွေလည်း လန့်ပြီးတော့ ပြေးကြမှာပဲ။ ဒကာ၊ ဒကာမတွေလည်း လန့်ပြီးတော့ ပြေးကြမှာပဲ။ အဲဒီလို လန့်ပြီးပြေးကြပါတယ်ဆိုမှတော့ သူ့ရဲ့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အရိပ်ဟာ ဘယ်မှာအကျိုးရှိတော့မလဲ။ ဒါကို ရည်ရွယ်ပြီးတော့ ဆရာတော်ကြီးက ဩဝါဒ စကား ပေးခဲ့တာ။

နောက် - ဒါနဲ့စပ်ပြီးတော့ ဥပမာလေး ဆရာတော်ကြီးက ထပ်မိန့်တယ်။ 'တုပ်တတ် ခါချဉ်၊ အင်ကြင်းပင်၊ ဘယ်သူ ဝင်၍ ခိုသနည်း' တဲ့။ အားလုံး ဆိုလိုက်ကြဦး။

'တုပ်တတ် ခါချဉ်၊ အင်ကြင်းပင်၊ ဘယ်သူ ဝင်၍ ခိုသနည်း'

'တုပ်တတ် ခါချဉ်၊ အင်ကြင်းပင်၊ ဘယ်သူ ဝင်၍ ခိုသနည်း'

'တုပ်တတ် ခါချဉ်၊ အင်ကြင်းပင်၊ ဘယ်သူ ဝင်၍ ခိုသနည်း'

တပည့်တော်တို့ အင်ကြင်းပင်ကြီးတစ်ပင်ဟာ အရိပ်တွေကလည်းကောင်းတယ်။ အပွင့်တွေကလည်း မွှေးကြိုင်နေတယ်။ ဒါပေမဲ့ အဲဒီ အင်ကြင်းပင်ကြီးမှာ ခါချဉ်တွေ ရှိနေတယ်။ ခါချဉ်တွေကလည်း တုပ်တတ်တယ်။ ဒါဆိုရင် ခါချဉ် အတုပ်ခံရမှာကြောက်တာနဲ့ ဒီအင်ကြင်းပင်ကြီး အောက်ကို ဘယ်သူမှ ဝင်မခိုပါဘူးတဲ့။ ဒါကြောင့် ပညာရှိတောင်မှ ခန္ဓိတရား မရှိဘူးဆိုရင် သိပ်ပြီးတော့ ရုပ်ပျက်ဆင်းပျက် ဖြစ်တတ်တယ်။ တချို့ဆရာတော်ကြီးတွေ သီလ၊ သမာဓိ၊ ပညာ သိပ်ကြီးတယ်။ ဒါပေမဲ့လို့ ခန္ဓိဓာတ်မပါတော့ တပည့်တွေ၊ ဘာတွေ မထွန်းကားတော့ဘူး။

ထီးဆောင်းဆရာတော်

လက်တွေ့နမူနာတစ်ခု တပည့်တော် ပြောပြဦးမယ်။ ထီးဆောင်းဆရာတော်ဆိုတာ ရှိတယ်။ စာတွေလည်းရေးတဲ့ စာရေးဆရာပါပဲ။ တပည့်တော်တို့ တောင်မြို့ ဂန္ဓာရုံဆရာတော်ရဲ့ တပည့်ကြီးပါပဲ။ အဲဒီ မြင်းမူ ထီးဆောင်းဆရာတော်ကြီးကိုယ်တိုင် ပြောဖူးတဲ့စကားလေးတစ်ခု ရှိတယ်။ ထီးဆောင်းဆရာတော်ဟာ ဓမ္မာစရိယကိုလည်း ဂုဏ်ထူးကျမ်းတွေနဲ့ အောင်ခဲ့တယ်။ တရားဟောတဲ့အခါမှာလည်း ဇာတ်လမ်းဇာတ်ကွက်တွေနဲ့ ဟောပြီဆိုရင် စူးစိုက်နားထောင်ချင်အောင် ဟောနိုင်တယ်။ သီလနဲ့လည်း ပြည့်စုံတယ်။ ပညာလည်း တတ်တယ်။ စာရေးဆရာလည်း ဖြစ်တဲ့အတွက် လောကီဗဟုသုတတွေလည်း ကြွယ်ဝတယ်။ အားလုံး ပြည့်စုံနေပါလျက် သူ့အနားလေးမှာ တပည့်ကောင်းတစ်ပါးမှ မရှိဘူးဆိုတာကို သူ စဉ်းစားမိတယ်တဲ့။

"တပည့်တော်က ဘာနဲ့တူလဲဆိုတော့ အသီးတွေကလည်း မှည့်ဝင်း၊ အပွင့်တွေကလည်း မွှေးကြိုင်၊ အရိပ်ကလည်း ကောင်းတဲ့ သစ်ပင်ကြီးလိုပဲ။ ဒါပေမဲ့ ဘယ်သူမှ လာပြီးတော့ အရိပ် မခိုကြဘူး။ ဘာလို့လဲဆိုတော့ တပည့်တော်က ဒေါသသိပ်ကြီးတယ်။ ဒေါသဆိုတဲ့ ခါချဉ်ကောင်တွေ ရှိလို့တဲ့။ ခါချဉ်ကောင်တွေ ရှိတဲ့အခါကျတော့ ကြောက်ပြီး သူ့နားလေးကို

www.dhammadownload.com

အသီးကောက်ချင်တဲ့လူကလည်း မလာရဲ၊ အပွင့်လိုချင်တဲ့လူကလည်း မလာရဲ၊ အရိပ်ခိုချင်တဲ့လူကလည်း မလာရဲတော့ဘူး။ မလာရဲတော့ အဲဒီအသီး အပွင့် အရိပ်တွေဟာ အများအကျိုးအတွက် မဆောင်နိုင်တော့ဘူး''တဲ့။

ဆရာတော်ကြီးကိုယ်တိုင် ပြောခဲ့တဲ့ စကားလေးနော်။ ဒါကြောင့် ဒေါသဆိုတဲ့ ခါချဉ်ကောင် ရှိရင် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အသီးအပွင့်တွေဟာ အလဟဿ အဟောသိကံဖြစ်တတ်တယ်ပေါ့။ ဒါကြောင့် ရွှေကျင်ဆရာတော်ကြီးက ခုနက ဆုံးမစကားလေး ရေးထားခဲ့တာ။ အားလုံး နှုတ်တက်သွားအောင် တစ်ခေါက်ပြန်ဆိုကြည့်လိုက်။

'သီလပညာ၊ ရှိစေကာ၊ ခန္တီပါမှ လူ ခိုသည်'

'တုပ်တတ် ခါချဉ်၊ အင်ကြင်းပင်၊ ဘယ်သူဝင်၍ ခိုသနည်း'

ဘုရားအလောင်းစိတ်ဓာတ်

အဲဒီတော့ ရွှေကျင်ဆရာတော်ကြီးကလည်း ဥပမာလေးနဲ့ဟပ်ပြီးတော့ ဆုံးမသွားတယ်။ ထီးဆောင်းဆရာတော်ကြီးကလည်း နောင်လားနောက်သားတွေအတွက် ပြောပြသွားတယ်။ ထီးဆောင်းဆရာတော်ကြီး ခုရှိသေးရင် သက်တော် ၈၈ နှစ်လောက်ရှိပြီ။ တပည့်တော် တောင်မြို့မှာ နေတုန်းက ထီးဆောင်းဆရာတော်ကြီးနဲ့အတူ ဆန်လျှုခဲ့တွေ ဘာတွေ လိုက်ခဲ့ဖူးတယ်။ ဒေါသကြီးတဲ့အတွက် သူမှာ တပည့်တပန်းတွေ မထွန်းကားခဲ့ဖူးလို့ မိန့်တော်မူခဲ့ဖူးတယ်ပေါ့။

အဲဒီတော့ တပည့်တော်တို့လည်း သီလ၊ သမာဓိ၊ ပညာရှိအောင်လို့တော့ သူသူငါငါ ကြိုးစားနေကြတာပဲ။ ဒီသီလ၊ သမာဓိ၊ ပညာတွေရဲ့ အရိပ်ကိုခိုပြီး သူများတွေလည်း အကျိုးရှိစေချင်ပါတယ်ဆိုရင် ခန္တီတရား လက်ကိုင်ထားရမယ်။ ဒါကြောင့်မို့ 'ခန္တာ ဘိယျော နာ ဝိဇ္ဇတိ - ခန္တီတရားထက် မြင့်မြတ်တဲ့တရား မရှိပါဘူး'ဆိုတဲ့ စကားလေးတစ်ခု သဂါထာဝဂ္ဂပါဠိမှာ ရှိတယ်။ ခန္တီဝါဒီဇာတ်မှာလည်း ဘုရားအလောင်းရသေ့ကလာဗုမင်းကို ပြောတဲ့အခါ သူဟာ ခန္တီဝါဒကို လက်ကိုင်ထားပါတယ်လို့ ပြောခဲ့တယ်။ ခန္တီတရားဆိုတာဟာ ဘုရားအလောင်းတွေရဲ့ စိတ်ဓာတ်တစ်ခုပါပဲ။

အရာရာမှာ သည်းခံပါ

တပည့်တော်ဆိုလိုချင်တာက ဘာလဲဆိုတော့ တပည့်တော်တို့ ဒီနှစ်မှာ စာသင်သားတွေ နည်းနည်းများလာတယ်။ နေရာထိုင်ခင်းလေးတွေ ကျပ်တည်းလာတယ်။ ဒါကြောင့် အရာရာမှာ သည်းခံပြီးတော့ နေရပါတယ်။ သွားလာရာမှာလည်း သည်းခံပြီးတော့ သွားရပါတယ်။ အထူးသဖြင့် ပြောရရင်တော့ စားသောက်တဲ့နေရာမှာ သည်းခံရမယ်။ သူများဆဲတာကို သည်းခံမှ သည်းခံတာမဟုတ်ဘူး။ ဆာလောင်မွတ်သိပ်မှုကို သည်းခံနိုင်တာကိုလည်း ခန္တီလို့ခေါ်တယ်။ ကိုယ်ထဲမှာဖြစ်လာတဲ့ ဆာလောင်မွတ်သိပ်ခြင်းကို သည်းခံနိုင်ရမယ်။ သည်းမခံနိုင်လို့ လောဘဆိုတဲ့ ကိလေသာရန်သူ ဖြစ်လာတာ။ ဒါကို သည်းခံပြီးတော့ ပစ္စဝေက္ခဏာလေး ဆင်ခြင်ပြီးတော့ ဘဉ်းပေးတာတို့၊ သပိတ်ချတာ၊ ဇွန်းကိုင်တာကအစ ကိုယ့်အတွက်နဲ့ အသံမထွက်အောင် စိတ်ရှည်သည်းခံပြီးတော့ လုပ်ရမယ်။

ရိပ်သာတွေ၊ ဘာတွေဝင်ဖူးတဲ့ သံဃာတွေဆိုရင် သိပါလိမ့်မယ်။ တရားအားထုတ်ရာမှာ

www.dhammadownload.com

လက်တွေ့လှမ်းရင် လှမ်းတယ် စသည်ဖြင့် သတိထားရသလို အဲဒီလောက်ကြီး အသေးစိတ် မဟုတ်တောင်မှ သပိတ်ချတဲ့အခါ သတိလေးနဲ့ ချတာတို့၊ ထိုင်တဲ့အခါ သတိလေးနဲ့ ထိုင်တာတို့ လုပ်ပေးပါ။ ဒီလိုမှမဟုတ်ဘူးဆိုရင် ပန်းကန်ကြီးတွေ ဆွဲချတာတို့၊ ပန်းကန်နဲ့ ဇွန်းနဲ့ ထိတာနဲ့ အသံထွက်တာတို့ ဖြစ်တော့တာပဲ။ ဒါကို ခန္တီတရားနဲ့ ချုပ်တည်းပြီးတော့ သတိတရား လက်ကိုင်ထားလို့ရှိရင် အားလုံး ငြိမ်းချမ်းသွားမှာပါ။

တစ်ချက်ခုတ် နှစ်ချက်ပြတ်

တပည့်တော်လည်း ပြုပြင်ပေးဖို့ စိတ်ရှိပါတယ်။ အခွင့်မသာသေးလို့ပါ။ ဆွမ်းဘုဉ်းပေးတဲ့အခါမှာလည်း ကိုယ်ကုန်နိုင်သလောက်လေးပဲ သပိတ်ထဲထည့်ပေါ့။ ဘုဉ်းပေးစဉ်အခါမှာလည်း အစာကြေအောင်ဝါးပြီး ဘုဉ်းပေးပေါ့။ ဆွမ်းဘုဉ်းပေးတုန်း ပါးစပ်ကဝါးနေတုန်း လက်တွေက ဆွမ်းတွေကို ဟိုလှန်ဒီလှန်နဲ့ မလုပ်ပါနဲ့။ အဝေးကမြင်တဲ့လူက သတိထားမိရင် သိတာပေါ့ဘုရား။ ဒါကိုလည်း သည်းခံပြီးတော့ ဖြည်းဖြည်းလေးသာ ဘုဉ်းပေးပါ။ ဒါလေးတွေ နောင်ကျရင် တပည့်တော် အတန်းလိုက်ဖြစ်ဖြစ်၊ တစ်ပါးချင်းဖြစ်ဖြစ် လက်တွေ့လည်း ခေါ်ပြီးတော့ ပြပေးပါဦးမယ်။ ဆွမ်းဘုဉ်းပေးတဲ့အခါမှာ သည်းခံပြီးတော့ သတိတရားလေးနဲ့ ဘုဉ်းပေးမယ်ဆိုရင် တပည့်တော်တို့ အတွက်လည်း ပစ္စဝေက္ခဏာဆင်ခြင်မှု၊ မေတ္တာပွားများမှုကြောင့် ကိုယ့်ဘက်က တာဝန်ကျေသွားတယ်။

တပည့်တော်တို့က အဲဒီလို ပစ္စဝေက္ခဏာဆင်ခြင်ပြီး၊ မေတ္တာပွားများပြီး ဘုဉ်းပေးလိုက်တဲ့အတွက် အလှူရှင်တွေအတွက်လည်း အကျိုးကြီးသွားတယ်။ တမင်တကာ လုပ်တာမဟုတ်ဘဲ အလိုလိုဖြစ်သွားတာပဲ။ တစ်ချက်ခုတ်လိုက်တာနဲ့ နှစ်ချက်ပြတ်တယ်ပေါ့။ ဆွမ်းကို သူများထက်ကဲပြီး ဘုဉ်းပေးရင်တော့ တစ်မျိုးပေါ့ဘုရား။ ပုံမှန်ဘုဉ်းပေးရင်တော့ ပုံမှန်အချိန်မှာ ပြီးပါတယ်။ ဒါကိုပဲ စောစောပြီးအောင် အလောတကြီး ဘုဉ်းပေးတာမျိုးကျ အဓိပ္ပာယ်သိပ်မရှိဘူး။ တကယ်တော့ ဒါလေးတွေကို လက်တွေ့ပြပြီး သင်ရဦးမှာပါ။ နောင်တစ်ချိန်ကျရင် တပည့်တော် လက်တွေ့ပြင်ပေးမယ်။

စိတ်ထားမကောင်းရာရောက်

သည်းမခံနိုင်တဲ့အတွက် ဝါမဆိုခင်က ဆွမ်းကျောင်းမှာ ပြဿနာလေးတွေ ဖြစ်ခဲ့တယ်။ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ဘူးပေါ့ဘုရား။ အောက်လက်ငယ်သားတွေက တစ်ခါတစ်ရံလေးစားမကောင်းတာကို သည်းမခံနိုင်ဘဲ လုပ်တဲ့လူတွေကို အပြစ်ပြောမိတဲ့ ပြဿနာပဲ။ စားမှုသောက်မှုမှာ သည်းမခံနိုင်တဲ့ သဘောပဲ။ ခန္တီတရားမရှိတော့ ပြောမိတာကိုး။ ဒေါသထွက်ပြီး ပြောတာကိုး။ ခါချဉ်ကောင်ဆိုတဲ့ ဒေါသရှိတော့ ပြဿနာတက်သွားတယ်။ သည်းခံမှုမရှိဘူးဆိုရင် စိတ်ထားမကောင်းရာရောက်တယ်။ အစားအသောက်နဲ့ပတ်သက်လို့ သည်းမခံနိုင်ဘဲ ကက်ကက်လန် ရန်တွေ့တာတို့၊ အမှုအရာနဲ့ ပြတာတို့ ဆိုတာဟာ တောင်မြို့ဆရာတော်ကြီးပြောတဲ့ 'စိတ်ကောင်းရှိဖို့က ပထမ' မဖြစ်တော့ဘူးပေါ့ဘုရား။ 'စိတ်ကောင်းရှိဖို့က ပထမ' မဖြစ်ရင် စိတ်ယုတ်မာတွေ ရှိတယ်လို့ ကောက်ချက်ချနိုင်တယ်။

ဒါကြောင့်မို့ သတိတရား လက်ကိုင်ထားပြီး သည်းခံပါ။ ယုတ်ညံ့တဲ့အမှုအရာတွေကို မပြမိ

www.dhammadownload.com

ပါစေနဲ့။ အရာရာမှာ ကိုယ့်စိတ်တိုင်းကျချည်းတော့ ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။ တပည့်တော်တို့လည်း အားလုံးအတွက် လုပ်ပေးနေရတာ။ ဒီကျောင်းကို တပည့်တော်ကို လွှဲအပ်ထားတာပဲ။ တပည့်တော်အနေနဲ့ အာဏာပါဝါတွေ သုံးလို့ရပါတယ်။ တပည့်တော်မှာ လုပ်ပိုင်ခွင့်ဆိုတာ ရှိတယ်။ အရှင်ဘုရားတို့လည်း သိပါတယ်။ ဒါပေမဲ့ တပည့်တော်က အပေါ်စီးကနေ မပြောဘဲ တတ်နိုင်သမျှ ဖေးဖေးမမလေး ပြောတာပဲ။ အရှင်ဘုရားတို့ဘက်ကလည်း တပည့်တော်ပြောပြတာတွေကို နာယူပြီး ပြင်ပေးပါ။

စာသင်ရာမှာလည်း သည်းခံ

စကားပြောတဲ့နေရာမှာလည်း သူများကို မကြိုက်ဘူးဆိုရင် ဆက်ပြီးတော့ စတာ နောက်တာ မလုပ်ပါနဲ့။ ခန္တီတရားဟာ နေတဲ့နေရာမှာလည်း အရေးကြီးတယ်။ စားသောက်တဲ့နေရာမှာလည်း အရေးကြီးတယ်။ စာသင်တဲ့နေရာမှာလည်း အရေးကြီးတယ်။ စာသင်တဲ့နေရာမှာ ဘယ်လိုအရေးကြီးသလဲဆိုတော့ စာတစ်ပုဒ်ကို နားလည်အောင် သည်းခံပြီး မလေ့လာဘဲ မှတ်စုမှတ်ရာကို အားကိုးပြီး ဖြစ်ကတတ်ဆန်း အောင်သွားတယ်။ ဒီလိုအောင်သွားတော့ ဘာဖြစ်သလဲဆိုရင် သူများကို နားလည်အောင် မပို့ချနိုင်တော့ဘူး။ သူများကလည်း ကိုယ့်ဆီစာတက်ရမယ်ဆိုရင် မတက်ချင်တော့ဘူး။ အဲဒီလို ဘာလို့ဖြစ်သလဲဆိုတော့ ကိုယ်က စာမေးပွဲ မြန်မြန်အောင်ချင်တယ်၊ ဒီကျမ်းကို မြန်မြန်ပေါက်ချင်တယ်ဆိုတဲ့ ဒီစိတ်တွေကြောင့် ဖြစ်တာ။ ဒါကြောင့် စာသင်တဲ့နေရာမှာလည်း ခန္တီတရားလိုအပ်တယ်။

အခု အလတ်တန်းတွေကိုရော၊ သာမဏေကျော်တန်းတွေကိုရော သတိပေးနေရတယ်။ သူများလုပ်သလို ပိုက်စိပ်တိုက်ပြီး လုပ်ပါ။ ဟိုဟာကျော်၊ ဒီဟာကျော် မလုပ်ပါနဲ့။ လုံးဝနားမလည်ရင်တော့ ကျော်ထားလိုက်။ နောက်ကျတော့ ပြန်မေးပေါ့။ သည်းခံပြီး ဖြည်းဖြည်းတက်သွားရင် ဘယ်လိုအကျိုးများသလဲဆိုတော့ အလတ်တန်းအောင်ပြီးသား ပုဂ္ဂိုလ်က အလတ်တန်းကို ပြန်ချနိုင်တဲ့အတွက် စာချဘုန်းကြီးရှားပါးမှုကို ကာကွယ်ပြီးသား ဖြစ်သွားတယ်။ လက်တွေ့ တပည့်တော်ပြောပြဦးမယ်။

ဦးသီလာနန္ဒတို့ဆိုရင် ပထမကြီးတန်းအောင်တယ်။ ပထမကြီးတန်း ပြန်ချနိုင်တယ်။ တပည့်တော်တော့ ကျေနပ်တယ်။ အသက်အရွယ်အရ သာမဏေကျော်တန်း မတက်ခဲ့ရပေမဲ့လို့ ကိုယ့်စာကိုယ်လုပ်ရင်းနဲ့ စာပြန်ချ၊ စာချရင်းနဲ့ ကိုယ့်စာကိုယ် ဆက်လုပ်ပြီးတော့ သူများအကျိုးအတွက် ဆောင်ရွက်တာဟာ မွန်မြတ်တဲ့အလုပ်ပဲ။ သူ့ဟာသူ ဘာဘွဲ့ကြီးတွေပဲ ရရ၊ ပိဋကတ် ဘယ်နှစ်ပုံပဲအောင်အောင်၊ ကိုယ့်အတွက်ကိုယ် လုပ်နေပြီးတော့ အောင်ပြီးသားစာကို သူများကို ပြန်ပြီးတော့ မချနိုင်ဘူးဆိုရင် သာသနာအတွက် သိပ်ပြီးအကျိုးမရှိဘူး။ မျိုးဆက်သစ်တွေ မွေးထုတ်နိုင်မှ သာသနာဆိုတာရှည်မယ်။ ကိုယ့်အတွက် ပညာပါရမီလည်း ဖြစ်မယ်။ ဒါကြောင့် ပရိယတ်သင်ယူတဲ့နေရာမှာလည်း ကျမ်းရင်းတွေကျည်ကဖို့အတွက် သည်းခံခြင်းတရားဟာ လိုအပ်တယ်။

သည်းခံနိဗ္ဗာန်ရောက်

ပဋိပတ်လုပ်တဲ့နေရာမှာလည်း သည်းခံရင် နိဗ္ဗာန်ရောက်တယ်တဲ့။ သည်းခံရင် နိဗ္ဗာန်ရောက်တယ်ဆိုတာ အခြားနေရာမှာထက် တရားအားထုတ်တဲ့နေရာမှာ ပိုပြီးတော့သိသာပါတယ်လို့

www.dhammadownload.com

မဟာစည်ဆရာတော်ကြီးက မိန့်ခဲ့ဖူးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယားရင် ယားတာကြီးကို သွားကုတ်လိုက်၊ သမာဓိ မရနိုင်ဘူး။ ညောင်းရင် ညောင်းတာကို သွားပြင်လိုက်၊ သမာဓိ မရနိုင်ဘူး။ ဒီဝေဒနာတွေကို၊ နာတဲ့သဘော ညောင်းတဲ့သဘောတွေကို သည်းခံပြီးတော့ ရှုမှတ်မှ သမာဓိဆိုတာ တဖြည်းဖြည်း ရလာတာ။ အဲဒီလို သမာဓိရလာမှ 'သမာဟိတော ယထာဘူတံ ပဇာနာတိ' ဆိုတဲ့အတိုင်း သမာဓိရှိတဲ့ပုဂ္ဂိုလ်မှ ပညာရှင်ဆိုတာ ဖြစ်တာ။ သမာဓိမရရင် ပညာမဖြစ်ဘူး။

ဒီပညာက တကယ်ကို သိတဲ့ပညာ ...။ တပည့်တော်တို့ အတန်းပညာကို ပြောတာ မဟုတ်ဘူး။ ဒါကြောင့် တရားအားထုတ်တဲ့ နေရာမှာလည်း သည်းခံခြင်းဟာ လိုအပ်တယ်။ စကားပုံလေးက ဘာလဲဆိုတော့ 'သည်းခံရင် နိဗ္ဗာန်ရောက်တယ်'တဲ့။ နောက်ပြီးတော့ သာသနာပြုဆရာတော်တွေအတွက် အဆိုအမိန့် တစ်ခုလည်း ရှိသေးတယ်။ အားလုံး သုံးခေါက်လိုက်ဆိုကြည့်။

'စိတ်ရှည်ဇွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ'

'စိတ်ရှည်ဇွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ'

'စိတ်ရှည်ဇွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ'

ခန္ဓိတရား လက်ကိုင်ထား

ဒါကြောင့် တပည့်တော်တို့ ဒီကျောင်းမှာလည်း ခန္ဓိတရား လက်ကိုင်ထားပြီးတော့ အစားအသောက်ကိုလည်း သည်းခံပါ။ တစ်ခါတလေလေး ကိုယ်နဲ့သဟဇာတ မဖြစ်တာကလေးကို ပါးစပ်ကပြောတဲ့အဆင့်ဆိုတာ မကောင်းပါဘူး။ သူကတော့ ပြောမှာပေါ့။ ဒါ မကောင်းလို့ မကောင်းဘူးပြောတာပဲလို့။ ဒါပေမဲ့ အမြဲတမ်း မကောင်းတာမဟုတ်ဘဲ တစ်ခါတစ်ရံလေး မကောင်းတာကို သည်းမခံနိုင်ဘူးဆိုတော့ သူ့သန္တာန်မှာ လောဘ ဒေါသတွေ ဖြစ်နေတာကို သူ့ဘာသာ သုံးသပ်မိမှာ မဟုတ်ဘူးပေါ့။ အားလုံးအတွက် လုပ်ရတာဆိုတော့ ချွတ်ယွင်းချက်ကတော့ ရှိနေမှာပဲ။ အဲဒီချွတ်ယွင်းချက်ကလေးကို ကိုယ့်ဘက်က ခန္ဓိတရားလေးနဲ့ သည်းခံလိုက်ရင် ပြီးသွားတာပဲ။

တကယ်ကို မတရားသဖြင့် လုပ်တယ်၊ သိသိကြီးနဲ့ လုပ်တယ်ဆိုရင် ဖြေရှင်းခွင့် ရှိပါတယ်။ လာခဲ့ပါ။ တပည့်တော်ဆီမှာရော၊ ဆွမ်းကျောင်းဘုန်းကြီးဆီမှာရော၊ စာချဘုန်းကြီးတွေဆီမှာရော ဖြေရှင်းလို့ရပါတယ်။ ဒီလိုမလုပ်ဘဲ တစ်ခါတစ်ရံလေး စားရေးသောက်ရေးအတွက်နဲ့ ဒေါသထွက်တယ်ဆိုတာ စိတ်ဓာတ်ရေးရာမှာ သိပ်ပြီး အောက်တန်းကျသွားတယ်။ အကြီးတွေကို ပြန်လှန်ပြောပြီဆိုရင် ပိုပြီးတော့ အောက်တန်းကျပါတယ်။ ဒီလိုစိတ်ဓာတ်မျိုးရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ လက်တွဲရမှာ တပည့်တော်လည်း စိတ်ညစ်ပါတယ်။ ဒါကြောင့်မို့လို့ ဖြစ်ဖူးခဲ့လို့ရှိရင်လည်း ကိုယ့်ကိုယ်ကိုယ် ပြုပြင်ပေးပါ။ မဖြစ်သေးရင်လည်း ခန္ဓိတရား လက်ကိုင်ထားတာကို ဆက်လက်ပြီး ကျင့်သုံးပါ။ ခန္ဓိတရားကို ကိုယ်စီကိုယ်စီ လက်ကိုင်ထားပြီးတော့ သာသနာအတွက် အင်မတန်မှ အစွမ်းထက်တဲ့ ရဟန်းတော်များ၊ သာမဏေများ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

သာသနာကွယ်ကြောင်း

၁၃၆၇ ခု၊ ဝါခေါင်လကွယ်နေ့
၂၀၀၅ ခု၊ စက်တင်ဘာလ ၂ ရက်၊ သောကြာနေ့ ည

ပြုပြင်ရေးကာလ

ကဲ ... ဒီနေ့ ဝါတွင်းသုံးလက တပည့်တော်တို့ တစ်လခွဲ ပြီးသွားပြီ။ တစ်ဝက်ကျိုးသွားပြီ။ တော်သလင်းလနဲ့ သီတင်းကျွတ်လဆန်း(၁၅)ရက်ဆိုတဲ့ တစ်ဝက်ပဲ ကျန်တယ်။ ဒီအချိန်မှာ ကိုယ့်ဟာကိုယ် စာလုပ်ပုံလုပ်နည်းနဲ့ စပ်လို့လည်း ပြန်ပြီးတော့ သုံးသပ်သင့်တယ်။ ဝါတွင်းသုံးလ တစ်ဝက်ကျိုး သွားတဲ့အထိ ကိုယ့်ဟာကိုယ် သိပ်ပြီးတော့ မဟုတ်သေးဘူး၊ မတိုးတက် သေးဘူးဆိုရင် ပြုပြင်ဖို့ရာ အချိန်အများကြီး ရှိသေးတယ်။ စိတ်ဓာတ်တွေ လည်း ပြင်ဖို့လိုရင် ပြင်ပေါ့။ အားလုံး လက်ရေးလက်သားက စပြီးတော့ ပြင်ဖို့လိုရင် ပြင်ထားပါ။ ဒီအချိန်ထိ ကိုယ့်ဟာကိုယ် စာရမှုနည်းသေးတယ်၊ စာလုပ်နည်းမဟုတ်သေးဘူးဆိုရင် ပြင်ဖို့အချိန်တွေ အများကြီး ရှိသေးတယ် ပေါ့။

ဒါနဲ့ သတိရတုန်း ရှင် ..... ပါလား။ မတ်တတ်ထစမ်းပါဦး။ ကဲ ဒီရှေ့လာခဲ့။ အနေကဓာတင်နဲ့စပ်ပြီးတော့ တပည့်တော် ဟိုတုန်းကလည်း ပြောခဲ့ဖူးတယ်။ မနက်စော အနေကဓာတင် မလိုက်ဖြစ်ဘူး ဆိုပါစို့။ မနက်ခင်းအစောဆိုတော့ ည ဘုရားဝတ်တက်မှာလို ဒဏ်ထမ်းတာတွေ၊ လျှောက်တာတွေအတွက် အချိန်မရှိဘူး။ ဒီတော့ တပည့်တော် ဘယ်လိုပြော

www.dhammadownload.com

ထားသလဲ။ ကိုယ့်ဟာကိုယ် မလိုက်ဖြစ်တဲ့နေ့ ဆိုလို့ရှိရင် ဘုန်းကြီးဆီ လာပြီးတော့ လျှောက်ပြီးတော့ ဒဏ်တောင်းပါလို့ ဟိုတုန်းက ပြောခဲ့ဖူးတယ်။ တပည့်တော်ကတော့ ရိုးသားတဲ့စိတ်ကို ပေါ်လွင်စေချင်လို့ လုပ်ထားတာပေါ့ဘုရား။ အပြစ်ဆိုတာကတော့ နည်းနည်းပါးပါးပဲ တစ်ခါတလေ ထိုင်ထတစ်ရက်တန်သည် ပေးချင်လည်း ပေးဖြစ်မှာပေါ့။ အကြောင်းလုံလောက်ရင်လည်း မပေးပါဘူး။

ရိုးသားမှုစိတ်ဓာတ်

နေ့လယ်နေ့ခင်း စာကျက်တဲ့အခါမှာလည်း နောက်ကျရင် ကိုယ့်ဟာကိုယ် လက်မှတ်လေးတွေ ထိုးဆိုတာ တပည့်တော် အားလုံးမှာ ရိုးသားတဲ့ စိတ်ကလေးတွေ ကိန်းဝပ်စေချင်လို့ လုပ်ထားတာ။ လိုက်ပြီးတော့ စစ်မှ ဝန်ခံတယ်၊ စစ်တာတောင်မှ တချို့ရှောင်ပြေးတယ်ဆိုရင် ပိုဆိုးတာပေါ့။ လိုက်စစ်မှ ဝန်ခံရတဲ့အဆင့်မျိုး မလုပ်စေချင်ဘူးပေါ့။ ဒါကြောင့်မို့ ဒီ အနေကဇာတင်တဲ့ အခါမှာလည်း မနက်ခင်း ကိုယ်က နောက်ကျနေတယ်ဆိုရင် လာပြီးတော့ လျှောက်စေချင်တယ်။ လိုက်စစ်ရတာ၊ သွားပြီးတော့ ပြောရတာ၊ အဲဒါ မကောင်းဘူးပေါ့။ စစ်ပြီးတဲ့အခါမှာလည်း ဒါမနေ့က မိတယ်ဆိုလို့ရှိရင် ဒီနေ့မနက်ခင်း အားနေတာပဲ။ ဒဏ်လာပြီးတော့ တောင်းဖို့ကောင်းတယ်။ ခု ရှင် ..... ကတော့ ဘာမှလည်း အကြောင်းမကြားဘူး။ တပည့်တော်ကလည်းပဲ မေ့နေတယ်ပေါ့။ ဒါမျိုးတွေကျတော့ တော်တော်မကောင်းဘူး။

သူက အကြောင်းပြတာတော့ တစ်ဝက်တစ်ပျက်ကတော့ လာတယ်တဲ့။ တပည့်တော် အပြင်မှာ လမ်းလျှောက်နေတာတွေ့လို့ ပြန်ဆင်းသွားတယ်လို့ ပြောတယ်။ ဒါလည်း ကောင်းတဲ့ လက္ခဏာ မဟုတ်ပါဘူး။ ကိုယ် မိသလောက် ကနေပြီးတော့ တက်မယ်ဆိုလို့ရှိရင် တပည့်တော် အရင်ကိုရင်တွေလည်းပဲ ခွင့်ပြုထားတာ။ ဘာလို့နောက်ကျသလဲ ဒါလောက်ပဲ မေးတာ။ တပည့်တော်ကို မြင်လို့ တစ်ဝက်တစ်ပျက်က မီရဲ့သားနဲ့ ပြန်ပြီးတော့ ဆင်းသွားတယ်ဆိုတာကတော့ ပိုဆိုးတာပေါ့။ ဒါတွေက မသိစေချင်ဘူးဆိုတဲ့ အဓိပ္ပာယ်ရောက်နေတယ်။ ဒါတွေဟာ မကောင်းဘူးပေါ့။

အဲဒီတော့ အားလုံးပဲ ကိုရင်လေးတွေက စပြီးတော့ တပည့်တော် ထပ်ပြီး သတိပေးပါတယ်။ အကြောင်းရှိလို့ရှိရင် ကိုယ့်နိုးစပ်ရာ နိုးစပ်ရာ အကြီးတွေကိုလျှောက်ပါ။ ကိုယ့်အောက်အငယ်တွေကို မလျှောက်နဲ့။ အကြီးကိုလည်း မလျှောက်ဘူး၊ အကြောင်းလည်း ဟုတ်တိပတ်တိ မရှိဘဲနဲ့ မလိုက်ဖြစ်ဘူးဆိုလို့ရှိရင် တပည့်တော်ဆီကို သင့်တော်တဲ့အချိန် ဒဏ်လာတောင်းလှည့်ပါ။ အားလုံး နားလည်ပါတယ်နော်။ တပည့်တော်က ဒဏ်ပေးချင်လို့ မဟုတ်ဘူး။ ရိုးသားမှုစိတ်ဓာတ်လေး မွေးစေချင်လို့။ ကိုယ့်ဟာကိုယ် ဝန်ခံတယ်၊ ကိုယ့်ဟာကိုယ် တာဝန်ယူတယ်၊ ဒီစိတ်ဓာတ်ကို မြတ်စွာဘုရားကလည်း သာသနာတော် ကြီးပွားကြောင်းမှာ ဒါမျိုးဟောထားတာရှိတယ်။ ဒါကြောင့် အဲဒါလေးတွေ လုပ်စေချင်တယ်။ ကဲ ... ဒီကိုရင်က ဒဏ်အနေနဲ့ မနက်ဖြန်က စပြီး ထိုင်ထ နှစ်ရက်လုပ်ပါ။ ခု နေရာမှာ ပြန်ထိုင်လို့ရပြီ။

သာသနာကွယ်ကြောင်းများ

တပည့်တော် ဒီနေ့ည ဩဝါဒအနေနဲ့တော့ ဒီကနေ့ အနုမောဒနာတရား ဟောခဲ့တာထဲကပဲ

www.dhammadownload.com

နည်းနည်းလေး ပြန်ပြောပေးမယ်ပေါ့။ မပြီးလည်း နောက်တစ်ပတ် ဆက်ပြီး ပြောပေးမယ်။ ဟိုတုန်းကလည်းပဲ ဒီ သာရဏီယသုတ်ဆိုတာ သြဝါဒအနေနဲ့ ပေးတော့ ပေးခဲ့တယ်။ ဒါပေမဲ့ နှစ်ပတ်ဆက်တိုက် အသံဖမ်းတဲ့ကိုရင်က သိပ်ပြီးတော့ မကျွမ်းကျင်တော့ အကုန်ပျက်ကုန်တာ။ နောက်မှပဲ တပည့်တော် ထပ်ပေးတော့မယ်။ ခုတော့ အင်္ဂုတ္တိရ်မှာလာတဲ့ သာသနာကွယ်ကြောင်း အများကြီးရှိတဲ့အထဲက စတုက္ကထဲက အချက်လေးတွေကိုပဲ ပေးမယ်ပေါ့။ နည်းလည်းနည်းတယ်။ ခုခေတ်နဲ့လည်း သိပ်ပြီးတော့ တိုက်ဆိုင်လွန်းတယ်။ အဲဒီထဲကနေ ဒီနေ့ အချက်နှစ်ချက် ပြောသွားမယ်ပေါ့။

သာသနာကွယ်ကြောင်းတရား လေးပါးဆိုပြီး ဟိုတုန်းကလည်းပဲ အကျဉ်းချုပ် ပြောခဲ့တယ်။ ခုလည်း ပြောချင်စိတ်ရှိလို့ ဒီဟာကိုပဲ ထပ်ပြီးတော့ တပည့်တော် ပြောပါတယ်။ တပည့်တော်တို့ ဓမ္မာရုံအဆောင်ရှေ့မှာလည်းပဲ မြန်မာစကားပြေနဲ့ ရေးပြီးတော့ ကပ်ထားတာ ရှိတယ်ပေါ့။ ဒါပေမဲ့ စာတွေက မှိန်သွားတော့ တချို့လည်း ဖတ်ချင်မှ ဖတ်မိမယ်။ ဒါလေးကို အာရုံစိုက်အောင် တပည့်တော် ထပ်ပြောခြင်း ဖြစ်ပါတယ်။

အကျဉ်းချုပ်လေးပါး

သာသနာကွယ်ကြောင်းတရား လေးပါးထဲမှာ အကျဉ်းချုပ်က နံပါတ်(၁)အချက်အနေနဲ့ ဘာလဲဆိုတော့ 'ပုဒ်၊ ပါဠ်၊ အကွ်ရာအမှားတွေနဲ့ သင်ယူခြင်း'တဲ့။ ဒီ ပုဒ်၊ ပါဠ်၊ အကွ်ရာ အမှားတွေနဲ့ သင်ယူပြီးတော့ ဒါတွေနဲ့ပဲ ပို့ချခြင်း၊ အနက်အဓိပ္ပာယ်တွေကလည်း လွဲမှားခြင်း၊ အဲဒါတွေအထိ အကုန်ယူရမှာပေါ့။ အဲ့ဒါကြောင့် နံပါတ်(၁)က ပုဒ်၊ ပါဠ်၊ အကွ်ရာ အမှားတွေနဲ့ သင်ယူခြင်းပေါ့။ နံပါတ်(၂)ကကျတော့ 'တပည့်သံဃာတွေ ဆိုဆုံးမရ ခက်လာခြင်း'တဲ့။ တပည့်တွေဟာ စကားနားမထောင်ဘဲနဲ့ ရိုင်းစိုင်းလာတဲ့ အဓိပ္ပာယ်ပေါ့။ နံပါတ်(၃)က 'တပည့်တော်တို့ စာချဆရာတော်တွေ စာကို လေးလေးစားစား မချကြခြင်း'။ နောက် ... နံပါတ်(၄)က ဘာလဲဆိုတော့ 'မထေရ်ဖြစ်လာတဲ့ ဆရာတော်တွေဟာ ပစ္စည်းလေးပါး ပေါများမှကိုပဲ အားထုတ်ခြင်း'တဲ့။ လေးချက်ကို အကျဉ်းချုပ်လိုက်ရင် ဒါပဲပေါ့။ ပြည့်တော့ မပြည့်စုံဘူးပေါ့ဘုရား။ ဒါနည်းနည်းလေးတော့ ချုပ်ပြောတာ။

ကြားရတာ စိတ်မချမ်းသာ

အဲဒီတော့ ဒီနေ့ညည (၁)နဲ့(၂) အချက်တွေ တပည့်တော် နည်းနည်းလေး ရှင်းပြမယ်ပေါ့။ နံပါတ်(၁) ပုဒ်၊ ပါဠ်၊ အကွ်ရာ အမှားတွေနဲ့ သင်ယူတယ်ဆိုတာ ပါဠိလို 'ကုဓ ဘိက္ခဝေ ဘိက္ခူ ဒုဂ္ဂဟိတံ သုတ္တန္တံ ပရိယာပုဏန္တိ ဒုန္နိက္ခိတ္တေဟိ ပဒဗျဉ္ဇနေဟိ'တဲ့။ ဘိက္ခူဆိုတာ မှတ်ပြောတာ။ ရဟန်းတော်တွေရော၊ သာမဏေတွေရော၊ ခုခေတ်မှာဆိုရင် ဘိက္ခုနီနွယ်ဝင် သီလရှင်တွေရောပေါ့။ စာပေကျမ်းဂန် သင်အံပို့ချတဲ့အခါမှာ ပုဒ်၊ ပါဠ်၊ အကွ်ရာတွေကလည်း မပီမသနဲ့ ဆိုချင်သလိုဆို၊ ဆရာသမားတွေဆီမှာ စနစ်တကျ မတက်ဘဲနဲ့ ကိုယ်ဆိုချင်သလို ဆိုသွားတယ်ပေါ့။

ဒီနေ့မှာဆိုရင်လည်း ပါတိမောက်ပြသွားတာ အရှင်ဘုရားတို့ ဦးဇင်း အားလုံး ကြားမှာပေါ့။ ပါတိမောက်ပြတဲ့အခါ တချို့ကြားရတဲ့ ပုဒ်၊ ပါဠ်၊ အကွ်ရာတွေက ကြားနာရတာ စိတ်ချမ်းသာမှု မရှိဘူးပေါ့။ တော်တော်များများကြီးကို

www.dhammadownload.com

မှားနေတယ်။ ဥပမာ- 'ပက္ကမန္တိ-ဖဲသွားကြကုန်၏' ဒါမျိုးပေါ့။ အဲဒါကို 'ပက္က-မန္တိ' ဆိုပြီးတော့ ခွဲရွတ်တာတို့၊ 'ကာယပွစာလကံ' ကို 'ကာယပွ-စာလကံ' ဒါမျိုး ခွဲရွတ်တာတို့၊ 'နထူပကတော'ကို 'နထူပ-ကတော'ဆိုပြီး ရွတ်တာတို့၊ အားလုံး တော်တော်များများကို ပါဠိပျက်တွေ ဖြစ်နေကြတယ်။

ပရိတ်ကြီးက အစ

အဲဒီတော့ ဒီလို ပါဠိပျက်တွေနဲ့ သင်ယူတဲ့အခါမှာ တပည့်တော်တို့ စနစ်တကျ သင်ယူပြီးသား ပုဂ္ဂိုလ်တွေ နားထောင်လို့ရှိရင်လည်းပဲ ဒါတွေဟာ စိတ်ချမ်းသာစရာ မရှိဘူး။ အနက်အဓိပ္ပာယ်လည်းပဲ တော်တော်တန်တန် ထင်မှာမဟုတ်ဘူးပေါ့။ ဒါမျိုးတွေ များလာလို့ရှိရင် သာသနာတော်ကွယ်မယ်တဲ့။ တပည့်တော်တို့ ပရိတ်ကြီးတွေ ဘာတွေလည်းပဲ ဒီအတိုင်းပေါ့။ တပည့်တော်တို့ ကျောင်းမှာလည်း အဲဒါလေးတွေကိုရင်ပေါက်စလေးတွေက စပြီးတော့ အထူးသတိထားပါ။ အလတ်တန်းတွေ ဘာတွေလည်းပဲ အခုကိုင်နေတဲ့ စာချဘုန်းကြီး ဦးဇာဂရတို့က သေသေချာချာ ဖတ်ခိုင်းပါ။ မပြန်ခိုင်းရင်နေပါ။ ဖတ်တာတွေကတော့ ဂရုတစိုက်နဲ့ အားလုံး ကျကျနန ဖတ်ပေး။ တပည့်တော်ကတော့ အဲဒီလောက်အထိ အနီးကပ် မပြင်နိုင်တော့ဘူး။ တပည့်တော် စွမ်းအားရှိသမျှတော့ ကြုံလို့ရှိရင် ပြင်ပြင်ပေးတယ်ပေါ့။

ဟိုတုန်းကတော့ အနီးကပ်သေချာ ပြင်ခဲ့ပါတယ်။ 'အန္တမ-သော'လို့ ဖတ်ဖို့၊ 'အန္တ-မသော' ဆိုပြီး မဖတ်ဖို့။ ဘာဖြစ်လို့လဲဆိုတော့ သောပစ္စည်းနဲ့ အန္တိမပုဒ်နဲ့ စပ်ထားတဲ့အခါမှာ က္က-ကို အ-ပြုလိုက်တော့ 'အန္တမ-သော'လို့ ဖတ်တာ ကောင်းတယ်။ ဒါမျိုးလေးတွေ တွေ့လို့ရှိရင်တော့ ခုလည်း ပြောပေးနေတယ်ပေါ့။ မေတ္တာသုတ်မှာလည်း 'အပ္ပဂဇ္ဈော' ကို 'အပ္ပ-ဂဇ္ဈော' မဖတ်ဖို့ ဒါမျိုးလေးတွေပေါ့။ ဒါတွေဟာ သာသနာကွယ်ကြောင်းမှာ ပါတယ်။ အင်္ဂုတ္တိရဲ့ ဒုကနိပါတ်တုန်းကလည်း ပါခဲ့တယ်။ ခု စတုက္ကနိပါတ်မှာလည်းပဲ အဓိကအနေနဲ့ ပါတယ်။

သာပတေယျ ရုပ်တွက်

နောက်ပြီးတော့ ပုဒ်၊ ပါဠိ၊ အကွာရာ အမှားတွေနဲ့ သင်လို့ရှိရင် ဘာဖြစ်လဲဆိုတော့ 'ဒုန္နိက္ခိတ္တဿ ဘိက္ခဝေ ပဒဗျဉ္ဇနဿ အတ္ထောပိ ဒုန္နယော ဟောတိ'တဲ့။ ဒီ ပုဒ်၊ပါဠိ၊အက္ခရာတွေ ပျက်လာပြီဆိုလို့ရှိရင် အနက်အဓိပ္ပာယ် ဖော်ရတာလည်း သိပ်ပြီးတော့ ခဲယဉ်းသွားတယ်။ ဖော်လို့ မရတော့ဘူး။ ဖွင့်ဆိုလို့ မရတော့ဘူး။ ဒါဆိုရင်လည်းပဲ သာသနာကွယ်တယ်လို့ မြတ်စွာဘုရားက ဆက်ပြီးတော့ ဟောထားတယ်။ အဲဒီတော့ ဒါလေးနဲ့ စပ်ပြီးတော့ တပည့်တော် အရင်တစ်ခါလည်းပဲ ပြောဖူးပါတယ်။ ဒီ မှတ်စုမှတ်ရာတွေနဲ့ သင်တဲ့အကျင့် မကောင်းတဲ့အကြောင်း ...။ ရူပသိဒ္ဓိဆိုလို့ရှိရင်လည်းပဲ အမေးအဖြေတွေချည်းပဲ နင်းကြည့်တယ်။ ကခ်ါဆိုလို့ရှိရင်လည်း အမေးအဖြေတွေနဲ့ချည်းပဲ နင်းကြည့်တယ်။ ကြာလို့ရှိရင် တချို့ အယူအဆမတတ်တာမျိုးတွေဆိုရင် မူရင်းဆိုလိုတာနဲ့ တဖြည်းဖြည်း အဓိပ္ပာယ်တွေ ကွာကွာ ကွာကွာလာတယ်။ ဒါတွေလည်း သာသနာကွယ်ကြောင်းထဲမှာ မပါနိုင်ဘူးလား။

တပည့်တော်တို့ သဒ္ဒါကျမ်းတွေ ဘာတွေလည်းပဲ ဒီလိုပဲပေါ့။ တစ်နေ့ကကိုပဲ ကိုယ်တွေ့ဖြစ်တယ်။ ဘယ်လိုကိုယ်တွေ့ဖြစ်သလဲဆိုတော့

www.dhammadownload.com

တပည့်တော် 'သာပတေယျ' ဆိုတဲ့ ရုပ်တွက်ကို တတိယဆင့်မှာ မေးတယ်ပေါ့။ တတိယဆင့်မေးတော့ ဘာသွားတွေ့လဲ။ တပည့်တော်တို့ ဆောင်ပုဒ်တွေနဲ့ ချလာတာများတော့ မှတ်စုသဘောမျိုးဖြစ်နေတော့ ကစ္စည်းကို သွားမကြည့်မိတော့ဘူး။ မကြည့်မိတော့ သာပတေယျ ရုပ်တွက်တဲ့အခါမှာ 'ဏောယျောကတ္တိကာဒီဟိ' သုတ်မှာပါတဲ့ ဏောယျောဟူသော ဒွိဓာကရဏာ ယောဂဝိဘာဂနဲ့ချည်းပဲ တွက်တယ်ပေါ့။

ခေါင်းစီးငယ်လေး

တပည့်တော်တို့ ရူပသိဒ္ဓိလုပ်ရင် 'ဏာရဂါ တသေဓ မညတ္ထေသု စ' သုတ်မှာ စသဒ္ဒါပါတယ်။ ရူပသိဒ္ဓိက စသဒ္ဒါနဲ့ ဏီပစ္စည်းကို သက်တယ်။ အဲဒီတော့ ဒီဟာကို မူရင်းမလိုက်တဲ့အခါ ဘာဖြစ်သွားလဲဆိုတော့ တပည့်တော်တို့ ကစ္စည်းတို့ဘာတို့ ကျမ်းရင်းကြီးတွေက လာတယ်ထင်ပြီးတော့ ဒီလိုပဲ ဖြေသွားကြတယ်။ အမှန်တကယ်ကတော့ ကစ္စည်းဘာသာဋ္ဌီကာက ရေးထားတာ။ ကစ္စည်းဘာသာဋ္ဌီကာကလည်း ကျမ်းရင်းအထိ လိုက်ကြည့်မယ်ဆိုရင် တပည့်တော်တို့ 'ယောဂဝိဘာဂကြဲဖွယ်' ဆိုပြီး ခေါင်းစီးလေးတပ်ထားတာ ပါတယ်။ 'ယောဂဝိဘာဂကြဲဖွယ်' ဆိုတော့ သဒ္ဒနီတိတွေ ဘာတွေ ဒီကျမ်းတွေက ရေးထားတာကို ဆရာတော်က ကြည့်ပြီးတော့ ရေးထားတာ။ ကစ္စည်းမှာတော့ တိုက်ရိုက်မပါဘူး။

မပါတော့ ဏောယျပစ္စည်း သက်တာချင်း အတူတူဆိုလို့ရှိရင် ဒီ ဏောယျော ကတ္တိကာဒီဟိ သုတ်ကို ရှေ့ကနေပြီးတော့ အပေစ္စသဒ္ဒါ လိုက်တာကို ကြဉ်ထားတဲ့ ဝိနာဓိကာရ (သို့မဟုတ်) ဏောယျောဟူသော ဒွိဓာကရဏာဝိဘာဂနဲ့ တွက်ပါ ဆိုပြီးတော့ နောက်ဆုံးမှာ ဆရာတော်က စ သဒ္ဒါနဲ့ ဏောယျော ကတ္တိကာဒီဟိသုတ်က ယောဂဝိဘာဂနဲ့လုပ်သင့်တဲ့ အကြောင်းကို ဆောင်ပုဒ်တွေ စီထားတယ်ပေါ့။ နောက်ဆုံးမှာ ရူပသိဒ္ဓိမှာကျတော့ ဏာ ရာဂါ တသေဓ မညတ္ထေသုစ သုတ်လာ စသဒ္ဒါနဲ့ တစ်နည်းစည်းပါသေးတယ်ဆိုပြီးတော့ ရေးတယ်ပေါ့။ ဒါလေးကို ကြည့်ပြီးတော့ တပည့်တော်တို့ ဒါတွေက ဟိုလိုပေါ့ ကျမ်းရင်း ကစ္စည်းဘာသာဋ္ဌီကာအထိ လိုက်မကြည့်ဘူး။ ကစ္စည်းနဲ့ ရူပသိဒ္ဓိကိုလည်း ယှဉ်မကြည့်တဲ့အခါမှာ ကစ္စည်းမှာပါတယ်လို့ ဒီတတိယဆင့်သမားတွေ အားလုံးထင်သွားကြတယ်ပေါ့။

ဘာသာဋ္ဌီကာ

ထင်သွားတော့ ဒီဆောင်ပုဒ်အတိုင်းပဲ ဒီဟာချည်းပဲ ဖြေလိုက်တယ်။ တပည့်တော်တို့ သဘာဝကျတာကတော့ တောင်မြို့ဆရာတော် ရေးတဲ့ ဘာသာဋ္ဌီကာက သဘာဝကျတယ်။ ဒီ 'ဏာ ရာဂါ တသေဓ မညတ္ထေသု စ' သုတ် စသဒ္ဒါလုပ်တဲ့ ရူပသိဒ္ဓိဆရာက သဘာဝတောင် မကျဘူးပေါ့။ သုတ်ရင်းက ဏာပစ္စည်းသက်ပြီးတော့ စသဒ္ဒါကျမှ ဏောယျပစ္စည်း သွားသက်တယ်။ ဟိုက သုတ်ရင်းလည်းပဲ ဏောယျသက်တယ်။ ယောဂဝိဘာဂလည်း ဏောယျသက်တယ်ဆိုတော့ သဘာဝ ပိုကျတယ်ပေါ့။ သို့သော် တပည့်တော်တို့ ကျမ်းရင်းသဘောမျိုးနဲ့ အခိုင်အမာဆိုထားတာ မရှိတဲ့အတွက် စာမေးပွဲမှာ တပည့်တော်တို့ ဖြေလို့ရှိရင် အမှတ် မရလောက်ဘူး။ ဒါမျိုးလေးတွေပေါ့။

ဒါ ဘာကိုပြသလဲဆိုတော့ တပည့်တော်တို့ ဆောင်ပုဒ်တော့ ကျက်တယ်။ ဒီဆောင်ပုဒ် ဘယ်

www.dhammadownload.com

ကျမ်းမှာ လာတယ်လို မလိုက်မိတာ။ မလိုက်မိတဲ့အတွက် ကစ္စည်းမှာလည်း ပါ၊မပါ သေချာမကြည့်တဲ့အခါမှာ သုတ်ချင်း ယှဉ်မကြည့်တဲ့အခါမှာ တပည့်တော်တို့ ဒီ အမှားမျိုးလေးတွေဖြစ်တယ်။ ဒါကတော့ သာသနာကွယ်လောက်တဲ့အထိတော့ မဖြစ်ဘူးပေါ့ဘုရား။ ရုပ်ပြီးခြင်းသာလိုရင်းတည်း ဆိုတဲ့အတိုင်းပေါ့။ ဒါပေမဲ့လို့ ဒါလေးကို တပည့်တော်အနေနဲ့ နမူနာပြောချင်တာ။ တပည့်တော်တို့ စာချတဲ့အခါမှာလည်းပဲ ကျမ်းတွေ ယှဉ်ပြီးတော့ ချပေးပါ။ ကစ္စည်းကို မကျက်ခိုင်းဘဲနဲ့ ကစ္စည်းသုတ်လေးတွေနဲ့ ယှဉ် ယှဉ်ပြီး ချသွားရင် တစ်ချိန်မှာ စွဲသွားတာပဲ။ 'တေသံ ဝိဘတ္တိယော လောပါ စ' သုတ်တွေမှာလည်း ဒီသဘောလေးတွေပေါ့။ ဒါ စာချဘုန်းကြီးတွေကို နည်းပေးတဲ့သဘောနဲ့ ထပ်ပြောတာပေါ့။ နောင်တစ်ချိန်မှာလည်း အနီးကပ်အနေနဲ့ တပည့်တော် ထပ်ပြီးတော့ ပြောဦးမယ်ပေါ့။

အဲဒီတော့ ဆိုလိုတာက မှတ်စုမှတ်ရာတွေများလာပြီဆိုရင် ဘယ်ကျမ်းက ဆိုတယ်လည်းပဲ အတိအကျ မသိဘူး။ ကိုယ်ကျက်ထားတာနဲ့ ဖြေလိုက်တဲ့အခါမှာ စာတတ်ဖို့ကတော့ ခဏထားတော့။ စာမေးပွဲခွင်ထဲ မဝင်တဲ့အခါမှာ ပင်ပန်းသွားတာတွေ ရှိတယ်ပေါ့။ လုပ်တော့ လုပ်ရတယ်။ ပင်ပန်းသွားတယ်။ ကျမ်းရင်းထိလိုက်ရင် ဘာအကျိုးများသလဲဆိုတော့ သဒ္ဓါတရားလည်းပဲ ထက်သန်လာတယ်။ ကြည့်တဲ့ ဝီရိယအားတွေလည်းပဲ တိုးလာတယ်။ ပညာလည်းပဲတိုးတယ်လို့ ဒီမှာ တိုက်ရိုက်မဆိုထားသော်ငြား ဆရာတော်က ဘယ်လိုကြံထားတယ်၊ ဘာကိုကြည့်ကြံတယ်၊ သဘာဝကျတယ်၊ မကျဘူးဆိုတာ ကိုယ့်ဟာကိုယ် သိတော့ အသိဉာဏ်တွေ တိုးတယ်ပေါ့ဘုရား။ သာသနာကွယ်ကြောင်း ပထမအချက်ထဲမှာ ဒါတွေကို ဆက်နွယ်ပြီးတော့ ယူလို့ရတယ်။

ဒါနက သံသရာရှည်စေသလား

တပည့်တော်တို့ တရားဟောတဲ့ဘက် လိုက်လို့ရှိရင်လည်း ဒီလိုပဲပေါ့။ ပါဠိစာပေ၊ အဋ္ဌကထာ၊ ဋီကာတွေ လွှတ်ပြီးတော့ ကိုယ့်ရဲ့ အာဝဇ္ဇန်းရွှင်မှုနဲ့ ကိုယ့်ရဲ့အတွေ့အကြုံတွေ ထည့်ဟောတာများလာပြီဆိုရင် တချို့ ဒါတွေဟာ သာသနာကွယ်နိုင်တဲ့အဖြစ်တွေအထိ ရောက်တယ်။ ဥပမာ ဘာလဲဆိုတော့ ဒါနဆိုတာ သံသရာကျယ်တယ်၊ သံသရာရှည်တယ်၊ ဒါနလုပ်လို့ရှိရင် သံသရာရှည်တဲ့အတွက် ဒါနမလုပ်သင့်ဘူး၊ ဒါမျိုးတွေ ပြောဟောလာတာတွေရှိတယ်ပေါ့။ နောက်ပြီးတော့ တရားအားထုတ်တယ်ဆိုရင် ဝေယျာဝစ္စ မလုပ်သင့်ဘူး၊ ဒါမျိုးတွေလည်းပဲ ရှိလာတတ်တယ်။ တပည့်တော်တို့ တကယ် စာပေမှာ ကြည့်လို့ရှိရင် ဒါမျိုးမဟုတ်ပါဘူး။

တရားအားထုတ်တဲ့အခါ အခုပဲ မဂ်ဖိုလ်ရတော့မယ် စသည်ဖြင့် ခုပဲ ရမယ်၊ မနက်ဖြန်ပဲ ရမယ်၊ ဒီလို မဂ်ဖိုလ်တွေကို ချိန်ရွယ်ပြီးတော့ အားထုတ်လို့ရှိရင်တော့ ဒီပုဂ္ဂိုလ်တွေအနေနဲ့ ဝေယျာဝစ္စတွေလည်း မလုပ်နဲ့။ ကျန်တာတွေလည်း မလုပ်နဲ့။ အဲဒီလို ခွင့်ပြုချက်ရှိပါတယ်။ သူကျတော့ ဒါနလည်း မလုပ်ချင်ရတယ်။ ဒီလိုမှ မဟုတ်ရင်တော့ ဝေယျာဝစ္စလည်း လုပ်ရမယ်၊ ဒါနလည်း လုပ်ရမယ်။ သုမနသုတ္တန်တို့ ဘာတို့ ကြည့်လိုက်ရင် မြတ်စွာဘုရားက ရဟန်းပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ်၊ ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် အားလုံးဟာ ဒါနကို ပြုသင့်တယ်ဆိုပြီး ဟောထားတဲ့

www.dhammadownload.com

သုတ္တန်တွေ ရှိနေတာပဲ။ ပြုတဲ့နေရာမှာလည်း ကုသိုလ်က ဝိဝဋ္ဋနိဿိတ၊ ဝဋ္ဋနိဿိတ ဆိုပြီး ခွဲဟောထားတာ ရှိတယ်။

စာပေမရှိဘဲနဲ့ ဟောရင်

အင်္ဂုတ္တိရ် သုတ္တကမှာဆိုရင်လည်း ဒါနနဲ့ ပတ်သက်လို့ စိတ်ထားနည်း (၇)မျိုးဆိုတာ ရှိတာပဲ။ တပည့်တော်တို့ စိတ္တာလင်္ကာရဒါနဆိုတဲ့ အမြတ်ဆုံး သဘောတွေ၊ လှူဒါန်းရာမှာ စိတ်ထားပုံတွေ ရှိတာပဲ။ ဒါမျိုးပေါ့၊ ကျမ်းဂန်တွေနဲ့ လာပြီဆိုလို့ရှိရင် ခုနလို လက်လွတ်စပယ် မဟောတော့ဘူးပေါ့။ ဒီလိုမှ မဟုတ်ဘဲနဲ့ တစ်ဆင့်ကြားနဲ့၊ စာပေကို တကယ် ထိထိရောက်ရောက် မလေ့လာဖူးတဲ့ ပုဂ္ဂိုလ်ကနေပြီးတော့ မှန်းသမ်းပြီးတော့ ပြောတာကို ကိုယ်က ဒီပုဂ္ဂိုလ်ကို အထင်ကြီးပြီး စာပေမရှိဘဲ တစ်ဆင့် လျှောက်ပြီးတော့ ပြောဟောတယ်ဆိုလို့ရှိရင် ဒါတွေဟာ သာသနာကွယ်ကြောင်းတရားပဲ။ တပည့်တော်တို့ ဒါလေးတွေက သိပ်ပြီးတော့ အလေးထားသင့်ပါတယ်။

ဒါကြောင့်မို့ တပည့်တော်တို့ ဒီမှာ မှတ်စုမှတ်ရာကို အရန်အဖြစ်နဲ့ပဲ ကြည့်ပါလို့ မူချပေးထားတယ်။ စာချတန်းဆိုရင်လည်းပဲ ကျမ်းရင်းအဋ္ဌကထာ၊ ဋီကာတွေ ကြည့်ပါ။ ကြည့်ပြီးတော့ ဘာသာဋီကာက ကျမ်းရင်းကို ထပ်ဖွင့်တော့ ဒီကျမ်းရင်းကို ဖွင့်တာတွေကို နိဒ်အောင်လုပ်ပါ။ နိဿယကလည်းပဲ ဒါတွေကို ထပ်ဖွင့်တာပဲ။ ကျန်တဲ့အချိန်ကိုမှ တပည့်တော်တို့ နည်းယူတဲ့အနေနဲ့ ဘယ်ဆရာတော်ရေးတာ ဘာရေးတာ ဒါမျိုးလေးတွေကတော့ ယူပေါ့။ ဒါကြောင့်မို့ တပည့်တော်တို့ ဒီကျောင်းမှာတော့ မှတ်စုမှတ်ရာတွေကလည်း ဒီသာသနာကွယ်ကြောင်း အင်္ဂါထဲမှာ ဝင်နိုင်တယ်ဆိုတာ စွဲပြီးတော့ သဒ္ဓါတရား ထက်ထက်သန်သန်နဲ့ ကျမ်းရင်းကို အဓိကထားလုပ်စေချင်တယ်ပေါ့ဘုရား။ ခုလည်းပဲ လုပ်တဲ့ လမ်းကြောင်းပေါ်တော့ အားလုံးနီးပါး ရောက်နေကြပါပြီ။ ဉာဏ်ပညာ မထက်တဲ့ပုဂ္ဂိုလ်တွေကတော့ တစ်မျိုးပေါ့။

အလုပ်လုပ်ဖို့

ဒါကြောင့် စာချဘုန်းကြီးတွေကလည်းပဲ စာချတဲ့အခါမှာ ကြိုတင်ပြီးတော့ ကြည့်ရမှာ မပျင်းပါနဲ့။ နောက်ပြီးတော့ ငါ့အတွက် လုပ်စရာတွေ ရှိသေးတယ်၊ ဒါမျိုး မတွက်ပါနဲ့။ ကိုယ်ချတဲ့စာဝါလေးကိုယ် လေးလေးစားစားနဲ့ ချပြီဆိုလို့ရှိရင် စာလည်းကြည့်ဖြစ်သွားတယ်။ ကြည့်ဖြစ်လို့ရှိရင် ကျမ်းရင်းနဲ့ သိပ်ပြီးတော့ နီးစပ်တဲ့အခါမှာ လုပ်ရကျိုး နပ်တယ်ပေါ့။ တပည့်တော်တို့ စာသင်တယ်၊ စာမေးပွဲအောင်တယ်ဆိုတာ အလုပ်လုပ်ဖို့အတွက်ပဲ။ အလုပ်လုပ်မှလည်းပဲ လူဆိုတာ တန်ဖိုးရှိတာပါ။ ဘယ်လောက်ပဲ တတ်နေတတ်နေ အလုပ်မလုပ်ရင် မတတ်သလိုပဲ။ တပည့်တော်တို့ တောင်မြို့ ဂန္ဓာရုံဆရာတော်ကြီးဆိုရင် ဘွဲ့ဒီဂရီအနေနဲ့ကတော့ သကျသီဟဓမ္မာစရိယပဲ။ ဒါပေမဲ့လို့ တိပိဋကဓရတွေတောင် လိုက်မမီဘူးဆိုတာ လုပ်ငန်းလုပ်တာ၊ စေတနာထားတာ၊ အဲဒါကြောင့်မို့ပဲ။

တပည့်တွေ ဘာတွေ မွေးမြူတာကတော့ ထားတော့။ စာသင် စာချ လုပ်ပြီး တိုက်တာကြီးကို ကမ္ဘာမှာ တပည့်တော်တို့ သာသနာရဲ့ စံဖြစ်အောင်လုပ်တယ်။ ကျမ်းစာတွေ ဘာတွေ ရေးသွားတယ်။ တပည့်တော်တို့ ခုချိန်ထိ တတ်သိတာ မှန်သမျှဟာ ဆရာတော်ရဲ့ စိတ်စေတနာတွေပါ။ ဆရာတော်ကြီးက အပေါ်ယံလေးတွေ

www.dhammadownload.com

လုပ်ခဲ့တာ မဟုတ်ဘူး။ သူသာ စာတတ်ပြီးတော့ အေးအေးဆေးဆေးနေမယ်ဆိုရင် တပည့်တော်တို့လည်း ဒီလောက် အကျိုးရှိမှာ မဟုတ်ဘူးပေါ့။ အဲဒါလေးတွေကို စာချဘုန်းကြီးတွေဘက်ကရော စာသင်သားတွေဘက်ကရော သိစေချင်တယ်။ အားကျ အတုယူစေချင်တယ်။ ဒါကြောင့် ဒီသာသနာကွယ်ကြောင်း အင်္ဂါလေးတွေ အားလုံးနားလည်ထားပါ။ နံပါတ်(၁) ပုဒ်၊ ပါဠိ၊ အကွာရာပျက်တွေနဲ့ သင်ယူပို့ချကြလို့ရှိရင် သာသနာတော် ကွယ်မယ်။

ဆိုဆုံးမခက်ခြင်း

တပည့်တော်တို့ ဒုတိယအချက်က ဘာလဲဆိုတော့ တပည့်တွေ ဆိုဆုံးမရခက်တဲ့အခါမှာ သာသနာကွယ်မယ်တဲ့။ 'ပုန စပရံ ဘိက္ခဝေ ဘိက္ခူ ဒုဗ္ဘစာ ဟောန္တိ ဒေါဝစဿကရဏေဟိ ဓမ္မေဟိ သမန္နာဂတာ အက္ခမာ၊ အပဒက္ခိဏာဂ္ဂါဟိနော အနုသာသနိ' တဲ့။ နံပါတ်(၂) သာသနာကွယ်ကြောင်းတရားက ဘာလဲဆိုတော့ ရဟန်း သာမဏေတွေဟာ 'ဒုဗ္ဘစ' ဆိုဆုံးမရခက်လာကြပြီတဲ့။ 'ဒေါဝစဿကရဏေဟိ သမန္နာဂတာ' ဆိုဆုံးမရခက်တဲ့ လူရိုင်းအဖြစ်ကို ပြုတတ်တဲ့တရား၊ လူရိုင်းဖြစ်ကြောင်းတရားပေါ့၊ အကုသိုလ်တွေ ကိန်းလာပြီ ဆိုလို့ရှိရင် သိပ်ပြီးတော့ စိတ်တွေက ရိုင်းစိုင်းလာတယ်။ ဆုံးမတာလည်း မသိတော့ဘူးပေါ့။ ဒါမျိုးတွေနဲ့ ပြည့်စုံလာကြတယ်။

'အက္ခမာ' သည်းမခံနိုင်ကြတော့ဘူးတဲ့။ 'အပဒက္ခိဏာဂ္ဂါဟိနော အနုသာသနိ' ဆုံးမတဲ့စကားကို လေးလေးစားစား မရှိကြတော့ဘူး၊ ဝတ်ကျေတမ်းကျေပဲ နားထောင်ကြတယ်ဆိုရင် အဲဒါ သာသနာကွယ်ပြီတဲ့။ တပည့်တော်တို့ ဒါဟာ ဆုံးမတာလေးတင် မကပါဘူး။ ဝိနည်းဆိုလို့ရှိရင်လည်းပဲ ဝိနည်းသိက္ခာပုဒ်တွေ ရှိတယ်ပေါ့။ လူတွေဆိုလို့ရှိရင်လည်း လူသိက္ခာပုဒ် ရှိတယ်။ ကိုရင်ဆိုရင်လည်းပဲ ကိုရင်ကျင့်ဝတ်သေခိယသိက္ခာပုဒ်တွေ ဘာတွေ ရှိတာပဲ။ အဲဒီသိက္ခာပုဒ်တွေကို စွမ်းအားရှိသမျှ လိုက်နာတာလည်းပဲ မြတ်စွာဘုရားရဲ့အဆုံးအမ အနုသာသနီကို လိုက်နာတာပဲ။ 'အပဒက္ခိဏာဂ္ဂါဟိနော' ကို ပြောင်းပြန်ပြန်လိုက်ရင် 'ပဒက္ခိဏာဂ္ဂါဟိနော'။ ရှိရှိသေသေ လိုက်နာကြရင် သာသနာတည်မှာပဲ။

ပြောင်းပြန်ပြန်လိုက်ကြည့်လိုက်။ မြတ်စွာဘုရားက သိက္ခာပုဒ်တွေ ပညတ်တယ်။ စည်းကမ်းလိုက်နာပါလို့ ပညတ်တယ်။ ဒါတွေကို မလိုက်နာဘူး၊ ထင်ရာလုပ်မယ်ဆိုရင် သာသနာကွယ်မယ်။ တစ်ခါ မြတ်စွာဘုရားက ဝတ်ကြီးဝတ်ငယ်ဆိုတဲ့ သိက္ခာပုဒ် စုဒ္ဒသခန္ဓကဝတ်တို့ သေခိယတို့ ထားခဲ့တယ်။ ဒါတွေက ဝါရိတ္တသိက္ခာပုဒ်တွေလို ရှောင်စရာတော့ မဟုတ်ဘူးပေါ့။ အားလုံးဆိုကြည့်မယ်။

ဝတ္တံ အပရိပူရေန္တော၊
သီလံ နပရိပူရတိ။
အသုဒ္ဓသီလော ဒုပ္ပညော၊
စိတ္တေကဂ္ဂံ နဝိန္ဒတိ။

အနက်လေး ပေးကြည့်လိုက်ပါဦး။

ဝတ္တံ - ဝတ်ကြီးဝတ်ငယ်ကို၊ အပရိပူရေန္တော - မဖြည့်ကျင့်သော ရဟန်းသာမဏေသည်၊ သီလံ - သီလကို၊ နပရိပူရတိ - ဖြည့်ကျင့်သည်မမည်၊ အသုဒ္ဓသီလော - မစင်ကြယ်သော သီလရှိသော၊ ဒုပ္ပညော - ပညာမရှိသော

www.dhammadownload.com

ရဟန်းသာမဏေသည်၊ စိတ္တေကဂ္ဂံ - စိတ်၏ငြိမ်သက်တည်ကြည်ခြင်းကို၊ နဝိန္ဒတိ - မရနိုင်။

ကျေးဇူးမသိသူ

ဒီတော့ တပည့်တော်တို့ ဝတ်ကြီးဝတ်ငယ် ဖြည့်ရင်လည်းပဲ မြတ်စွာဘုရားက သီလကို ဖြည့်ရာရောက်တယ်၊ မဖြည့်ဘူးဆိုရင် သီလမပြည့်ဘူး၊ သီလမပြည့်လို့ရှိရင် အကျိုးအဆက်ဆက်က စိတ်မတည်ငြိမ်ပြီးတော့ နောက်ဆုံးမှာ နိဗ္ဗာန်အထိ မရနိုင်ဘူးလို့ ဟောထားတယ်။ တပည့်တော်တို့ အခု ညနေ ဝေယျာဝစ္စလုပ်တဲ့ နာရီဝက်အချိန်လေးကို ခိုကပ်ပြီးတော့ စကားတပြောပြောနဲ့ (သို့မဟုတ်) မလုပ်ချင်သလို လုပ်ချင်သလိုနဲ့ ဒီစိတ်တွေ ရှိလာလို့ရှိရင်လည်း ဒုဗ္ဘစထဲမှာ ပါတယ်။ စာပေကျမ်းဂန် ကျက်ပါ။ ဘယ်အချိန်ကနေ ဘယ်အချိန်သတ်မှတ်ပြီးတော့ တတ်နိုင်သမျှ ကျက်ပါ။ လေးလေးစားစားလုပ်ပါ။ အကြီးတွေရဲ့ စကားကိုလည်းပဲ နာယူပါ။ ဒါတွေကို တချို့ ဆိုဆုံးမတဲ့အခါမှာ သိပ်ပြီးတော့ ကလန်ကဆန်လုပ်တာတွေ တွေ့တယ်။ အခုလည်း တွေ့ရတယ်။ ဟိုတုန်းကလည်းပဲ တွေ့ခဲ့တယ်။ ဒါတွေကို ကျေးဇူးတရားကို သိပ်မသိတဲ့ ပုဂ္ဂိုလ်တွေလို့ ခေါ်တယ်ပေါ့။

သူ့ဟာသူ စာပေတွေ ဘယ်လောက်ပဲ တတ်တတ်၊ အဘိဝံသတွေပဲ ရနေနေ၊ လင်္ကာရတွေ၊ ပါဠိပါရဂူတွေ၊ နောက်ဆုံး တိပိဋကတွေ၊ ဘာတွေပဲ ရနေနေပေါ့။ ဆရာသမားအပေါ်မှာ ကျေးဇူးတရားကို မသိတတ်ဘဲနဲ့ ကလန်ကဆန်တွေ လုပ်ပြီဆိုရင် မပြင်ဘူးဆိုရင် သာသနာကွယ်ကြောင်းဖြစ်ပြီးတော့ ဒီပုဂ္ဂိုလ်ဟာ တိုးတက်ဖို့ စိတ်ချမ်းသာဖို့ မလွယ်ပါဘူး။ တပည့်တော် ဒီအထဲမှာလည်း အရင်လည်းပဲ ခေါ်ပြီးတော့ သတိပေးခဲ့ဖူးတယ်။ ဆရာသမားတွေကို မစော်ကားပါနဲ့၊ ဆရာသမားတွေ ပြောတဲ့စကားကို လေးလေးစားစား နာယူပါလို့ ပြောခဲ့တယ်။ ဒါသာသနာကွယ်ကြောင်းထဲမှာလည်းပဲ ပါတယ်။ လက်တွေ့အားဖြင့်လည်း ဆရာတပည့်ဆက်ဆံရေးမှာ မေတ္တာတရား သိပ်ကင်းမဲ့တယ်။ ကလန်ကဆန် အမြဲတမ်းလုပ်ပြီးတော့၊ ပြောလိုက်ရင် တစ်ခွန်းပြောရင် တစ်ခွန်းပြန်စောဒကတက်ပြီးတော့ အကြောင်းပြတွေက သိပ်များနေပြီဆိုရင် ဟုတ်ကို မဟုတ်တော့ဘူး။ မှန်ကန်တဲ့ အဆုံးအမတွေဆိုရင် လေးလေးစားစားကို လိုက်နာပါ။ ဒါကြောင့်မို့ သာသနာကွယ်ကြောင်းတရားထဲမှာ 'အပဒက္ခိဏာဂ္ဂါဟိနော အနုသာသနိ' လို့ ဟောခဲ့တယ်။

သည်းမခံနိုင်သူ

နောက်တစ်ပုဒ်က 'အက္ခမာ' တဲ့။ သည်းမခံနိုင်ဘူး။ သည်းမခံနိုင်ဘူးဆိုတာလည်း ဒါတွေ ပြန်ပါတာပဲ။ ဆိုပါစို့၊ ဆွမ်းစားကျောင်းမှာ ဝေယျာဝစ္စလုပ်တယ်။ လုပ်လို့ စားချင်စိတ်ပေါက်တယ်။ ဘယ်သူမှ မသိဘဲနဲ့ လောဘစိတ်ကို သည်းခံပြီးတော့ နေလိုက်လို့ရှိရင် ဒါတွေဟာ ကောင်းသွားတာပဲ။ ကိုယ့်ရဲ့ ဖြစ်လာတဲ့လောဘစိတ်ကို သည်းမခံနိုင်ဘဲနဲ့ ဟိုဟာခိုးလုပ်၊ ဒီဟာခိုးစား၊ ဒါမျိုး သွားပြီးတော့ ဆွမ်းစားကျောင်းမှာ သွားလုပ်ပြီဆိုရင် ဒါဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူးပေါ့။ နောက်ဆုံး မနေနိုင်ဘူးဆိုရင် ဆွမ်းစားကျောင်းဘုန်းကြီးနဲ့ ညှိပြီးတော့ အဆင်ပြေအောင် လုပ်ပေါ့ဘုရား။ ဆွမ်းစားကျောင်းကို တပည့်တော် လုပ်ပိုင်ခွင့် အပြည့်အဝ ပေးထားပါတယ်။ ဒါတွေက ဖြစ်တတ်တာကို ပြော

www.dhammadownload.com

တာပေါ့။ ကြားလည်းပဲ နည်းနည်းပါးပါး ကြားတာလေးတွေ ရှိနေတယ်။

အဲဒီတော့ အားလုံး ပြောတာဆိုတာတွေကို လွယ်လွယ်ကူကူ နားထောင်မယ်ဆိုရင် တပည့်တော်တို့ သာသနာရှည်မှာပဲ။ ပြောဆိုဆုံးမရခက်လာပြီဆိုရင် သူ့ဟာသူ စာဘယ်လောက်ပဲတော်နေနေ သိပ်ပြီးတော့ အကြီးတွေ စိတ်ဆင်းရဲမယ် ဆိုရင် တပည့်တော်ကတော့ လက်ခံမှာ မဟုတ်ဘူးပေါ့။ ဒါ အားလုံးကို ထပ်ပြီးတော့ သတိပေးပါတယ်။ ကျောင်းတိုက် ကျောင်းတိုက်တိုင်းမှာလည်းပဲ စာသင်တိုက် မလုပ်ချင်ဘူးဆိုတာ အဲဒီဟာတွေ ကြောက်ကြတာပဲ။ ခုခေတ်က ပြောရတာ မလွယ်ဘူး၊ ထိန်းရတာ မလွယ်ဘူး၊ ဆရာသမားကိုတောင်မှ ဘယ်လို၊ စသည်ဖြင့် ဒါမျိုးတွေ ကြောက်ပြီးတော့ စာသင်တိုက် မလုပ်ကြတာဆိုပြီး ဆရာတော် အရှင်မြတ်တွေ တော်တော်များများ ပြောလာကြတယ်။

မကြောက်ပါနဲ့

တပည့်တော်ကတော့ ခံယူချက်ရှိတယ်ပေါ့။ ပြဿနာမဖြစ်အောင် လုပ်မယ်။ ဖြစ်လာရင် တရားသဖြင့် ဖြေရှင်းမယ်။ ဒီစာသင်တိုက်ဆိုတဲ့ အလုပ်ကတော့ ဆရာသမားတွေကလည်း လုပ်စေချင်တယ်၊ ကောင်းတဲ့အလုပ်လည်း ဖြစ်တယ်၊ လုပ်ကိုလုပ်မယ်ဆိုပြီးတော့ အမုန်းခံပြီးတော့ လုပ်နေတာ။ အဲဒီတော့ အကြီးတွေကလည်းပဲ ညီညီညွတ်ညွတ်နဲ့ လုပ်ပေးပါ။ ကြောက်သလိုလို ဘာလိုလို မလုပ်ဘဲနဲ့ ညီညွတ်မှုစွမ်းအားနဲ့ မကောင်းတဲ့ပုဂ္ဂိုလ်မျိုးတွေကို တပည့်တော်တို့ အားလုံး တိုက်ထုတ်ပစ်ရမှာ။ ဒါတွေဟာ မျက်နှာလိုက်လို့လည်း မဖြစ်ဘူး။ ကြောက်နေလို့လည်း မဖြစ်ဘူး။ ဒါကြောင့်မို့ ဆုံးမစကားကို မကြောက်ပါနဲ့လို့ ဆရာတွေကို တပည့်တော် ပြောချင်ပါတယ်။

တပည့်တွေကလည်းပဲ ဆရာတွေ ဆုံးမကြောက်လောက်အောင် မလုပ်ပါနဲ့။ ဆရာတွေ ဆုံးမရမှာ ကြောက်သွားအောင် မလုပ်ပါနဲ့။ ဆရာတွေ ဆုံးမရတာ ကြောက်သွားအောင် ဆိုတာ တစ်ခွန်းပြောလိုက်ရင် တစ်ခွန်း ပြန်ပက်တယ်၊ မျက်နှာကြီးတွေ ဆူပုပ်ပုပ်နဲ့၊ ဟိုဟာလုပ်သလို ဒီဟာလုပ်သလိုနဲ့၊ ဒါမျိုးတွေ ဖြစ်လည်း ဖြစ်ခဲ့တယ်။ ဒါဆိုရင် တပည့်တော်တို့က ဆရာသမားတွေကို ဆုံးမပါ ပြောပါလို့ ရှေ့က တိုက်တွန်းတယ်၊ သူကနေပြီးတော့ ဆုံးမရဲရင် ဆုံးမကြည့်စမ်းဆိုတဲ့ အဓိပ္ပာယ် ထွက်မနေဘူးလား။ ဒါနဲ့စပ်ပြီးတော့ တစ်နေ့ကလည်း တပည့်တော် ပြောတယ်။ ဟိုတုန်းကလည်းပဲ ပြောခဲ့တယ်။ ဒါတွေဟာ နောက်ဆုံးတော့ သာသနာကွယ်ကြောင်းတရားတွေပါ။

ဒီနေ့ တပည့်တော် ဒီနှစ်ပါးပဲ ပြောမယ်ပေါ့။ စာပေကျမ်းဂန် ပို့ချတဲ့အခါမှာရော၊ သင်ယူတဲ့ အခါမှာရော လေးလေးစားစား တိတိကျကျ လုပ်ပါ။ ဆရာတွေဘက်ကလည်း အချိန်ကုန်တယ်ကွာဆိုတာမျိုး မလုပ်ဘဲနဲ့ ကြိုတင်ပြင်ဆင်ပြီးတော့ နားလည်အောင် ပို့ချပါ။ တပည့်တွေကလည်း လေးလေးစားစားနဲ့ မဖတ်တတ်ရင်လည်းပဲ ဖတ်တတ်အောင် ကြိုးစားပါ။ နောက်ပြီးတော့ ပြောတဲ့ဆိုတဲ့ စကားကိုလည်း အားလုံး တရားမျှတတယ်ဆိုရင် နာယူပြီးတော့ သာသနာတော်ကြီးအခွန့်ရှည်အောင် စွမ်းဆောင်နိုင်သော သာသနာ့အာဇာနည်ကောင်းများ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

သာသနာကွယ်ကြောင်း(၂)

၁၃၆၇ ခု၊ တော်သလင်းလပြည့်နေ့
၂၀၀၅ ခု၊ စက်တင်ဘာလ ၁၇ ရက်၊ စနေနေ့ ည

အာဂုံနည်းတယ်

ကဲ ... တပည့်တော်တို့ တော်သလင်းလပြည့်ဆိုတော့ သီတင်းကျွတ်ဖို့ရာအတွက် တစ်လတိတိပဲ လိုတော့တယ်ပေါ့။ တပည့်တော်တို့ လေ့ကျင့်ခန်းတွေ ဖြေခဲ့တာလည်း သာမဏေကျော် စာမေးပွဲတွေနဲ့ စပ်ပြီးတော့ တော်တော်လေး ခရီးရောက်သွားပြီ။ ဖြေပုံဖြေနည်းတွေက စပြီးတော့ အရေးကြီးတာတွေအားလုံးကို စာချဘုန်းကြီးတွေက သေချာသင်ခဲ့လိမ့်မယ်။ စာချဘုန်းကြီးဆိုတာ စာချရုံလေးနဲ့ မပြီးတဲ့အကြောင်း တပည့်တော် ပြောခဲ့ပြီ။ စာချပြီးတဲ့အခါမှာ စာပြန် မပြန် သိအောင်လုပ်ဖို့၊ ဒါမျိုးလေးတွေလည်း လိုအပ်ပါတယ်။ ဒါနဲ့စပ်ပြီးတော့ ပြောရရင် တပည့်တော်တို့ကျောင်းမှာ စာပြန်တာတွေ အားနည်းနေတယ်။

တပည့်တော်လည်း တတိယဆင့်တွေ စာချရင်း စာပြန်တာတွေကိုညကိုးနာရီထိုးခါနီးရင် ရပ်ပစ်တဲ့နည်းကို မလုပ်ပါနဲ့၊ ကိုးနာရီခွဲ စသည်ဖြင့် ဆက်ပြီးတော့ ပြန်သွားဖို့ ပြောနေတယ်။ ဒီလိုပြန်လိုက်တဲ့အတွက် တပည့်တော်တို့မှာ ဘာအကျိုးကျေးဇူးတွေ ရှိလာမလဲဆိုတော့ စာအာဂုံရတာတွေများလာမှာပေါ့။ တပည့်တော်တို့ကျောင်းမှာ အာဂုံက တခြားကျောင်းတိုက်တွေနဲ့စာလို့ရှိရင် သိပ်ပြီးတော့ နည်းတယ်။ နည်းတဲ့အတွက် ဒီဟာတွေကို

www.dhammadownload.com

ထပ်ထပ်ပြီးတော့ ပြောနေရတယ်။ ခုတော့ နည်းနည်းလေး ရလာပြီပေါ့။

စာပြန်ရကျိုး

ဒီလို အာဂုံများများပြန်တဲ့အတွက် ဘာအကျိုးထူးလာမလဲဆိုရင် တပည့်တော်တို့ မျက်လုံးမှုန် သက်သာလာမယ်။ ဒီကျန်းမာရေးရှုထောင့်က ကြည့်ရင်လည်း မျက်လုံးရောဂါနဲ့ စပ်ပြီးတော့ သိပ်မဖြစ်တော့ဘူးပေါ့။ ပြီးတော့ စာပေနဲ့ ပတ်သက်လာလို့ရှိရင်လည်း ပိုပြီးတော့ မြင်လာတယ်။ အဂုံတွဂိုရ်တို့ ဘာတို့ လုပ်ပြီဆိုတစ်နေ့ တစ်ဝဂ် ဆယ်သုတ် ကြည့်တယ်ဆိုပါတော့။ ဒီ ဆယ်သုတ် တသုဒ္ဓါန်ကို ပထမကျက်။ ပြီးရင် ဆောင်ပုဒ်လေးတွေ ကျက်မှတ်။ ပြီးရင် ညစာပြန်တဲ့အခါ ပထမဆုံးသုတ်က မြတ်စွာဘုရား ဘယ်မှာဟောတယ်။ ဘာမှနိဒါန်းအထူး မပါလို့ရှိရင်တော့ တပည့်တော်တို့ သာဝတ္ထိပြည် ဇေတဝန်မှာ ဟောတယ်လို့ပဲ ယူဆရတာပေါ့။ မြတ်စွာဘုရား ဘယ်လိုကြွပြီးတော့ ဘယ်သူနဲ့တွေ့ပြီး ဘယ်လိုဟောတယ်။ အင်္ဂါက ဘယ်နှချက်။ ဒီအင်္ဂါထဲမှာလည်းပဲ ဘာကို ဘယ်လိုဟောတယ် စသဖြင့် နေ့မှာလုပ်ထားတဲ့ စာတွေကို ညမှာ ပြန်ပြီးတော့ တသုဒ္ဓါန်နဲ့ အဲ့ဒီလို တွေးလိုက်လို့ရှိရင်၊ တပည့်တော်တို့ နေ့တစ်ခေါက် လုပ်တာကို ညတစ်ခေါက် ပြန်တွေးရင်၊ အဲဒါ သုံးခေါက်ကြည့်စာလောက် မကအောင် မှတ်မိတယ်ပေါ့။

အဲဒီတော့ စာပေမှတ်မိတာကလည်း ပိုပြီးတော့ ထူးခြားလာတယ်။ ကျန်းမာရေးရှုထောင့်က ကြည့်ရင်လည်းပဲ မျက်လုံးမှုန် သက်သာလာတယ်။ မျက်လုံးကို ညာတာရာ ရောက်သွားတယ်ပေါ့။ တပည့်တော်တို့ သက်မဲ့ပစ္စည်းတွေလည်း ဒီလိုပေါ့။ မညာမတာသုံးရင် မြန်မြန် ပျက်စီးတာပဲ။ သက်ရှိလည်း ဒီအတိုင်းပဲပေါ့။ မျက်လုံးမညာမတာ သုံးလို့ရှိရင် မျက်လုံးလည်း ပျက်စီးလွယ်တာပဲ။ အဲဒီတော့ ရှုထောင့်ပေါင်းစုံက ကောင်းတဲ့နည်းကို အရှင်ဘုရားတို့အနေနဲ့ လိုက်နာပေးဖို့ တပည့်တော် ပြောနေတာ။ စာချဘုန်းကြီးတွေကလည်းပဲ စာပြန်မပြန်၊ ရသင့်ရထိုက်တဲ့ သင်္ဂြိဟ်စတဲ့ ပါဠိလေးတွေ ရမရ၊ ကြောင့်ကြစိုက်ပေး။

အမှတ်ပြည့်ရုံနဲ့ မပြီး

အခု အငယ်တန်းတွေလည်းပဲ တစ်နေ့က တပည့်တော် ပြောလိုက်တော့ စာပြန်ချိန်လေးတွေ တိုးလာတာ တွေ့တယ်ပေါ့။ ဒါတွေဟာ ကောင်းတဲ့ လက္ခဏာပါ။ တကယ်မှန်မှန်ကန်ကန် လုပ်သွားတဲ့ ပုဂ္ဂိုလ်အတွက်ကျတော့ ဘယ်အချိန်ကနေ ဘယ်အချိန်ထိ ပြန်မယ်၊ ဘယ်အချိန်ကနေ ဘယ်အချိန်ထိ နားမယ်ဆိုပြီး သူ့ဟာသူ ကိုးနာရီခွဲထိ ပြန်တယ်၊ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် ခဏနားတယ်၊ စာဆက်ကြည့်တယ်။ တကယ် သူ့စိတ်ဓာတ်လေးနဲ့သူ လုပ်သွားပြီဆိုရင် ဒီလိုကျောင်းတိုက်မျိုးဟာ ပိုပြီးတော့ ကောင်းပါတယ်။ တပည့်တော်တို့ စာချဘုန်းကြီးတွေဟာ စာချရုံနဲ့လည်း မပြီးဘူး။ သူတို့တိုးတက်မှုအပေါ်မှာ အာရုံစိုက်ထားရမယ်။ စာအဖြေလွှာလေးတွေ ကြည့်ပြီးတော့ ဒီလို ဒီလို ဖြေရတယ်၊ ကော်မာကို ဒီလို ထားရတယ်၊ ပုဒ်ကလေး ပုဒ်မ ဒီလို ထားရတယ်၊ ဖြေတဲ့အခါမှာလည်းပဲ တစ်ကြောင်းခြားပြီးတော့ တစ်ပိုဒ်တစ်ပိုဒ်ပြီးရင် ဘယ်လို ဖြေရတယ် စသဖြင့် ဒါလေးတွေက စပြီးတော့ ကြောင့်ကြပေးပါ။ အဖြေလွှာ အမှတ်ပြည့်ရုံနဲ့ မဟုတ်သေးဘူးပေါ့။

www.dhammadownload.com

တပည့်တော်ဆိုရင် တစ်နေ့က တတိယ ဆင့်မှာ တွေ့တယ်။ အမှတ် ရှစ်ဆယ်လောက်နဲ့ နံပါတ်(၁) ရတဲ့ ကိုရင်ပေါ့။ ဒါပေမဲ့လို့ ဖြေပုံ အချိုးမကျဘူးဆိုရင် နံပါတ်တစ် အမှတ်ရှစ်ဆယ် ရလည်း တပည့်တော်အနေနဲ့ ဒဏ်ပေးရတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပြင်စေချင်တဲ့ စေတနာနဲ့ ပေးတာပဲ။ အဲဒါလေးတွေကို အရှင်ဘုရားတို့ စာချုပ်နှိုးကြီးတွေက အားလုံး အတုယူပေးပါ။ အမှတ်ပြည့်နေရုံနဲ့ အောင်နေရုံနဲ့ တာဝန်ကျေတယ် ဆိုတာကတော့ လုံးဝမကောင်းဘူး။ တကယ် စနစ်ကျတဲ့တပည့် ဖြစ်စေချင်လို့ရှိရင် ကိုယ်က လည်းပဲ စနစ်ကျအောင် အနစ်နာခံပါ။

ကံကောင်းတယ်တဲ့

ဒါနဲ့စပ်ပြီးတော့ တပည့်တော်တို့ ပြောချင်သေးတယ်။ တပည့်တော်ရဲ့သီတင်းသုံးဖော်တွေ ရှိတယ်ပေါ့။ အသီးအသီး စာသင်တိုက်တွေလည်း ထောင်၊ တချို့လည်းပဲ မထောင်ဘူးပေါ့။ တချို့ တပည့်တော်အပေါ်မှာ သူတို့ ထင်တာက သိပ် အေးဆေးတယ်။ ကြောင့်ကြမဲ့ သိပ်ပြီးတော့ နေတယ်။ ဒီလိုပဲ တချို့ ထင်ကြတာပေါ့။ သူတို့ ထင်သလို အေးအေးဆေးဆေးလေးနဲ့ နေပြီးတော့ တအားကြီး တိုးတက်နေတယ်လို့ ဒီလို ဝိုင်းပြီးတော့ တချို့ ပြောကြတယ်ပေါ့။ သူတို့ကတော့ ကံကောင်းတယ် ယူဆတယ်ပေါ့။ ကံကောင်းပြီးတော့ တိုးတက်တယ်ပေါ့။ တပည့်တော်ကတော့ အဲဒီလို မယူဆပါဘူး။ အားလုံး ဘယ် အဆင့် ဘာရှိတယ်၊ ဒီအဆင့်က သံဃာတွေဟာ ဘယ်လိုကျက်တယ်၊ စာပြန်တဲ့အခါ ဘယ်လို ပြန်တယ်၊ အမှတ်က ဘယ်လောက်ရတယ် စသဖြင့် တပည့်တော်အနေနဲ့ ထိုက်သလောက် လေ့လာတယ်။ လေ့လာပြီးတော့ သိအောင် လည်းပဲ လုပ်ပေးနေတယ်။ ဒီကြားထဲကနေ စာ တကယ်မလုပ်တဲ့ပုဂ္ဂိုလ်တွေ ရှိလာရင် လုပ် အောင် ခေါ်ပြီးတော့ ကြိုးစားဖို့ နည်းနည်း သင်ပေးတယ်ပေါ့။ လုံးဝ မရပါဘူးဆိုရင်တော့ ဒါ တပည့်တော်တို့အနေနဲ့ သူ့ဆရာသမား စသည်ထံ ပြန်အပ်ရတယ်။

ကိုယ်အဆောင်ထဲကိုယ် နေပေမဲ့လို့ ဒါတွေ အားလုံး တပည့်တော် မေးနေတယ်ပေါ့။ မေးနေ တယ်ဆိုတာကလည်း ယုံကြည်တဲ့ပုဂ္ဂိုလ်တွေကို မေးတယ်။ သိပ်မယုံကြည်ရင်တော့ ဆက်ပြီး မမေးဘဲနဲ့ အခြားတစ်ပါးပဲ မေးတယ်။ မေးတဲ့ အခါလည်းပဲ မှန်မှန်ကန်ကန်ဖြေဖို့ တိုက်တွန်း တယ်။ ဘာကြောင့်လဲ။ တပည့်တော်က မေး လိုက်တယ်။ မေးပြီး ဘာမှ မဆင်မခြင်ဘဲနဲ့ ဖြေသူ လျှောက်တဲ့အတိုင်း အရေးယူတယ်ဆိုရင် ဘယ်ကောင်းမလဲ။ ဒီလိုမှ မဟုတ်ဘဲနဲ့ လျှောက် လိုက်တဲ့စကားကို အရေးမယူဘဲနဲ့ မှန် မမှန် စုံစမ်းတယ်။ ကာယကံရှင်ကိုယ်တိုင်ကိုက ဝန်ခံ မှ တပည့်တော်အနေနဲ့ အပြစ်အလျောက် အရေး ယူတယ်။ ဒီလိုလုပ်လိုက်တဲ့အတွက် ဘာဖြစ်လဲ ဆိုတော့ ကြောင့်ကြစိတ်ကလေးကတော့ ထားနေ ရတာပဲ။ ဘယ်သူ ဘာလုပ်တယ်၊ ဘယ်သူ ဘယ်လိုရှိတယ်၊ ဘယ်မှာ ဘယ်လိုလုပ်တာ ဘယ်သူ စသည်ဖြင့် ဒါလေးတွေ သိနေတဲ့အခါမှာ ခိုင်းတဲ့အခါမှာလည်းပဲ သင့်တော်သူကို ခိုင်း နိုင်တယ်ပေါ့။

ဥပမာ- စာချဖို့ လူရွေးတယ် ဆိုပါစို့။ တကယ်ချချင်တဲ့စေတနာနဲ့ ကိုယ်ချတဲ့စာဝါကို အားလုံးကလည်း သဘောကျအောင်၊ တစ်ခါ တည်းချတာနဲ့ ပြီးသွားအောင် ကြိုတင်ပြီးတော့ အပင်ပန်းခံပြီးတော့ ကြည့်မယ့်ပုဂ္ဂိုလ် ဟုတ် မဟုတ် တန်းသိတယ်ပေါ့။ ချခါနီးမှ ဒီအတိုင်းပဲ

www.dhammadownload.com

ဝုန်းဝုန်းနဲ့ ဟိုပြောဒီပြော ဒါမျိုးတွေလည်း မဖြစ်အောင်ပေါ့။ ဒါလေးတွေက အားလုံး အစစအရာရာ သတိထားရပါတယ်။ စေတနာ သိပ်ပြီးတော့ လိုအပ်တယ်ပေါ့။ တစ်ချိန်မှာ တပည့်တော်တို့ စာချဉ်းကြီးဘက်ကလည်း ဩဇာအာဏာသက်ရောက်မှု၊ သံဃာထုရဲ့ လေးစားမှုဆိုတာ ဒီ စေတနာတွေကနေပြီးတော့ ပြန်ပြီးတော့ တန်ပြန်ဟပ်လာတယ်ပေါ့။ ကဲ- အားလုံး အဲဒါလေးတွေကို ဂရုစိုက်ပေးပါ။ ခု သီတင်းကျွတ်ဖို့ရာ တစ်လကျန်သေးတယ်ပေါ့။ ဆရာသမားတွေ ပြောတဲ့ ချို့ယွင်းချက်လေးတွေကို အရှင်ဘုရားတို့ဘက်ကလည်း ပြင်ပေးပါ။

ပေါ့ကတ်စာအုပ်လေးတွေ

နောက် ... တပည့်တော် အရင်အပတ်က ပြောနေတဲ့ဟာတွေကို ဒီနေ့ ပြီးအောင် ဆက်ပြီးတော့ ပြောပေးမယ်။ သာသနာကွယ်ကြောင်း တရားလေးပါး ...။ အဂုံတွင်ရှိ စတုက္ကနိပါတ်မှာဆိုရင် ဒီတစ်နေရာကို ကောင်းကောင်းဟောထားတယ်ပေါ့။ တပည့်တော်လည်း သဘောကျလို့ ဒါလေးကို တစ်ခါတစ်ရံ တရားမဟောဘဲနဲ့ ဒီဟာပဲ အနုမောဒနာအနေနဲ့ လူတွေကို ဟောလိုက်တာလည်း ရှိတယ်ပေါ့။ အဲဒီတော့ နံပါတ် (၁)နဲ့(၂)ကို တပည့်တော်တို့ တစ်နေ့က ပြောခဲ့ပြီ။

'ဒုဂ္ဂဟိတံ သုတ္တန်ဆံ ပရိယာပုဏန္တိ' တဲ့။ စာပေကျမ်းဂန် ပို့ချတဲ့အခါ ပို့ချတဲ့ပုဂ္ဂိုလ်ကပြီးစလွယ်ပဲ၊ ကြိုတင်ပြီးတော့ ပြင်ဆင်မှု မရှိဘူး၊ ပါးစပ်ထဲ တွေ့ရာ ပြောလိုက်တယ်ပေါ့။ စာသင်သားတွေကလည်း ဒီလိုပဲ။ ဆရာသမားပေးတဲ့ မှတ်စုလေးနဲ့ ကျေနပ်ပြီးတော့ ဒီလိုပဲ ဖြစ်သွားတယ်ပေါ့။ ဒါတွေဟာ သာသနာ ကွယ်ကြောင်းတစ်ပါးပါပဲတဲ့။ ခုခေတ်မှာလည်း တပည့်တော်တို့ ဆယ်တန်းတွေဆိုရင် ပေါ့ကတ်ဆိုတာလေးတွေ ရှိတယ်။ အိတ်ဆောင်ပေါ့။ အဲဒီအိတ်ဆောင်လေးတွေကို လူတွေ သုံးနေသလိုပဲ သံဃာလောကမှာလည်း ဒီ အိတ်ဆောင်နိဿယလေးတွေ၊ အဓိပ္ပာယ်လေးတွေနဲ့ ဒါလေးတွေ ဖြစ်လာတာဟာ ကောင်းတဲ့လက္ခဏာမဟုတ်ဘူး။ နောက်ပြီးတော့ နိဿယတေး ...။ နိဿယတေး ဆရာတော်တွေကိုတော့ တပည့်တော် စော်ကားလိုတဲ့ စေတနာ မရှိပါဘူး။ ဒါပေမဲ့လို့ ဒီကျောင်းမှာတော့ နိဿယတေးစာအုပ်လေးတွေ မကိုင်ပါနဲ့ဆိုပြီး စာချတန်းရောက်လာရင် တပည့်တော် တင်းတင်းကြပ်ကြပ်ကို သတိပေးပါတယ်။

နိဿယတေး တဲ့

သူတို့ကတော့ ရေးထားတယ်ပေါ့ဘုရား။ အားလုံး သောတုဇနတွေ တေးရတဲ့ဒုက္ခကနေပြီးတော့ လွတ်ကင်းအောင်၊ မြန်မြန်ကျမ်းပြီးအောင် ဆိုပြီးတော့ ပြောထားတယ်။ အမှန်တကယ်ကတော့ ကတ္တား၊ ကံ၊ ဘယ်ကနေ ဘယ်စပ်လို့ ဘာမှန်းမသိဘဲနဲ့ ဒီတေးပြီးသား ကိုင်လုပ်နေလို့ကတော့ တပည့်တော်တို့ သာသနာကွယ်ကြောင်းဟောဒီ ပထမအင်္ဂါထဲမှာ ပါလိမ့်မယ်လို့ တပည့်တော် ယူဆတယ်ပေါ့။ ဒါကြောင့်မို့ ဒီကျောင်းမှာ မှတ်စုမှတ်ရာတွေကို သိပ်အားမကိုးဘဲနဲ့ မူရင်းကို အားကိုး၊ မူရင်းကို ကြည့်ပြီး နားမလည်မှ မှတ်စုမှတ်ရာကို အရန်အဖြစ်နဲ့ လုပ်ပါ။ ခုလည်း တပည့်တော် ပုစ္ဆာထုတ်လို့ရှိရင် သတိထားတယ်။ အဂုံတွင်ရှိက စပြီးတော့ပေါ့။ နိဿယဆရာတော်က နိဿယရေးထားတယ်။ အဲဒါကိုပဲ နားလည်အောင်၊ ဖတ်ချင်စိတ်ပေါက်အောင်၊ နိဿယကို မကျော်ဘဲနဲ့ လက်သည်း

www.dhammadownload.com

ကွင်းက ဘယ်လို၊ မှတ်ချက်က ဘယ်လို စသည်ဖြင့် ဒါလေးတွေဖတ်ချင်အောင် အဲဒါလေးတွေ တပည့်တော် ပုစ္ဆာထုတ် မေးပေးတယ်ပေါ့။ တပည့်တော်စေတနာကတော့ ကိုယ်ပိုင် စာကြည့်နိုင်တဲ့ စွမ်းရည်ကို ရစေချင်တာပဲ။

ဒါကြောင့် မို့ သာသနာကွယ်ကြောင်း တရားမှာ နံပါတ်(၁)အနေနဲ့က သိပ်ပြီးတော့ ကျယ်ပြန့်တယ်။ ခုခေတ်မှာ မှတ်စုမှတ်ရာတွေ၊ ပေါ့ကတ်တွေနဲ့ လုပ်ပြီးတော့ ကျမ်းရင်းကို မကိုင်ဘူးဘဲနဲ့ အမှတ်တွေရပြီးတော့ အောင်သွားတယ်။ အောင်တာတောင် ထိပ်တန်းကနေ တချို့ အောင်သွားတယ်ဆိုရင် ဒါတွေဟာ ရှက်စရာကောင်းပါတယ်။ သာသနာကွယ်ကြောင်းလည်း ဖြစ်တယ်။ ဒါတွေကို ဒီမှာ တပည့်တော်တို့ အထူးဂရုစိုက် ထိန်းသိမ်းတယ်ပေါ့။ အထူးသဖြင့် စာချဘုန်းကြီးတွေကလည်း ဒီကျမ်းစာကို ကိုင်တယ်ဆိုရင် ဒီကျမ်းစာကို ကိုင်ပြီးတော့ ဘယ်လို ဘယ်လို လုပ်ရတယ်ဆိုပြီး ကြည့်တဲ့နည်းကို သိအောင် လုပ်ပေးပါ။ ဒီလိုမှ မဟုတ်ဘဲနဲ့ ကိုယ်ကနေ ကြည့်ပြီးတော့ ပြော၊ သူတို့ကတော့ မှတ်စုမှတ်ရာလေးကူး၊ အလွယ်တကူရတယ်ဆိုတဲ့နည်းဟာ မကောင်းပါဘူး။ တချို့ကျမ်းတွေကတော့ ထားတော့ပေါ့ဘုရား။ တကယ်ချသင့်ချထိုက်တာတွေကတော့ ကျမ်းရင်းနဲ့ပဲ သွားတာကောင်းတယ်။ သူတို့လည်းပဲ ကျမ်းရင်းကိုင်၊ ကိုယ်လည်းပဲ ကျမ်းရင်းကိုင်ပြီးတော့ လုပ်ပေါ့။

အပြန်အလှန်ဆုံးမ

နောက် နံပါတ်(၂)က ဒီသာသနာတော်မှာ ဆရာသမားတွေရော တပည့်တွေရောပေါ့၊ ဒုဗ္ဗစပုဂ္ဂိုလ်တွေ များလာလို့ရှိရင် သာသနာကွယ်မယ်တဲ့။ ဒီဒုဗ္ဗစကိစ္စကလည်း သိပ်ပြီးတော့ အရေးကြီးတယ်။ သံဃာဒိသေသ်သိက္ခာပုဒ် ပညတ်တဲ့နေရာမှာလည်း ဒုဗ္ဗစ သိက္ခာပုဒ်ဆိုပြီး တစ်ခုပါတယ်။ သာသနာကြီးပွားဖို့ နေရာမှာလည်း 'အညမညဝစနေန၊ အညမညဝုဋ္ဌာပနေန' အချင်းချင်းပြောပါ ဆိုတဲ့စကားမှာ၊ အချင်းချင်း ဆုံးမပါဆိုတဲ့ စကားမှာ ဆရာကနေ တပည့်ကိုလည်း ဆုံးမရမယ်။ တစ်ခါ အချင်းချင်း သူငယ်ချင်းချင်း သီတင်းသုံးဖော်အချင်းချင်းလည်း ဆုံးမရမယ်။ တစ်ခါ တပည့်ကနေပြီးတော့ ဆရာသမားကို ပြန်ပြီးတော့ ဆွေးနွေးတဲ့အနေနဲ့ ဒါမျိုးတွေကလည်း ပြောရမှာပဲ။ ဒီလိုပြောဆိုခွင့်ရှိမှ တပည့်တော်တို့ သာသနာဟာ ကြီးပွားမယ်၊ တိုးတက်မယ်။

ဒီလိုမဟုတ်ဘဲနဲ့ ဆရာသမားကလည်း ပြောရမှာ ကြောက်လာတယ်၊ တပည့်ကလည်း ကိုယ့်ကို ဆုံးမလိုက်လို့ရှိရင် မျက်ထောင့်နီကြီးတွေနဲ့ ဝုန်းဒိုင်းကြဲတယ်ဆိုရင် သာသနာ မြန်မြန် ကွယ်မယ်။ အဲဒါလေးကို အရှင်ဘုရားတို့ လေးလေးနက်နက်ထားပါ။ ဆရာသမားကို ပြန်ပြီးတော့ မပြောတောင်မှ ခပ်တည်တည်နဲ့ နေတယ်၊ စကားမပြောချင်သလိုလို နေတယ်၊ မရိုမသေ အမူအရာ ဖြစ်နေတယ်ဆိုရင်ကို မကောင်းပါဘူး။ အမှန်ကတော့ ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်အပေါ်မှာ ကိုယ်ကနေပြီးတော့ ညွှတ်ကိုင်းလို့ရှိရင် ကောင်းတာပဲ။ အားလုံး နူးနူးညံ့ညံ့နဲ့ ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်တွေ မှန်သမျှ ငါ ဘယ်တော့မှ မစော်ကားဘူးဆိုတဲ့ စိတ်နဲ့ သွားပါ။ စော်ကားတယ်ဆိုတဲ့ နေရာမှာ တပည့်တော်တို့ တစ်ခါတစ်ရံ မေးလို့ရှိရင် မဖြေတာကလည်းပဲ စော်ကားခြင်းတစ်မျိုးပဲ။ ဒါကြောင့် မရရင် မရပါအရှင်ဘုရား၊ ရရင် ရပါတယ်အရှင်ဘုရား ဖြေရတယ်။ ဒီလိုမှ မဟုတ်ဘဲနဲ့ မေးနေတာ နှစ်ခွန်းသုံးခွန်းမေးမှ

www.dhammadownload.com

တစ်ခွန်း မဖြေဘူးဆိုရင် ဒါကလည်း ညှဉ်းဆဲခြင်းတစ်မျိုးပဲ။ တပည့်တော်တို့ 'အညဝါဒကေ ဝိဟေသကေ' ဆိုပြီး သိက္ခာပုဒ်မှာရှိပြီးသားပဲ။

လူမှုရေးများလာရင်

ဒုဗ္ဘစ ဖြစ်လာတယ်၊ ပြောဆိုရ ခက်လာတယ်၊ ဒါဆိုရင် သာသနာကွယ်မယ်။ သူ့ဟာသူ စာမိုးထိအောင် တတ်နေနေ မလိမ့်တပတ်တွေ လုပ်တယ်။ ဆရာသမားတွေ ဆိုလို့ရှိရင်လည်း ဝိနည်းတွေ ဘာတွေ မလေးမစားလုပ်တယ်။ ဒါဆိုရင် ဒုဗ္ဘစ ဖြစ်တာပဲ။ မြတ်စွာဘုရားက ဒီလိုနေစေချင်တယ်ဆိုရင် စွမ်းအားရှိသမျှ နေပေးရတာပဲ။ တစ်ခါတစ်ရံမှာ စိတ်ဓာတ်က သိပ်ပြီးတော့ အရေးကြီးတာပဲ။ တပည့်တော်တို့က သာသနာရေးအတွက် လုပ်နေရတဲ့အခါမှာ စာသင်တိုက်ဆိုတော့ သတိထားရတယ်။ ပရဟိတတွေ လုပ်တဲ့အခါမှာ လူမှုရေးတွေလည်းပဲ ပါလာတဲ့အခါမှာ တတ်နိုင်သမျှ နည်းနိုင်သမျှ နည်းအောင် လုပ်ရတာပေါ့။ မြတ်စွာဘုရားကတော့ နည်းလေး တိုးတက်လေတဲ့။

ဒါကိုပဲ တချို့က ဧည့်သည်တွေ ဘာတွေ တရုန်းရုန်းနဲ့ ဘုရားဖူးသွားပို့ချင်တာတွေ ဘာတွေ များလာမယ်။ ဆောက်ပြီးတော့ ဧည့်သည်တွေကို ထိုင်ပြီးတော့ ဧည့်ခံတာတွေ ဘာတွေက အချိန်ပေးလာရမယ်။ ဟိုက လာတာမဟုတ်ဘဲနဲ့ ကိုယ်ကနေ သွားပြီးတော့ လုပ်တာမျိုးပေါ့။ ဘုရားဖူးပို့ချင်တဲ့ကိစ္စမျိုးတွေ ဒီမှာလည်းပဲ ရှိခဲ့ဖူးတယ်ပေါ့။ ဒါမျိုးတွေဆိုလို့ရှိရင်လည်း ဘုရားကြိုက်မဟုတ်ဘူး။ ဘုရားကြိုက်မဟုတ်တာကြီးတွေကို ကိုယ်က လုပ်မိပြီဆိုရင်လည်းပဲ ဒုဗ္ဘစ စာရင်းထဲမှာ မသိမသာ ပါသွားတတ်တယ်။ အဲဒီတော့ ကိုယ့်ဆီလာတောင်မှ ကိုယ်ကနေပြီး တော့ သူ့အကျိုးကို ငါဘယ်လိုလုပ်ပေးရမလဲဆိုတဲ့ စိတ်ဓာတ်နဲ့ ဆက်ဆံတာပဲ ကောင်းပါတယ်။ ဒီလိုမှမဟုတ်ဘဲနဲ့ ဘာမှ အရည်မရ အဖတ်မရနဲ့ ဘုရားဖူးပို့တာ ဘာညာ မကောင်းပါဘူး။ တကယ် ဒုက္ခရောက်လို့ ကူညီတာမျိုးတွေကတော့ ကောင်းပါတယ်။ သူတော်ကောင်းရဲ့ လက္ခဏာပါပဲ။

ဒီလိုမှမဟုတ်ဘဲနဲ့ လူမှုရေးသဘောအရ၊ ခင်မင်တဲ့သဘောအရ ဘာမှမဟုတ်ဘဲနဲ့ ဟိုလိုက် ဒီလိုက် ဆိုတာမျိုးတွေကတော့ မလုပ်တာကောင်းတယ်။ ဒါတွေကလည်း တဖြည်းဖြည်းနဲ့ ဒုဗ္ဘစထဲ ဆက်နွယ်တဲ့အကြောင်း တပည့်တော် ပြန်ပြောပြတာ။ ဒုဗ္ဘစဆိုတာ တပည့်တော်တို့ ဆရာသမားတွေနဲ့လည်း ဆိုင်တယ်။ လူကြီးဖြစ်လာလို့ မြတ်စွာဘုရားအလိုနဲ့ ဆန့်ကျင်လာပြီဆိုရင် ဒုဗ္ဘစဖြစ်တာပဲ၊ ဘုရားစကား နားမထောင်တာပဲ။ ရမ်းရမ်းကားကား ပြန်ပြီးတော့ ပြောမှ၊ ဆဲမှ ဒုဗ္ဘစရယ်လို့ မဟုတ်ပါဘူး။ ဒါ သိမ်သိမ်မွေ့မွေ့လေးတွေနဲ့ ပါသွားတာ အများကြီးရှိတဲ့အကြောင်း သိစေချင်တာပါ။

သာသနာကွယ်တဲ့တစ်နေ့

နောက် တတိယအချက်က ဘာလဲဆိုတော့ 'ပုန စပရံ ဘိက္ခဝေ ယေတေ ဘိက္ခူ။ ဗဟုသုတာ အာဂတာဂမာ ဓမ္မဓရာ ဝိနယဓရာ မာတိကဓရာ ...'။ ခြုံလိုက်လို့ရှိရင် တပည့်တော်တို့ စာပေတွေ သင်ယူတဲ့အတွက် တတ်လာကြတယ်။ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ သဒ္ဒါ၊ သင်္ဂြိဟ်၊ တော်တော်များများ ကျွမ်းကျွမ်းကျင်ကျင် တတ်လာကြတာ။ ဒါပေမဲ့လို့ 'တေန သက္ကစ္စံ သုတ္တန္တံ ပရံ ဝါစေန္တိ'တဲ့။ အဲဒီကျမ်းတတ်ပုဂ္ဂိုလ်တွေက သူတစ်ပါး အထူးသဖြင့်

www.dhammadownload.com

မျိုးဆက်သစ်တွေပေါ့။ မျိုးဆက်သစ်တွေအပေါ်မှာ သုတ္တန္တလို့ခေါ်တဲ့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကို လေးလေးစားစား မပို့ချတော့ဘူး။ ဒါဆို သာသနာတော်ကွယ်မယ်တဲ့။ ဒါဟာလည်းပဲ တပည့်တော်တို့ ဆရာတွေဘက် ရောက်သွားတယ်။ ကိုယ် စာဝါတစ်ခု တာဝန်ယူပြီဆိုလို့ရှိရင် ကိုယ်က တာဝန်ခံနိုင်ရတယ်ပေါ့။ ဒီစာဝါကို တာဝန်ယူတယ်ဆိုရင် ဒီစာဝါနဲ့ပတ်သက်လို့ ကိုယ့်မှာ တာဝန်ရှိတယ်။ ကိုယ်က အချိန် ဆယ့်ငါးမိနစ် စသည် ပေးတန်ပေးပြီးတော့ ကြိုတင်ပြီးတော့ ကြည့်ရပါတယ်။ ဒါမှမဟုတ် တစ်နာရီကြည့်မှ အခြေအနေကောင်းမယ်ဆို တစ်နာရီကြိုပြီးတော့ ကြည့်ရတယ်။

ဒီလိုကြည့်ရမှာကို အချိန်ကုန်တယ်ကွာ၊ ငါ့အတွက် ဘာလုပ်ချင်သေးတယ်၊ ပျင်းတယ် စသဖြင့် စာကောင်းကောင်းမကြည့်ဘဲနဲ့ စာချလို့ကတော့ ဒီစာရင်းထဲမှာ ဝင်ပြီးတော့ သက္ကစ္စ(လေးစားမှု)သဘော မပါတော့ဘူး။ သက္ကစ္စသဘော မပါဘဲနဲ့ စာချနေလို့ရှိရင်လည်း သာသနာကွယ်နိုင်တယ်။ သိပ်ပြီးတော့ အဓိပ္ပာယ်တွေက ကျယ်ဝန်းပါတယ်။ ပထမ ဒုဂ္ဂဟိတဆိုတဲ့ ပုဒ်နဲ့ မကောင်းသဖြင့် သင်ယူ၊ မကောင်းသဖြင့် ပို့ချတွေနဲ့ ပြန်ပြီးတော့ ဆက်နွယ်သွားမယ်။ ဒါကြောင့်မို့ ဒီစာချတဲ့အလုပ်ကို တပည့်တော် ကိုယ်တိုင်လည်း စွမ်းအားရှိသမျှ ချသွားဦးမှာပဲ။ တပည့်တော် တရားပွဲတွေ ဘာတွေ ပင့်တာတွေ ခုနောက်ပိုင်းတော့ များပါတယ်။ ဒီ တရားပွဲတွေလိုက်လို့ရှိရင် ကိုယ့်အတွက်၊ ကျောင်းတိုက်အတွက် ပိုပြီးတော့ ရလာမယ်လို့လည်း သိတယ်။ ဒါပေမဲ့လို့ တပည့်တော် ဒါတွေကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါတယ်။ ဒါ တပည့်တော်နဲ့နီးစပ်တဲ့ သံဃာတွေကတော့ ထိုက်သလောက် သိမှာပါ။

ဘာလို့ ရှောင်ကြဉ်တာလဲ၊ ကိုယ့်ကျောင်းမှာ သိပ်ပေါနေလို့လားဆိုတော့ ဒီလိုလည်း မဟုတ်ဘူးပေါ့။ ကိုယ့်ကျောင်းမှာ ဘာမှ မပေါဘူး။ မပေါပေမဲ့လို့ တပည့်တော်တို့ ဒီ စာချတဲ့အလုပ်ဟာ သိပ်ပြီးတော့ အရေးကြီးတယ်။ စာချတဲ့ပုဂ္ဂိုလ်တစ်ပါး ကွယ်သွားလို့ရှိရင် သိပ်ပြီးတော့ သာသနာမှာ နစ်နာတယ်။ မျိုးဆက်သစ်တွေ ပျောက်ပြီးတော့ စာကောင်းကောင်း မချနိုင်တာမျိုး ဖြစ်တယ်။ စာချဘုန်းကြီး ရှားတဲ့နေရာမှာလည်း အရည်အချင်း မရှိလို့ ရှားတာက တစ်မျိုးပေါ့။ တစ်ခါတစ်ရံကျတော့ အရည်အချင်းတော့ရှိတယ်။ ဒါပေမဲ့လို့ ကိုယ့်အတွက် ပင်ပန်းတယ်ဆိုပြီးတော့ ချချင်စိတ် မရှိလို့ကို ရှားတာက တစ်မျိုးပေါ့။ ဘယ်နေရာ နေလို့ရှိရင် ငါ့အတွက် ဘာဖြစ်မယ်၊ စာချနေရတာ အနှစ်နှစ်ဆယ် ရှိပြီ ငါ့အတွက် ဘာမှ လာဘသက္ကာရလည်းပဲ မရှိဘူး၊ ဆွမ်းတောင်မှ ကောင်းကောင်း မစားရဘူး စတဲ့ စိတ်ညစ်စိတ်ညှဉ်တွေ ပေါ်လာလို့ရှိရင်လည်း စာချချင်စိတ် မရှိဘူး။ အဲဒီ စာမချတဲ့ တစ်နေ့သည် သာသနာကွယ်တဲ့နေ့ပဲ။

သက္ကစ္စသဘော

ဒါကြောင့်မို့ တပည့်တော် ဒီကျောင်းမှာ သံဃာတွေကို မှာချင်ပါတယ်။ စာချတဲ့နေရာမှာ ကိုယ်ကျန်းမာရေးလည်းပဲ ကောင်းမယ်။ နောက်ပြီးတော့ ကျန်းမာရေးကောင်းသလို ပညာရေးလည်းပဲ စွမ်းမယ်ဆိုရင် စွမ်းအားရှိသမျှ ချစေချင်တယ်ပေါ့။ တရားဟောတာတွေ ဘာတွေကလည်းပဲ ထိုက်သလောက် သူ့ဟာလေးနဲ့သူ ဒကာ၊ ဒကာမတွေကိုတော့ နားလည်အောင် လုပ်ရမှာပေါ့။ တောင်မြို့ဆရာတော်ကြီးကလည်း

www.dhammadownload.com

စာတတ်ပုဂ္ဂိုလ်တွေအနေနဲ့ ဒကာ ဒကာမတွေကို နားလည်အောင် ဟောစေချင်ခဲ့တယ်။ ဒါပေမဲ့လို့ စာချတဲ့အလုပ်ကိုတော့ သက္ကစ္စသဘော ထားရမယ်။

ဒါကြောင့်မို့ ဒီမှာ တပည့်တော် ပြောထားတယ်။ အဖိတ်နေ့တွေ ဥပုသ်နေ့တွေ ဆိုလို့ရှိရင် သွားပါ။ ကျန်တဲ့နေ့တွေမှာဆိုရင် စာဝါဖျက်ပြီးတော့ မသွားပါနဲ့။ သွားတဲ့အခါလည်း ဘုရားဝတ်တက်မိအောင် လာပါ။ ဒါတွေဟာ တပည့်တော် လေးစားမှုရှိအောင် လုပ်နေတာပေါ့ဘုရား။ စာချတဲ့ပုဂ္ဂိုလ်တွေ နည်းလာလို့ရှိရင် သာသနာတဖြည်းဖြည်း အားနည်းလာတယ်။ အရေကျောင်းတိုက်တွေ လိုက်ကြည့်ပေါ့။ စာချဘုန်းကြီး ပိုနေတယ်ဆိုတဲ့ကျောင်းဟာ တော်တော် ရှားပါလိမ့်မယ်။ မစိုးရိမ်တိုက်လောက်ပဲ ရှိမှာပါ။ များသောအားဖြင့် စာချဘုန်းကြီးရှားနေတယ်။ တပည့်တော်တို့ ရွာတွေမှာဆိုလို့ရှိရင် စာမချနိုင်တဲ့ပုဂ္ဂိုလ်တွေ များနေတယ်။ ကြီးမှဝတ်ပြီးတော့ ပရိယတ်လည်း မဟုတ်၊ ပဋိပတ်လည်း မဟုတ်၊ ဒီလို ဘာသိဘာသာ နေနေကြတာ။ ဒါတောင်မှ ရပ်ရွာထဲ မလည်ဘဲနဲ့ လူမှုကိစ္စ၊ အမျိုးသမီးကိစ္စ မရှုပ်ဘဲနဲ့ နေတဲ့ပုဂ္ဂိုလ်ဆိုရင် ကြည်ညိုနေရတာ။

စာချကောင်းဆိုတာ

လူတွေဟာ သိပ်ပြီးတော့ သနားစရာကောင်းပါတယ်။ ပစ္စည်းလည်းပဲ လှူရသေးတယ်၊ အနေအထိုင်ကောင်းတဲ့ ပုဂ္ဂိုလ်ကိုလည်း ကိုးကွယ်ခွင့် မရဘူး။ တပည့်တော်တို့က စာချဘုန်းကြီး လုပ်ပြီးတော့ အသိဉာဏ်ပေးပြီးတော့ လူတွေ အားကိုးစရာပုဂ္ဂိုလ်မျိုးတွေ များများမွေးထုတ်နိုင်ရင် သာသနာတော်ကို ပူဇော်ရာရောက်တယ်ပေါ့။ ဒါကြောင့်မို့ ဒီ စာချအလုပ်ကို မျက်ခြည်မပြတ်ပါစေနဲ့။ အင်မတန် အကျိုးများပါတယ်။ တပည့်တော်တို့ စာချဘုန်းကြီးတွေက လည်းပဲ သက္ကစ္စသဘောရောက်အောင် မချခင်လည်း ကြိုပြီးတော့ ပြင်ဆင်ပေးပါ။ ချတဲ့အခါမှာလည်း တကယ်နားလည်အောင် ပို့ချပေးပါ။ တချို့က စာချတဲ့အခါ အာဝဇ္ဇန်းကောင်းအောင် ဆိုပြီးတော့ ဟာသတွေ ဘာတွေ ဟိုပြောဒီပြော မဟုတ်တာတွေပြော လုပ်တတ်တယ်။ တကယ်ကတော့ အဲဒါ မဟုတ်ပါဘူး။ မဟုတ်တာပြော ဟာသပြောလည်း ရယ်ရရုံပဲ ရှိမယ်။ စာချကောင်းတဲ့ စာရင်းကတော့ မဝင်နိုင်ပါဘူး။ အဲဒါလေးတွေ လွဲမှားတတ်တယ်ပေါ့။

စာချကောင်းတဲ့ပုဂ္ဂိုလ်ဆိုတာ စာပေနဲ့စပ်ပြီးတော့ စိတ်ဝင်စားအောင် ချနိုင်ရတယ်။ တကယ်နားလည်အောင် ချနိုင်ရင် စာချကောင်းတယ်။ စာချဘုန်းကြီးဖြစ်ခါစဆိုရင် ဘာလေးတွေ သွားတွေ့မိလဲဆိုတော့ တချို့က ဟာသလေးတွေပြော။ တစ်ခါတစ်ရံကျတော့လည်း ဂါမဏိသသင့်စရာ စကားလုံးလေးတွေ လျှောက်ပြီးတော့ ပြောမှ အောက်ကနေ တဟားဟားနဲ့။ ဒါကို စာချကောင်းတယ်လို့ ထင်တတ်တယ်။ ဒါမျိုးကို တပည့်တော်တို့ လက်မခံပါဘူး။ လုံးဝ မလုပ်ပါနဲ့။ ဒီနည်းဟာ ဟုတ်ကို မဟုတ်ဘူးဆိုတာ အရှင်ဘုရားတို့ စိတ်ထဲ စွဲစေချင်တယ်ပေါ့။ ပြောချင်တာက ဒီစာချအလုပ်ကို မလုပ်လို့ရှိရင်လည်း သာသနာကွယ်မယ်။ စာချဘုန်းကြီးက တကယ်ရှားလာတယ်။ ဒို့ပြင် အလုပ်တွေလုပ်ပြီးတော့ သက္ကစ္စသဘောနဲ့ လေးလေးစားစား စာမချဘူးဆိုရင် သာသနာကွယ်မယ်ဆိုတာ မှတ်ထားပါ။

www.dhammadownload.com

လာဘ်များအောင်ကြံ

သာသနာကွယ်ကြောင်းထဲမှာ နံပါတ်(၄) နောက်ဆုံးအချက်က ဘာလဲဆိုတော့ 'ပုန စ ပရံ ဘိက္ခဝေ ထေရာ ဘိက္ခူ ဗာဟုလိကာ ဟောန္တိ သာထလိကာ သြက္ကမနေ ပုဗ္ဗင်္ဂမာ ပဝိဝေကေ နိက္ခိတ္တဓုရာ ...'တဲ့။ ဒီ စတုတ္ထ အချက် သာသနာကွယ်ကြောင်းက ဘာလဲဆိုတော့ မထေရ်တွေ ဖြစ်လာပြီ၊ ကျောင်းဘုန်းကြီးတွေ ဖြစ်လာပြီဆိုလို့ရှိရင် 'ဗာဟုလိကာ'တဲ့။ ပစ္စည်းလေးပါး ပေါများဖို့ ကြိုးစားတယ်တဲ့။ တစ်ခါ 'သာထလိကာ' သိက္ခာသုံးပါး ဖြည့်ဖို့ ကျတော့ လျော့တိလျော့ရဲဖြစ်တယ်တဲ့။ စာသင်တိုက်ထောင်လို့ရှိရင်လည်းပဲ နာမည်ကြီးလာပြီးတော့ ကျောင်းကြီးတွေ တစ်ဆောင်ကနေ နှစ်ဆောင်၊ နှစ်ဆောင်ကနေ သုံးဆောင်။ ဆွမ်းကပ်တွေ တစ်ရက်ကနေ နှစ်ရက်၊ နှစ်ရက်ကနေ သုံးရက်။ ဒီလိုရှိအောင် လိုက်ပြီးတော့ သိုင်းဝိုင်းပြီးတော့၊ ဒကာ ဒကာမတွေကလည်းပဲ သိုင်းဝိုင်းပြီးတော့၊ ဘုန်းကြီးကလည်းပဲ အာဝန်နှင်းရွှင်ရွှင်နဲ့ ဒါတွေများအောင်လုပ်လာပြီ။ နောက်ကသီလ၊ သမာဓိတွေကတော့ လျော့လာပြီဆိုရင် အဲဒါဟာ သာသနာကွယ်တော့မယ်တဲ့။ ဒါလေးကိုလည်းပဲ လေးလေးစားစား သတိထားပါ။

ပစ္စည်းဝတ္ထုဆိုတာ မရှိမဖြစ်လိုအပ်တာတော့ မှန်တယ်။ သို့သော် တရားသဖြင့် သဒ္ဓါတရားနဲ့ လျှုတာကို ရတာက ကောင်းတယ်။ ရတာကိုလည်း ပစ္စဝေက္ခဏာ ဆင်ခြင်ပြီးတော့ သုံးနိုင်ရင် ကောင်းတယ်။ ဒါကိုပဲ မတရားသဖြင့် မလျှုချင် လျှုချင်အောင် ဝိုင်းပြီးတော့ ဆွယ်တာ၊ ဆွမ်းတွေ ဘာတွေ ကပ်ချင်အောင် စိမ်ပြေနပြေနဲ့ ရှေ့ကနေ အရိပ်နိမိတ်ပြောတာ၊ ဘာလုပ်ချင်တယ် ညာလုပ်ချင်တယ် ဘယ်လိုရှားတာစသဖြင့် ညည်းညူပြတာ၊ ဒါမျိုး မလုပ်ကောင်းပါဘူး။ လှူစေချင်လို့ ညည်းညူတယ်ဆိုရင် ကောင်းကို မကောင်းတာ။ တကယ့် အဖြစ်အပျက်ကို ကိုယ်က စေတနာမှန်မှန်ကန်ကန်နဲ့ ပြောတာဆိုရင်တော့ နားလည်လို့ရတယ်ပေါ့ဘုရား။ ဒီ ဒုဋ္ဌုလ္လရောစနသိက္ခာပုဒ်တွေမှာလည်း ရှိတာပဲ။ ညစ်တီးညစ်ပတ် စကားတွေတောင်မှ စာချလို့ အရှိအရှိအတိုင်း ပြောရင် အာပတ်မသင့်ပါဘူး။ ဒီလိုမှ မဟုတ်ဘဲနဲ့ ပါးစပ်ကနေ ဒါကြီးကို ပြောချင်လို့ အရသာခံပြောရင် အာပတ်သင့်ပါတယ်။

ဒါကြောင့် အမှန်တရားကို ပြောတဲ့အခါမှာ ရိုးရိုးသားသား စိတ်ဓာတ်နဲ့ ပြောရမှာပဲ။ ဒီလို ပြောလိုက်လို့ရှိရင် သူတို့ ငါတို့ရှားမှန်းသိမယ်၊ ရှားမှန်းသိရင် ငါတို့ကျောင်း သနားပြီးတော့ လှူလိမ့်မယ်ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ ပြောလာရင်လည်း 'ဗာဟုလိက' ပစ္စည်းလေးပါးပေါဖို့ အားထုတ်တယ်လို့ ခေါ်တာပဲ။ ပစ္စည်းလေးပါး ပေါဖို့ အားထုတ်ပြီဆိုရင် သိက္ခာသုံးပါးဘက်က လျော့သွားမှာပဲ။ နောက် - ဘာဆက်လာလဲဆိုတော့ 'နဝီရိယံ အာရဘန္တိ အပတ္တသ ပတ္တိယာ အနဓိဂတသ အဓိဂမာယ အသစ္ဆိကတသ သစ္ဆိကိရိယာယ'တဲ့။။ မကြိုးစားကြတော့ဘူးတဲ့။ ငါတို့ ဒီလို စာပေပို့ချလိုက်လို့ရှိရင် ပါရမီဖြစ်တယ်၊ သာသနာလည်းပဲ ရှည်တယ်၊ တစ်ချိန်မှာ ငါတို့ ပြန်ပြီးတော့ တရားအားထုတ်မယ်ဆိုတဲ့ စိတ်ဓာတ်တွေ တဖြည်းဖြည်း ကင်းပျောက်လာတယ်။

အတုလိုက်ကြ

နောက်ပြီးတော့ သူတပည့်တွေကလည်း 'တေသံ ပစ္ဆိမာ ဇနတာ ဒိဋ္ဌာနုဂတိံ အာပဇ္ဇတိ'

www.dhammadownload.com

တဲ့။ ငါတို့ ဆရာဘုန်းကြီးက ဘယ်လိုပြောလိုက်တာ၊ ဘယ်လိုပြောလိုက်တဲ့အတွက် ဘယ်ဒကာတွေက ဘယ်လိုကြည်ညိုသွားတာ၊ ငါတို့လည်းပဲ ဒီလိုလုပ်မယ်။ နောက်မျိုးဆက်သစ်တွေကလည်း ဒီလို အတုခိုးလိုက်လို့ရှိရင် ပစ္စည်းလေးပါးပေါ်ဖို့ပဲ အားထုတ်တဲ့ တပည့်တွေပဲ မွေးထုတ်ရာရောက်ပြီးတော့ သာသနာဟာ သီလ၊ သမာဓိ၊ ပညာ အားနည်း၊ ပရိယတ်၊ ပဋိပတ် အားနည်းပြီးတော့ နောက်ဆုံးတော့ ဘုန်းကြီးဆိုတဲ့ ဒီသင်္ကန်းဝတ်ပဲ ကျန်ချင်ကျန်မယ်တဲ့။ သာသနာကတော့ ကွယ်မှာပဲတဲ့။

တပည့်တော်တို့ ဒီအချက်လေးချက်ကို ကျောင်းတိုက်မှာ ဖြစ်မလာအောင် စွမ်းအားရှိသမျှ တားဆီးသွားရမယ်။ စာချဘုန်းကြီးတွေကလည်း ခေါင်းထဲမှာ ထည့်ထားပါ။ ကိုယ်သင်နေတဲ့ပညာဟာ သာသနာအတွက် တစ်ခုခုအသုံးပြုရမယ်။ ကိုယ် စာမေးပွဲအောင်အောင် လုပ်တာဟာ သာသနာအတွက် အကျိုးပြုဖို့ လုပ်တယ်။ စာချတဲ့နေရာမှာလည်း သက္ကစ္စသဘောလေးလေးစားစားနဲ့ မသိရင် ကြိုတင်ပြင်မယ်။ မေးဖို့ရာအတွက်လည်းပဲ ဝန်မလေးဘူး။ ဟိုလိုပေါ့၊ ကိုယ့်စိတ်ကိုယ် မလုံမလဲ မဖြစ်ဘဲနဲ့ မသိရင် ငါ့တပည့်ဖြစ်ပါစေ ငါမေးမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဒီလိုကြိုးစားပို့ချရင် တပည့်လည်းပဲ နားလည်တယ်။ အချိန်ကုန်လည်းပဲ သက်သာပြီးတော့ စာချဘုန်းကြီးကောင်းတွေ ဖြစ်တယ်ပေါ့။

သာသနာ့ကျက်သရေဆောင်

တပည့်တွေဘက်ကလည်းပဲ ဆရာသမားတွေရဲ့ စကားကို ရိုရိုသေသေ နားထောင်ကြမယ်။ ဒုဗ္ဗစပုဂ္ဂိုလ်တွေ မဟုတ်ဘဲနဲ့၊ စာကျက်တဲ့အခါမှာလည်း စာမေးပွဲအောင်ရုံ မဟုတ်ဘဲနဲ့ ငါ ဒီအတန်းအောင်ရင် ဒီအတန်းကို ပြန်ပြီးတော့ ပို့ချနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်ဆိုတဲ့ စိတ်ဓာတ်ကို မွေးပါ။ ခုလည်းပဲ ဦးဇင်းလေးတွေကို တပည့်တော် လေ့ကျင့်ပေးနေတယ်။ ဒီလိုလေ့ကျင့်ပေးနေတော့ တပည့်တွေဘက်ကလည်းပဲ ခုနကလိုပေါ့၊ ဒုဗ္ဗစပုဂ္ဂိုလ်တွေ မဖြစ်ဘဲနဲ့ ဆရာသမားစကားဆို ဘယ်လောက်ပဲမာန်မာန် အပြုံးမပျက်ဘူး။ စာပေကိုလည်းပဲ တကယ်တတ်ချင်တဲ့စိတ်နဲ့ စာမေးပွဲအောင်ရုံမဟုတ်ဘဲနဲ့ သင်ယူပြီဆိုရင် ဆရာတပည့် ပြည့်စုံပြီးတော့ သာသနာတော်ကိုလည်း ပူဇော်ရာရောက်တယ်။ 'စိရံ တိဋ္ဌတု သဒ္ဓမ္မော - သာသနာတော်ကြီး အခွန့်ရှည်ပါစေ'လို့ ဆုမတောင်းလည်း တပည့်တော်တို့ သာသနာဟာ ရှည်မှာပါပဲ။

ဒါကြောင့်မို့ ဆရာတပည့် ညီညီညာညာနဲ့ ကိုယ့်တာဝန်ကိုယ် ကြိုးစားထမ်းရွက်ပြီးတော့ သာသနာတော်ရဲ့ ကျက်သရေဆောင် ရဟန်းသာမဏေများ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

ယုံကြည်မှုကိုတည်ဆောက်ခြင်း

၁၃၆၇ ခု၊ တော်သလင်းလကွယ်နေ့
၂၀၀၅ ခု၊ အောက်တိုဘာလ ၂ ရက်၊ တနင်္ဂနွေနေ့ ည

စစ်ကိုင်း သာသနာလက်ာရ

ကဲ ... ပထမဆုံး အသိပေးသင့်တာလေးတွေ နည်းနည်း အသိပေးမယ်ပေါ့။ တပည့်တော်တို့ ဒီနှစ် ကျောင်းကထိန်အတွက်က အရင် ဒီမှာ လာလာပြီးတော့ လှူနေတဲ့၊ စစ်ကိုင်းကနေ ပြောင်းသွားတဲ့ ဆည်မြောင်း ညွှန်ကြားရေးမှူးချုပ်လား မသိဘူး၊ အဲဒီဒကာကြီး ဦးလှမြင့်တို့က ခင်းမှာ။ သူတို့က ဝန်ထမ်းဖြစ်နေတဲ့အတွက် ရက်အချိန်သိပ်မရတော့ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့ အစဆုံးနေ့မှာပဲ ကထိန်ခင်းလိမ့်မယ်ပေါ့။ အဲဒီရက်မှာ ခရီးသွားတာမျိုးတွေ ဘာမှမရှိအောင် တတ်နိုင်သမျှ ရှောင်ပေးပါ။ အဲဒီတော့ ကထိန်ရက်က သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့။ မှတ်ထားပေါ့။

နောက်တစ်ခုက တပည့်တော်တို့ သာသနာလက်ာရ စာမေးပွဲ ဖြေကြရတော့မယ်။ သာမဏေကျော် စာမေးပွဲတွေကတော့ လေ့ကျင့်ခန်းတွေ ပြီးသလောက်လည်း ပြီးကုန်ပြီ။ တပည့်တော်တို့ တတိယဆင့်လည်းပဲ ဒီနေ့ ပြီးသွားပြီ။ ဒီတစ်ပတ် လဆန်း(၈)ရက်နေ့ကျရင် စစ်ကိုင်း သာသနာလက်ာရစာမေးပွဲ ဖြေကြမယ်ပေါ့။ ဝါတွင်းတုန်းကလည်း သူ့ဟာလေးနဲ့သူ ကြိုတင်ပြီးတော့ စာချဘုန်းကြီးတွေ ကြိုးစားပြီးတော့ ချပေးခဲ့တယ်။

www.dhammadownload.com

လေ့ကျင့်ခန်းလည်းပဲ ဒီကြားမှာ ကြိုးကြား ကြိုးကြားလုပ်ပေးတယ်ဆိုတော့ တော်တော်များများတော့ တီးမိခေါက်မိ ဖြစ်နေလောက်ပြီ။ အဲ့ဒါ မနက်ဖြန်က စပြီးတော့ တခြားစာတွေ သိပ်မကိုင်ဘဲနဲ့ သာသနာလက််ာရစာတွေကိုပဲ ကြိုးစားပါ။ ဖြေကာမတ္တဆိုတဲ့ စိတ်မျိုး မမွေးပါနဲ့။ ကိုယ့်မှာ အရည်အချင်းတွေက ရှိပြီးသားပဲ။ ဒီရက်လေးအတွင်းမှာ ဘယ်လို ဘယ်လို လုပ်မယ်ဆိုပြီးတော့ ကြိုးစားလုပ်ပါ။

တုပ်ကွေးရာသီ

နောက် တတိယအချက်က တုပ်ကွေးရာသီ ဖြစ်လာတဲ့အတွက် တုပ်ကွေးတွေ ကွေးကြတယ်။ ဘေးကျောင်းတွေလောက်တော့ မများဘူးပေါ့။ ပျောက်သလောက်လည်း ပျောက်နေပြီ။ မဖျားအောင် ကိုယ့်ဘာသာ ဂရုစိုက်နေပါ။ ဖျားသွားရင်လည်း တစ်ခါကနေ နှစ်ခါ ထပ်မဖျားအောင် ကြိုးစားပေါ့။ ဒုတိယအကြိမ် ဖြစ်လို့ရှိရင် တော်တော်လေး ခံရတယ်။ ချောင်းမဆိုးအောင်လည်း ရေနွေးနဲ့ ဆားနဲ့ အာခေါင် ပလုပ်ကျင်းတာလေးတွေ ဘာလေးတွေကို တစ်နေ့ သုံးကြိမ်လောက် အနည်းဆုံးလုပ်ပေး။ အဲဒါဆို ချောင်းဆိုတာ လုံးဝ မဖြစ်ဘဲရင်လည်းပဲ ရှိမယ်။ ဖြစ်လည်းပဲ ခဏနဲ့ ပျောက်သွားမယ်။ ဒီနည်း မသုံးဘူးဆိုရင် ချောင်းဆိုးက ဒီရာသီမှာ ချောင်းဆိုးက ဖြစ်တတ်တယ်။ အမြဲတမ်းလည်း မှတ်ထားပေါ့။ လည်ချောင်းလေးတွေ နာပြီဆိုရင် ဒါ အာသီးရောင်တဲ့သဘော။ ဒီအာသီးရောင်တာကို ရေနွေးနဲ့ ဆားနဲ့ အာခေါင်ရောက်အောင် ရေနွေးလေး ခပ်နွေးနွေးနဲ့ ကျင်းလို့ရှိရင် အာသီးရောင်တာ သက်သာတယ်။ ဒါဆိုရင် ချောင်းဆိုးလည်းပဲ ပျောက်သွားမယ်။

အပြောင်းအရွှေ့

သီတင်းကလည်း ကျတ်တော့မှာဆိုတော့ ကိုယ့်ဟာကိုယ် ကျောင်းပြောင်းကျောင်းရွှေ့တွေလည်း တချို့ရှိလာတယ်။ ကိုယ့်ဟာကိုယ်ပဲ အပြစ်ကင်းအောင် နေပြီးတော့ ရွှေ့သွားပေါ့။ ဒီမှာ အပြစ်တွေနဲ့ ရွှေ့သွားတယ်ဆိုရင် နောက်ထပ် သူနဲ့စပ်တဲ့ပုဂ္ဂိုလ်တွေ ပြန်အပ်ချင်ပါတယ်ဆိုရင် တပည့်တော်တို့က တော်တော် စဉ်းစားရတယ်။ အဲဒီတော့ အပြစ်ကင်းအောင် ကိုယ့်ဟာကိုယ် နေသွား။ ဒီမှာ မနေဘဲ ဘေးမှာ နေလို့လည်း တိုးတက်လမ်းတွေ ကိုယ့်ရဲ့စိတ်အပေါ်မှာ မူတည်ပြီးတော့ အများကြီးရှိပါတယ်။ ဒီမှာနေလည်းပဲ စိတ်ထားမကိုက်ညီရင် တိုးတက်ချင်မှ တိုးတက်မှာပေါ့။ ဒါကြောင့်မို့ ပြောင်းတာ ရွှေ့တာ အပြစ်မရှိပါဘူး။ ဒါပေမဲ့ အပြစ်မရှိအောင် ပြောင်းရွှေ့တာ ကောင်းတယ်ပေါ့။ မလုပ်ပါနဲ့ဆိုတာတွေ လျှောက်လုပ်ပြီးတော့ ပြောင်းလို့ရှိရင် မကောင်းဘူးပေါ့။

သီတင်းကျတ်လို့ရှိရင် ကိုယ့်ရဲ့ဆန္ဒအတိုင်း လုပ်ပိုင်ခွင့်တော့ ရှိတယ်ပေါ့။ တပည့်တော်တို့ ကျောင်းတိုက်တစ်တိုက်ဆိုတာလည်း တကယ်တော့ မိသားစုကြီးတစ်စုနဲ့ တူတာပဲ။ မိသားစုကြီးတစ်စု မိဘဖြစ်တဲ့ပုဂ္ဂိုလ်တွေမှာ သားသမီးရှိလာပြီဆိုလို့ရှိရင် ဒီသားသမီးဟာ တစ်နေ့ထက်တစ်နေ့တော့ အသက်အရွယ် ကြီးလာမှာပဲ။ အသက်အရွယ်ကြီးလာတာနဲ့အမျှ အသိဉာဏ်လည်း ကြီးလာမှ ကောင်းတယ်။ အရွယ်ကြီးလာတာနဲ့အမျှ တကယ်လို့ ကိုယ့်သားသမီးက အသိဉာဏ်ရှိတယ် ဆိုလို့ရှိရင်၊ အသက်ဆယ့်လေးငါးနှစ်လည်းပဲ ဆယ့်လေးငါးနှစ်အလျောက် အသိဉာဏ်ရှိတယ်ဆိုရင် မိဘမှာ ဘာလုပ်လုပ် စိတ်ချရတယ်။ ခရီးသွားလည်းပဲ စိတ်ချတယ်။ လုပ်ငန်း

www.dhammadownload.com

တစ်ခု ခိုင်းလို့ရှိရင်လည်း သူ့ခိုင်းလိုက်လို့ရှိရင် သေသေသပ်သပ် စေတနာပါပါ လုပ်တယ်ဆို ပြန်လှည့်မကြည့်ရဘူး။

သမီးနဲ့သား

တပည့်တော်တို့ ရှေးလူကြီးတွေ ဆိုရိုးရှိတယ်ပေါ့။ သားသမီးမွေးလာပြီ၊ မွေးတာလည်း သားယောကျ်ားလေး ဆိုလို့ရှိရင် 'ငယ်သော်ကား သား၊ ကြီးသော် အား'တဲ့။ တကယ်လို့ ဒီကလေး ဟာ ကြီးလာတဲ့အခါ ဆိုးသွမ်းပါတယ်ဆိုလို့ရှိရင် 'ငယ်သော်ကား သား၊ ကြီးသော် ကျား' တဲ့။ သမီးမိန်းကလေးဆိုလို့ရှိရင်လည်းပဲ အရာရာ အိမ်တွင်းလက်မှုက စပြီးတော့ စိတ်ချရတယ်ဆိုရင် 'ငယ်သော် သမီး၊ ကြီးသော် ထီး'တဲ့။ ဒီလိုမဟုတ်ဘူး၊ သူ့အတွက်နဲ့ ပြဿနာတွေ တက်ရတယ်၊ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတယ် စသဖြင့် ပူပန်မှုတွေနဲ့ လုံးလည်လိုက်နေပါတယ် ဆိုလို့ရှိရင် 'ငယ်သော် သမီး၊ ကြီးသော် မီး'တဲ့။ အဲဒီတော့ ကိုယ့်ရဲ့သားသမီး စိတ်ချရပြီဆိုရင်လည်း အင်အားတစ်ရပ်ဖြစ်တယ်။ သမီးတွေ ဆိုလို့ရှိရင်လည်း ထီးလိုအရိပ်သဘောမျိုးဖြစ်ပြီးတော့ ကိုယ့်မှာ ပင်ပန်းမှု နွမ်းနယ်မှု မရှိတော့ဘူး။ ဘာမှ ကြောင့်ကြမစိုက်ရဘဲနဲ့ သူ့ဝန်သူထမ်းပြီးတော့ အားလုံး အဆင်ပြေသွားတယ်ပေါ့။

မိသားစု ကြီးတာ၊ ငယ်တာ ပဓာန မဟုတ်ဘူး။ အသိစိတ်ဓာတ်ရှိတဲ့ သားသမီးတွေရှိရင် ကြီးသော ငယ်သော မိသားစုမှာ သူ့တာဝန်နဲ့သူ ဖြစ်သွားတယ်။ ဒီလို မဟုတ်ဘူး၊ တစ်ယောက်နှစ်ယောက်ရှိလည်းပဲ စိတ်ဓာတ်ရေးရာတွေက တစ်နေရာရာ လွှတ်လိုက်လို့ရှိရင် ဘာများ ဝင်လုပ်နေပါလိမ့်။ အိမ်ထားခဲ့လို့ရှိရင် ဘာတွေများ ယူပြီးတော့ ဘယ်လိုလုပ်ပစ်မှာပါလိမ့်။ စသဖြင့် ဖြစ်နေရတယ်ဆို မိသားစုသေးလည်းပဲ စိတ်ဆင်းရဲမှာပဲ။

အဆင့်မြင့်လာပြီ

တပည့်တော်တို့ ကျောင်းတိုက်တစ်တိုက်မှာလည်း ဒီလိုပဲပေါ့။ ငယ်ရာကနေ ကြီးလာတယ်။ ဒီကျောင်းမှာ ပထမဆင့်ရောက်ပြီဆိုရင် တပည့်တော်အနေနဲ့ တော်တော် အဆင့်မြင့်လာပြီလို့ ယူဆတယ်။ သူဟာ မြတ်စွာဘုရား ဟောကြားတဲ့ မဟာဝါပါဠိတွေ ထိတွေ့လာရပြီ။ အဂုံတွင်ိုရ်ဆိုလို့ရှိရင်လည်း တချို့ ရဟန်းဖြစ်တောင်မှ မတက်ဖူးတဲ့ဟာတွေ တက်လာရတယ်။ ဓမ္မပဒဆိုလို့ရှိရင်လည်းပဲ သိပ်ကောင်းမြတ်တဲ့တရားတွေနဲ့ ထိတွေ့လာရတယ်ပေါ့။ တွေ့လာတော့ ပထမဆင့်ရောက်ပြီဆိုလို့ရှိရင် အဆင့်က မြင့်လာပြီ။ ဒုတိယဆင့်ဆိုလို့ရှိရင် ဝိဂြိဟ်၊ ဝစနတ်တွေနဲ့ တော်တော် အဆင့်အတန်းမြင့်လာပြီ။ တတိယဆင့်ရောက်ပြီဆိုရင် တော်တော်လေးကို မြင့်သွားပြီပေါ့။ တပည့်တော်တို့ ရန်ကုန် တိပိဋကဓရ မဟာဂန္ဓာရုံဆရာတော် ပြောတဲ့ စကားနဲ့ ပြောရရင် သာမဏေကျော် မအောင်တောင်မှ တတိယဆင့်လောက် ကောင်းကောင်း လုပ်ဖူးတယ်ဆိုရင် ဒီပုဂ္ဂိုလ်က စာတတ်တယ်လို့ သတ်မှတ်လို့ ရတယ်ပေါ့။

ဒီလို အခြေအနေတွေ တစ်ဆင့်နဲ့တစ်ဆင့် တက်လာပြီဆိုလို့ရှိရင် တပည့်တော်တို့အနေနဲ့ ယုံကြည်မှုတည်ဆောက်နိုင်ဖို့ လိုအပ်တယ်ပေါ့။ အငယ်ထဲကရော၊ အကြီးထဲကရော တချို့ဆိုလို့ရှိရင် သိပ်တော်တယ်။ တပည့်တော် မလုပ်နိုင်လို့ ဘာလေးလုပ်လိုက်ပါဆိုရင် စိတ်ချလက်ချ သိပ်ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကွေ့ပတ်

www.dhammadownload.com

တာတွေ ဘာတွေ အင်မတန်မှ နည်းတယ်။ လုံးဝမရှိဘူးလို့တော့ မပြောလိုပါဘူး။ ဒါက တော့ ပုထုဇဉ်သဘာဝပေါ့။ ဒါပေမဲ့ အမြဲတမ်း ရိုးဖြောင့်အောင် ကြိုးစားနေတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ အဲဒီတော့ လုပ်ငန်းတစ်ခု ခိုင်းပြီဆိုလို့ ရှိရင် ပုစ္ဆာထုတ်လိုက်ပါ၊ ဘာလေးလုပ်လိုက်ပါ ဆိုလို့ရှိရင် အားလုံး မျက်နှာလွှဲလို့ရတယ်ပေါ့။ ဒါမျိုးဆို တပည့်တော်တို့ စာသင်သားတွေ ဘယ် လောက်ပဲ များနေနေ ပြဿနာမရှိဘူး။ စိတ် ချမ်းသာဖို့ပဲ ရှိပါတယ်။

သံသယအရိပ်အယောင်

ဒီလိုမှ မဟုတ်ဘဲ သူ့လိုကိုယ့်လိုနဲ့ ရဟန်း တော့ ဖြစ်လာပါရဲ့။ လုပ်ငန်းတစ်ခု ခိုင်းတယ်၊ ဘယ်နေရာ သွားလိုက်ပါဦး၊ ဘာလေးလုပ်ပေး ပါဦး ခိုင်းလိုက်တယ်။ စိတ်ထဲကနေ ဘယ်တွေ များဝင်ပြီးတော့ ဘာလုပ်လေမလဲ။ ဘယ်နေ့ ဘယ်ရက်တုန်းကတော့ ဘာကိစ္စနဲ့လျှောက်ပြီး တော့ သွားတယ်။ လျှောက်တဲ့အတိုင်း ဟုတ်မှ ဟုတ်ရဲ့လား။ ဟိုတုန်းက ဘယ်လိုဘယ်လို လိမ် ဖူးတယ်။ သက်သက် ခရီးသွားချင်လို့များ လာ လျှောက်လေသလား။ အဲဒီလို သူ့အတွက်နဲ့ ဝန်ထုပ်ဝန်ပိုးကြီး သိပ်ပြီးတော့ ဖြစ်တယ်ဆိုရင် ဒီပုဂ္ဂိုလ်အတွက်နဲ့ စိတ်ဆင်းရဲမှုပဲ များပါလိမ့် မယ်။

အဲဒီတော့ တပည့်တော်တို့ အသိဉာဏ် အဆင့်အတန်း မြင့်လာတာနဲ့အမျှ ရဟန်းဖြစ်လာ ရင်လည်း ရဟန်းအလျောက်၊ သာမဏေကျော် ဖြစ်လာရင်လည်း သာမဏေကျော်ဖြစ်လာတဲ့ အလျောက်၊ သာမဏေကျော်မဖြစ်တောင်မှ တတိယဆင့်ရောက်ပြီဆိုရင် ဒါဟာ အသိဉာဏ် အဆင့်အတန်း မြင့်လာပြီ။ မြင့်လာတော့ ကိုယ့်ရဲ့ ဂုဏ်သိက္ခာကိုယ်ထိန်းပြီးတော့ စွမ်းအားရှိသမျှ ကိုယ်သာလျှင် ကိုယ့်ဘဝရဲ့ ပဲ့ကိုင်ဆိုတဲ့အတိုင်း ကိုယ့်ဟာကိုယ်ပဲ ကြိုးစားပြီးတော့ ယုံကြည်မှု တည်ဆောက်ရမယ်။ တပည့်တော်တို့ကို လာ လျှောက်တယ်။ သွေးလှုံချင်လို့ပါ။ 'ကဲ - ကဲ၊ သွား သွား သွား' ဒါမျိုးလေးဆိုရင် သိပ်စိတ် ချမ်းသာတယ်။ ဘာမလုပ်နဲ့၊ ဘယ်မဝင်နဲ့၊ ဒါ မျိုးတွေ မှာနေရတယ်ဆိုရင် မဟုတ်သေးဘူး။ သံသယအရိပ်အယောင်တွေ ရှိခဲ့ဖူးရင် တပည့် တော်တို့လည်း ပါးစပ်ကတော့ လွှတ်ခနဲ ထွက် သွားတာပဲ။ အတွင်းထဲ မသိစိတ်မှာ ဒါမျိုးတွေ လုပ်များလုပ်လေမလား၊ သူ ဒါမျိုးတွေ ဖြစ်တတ် တယ်၊ အဲဒီလို ဖြစ်သွားတယ်။

ကိုယ်တိုင်တည်ဆောက်မှ

ရဟန်းဖြစ်တာ၊ မဖြစ်တာနဲ့ မဆိုင်ပါဘူး။ ယုံကြည်မှုဆိုတာ ကိုယ်က တည်ဆောက်မှရတာ။ အရာရာမှာ ရိုးရိုးသားသား လျှောက်၊ ရိုးရိုး သားသား သွားတယ်ဆိုရင် ဘာမှ ပြဿနာ မရှိဘူး။ ဥပဒေဆိုတာလည်း မရှိဘူး။ စည်းကမ်း ဆိုတာကလည်း ကိုယ့်အပေါ်မှာ မူတည်တာပဲ။ ကျောင်းတိုက်စည်းကမ်းကြီးတွေ ဘယ်လောက်ပဲ လုပ်လုပ်၊ လိုက်နာတဲ့ပုဂ္ဂိုလ် မရှိဘူးဆိုရင် ဒါ တွေဟာ သိပ်ပြီးတော့ ပြဿနာတက်တာပဲ။ အဲဒါကြောင့်မို့ ကြီးလာပြီဆိုလို့ရှိရင် ပိုပြီးသတိ ထားပါ။

တပည့်တော်တို့ ဃောသကသူဋ္ဌေးသား ကြည့်ပေါ့။ ဥတေနမင်းက ခေါ်လိုက်တဲ့အခါမှာ အသက်က နှစ်ဆယ်တောင် မပြည့်သေးပါဘူး။ ဆယ့်ခြောက်၊ ဆယ့်ခုနစ်၊ ဒီအရွယ်လောက်ပဲ ရှိဦးမယ်။ ဥတေနမင်းက သူ့အဖေ သေသွားတဲ့ အတွက် သူဋ္ဌေးရာထူးပေးဖို့ ခေါ်လိုက်တယ်။

www.dhammadownload.com

ခေါ်တော့ လူငယ်သဘာဝအလျောက် နန်းရင်ပြင်ထဲမှာ မြောင်းလေးတွေ ဘာလေးတွေ တွေ့တော့ ဟိုခုန်လိုက် ဒီခုန်လိုက်နဲ့ သွားတယ်။ ဥတေနမင်းက ပြတင်းပေါက်ကနေ ကြည့်နေတယ်။ ရောက်လာတဲ့အခါမှာ သင့်ရဲ့ဖခင် သေသွားတဲ့အတွက် ဝမ်းနည်းစိတ်ပျက်မှု မဖြစ်နဲ့၊ သူဌေးရာထူးကို သင့်ကိုပေးမယ်၊ ဒါလောက်ပဲ ပြောလိုက်တယ်။ မပေးသေးဘူးနော်။ ပေးမယ်လို့ ပြောလိုက်တာ။ အဲဒီမှာ အပြန်ကျတော့ သူက စောစောက အလာတုန်းက ခုန်ကျော်လာခဲ့တဲ့ မြောင်းတွေကို အပြန်ကျတော့ ဒီမြောင်းထဲကနေ ဆင်းပြီးတော့ ကူန္ဒြေရရလေး ပြန်သွားတယ်။

အသက်အရွယ် အဓိကမကျ

အဲဒါကို တွေ့တော့ ဥတေနမင်းစိတ်ထဲမှာ ဘာဖြစ်လို့ပါလိမ့်ဆိုပြီးတော့ ပြန်ခေါ်ခိုင်းပြီးတော့ မေးတဲ့အခါမှာ သူဟာ လာတုန်းကတဲ့ ရာထူးမရှိဘူး။ အခု ပြန်လိုက်တဲ့အခါမှာ ရှင်ဘုရင်က သင့်ရဲ့ဖခင်အစား သူဌေးရာထူးပေးမယ်ဆိုတော့ သူဌေးရာထူးရဖို့အတွက် သေချာသွားပြီ။ အဲဒီ သူဌေးရာထူးအတွက် သူဟာ ဂုဏ်သိက္ခာရှိရှိ နေသင့်တယ်ဆိုပြီးတော့ လာတုန်းက ကလေးသဘာဝ ခုန်ဆော့ပြီးတော့ လာပေမဲ့ ပြန်တဲ့အခါမှာတော့ ကူန္ဒြေရရနဲ့ ဆင်းသွားပါတယ်တဲ့။ သူက သူဌေးဖြစ်ဖို့ သေချာနေပြီမဟုတ်လား။ ကောသမ္ဗီမြို့ကြီးမှာ သူဌေးရာထူးရဖို့ သေချာပြီဆိုတော့ သူက ကူန္ဒြေရရပဲ သွားတယ်။ အသက်အရွယ် အဓိက မဟုတ်တော့ဘူး။ အဲဒီတော့ ဥတေနမင်းက စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ချက်ချင်း အဲဒီနေရာမှာပဲ ဆိုင်းမနေတော့ဘဲနဲ့ သူဌေးရာထူး ပေးပစ်လိုက်တယ်။

တပည့်တော်တို့လည်း ဒါလေးတွေ သတိထားသင့်တယ်။ ဘာဖြစ်လို့ တပည့်တော် ပြောနေရတာလဲဆိုတော့ တပည့်တော် ပြောချင်တဲ့ ကိစ္စလေး ရှိတယ်။ ခုလို ပြောပြောပေးနေတာလေးတွေက အသေးအမွှားလေးတွေ မဟုတ်ပါဘူး။ ရှင် ..... ဆို သာမဏေကျော်ဘွဲ့ ရပြီးပြီပေါ့။ လုပ်ပုံတွေ သိပ်ပြီးတော့ မကောင်းဘူးပေါ့။ တပည့်တော်လည်းပဲ ခဏတိုင်းပြောတယ်။ တပည့်တော်ကတော့ ပြင်စေချင်တဲ့ စေတနာနဲ့ ပြောတာပဲ။ ခံယူမှုရှိတဲ့ ပုဂ္ဂိုလ်က ကိုယ့်ဟာကိုယ် ပြင်သွားလို့ရှိရင် ကောင်းသွားမှာပဲ။ ဘာလဲဆိုတော့ ပထမတစ်ခါတွေ့တာက တစ်နေ့က တပည့်တော် အရဏ်ဆွမ်းစားသွားတဲ့အချိန်မှာ တွေ့တယ်။ သူက မျက်နှာသစ်လာတာ ...။ မနက်စောစောမို့လို့ ဧကသီ မရန်းဘူးဆိုတာ ထားပါတော့၊ တပည့်တော် ဘာမှ မပြောလိုဘူး။ အဲ - မျက်နှာသုတ်ပဝါကြီးကို သုတ်ပြီးတဲ့အခါမှာ သူက လက်ကလည်း ကိုင်မလာဘူး၊ ကိုယ်ပတ်အတွင်းထဲကလည်း ဖုံးမလာဘူး၊ ပခုံးပေါ်မှာ ထင်ထင်ရှားရှားကြီး ပတ်ပြီးတော့ ဒီအတိုင်းကြီး တင်ချလာတာ။ သိပ်ပြီးတော့ ရုပ်ပျက်တယ်။

တပည့်တော် ခဏတိုင်းလည်း ပြောပါတယ်။ ရေချိုးသွားတဲ့အခါမှာလည်း မျက်နှာသုတ်ပဝါတွေ လူဆန်ဆန် ပခုံးပေါ်မှာလိုလိုလည်ပင်းကြီးတွေပေါ်မှာလိုလို တင်ပြီးတော့ မသွားပါနဲ့။ သိပ်ပြီးတော့ ကူန္ဒြေပျက်ပါတယ်။ သမဏသာရုပ္ပ မဖြစ်ပါဘူး။ ကိုယ်ကသာဒါတွေကို အထင်ကြီးပြီးတော့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလို့ရင်လည်း ဖြစ်ချင်ဖြစ်မယ်။ သူများမြင်ရင်လည်း တင့်တယ်တယ်လို့ ထင်ချင်ထင်မယ်။ တပည့်တော်တို့ သာသနာမျက်စိနဲ့ကတော့ လုံးဝမတင့်တယ်ပါဘူး။ ဒါကြောင့်မို့ ဒီမျက်နှာ

www.dhammadownload.com

သုတ်ပဝါလေးတွေကို အတွင်းထဲမှာ ဧကသီရန်းတဲ့ ဘယ်ဘက်ပခုံးပေါ်မှာ တင်ပြီးမှ ဧကသီကို အပေါ်ကရန်းသွားတာ ကောင်းတယ်။ ဒီလို တပည့်တော် ပြောခဲ့တယ်။ ဒါပေမဲ့လို့ အဲဒီနေ့က တွေ့တယ်။

စိတ်ပျက်သွားတယ်

တွေ့တော့ မလုပ်ဖို့ တပည့်တော် ပြောလိုက်တယ်။ ပြောပြီးတော့ သူ့ဟာသူပဲ ပြင်သွားလိမ့်မယ်လို့ ဒီလိုပဲ စိတ်ထဲ ထင်တယ်ပေါ့။ နောက်တစ်ခါ တစ်နေ့က မနက်ခင်းမှာ ဆွမ်းခံပြန်လာတယ်။ မနက် ခုနစ်နာရီလောက် ဖြစ်မယ်။ ဒီအတိုင်းပဲ ပတ္တမြားကျောင်းအောက်ကနေပြီးတော့ အပေါ် တမ္ဘူလကျောင်းဘေး ရောအိုးစင်ရောလာသောက်တဲ့အခါမှာ ဘာဖြစ်လဲဆိုတော့ သင်းပိုင်ပဲ ပါတယ်။ ဧကသီလည်း မပါဘူး။ အပေါ်က ကိုယ်ပတ်လည်း မပါဘူး။ ကိုယ်တုံးလုံးကြီးနဲ့ တက်လာတာ။ တပည့်တော် စိတ်ထဲ သိပ်ပြီးတော့ ငြိုငြင်သွားပါတယ်။ တပည့်တော် ဒါလောက် ပြောနေတဲ့ထဲက ဒီလို ဖြစ်ဖြစ်သွားတာ အံ့သြစရာပဲ။ တပည့်တော်များ ခရီးသွားတယ်ဆိုလို့ရှိရင် ဒါမျိုးတွေဟာ ပြဿနာတော်တော် တက်တော့မှာ။ ဘေးက အကြီးတွေကနေပြီးတော့ ပြောပြီဆိုရင် နာခံတဲ့ပုဂ္ဂိုလ်ဆိုပြဿနာမတက်ဘူး။ တကယ်လို့ ကြက်ခေါင်းဆိတ်မခံ ပြန်ပြန်ပြီးတော့ တွက်တတ်တယ်ဆိုရင် ဒါတွေက ပြဿနာ သိပ်ပြီးတော့ ကြီးထွားသွားမှာပါ။

အဲဒီတော့ ဒီလိုကြီး မြင်ရလိုက်တဲ့အခါမှာ ပါသာဒိကဂုဏ် လုံးဝကို မရှိဘူး။ သင်းပိုင် အထက်လျှောကြီးနဲ့ အပေါ်က ဧကသီလည်း မပါ၊ ကိုယ်ပတ်သင်းပိုင်လည်း မရန်းဘဲနဲ့ ကိုယ်တုံးလုံးကြီး တက်လာတယ်ဆိုတာ အရှင်ဘုရားတို့လည်း တွေးကြည့်ပေါ့နော်။ စိတ်ပျက်တာနဲ့ အဲဒီနေ့က တပည့်တော် မပြောတော့ဘူး။ ခုဒီကနေပဲ အားလုံး သိသွားအောင်၊ နောက်နောင်ကို ဒါမျိုးတွေ မလုပ်ဖို့ တပည့်တော် ပြောချင်လို့ ပြောတာ။ ဘာကိစ္စနဲ့မှ ဘာဖြစ်ပါစေဆိုတဲ့ စေတနာ တပည့်တော်မှာ မရှိပါဘူး။ ပြုပြင်စေချင်တဲ့ စေတနာသန့်သန့်ပဲ ရှိတယ်။ ဒါတွေကို ပြုပြင်ပေးပါ။ မနေ့ညကလည်း ပထမဆင့်ကိုရင် တစ်ပါး လာတယ်။ သင်းပိုင် ငုံကြည့်ပါဆိုပြီး တိုင်းခိုင်းလိုက်တော့ သင်းပိုင်က ဒူးအောက်လက်ရှစ်သစ် မကဘူး။ ဒူးအောက် လက်ဆယ့်နှစ်သစ်ဖြစ်နေတယ်။ အရပ်ကြီးက အရှည်ကြီး။ ထပ်လိပ်လိုက်ပါဦးဆိုတော့လည်း သူက နည်းနည်းလေးပဲ လိပ်တယ်။

ကိုယ့်ဟာကိုယ် အရပ်ရှည်ရှည်ကြီးနဲ့ သင်းပိုင်ဒူးအောက် လက်ဆယ့်နှစ်သစ်ဆိုတာ အရှင်ဘုရားတို့ တွေးကြည့်။ မြင်လိုက်တာနဲ့ တစ်ပြိုင်နက် ပါသာဒိကဂုဏ်က တော်တော် ပျက်သွားတယ်။ ဒါတွေဟာ သိပ်ပြီးတော့ အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်တို့ အထက်တန်းရောက်လာပြီ၊ အရည်အချင်းလည်းရှိလာပြီဆိုလို့ရှိရင် သူ့ကို တပည့်တော်တို့အနေနဲ့ အားကိုးချင်တာပဲ။ ဘယ်လိုဘယ်လို ကြည့်ပြီးတော့ ဆုံးမလိုက်ပါ၊ ကိုရင်တွေကို ဘာတော့ မလုပ်ပါစေနဲ့ဆိုပြီးတော့ တပည့်တော် ဆုံးမခိုင်းချင်ပါတယ်။ ဒါပေမဲ့လို့ အကြီးဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်က ဒါမျိုးတွေ ဖြစ်နေရင် သူ့ကို တပည့်တော်တို့က ဘယ်လိုလုပ်ပြီး ယုံရတော့မှာလဲ။ စောစောကပြောတဲ့ သားသမီးတွေလိုပေါ့။ ကြီးလာတဲ့အခါ အားမဖြစ်ဘဲနဲ့ ကျားဖြစ်သွားတယ်၊ ကြီးလာတဲ့အခါ ထီးမဖြစ်ဘဲနဲ့ မီးဖြစ်

www.dhammadownload.com

သွားမယ်ဆိုတာ ဒီဟာမျိုးတွေက စတာ။

အာဝေဏိကဂုဏ်တော်

ဒါကြောင့်မို့ ဒီအချိန်ကနေပြီးတော့ အားလုံးပေါ့လေ၊ ကာယကံရှင် ရှင် ..... ကလည်းပဲ လေးလေးနက်နက်နဲ့ ပြင်ပေးပါ။ ပြင်လို့ရှိရင် အချိန်တွေ အများကြီးရပါသေးတယ်။ စာပေတွေ တတ်ထားတယ်ဆိုတာက ပြန်ပြီးတော့ ကျင့်သုံးဖို့ပဲ။ အနည်းဆုံး ပါသာဒိကဂုဏ်ကတော့ ရှိကို ရှိရမှာ။ မြတ်စွာဘုရားရဲ့ သိက္ခာပုဒ်တွေ ပြန်ကြည့်ရင် 'အပ္ပသန္နာနံဝါ ပသာဒါယ' ဒါတွေ အများကြီးပါတယ်ပေါ့။ တပည့်တော်တို့က ရဟန္တာလည်းပဲ မဟုတ်တော့ သတိဆိုတာ အမြဲတမ်းတော့ မရှိနိုင်ပါဘူး။ မြတ်စွာဘုရားရဲ့ အာဝေဏိကဂုဏ်တော်တွေထဲမှာ ကြည်ညိုစရာသိပ်ကောင်းတာတွေ ရှိတယ်။ ဒါလေးတွေကို အရှင်ဘုရားတို့လည်း ကျက်ပြီးတော့ ပူဇော်ကြပေါ့။ 'ကျမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သတ္ထု ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ'တဲ့။ 'သတ္ထု ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ'၊ အဲဒီထဲမှာ ဝစီကံ၊ မနောကံ ပြောင်းပြီး အားလုံးဆိုကြည့်စမ်းပါ။

သတ္ထု ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
သတ္ထု ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ
သတ္ထု မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

အဲဒီတော့ မြတ်စွာဘုရားရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ...။ ကိုယ်နဲ့ပြုလုပ်တဲ့အမှု၊ နှုတ်နဲ့ပြောဆိုတဲ့စကား။ စိတ်နဲ့ကြံစည်တဲ့အရာ။ အားလုံးဟာ ဉာဏ်ရှေ့သွားရှိတယ်တဲ့။ ဉာဏ်နဲ့ ဆင်ခြင်ပြီးတော့ အကျိုးရှိသလား၊ မရှိဘူးလား၊ ဒါမျိုးတွေက စပြီးတော့ ဉာဏ်နောက်လိုက်တယ်။ ခုလို ပါးစပ်နဲ့ပြောတာကမှ ကြာသေးတယ်။ တပည့်တော်တို့လည်း အတုခိုးပြီးတော့ အရာရာမှာ သတိလေးထားလုပ်ရမယ်။ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ဆိုတာကတော့ အာဝေဏိကဂုဏ်တော်ပေါ့။ မြတ်စွာဘုရားရှင်မှာပဲ သီးသန့်ရတဲ့ ဂုဏ်တော်။ ဘုရားရှင်အတွက် သီးသန့်ဂုဏ်တော်ပေမဲ့ တပည့်တော်တို့က နည်းနည်းပါးပါးတော့ တုကို တုရမှာပဲ။

အတုခိုးရမယ်

ဒီလိုပေါ့။ ပစ်စလက်ခတ်ကြီးတွေ နေ၊ ပစ်စလက်ခတ်ကြီးတွေ သွား၊ ဒီလိုတော့ မသင့်တော်ဘူး။ တပည့်တော်တို့ကျောင်းမှာ တတ်နိုင်သမျှ ရိုးသားမှုကို ဦးစားပေးပြီးတော့ ကိုယ့်ဟာကိုယ် အလုပ်လုပ်နေတယ်။ ဒကာ ဒကာမတွေ သူ့ဟာသူ ကြည်ညိုလို့ရှိရင် လှူပေါ့။ မကြည်ညိုလို့ရှိရင်လည်းပဲ ဘယ်တတ်နိုင်မှာလဲ။ ကိုယ့်ဟာကိုယ် ရှိတာနဲ့ပဲ ရောင့်ရဲနိုင်အောင် စိတ်ကို လေ့ကျင့်ထား။ ဒီနည်းနဲ့ တပည့်တော် သွားချင်တာ။ ကိုယ့်ဘက်က ဒီ ဓမ္မလေးတွေတော့ ထိုက်သလောက် ကိန်းအောင်းပြီးတော့ ကာယကံ၊ ဝစီကံ၊ မနောကံမှာ သိပ်ပြီး ကြမ်းကြမ်းတမ်းတမ်းတွေ မဖြစ်စေချင်ဘူးပေါ့။

ဒါနဲ့ ပြောရဦးမယ်။ မြို့တော်ကျောင်းဆောင် ဒုတိယထပ်ကလည်း တစ်ခါတစ်ရံ အော်ရယ်တာတွေ ဘာတွေ ကြားကြားနေလို့ တပည့်တော် သွားသွားပြီးတော့ ပြောခိုင်းရတယ်။ အဲဒါလည်း

www.dhammadownload.com

စာချဘုန်းကြီး ဦးကုန္ဒာစာရ ရှိရက်သားနဲ့ ဖြစ်နေတယ်။ ဒါတွေ နည်းနည်းပြောပေးပါ။ နောက် ... တစ်နေ့ကလည်း ဟောဒီ ဓမ္မာရုံကျောင်းဆောင်မှာ စာချအဆင့်မှာပါနေတဲ့ ဦးဇင်းနဲ့ကိုရင်တွေ့တယ်။ တပည့်တော်ကျောင်းပေါ်ကနေ အသံအော်ကျယ်အော်ကျယ်ကြီးတွေနဲ့ ကြားနေရလို့ သွားပြီးတော့ ကြည့်ခိုင်းတယ်။ ဒီမှာဆိုလည်းပဲ စာချဘုန်းကြီး ဦးဇာဂရ ရှိတာပဲ။ ဒါမျိုးတွေက မဖြစ်သင့်ဘူး။ အော်ကျယ်အော်ကျယ်ကြီးတွေပြော၊ အော်ကျယ်အော်ကျယ်ကြီးတွေ ရယ်ဆိုတာတွေက 'သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ' နဲ့ တခြားစီဖြစ်သွားပြီ။ လုံးဝကို မဖြစ်သင့်ဘူး။ နည်းနည်းလေးတော့ သတိထားပေးပါ။ ကိုယ့်ရဲ့အမူအရာ အပြောအဆိုတွေက သိပ်ပြီးတော့ ကျယ်လောင်သွားရင် ရိုင်းစိုင်းမှုထဲမှာ ပါသွားတယ်။ ဒါတွေကို သတိထား။

နတ္ထိ ဒဝါ

နောက် အာဝေဏိကဂုဏ်တော် ပဋ္ဌမပိဒ်ကျတော့ ဆက်ပြီးတော့ လာတယ်။ 'ကြမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ နတ္ထိ ရဝါ နတ္ထိ အဖုဋ္ဌံ နတ္ထိ ဝေဂါယိတတ္တံ နတ္ထိ အဗျာဝဋ္ဌမနော နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ' ဆိုပြီးတော့ ခြောက်ချက်ဆက်ပြီးတော့ လာတယ်။ ပထမဆုံးအချက်က မြတ်စွာဘုရားရဲ့ ကိုယ်ပိုင်ဂုဏ်တော်။ အခြားရဟန္တာတွေမှာတောင်မှ မရှိနိုင်တဲ့ သီးသန့် ဂုဏ်တော်။ အမြဲတမ်းပဲ ထာဝစဉ် ပြည့်စုံနေတဲ့ ဂုဏ်တော်က 'နတ္ထိ ဒဝါ'တဲ့။ ရယ်မြူးလိုမှု ပျော်ရွှင်လိုမှုအတွက် ချွတ်တီးချွတ်ချော် ပြောဆိုမှု မရှိဘူးတဲ့။ အဲဒါလေးလည်း အရှင်ဘုရားတို့ သတိထားပေါ့။ မြတ်စွာဘုရားမှာ ပျော်ရွှင်လိုတဲ့အတွက် ရယ်မြူးလိုတဲ့အတွက် ဟိုပြောဒီပြော ချွတ်ချွတ်ချော်ချော် ပြောတာတွေ မရှိဘူး။

အဲဒီတော့ တပည့်တော်တို့လည်း မြတ်စွာဘုရားလို မဟုတ်တောင်မှ တတ်နိုင်သမျှ ဒါကိုယ်ပျော်ရွှင်ချင်တဲ့စိတ်ကြောင့် ဟား ဟား နဲ့ ဟိုအော် ဒီအော်၊ ဒါမျိုးတွေ ရှောင်ကြဉ်ရမယ်။ ဒီဓမ္မာရုံကနေ အော်ပြီးတော့ ဟိုပြောဒီပြော ပြောလိုက်တဲ့ စကားဟာ တပည့်တော်ကျောင်းအထိ ကြားတယ်ဆိုတာ အရှင်ဘုရားတို့ နည်းနည်းလေး စဉ်းစားကြည့်ပါ။ သင့်တော် မသင့်တော် ကိုယ့်ဟာကိုယ်ပဲ ကာယကံရှင်ကလည်း စဉ်းစားဆင်ခြင်ပြီးတော့ ကြည့်။ သင့်တော် မသင့်တော် ဝေဖန်ပြီး မသင့်တော်ဘူးဆိုရင် ဆက်လက်ပြီးတော့ မကျင့်သုံးပါနဲ့။ ဒါပဲ တပည့်တော် ပြောချင်ပါတယ်။

နတ္ထိ ရဝါ

နောက် 'နတ္ထိ ရဝါ ...'။ 'ရဝါ'ဆိုတာ တပည့်တော်တို့ ပုထုဇဉ်လိုဆိုရင်တော့ ပမာဒလေခ ပေါ့။ စာရေးတဲ့အခါမှာ အဲဒီလိုသုံးတတ်ကြတယ်။ အဲဒီလို မေ့လျော့တဲ့အတွက်၊ သတိမရှိတဲ့အတွက် ချွတ်ချော်မှုဆိုတာ မြတ်စွာဘုရားမှာ မရှိဘူး။ အမြဲတမ်းပဲ သတိနဲ့ မြတ်စွာဘုရားဟာ ပြောဆိုတယ်ပေါ့။ နောက် 'နတ္ထိ အဖုဋ္ဌံ'တဲ့။ ဉာဏ်တော်ဖြင့် မတွေ့ထိအပ်သောအရာ၊ မသိတဲ့အရာ မရှိဘူးတဲ့။ မြတ်စွာဘုရားကတော့ အားလုံးသိနေတော့ ဒီဂုဏ်တော်ကလည်း သီးသန့်ပဲပေါ့။ တပည့်တော်တို့ကတော့ အားလုံးမသိတောင် တတ်နိုင်သမျှ လောကီ၊ လောကုတ္တရာ ကိုယ်နဲ့သင့်တော်တာတွေ ဖတ်ပြီးတော့ သင့်တော်တာတွေ ကျင့်သုံးရမှာပေါ့။ သိအောင်တော့ အားလုံး လုပ်လို့ရတယ်။ ကျင့်တာကတော့ သင့်

www.dhammadownload.com

တော်တာပဲ ကျင့်ရမှာပဲ။ အဲဒီတော့ 'နတ္ထိ အဖုံ့' တတ်နိုင်သမျှ သိအောင်လုပ်တယ်ဆိုတာ ဒါလည်းပဲ တပည့်တော်တို့ စွမ်းအားရှိသမျှ အတုလိုက်ရမှာပဲ။

နတ္ထိ ဝေဂါယိတတ္တံ

နောက်ပြီးတော့ 'နတ္ထိ ဝေဂါယိတတ္တံ' တဲ့။ အဆောတလျင် ဉာဏ်မပါဘဲနဲ့ လုပ်ချင်စော အားကြီးပြီး၊ ပြောချင်စောအားကြီးပြီးတော့ တောင်ပြောရမှာကို မြောက်ပြော၊ မြောက်ပြောရမှာကို တောင်ပြော၊ ကိုယ်ပြောချင်တာကိုပဲ လောကြီးပြီးတော့ ပြောချင်တဲ့စိတ်တွေက မွန်နေတဲ့အတွက် ချွတ်ချော်ပြောတာမျိုး မြတ်စွာဘုရားမှာ မရှိဘူးတဲ့။ ဒါလည်းပဲ တပည့်တော်တို့ သတိထားပြီးတော့ လိုက်နာရမှာပဲ။

နတ္ထိ အဗျာဝဋ္ဌမနော

နောက်ပြီးတော့ ... 'နတ္ထိ အဗျာဝဋ္ဌမနော' တဲ့။ သူတစ်ပါးအတွက် ကြောင့်ကြမဲ့ဖြစ်သော စိတ်နှလုံး ရှိတော်မမူတဲ့။ သူတစ်ပါးအတွက် ကြောင့်ကြမဲ့ဖြစ်တဲ့ စိတ်နှလုံး မရှိဘူးဆိုတော့ တပည့်တော်တို့ ခေါင်းဆောင်ဖြစ်တဲ့ စာချဘုန်းကြီးတွေ သိပ်ပြီးတော့ အရေးကြီးလာတယ်။ မြတ်စွာဘုရားက အကျိုးရှိမယ်ဆိုရင် သူတစ်ပါး အပေါ်မှာ လျစ်လျူရှုမထားပါဘူး။ ကိုယ်ကျိုးပဲ လျစ်လျူရှုချင် ရှုမယ်။ အားလုံး သတ္တဝါတွေအတွက် အကျိုးရှိမယ်ဆိုရင် ... ဥပမာ မာဂဏ္ဍီသူဌေးသမီး ဆိုပါတော့။ မိဘတွေ အကျိုးရှိမယ်ဆိုရင် ကိုယ့်အပေါ်မှာ အမုန်းခံပြီးတော့ မြတ်စွာဘုရား ပြောခဲ့တာတွေရှိတယ်။

နောက်ပြီးတော့ အရှင်မဟာကဿပတို့ ဆိုရင်လည်း မြတ်စွာဘုရားက မြင်တော်မူတဲ့အတွက် သာသနာအတွက် အားကိုးတဲ့အတွက် ကြိုပြီးတော့ ကြွတော်မူတာပဲ။ ဘယ်သူ့အပေါ်မှ လျစ်လျူမရှုဘူး။ နောက်ဆုံး မဂ်ဖိုလ်နိဗ္ဗာန် ရထိုက်တဲ့ပုဂ္ဂိုလ်၊ မဂ်ဖိုလ်နိဗ္ဗာန် မရတောင်မှ ပါရမီဖြည့်မယ့်ပုဂ္ဂိုလ်ဆိုရင် ကိုယ်သာ အနစ်နာခံပြီးတော့ မြတ်စွာဘုရား လုပ်ခဲ့တယ်။ 'နတ္ထိ အဗျာဝဋ္ဌမနော- သူတစ်ပါးအတွက် ကြောင့်ကြမဲ့သော စိတ်နှလုံးရှိတော်မမူ' ဆိုတဲ့ အဲဒီဂုဏ်ဟာ သိပ်ပြီးတော့ ကြည်ညိုစရာကောင်းတယ်။ တပည့်တော်တို့ ခေါင်းဆောင်လုပ်မယ့် စာချဘုန်းကြီးတွေရော၊ စာသင်သားတွေရော အားလုံး အတုခိုးသင့်တယ်။ ဥပမာ သူတစ်ပါးက လုပ်ငန်းလုပ်နေတယ်ဆိုရင် ကိုယ်က ကြောင့်ကြမဲ့ပြီးတော့ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးလေးနေတယ်ဆိုရင် ကောင်းပါ့မလား။ တချို့ကတော့ ကောင်းတယ်လို့ ပြောချင်ပြောမှာပေါ့။ ဘဝအတွက်မှာတော့ ဒီပုဂ္ဂိုလ်ဟာ တိုးတက်မှု မရှိနိုင်ဘူး။

အဲဒီတော့ သူတစ်ပါး လုပ်ငန်းလုပ်နေရင် ငါဘယ်နည်းနဲ့ ကူနိုင်မလဲ စသည်ဖြင့် ကြောင့်ကြစိတ် ထားပေးပါ။ ကိုယ့်ရဲ့အလုပ် သူ့ရဲ့အလုပ် ရှိနေတဲ့အခါမှာ အားလုံး ဝိုင်းကူပြီးတော့ လုပ်နိုင်လို့ရှိရင် ကြောင့်ကြမဲ့မနေဘဲနဲ့ ဝိုင်းပြီးတော့ လုပ်ချင်တဲ့စိတ်၊ အဲဒီစိတ်ကို ပါဠိလို 'နတ္ထိ အဗျာဝဋ္ဌမနော' ခေါ်တယ်။ ဒါ တပည့်တော်တို့ သိပ်ပြီးတော့ လိုအပ်တယ်။

နတ္ထိ အပ္ပဋိသင်္ခါနပေက္ခာ

နောက် 'နတ္ထိ အပ္ပဋိသင်္ခါနပေက္ခာ' တဲ့။ ဉာဏ်ဖြင့် မဆင်ခြင်ဘဲ လျစ်လျူရှုတဲ့အရာလည်း မရှိဘူးတဲ့။ မြတ်စွာဘုရား လျစ်လျူရှုပြီဆိုလို့ရှိရင် ဉာဏ်နဲ့ဆင်ခြင်ပြီးမှ လုံးဝမဖြစ်နိုင်မှ လျစ်လျူရှု

www.dhammadownload.com

တာပဲ ရှိတယ်။ တပည့်တော်တို့လည်းပဲ ပုဂ္ဂိုလ်တစ်ယောက်ကို လျစ်လျူရှုမယ်ဆိုရင် တတ်နိုင်သမျှ နည်းအမျိုးမျိုးနဲ့ ကြိုးစားပြီးတော့ ပြင်ကြည့်တယ်။ မပြင်ဘဲနဲ့ အပြစ်ပြောတာထက် ပြင်ပြီး လုံးဝမဖြစ်နိုင်တော့ဘူးဆိုမှ လုပ်သင့်တာ လုပ်တာဟာ တပည့်တော်တို့အနေနဲ့ ဒီဂုဏ်တော်ကို တတ်နိုင်သမျှ နည်းနည်းလေး အတုပြုရာ ရောက်တာပေါ့။

ကြောင့်ကြစိတ်

အဲဒီတော့ ဒီ အာဝေဏိကဂုဏ်တော်တွေထဲမှာ၊ မြတ်စွာဘုရားရဲ့ ကြည်ညိုစရာ ဂုဏ်တွေဆယ့်ရှစ်ချက်ဖော်ပြတဲ့နေရာမှာ၊ ဒီဂုဏ်တွေဟာ သိပ်ပြီးတော့ ကြည်ညိုစရာကောင်းပါတယ်။ တပည့်တော်တို့လည်း ပုထုဇဉ်ပဲ၊ ဒါလောက်တော့ ဖြစ်မှာပေါ့ဆိုတဲ့အတိုင်း မတွေးဘဲနဲ့ တောင်မြို့ဆရာတော်ကြီးပြောသလို ပုထုဇဉ်မို့လို့ကိုပဲ သိပ်ပြီးတော့ သတိထားရပါတယ်ဆိုတဲ့ အဆင့်နဲ့ တပည့်တော်တို့ တတ်နိုင်သမျှ ကြိုးစားကြရမယ်။ စကားပြောတာ အော်ကျယ်အော်ကျယ်ဆိုရင် စာမေးတာက အစ သူများကို ထိခိုက်ပါတယ်။ နောက်ပြီးတော့ နေ့လယ်မှာ သူများတွေက အောက်မှာ ကျိန်းနေတယ်၊ ကိုယ်က အပေါ်မှာ စာကြည့်ရင်း ဒုန်းဒုန်းနဲ့ လမ်းလျှောက်တယ်။ ဒါမျိုးတွေပေါ့။ ကျောင်းတိုက်တစ်ခုမှာ တစ်ခုခု ပြဿနာဖြစ်လာပြီဆိုရင် အဲဒီ ကြောင့်ကြမဲ့စိတ်ကြောင့်ပဲ။

ကြောင့်ကြမဲ့မနေဘဲနဲ့ တတ်နိုင်သမျှ စာဝါချပြီဆိုလို့ရှိရင်လည်း စွမ်းအားသမျှ ပိုင်နိုင်အောင်ချတာ။ ဒါ ကြောင့်ကြမဲ့တာပဲ။ ဒီလိုမဟုတ်ဘဲ ဝတ်ကျေတမ်းကျေဆိုရင် 'နတ္ထိ အဗျာဝဋ္ဌမနော' နဲ့ ဆန့်ကျင်ပြီးတော့ တိုးတက်မှုလည်း မရှိဘူး။ ဂုဏ်သိက္ခာလည်းပဲ မရှိဘူး။ ဂုဏ်သိက္ခာမရှိဘူးဆိုတာ တပည့်တော်တို့ သာသနာမှာ စာသင်ထားတာဟာ ပြန်ပြီးတော့ အလုပ်လုပ်ဖို့ လက်တွေ့ကျင့်ဖို့ သင်ထားတာ။ ကိုယ်တိုင်လည်း ကျင့်ပြီးတော့ သူများအတွက်လည်း လုပ်ပေးဖို့ သင်ထားတာ။ အဲ - ဘွဲ့တွေ ဒီဂရီတွေတော့ ရပြီးတော့ သူများအတွက် လုပ်မပေးနိုင်ပါဘူးဆိုရင် ဂုဏ်သိက္ခာ သိပ်ပြီးတော့ မရှိသေးပါဘူး။ ဂုဏ်သိက္ခာ မရှိသလို ပါရမီလည်းပဲ တိုးဖို့ မလွယ်ဘူးပေါ့။ ဘွဲ့ဒီဂရီတွေပဲ သူရှိသွားတယ်။

ရေရှည်လက်တွဲချင်

တပည့်တော်တို့ စောစောက ဘွဲ့ထုတ်ပြီးတော့ ပြောလိုက်တာက ပြင်စေချင်လို့ပြောတာပါ။ ခုချိန်ပြင်လို့ရှိရင် အများကြီးပဲ တန်ဖိုးရှိပါတယ်။ စာပေတော်လာပြီဆိုရင် အဘက်ဘက်ကလည်း အားလုံးစိတ်ချရမှကောင်းတယ်။ ဘာလေးလုပ်လိုက်ပါ၊ ညာလေးလုပ်လိုက်ပါ ဆိုလို့ရှိရင် လုပ်စွမ်းနိုင်တဲ့သတ္တိရှိတဲ့ တပည့်တွေ တပည့်တော်အနေနဲ့ လိုချင်တာ အမှန်ပဲ။ ဒီလိုမှ မဟုတ်ဘဲ ရဟန်းတော့ ဖြစ်လာပါရဲ့။ ဘယ်သွားချင်တယ်ဆို ဟိုသွားမှာလား၊ ဒီသွားမှာလား၊ ဘယ်သူနဲ့လဲ စသဖြင့် စစ်နေရတဲ့အဆင့်ဆိုရင် မကောင်းဘူး။ အဲဒီတော့ အရှင်ဘုရားတို့ဘက်ကလည်း မှန်မှန်ကန်ကန်နဲ့ ဘယ်သွားမယ်ဆိုရင် ဘယ်သွားမယ်ဆိုပြီး လေးလေးစားစား ရိုရိုသေသေ မှန်မှန်ကန်ကန်နဲ့ ရိုးရိုးသားသား လျှောက်ပါ။ တပည့်တော်လည်းပဲ သူသာ ယုံကြည်ရတယ်ဆို ဒီပုဂ္ဂိုလ်တွေကို ဆက်ပြီးတော့ မေးစရာမလိုဘူးပေါ့။ တချို့ကျတော့ ဒီသွားမယ်ဆိုပြီး ဟိုရောက်ချင်ရောက်သွားတာ။ ဒါမျိုးဆိုလို့ရှိရင် သူ့ဟာသူ ရဟန်းဘယ်လောက်ပဲ ဖြစ်ဖြစ်၊ ဘယ်နဝါပဲ

www.dhammadownload.com

ရရ၊ ဘာဘွဲ့တွေပဲ ရရ၊ စိတ်ချရတဲ့အဆင့် မရှိပါဘူး။ ဒါမျိုးတွေနဲ့လည်းပဲ ရေရှည်တွဲပြီးတော့ တပည့်တော်တို့ လုပ်လို့ အဆင်မပြေပါဘူး။

ဒါကြောင့်မို့ အဲဒီလိုမျိုး စိတ်ရှိတယ်ဆိုရင် ကိုယ့်ဟာကိုယ် တစ်နေရာရာမှာ သွားပြီးတော့ နေတာကောင်းတယ်။ ဒီမှာကတော့ အချင်းချင်း တပည့်တော်တို့ ယုံကြည်မှု တည်ဆောက်ပြီးတော့ အမှန်အတိုင်းလျှောက်ပါ။ တပည့်တော်ကလည်း တစ်ခွန်းတည်းနဲ့ ယုံကြည်ချင်တယ်ပေါ့ဘုရား။ အဲဒီလိုဖြစ်အောင် ကြိုးစားပေးကြပါ။ အားလုံးပဲ မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီးတော့၊ အဲဒီ ဂုဏ်တော်တွေကို အားကျပြီးတော့၊ ကိုယ့်ရဲ့ ချို့ယွင်းချက်တွေကို ပြုပြင်နိုင်သော သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

သာသနာ့ကျက်သရေဆောင်

၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့
၂၀၀၅ ခု၊ အောက်တိုဘာလ ၂၅ ရက်၊ အင်္ဂါနေ့ ည

အခြေအနေအရပ်ရပ်ကြောင့်

နည်းနည်းလေး အသိပေးပြီးတော့ အားလုံးကို တပည့်တော် လျှောက်ထားချင်တာ ရှိပါတယ်။ ဒီနှစ် ဓမ္မာစရိယ အောင်တဲ့နှစ်ပါးမှာ ဦးတေဇဝန္တ ကတော့ ရိုးရိုးအောင်ပေါ့။ ရိုးရိုးအောင်ပေမဲ့လို့ တပည့်တော်တို့ ပုံမှန်အားဖြင့် သာမဏေကျော်တွေလိုပဲ တပည့်တော်တတ်နိုင်သလောက်နဲ့ သံဃိကနဲ့ ပေါင်းပြီး ပုံမှန်လှူဖို့ စိတ်ရှိတယ်ပေါ့။ ဒါပေမဲ့လို့ ဒီနှစ်ကတော့ အရင်နှစ်ကလိုပဲ အထူးအောင်တွေ ပါနေတယ်။ ဦးတေဇဝန္တဆိုတာ စာချဘုန်းကြီး စာရင်းဝင်ပြီးတော့ ကျောင်းတိုက်မှာကျေးဇူးများတယ်။ အရည်အချင်းလည်း ပြည့်တယ်။ ဒါကြောင့် ခု တပည့်တော်တို့ အထူးပူဇော်ပေးတယ်ပေါ့။

နောက်နောင်လည်းပဲ ဒီအတိုင်းပေါ့။ ဓမ္မာစရိယတို့ သာမဏေကျော်တို့ဆိုရင် တပည့်တော် တတ်နိုင်သမျှ လှူမယ်။ သံဃိကထဲကလည်းပဲ အခြေအနေအရ ကြည့်ပြီးတော့ လှူမယ်ပေါ့။ ကျန်တဲ့နာယကဘုန်းကြီးတွေကတော့ သူတို့ကိုယ်တိုင်တောင် လာဘသက္ကာရ နည်းတဲ့အတွက် တပည့်တော် ပုံမှန် မသတ်မှတ်ဘူးပေါ့။ လှူနိုင်သလောက် လှူကြလိမ့်မယ်။

တပည့်တော်တို့ ခု ဓမ္မာစရိယမှာ နိုင်ငံတော် ဒုတိယရတနာလည်းပဲ ဒီကျောင်းနာမည်နဲ့ မရလိုက်ဘူး။ ဒါပေမဲ့လို့ တပည့်တော်ကိုယ်တိုင်က

www.dhammadownload.com

မန္တလေးကနေ ဖောင်ထိုးဖြေဖို့ အခြေအနေအရပ်ရပ်ကြောင့် ခွင့်ပြုခဲ့တဲ့အတွက် ဒါ ဒီကျောင်းဘောင်ဝင်တဲ့သဘော ဖြစ်သွားတယ်ပေါ့။ နောင်တစ်ချိန်မှာ တပည့်တော်တို့ ဒီကနေ ပုံမှန်လုပ်ရလို့ရှိရင် ပုံမှန်ပဲ လုပ်သွားမယ်။ တကယ်လို့ ကျောင်းတိုက်မှာ ကျေးဇူးလည်းပဲ များခဲ့တယ်၊ အခြေအနေအရ နှစ်တွေလည်းပဲ ကြာလာတယ်ဆိုရင် ခွင့်ပြုသင့်တဲ့အခါကျရင်တော့ ခုလိုပဲ ခွင့်ပြုမယ်ပေါ့။ အမြဲတမ်း ခွင့်ပြုမယ်လို့တော့ မဆိုလိုဘူး။

ဒါကြောင့်မို့ ဒီနှစ်ပါးကို တပည့်တော်တို့ အတူတူထားပြီးတော့ ပူဇော်ကြမယ်။ ကျောင်းတိုက်နာမည် မပါပေမဲ့လို့ တပည့်တော်ရဲ့ အထူးခွင့်ပြုချက်နဲ့ ကျေးဇူးများတဲ့အတွက် လုပ်ခဲ့တယ်ပေါ့။ အရှင်ဘုရားတို့ကလည်း ဒီကျောင်းမှာ နေသွားပြီဆိုရင် ဘယ်နေ့ပဲအောင်အောင်၊ ဘယ်လောက်ပဲကြာကြာ စိတ်အားမငယ်ပါနဲ့။ မအောင်ခင်မှာ အရည်အချင်းပြည့်ပြည့်နဲ့ ဆက်ပြီးတော့ ကြိုးစားပါ။ နောင်တစ်ချိန်မှာ စာဖြေဌာနတွေ သန့်လာရင် တပည့်တော်တို့ အရည်အချင်းအမှန်ကို သိလာကြမှာပဲ။ တပည့်တော်အနေနဲ့ ဒီနေ့ ပူဇော်ပွဲလုပ်ပေးတယ်။ ကြီးကြီးကျယ်ကျယ်မဟုတ်ပေမဲ့ အားလုံး သံဃာတွေ သိစေချင်လို့ ဒါလေးကို ရှေးဦးစွာ ပန်ပြောတာပါ။

ပရိယတ္တိဝိသာရဒဂုဏ်

ဒီနေ့ ပူဇော်တဲ့ပွဲမှာ အထူးအားဖြင့် တပည့်တော် ဘာပြောချင်လဲဆိုတော့ အဂုံတွရနိကာယ် စတုက္ကနိပါတ်ထဲမှာလာတဲ့ သောဘနသုတ်ကို အခြေခံပြီးတော့ နည်းနည်းလေး ပြောချင်တယ်ပေါ့။ တပည့်တော်တို့ သာသနာ့တာဝန် ထမ်းဆောင်လာတဲ့အခါမှာ ပရိယတ္တိဝိသာရဒဂုဏ်တွေကတော့ ထိုက်သလောက် ဓမ္မာစရိယတွေ၊ သာမဏေကျော်တွေနဲ့ ပြီးလာတဲ့အခါမှာ ကျောင်းတိုက်ရဲ့မူအရ မှတ်စုကို ဦးစားမပေးဘဲနဲ့ ကျမ်းရင်းကို ဦးစားပေးတဲ့နည်းအရ ထိုက်သလောက် အရည်အသွေးတက်လာတယ်ပေါ့။ အဲဒီတော့ ဒီဂုဏ်လေးနဲ့ သာသနာတော်မှာ ကျက်သရေရှိပြီလား၊ သာသနာတော်ကြီးကို ကျက်သရေရှိအောင် တန်ဆာဆင်နိုင်ပြီလားလို့ တပည့်တော်တို့ ပြန်ပြီးတော့ တွေးသင့်တယ်။ သောဘနသုတ်က ဒီနည်းကို ပြပေးထားတယ်။

မြတ်စွာဘုရားက ဘယ်လိုဟောခဲ့လဲဆိုတော့ 'စတ္တာရော မေ ဘိက္ခဝေ ဝိယတ္တာ ဝိနီတာ ဝိသာရဒါ ဗဟုဿုတာ ဓမ္မဓရာ ဓမ္မာနုဓမ္မပဋိပန္နာ သံဃံ သောဘေန္တိ' တဲ့။ သံဃာကို တင့်တယ်စေအောင် ကျက်သရေရှိအောင် လုပ်နိုင်တဲ့ပုဂ္ဂိုလ်လေးဦး ရှိတယ်တဲ့။ သိပ်ပြီးတော့ ကျောင်းတိုက်ရဲ့ ကျက်သရေ၊ သာသနာတော်ရဲ့ ကျက်သရေ၊ နောက်ပြီးတော့ သံဃာတော်အပေါင်းရဲ့ ကျက်သရေ၊ နောက်ဆုံးမှာ မြန်မာပြည်ရဲ့ ကျက်သရေပေါ့ဘုရား။ အားလုံးကို ကျက်သရေရှိအောင် အသရေရှိအောင် တင့်တယ်စေနိုင်တဲ့ပုဂ္ဂိုလ်မျိုးဟာ သာသနာတော်နဲ့ စပ်ပြီးတော့ လေးဦးရှိတယ်တဲ့။ ဘာတွေလဲဆိုတော့ ဘိက္ခုလို့ခေါ်တဲ့ ရဟန်းပရိသတ်၊ ဘိက္ခုနီလို့ခေါ်တဲ့ အမျိုးသမီး ဘိက္ခုနီပရိသတ်၊ လူ အမျိုးသား ဥပါသကာပရိသတ်၊ လူ အမျိုးသမီး ဥပါသိကာမပရိသတ် ဆိုပြီးတော့ လေးမျိုးရှိတယ်။

ကောင်းလေးပါး၊ ဆိုးလေးပါး

နံပါတ်(၁)က ဘိက္ခုပရိသတ်၊ နံပါတ်(၂)က ဘိက္ခုနီပရိသတ်၊ နံပါတ်(၃)က ဥပါသကာပရိသတ်၊ နံပါတ်(၄)က ဥပါသိကာပရိသတ်။

www.dhammadownload.com

အဲဒီတော့ သာသနာတော်ကြီးတင့်တယ်အောင် အသရေရှိအောင် လုပ်နိုင်တာလည်းပဲ ရဟန်း၊ ရဟန်းအမျိုးသမီး၊ လူအမျိုးသား၊ လူအမျိုးသမီး၊ ဒီလေးဦးပဲ ရှိပါတယ်။ ပြန်ပြီးတော့ ပြောင်းပြန်ပြန်လိုက်။ သာသနာတော်ကြီး အသရေမဲ့အောင်၊ ကျက်သရေမရှိအောင်၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် လုပ်နေတာလည်း ဒီလေးမျိုးပဲရှိတယ်။ သာသနာတော် ကျက်သရေရှိအောင်၊ သာသနာတော်ကြီး ဂုဏ်သိက္ခာတွေ မြင့်မားအောင် လုပ်တာလည်းပဲ ဒီလေးဦးပဲ။ နောက်ပြီးတော့ သာသနာတော်ကြီး ဂုဏ်ကျက်သရေတွေ ညှိုးနွမ်းအောင်၊ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်နေတာလည်း ဒီလေးဦးပဲ။ အဲဒါလေးကို တပည့်တော်တို့ သတိထားသင့်တယ်ပေါ့။

(၁) ဝိယတ္တဂုဏ်

သာသနာတော်ကို အင်မတန်မှ မြင့်မြတ်ပြီးတော့ ကျက်သရေအပေါင်း ခညောင်းအောင် ဝိုင်းပြီးတော့ ပြုလုပ်နေတဲ့လေးပါးက ဘယ်လိုလေးပါးလဲ၊ ဘယ်လိုအရည်အချင်းတွေရှိသလဲဆိုရင် ဂုဏ်အင်္ဂါခြောက်ချက်နဲ့ ပြည့်စုံတယ်တဲ့။ ဂုဏ်အင်္ဂါခြောက်ချက်မှာ နံပါတ်(၁)က 'ဝိယတ္တ'တဲ့။ ဝိယတ္တဂုဏ်ပေါ့။ ဝိယတ္တဂုဏ်ဆိုတာ ဘာလဲဆိုတော့ လိမ္မာထက်မြက်တာ။ လိမ္မာထက်မြက်တယ်ဆိုတာ သာသနာတော်မှာ ရောက်လာရင် အူတိအူတ၊ အတိအတ မဟုတ်ဘဲ ထက်ထက်မြက်မြက်ရှိတာ။ အဲဒီလိုပုဂ္ဂိုလ်တွေ ရောက်လာလို့ရှိရင် သာသနာတော်မြတ်ကြီးဟာ သိပ်ပြီးတော့ ဂုဏ်ကျက်သရေတွေ ရှိတာပဲ။ သိပ်ပြီးတော့ တန်ဖိုးတွေ မြင့်တက်လာတာပဲ။ ဒါကြောင့်မို့ ဝိယတ္တအရ ပင်ကိုအားဖြင့်လည်း ထက်မြက်၊ ပင်ကိုအားဖြင့် မထက်မြက်တောင်မှ တပည့်တော်တို့ စာပေကျမ်းဂန် သင်အံ ပို့ချခြင်းအားဖြင့် စာပေထဲက အသိဉာဏ်၊ ဆရာသမားတွေရဲ့ အသိဉာဏ်တွေယူပြီးတော့ လိမ္မာထက်မြက်လာလို့ရှိရင် အဲဒီ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ လေးယောက်ဟာ လိမ္မာရေးခြားရှိပြီးတော့ ထက်မြက်လာမယ်။ ဒါဆိုရင် သာသနာတော်ကြီးဟာ သိပ်ကျက်သရေ ရှိပြီးတော့ ဂုဏ်သိက္ခာတွေ မြင့်တက်တယ်တဲ့။

ဂုဏ်သိက္ခာမြင့်တက်စေတဲ့ပုဂ္ဂိုလ် သန္တာန်မှာ ဝိယတ္တဂုဏ်ဟာ အမြဲတမ်းရှိတယ်။ အားလုံးတပည့်တော်တို့လည်း တတ်နိုင်သမျှ သာသနာတော်မှာ ရောက်လာပြီဆိုရင် ထက်မြက်တဲ့ပုဂ္ဂိုလ်လေးတွေဖြစ်အောင် ဦးစားပေးပြီးတော့ လုပ်နေကြတယ်ပေါ့။ ခုလို ပူဇော်ပွဲလုပ်တယ်ဆိုတာလည်း ထက်မြက်တာလေးတွေကို တပည့်တော်တို့က အသိအမှတ်ပြုကြတာပါပဲ။

(၂) ဝိနီတဂုဏ်

နောက် နံပါတ်(၂)က 'ဝိနီတဂုဏ်'တဲ့။ ဝိနီတဆိုတာ အဓိပ္ပာယ်တစ်နည်းကတော့ ဆုံးမအားကြိုးတဲ့အတွက်၊ ဆုံးမခံထားရတဲ့အတွက် လိမ္မာယဉ်ကျေးခြင်းရှိတဲ့ဂုဏ်ပဲ။ လိမ္မာယဉ်ကျေးနေတဲ့ဂုဏ်ပဲ။ တစ်နည်းအားဖြင့် ပြောလို့ရှိရင်တော့ ကိလေသာတွေ နှိပ်ကွပ်ပယ်ရှားတတ်တဲ့ဂုဏ်။ ကိလေသာတွေ၊ လောဘ ဒေါသတွေ ပယ်ရှားပြီဆိုရင်လည်းပဲ ယဉ်ကျေးတဲ့သဘောပြန်ရောက်သွားတာပဲ။ ဒါကြောင့်မို့ သာသနာတော်ထဲရောက်လာပြီးတော့ သာသနာတော်ရဲ့ အသရေ၊ ကျောင်းတိုက်ရဲ့ကျက်သရေ ပြည့်စေချင်ပါတယ်ဆိုရင် လိမ္မာယဉ်ကျေးမှုရှိရမယ်။ ကာယကံနဲ့စပ်လို့လည်း လမ်းသွားတဲ့အခါတွေ ဘာတွေမှာ၊ ဆွမ်းစားကျောင်းမှာ ဆွမ်းစားပြီး

www.dhammadownload.com

တော့ ထပြန်တဲ့အခါတွေမှာ တချို့ ရုက်ကိုးရုက်ကန်းနဲ့ ဒကာမတွေက ထိုင်နေတာကို ဒုန်း ဒုန်း ဒုန်း ဒုန်းနဲ့ ဒီလို ကိုယ်တစောင်းကြီးနဲ့ သပိတ်ကြီးပွေ့ပြီး ယောင်တောင်တောင်နဲ့ ထွက်သွားတာမျိုးတွေ တချို့ တစ်ပါးတလေလေး တွေ့ရသေးတယ်။ ဒါတွေဟာ တပည့်တော်တို့ ပရိသတ်ကို ကြောက်တာ ဖြစ်သွားတယ်။ လိမ္မာယဉ်ကျေးမှုနည်းသွားတယ်။ အမှန်ဆို ဒါတွေက ကြောက်စရာမလိုဘူးပေါ့ဘုရား။

ကာယကံနဲ့ အချင်းချင်းကိုလည်းပဲ လေးစားရမယ်။ ကိုယ့်ရဲ့ဆရာသမားဖြစ်တဲ့ ဦးဇင်းတွေ ရဟန်းတွေကိုလည်း ဘယ်လောက်ပဲငယ်ငယ် လေးစားမှုရှိရမယ်။ ခရီးထွက်တဲ့အခါ၊ စာမေးပွဲသွားဖြေတဲ့အခါတွေမှာလည်း လေးလေးစားစား ဝပ်ချပါ။ ဒါမျိုး တပည့်တော် အမြဲပြောလေ့ရှိတယ်။ အကြီးတွေက တပည့်တော်ကို ပြန်ပြီးတော့ ပြောပြမှ တပည့်တော်ကလည်း သူတို့ လေးစား၊ မလေးစားဆိုတာ အတိအကျသိရမှာပေါ့။ နောက်ပြီးတော့ နှုတ်အားဖြင့်လည်း ယဉ်ကျေးရမယ်။ တစ်ပါးနဲ့တစ်ပါး ဟိုအော် ဒီအော်နဲ့ လျှောက်ပြီးတော့ ခြေကားရား၊ လက်ကားရား မလုပ်ပါနဲ့။ တစ်နေ့က ကိုရင်တစ်ပါး တပည့်တော် ပြောရက်သားနဲ့ ယောင်ပြီးတော့ ဟိုကန်ဒီကန်နဲ့ သိုင်းလိုလို ဘာလိုလို တွေ့ရတယ်။ ဒါတွေက စိတ်ထဲမှာ ဘာမှတော့ မပါပေမဲ့လို့ တကယ်တော့ ကျက်သရေ မကောင်းဘူး။ စိတ်ထဲမှာ ဒါတွေစွဲနေလို့ ဖြစ်ရတာ။ နောက်ပြီးတော့ နှုတ်အားဖြင့်လည်း တချို့က ဟိုအော် ဒီအော်နဲ့။ ဒါမျိုးတွေကလည်း နှုတ်ရဲ့ယဉ်ကျေးမှုလိုအပ်တယ်။ ဒါလေးတွေကို ပြင်ပေးရမယ်။ အဲဒါမှ ဝိနီတဂုဏ်နဲ့ ပြည့်စုံတယ်။

ဒါကြောင့်မို့ ပြောတဲ့အခါ ဆိုတဲ့အခါနဲ့ ပတ်သက်ပြီး တပည့်တော်တို့ ဒီမှာ သင်ပေးနေတယ်။ တစ်ပါးနဲ့တစ်ပါး စကားပြောတာကိုက တိုးတိုးသက်သာပြောပေးပါ။ စာချဘုန်းကြီးတွေ ရှိနေရက်သားနဲ့ ဟို မြို့တော်ပထမထပ်တို့၊ ဒီဓမ္မာရုံဆောင်တို့မှာ အော်ကျယ်အော်ကျယ်ကြီးတွေ ကြားရသေးတယ်။ ပတ္တမြားကျောင်းတို့ ဘာတို့ကတော့ တပည့်တော်နဲ့ဝေးတဲ့အတွက် သိပ်မသိဘူးပေါ့။ ကြားတဲ့ကျောင်းကို တပည့်တော် ပြောပြတာ။ အော်ကျယ် အော်ကျယ်ကြီးတွေနဲ့ ဒီကျောင်းကနေပြောတာ တပည့်တော်ကျောင်းမှာ လာကြားတယ်ဆိုတာ အရှင်ဘုရားတို့ ဒါ ယဉ်ကျေးမှုရှိ၊ မရှိ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ကြည့်ပါ။ အကြီးတွေကလည်း ဆိုင်ရာကျောင်းမှာ ဂရုစိုက်ပါ။ ဒါတွေဟာ အင်မတန်မှ သာသနာတော် ကျက်သရေရှိဖို့အတွက် အထောက်အပံ့ဖြစ်တယ်။ ယဉ်ကျေးမှုနည်းရင် သာသနာတော်ကြီး အောက်တန်းကျသွားနိုင်တယ်ဆိုတာ တပည့်တော် လေးနက်သလို အရှင်ဘုရားတို့ကိုလည်း လေးနက်စေချင်တယ်ပေါ့ဘုရား။

(၃) ဝိသာရဒဂုဏ်

နံပါတ်(၁)က ဝိယတ္တဂုဏ်။ နံပါတ်(၂)က ဝိနီတဂုဏ်။ ခု နံပါတ်(၃)က 'ဝိသာရဒဂုဏ်' တဲ့။ ဝိသာရဒဂုဏ်နဲ့ ပြည့်စုံတဲ့ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ၊ ဒီလေးပါးဟာ သာသနာတော်ကို၊ ကျောင်းတိုက်တွေကို သိပ်ပြီးတော့ ကျက်သရေရှိပြီး တင့်တယ်စေနိုင်ပါတယ်တဲ့။ ဝိသာရဒဂုဏ်ဆိုတာ ဘာလဲဆိုတော့ ရဲ့ရှားခြင်းကင်း ရဲတင်းတာ။ ရဲတင်းတယ်ဆိုတာ ကျီးကန်းလို ရဲတင်းတာမျိုး ပြောတာ မဟုတ်ဘူး။ စာပေမှာ ဖွင့်တာက မဟာကုသိုလ် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်ကို ယူရမယ်တဲ့။

www.dhammadownload.com

ဉာဏသမ္ပယုတ် ...၊ ဉာဏ်ယှဉ်နေတဲ့အထဲမှာ ကိုက သောမနဿသဟဂုတ် ...၊ ဆိုတော့ ရွှင်ရွှင်လန်းလန်းနဲ့ လုပ်ငန်းလုပ်စရာရှိရင် တက်တက်ကြွကြွ လုပ်တယ်။ ဒါမျိုးကို ပြောတာ။

ဒါကြောင့်မို့ တပည့်တော် တစ်နေ့ကလည်း စာချဘုန်းကြီး အနုနာယက ဘုန်းကြီးတစ်ပါးကို ခေါ်ပြောတယ်ပေါ့။ ဆွမ်းစားတွေ ဘာတွေ ရှိတဲ့အခါမှာ ကိုယ်က ဒီထဲမှာ အကြီးဆုံးဆိုရင် တပည့်တော်ကနေ လိုက်ခေါ်လို့ မပြောဘဲနဲ့ .. ဥပမာ ဆယ်နာရီ သွားမှာဆိုပါစို့၊ အချိန်နီးပြီဆို ဒီထဲမှာ ငါခေါင်းဆောင်ပဲ၊ ဘယ်ကျောင်းက ဘယ်သူပါတယ်၊ ဘယ်သူကျန်သေးတယ်၊ ဒါမျိုး လိုက်ပြီးတော့ နှိုးဆော်ရတယ်။ နှိုးဆော်ခံရတဲ့ ပုဂ္ဂိုလ်ကလည်း လာပြီးတော့အပြောထိ မစောင့်ဘဲနဲ့ အလိုက်သိသိနဲ့ အချိန်ကျပြီဆို ကိုယ့်ဟာကိုယ် ကြိုတင်ပြင်ပြီးတော့ ဆင်းခဲ့ပါ။ အကြီးကနေ စောင့်ရတယ်ဆိုတာတွေက မကောင်းဘူးပေါ့။ ဒါမျိုးလေးတွေ ဦးဆောင်လုပ်တာဟာ တပည့်တော်တို့ ဝိသာရဒဂုဏ်လို့ ခေါ်တယ်။ ဖျတ်ဖျတ်လတ်လတ်နဲ့ ရဲရဲတင်းတင်းနဲ့ ရွှင်ရွှင်ပြပြနဲ့ ကောင်းတဲ့အလုပ်ကို လုပ်သွားတာမျိုးတွေပေါ့။

စာချတဲ့နေရာမှာလည်း ဒီလိုပဲပေါ့။ သူတို့ကို သိစေချင်တဲ့ စေတနာနဲ့ ကောင်းကောင်းမွန်မွန် ချပေးရင် ဒါလည်း ဝိသာရဒဂုဏ်ပဲ။ တချို့ကျတော့ ဒီလိုမဟုတ်ဘူး၊ သံဃာကြားထဲမှာ လုပ်ရတာ ရုက်သလိုလို ရွံ့သလိုလို၊ အဲဒါဆိုရင် ဝိသာရဒဂုဏ်ပျက်တယ်။ ဝိသာရဒဂုဏ်ပျက်ရင် သံဃာနဲ့ သာသနာတော်၊ ကျောင်းတိုက်၊ ဒါတွေကို တင့်တယ်စေတဲ့စာရင်းထဲ မပါတော့ဘူး။ နောက်ဆုံး ညှိုးနွမ်းအောင် လုပ်တယ်လို့ ဒီလိုပဲ ပြောလို့ရတယ်ပေါ့။ ဒါကြောင့်မို့ ပညာရဲရင့်ပွဲလယ်တင့်ဆိုတာ ကိုယ်က လုပ်တတ်ကိုင်တတ်အောင်လည်း ကြိုးစား။ ခိုင်းပြီဆိုလို့ရှိရင်လည်း စွမ်းအားရှိသမျှ၊ တတ်နိုင်သမျှ ရွှင်ရွှင်လန်းလန်းနဲ့ လုပ်ဆောင်သွား။ ဒါက ဝိသာရဒဂုဏ်။

(၄) ဗဟုဿုတဂုဏ်

နောက် ... နံပါတ်(၄)ဂုဏ်က ဘာလဲဆိုတော့ 'ဗဟုဿုတဂုဏ်'တဲ့။ ဗဟုဿုတဂုဏ်ကတော့ ဒါ တပည့်တော်တို့ ပြောစရာကို မလိုတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ စာပေတွေ သူ့အတန်းနဲ့သူ တက်နေကြတယ်။ ပါဠိတော်တွေ၊ အဋ္ဌကထာတွေ၊ ဋီကာတွေ။ ဓမ္မာစရိယတန်းတွေလည်း တပည့်တော် ပြောနေတယ်။ ပိုက်စိပ်တိုက်ပြီး လုပ်ပါ။ ဘာသာဋီကာဖတ်ပါ။ မကျော်ပါနဲ့။ စာမေးပွဲအောင်ဖို့ထက် စာလေးတွေ အေးအေးဆေးဆေး လုပ်ပြီးတော့ ဒီစာလေးတွေရဲ့ အရသာကို ခံပြီးတော့ လုပ်ပါ။ ဒါမျိုးလေးတွေ လုပ်တဲ့အတွက် သူ့ဟာနဲ့သူ အထိုက်အလျောက် ဗဟုဿုတဂုဏ်၊ ပိဋကတ်သုံးပုံကို နာကြားသင်ယူတဲ့ဂုဏ်ကတော့ ပြည့်စုံနေတယ်ပေါ့ဘုရား။ အခု ဂုဏ်ပြုခံရတဲ့ သံဃာတော်တွေဆိုရင် ဒါ ပြောစရာကို မလိုဘူး။ ကျန်တဲ့သံဃာတွေလည်း ကိုယ့်အတန်းနဲ့ကိုယ် ပြောစရာမလိုဘူးပေါ့။ အားလုံး တပည့်တော်တို့ အထိုက်အလျောက် ပြည့်စုံနေကြတယ်။

(၅) ဓမ္မဓရဂုဏ်

နောက်ပြီးတော့ နံပါတ်(၅)ဂုဏ်က 'ဓမ္မဓရဂုဏ်' တဲ့။ အခုခေတ်ကြီးကတော့ ကွန်ပျူတာခေတ် ရောက်နေတယ်။ စာအုပ်ခေတ်ရောက်နေတော့ အားလုံးကိုတော့ ဆောင်စရာမလိုဘူးပဲ ပြောပါတော့။ သို့သော် ဆောင်သင့်ဆောင်ထိုက်

www.dhammadownload.com

တာကိုတော့ ဆောင်ထားရမယ်။ ဒါကြောင့် ည ညမှာ စာပြန်ပါဆိုပြီးတော့ တပည့်တော် ဒီမှာ အမြဲတမ်းပဲ ပြောနေတယ်။ လိုက်နာတဲ့သံဃာတွေလည်း တော်တော်များလာပါပြီ။ နောက်နှစ်ဆိုရင်တော့ ရာနှုန်းပြည့်လိုက်နာနိုင်အောင်ကိုပဲ စာပြန်တဲ့အချိန် များပေးမယ်။ ဒါမှ ကျန်းမာရေးနဲ့ ကြည့်ရင်လည်း တပည့်တော်တို့ မျက်စိတွေ ဘာတွေ သက်သာပြီးတော့ ထူးချွန်တိုးတက်မှုကလည်း ပိုပြီးတော့ ရှိလာပါလိမ့်မယ်။ ရှေးခေတ်ကတော့ မြတ်စွာဘုရားရှင်ရဲ့ လက်ထက်ကတော့ စာအုပ်စာတမ်းလည်းပဲ မရှိ၊ ကွန်ပျူတာလည်း မရှိတော့ အားလုံး နှုတ်တက် ဆောင်ရွက်ကြရတယ်။ ခုခေတ်ကတော့ အားလုံး မလိုတော့ပါဘူး။ လိုအပ်သလောက်လေး ဆောင်ပြီးတော့ ဆောင်သင့်ဆောင်ထိုက်တာကျတော့ မမေ့အောင်ကို ပြန်ရတယ်။ ဒါကြောင့်မို့ ဒီဂုဏ်ကိုလည်းပဲ ရှိအောင် တတ်နိုင်သမျှ ကြိုးစားရတယ်။ ထိုက်သလောက်လည်း ရှိနေတော့ အထူးပြောစရာ မလိုတော့ဘူး။

ဧကသီရန်းပါ

အဲဒီတော့ နံပါတ်တစ်က 'ဝိယတ္တ' လိမ္မာထက်မြက်ကြရမယ်။ သာသနာမှာ ရောက်လာလို့ ထုံထိုင်းထိုင်း အတတဆိုရင် သာသနာမှာ သိပ်ပြီးတော့ တင့်တယ်စေဖို့ မလွယ်ဘူးပေါ့။ ဒါကြောင့်မို့ မြတ်စွာဘုရားကလည်းပဲ ရှင်ပြုတဲ့အခါမှာ ကန့်သတ်ခဲ့တာလေးတွေ ရှိတယ်။ ရှင်မပြုကောင်းတဲ့ပုဂ္ဂိုလ်သုံးဆယ်ကျော် မဟာဝါမှာ ဟောတဲ့အခါ ပုက္ကုလန်းတာတွေ၊ ကြည့်မကောင်းတာတွေ၊ နားရွက်ပြတ်တာတွေ စသည်ဖြင့် ဒါမျိုးတွေကို ကန့်သတ်ထားတယ်ပေါ့။ နောက် 'ဝိနီတ' ဆိုတာ ယဉ်ကျေးဖို့။ ယဉ်ကျေးဖို့လည်း တပည့်တော်တို့ တတ်နိုင်သမျှ လုပ်နေတယ်။ အရှင်ဘုရားတို့ဘက်က လိုက်နာပါ။ ဒါတောင် သတိရလို့ ပြောဦးမယ်။ ဒီ ကုဋိဘက် သွားပြီဆိုလို့ရှိရင် ဧကသီရန်းရတာလေးကို သိပ်ပြီးတော့ ဝန်လေးနေကြတယ်။ ညနေကလည်း ဦးဇင်းတစ်ပါး တွေ့တယ်ပေါ့။ ဧကသီရန်းပြီး ဟိုကျမှ ချွတ်ထားရင် ကောင်းတာပဲ။ အဲဒီတော့ ဒါလေးတွေကို တချို့ မလိုက်နာသေးဘူးပေါ့။ ရဟန်းတွေ ဖြစ်ပြီးတော့ ဒါလေးတွေက စပြီးတော့ ဝန်လေးနေတယ်ဆို မကောင်းပါဘူး။ ဒါ စကားနားမထောင်တဲ့ သဘောဆိုလို့ရှိရင် တပည့်တော်တို့က ဆက်လက်ပြီးတော့ ထိန်းသိမ်းဖို့ရာ ခက်သွားပါတယ်။ ပြောထားတာလေးတွေကို သေချာလိုက်နာပါ။

တစ်နေ့ကလည်း တွေ့တာပဲ။ တွေ့လိုက်လို့ ရှိရင် ရဟန်းတွေပဲ များနေပါတယ်။ ဧကသီရန်း သွားတာ ဘာမှ ဝန်လေးတာ မဟုတ်ဘူး။ ဒါကိုပဲ သင်းပိုင်လေးနဲ့ သွားတယ်။ ကြည့်ရတာ ဘိုသီဘတ်သီနဲ့၊ သင်္ကန်းကြီးက ချက်လျှောကြီးတွေနဲ့ တော်တော် စိတ်ပျက်စရာကောင်းပါတယ်။ သာသနာကို တင့်တယ်စေမလား၊ ယုတ်နိမ့်စေမလားလို့ ဒါ ကိုယ့်ဟာကိုယ်လည်း တွေးကြည့်ပါ။ ယုတ်နိမ့်စေမယ်လို့ သိရင် တပည့်တော် ပြောတာလေးတွေ ပြုပြင်ပေးပါ။ အားလုံး သဘောပေါက်တယ်နော်။ ဒါကြောင့်မို့ 'ဝိနီတ' ယဉ်ကျေးတဲ့ဂုဏ်။ နောက် ... 'ဝိသာရဒ' လုပ်ငန်းလုပ်တဲ့ နေရာမှာ ရဲရဲတင်းတင်း၊ ဖျတ်ဖျတ်လတ်လတ် လုပ်တဲ့ဂုဏ်။ ဒါလည်းပဲ အရေးကြီးပါတယ်။ 'ဗဟုသုတ' ဆိုတာတော့ တပည့်တော်တို့ စာပေကျမ်းဂန် သင်အံနေတာဆိုတော့ ဗဟုသုတဖြစ်နေပြီ။ ကျန်တဲ့ ဗဟုသုတစာပေတွေလည်းပဲ ဖတ်နေကြတယ်။ နောက် 'ဓမ္မဓရ'

www.dhammadownload.com

စွမ်းအားရှိသမျှ ဆောင်ဖို့လည်းပဲ ပြောပေးနေတယ်။

(၆) ဓမ္မာနုဓမ္မပဋိပန္နဂုဏ်

နောက်ဆုံး အရေးကြီးတာ ဘာလဲဆိုတော့ 'ဓမ္မာနုဓမ္မပဋိပန္နဂုဏ်'တဲ့။ ဒီကနေ့ သံဃာတွေ အနေနဲ့ ကြည့်လို့ရှိရင်လည်း ရှေ့က ဂုဏ်ငါးချက်ကတော့ ထိုက်သလောက် ဂုဏ်ပြုခံရဟန်းတော်တွေ အားလုံး စာချဘုန်းကြီးတွေလည်းဖြစ်တော့ ပြည့်စုံနေပါတယ်။ ဒီ ဓမ္မာနုဓမ္မပဋိပန္နဂုဏ်ကတော့ တပည့်တော်တို့ အမြဲတမ်းပဲ စိစစ်သင့်တယ်ပေါ့။ ကျောင်းတိုက်အတွက် လုပ်ငန်းတစ်ခု လုပ်နေတယ်။ ကိုယ့်အတွက် လုပ်ငန်းတစ်ခုလုပ်နေတယ်။ ဓမ္မာနုဓမ္မပဋိပန္နာ-လောကုတ္တရာတရားကိုးပါးအား လျော်တဲ့၊ လောကုတ္တရာတရားကိုးပါးကို မျက်မှောက်ပြုစေနိုင်တဲ့ သီလ၊ သမထ၊ ဝိပဿနာ၊ ဒါတွေ ဖြစ်ရဲ့လားဆိုတာ ကိုယ့်ဟာကိုယ် အမြဲတမ်းပဲ စဉ်းစားရမယ်။ ဒါလေးကတော့ တပည့်တော်တို့အတွက် မရှိလို့ မဖြစ်ပါဘူး။

တပည့်တော်တို့ အများစု မြန်မာနိုင်ငံမှာ စာသင်နေတဲ့ စနစ်ဟာ ဒီဂုဏ်နည်းနည်းလျော့ရဲ့နေတယ် ထင်တယ်ပေါ့။ စာသင်တယ်ဆိုလို့ရှိရင်လည်းပဲ လာဘသက္ကာရအတွက် သင်လာတာ တချို့တွေ့နေရတယ်။ တစ်ချိန်မှာ အလုပ်လုပ်ဖို့ ဆိုတဲ့စိတ်ထားပါလို့ တပည့်တော် သွန်သင်ပေးနေတယ်။ စာချဘုန်းကြီးတွေကလည်းပဲ မေတ္တာစေတနာ ထားပြီးတော့ သင်ပြပေးပါ။ ကိုယ်က အနှစ်နာခံပြီးတော့ ကြိုတင်ပြီး ကြည့်တန်ကြည့်ပြီးတော့ စိတ်စေတနာ ထားလို့ရှိရင် ဒါတွေဟာ ပါရမီဖြစ်သွားတာပဲ။ သီလအနေနဲ့လည်းပဲ ဝေယျာဝစ္စတွေ လုပ်တယ်။ သမာဓိ၊ သမထ အနေနဲ့ ဘုရားဝတ်တက်တာ၊ မေတ္တာပွားတာ။ ဒါတွေ လုပ်ရတာပဲ။ ဝိပဿနာအနေနဲ့လည်းပဲ စွမ်းအားရှိသလောက် တပည့်တော်တို့ကျောင်းမှာ နည်းနည်းပါးပါး လုပ်နေတယ်။ အဖိတ်နေ့ဆိုရင် အချိန်လေးနည်းနည်း ပိုယူပြီးလုပ်တယ်။ နောက်ပြီးတော့ ရိပ်သာတွေ ဘာတွေ သွားပြီးတော့ အားထုတ်ချင်ပါတယ်ဆိုရင်လည်းပဲ လွှတ်ပေးတယ်ပေါ့။ အဲဒီတော့ လောကုတ္တရာတရားကိုးပါးကို ရှေးရှုသွားတဲ့ သီလ၊ သမထ၊ ဝိပဿနာ၊ ဒါတွေ တပည့်တော်တို့ အကျုံးဝင်ရပါတယ်။

ဝေယျာဝစ္စ

သီလဆိုတာလေး နည်းနည်း ရှင်းပြလို့ရှိရင် သီလဆိုတာ စာရိတ္တသီလ၊ ဝါရိတ္တသီလ၊ နှစ်မျိုးရှိတယ်။ ဒါနဲ့စပ်ပြီးတော့ တပည့်တော် အမြဲပြောပါတယ်။ တစ်နေ့ကလည်း တစ်ခါ ပြောခဲ့ပြီ။ တပည့်တော်တို့ ကျောင်းတိုက်မှာက နဝကမ္မလည်းပဲ အားလုံး ပြည့်စုံတယ်လို့ ပြောမရပါဘူး။ စားဝတ်နေရေးအတွက်လည်းပဲ ဆွမ်းခံတာကို အမှီပြုပြီးတော့ နေရတယ်။ နောက်ပြီးတော့ သဒ္ဓါတရားနဲ့ လျှုတဲ့ ဆွမ်းဆန်တွေ ဆီတွေကို တပည့်တော်တို့ မျှတပြီးတော့ သုံးရပါတယ်။ အဲဒီတော့ ဘာအရေးကြီးသလဲဆိုရင် ဝေယျာဝစ္စဆိုတဲ့ ဒီ စာရိတ္တသီလပိုင်းမှာ တပည့်တော်တို့ အရေးကြီးပါတယ်။ တချို့ကိစ္စတွေမှာ လူငှားခေါ်ပြီးတော့ မလုပ်နိုင်ပါဘူး။ သံဃာတွေ စာပဲကျက်ပြီးတော့ ဘုရားဝတ်လေးတင် တက်ပြီးတော့ နေ၊ အဲဒီလို တပည့်တော်တို့ကျောင်းတိုက်ဟာ ရပ်တည်လို့ လုံးဝ မဖြစ်ပါဘူး။ ဘာတွေ လုပ်ရမလဲဆိုတော့ စာရိတ္တသီလဆိုတဲ့ ဝေယျာဝစ္စကို ကိုယ်တိုင် ဆောင်ရွက်မှဖြစ်ပါတယ်။

www.dhammadownload.com

တောင်မြို့ဆရာတော်ကြီး ရှိစဉ်က ကျောင်းကို ရှုရှုလူမျိုးတွေလာတယ်။ ကျောင်းတိုက်ထဲမှာ သန့်ရှင်းနေတာတွေ့တော့ ဒီကျောင်းတိုက်ကြီးကို ဘယ်သူကများ သန့်ရှင်းအောင် လာပြီးတော့ လုပ်ပေးတာလဲလို့ မေးတယ်။ ဆရာတော်က ဘယ်သူမှ မလုပ်ပါဘူးတဲ့၊ သံဃာတော်တွေပဲ ကိုယ့်စာကိုယ်လုပ်၊ ပရိယတ် ပဋိပတ်လုပ်ရင်းနဲ့ ကိုယ့်ဟာကိုယ်ပဲ ကြိုးစားပြီးတော့ ဆောင်ရွက်လို့ ကျောင်းတိုက်ကြီးက သန့်ရှင်းသာယာနေတာပါဆိုပြီး တောင်မြို့ဆရာတော်ကြီးက ဖြေခဲ့တယ်။ ဒါလေးဟာ ဘာပြနေတာလဲ။ လောကုတ္တရာတရားကိုးပါးအားလျော်တဲ့ စာရိတ္တသီလကို ပြနေတယ်။ တပည့်တော်တို့ ကျောင်းတိုက်တော်တော်များများ ဒီစာရိတ္တသီလပိုင်းမှာ ချွတ်ယွင်းချက်လေးတွေ ရှိနေကြတယ်။

ကျောင်းတိုက်မူဝါဒ

စာရိတ္တသီလ ချွတ်ယွင်းတယ်ဆိုတဲ့ နေရာမှာ ကျောင်းတိုက် သန့်ရှင်းမှုတွေ မရှိဘူး။ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ညီညီညာညာဝတ်မှု၊ စကားပြောဆိုမှု၊ ဒါတွေ စနစ်တကျ မရှိဘူး။ တပည့်တော်တို့ကျောင်းမှာ ဒါတွေ တတ်နိုင်သမျှ ပြည့်စုံအောင် လုပ်ပေးနေတယ်။ စစ်ကိုင်းမြို့အတိုင်းအတာနဲ့ ဆွမ်းခံရာမှာ ဆွမ်းဟင်းက ခက်ခဲတဲ့အတွက် ဝေယျာဝစ္စကို လုပ်ရပါတယ်။ ဝေယျာဝစ္စတွေလည်းလုပ်ရင်းနဲ့ စာသင်မယ်ဆိုတဲ့ စိတ်ဓာတ်ရှိမှ ဒီကျောင်းမှာနေပါလို့ တပည့်တော် ဒီနေရာကနေ ပန်ကြားပါတယ်။ စာချဖြစ်လာရင် လည်း စာလည်း ချမယ်၊ စာလည်းပဲ သင်မယ်။ ကျန်းမာရေး မကောင်းရင်တော့ အထူးခွင့်ပြုချက် တပည့်တော်တို့ လုပ်ပေးရမှာပေါ့။ ကျန်းမာနေပါတယ်ဆိုရင်တော့ တစ်ဖက်က စာလည်း ချ၊ ကိုယ်တိုင်လည်းပဲ အထက်တန်းစာတွေ သင်၊ ဝေယျာဝစ္စလုပ်တဲ့နေရာမှာလည်း တက်တက်ကြွကြွနဲ့ သူက ဘာလုပ်ရင် ကိုယ်က ဘာလုပ်မယ်။ ဒါမျိုးလုပ်ချင်တဲ့ စိတ်ရှိမှ၊ စာရိတ္တသီလကို တကယ်ဖြည့်ချင်မှ တပည့်တော်တို့ ဒီကျောင်းမှာ နေလို့ ဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ဘဲနဲ့ စာလေးတစ်ခုတည်း လုပ်ပြီးတော့ အေးအေးဆေးဆေးနေမယ်ဆိုရင်တော့ ဒီကျောင်းတိုက်မူဝါဒနဲ့ မကိုက်ညီပါဘူး။ ဒါ အရှင်ဘုရားတို့လည်း သိပြီးသားပေါ့။ တပည့်တော် ဓမ္မာနုဓမ္မပဋိပန္နဂုဏ်နဲ့ စပ်ပြီးတော့ ပြောခြင်းဖြစ်ပါတယ်။

သာသနာ့ကျက်သရေဆောင်

ဒါကြောင့်မို့ ဒီဂုဏ်တွေနဲ့ပြည့်စုံမှ သာသနာတော်၊ ကျောင်းတိုက်၊ နိုင်ငံတော်၊ နောက်ဆုံးမှာ တစ်ကိုယ်ရေတစ်ကာယ၊ ကိုယ့်သံဃာအုပ်စုဟာ တင့်တယ်ပြီးတော့ ကျက်သရေရှိနိုင်တယ်တဲ့။ ပြောင်းပြန်ပြန်လိုက်လို့ရှိရင် (၁) ထက်မြက်မှုလည်း မရှိဘူး။ (၂) လိမ္မာယဉ်ကျေးမှုမရှိဘဲနဲ့ ကိုယ်နှုတ်အားဖြင့် ရိုင်းစိုင်းတယ်။ နောက်ပြီးတော့ (၃) ဝိသာရဒ ။၊ ကောင်းတဲ့အလုပ်လုပ်တာတောင် ကြောက်ရွံ့ ကြောက်ရွံ့ဖြစ်နေတယ်။ နောက်ပြီးတော့ (၄) ဗဟုသုတ ။၊ စာပေဗဟုသုတမရှိဘဲနဲ့ မဟုတ်တဲ့ ဗဟုသုတမျိုးတွေပဲ များနေတယ်။ (၅) ဓမ္မဓရ ။၊ စာပြန်ရတာ ပျင်းတယ်။ (၆) ဓမ္မာနုဓမ္မပဋိပန္နဂုဏ် ။၊ လောကုတ္တရာ မဂ်ဖိုလ်တွေ ရစေနိုင်တဲ့ စာရိတ္တသီလ ဝေယျာဝစ္စတွေရော၊ ဝါရိတ္တသီလ ရှောင်ကြဉ်ရမှာတွေရော ပျင်းရိတယ်။ နောက်ဆုံး ဘုရားဝတ်တက်တာကစ ပျင်းနေပြီဆိုလို့ရှိရင် သာသနာတော်ကြီးဟာ အောက်တန်းကျသွားမလား၊ ကျက်သရေရှိသွားမလားဆို အောက်တန်း

www.dhammadownload.com

ကျသွားမှာပဲ။

မြင်တဲ့ပုဂ္ဂိုလ်တိုင်းကလည်း ကျောင်းတိုက်ထဲ ဝင်လာရင် သိပ်ပြီးတော့ ကြည်နူးမှု မရတဲ့အပြင် အထင်သေးမှုတွေ ရှိလာပြီးတော့ သာသနာတော်ကြီးဟာ ဘာမှ ကောင်းကျိုးမဆောင်နိုင်တော့ဘူး။ အခု တပည့်တော်တို့ ကောင်းကောင်းလေး နေလိုက်တယ်ဆိုပါစို့။ ဒကာ ဒကာမတစ်ယောက် ဝင်လာတယ်ဆိုလို့ ရှိရင် 'သြော် ... စိတ်ချမ်းသာလိုက်တာ' ဒါဆို အဲဒီစိတ်ချမ်းသာမှုကို ကိုယ်က ကာယအား၊ ဉာဏအားနဲ့ ပေးရာရောက်တယ်။ စာသင်စာချလုပ်နေတယ်။ ဝေယျာဝစ္စတွေလည်း လုပ်ထားတဲ့အတွက် ကျောင်းတိုက်မှာ သန့်ရှင်းနေတယ်။ ဒါဆိုရင် သူတို့ရဲ့ ကြည်ညိုမှုဖြစ်တာဟာ ကိုယ်က ပေးစွမ်းရာ ရောက်တယ်။ အဲဒီ ကြည်ညိုမှုလေးမှ မပေးနိုင်ရင်၊ ကိုယ်က ပေးဆပ်မှု မရှိရင် သာသနာတော် မြန်မြန်ကွယ်မယ်ဆိုတဲ့စကား ရှိပါတယ်။

ဒါကြောင့်မို့ ယနေ့ ဂုဏ်ပြုခံ သံဃာတော်များနဲ့တကွ ကျောင်းတိုက်သံဃာတော် အားလုံးဟာ သာသနာတော်ကြီးကို တင့်တယ်စေတတ်တဲ့၊ ကျက်သရေရှိစေနိုင်တဲ့၊ အထက်ထိ မြင့်မားပြီးတော့ ဂုဏ်ကျက်သရေတွေ ခဝန်းစေတတ်တဲ့ အဲ့ဒီဂုဏ်အင်္ဂါခြောက်ပါးနဲ့ပြည့်စုံအောင် ကြိုးစား အားထုတ်ပြီးတော့ သံဃာနဲ့ သာသနာတော်၊ ကျောင်းတိုက်နဲ့ လူမျိုး၊ နောက်ဆုံး မြန်မာနိုင်ငံတစ်ခုလုံးကို တင့်တယ်အောင် ကျက်သရေရှိအောင် လုပ်နိုင်သော သာသနာ့အာဏာနည်များ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

အပြစ်မြင်သူနှင့်အပြစ်ပြင်စေသူ

၁၃၆၇ ခု၊ သီတင်းကျွတ်လကွယ်နေ့
၂၀၀၅ ခု၊ အောက်တိုဘာလ ၃၁ ရက်၊ တနလ်္ဂာနေ့ ည

အောင်မြင်စေချင်လို့

မနက်ဖြန်ကစပြီး ဒုတိယဆင့်နဲ့ တတိယဆင့် အရေးကြီးတဲ့အတန်းက ကိုယ်တော်တွေ ဆွမ်းခံမထွက်ဘဲနဲ့ ဆွမ်းခံနားပြီး စာကျက်ဖို့ အားလုံး စီစဉ်ပေးထားတယ်ပေါ့။ တစ်နေ့ကပြောသလိုပဲ တပည့်တော်တို့ကျောင်းက ကိုယ့်ဘာသာကိုယ်ပဲ လုပ်ရတယ်။ စာချရင်း စာသင်ရင်းနဲ့ ဝေယျာဝစ္စတွေ၊ ကျောင်းသန့်ရှင်းရေးတွေ ကိုယ့်ဘာသာလုပ်ရတယ်။ ခု တချို့ကိစ္စတွေ လူငှားနဲ့လုပ်တာတောင် ကျောင်းအတွက် တော်တော်လေး ဝန်ကြီးတယ်ပေါ့။ အဲဒီတော့ လူမငှားနိုင်ဘူး။

စာပေနဲ့ပတ်သက်လို့လည်း ကိုယ့်ဟာကိုယ် စာချ၊ စာသင်၊ ဝေယျာဝစ္စလည်း ကိုယ်ဟာကိုယ်လုပ်၊ ဒီလို လုပ်နိုင်တဲ့စိတ်ထားရှိမှလည်း ဒီမှာနေဖို့ အဆင်ပြေမယ့်အကြောင်း တပည့်တော် တစ်နေ့က ပြောခဲ့တယ်။ ခုလည်းပဲ ရန်ကုန် စာဖြေသွားမယ့် ဒုတိယဆင့်နဲ့ တတိယဆင့်တွေ ဆွမ်းခံနားပြီး စာကျက်ဖို့ စီစဉ်ထားတယ်။ လိုအပ်လာရင် စာနည်းနည်းပါးပါး ဝင်ချနေတဲ့ စာချတန်းသမားတွေ ပြန်ပြီးတော့ ဆွမ်းခံလိုက်သင့်ရင် လိုက်ရမယ်ပေါ့။

ပြောလိုတာက ဘာလဲဆိုတော့ ကိုယ့်ကို စာကျက်ဖို့အတွက် အခွင့်အရေး ပေးထားတာ။ ဒီလို အခွင့်အရေးပေးတာကလည်း ကျောင်းမှာ

www.dhammadownload.com

ပေါလွန်းလို့မဟုတ်ဘူး။ ကျန်တဲ့ကိုယ်တော်တွေက ဆွမ်းခံထွက်ပြီး သူတို့အတွက် အားလုံးလုပ်ပေးထားတာ။ ဘာဖြစ်လို့လဲဆိုတော့ ပင်ပင်ပန်းပန်းနဲ့ ဒီအဆင့်ထိရောက်အောင် စာလုပ်ထားရတာ။ သူတို့ အောင်မြင်စေချင်လို့ တပည့်တော်စီစဉ်ပေးတာ။ သံဃာအများရဲ့ဆန္ဒကလည်း အရှင်ဘုရားတို့ကို အောင်မြင်စေချင်ကြမှာပါပဲ။

အားနာဖို့လို

ဒီနေရာမှာ အခွင့်အရေးရထားတဲ့ ပုဂ္ဂိုလ်တွေကလည်း စိတ်ဓာတ်ရေးရာအရ မစော်ကားမိဖို့ အရေးကြီးတယ်ပေါ့။ ကိုယ့်ကို ပညာကြိုးစားနိုင်အောင် အခွင့်အရေးတစ်ခုပေးထားတာ။ ဒါကို စိတ်ပါလက်ပါ စာမလုပ်ဘူးဆိုရင် သံဃာအားလုံးကိုလည်း စော်ကားရာရောက်တယ်။ စီစဉ်တဲ့တပည့်တော်ကိုလည်း စော်ကားရာရောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အားလုံးရဲ့ ဖြစ်စေချင်တဲ့ဆန္ဒကို ကိုယ်ကလည်း ပဋိညာဉ် ဝန်ခံမှုပြုပြီးပြီဆိုရင် ကိုယ့်ဘာသာကိုယ် စိတ်ဓာတ်ရေးရာ မြင့်မြင့်မားမား၊ မြင့်မြင့်မြတ်မြတ်နဲ့ ကြိုးစားဖို့လိုတယ်။ ဒါလေးကို သတိပေးချင်တယ်။ ဒါ ဖြစ်တတ်တဲ့ သဘာဝမို့ သတိပေးတာပါ။ ကိုယ်ကတော့ ဘာသိဘာသာလေးပဲ နေလိုက်တယ်။ ဒီလို ဘာသိဘာသာနေလိုက်ခြင်းသည်ပင် အားလုံးကို စော်ကားသလိုဖြစ်တယ်။ အားနာဖို့လိုတယ်ပေါ့ဘုရား။

ငါတို့က ဆွမ်းခံမထွက်ရဘူး၊ ဒီကျောင်းတိုက်မှာ ပေါလို့မဟုတ်ဘဲနဲ့ သံဃာတွေက ဆွမ်းခံထွက်ပြီး ငါတို့ကို တတ်နိုင်သမျှ စာကျက်ချိန်ပိုရအောင် လုပ်ပေးတယ်၊ ဒါကြောင့် ငါတို့က ပိုကြိုးစားရမယ်ဆိုပြီးတော့ သံဃာအပေါ်မှာ လေးစားတဲ့စိတ်ဓာတ်၊ မေတ္တာထားတဲ့ စိတ်ဓာတ်တွေနဲ့ ကြိုးစားရင် အလကားလည်း မနေဖြစ်တော့ဘူး။ ကြိုးစားပြီးသားလည်း ဖြစ်သွားတယ်။ ကိုယ့်ရဲ့စိတ်ဓာတ်တွေဟာလည်း တစ်ဆင့်ထက်တစ်ဆင့် ပိုပြီးမြင့်လာတယ်ပေါ့။

တစ်ဦးမေတ္တာတစ်ဦးမှာ

ဆွမ်းခံတဲ့ကိုယ်တော်တွေဘက်ကလည်း ဒီအတိုင်းပဲပေါ့။ 'သြော် ... တတိယဆင့်ဆိုတာ ရောက်နိုင်ခဲတယ်။ ရောက်နိုင်ခဲတဲ့အတန်းကို အသက်အချိန်အကန့်အသတ်ကြားထဲက ရောက်နေတာကို ငါတို့က ဒီလိုဝိုင်းဝန်းကူညီလုပ်ပေးနေရတာပါလား။ ငါတို့ ပါရမီဖြည့်ဖို့ ဖြစ်လာတာပဲ' လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမယ်။ ဘာမှတွက်ကပ်မနေဘဲနဲ့ အတတ်နိုင်ဆုံး ဝိုင်းဝန်းပြီး ကူညီမယ်ဆိုတဲ့ စိတ်ဓာတ်ကလေး ဖြူဖြူစင်စင်နဲ့လုပ်ရင် တစ်ဦးကစေတနာ၊ တစ်ဦးကမေတ္တာ၊ အချင်းချင်း တစ်ဦးကိုတစ်ဦး ကျေးဇူးပြုပြီးတော့ ကျောင်းတိုက်ဟာ တိုးတက်သွားမှာပဲ။

တန်ဖိုးရှိသောနေခြင်း

ဒါနဲ့ စကားမစပ် ပြောဦးမယ်ပေါ့။ အခုဒဏ်ပေးတဲ့အနေနဲ့ မတ်တတ်ရပ်ခိုင်းထားတဲ့ကိုရင် ...။ ဘုရားဝတ်တက်ရာမှာ တပည့်တော်ကြည့်နေတယ်။ သီလယူတုန်းကိုပဲ လက်အုပ်ကောင်းကောင်း မချီဘူး။ လက်ကြီးက ဟိုချိုးဒီချိုးနဲ့။ ကြည့်ရတာ တော်တော်ကြီးကို ရုပ်ပျက်တယ်။ ဒါကို ဘယ်လိုခေါ်သလဲဆိုရင် 'ပရိသဒ္ဒူသက' လို့ ခေါ်တယ်။ ပရိသတ်ကိုဖျက်ဆီးရာရောက်တယ်။ ငြိမ်ငြိမ်သက်သက်နဲ့ လက်အုပ်ကလေးတွေ ကောင်းကောင်းချီထားတဲ့ ပရိသတ်ထဲမှာ ချီထားတဲ့လက်အုပ်ကို ဟိုချိုးဒီချိုး လုပ်နေတာဟာ တော်တော်ကွန်ဒြေပျက်တယ်။ ဒါ

www.dhammadownload.com

ဒီတစ်ကြိမ်တည်းတွေ့လို့ ပြောတာမဟုတ်ဘူး။ ဟိုတစ်နေ့ကလည်း ဒီလိုပဲ စာပြန်လို့ပြီးခါနီး အချိန်မှာ နင်းကန်ဆော့နေလို့ ခေါ်ပြီးဒဏ်ပေးရတယ်။

ဒဏ်ပေးတော့လည်း ရိုရိုသေသေ ဒဏ်ထမ်းတာမဟုတ်ဘူး။ သုံးပါးလုပ်တဲ့အထဲမှာ သူက မျက်နှာက ပြောင်စပ်ပြောင်စပ်နဲ့ ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက် လုပ်တယ်။ ခုလည်း သံဃာကြားထဲမှာ မနေတတ် မထိုင်တတ်နဲ့။ ဒီပုံစံမျိုးနဲ့ဆိုရင်တော့ မဖြစ်ဘူး။ ဒီကျောင်းမှာ နေမယ်ဆိုရင် ဒီကျောင်းက ပြောတဲ့၊ ဆိုတဲ့ စကားလေးတွေကို နားထောင်မှဖြစ်မယ်။ ဒါမှ တန်ဖိုးရှိသော နေခြင်းဖြစ်တယ်။ နားမထောင်ဘဲနဲ့ နေချင်သလို နေမယ်ဆိုရင် ဒီမှာ နေတဲ့အတွက် ဘာတန်ဖိုးမှ တက်လာမှာမဟုတ်ဘူး။ အဲဒါလေး ပြောချင်တယ်။

အားလုံးကိုဆုံးမနေတာ

အခုနတုန်းကလည်း ကိုရင်တစ်ပါး၊ ရှင် ..... ထင်တာပဲ။ တပည့်တော် ကားလမ်းအတိုင်း တက်လာတာကို မြင်ရဲ့သားနဲ့ ခဏလေး ဘေးဖယ်ပြီး ရပ်မနေဘူး။ အာဂန္တုဆရာတော်တွေများမြင်ရင် တပည့်တော် အရှက်ကွဲမယ့်ပုံပဲ။ အဲဒီလို ရပ်နေလို့လည်း တစ်မိနစ်တောင် မကြာပါဘူး။ ဒါကိုပဲ ရှုပ်ရှုပ်ရှုပ်ရှုပ်နဲ့ သွားတယ်။ ဒါတွေဟာ အာဂန္တုဆရာတော်တွေများမြင်ရင် တော်တော်ရှက်စရာကောင်းတယ်။ ဒီအပြုအမူတွေဟာ ကောင်းတဲ့အပြုအမူမဟုတ်ပါဘူး။ ဒါ တပည့်တော် ပြင်ဖို့အတွက် ပြောနေတာ။ သူ့ကို ဦးတည်ပေမဲ့လို့ အားလုံးကို ပြင်စေချင်လို့ ပြောတာ။ နောက်ထပ်ရောက်လာတဲ့ ကိုရင်သစ်တွေကလည်း မှတ်ထားပါ။

လေးစားထိုက်တဲ့ ဆရာသမားနဲ့ တစ်လမ်းတည်း လာမိလျက်ကြုံရင် ဒီယဉ်ကျေးမှုရှိတယ်။ မျက်နှာချင်းဆိုင် တွေ့ရင်လည်း ဘေးဖယ်ပြီး ရပ်တန်ရင် ရပ်ပေးရမယ်။ မလွဲသာလို့၊ ဆရာသမားတွေက ရပ်နေလို့ သွားရမယ်ဆိုရင်လည်း ရှိသေတဲ့အမူအရာနဲ့ ခေါင်းလေးငုံ့ပြီး သွားရတယ်။ ဒါဟာ သာသနာ့ယဉ်ကျေးမှုပဲ။ ဒီကိုရင်နှစ်ပါးကိုတွေ့လို့ ဘွဲ့တပ်ပြီးဆုံးမတာပါ။ ဒါပေမဲ့ ဒါဟာ အားလုံးကို ဆုံးမတာပဲ။ နောင်လည်း တွေ့ရင် တစ်ပါးချင်း ချက်ချင်းခေါ်ပြီး ပြောဖြစ်ရင်လည်း ပြောမယ်။ မပြောဖြစ်လည်း အားလုံးသိစေချင်တယ်ဆိုရင် ဒီပေါ်ကနေ ပြောမယ်။ ခု ရှင် ..... ဆိုရင် နှစ်ကြိမ်ဆက်တိုက်ပဲ။ ဒီလိုမဖြစ်စေချင်လို့၊ ရှောင်စေချင်လို့ ပြောပြဆုံးမနေတာ။

ဆိုရိုးစကားတစ်ခု

နောက်တစ်ခုက အခုအချိန်မှာ ဘာအရေးကြီးဆုံးလဲဆိုရင် ကရဏာတရား သိပ်ပြီး အရေးကြီးနေတယ်။ အရေးကြီးတာတွေကတော့ အများကြီးပေါ့ဘုရား။ တပည့်တော် ဒီနေ့ပြောချင်တာကတော့ ကရဏာတရားပဲ။ မြန်မာစကားပုံတော့ မဟုတ်ဘူး။ ဆိုရိုးစကားတစ်ခု ရှိတယ်။ 'သနားကြင်နာခြင်းဟာ မှန်ကန်ခြင်းထက် ပိုအရေးကြီးတယ်'တဲ့။ အားလုံး သုံးခေါက်လောက် ဆိုကြည့်လိုက်ပါ။

'သနားကြင်နာခြင်းဟာ မှန်ကန်ခြင်းထက် ပိုအရေးကြီးတယ်'

'သနားကြင်နာခြင်းဟာ မှန်ကန်ခြင်းထက် ပိုအရေးကြီးတယ်'

'သနားကြင်နာခြင်းဟာ မှန်ကန်ခြင်းထက် ပိုအရေးကြီးတယ်'

www.dhammadownload.com

ကရဏာနဲ့ကြည့်သင့်

ဒါ နေရာတိုင်းတော့ ယူလို့မရပေမဲ့ တချို့ နေရာတွေမှာ ယူလို့ရတာတွေ ရှိတယ်။ နေရာ တော်တော်များများမှာ ရှိတယ်။ ဒါလေးကို သတိ ထားစေချင်လို့ ပြောတာပါ။ သနားကြင်နာခြင်း ဟာ မှန်ကန်ခြင်းထက် ပိုအရေးကြီးတယ်ဆိုတာ က ကျောင်းတိုက်နဲ့လည်း စပ်ဆိုင်တယ်။ အမှား တွေ့တယ်ဆိုပါတော့၊ မှန်ကန်ခြင်းဘက်က လိုက်ရမယ်ဆိုပြီး တန်းပြီးအပြစ်ယူလို့ မဖြစ် သေးဘူး။ တစ်ခါတစ်ရံ ပြုပြင်လို့ရသလောက် ပြုပြင်ပေးရမယ်။ ပြုပြင်လို့မရရင်တော့ သနား ကြင်နာခြင်းကို စွန့်လွှတ်ပြီးတော့ လုပ်သင့်လုပ် ထိုက်တဲ့ မှန်ကန်ခြင်းတွေကို လုပ်ရတာတွေ အများကြီးပဲ။ လူမှုရေးနဲ့စပ်လာရင်တော့၊ အများ ကိစ္စလည်းမဟုတ်ဘူး၊ ကိုယ်ရေးကိုယ်တာနဲ့ အနစ်နာခံတာနဲ့ စပ်လာရင်တော့ ဒါလေးတွေက သတိထားဆင်ခြင်သင့်တဲ့ အရာလေးတွေလို့ တပည့်တော်ထင်တယ်ပေါ့ဘုရား။ မှန်ကန်ခြင်း ကို အရင်ဦးစားမပေးသေးဘဲ သနားကရုဏာ ထားပြီး စဉ်းစားသင့်သေးတယ်။

အကြီးဖြစ်နေတဲ့ပုဂ္ဂိုလ်တွေကို တပည့်တော် ခဏတိုင်းပြောတာရှိတယ်။ အကြီးဖြစ်တဲ့ပုဂ္ဂိုလ် က အခွင့်အရေးတစ်ခု ပိုယူတယ်ဆိုပါတော့။ ''ဩော် ... ငါ့အောက်က ငယ်တဲ့ပုဂ္ဂိုလ်တွေ ဒီလို အခွင့်အရေးမျိုး မရရှာဘူး။ ငါတို့က ဒီ ထက် ပိုယူလို့ မသင့်ဘူး'' ဆိုပြီးတော့ သနား ခြင်း ကရုဏာနဲ့ ဆင်ခြင်ရတယ်။ အကြီးအကဲ ဖြစ်လာပြီဆိုရင်တော့ မြတ်စွာဘုရားရဲ့ခွင့်ပြုချက် အရလည်း ကြီးတဲ့ပုဂ္ဂိုလ်၊ ကျေးဇူးများတဲ့ပုဂ္ဂိုလ် ဆိုရင်တော့ အခွင့်အရေးပိုပေးရတာရှိပါတယ်။ ဝိနည်းကြောင်းနဲ့ကြည့်ရင် ဒါ မှန်ကန်တဲ့လုပ်ငန်း ပါ။ ဒါပေမဲ့ တစ်ဘက်ကလည်း သနားကရုဏာနဲ့ ကြည့်မယ်ဆိုရင် ကိုယ့်ထက်ငယ်တဲ့ပုဂ္ဂိုလ်တွေမှာ ဒီအခွင့်အရေးကို မရရှာဘူး။ ငါတို့က ဒီအခွင့် အရေးကို ဒီထက်ပိုပြီး မယူသင့်ဘူးလို့ တွေးရ မယ်။ ဥပမာတွေကတော့ အများကြီးပေါ့ဘုရား။ တစ်ခါတစ်ရံ မှန်တယ်ဆိုတာထက် သနား ကရုဏာနဲ့ ကြည့်ရမယ့်အရာတွေကလည်း အများကြီး ရှိတယ်။

စိတ်ကောင်းရှိမှု

မေတ္တာ ကရုဏာဆိုရာမှာ အခုခေတ်ဆို လူတွေဟာ သိပ်ပြီးသနားစရာကောင်းပါတယ်။ စားဝတ်နေရေး၊ စီးပွားရေးအတွက် တစ်နေကုန် တစ်နေခန်း လုပ်နေရတယ်။ တစ်နေ့ကလည်း သောတာပန်ရပ်ကွက်ထဲက ဒကာတစ်ယောက် တပည့်တော်ဆီမှာ အလုပ်လာပြီး တောင်းတယ်။ အလုပ်မရှိလို့ မပေးနိုင်ဘူး။ အခု မြေတူးနေတဲ့ ဒကာတွေလည်း သူတို့အနေနဲ့ လုပ်ငန်းတော်တော် ရှားပါးတယ်။ ရှားပါးတဲ့အတွက် တပည့်တော် တို့က တန်ရာတန်ကြေးပေးပြီး ခိုင်းတယ်ပေါ့။ ဒါကို တပည့်တော်အနေနဲ့ သွားပြီး 'မင်းတို့ကို ငါတို့က ဘယ်လိုပေးထားတာ၊ ဒီလိုမျိုးမလုပ်နဲ့၊ ဟိုလိုမျိုးလုပ်၊ မြန်မြန်လုပ်' အစရှိသဖြင့် မည်သ မတာ သွားလုပ်ရင် မကောင်းဘူးပေါ့ဘုရား။

တောင်မြို့ဆရာတော်ကြီးရဲ့ စည်းကမ်း ၁၀ ချက်ထဲမှာလည်း စိတ်ကောင်းရှိဖို့က ပထမ၊ ဝိနည်းလေးစားဖို့က ဒုတိယ၊ ဒါမျိုးလာတယ်။ စည်းကမ်းထိန်းတာ၊ သီလထိန်းတာတွေဟာ စိတ်ကောင်းပါမှ ပိုပြီးတော့ တန်ဖိုးရှိတတ်တယ်။ လုပ်ငန်းလုပ်နေတာတွေဟာ စိတ်ကောင်းမပါလို့ ရှိရင် မကောင်းဘူး။ စိတ်ကောင်းဆိုတာက စော စောကပြောခဲ့တဲ့ မေတ္တာတွေ ကရုဏာတွေပေါ့။ ဝိနည်းလေးစားတဲ့နေရာမှာလည်း စိတ်ကောင်း

www.dhammadownload.com

နှလုံးကောင်းနဲ့ ယှဉ်မှကောင်းတယ်။ စိတ်ကောင်းနှလုံးကောင်းနဲ့ယှဉ်တဲ့ သီလလုံခြုံမှုက ပိုပြီးတော့ တန်ဖိုးရှိတယ်။ စာပေကျမ်းဂန် သင်အံပို့ချတဲ့နေရာမှာလည်း စိတ်ကောင်းနှလုံးကောင်းရှိမှ တန်ဖိုးက ပိုပြီးတော့မြင့်တယ်။ စောစောက ပြောသလိုပေါ့။ ဝိနည်းတရားဆိုတာ မှန်ကန်တဲ့ တရားတွေပဲ။ ဒါပေမဲ့လည်း တစ်ခါတစ်ရံမှာ ပုံသေကားကျ ယူလို့မရဘဲနဲ့ မှန်ကန်ပေမဲ့လို့ ကိုယ့်ဘက်ကနေ အလျှော့ပေးတာတွေကို တတ်နိုင်သမျှ လုပ်ပေးရပါတယ်။ အားလုံး ဒီလောက် အရိပ်အမြွက်ပြောရင် သဘောပေါက်မယ် ထင်ပါတယ်။

စိတ်ဓာတ်အဆင့်မြင့်လာ

တပည့်တော်က ဒီကျောင်းတိုက်မှာ အကြီးဆုံး။ အခွင့်အရေးအားလုံး ယူလို့ရတယ်။ သို့သော် ကိုယ့်အောက်က လူငယ်တွေကို တတ်နိုင်သမျှ အခွင့်အရေးပေးပြီးတော့ 'ငါ့အတွက် ဒါလောက်ဆိုရင် တော်ပါပြီ' အစရှိသဖြင့် ဒီလို စိတ်ဓာတ်ကလေးတွေနဲ့လုပ်ရင် ကိုယ့်အတွက် ခြိုးခြံတတ်သွားတယ်။ စာချုပ်၊ နာယကတို့ဆိုတဲ့ အကြီးတွေကလည်း တစ်ဆင့်တစ်ဆင့် ညှာတာတဲ့ စိတ်ဓာတ်ကလေးတွေနဲ့နေရင် စိတ်ဓာတ်အဆင့်မြင့်လာတာပဲ။ ဒီလို ကိုယ်ချင်းစာစိတ်၊ ကိုယ်ချင်းစာတရားလေးတွေနဲ့လုပ်ရင် မှန်ကန်ပေမယ်လို့ အခွင့်အရေးတွေ၊ ဘာတွေ မယူချင်တော့ဘူးပေါ့ဘုရား။ ဒီလိုနဲ့ အားလုံးအပေါ်မှာ ငဲ့ညှာတတ်တဲ့ စိတ်ကလေးတွေ ဖြစ်လာရင် ဒီလို ပုဂ္ဂိုလ်တွေဟာ သူတော်စင်ဖြစ်ဖို့ရာ ပိုပြီးလွယ်တယ်။ သူတော်စင်လည်း ပိုပြီးမြန်မြန်ဖြစ်တယ်ပေါ့။ အဲဒါလေးတွေ တပည့်တော်တို့ သတိထားရမယ်။

နည်းနည်းပြော၊များများနားထောင်

နောက်တစ်ခု ပြောချင်တာက တပည့်တော် စာတစ်ခုဖတ်ရတယ်။ တပည့်တော် တတိယဆင့်တွေကို စာချုပ်အခါမှာလည်း ပြောလေ့ရှိခဲ့ဖူးပါတယ်။ စာတစ်ခုကိုပဲဖြစ်ဖြစ်၊ ဗဟုသုတတစ်ခုကိုပဲ ဖြစ်ဖြစ်၊ တတ်နိုင်သမျှ သိအောင်လုပ်ထားဖို့ အမြဲပြောတယ်။ ကျမ်းတွေ ဘာတွေလည်း နှံ့သထက်နှံ့အောင် လုပ်။ ''တစ်ကျမ်းတတ်ရုံ ကျမ်းမစုံ အာဂုံတည်၍ မကိုးနှင့်''တဲ့။ အားလုံး ဆိုကြည့်လိုက်စမ်းပါ။

'တစ်ကျမ်းတတ်ရုံ ကျမ်းမစုံ အာဂုံတည်၍ မကိုးနှင့်'

'တစ်ကျမ်းတတ်ရုံ ကျမ်းမစုံ အာဂုံတည်၍ မကိုးနှင့်'

'တစ်ကျမ်းတတ်ရုံ ကျမ်းမစုံ အာဂုံတည်၍ မကိုးနှင့်'

ဒါ ဘာဖြစ်လို့ပြောတာလဲ။ ကျောင်းတိုက်တွေမှာ အငယ်တွေကများတော့ တစ်ယောက်နဲ့ တစ်ယောက် ငြင်းခုံကြရင်းနဲ့ ရန်ဖြစ်မှုတွေ၊ စိတ်ဝမ်းကွဲမှုတွေ များလာတတ်တယ်။ တပည့်တော် ဘာသာပြန်ကဗျာတစ်ခု တွေ့ဖူးတယ်။ လူတစ်ယောက်မှာ ပါးစပ်ပေါက်က တစ်ပေါက်တည်းရှိတယ်။ ဒါပေမဲ့ မျက်စိကတော့ နှစ်ပေါက်ရှိတယ်။ နားကလည်း နှစ်ပေါက်ရှိတယ်။ ဆိုလိုတာက များများရှိတဲ့ နားတို့ မျက်စိတို့ကို များများအသုံးချပြီးတော့ တစ်ပေါက်တည်းရှိတဲ့ ပါးစပ်ကို သိပ်ပြီးတော့ အသုံးမချပါနဲ့တဲ့။ ကဗျာက အဲဒီသဘောလေး ပြောထားတယ်။ ပါးစပ်ကို အသုံးပြုပြီး တအားပြောနေ၊ ငြင်းနေမယ့်အစား တစ်ဖက်လူ ဘာပြောချင်တာလဲလို့

www.dhammadownload.com

ပသာဒနားရော ဉာဏ်နားရော များများနားထောင်တာက ပိုပြီးတော့ အကျိုးရှိတယ်။ မျက်စိလည်း ဒီလိုပဲပေါ့။ မျက်စိက နှစ်လုံးရှိတယ်။ ပါးစပ်က တစ်ပေါက်တည်းရှိတယ်။ များများပြောတာထက် များများမြင်အောင်ကြည့်တာ ပိုပြီးတော့ တန်ဖိုးရှိတယ်ဆိုတဲ့ အဓိပ္ပာယ်လေးနဲ့ သူတို့ စီထားတယ်။ တပည့်တော် ကဗျာတိတိကျကျတော့ မရတော့ဘူးပေါ့။

ကျမ်းတတ်ထက် ကျမ်းညှိခက်

အဲဒီတော့ သံဃာတွေငယ်တော့ ခုနက ပြောသလို ငြင်းကြ၊ ခုံကြ၊ စိတ်ဝမ်းကွဲကြ။ အဲဒီလိုဖြစ်တော့ တပည့်တော်က ပြောပြတယ်။ တစ်ခုတည်းတတ်ရုံနဲ့ မစုံဘူး။ နည်းနည်းလေး တတ်တာဟာ အန္တရာယ်ရှိတယ်ပေါ့။ လုံးဝ မတတ်ဘူးဆိုရင်လည်း သူက ပါးစပ်ပိတ်ရင်လည်း နေမှာပေါ့။ နည်းနည်းလေးတတ်ပြီဆိုရင် ကျမ်းတွေ၊ ဘာတွေ မညှိတတ်ဘဲနဲ့ ဟိုတုန်းက တပည့်တော် ပြောနေကျအတိုင်းပဲပေါ့။ 'ပရဝန္တာ နုပသိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော' သူများအပြစ်ပြောရင် အာသဝေါတရားတွေ တိုးပွားပြီးတော့ နိဗ္ဗာန်နဲ့ဝေးတယ်။ ဒါကြောင့် သူများအပြစ်ဆိုရင် ဘာမှမပြောတော့ဘူးဆိုပြီး တပည့်တွေမွေးထားပြီး ဘာအဆုံးအမမှ မပေးဘဲ ပစ်ထားရင်လည်း မဟုတ်သေးဘူး။ ဒီဟာလေးတစ်ခုတည်းကို အမှန်ယူလို့ မရသေးဘူး။

နောက်တစ်နေရာကျတော့ ဘယ်လိုလာလဲ ကြည့်ရဦးမယ်။ 'နိဓိနံဝ ပဝတ္တာရံ၊ ယံ ပသေ ဝဇ္ဇဒဿိနံ' အပြစ်ပြပြီး ဆုံးမတဲ့ဆရာသမားကို ရွှေအိုးညွှန်ပြသလို ခံယူပြီးတော့ အဲဒီဆရာသမားမျိုးကို ဆည်းကပ်ပါတဲ့။ အဲဒီစာရဲ့အဖွင့်မှာ ဘာပါသေးသလဲဆိုရင် 'တပည့်တွေတော့ မွေးထားပါရဲ့။ ဒါပေမဲ့ မဆုံးမဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ သာသနာမှာ အမှိုက်ကြဲနေတဲ့ပုဂ္ဂိုလ်' တဲ့။ ဒါမျိုးလေးတွေ ကျမ်းစုံသွားပြီဆိုတဲ့အခါကျတော့ 'သြော် ... အပြစ်ပြောပြီးဆုံးမရတယ်ဆိုတာ စိတ်ထားက အဓိကပါလား။ ပြုပြင်စေချင်တဲ့ စိတ်ထားစေတနာနဲ့ဆိုရင် ပြောကိုပြောရမယ်လို့ မြတ်စွာဘုရားက ဟောထားတယ်။ ဒီလိုမှ မဟုတ်ဘဲ သူတစ်ပါးရဲ့ အပြစ်ကိုပဲ လိုက်ရှာပြီး စောင်းမြောင်းပြီး ပြောတာမျိုးကတော့ လုပ်ကို မလုပ်သင့်ပါလား။ အာသဝေါတရားတိုးပွားကြောင်းပါလား''လို့ ဒီလို ဓမ္မပဒထဲကနေ နှစ်ခုသိသွားပြီး စိတ်စေတနာကောင်းကောင်းနဲ့ ဆုံးမတတ်သွားရင် သာသနာအတွက်လည်း ကျက်သရေရှိသွားတာပဲ။

များများသိအောင်လုပ်

ဒါကြောင့် တပည့်တော်တို့ သိတာက နည်းနည်းလေးသိရင် အန္တရာယ်ရှိတယ်။ တတ်နိုင်သမျှ များများသိအောင် လုပ်ရမယ်။ ချုပ်လိုက်လို့ရှိရင် နည်းနည်းလေးသိရင် အငြင်းသန်တယ်။ များများသိရင် လုံးဝမငြင်းတော့ဘူးတဲ့။ ဘာလို့လဲဆိုတော့ သိတာတွေများသွားတော့ ဘာက ဘယ်လိုဖြစ်တတ်တယ်ဆိုပြီး ဖြစ်သင့်တာလေးတွေကို သဘောပေါက်သွားတယ်။ တစ်ခုတည်း သိထားရင် စောစောကလိုပေါ့။ တစ်နေရာမှာက အပြစ်မပြောရဘူးလို့ လာတယ်။ နောက်တစ်နေရာမှာကျတော့ အပြစ်ကို ထောက်ပြပြောရမယ်တဲ့။ တစ်ခုချင်းသာ သိနေရင် ဒါတွေဟာ အငြင်းပွားဖွယ် ရှိတယ်ပေါ့။ ဒါကြောင့် တတိယဆင့်ကို စာချရင် ဒါလေးတွေ ပြောရတယ်။ တစ်ပါးနဲ့ တစ်ပါး ငြင်းခုံကြပြီး သံဃာတွေကြားထဲမှာ စိတ်ဝမ်းကွဲမှုလေးတွေ ဟိုတုန်းက ရှိခဲ့တယ်။

www.dhammadownload.com

ဒါကြောင့် အဲဒီသဘောလေးတွေကို နှလုံးသွင်းပြီးတော့ များများသိအောင်လုပ်။ မျက်စိနဲ့ များများမြင်အောင်ကြည့်။ နားနဲ့ များများကြားအောင်နားထောင်။ သို့သော် ပါးစပ်ကတော့ ပြောသင့်သလောက်ပဲ ပြောပေါ့။ ပြောသင့်တာထက်ပိုပြီး ပါးစပ်က ဖောင်းပွနေပြီဆိုလို့ရှိရင် ပြဿနာဆိုတာ အများကြီး တက်တော့တာပဲ။ ဒါ ဆင်ခြင်စရာလေးတွေ တပည့်တော် ပြောတာပါ။

မြင်ကွင်းနှစ်ခု

တပည့်တော်တို့ အရေးကြီးဆုံးအရာဆိုတာ ဘာလဲ ပြောပြဦးမယ်။ ပြင်သစ်နိုင်ငံမှာ အဘွားကြီးတစ်ယောက်နဲ့ ဂျင်းဆိုတဲ့ သူ့ရဲ့မြေးကလေးတို့ လမ်းလျှောက်လာကြတယ်။ လမ်းလျှောက်လာတော့ တစ်နေရာမှာ ဘာသွားတွေ့လဲဆိုတော့ ဖိနပ်ဖောက်သည်တစ်ယောက်နဲ့ ဖိနပ်ချုပ်တဲ့သူလူနှစ်ဦး စကားပြောနေတာကို သွားတွေ့တယ်။ ဖိနပ်ဖောက်သည်က ဖိနပ်ချုပ်သူကို အပြစ်တွေပြောပြီးတော့ ဖိနပ်က ဘာကြောင့်ဘာကြောင့် ချွတ်ယွင်းချက်တွေ ရှိနေတယ်၊ ဘာညာဆိုပြီး ပြောနေတယ်။ ဖိနပ်ချုပ်တဲ့ပုဂ္ဂိုလ်က နားထောင်ပြီး ဘာမှပြန်မပြောဘူးတဲ့။ စောဒကလည်း မတက်ဘူးတဲ့။ ဖိနပ်ဖောက်သည် ပြောပြီးတဲ့အခါမှာ ဖိနပ်ဖောက်သည် လိုချင်တဲ့ပုံစံအတိုင်း ပြင်ပြီးချုပ်ပေးလိုက်တော့ အဆင်ပြေသွားတာ တွေ့တယ်ပေါ့။

အဲဒီကနေ လမ်းဆက်လျှောက်တော့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ရောက်သွားတယ်။ ရောက်သွားတော့ အဲဒီဆိုင်မှာ လက်ဖက်ရည်ဝင်သောက်ကြတယ်။ သူတို့အနားမှာလည်း လူတစ်ယောက်က လက်ဖက်ရည်သောက်နေတယ်။ အဲဒီလိုနေတုန်း စားပွဲထိုးတစ်ယောက် ရောက်လာပြီး သူတို့အနားမှာထိုင်နေတဲ့လူကို ပြောတယ်။ 'ဖြစ်နိုင်ရင် ကျေးဇူးပြုပြီးတော့ ခုံလေးနည်းနည်း ရွှေ့ပေးပါလား။ ဒီနားမှာ အလုပ်တစ်ခုရှိနေလို့ပါ'' လို့ တောင်းတောင်းပန်ပန် ပြောတယ်။ အဲဒီလို မေတ္တာရပ်ခံတော့ အခုနကပုဂ္ဂိုလ်က ခုံရွှေ့မပေးတဲ့အပြင် စားပွဲထိုးလေးကို ပြစ်တင်ကြိမ်းမောင်းပြီးတော့ ဒေါသတွေ တဝုန်းဝုန်းထတော့တာပဲတဲ့။ 'ငါ ပိုက်ဆံပေးသောက်တာ၊ အလကားသောက်တာ မဟုတ်ဘူး' အစရှိသဖြင့် ပါးစပ်က အာကျယ် အာကျယ် ဟိုပြောဒီပြော ပြောတယ်ပေါ့။ အဲဒါကိုတွေ့တော့ အဘွားဖြစ်တဲ့ပုဂ္ဂိုလ်က သူ့မြေးကို ပြောတယ်။ 'ငါ့မြေး ... ဒီမြင်ကွင်းနှစ်ခုစလုံးကို သေသေချာချာ မှတ်ထား'' တဲ့။

ရှုထောင့်နှစ်သွယ်

တစ်ယောက်သော ပုဂ္ဂိုလ်ကတော့ ဖိနပ်ဖောက်သည်က လာပြီးတော့ ပြစ်တင်ကြိမ်းမောင်းတဲ့အခါမှာ အသေအချာနားထောင်ပြီး စောဒကမတက်ဘဲ ဖောက်သည်စိတ်ကျေနပ်အောင် ပြင်ပေးလိုက်တယ်။ တစ်ယောက်သော ပုဂ္ဂိုလ်ကတော့ လက်ဖက်ရည်လာသောက်တယ်။ ဟိုက မေတ္တာရပ်ခံတယ်။ ဖြစ်နိုင်ရင် နည်းနည်းလေး ရွှေ့ပေးပါလို့ မေတ္တာရပ်ခံတာကို မရွှေ့ပေးတဲ့အပြင် ဒေါသတွေ တဝုန်းဝုန်းထပြီး ကြိမ်းတော့တာပဲ။ ဒီနှစ်ယောက်ကို အခြေပြုပြီး အဘွားကြီးက သူ့မြေးကို ဆုံးမတယ်။

'ငါ့မြေး ... လောကမှာ တာဝန်တစ်ခုကို ကျေကျေနပ်နပ်နဲ့ အသုံးကျအောင် ဆောင်ရွက်တတ်တဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ကို အခြားပုဂ္ဂိုလ်တွေက အသုံးမကျတဲ့ပုံစံမျိုး ဆက်ဆံတာတောင်မှ စိတ်ထဲမှာ ဘာမှအနှောင့်အယှက် မဖြစ်ဘူး။

www.dhammadownload.com

တစ်ခါတစ်ရံ တာဝန်တွေကို အသုံးကျအောင် မထမ်းဆောင်နိုင်ကြတဲ့ ပုဂ္ဂိုလ်တွေကျတော့ သူတို့ကိုယ်သူတို့ အရေးကြီးဆုံးလူလို့ ထင်တတ်ကြတယ်။ ကိုယ့်ရဲ့ချွတ်ယွင်းချက်တွေကိုလည်း ကိုယ့်ရဝိုင်ခွင့်ရဲ့ နောက်ကွယ်မှာ ပုန်းလျှိုးကွယ်လျှိုးနဲ့ ထားတတ်ကြတယ်''လို့ သင်ခန်းစာပေးလိုက်တယ်။ အဲဒါလေးကို မှတ်ထားရင် တပည့်တော်တို့ စာသင်တိုက်တွေနဲ့လည်း သိပ်ပြီးတော့ အဆင်ပြေပါတယ်။

လူဝယ်နှစ်မျိုး

တပည့်တော်လည်း အရင်တစ်ခါ ဒါမျိုး ဆန်ဆန် ပြောခဲ့ဖူးပါတယ်။ ကျောင်းတိုက်အတွက် တကယ်စာချနေတယ်။ တကယ်အလုပ်လုပ်နေတယ်။ ငါ့အတွက်က အရေးမကြီးဘူး၊ ကျောင်းတိုက်တိုးတက်ဖို့က ပိုအရေးကြီးတယ်၊ သာသနာတိုးတက်ဖို့က ပိုအရေးကြီးတယ်ဆိုပြီး စာသင်စာချလုပ်တယ်။ ဝေယျာဝစ္စလုပ်တော့လည်း ကိုယ်ကပဲ ပိုအနစ်နာခံပြီးလုပ်တယ်။ အဲဒီလို ပုဂ္ဂိုလ်တွေဟာ အပြစ်ပြောတာနည်းတယ်။ တချို့ဆို လုံးဝတောင် ပြောတယ်မထင်ဘူး။ ပြောတဲ့အခါမှာလည်း အပြစ်အနေနဲ့ ပြောတာမဟုတ်ဘဲ ဒါလေးကတော့ ဘယ်လိုဘယ်လိုများနေပါတယ်၊ ဘယ်လိုဖြစ်သင့်တယ်လို့ ဒါမျိုးအကောင်းမြင်စိတ်နဲ့ ပြောတာပဲ များမယ်ထင်ပါတယ်။ အရှင်ဘုရားတို့ ဒါလေးကို သတိထားပါ။ အတုလည်းယူပါ။

အခု ဖိနပ်ချုပ်သမားကိစ္စကိုပဲ ကြည့်ပါ။ ဖိနပ်ချုပ်သမားဟာ မိသားစုဝမ်းရေးအတွက်၊ ဖိနပ်စီးတဲ့ဖောက်သည်တွေအတွက် အင်မတန်မှ တာဝန်ကျေအောင် ဆောင်ရွက်ပေးတတ်တယ်။ အဲဒီလို တာဝန်ကျေပွန်အောင် ဆောင်ရွက်တတ်တဲ့၊ အသုံးကျတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဖောက်သည်က အပြစ်တင်တဲ့အခါမှာ ဒေါသမထွက်ဘဲ၊ စောဒကမတက်ဘဲနဲ့ တစ်ဖက်လူကျေနပ်အောင် လုပ်ပေးလိုက်တယ်။ သူဟာ တာဝန်ကို ကျေပွန်အောင်၊ အသုံးကျအောင် လုပ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဘာမှ ဘယ်သူ့ကိုမှ အပြစ်မတင်ဘူး။ ကိုယ့်အလုပ်ကိုပဲကိုယ် ဆက်လုပ်သွားတယ်။

ဝေဖန်နေမယ့်အစား

စောစောက အားလို့ယားလို့ လာပြီး လက်ဖက်ရည်ဆိုင်ထိုင်နေတဲ့ပုဂ္ဂိုလ်ကျတော့ တာဝန်ဝတ္တရားတွေကို အသုံးကျအောင် လုပ်သလားလို့ စဉ်းစားမယ်ဆိုရင် ဒီလို လာလာထိုင်နေမှတော့ စိတ်က ပေါ့လို့လည်း ပါမှာပေါ့။ အဲဒီတော့ ဒီပုဂ္ဂိုလ်က သူ့ကိုယ်သူ အရေးကြီးဆုံးပုဂ္ဂိုလ်လို့ နည်းနည်းလည်း ထင်နေတတ်တယ်ပေါ့။ ဒီတော့ သူ့ကို ခုံလေးဖယ်ပေးဖို့အကူအညီတောင်းတဲ့အခါ 'ငါက ပိုက်ဆံလည်း ပေးသောက်ရသေးတယ်၊ သူတို့ကလည်း ဖယ်ခိုင်းသေးတယ်'ဆိုပြီးတော့ အာကျယ်အာကျယ်နဲ့ ပြောတော့တာပဲ။

တပည့်တော် ဟိုတုန်းက ပြောခဲ့သလိုပါပဲ။ စာချဆိုရင်လည်း စာချလိုင်း၊ ဝေယျာဝစ္စဆိုရင်လည်း ဝေယျာဝစ္စလိုင်း၊ တကယ်အရေးကြီးတဲ့ လုပ်ငန်းတွေကို တကယ်လုပ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဟိုပြောဒီပြော၊ ဟိုပုတ်ခတ်ဒီပုတ်ခတ်၊ ဒါမျိုး မလုပ်ဘူးဆိုတာ ထင်ရှားပါတယ်။ ခုနကလိုပေါ့၊ ကိုယ့်အတွက်ကလေးသာ ကိုယ်သိပြီးတော့ အားလုံးအတွက် လုပ်မပေးတဲ့ ပုဂ္ဂိုလ်တွေကတော့ ဟိုပြောဒီပြော၊ ဟိုဝေဖန်ဒီဝေဖန်နဲ့ တအားဝေဖန်တတ်ပါတယ်။ အဲဒီတော့ ဝေဖန်နေမယ့်အစားဘာကို ဘယ်လိုလုပ်ရင်ကောင်းမယ်လို့ လာပြီးတိုင်ပင်ဆွေးနွေးတာက ပိုပြီးကောင်းပါတယ်။

www.dhammadownload.com

ဒါလေးကို ဖတ်ပြီးတော့ တပည့်တော် ခု ထပ်ပြောချင်လို့ ပြောတာပါ။

အရေးပါတဲ့ပုဂ္ဂိုလ်

အဲဒီတော့ ချုပ်လိုက်ရင် ကိုယ့်ကိုယ်ကိုယ် အရေးကြီးတယ်လို့ ထင်နေတဲ့လူတွေဟာ အသုံးကျတဲ့၊ အသုံးဝင်တဲ့ အလုပ်တွေကို မလုပ်ဘူး။ အဲဒီလိုလူတွေဟာ ကိုယ့်ထိလာရင် ပြန်အော်မယ် ဆိုတဲ့စိတ်တွေ ရှိထားတော့ ဒေါသတွေ ကြီးလာတယ်။ ပါးစပ်ကလည်း ဗျစ်တောက်ဗျစ်တောက်နဲ့ ဟိုပြောဒီပြော ပြောလာတတ်တယ်။ အဲဒါမျိုးတွေ ရှောင်ကြဉ်လို့ရှိရင် စိတ်ဓာတ်မြင့်မားလာမယ်။ ဒီကျောင်းတိုက်ကနေ တခြားသွားပြီး ကိုယ်ပိုင် ကျောင်းတွေမှာ ကျောင်းထိုင်ပဲလုပ်လုပ်၊ တခြား ကျောင်းတိုက်တွေမှာ စာချဘုန်းကြီးပဲ သွားဖြစ်ဖြစ်၊ ကိုယ်က ဒါတွေကို နားလည်ထားရင် ကိုယ်တိုင်လည်း စိတ်ဓာတ်မြင့်မားမယ်။ တခြား သူတွေကိုလည်း စိတ်ဓာတ်မြင့်မားအောင် ပြင်နိုင်မယ်။ ဒါဆိုရင် တပည့်တော်တို့ရဲ့ သာသနာကြီးဟာ တိုးတက်ကြီးပွားလာမယ်။

တပည့်တော်တို့ကျောင်းတိုက်မှာလည်း သာသနာ့လုပ်ငန်းတွေကို ကျေပွန်အောင် ဆောင်ရွက်တဲ့ပုဂ္ဂိုလ်တွေ များလာရင်၊ သံဃာအတွက် အနစ်နာခံမယ်ဆိုတဲ့ပုဂ္ဂိုလ်တွေ များလာရင် စကားပြောဆိုမှုတွေလည်း နည်းလာမယ်။ မဟုတ်တာဝေဖန်တဲ့ပုဂ္ဂိုလ်တွေလည်း နည်းလာမယ်။ ဒီအခါမှာ အားလုံး ညီညွတ်မှုတွေ ဖြစ်ပြီးတော့ အလုပ်လည်း ပိုပြီးအောင်မြင်လာမယ်။

ဒါကြောင့် အားလုံး ကိုယ်စီကိုယ်စီ လုပ်ငန်းတာဝန်၊ သာသနာ့တာဝန်များကို အသုံးကျအောင်၊ ကျေပွန်အောင် လုပ်နိုင်သော သာသနာ့အာဇာနည်များဖြစ်ပြီးတော့ အရေးပါအရာရောက်တဲ့ပုဂ္ဂိုလ်တွေဖြစ်အောင် ကြိုးစားနိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

သူမတော်လည်း ကိုယ်ကောင်းပါ

၁၃၆၇ ခု၊ တန်ဆောင်မုန်းလပြည့်နေ့
၂၀၀၅ ခု၊ နိုဝင်ဘာလ ၁၅ ရက်၊ အင်္ဂါနေ့ ည

နှစ်စဉ်ရှောင်ကြဉ်ပါ

ဒီနေ့ တပည့်တော်တို့ တန်ဆောင်မုန်းလပြည့်နေ့ ရောက်ပြီ။ တန်ဆောင်မုန်းလပြည့်နေ့ဆိုတော့ ခါတိုင်းခါနှစ်တွေလို ပြောရမှာပဲ။ ပံသုကူဝှက်တာ၊ ပံသုကူရှာတာတွေ လုံးဝ မလုပ်ပါနဲ့။ အကျိုးနဲ့အပြစ် စိစစ်လိုက်တဲ့အခါ ပံသုကူဝှက်တာ၊ ပံသုကူရှာတာတွေက စာသင်တိုက်အတွက် အကျိုးထက် အပြစ်က ပိုများတယ်။ အကျိုးမဲ့မဖြစ်စေဖို့ ဒါကို အားလုံးရှောင်ကြဉ်ပါ။ ရှာတဲ့ပုဂ္ဂိုလ်ကလည်း မရှာပါနဲ့။ ဝှက်တဲ့ပုဂ္ဂိုလ်ကလည်း မဝှက်ပါနဲ့။ တပည့်တော်တို့ နှစ်စဉ်လုပ်နေကျအတိုင်း စာရေးတံမဲ ချပြီးတော့ ကိုယ်တတ်နိုင်သလောက် လှူကြ။ ဒါပဲ လုပ်ကြပါ။

ဒီတန်ဆောင်မုန်းလပြည့်နေ့ဟာ အဇာတသတ်မင်းက မေးလျှောက်လို့ မြတ်စွာဘုရားက သာမညဖလသုတ္တန်ကို ဟောကြားတော်မူတဲ့နေ့ပဲ။ ရဟန်းပြုရခြင်းရဲ့အကျိုးတွေ မေးလျှောက်တဲ့အတွက် သာသနာတော်မှာ အင်မတန်မှထင်ရှားတဲ့ ဒီ သာမညဖလသုတ္တန် ပေါ်ပေါက်လာတာပဲ။ ဒီလိုနေ့မျိုးမှာ သွားပြီးတော့ လူတွေလို ပစ္စည်းခိုးတာ၊ ပစ္စည်းဝှက်တာတွေ မလုပ်ကြပါနဲ့။ ဘုရားလက်ထက်ကလည်း လူတွေက ကြတ္တိကာနက္ခတ်နဲ့ ယှဉ်တယ်ဆိုပြီး ဟိုလုပ်ဒီလုပ် လုပ်ကြတာ။ ဒီဗမာပြည်မှာလည်း ယဉ်

www.dhammadownload.com

ကျေးမှုကနေ တိမ်းစောင်းပြီးတော့ ပစ္စည်းတွေဘာတွေ ခိုးတာ၊ ဝှက်တာအထိ ဖြစ်သွားတယ်။ ဒါကိုပဲ တပည့်တော်တို့က အတုခိုးတာမျိုး မဖြစ်ပါစေနဲ့။ ရဟန်းတွေအတွက် ဒါမျိုးကိစ္စကို မဆိုထားနဲ့၊ စောစောကပြောတဲ့ ပံသုကူကိစ္စတောင် ကြည့်ရတာလည်း မကောင်းပါဘူး။ အကျိုးရလဒ် အနေနဲ့လည်း မကောင်းဘူး။ အိပ်ရေးပျက်တာ၊ ပြစ်မှုတစ်ခုခု လွန်ကျူးတာ ဒါမျိုး ဖြစ်တတ်တယ်။ ဒါကြောင့် ဒီကျောင်းတိုက်အတွက်တော့ နှစ်စဉ်နှစ်တိုင်း ဒါမျိုးတွေ ရှောင်ကြဉ်ပေးဖို့ အားလုံးကို တပည့်တော် ထပ်ပြီးတော့ သတိပေးပါတယ်။

ရှောင်သီလနဲ့ဆောင်သီလ

နောက်တစ်ခု သတိပေးချင်တာက ဘာလဲဆိုတော့ အရင်လည်း ပြောနေကျအတိုင်းပါပဲ။ တပည့်တော်တို့ သီလသိက္ခာဆိုရာမှာ ဝါရိတ္တသီလဆိုတဲ့ ရှောင်ကြဉ်စရာသီလတွေ ရှိသလို၊ စာရိတ္တသီလဆိုတဲ့ ကျင့်သုံးစရာသီလတွေလည်း ရှိတယ်။ ရှောင်သီလနဲ့ ဆောင်သီလလို့ ခေါ်တယ်။ ကျင့်သုံးရမယ့် စာရိတ္တသီလ (သို့မဟုတ်) ဆောင်ထားရမယ့် ဆောင်သီလဟာလည်း သိပ်ပြီးတော့ လိုအပ်ပါတယ်။ ကတညုတာ၊ ကတဝေဒိတာ၊ သူတစ်ပါးကျေးဇူးတွေကို စိတ်ထဲကနေပြီးတော့ သိတတ်တာ၊ သိတဲ့အတိုင်းလည်း ပြန်ပြီးတော့ ကျေးဇူးဆပ်တာ၊ ဒါတွေဟာ တပည့်တော်တို့ သူတော်ကောင်းလက္ခဏာတွေထဲမှာလည်း ပါတယ်။

လူဆိုရင်လည်း ငါးပါးသီလ၊ ရဟန်းဆိုရင်လည်း ရဟန်းသီလ လုံရုံလေးနဲ့ သူတော်ကောင်းစာရင်း ဝင်ဖို့မလွယ်ဘူးပေါ့ဘုရား။ ခုနကလို ကျေးဇူးသိတတ်တဲ့စိတ်ဓာတ်၊ သိတဲ့အတိုင်းလည်း ကျေးဇူးကို စွမ်းအားရှိသမျှ ပြန်ပြီးတော့ ဆပ်တတ်တဲ့စိတ်ဓာတ်၊ ဒီစိတ်ဓာတ်တွေဟာ စာရိတ္တသီလဆိုတဲ့ ကျင့်ရမယ့်သီလထဲမှာ ထည့်လို့ရတယ်။ ဒါကြောင့် သီလဆိုရာမှာ စာရိတ္တသီလ ရှောင်သီလရော၊ ဝါရိတ္တသီလ ဆောင်သီလပါ ယူမှ ပြည့်စုံတယ်။ ဒါကြောင့် ကျေးဇူးသိတတ်တယ်၊ သိတတ်တဲ့အတိုင်း ကျေးဇူးပြန်ဆပ်တယ်ဆိုတဲ့ တရားကို လူမှုကျင့်ဝတ်သိက္ခာဆိုပြီးတော့ တပည့်တော်တို့ မြန်မာမှုနယ်ပယ်မှာလည်း စာတွေ၊ ဘာတွေ ရေးကြတယ်ပေါ့။ ဒါဟာလည်း ကိုယ်ကျင့်သီလတစ်ခုပေါ့။ ဒါမပါဘဲ ဝါရိတ္တသီလလေးပြည့်စုံပြီဆိုပြီး အေးအေးဆေးဆေးနေရုံနဲ့တော့ အကျိုးဖြစ်ထွန်းမှုက နည်းဦးမှာပဲ။ စာရိတ္တသီလကိုလည်း စွမ်းအားရှိသမျှ ကျင့်ပေးရမယ်။

ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ

ဒကာ၊ ဒကာမတွေကို ကြည့်လိုက်ပေါ့။ တပည့်တော်တို့နဲ့ ဆွေမျိုးလည်းတော်တာ မဟုတ်ဘူး။ ဘာမှလည်း တော်တာမဟုတ်ဘူး။ ဒါပေမဲ့ ကုသိုလ်တွေ လာပြုကြတယ်။ ကြည်ညိုပြီးတော့ ပစ္စည်းလည်း အကုန်အကျခံတယ်။ ပစ္စည်းအကုန်အကျခံတဲ့အပြင် ကိုယ်တိုင်လည်း လူပင်ပန်း၊ စိတ်ပင်ပန်းခံပြီး ချက်ပြုတ်ပြီးတော့ ဆွမ်းကပ်ကြတယ်။ ဘာလို့လဲ။ တပည့်တော်တို့ သံဃာတော်တွေဟာ 'သုပ္ပဋိပန္နော' ကောင်းကောင်းကျင့်နေကြတယ်၊ သာသနာကြီးအတွက် တကယ်ကို အားထားရတယ်ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ လှူနေကြတာ။ အဲဒီတော့ ဒကာ၊ ဒကာမတွေဟာ သံဃာတွေအတွက် ကျေးဇူးများတယ်။

တစ်ခါ ဒကာ၊ ဒကာမတွေဘက်က ကြည့်ရင်လည်း သံဃာတော်အရှင်မြတ်တွေဟာ စာပေ

www.dhammadownload.com

မှာ လာတဲ့အတိုင်း တကယ်ကျင့်သုံးနိုင်တဲ့ အရာလေးတွေကို ကိုယ်စွမ်းအားရှိသမျှ ကျင့်သုံးနည်းလေးတွေကို ဟောပြောပေးနေတယ်။ အသံနေအသံထားဆိုတာက တစ်ကဏ္ဍထားလိုက်တော့။ သူတို့ လက်တွေ့ဘဝမှာ တကယ်ကျင့်သုံးနိုင်တာလေးတွေကို ကိုယ်က ဟောပြောပေးနေပြီဆိုရင် သူတို့လည်း တစ်လုံးတစ်ပါဒဖြစ်ဖြစ် နှစ်နှစ်ကာကာ နားလည်သွားပြီ၊ ကျင့်သုံးသွားပြီဆိုရင် သံဃာတွေရဲ့ကျေးဇူးဟာလည်း ဒကာ၊ ဒကာမတွေအပေါ်မှာ များပါတယ်။ ဒါကြောင့် 'ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ' ဆိုသလို အချင်းချင်း ကျေးဇူးတရား ပြုနေကြတယ်။ ဒီကျေးဇူးတရားတွေကို စိတ်ထဲကနေ သိပေးရတယ်။ ဒါကြောင့်မို့ တပည့်တော်တို့ သံဃာတွေဘက်က ဒကာ၊ ဒကာမတွေ စိတ်ပျက်သွားစေမယ့် ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေကို ရှောင်ကြဉ်ပေးရမယ်။ ဒါဟာ ဒကာ၊ ဒကာမတွေရဲ့ ကျေးဇူးကိုသိပြီး ကျေးဇူးဆပ်ရာ ရောက်တယ်။ ဒါက ဒကာ၊ ဒကာမတွေနဲ့ သံဃာတော်အရှင်မြတ်တွေရဲ့ အပိုင်းပေါ့။

အချင်းချင်းကျေးဇူးရှိ

နောက် ... သံဃာတော်အရှင်မြတ် အချင်းချင်းမှာလည်း ဆရာတပည့်ဆိုတဲ့ ကျေးဇူးတရားတွေ ရှိတာပဲ။ အထူးသဖြင့် တပည့်တော်တို့ ဆရာတွေရဲ့ကျေးဇူးဆိုတာ တပည့်တွေအပေါ်မှာ ရှိတယ်။ အဲ- တပည့်တွေရဲ့ကျေးဇူးကို ပြန်ပြီးကြည့်မယ်ဆိုရင်လည်း ဆရာသမားတွေအပေါ်မှာ ရှိတယ်။ တပည့်တော်တို့ဘက်က ဘယ်လိုတွက်ရမလဲဆိုတော့ ကိုယ့်မှာ သူတို့ရှိတဲ့အတွက် စာသင်စာချကိစ္စတွေ ဆောင်ရွက်ရတယ်၊ ဒီလို ဆောင်ရွက်တဲ့အတွက် ကိုယ့်မှာ အသိဉာဏ်တွေ တိုးလာတယ်၊ ကုသိုလ်ပါရမီတွေလည်း ဖြစ်တယ်။ ဒီဘဝနဲ့ အဆုံးမသတ်ရဘဲ ဘဝသံသရာဆက်ရဦးမယ်ဆိုရင် ပညာပါရမီ၊ ကုသိုလ်ပါရမီ၊ ဒီဓာတ်ခံကောင်းတွေဟာ သူတို့ကြောင့် ဖြစ်ရတာဆိုပြီး ဒီလိုကြည့်ရင် တပည့်တွေရဲ့ကျေးဇူးဟာ ဆရာတွေအပေါ်မှာ ရှိတာပဲ။

ဆရာတွေရဲ့ကျေးဇူး တပည့်တွေအပေါ်မှာ ရှိတာကတော့ အထူးရှင်းပြစရာ မလိုတော့ဘူး။ ဒီမှာဆိုရင် တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ကြီးရဲ့ အစဉ်အလာအတိုင်း တပည့်တွေရဲ့ စားဝတ်နေရေးကို ပြေလည်အောင် လုပ်ပေးတယ်။ ပညာရေးတွေ တိုးတက်အောင် လုပ်ပေးတယ်။ ဒီကြားထဲမှာ အပျင်းထူနေတဲ့တပည့်တွေဆိုရင် အပျင်းနည်းသွားအောင် ဩဝါဒတွေပေးပြီးတော့ သာသနာအတွက် တန်ဖိုးရှိတဲ့ ကျောက်ကောင်းသဖွယ် ရဟန်းတော်တွေဖြစ်အောင် တတ်နိုင်သမျှ လုပ်ပေးနေတော့ တပည့်အပေါ်မှာ ဆရာသမားရဲ့ကျေးဇူးတွေကတော့ ပြောလို့ကို မရတော့ဘူး။ အများကြီးဖြစ်သွားပြီ။ ဒါကြောင့် အချင်းချင်း ကျေးဇူးရှိတယ်ဆိုတာကိုတော့ အားလုံး သဘောပေါက်စေချင်တယ်ပေါ့။ ဆရာတွေရဲ့ကျေးဇူးက တပည့်တွေအပေါ် ရှိတာတော့ အားလုံးသိကြတယ်။ တပည့်တွေရဲ့ကျေးဇူး ဆရာတွေအပေါ်မှာ ရှိပုံဟာလည်း ခုနကလို ကျေးဇူးတင်တဲ့နည်းနဲ့ ကြည့်ရင် စေ့စေ့တေးလေ မြင်နိုင်တဲ့အရာတွေ ဖြစ်တယ်။

မမျှော်လင့်ပါနဲ့

အဲဒီတော့ ဒီနေ့ တပည့်တော်ပြောချင်တာက ကတညုတာ၊ ကတဝေဒိတာဂုဏ်နဲ့ စပ်ပြီးတော့ တပည့်တွေအပေါ်မှာ ဆရာတွေဘက်က ထားရမယ့် စိတ်ထားကို နည်းနည်းလေးပြောချင်တယ်

www.dhammadownload.com

ပေါ့ဘုရား။ ကျေးဇူးသိတယ်၊ ကျေးဇူးကို ပြန်ဆပ်တယ်ဆိုတာဟာ လောကမှာ အင်မတန်မွန်မြတ်တဲ့ လူ့ကျင့်ဝတ်သိက္ခာတစ်ခုပဲ။ တပည့်တော်တို့က ဆရာသမားဖြစ်လာပြီဆိုရင် တပည့်တွေကို ကျေးဇူးပြုတဲ့အနေနဲ့ စာသင်စာချလုပ်ပေးတယ်။ တပည့်တွေကို ဆုံးမပေးတယ်။ တတ်နိုင်သမျှ သူတို့ကျန်းမာရေးကို စောင့်ရှောက်ပေးတယ်။ စားဝတ်နေရေး ဖြေရှင်းပေးတယ်။ ဒါတွေ လုပ်တဲ့အတွက် တပည့်တော်တို့ ဆရာသမားတွေဘက်က စိတ်ထားရမှာက မျှော်လင့်ချက်တွေ မထားဖို့ပဲ။ မျှော်လင့်ချက်ဆိုတာ အတွက်နဲ့စပ်တဲ့ မျှော်လင့်ချက်ပေါ့။

ဒီလိုလုပ်ပေးလိုက်ရင် ကိုယ့်အပေါ်မှာ ကျေးဇူးသိလိမ့်မယ်။ ကျေးဇူးသိပြီးတော့ တစ်ချိန်မှာ ကျေးဇူးဆပ်နိုင်ရင် ဆပ်လိမ့်မယ်။ ဒါမျိုး မမျှော်မှန်းတာ ပိုကောင်းတယ်။ မျှော်မှန်းရင် ပြဿနာတွေ တက်တတ်တယ်။ တစ်ခါတစ်ရံ ကိုယ်ထင်ထားတာက ကိုယ်က သူတို့အပေါ်မှာ ကျေးဇူးတရားတွေ များနေတယ်။ များတော့ တစ်ချိန်မှာ သူတို့ကြီးပွားလာပြီး ကိုယ့်အပေါ်မှာ ဘာသိဘာသာနေရင် ပူပင်သောကတွေရောက်ပြီး စိတ်ထဲမှာ တမြည့်မြည့်ဖြစ်တတ်တယ်ပေါ့ဘုရား။ အဲဒါ ဘာလဲဆိုတော့ ကိုယ့်စိတ်စေတနာမသန့်ရှင်းခဲ့တဲ့အတွက် ခံစားရတဲ့ဒုက္ခပဲ။ ဒါကြောင့်မို့ သန့်သန့်ရှင်းရှင်း မျှော်လင့်ချက်ကင်းကင်းနဲ့လုပ်ပေးတာ ကောင်းတယ်။ အတွက်နဲ့စပ်လို့ မျှော်လင့်ချက်ကင်းပြီးတော့ တစ်ချိန်မှာ တပည့်တွေဟာ ကိုယ့်ကျေးဇူးကြောင့် သာသနာတော်မှာ အလုပ်လုပ်နေရင် ကျေနပ်ပြီဆိုတဲ့စိတ်ထားတတ်မယ်ဆိုရင် တပည့်တော်တို့ တဖြည်းဖြည်းနဲ့ ပူပင်သောကကင်းလာမယ်။ ဒါ့အပြင် ကိုယ့်အပေါ်မှာ ကျေးဇူးမသိတတ်တာ၊ ကိုယ့်ကို အပြစ်ပြောတာတွေနဲ့ ပတ်သက်ပြီးလည်း ခံနိုင်ရည်တွေ ရှိလာမယ်။ အဲဒါဟာ တပည့်တော်တို့ ငြိမ်းချမ်းမှုရဲ့ အစပါပဲ။

သစ်ပင်လိုကျင့်

တစ်ခါတစ်ခါကျတော့လည်း ကျေးဇူးမသိတတ်တာ၊ ကျေးဇူးမဆပ်တာက တော်သေးတယ်။ ကျေးဇူးကန်းတဲ့အနေနဲ့ အပြစ်တွေပုံအောပြီး ချတတ်တာကလည်း ရှိတတ်တယ်။ အဲဒါကို တပည့်တော်တို့ မြန်မာဆိုရိုးစကားကတော့ "အရိပ်နေနေ အခက်ချိုးချိုး"တဲ့။ ကျေးဇူးတရားကို မဆပ်တဲ့အပြင် စော်ကားတာတွေ၊ အပုပ်ချတာတွေ၊ မဟုတ်မမှန် လုပ်ကြံတာတွေ၊ ဒါမျိုးတွေလည်း တစ်ဆင့်တက်ပြီး ကြိုတင်ပြီးတော့ တွေးထား။ သူ့ဟာသူ ဘာပဲလုပ်လုပ် ကိုယ်က သစ်ပင်လိုသဘောထားရမယ်တဲ့။ သစ်ပင်ဟာ ခုတ်လဲတဲ့ပုဂ္ဂိုလ်ကို မလဲမချင်း အရိပ်ပေးတယ်။ အဲဒီလိုပဲ တပည့်တော်တို့အကြီးတွေဟာ အငယ်တွေအပေါ်မှာ ကိုယ့်ကို မှီနေသရွေ့ အမြဲတမ်း ကျေးဇူးပြုသွားမယ်ဆိုတဲ့စိတ် မွေးရမယ်။

အဲဒီစိတ်မွေးရင် သူ့ဘက်က ကျေးဇူးသိသိ၊ မသိသိ ကိုယ့်မှာ ဘာမှမဖြစ်တော့ဘူး။ ဒေါသလည်း မဖြစ်ဘူး။ ကျေးဇူးပြုရမယ်ဆိုတာဟာ လူသားတွေရဲ့ ကျင့်ဝတ်ထဲမှာ မြင့်မြတ်တဲ့ လူမှုကျင့်ဝတ်တစ်ခုပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဗြဟ္မဝိဟာရတရားဆိုတာ မြင့်မြတ်တဲ့လူသားတိုင်း ကျင့်သုံးရတာပဲ။ ဗြဟ္မဝိဟာရတရားထဲမှာ မေတ္တာဆိုတာဟာ သူ့အကျိုးစီးပွားတွေ ဖြစ်ထွန်းအောင် စောင့်ရှောက်ပေးရတာ။ ကရုဏာဆိုတာက သူ့မှာ ကျရောက်လာမယ့်၊ ဖြစ်ပေါ်လာမယ့် ဆိုးကျိုးတွေ မဖြစ်အောင် သနားတဲ့စိတ်နဲ့ စောင့်ရှောက်ပေးရတာ။ ဒါတွေဟာ မြင့်မြတ်တဲ့

www.dhammadownload.com

လူမှုကျင့်ဝတ်တွေကို ဖြည့်ကျင့်နေတာပဲ။ ဒီလို မြင့်မြတ်တဲ့လူမှုကျင့်ဝတ်တွေ ဖြည့်ကျင့်တဲ့နေရာမှာ မျှော်လင့်ချက်သွားထားရင် မကောင်းဘူး။

မိမိအပေါ် သူမတော်လည်း

တစ်ခါတုန်းက အင်မတန်မှထင်ရှားတဲ့ ဆရာတော်တစ်ပါးက တပည့်တော်ကို ပြောဖူးတယ်။ တပည့်တော်ကို သူက အင်မတန်မှ ရင်းနှီးလို့ စိတ်ထဲကနေ အူလှိုက်သည်းလှိုက် ဆုံးမတဲ့ စကားပါ။ သူက တပည့်တော်ကို ဘာပြောလဲဆိုတော့ ဦးဇင်းတဲ့။ တပည့်တော်ကို ဦးဇင်းလို့ခေါ်ပါတယ်။

"ဦးဇင်းလည်း အခု တပည့်တွေ ဘာတွေထွန်းကားလာတယ်။ တပည့်တွေ တော်လာ၊ ထွန်းကားလာတဲ့အခါမှာ စေတနာနဲ့ တစ်ခု သတိပေးချင်တယ်။ ဒီတပည့်တွေကို ဖူးဖူးမှုတ်ပြီး အရိပ်တကြည့်ကြည့် လုပ်မနေနဲ့။ တစ်ချိန်မှာ သူတို့လိုအင်ဆန္ဒ မပြည့်လို့ရှိရင် သူတို့က သိပ်ပြီးစော်ကားတယ်။ တစ်ခါတစ်ရံ စော်ကားပြီး ထွက်သွားတယ်။ အဲဒီအချိန်ကျရင် ကိုယ့်မှာ ခံစားရတယ်။ ဒါကြောင့် တော်ရုံပဲလုပ်၊ ဖူးဖူးမှုတ် မထားနဲ့" တဲ့။

အဲဒီလို သူ့ရဲ့ခံစားချက်နဲ့ ကိုယ်ချင်းစာပြီး ပြောတယ်။ သူက တော်တဲ့လူကို ဖူးဖူးမှုတ်ထားပြီး ဒီပုဂ္ဂိုလ်က ကျေးဇူးကန်းသွားတဲ့အခါမှာ တော်တော်ခံစားရတဲ့သဘောနဲ့ ပြောတာပါ။ စေတနာအမှန်ကိုလည်း တပည့်တော် နားလည်တယ်ပေါ့။ ဒါပေမဲ့ တပည့်တော်ရဲ့ စိတ်ထဲမှာတော့ ဒီလိုဖြစ်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီးတော့ မတွက်မိဘူး။ ဖြစ်လည်းပဲ နည်းနည်းပဲ ဖြစ်မယ်လို့ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တပည့်တော်က 'ကျေးဇူးတရားဆိုတာကိုယ်က ပြုရမယ်၊ ဒါ ကိုယ့်ရဲ့တာဝန်ပဲ' ဆိုတဲ့ ဒီဝါဒကို လက်ခံထားတယ်။ အဲဒီတော့ ကျေးဇူးဆပ်မှု၊ မဆပ်မှုတွေက တစ်ပိုင်းပဲ။ ကျေးဇူးကန်းမှု ပေါ်လာရင်လည်း ယောနိသောမနသိကာရသင့်တင့်အောင် နှလုံးသွင်းပြီး စိတ်မထိခိုက်ဘဲ ကိုယ့်လုပ်ငန်းကို ရှေ့ကို ချီတက်ဖို့ရှိတာပဲ။ ဒါ တပည့်တော်ရဲ့ ခံယူချက်ပါ။

ခံယူချက်

ဆရာတော်ကိုတော့ ထုတ်မပြောလိုက်ပါဘူး။ တပည့်တော်ကို စေတနာမှန်နဲ့ သတိပေးတာကို လေးစားတဲ့အနေနဲ့ မှန်ပါလို့ပဲ လျှောက်ထားခဲ့တယ်။ တပည့်တော်စိတ်ထဲမှာတော့ ဒီလိုမျိုးကိစ္စတွေ ဖြစ်မယ်မထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်စိတ်ကိုက သန့်သန့်ရှင်းရှင်းနဲ့ မျှော်လင့်ချက်ကင်းကင်း လုပ်တယ်။ ကိုယ့်ဆီနေတုန်း ပညာရေးတိုးတက်အောင် ဘယ်လိုလုပ်ပေးရမလဲ၊ လိမ္မာရေးခြားရှိအောင် ဘယ်လိုလုပ်ပေးရမလဲ၊ ဒီစိတ်ဓာတ်လေးက တပည့်တော်ရဲ့ စိတ်ထဲမှာ မကြာမကြာကိန်းဝပ်နေတယ်။ မကောင်းတဲ့အကျင့်လေးတွေ လျော့သွားအောင် ငါ ဘယ်လိုလုပ်ပေးရမလဲ၊ မကောင်းတဲ့စိတ် နည်းနည်းလေးရှိနေသူဆိုလည်း လုံးဝပျောက်သွားအောင် ဘယ်လိုလုပ်ပေးရမလဲ၊ ဒီစိတ်တွေပဲ မကြာမကြာဖြစ်ပေါ်နေတော့ တစ်ချိန်မှာ ကျေးဇူးမသိတတ်ရင်လည်း တပည့်တော်တော့ သိပ်ပြီးတော့ ဝမ်းနည်းမယ်မထင်ဘူး။ ကျေးဇူးကန်းလာပြီဆိုရင်လည်း စိတ်ထဲ ဘာမှ ဖြစ်မယ်မထင်ဘူးပေါ့။ ဒါ တပည့်တော် ကြိုတင်ပြီးတော့ နှလုံးသွင်းထားတယ်။

လောကကြီးအပေါ်မှာ ကိုယ်က မွန်မြတ်တဲ့ စာရိတ္တသီလတစ်ခုကို ဖြည့်ကျင့်ရမယ်ဆိုတဲ့

www.dhammadownload.com

စိတ်အခံရှိနေတဲ့အခါ လောကဓံကို အထိုက်အလျောက် ခံနိုင်လိမ့်မယ်လို့ တပည့်တော် ထင်တယ်ပေါ့။ ဒါကြောင့် ဒီမှာ ဆွမ်းကျောင်းဘုန်းကြီးဖြစ်လာတယ်၊ စာချဘုန်းကြီးဖြစ်လာတယ်၊ အကြီးဖြစ်လာတဲ့ အဲဒီပုဂ္ဂိုလ်တွေ အားလုံးဟာ လုပ်ပေးတဲ့အခါမှာ သန့်သန့်ရှင်းရှင်းလေးနဲ့ပဲ လုပ်ကြပါ။ ဒီကျောင်းမှာတော့ အဲဒီလိုပဲ လုပ်ခဲ့ကြတာ များပါတယ်။ နောင်လည်းပဲ ဒီစိတ်ဓာတ်လေးတွေနဲ့ ဆက်ပြီးလုပ်ကြမယ်ဆိုရင် တပည့်တော်တို့ ဆရာသမားတွေမှာ မျှော်လင့်ချက်ကြီးတွေကြောင့် ပင်ပန်းမှုဆိုတာ မဖြစ်နိုင်တော့ဘူးပေါ့။

တစ်ခုသောဘဝ

တပည့်တော်တို့ ဘုရားအလောင်းတောင်မှ ဒါမျိုး ကြုံခဲ့တာပဲ။ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်တဲ့အချိန် တစ်ခုသောဘဝမှာ ဘုရားအလောင်းဟာ ကာသိတိုင်းက ကာသိဆိုတဲ့ ရွာကလေးမှာ ပုဏ္ဏားဖြစ်တယ်ပေါ့။ အရွယ်ရောက်လို့ အိမ်ထောင်ရက်သားကျတဲ့အခါလည်း အဲဒီရွာမှာပဲ နေတယ်။ အဲဒီ ကာသိတိုင်းရဲ့ လမ်းမကြီးတစ်ခုဘေးမှာ ရေတွင်းတစ်တွင်းလည်း ရှိတယ်။ ဒီရေတွင်းက သိပ်နက်လွန်းတာကြောင့် တိရစ္ဆာန်တွေ ဘာတွေလည်း သောက်လို့ မရဘူး။ မရတော့ ခရီးသွားတွေထဲက မေတ္တာကရုဏာရှိတဲ့ စေတနာရှင်တစ်ဦးက ကြိုးရှည်ရှည်နဲ့ ရေပုံးတစ်ပုံး ရေတွင်းမှာ တပ်ပေးပြီးတော့ အနီးအနားမှာ တိရစ္ဆာန်တွေသောက်ဖို့ စားကျင်းလေး ထားပေးတယ်။ လမ်းကြုံတဲ့ပုဂ္ဂိုလ်တွေက တိရစ္ဆာန်တွေ သောက်သုံးဖို့ရာ ဒီကန်ထဲကို ရေငင်ငင်ပြီးတော့ ထည့်ထားခဲ့ကြတယ်ပေါ့။

အဲဒီအနားမှာလည်း တောအုပ်တစ်ခု ရှိတယ်။ အဲဒီတောအုပ်မှာ မျောက်တွေအများကြီး နေကြတယ်။ တစ်ခါတော့ သုံးလေးရက်လောက် လူသွားလူလာပြတ်သွားတော့ စားကျင်းထဲမှာ ရေပြတ်နေတယ်။ မျောက်တစ်ကောင်က ရေသောက်ချင်လို့လာတော့ ရေက မရှိဘူး။ ဒီတော့ သူဟာ ရေဆာလောင်လို့ ရေတွင်းနားလှည့်ပတ်ပြီးတော့ ပျာယာခတ်နေတယ်။ လူကလည်း မလာနဲ့ သူမှာ တော်တော်ဒုက္ခရောက်တဲ့ပုံ ပေါက်နေတယ်။ အဲဒီလိုနေတုန်းမှာပဲ ဘုရားအလောင်း ပုဏ္ဏားက ရေတွင်းနားကို ရောက်လာတယ်။ ဘုရားအလောင်းက ရေငင်ပြီး သောက်ပြီးတော့ ခြေတွေ လက်တွေ ဆေးတယ်။ ခဏနေတော့ စောစောက ရေဆာနေတဲ့မျောက်ကို သွားမြင်တယ်။

စကားပုံလေးတွေ

မျောက်မျက်နှာဆိုတာ အရှင်ဘုရားတို့သိတဲ့အတိုင်းပဲ နဂိုကတည်းကမှ သနားစရာပါဆိုရေဆာနေတော့ တော်တော်သနားစရာကောင်းတဲ့ပုံ ဖြစ်နေတာပေါ့။ မျက်လုံးလေး ပေကလပ်ပေကလပ်နဲ့ ကြည့်နေတော့ ဘုရားအလောင်းက သနားကရုဏာဖြစ်ပြီး ရေတွင်းထဲက ရေငင်ပြီးတော့ စားကျင်းထဲကို ထည့်ပေးတယ်။ ထည့်ပေးလိုက်တော့ မျောက်လည်း ရေသောက်တယ်ပေါ့။ ရေသောက်နေတုန်း ဘုရားအလောင်းကလည်း ခရီးကလည်းပန်းလာတော့ 'ကဲလေ၊ ဒီနားမှာ အပန်းဖြေတဲ့အနေနဲ့ ခဏလဲလိုက်ဦးမယ်'ဆိုပြီး သစ်ပင်အောက်မှာ ခဏလဲလိုက်တယ်။ စောစောက ရေသောက်ပြီးတဲ့မျောက်က ရေသောက်ပြီး ဝလာပြီဆိုတော့ ဘုရားအလောင်းအိပ်နေတဲ့အနားကိုလာပြီး သူက ဘာလုပ်တယ်ထင်လဲ။

www.dhammadownload.com

နဂိုကမှ မျောက်က ရုပ်က ခပ်ဆိုးဆိုး။ ဆိုးတဲ့အထဲမှာ ပြူးပြ ရွဲ့ပြနဲ့ ဘုရားအလောင်းကို ခြောက်တယ်ပေါ့။ စတာလားတော့ မသိဘူး။ အလောင်းတော်ကတော့ မကြောက်ပါဘူး။ တပည့်တော်တို့ ရှေးလူကြီးတွေ ဆိုထားတာ ရှိသားပဲ။ လူတစ်ယောက်ဟာ ဒီဘဝမှာ ခပ်နိမ့်နိမ့် ဖြစ်နေတယ်။ နိမ့်တဲ့အထဲမှာ မကောင်းတဲ့ အကျင့်ကလည်း ပါနေသေးတယ်။ ဥပမာအားဖြင့် ရုပ်ကလည်းဆိုး၊ ဘုန်းကံကလည်း နည်းပါး၊ ဒီကြားထဲမှာ အကုသိုလ်လုပ်နေလို့ရှိရင် ရှေးလူကြီးတွေက ဘာပြောလဲဆိုတော့ 'စောက်ရုပ်ဆိုးပါတယ်ဆိုမှ မျောက်ရုပ်ကျောပိုးထားသေးတယ်'တဲ့။ အဲဒီလို ရှေးစကားပုံရှိတယ်ပေါ့။ နောက်စကားပုံတစ်ခုကလည်း ရှိသေးတယ်။ 'မျောက်သားစားချင် မျောက်မျက်နှာမကြည့်နဲ့'တဲ့။

မျောက်ဆိုတဲ့မျောက်

သနားကမားလိုလို ဘာလိုလိုပါဆို သူက ပြူးတူးပြဲတဲနဲ့ ခြောက်ပြနေတော့ သနားရမှာလိုလို ကြောက်ရမှာလိုလို ရယ်ရမှာလိုလို ဖြစ်နေမှာပေါ့။ ဒါနဲ့ ဘုရားအလောင်းက ဘာပြောလဲဆိုတော့ 'ဟဲ့ ... မျောက်စုတ် မျောက်နာ၊ သင် ရေဆာပြီး ပင်ပန်းနေလို့ နွမ်းနယ်နေလို့ ငါက ရေခပ်တိုက်ခဲ့ရတယ်။ ခုတော့ သင်က ငါ့ကို ပြူးတူးပြဲတဲနဲ့ ခြောက်ပြနေတယ်။ သြော်... လောကမှာ ယုတ်မာသူတွေအပေါ် ပြုလိုက်တဲ့ကျေးဇူးဆိုတာ ဘာမှအကျိုးမရှိပါလား'လို့ ညည်းပါသတဲ့။

ဒါကို မျောက်က ကြားတော့ 'အံမယ်၊ သင့်ကို ငါက ဒီလိုပြူးပြဲခြောက်ပြရုံနဲ့ ပြီးပြီမှတ်သလား။ ငါ့ ဘာမှတ်နေသလဲ။ သင့်အပေါ် မစင် စွန့်ချလိုက်ရမလား'လို့ ပြောသေးတယ်။ ပြီးတော့ ဆက်ပြောသေးတယ်။ 'သင်လူသားစဉ်းစားကြည့်စမ်း။ သီလရှိတဲ့မျောက်၊ ကိုယ်ကျင့်တရားကောင်းတဲ့မျောက်လို့ သင် ဘယ်မှာကြားဖူးသလဲ။ ဘယ်မှာ တွေ့ဖူးသလဲ။ ငါတို့ မျောက်တွေရဲ့သဘောကိုက ကျေးဇူးပြုတဲ့ပုဂ္ဂိုလ်ရဲ့အပေါ်မှာ မစင်စွန့်ချတတ်တယ်'ဆိုပြီး ပြောပြောဆိုဆို သစ်ပင်ပေါ်ကို ပြေးတက်သွားသတဲ့။ ဘုရားအလောင်းကလည်း 'ဟာ ... ဒီကောင် တကယ်လုပ်မှာပဲ'ဆိုပြီး အမြန်တော့ ထပါရဲ့။ ဒါပေမဲ့ မမီလိုက်ဘူး။ ခေါင်းပေါ်ကို မျောက်မစင်တွေ ကျသွားလို့ ရေချိုးပြီး ပြန်သွားရတယ်တဲ့။

အစဉ်အလာကြီးဖြစ်နေ

ဒီဇာတ်တော်ကို ကြည့်နော်။ ကျေးဇူးပြုတိုင်း ကျေးဇူးတုံ့ပြန်တာ မဟုတ်ဘူး။ တစ်ခါတစ်ရံ ကျေးဇူးမတုံ့ပြန်တဲ့အပြင် ကျေးဇူးကန်းတဲ့သဘောတွေ ရှိတတ်တယ်။ တပည့်တော်တို့ စာရေးဆရာကြီး ပါရဂူကတော့ ရေးပါတယ်။ ကျေးဇူးပြုတတ်တဲ့သဘော၊ ကျေးဇူးသိတတ်တဲ့သဘော ဆိုတာဟာ တကယ်မွန်မြတ်တဲ့ ကျင့်ဝတ်တစ်ခုတဲ့။ ဒါပေမဲ့ အဲဒီကျေးဇူးတရားတွေကို မေ့တတ်တာကလည်း လူသဘာဝတစ်ခုတဲ့။ ဒါကြောင့် မျှော်လင့်ချက်ဆိုတာ တပည့်တော်တို့ မထားတာကောင်းတယ်။ ကျေးဇူးတရားကို မေ့တတ်တယ်ဆိုတာ လူသားတွေရဲ့ အစဉ်အလာကြီးတစ်ခုလို ဖြစ်နေတယ်။ ဒါကြောင့် ကျေးဇူးတုံ့ပြန်မှုသာလုပ်ပေးရမယ်ဆိုရင် တပည့်တော်တို့ ဘာမှ ဖြစ်လာမှာမဟုတ်ဘူး။

ဒီဇာတ်တော်ကိုပဲ ကြည့်လိုက်ရင် ဘုရားအလောင်းက သူကျေးဇူးပြုလိုက်ရင် သူ့အပေါ်မှာ

www.dhammadownload.com

အနည်းဆုံး ကျေးဇူးကန်းတာတို့ မလုပ်ဘူးလို့ထင်တယ်။ အခုတော့ ကျေးဇူးပြုတဲ့ပုဂ္ဂိုလ်ကို ကျေးဇူးမဆပ်တဲ့အပြင် မစင်တောင်မှ စွန့်ချသွားတယ်ဆိုတော့ ဒါ အရှင်ဘုရားတို့ အသက်အရွယ် ရလာပြီ၊ ဆရာသမားဖြစ်လာပြီဆိုရင် ဒီသဘောလေးတွေကို နားလည်ထားရမယ်။ နားလည်ရင် ဘာဖြစ်သလဲဆိုတော့ စိတ်သက်သာရာရမယ်။ စိတ်အေးချမ်းမယ်။ ကိုယ်က ကျေးဇူးပြုတယ်၊ ဆရာတပည့်ဖြစ်တယ်၊ တပည့်ဖြစ်ရဲ့သားနဲ့ ကိုယ့်အပေါ်မှာ ကျေးဇူးပြန်ပြီးတော့ မတုံ့ပြန်တဲ့အပြင် တစ်ခါတစ်ရံမှာ ကျေးဇူးမဲ့တဲ့သဘောလေးတွေ ဖြစ်လာပြီဆိုရင် ကိုယ်က နားလည်ခွင့်လွှတ်ပြီးတော့ ရှေ့ဆက်ပြီး ကျေးဇူးပြုနိုင်ပါရစေဆိုတဲ့ စိတ်ဓာတ်ကိုပဲ မွေးပါ။ အဲဒီတော့ ကျေးဇူးပြုနိုင်ပါရစေဆိုတဲ့ စိတ်ဓာတ်ကို မွေးပေးရမယ်။

တပည့်တော်တို့ မကောင်းတဲ့စိတ်ဓာတ်နဲ့ ကောင်းတဲ့စိတ်ဓာတ်ဆိုရင် ဘယ်ဟာ အဖြစ်များလဲ။ မကောင်းတဲ့စိတ်ဓာတ်က အဖြစ်များတယ်။ ပါဠိလိုဆိုရင် 'ပါပသ္မိ ရမတေ မနော' တဲ့။ အဲဒီတော့ မကောင်းတဲ့စိတ်ဓာတ်က များနေတော့ ဒါမျိုးလေးတွေ မကြာမကြာ တွေ့ရင် ကျေးဇူးတုံ့ပြန်သည် ဖြစ်စေ၊ မတုံ့ပြန်သည် ဖြစ်စေ၊ ကိုယ်ကနေပြီး လူမှုကျင့်ဝတ်အရ ဒါကို ဖြည့်ကိုဖြည့်ရမယ်။ ကိုယ်ကပဲ အမြဲတမ်း ကျေးဇူးပြုနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ပါရစေလို့ စိတ်ထဲမှာ ထားထားတဲ့ပုဂ္ဂိုလ်ဟာ စောစောကလို လောကဓံနဲ့ တွေ့လာရင် ခံနိုင်ရည် အရည်အချင်း ရှိလာတယ်ပေါ့။

အဓိဋ္ဌာန်ထားရင်

အခု တပည့်တော်တို့ အကဲခတ်ကြည့်ပေါ့။ စာသင်တိုက်ကလေးတွေ တည်ထောင်ခါကဘုန်းကြီးငယ်ငယ်တွေ၊ စာချဘုန်းကြီးလေးတွေ၊ တကယ်လုပ်တဲ့ပုဂ္ဂိုလ်တွေ ရှိတယ်။ သူတို့က အားကြိုးမာန်တက်နဲ့ ဒီလိုလုပ်ရင် ဒီလိုဖြစ်ရမယ်ဆိုပြီး ခွဲသန်သန်နဲ့လုပ်တယ်။ မဖြစ်တော့ ဘာဖြစ်လဲ။ မဖြစ်လည်း ဖြစ်အောင်လုပ်မယ်ဆိုပြီး လုပ်ကြတယ်။ ဒါပေမဲ့ ကျေးဇူးမသိတတ်တဲ့ပုဂ္ဂိုလ်တွေ၊ စော်ကားတဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့တဲ့အခါမှာ ဒီဘုန်းကြီးလေးတွေဟာ သိပ်စိတ်ညစ်သွားပြီး၊ စိတ်နာသွားပြီးတော့ စာသင်တိုက်လောကကြီးကို ကျောခိုင်းသွားတာတွေ တွေ့ရတယ်ပေါ့။

ဒါကြောင့် လောကဓံတွေကို အားလုံးကြုံတင်တွေးတောထားပြီးတော့ ကိုယ်ကပဲ ကျေးဇူးပြုတဲ့ပုဂ္ဂိုလ် ဖြစ်ပါရစေလို့ အမြဲတမ်း အဓိဋ္ဌာန်သဘောပဲ ဖြစ်ဖြစ် နှလုံးသွင်းပါ။ ဒီလိုမျိုးလေး နှလုံးသွင်းထားရင် ကိုယ့်အပေါ်မှာ ဘယ်လောက်ပဲ ဘာဖြစ်ဖြစ် ဆရာသမားတွေ ဘက်ကလည်း နားလည် သဘောပေါက်တဲ့အရည်အချင်းတွေ ပိုင်ဆိုင်သွားတယ်ပေါ့။ တပည့်တွေဘက်ကလည်း ကျေးဇူးကန်းတဲ့ပုဂ္ဂိုလ်တွေထဲမှာ မပါဝင်အောင် ဆင်ခြင်ပြီးတော့ ကျေးဇူးသိတတ်တဲ့၊ ကျေးဇူးဆပ်တတ်တဲ့ပုဂ္ဂိုလ်တွေဖြစ်အောင် ကြိုးစားရင် တပည့်တော်တို့ သာသနာဟာ ဒီထက်ပိုပြီး အဆင့်အတန်းမြင့်လာပါလိမ့်မယ်။ စာချဘုန်းကြီးရွာပါးမှုကိုလည်း ထိန်းသိမ်းပြီးသား ဖြစ်သွားပါလိမ့်မယ်။

ဒါကြောင့် ကျေးဇူးပြုတတ်တဲ့သဘော၊ ကျေးဇူးသိတတ်တဲ့သဘောဆိုတာ တပည့်တော်တို့ သူတော်ကောင်းလက္ခဏာထဲမှာ ပါဝင်သလိုပဲ အင်မတန်ကျင့်ရမယ့် မွန်မြတ်တဲ့ကိုယ်ကျင့်သီလ၊ စာရိတ္တသီလလည်း ဖြစ်ပါတယ်။ ဒါကြောင့်

www.dhammadownload.com

ဒီသူတော်ကောင်းတရားများကို ကိုယ်စီကိုယ်စီ
ကျင့်သုံးပြီးတော့ သူတော်ကောင်းများ ဖြစ်နိုင်ကြ
ပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

အထက်တန်းစားစိတ်ဓာတ်

၁၃၆၇ ခု၊ တန်ဆောင်မုန်းလကွယ်နေ့
၂၀၀၅ ခု၊ နိုဝင်ဘာလ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့ ည

စာဖြေသွားရာ

ကဲ ... တပည့်တော်တို့ တန်ဆောင်မုန်းလ ကုန်သွားပြီပေါ့။ နတ်တော်လဆန်း (၂)ရက်နေ့ကျရင် ရန်ကုန်စာဖြေတွေ သွားကြမယ်။ ကြီးကြပ်ရေးတစ်ပါးလည်း နှစ်စဉ်ထည့်ပေးထားတယ်။ အခါတိုင်း အဲဒီ သွားတဲ့နေ့ကျလို့ရှိရင် ကျောင်းကနေပြီးတော့ သတိပေးနေကျ ဒါလေးတွေကို တပည့်တော်ခု ထပ်ပြီးတော့ သတိပေးမယ်ပေါ့။ သတိပေးပြီးသားလည်း ဖြစ်တယ်၊ အရင်သွားဖူးပြီးသား အဟောင်းလည်းဖြစ်တယ်ဆိုရင်တော့ နောက်ထပ်မလုပ်သင့်တာတွေ ဆက်မလုပ်ဖို့ ဒါတွေဟာ ပြောစရာတောင် မလိုတော့ဘူး။ အဲဒီတော့ အသစ်သမားတွေအတွက်ပဲ ထပ်ပြီးတော့ သတိပေးမယ်။ မသိသေးဘူးဆိုလို့ရှိရင်လည်း သိတဲ့ပုဂ္ဂိုလ်တွေကို မေးထားပေါ့ဘုရား။

စာဖြေသွားတယ်ဆိုတာ စာဖြေသွားမယ်ဆိုတဲ့ နှလုံးသွင်းရှိမှ ကောင်းတာ။ သိမ်နုတ်တဲ့အခါမှာ သိမ်နုတ်ကမ္မဝါရွတ်ပြီဆိုရင် သိမ်နုတ်မယ်ဆိုတဲ့စိတ်ရှိမှ သိမ်ဆိုတာ ကျွတ်တယ်။ အဲဒီလိုပဲ စာဖြေသွားတဲ့ ပုဂ္ဂိုလ်တစ်ပါးဟာ စာဖြေသွားတယ်ဆိုတဲ့ နှလုံးသွင်းလေး ရှိရမယ်။ ဒါဆိုကျန်တဲ့ ဘုရားဖူးတာ ဘာညာက အဓိက မဟုတ်တော့ဘူး။ အဲဒါတွေက နောင်တစ်ချိန်ကျမှ လုပ်လို့လည်းရတယ်ပေါ့။

www.dhammadownload.com

လဆန်း(၂)ရက်နေ့ စာဖြေသွားမယ့် သံဃာတွေအတွက် လက်မှတ်တွေလည်းပဲ အားလုံး ယူထားပြီးပြီ။ ဒီနေ့လည်း ရှင်သီလာနန္ဒရဲ့ ရဟန်းအမကြီးက ခရီးစရိတ်လှူသွားတယ်။ ခရီးစရိတ်ဆိုတော့ ရန်ကုန်ပို့ရင်လည်း မန္တလေး ဆက်သုံးရမှာပေါ့။ နဝကမ္မအားလုံး ခုနစ်သောင်း လှူသွားတယ်။ လှူသွားတော့ သူများလှူတာနဲ့ သွားတဲ့အခါမှာ ပိုဆင်ခြင်ရမယ်။ လှူတဲ့ပုဂ္ဂိုလ်က စာဖြေသွားလို့ လှူတာ။ အဲဒီတော့ စာဖြေသွားတဲ့ အခါမှာ စာဖြေသွားတာဆိုတဲ့နှလုံးသွင်းလေး ရှိနေလို့ရှိရင် တပည့်တော်တို့ ဟိုတုန်းက ပေါ်ပေါက်ခဲ့တဲ့ ပြစ်မှုမျိုးတွေ မဖြစ်တော့ဘူးပေါ့ဘုရား။ ဒါလေးတွေ သွားခါနီးကျ ထပ်ပြီးတော့ တပည့်တော် သတိပေးဦးမယ်။

ခွင့်မပန်တဲ့ပြဿနာ

ဒီနေ့ ဘာအထူးပြောချင်သလဲဆိုတော့ လုပ်ပိုင်ခွင့် ... အဲဒါလေးကို ခေါင်းစီးတပ်ပြီး ပြောချင်တယ်။ လုပ်ပိုင်ခွင့်ဆိုတာနဲ့ စပ်ပြီးတော့ တပည့်တော် ဒီကျောင်းမှာလည်း တစ်ပါးပြီး တစ်ပါး ခေါ်ပြီးတော့ တပည့်တော် ပြောတယ်ပေါ့။ အားလုံးကိုလည်းပဲ သိစေချင်သေးတယ်။ ဒါကြောင့်မို့ ကိုရင်လေးက စပြီးတော့ စာချဘုန်းကြီးတွေအထိ အားလုံး နားစိုက်ပြီးတော့ ထောင်ပေးပါ။ နားစိုက်ထောင်ပြီးတော့ လက်တွေ့လည်းပဲ ဒါလေးတွေကို ကျင့်သုံးလို့ရှိရင် တပည့်တော်တို့ အကျိုးတွေ အများကြီး ရပါတယ်။

ဥပမာအားဖြင့် တပည့်တော်တို့ ကျောင်းမှာ ဖြစ်နေကြတယ်။ ကိုရင်အချင်းချင်းပေါ့။ ကိုရင်အချင်းချင်း ကိုယ့်ရဲ့ ဘောလ်ပင်နဲလေးတွေ၊ စာအုပ်ကလေးတွေ နေရာတကျထားထားတယ်။ နောက်တစ်ပါးက ခွင့်မပန်ဘဲနဲ့ ဝင်ပြီးတော့ ယူကိုင်ပြီး ပစ်ချင်ရာ ပစ်ထားတယ်။ ပျောက်သွားတယ်။ ပျောက်တော့ မေးလိုက်တဲ့အခါမှာ ဘယ်တုန်းက ကိုင်တာ၊ မကိုင်ဘူး စသဖြင့် အချင်းချင်း ငြင်းပြီးတော့ ပြဿနာလေးတွေ မကြာမကြာ ဖြစ်တယ်ပေါ့။ ဒါဟာ ဘာကြောင့် ဖြစ်တာလဲဆိုတော့ သူတစ်ပါးရဲ့ ပစ္စည်းကို ခွင့်မပန်ဘဲနဲ့ ကိုင်လို့ဖြစ်တာပဲ။ ကိုယ့်ရဲ့လုပ်ပိုင်ခွင့် မရှိဘဲနဲ့ ရှိတယ်ထင်ပြီးတော့ သွားလုပ်လိုက်တဲ့ အတွက် ဒီပြဿနာတွေ တက်လာတာပေါ့။ ဒါတွေဟာ တပည့်တော်တို့ သိပ်ပြီးတော့ အရေးကြီးပါတယ်။

ဖတ်စရာဂျာနယ်

လူ့ဘောင်အဖွဲ့စည်းပဲဖြစ်ဖြစ်၊ ဘယ်မှာပဲ ဖြစ်ဖြစ် လုပ်ပိုင်ခွင့်လေးတွေ သူ့ဟာနဲ့သူ ရှိကြတယ်။ ကိုယ့်ရဲ့ လုပ်ပိုင်ခွင့်နယ်ပယ်ထဲကနေပြီးတော့ လုပ်မှပဲ တရားသဖြင့်ဖြစ်ပြီးတော့ ပြဿနာဆိုတာ မတက်တာ။ ကျောင်းလည်းပဲ ကျောင်းမို့လို့၊ အိမ်လည်းပဲ အိမ်မို့လို့၊ နိုင်ငံလည်းပဲ နိုင်ငံမို့လို့၊ ကမ္ဘာလည်းပဲ ကမ္ဘာမို့လို့၊ ကိုယ့်ရဲ့လုပ်ပိုင်ခွင့်ဆိုတာလေးတွေ အသီးအသီး ရှိကြတယ်ပေါ့။ အဲဒါထက် ပိုပြီးတော့ ကျော်တက်သွားလို့ရှိရင် ပြဿနာဆိုတာ ဖြစ်လာတော့တာပဲ။ ဒီလုပ်ပိုင်ခွင့်နဲ့ စပ်ပြီးတော့ တပည့်တော်တို့ စာပေလောကမှာလည်းပဲ ရှိတယ်ပေါ့။ တစ်နေ့ကတုန်းက စာပေနဲ့စပ်တဲ့ ဂျာနယ်တစ်ခု ဖတ်ရတယ်ပေါ့။ သူက ရိုးရိုးသတင်းတွေ ဘာတွေ မပါဘူး။ ဖတ်စရာဂျာနယ်ဆိုတဲ့ စာပေဂျာနယ်တစ်ခု ...။

အဲဒီမှာ စာရေးဆရာမောင်တင်ဆင့် ရေးထားတာလေးကလည်း တပည့်တော်တို့အတွက်

www.dhammadownload.com

သတိပြုစရာလေးတွေပေါ့။ ဘာရေးထားလဲဆိုတော့ သူ အခုထွက်နေတဲ့ မဟေသီမဂ္ဂဇင်းထဲမှာတဲ့။ သူ ဝတ္ထုတိုတစ်ပုဒ် ရေးတယ်ပေါ့။ ဝတ္ထုတိုတစ်ပုဒ် ရေးလိုက်တဲ့အခါမှာ ခေါင်းစီးကို သူက 'အိမ်' ဆိုတဲ့ နာမည်နဲ့ တပ်ပြီးတော့ ရေးလိုက်တယ်။ အဲဒီဝတ္ထုတိုကို အယ်ဒီတာက ပြင်လိုက်တယ်ပေါ့။ မပြောမဆိုနဲ့ ဘယ်လိုပြင်လိုက်လဲဆိုတော့ 'နားခိုရာ'လို့ ပြင်လိုက်သတဲ့။ အိမ်နဲ့ နားခိုရာဆိုတာ တပည့်တော်တို့ကတော့ စာပေသမားတွေ သိပ်မဟုတ်တော့ အတိမ်အနက်တော့ သိပ်မသိဘူးပေါ့။ သူကတော့ ရှင်းပြတယ်။ သူ အိမ်ဆိုတဲ့ နာမည်ပေးတာဟာ အကြောင်းရှိပါတယ်တဲ့။

သူ့စည်းကိုယ်စည်း

ဒီ အိမ်ဆိုတာနဲ့ပတ်သက်ပြီး အင်္ဂလိပ်စာလုံးမှာ Home ဆိုတာနဲ့ House ဆိုပြီး နှစ်လုံးရှိတယ်ပေါ့။ Home ဆိုတာ H-O-M-E၊ အဲဒီဟာကနေ ယူထားတာလို့ သူက ဆိုတယ်ပေါ့။ ဆိုတော့ သူ့ရဲ့အဓိပ္ပာယ်က ညီညွတ်မှု၊ မိသားစုစိတ်ဓာတ်၊ မေတ္တာသင်္ကေတတွေကို ပြချင်လို့ ဒီ အိမ်ဆိုတဲ့ ခေါင်းစီးကို ပေးခဲ့တာတဲ့။ အယ်ဒီတာကို သွားမေးကြည့်တော့ ဘာလို့ပြင်တာလဲပေါ့။ ပြောတော့ ပြောမလို့ပဲတဲ့၊ ခင်ဗျားနဲ့ မတွေ့လို့ မပြောလိုက်ရဘူးလို့ ဟိုက ပြန်ဖြေတယ်ပေါ့။ ဒီတော့ နားခိုရာလို့ ပြင်လိုက်တယ်။ ဘာဖြစ်လို့ ပြင်တာလဲဆိုတော့ ဒီ နားခိုရာဆိုတာက ပိုကောင်းမယ်ထင်လို့ ပြင်လိုက်တယ်လို့ ပြန်ဖြေတယ်တဲ့။

အဲဒီတော့ သူက ရှင်းပြတယ်။ သူ့ရဲ့ အိမ်ဆိုတဲ့ အဓိပ္ပာယ်က မေတ္တာသင်္ကေတ၊ ပေါင်းစည်းမှုသင်္ကေတ၊ မိသားစုသင်္ကေတ၊ အားလုံးညီညွတ်မှုသင်္ကေတတွေကို သူ ပြချင်လို့ အိမ်ဆိုတဲ့နာမည် တပ်လိုက်တယ်။ ဒါပေမဲ့လို့ အယ်ဒီတာက နားခိုရာလို့ ပြင်လိုက်တယ်။ နားခိုရာဆိုတာ အိမ်နဲ့မတူပါဘူးတဲ့။ ဘုန်းကြီးကျောင်းလည်း ဖြစ်ချင်ဖြစ်မှာပဲတဲ့။ ဇရပ်လည်း ဖြစ်ချင်ဖြစ်မှာပဲတဲ့။ သစ်တစ်ပင်အောက် ဝါးတစ်ပင်အောက်လည်း ဖြစ်ချင်ဖြစ်မှာပဲတဲ့။ အဲဒီတော့ သူ့ရဲ့ဝတ္ထုကို ဖျက်ဆီးလိုက်သလို သူခံစားရတဲ့အကြောင်း၊ ဟိုးရှေးတုန်းက ပေဖူးလွှာတို့၊ ရွှမဝတို့လိုက အယ်ဒီတာကြီးတွေဟာ သူ့ဝတ္ထုကို ပြင်တော့မယ်ဆိုလို့ရှိရင် သူ့ကို ပန်ကြားပြီးမှ ဒီလို ဒီလိုလေးတော့ လုပ်ချင်တယ်ဆိုပြီးတော့ ပြင်ခဲ့တဲ့အကြောင်း၊ အယ်ဒီတာနဲ့ စာရေးဆရာဆိုတာ တစ်လှေတည်း သွားနေကြတာပါတဲ့။ တစ်ဦးနဲ့တစ်ဦး နားလည်မှု ခွင့်လွှတ်မှု ရှိတယ်။ ဒါကို နားလည်သဘောပေါက်လို့ရှိရင် ဒါမျိုးတွေ မလုပ်သင့်ဘူးဆိုတဲ့အကြောင်း သူ ရေးသွားတယ်ပေါ့။

ကြည့်လိုက်နော်။ ဒါလေးဆိုရင် သိပ်နူးညံ့တယ်။ တပည့်တော်တို့ ပုံမှန်ပုဂ္ဂိုလ်တစ်ယောက် စာပေသမား မဟုတ်ဘူးဆိုရင် သိပ်ပြီးတော့ နားလည်ဖို့ မလွယ်ဘူးပေါ့။ သူတို့ကျတော့ စာပေသမားတွေဆိုတော့ အယ်ဒီတာကလည်းပဲ ပြင်ချင်တယ်ဆိုရင် ကိုယ်ဖျက်ချင်တိုင်း ဖျက်မပစ်ဘဲနဲ့ သူ့ကို ပန်ပြောပြီးတော့ ဘာတော့ ဘယ်လိုလုပ်ချင်တယ် စသဖြင့် ပန်ပြောရတယ်။ စာပေလောကမှာ ဒါဟာ တရားမျှတမှုလည်းပဲ ရှိတယ်။ ဘောင်လည်း ဝင်တယ်ပေါ့ဘုရား။ လေးစားမှုလည်းပဲ ရောက်တဲ့အတွက် လက်တွဲသွားတဲ့အခါ ခရီးသွားဖော်သွားဖက်အဖြစ်နဲ့ သွားလို့ကောင်းတယ်ဆိုတဲ့အကြောင်း သူက ရေးသွားတယ်ပေါ့။ ဒါကြောင့်မို့ တပည့်တော်တို့

www.dhammadownload.com

ဒါလေးတွေက သိပ်ပြီးတော့အရေးကြီးပါတယ်။ စောစောက တပည့်တော်ပြောခဲ့တဲ့ လုပ်ပိုင်ခွင့်ဆိုတာလေးကို လိုက်နာကြမယ်ဆိုလို့ရှိရင် တပည့်တော်တို့ ကျောင်းမှာ ကိုရင်လေးတွေ ပြဿနာတက်နေကြတာမျိုး မဖြစ်နိုင်တော့ဘူး။

ဗုဒ္ဓဥပဒေ

တစ်ခါတစ်ရံ နာယကဘုန်းကြီးတွေကိုပဲ ဟိုတုန်းက ဖိနပ်ပျောက်တာတွေ ဖြစ်တယ်။ ဘယ်သူ စီးသွားမှန်း မသိဘူးတဲ့။ ဆိုတော့ ဆရာဖြစ်တဲ့ပုဂ္ဂိုလ်ရဲ့ ဖိနပ်ကိုပဲ တပည့်တွေက ဝင်ဝင်ပြီးတော့ လျှိုစီးရဲတယ်ဆိုတာ ကောင်းကို မကောင်းဘူး။ နောက်ဆုံး မျက်လုံးမှုန်လို့ပါလို့ အကြောင်းပြပြ၊ အမှတ်တမဲ့ပဲ အကြောင်းပြပြ ဒါတွေဟာ တပည့်တော်တို့ နိုင်ငံကြီးသားစိတ်ဓာတ် မပေါက်ဘူးလို့ ပြောရမှာပေါ့။ တပည့်တော်တို့ မြတ်စွာဘုရားက အားလုံး စေ့စေ့စပ်စပ် လုပ်သွားတာ။ ဥပမာ အာပတ်တွေမှာပဲ ကြည့်ပေါ့။ သံဃာဒိသေသ် သိက္ခာပုဒ်တွေမှာ ပါတယ် မဟုတ်လား။ ပါရာဇိကနဲ့ စောဒနာပြီဆိုလို့ရှိရင်၊ သင် ဘယ်ပါရာဇိကအာပတ် သင့်တယ်လို့ စောဒနာတော့မယ်ဆိုရင် ပထမဆုံး ခွင့်ပန်ရတယ်။ စွပ်စွဲလို့ မှန်နေတောင်မှ ခွင့်မပန်တဲ့အတွက် အာပတ်တစ်ချက် သင့်သေးတယ်။ ခွင့်ပန်လိုက်ပြီဆိုရင် အာပတ်တစ်ချက် လျော့သွားတယ်။ တပည့်တော်တို့ လေ့လာမယ်ဆိုလို့ရှိရင် မြတ်စွာဘုရားက ယဉ်ကျေးမှုတွေ အားလုံး သင်ပြသွားတာပေါ့ ဘုရား။

ယဉ်ကျေးပါတယ်ဆိုတဲ့ နိုင်ငံကြီးသားတွေထက်ကိုပဲ ဗုဒ္ဓဥပဒေတွေက သေခိယတွေ ဘာတွေ တကယ်လက်တွေ့ ကျင့်သုံးပြီဆိုရင် စားပုံသောက်ပုံက စ၊ နေပုံထိုင်ပုံက စ၊ ပြောပုံဆိုပုံက စ၊ သိပ်ပြီးတော့ ယဉ်ကျေးပါတယ်။ တပည့်တော်တို့က အားလုံး မလိုက်နာနိုင်တဲ့အခါကျတော့ တချို့ အထင်သေးစရာတွေ ဖြစ်ဖြစ်ကုန်တယ်။ ဒါကြောင့်မို့ ဒီ လုပ်ပိုင်ခွင့်ဆိုတာလေးကို ဒီနေ့ နည်းနည်းလေး ပြောပြချင်တယ်ပေါ့။ ဝန်ကြီးဌာနတွေမှာလည်းပဲ ရှိတယ်။ ပညာရေးတက္ကသိုလ်က ပါမောက္ခတွေ လာပြီးတော့ သင်္ကန်းကပ်ဖို့ ပင့်တုန်းက သူတို့ပြောတဲ့စကားလေး တပည့်တော်မှတ်ထားတယ်။ ဆရာဦးဇော်ဝင်းတို့ဆီကလည်းပဲ ကြားရတယ်ပေါ့။

နိုင်ငံကြီးသားစိတ်ဓာတ်

သူတို့ ပညာရေးတက္ကသိုလ်မှာလည်း စစ်ကိုင်းရဲ့ထုံးစံအတိုင်း ရေရှားတာပဲ။ ရေရှားတော့ ဘာလုပ်ရလဲဆိုတော့ ပရိဗီဇင်တွေထွက်တဲ့ ကျောက်တာကနေ အဝီစိတွင်းတူးပြီးတော့ အဲဒီကနေ ပိုက်တွေသွယ်ပြီးတော့ စက်နဲ့ ပညာရေးတက္ကသိုလ်ထဲကို ရေပို့ရတယ်ပေါ့။ ပို့တဲ့အခါမှာ ဘာအခက်အခဲ သွားတွေ့လဲဆိုတော့ ဒီပိုက်တွေက ရထားလမ်းကို ဖြတ်ရမယ်။ ရထားလမ်းဖြတ်ရမှာဆိုတော့ ရထားလမ်းဆိုတာ တပည့်တော်တို့ ပို့ဆောင်ရေးဝန်ကြီးအပိုင်း။ ရထားပို့ဆောင်ရေးဝန်ကြီးတွေနဲ့ ဆိုင်တော့ ပညာရေးဝန်ကြီးကနေပြီးတော့ ဒီရထားလမ်းကို ပိုက်တွေဖြတ်ရမယ့်အကြောင်း၊ ပညာရေးတက္ကသိုလ်အတွက် လုပ်ရမယ့်အကြောင်း ရထားဆိုင်ရာဌာနတွေကို စာတင်ပြီးတော့ ခွင့်တောင်းရတယ်။ ဒီစကားလေး ကြားလိုက်တဲ့အခါမှာ တပည့်တော်တို့ ဒါတွေဟာ သင်ခန်းစာယူစရာတွေ ဖြစ်သွားတယ်။

တပည့်တော်တို့ ဗုဒ္ဓစာပေမှာလည်း ပါပြီးသားပဲ။ ခုနကလို နိုင်ငံရေးလုပ်ဆောင်ချက်တွေ

www.dhammadownload.com

ကိုလည်းပဲ သိပ်သတိထားဖို့ သင့်တယ်။ နောက်ပြီးတော့ စာပေလောကမှာ ဆိုရင်လည်းပဲ စောစောက ပြောသလို လုပ်ပိုင်ခွင့်ဆိုတာ ရှိတယ်။ ကိုယ်က လုပ်ပိုင်ခွင့်မရှိဘဲနဲ့ သွားပြီးတော့ လုပ်လို့ရှိရင် ကိုယ်ကတော့ အမှတ်တမဲ့ပဲ၊ 'ဒါလေး လုပ်တာများ ကြီးကြီးကျယ်ကျယ်' လို့တော့ ထင်စရာရှိတယ်ပေါ့။ ဒါတွေဟာ တကယ်တော့ နိုင်ငံကြီးသားစိတ်ဓာတ်နဲ့၊ မြတ်စွာဘုရားရဲ့ ဝိနည်းစည်းကမ်းဥပဒေနဲ့ဆိုရင် သိပ်ပြီးတော့ ဆန့်ကျင်သွားတယ်။ ဒါကြောင့်မို့ သိပ်ပြီးတော့ အရေးကြီးပါတယ်။

အစိုးရပုံချင်း မတူ

တပည့်တော်တို့ အဘိဓမ္မာမှာ အဓိပတိနဲ့ ဣန္ဒြေဆိုတာ ရှိတယ်။ အဓိပတိကလည်းပဲ အုပ်ချုပ်တာ အစိုးရတာပဲ။ ဣန္ဒြေကလည်း အစိုးရတာပဲ။ သဒ္ဒါနက်ချင်းကတော့ တူတူပဲ။ ဒါပေမဲ့လို့ ကွဲပြားမှု ရှိတယ်ပေါ့။ ကဲ - အားလုံးပဲ အလတ်တန်းတို့၊ ဒုတိယဆင့်တို့ အောင်ပြီ၊ တတိယဆင့်တို့ ရောက်ပြီဆိုရင် တပည့်တော်တို့ သမုစ္စည်းပိုင်းမှာ တောင်မြို့ဆရာတော်ရေးထားတဲ့ ဆောင်ပုဒ်လေး ရှိတယ်ပေါ့။ ကဲ - အားလုံး ဆိုကြည့်စမ်းပါ။

'အဓိပတိမျိုး၊ အုပ်ချုပ်စိုးကား၊ ပြိုင်ရိုးမရှိ၊ တစ်ပါးတည့်ပင်၊ ဘုရင်နေတည်း။ ဣန္ဒြေကား၊ မျူးမတ်လားသို့၊ သူများကိစ္စ၊ သူလိုက္ခအောင်၊ လိုက်ရပြီးကာ၊ ကိုယ့်ဆိုင်ရာဝယ်၊ ကိုယ်သာ လွမ်းမိုး၊ အုပ်ချုပ်စိုးသည်၊ နှစ်မျိုးသည်ပုံ ကွဲသတည်း။'

တပည့်တော်တို့ အဓိပတိဆိုတာ ရှင်ဘုရင်နဲ့ တူတယ်ပေါ့။ တစ်နေရာရာမှာ တကယ့်ကိုပဲ အဓိပတိ၊ တစ်ပါးတည်း အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်။ ဣန္ဒြေဆိုတာကတော့ မျူးမတ်၊ အခုခေတ်လိုဆို ဝန်ကြီးနဲ့တူတယ်ပေါ့။ ဝန်ကြီးဆိုတာ သူ့ဆိုင်ရာဆိုင်ရာမှာ အစိုးရကြတာပဲ။ အဓိပတိဆိုတာကတော့ အားလုံး တစ်ခုတည်းပဲ ရှိတယ်။ ဝန်ကြီးဆိုတဲ့ ဣန္ဒြေတရားတွေက စက္ခုန္ဒြေဆိုလို့ရှိရင် သူ့ရဲ့ မြင်ခြင်းကိစ္စမှာ အစိုးရတာ။ သောတိန္ဒြေဆိုလို့ရှိရင် ကြားခြင်းကိစ္စမှာ အစိုးရတာ။ ဒီလိုပေါ့၊ သူ့ဆိုင်ရာဆိုင်ရာမှာ အစိုးရကြတာပဲ။ တပည့်တော်တို့ ဒီ အဘိဓမ္မာနည်းနဲ့ ကြည့်ရင်လည်းပဲ ဒါတွေဟာ လိုက်နာကျင့်သုံးရမှာတွေဆိုတာ သွားပြီးတော့ တွေ့ရတယ်။

ကြည့်တတ်ရင်မြင်

ခုလည်း တပည့်တော်တို့ ကျောင်းတိုက်လေးတစ်ခုပဲ ကြည့်ကြစို့ပေါ့။ ဒါ တပည့်တော်ကိုယ်တိုင် လိုက်နာကျင့်သုံးခဲ့တာတွေ အရှင်ဘုရားတို့ကို ပြန်ပြီးတော့ နားလည်သဘောပေါက်အောင် ပြောပြနေတာ။ ပထမကြီးတန်းဆိုလို့ရှိရင် စာချဘုန်းကြီး ဦးသီလာနန္ဒကို တပည့်တော် လွှဲလိုက်တယ်။ ပထမလတ်တန်းဆိုရင် ဦးဇာဂရ၊ သာမဏေကျော် ဒုတိယဆင့်ဆိုရင် စာချဘုန်းကြီး ဦးဣန္ဒာစာရ၊ ပထမဆင့်ဆိုရင် စာချဘုန်းကြီး ဦးဝဏ္ဏိတ၊ နောက် အငယ်တန်းဆိုရင် ဦးဝေပုလ္လနဲ့ ဦးသုဒဿနပေါ့။ အောက်တန်းတွေဆိုရင်လည်း ပါဠိသိက္ခာတန်းဆိုရင် ဦးပညာတိက္ခ၊ ပထမတန်းဆိုရင် ဦးတေဇဝန္တ။ တပည့်တော် အားလုံး သူ့ဟာနဲ့သူ လွှဲပေးတယ်ပေါ့။ လွှဲပြီးတဲ့အခါမှာ တပည့်တော် ဘာလုပ်သလဲ။ အရှင်ဘုရားတို့ ကြည့်တတ်လို့ရှိရင် မြင်မှာပါ။

လွှဲပြီးတာနဲ့ သူ့ဆိုင်ရာဆိုင်ရာ အတန်းမှာ

www.dhammadownload.com

ဘယ်လို ဘယ်လို ချနေတယ်။ ဒီနှစ်ဆိုလို့ရှိရင် လည်းပဲ ဒုတိယဆင့်ချနေတဲ့ ဦးဓမ္မာနန္ဒကို တပည့်တော် ဝင်ပြီးတော့ မစွက်ဘူး။ အကြံပဲပေးတယ်။ သူက တောင်မြို့ဆရာတော်ရေးတဲ့ ဘာသာဋ္ဌီကာကြီးတွေနဲ့ ချသွားတယ်။ ချသွားလိုက်တဲ့အခါမှာ သဒ္ဒါဆိုင်ရာ ကျမ်းရင်းဖြစ်တဲ့ ကစ္စည်းတို့ ရူပသိဒ္ဓိတို့၊ အထူးသဖြင့် ကစ္စည်းပေါ့ဘုရား။ တပည့်တော်တို့ကျောင်းက ရူပသိဒ္ဓိကို အဓိကထား ချတော့ ကစ္စည်းကို သွားမကြည့်ဖြစ်လိုက်တဲ့အခါမှာ ဒီကိစ္စလေး ဖြစ်သွားတယ်။ ဆရာတော်က ဖြစ်သင့်တာကို ရေးတယ်။ ဒါကိုပဲ တပည့်တော်တို့က ကျမ်းရင်းက လာတာ ထင်တဲ့ပြီးတော့ အားလုံးမှတ်ထားတော့ စာဖြေတဲ့အခါမှာ ကျမ်းရင်း မဟုတ်တော့ဘူး။ ဆရာတော်ရဲ့ တွေးဆချက်တွေ ဖြစ်သွားတယ်။ ကျမ်းရင်းဖြစ်တဲ့ သဒ္ဒါကြီးကို မကြည့်မိတဲ့အခါမှာ စာဖြေတော့ တပည့်တော် ဒီနှစ် ပုစ္ဆာတစ်ခု ဝင်ထုတ်တဲ့အခါ အားလုံးနီးပါးပဲ မှားကုန်ကြတာ တွေ့ရတယ်ပေါ့။

လုပ်ပိုင်ခွင့်

ဒါလေးတွေဆိုရင် တပည့်တော်အနေနဲ့ စာသင်သားတွေဆီကို သွားပြီးတော့ ဘယ်လို ဘယ်လိုလုပ် ဆိုပြီးတော့ ပြောလို့ရတယ်။ ဒါပေမဲ့ တပည့်တော် မလုပ်ပါဘူး။ စာချဘုန်းကြီးလေးဖြစ်တဲ့ ဦးဓမ္မာနန္ဒကို ခေါ်ပြီးတော့ နောက်နှစ်စာချရင် ဒီလိုဒီလိုလေး ချရင် ကောင်းမယ်။ ဒါမျိုးပဲ တပည့်တော် ပြောပါတယ်။ ဒါ ဘာလဲဆိုတော့ အရှင်ဘုရားတို့ကို တပည့်တော် ရှေ့ကနမူနာပေးနေတာပါ။ ဒုတိယဆင့်အတန်းပိုင် တာဝန်ယူထားတဲ့ ဦးကုန္ဒာစာရတို့ဆိုရင်လည်း ဘယ်လိုဘယ်လိုချရင် ကောင်းမယ်။ အဲဒီလို အကြံပေးသင့်တယ်ပေါ့။ ဟိုက စာချနေတုန်း တန်းလန်းကြီး သွားပြီးတော့ ဘယ်လိုလုပ်၊ ဘာချ၊ ဒါမျိုးတွေ တပည့်တော် လုပ်လေ့မရှိဘူးပေါ့ဘုရား။ သူတို့ရဲ့ လုပ်ပိုင်ခွင့်ကို အပြည့်အဝ ပေးပြီးတော့ ဘေးကနေ ပံ့ပိုးတဲ့သဘောပဲ လုပ်တယ်။

တပည့်တော် ရှေ့ကနေ လုပ်သွားတယ်။ ဥပမာအားဖြင့် ဒါ ပညာရေးကို ပြောတာပေါ့။ ဆွမ်းစားကျောင်းဆိုလို့ရှိရင်လည်း အလားတူပဲ။ တပည့်တော်တို့ ဒီကျောင်းတိုက်ကလေးက သေးတော့ နေရာအခက်အခဲ၊ ဆွမ်းအခက်အခဲဆိုတာ ရှိတတ်တယ်။ ရှိတော့ ဘာဖြစ်လဲ။ တပည့်တော်ကိုယ်တိုင်လည်းပဲ အပြင်ကို ဒီနေ့ အရဏ်ဆွမ်းစား သွားမယ်ဆိုပါတော့။ ဆွမ်းစားကျောင်းမှာ ဆွမ်းစားကျောင်းဘုန်းကြီးက အဓိကကျတယ်။ ဒီတော့ 'ဒီကနေ့ တပည့်တော် ဆွမ်းမဘဉ်းပေးတော့ဘူး၊ ဘယ်သွားစရာရှိတယ်' လို့ ပန်ပြောတယ်။ နေ့ဆွမ်းမစားဘူးဆိုရင်လည်း 'နေ့ဆွမ်း မဘဉ်းပေးတော့ဘူး၊ ဘယ်သွားစရာရှိတယ်'ပေါ့။ ကျောင်းတိုက်ကနေ ခရီးသွားမယ်ဆိုရင်လည်း တယ်လီဖုန်းက ဆွမ်းစားကျောင်းမှာထားတော့ ဆွမ်းစားကျောင်းကိုပဲ အဓိကထားပြီး အခုနောက်ပိုင်းတော့ တပည့်တော် အနည်းဆုံးဖုန်းနဲ့ဖြစ်ဖြစ် လှမ်းမှာတယ်။ ဟိုတုန်းကတော့ ဦးဇာဂရတို့ကိုလည်းပဲ ခေါ်ပြီးတော့ ပြောလေ့ရှိခဲ့တယ်ပေါ့။ ခုတော့ တယ်လီဖုန်းရှိတဲ့နေရာကိုပဲ အဓိကထားပြီးတော့ တပည့်တော် ပြောပြောသွားတယ်ပေါ့။

စာပေထဲက ရ

ဒါဟာ ဘာလဲဆိုတော့ နောက်က ပုဂ္ဂိုလ်တွေ တပည့်တော် လုပ်သလို လိုက်ပြီးတော့

www.dhammadownload.com

လုပ်စေချင်လို့။ ကိုယ်က ခရီးသွားမယ်၊ ဆွမ်းမဘုဉ်းပေးဘူး၊ ဒါဆိုရင် ဆွမ်းစားကျောင်းဘုန်းကြီးကို လျှောက်သွားပါ။ ဒါမှ ဆွမ်းပြင်တဲ့အခါမှာ သူတို့ တွက်ချက်ရတာ အဆင်ပြေတာပေါ့။ ဒါကိုပဲ တချို့ သံဃာငယ်လေးတွေက သဘောမပေါက်လို့လားမသိဘူး။ မလျှောက်ဘဲ သွားတာတွေ နည်းနည်းလေး တွေ့ရသေးတယ်။ ဒါလေးတွေကို လေးလေးစားစား လိုက်နာပေးပါ။ ဒါတွေက ကြီးလာတဲ့အခါမှာ အရှင်ဘုရားတို့ အတွက် သိပ်ပြီးတော့ တန်ဖိုးရှိပါတယ်။ တပည့်တော်လည်း ဒါတွေ ဘယ်ကရလဲဆိုတော့ ဒီလိုပဲ စာပေဖတ်တာပဲ။ ပါဠိတော် လှည့်တဲ့အခါမှာ သတိထားမိတယ်။ ပြန်ပြီးတော့ တွေးတောဆင်ခြင်ပြီးတော့ ဘယ်လိုလုပ်ရင် တိုးတက်မလဲဆိုတာတွေကနေပြီးတော့ ကျင့်သုံးဖြစ်တယ်ပေါ့။ ဘယ်ဆရာသမားကနေပြီး ဘယ်လိုလုပ်ဆိုတဲ့ တိုက်ရိုက်ဩဝါဒ မရှိပါဘူး။ ကောင်းနိုးရာရာလေးတွေကို ကိုယ့်ဟာကိုယ် စိတ်ကူးနဲ့ ပြန်ပြီးတော့ လုပ်ခဲ့တယ်။ ဒီအကျင့်လေးတွေကို ကျောင်းမှာလည်း ပါစေချင်လို့ တပည့်တော် ပြောနေတာ။

အားလုံး ပန်ပြောပြီးတော့ လုပ်ပါ။ ခရီးထွက်လို့ရှိရင်လည်းပဲ ဆွမ်းစားကျောင်းဘုန်းကြီးကို ပန်ပြောပါ။ ဒါကတော့ ဆွမ်းစားကျောင်းဆိုတာ အဓိကကျလို့။ နောက်ပြီးတော့ အကြီးဆုံးနှစ်ပါးကို လျှောက်ပြီးတော့ ညအိပ်ညနေ ခရီးထွက်ပါ။ နေ့ချင်းပြန်ဆိုလို့ရှိရင်တော့ ဆွမ်းစားကျောင်းဘုန်းကြီးနဲ့ တပည့်တော်ဆီ လာပြီးတော့ လျှောက်ပါ။ ဒါမျိုးလေးတွေ တပည့်တော် ပြောထားတယ်ပေါ့။ ပညာရေးပိုင်းမှာလည်း တပည့်တော် ကျင့်သုံးတာလေးတွေကို အရှင်ဘုရားတို့ မြင်အောင် ကြည့်တတ်တဲ့သံဃာဆို မြင်ပါလိမ့်မယ်။ ကျန်တဲ့နေရာမှာလည်းပဲ ကွန်ပျူတာခန်းဆို၊ ကွန်ပျူတာနဲ့စပ်ပြီဆိုရင်လည်း ဦးဝေပုလ္လတို့ ဦးသုဒဿနတို့ကို ခေါ်ပြီးတော့ ဘယ်လိုဘယ်လို လုပ်ပေးပါ၊ မိတ္တူဆိုလို့ရှိရင်လည်းပဲ ဘယ်လို ဘယ်လိုလုပ်ချင်တယ်၊ ဘယ်အချိန်ရနိုင်မလဲ၊ ဒါမျိုးပဲ ပြောတယ်ပေါ့။ ကျန်တာ ဘာမှ မစွက်ဖက်ဘူး။ ဒါလေးတွေကို အရှင်ဘုရားတို့လည်း နည်းယူပြီးတော့ တပည့်တော်တို့ကျောင်းမှာ ကျင့်သုံးပါ။ နောက်ဆုံးမှာ ပစ္စည်းတစ်ခုကိုင်တာက စပြီးတော့ ခွင့်ပန်ပြီး သူများပစ္စည်းကို ခွင့်မပန်ဘဲ မကိုင်တတ်တဲ့အကျင့် ကျင့်ပေးပါ။

အတုယူပါ

အဲဒီလို လုပ်လိုက်လို့ရှိရင် တပည့်တော်တို့ သိပ်ပြီးတော့ နေရထိုင်ရ ကောင်းသွားမယ်။ ဆွမ်းစားကျောင်းဘုန်းကြီး ဦးကောဝိဒဆိုလို့ရှိရင် ဒါ ဧည့်ကျောင်းသော့ ပေးထားတယ်။ သိမ်အောက်ထပ်သော့တွေ ပေးထားတယ်။ ကွန်ပျူတာခန်းသော့လည်းပဲ ကိုင်ချင်ကိုင်ဆိုပြီး ပေးထားတယ်ပေါ့။ မီးစက်သော့တွေလည်း ပေးထားတယ်။ သိမ်အောက်ထပ်သော့တို့၊ ဧည့်ကျောင်းသော့တို့ တစ်ခုခုလုပ်ချင်ပြီဆိုရင် တပည့်တော်ကိုယ်တိုင်လည်း ဆွမ်းစားကျောင်းဘုန်းကြီးကို သွားလျှောက်ပြီးတော့ သော့ယူခဲ့ပါ၊ ဘယ်သူ့ကို ပေးလိုက်ပါ၊ ဒီလိုပဲ ပြောပါတယ်။ သော့ပေးစမ်းစသည်ဖြင့် တပည့်တော်ကိုယ်တိုင် အမိန့်နဲ့လုပ်တာ မရှိသလောက် ရှားပါတယ်။ အဲဒါလေးတွေကိုလည်းပဲ အရှင်ဘုရားတို့အနေနဲ့ အတုယူကျင့်သုံးပေးပါ။

ကွန်ပျူတာခန်းဆိုလို့ရှိရင်လည်း ဒီလိုပေါ့။ သူ့ဟာသူ ဘာပဲလာနေနေ၊ ကိုယ်နဲ့သက်ဆိုင်မှ၊ လုံးဝ မသက်ဆိုင်ဘူးဆိုရင် မသွားပါနဲ့။

www.dhammadownload.com

တပည့်တော် အကြီးတွေကိုလည်း ပြောထားပါတယ်။ ကွန်ပျူတာကိုင်တဲ့ပုဂ္ဂိုလ်ကို လေးလေးစားစားနဲ့ သေတောင်းပြီးမှ ဖွင့်ပါ။ ဒီလိုမှ မဟုတ်ဘူးဆိုရင် ကြီးတဲ့ပုဂ္ဂိုလ်တွေက၊ နိုင်တဲ့ပုဂ္ဂိုလ်တွေက၊ တပည့်တော်က စပြီးတော့ပေါ့။ ကိုယ့်ဟာကိုယ် ယူချင်တဲ့အချိန် ယူပြီးတော့ ဖွင့်၊ ဖွင့်ပြီးတော့ ပြန်ထား။ ပစ္စည်းပျောက်တာတို့၊ သို့မဟုတ်၊ တစ်ခုခုချို့ယွင်းချက် ဖြစ်ပြီဆိုရင် ဒါတွေက ပြင်ရတာ သိပ်ပြီးတော့ စရိတ်ကြီးပါတယ်။ ဖြစ်ပြီဆိုလို့ရှိရင် ခုနက ကိုင်တဲ့ပုဂ္ဂိုလ်တွေကလည်းပဲ တာဝန်ယူချင်စိတ် ရှိမှာ မဟုတ်တော့ပါဘူး။ ကိုယ့်အသိမပေးဘဲနဲ့ ကိုင်နေတဲ့ဟာတစ်ခုကို စောင့်ရှောက်ဖို့ဆိုတာ မလွယ်ပါဘူး။

ယဉ်ကျေးမှုအရ

ဒါကြောင့်မို့ တပည့်တော်တို့ အဲဒီလိုအပြုအမူလေးတွေကို တတ်နိုင်သမျှ စောင့်ထိန်းပေးပါ။ ဘယ်ပုဂ္ဂိုလ်ကို ဘယ်ဟာအပ်ထားတယ် စသည်ဖြင့် သူ့ဆိုင်ရာဆိုင်ရာလေးတွေကို စုံစမ်းထားပါ။ ဒီဓမ္မာရုံပေါ်ဆိုလို့ရှိရင်လည်း ဦးနာဂိန္ဒကို သေ့အပ်ထားတယ်။ တပည့်တော် စာအုပ်ထုတ်ချင်ပြီဆိုရင် ဦးနာဂိန္ဒ မပြောဘဲနဲ့ ထုတ်တဲ့အခါ မရှိသလောက် ဖြစ်ပါလိမ့်မယ်။ တပည့်တော် မမှတ်မိလို့များ ရှိရင်တော့ တစ်မျိုးပေါ့။ ဒီဗီရိုတွေထဲက စာအုပ်လိုချင်တယ်ဆိုရင် ဘယ်စာအုပ်ပေးပါ၊ ဘယ်နှေ့ဘယ်ရက် မှတ်ထားပါ၊ ဘာလေးလိုချင်တယ်၊ ဒါလေးကို ထုတ်ပေးပါ။ ဒီလိုပဲ ပြောပါတယ်။ တကယ်ဆို ကိုယ်ပိုင်တဲ့ဟာတစ်ခုပဲ။ ကိုယ်ခန့်ထားတဲ့ပုဂ္ဂိုလ်တစ်ဦးပဲ။ ဒီလိုမလုပ်လည်းပဲ သူ ဘာမှ မပြောရဲပါဘူး။ ဒါပေမဲ့လို့ အဲဒီပုဂ္ဂိုလ်မှာ တာဝန်ယူချင်တဲ့စိတ်လျော့ပါးသွားမယ်။

စာချုပ်ဆိုရင်လည်း ကိုယ်ချတဲ့အတန်းကို ပညာရေးသာ မကဘဲနဲ့ စိတ်ဓာတ်ရေးရာရော၊ စည်းကမ်းရော သတ္တိရှိရှိ တာဝန်ယူနိုင်တဲ့အဆင့်ရှိအောင် ကြိုးစားပါ။ သူများဆိုင်တဲ့အတန်းကို သွားပြီးတော့ လုပ်ပြီဆိုလို့ရှိရင်လည်း ဆိုင်ရာစာချုပ်နှိုးကြီးတွေကို ပထမ ပန်ပြောပြီးတော့ ဘယ်လိုဘယ်လို လုပ်ချင်တယ်ဆိုတာလေးကို လုပ်ပါ။ လုံးဝအကြံမပေးနဲ့လို့ ပြောတာမဟုတ်ပါဘူး။ တပည့်တော်တို့ ယဉ်ကျေးမှုအရ၊ မဟာလူသားစိတ်အရ၊ နိုင်ငံကြီးသားစိတ်ဓာတ်အရ ဒါမျိုးလေးတွေ ဖြစ်သွားပြီဆိုရင် တပည့်တော်တို့ ကျောင်းတိုက်က ပိုပြီးတော့ စိတ်ဓာတ်ရေးရာ မြင့်သွားမယ်။ ခုလည်းပဲ ထိုက်သလောက် မြင့်တယ်လို့ တပည့်တော် ယုံကြည်ပါတယ်။ ဒါပေမဲ့လို့ လိုအပ်ချက်ကလေးတွေ တစ်ခါတစ်ရံ သွားတွေ့နေရတဲ့အခါမှာ တစ်ပါးချင်း ပြောတာထက် အခုလို အကြီးကနေ စပြီးတော့ အငယ်တွေထိ ရှိနေတဲ့ ဒီဩဝါဒအချိန်မှာ ပြောတာ ပိုကောင်းပါလိမ့်မယ်။ အားလုံးလည်း သဘောပေါက်ပြီးတော့ လိုက်နာကျင့်သုံးကြမယ်ဆိုရင် ကျောင်းတိုက်မှာ ပြဿနာဆိုတာ သိပ်မရှိတော့ဘူးပေါ့။

စည်းကမ်းရှိမှု

တပည့်တော်တို့ သေနာသနဝတ် လုပ်တဲ့အခါမှာလည်းပဲ ပေါက်ပြားတို့၊ ပေါက်တူးတို့၊ ပြဿနာ ခဏခဏတက်တယ်။ ဒီကိစ္စ ဘယ်လို လုပ်ရမလဲဆိုတာ အကြံလည်းပဲ တောင်းထားတယ်ပေါ့။ တပည့်တော်ကိုယ်တိုင်လည်း ဘယ်လိုလုပ်ရင်ရမလဲ စဉ်းစားတုန်းရှိပါသေးတယ်။ တံမြက်စည်းကိစ္စတွေဆိုလည်းပဲ ဒီလိုပဲပေါ့။

www.dhammadownload.com

ဟိုကဟာ ဒီယူ၊ ဒီကဟာ ဟိုယူ၊ လှည်းပြီးတဲ့ နေရာပဲ နီးရာပစ်ထား။ ဒီလိုတွေဖြစ်နေတယ်။ တကယ်ဆို သတ်သတ်မှတ်မှတ်ထားတဲ့ နေရာလေးတွေအထိ သေချာသွားပြီးတော့ မပျင်းမရိထား။ ကိုယ်တိုင် မသွားချင်ဘူးဆိုလည်း သွားတဲ့တစ်ပါးကို အကူအညီတောင်း။ ဒါမျိုးလေးတွေ လုပ်လို့ရှိရင် စည်းကမ်းဆိုတာ ကြာရင် ရှိသွားမှာပေါ့ဘုရား။

တပည့်တော်တို့ ကျောင်းတိုက်တစ်တိုက် သာယာဖို့၊ ကျောင်းတိုက်တစ်တိုက် ညီညွတ်ဖို့၊ ကျောင်းတိုက်တစ်တိုက် တိုးတက်ဖို့ဆိုတာ စည်းကမ်းလိုအပ်ပါတယ်။ စည်းကမ်းဆိုတာ တပည့်တော်တို့ ပိဋကတ်သုံးပုံမှာဆို ဝိနည်းပိဋကတ်လို့ ခေါ်တယ်။ ဒီဝိနည်းတည်မှ သာသနာတည်သလိုပဲ တပည့်တော်တို့ ကျောင်းတိုက်တစ်တိုက် ဖြစ်ဖြစ်၊ လူအဖွဲ့အစည်းတစ်ခုဖြစ်ဖြစ် စည်းကမ်းရှိမှ ပိုပြီးတော့ ဝီပြင်ပါတယ်။ အောင်မြင်မှုလည်း ရှိပါတယ်။ ဒါတွေက တပည့်တော်တို့ လိုက်နာကျင့်သုံးရမယ့် စည်းကမ်း။ ရှောင်ကြဉ်ရမယ့် စည်းကမ်း မဟုတ်ဘူး။ ဒါကြောင့်မို့ အားလုံး ကိုယ့်ဆိုင်ရာဆိုင်ရာလေးတွေကို ကြောင့်ကြစိုက်ပေးပါ။

သိပ်အကျိုးရှိတယ်

ဒီအောက်ထပ်မှာ အကြီးတစ်ပါးရှိတယ်။ ဒီအောက်ထပ်မှာ တစ်ခုခုလုပ်ချင်ပြီဆို ဒီပုဂ္ဂိုလ်ကို ပန်ပြောပြီး၊ အကြီးကို ပန်ပြောပြီးမှ လုပ်လေ့လုပ်ထ ရှိပါ။ ပတ္တမြားကျောင်းဆောင်ဆိုလို့ ရှိရင်လည်း အမြဲတမ်း ဦးသီလာနန္ဒ ရှိတယ်။ ဦးသီလာနန္ဒက စာကျက်သွားနေတယ်ဆိုရင် ဦးဩဒါတို့ ဦးစန္ဒဝံသတို့ အကြီးနေရာ ပေးထားတယ်။ ပေးထားပြီဆိုလို့ရှိရင် ဒီရဟန်းနှစ်ပါး ကလည်း၊ ဒီစာချုပ်နှီးကြီးလေး နှစ်ပါးကလည်း တစ်ခုခုဖြစ်လာရင် ကိုယ်က တာဝန်ယူရဲတဲ့ စိတ်ဓာတ်နဲ့ လုပ်ရတယ်။ ကျန်တဲ့သံဃာတွေကလည်း သူတို့ကို လေးစားပြီးတော့ တတ်နိုင်သမျှ သူတို့ကို ပန်ပြောပြီးတော့ လုပ်လေ့လုပ်ထရှိရင် တပည့်တော်တို့ ကျောင်းတိုက်ဟာ ဘယ်တော့မှ ပြဿနာလည်း တက်မှာ မဟုတ်ဘူး။ ပြဿနာမတက်တဲ့အပြင် ရေရှည်ကျလို့ရှိရင် တိုးတက်မှု၊ စိတ်ဓာတ်မြင့်မားမှုတွေ ရပြီးတော့ နောက်ဆုံးမှာ ဒီသံဃာတွေကနေပြီးတော့ အားလုံး ပြန့်သွားလို့ ရှိရင်၊ စည်းကမ်းရှိတဲ့ကျောင်းတိုက်တွေများလာရင် တပည့်တော်တို့ သာသနာအတွက်၊ တပည့်တော်တို့ မြန်မာနိုင်ငံအတွက် သိပ်အကျိုးရှိပါမယ်။

ဒါကြောင့်မို့ ကိုယ်စီကိုယ်ငဲ့ ကိုယ့်ဆိုင်ရာဆိုင်ရာ လုပ်ပိုင်ခွင့်ကိုလည်းပဲ သိပြီးတော့၊ သူတစ်ပါးရဲ့လုပ်ပိုင်ခွင့်ကိုလည်း စာနာနားလည်ပြီးတော့ ကျင့်သုံးနိုင်ကြပါစေ။ ခွင့်ပန်ခြင်းအလေ့ကျင့်သုံးပြီး သူတစ်ပါးရဲ့ လုပ်ပိုင်ခွင့်ကိုလည်းပဲ စာနာနားလည်နိုင်ကြပါစေ။ အဲဒီလိုနားလည်ခြင်းအားဖြင့် စည်းကမ်းရှိတဲ့၊ စိတ်ဓာတ်မြင့်မြတ်တဲ့ သာသနာ့အာဇာနည်များ ဖြစ်ပြီးတော့ သာသနာတော်ရဲ့အကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

သံကိုသံဖျက် သံချေးတက်

၁၃၆၇ ခု၊ နတ်တော်လကွယ်နေ့
၂၀၀၅ ခု၊ ဒီဇင်ဘာလ ၂၉ ရက်၊ ကြာသပတေးနေ့ ည

စာတွေ့လာတယ်

တပည့်တော်တို့ ဒီနေ့ နတ်တော်လ ကုန်သွားပြီ။ ပြာသိုလဆန်း (၂) ရက်နေ့ တပည့်တော်တို့ သာမဏေသက္ကသီဟကိုရင်တွေ ဖြေပြီးလို့ရှိရင် ဒီနှစ်အတွက် ရဟန်းရော၊ ကိုရင်ရော အားလုံး စာမေးပွဲကိစ္စပြီးသွားပြီ။ ပခုက္ကူဖြေမယ့် တစ်ပါး နှစ်ပါးစပဲ ကျန်မယ်ပေါ့။ စာမေးပွဲတွေအတွက်လည်း အားလုံး ကားခတွေ လှူထားတာရှိတယ်ပေါ့။ လိုအပ်ရင်လည်းပဲ တပည့်တော်တို့ ကျောင်းက နှစ်တိုင်းလိုပဲ လှူပေးမယ်။ အဲဒီတော့ ကိုယ့်ဘက်က ဘာအရေးကြီးလဲ။ အခု သက္ကသီဟအသင်းကြီးကလည်းပဲ ပခုက္ကူအသင်းလိုပဲ ဖြစ်နေသတဲ့။ ပခုက္ကူက ၂-နှစ်ရှိပြီ စာတွေ့လာတယ်ပေါ့။ ဒီစာဖြေသံဃာတွေ အကြောင်းပြုပြီးတော့ မြို့သူမြို့သားတွေက အကြည်ညိုပျက်လာတယ်တဲ့။

စာဖြေသံဃာတွေက စာဖြေတယ်ဆိုတဲ့ အခွင့်အရေးကို ယူပြီးတော့ သူတို့ပြောတဲ့ သဘောအရဆိုရင်ကတော့ ဒီ ညစာစားတာတို့၊ ဈေးတန်းထွက်တာတို့၊ ဘောလုံးကန်တာတို့။ ဒါမျိုးတွေ ရှိလာတယ်။ နှစ်ကြိမ်ရှိပြီပေါ့။ ဒီနှစ်မှာလည်း မန္တလေး သက္ကသီဟပရိယတ္တိအသင်းက တစ်နေ့ကပင့်စာကတ်ပြားနဲ့ စာတစ်စောင်ရောက်တယ်ပေါ့။ ကြည်ညိုဖွယ်ဆောင်နိုင်

www.dhammadownload.com

အောင် ကိုယ့်ရဲ့တပည့်တွေကို ဆုံးမပေးဖို့အ ကြောင်း လျှောက်ထားတဲ့စာပဲ။

ကိုယ့်ကိုယ်ကိုယ်တာဝန်ယူ

ဒါတွေကို ထောက်ဆခြင်းအားဖြင့် တပည့် တော်တို့ စာဖြေသံဃာတွေဟာ ပါသာဒိကဂုဏ် နည်းလာတယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်သွားတယ်။ အားလုံးကောင်းသွားရင်တော့ ကောင်းတာပဲ။ မကောင်းဘူးဆိုရင် နောက်ဆုံး တပည့်တော်တို့ ကျောင်းက သံဃာတွေက ကိုယ့်ကိုယ်ကိုယ်တော့ တာဝန်ယူရမယ်ပေါ့။ ကိုယ့်ကိုယ်ကိုယ် တာဝန် ယူရင် မပြီးဘူးလား။ ပြီးတယ်။ တပည့်တော်တို့ ဒီမှာလည်းပဲ အကြီးသုံးပါး တစ်ရက်စီ လိုက်ပေး ဖို့တော့ အစီအစဉ်ရှိတယ်ပေါ့လေ။ အောက်က အငယ်ထဲကလည်း ဦးဝေပုလ်တို့ ဦးတေဇဝန်တို့ လို စာချတန်းပြီးတွေရော၊ နှစ်ချမ်းစွဲ ဦး သုဒဿနတို့ရော တစ်ရက် နှစ်ပါးစီ အလှည့်ကျ လိုက်ပေးမယ်။ ကားကလည်းပဲ တစ်စီးတည်း ရချင်မှရမယ်။

စာဖြေတဲ့ သံဃာတွေကလည်းပဲ အကြီး ပါပါ၊ မပါပါ၊ ကိုယ့်ရဲ့ကွန်ဖြေနဲ့ ကိုယ့်ရဲ့သိက္ခာ တွေ၊ ကျောင်းတိုက်ရဲ့ဂုဏ်နဲ့ သာသနာ့သိက္ခာ တွေ၊ ဒါတွေကို ငဲ့ပြီးတော့ ပုံမှန်ပဲ နှစ်တိုင်းလိုပဲ လုပ်ပေးပါ။ တပည့်တော်တို့ လိုက်ပြီးတော့ ကြီးကြပ်တဲ့ ရဟန်းတွေ၊ စာချဘုန်းကြီးတွေက လည်း ခုချိန်ဟာ ဒီပြင့်ကိစ္စတွေအတွက် သွား တာ မဟုတ်ဘူးလို့ နှလုံးသွင်းထားပါ။ နည်း နည်းပါးပါးလေး လုပ်စရာရှိရင် သွားလုပ်။ ချက် ချင်း ပြန်လာ။ တကယ်တော့ ဒီနားလေးမှာပဲ နေပြီးတော့ ပြဿနာတစ်ခုခုတက်လာလို့ရှိရင် ဘယ်လိုကူညီရမလဲဆိုတဲ့ ဒီစိတ်လေးတွေနဲ့ပဲ လိုက်ပါ။ ဘာဖြစ်လို့ ပြောတာလဲဆိုတော့ တစ်ခါတစ်ရံမှာ 'ဟာ- အလုပ်လည်း မရှိဘူး၊ ဘယ်သွားဦးမှ' ဆိုပြီး တကယ်တစ်ခုခုဖြစ်လာပြီ ဆိုတော့ သူ့ကိုထည့်လိုက်တဲ့အတွက် ဘာမှ အကျိုးမရှိဘဲ ဖြစ်တတ်တယ်ပေါ့။

ပြောရရင် တပည့်တော်တို့ ဒီကနေပြီးတော့ သူတို့လျှောက်ထားတောင်းဆိုတဲ့အတိုင်း အားလုံး စီစဉ်ပေးမယ်ပေါ့ဘုရား။ တပည့်တော်တို့ကျောင်း အနေနဲ့တော့ နှစ်တိုင်းနှစ်တိုင်းလည်း တတ်နိုင် သမျှတော့ ထိန်းခိုင်းထားတာပဲ။ ထိန်းလိမ့်မယ် လို့လည်းပဲ ယုံကြည်တယ်ပေါ့။ အရှင်ဘုရားတို့ အဲဒါလေးတွေလည်းပဲ ကြိုးစားပြီးတော့ အရှင် ဘုရားတို့ဘက်က ပေးဆပ်ပါ။ တပည့်တော်တို့ ဒီမှာ အားလုံး ဆွမ်းကွမ်းကိစ္စက စပြီးတော့ ကားခတွေအထိ တာဝန်ယူထားတယ်ဆိုတာ တပည့်တော်တို့ကျောင်းမှာ ချမ်းသာလို့ မဟုတ် ပါဘူး။ ဒီပြင်လုပ်စရာတွေရှိပေမဲ့လို့ ပညာရေး ဘက်မှာ တတ်နိုင်သမျှ ဖြည့်ဆည်းမယ်ဆိုတဲ့ စိတ်ဓာတ်ရှိလို့ ဒါတွေက ထိုက်သလောက် နှစ်စဉ်နှစ်တိုင်း ပြည့်စုံသလောက် ဖြစ်လာတာ။ ပေါများလို့ မဟုတ်ပါဘူး။ အဲဒါလေးတွေကို အရှင်ဘုရားတို့ဘက်က လေးလေးစားစားလေး မှတ်သားပေးပါ။ လိုက်နာပေးပါ။

အလှူခံလှည့်ပါ

နောက် ဒုတိယအချက် အသိပေးချင်တာက ဘာလဲဆိုတော့ တစ်နေ့က အခါမဲ့မိုးလို့ ခေါ်မှာ ပေါ့ဘုရား၊ မိုးတွေရွာလိုက်တော့ ချမ်းလာတယ် ပေါ့။ အေးလာတယ်။ အေးလာတော့ စောင်တွေ ဘာတွေ လိုအပ်ရင် ပြောပါ။ တစ်နေ့ကလည်း တပည့်တော် ပန်ပြောပြီးပြီ။ လာပြောလှည့်ပါ။ ဝေစရာ စောင်အသေးလေးတွေ ရှိပါသေးတယ်။ လက်ရှိခံနေတဲ့ ခံထည်တစ်ခုရယ်၊ တစ်လောက

www.dhammadownload.com

မိုးကုတ်က ဒကာမကြီးဒေါ်တင်ရွှေရဲ့ သားသမီးတွေ ဒေါ်လုံးတို့ ဒေါ်အုံးတို့ လှူသွားတဲ့ခြံထည်တွေ၊ အားလုံး အကောင်းတွေပါပဲ။ စာရင်းလေးလှမ်းပြီးတော့ တပည့်တော်ကြည့်လိုက်တယ်။ အားလုံး သံဃာ(၁၆၀)ဆိုရင် တန်ဖိုးအားဖြင့် သိန်းပေါင်း(၁၂)သိန်းဝန်းကျင် ကျော်သလားမသိဘူး။ အံ့လောက်ရှိတယ်ထင်တယ်။

အဲဒီတော့ သူတို့ဘက်က လှူတဲ့ဟာကို တပည့်တော်တို့က နောက်ဆုံးမှာ လိုအပ်လို့ရှိရင် ညမှာ ထုတ်ပြီးတော့ ခြုံပါ။ မနှမြောပါနဲ့။ ကုန်လို့ရှိရင်လည်း တစ်ပါးစ နှစ်ပါးစဆိုလို့ရှိရင် တပည့်တော်ဆီမှာ အပိုလည်း ရှိနေတာပဲ။ အမြဲတမ်းလှူဖို့ပဲ ထားတာပါ။ တစ်နေ့ကလည်းပဲ လိုတယ်ဆိုလို့ ထုတ်ပြီးတော့ လှူထားတာလည်း ရှိတယ်ပေါ့။ ဒါမှ မလုံလောက်ပါဘူး၊ ချမ်းပါသေးတယ်၊ ညနိုးနိုးလာပါတယ်ဆိုရင် ကိုယ့်ကျောင်းဘုန်းကြီးကိုယ် လျှောက်ရင်လျှောက်။ ဒါမှမဟုတ် ဦးနာဂိန်ဆီ တိုက်ရိုက်လာယူ။ ဦးနာဂိန်နဲ့ တပည့်တော်နဲ့ ကြည့်ပြီးတော့ စီစဉ်ပေးမယ်ပေါ့။ ဒါကိုပဲ ဒုတိယအချက်အနေနဲ့ တပည့်တော် ပန်ပြောပါတယ်။

သပိတ်ဆေးကန်

နောက် - တတိယအချက်အနေနဲ့ ဘာလဲဆိုတော့ သပိတ်ဆေးကန်ပေါ့။ သပိတ်ဆေးကန်အခု သိမ်အပေါ်ထပ်က ရေချိုးခန်းနားလေးမှာလည်းပဲ တစ်ခုလုပ်ဖို့ အစီအစဉ်ရှိတယ်ပေါ့။ ဒီအောက်ထပ်မှာလည်းပဲ နောက်ထပ် တစ်လုံးလုပ်ထားတယ်။ မနက်ဖြန်က စပြီးတော့ အဲဒီအသစ်ကို သုံးပါ။ အဟောင်းကိုလည်း ပန်းရန်တွေ မလာခင် မနက်ခင်းပိုင်းတော့ သုံးလို့ရတယ်။ နေ့ပိုင်းမှာတော့ ပန်းရန်တွေလာလို့ရှိရင် မသုံးနဲ့ပေါ့။ အခင်းလေးတွေ အရှေ့ဘက် အနောက်ဘက် ထပ်ပြီးတော့ ချဲ့ပေးဖို့ စီစဉ်ထားတယ်။ ချဲ့ပေးလို့ရှိရင် အဲဒီအခင်းအသစ်တွေ သုံးတဲ့အခါ ဘယ်လိုလုပ်မလဲဆိုတာ အားလုံးပဲ နားစိုက်ပြီးတော့ ထောင်ပေးပါ။ ထပ်ပြီးတော့ တပည့်တော် မပြောတော့ဘူး။

သပိတ်ဆေးရေတွေကို အပြင်ဘက် မြေကြီးပေါ် မသွန်နဲ့။ အဲဒီအုတ်ရေမြောင်းထဲသာ ထည့်လိုက်။ ဟိုဘက်ကနေ တပည့်တော် တွင်းတူးပြီးတော့ အုတ်လေးစီပြီးတော့ ရေစစ်ကန်လေးတစ်ခုလုပ်ပေးဖို့ အစီအစဉ်ရှိတယ်။ ရေစစ်ကန်ထဲမှာ သူ့ဟာသူ မြောင်းထဲကနေ ဆွမ်းလုံးလေးတွေ ကျသွားလို့ရှိရင် ရေကြည်လေးတွေက အပြင်ဘက် သူ့ဟာသူထွက်သွားတာ။ ဆွမ်းလုံးတွေကို တစ်ရက်တစ်ပါး တာဝန်ယူပြီးတော့ သေချာလုပ်လို့ရှိရင် သူ့ဟာနဲ့သူ ကောင်းသွားလိမ့်မယ်။ တောင်ဘက်က ကန်ကတော့ ဥပစာကလည်းပဲ ကျဉ်းနေတယ်။ ပြီးတော့ ရေသွန်နေတာလည်းပဲ ဘေးအမြင်အရတော့ ခဲလုံးတွေနဲ့ ဘာတွေနဲ့ ကြည့်ရတာ တော်တော်ဆိုးနေတယ်။ အဲဒါ မနက်ဖြန် တပည့်တော် ပြန်ပြီးတော့ ပြင်ပေးမယ်။ မနက်ခင်းမှာတော့ အသစ်ရော အဟောင်းရော သုံးလို့ရတယ်ပေါ့။ နေ့ပိုင်းမှာတော့ အသစ်ကိုပဲ သုံးပါ။ အသစ်သုံးတဲ့အခါမှာလည်း ရေသွန်တဲ့အခါမှာ ဆွမ်းလုံးလေးတွေကို ဘေးမှာတောင်းရှိရင် ထည့်။ ရေကိုတော့ စောစောကပြောတဲ့ အုတ်မြောင်းထဲပဲ သွန်။ ဘေးကို မပက်ပါနဲ့လို့ အဲဒါ တပည့်တော် တတိယအချက်အနေနဲ့ ပန်ပြောပါတယ်။

သောဘနသုတ်

နောက်ပြီးတော့ တပည့်တော် အရင်တုန်းက

www.dhammadownload.com

တစ်ခါ ပြောဖူးတဲ့ သုတ္တန်လေးနဲ့ ဩဝါဒစကား အနည်းငယ် ပြောချင်ပါတယ်။ တပည့်တော်တို့ အခု စာမေးပွဲတွေ ဖြေနေကြတယ်ဆိုတာ သာသနာအတွက် အလုပ်လုပ်နေကြတာ။ သာသနာအတွက် အလုပ်လုပ်ရင်းနဲ့လည်း တပည့်တော်တို့ ဒီ ပစ္စည်းလေးပါးဆိုတာ မရှိမဖြစ်တော့ တရားသဖြင့် ရလာလို့ရှိရင် တပည့်တော်တို့ဘက်က ဆင်ခြင်ပြီးတော့ သုံးဆောင်ကောင်းတယ်ပေါ့။ ပစ္စည်းလေးပါးရဖို့ဆိုတဲ့ ရည်ရွယ်ချက်ကြီးနဲ့က တော့ စာမေးပွဲလည်း မဖြေကောင်းဘူး။ နောက် သီလလည်းပဲ မဆောက်တည်ကောင်းဘူး။ ခုတင်အကျင့်တွေလည်း မကျင့်ကောင်းဘူးပေါ့။ စာမေးပွဲတွေ ဖြေနေတာဆိုတော့ တပည့်တော် အရင်တုန်းကပြောဖူးတဲ့ စတုက္ကထဝ်က သောဘနသုတ္တန်ကိုပဲ တပည့်တော် ထပ်ပြီးတော့ ပြောပေးမယ်ပေါ့။

သံကို သံဖျက်

အဲဒီတော့ ဒီသုတ်က ဘာပြောတာလဲဆိုတော့ 'စတ္တာရော မေ ဘိက္ခဝေ ဝိယတ္တာ ဝိနီတာ ဝိသာရဒါ ဗဟုဿုတာ ဓမ္မဓရာ ဓမ္မာနုဓမ္မပဋိပန္နာ သံဃံ သောဘေန္တိ' တဲ့။ 'သံဃံ သောဘေန္တိ- သံဃာတွေကို တင့်တယ်စေတယ်'ဆိုတာ သာသနာတော်ကြီး တိုးတက်လာတယ်၊ သာသနာတော်ကြီး ရှေးကထက်ပိုပြီး တင့်တယ်လာတယ်၊ ကျက်သရေရှိလာတယ်လို့ ဒီလို အဓိပ္ပာယ်ပြန်လို့ရတယ်ပေါ့။ တပည့်တော်တို့ 'သံဃံ သောဘေန္တိ' သံဃာကို တင့်တယ်စေတယ်ဆိုလိုက်ရင် သာသနာလည်းပဲ တင့်တယ်ပြီးသား ဖြစ်သွားတာပဲ။ သံဃာနဲ့ သာသနာဆိုတာ ခွဲခြားလို့ မရဘူးပေါ့။ အဲဒီတော့ ဥပစာနည်းတွေနဲ့ဆိုလို့ရှိရင် သာသနာတော်ကို ကျက်သရေရှိစေတယ်။ ကျက်သရေဆောင်တယ်ပေါ့။ ဘယ်နယောက်က ကျက်သရေဆောင်သလဲဆိုရင် 'စတ္တာရော မေ ဘိက္ခဝေ'ဆိုတော့ ပုဂ္ဂိုလ်လေးယောက်က သာသနာ့ကျက်သရေကို ဆောင်တယ်။

ဘယ်သူတွေလဲဆိုတော့ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ။ ဆိုလိုတာက သာသနာတိုးတက်အောင်လည်း ဒီပုဂ္ဂိုလ်လေးမျိုးပဲ လုပ်တယ်။ ပြောင်းပြန်ပြန်လိုက်၊ ဗျတိရေကနည်းနဲ့ ကြည့်လို့ရှိရင် သာသနာတော်ပျက်အောင် ဖျက်နေတာလည်း ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ၊ ဒီလေးဦးပဲ။ သာသနာတော်တည်အောင်၊ သာသနာတော်ကြီး ကျက်သရေရှိအောင် လုပ်တာလည်း ဒီလေးဦးပဲ။ သာသနာတော် ကြီးပျက်စီးအောင် လုပ်တာလည်း ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ၊ ဒီလေးဦးပဲ။ ဒါလေးကို တပည့်တော်တို့ သတိထားသင့်တယ်။

ဆိုရိုးစကားတစ်ခု ရှိတယ်ပေါ့။ 'သံကို သံဖျက် သံချေးတက်'တယ်တဲ့။ သံချေးက ဘယ်ကနေ ထွက်လာလဲဆိုတော့ သံက ထွက်လာတာပဲ။ 'အယသာဝ မလံ သမုဋ္ဌိတံ'ဆိုတဲ့ အတိုင်း သံကနေပြီးတော့ သံချေးတက်တယ်။ သံချေးကြောင့်ပဲ သံဟာ ပျက်စီးသွားတယ်။ ဒီလိုပဲ တပည့်တော်တို့ သာသနာတော်ကြီး တည်တံ့အောင် လုပ်တဲ့နေရာမှာလည်းပဲ အရေးကြီးဆုံးက ဒီ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ။ ခုခေတ်မှာတော့ ဘိက္ခုနီ မရှိတော့ သာသနာ့နွယ်ဝင် သီလရှင်ပေါ့ဘုရား။ ဒီလေးဦးကပဲ သာသနာတော်တည်အောင်၊ သာသနာတော်ကြီး ကျက်သရေရှိအောင် လုပ်နေသလို ဒီလေးဦးကပဲ သာသနာတော်ကြီး ပျက်စီးအောင်၊ သာသနာတော်ကြီး ညစ်နွမ်းအောင် လုပ်နေတယ်။

www.dhammadownload.com

ဒါ ဗျတိရေကနည်းနဲ့ ပြန်ပြီးတော့ ကြည့်လိုက်တာပေါ့။

တရားခံအစစ်

နောက်တစ်ခါ သွယ်ဝိုက်တဲ့နည်းနဲ့ ဒီပနတ္ထနည်းတွေနဲ့ တပည့်တော်တို့ ကြည့်လိုက်လို့ရှိရင် ဘာဖြစ်မလဲ။ သာသနာတော်ကြီး ညစ်နွမ်းအောင် လုပ်တာလည်း ဒီလေးဦး၊ သာသနာတော်ကြီး တည်တံ့အောင်လုပ်တာလည်း ဒီလေးဦးဆိုတော့ သွယ်ဝိုက်တဲ့နည်းနဲ့ဆို ဘာသာခြားတွေက သာသနာတော်ကို ပျက်စီးအောင် မဖျက်ဆီးနိုင်ဘူးပေါ့။ သာသနာတော်ကြီး တကယ်ပျက်စီးအောင် ဖျက်ဆီးနေတာ တပည့်တော်တို့ အတွင်းလူတွေပဲ ဆိုတာ သိရတယ်။ တောင်မြို့ဆရာတော်ကြီး ဟောသလိုပဲပေါ့။ ဒီသုတ္တန်ကို ထောက်လို့ရှိရင် ဒီ အတွင်းလူလေးဦးပဲ ပြန်ပြီးတော့ တရားခံဖြစ်သွားတယ်။ ဘေးက ဘာသာခြားတွေအနေနဲ့ နည်းနည်းပါးပါးတော့ ဖြစ်မှာပေါ့။ ဒါပေမဲ့လို့ တပည့်တော်တို့ အတွင်းမှာညီညွတ်တယ်ဆိုရင် သာသနာပျက်စီးနိုင်ပါ့မလား။ အဲဒီတော့ ဘေးကဖျက်ဆီးတာသည် တော်တော်ကြီးကို နည်းပါးပါတယ်။ နည်းနည်းပါးပါး အထောက်အပံ့လောက်ပဲ ဖြစ်ပြီးတော့ တကယ်ဖျက်ဆီးနေတာက ဘယ်သူတွေလဲ ပြန်ပြောရင် ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ၊ ဒီပုဂ္ဂိုလ်တွေပါပဲ။

တပည့်တော်တို့ ပြန်ပြီးတော့ တစ်ခါ နယ်လေး ချဲ့ကြည့်လိုက်ရအောင်။ ခုနက ပြောတာက သာသနာတော်ကြီးနဲ့ အားလုံး စပ်နေတာပေါ့။ တပည့်တော်တို့ ကျောင်းတိုက်တစ်ခုဆိုလည်း ဒီလိုပါပဲ။ ကျောင်းတိုက်တစ်ခု၊ တပည့်တော်တို့ စာသင်တိုက်ဆိုလို့ရှိရင်လည်း ကျောင်းဘုန်းကြီး၊ စာချဘုန်းကြီး၊ စာသင်သားဆိုပြီးတော့ သုံးဦးရှိတယ်။ အဲဒီတော့ ခုနက သုတ္တန်ကို နည်းယူပြီးတော့ ဒီပနတ္ထတွေနဲ့ ကြည့်လိုက်လို့ရှိရင် ဒီကျောင်းတိုက် တိုးတက်အောင်လည်း ဒီသံဃာတွေကပဲ လုပ်နေတာ။ နောက်ဆုံး ဒီကျောင်းတိုက်ကြီး ညစ်နွမ်းအောင်၊ ပျက်စီးအောင်လည်း ဘယ်သူတွေပဲ လုပ်နေကြတာလဲဆိုရင် ကျောင်းဘုန်းကြီး၊ စာချဘုန်းကြီး၊ စာသင်သား၊ ဒီလူတွေပဲ လုပ်နေကြတာ။ ဒါ နည်းနည်းလေး တပည့်တော် နယ်ချဲ့လိုက်တာပေါ့။

ဂုဏ်ရည်ခြောက်ပါး

အဲဒီတော့ ဒါကို ထောက်လို့ရှိရင် တပည့်တော်တို့ 'စတ္တာရော မေ ဘိက္ခဝေ ဝိယတ္တာ ဝိနီတာ ဝိသာရဒါ ဗဟုဿုတာ ဓမ္မဓရာ ဓမ္မာနုဓမ္မပဋိပန္နာ' ဆိုပြီးတော့ ဂုဏ်ရည် ၆-ချက်ပေါ့။ ဒီဂုဏ်ရည် ၆-ချက် တပည့်တော်တို့ အသီးသီး ပြည့်စုံရမယ်။ တပည့်တော်တို့ အခု သံဃာတွေရှိတယ်။ ကိုရင်လေးက စပြီးတော့ စာချဘုန်းကြီး၊ ကျောင်းဘုန်းကြီးအထိ တပည့်တော်တို့ ကျောင်းတိုက်မှာ အခုပြောဆိုမယ့် ဂုဏ်ရည်ခြောက်ချက်နဲ့ ပြည့်စုံလို့ရှိရင် တပည့်တော်တို့ကြောင့် သာသနာတော်ကြီးဟာ ကျက်သရေရှိသွားမလား၊ ပျက်စီးသွားမလားဆိုတော့ ကျက်သရေရှိသွားမယ်ပေါ့ဘုရား။ ပြောင်းပြန်ပြန်လိုက်။ တပည့်တော်တို့ ဒီ စာချဘုန်းကြီး၊ ကျောင်းဘုန်းကြီး၊ စာသင်သားတွေဟာ ဒီဂုဏ်ရည်ခြောက်ချက် ပျက်ယွင်းနေတယ်။ ခြောက်ချက်လုံး ပျက်ယွင်းရင်တော့ မပြောနဲ့တော့။ တစ်ချက်နှစ်ချက် ပျက်ယွင်းရင်ကို တော်တော် သိသာပါတယ်။ အဲဒီတော့ ဒီခြောက်ချက် တပည့်တော်တို့ရဲ့သန္တာန်မှာ ပျက်စီးနေပြီဆိုလို့ရှိရင်လည်း တပည်တော်တို့ ကျောင်းတိုက်

www.dhammadownload.com

သံဃာတွေဟာ သာသနာတော်ကြီး ကျက်သရေရှိအောင် လုပ်နေတာလား၊ ပျက်စီးအောင် လုပ်နေတာလားဆို ပျက်စီးအောင်လုပ်နေတယ်လို့ ပြောရမှာပဲ။ ဒါလေးတွေ တပည့်တော်တို့ သတိထားသင့်တယ်ပေါ့။ ဒါ ချဲ့ချဲ့သွားလို့ရှိရင် ဒီတိုင်းပဲ ဖြစ်မှာပါ။

အတွင်းလူတွေ

ဒါကြောင့် တပည့်တော်တို့ ဒီကျောင်းတိုက်မှာ နေပြီဆိုရင် တပည့်တော်တို့ စာချဘုန်းကြီးတွေလည်း ညီညွတ်ဖို့အရေးကြီးတယ်။ ညီညွတ်ဖို့အကြောင်း အရင်လည်းပဲ တပည့်တော် ပြောဖူးပါတယ်။။ ဒီကျောင်းကနေပြီးတော့ သူ့ဟာသူ အခိုက်အတန့်အဖြစ်နဲ့ မနေနိုင်လို့သော်လည်းကောင်း၊ အပြစ်ကလေး နည်းနည်းပါးပါးကိုပဲ ပြောလိုက်လို့ စိတ်တွေ ဘာတွေ ဆိုးပြီးတော့ သော်လည်းကောင်း အပြင်ထွက်သွားပြီဆိုလို့ရှိရင် သူဟာ ဒီကျောင်းတိုက်တိုးတက်ဖို့အတွက် သိပ်မလုပ်နိုင်တော့ဘူး။ တပည့်တော်တို့ စာချဘုန်းကြီးတွေရော၊ ကျောင်းဘုန်းကြီးရော၊ စာသင်သားတွေရော၊ အားလုံးပေါ့၊ ဘေးရောက်သွားပြီဆိုလို့ရှိရင် ဒီကျောင်းမှာ ပြဿနာ၊ စာချဘုန်းကြီးနဲ့ပဲဖြစ်ဖြစ်၊ ကျောင်းဘုန်းကြီးနဲ့ပဲဖြစ်ဖြစ် တကယ်အပြစ်ရှိသလား၊ မရှိဘူးလား၊ ဒါမျိုးလေးတွေ စိစစ်ပြီးတော့ မရှိဘူးဆိုလို့ရှိရင်လည်း တပည့်တော်တို့က ပြန်ပြီးတော့ မဝေဖန်တောင်မှ စိတ်ထဲမှာ ဒါလေးတွေ ခွဲခြားသိတယ်။

နောက်ဆုံးမှာ ကျောင်းတိုက်တည်တဲ့အောင်၊ ကျောင်းတိုက်တိုးတက်အောင်ဆိုတာ ကိုယ့်အတွင်းလူတွေပဲ လုပ်ကြရတာပဲ။ ဒီကျောင်းတိုက်တိုးတက်အောင်ဆိုရင် ခုနက သုံးဦးပဲ လုပ်ကြတာ။ ဘယ်သူတွေလဲဆိုရင် ကျောင်းဘုန်းကြီး၊ စာချဘုန်းကြီး၊ စာသင်သား။ အဲဒီတော့ ဒီသုံးဦး၊ သုံးဖလှယ်၊ သုံးပွင့်ဆိုင် ညီညွတ်နေမှ ဖြစ်မယ်ပေါ့။ တစ်ယောက်ယောက်က မတရားလို့ မတရားတဲ့အကြောင်း ဒါမျိုးကျတော့ ပြောခွင့်ရှိတယ်ပေါ့။ တရားနေရဲ့သားနဲ့ ဘေးကနေပြီးတော့ ဟိုပြောဒီပြောလုပ်တယ်။ သို့မဟုတ် အပြစ်ကလေး နည်းနည်းလေး အပြောခံရတာကို ကိုယ့်စိတ်ထဲမှာ အကြီးအကျယ်ဒေါသထွက်ပြီး ဟိုလုပ်ဒီလုပ် လုပ်တယ်။ ဒါဆိုရင် တပည့်တော်တို့ ညီညွတ်ဖို့ သိပ်ပြီးတော့ မလွယ်ဘူးပေါ့။

ခံယူချက်လေး

ဟိုတုန်းကလည်းပဲ ဒီဟာနဲ့ စပ်ပြီးတော့ တပည့်တော် ဩဝါဒပေးဖူးတယ်ပေါ့။ တပည့်တော်ကိုယ်တိုင် ကြုံခဲ့တဲ့ဟာလေးတွေကိုလည်း အရှင်ဘုရားတို့ကို ပြောဖူးပြီးသား။ တောင်မြို့ ဂန္ဓာရုံတုန်းက မြဝတီဆရာတော်နဲ့ ပတ်သက်ပြီးတော့ ကိုရင်တစ်ပါး အထုတ်ခံရတယ်ပေါ့။ အထုတ်ခံရတော့ သူက မြဝတီဆရာတော်ကို ဆွမ်းခံအပြန်လမ်းက စောင့်ပြီးတော့ ရိုက်မယ် နှက်မယ် လုပ်တယ်။ ဒါကိုသိလို့ တပည့်တော် သက္ကသီဟ ဖြေခါနီးတန်းလန်းကိုပဲ တောင်မြို့လာပြီးတော့ တပည့်တော်ပြဿနာကို တပည့်တော်ပဲ ရှင်းပေးတယ်။ တပည့်တော်က လျှောက်လို့ မြဝတီဆရာတော်က ဒီလိုလုပ်တဲ့အကြောင်း အဖြစ်မှန်ပြောပြရတယ်ပေါ့။

ဒါ ဘာလုပ်တာလဲ။ ငါ့ အရိုက်ခံရလိမ့်မယ်ဆိုပြီးတော့ ရှောင်နေရင် မဖြစ်ဘူးလား၊ ဖြစ်သလားဆိုတော့ ဖြစ်ပါတယ်။ သူမှ အဖြစ်မှန်ကို မသိဘဲဟာ။ ဒါပေမဲ့ တပည့်တော် မနေခဲ့ပါဘူး။ တပည့်တော်ရဲ့စိတ်ဓာတ်မှာ၊ နှလုံးသားမှာ၊ ဒီလို ခံယူချက်မျိုးလည်း မရှိခဲ့ပါဘူး။ ဒါကြောင့် သူ့

www.dhammadownload.com

အလိုလိုပဲ သွားဖြေရှင်းဖြစ်တယ်။ ကိုယ့်ရဲ့ဆရာကို မှန်ရဲ့သားနဲ့ လုပ်တယ်၊ ဒီလိုဆိုလို့ရှိရင် ကိုယ့်အနေနဲ့ ပြောသင့်တယ်ဆိုပြီးတော့ တပည့်တော် တာဝန်ယူပြီးတော့ ဖြေရှင်းခဲ့တယ်ပေါ့။ ဒီမှာလည်းပဲ ဒီလိုပေါ့။ အခန့်မသင့်လို့ ကျောင်းကနေပြီးတော့ တချို့လည်းပဲ နည်းနည်းလေးနဲ့ စိတ်တွေ ဘာတွေဆိုး၊ တချို့ကျတော့လည်း ပြန်ပြီးတော့ ပြေ၊ ဒါမျိုးလေးတွေ ဖြစ်တတ်တယ်။ ပုထုဇဉ်သဘာဝဆိုတာ မဖြစ်ဘူးလို့ မပြောနိုင်ဘူး။ ဒါပေမဲ့လို့ တပည့်တော်တို့ ထွက်သွားတဲ့ ပုဂ္ဂိုလ်တွေက ဒီကျောင်းတိုက်တိုးတက်အောင်၊ ဒီကျောင်းတိုက်ကြီးစည်ကားအောင်၊ ဒီကျောင်းတိုက် တကယ့်သာသနာရေးစိတ်ဓာတ်တွေရှိအောင်ဆိုတာ တပည့်တော်တို့ အတွင်းလူလောက်တော့ မထောက်ပံ့နိုင်တော့ဘူး။ အဲဒါလေး သဘောပေါက်ပေါ့။ ဒါ စောစောက စကားကနေပြီးတော့ တပည့်တော် ကောက်ချက်ယူပြီးတော့ ပြောတာပါ။

ပတ်ဝန်းကျင်ဆိုတာ

သောဘနသုတ်မှာ လာတယ်။ 'စတ္တာရော မေ ဘိက္ခဝေ ...' ပုဂ္ဂိုလ်လေးမျိုးက ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ။ ဘိက္ခုဆိုတာ ရဟန်းတွေ။ သာမဏေတွေရောပေါ့။ တစ်ခါတလေ သုတ္တန်နည်းနဲ့ ပြောလို့ရှိရင် ကိုရင်တွေလည်းပဲ ကောင်းကောင်းကျင့်နေလို့ရှိရင်၊ ကိလေသာတွေ ခွာနေလို့ရှိရင် ဘိက္ခုလို့ခေါ်နိုင်တယ်။ ဒါကြောင့်မို့ ဒီဘိက္ခုဆိုတဲ့အထဲမှာ ကိုရင်တွေက ငါတို့မပါဘူးလို့ ဒီလိုတွက်လို့တော့ မရဘူးပေါ့။ ဘိက္ခုနီဆိုတာ ခုခေတ်မှာတော့ သီလရှင်ပေါ့။ ဥပါသကာဆိုတာကတော့ ရတနာသုံးပါးကို ဆည်းကပ်တဲ့ လူဝတ်ကြောင် အမျိုးသားတွေ။ ဥပါသိကာဆိုတာ သာသနာဆည်းကပ်တဲ့ အမျိုးသမီးတွေ။ အဲဒီတော့ သာသနာတင့်တယ်အောင်၊ သာသနာကျက်သရေရှိအောင်လည်း ဒီလေးပါးပဲ လုပ်တယ်။ သာသနာကြီးပျက်စီးအောင်လည်း ဒီလေးယောက်ကပဲ ကြိုးစားပြီးတော့ လုပ်နေကြတယ်။ မကြိုးစားတောင်မှ အမှုမဲ့ အမှတ်မဲ့ အလုပ်တွေ သာသနာပျက်စီးအောင် လုပ်တယ်ဆိုရင် ပါတာပဲ။ အတွင်းလူက သိပ်ပြီးတော့ အရေးကြီးတယ်။

တပည့်တော်တို့ ဘာသာအပြင်ဘက်ကနေပြီးတော့ ဘယ်ဘာသာက သာသနာတော်ကြီး ပျက်စီးအောင် လုပ်တယ်၊ ဒါမျိုးဖြစ်ဖို့ရာ မလွယ်ပါဘူး။ ဘယ်ဘာသာကနေပြီးတော့ တိုးတက်အောင်လုပ်တယ်၊ ဒါကလည်းပဲ မလွယ်ပါဘူး။ တကယ်တော့ တပည့်တော်တို့ ကိုယ့်ဟာကိုယ်ပဲ ကြိုးစားရမှာ။ ဒီလိုပဲ တပည့်တော်တို့ နယ်ချဲ့ကြည့်လိုက်လို့ရှိရင် ကျောင်းတိုက်တစ်ခု၊ မိသားစုတစ်ခု ဆိုပါတော့။ ပတ်ဝန်းကျင်ဆိုတာကတော့ ဝေဖန်တာလေးတွေ ရှိမှာပေါ့။ ဝေဖန်တာလေးတွေ ရှိလာရင် ကောင်းတယ်ဆို တပည့်တော်တို့က လက်ခံပြီးတော့ ကြိုဆိုပြီးတော့ မကောင်းလို့ရှိရင်၊ တပည့်တော်တို့ စိတ်ဝမ်းကွဲမယ့် အလုပ်တွေဆိုရင် အထူးသတိထားရမယ်။ ဒီကျောင်းမှာပဲနေနေ၊ အခြားကျောင်းမှာပဲနေနေ ဒါလေးတွေက အထူးသတိထားရမယ့် အချက်ကလေးတွေပေါ့။ ဘေးပတ်ဝန်းကျင်ဆိုတာ ပျက်စီးအောင်တော့ လုပ်ချင်လုပ်လိမ့်မယ်။ သို့သော် အတွင်းက ညီညွတ်နေရင်တော့ မလုပ်နိုင်ဘူး။ တိုးတက်အောင် လုပ်ဖို့ဆိုတာကတော့ ပတ်ဝန်းကျင်အနေနဲ့ သိပ်မလွယ်ဘူး။ ကိုယ့်ဟာကိုယ်ပဲ ကိုယ့်စိတ်ဓာတ်လေးတွေနဲ့ကိုယ် ကြိုးစားရမယ်ပေါ့။

www.dhammadownload.com

ဝိယတ္တာ၊ ဝိနီတ

အဲဒီတော့ စောစောကပြောတဲ့ ဂုဏ်ရည်ခြောက်ချက်ထဲမှာ နံပါတ်(၁)က ဝိယတ္တာဂုဏ်၊ နံပါတ်(၂)က ဝိနီတဂုဏ်။ ဒီဂုဏ်နှစ်ခုက ဘာအဓိပ္ပာယ်လဲဆိုတော့ တပည့်တော်တို့ ဒီအဖွင့်အတိုင်း နိဿယပေးတယ်ဆိုရင်တော့ 'ဝိယတ္တာ - သစ္စာလေးပါးကို ထိုးထွင်း၍သိနိုင်ခြင်းစသော ပညာအားဖြင့် လိမ္မာထက်မြက်ကြကုန်သော' တဲ့။ 'ဝိနီတာ - ကိလေသာတို့ကို နှိပ်ကွပ်ပယ်ရှားတတ်ကုန်သော ...' ဒါမှမဟုတ်လည်း 'ဝိနီတာ - ဆုံးမအပ်သည်ဖြစ်၍ ယဉ်ကျေးပြီးကုန်သော' ပေါ့။ ကိလေသာတို့ကို နှိပ်ကွပ်ဖျက်ဆီးပြီးပြီဆိုရင်လည်းပဲ ယဉ်ကျေးဖို့သေချာပြီ။ အဲဒီတော့ ဒီဂုဏ်နှစ်ဂုဏ်ကို ဒီနေ့ တပည့်တော်တို့ ပြောကြည့်ကြစို့။

နံပါတ်(၁)က ဝိယတ္တာဂုဏ်၊ နံပါတ်(၂)က ဝိနီတဂုဏ်။ ဝိယတ္တာဂုဏ်က 'ဝိယတ္တာ - သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်ခြင်းစသော ပညာအားဖြင့် လိမ္မာထက်မြက်ကြကုန်သော။ ဝိနီတာ - ကိလေသာတို့ကို နှိပ်ကွပ်ပယ်ရှားတတ်ကုန်သော။ ဒါမှမဟုတ်လည်းပဲ ဝိနီတာ - ဆုံးမအပ်ပြီးသည်ဖြစ်၍ လိမ္မာယဉ်ကျေးပြီးကုန်သော ...' အဲဒီတော့ ဆိုလိုတာက ဘာလဲ။ သာသနာတော်မှာနေထိုင်ကြတဲ့ တပည့်တော်တို့ ဘိက္ခူ၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာမတွေဟာ သစ္စာလေးပါးကို ထိုးထွင်း၍သိနိုင်တဲ့ ပညာဆိုလို့ရှိရင် အနည်းဆုံး သောတာပန်ဖြစ်ကြပြီ။ သောတာပန်ဖြစ်ပြီဆိုမှတော့ ဝိနီတဂုဏ်၊ ကိလေသာတို့ကိုလည်း နှိပ်ကွပ်ပယ်ရှားပြီးပြီ။ နှိပ်ကွပ်ဖျက်ဆီးပြီးပြီ။ နှိပ်ကွက်ဖျက်ဆီးလိုက်လို့ ကိလေသာတွေ မရှိတဲ့အတွက် ယဉ်ကျေးပြီးသွားပြီ။

သောတာပန်နည်းတူ

အဲဒီတော့ ဒီအဖွင့်အရဆိုရင်တော့ ဒီဂုဏ်နှစ်ဂုဏ်ဟာ တပည့်တော်တို့ အောက်ထစ်ဆုံးအားဖြင့် သောတာပန်ပုဂ္ဂိုလ်တွေမှပဲ ပြည့်စုံတယ်ပေါ့။ သူတို့က သစ္စာလေးပါးကို ထိုးထွင်း၍သိနိုင်တဲ့ ပညာရဲ့အစွမ်းနဲ့ ထက်မြက်ကြတယ်။ သောတာပန်ဖြစ်ပြီဆိုလို့ရှိရင် မဂ်ပညာဆိုတာကတော့ တကယ့်ကုသိုလ်ပညာတွေထဲမှာ အထွတ်အထိပ်ရောက်ပြီပေါ့။ ဖိုလ်ပညာဆိုလို့ရှိရင်လည်း တကယ့်ဝိပါက်ထဲမှာ အထွတ်အထိပ်ရောက်သွားတာပဲ။ နောက်- ဝိနီတဂုဏ်ကလည်း ကိလေသာတွေ ပယ်ရှားပြီးပြီလို့ဆိုတော့ အောက်ထစ်ဆုံးသောတာပန်ဖြစ်ရင် ကိလေသာဆယ်ပါးထဲက ဒိဋ္ဌနဲ့ဝိစိကိစ္ဆာ ပယ်ရှားပြီးပြီ။ ဒိဋ္ဌကို ဘယ်လို ခေါ်သေးလဲဆိုရင် သက္ကာယဒိဋ္ဌ။ အဲဒီ သက္ကာယဒိဋ္ဌနဲ့ဝိစိကိစ္ဆာကို ပယ်ပြီးပြီဆိုတဲ့အဓိပ္ပာယ်ပဲ။

အဲဒီတော့ တပည့်တော်တို့လည်း သောတာပန် မဖြစ်သေးတောင်မှ သောတာပန်နည်းတူ သာသနာတော်မှာ ကျက်သရေရှိချင်ပါတယ်၊ သာသနာတော်ကြီး တိုးတက်ချင်ပါတယ်ဆိုလို့ရှိရင် ကိလေသာတွေကို တတ်နိုင်သမျှ တွန်းလှန်ပယ်သတ်နေရမှာပဲ။ တပည့်တော်တို့ ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားမှုဆိုတာကတော့ သာသနာတော်မှာ ရောက်လာပြီဆိုတော့ ရှိဖို့ မလွယ်ဘူးပေါ့။ အမြစ်ပြတ်ပဲ မပယ်ရသေးတာ။ တဒင်္ဂပဟာန်အားဖြင့်တော့ ပယ်ထားတာပဲ။ တပည့်တော်တို့ ဘုရား၊ တရား၊ သံဃာကို အားလုံး ယုံကြည်ကြတာပဲ။ ဒီတော့ တဒင်္ဂပဟာန်နဲ့ ဝိစိကိစ္ဆာကတော့ ပယ်နေတော့ ထားတော့။ ယုံကြည်မှုပြည့်ရမယ်ပေါ့။ ယုံကြည်မှုပြည့်ပြီးတော့ သက္ကာယဒိဋ္ဌကို ပယ်ရမယ်။ ဝိစိကိစ္ဆာ မယုံမှားဘဲနဲ့ ယုံကြည်မှု

www.dhammadownload.com

ရှိပြီးတော့ သက္ကာယဒိဋ္ဌိ ပယ်ရမယ်ဆိုတာက တပည့်တော်တို့ အကြမ်းဖျင်းအားဖြင့် ကြည့်လို့ ရှိရင်တော့ ဒီ သက္ကာယဒိဋ္ဌိဆိုတာ 'သန္တော ကာယော သက္ကာယော' ဆိုတဲ့အတိုင်းပေါ့။ သက္ကာယဆိုတာ ထင်ရှားရှိနေတဲ့ ခန္ဓာငါးပါး။ ဒီခန္ဓာငါးပါးမှာ ငါ ငါ လို့ စွဲနေတဲ့ဟာကို သက္ကာယဒိဋ္ဌိလို့ ခေါ်တာပဲ။ တကယ်ရှိနေတာတော့ တပည့်တော်တို့ သိတတ်တဲ့နာမ်ခန္ဓာ လေးပါးနဲ့ ရုပ်ခန္ဓာတစ်ပါး။ ဒါပဲရှိတာ။ သောတာပန်ဖြစ်သွားရင်တော့ ခန္ဓာကိုယ်ကို ငါလို့ မယူတဲ့အတွက် သူတို့ဟာ သက္ကာယဒိဋ္ဌိ လုံးဝ မရှိတော့ဘူး။ ဒီအခါမှာ သိပ်ပြီးတော့ ပြင်းပြင်းထန်ထန်တွေ မရှိတော့ဘူးပေါ့ဘုရား။ တပည့်တော်တို့ စာပေမှာ ဘာရှိလဲဆိုတော့ 'သဗ္ဗေ တသန္တိ ဒဏ္ဍာဿ'တဲ့။ ဒီအဖွင့်တွေမှာဆိုရင် မိုးကြိုးပစ်ခြင်းစတဲ့ ကြောက်စရာကောင်းတဲ့ အာရုံတွေကို မကြောက်တာဟာ ရဟန္တာပုဂ္ဂိုလ်တွေတဲ့။ ရဟန္တာဆိုတာ ဥက္ကဋ္ဌနိဒ္ဒေသနည်းဖြစ်မှာပါ။

သက္ကာယဒိဋ္ဌိ အားကြီးလို့

တော်တော်တန်တန်ဆိုလို့ရှိရင် သောတာပန်လည်းပဲ သက္ကာယဒိဋ္ဌိတွေ ကင်းစင်ပြီးဆိုတော့ ကြောက်မယ်မထင်ဘူး။ ဒေါသရှိနေလို့သာ နည်းနည်းကြောက်တယ်ပြောရတာ။ ဟိုလိုကြီး ငါစွဲဆိုတာတော့ မရှိတော့ဘူးပေါ့။ ထားပါတော့။ ရဟန္တာနှင့်တကွ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ထဲမှာ ရဟန္တာတွေဟာ ရဟန္တာဖြစ်သွားပြီ၊ အနာဂါမ်ကလည်း အနာဂါမ်ဖြစ်သွားပြီဆိုရင်တော့ တပည့်တော်တို့ လုံးဝ မကြောက်တော့ဘူးပေါ့။ သောတာပန်၊ သကဒါဂါမ်တွေက သက္ကာယဒိဋ္ဌိတော့ ပယ်ပြီးပြီ။ ငါစွဲမရှိပေမဲ့ ဒေါသစေတသိက်လေး ကျန်သေးတယ်။ ဒါကြောင့်မို့ နည်းနည်းပါးပါးတော့ ကြောက်သေးတယ်ပေါ့။ ဒါပေမဲ့ အပါယ်ကျနိုင်တဲ့ ကြောက်နည်းမျိုးတော့ မရှိတော့ဘူးပေါ့။ သူတို့က အပါယဂမနိယ သတ္တိတွေကို ပယ်ပြီးပြီ။

အဲဒီတော့ ရဟန္တာပုဂ္ဂိုလ်တွေ၊ အရိယာပုဂ္ဂိုလ်တွေလို့ပဲ အလွယ်တကူ ပြောကြပါစို့။ ဒီပုဂ္ဂိုလ်တွေဟာ မိုးကြိုးပစ်ခြင်းစတဲ့ ကြောက်စရာကောင်းတဲ့ အာရုံတွေနဲ့ တွေ့ရင် မကြောက်ဘူးတဲ့။ ဘာ့ကြောင့် မကြောက်သလဲဆိုတာကို စာပေကဖွင့်တယ်။ သက္ကာယဒိဋ္ဌိကို ပယ်ပြီးလို့ မကြောက်တာတဲ့။ နောက်တစ်ခါ မကြောက်တဲ့ပုဂ္ဂိုလ်တွေက ဘယ်သူတွေရှိသေးလဲဆိုတော့ ဆင်အာဇာနည်၊ မြင်းအာဇာနည်ဆိုတဲ့ တကယ့် ငါစွဲကြီးတဲ့ သတ္တဝါတွေပေါ့။ ဆင်အာဇာနည်၊ မြင်းအာဇာနည်ဆိုတာ အာဇာနည်ဖြစ်မှတော့ သူတို့ကြောက်ရမယ့်လူ မရှိတော့ဘူးပေါ့။ ကြည့်ကြည့်သမျှ သူဟာ အားလုံးနိုင်တယ်။ ဘယ်သူဖြစ်ဖြစ် သူဟာ ချဲရဲတယ်၊ သတ်ရဲတယ်ဆိုတဲ့ဟာတွေ ရှိနေမှတော့ ဘယ်သူ့မှ မကြောက်တော့ဘူး။ သူတို့ကျတော့ ဘာဖြစ်လို့ မကြောက်တာလဲဆိုတော့ အကြောင်းပြက သက္ကာယဒိဋ္ဌိအားကြီးလို့။ သက္ကာယဒိဋ္ဌိဆိုတဲ့ အတ္တစွဲ၊ ငါစွဲကြီးလို့ပေါ့။

ငါလိုလူ ရှိသေးရဲ့လားဆိုတဲ့ ပုံစံမျိုးဖြစ်ရင်လည်းပဲ မကြောက်ဘူး။ လူမိုက်တွေ ကြည့်ပေါ့။ လူမိုက်တွေ မိုက်ပြီဆိုလို့ရှိရင် တော်ရုံတန်ရုံတော့ ဘယ်သူ့မှ မကြောက်ဘူး။ ရိုက်ဟဲ့ သတ်ဟဲ့ ဖြတ်ဟဲ့နဲ့ ပြီးကျမှ နောက်ဆုံး ခံချင်ခံရတော့ပဲ။ အဲဒါ သက္ကာယဒိဋ္ဌိအားကြီးလို့တဲ့။ အဲဒီတော့ တပည့်တော်တို့ လူတွေထဲမှာလည်း သက္ကာယဒိဋ္ဌိအားကြီးတဲ့လူမိုက်တွေ ဆိုလို့ရှိရင် ဆရာ ဆရာမှန်းမသိ၊ မိဘ မိဘမှန်းမသိ၊ ဘာမှ

www.dhammadownload.com

မကြောက်တတ်ဘူး။ အဲဒါ သက္ကာယဒိဋ္ဌိအားကြီးလို့ပဲ။ အတ္တကြီးတယ်လို့ ဗမာစကားကျတော့ ဒါမျိုး သုံးတတ်တယ်ပေါ့။

ကျောင်းဘုန်းကြီးဖြစ်လာရင်

အဲဒီတော့ တပည့်တော်တို့ ယဉ်ကျေးတဲ့ ပုဂ္ဂိုလ်ဟာ ဝိယတ္တ၊ ဝိနီတ ဖြစ်တယ်။ ဝိယတ္တ၊ ဝိနီတ ဖြစ်လို့ရှိရင် သာသနာတော်ကြီးကို ကျက်သရေဆောင်တယ်။ သာသနာ့ကျက်သရေဆောင်ဖြစ်တယ်ဆိုတော့ တပည့်တော်တို့က သောတာပန်ဖြစ်အောင် တတ်နိုင်သမျှ ကုသိုလ်ပါရမီတွေ ဖြည့်နေရမယ်။ ဖြည့်ရင်းဖြည့်ရင်းနဲ့ တပည့်တော်တို့ အားလုံးဟာ အတ္တကြီးမှုလို့ခေါ်တဲ့ သက္ကာယဒိဋ္ဌိကြီးမှုကို ပယ်သင့်တယ်။ ဒါကြောင့်မို့ တပည့်တော်တို့ ကျောင်းဘုန်းကြီးဖြစ်လာပြီဆိုလို့ရှိရင် ဒါတွေ ပယ်ရတာပဲ။ ဘယ်လို ပယ်မလဲ။ လှူစရာ တန်းစရာတွေ ဆိုပါစို့။ တစ်ခါတလေ ဘာမှ မပြောဘူး၊ ဒီအတိုင်း လှူသွားတယ်ပေါ့။ လှူသွားလို့ရှိရင် တပည့်တော်ကိုယ်ပိုင်အတွက် သုံးလို့ရတာပဲ။ ဒါပေမဲ့လို့ တပည့်တော်တို့ အားလုံး သံဃာချမ်းသာပါစေဆိုပြီးတော့ ဘာမှ မပြောလည်းပဲ တစ်ခါတစ်ရံ တပည့်တော်တို့ များများလှူပြီဆိုရင် သံဃိကအတွက် သံဃာတွေ ဘယ်လိုဘယ်လိုသုံးဆိုပြီးတော့ ကျောင်းဘုန်းကြီးဘက်ကလည်းပဲ ဒါမျိုးလေးတွေပေါ့။

နောက်ဆုံးမှာ စားဝတ်နေရေးနဲ့ပတ်သက်ပြီး သံဃာတွေအတွက် ဘာလိုအပ်နေတယ်၊ ဒါကြောင့် ဘယ်နေရာမှာ ဘယ်လိုလျှော့မယ် စသဖြင့် ရလာတဲ့လာဘသက္ကာရကို သူတို့အတွက် စီမံရတယ်။ ကိုယ့်ကို ပင့်ပေမဲ့လို့ တစ်ခါတစ်ရံ သူတို့ လာဘသက္ကာရနည်းသွားပြီလား၊ ဘယ်သူနည်းနေသလဲ၊ ဒါမျိုးလေးတွေ ကြည့်ပြီးတော့ ကိုယ်သုံးစားချင်တဲ့၊ ကိုယ်ခံစားချင်တဲ့ အတ္တလေးတွေ လျှော့လျှော့သွားလို့ရှိရင် ဒါ တဖြည်းဖြည်းနဲ့ တပည့်တော်တို့ သောတာပန် မဖြစ်သေးလို့ သက္ကာယဒိဋ္ဌိ မကုန်သေးဘူးလို့ ပြောတောင်မှ သက္ကာယဒိဋ္ဌိက တဖြည်းဖြည်းနဲ့ ပါးသွားမယ်။ ဒါကြောင့်မို့ တပည့်တော်တို့ ကျောင်းဘုန်းကြီးတွေလည်း အတ္တလေးထူနေလို့ရှိရင် သာသနာ့ကျက်သရေဆောင်၊ သာသနာတော်ကို ကျက်သရေရှိအောင် လုပ်နေတယ်လို့ ပြောမရဘူးပေါ့။ တပည့်တွေအပေါ်မှာ မျှမျှတတ လုပ်ရမယ်။

ဂေါပါလသုတ်

ဒကာ၊ ဒကာမတွေအပေါ်မှာလည်းပဲ ဒီလိုပဲပေါ့။ လာပြီးတော့ လှူလို့ရှိရင် အတိုင်းအရှည်ကို သိရတယ်။ အမြဲတမ်းလည်း တပည့်တော် ပြောပါတယ်။ ကျောင်းဒကာ ဦးမင်းဇော်ဆိုရင် တပည့်တော်တို့ လိုအပ်တာတွေ လှူနေတဲ့အပြင် သူက ဘယ်လိုလျှောက်သေးလဲဆိုတော့ 'အရှင်ဘုရားတဲ့၊ ကျောင်း ငွေပဒေသာပင်အတွက်၊ တပည့်တော် လုပ်ပေးပါ့မယ်' ဆိုပြီး ဒါမျိုး လျှောက်ဖူးတယ်ပေါ့။ အားလုံး လိုတာလှူနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ပဒေသာပင်ပါ ထပ်ပြီးတော့ လုပ်တာကြီး လက်ခံမယ်ဆိုရင် တပည့်တော်ဘက်က မကောင်းတော့ဘူးပေါ့။ သံဃာအတွက် ဆိုပေမဲ့လို့ လိုအပ်တာတွေ အားလုံး သူလှူနေတာ မဟုတ်လား။

ဒါနဲ့စပ်ပြီး တပည့်တော် ဂေါပါလသုတ္တန်ကိုလည်းပဲ ပြောခဲ့ဖူးတယ်။ နွားလေးအတွက် နို့မချန်ဘဲနဲ့ အကုန်ညှစ်လို့ရှိရင် ဒီနွားကျောင်းသားဟာ ပျက်စီးသလိုပဲ။ ဒကာ၊ ဒကာမတွေရဲ့ ပစ္စည်းကို လှူတိုင်းယူရင်၊ လိုအပ်သလောက်

www.dhammadownload.com

မဟုတ်ဘဲနဲ့ လျှူတိုင်းယူရင်လည်းပဲ ဒီသံဃာတွေဟာ သီလ၊ သမာဓိ၊ ပညာ ပျက်စီးတဲ့အကြောင်း။ ဒါတွေ တပည့်တော်သိနေတယ်။ တစ်နှစ်ကလည်းပဲ ကျောင်းမှာ ကျောင်းဆောင်လှူပြီးတော့၊ ကျောင်းရေစက်ချတွေ ဘာတွေလုပ်ပြီးတော့ အကုန်ပြီးတဲ့အခါမှာ ဝါဆိုသင်္ကန်းကပ်ဖို့ ပြောတယ်။ တပည့်တော် ငြင်းလိုက်ပါတယ်။ ဒီနှစ်တော့ သူ့ဟာနဲ့သူ သင်္ကန်းကပ်တဲ့လူလည်း နှစ်ဦးရှိသွားပြီ၊ မလိုတော့ပါဘူးလို့ ဒီလိုပဲ ပြောလိုက်တယ်။ ဒါမျိုးလေးတွေပေါ့။

အတုလိုက်တဲ့သဘော

ဒါ ဘာလဲဆိုတော့ 'ကိုယ့်ကျောင်းတိုက်အတွက် လှူတာ၊ ကိုယ့်အတွက် လှူတာပဲ၊ ကောင်းတာပေါ့' ဆိုပြီးတော့ လှူတိုင်းယူနေလို့ရှိရင် တပည့်တော်တို့ရဲ့ သင်္ကာယဒိဋ္ဌိ အတ္တဟာကြီးသထက်ကြီးလာမှာပဲ။ ဒါဆိုလို့ရှိရင် တပည့်တော်တို့ဟာ သာသနာတော်ကြီးကို ကျက်သရေဆောင်နိုင်ပါ့မလား။ မဆောင်နိုင်ပါဘူး။ ဒါမျိုးလေးတွေ တပည့်တော်တို့ တွေးသင့်တယ်ပေါ့။ ဝိယတ္တာ၊ ဝိနီတဂုဏ်ကို တဖြည်းဖြည်းနဲ့ တတ်နိုင်သမျှ ကြိုးစားပြီး အတုလိုက်တဲ့သဘောကို ပြောတာပါ။ နောက် - စာချဘုန်းကြီးတွေလည်းပဲ ဒီလိုပေါ့။ 'ငါတို့ ဒီလောက် ဒီလောက် အခွင့်အရေးယူထားတယ်။ ဒီလောက်ဆိုရင် တော်ပြီ၊ နေဖြစ်ပြီ၊ အလုပ်လုပ်လို့ဖြစ်ပြီ၊ စာသင်သားတွေ အားနာစရာကောင်းတယ်' ဒါမျိုးလေးတွေ နှလုံးသွင်းပြီးတော့ စာသင်သားလေးတွေကိုငဲ့ပြီးတော့ ကိုယ်က အခွင့်အရေးတွေ သိပ်မယူဘူး။ ဒါတွေဟာ အတ္တကို ပါးအောင်လုပ်နေတာပဲ။

အတ္တတွေ ပါးပါးသွားပြီဆိုရင်၊ ပါရမီလေးတွေ ထိုက်သလောက် ပြည့်လာပြီဆိုရင်၊ သောတာပန်ဖြစ်ဖို့ဆိုတာ နီးသွားပြီ။ အတ္တကုန်ပြီ၊ သက္ကာယဒိဋ္ဌိကုန်ပြီဆိုလို့ရှိရင် အဲဒီနေ့သည် သောတာပန်ဖြစ်တဲ့ နေ့ပဲတဲ့။ သောတာပန် မဖြစ်တောင်မှ ဒီသက္ကာယဒိဋ္ဌိတွေက တော်တော်လေးပါးသွားတယ်။ စာချဘုန်းကြီးတွေကလည်းပဲ စာသင်သားတွေငဲ့၊ စာသင်သားတွေကလည်းပဲ 'သြော် ... သူတို့က စာချဘုန်းကြီး၊ ဒီလိုတော့ ရှိမှာပေါ့' ဆိုပြီး အဲဒီလို အချင်းချင်း အပြစ်ပြောနေမယ့်အစား တတ်နိုင်သမျှ ကိုယ့်ရဲ့ အတ္တလေးတွေ လျှော့လျှော့သွားရင် အားလုံးဟာ 'သံဃံ သောဘေန္တိ' ဆိုတဲ့အတိုင်း သာသနာ့ကျက်သရေဆောင် ဖြစ်သွားမယ်။

အချင်းချင်းငဲ့ညှာ

ဥပါသကာ၊ ဥပါသိကာမဆိုတဲ့ လူဝတ်ကြောင်တွေလည်းပဲ ဒီလိုပေါ့။ ကိုယ်ရလာတဲ့ ရှာဖွေလာတဲ့ ပစ္စည်းကို ငါ့အတွက်၊ ငါ့မိသားစုအတွက်ဆိုရင် အတ္တတွေက သိပ်ကြီးသွားတယ်။ အဲလိုမှ မဟုတ်ဘဲနဲ့ ရလာတာကို သာသနာအတွက်၊ လူမျိုးအတွက်၊ နောက်ဆုံး ဆေးပေးခန်းလေးတွေ၊ စာသင်ကျောင်းလေးတွေ ပံ့ပိုးမယ်၊ ဆောက်လှူမယ်ဆိုရင် အဲဒီအမျိုးသား၊ အမျိုးသမီး၊ ဥပါသကာ၊ ဥပါသိကာမတွေမှာလည်းပဲ သင်္ကာယဒိဋ္ဌိတရားဟာ ပါးသွားတယ်။ ဒါမျိုးလေးတွေ ကျင့်ကြံလို့ရှိရင် သာသနာတော်ဟာလည်း တိုးတက်မယ်။ တပည့်တော်တို့ ကျောင်းတိုက်ဆိုလို့ရှိရင်လည်း ကျောင်းဘုန်းကြီး၊ စာချဘုန်းကြီး၊ စာသင်သား၊ အားလုံးဟာ ကိုယ်ဖြစ်ချင်တာတွေချည်းပဲ ဦးတည်ပြီး လျှောက်လုပ်မယ့်အစား 'ဆရာသမား မျက်နှာပျက်လိမ့်မယ်၊ သာသနာ မျက်နှာပျက်လိမ့်မယ်' ဒီလို ငဲ့ညှာတတ်ရမယ်။

www.dhammadownload.com

အကြီးတွေကလည်း အငယ်တွေကို 'ငါတို့က ဒီလိုဒီလို ယူထားတယ်၊ အငယ်တွေကို အားနာစရာကြီး'၊ အငယ်တွေကလည်း 'အကြီးဆိုတာ လုပ်ငန်းပိုလုပ်တယ်'စသည်ဖြင့် ကျီးကို ဘုတ်ရိသေ၊ ဘုတ်ကို ကျီးရိသေ ဆိုသလိုပဲ အချင်းချင်း ရိသေလေးစားပြီးတော့ ကိုယ့်အတွေးတွေကို ရှေ့တန်းမတင်ကြတော့ဘူးဆိုရင် တပည့်တော်တို့ ကျောင်းတိုက်လည်းပဲ ကျက်သရေ ရှိလာမယ်။ သာသနာတော်ကြီးလည်းပဲ တိုးတက်ပြီး ကျက်သရေရှိသွားမယ်။ ဒါဟာ ဝိယတ္တ၊ ဝိနီတဂုဏ်ပဲ။ တပည့်တော်တို့ လိုက်နာကျင့်သုံးဖို့အတွက် အလှမ်းဝေးသလား၊ နီးသလားဆိုရင် နီးပါတယ်။

ဒါကြောင့်မို့ ဒီဟာလေးတွေကို ထပ်ပြီးတော့ ပြောချင်စိတ်ပေါက်လို့ ဒီနေ့ ပြောခြင်းဖြစ်ပါတယ်။ စာမေးပွဲတွေ ဖြေနေကြတဲ့အတွက် ဗဟုသုတ၊ ဓမ္မဓရဂုဏ်ဆိုတာ နောက်ကျမှ တပည့်တော် ထပ်ပြီးတော့ ပြောမယ်ပေါ့။ ကဲ-ကိုယ်စီကိုယ်စီ ဝိယတ္တ၊ ဝိနီတဆိုတဲ့ ဂုဏ်လေးတွေကို ထိန်းပြီးတော့ သာသနာ့ကျက်သရေဆောင်များ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

www.dhammadownload.com

သံကိုသံဖျက် သံချေးတက်(၂)

၁၃၆၇ ခု၊ ပြာသိုလကွယ်နေ့
၂၀၀၆ ခု၊ ဇန်နဝါရီလ ၂၈ ရက်၊ စနေနေ့ ည

ပန်ပြောပါတယ်

တပည့်တော်တို့ မနှစ်ကတုန်းကလည်း တစ်ခါလျှုခဲ့ပြီပေါ့။ ဒီနှစ်လည်းပဲ တပည့်တော်တို့ ကျောင်းတိုက်ကနေပြီးတော့ တောင်မြို့ဂန္ဓာရာမိကစာမေးပွဲအတွက် နဝကမ္မ တစ်သိန်းကျပ် လှူဒါန်းဖို့ စီမံခဲ့တယ်ပေါ့။ အဲဒါကို တပည့်တော် မပန်ပြောရသေးဘူး။ ဒါကြောင့်မို့ ဒီနေ့ည သံဃာတော် အရှင်မြတ်တို့ကို တပည့်တော် ပန်ပြောပါတယ်။ မဟာဂန္ဓာရာမိကစာမေးပွဲအတွက် ကျပ်တစ်သိန်းလှူဖို့ တပည့်တော် စီမံခဲ့တယ်။ နှစ်ကြိမ်မြောက်လည်းပဲ ပန်ပြောပါတယ်။ သုံးကြိမ်မြောက်လည်း ပန်ပြောပါတယ်။

နောက်တစ်ခုက ပန်းရန်တွေ ဆင်းတဲ့အချိန်တုန်းက ဆောင်းတွင်းလည်းဖြစ်နေတော့ သိပ်ချမ်းတယ်။ တပည့်တော်တို့ သီတဂူဆရာတော်ရဲ့ ဆွမ်းကြီးလောင်းကနေ ဒီနှစ်ပိုင်းမှာရတဲ့ စောင်အသေးလေးတွေ ရှိတယ်ပေါ့။ အဲဒီစောင်အသေးလေးတွေကို ပန်းရန်တစ်ယောက် နှစ်ထည်နှုန်းနဲ့၊ ပန်းရန်(၆)ယောက်ထင်ပါတယ်။ အဲဒါလည်း တပည့်တော်တို့ကျောင်းမှာ ပိုနေတဲ့အတွက်၊ သံဃာတွေလည်း ဝေပြီး လုံလောက်ပြီးတဲ့အတွက် သံဃိကဖြစ်တဲ့ ဒီ စောင်အသေးလေးတွေကို နှစ်ထည်စီ လှူလိုက်ပါတယ်။ ကျန်တဲ့ဆပ်ပြာတို့ဘာတို့လည်း ပိုနေတာတွေ ပေးလိုက်ပါတယ်။ အဲဒီတော့ အားလုံး

www.dhammadownload.com

သံဃာတွေကို နှစ်ကြိမ်မြောက်၊ သုံးကြိမ်မြောက် ပန်ပြောပါတယ်။ ဝမ်းမြောက်နမော် သဘောတူတယ်ဆိုရင် သာဓုခေါ်ကြပါ။ (သာဓု၊ သာဓု၊ သာဓု)။

စာဝါတွေစမယ်

ခု တပည့်တော်တို့ ငယ်၊ လတ်၊ ကြီး စာဝါတွေကတော့ မနက်ဖြန် စချင်လည်း စမယ်၊ သန်ဘက်ခါမှ စချင်လည်း စဖြစ်မယ်ပေါ့။ သာမဏေကျောင်တွေကတော့ မနက်ဖြန်ကနေ စပြီးတော့ နည်းနည်းပါးပါးလေး ကျက်ပြီးတော့ လဆန်းသုံးရက်နေ့မှာ စာဝါ ချသင့်တာလေးတွေ စချပေးသွားမယ်။ အစိုးရလိုင်းတွေကတော့ ဒါ ပုံမှန်ကျက်နေကြတာပဲ။ ကျက်နေတာကို စာဝါအနေနဲ့ကတော့ မနက်ဖြန်လည်း စချင်စလိမ့်မယ်။ တပည့်တော် နည်းနည်း ညှိနှိုင်းကြည့်မယ်။ စာကျက်တာကတော့ ပုံမှန်ကျက်ဖို့ အားလုံး လိုအပ်တယ်ပေါ့။ သာမဏေကျောင်ဆက်လုပ်မယ့် သံဃာတွေအနေနဲ့ကတော့ တပည့်တော်တို့ နေ့ခင်း တစ်ချက်ခွဲဆိုလို့ရှိရင်၊ ဝေယျာဝစ္စလည်း မကြာဘူးဆိုရင် စာကျက်တဲ့နေရာရောက်အောင် လာပြီး နောက်နှစ်အတွက် တတ်နိုင်သမျှ ကြိုးစားပါ။ အဲဒါလေးတွေလည်း တပည့်တော် ပန်ပြောပါတယ်။

ပြီးတော့ ခုတစ်လော ကျောင်းမှာ ထွက်သွားရတာလေးတွေတို့၊ ဝင်လာတာလေးတွေတို့ ရှိတယ်။ ဝင်လာတဲ့ သံဃာကလည်း ကျောင်းတိုက်ရဲ့ စည်းကမ်းကို တတ်နိုင်သမျှ ကိုယ့်ဟာကိုယ် နားလည်အောင် လေ့လာပေးပါ။ အဲ - ထွက်သွားရတာလည်းပဲ ဘာဖြစ်လို့ထွက်ရတယ်ဆိုတာ သိအောင် လုပ်ထားပါ။ ဒီကျောင်းတိုက်ရဲ့ စည်းမျဉ်းဥပဒေအနေနဲ့ တပည့်တော် တစ်ခေါက်ပြန်ပြောပါ့မယ်။ ခုမိ၊ ခုတွေ့၊ ခုထွက်ရတဲ့ သဘောမဟုတ်ပါဘူး။ ဘယ်အချိန်မှာပဲ အပြစ်လုပ်ခဲ့ လုပ်ခဲ့၊ ပစ္စုပ္ပန်အချိန်မှာ အကျိုးကျေးဇူးတရားတွေကို ချင့်ချိန်မယ်။ လက်သင့်ခံနိုင် မခံနိုင်ဆိုတာ အားလုံး နာယကတွေနဲ့ စုပြီးတော့ ဆန္ဒမေးကြည့်မယ်။ ပြီးမှ တပည့်တော် ဆုံးဖြတ်တယ်ပေါ့။ ဒါကြောင့်မို့ ပြစ်မှုကိုတော့ မသိလောက်ပါဘူးဆိုပြီးတော့ သွားမလုပ်ပါနဲ့။ ဘယ်အချိန်မှာပဲ မိမိ၊ မိလာတဲ့အချိန်မှာ သိလာတဲ့အချိန်မှာ တပည့်တော်တို့ ပြန်ပြီးတော့ စိစစ်ပါ့မယ်။ ဒါ ဟိုတုန်းကလည်း ပန်ပြောခဲ့ဖူးတယ်။ အခုလည်းပဲ ဆက်ပြီးတော့ ပန်ပြောပါ့မယ်။ ဒီနည်းနဲ့ ထိန်းမှပဲ တပည့်တော်တို့ ရေရှည်ကျတော့ ကောင်းပါလိမ့်မယ်။

ယခင်တစ်ပတ်အဆက်

နောက်ပြီးတော့ တပည့်တော် နတ်တော်လကွယ်နေ့တုန်းကပြောခဲ့တဲ့ သောဘနသုတ်လေးကို ဒီနေ့ ဆက်ပြီးတော့ နည်းနည်းပြောမယ်။ အဲဒီနေ့ကလည်းပဲ သာသနာ့ဂုဏ်ကျက်သရေကို ဆောင်တဲ့ ပုဂ္ဂိုလ်တွေဟာ လေးဦးရှိတယ်လို့ ပြောခဲ့တယ်။ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ။ သာသနာတော်ကြီး ပျက်အောင် ဖျက်တာ၊ ညှိုးနွမ်းအောင် လုပ်တာလည်း ဒီပုဂ္ဂိုလ်တွေပဲ။ သာသနာတော်ကြီး တည်တံ့အောင်၊ ဂုဏ်ရှိအောင် လုပ်နေတာလည်း ဒီလေးဦးပဲဆိုပြီး မြတ်စွာဘုရား ဟောခဲ့တယ်ပေါ့။ ဒါကို တပည့်တော်တို့ တောင်မြို့ဆရာတော်ကြီး ကောက်ချက်ချတယ်။ ဘာသာခြားတွေကြောင့် သာသနာဟာ မတည်တံ့နိုင်သလို၊ ဘာသာခြားတွေကြောင့် ပျက်စီးတယ်ဆိုတာလည်းပဲ နည်းပါးပါတယ်တဲ့။ နောက်ဆုံးတော့ သံကိုဖျက်တာ သံချေးဖြစ်သလို

www.dhammadownload.com

ပဲ၊ ဒီသာသနာ့ရဲ့အတွင်းလူဖြစ်တဲ့ပုဂ္ဂိုလ်တွေက ပဲ ဒီသာသနာကိုဖျက်နေတာတဲ့။ ဒါကြောင့်မို့ သာသနာတော်ကြီး ကျက်သရေရှိအောင် လုပ်နေတာလည်း ဂုဏ်သရေရှိတဲ့ ဒီပုဂ္ဂိုလ်လေးဦး၊ သာသနာတော်ကြီး ကွယ်အောင်လုပ်နေတာလည်း ဂုဏ်သရေမဲ့တဲ့ ဒီလေးဦးက လုပ်နေကြတယ် ဆိုတာ အားလုံး သဘောပေါက်လောက်ပြီ။

တိုင်းတာပုံတချို့

နောက်ပြီးတော့ သာသနာတော်ကြီး ကျက်သရေရှိတယ်ဆိုတာကို တိုင်းတာနေကြတဲ့ အထဲမှာ ဘယ်ကျောင်းတိုက်ကတော့ နဂိုတုန်းက ဝါးကပ်မိုးလေး၊ နဂိုတုန်းက ထရံကာကျောင်းလေး၊ ခုဖြင့် စည်ကားလိုက်တာ၊ သာသနာတော်ကြီး တိုးတက်လိုက်တာ၊ သုံးထပ်တိုက်တွေ၊ လေးထပ်တိုက်တွေနဲ့ ...။ အဲဒီတော့ သာသနာစည်ပင်တာကို ဒီတိုက်တွေနဲ့ တိုင်းတာပြီးတော့ အရေအတွက်နဲ့တိုင်းတာနေတာတွေလည်း ရှိတယ်ပေါ့။ ဟာ ... ဒီကျောင်းတိုက်ကတော့ စာမေးပွဲမှာတော့ နှစ်စဉ်နံပါတ်(၁)ပဲဆိုပြီးတော့ ဒီ နံပါတ်(၁)ရတာကိုပဲ သာသနာတော်ကြီး၊ ကျောင်းတိုက်ကြီး စည်ပင်တိုးတက်နေတယ်၊ ဂုဏ်သရေရှိတယ်၊ ကျက်သရေရှိတယ်လို့ ဒီလိုလည်းပဲ သုံးသပ်နေတာတွေရှိတယ်။

တကယ်တော့ ဒါတွေနဲ့ မပြည့်စုံပါဘူး။ သင်္ကန်း၊ဆွမ်း၊ကျောင်း၊ဆေးထဲမှာ ပါဝင်တဲ့ အဆောက်အအုံဟာ မရှိမဖြစ် လိုပေမဲ့လို့ ဒါကြီးတွေကိုပဲ အဓိကထားနေရင်လည်း သာသနာ့ကျက်သရေဟာ အစစ်အမှန် မရရှိနိုင်ပါဘူး။ အစစ်အမှန် မတိုးတက်နိုင်ပါဘူး။ စာမေးပွဲဟာလည်းပဲ စာတတ်ဖို့အတွက် သွားရင်းဟန်လွဲလိုအပ်တာတော့ မှန်ပါတယ်။ ခုခေတ်ဟာ စာမေးပွဲလမ်းကြောင်းက အဓိက ဖြစ်နေတော့ မလုပ်လို့ မဖြစ်ဘူးပေါ့။ သို့သော် ဒီစာမေးပွဲအောင်ဖို့အတွက် ကျမ်းရင်းတွေကို စွန့်လွှတ်ပြီးတော့ မှတ်စုမှတ်ရာတွေနဲ့ လုပ်ပြီဆိုရင်လည်း ဒါတွေဟာ မမှန်ကန်သေးဘူးပေါ့။ ဒါကြောင့်မို့ တပည့်တော် အားလုံးကို နားလည်အောင် ဒီသောဘနသုတ်ကို ထပ်ပြောရခြင်းဖြစ်ပါတယ်။

မြတ်ဘုရားနဲ့နတ်သား

အင်္ဂါခြောက်ပါးထဲမှာ ဝိယတ္တာ၊ ဝိနီတာ ဆိုတာကို နတ်တော်လက္ခဏနေ့က တပည့်တော် ပြောခဲ့တယ်။ 'ဝိယတ္တာ - သစ္စာလေးပါးကို ထိုးထွင်း၍သိခြင်းစသော ပညာအားဖြင့် လိမ္မာထက်မြက်ကြကုန်၏'တဲ့။ 'ဝိနီတာ- ကိလေသာတို့ကို နှိပ်ကွပ်ပယ်ရှားတတ်ကုန်၏။ ဒါမှမဟုတ်လည်းပဲ ဆုံးမအပ်ပြီးဖြစ်၍ ယဉ်ကျေးကြကုန်'တဲ့။ မြတ်စွာဘုရား မိန့်ခဲ့တာတစ်ခုရှိတယ်။ ဒီကာမရာဂဟာ ပယ်ဖို့ သိပ်ပြီးတော့ ကြိုးစားထိုက်တဲ့အကြောင်း နတ်သားတစ်ပါးက လာလျှောက်တယ်ပေါ့။ လျှောက်တဲ့အခါမှာ ဘယ်လို လျှောက်လဲဆိုတော့ ရင်ဝကို လှံစူးတဲ့ပုဂ္ဂိုလ်ဟာ ဒီလှံကို ပယ်ဖို့နှုတ်ဖို့ကြိုးစားသလိုပဲ၊ ခေါင်းပေါ်မှာ မီးလောင်နေတဲ့ပုဂ္ဂိုလ်ဟာ ဒီမီးကို ငြိမ်းအောင် ကြိုးစားအားထုတ်သလို ကာမရာဂကို ပယ်ထိုက်တယ်ဆိုပြီး လျှောက်တယ်။

လျှောက်တဲ့အခါ သူ့ကို မြတ်စွာဘုရားက သက္ကာယဒိဋ္ဌိကို ပြန်ပြီးတော့ ဟောကြားပေးခဲ့တယ်ပေါ့။ သက္ကာယဒိဋ္ဌိဆိုတာ တပည့်တော်တို့ နီးစပ်အောင် ပြောရလို့ရှိရင် အဖြစ်များနေတဲ့ အတ္တကြီးမှု၊ အတ္တကို ရှေ့တန်းတင်မှုပေါ့။ အတ္တကြီးမှု၊ နောက်ပြီးတော့ အတ္တကို ရှေ့တန်းတင်မှု၊ ဒါတွေကို တပည့်တော်တို့ အရေးတကြီး ပယ်ရ

www.dhammadownload.com

တယ်။ ဘာဖြစ်လို့ မြတ်စွာဘုရားက ဒီလိုဟောလဲ ဆိုတော့ တပည့်တော်တို့ ပြစ်မှု ဒုစရိုက်တွေ ဘာတွေ အကုသိုလ်တွေဖြစ်ပြီဆိုရင် ဒီတရားကြောင့် ဖြစ်ကြရတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ခံစားချင်ပြီဆိုလို့ရှိရင် ကိုယ်လိုချင်ပြီဆိုလို့ရှိရင် ကိုယ့်ကိုယ်ကိုယ် မရမှာစိုးတဲ့အတွက် ဒါဟာ အတ္တကြီးသွားတာ။ အတ္တကို ရှေ့တန်းတင်လိုက်တာ။ ဆိုပါစို့၊ ဝိကာလဘောဇနသိက္ခာပုဒ် ချိုးဖောက်မယ်။ ဟာ ... ဆာလိုက်တာ၊ ငါ မနေနိုင်တော့ဘူးဆိုရင် ငါဆိုတဲ့၊ သက္ကာယဒိဋ္ဌိ ဆိုတဲ့၊ အတ္တကြီးမှု၊ အတ္တရှေ့တန်းတင်မှု ပါသွားပြီ။ ဒါဆိုရင် ဝိကာလဘောဇနသိက္ခာပုဒ်လည်း ကျိုးတော့တာပဲ။ ဒါတွေဟာ အတ္တရှေ့တန်းတင်မှုကြောင့် ဖြစ်တာ။ ဒါကြောင့်မို့ ဒုစရိုက်မှန်သမျှ ဒီအတ္တကို အရင်းခံတယ်။ ဒါကိုအရင်းခံပြီးမှ လောဘဖြစ်တယ်ဆိုလည်း ဒီသက္ကာယဒိဋ္ဌိဆိုတဲ့ အတ္တကြီးမှု၊ အတ္တကို ရှေ့တန်းတင်မှုကို အရင်းခံပြီးတော့ လောဘထွက်လာတဲ့အတွက် ဘုရားရှင်က ဒီလိုဟောခဲ့တယ်။ နတ်သားက ကာမရာဂကို ပယ်ဖို့ ကြိုးစားအားထုတ်ရမယ်လို့ ဆိုတာကို မြတ်စွာဘုရားက သက္ကာယဒိဋ္ဌိကို ပယ်ဖို့ ကြိုးစားအားထုတ်ရမယ်ဆိုပြီးတော့ ဒီလိုပြင်ပြီးတော့ ဟောခဲ့တာဟာ ဒီလိုအကြောင်းတွေ ရှိနိုင်တယ်ပေါ့။

ပဋိပတ်မကင်းတဲ့ ပရိယတ်

အဲဒီတော့ အရင်တစ်ပတ်ကလည်း တပည့်တော်တို့ ပြောခဲ့ပြီ။ ဘယ်လိုပယ်မလဲဆိုတော့ ပဋိပတ်မကင်းတဲ့ ပရိယတ်နဲ့ တပည့်တော်တို့က လုပ်ရမှာပဲ။ ဒါကိုပဲ တပည့်တော်တို့ ဗမာလိုပြောရင်တော့ 'သင်ရင်း ကျင့်၊ ကျင့်ရင်း သင်'တဲ့။ သင်ရင်း ကျင့်၊ ကျင့်ရင်း သင်။ ဒါကို စာလို ဆိုရင် ပဋိပတ်မကင်းတဲ့ ပရိယတ်။ စာသင်သားတွေ အယူအဆမှားနေပြီဆိုရင် အန္တရာယ်ရှိတယ်။ ဟာ ... စာမေးပွဲအောင်မှ ဖြစ်မှာ၊ စာမေးပွဲအောင်မှ ဂုဏ်ရှိမှာ၊ ဂုဏ်ရှိမှ တင့်တောင့်တင့်တယ်နေရမယ်၊ ဘုန်းကြီးမယ်၊ ကြီးလာလို့ရှိရင် အပူဇော်ခံပြီးတော့ နေရမယ် စသည်ဖြင့် ဒါတွေတွေးလို့ရှိရင်၊ အတ္တကို ရှေ့တန်းတင်ပြီးတော့ အဲဒီလို ခံစားမှုတွေကိုပဲ တွေးနေတယ်ဆိုရင် ဒါတွေဟာ တပည့်တော်တို့ လမ်းမှားနေတာ။ ဒါကို တပည့်တော်တို့ ဆရာသမားတွေက ပြင်ပေးရမယ်။

မဟုတ်သေးဘူး၊ မြတ်စွာဘုရားတောင်မှ ပါရမီတွေ ဖြည့်ပြီးတော့ ဘုရားဖြစ်တယ်၊ ဗုဒ္ဓအဖြစ်ကို ရောက်တာတောင်မှ ဗုဒ္ဓအဖြစ်ရောက်ရုံနဲ့ သတ္တဝါတွေရဲ့ အနှိုင်းမဲ့ ကျေးဇူးရှင် မဖြစ်သေးဘူး၊ ဘုရားရှင်လည်း မဟာကရုဏာတော်နဲ့ သတ္တူပကာရသမ္ဘဒါလို့ခေါ်တဲ့ အများအကျိုးကို မနေမနား (၄၅)ဝါပတ်လုံး ဆောင်ရွက်ပါမှ လောကသားတွေရဲ့ သတ္တဝါတွေရဲ့ အနှိုင်းမဲ့ ကျေးဇူးရှင်ဖြစ်ခဲ့တာ၊ ဒီလိုပဲ ပုဂ္ဂိုလ်တစ်ယောက်ဟာ ပညာတတ်ပြီးတော့ ဘွဲ့ဒီဂရီရရုံ၊ ဘုန်းတွေကံတွေ ကြီးပြီးတော့ ပစ္စည်းလေးပါး ပေါများရုံ၊ နာမည်ကျော်ကြား ထင်ရှားပြီးတော့ ပူဇော်ခံရရုံ၊ ဒါလောက်ကလေးနဲ့ တန်ဖိုးရှိတဲ့ပုဂ္ဂိုလ်တစ်ယောက် မဖြစ်တဲ့အကြောင်း တပည့်တွေ နားလည်အောင် တပည့်တော်တို့ ဆရာသမားတွေက ပြောပြရမယ်။

သောတာပန်ဖြစ်တဲ့နေ့

ဘွဲ့ဒီဂရီရဖို့ ပညာသင်တယ်။ ဘာဖြစ်လို့ သင်သလဲ။ တစ်ချိန်မှာ သာသနာနဲ့လူမျိုးအတွက် မိမိစွမ်းအားရှိသမျှ ကြိုးစားပြီးတော့ ပေးဆပ်

www.dhammadownload.com

မယ်၊ ဒီလိုပေးဆပ်ချင်တဲ့စိတ်တွေနဲ့ သင်ပြိုဆိုလို့ ရှိရင်၊ သာသနာအတွက်၊ လူမျိုးအတွက် ဆိုတဲ့ စိတ်တွေ များလာပြီဆိုရင် တပည့်တော်တို့ အတ္တ ရှေ့တန်းတင်မှု၊ အတ္တကြီးမှုတွေ ပါးသွားမလား၊ ထူလာမလား။ ပါးသွားမယ်။ အဲဒီအတ္တဆိုတဲ့ သက္ကာယဒိဋ္ဌ ပါးရာကနေ ကုန်သွားပြီဆိုတဲ့နေ့ ဟာ အဲဒါ သောတာပန်ဖြစ်တဲ့နေ့ပဲ။ အဲဒီတော့ ဒီ သက္ကာယဒိဋ္ဌတွေ၊ အတ္တကြီးမှုတွေ ပါးလာပြီ ဆိုလို့ရှိရင် ဉာဏ်ပညာကလည်း ထက်လာတဲ့အခါ မှာ 'ဝိယတ္တာ - သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းစသော ပညာအားဖြင့် လိမ္မာထက်မြက် တယ်' ဆိုတဲ့ဂုဏ်ဟာလည်း ရသွားတယ်ပေါ့။ သက္ကာယဒိဋ္ဌ ပါးပြီးတော့ ကုန်ပြီဆိုရင် ဉာဏ် ပညာကလည်းပဲ ထက်လာတယ်။ ကိုယ့်အတွက် မဟုတ်ဘူးဆိုတဲ့ ဒီစိတ်ရှိလာပြီ၊ သာသနာအတွက် ဆိုတဲ့ ဒီစိတ်တွေများလာပြီဆိုရင် ကုသိုလ်စိတ် တွေကြောင့်မို့ ဉာဏ်ပညာလည်း တဖြည်းဖြည်း ထက်လာတယ်။ ဒါကို ဝိယတ္တဂုဏ်လို့ တပည့် တော်တို့ နည်းမှီပြီးတော့ ပြောလို့ရတယ်ပေါ့။

ဝိယတ္တဂုဏ်ပြီးတော့ ဝိနီတဂုဏ်ဆိုတာ၊ ယဉ်ကျေးလိမ္မာတယ်ဆိုတာလည်း ကျွဲကူးရေပါ ဖြစ်သွားတာပဲ။ အတ္တကို ရှေ့တန်းမတင်ပါဘူး ဆိုရင် လောဘ၊ ဒေါသတွေ အဖြစ်နည်းသွား တယ်။ ဖြစ်လာပြီဆိုလို့ရှိရင်လည်းပဲ တရား သဘောအရ သူ့ဟာနဲ့သူ စဉ်းစားဆင်ခြင်ပြီးတော့ ပယ်သွားနိုင်တယ်ပေါ့။ တပည့်တော်တို့ စာသင် ရင်းလည်းပဲ လောဘမဖြစ်ဘဲနဲ့ ကုသိုလ်စိတ်ဖြစ် အောင် သင်ရတယ်။ ဝေယျာဝစ္စလုပ်တယ်ဆိုလို့ ရှိရင်လည်း ဒီလိုပဲ။ မြတ်စွာဘုရားက 'ဝတ္တံ အပရိပူရေန္တော' ဝတ်မဖြည့်ချင်ရင် သီလဆိုတာ ပြည့်စုံတယ်လို့ မခေါ်နိုင်ဘူးလို့ ဟောထားတယ်။ အဲဒီတော့ သီလပြည့်စုံမှ သမာဓိပြည့်စုံမယ် စသည်ဖြင့် လောကုတ္တရာအကျိုးတွေ မျှော်ကိုး ပြီးတော့ လုပ်ပြီဆိုရင် တဖြည်းဖြည်းနဲ့ အတ္တဟာ ပါးပါးပြီးတော့ နောက်ဆုံးမှာ အတ္တကုန်တဲ့အဆင့် ကို ရောက်ပါတယ်။ အတ္တကုန်တယ်ဆိုတာ သောတာပတ္တိမဂ်ဉာဏ်ကြောင့် ကုန်ရတာပဲ။ ဒါဆိုလို့ရှိရင် ဝိနီတဂုဏ်လည်း ပါသွားပြီ။ ဒီ သက္ကာယဒိဋ္ဌ အားမကြီးတော့ဘူး၊ လုံးဝမရှိတော့ ဘူးဆိုရင် ယဉ်ကျေးတယ်။ ကျန်တဲ့လောဘ၊ ဒေါသတွေ အစွန်းမထွက်နိုင်တော့ဘူးပေါ့။

တစ်ဘို့တည်းရှိရင်

တစ်နေ့က ဒကာမကြီးတစ်ယောက် ပြော တာလေးကလည်း သဘာဝကျတယ်ပေါ့။ သူက ဘာပြောလဲဆိုတော့ လူဆိုတာတဲ့၊ သူ့ဖို့ ကိုယ့်ဖို့ နှစ်ဖို့သိရတယ်တဲ့။ တစ်ဖို့(ဘို့)တည်းပဲ သိပြီး တစ်ဖို့(ဘို့)တည်းပဲရှိရင် အဲဒါ နွားပဲတဲ့။ တစ် နေ့က ဒကာမကြီးတစ်ယောက်က အဲဒီအတိုင်းပဲ ပြောတယ်။ ဩော် ... သူ့ဟာလည်း ဟုတ်သား ပဲလို့၊ တပည့်တော်လည်း သူ့တရား တစ်ဆင့် ကြားရတာပါ။ ကိုယ်တိုင်တော့ မကြားခဲ့ဘူး။ သူပြောတဲ့သဘောကလည်း တရားသဘောပါပဲ။ လူဆိုတာ သူ့ဖို့ ကိုယ့်ဖို့ နှစ်ဖို့သိရတယ်။ တစ်ဖို့ (ဘို့)တည်းသာ ရှိတဲ့ပုဂ္ဂိုလ်ဆိုရင် နွားလို့ခေါ် တယ်တဲ့။ သူ့တရားကလည်း မှတ်လောက်သား လောက်တယ်လို့ တပည့်တော် သဘောကျခဲ့တယ် ပေါ့။ တပည့်တော်တို့ ဒီဟာတွေနဲ့သွားပြီးတော့ ကိုက်ညီတယ်။

ဒါကြောင့်မို့ သက္ကာယဒိဋ္ဌ ပါးသွားပြီဆိုရင် ဉာဏ်ပညာထက်ပြီးတော့ နောက်ဆုံး သက္ကာယ ဒိဋ္ဌ ကုန်ပြီဆိုရင်တော့ သောတာပတ္တိမဂ်၊ သော တာပတ္တိဖိုလ်ဆိုတဲ့ ပညာတွေ ရှိသွားတာပဲ။ ဒါကိုပဲ တပည့်တော်တို့ ဝိယတ္တ၊ ဝိနီတလို့ ခေါ်

www.dhammadownload.com

တယ်။ ဒါ ဝိယတ္တာ၊ ဝိနီတဂုဏ်ကို အရင်တစ်ပတ်က ပြောခဲ့တာကို တပည့်တော် ပြန်ပြီးတော့ နိဂုံးချုပ်တာပါ။

ဝိသာရဒ

နောက်- တတိယဂုဏ်က ဘာလဲဆိုတော့ ဝိသာရဒဂုဏ်တဲ့။ တကယ်တော့ ဝိသာရဒဆိုတာ ပုဂ္ဂိုလ်ကို ရတာပါ။ တပည့်တော် နားလည်လွယ်အောင်လို့ ဂုဏ် ဂုဏ်နဲ့ ထည့်ပြောတာ။ အဲဒီတော့ ဝိသာရဒကို ဘယ်လိုအနက်ပေးကြသလဲဆိုတော့ 'ကင်းသောရွံ့ရှားခြင်းရှိကြပေကုန်၏' တဲ့။ ဒါမှမဟုတ်လည်းပဲ 'ရွံ့ရှားအောင်ပြု၊ အကုသိုလ်ကင်း၊ ရဲတင်းရွှင်ပျ၊ သောမနဿသဟဂုတ် ဉာဏ်ပညာရှိကြကုန်၏' ဆိုပြီးတော့ ဒီဂုဏ်ကို ရေးထားတယ်။ ဒီဂုဏ်ရှိလို့ရှိရင်လည်း တပည့်တော်တို့ သာသနာတော်မှာ သာသနာ့ကျက်သရေဆောင်တွေ ဖြစ်တယ်။ ဝိသာရဒဂုဏ်ဆိုတာ တပည့်တော်တို့ ချုပ်လိုက်ရင် ရဲရဲတင်းတင်း ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ လုပ်ရဲတယ်။ ဘယ်စိတ်တွေနဲ့ လုပ်တာလဲဆိုတော့ မဟာကုသိုလ်စိတ် ရှစ်ပါးထဲမှာ သောမနဿသဟဂုတ် ဉာဏသမ္မယုတ် စိတ်နဲ့ လုပ်တာ။

သင်္ဂြိုဟ်သင်နေတဲ့ အရှင်ဘုရားတို့ကတော့ သိမယ်။ ကာမနယ်ပယ်မှာ ဘယ်စိတ်ဟာ အကောင်းဆုံးလဲ။ သောမနဿသဟဂုတ်က ကောင်းသလား၊ ဥပေက္ခာသဟဂုတ်က ကောင်းသလားဆိုရင် သောမနဿသဟဂုတ်က ကောင်းတယ်။ တစ်ခါ ဉာဏသမ္မယုတ်က ကောင်းသလား၊ ဉာဏဝိပ္ပယုတ်က ကောင်းသလားဆိုရင် ဉာဏသမ္မယုတ်က ကောင်းတယ်။ အဲဒီတော့ သောမနဿသဟဂုတ် ဉာဏသမ္မယုတ်စိတ်က ဘယ်နှပါးရှိသလဲ။ နှစ်ပါးရှိတယ်နော်။ ဘာတွေလဲ။ အသခ်ါရိကစိတ်နဲ့ သသခ်ါရိကစိတ် ...။ သောမနဿသဟဂုတ် ဉာဏသမ္မယုတ် အသခ်ါရိကစိတ်တစ်ပါး။ နောက်တစ်ခုက သောမနဿသဟဂုတ် ဉာဏသမ္မယုတ် သသခ်ါရိကစိတ်တစ်ပါး။ အဲဒီစိတ်နှစ်စိတ်က အမြတ်ဆုံးပဲ။ ဒီအမြတ်ဆုံးစိတ်နဲ့ အလုပ်လုပ်နေလို့ရှိရင် ဝိသာရဒဂုဏ်နဲ့ ပြည့်စုံတယ်။ ဒီစိတ်ရှိလို့ရင် ရဲတင်းသွားတာပဲ။ တပည့်တော်တို့ ဒါလေးတွေကလည်း သတိထားသင့်တယ်ပေါ့။

လူမိုက်အလုပ်တဲ့

သာသနာတော်မှာ သာသနာရဲ့ကျက်သရေဆောင်ဖြစ်တဲ့ တပည့်သံဃာတွေ မွေးမြူဖို့ဆိုတာ ရဲတင်းဖို့လည်း လိုပါတယ်။ တပည့်တော်တို့ တစ်လောက တခြားကျောင်းက ဘုန်းကြီးတစ်ပါးနဲ့ စကားပြောတဲ့အခါမှာ အဲဒီဘုန်းကြီးက သူကတော့ စေတနာနဲ့ ပြောသွားတာပါ။ ဘာပြောသလဲဆိုတော့ 'ဟာ ... စာသင်တိုက်ထောင်တာ လူမိုက်တွေပဲ' တဲ့။ လူမိုက်အလုပ်တဲ့။ အဲဒီတော့ စာသင်တိုက်ထောင်တာ လူမိုက်အလုပ်တဲ့။ ဘာဖြစ်လို့လဲဆိုတဲ့ ဒီအကြောင်းပြလေးတွေတော့ သူက မပြောသွားဘူး။ တပည့်တော်တို့ တွေးကြည့်ရတာကတော့ ပညာလည်းပဲ ကိုယ်က သင်ပေးရတယ်။ စားဝတ်နေရေး ဖြေရှင်းတဲ့အခါလည်းပဲ ကိုယ်က ဖြေရှင်းပေးရတယ်။ တစ်ခါတစ်ရံ အခန့်မသင့်လို့ သူတို့ရဲ့အလိုလေး တစ်ခုမကျလိုက်တာနဲ့ ပြန်ပြီးတော့ ကျေးဇူးကန်းတာတွေ၊ ပြန်ပြီးတော့ ပြောဆိုခံရတာတွေ၊ ဝေဖန်ခံရတာတွေ အများကြီးရှိတယ်ပေါ့ဘုရား။ အဲဒီတော့ ဒါကြောင့်မို့ သူက စာသင်တိုက်အလုပ်ဆိုတာ လူမိုက်ရဲ့အလုပ်လို့ ပြောသွားတာထင်ပါတယ်။

www.dhammadownload.com

နောက်တစ်ခုကလည်း ရှိသေးတယ်။ တချို့က ပြောတယ်။ ဟာ ... စာသင်စာချလုပ်နေရတာဟာ သူများအတွက်ချည်းပဲ၊ ကိုယ့်အတွက် ကိုယ်လုပ်တော့မယ်။ ကိုယ့်အတွက် တရားလေးနဲ့ပဲ နေတော့မယ်။ ဒါမျိုးလည်းပဲ တပည့်တော်တို့ ကြားရလေ့ရှိပါတယ်။ အဲဒီတော့ စာသင်စာချလုပ်နေတာ သူများအတွက်၊ ကိုယ့်အတွက်တော့ တရားလေးနဲ့ပဲ အေးအေးဆေးဆေးနေတော့မယ်တဲ့။ ကိုယ့်အတွက်ပါအောင်လို့တဲ့။ ဒါမျိုးလေးတွေ ပြောတယ်ပေါ့။ ဒီလိုပြောကြတဲ့အခါမှာ တပည့်တော်တို့က ခုနကပြောတဲ့ သောမနဿသဟဂုတ် ဉာဏသမ္မယုတ်စိတ်နဲ့ ဝိသာရဒဂုဏ်ရှိဖို့ သိပ်ပြီးတော့ လိုအပ်တယ်ပေါ့။ ဉာဏသမ္မယုတ်နဲ့ ကိုယ့်ရဲ့ဝေဖန်ဉာဏ်နဲ့ စဉ်းစားရမှာပဲ။ ဒီစာသင်တိုက်အလုပ်ဆိုတာ လူမိုက်အလုပ်ဆိုတာ တကယ်ဟုတ်သလား၊ မဟုတ်ဘူးလား။ တကယ်ဟုတ်လို့ရှိရင် ရှေးဆရာတော်ကြီးတွေ ဘာလို့လုပ်ခဲ့သလဲ။

ရဟန္တာအရှင်မြတ်ကြီးတွေ

နောက်ပြီးတော့ တပည့်တော်တို့ သတိထားစရာ တစ်ခုရှိသေးတယ်။ ဒုတိယသံဂါယနာတင်ပြီးတဲ့အချိန်မှာ ရဟန္တာအရှင်မြတ်ကြီးတွေဟာ အနာဂတ်သာသနာ့ဘေးရန်ကို လှမ်းကြည့်ခဲ့ကြတယ်။ ကြည့်လိုက်တဲ့အခါမှာ သာသနာနှစ်(၁၀၀) ကျော်လို့ရှိရင်တော့ သာသနာ့ဘေးရန် ပေါ်မယ်။ ဘယ်သူများ ဒီသာသနာ့ဘေးရန်ကြီးကို ငြိမ်းနိုင်ပါ့မလဲလို့ ကြည့်လိုက်တဲ့အခါမှာ သူတို့ကတော့ ရဟန္တာတွေတွေမို့ အဲဒီအချိန်မရှိတော့ဘူး။ ပရိနိဗ္ဗာန်စံသွားကြပြီ။ ကိုယ့်ဟာကိုယ် ဒုတိယသံဂါယနာတင်လိုက်တယ်ဆိုရင် တပည့်တော်တို့ တာဝန်ကျေသလား၊ မကျေဘူးလား။ ကျေတယ်နော်။ ဒါပေမဲ့ ဒီသံဃာတော် ရဟန္တာအရှင်မြတ်ကြီးတွေဟာ သူတို့ကိုယ်သူတို့ တာဝန်ကျေတယ်လို့ ယူဆသလား။ မယူဆသေးဘူး။

ဘာလုပ်လဲဆိုတော့ သူတို့မရှိတဲ့နောက်မှာ ဖြစ်ပေါ်လာမယ့် သာသနာ့ဘေးရန်ကို ဖြေရှင်းနိုင်မယ့်ပုဂ္ဂိုလ်ကို လိုက်ရှာကြတယ်။ ဒါ အရှင်ဘုရားတို့ ပါရာဇိကဏ်အဋ္ဌကထာ ဗာဟိရနိဒါန်းမှာ ကြည့်လို့ရှိရင် ဒီအကြောင်းတွေ ပါပါတယ်။ ပထမဆုံး လူ့ပြည်ကို ကြည့်တယ်။ လူ့ပြည်မှာ လိုက်ရှာတယ်။ သာသနာတော်ကြီး ပြုပြင်နိုင်မယ့်ပုဂ္ဂိုလ် ဘယ်သူရှိသလဲ။ မတွေ့ဘူး။ နတ်ပြည်ခြောက်ထပ်လည်း မတွေ့ဘူး။ နောက်ဆုံး ဗြဟ္မာ့ပြည်မှာ တိဿဗြဟ္မာရှိတာကို သွားတွေ့တယ်။ ဒီတိဿဗြဟ္မာကတော့ လူ့ဘုံမှာ ပြန်ပြီး ပဋိသန္ဓေနေရင် သာသနာတော်ကြီးကို ပြုစုနိုင်လိမ့်မယ်၊ စည်ပင်အောင် လုပ်နိုင်လိမ့်မယ်လို့ မြင်ကြတယ်။ မြင်တော့ ပုထုဇဉ်ဖြစ်တဲ့ တိဿဗြဟ္မာကို ရဟန္တာအရှင်မြတ်ကြီးတွေက ဗြဟ္မာ့ပြည်တက်ပြီးတော့ မေတ္တာရပ်ခံခဲ့ကြတယ်။ လူ့ပြည်ဆင်းပြီးတော့ ပဋိသန္ဓေနေဖို့ တိုက်တွန်းခဲ့ကြတယ်ပေါ့။ ဒါတွေကြည့်လို့ရှိရင် တပည့်တော်တို့ ဒီအလုပ်တွေဟာ လူမိုက်အလုပ်ဆိုတာ မဖြစ်နိုင်ဘူးပေါ့။

သာသနာ့မျိုးဆက်

နောက် - တပည့်တော်တို့ တောင်မြို့ဆရာတော်ကြီး သြဝါဒခွေထဲမှာလည်းပဲ ရှိတယ်။ သာမဏေကျော်ဆိုတဲ့ စာရေးဆရာဆရာတော် ရေးထားတဲ့ 'ပုံဝတ္ထုများဖြင့် ပြောပြသော အဆုံးအမတော်များ' တဲ့။ အဲဒီထဲမှာလည်း ပါတယ်။ ဘာလဲဆိုတော့ ဆရာတော်က 'ဘုန်းကြီးတို့က တစ်ကိုယ်ရေတစ်ကာယ ချမ်းသာဖို့ဆိုရင် တရား

www.dhammadownload.com

လေးဟော၊ တရားလေးပြ၊ ဒီလိုနေမှာပေါ့တဲ့။ ဒီလိုနေလို့ရှိရင် ဘုန်းကံကြီးမားမယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်သိပါတယ်တဲ့။ ငယ်ငယ်တုန်းက လည်း ငတ်ခဲ့တာပဲ၊ အခုလည်း ငတ်နေတာပဲ၊ ငတ်တဲ့လမိုင်းက ကြီးတဲ့အထိ ကပ်နေတယ် ထင်တယ်'တဲ့။ ဒီစကားလုံးအထိ ပြောသွားတယ်ပေါ့။ ဘာပြောသေးလဲဆိုတော့ 'ဘုန်းကြီးက ဦးခန္တီလို ဖြစ်မှာစိုးတယ်'တဲ့။ မန္တလေးတောင်နဲ့ တကွ ဒီစစ်ကိုင်းတောင်မှာလည်းပဲ ဦးခန္တီရဲ့ ကုသိုလ်တွေ ရှိခဲ့တယ်ပေါ့။ ရသေ့ကြီးဦးခန္တီဆိုတာ ရဟန်းဝတ်ကနေပြီးတော့ ရသေ့ဘဝပြောင်းပြီးတော့ သာသနာပြုသွားတာ။ နိုင်ငံတစ်နိုင်ငံလုံးမှာ အဆောက်အအုံတွေ ဆောက်သွားတာ၊ သာသနာပြုသွားတာ။ 'ဒါပေမဲ့လို့တဲ့၊ မျိုးဆက် မကျန်တဲ့အခါကျတော့ သူသေတဲ့အခါမှာ အဆောက်အအုံတွေပဲ ကျန်တော့တယ်'တဲ့။

နောက်ပြီးတော့ 'မိုးညှင်းဆရာတော်ကြီး ဆိုရင်လည်းပဲ သမ္မုဒ္ဓဓေတီတော်ကြီးတွေ တည်သွားတယ်။ ပျံတော်မူတဲ့အခါမှာ ဒီ စေတီတော်တွေပဲ ကျန်နေခဲ့တယ်တဲ့။ သာသနာ့မျိုးဆက် မကျန်ဘူးတဲ့။ အဲဒီတော့ ဘုန်းကြီးက ဦးခန္တီတို့၊ မိုးညှင်းဆရာတော်ကြီးတို့ကို သင်ခန်းစာ ယူပြီးတော့ ကိုယ်မြတ်နိုးလွန်းတဲ့ သာသနာတော်ရဲ့ အဆက်ကျန်စေချင်လို့ စာသင်တိုက် ထောင်တာပါ'ဆိုပြီးတော့ အဲဒီထဲမှာ ဩဝါဒလေးလည်း ဖတ်ရပါတယ်။ တိပိဋကထဲမှာလည်းပဲ ရှိတယ်လို့ ပြောတယ်။ ဒါ တပည့်တော် တိုက်ရိုက်တော့ မနာရသေးဘူးပေါ့။ အဲဒီတော့ ဆရာတော်ကြီးက ဒုက္ခခံတာ၊ ငတ်မှန်းသိရဲ့သားနဲ့ စာသင်တိုက် လုပ်တာဟာ ဘာကျန်ချင်လို့လဲဆိုရင် မျိုးဆက် ကျန်ချင်လို့။ သူမြတ်နိုးတဲ့ သူကြည်ညိုတဲ့ သာသနာတော်ကြီး သူ မရှိတော့တဲ့နောက်မှာ သူ့ရဲ့ မျိုးဆက်တွေက ဆက်ပြီးတော့ မလုပ်မှာကို၊ အဆောက်အအုံတွေပဲ ကျန်နေခဲ့မှာကို သိပ်ပြီးတော့ စိုးရိမ်တယ်ပေါ့။

ပရိယတ်ဟာ ကိုယ့်အတွက်လား

အဲဒီတော့ ဒါတွေကို ကြည့်လို့ရှိရင် တပည့်တော်တို့က စောစောက လူမိုက်အလုပ်ဆိုတာတွေကို လက်ခံသင့်သလား၊ မခံသင့်ဘူးလား၊ မခံသင့်ပါဘူး။ ဒါတွေဟာ တပည့်တော်တို့ သိပ်ပြီးတော့ ဉာဏ်နဲ့ယှဉ်ပြီးတော့ လုပ်ရပါတယ်။ နောက်ပြီးတော့ ကိုယ့်အတွက်ကိုယ်ပဲ လုပ်တော့မယ်ဆိုတဲ့ စကား ...။ စောစောက တပည့်တော်ပြောသလိုပေါ့။ ပရိယတ္တိကိုလည်း ပဋိပတ်မကင်းတဲ့ ပရိယတ် လုပ်ရမှာပဲ။ ပရိယတ်သက်သက်၊ စာသင်စာချလေးလုပ်ပြီးတော့ ဒီစာထဲပါလာတဲ့ စိတ်နေစိတ်ထားတွေကို ကိုယ့်ကိုယ်ကိုယ် ဘဝထဲ ဆွဲမယူတတ်ဘူးဆိုရင် ဒါတွေဟာ တပည့်တော်တို့ 'သင်ရင်း ကျင့်၊ ကျင့်ရင်း သင်'ဆိုတာနဲ့ မကိုက်ဘူးပေါ့။ သဘာဝလည်း မကျဘူး။ ပရိယတ်နဲ့ ပဋိပတ်ဆိုတာ ခွဲခြားလို့မရပါဘူး။ ပရိယတ်ကို ပဓာန လုပ်ပေမဲ့ ပဋိပတ်လည်းပဲ ပါသင့်တယ်။

ဒါကြောင့်မို့ တရားထိုင်တာလေးတွေကို တပည့်တော် အားပေးပါတယ်။ စာမေးပွဲပြီးလို့ ရိပ်သာသွားချင်တယ်၊ သွားပါ၊ ထိုင်ပါ၊ တပည့်တော်ကိုယ်တိုင် တတ်နိုင်သမျှ အားပေးပါတယ်။ ဒီအလုပ်ကလေးတွေကတော့ လုပ်နေရမှာပဲ။ ဒီလိုလုပ်ရင်းနဲ့လည်းပဲ သက္ကာယဒိဋ္ဌဆိုတဲ့ အတ္တ ရှေ့တန်းတင်မှုတွေ တဖြည်းဖြည်း စာသင်ရင်းနဲ့ ပါးပါး ပါးပါးသွား၊ စာချရင်းနဲ့ ပါးပါး ပါးပါး သွား၊ တစ်ခါတစ်ရံ ကိုယ့်ဟာကိုယ် အဓိဋ္ဌာန်ဝတ်ကလေးတွေ လုပ်ရင်းနဲ့၊ ဗုဒ္ဓါနုဿတိလုပ်

www.dhammadownload.com

ရင်းနဲ့၊ မေတ္တာပွားရင်းနဲ့ ပါးပါးသွား။ တတ်နိုင်သမျှ တရားထိုင်ရင်းနဲ့လည်း ပါးပါးသွားအောင် လုပ်ရမှာပဲ။ ဒီလို ပါးသွားပြီး ကုန်တယ်ဆိုလို့ရှိရင် ပဋိပတ်နယ်မှာ သောတာပန်အဆင့်၊ ပဋိဝေအဆင့်အထိ ရောက်သွားနိုင်တာပဲ။ ဒါတွေကို သိထားလို့ရှိရင် တပည့်တော်တို့ ပရိယတ်လုပ်တာဟာ သူများအတွက်လို့ ပြောလို့ရပါ့မလား။ မရဘူးပေါ့။

သာဓု သာဓု မောဂ္ဂလ္လာန်

နောက်တစ်ခါ ပါဠိတော်တွေ ပြန်ကြည့်။ ရှင်ဥပါလိမထေရ် တောထွက်တော့မယ်ဆိုတော့ မြတ်စွာဘုရားရှင်က တားတယ်။ အဂုံတ္တိရ်ပါတယ် မဟုတ်လား။ ဘာဖြစ်လို့လဲဆိုတော့ ရှင်ဥပါလိတောထွက်လို့ရှိရင် သူရဲ့ တစ်ကိုယ်ရေတစ်ကာယတော့ ရဟန္တာဖြစ်သွားမယ်။ ဒီမှာ နေလို့ရှိရင် ရဟန္တာဖြစ်တဲ့အပြင်မှာ ဝိနည်းသာသနာတော်ကြီးကို ရှင်ဥပါလိက ဆက်ပြီးတော့ ပြုနိုင်မှာသိလို့ မြတ်စွာဘုရားက အတ္တဟိတရော၊ ပရဟိတရော ဆောင်ရွက်နိုင်ဖို့ တောထွက်မှာကို တားခဲ့တာ။ အတ္တဟိတ၊ပရဟိတ ဆောင်ရွက်မယ်ဆိုလို့ရှိရင် မြတ်စွာဘုရားက တစ်ပါးတည်း ဆောင်ရွက်တာကို သဘောတူသလား၊ နှစ်ပါးလုံး ဆောင်ရွက်တာကို ကြိုက်သလားမေးရင် နှစ်ပါးလုံးဆောင်ရွက်တာကို ကြိုက်ခဲ့တယ်။ ဒါကြောင့် ရှင်ဥပါလိကို တားမြစ်ခဲ့တာပဲ။

နောက် - အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလ္လာန်၊ စာတုမရွာက အဖြစ်အပျက်ကလေးကို တပည့်တော်တို့ ကြည့်ပေါ့။ သံဃာတွေ ဆူတဲ့အခါမှာ မြတ်စွာဘုရားက နှင်ထုတ်လိုက်တယ်။ နှင်ထုတ်လို့ ပြန်ရောက်လာတဲ့အခါမှာ အရှင်သာရိပုတ္တရာကို မေးတော့ အရှင်သာရိပုတ္တရာက သူလည်းပဲ တရားမမှန့် ဖလသမာပတ်နဲ့ ငြိမ်းငြိမ်းချမ်းချမ်းပဲ နေတော့မယ်ဆိုတဲ့ စိတ်ဖြစ်မိကြောင်း လျှောက်တယ်။ အဲဒီမှာ မြတ်စွာဘုရားက 'သာရိပုတ္တာ၊ အဲဒီစိတ်ထားမျိုးကို ဆိုင်းငံ့ထားပါဦး' တဲ့ ဒါမျိုးမိန့်ခဲ့တယ်။ ကန့်ကွက်ခဲ့တယ်ပေါ့။ ရှင်မောဂ္ဂလ္လာန်ကျတော့ ဘယ်လိုလျှောက်သလဲဆိုတော့ 'ဘုရားရှင်ကတော့ သံဃာတွေကို နှင်ထုတ်ပြီး ဖလသမာပတ်နဲ့ ငြိမ်းငြိမ်းချမ်းချမ်း သီတင်းသုံးတော့မယ် ထင်တယ်။ ငါနဲ့အရှင်သာရိပုတ္တရာ သာသနာအတွက် သံဃာတွေအတွက် ငါတို့နှစ်ပါးမှာ တာဝန်ရှိတယ်။ ငါတို့ရွက်ဆောင်မယ်' ဆိုတဲ့ စိတ်ဖြစ်တဲ့အကြောင်း လျှောက်တယ်။ မြတ်စွာဘုရားက 'သာဓု သာဓု မောဂ္ဂလ္လာန်' ဆိုပြီးတော့ အရှင်မောဂ္ဂလ္လာန်ကို သာဓုခေါ်ခဲ့တယ်။ ဒီဇာတ်လမ်းတွေ ရှိခဲ့တယ်။ တပည့်တော်တို့ရဲ့ ဆရာရင်းဖြစ်တဲ့ တောင်မြို့ဆရာတော်ကြီးလည်း ဒီလိုတွေးခေါ်ခဲ့တယ်။

မစွမ်းနိုင်ရင်တော့

အဲဒီတော့ ဒါတွေကို ကြည့်လိုက်လို့ရှိရင် စာသင်တိုက်ဟာ လူမိုက်အလုပ် ဒါမျိုးပြောလို့ရသေးလား။ မရတော့ပါဘူး။ နောက်ပြီးတော့ ကိုယ့်အတွက်ပါတာလေးပဲ လုပ်တော့မယ်ဆိုရင် ဒီအယူအဆကလည်း အကုန်လုံး မှန်ပါ့မလား။ မမှန်ပါဘူး။ အဲ - ကိုယ်က ပညာမတတ်လို့ တစ်ကိုယ်ရေတစ်ကာယနေတယ်။ ပဋိပတ္တိလုပ်တယ်။ ကောင်းပါတယ်။ ဘာမှမလုပ်နဲ့။ နောက်ပြီးတော့ စာတော့တတ်ပါရဲ့၊ ကျန်းမာရေးက သူများအတွက် မစွမ်းနိုင်ဘူး။ အတ္တဟိတလုပ်။ ကောင်းတယ်။ ဒါမျိုးက တပည့်တော်တို့လည်း သဘောကျတယ်။ တပည့်တော်တို့ကိုယ်တိုင်

www.dhammadownload.com

လည်း ဒီစိတ်ကလေးတွေကို အမြဲတမ်း မွေးထားမှာပါပဲ။ ခုလည်းပဲ ပရိယတ်လုပ်ရင်းနဲ့ ပဋိပတ်လေးတွေ တတ်နိုင်သမျှ ဒီကျောင်းမှာ လုပ်နေတယ်။ တတ်နိုင်သမျှ စိတ်ဓာတ်တွေကို လည်းပဲ ပြင်ပေးတယ်။

အများအကျိုးဆောင်

သူများအကျိုး မလုပ်ဘဲနဲ့ ငါ့အတွက် ငါ့အတွက်ဆိုပြီးတော့ လုပ်နေရင်တော့ ပဋိပတ် လုပ်ပေမဲ့လို့ ဒါတွေဟာ အတ္တရှေ့တန်းတင်မှု များလာပြီး ကြာရင် သက္ကာယဒိဋ္ဌိ ထူလာမယ် ပေါ့။ သူ့ဖို့ကိုယ့်ဖို့ နှစ်ဖို့မရှိဘူးဆိုရင် စောစော က ဒကာမကြီးပြောသလိုများ ဖြစ်သွားရင် မကောင်းဘူးပေါ့ဘုရား။ တပည့်တော်တို့ ဒီလို သိပြီဆိုလို့ရှိရင် ဝိသာရဒါ - ကင်းသောရဲ့ရှား ခြင်း ရှိရမယ်။ ဝိသာရဒါ - ရဲ့ရှားအောင်ပြု၊ အကုသိုလ်ကင်း၊ ရဲတင်းရွှင်ပျ၊ သောမနဿ သဟဂုတ် ဉာဏ်ပညာရှိတယ်ဆိုတဲ့ဂုဏ်နဲ့ ပြည့်စုံ ရမယ်။ ပါဠိလို ဝိသာရဒဂုဏ်။ ဗမာလိုကတော့ အကောင်းဆုံးစိတ်ထားနဲ့ အကောင်းဆုံးလုပ်ပါလို့ ဒီလိုပြောရင် ရတယ်။ အကောင်းဆုံးစိတ်ထား ဆိုတာ သောမနဿသဟဂုတ် ဉာဏသမ္မယုတ်၊ ဒီစိတ်က အကောင်းဆုံးပဲ။ အကောင်းဆုံးလုပ်ပါ ဆိုတာ ရဲရဲတင်းတင်း သတ္တိရှိရှိလုပ်ပါလို့ပြောတာ။ ကိုယ်ရွေးချယ်ထားတဲ့လမ်းဟာ မှားသလား၊ မှန်သလား။ မှန်ရင် ရဲရဲတင်းတင်းလုပ်ရတယ်။ သူများပြောလို့ တွန့်သွားတယ်။ ဟုတ်သလား၊ မဟုတ်ဘူးလား တွေးဝေသွားတယ်။ ဒါမျိုးတွေ မဖြစ်နဲ့။ ဒါဆိုရင် ဝိသာရဒဂုဏ်နဲ့ ပြည့်စုံသွား တာပဲ။

ဟိုတုန်းကလည်းပဲ တပည့်တော် ရွတ်ပြဖူး ပါတယ်။ စာရေးဆရာမြသန်းတင့် ဘာသာပြန် ထားတဲ့ ခေတ်သစ်ပုတ္တောဝါဒဆိုတဲ့ စကားထဲမှာ အင်္ဂလိပ်လိုတော့ ထားပါတော့ဘုရား။ ဗမာလို ဘာလဲဆိုတော့ 'လူတစ်ယောက်က အကြီးကျယ် ဆုံးသော အမှားကြီးတစ်ခုကို ပြုလုပ်နိုင်တယ်တဲ့။ အဲဒီ အကြီးကျယ်ဆုံးသော အမှားဟာ ဘာလဲဆို တော့ ပရဟိတလုပ်နေရတာ၊ သူများအကျိုး ဆောင်နေရတာကို သူများအတွက်ပဲ လုပ်နေရ တယ်လို့ စိတ်ထဲမှာ မှတ်ထင်သွားမှုပဲတဲ့။ အဲဒီ ပုဂ္ဂိုလ်ဟာ အကြီးကျယ်ဆုံးသော အမှားကို ကျူး လွန်တာပဲတဲ့။ ငါ သူများအတွက်ချည်း လုပ်ပေး နေရတယ်၊ ငါ သူများအတွက်ချည်း လုပ်ပေးနေရ တယ်၊ ဒီလိုစိတ်ဓာတ်တွေ ဝင်သွားပြီဆိုရင် အဲဒီ ပုဂ္ဂိုလ်အတွက် အကြီးကျယ်ဆုံးသောအမှားတဲ့။ ဒါကိုပဲ တပည့်တော်တို့ မြန်မာစကားပုံကျတော့ 'အများအကျိုးဆောင် ကိုယ့်အကျိုးအောင်'တဲ့။

စာသင်တိုက်တည်ရကျိုး

အဲဒီတော့ စာသင်တိုက်လုပ်ရင်းနဲ့ အနစ်နာ ခံရင်းနဲ့ ကိုယ့်မှာ အတ္တကြီးမှုတွေ ပါးလာမယ်။ ရလာရင် မျှဝေပြီးတော့ ပေးတယ်။ ကိုယ်တစ် ယောက်တည်း မခံစားချင်တော့ဘူး။ ခန္တီတွေ ပြည့်လာတယ်။ ဘယ်လိုပြည့်လာလဲ။ ကိုယ်က လုပ်ပေးတယ်။ သူတို့စိတ်ထဲ တစ်ချက်လေး မကြိုက်လိုက်တာနဲ့ ကိုယ့်အပေါ်မှာ တွယ်သွား တယ်။ ဒါတွေကို တပည့်တော်တို့က တုန်လှုပ် စရာ မလိုဘူး။ သည်းခံနိုင်ရတယ်။ အရင်အပတ် ကလည်းပဲ ပြောခဲ့ပြီ။ နောက် ပညာပါရမီတွေ ဖြစ်တယ်။ ပညာပါရမီဆိုတာ တစ်ပါးတည်း ဒီအတိုင်းနေရုံနဲ့ မဖြစ်ပါဘူး။ ဖြစ်ရာဘဝတိုင်း မှာ ပညာကြီးတယ်ဆိုတာ သူတစ်ပါးကို စိတ် စေတနာနဲ့ ပညာသင်ပေးခဲ့လို့ပဲ။ ဆီမီးလျှံရုံနဲ့ ရတယ် ဘာညာဆိုတာတွေဟာ အထောက်အပံ့

www.dhammadownload.com

နည်းပါလိမ့်မယ်။ ကိုယ်က တတ်နိုင်သမျှ သင်ပြပေးဖို့ အဓိကပဲ။

တပည့်တော်တို့ စကြာတိုက်ဆရာတော်ကြီး ဆိုလို့ရှိရင် သူက ဘာကို အားကျသလဲဆိုတော့ ခင်ကြီးဖျော်တဲ့။ မကာရလောပအကျော် ခင်ကြီးဖျော်ဆိုတာ ရှေးတုန်းက သင်ပုန်းကြီး မတတ်တဲ့ ကလေးတစ်ယောက်ကို သင်ပုန်းကြီးလေး သင်ပေးဖူးတဲ့အတွက် စာပေသိပ်တတ်တယ်။ ဒါကို အားကျလို့ စကြာဆရာတော်ကြီးဟာ သက်တော်ရှစ်ဆယ်ကျော်ထိ သင်ပေးခဲ့တယ်။ ဒါတွေကို ထောက်ဆလို့ရှိရင် တပည့်တော်တို့ စောစောကဟာက ကိုယ့်အတွက်ကိုယ်ပဲ လုပ်ပါတော့မယ်။ သူများအတွက်ချည်း လုပ်ပေးနေရတာ အချိန်တွေကုန်လိုက်တာ။ ဒါမျိုးတွေဟာ မှန်သလား၊ မှားသလားဆို မှားသွားတယ်။ ဉာဏသမ္ပယုတ်ဆိုတဲ့ အကောင်းဆုံးစိတ်နဲ့ ချင့်ချိန်ရပါတယ်။ ချင့်ချိန်ပြီးတော့ ရဲရဲတင်းတင်း ဆုံးဖြတ်ပြီးတော့ လုပ်ရပါတယ်။ နောက်ပြီး စာသင်တိုက်ဟာ လူမိုက်အလုပ်တဲ့။ ဒါမျိုးတွေကိုလည်းပဲ သွားပြီးတော့ နားမယောင်ဘဲနဲ့ မှန်၊မမှန် ချင့်ချိန်။ ချင့်ချိန်ပြီးတော့ အကောင်းဆုံးစိတ်နဲ့ အကောင်းဆုံးဉာဏသမ္ပယုတ်စိတ်နဲ့ သိ။ သိပြီးတော့ အကောင်းဆုံးကြိုးစားရင် ဝိသာရဒဂုဏ် ပြည့်ပါတယ်။ ဝိသာရဒဂုဏ်ပြည့်တဲ့ သံဃာတော်အရှင်မြတ်တွေ၊ လူဝတ်ကြောင်ဒကာ၊ ဒကာမတွေဟာ သာသနာ့ကျက်သရေဆောင်များ ဖြစ်တယ်တဲ့။ အဲ့ဒီလို သာသနာ့ကျက်သရေဆောင်များ ဖြစ်အောင် လုပ်ပြီးတော့ သာသနာတော်ကြီးကို မြှင့်တင်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

သံကိုသံဖျက် သံချေးတက်(၃)

၁၃၆၇ ခု၊ တပို့တွဲလပြည့်နေ့
၂၀၀၆ ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ တနင်္ဂနွေနေ့ ည

လိုချင်စိတ်နဲ့နာယူပါ

သံဃာငယ်လေးတွေက ကိုယ့်ဆရာတွေ သင်ထားတဲ့အတိုင်း နေပါ။ ဟိုကြည့်ဒီကြည့် မကြည့်နဲ့။ တတ်နိုင်သမျှ ကိုယ်ကွန်ဒြေနဲ့ကိုယ်ပဲ နေ။ ချုပ်တည်းထားရတယ်ဆိုတဲ့ စိတ်ကြီးနဲ့ နေလို့ရှိရင်လည်းပဲ ပင်ပန်းတယ်။ အဲဒီတော့ အာရုံစိုက်ပြီးတော့ လိုချင်တဲ့စိတ်နဲ့ နာလို့ရှိရင် တပည့်တော်တို့ အချိန်ဆိုတာ ခဏလေးကုန်သွားတာပဲ။ ဒါကြောင့်မို့ တမင်ချုပ်တည်းပြီးတော့ နေရတဲ့ပုံစံမျိုး မပေါက်ဘဲနဲ့ လိုလိုချင်ချင်စိတ်ကလေးနဲ့ နာယူပါ။ ဆရာတွေကလည်း သင်ပေးနေတယ်။ အဲဒီ သင်ပေးတာလေးတွေ တတ်နိုင်သမျှ ကြိုးစားပြီးတော့ လုပ်။

နောက်တစ်ခု တပည့်တော် သံဃာတွေကို အထူးပြောချင်တာက ဘာလဲဆိုတော့ တစ်နေ့က ကိုရင်တစ်ပါးပေါ့။ ကျောင်းရောက်နေတာ နည်းနည်းတော့ ကြာပြီ ထင်ပါတယ်။ သစ်ပင်အောက်မှာ ကွပ်ပျစ်ကြီးတွေ လုပ်ထားတယ်။ လုပ်ထားတော့ ခေါင်းရင်းသင်္ကေတနဲ့ တချို့လည်းပဲ ခေါင်းအုံးအိပ်တဲ့ အုံးတန်းကြီးတွေ ရှိတယ်ပေါ့။ အဲဒီပေါ်မှာတက်ပြီးတော့ ခြေလွှားချ၊ ဖင်တက်ထိုင်ပြီးတော့ စာကျက်နေတယ်။ ဒါတွေက မလုပ်သင့်ဘူးပေါ့။ တစ်ပါးကို အကြောင်းပြုပြီးတော့ အားလုံး နားလည်အောင်

www.dhammadownload.com

ပြောနေတာနော်။ သူများခေါင်းအုံးတဲ့ဟာကို ကိုယ်က တက်ပြီးတော့ ထိုင်တာဟာ သိပ်ပြီးတော့ ရုပ်ပျက်ဆင်းပျက် ဖြစ်တယ်။ ဒါတွေက ကိုယ့်ဉာဏ်လေးနဲ့ကိုယ် ချင့်ချိန်ပြီးတော့ သိရင် ကောင်းတာပေါ့။ မသိဘူးဆိုရင်လည်း သူများပြောတာ၊ ဆရာသမား ပြောတာလေးတွေ မှတ်ထားပါ။ ဒါကြောင့် အုံးတာတွေပေါ်မှာ တက်ပြီးတော့ မထိုင်ပါနဲ့။ သူများတွေခေါင်းအုံးတဲ့နေရာကို သွားပြီး ဒီပေါ် တက်ထိုင်တယ်ဆိုတာ ဒါ တော်တော်ကြီးကို မကောင်းတဲ့အလုပ်ပဲ။ ကြည့်ရတာလည်း ဆိုးတယ်။

အနာဒရိယစိတ်

နောက်တစ်ချက်ပြောချင်တာက တစ်နေ့က တပည့်တော် ကိုရင်တစ်ပါးကို လှမ်းပြီးတော့ ခေါ်လိုက်တယ်။ ကျောင်းထဲ ခေါ်လိုက်တာ။ ကျောင်းထဲခေါ်လိုက်တယ်ဆို ဧကသီရန်းပြီးတော့ သေချာလာရမှာ။ အဲဒီလို မဟုတ်ဘူး။ ဧကသီလည်း မပါဘူး၊ လာတယ်။ သင်းပိုင်ကြီးကလည်း ရှည်နေတာပဲ။ ဧကသီဘယ်ထားခဲ့လဲဆိုတော့ မြေညီထပ်မှာ ထားခဲ့တယ်လို့ပြောတယ်။ ဒါတွေဟာလည်း တော်တော် အရှက်အကြောက်နည်းတဲ့ ပုံစံဖြစ်လာတယ်။ ဧကသီရန်းပြီးတော့ သင်းပိုင်လေးတွေ ညီညီညာညာနဲ့ သေချာဝတ်ပေးပါ။ ဆရာသမားတွေ ဒီလောက်သင်တဲ့ ကျောင်းတောင်မှ အချို့မကျဘူးဆိုရင် အရှင်ဘုရားတို့ ကိုယ်စိတ်ဓာတ်နဲ့ကိုယ် မြှင့်တင်ရမယ့် ကျောင်းမျိုးဆို ဘယ်လိုလုပ်မလဲ။ စာဘယ်လောက်ပဲတော်တော်၊ ဆုံးမစကားကို လေးစားမှု လုံးဝမရှိဘူးဆိုရင် ဒီပုဂ္ဂိုလ်က သုံးရမှာ မဟုတ်တော့ဘူး။ ဒါကြောင့်မို့ ကိုယ့်ဟာကိုယ် ပြင်ထားပါ။

အဲဒီနားကနေပြီးတော့ မေးတာဖြေတာဆိုရင်တော့ အရှိအတိုင်း ဖြေလို့ရတာပဲ။ ဒါမှမဟုတ် ဘဲ ဆရာသမားတွေဆီ လာတယ်ဆိုရင်တော့ ဧကသီရန်းပြီးတော့ သေချာလာရမယ်။ ဒါကိုပဲ ကိုယ်ပတ်သင်းပိုင်လေးနဲ့ လာတယ်။ သင်္ကန်းကြီးကလည်း ရှည်နေတာပဲ။ ချက်ကြီးတောင် ပေါ်သေးသလား မသိဘူး။ ဒီပုံစံတွေများလာရင်တော့ ဒါတွေဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူးပေါ့ဘုရား။ သေခိယမှာပါတဲ့ အနာဒရိယစိတ်ဆိုတာ ဒီစိတ်ကို ပြောတာ။ အမှတ်တမဲ့တော့ ဘာမှ အပြစ်မရှိဘူး ထင်ရတယ်။ ဒါပေမဲ့ ဒီစိတ်တွေက သိပ်ပြီးတော့ ကြောက်စရာကောင်းပါတယ်။ ဒါကြောင့်မို့ အပြစ်ဒဏ်ပေးတဲ့အခါလည်းပဲ တပည့်တော် ဒီအချက်ကို ကြည့်တယ်။ တပည့်တော်ရဲ့အောက်က လက်ထောက်ဆရာသမားတွေရဲ့စကားကို နားမထောင်နိုင်ဘူး၊ အနာဒရိယစိတ်ရှိပြီဆိုရင် သိပ်ပြီးတော့ အပြစ်ကြီးပါတယ်။ ကိုယ့်စိတ်ကို ပြုပြင်ပေးပါ။ ဒီနှစ်ချက် တပည့်တော် တွေ့တဲ့အတွက် အဲဒါလေးကို အားလုံးကို ပန်ပြောတယ်ပေါ့။

ကိုယ့်ကိုယ်ကိုယ် ပြင်ပါ။ အကြီးတွေကလည်း အကြီးအလျောက် ပြင်ပါ။ ကျောင်းနားလေးရောက်မှ လက်ကန်တော့ထိုးတာတို့ ဖရိုဖရဲလုပ်တာတို့၊ ဒါတွေ အကုန်လုံး ဖျောက်ပစ်ပါ။ အာဂန္တုဆရာတော်တွေလာလည်း ဒီအတိုင်းပဲ။ ယဉ်ယဉ်ကျေးကျေးနဲ့ တတ်နိုင်သမျှ ဆက်ဆံပါ။ ကိုယ့်စိတ်ကိုယ်က လိုချင်စိတ်နဲ့ လုပ်လို့ရှိရင် ခဏလေး ပြင်လို့ရပါတယ်။ ဒီလိုမှ မဟုတ်ဘူးဆိုရင် စာသာ တော်သွားတယ်။ ကိုးရိုးကားရားနဲ့ ကြည့်လိုက်ရင် ခပ်ထန်ထန်၊ ဒီလိုပုံစံတွေပေါက်နေရင် ဘယ်သူကမှလည်း မြတ်နိုးမှာ မဟုတ်ပါဘူး။ ကိုယ့် စာမေးပွဲအောင်လို့ ချီးကျူးတာလည်း

www.dhammadownload.com

မသိတဲ့လူတွေက ချီးကျူးမှာပဲ။ တပည့်တော်တို့လို ဆရာသမားတွေကတော့ အကျင့်စာရိတ္တ၊ စိတ်ဓာတ်၊ ဘက်စုံကြည့်နေတာဆိုတော့ ဒါမျိုးတွေအတွက် စိတ်မကောင်းဘူးပေါ့ဘုရား။ အဲဒီတော့ အားလုံး ဒါလေးတွေကို ပြုပြင်ပေးပါလို့ တပည့်တော် ဒီနေရာကနေပြီးတော့ ပန်ပြောပါတယ်။

တတိယပတ်အဖြစ်

ကဲ - အရင်အပတ်က တပည့်တော်တို့ ဒုတိယအကြိမ်အဖြစ်နဲ့ သောဘနသုတ်ကို ပြောခဲ့တယ်။ ခု တတိယပတ်အဖြစ်နဲ့ ဆက်ပြီးတော့ ပြောမယ်ပေါ့။ တပည့်တော်တို့ သောဘန ...၊ သာသနာတော်ကို တင့်တယ်စေတယ်၊ သာသနာ့ကျက်သရေဆောင် ဖြစ်တယ်၊ သာသနာတော်ကြီး စည်ပင်တိုးတက်အောင် လုပ်တယ်ဆိုတာလည်းပဲ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ၊ ဒီလေးဦး။ သာသနာတော်ကြီး ပျက်အောင် လုပ်တာလည်း ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ၊ ဒီလေးဦးပဲ။ အဆောက်အအုံကြောင့် သာသနာတိုးတက်တယ်၊ အဆောက်အအုံကြောင့် သာသနာ ဆုတ်ယုတ်တယ်ဆိုတာ ဘာမှထည့်ပြောဖို့ကို မလိုဘူးပေါ့။ နောက်ပြီးတော့ ဘာသာခြားတွေကြောင့် သာသနာကွယ်တယ်ဆိုတာလည်း ဒီသုတ္တန်ကိုကြည့်ရင် မလိုအပ်ဘူးဆိုတဲ့အကြောင်းပြောခဲ့ပြီ။

အင်္ဂါတွေအနေနဲ့လည်း ဝိယတ္တ၊ ဝိနီတဂုဏ်တွေ ပြည့်စုံရမယ်ဆိုတာ အကျယ်တဝင့် ပြောခဲ့တယ်။ 'စတ္တာရော မေ ဘိက္ခဝေ ဝိယတ္တာ ဝိနီတာ ဝိသာရဒါ ...'။ ဝိသာရဒါဆိုတာနဲ့ စပ်လို့လည်းပဲ စာပေက သောမနဿသဟဂုတ် ဉာဏသမ္မယုတ်ကို ဖွင့်ဆိုတယ်။ သင်္ဂြိဟ်မှာပါတဲ့ မဟာကုသိုလ်စိတ်ရှစ်ပါး ဖြစ်ခွင့်ရှိတဲ့အထဲက အကောင်းဆုံးစိတ်ဓာတ် နှစ်ပါးနဲ့ လုပ်ပါ။ ဒါဆို ဝိသာရဒဂုဏ် မြောက်တယ်။ ဒီလိုပြောလို့ ရတယ်ပေါ့။ အကောင်းဆုံးစိတ်ဓာတ်နဲ့ လုပ်ပါဆိုတာ မှန်ကန်တဲ့အလုပ်ကိုပဲ တချို့က တွန့်ဆုတ် တွန့်ဆုတ်ဖြစ်တယ်။ စာသင်တိုက်လုပ်တာကို လူမိုက်အလုပ်လို့ထင်တာတွေ ရှိလာတယ်။ နောက် ဒီစာသင်တိုက်ကြီး ထောင်နေရတာကိုက အများအတွက် လုပ်ပေးနေရတာ၊ ကိုယ့်အတွက် ဘာမှမလုပ်ဖြစ်ဘူးဆိုပြီး စွမ်းနိုင်ရက်နဲ့ လျစ်လျူရှုလာတာတွေ ရှိတယ်။ ပါရမီဖြည့်ရင်းနဲ့ ခုပဲ မဂ်ဖိုလ်ရတော့မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ တကယ်လုပ်နေတဲ့ပုဂ္ဂိုလ်ကို ပြောတာ မဟုတ်ဘူးနော်။ တကယ်လုပ်နေတဲ့ပုဂ္ဂိုလ်အတွက်ကတော့ ခွင့်ရှိတယ်ပေါ့။

ဒီလိုမှ မဟုတ်ဘဲနဲ့ ခုပဲ မဂ်ဖိုလ်ရအောင် အားထုတ်မယ်လို့ စိတ်မရှိဘူး၊ တဖြည်းဖြည်းနဲ့ ပါရမီရင့်သန်အောင် လုပ်မယ်၊ တစ်ချိန်ချိန်မှာ ပဋိပတ်ဘက်ကူးမယ်၊ ဒါဆိုရင်တော့ စွမ်းအားရှိသူဆိုရင် ကိုယ်ကျိုးရော၊ သူကျိုးရော နှစ်ခုလုံး လုပ်သင့်တယ်။ ကိုယ်ကျိုးရော၊ သူကျိုးရော နှစ်ခုစလုံး လုပ်တဲ့ပုဂ္ဂိုလ်က အမြတ်ဆုံးဆိုတဲ့အကြောင်းလည်း တပည့်တော် ဆဝါလာတသုတ်စတုက္ကကထဲနေ ထုတ်ပြီးတော့ ပြောခဲ့တယ်ပေါ့။ နောက် - ရှင်ဥပါလိထေရ် တောရဆောက်တည်ဖို့ လျှောက်တော့ မြတ်စွာဘုရားတားမြစ်တဲ့အကြောင်း၊ နောက် - အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့ နှစ်ပါးအကြောင်းတွေ ပြောခဲ့တယ်။ သံဃာ့တာဝန် မဆောင်တော့ဘူးဆိုတဲ့ အရှင်သာရိပုတ္တရာကို တားမြစ်ပြီးတော့ သံဃာ့တာဝန်တွေကို ပိုထမ်းဆောင်မယ်ဆိုတဲ့ အရှင်မောဂ္ဂလာန်ကို သာခုကောင်းချီးပေးတဲ့အကြောင်း

www.dhammadownload.com

ဒါတွေ ပြောခဲ့ပြီပေါ့။

ဗဟုသုတ၊ ဓမ္မဓရ

ဒီနေ့ အပြီးသတ်အနေနဲ့ ဘာပြောမလဲဆိုတော့ ဗဟုသုတ၊ ဓမ္မဓရ၊ ဓမ္မာနုဓမ္မပဋိပန္နာ ဆိုတဲ့ ဒီအင်္ဂါသုံးချက်ကို တပည့်တော် အဆုံးသတ်ပေးမယ်ပေါ့။ အဲဒီတော့ ပထမ တစ်ချက် ပြောရမှာက ဗဟုသုတ၊ ဓမ္မဓရ ...။ ဒီဂုဏ်နှစ်ခုကို တစ်အုပ်စုတည်း ပြောလို့ရတယ်ပေါ့။ ဗဟုသုတကို ဘယ်လိုအနက်ပေးသလဲဆိုတော့ 'ဗဟုသုတ - များသော ကြားနာအပ်ပြီးသော သုံးဖြာပိဋကတ် ပရိယတ်တရားရှိကုန်သော' တဲ့။ 'ဓမ္မဓရ - သုံးဖြာပိဋကတ် ပရိယတ်တရားကို အာဂုံနှုတ်တက် ဆောင်ရွက်ကြကုန်သော' တဲ့။ အဲဒီတော့ ဒုတိယ ဒီအင်္ဂါကို ကြည့်လို့ရှိရင် တပည့်တော်တို့ ပိဋကတ်သုံးပုံကို တတ်နိုင်သမျှ စွမ်းအားရှိသမျှ ကြိုးစားသင်ယူတယ်ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ ကြိုးစားသင်ယူတယ်ဆိုတဲ့ နေရာမှာ ဓမ္မဓရအရ ဘာကိုယူမလဲ။

တပည့်တော်တို့ ဓမ္မပဒတွေ ဖွင့်တဲ့ ဓမ္မဓရဆိုတာက တစ်မျိုးပေါ့။ ဒီနေရာမှာပါတဲ့ ဓမ္မဓရဆိုတာကတော့ သုံးဖြာပိဋကတ် ပရိယတ်တရားကို အာဂုံနှုတ်တက် ဆောင်ရွက်ကြပေကုန်သောတဲ့။ တပည့်တော်တို့ ရှေးခေတ်ကတော့ စာအုပ်လည်း မရှိ၊ ကျောက်ထက်အက္ခရာလည်းပဲ မရှိတော့ တစ်ပါးနဲ့တစ်ပါး လက်ဆင့်ကမ်းပြီးတော့ အဓိပ္ပာယ်တွေရော ပါဠိတော်တွေရော အားလုံးညအခါမှာ အာဂုံနှုတ်တက် ဆောင်ရွက်ပြီးတော့ ရှေ့က ချပေး၊ နောက်က လိုက်ဆို။ အဲဒီလို လုပ်ကြရတယ်။ ဉာဏ်ကလည်း အင်မတန်သွက်တဲ့ခေတ် ဖြစ်မှာပေါ့ဘုရား။ ခုခေတ်မှာတော့ ပေထက်အက္ခရာကနေ ကျောက်ထက်အက္ခရာ၊ ကျောက်ထက်အက္ခရာကနေ စာပေ၊ စာပေကနေပြီးတော့ ကွန်ပျူတာခေတ်ထိ ရောက်လာတဲ့အခါမှာ ဒါတွေအားလုံး အာဂုံနှုတ်တက် မဆောင်ရွက်နိုင်တောင်မှ ထိုက်သင့်သလောက် ဆောင်ရွက်ရမယ်။ အဓိပ္ပာယ်ကတော့ အကုန်သိအောင် လုပ်ရမှာပဲ။

အဲဒီတော့ အာဂုံနှုတ်တက်ဆောင်ရွက်တာမှာလည်းပဲ တပည့်တော်တို့ ခုခေတ်မှာ စာမေးပွဲနဲ့ ကင်းလို့မရတော့ဘူးပေါ့။ စာမေးပွဲနဲ့ ကင်းလို့မရတော့ စာမေးပွဲဖြေပြီဆို အာဂုံနှုတ်တက်ရသင့်ရထိုက်တာကတော့ သူ့သတ်မှတ်ချက်အတိုင်း မကြိုက်လည်းပဲ လုပ်ရမှာပဲ။ တပည့်တော်တို့က စာမေးပွဲနဲ့ ကင်းလို့မှ မရတာ။ လုပ်တဲ့အခါမှာ မေးစရာရှိတယ်ပေါ့။ အားလုံးကျောင်းတိုက်တွေ ကျောင်းတိုက်တွေမှာ ဗဟုသုတ ဓမ္မဓရတော့ အားလုံး လုပ်နေကြတာပဲ။ ဒီအချက်ရှိမှလည်းပဲ သာသနာ့ကျက်သရေကို အများကြီး ဆောင်နိုင်တယ်ပေါ့။ **ဝိယတ္တ ဝိနီတ** ပညာထက်မြက်ပြီး စိတ်ကောင်းရှိရုံ၊ **ဝိသာရဒ** နေရာတကာ ရဲရဲရင့်ရင့် အကောင်းဆုံးလုပ်တတ်ရုံနဲ့လည်း မပြီးသေးဘဲ **ဗဟုသုတ ဓမ္မဓရ** ဒီစာပေကျမ်းဂန် အယူအဆတွေ တတ်မှလည်းပဲ နည်းမှန်လမ်းမှန် သွားလို့ရတယ်။

နိဿယတေးစာအုပ်တွေ

တစ်နည်းအားဖြင့်ပြောရင် ဒီစာပေကျမ်းဂန်တတ်မှပဲ လက်ဆင့်ကမ်းပြီးတော့ သာသနာ့မျိုးဆက်သစ်တွေကို မွေးထုတ်ပေးနိုင်မယ်။ မွေးထုတ်ပေးတဲ့နေရာမှာလည်းပဲ စာပေပရိယတ်ကနေပြီးတော့ နည်းမှန်လမ်းမှန်တွေကို အားလုံးညှိနှိုင်းပြနေတယ်ပေါ့။ ဒါကြောင့်မို့ ဒီဟာလည်းပဲ ခုခေတ်မှာ သင်နေကြတယ်။ အဲဒီထဲက အရေး

www.dhammadownload.com

ကြီးတာ ဘာလဲဆိုတော့ တပည့်တော်တို့ ခုခေတ်မှာ ပေါ်နေတဲ့၊ ကျောင်းမှာလည်းပဲ မသုံးဖို့ပြောထားတဲ့၊ နိဿယတေးဆိုတဲ့ စာအုပ်ကို အားလုံးရှောင်ကြဉ်ပါ။ တပည့်တော် ထပ်ပြီးတော့ ဒီနေရာကနေ အလျဉ်းသင့်တုန်း ပန်ပြောပါတယ်။ အဲဒီ နိဿယတေးဆိုတဲ့ စာအုပ်ကို ကြည့်တေးဖို့ အတွက်တော့ လုပ်ချင်လုပ်ပါ။ ဒီစာအုပ်ကြီးကိုင်ပြီးတော့ အောင်တဲ့အဆင့်ကတော့ ဒီမှာ လုံးဝ ခွင့်မပြုပါဘူး။ အားလုံး အချိန်ရှိပါသေးတယ်။ ကိုယ့်ဟာကိုယ်ပဲ ကျမ်းရင်းကိုတေးနိုင်အောင် လုပ်ပါ။ အဲဒီ 'အာဂုံဆောင်'ဆိုတဲ့ စာအုပ်တွေက နိဿယတွေ တေးပေးထားတယ်။ ဒါကြီးတွေနဲ့ တေးပြီးသား လုပ်ပြီးသားတွေ ကျက်တယ်ဆိုတာ ဒီမှာ လုံးဝ လက်မခံပါဘူး။

အဓိက ပြောချင်တာကတော့ မှတ်စုမှတ်ရာတွေနဲ့ အောင်တာဟာ မကောင်းဘူးပေါ့။ တပည့်တော်တို့ တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ကြီးလည်းပဲ မှတ်စုမှတ်ရာနဲ့ အောင်လို့ရှိရင် နှင်ထုတ်မယ်ဆိုတဲ့အဓိန့်ထိ ပေးတယ်လို့ တပည့်တော်တို့ ကြားဖူးခဲ့တယ်။ ဒီလိုအဓိန့်အထိ တောင်မြို့ဆရာတော်ကြီးက ထုတ်ခဲ့တယ်။ အခုခေတ်လည်း တပည့်တော်တို့ ယောဆရာတော် ရှိတယ်။ ယောဆရာတော်လည်း မှတ်စုမကြိုက်ဘူးဆိုတာ တပည့်တော် သွားပြီးတော့ တွေ့တယ်ပေါ့။ အားလုံး သိသွားအောင် ဒီအကြောင်းလေး တပည့်တော် ဒီ 'တရားကျေးဇူး စွမ်းရည်ထူး' ဆိုတဲ့ တရားစာအုပ်ထဲမှာ ယောဆရာတော် ရေးထားတာလေး နည်းနည်းဖတ်ပြမယ်ပေါ့။ အားလုံး အာရုံစိုက်ပြီးတော့ နားထောင်ပါ။

ယောဆရာတော်ဆောင်ပုဒ်

ဒီမှတ်စုမှတ်ရာတွေနဲ့ အောင်မြင်တာနဲ့စပ်ပြီးတော့ တပည့်တော် ဟိုတုန်းကလည်း အတိုက်အခံနဲ့ ဒီဟာတွေကို အပြစ်ပြောခဲ့တယ်။ ကျောင်းမှာလည်းပဲ ဒုတိယဆင့်အောင်လို့ရှိရင် ရူပသိဒ္ဓိကိုင်ကို ကိုင်ရမယ်။ မတက်မနေရဆိုတဲ့ စနစ်နဲ့ လုပ်ခဲ့တယ်။ ပြီးမှ မှတ်စုမှတ်ရာဆိုတာ ဒီထဲကနေ ဘယ်လိုထုတ်ထားတယ်ဆိုတာ အပေါ်ယံလေး ရှုပ်ကြည့်ဖို့ ခွင့်ပြုတယ်ပေါ့။ ဓမ္မပဒတွေ ဘာတွေလည်းပဲ မြန်မာလို မှတ်စုရေးတာတွေ လုံးဝ မကျက်ဖို့ အားလုံး ပိတ်ပင်ထားတယ်။ စာချဘုန်းကြီးတွေက ဒါလေးတွေကို သိလို့ရှိရင် ပြင်ပေးပေါ့ဘုရား။ အဲဒီတော့ ယောဆရာတော်က 'တရားကျေးဇူး စွမ်းရည်ထူး'ဆိုတဲ့ တရားတော်မှာ အခန်းတစ်ခန်းအနေနဲ့ ဘာရေးထားသလဲဆိုတော့ ...

ကျမ်းရင်းမပေါက်၊ မှတ်စုလောက်သာ၊
ဘွဲ့ယူကာဖြင့်၊ ပညာညွှန့်ကို၊ ခူးယူလိုငြား၊
ဖြတ်လမ်းသွား၊ စွမ်းအားမစုံ ရှက်ဖွယ်ပ။

ထိုက်တန်လောက်အောင်၊ မကျင့်ဆောင်ဘဲ၊
အချောင်နေကာ၊ ပေးတာကိုစား၊ အပျင်းပွား၊
ယောကျ်ားမပီ ရှက်ဖွယ်ပ။

စွမ်းရည်မကြွယ်၊ ရှက်စဖွယ်၊ တကယ်
အောက်တန်းကျ။

ဆရာတော်က ဒီဆောင်ပုဒ်လေး စီပြီးတော့ ဘယ်လိုရှင်းထားသလဲ။ အားလုံး နားစိုက်ထောင်ထားပါ။

'လမ်းရှည် ပရိယတ်နည်းနဲ့ သာသနာကြာရှည်အောင် စောင့်ရှောက်ကြတော့ ခေတ်အလျောက် အများအားဖြင့် စာမေးပွဲနည်းစနစ်နဲ့ သာသနာ့တာဝန်၊ သာသနာ့ဝန်ထမ်း ရဟန်းများရဲ့ ပရိယတ္တိအရည်အချင်းကို သတ်မှတ်ကြပါတယ်။ ဒါပေမဲ့ ပြဋ္ဌာန်းချက်ကျမ်းရင်းများကို ပြီးမြောက်ပေါက်ရောက် ကျွမ်းကျင်အောင် လေ့လာသင်ယူ

www.dhammadownload.com

ခြင်း မပြုဘဲ ကိုယ်တိုင် မှတ်စုထုတ်ကျက်လို့ပဲ ဖြစ်ဖြစ်၊ သူများထုတ်ထားတဲ့ မှတ်စုကို ယူဖတ်လို့ပဲ ဖြစ်ဖြစ်၊ ကျက်မှတ်တာနဲ့ တိုးလို့ အောင်လာတာမျိုး ဖြစ်ရင်တော့ အားကိုးရမှာ မဟုတ်ပါဘူး။ ကျမ်းရင်းမပေါက်ဘဲ မှတ်စုလောက်နဲ့သာ အောင်ပြီး ဘွဲ့ယူထားသူဟာ ပညာညွှန့်ကို ခူးထားတဲ့ ဖြတ်လမ်းသွားပုဂ္ဂိုလ်ဖြစ်လို့ တကယ် အရေးကြုံလာရင် သာသနာအတွက် ဘာမှ အားကိုးလို့ မရပါဘူး။ ဘွဲ့နဲ့တန်တဲ့ အရည်အချင်း မရှိရင် တကယ်လည်း ရှက်စရာပါ။ သူများအထင်ကြီးစရာဘွဲ့ကို ရထားပြီး သူများအထင်ကြီးလောက်တဲ့ အရည်အချင်းမရှိရင် အောက်တန်းလည်းပဲ အလွန်ကျပါတယ်'တဲ့။

ဘွဲ့နဲ့တန်အောင်

'တရားကျေးဇူး စွမ်းရည်ထူး'စာအုပ်မှာ အဲဒီလို ရေးထားတယ်ပေါ့။ တပည့်တော်တို့လည်းပဲ ဒါပြောလာတာ ကြာပြီ။ တရားတော်က ခုမှတွေ့လို့ ဒါ သာဓကအနေနဲ့ အားလုံးထုတ်ပြောတာပါ။ ဒီကျောင်းမှာ အစကတည်းက တပည့်တော် ကျင့်သုံးခဲ့တယ်ပေါ့။ အဲဒီတော့ ကျမ်းရင်းမပေါက်ဘဲနဲ့ မှတ်စုနဲ့ ဘွဲ့ယူထားတဲ့ ပုဂ္ဂိုလ်ဟာ ပညာညွှန့်ကို ခူးစားတဲ့အတွက် ဖြတ်လမ်းသွားပုဂ္ဂိုလ်၊ သိပ်ပြီးတော့ ရှက်စရာကောင်းတယ်။ စွမ်းအားလည်းပဲ မရှိဘူးတဲ့။ နောက်ပြီးတော့ 'ထိုက်တန်လောက်အောင်၊ မကျင့်ဆောင်ဘဲ၊ အချောင်နေကာ၊ ပေးတာကိုစား'ဆိုပြီးတော့ ဆက်ပြောထားတယ်။ ကိုယ်က ဓမ္မာစရိယဘွဲ့ရထားတယ်။ ဓမ္မာစရိယဘွဲ့နဲ့ တန်အောင် အလုပ်မလုပ်ဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ 'အချောင်နေကာ၊ ပေးတာကိုစား၊ အပျင်းပွား၊ ယောကျ်ားမဝီ ရှက်ဖွယ်ပ'တဲ့။ ကိုယ့်ဘွဲ့နဲ့တန်အောင် မလုပ်နိုင်ရင် ယောကျ်ားမဝီသဘူး။ ဒါလည်းပဲ ရှက်စရာသိပ်ကောင်းတယ်တဲ့။

တပည့်တော်တို့ ဒီမှာ ချမှတ်တာလည်းပဲ ဒီလမ်းစဉ်အတိုင်းပဲ တစ်သွေမတိမ်း ညီနေတာသွားပြီးတော့ ဝမ်းသာဖွယ်ရာ တွေ့ရတယ်ပေါ့။ တပည့်တော် ပြောခဲ့တယ်။ အကြီးတန်းအောင်လို့ရှိရင် အကြီးတန်းကို ပြန်ချနိုင်အောင် လုပ်ပါ။ ဓမ္မာစရိယအောင်လို့ရှိရင်လည်း ဓမ္မာစရိယကို ပြန်ချနိုင်အောင် လုပ်ပါ။ ဓမ္မာစရိယတန်းလုပ်ပြီဆိုရင်လည်း နည်းရအောင် လုပ်ပါ။ စာတက်ရတာ မပျင်းပါနဲ့။ ဒီနှစ်ကိုပဲ တပည့်တော် ပြောတယ်။ စာမေးပွဲကြီးကို သိပ်ပြီးတော့ အကြောင်းမပြပါနဲ့။ စာမေးပွဲနီးလို့ စာမတက်ချင်ဘူး၊ ဒီအကြောင်းပြတွေက ဖြစ်နိုင်ရင် မပြတာကောင်းတယ်။ ဆရာသမားဆိုတာ တပည့်တော်တို့ လမ်းမှားကို မသွားစေပါဘူးဘုရား။ မှန်တာကို သွားစေတာပါ။ ဒါကြောင့်မို့ ဖြစ်နိုင်လို့ရှိရင် စကားနားထောင်ပြီးတော့ စာမေးပွဲလောက် မကြည့်ဘဲနဲ့ ရေရှည်ကြည့်တဲ့ ဆရာသမားစကားနားထောင်ပြီးတော့ ဘယ်လိုလုပ်မယ်၊ ဘယ်လိုကိုင်မယ်၊ မှားနေရင် ဘယ်လိုပြင်မယ်ဆိုတဲ့ စိတ်ဓာတ်တွေ ဝင်သွားရင် အရှင်ဘုရားတို့ဟာ တစ်ချိန်မှာ တကယ်ဘွဲ့နဲ့တန်တဲ့ အားကိုးရတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်မှာပဲ။

မြဝတီဆရာတော်

ဒီနေ့ ခရီးသွားရင်းနဲ့ မြဝတီဆရာတော်နဲ့ တပည့်တော် စကားတွေပြောဖြစ်ကြတယ်။ ဆရာတော်က ဘာပြောသလဲဆိုတော့ 'ခုခေတ်က ဆရာသမားရဲ့ စကားကို သိပ်ပြီးတော့ နားမထောင်ကြဘူး'တဲ့။ သူတုန်းက နားထောင်ခဲ့တဲ့ အကြောင်း ဘာလေးပြောပြလဲဆိုတော့ သူ

www.dhammadownload.com

တုန်းက တောင်မြို့ဆရာတော်ကြီးက စာမေးပွဲ အပြစ်တွေ ပြောလေ့ရှိတယ်ပေါ့။ စာမေးပွဲ အပြစ်တွေ ပြောတယ်ဆိုတာက အောင်သွားလို့ရှိရင် မာန်ထတဲ့ပုဂ္ဂိုလ်တွေလည်းပဲ ရှိတယ်။ စာမေးပွဲအောင်ရုံမျှနဲ့ ဂုဏ်ပြုနေတာတွေလည်းပဲ တွေ့နေရတယ်။ ဒီတော့ ဆရာတော်က စာမေးပွဲ အပြစ်တွေပြောတော့ မြဝတီဆရာတော်က သူ့စိတ်ထဲမှာ ဘယ်လိုဖြစ်သလဲဆိုတော့ 'တော်ပြီ စာမေးပွဲဆိုတာ ငါ့ဆရာသမားက သိပ်မကြိုက်ဘူး၊ အဲဒီတော့ ငါ စာမေးပွဲ မဖြေဘဲနဲ့ ကျမ်းရင်းတွေပဲ တက်တော့မယ်'ဆိုပြီးတော့ အဲဒီလောက်အထိ စိတ်ဖြစ်ခဲ့တဲ့အကြောင်း တပည့်တော်ကို ပြောပြတယ်ပေါ့။

နောက်တော့ ဆရာတော်က သိသွားတော့ 'မဟုတ်သေးဘူးတဲ့၊ အလုပ်လုပ်မယ့်ပုဂ္ဂိုလ်က ထိုက်တန်တဲ့ သူ့ခေတ်သူ့အခါဂုဏ်လေးလည်းပဲ ရှိဦးမှ၊ ဒါကြောင့်မို့ ဖြေသာ ဖြေပါ'ဆိုပြီးတော့ တောင်မြို့ဆရာတော်ကြီးက တိုက်တွန်းမှ သူသီလကွန်အဋ္ဌကထာတွေ ဘာတွေ တက်ပြီးမှ အငယ်တန်း ဝင်ဖြေတယ်တဲ့။ သီလကွန်အဋ္ဌကထာတွေအထိ တက်ပြီးမှ အငယ်တန်း ဝင်ဖြေတာနော်။ အဲဒီတော့ ဒီစကားမှာ တပည့်တော်တို့ ဆရာဘုန်းကြီးဖြစ်တဲ့ မြဝတီဆရာတော်က ဘာကောက်ချက်ချလဲဆိုတော့ 'တပည့်တော်တို့က ဆရာသမားရဲ့စကားဆို စာမေးပွဲ ဆရာသမားက ဖြေတာ မကြိုက်ဘူးဆိုရင် ကဲ ငါမဖြေတော့ဘူးလို့ထိ စိတ်ဆုံးဖြတ်ခဲ့တယ်။ အဲ့လောက်အထိ လိုက်နာခဲ့တယ်။ ခုခေတ်တပည့်တွေကျတော့တဲ့တော်တော်ကိုပဲ လိုက်နာမှု နည်းသွားတယ်'တဲ့။ ပုဂံဘုရားဖူးသွားရင်း လမ်းသွားရင်းနဲ့ ပြောပြတယ်ပေါ့ဘုရား။ ဘာစိတ်ကူးနဲ့ ပြောတယ်ဆိုတာကတော့ မသိဘူးပေါ့။ စကားစပ်ရင်းနဲ့ ပြောသွားတာပဲ။

ကျမ်းရင်းပေါက်ရင်

တပည့်တော်ကလည်းပဲ ဒီမှာ စာချတန်းသမားတွေကို ပြောထားတယ်။ အနည်းဆုံး အဋ္ဌကထာ ပထမအုပ်ပေါက်အောင် နိဒါန်းကနေ နိဂုံးအထိ လုပ်ပါ။ အောင်ရုံလေးကတော့ သုံးကျမ်းလုံး လုပ်ဆိုလည်းပဲ တပည့်တော်အနေနဲ့ အားလုံး လုပ်ပေးနိုင်ပါတယ်။ ဒါပေမဲ့ လုပ်ပေးချင်စိတ် မရှိဘူးပေါ့။ တစ်ကျမ်းအောင်ပြီးပြီဆိုနောက်နှစ်ကျရင် နှစ်ကျမ်းကို လုပ်လို့ရတယ်။ ပထမဆုံးနှစ်မှတော့ ပါရာဇိကဏ်တစ်ကျမ်းကိုပဲ ကျေကျေညက်ညက် လုပ်စေချင်တယ်။ မှတ်စုအဓိကမဟုတ်ဘဲနဲ့ ကျမ်းရင်းတွေပေါက်သွားတဲ့အခါမှာ ဘာအကျိုးရှိလဲ။ နိဿယမှတ်ချက်တွေကို ကိုယ်က ပြန်မြင်တယ်။ ဋီကာက ဘယ်လိုရေးတယ်။ ဒါလေးတွေကို သေသေချာချာ စူးစိုက်ကြည့်တယ်။ မှတ်ချက်ရေးတဲ့အခါမှာ ဘာသာဋီကာက ဘယ်လိုရေးတယ်။ နိဿယက ဘယ်လိုရေးတယ်။ ဒါ ဘယ်လိုဖြစ်သင့်တယ်။ ဒီလို ကိုယ်ပိုင်ဉာဏ်လေးတွေနဲ့ လုပ်တတ်လာတယ်။ စာတွေကတော့ ဒီအတိုင်းဆိုထားတာပဲဆိုပြီး ဒီလောက်ကလေးနဲ့ လမ်းဆုံးနေလို့ရှိရင် မကောင်းသေးဘူးပေါ့။ တပည့်တော် ဒီကျောင်းမှာ အရည်အသွေးပြည့်တဲ့ စာချဘုန်းကြီးတွေ ဖြစ်စေချင်လို့ ဒါတွေကို နစ်နာခံပြီးတော့ လုပ်ပေးနေတာပါ။

ဒါကြောင့်မို့ အရှင်ဘုရားတို့ဘက်ကလည်း တပည့်တော်က ဘယ်လိုဘယ်လိုလုပ်ပါ၊ ကျမ်းရင်းပေါက်အောင်လုပ်ပါဆိုရင် စာမေးပွဲတွေ ဘာတွေ သိပ်ပြီးတော့ အကြောင်းမပြဘဲနဲ့ ကြိုးစားပေးပါ။ ခုခေတ်အလျောက် စာမေးပွဲအောင်ဖို့

www.dhammadownload.com

လည်း လုပ်ရမှာပေါ့။ ဒီဟာလုပ်ရင်းနဲ့ပဲ မိမိတို့လည်း စာမေးပွဲလည်းအောင်၊ ကျမ်းရင်းလည်း ပေါက်တယ်ဆိုရင် တပည့်တော်တို့ အရည်အချင်း ပြည့်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်သွားမှာပါ။ ဒါကြောင့်မို့ ပြောချင်တာက ဆရာသမားတွေရဲ့စကားဟာ အမှတ်တမဲ့လေး နားထောင်ရင်တော့ အမှတ်တမဲ့ပဲ ဖြစ်တတ်တယ်ပေါ့။ လေးလေးနက်နက် နားထောင်ရင် ရေရှည်အထိ သွားတယ်ပေါ့။

သာဓကအနေနဲ့

ဒါကြောင့်မို့ တပည့်တော် ဒီနေ့ ယောဆရာတော်ရဲ့ 'တရားကျေးဇူး စွမ်းရည်ထူး' ဆိုတဲ့ တရားထဲက တပည့်တော်ရဲ့စိတ်ဓာတ်နဲ့ တိုက်ဆိုင်တာလေးတွေကို ပြောပြတယ်။ လွန်ခဲ့တဲ့ နှစ်တွေ တော်တော်များများ ကတည်းကကို တပည့်တော်ပြောခဲ့တဲ့သြဝါဒတွေနဲ့ အားလုံးတိုက်ဆိုင်လို့ သာဓကအနေနဲ့ ဖတ်ပြတာပါ။ ယောဆရာတော်ဆိုတာလည်း တကယ့်ကိုပဲ ခုချိန်မှာ တပည့်တော်တို့ လေးစားအားကျရတဲ့ ဆရာတော်တစ်ပါးဖြစ်တယ်ပေါ့။ အဲဒီလို ဆရာတော်တစ်ပါးက ဒါမျိုးရေးသွားတယ်။ တောင်မြို့ ဂန္ဓာရုံဆရာတော်ကြီးကလည်းပဲ ရုက်ဖွယ်သုံးမျိုးထဲကလို ဂါထာတွေနဲ့ ရွတ်ပြီးတော့ ဟောသွားတာတွေ ရှိတယ်ပေါ့။

ဒါကြောင့်မို့ တပည့်တော်တို့ ဗဟုသုတ ဓမ္မဓရ ဒီအင်္ဂါရပ်တွေကို ကြိုးစားတဲ့အခါမှာ စာမေးပွဲအောင်ရုံတင် မဟုတ်ဘဲနဲ့ ကျမ်းရင်းကိုလည်းပဲ ပေါက်အောင်လုပ်ပါ။ မှတ်စုလောက်နဲ့ အောင်လို့ရှိရင် ရုက်စရာကောင်းတယ်။ ကိုယ်က ရထားတဲ့ဘွဲ့နဲ့ တန်အောင် အလုပ်မလုပ်နိုင်ဘူး၊ ဓမ္မာစရိယဘွဲ့ကြီးအောင်ပြီးမှ ပထမငယ်၊ ပထမလတ်တောင် နားလည်အောင် မချနိုင်ဘူး ဆိုရင် ရုက်စရာ ကောင်းတယ်။ ဘွဲ့နဲ့လည်းပဲ မထိုက်တန်တော့ဘူး။ ဒီပုဂ္ဂိုလ်အတွက် သာသနာမှာ ဘာမှ အားကိုးလို့ မရဘူးဆိုတာ ယောဆရာတော်ရဲ့ တရားကို ကိုးပြီးတော့ သိနိုင်တယ်။ ဒါ ဗဟုသုတ ဓမ္မဓရဂုဏ်ကို အားလုံးကို နားလည်အောင် သဘောပေါက်အောင် တပည့်တော် လျှောက်ထားခြင်း ဖြစ်ပါတယ်။

ဇာတ်အာဂုံဆောင်တဲ့

စာပေကတော့ ကျောင်းတိုက်တိုင်း ကျောင်းတိုက်တိုင်း သင်နေတယ်။ အဲဒီ သင်တဲ့နေရာမှာ ဗဟုသုတ ဓမ္မဓရ အစစ်ဖြစ်အောင် တပည့်တော်တို့က ကျမ်းရင်းကို ဦးစားပေးပြီးတော့ မှတ်စုကို နည်းနည်းပါးပါးလောက် အရံလောက်ပဲ ထားရမယ်။ ဘယ်လိုသဘောနဲ့ရေးသလဲ၊ ဘာလေးကောင်းသလဲ၊ ဒီလောက်ပဲကြည့်ပြီးတော့ မှတ်စုကို အဓိကထားမသွားဘဲနဲ့ ကျမ်းရင်းကို အဓိကထားသွားမယ်ဆိုရင် တပည့်တော်တို့ဟာ တစ်ချိန်မှာ သာသနာ့ကျက်သရေဆောင်တွေ ဖြစ်မယ်တဲ့။ တပည့်တော် ဒီသြဝါဒလေးကို လေးလေးစားစားနဲ့ တကယ်ပဲ ခံယူချက်အပြည့်နဲ့ ပေးတာပါ။ တပည့်တော်လုပ်ခဲ့တဲ့ လမ်းစဉ်လည်း ဖြစ်ပါတယ်။ အရှင်ဘုရားတို့လည်းပဲ အခု တတ်နိုင်သမျှ လိုက်နာနေကြတယ်။ ဒီလိုသိသွားပြီဆိုရင် ဝိသာရဒဂုဏ်၊ ရဲရဲဝံ့ဝံ့နဲ့ အကောင်းဆုံးသောစိတ်ဓာတ်နဲ့ ဒီနည်းကိုပဲ ဆက်လက်ကျင့်ကြံကြိုးကုတ် အားထုတ်ပါ။

ဇာတ်အာဂုံဆောင်တွေ ဘာတွေ သူတို့ကတော့ စာမေးပွဲအောင်တဲ့အခါမှာ သာသနာအတွက် လွယ်ကူစေဖို့ အထောက်အပံ့ဖြစ်ဖို့လို့ ရေးတာပဲ။ တကယ်တော့ မဟုတ်ပါဘူး။ ဒါတွေကို တပည့်တော်တို့ သေသေချာချာ ကွက်

www.dhammadownload.com

ကွက်ကွင်းကွင်း မြင်ပြီးတော့ ကိုယ်ရောက်တဲ့ နေရာမှာ ဒီမူတွေကို တိုက်ဖျက်ပြီးတော့ တတ်နိုင်သမျှ ကြိုးစားမယ်ဆို တပည့်တော်တို့ဟာ သာသနာ့ကျက်သရေဆောင်တွေ ဖြစ်သွားမှာပဲ။ အားလုံး ယုံယုံကြည်ကြည်နဲ့ ကြိုးစားနိုင်ပါစေလို့လည်း တပည့်တော် ဆန္ဒပြုပါတယ်။

ဓမ္မာနုဓမ္မပဋိပန္နဂုဏ်

နောက်ဆုံးဂုဏ်က ဘာလဲဆိုတော့ 'ဓမ္မာနုဓမ္မပဋိပန္နဂုဏ်'။ ဓမ္မာနုဓမ္မပဋိပန္နဂုဏ်ဆိုတာကို အနက်ပေးထားတာက 'ဓမ္မာနုဓမ္မပဋိပန္နာ-လောကုတ္တရာတရား ကိုးပါးအားလျော်သော သီလ၊ သမထ၊ ဝိပဿနာအကျင့်ကို ကျင့်ကြကုန်သည်'တဲ့။ လောကုတ္တရာတရား ကိုးပါးအားလျော်သော သီလ၊သမထ၊ဝိပဿနာအကျင့်ကို ကျင့်တဲ့ပုဂ္ဂိုလ်ဖြစ်ရမယ်ဆိုတော့ တပည့်တော်တို့ မဂ်ဖိုလ်နိဗ္ဗာန်အတွက် အထောက်အပံ့ဖြစ်ဖို့ ဦးတည်ရမယ်ပေါ့။ ဘာကိုပဲလုပ်လုပ်၊ သီလပဲ ဆောက်တည်ဆောက်တည်၊ ပရိယတ်တရားပဲ လုပ်လုပ်၊ ပဋိပတ်မကင်းတဲ့ ပရိယတ်ကိုပဲလုပ်လုပ်၊ သမထဖြစ်တဲ့ မေတ္တာပွားတာပဲလုပ်လုပ်၊ ဝိပဿနာကိုပဲပွားပွား၊ မဂ်ဖိုလ်နိဗ္ဗာန်အတွက် အထောက်အပံ့ဖြစ်ပါစေ။ ဒီလို မဂ်ဖိုလ်နိဗ္ဗာန်ကို ညွှတ်ပြီးတော့ လုပ်လို့ရှိရင် ဓမ္မာနုဓမ္မပဋိပန္နဂုဏ်လည်း ပြည့်စုံသွားတာပဲ။ ဒါလည်းပဲ ထပ်တလဲလဲ သြဝါဒပေးနေတော့ အရှင်ဘုရားတို့ နားရည်ဝလောက်ပါပြီ။

နေကွမ္မဓာတ်

တပည့်တော်တို့ စာကျက်တယ်ဆိုလို့ရှိရင်လည်း နေကွမ္မဓာတ်လေး စွက်ပြီးတော့ ကျက်ရတယ်။ လယ်တီဆရာတော်ကြီးက ဥတ္တမပုရိသဒီပနီမှာ ရေးထားတယ်။ လုပ်ငန်းတစ်ခု လုပ်လို့ရှိရင်၊ ကုသိုလ်တစ်ခုလုပ်ရင် နေကွမ္မဓာတ်ပါမှ ပါရမီဖြစ်မယ်တဲ့။ အဲဒီတော့ ပရိယတ္တိလုပ်လို့ရှိရင်လည်းပဲ နေကွမ္မဓာတ်ပါရတယ်။ နေကွမ္မဓာတ်ဆိုတာ 'ကာမတော စ ဘဝတော စ နိက္ခမနလက္ခဏံ နေက္ခမ္မံ' ဆိုတဲ့အတိုင်းပေါ့။ တပည့်တော်တို့ ပရိယတ္တိလုပ်တယ်ဆိုပါစို့။ ဒီပရိယတ္တိလုပ်လို့ရှိရင် တစ်ချိန်မှာ စာမေးပွဲလည်း အောင်လာလို့ အထိုက်အလျောက် ဂုဏ်ရှိလာရင် ငါ သာသနာအတွက် စာချမယ်။ စာချလို့ရှိရင် မျိုးဆက်သစ်တွေပေါ်မယ်။ မျိုးဆက်သစ်တွေပေါ်ရင် သာသနာကြီး ဆက်ရှည်မယ်။ ဒီ ဘုရားသာသနာကြီးနဲ့ မကွယ်မချင်း သာသနာနဲ့ ထိတွေ့တဲ့ ပုဂ္ဂိုလ်တိုင်းဟာ အသိမှန်တွေရပြီးတော့ ကောင်းကျိုးတွေရကြပါစေ။ အဲဒီလို သူတစ်ပါးအတွက် လုပ်တယ်ဆိုလို့ရှိရင် တပည့်တော်တို့ ပါရမီဖြစ်သွားတယ်။ စာမေးပွဲအောင်လို့ရှိရင် လာဘ်လာဘရမယ်၊ ဂုဏ်ပြုပွဲတွေလုပ်မယ်၊ နာမည်ကြီးမယ်ဆိုတဲ့ လောဘတွေ ရှိသေးသလား။ မရှိတော့ဘူး။ အဲဒါ ကာမတရားက ထွက်မြောက်တာပဲ။ ကာမတရားက ထွက်မြောက်ရင် အဲဒီ ပရိယတ္တိသည် နေကွမ္မဓာတ် ဝင်သွားပြီတဲ့။

တစ်နည်းအားဖြင့် ပြောလို့ရှိရင်လည်းပဲ ကိုယ့်ဟာကိုယ် ညအိပ်ခါနီးကျရင် ဒီလိုလုပ်ရတဲ့ ကုသိုလ်တွေကြောင့် မဂ်ဖိုလ်နိဗ္ဗာန်အတွက် အထောက်အပံ့ဖြစ်ပါစေ၊ ဒါဆိုရင် ဘဝတရားက လွန်မြောက်သွားတယ်။ ဒီလိုမှ မဟုတ်ဘဲနဲ့ ဒီကုသိုလ်ကြောင့် လူ့ဘဝဖြစ်ဖြစ်၊ ရဟန်းဘဝဖြစ်ဖြစ် အထက်တန်းစားက နေချင်တယ်ဆိုရင် ဒါဟာ ဘဝထဲမှာ ငြိကပ်နေတယ်။ ဘဝကို မလွန်မြောက်ဘူး။ ဒီစိတ်မရှိတော့ပါဘူးဆိုရင် ဘဝတရားကို ကျော်ပြီးသား ဖြစ်တဲ့အတွက်

www.dhammadownload.com

နေကွမ္မဓာတ် ဝင်သွားတာပဲ။ အဲဒီတော့ တပည့်တော်တို့ ပဋိပတ်မကင်းတဲ့ ပရိယတ်လုပ်တဲ့ အချိန်မှာလည်းပဲ နေကွမ္မဓာတ်ကို သွင်းပေးရတယ်။

အာရုံပြုနေစရာ မလို

နောက်- သီလကို ဆောက်တည်တဲ့နေရာမှာလည်းပဲ ဒီအတိုင်းပဲ။ ဒီသီလဟာ မဂ်ဖိုလ်နိဗ္ဗာန်အတွက် အထောက်အပံ့ဖြစ်ပါစေ၊ ဒီလိုဦးတည်ရမယ်။ သီလရှိမှ ပစ္စည်းလေးပါး ပေါမယ်၊ ဒါဆိုရင် တပည့်တော်တို့ နေကွမ္မဓာတ် ပျက်သွားတယ်။ မြတ်စွာဘုရားကတော့ ဟောတာပဲ။ ပစ္စည်းလေးပါး ပြည့်စုံချင်ရင် သီလကို ဖြည့်ဆိုတာ ရှိတယ်။ သီလဖြည့်ရင် ပစ္စည်းလေးပါး ပြည့်စုံတယ်ဆိုတာ ဥပနိဿယသတ္တိနဲ့ သူ့အလိုလိုဖြစ်တယ်။ အာရမ္မဏာဓိပတိနဲ့ တပ်စရာ မလိုပါဘူး။ ဒါတွေက အလိုလို ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုနေတာပဲ။ အပြည့်အစုံဆိုရင်တော့ ပကတူပနိဿယသတ္တိပေါ့ဘုရား။ သူ့ဟာသူ သီလဖြည့်ရင် ပစ္စည်းလေးပါးဆိုတာ အလိုလို ဖြစ်လာတာ။ ဒါကိုပဲ အာရုံပြုပြီးတော့ ဒါတွေ ဒါတွေရအောင်ဆိုပြီး လုပ်စရာမလိုဘူး။ လုပ်လို့ရှိရင် နေကွမ္မဓာတ်ပျက်တယ်။

မဂ်ဖိုလ်နိဗ္ဗာန်အတွက် အထောက်အပံ့ဖြစ်ပါစေ၊ သီလရှိမှ သာသနာပြုလို့ ပိုကောင်းတယ်ဆိုတဲ့ စိတ်ဓာတ်တွေ ရှိလို့ရှိရင် ပစ္စည်းလေးပါးဆိုတာလည်း မြတ်စွာဘုရားဟောတဲ့အတိုင်း သူ့အကြောင်းလုပ်ရင် သူ့အကျိုးအနေနဲ့ ဖြစ်လာတာပဲ။ ဒါကြီးကို အာရမ္မဏာဓိပတိတပ်ပြီးတော့ လုပ်ရင် တပည့်တော်တို့ နေကွမ္မဓာတ်ပျက်သွားတယ်။ အဲဒါဆိုရင် ဓမ္မာနုဓမ္မပဋိပန္နမဟုတ်တော့ဘူး။ သာသနာ့ကျက်သရေဆောင်မဖြစ်နိုင်ဘူးပေါ့ဘုရား။ သီလတော့ ဖြည့်ပါရဲ့။ မေတ္တာတရားတွေ ပွားပါရဲ့။ လာဘသက္ကာရလိုချင်တဲ့စိတ်နဲ့ နေကွမ္မဓာတ်ပျက်ယွင်းနေရင် ဒီပုဂ္ဂိုလ်ဟာ သာသနာအတွက် ကျက်သရေဆောင်မဟုတ်ဘူးတဲ့။ သာသနာတော် ညှိုးနွမ်းတယ်တဲ့။ ဒါကြောင့်မို့ တပည့်တော်တို့ သီလ၊ သမထ၊ ဝိပဿနာ၊ ပရိယတ္တိ၊ ဘာပဲလုပ်လုပ် နေကွမ္မဓာတ် အရေးကြီးပါတယ်။ နေကွမ္မဓာတ်ဆိုတာ ကာမတရား၊ ဘဝတရားကနေပြီးတော့ လွတ်မြောက်ရတယ်တဲ့။ ပါဠိလိုဆိုရင်တော့ 'ကာမတော စ ဘဝတော စ နိက္ခမနလက္ခဏံ နေကွမ္မံ' တဲ့။ ဒီတော့ တပည့်တော်တို့ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်တွေ ဖြစ်ဖို့အတွက်ဆိုရင် စိတ်ကလေးပြောင်းပေးရမယ်။ လုပ်ငန်းကတော့ ဒါ ဒါပဲ။

လူတွေလည်း အလားတူ

စီးပွားရေးရှာတဲ့ လူတွေလည်းပဲ အလားတူပေါ့။ သာသနာအတွက် ထောက်ပံ့မယ်။ လူမှုရေးဆိုရင်လည်း ဆင်းရဲတဲ့ပုဂ္ဂိုလ်တွေကို ငါတတ်နိုင်သမျှကူညီမယ်။ ဒီလိုစိတ်နဲ့ဆိုလို့ရှိရင် စီးပွားရှာရင်လည်းပဲ ဓမ္မာနုဓမ္မပဋိပန္နဖြစ်နေတာပဲ။ စာသင်ရင်းနဲ့လည်းပဲ ဓမ္မာနုဓမ္မပဋိပန္နဖြစ်နေတာပဲ။ ပြောင်းပြန်ပြန်လိုက်။ စီးပွားရေးရှာတယ်။ ကိုယ်ခံစားမယ်၊ ကိုယ်သုံးဖြုန်းမယ်၊ အဲဒီလို နေကွမ္မဓာတ်မပါဘူးဆိုရင် သူဟာကောင်းတဲ့စိတ်ဓာတ် မဟုတ်တော့ဘူး။ ပရိယတ္တိပဋိပတ္တိတော့ လုပ်ပါရဲ့။ မေတ္တာပွားတယ်။ မေတ္တာပွားလို့ရှိရင် လူချစ်လူခင် ပေါပြီးတော့ ကြည်ညိုတဲ့လူ ပေါလိမ့်မယ်။ သီလဖြည့်ရင် မြတ်စွာဘုရားက ပစ္စည်းလေးပါး ပြည့်စုံသတဲ့။ ဒီစိတ်တွေဟာ တပည့်တော်တို့ နေကွမ္မဓာတ်ပျက်ယွင်းတာပေါ့ဘုရား။ လုပ်ငန်းအားဖြင့်တော့

www.dhammadownload.com

အတူတူပါပဲ။ စိတ်ဓာတ်လေး ပြောင်းပေးရုံပဲ ရှိတယ်။ စိတ်ဓာတ်ပြောင်းပေးဆိုတဲ့ နေရာမှာ ကာမတရား ဘဝတရားကို တပ်မက်တဲ့ လောဘ ကနေပြီးတော့ ဒီတရားကနေ ထွက်မြောက်တဲ့ နေက္ခမ္မဓာတ် သွင်းနိုင်ရင် ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ် ဖြစ်တာပဲ။

ပြန်ချုပ်မယ်။ မြတ်စွာဘုရားက သူ့ရဲ့သာသနာမှာ ဘိက္ခူ၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာ ဒီလေးဦးဟာ ဝိယတ္တ ဝိနီတဂုဏ်၊ ဝိသာရဒဂုဏ်၊ ဗဟုဿုတ ဓမ္မဓရဂုဏ်၊ နောက်ပြီးတော့ ဓမ္မာနုဓမ္မပဋိပန္နဂုဏ်၊ ဒီဂုဏ်တွေနဲ့ ပြည့်စုံပြီဆိုရင် စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဇိနသာသနံ စိရံ တိဋ္ဌတု၊ မြတ်စွာဘုရား သာသနာတော်ကြီး ရှည်ပါစေလို့ ဆုမတောင်းလည်းပဲ ဒီပုဂ္ဂိုလ်တွေ များလာရင် သာသနာရှည်ပြီးတော့ သာသနာဟာ တကယ့် ကျက်သရေဆောင်တွေ ဖြစ်မယ်တဲ့။ ချုံ့ကြည့်လိုက်။ ဒီလိုပုဂ္ဂိုလ်မျိုးတွေ များနေတဲ့ ကျောင်းတိုက်၊ ဒီလိုပုဂ္ဂိုလ်မျိုးများတဲ့ ကျောင်းတိုက်ကို ဆည်းကပ်တဲ့ ဒကာ၊ ဒကာမတွေလည်း ခုနက ပြောခဲ့တဲ့ ဂုဏ်ရည်တွေများလာရင် သာသနာ့ကျက်သရေဆောင်ဖြစ်တာပဲ။ ပြောင်းပြန်ပြန်လိုက်။ သံဃာတွေဘက်ကလည်းပဲ ဒီလက္ခဏာတွေ ပျက်ယွင်းတယ်။ ဒကာ၊ ဒကာမတွေကလည်း ဝုန်းဝုန်း ဝုန်းဝုန်းနဲ့ ကျော်ကြားတဲ့ဆောက်ပဲလိုက်တယ်။ ဒါဆိုရင် သာသနာဟာ ညှိုးနွမ်းပြီးတော့ သာသနာတော်ကြီး ပျက်စီးဖို့ပဲ ရှိတယ်တဲ့။

တပည့်တော် သောဘနသုတ်ကို သုံးပိုင်းခွဲပြီးတော့ ပြောတာ အားလုံး ပြီးသွားပါပြီ။ ဒီသောဘနသုတ်နဲ့အညီ အရှင်ဘုရားတို့ဟာလည်း ကိုယ်တိုင်လည်းပဲ သာသနာ့ကျက်သရေဆောင်တွေ ဖြစ်အောင် ကြိုးစားနိုင်ကြပါစေ၊ ကိုယ့်ရဲ့မျိုးဆက်သစ်တပည့်၊ ဒါမှမဟုတ်၊ ကိုယ့်ကို မှီခိုပြီးတော့ ကုသိုလ်ယူနေကြတဲ့ ဒကာ၊ ဒကာမတွေကိုလည်းပဲ သာသနာ့ကျက်သရေဆောင်တွေ ဖြစ်အောင် တိုက်တွန်းနိုင်ပြီးတော့ ကုသိုလ်ပါရမီများကို တစ်ရက်ထက် တစ်ရက် ဆည်းပူးကြိုးစား အားထုတ်နိုင်သော သာသနာ့အာဇာနည်များ ဖြစ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

www.dhammadownload.com

မြတ်သောခရီး

၁၃၆၇ ခု၊ တပို့တွဲလကွယ်နေ့
၂၀၀၆ ခု၊ ဖေဖော်ဝါရီလ ၂၆ ရက်၊ တနင်္ဂနွေနေ့ ည

တက်ညီလက်ညီဆောင်ရွက်ကြ

ဒီနေ့ တပို့တွဲလ ကုန်ပြီ။ တပို့တွဲလကုန်တော့ ပထမပြန်စာမေးပွဲလည်း နီးလာပြီ။ နောက်ဆုံးဝင်ခွင့်စာမေးပွဲလုပ်တာတွေလည်း အားလုံးစီစဉ်ထားလိမ့်မယ်လို့ ထင်တယ်။ တပည့်တော် အခုတလော နည်းနည်းခရီးများနေတယ်။ စာဝါကလည်း လွဲထားလို့ရနေတော့ တချို့ကိစ္စလေးတွေ သိပ်မသိဘူး။ စာချုပ်နှီးကြီးတွေက အားလုံး စာလုပ်ဖြစ်၊ မဖြစ် ကြောင့်ကြစိုက်ပေးပါ။ စာမလုပ်ဖြစ်ဘူးဆိုရင် ကိုယ့်ဆိုင်ရာကျောင်းမှာ သတိထားပြီးတော့ အားလုံး စာလုပ်ဖြစ်အောင် စောင့်ရှောက်ပါ။ နောက်ဆုံး လိုအပ်လို့ရှိရင် တပည့်တော်ထံ လာပြီးတော့ လျှောက်ပေါ့။ တပည့်တော်လည်း တတ်နိုင်သမျှ ကူညီပြီးတော့ ပံ့ပိုးပေးမယ်။

ပထမငယ်တန်းက ကိုရင်တွေ စာကို ပုံမှန်လုပ်ပါ။ ခေါ်ပြီးတော့ စစ်လိုက်လို့ အရည်အချင်း သိပ်ညံ့တယ်။ ညံ့တဲ့အထဲမှာမှ စာကလည်း ကောင်းကောင်းမလုပ်ဘူးဆိုရင်တော့ ကိုယ့်ရဲ့အရပ်ဆရာထံ ပြန်ဖို့ ဆုံးဖြတ်ထားပါ။ စာမလုပ်ဘဲနဲ့တော့ ဒီမှာ သိပ်ပြီးထူးခြားချက် မရှိဘူး။ လိုချင်တဲ့ ပုဂ္ဂိုလ်အတွက်သာ ကောင်းတာပါ။ ဒီမြစကြာကျောင်း ကောင်းတယ်၊ ကောင်းတယ် ပြောနေပေမဲ့ လိုချင်စိတ်မရှိတဲ့ ပုဂ္ဂိုလ်အတွက်တော့ မထူး

www.dhammadownload.com

ဘူးပေါ့။ လိုချင်စိတ်၊ မြတ်နိုးစိတ်ရှိတဲ့ ပုဂ္ဂိုလ် အတွက်ပဲ ထူးခြားတယ်။

အပျင်းဓာတ်ကိုကျော်လွှားနိုင်မှ

ကျန်းမာရေးလည်း ဂရုစိုက်ပေါ့။ ဒီရာသီကတော့ တပည့်တော် ဟိုတုန်းက ပြောခဲ့တဲ့အတိုင်းပဲ။ သစ်ရွက်တွေတောင်မှ အငြိမ်မနေရဘူး။ လေတိုက်ရင် ဟိုရွေ့ဒီရွေ့နဲ့။ ဥတုသဘောကိုက ပျင်းစရာကောင်းတယ်။ ကိုယ့်စာကို မြတ်မြတ်နိုးနိုးနဲ့ လုပ်လို့ရှိရင် ဒီသဘောတွေကို ကျော်လွှားသွားနိုင်မှာပါပဲ။ ဒါ မာရ်နတ်ရဲ့ စစ်တပ်ကြီးတွေထဲမှာ ပါပါတယ်။ ''ကာမေ တေ ပဌမာ သေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ'' ဆိုတဲ့အတိုင်းပဲ။ အရတိ-ပျင်းတဲ့သဘောဟာလည်း မာရ်နတ်ရဲ့ စစ်တပ်ကြီးတစ်ခုပဲ။ ဒီပျင်းနေတာကို ကျော်လွှားနိုင်မှ ကိုယ်ရည်မှန်းတဲ့အတိုင်း သာသနာမှာ တကယ်အသုံးကျတဲ့၊ သာသနာအတွက် ကျေးဇူးများတဲ့ ပုဂ္ဂိုလ်လေးတွေ ဖြစ်မှာ။

ရာသီဥတုသဘောအရတော့ ဒီအတိုင်းဖြစ်နေဦးမှာ။ ကိုယ်က ကိုယ့်လုပ်ငန်းကို စိတ်ဝင်စားဖို့ အရေးကြီးတယ်။ စိတ်ဝင်စားနေရင် ဒီရာသီဥတုသဘောတွေက ခဏတစ်ဖြုတ်လောက်ပဲ။ မပျင်းပါနဲ့လို့တော့ ပြောလို့မရဘူး။ ဒါပေမဲ့ မြန်မြန်လက်မခံတာပဲ ကောင်းတယ်။ ကြာရှည်လက်ခံလိုက်ရင် ဆိုးကျိုးအတွက် ဖြစ်သွားတာပဲ။ ဒါ မာရ်နတ်ရဲ့ စစ်တပ်ကြီးတစ်ခုအနေနဲ့ သဘောထားပါ။ ပေါ့ပေါ့ဆဆလေး တွေးလိုက်လို့ကတော့ ပျင်းသွားမှာပဲ။ ကိုယ့်စာကိုယ် မပျင်းအောင် လုပ်ပါ။ မလုပ်ဘူးဆိုရင်လည်း ဒီကျောင်းမှာထားဖို့ စိတ်မရှိပါဘူး။ စာမလုပ်တဲ့ပုဂ္ဂိုလ်၊ ပျင်းတဲ့ပုဂ္ဂိုလ်ကို လူတော်လူကောင်းဖြစ်အောင် လုပ်ဖို့ဆိုတာ ဆေးလည်းရှိမှာ မဟုတ်ပါဘူး။ အဲဒါလေးတွေ ကိုယ့်ဟာကို မြင်ထားပေါ့။

ပုဂံဘုရားဖူးသွားစေချင်

နောက်တစ်ခုက တပည့်တော် ဘာပြောချင်လဲဆိုတော့ စကားလည်းစပ်လို့၊ ကြုံလည်းကြုံနေလို့ ပြောတာ။ ဟို စာချဘုန်းကြီးတွေ ပြာသိုလဆန်းပိုင်းတုန်းက ဒေါ်ညွန့်ညွန့်စန်းတို့ စီစဉ်တဲ့ကားနဲ့ ပုဂံဘုရားဖူးခရီးစဉ်ကို ထည့်ပေးလိုက်တယ်။ နဂိုကတည်းက တပည့်တော်အနေနဲ့ သွားစေချင်တယ်။ ဘယ်လို စီမံပေးရမလဲဆိုတာ အားလုံး မတတ်နိုင်လို့ ...။ ကုသိုလ်ယူတဲ့သူ၊ လျှောက်တဲ့သူရှိတော့ အားလုံးစီစဉ်ပေးလိုက်တယ်။ ကျန်တဲ့သံဃာတွေလည်း ဒီအတိုင်းပဲ။ အခွင့်သင့်လို့ရှိရင် ဒါမျိုးလေးတွေ လုပ်ပေးဖို့ အစီအစဉ်ရှိတယ်။

တပည့်တော်လည်း ကျောင်းဒကာ ဦးမင်းဇော်က ပုဂံခရီးစဉ်အတွက် လျှောက်ထားတာကြာပြီ။ ဒါပေမဲ့ မသွားဖြစ်ခဲ့ဘူး။ အခုတော့ သွားဖြစ်တယ်ပေါ့။ သွားတဲ့အခါမှာ ပုဂံခရီးက စိတ်ဝင်စားစရာကောင်းတယ်။ ဘယ်လိုစိတ်ထားနဲ့ သွားရမယ်ဆိုတာ တပည့်တော် အရိပ်အမြွက်လေး နည်းနည်းပြောပြမယ်။ တပည့်တော်တို့ သွားခဲ့တဲ့အထဲမှာ မြဝတီမင်းကြီးဆရာတော်၊ ပြင်ဦးလွင်ဂန္ဓာရုံဆရာတော်နဲ့ တောင်မြို့ ဂန္ဓာရုံက ကျောင်းဘုန်းကြီး ဦးပညာသာမိတို့ ပါတယ်။ မြဝတီဆရာတော်က ရွှေစက်တော်သွားချင်တယ်ဆိုလို့ တပည့်တော် လိုက်သွားတယ်။ ရွှေစက်တော်ကို ပုဂံလောက် အာရုံမရှိဘူး။ ဘာဖြစ်လို့လဲဆိုရင် ပုဂံက နှစ်ပေါင်းကိုးရာဝန်းကျင်လောက်ပဲ ရှိသေးတော့ လက်လှမ်းမီတယ်။ ဒဏ္ဍာရီမဆန်ဘူးပေါ့။

ရွှေစက်တော်ကတော့ ဘုရားပွင့်တုန်းက

www.dhammadownload.com

ဘယ်လိုဘယ်ပုံဆိုတော့ ဖတ်ကြည့်တဲ့အခါမှာ တချို့အချက်လေးတွေက ဒဏ္ဍာရီခပ်ဆန်ဆန် လေးတွေ ဖြစ်နေတယ်။ ဒါလည်း တစ်ကြောင်း ပါလိမ့်မယ်ထင်တယ်။ တပည့်တော် စိတ်ဝင်စား တာက ဒဏ္ဍာရီမဆန်ဘဲနဲ့ တကယ်ဖြစ်ပျက်ခဲ့တဲ့ ပုဂံပဲ။ ကျောက်စာတွေ အခုချိန်ထိ တွေ့နေသေး တယ်။ တပည့်တော်တို့ မြစေတီဘုရားရောက်တော့ လည်း ကိုယ်ဖတ်ဖူးတဲ့ မြန်မာပြန်တွေရှိနေတော့ သွားပြီးလေ့လာခဲ့သေးတယ်။ ရွှေစည်းခုံစေတီ တော် ရောက်တော့လည်း အရှေ့ဘက်စောင်းတန်း ဝင်တဲ့အခါ စောင်းတန်းဘေးနှစ်ဖက်မှာ ကျန်စစ် သားမင်းကြီးရဲ့ ကိုယ်တိုင်ရေး အထွဋ်ပွတ္တိ ကျောက်စာတွေ မြင်ဖူးတယ်ရှိအောင် သော့ဖွင့် ခိုင်းပြီးတော့ ဝင်ကြည့်ခဲ့သေးတယ်။

ဒါ ဘာပြောချင်တာလဲဆိုတော့ ဒဏ္ဍာရီ မဆန်ဘူးလို့ ပြောချင်တာပဲ။ လက်တွေ့ ကျောက် စာတွေ ရေးထိုးသွားခဲ့တယ်။ ကျန်စစ်သားမင်းကြီး ရဲ့ အထွဋ်ပွတ္တိကျောက်စာဆိုရင်လည်း မြန်မာ နိုင်ငံက ပညာရှင်တွေ မဖတ်နိုင်ဘူး။ နိုင်ငံ ခြားက ပညာရှင်တစ်ယောက်က ဖတ်ပြလို့ ဒီ ကျောက်စာရဲ့ အဓိပ္ပာယ်တွေ သိခွင့်ရတယ်။ ရှေးမွန်စာပေါ့။ အခုခေတ် မွန်စာတော့ မဟုတ် ဘူး။ ကျောက်စာတွေကို ကြည့်ခြင်းအားဖြင့် တပည့်တော်တို့ ပုဂံခေတ်ဟာ တကယ်ကိုပဲ ရှိ ခဲ့တယ်။ ဒီအဖြစ်အပျက်တွေဟာ ယုံတမ်းစကား မဟုတ်ဘူးဆိုတာ တွေ့ရတယ်။

လက်တွေ့ဆန်လို့စိတ်ဝင်စား

ဒဏ္ဍာရီမဆန်ဘူး။ လက်တွေ့ဆန်တယ်။ လက်တွေ့ဆန်တော့ စိတ်ဝင်စားစရာလည်း ကောင်းတယ်။ စိတ်ကူးယဉ်မဟုတ်တာ များ တယ်ပေါ့။ ဘုရားဖူးတဲ့အခါမှာ ဘုရားသွားပြီး တော့ ဝပ်ချ၊ ဓာတ်ပုံလေးရိုက်၊ သုတ်သုတ်နဲ့ သွားမယ်ဆိုရင် ဘာမှ သိပ်ထူးခြားချက် ရှိမှာ မဟုတ်ဘူး။ တပည့်တော်တို့ ပုံမှန်ပုဂ္ဂိုလ်၊ ပုံမှန် လူသားတွေဆိုရင် အဆိုအမိန့်လေးတစ်ခု ရှိ တယ်။ "တိရစ္ဆာန်တွေထက် လူသားတစ်ဦးက သာတယ်ဆိုတာဟာ အနုပညာကို ခံစားတတ် တာ"တဲ့။ တိရစ္ဆာန်တွေကတော့ စားတယ်၊ သောက်တယ်၊ အိပ်တယ်၊ ကာမဂုဏ်ခံစားတယ်။ လူတွေကတော့ အနုပညာခံစားတတ်တာတစ်ခု ပိုတယ်ပေါ့။ ဘုန်းကြီးတွေအနေနဲ့ကတော့ သီချင်းတွေ၊ ဘာတွေကတော့ မသင့်တော်ဘူး။ မအပ်စပ်ဘူး။ အဲဒီတော့ ပျိုကဗျာတွေကို လေ့ လာ။ သမိုင်းကြောင်းတွေ၊ စာပေတွေကို ဝါသနာပါအောင် ဖတ်နေလို့ရှိရင် အနုပညာခံစား တဲ့သဘော သက်ရောက်သွားတယ်။ စိတ်လည်း နူးညံ့သွားနိုင်တယ်။

ကျန်စစ်သားမင်းကြီးစိတ်ဓာတ်

စိတ်ထားနူးညံ့တယ်ဆိုတာကို ပြောပြဦး မယ်။ တပည့်တော်တို့ ပုဂံရောက်တဲ့အခါ အာနန္ဒာစေတီတော်ဆိုတာ ရှိတယ်။ လိုဏ်ဂူ တော်ဘုရားပေါ့။ ပုဂံမှာ ဆိုရိုးတစ်ခုရှိတယ်။ "ထု ဓမ္မရံ၊ ဥဏ္ဏ သဗ္ဗညူ၊ အနု အာနန္ဒာ၊ တန်ခိုးမှာ ရွှေစည်းခုံ"တဲ့။ "အနု အာနန္ဒာ" ဆိုတာ အနုပညာလက်ရာမြောက်တာကို ဆိုလို တာပါ။ တပည့်တော်တို့ မျက်စိက ဒါမျိုးတွေ လေ့လည်း မလေ့လာဖူးတော့ သူများရေးတာ လောက်ပဲ ဖတ်တတ်တယ်။ စေတီတော် ဘယ် လောက်အမြင့်ရှိတယ်။ ဒါလောက်ကတော့ သမိုင်းစာအုပ်တိုင်း ပါတာပေါ့။ ဒါပေမဲ့ ကိုယ် မြင်တတ်ရမှာက ဒီအာနန္ဒာစေတီတော်ကို ကျန် စစ်သားမင်းကြီး တည်သွားတယ်။ ကျန်စစ်သား

www.dhammadownload.com

မင်းကြီးရဲ့ ပုဂံမှာရှိတဲ့ စေတီတော်အဆူဆူတွေထက် အာနန္ဒာစေတီတော်က အနုပညာလက်ရာပိုမြောက်တယ်။ ဒါကို ပြန်ပြီးတော့ ကိုယ်ဖတ်ဖူးတဲ့စာနဲ့ သုံးသပ်လိုက်လို့ရှိရင် ကျန်စစ်သားမင်းကြီးရဲ့ စိတ်ဓာတ်ဟာ အနုပညာကို မြတ်နိုးတဲ့အတွက် သိပ်နူးညံ့သိမ်မွေ့တယ်ဆိုတာ အဖြေပေါ်သွားတယ်။ အဲဒီအဖြေ သွားတွေ့ရတယ်။

နောက်ပြီး - ရွှေစည်းခုံစေတီတော်က ကျောက်စာရဲ့ မြန်မာပြန်တွေကို ဖတ်လို့သိရတဲ့အခါမှာ ကျန်စစ်သားမင်းကြီးရဲ့ သိမ်မွေ့နူးညံ့တဲ့ စိတ်ထားဟာ ပိုပြီးတော့ ပေါ်လွင်သွားတယ်။ ဘယ်လို ပေါ်လွင်သွားသလဲဆိုတာ နောက်မှ ကြုံရင် ထပ်ပြီးတော့ ပြောပါမယ်။ အခုတော့ ပြောချင်တာ ဘာလဲဆိုတော့ ယခုခေတ် ဘုရားဖူးသွားကြပုံက (စွယ်တော်လေးဆူ အပါအဝင်) လောကနန္ဒာဘုရားကို အားလုံးသွားဖူးကြတယ်။ စွယ်တော်လေးဆူ ဖူးလို့ရှိရင် ဆုတောင်းပြည့်တယ်ဆိုပြီး သွားဖူးကြတာ။ ဆရာမတစ်ယောက်ကို မေးကြည့်တယ်။ တပည့်တော်ကိုယ်တိုင် မေးတာတော့ မဟုတ်ပါဘူး။ ဆရာမက ဘာဆုတောင်းသလဲဆိုတော့ "နောက်တစ်ခေါက်မှာလည်း ကိုယ်ပိုင်ကားလေးနဲ့၊ မိသားစုနဲ့အတူ ဖူးနိုင်ပါရစေ"တဲ့။ ဒီလို ဆုတောင်းတယ်။

သူ့ဓာတ်နဲ့သူဆုတောင်းကြ

စွယ်တော်လေးဆူလုံးမှာ ဆုတောင်းလည်း တူရမယ်၊ ပြုတဲ့ကုသိုလ်ကလည်း တူရမယ်တဲ့။ နောက်ပြီးတော့ နေ့ချင်းလည်း ဖူးရမယ်တဲ့။ အဲဒါဆိုရင် ဆုတောင်းပြည့်သတဲ့။ ဒါတွေကတော့ အနော်ရထာမင်း ရေးသွားတာ ဟုတ်ချင်မှ ဟုတ်မှာပါ။ နောက်မှ ပေါ်တယ်ထင်တယ်။ ပြောပြရတာက ဗဟုသုတအဖြစ်ပါ။ ကိုယ့်ဆုတောင်းလေးနဲ့ ကိုယ်တော့ ဟုတ်နေကြတာပဲနော်။ အဲဒီလို ကိုယ့်ဆုတောင်းလေးနဲ့ကိုယ် ဟုတ်နေတော့ နောက်တစ်ခေါက် မိသားစုနဲ့အတူ ကိုယ်ပိုင်ကားလေးနဲ့ လာဖူးနိုင်ပါရစေတဲ့။

ဒါဟာလည်း သူ့ကို သွားအပြစ်တယ်လို့တော့ မရဘူး။ သူရဲ့ စိတ်ကူးပုံဖော်မှုပေါ့။ နောက်ပြီး ဟိုဘက်မှာ အာမနာကျောင်းအမတို့ ဆုတောင်းလေးတွေကတော့ လောဘကင်းတဲ့သူ ဖြစ်ပါရစေ၊ ဒေါသကင်းတဲ့သူ ဖြစ်ပါရစေတဲ့။ ဒါလေးတွေ သွားပြီး သတိရစရာတော့ ရှိတယ်။ သူ့ဓာတ်ခံနဲ့သူ ဆုတောင်းကြမှာပဲ။ အပြစ်တော့ မဆိုသာဘူး။

ရသမြောက်ခံစားခြင်း

ဆိုလိုတာက ဘုရားဖူးတဲ့အခါမှာ ဟာ... ကားပေါ်တက်ကြ၊ ဘုရားရှိခိုးကြ၊ ဓာတ်ပုံရိုက်ကြ။ ဒီလောက်လေးနဲ့တော့ သိပ်ပြီးတော့ အနှစ်သာရ မပါဘူးပေါ့။ ဥပမာအားဖြင့် စောစောကပြောတဲ့ လောကနန္ဒာစေတီတော်ကို ရောက်ပြီဆိုပါတော့။ အများသူငါကတော့ ဧရာဝတီမြစ်ကမ်း လှပပုံတွေ၊ သာယာပုံတွေ၊ ဒါလောက်နဲ့ ပြီးသွားမှာ။ လောကနန္ဒာရဲ့ နောက်ခံသမိုင်းကို စာရေးဆရာတွေ ရေးထားတဲ့ သုတေသနလေးတွေ ဖတ်ရတယ်။ သုတေသနဆိုတာ ပုဂံကထုတ်တဲ့ သမိုင်းစာအုပ်ကို ပြောတာ။ စေတီတော် ဘယ်လောက် အမြင့်ရှိတယ်။ ဘယ်သူ တည်တယ်။ ဘယ်ခုနှစ်မှာ တည်တယ်။ ဒါလောက်ပဲပါတော့ ရသမမြောက်သေးဘူး။

တပည့်တော်တို့ လိုက်ပြီးတော့ ရှာဖတ်တဲ့အခါမှာ လောကနန္ဒာစေတီနဲ့စပ်ပြီးတော့ ဘာတွေ သွားပြီး တွေ့ရလဲဆိုတော့ လောကနန္ဒာစေတီရဲ့ ခြေရင်းဆိပ်ကမ်းပေါ့။ လောကနန္ဒာဆိပ်ကမ်း

www.dhammadownload.com

လို့ ခေါ်တယ်။ ဒီဆိပ်ကမ်းကို ရောက်တဲ့အခါ၊ ကြည့်တဲ့အခါ ဆရာဇော်ဂျီ ရေးထားတာရှိတယ်။ သူ ဒီစေတီ၊ ဒီဆိပ်ကမ်းကို ရောက်တဲ့အခါတိုင်းမှာ ရှင်ဘုရင်နှစ်ပါးရဲ့ သာသနာတော်အတွက်၊ လူမျိုးအတွက် မာန်မာနတွေ ခဝါချခဲ့တာကို မြင်ပြီး လေးစားမိ၊ ကြည်ညိုမိပါတယ်တဲ့။ ဒီလို ခံစားချက်လေးတွေ ထွက်လာတယ်။

အနော်ရထာမင်းမာန်ချရာဆိပ်ကမ်း

ပထမအချက်က ဘာလဲဆိုတော့ ပြောပြမယ်။ လောကနန္ဒာဆိပ်ကမ်းက အဲဒီခေတ်ထဲမှာ သီဟိုဠ်သွားတဲ့ သင်္ဃာဆိပ်ဖြစ်တယ်။ အညာသူ အညာသားတွေ၊ အောက်သူ အောက်သားတွေ ထန်းလျက်တို့၊ ပဲတို့ လဲလှယ် ရောင်းဝယ်ရာ ဖြစ်တယ်။ အဲဒီခေတ်က အင်မတန် စည်းကားတဲ့ ဆိပ်ကမ်းပဲ။ အနော်ရထာမင်းဟာ စွယ်တော်မြတ်ကို သီဟိုဠ်ကနေ ပင့်တဲ့အခါမှာ ဆင်စီးပြီးတော့ အဲဒီဆိပ်ကမ်းက ဆင်းကြိုတယ်။ ဆင်းကြိုတဲ့အခါ သူက ဆင်ပေါ်ကနေပြီးတော့ ပင့်တယ်။ စွယ်တော်ပင့်တဲ့ ပုဂ္ဂိုလ်တွေက မသင့်တော်ဘူးလို့ လျှောက်တယ်။ ဒီတော့ ရေထဲမှာ လည်ပင်းလောက်အထိ ဆင်းပြီးတော့ စွယ်တော်ကို ကြိုဆိုပင့်ဆောင်ခဲ့တယ်။ လောကနန္ဒာစေတီရောက်လို့ လောကနန္ဒာဆိပ်ကမ်းရောက်တဲ့အခါမှာ အင်မတန် ဘုန်းသမ္ဘာကြီးပါတယ်ဆိုတဲ့ အနော်ရထာမင်းဟာ ဘုရား၊ တရား၊ သံဃာနဲ့ စပ်လာပြီဆိုရင် သူ့ရဲ့မာန်မာနတွေ ခဝါချပြီးတော့ စွယ်တော်ကို ရေထဲမှာ ရေလည်ပင်းထိတဲ့အထိဆင်းပြီး ကြိုဆိုပင့်ဆောင်တယ်။ ညွှတ်ညွှတ်ပြောင်းပြောင်း၊ မြတ်မြတ်နိုးနိုး ပူဇော်ပြီးတော့ စွယ်တော်မြတ်ကို ပင့်ဆောင်ခဲ့တယ်။ ဒီလို ဆရာဇော်ဂျီရဲ့ စိတ်ထဲမှာ အာရုံထင်လာတယ်။

ဒါကြောင့်လည်း ဆရာဇော်ဂျီက လောကမှာ မူလက မာနတွေ ဘယ်လောက်ပဲ ကြီးနေပေမဲ့ ဘုရား၊ တရား၊ သံဃာနဲ့တွေ့ရင် ပါရမီရှင်ပုဂ္ဂိုလ်တွေဟာ မာန်မာနတွေ ခဝါချကြတယ်။ ဒီလို မြင်လာတယ်။ ပါရမီရှင်မဟုတ်လည်း မာန်မာနဟာ ချသင့်တယ်။ လောကနန္ဒာဆိပ်ကမ်း မြင်ကွင်းကိုတွေ့တိုင်း အနော်ရထားမင်းနဲ့ စွယ်တော်မြတ်စေတီကို မှန်ပြီးတော့ ကြည်ညိုအားကျတဲ့ စိတ်တွေဖြစ်တဲ့အကြောင်း ရေးထားတယ်ပေါ့။

နရပတိစည်သူမင်း

နောက်မင်းတစ်ပါးက ဘယ်သူလဲဆိုတော့ နရပတိစည်သူမင်း။ နရပတိစည်သူမင်းရဲ့ မာန်မာနတွေလည်း ဒီလောကနန္ဒာဆိပ်ကမ်းမှာ ခဝါချထားခဲ့တယ်ဆိုတာ တွေးပြီး စိတ်ထဲမှာ ကြည်ညိုမြတ်နိုးမိတယ်ဆိုတဲ့အကြောင်း ရေးထားတယ်။ ဆရာဇော်ဂျီကတော့ အပြည့်အစုံ ရေးမထားဘူး။ စာအုပ်တွေ ၂ အုပ်၊ ၃ အုပ် လောက် စုကြည့်လိုက်လို့ရှိရင် အပြည့်အစုံ သိခွင့်ရတယ်။ နရပတိစည်သူမင်းဟာ စွယ်တော်လေးဆူထဲက တုရင်တောင်စေတီကိုဖူးပြီးတော့ ပြန်လာတဲ့အခါမှာ ချောက်ကမ်းပါးကြီးတစ်ခုတွေ့ရတယ်။ အခု ဖူဋ္ဌာမဏိစေတီရှိတဲ့နေရာဟာ မူလက ချောက်ကမ်းပါးကြီး။ ချောက်ကမ်းပါးကြီးထဲမှာ ပတ္တမြားတစ်လုံး အရောင်တောက်နေတာမြင်တော့ အဲဒီနေရာမှာ စေတီတည်ချင်စိတ်ပေါက်တယ်။ ချောက်ကမ်းပါးကြီးနေရာမှာ စေတီတည်ချင်တော့ တိုင်းသူပြည်သားတွေကို လုပ်အားပေး ဆင့်ခေါ်တော့တာပဲ။ အခြားစေတီတည်တဲ့ နေရာတွေကတော့ ချောက်ကမ်းပါးဟုတ်ချင်မှဟုတ်မှာပါ။ ဒီပတ္တမြားကို အကြောင်းပြုပြီးတော့ စေတီတည်ချင်တာနဲ့ လုပ်အားပေး

www.dhammadownload.com

ခိုင်းတာ။

ပံသုကူမထေရ်

အဲဒီခေတ်က ပံသုကူမထေရ်ဟာ ပြည်သူပြည်သားတွေ လုပ်အားပေးရတဲ့အတွက် စီးပွားရေးတွေ၊ လူမှုရေးတွေ နစ်နာတယ်ဆိုတဲ့အကြောင်း ပြောပြပုံရပါတယ်။ ပံသုကူမထေရ်က ဒီလိုပြောပြ တရားဟောတဲ့အခါ နရပတိစည်သူမင်းက လည်း တန်ခိုးကြီးမားတဲ့မင်းဆိုတော့ မာန်မာန တက်နေပုံ ရပါတယ်။ မင်းကလည်း နားမထောင်ဘဲနဲ့ ဆက်လက်ပြီးတော့ လုပ်အားပေးခိုင်းတယ်။ ပံသုကူမထေရ်က ဆန္ဒပြတဲ့အနေနဲ့ နန်းတော်ကို ဆွမ်းခံမကြွတော့ဘူး။ ဆွမ်းခံမကြွတော့ ရှင်ဘုရင်က ဘာပြောသလဲဆိုတော့ ''ငါ့ဆွမ်းမစားချင်ရင်တော့ ငါ့နိုင်ငံ မနေမှဖြစ်မှာ။ ပြည်သူပြည်သားတွေ လှူတဲ့ဆွမ်းကလည်း ငါ့ဆွမ်းပဲ''တဲ့။ အဲဒီလိုပြောမိတယ်။

ပံသုကူမထေရ်ကလည်း ဘာမှ မပြောတော့ဘူး။ သပိတ်လွယ်ပြီးတော့ လောကနန္ဒာဆိပ်ကမ်းကို ဆင်းတော့တာပဲ။ သီဟိုဠ်ကြွမယ်ဆိုပြီး သင်္ဘောစောင့်တယ်။ သင်္ဘောစောင့်တဲ့အချိန်မှာ ဒီသတင်းကို နရပတိစည်သူမင်းကြားရတော့ တုန်လှုပ်သွားတယ်။ တန်ခိုးကြီးမားတဲ့ မင်းလည်း ဖြစ်တယ်။ စိတ်ထားကလည်း ကောင်းတယ်။ မာန်မာနခက်ထန်တဲ့အတွက် ပြောမိပေမဲ့ ပညာရှင်တစ်ယောက် ဆုံးရှုံးရတော့မယ်ဆိုတော့ သူ့စိတ်ထဲမှာ တုန်လှုပ်သွားတယ်။ မင်းချင်းယောကျ်ားကို လိုက်ပြီးတော့ တောင်းပန်ခိုင်း၊ အပင့်ခိုင်းလိုက်တယ်။ ပံသုကူမထေရ်ကလည်း ပြန်ကြွလာတယ်။ နရပတိစည်သူမင်းကြီးဟာ အမှားတွေကို မြင်ပြီး ဝန်ချင်တောင်းပန်ခဲ့တယ်။ နှလုံးသားမှာ သူတော်ကောင်းမာတ်တွေ လွှမ်းသွားတယ်။ ဒါလေးကို ရေးထားတာ တွေ့ရတယ်။

ခေတ်မီခဲ့တဲ့ပုဂံ

ဒီနေရာမှာ ကောက်ချက်ချပြီး သင်ခန်းစာလေးတွေ ယူကြည့်ရအောင်။ ပံသုကူမထေရ်က ဒီလိုမင်းမျိုးရဲ့နိုင်ငံမှာ မနေဘူးဆိုပြီးတော့ ဆင်းသွားတဲ့အခါ သီဟိုဠ်သွားဖို့ သင်္ဘောစောင့်နေတာ လောကနန္ဒာဆိပ်ကမ်းပဲ။ အဲဒီတော့ လောကနန္ဒာဆိပ်ကမ်းဟာ နိုင်ငံခြားသားတွေနဲ့ အဆက်အသွယ်ရှိတယ်။ ရှေးခေတ်ပုဂံဟာ ခေတ်မီတဲ့သဘောကိုလည်း ပြတယ်။ အချိန်မရွေး သီဟိုဠ်သင်္ဘောတွေ ဝင်ထွက်နေတယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ရောက်တယ်။ ယခုခေတ် ရန်ကုန်သင်္ဘောဆိပ်ကမ်းလိုပဲ နိုင်ငံခြားသင်္ဘောတွေ အဝင်အထွက်ရှိတဲ့ ဆိပ်ကမ်းလို့ နိုင်ငံရေးနဲ့ ပတ်သက်ပြီး မြင်လို့ရတယ်။

နောက်သင်ခန်းစာတစ်ခုက ဘာလဲ...။ ပံသုကူမထေရ်ဟာ ''ငါ ဒီလိုပြောလိုက်ရင် ဘုရင်ကတော့ စိတ်ဆိုးတော့မှာပဲ။ ငါ့ကို လှူနေကျ ဆွမ်းအုပ်တွေ ပို့မှာမဟုတ်တော့ဘူး''လို့ စိတ်မျိုးမထားဘူး။ ပြည်သူပြည်သားတွေ ဆင်းရဲနေတာကို ဆင်းရဲနေတဲ့အကြောင်း၊ မသင့်တော်တာကို မသင့်တော်တဲ့အကြောင်း ရဲရဲဝံ့ဝံ့ သွားပြီး ပြောတယ်။ ဒါကြောင့် ပံသုကူမထေရ်ရဲ့ စိတ်ဓာတ်ဟာ သိပ်ပြီးတော့ ကြည်ညိုစရာကောင်းတယ်။ အားကျအတုယူစရာကောင်းတယ်။

သမိုင်းသင်တယ်ဆိုတာ

တပည့်တော်တို့က ဒါတွေကို သင်ခန်းစာထုတ်ရမှာ။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ပြောဖူးတယ်။ ဘာပြောလဲဆိုတော့ ''သမိုင်း

www.dhammadownload.com

ဆိုတာ သိဖို့သင်တာဆိုရင်တော့ ဘာမှ သိပ်ပြီး အသုံးကျမှာ မဟုတ်ဘူး။ လက်တွေ့ကျင့်သုံးနိုင်အောင်၊ အတုယူနိုင်အောင်၊ သင်ခန်းစာယူနိုင်အောင် သင်မှ အသုံးကျမှာ''တဲ့။ ဒီ ပုဂံခေတ်သမိုင်းကိုကြည့်ရင် ပံသုကူမထေရ်မြတ်ဟာ အာဇာနည်ပီသတယ်။

အတွေးအခေါ်လေးတစ်ခု

တပည့်တော်တို့ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးကလည်း ပြောခဲ့တယ်။ ''သာသနာတော် မကွယ်စေချင်ရင် လူသားတွေ အကျိုးရှိတဲ့ လုပ်ငန်းကို လုပ်ပေးနေမှ''တဲ့။ သာသနာကွယ်တယ်ဆိုတာ လူသားတို့အပေါ် အကျိုးမပြုနိုင်တော့ဘူး။ အနည်းဆုံး လူသားတွေကို ကုသိုလ်စိတ်၊ ကြည်ညိုစိတ်ကလေးတောင်မှ မပေးနိုင်တော့ဘူးဆိုရင် သာသနာကွယ်မယ်တဲ့။ ယခုလည်း ကြည့်ပေါ့။ တချို့သံဃာတွေကို ကြည့်ပြီး လူတချို့က ''ဟာ ... တို့သာသနာကြီးကလည်း၊ ဘုန်းကြီးတွေကလည်း'' စသဖြင့် ပြောပြီး ကြည်ညိုစိတ်တွေ ခေါင်းပါး၊ ခေါင်းပါးလာတယ်။ အဲဒါ သာသနာကွယ်ဖို့ အစပဲ။ တပည့်တော်တို့ စာပေမှာ မပါပေမဲ့ တောင်မြို့ ဆရာတော်ကြီးရဲ့စကားဟာ သိပ်ပြီးတော့ လေးစားစရာကောင်းတယ်။ ဒီလို အတွေးအခေါ်မျိုးရဖို့ မလွယ်ဘူး။ တပည့်တော်တို့က ဒကာ၊ ဒကာမတွေကို အနည်းဆုံး ကြည်ညိုစိတ်လေးတော့ ပေးနိုင်ရမယ်။

ဘုရားရှင် ဝိနည်းသိက္ခာပုဒ်တွေ ပညတ်တယ်ဆိုတာ ဘာပေးဖို့အတွက် ပညတ်တာလဲ။ လူတွေ မြင်လိုက်ရင် ကြည်ညိုမြတ်နိုးပြီး ကုသိုလ်စိတ်တွေ ဖြစ်ဖို့ပဲ။ ကြည်ညိုတယ်ဆိုတာ ဟန်ဆောင်ဖို့ ပြောတာမဟုတ်ဘူး။ ကုသိုလ်စိတ်ကို ပြောတာပါ။ ဒါကြောင့် အနည်းဆုံး ကုသိုလ်စိတ်၊ ကြည်ညိုသဒ္ဓါစိတ်ကိုတော့ ပေးနိုင်ရမယ်။ အခုလည်း ပံသုကူမထေရ်ဟာ ပြည်သူပြည်သားတွေ ဒုက္ခရောက်နေတယ်၊ လုပ်အားပေးတွေများနေတယ်ဆိုတော့ ရဲရဲဝံ့ဝံ့ပဲ ပြည်သူတွေဘက်က ရပ်တည်ခဲ့တယ်။ ရှင်ဘုရင်က ''ငါ့ဆွမ်း မစားချင်ရင် ငါ့နိုင်ငံမနေမှ ဖြစ်မှာ''ဆိုတော့ သတ္တိရှိရှိပဲ သီဟိုဠ်နိုင်ငံသွားဖို့ ပြင်ဆင်တော့တာပဲ။ ဒီလို လောကနန္ဒာဆိပ်ကမ်းရောက်တဲ့အခါမှာ ပံသုကူမထေရ် အကြောင်းလေးကို တွေးပြီးတော့ အားကျကြည်ညိုစိတ်ပေါ်ရင် မြတ်သောခရီးပဲ။

သူတော်ကောင်းပီသတဲ့မင်း

နောက်ပြီး နရပတိစည်သူမင်းဘက်က ကြည့်မယ်ဆိုရင်လည်း သိပ်ပြီးတော့ ကြည်ညိုစရာကောင်းတဲ့မင်း ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြောတုန်းကတော့ ပုထုဇဉ်အလျောက် ဒေါနဲ့မောနဲ့ ပြောချလိုက်တာပဲ။ မာန်မာနဆိုတာလည်း ကြီးမှာပဲ။ အားလုံးအစိုးရနေတဲ့ ဧကရာဇ်မင်း ဖြစ်နေတာကိုး။ သူ့ရဲ့ တိုင်းပြည်ကနေ ပညာရှင်တစ်ယောက် ထွက်သွားတော့မယ်ဆိုတော့ နှလုံးသားထဲမှာ တုန်လှုပ်ချောက်ချားသွားတယ်။ ''ငါ့ကို ဆုံးမမယ့်ပုဂ္ဂိုလ် မရှိတော့ဘူး။ လမ်းမှန်ပြမယ့်ပုဂ္ဂိုလ် မရှိတော့ဘူး။ အများပြည်သူတွေ ကြည်ညိုတဲ့၊ သီလ သမာဓိ ပညာရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဆုံးရှုံးရတော့မယ်'' ဒီလို တွေးမှာပေါ့။ ချက်ချင်းပဲ တောင်းပန်ခိုင်းပြီး ပင့်ဆောင်တော့တာပဲ။ အဲဒီတော့ မင်းကလည်း သူများတာကို များမှန်းသိတဲ့အတွက် သူတော်ကောင်းပီသတဲ့မင်းလို့ ပြောလို့ရတယ်။ ဒါကြောင့် နရပတိစည်သူမင်းကြီးကိုလည်း

www.dhammadownload.com

ကြည်ညိုု အားကျရတာပဲ။

ဦးနှောက်ယိုစီးမှုပြဿနာ

နောက်တစ်ချက်က ပုဂံခေတ် နရပတိ စည်သူမင်းရဲ့ လက်ထက်မှာ အမြင်ကျယ်တာ တစ်ခု တွေ့ရတယ်။ ကမ္ဘာ့နိုင်ငံတွေမှာ အသုံးများနေတဲ့ စကားလုံးတစ်လုံး ရှိတယ်။ မှတ်သားစရာကောင်းတဲ့ စကားလုံးပါ။ တိုင်းပြည်ကနေ ပညာရှင်တွေ ထွက်သွားတယ်။ ကျောင်းတိုက်ဆိုလည်း ကျောင်းတိုက်က ပညာရှင်တွေ မနေနိုင်လို့ ထွက်သွားကြတယ်။ အဲဒါကို ဘယ်လိုသုံးနှုန်းသလဲဆိုတော့ ''ဦးနှောက်ယိုစီးမှု''တဲ့။ မဖြစ်မနေ သွားရမယ်၊ ကျောင်းသစ် နေရာသစ် ခွဲထိုင်ရမယ်ဆိုရင်တော့ တစ်မျိုးပေါ့။ နိုင်ငံလည်းပဲ ဒီအတိုင်းပဲ။ တစ်ခုချင်းသာ တွေးကြည့်ပေတော့။ အကြောင်းမရှိအကြောင်းရှာ။ ဒီမှာနေလို့ မဖြစ်ဘူးဆိုပြီး ထွက်သွား။ သူသင်ထားတဲ့ ပညာတွေနဲ့ အခြားနေရာတွေမှာ သာသနာ့အကျိုးသယ်ပိုးဆောင်ရွက်နေတယ်ဆိုရင်တော့ တစ်မျိုးကောင်းတာပေါ့။

ဒီလိုအကြောင်းမရှိဘဲ ထွက်သွားပြီဆိုရင် ဒါဟာ ဦးနှောက်တစ်ခု ဆုံးရှုံးသွားတာ။ ဦးနှောက်တွေ အရည်ပျော်ပြီးတော့ ပြင်ပကို စီးထွက်သွားတာ။ နိုင်ငံရေးစကားလုံးအနေနဲ့ ကမ္ဘာ့နိုင်ငံတွေမှာ အသုံးများနေတဲ့ စကားလုံးပါ။ အခုလည်းပဲ ဒီဇာတ်လမ်းကိုကြည့်ရင် နရပတိစည်သူမင်းကြီးဟာ ဦးနှောက်ယိုစီးမှုကို ကြောက်တယ်။ ကောင်းတဲ့ဦးနှောက်တွေ ထွက်သွားပြီဆိုရင် တိုင်းပြည်ရော၊ လူမျိုးရော၊ သာသနာရော ဆုံးရှုံးရလိမ့်မယ်လို့ တွေးတယ်။ အမှားကို အမှားမှန်း သိတယ်။ အဲဒီနောက် တောင်းပန်ခိုင်းပြီး ပင့်ခိုင်းခဲ့တယ်။

သင်ခန်းစာယူတတ်ဖို့လို

လောကနန္ဒာဆိပ်ကမ်း ရောက်ပြီဆိုရင် ဒီသင်ခန်းစာတွေကို ယူသင့်တယ်။ လောကနန္ဒာစေတီလည်း ဖူးရတယ်။ လောကနန္ဒာဆိပ်ကမ်းဆိုတာ ဘယ်လိုဟာလဲဆိုပြီးတော့ ဆိပ်ကမ်းရဲ့ သဘာဝလေးတွေကိုလည်း ကြည့်ရတယ်။ ဒါတွေကို မြင်တဲ့အခါမှာ သင်ခန်းစာယူပြီးတော့ ''ငါတို့လည်း ကြီးသော ငယ်သောမဟုတ်ဘူး။ နရပတိစည်သူမင်းလို ပညာရှင်တွေကို လေးစားရမယ်။ မှားတာကို မှားမှန်းသိပြီဆိုရင် ချက်ချင်း ပြင်နိုင်ရမယ်''ဆိုတဲ့ သင်ခန်းစာတွေကို ယူရမယ်။

ပံသုကူမထေရ်ဘက်က ကြည့်မယ်ဆိုရင်လည်း မှန်တာ၊ မှားတာ တစ်ကဏ္ဍ။ သူတောင်းပန်ရင် ငါ့ဘက်က လိုက်လျောမယ်။ နောက်တစ်ခါ - မမှန်ဘူးဆိုရင် သူ့ရဲ့ပစ္စည်းလာဘ်လာဘ မရချင်နေပါစေ။ ကင်းကင်းလွတ်လွတ် သွားမယ်ဆိုတဲ့ စိတ်ဓာတ်။ ပံသုကူမထေရ်ကို ကြည့်ပြီး တပည့်တော်တို့ အများကြီးပဲ ကျင့်သုံးလိုက်နာစရာတွေ၊ အားကျအတုယူစရာတွေ ထွက်လာတယ်။ ဒါဟာ လောကနန္ဒာစေတီကို ဖူးတဲ့အခါမှာ စာပေလေးတွေဖတ်ပြီး သွားဖူးလို့ရှိရင် သိပ်ပြီးတော့ အရသာရှိတဲ့အကြောင်း။ ရှေးပုဂ္ဂိုလ်တွေကိုလည်း လေးစားတယ်။ ကိုယ့်အတွက်လည်း မျက်စိနဲ့ ကိုယ်တိုင်မြင်တွေ့လိုက်ရတဲ့အခါ ပိုပြီးတော့ အားကျတယ်။ သင်ခန်းစာရတယ်။

ပုဂံဟာ ဒဏ္ဍာရီ မဆန်ဘူး။ ဒဏ္ဍာရီဆန်တဲ့ ဇာတ်လမ်းလေးတွေက ငှက်ကြီးတွေ ပစ်တာ၊ ငှက်ပေါက်လိုက်လို့ ရေတွင်းဖြစ်တာ၊ ဒါတွေကတော့ ရှိချင်ရှိမှာပေါ့။ ဒါပေမဲ့ ဒါတွေကို ဖယ်ပြီး ကိုယ်လိုချင်တဲ့ တကယ့်အဖြစ်အပျက်

www.dhammadownload.com

သင်ခန်းစာလေးတွေကိုယူရင် သိပ်ပြီးတော့ ကြည်ညိုဖို့လည်း ကောင်းပါတယ်။ နောင် အခွင့်သင့်ရင်လည်း ပုဂံအကြောင်းကို ထပ်ပြီးတော့ ပြောသွားမယ်။

ဘုရားဖူးသွားမယ်ဆိုရင်

အရှင်ဘုရားတို့ ဖူးတဲ့အခါမှာလည်း အဲဒီလို သမိုင်းလေးတွေ လေ့လာ။ သမိုင်းလေ့လာရုံတင်မကဘဲ ဒီလို ရသပေးစွမ်းနိုင်တဲ့ ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့ ရေးထားတဲ့ စာအုပ်လေးတွေ ရှာပြီးဖတ်သွား။ ဒါဆိုရင် ပိုပြီးတော့ ပြည့်စုံတဲ့ခရီး ဖြစ်သွားမယ်။ စိတ်ဓာတ်တွေလည်း ပိုပြီးတော့ ခွန်အားရှိလာမယ်။ ဒါကြောင့် ဘုရားဖူးသွားတဲ့အခါမှာ ပုဂံဟာ သွားသင့်တဲ့နေရာ မှန်ပါတယ်။

နောက်တစ်ခုပြောချင်တာက တပည့်တော် သင်ခန်းစာတစ်ခု ရခဲ့တယ်။ ပုဂံသွားတာ တပည့်တော် ဘာမှမပါဘူး။ ဆရာတော် နှစ်ပါးကတော့ ကင်မရာတွေပါတော့ ကိုယ်လိုချင်တဲ့ပုံလေးတွေ ရသွားကြတယ်။ ဓာတ်ပုံဆရာတွေ မရှိတဲ့နေရာမှာ ကင်မရာဟာ ဒီလို အသုံးကျတဲ့နေရာလည်း ရှိသေးတယ်ဆိုတာ တပည့်တော် သဘောပေါက်သွားတယ်။ ဒကာမတွေ တရုန်းရုန်းနဲ့ ဓာတ်ပုံရိုက်ပေးတာမျိုးကတော့ မကောင်းဘူးပေါ့။

သို့သော် ဒီလိုနေရာမျိုးတွေ ရောက်တဲ့အခါ ကိုယ်လိုချင်တဲ့ ပုံလေးတွေ ရိုက်ယူခွင့်ရနိုင်တယ်။ ဒီဂျစ်တယ်ကင်မရာလေးတွေ ပါလာတဲ့ မြဝတီဆရာတော်တို့ ရိုက်သွားတာလေးတွေ တွေ့ရတယ်။ သူတို့က ဓာတ်ပုံကင်မရာ ပါတယ်။ ဇာတ်လမ်းကျတော့ တပည့်တော်လောက် မသိဘူးဖြစ်နေတယ်။

မြတ်သောခရီးဖြစ်ပါစေ

ပြင်ဦးလွင်ဆရာတော်က ဘာပြောသလဲဆိုတော့။ "ဟာ ... အရှင်ဘုရားပါတာကောင်းလိုက်တာ။ မကြားဖူးတာတွေ ကြားရတယ်" တဲ့။ တပည့်တော်ကတော့ ဟိုတုန်းက တည်းက ပုဂံအကြောင်း စိတ်ဝင်စားခဲ့တာ။ မရောက်ဖူးခင်ကတည်းက ဒီဇာတ်လမ်းလေးတွေ သိနေတာ။ ရောက်တဲ့အခါမှာ ဒါလေးတွေ မြင်ပြီးတော့ ကြည်ညိုအားကျစိတ် ဖြစ်ခဲ့တယ်။ အရှင်ဘုရားတို့လည်း နောင်တစ်ချိန်မှာ စာပေအရည်အသွေး အထိုက်အလျောက် ပြည့်စုံခဲ့ရင် ခရီးထွက်ကြမယ်။ ဒီလို ကြည်ညိုအားကျတဲ့စိတ်၊ အတုယူလိုတဲ့စိတ်၊ သင်ခန်းစာယူ ရှောင်ကြဉ်လိုတဲ့ စိတ်ဓာတ်လေးတွေနဲ့ ခရီးသွားနိုင်ရင် အကောင်းဆုံးဖြစ်တယ်။ ရက်လည်း မကြာနဲ့ပေါ့။ ခရီးသွားတာကိုပဲ သက်သက်အချိန်ပေးရင်လည်း သာသနာ့အလုပ်တွေ ပျက်ယွင်းသွားနိုင်တယ်။

ဒါကြောင့် အရာရာမှာ ကောင်းသောနှလုံးသွင်းနဲ့ သင်ခန်းစာများကို ယူပြီး လိုက်နာကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

ကိုယ့်ကိုယ်ကိုယ်တာဝန်ယူစိတ်

၁၃၆၇ ခု၊ တပေါင်းလကွယ်နေ့
၂၀၀၆ ခု၊ မတ်လ ၂၈ ရက်၊ အင်္ဂါနေ့ ည

တာဝန်မဲ့စိတ်ဓာတ်

သံဃာတော်တွေကလည်း အများကြီး ဒီမွာရုံကျောင်းပေါ်မှာ စာကျက်နေကြတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့တစ်ပတ်ကျော်လောက်က ဝါတာကူလာဆိုတဲ့ ရေအေးပုံးမှာ ရေတစ်စက်မှမရှိဘူး။ ဒါက တစ်ချက်။ အခုလည်း အပြင်ထွက်ကြည့်လိုက်တဲ့အခါ ရေသောက်ပြီးလို့ပိုရင် ထည့်စရာရေခွက်ကလေးရှိတယ်။ အဲဒီခွက်ကလည်း ရေတွေပြည့်နေတယ်။ အားလုံးပဲ တပည့်တော် နည်းနည်းလေး ပြောချင်ပါတယ်။ စောစောကတော့ ဩဝါဒမပေးတော့ဘူးလို့ မှန်းထားတယ်။ အခု ရေထည့်ခွက်ကို ဖြုတ်ကြည့်လိုက်တဲ့အခါ ရေတွေက ပြည့်လုနီးပါး ရှိနေတယ်။ ဩဝါဒပြီးရင် ဒီပေါ်မှာ စာကျက်တဲ့ သံဃာတွေအားလုံး သွားပြီးတော့ ကြည့်လိုက်ပါ။

တပည့်တော် ဆိုလိုတာက သောက်ရေတစ်ခွက် သောက်ပြီဆိုရင် ကိုယ်သောက်တဲ့ သောက်ရေကို မချင့်ချိန်နိုင်ဘူး၊ တာဝန်မယူနိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ပါ။ အဲဒီတော့ သောက်ပြီးပိုရင် သွန်ထည့်လိုက်၊ သောက်ပြီးပိုရင် သွန်ထည့်လိုက်နဲ့။ တပည့်တော်နေတဲ့ ကျောင်းမှာဆိုရင် ဧည့်သည်တွေသာတစ်ခါတစ်ရံ သောက်ပြီးပိုလို့ သွန်သွားတာပဲရှိတယ်။ တပည့်တော်အနေနဲ့ဆိုတစ်လပြည့်လို့လည်း သွန်ဖူးတယ်လို့ မရှိဘူး။ ဒါဟာ တပည့်တော်ရဲ့

www.dhammadownload.com

တစ်ကိုယ်ရေ တစ်ကာယကိုပြောတာပါ။

ကိုယ့်ကိုယ်ကိုယ်တာဝန်ယူပါ

ဒါကို နည်းမှီလိုက်ရင် သောက်ရေသောက်လည်း ပိုရင်သွန်ချလိုက်။ ဆွမ်းစားပြီဆိုလည်း ပိုတဲ့ဆွမ်းကို ခွက်ပိုထဲ ထည့်သွားလိုက်။ ဒါမျိုးသာ လုပ်နေလို့ကတော့ ကိုယ့်ကိုယ်ကိုယ်တောင် တာဝန်ယူနိုင်မယ့်ပုံ မရှိဘူး။ လောကအပြစ်နဲ့ ကြည့်မယ်ဆိုရင်လည်း ကိုယ့်ကိုယ်ကိုယ် တာဝန်မယူနိုင်တဲ့ ပုဂ္ဂိုလ်ဟာ လူကြီးလူကောင်းစိတ် မရှိဘူး။ ဒီလိုပြောလို့ရတယ်။ လူကြီးလူကောင်းစိတ် မရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှလည်း ခေါင်းဆောင်ကောင်းဖြစ်မှာ မဟုတ်ပါဘူး။ ဝါတာကူလာရှိတဲ့ကျောင်းတွေကို သတိထားကြည့်ပေါ့။ ပြန်သွန်လေ့ရှိတာ ဘယ်ပုဂ္ဂိုလ်လဲဆိုတာ သတိထားကြည့်ပြီးတော့ စေတနာလေးနဲ့ ပြုပြင်ပေးပါ။ ဒီဓမ္မာရုံပေါ်မှာ တပည့်တော် သိရသလောက်တော့ ကိုရင်လေးတစ်ပါးမှ မပါဘူး။ အားလုံး လူကြီးတွေပါပဲ။ ဦးဇင်းတွေရော၊ ကိုရင်ကြီးတွေရော စာကျက်နေကြတယ်။ ဒါတောင်မှ သောက်ပြီးတော့ ပိုတာတွေ နေ့စဉ်နေ့စဉ် အများကြီး ရှိနေပါလိမ့်မယ်။

တစ်ခါတစ်ရံ လျှံကျနေတာကို တွေ့ရတယ်။ အခြားကျောင်းတွေမှာလည်း ဝါတာကူလာရေပုံးတွေ ရှိနေတဲ့အတွက် သံဃာတွေကို တပည့်တော် ပန်ပြောပါတယ်။ ရေသောက်တဲ့အခါမှာ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူကြပါ။ ကိုယ်က တစ်ဝက်လောက်ပဲ ကုန်မယ်ထင်ရင် တစ်ဝက်လောက်ပဲ ထည့်သောက်ပါ။ အပြည့်ကုန်မယ်ရင် အပြည့်ထည့်သောက်ပေါ့။ မဝေးဘူးဆိုရင် ထပ်ထည့်သောက်လို့ ရပါတယ်။ ဒီလိုမလုပ်ရင်တော့ သတိသမ္မဇညတရား သိပ်နည်းတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

မြတ်စွာဘုရားကတော့ ခဲဖွယ်ဘောဇဉ် စားတဲ့အခါပဲဖြစ်ဖြစ်၊ သောက်တဲ့အခါပဲဖြစ်ဖြစ်၊ အားလုံးကို သတိသမ္မဇဉ်နဲ့လုပ်ပါတဲ့။ ဒါဟာ သမ္မဇညအပိုင်းတွေမှာ ပါတယ်။ သီလကျင့်စာဝါတက်နေတဲ့ သံဃာတွေလည်း သိနေတာပဲ။ ဆွမ်းဘုဉ်းပေးတဲ့အခါလည်း မကြာမကြာ ဆွမ်းတွေ ပိုနေတယ်။ အပြင်ဘက် ခွက်ထဲမှာ ပြည့်ပြည့်နေတယ်။ အကျိုးဆက်ကတော့ ဆွမ်းထပ်ထည့်ချင်တဲ့ သံဃာကျတော့ မလောက်တော့ဘူး။ ဒါတွေဟာ ကိုယ့်ကိုယ်ကိုယ်တာဝန်ယူစိတ် မရှိတာ။ လောကအားဖြင့်လည်း လူကြီးလူကောင်းစိတ် ကင်းမဲ့တာပဲ။ အဲဒီတော့ ဒီတစ်ခုကို နမူနာထားပြီး လောကတွန်ရာဘက်၊ မြတ်စွာဘုရားဟောတဲ့ဘက် ပြန်ကြည့်လိုက်ပါ။

နိဗ္ဗာန်ရောက်ကြောင်းအကျင့်

စရဏတရား ၁၅ ပါးရှိတယ်။ စရဏတရား ၁၅ ပါး ဆောင်ပုဒ်လေးကို ရတနာ၃ဂုဏ်ရည်မှာ ကတည်းက အရှင်ဘုရားတို့ ရပြီးသား။

ကဲ - အားလုံး သုံးခေါက်လောက် ဆိုကြည့်စမ်းပါ။

"ထိုသဒ္ဓမ္မာ၊ ခုနစ်ဖြာနှင့်၊ ဘော ဇာ သီကံ့၊ စွာန်လေးကြိမ်ထား၊ ဤဆယ့်ငါး၊ မှတ်သား စရဏ"

"ထိုသဒ္ဓမ္မာ၊ ခုနစ်ဖြာနှင့်၊ ဘော ဇာ သီကံ့၊ စွာန်လေးကြိမ်ထား၊ ဤဆယ့်ငါး၊ မှတ်သား စရဏ"

"ထိုသဒ္ဓမ္မာ၊ ခုနစ်ဖြာနှင့်၊ ဘော ဇာ သီကံ့၊ စွာန်လေးကြိမ်ထား၊ ဤဆယ့်ငါး၊ မှတ်သား စရဏ"

www.dhammadownload.com

ဘော-ဇာ-သီ-ဣံ ထဲမှာ "ဘော" ဆိုတာ "ဘောဇနေ မတ္တညုတာ" ခံယူရာ၊ စားသောက်ရာမှာ အတိုင်းအရှည်သိတာကို ပြောတာ။ အဲဒီ စရဏတရား ၁၅ ပါးဆိုတာ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ပဲ။ ဘောဇနေ မတ္တညုတာလေး တစ်ခုကိုပဲကြည့်။ ရသောက်တဲ့အခါမှာလည်း အတိုင်းအရှည် သိတယ်။ ဆွမ်းစားတဲ့အခါမှာလည်း အတိုင်းအရှည် သိတယ်။ သူများအပေါ်မှာ အတိုင်းအရှည်လေးသိပြီးတော့ လုပ်တယ်ဆိုရင် နိဗ္ဗာန်ရောက်ကြောင်းအကျင့်ပဲ။ စရဏတရား ၁၅ ပါးထဲမှာ ပါသွားတာပဲ။ ဒါကို မြတ်စွာဘုရားက နိဗ္ဗာန်ရောက်ကြောင်းအကျင့်လို့ မိန့်တော်မူတယ်။ ဒီအကျင့်ကို ကျင့်ရင် နိဗ္ဗာန်ရောက်တယ်။ ဒီအကျင့်အတိုင်း မကျင့်ရင် နိဗ္ဗာန်မရောက်နိုင်ဘူး။ တစ်နေရာရာ ရောက်သွားမှာပေါ့။

မျက်စိနဲ့ခြေထောက်

ဝိဇ္ဇာစရဏဆိုတာ လောကအနေနဲ့ပြောရင် ဝိဇ္ဇာဟာ မျက်စိနဲ့တူတယ်။ စရဏဟာ ခြေထောက်နဲ့တူတယ်။ မျက်စိနဲ့ သင့်၊ မသင့် ကြည့်ပြီး ခြေထောက်နဲ့ ရောက်အောင်သွားရတာပဲ။ ဘောဇနေ မတ္တညုတာ မရှိဘူးဆိုရင် ဒီပုဂ္ဂိုလ်ဟာ ဘယ်လောက်ပဲ စာပေတော်နေနေ ကိုယ်ကျင့်တရားရေးရာမှာ အားရစရာ မရှိသေးဘူး။ စရဏတရား ကင်းနေတယ်။ စရဏတရား ကင်းနေတဲ့အတွက် နိဗ္ဗာန်နဲ့ ဝေးနေတယ်လို့ ပြောလို့လည်းရတယ်။

နောက်ပြီး "မတ္တညုတာ စ ဘတ္တသ္မိ၊ ပန္တဉ္စ သယနာသနံ" ဆိုတဲ့ ဂါထာလေးလည်း ရှိတယ်။ မတ္တညုတာ စ ဘတ္တသ္မိ ပုဒ်ကို အနက်ပေးကြည့်လိုက်ပါ။

"ဘတ္တသ္မိ - မစားရလျှင် သက်မရှင်၍ နေ့စဉ်စားရ ဆွမ်းပစ္စည်းဟူသော အာဟာရ၌၊ မတ္တညုတာ စ - ခံယူသောခါ စားသုံးရာဝယ် ကိုယ်မှာလိုသမျှ အတိုင်းအရှည်ပမာဏကို သိသူ၏အဖြစ်သည်လည်းကောင်း" တဲ့။

ဘတ္တသ္မိဆိုတာ ဥပလက္ခဏနည်းနဲ့ ပြောတာ။ ဆွမ်းတင် မကဘူး။ သုံးဆောင်ရမယ့် ပစ္စည်းအားလုံးနဲ့ ဆိုင်တယ်။ ပစ္စည်းအားလုံး ခံယူတဲ့အခါမှာလည်း အတိုင်းအရှည် သိရတယ်။ စားသုံးတဲ့အခါမှာလည်း အတိုင်းအရှည် သိရတယ်။ ဒါနဲ့စပ်ပြီး တပည့်တော်ရဲ့ကျောင်းမှာ ရသနုပ်သက်နိုးတွေ ပုံပုံနေတယ်။ ဒါတွေဟာ အရှင်ဘုရားတို့ သက်နိုးနဲ့စပ်ပြီးတော့ အတိုင်းအရှည် မသိတာပဲ။ သံဃာများလာတဲ့အခါမှာ အတိုင်းအရှည်မသိတဲ့ ပုဂ္ဂိုလ်လေးတွေ တိုးတိုးလာရင် ကောင်းတဲ့လက္ခဏာတော့ မဟုတ်ပါဘူး။ စာမေးပွဲတွေ ဘယ်လောက်အောင်နေနေ၊ ဘယ်လောက်ပဲ နာမည်ကြီးနေနေ၊ ကိုယ့်တာဝန်ကို ကိုယ်မယူနိုင်သမျှ လုံးဝကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။ အတိုင်းအရှည် သိဖို့အတွက် ဘုရားအဆူဆူကလည်း အမြဲတမ်း ဟောကြားခဲ့တယ်။ ဩဝါဒပါတိမောက်ထဲမှာ ပါပါတယ်။

ခေါင်းဆောင်ရှားခြင်းအကြောင်း

ဒါကြောင့် ဆွမ်းစားတဲ့အခါမှာပဲ ဖြစ်ဖြစ်၊ ရသောက်တဲ့အခါမှာပဲ ဖြစ်ဖြစ်၊ လုံးဝမပို့အောင် သတိထားရပါမယ်။ တစ်စက်နှစ်စက် ပိုတာကတော့ ထားပါတော့။ ဆွမ်းစားတဲ့အခါမှာလည်း ၁၀ ရက် ဘဉ်းပေးတယ်ဆိုရင် ၈ ရက် ၉ ရက်လောက်က သပိတ်ထဲမှာ မပို့အောင် ကိုယ့်ကိုယ်ကိုယ် အတိုင်းအရှည် သိပြီးတော့ ဘဉ်းပေးပါ။ ဒါတွေဟာ သိပ်ပြီးတော့ တန်ဖိုး

www.dhammadownload.com

ကြီးတယ်။ ဒါကို တန်ဖိုးမထားတဲ့ ပုဂ္ဂိုလ်က လည်း ဘယ်တော့မှ လူကြီးလူကောင်းစိတ် ရှိမှာ မဟုတ်ဘူး။ ခေါင်းဆောင်ဖြစ်လည်း နမူနထူး ခေါင်းဆောင်ပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် လောကမှာ ခေါင်းဆောင်ကောင်း ရှားနေတာ။ အားလုံး ကြိုးစားလိုက်နာကြပါ။ သင်္ကန်းတွေ ကစပြီး တတ်နိုင်သမျှ ကိုယ့်ကျောင်းဝန်းကျင်မှာ သန့်ရှင်းအောင် ထားကြပါ။

ဒါနဲ့ စကားမစပ် တစ်နေ့က ဦး ..... ကို ပြောထားတယ်။ တန်းပေါ်မှာ သင်္ကန်းတွေ ပုံထားတာတွေ့လို့ လုပ်တဲ့သံဃာ ဘယ်သူဆိုတာ လာလျှောက်ပါလို့ ပြောထားတယ်။ ခုထိ လာ မလျှောက်သေးဘူး။ ပြောထားတာလေးတွေကို သေချာနားလည်အောင် လုပ်ပါ။ ဘယ်သူလဲ ဆိုတာ သိအောင်လုပ်ပြီးရင် လာပြီးတော့ လျှောက်ပါ။ သင်္ကန်းဟောင်းတွေနဲ့ ကျောင်းရှင်း၊ ကျောင်းရှင်းပြီးတော့ လှမ်းထားခဲ့ကြတယ်။ ပြန်သိမ်းပေါ့။ အခုတော့ သိမ်းကို မသိမ်းတော့ ဘူး။ ဧည့်သည်တွေ ရှိမှန်းလည်း မသိကြဘူး။

သင်္ကန်းဟောင်းတွေ

နောက်တစ်ခုက ကိုရင်လေးတွေ သင်္ကန်း ဟောင်းတွေနဲ့ အမှိုက်တွေ၊ မြေတွေ သယ်နေ ကြတယ်။ ကြည့်မကောင်းပါဘူး။ ဘယ်သူခိုင်း တာလဲဆိုတော့ ဦး.....က ခိုင်းတာတဲ့။ ကောင်းကို မကောင်းဘူး။ ဒါလေးတွေ နည်း နည်း သတိထားပေးပါ။ သင်္ကန်းဟောင်းတွေနဲ့ အမှိုက်ကျုံးတယ်၊ မြေသယ်တယ်ဆိုတာ မကောင်းဘူးပေါ့။ သင်္ကန်းဟောင်းလေးတွေ တွေ့ရင်လည်း လျှော်ဖွပ်ပြီး သိမ်းထားပါ။ ကိုယ့် ကိုယ်ကိုယ်၊ ကိုယ့်ပတ်ဝန်းကျင်ကို တာဝန်ယူပြီး တော့ သင်္ကန်းစုတ်တွေ့တယ်ဆိုရင် ကိုယ်တိုင် လျှော်နိုင်ရင်လျှော်။ မလျှော်နိုင်ရင်လည်း တစ်ပါးပါးကို အလျှော်ခိုင်းပေါ့။ ခြောက်ပြီဆိုရင် ယူခဲ့ကြပါ။ ကျောင်းမှာ ကြမ်းတိုက်အဖြစ်နဲ့ သုံးတာလေးတွေက ကောင်းပါတယ်။ ဘိုးကျော် ဘိုးဉာဏ်တို့ကျောင်းရဲ့ တောင်ဘက်မှာ ကြည့် မကောင်း ရှုမကောင်း ပုံထားတယ်။ ဘာလုပ်ကြ တာလဲဆိုတော့ မြေကျုံးတာတဲ့။ ကျုံးပြီးတော့ လည်း ဒီအတိုင်းကြီးပစ်ထားတယ်။ ဧည့်သည် တွေလာရင် သိပ်ရှက်စရာ ကောင်းပါတယ်။

စားသတိသွားသတိ

တပည့်တော်တို့ စာချဉုန်းကြီးတွေကလည်း ရှက်စရာကောင်းတယ်ဆိုတာကို မြင်အောင် လုပ်ပါ။ သင်္ကန်းစုတ်တွေ့တယ် ဆိုပါတော့။ မကောင်းရင် မကောင်းတဲ့အလျောက် ကြည့်လုပ် ပါ။ ကောင်းတယ်ဆိုရင်လည်း အလျှော်ခိုင်းပြီး သိမ်းထားပါ။ ဒီအသိဉာဏ်လေးတွေသာ စာချ ဉုန်းကြီးတွေမှာရှိရင် တပည့်တော်တို့ ကျောင်း တိုက်ကြီးဟာ တပည့်တော်ကိုယ်တိုင် လိုက် မကြည့်နိုင်ရင်လည်း အမြဲတမ်း ကောင်းနေမှာပါ။ အခုတော့ ဒါလေးတွေကို ခေါင်းထဲထည့်ဖို့ မေ့နေကြတယ်။ မေ့နေတော့ တပည့်တော်က ပြောနေရတယ်။ စာချဉုန်းကြီးတွေရော၊ အကြီး တွေရောပေါ့။ အမြဲတမ်း သွားသတိ၊ လာသတိ၊ စားသတိဆိုတဲ့အတိုင်း လေ့ကျင့်ကြပါ။ သာသ နာအတွက် ဂုဏ်ဆောင်ဖို့၊ မြတ်စွာဘုရား သာ သနာတော်ကြီးကို သန့်ရှင်းမှုနဲ့ပူဇော်ဖို့ အရာ ရာမှာ သတိထားကြပါ။ ကိုယ့်ကျောင်းမှာ ကိုယ်ကတာဝန်ယူနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားပါ။

ဒီနေ့လည်း ပတ္တမြားဆွမ်းစားကျောင်းရဲ့ မြောက်ဘက်မှာ ကိုရင်တစ်ပါး စာကျက်နေတယ်။

www.dhammadownload.com

အောက်ကခုံပေါ်ကို ဖျာကြီးခေါက်တင်ပြီး ကျက်နေတယ်။ ဒီဖျာ ဘယ်လောက်ခံလိမ့်မလဲ။ ခုံပေါ်မှာဆိုရင် နေရာထိုင်လေး ခင်းကျက်ရင် ပြီးနေတာပဲ။ ဒါကိုပဲ ဖျာကြီးခေါက်တင်တော့ ဖျာကြီးက ကျိုးကြေတော့တာပေါ့။ ကိုယ့်ဖျာတောင်မှ ဒါမျိုးမလုပ်သင့်ပါဘူး။ သံဃိကဖျာ၊ သူတစ်ပါးပိုင်ဖျာဆိုရင် လုပ်ကို မလုပ်သင့်တာ။ ဒါတွေဟာ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူပြီး သိအောင် လုပ်ကြရမှာ။ ပြောမှ သိတယ်ဆိုတဲ့ အဆင့်က မကောင်းပါဘူး။

ဂျပန်နိုင်ငံမှာ

ဂျပန်နိုင်ငံအကြောင်း ဟိုတုန်းကလည်း ပြောပြဖူးပါတယ်။ တပည့်တော်တို့ မြန်မာနိုင်ငံက စာရေးဆရာတစ်ယောက် ပညာတော်သင်သွားသလားတော့ မပြောတတ်ဘူး။ ညသန်းခေါင်ယံအချိန်မှာ ပြတင်းတံခါးပေါက်ဖွင့်ပြီး ကြည့်လိုက်တယ်။ ဒီအချိန်မှာ အသက်ဆယ်နှစ်လောက်သာရှိတဲ့ ကျောင်းသူတစ်ယောက်လား၊ ကျောင်းသားတစ်ယောက်လား မသိဘူး။ လမ်းဖြတ်ကူးမလို့ စောင့်နေတာမြင်ရတယ်။ ဒီအချိန်မှာ ကားလည်းမရှိဘူး။ ယာဉ်ထိန်းရဲလည်း မရှိဘူး။ ဒါပေမဲ့ အဲဒီကျောင်းသူလေးဟာ (ဒါမှမဟုတ်) ကျောင်းသားလေးဟာ မီးနီပြနေတဲ့အခါမှာ လမ်းမှာပဲရပ်နေပြီး၊ မီးစိမ်းပြမှ သူ့ခရီးသူ ဆက်သွားတယ်။ ဒါဟာ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူတဲ့စိတ်ဓာတ်ရှိတယ်လို့ ခေါ်တယ်။

တပည့်တော်တို့ ဗမာတွေ၊ တပည့်တော်တို့ ကျောင်းတိုက်က ကိုယ်တော်တွေ ဆရာမရှိဘူးဆိုရင် မရှိသလို၊ မသိရင် မသိသလို လုပ်ကြမှာများတယ်။ 'တွယ်ပစ်လိုက်မယ်'ဆိုတဲ့ စိတ်ဓာတ်ရှိသူတွေ များပါလိမ့်မယ်။ တပည့်တော်တို့ မြန်မာနိုင်ငံမှာဆိုရင် မီးနီတွေ့တယ်။ ဒါပေမဲ့ ယာဉ်ထိန်းရဲမရှိဘူးဆိုရင် ဥပဒေချိုးဖောက်တာများပါတယ်။ သူတို့ ဂျပန်တွေကတော့ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူထားတဲ့အတွက် ဘာပြဿနာမှ မပေါ်ဘူး။ သူတို့နိုင်ငံမှာလည်း အများစုကို ပြောတာပါ။ အနည်းစုကတော့ ဆိုးတာတွေ၊ ဘာတွေလည်း ရှိချင်ရှိမှာပါပဲ။ တပည့်တော်တို့ ကျောင်းမှာလည်း အများစုကောင်းသွားအောင် လုပ်ပါ။

နောက်ဆုံး ဒီကျောင်းတိုက်မှာ နေတယ်ဆိုရင်လည်း ဓမ္မာစရိယတန်းတော့ လူတိုင်း မအောင်နိုင်ဘူးပေါ့။ ကိုယ့်ကိုယ်ကိုယ် မအောင်နိုင်ဘူးဆိုတာ သိထားခဲ့ရင် တက္ကသိုလ်တက်လိုက တက်ခွင့်ပေးပါတယ်။ ဒါမှမဟုတ် ကျောင်းတိုက်မှာပဲ အရေးကြီးတဲ့တာဝန်၊ သူများမလုပ်ချင်တဲ့တာဝန် တစ်ခုခုကို လုပ်ပြီးတော့လည်း နေနိုင်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ စာကလည်း ဘာမှမအောင်ဘူး။ ပုံမှန်ပဲ။ လုပ်ငန်းကလည်း သူများနည်းတူ မလုပ်ဘူးဆိုရင် ကြာတော့လည်း ရှက်ပြီး ထွက်သွားမှာပဲ။ ဒီကျောင်းတိုက်မှာ ဆက်ပြီးတော့ နေချင်တယ်ဆိုရင် အများအကျိုးပြုတဲ့လုပ်ငန်း၊ ဝတ်ကျေတမ်းကျေမဟုတ်ဘဲ စာချတဲ့လုပ်ငန်းကို ကြိုးစားပြီး လုပ်ရမယ်။ ဝေယျာဝစ္စဆိုရင်လည်း သူများမလုပ်ချင်တာကို စေတနာထားပြီး ကြိုးစားရမယ်။ ဥပမာအားဖြင့် ဆွမ်းစားကျောင်းကိစ္စတို့၊ ရေကိစ္စတို့ပေါ့။ တတ်နိုင်သမျှ သဒ္ဓါတရားလေးနဲ့ လုပ်သွားပြီဆိုရင်လည်း ကောင်းတာပဲ။

လေ့လာပါစာနာပါ

စာမေးပွဲမအောင်လည်း သူများတွေ ပရိယတ္တိ၊ ပဋိပတ္တိလုပ်တာကို တတ်နိုင်သမျှ ပါရမီ

www.dhammadownload.com

ဖြည့်ပေးတယ်ဆိုရင်လည်း သိပ်ကျက်သရေရှိပါတယ်။ ဒါပေမဲ့ တပည့်တော်တို့ ပုထုဇဉ်တွေမှာ ''ဒီအလုပ်မျိုးကို လူအ,တွေပဲ လုပ်တာ၊ ဒီလို နေရာမျိုးမှာ ငါဆိုရင် မလုပ်ဘူး'' စသည်ဖြင့် စာဖတ်အားနည်းတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီလိုအောက်တန်းကျတဲ့ အတွေးအခေါ်မျိုးတွေ ဖြစ်တတ်ပါတယ်။ အတွေးအခေါ်ကောင်းအောင် တစ်ဖက်ကလည်း စာဖတ်၊ ပတ်ဝန်းကျင်ကိုလည်း လေ့လာပါ။ ဒကာ၊ ဒကာမတွေ ဘယ်လောက်ဆင်းရဲနေတယ်၊ ဈေးနှုန်းတွေ ဘယ်လောက်ကြီးနေတယ် ဆိုတာကို စာနာတတ်ရင် ကိုယ့်ကိုယ်ကိုယ် တစ်ခုခု မကျေနပ်ရုံမျှနဲ့ ထင်ရာမလုပ်ပါဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ဗဟုသုတလည်း ရှိအောင် စာဖတ်ပါ။ ပတ်ဝန်းကျင်ကိုလည်း လေ့လာပါ။

ကတ္တီပါလမ်းခွ

နောက်ဆုံး - တပည့်တော်တို့ ဆရာသမားတွေနဲ့ စိတ်ဓာတ်မတူဘူးဆိုရင်လည်း တစ်နေရာရာပြောင်းပါ။ ဒါမှမဟုတ် တက္ကသိုလ်တွေ တက်ပေါ့။ တက်ခွင့်ရှိတာပဲ။ ဒီမှာ နေရမယ်လို့ စာချုပ်လည်း မရှိပါဘူး။ နေတုန်းမှာတော့ ကောင်းကောင်းနေပါ။ စိတ်ထားမတူမှန်း ကိုယ့်ကိုယ်ကိုယ် သိရက်သားနဲ့ ပြဿနာလေးတွေ ကျူးလွန်၊ ကျူးလွန်ပြီးမှဆိုရင် မကောင်းပါဘူး။ စိတ်ဓာတ်မတူခဲ့ရင် အလိုက်သိသိ ထွက်သွားတာကောင်းတာပေါ့။ ဒီကျောင်းထဲမှာနေရင် ဆရာသမားစိတ်ကို လိုက်ပြီးတော့ တတ်နိုင်သလောက် ကောင်းအောင်နေပါ။ နောက်ဆုံး အဓိကပြောချင်တာကတော့ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူစိတ်မွေးပါ။

အဲဒါဆိုရင် တပည့်တော်တို့ ဆရာသမားတွေလည်း သက်သာတယ်။ ကိုယ်လည်းပဲ တကယ့်သခင်စိတ်ဓာတ် ဖြစ်ပြီးတော့ ပညာလည်း ထူးချွန်လာမယ်။ ''ငါကတော့ ဝေယျာဝစ္စလုပ်ရတယ်၊ ငါ့အပေါ်ကျတော့ ဘယ်လိုပဲ'' စသည်ဖြင့် ဒီစိတ်တွေ မမွေးဖြစ်တော့ဘူး။ တပည့်တော်တို့ ဆရာတွေဘက်ကလည်း ''ငါကတော့ သင်ပေးတယ်၊ ငါ့အပေါ်တော့ ကျေးဇူးကန်းတယ်''ဆိုတာ မမြင်တော့ဘူး။ နောက်ဆုံး လမ်းခွဲတဲ့အခါထိ စိတ်ထားညီညီညွတ်ညွတ်နဲ့ အကောင်းဆုံးဖြစ်သွားနိုင်တယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် တာဝန်ယူစိတ်မွေးပြီးတော့ သာသနာ့ကျက်သရေဆောင်များ ဖြစ်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

(သာဓု - သာဓု - သာဓု)

■ ■ ■

www.dhammadownload.com

စကြာရတနာစာစဉ်ထုတ် စာအုပ်စာရင်း

ဆရာတော် စီစဉ်ထုတ်ဝေပြီးစာအုပ်များ

၁။ သာသနာ့ဖန်မီးအိမ် (မြစကြာ ၁၆ နှစ်ပြည့်)
၂။ အလှကိုယ်စီ (မြစကြာ နှစ် ၂၀ ပြည့်)
၃။ ရွှေရတုခရီးပုံရိပ်များ (ရွှေရတုမွေးနေ့)
၄။ ပညာရေးမှတ်တမ်းနှင့် အတ္ထုပ္ပတ္တိစာစောင် (မြစကြာ ၂၅ နှစ်ပြည့်)

ဆရာတော် ရေသားထုတ်ဝေပြီးစာအုပ်များ

၁။ ညဉ့်ဦးယံသြဝါဒကထာများ
၂။ စိတ်ထားစင်ကြယ် စွမ်းအားကြွယ်
၃။ အမြုတေစိတ်ဓာတ်
၄။ ကျောင်းအနုမောဒနာ
၅။ သူတော်ကောင်းတို့တောင်းဆုများ
၆။ မြတ်မိခင်သို့ ကန်တော့ပန်း
၇။ ဗုဒ္ဓလမ်းစဉ်
၈။ ညဉ့်ဦးယံဓမ္မသံစဉ်၌ စီးဝင်နစ်မျောခြင်း
၉။ အနန္တဂုဏ်ရည်
၁၀။ ကျေးဇူးရနံ့ သင်းပျံ့သည့်မြေ
၁၁။ ညဉ့်ဦးယံဓမ္မသံစဉ်များ
၁၂။ မေတ္တာရေဖြင့် ဆေးကြောပါ
၁၃။ညဉ့်ဦးယံဓမ္မသံစဉ်များ(ဒုတိယတွဲ) (ယခု)

www.dhammadownload.com